ဗုဒ္ဓအလိုတော်ကျ
ကျင့်သုံးနေထိုင်နည်း

၁၅၆-၁၅၆

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

မာတိကာ

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
	ကျမ်းဦးအမှာ		ကော့
	နိဒါန်း		ခ
	ပထမပိုင်း		
၁။	မင်္ဂလာဆွမ်းကျွေးရန် စီစဉ်ခြင်း	....	၃
၂။	ကပ္ပိပုံ	....	၄
၃။	ပစ္စည်း ၄ ပါးဖြင့် ဖိတ်ပုံ	....	၈
၄။	ဦးချရှိခိုးပုံ	....	၉
၅။	အမြတ်ဆုံးတရား ၆-ပါး	....	၁၁
၆။	မင်္ဂလာဆွမ်းကျွေးပွဲ	....	၁၄
၇။	အင်္ကျီလက်ပြတ်နဲ့ အင်္ကျီပါး	....	၁၉
၈။	ဆွမ်းပွဲခုံကြီးကို တခွက်ချင်းကပ်ရပုံ	....	၂၀
၉။	ကထိန်ခင်းပုံ	....	၂၄
၁၀။	မလေးမစား မပြုသင့်သော အရာ ၄-ပါး	....	၄၈
၁၁။	မထီလေးစား	....	၅၀
၁၂။	ပြောင်လှောင်	....	၅၃
၁၃။	နှစ်ပါးလုံးကိုရှောင်	....	၅၃
၁၄။	မာတိကမာတာ	....	၅၅
၁၅။	တရားခြေချုပ်	....	၅၆
၁၆။	စိတ္တသုကြွယ်	....	၆၂
၁၇။	သပိတ်မှောက်ကံ	....	၆၄
၁၈။	ကြီးပွားကြောင်း ၆-ပါး	....	၇၅
၁၉။	လူတွေကိုပါ ပြုပြင်ပါ	....	၇၇
၂၀။	သာသနာ့ဘေးရန်	....	၈၁

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၂၁။	ဘေးရန်ဖြစ်ခြင်းအကြောင်း	....	၈၂
၂၂။	ကုလဒူသန	....	၈၅
၂၃။	အနေသန	....	၁၀၁
၂၄။	ကုဟန–အံ့ဩဖွယ်ကိုဖြစ်စေခြင်း	....	၁၀၅
၂၅။	ပစ္စယ ပဋိသေဝန	....	၁၀၆
၂၆။	သာမန္တဇပ္ပန	....	၁၀၈
၂၇။	ဣရိယာပထသန္နိဿိတ	....	၁၀၉
၂၈။	ရဟန္တာထက်ကြည်ညိုသူများသော ကုဟကရဟန်း	....	၁၀၉
၂၉။	ပါပိစ္ဆ-ယုတ်မာသောအလိုရှိသူ	....	၁၁၁
၃၀။	စဉ့်အိုး ရဟန္တာ	....	၁၁၇
၃၁။	မြစ်ပျဉ်း ရဟန္တာ	....	၁၁၉
၃၂။	လပန-လှူချင်လာအောင် ဆွယ်ပြီး ပြောဆိုခြင်း	....	၁၂၀
၃၃။	တေလ ကန္ဒရိကာ	....	၁၂၂
၃၄။	နေမိတ္တိကတာ-ပေးလှူအောင် အရိပ်နိမိတ်ပြခြင်း	....	၁၂၃
၃၅။	ဇာတက ဘာဏကရဟန်း	....	၁၂၅
၃၆။	နိပ္ပေသိကတာ-အပြစ်ပြောကာ လာဘ်ကိုရှာခြင်း	....	၁၂၆
၃၇။	လာဘေနလာဘံနိဇိဂီသနတာ	....	၁၂၇
၃၈။	သစ်သားပေးခြင်းစသည်	....	၁၂၈
၃၉။	စာတုကမျတာ မိမိကို နှိမ့်ချပြောဆိုခြင်း	....	၁၂၉
၄၀။	မုဂ္ဂသူပျတာ	....	၁၂၉
၄၁။	ပါရိဘဋျတာ	....	၁၃၀
၄၂။	ပိဋ္ဌမဒ္ဒိကတာ	....	၁၃၀
၄၃။	ကာယပါဂဗ္ဘိယ	....	၁၃၁
၄၄။	ဝါစပါဂဗ္ဘိယ	....	၁၃၁
၄၅။	ဝတ္ထုဝိဇ္ဇာ-မြေကြန်အတတ်	....	၁၃၂
၄၆။	တိရစ္ဆာနဝိဇ္ဇာ	....	၁၃၃
၄၇။	အင်္ဂဝိဇ္ဇာ-အင်္ဂကျမ်းအတတ်	....	၁၃၅
၄၈။	နက္ခတ္တဝိဇ္ဇာ-နက္ခတ်ကျမ်းအတတ်	....	၁၃၅
၄၉။	ဒူတဂမန-တမန်ပြုလုပ်သွားလာပေးခြင်း	....	၁၃၆

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၅၀။	ပဟိတာ ဂမန-ခိုင်းတိုင်းသွားပေးခြင်း	၁၃၆
၅၁။	အခိုင်းမတော်က ကျွန်ဖြစ်ရ	၁၃၇
၅၂။	ဇင်္ဃပေသနိယ-ခြေဖြင့်အစေခံခြင်း	၁၃၇
၅၃။	ဝေဇ္ဇကမ္မ-ဆေးပေးဆေးကုခြင်း။ ဆေးဆရာရဟန်း	၁၃၈
၅၄။	အရှက်မရှိတဲ့ ရဟန်း	၁၃၉
၅၅။	ကျီးရဲနဲ့ တူတဲ့ရဟန်း	၁၄၀
၅၆။	သူများဂုဏ်ကို ဖျက်ဆီးတတ်တဲ့ ရဟန်း	၁၄၁
၅၇။	ဟန်ဆောင်ကောင်းသော ရဟန်း	၁၄၁
၅၈။	ကြမ်းကြုတ်တဲ့ ရဟန်း	၁၄၂
၅၉။	နဝကမ္မ-လူများအလုပ်ကို လုပ်ကိုင်ပေးခြင်း	၁၄၂
၆၀။	ဒါသက	၁၄၂
၆၁။	ပိဏ္ဍပဋိပိဏ္ဍ-ဆွမ်းတို့ပေးခြင်း	၁၄၃
၆၂။	ဆွမ်းဦးပေးကောင်းသူ	၁၄၃
၆၃။	ဒီလိုတို့ပြန် ပူဇော်ပါ	၁၄၄
၆၄။	ဒါနာနုပ္ပဒါန-ပေးတို့ပေးခြင်း	၁၄၅
၆၅။	ပဋိသန္ထာရ	၁၄၅
၆၆။	ပဋိသန္ထာရ အကျိုး	၁၄၆
၆၇။	ကိမိလသုတ်	၁၄၉
၆၈။	ဒွစတ္တာ္ဘး၏ စားကြွင်းစား	၁၅၁
၆၉။	မိတ္တာဇီဝ အချို	၁၅၂
၇၀။	သံသဂ္ဂ	၁၅၄
၇၁။	သဝန သံသဂ္ဂ	၁၅၅
၇၂။	သီချင်းသံကြောင့် ချွန်လျော	၁၅၅
၇၃။	ဒဿန သံသဂ္ဂ	၁၅၅
၇၄။	မျက်နှာမြင် ချစ်ခင်သူ	၁၅၆
၇၅။	သမုလ္လပန သံသဂ္ဂ	၁၅၉
၇၆။	သမ္မောဒန သံသဂ္ဂ	၁၆၃
၇၇။	ဝါ ၆၀-ရမှ လူဖြစ်ကြ	၁၆၃

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
၇၈။	ကာယ သံသဂ္ဂရာဂ	၁၆၅
၇၉။	အထိမတော်တချက်	၁၆၅
၈၀။	သံသဂ္ဂဖြစ်စရာ ပုဂ္ဂိုလ်များ	၁၆၅
၈၁။	မာတုဂါမဉ္စ်ကျင့်သုံးရန်	၁၆၆
၈၂။	မတွေ့အောင်နေ	၁၆၇
၈၃။	အမေနှင့်သား ယှဉ်းဖောက်ပြား	၁၆၈
၈၄။	သာသနာတော်မှာ နေနိုင်ခြင်း	၁၇၁
၈၅။	ရဟန်းတော်များနှင့် ဒါယိကာမများ ဆက်ဆံရေး	၁၇၇
၈၆။	အဂေါစရ ငါးဌာန	၁၇၇
၈၇။	ရဟန်းများအတွက် ဘေးကြီးလေးပါး	၁၈၁
၈၈။	ရဟန်းငါးမျိုး	၁၈၄
၈၉။	မာတုဂါမနှင့် နှစ်ဦးချင်း ဆိတ်ကွယ်ရာမှာ မနေရ	၁၈၆
၉၀။	မာတုဂါမနှင့် တိုင်ပင်၍ ခရီးအတူမသွားရ	၁၈၇
၉၁။	ရဟန်းတော်များ အိမ်မှာ မတည်းခိုသင့်	၁၈၉
၉၂။	ဗြဟ္မစရိယ ကျိုးပေါက် ပြောက်ကျားမှု	၁၉၂
၉၃။	ရွှေငွေကို အလှူခံမှု	၁၉၆
၉၄။	ဒုတိယ သံဃါယနာ	၁၉၆
၉၅။	ရွှေငွေကို အလှူမခံရ	၂၂၂
၉၆။	အပ်နှံလှူဒါန်းတဲ့ ရွှေငွေ	၂၂၄
၉၇။	သာယာတဲ့ရဟန်း	၂၂၄
၉၈။	ဒါယကာများပါ နားလည်သင့်	၂၂၄
၉၉။	အပ်အောင် လှူနည်း	၂၂၄
၁၀၀။	ရွှေငွေဖြင့် လဲလှယ်ရောင်းဝယ်မှု	၂၂၅
၁၀၁။	မအပ်သောလဲနည်း	၂၂၇
၁၀၂။	အပ်သောလဲနည်း	၂၂၈
၁၀၃။	ခိုင်းစေရာ၌ အပ်မအပ်	၂၂၈
၁၀၄။	ဗောဓိမင်းသားဝတ္ထု	၂၃၄
၁၀၅။	နမော တဿ သမိုင်း	၂၇၅
၁၀၆။	ဗြဟ္မာယု ပုဏ္ဏား	၂၇၇

အမှတ်စဉ်	အကြောင်းအရာ	စာမျက်နှာ
	ဒုတိယပိုင်း	

၁၀၇။	ဇာဏုသောဏိ ပုဏ္ဏား	၂၇၈
၁၀၈။	ကောသလမင်း	၂၈၁
၁၀၉။	ဓနဥ္စာနိ	၂၈၅
၁၁၀။	သိကြားမင်း	၂၈၈
၁၁၁။	ကာရဏပါလီ	၂၉၀
၁၁၂။	အာရာမဒဏ္ဍပုဏ္ဏား	၂၉၂
၁၁၃။	မဟိန္ဒမင်း	၂၉၃
၁၁၄။	အဆောင်ကောင်း	၂၉၅
၁၁၅။	ဘုရားဂုဏ်တော် ၉-ပါး	၃၀၀
၁၁၆။	တရားဂုဏ်တော် ၆-ပါး	၃၀၁
၁၁၇။	သံဃာ့ဂုဏ်တော် ၉-ပါး	၃၀၂
၁၁၈။	သာသနာတော် ပြည့်စုံပုံ	၃၀၃
၁၁၉။	သရဏဂုံ အခြေခံ	၃၀၄
၁၂၀။	ဓမ္မစေတီယသုတ်	၃၀၅
၁၂၁။	သရဏဂုံအကျိုး	၃၁၈
စ၂၂။	သရဏဂုံ	၃၂၀
၁၂၃။	သရဏဂုံတည်သူ	၃၂၁
၁၂၄။	မောင်ဆတ္တ	၃၂၂
၁၂၅။	မြန်မာလိုသီလယူ	၃၃၀
၁၂၆။	မြန်မာလိုကန်တော့	၃၃၁
၁၂၇။	အမြတ်ဆုံး ကြည်ညိုမှု	၃၃၃
၁၂၈။	ဝေလာမသုတ္တန်	၃၃၇
၁၂၉။	သမယသုတ္တန်	၃၄၁
၁၃၀။	သက္ကသုတ်	၃၄၂
၁၃၁။	စဏ္ဍာလီ	၃၄၃
၁၃၂။	ဖားနတ်သား	၃၄၇
၁၃၃။	ဝန္နာဗိမာန်	၃၅၀
၁၃၄။	ဒုမိဋ္ဌတံခါးစောင့်	၃၅၁

အမှတ်စဉ်	အကြောင်းအရာ		စာမျက်နှာ
၁၃၅။	ဗုဒ္ဓဂုဏာသတိလာဘပဥှာ	....	၃၅၃
၁၃၆။	တိသရဏဂမနိယထေရ်	—	၃၅၄
၁၃၇။	တရားစောင့်ရှောက်ရခြင်းအကျိုး	—	၃၅၉
၁၃၈။	ငယ်ငယ်ရွယ်ရွယ်နှင့် မသေသူများ	—	၃၅၉
၁၃၉။	ကေသကာရီ	—	၃၆၀
၁၄၀။	ဆေးနည်းကောင်းတလက်	....	၃၇၂
၁၄၁။	ပရိတ်တရားတော်၏ တန်ခိုးအာနိသင်	—	၃၇၉
၁၄၂။	အရှင်အာနန္ဒာ၏ ပရိတ်တန်ခိုး	—	၃၈၁
၁၄၃။	ပစ္စေကဗုဒ္ဓါတွေ့ရဲ့ပရိတ်	....	၃၈၇
၁၄၄။	မောင်သက်ရှည်	—	၃၉၃
၁၄၅။	သေမင်းကျော့ကွင်းက လွတ်နိုင်မလွတ်နိုင်	—	၄၀၂
၁၄၆။	ထိမ်းမြားလက်ထပ်မင်္ဂလာ	—	၄၀၈
၁၄၇။	ခုလဲအတူ နောင်လဲအတူ	—	၄၁၀
၁၄၈။	ဇနီးမောင်နှံ ၄-မျိုး	....	၄၁၂
၁၄၉။	နတ်ဖြစ်လဲအတူ	....	၄၁၅
၁၅၀။	လင်သိကြား မယားဗျိုင်းမ	....	၄၁၅
၁၅၁။	လင်သောတာပန် မယားတိရစ္ဆာန်	....	၄၂၀
၁၅၂။	မယား ၇-မျိုး	....	၄၃၁
၁၅၃။	မယားကျင့်ဝတ်	....	၄၃၅
၁၅၄။	လင်ကျင့်ဝတ် ၅-ပါး	....	၄၄၀
၁၅၅။	ကြီးပွားချမ်းသာရေး	—	၄၄၂
၁၅၆။	အိမ်တက်မင်္ဂလာ	....	၄၄၉
၁၅၇။	ပါဋလိဂါမိယသုတ်	—	၄၄၉
၁၅၈။	အဿကဇာတ်	—	၄၇၃
၁၅၉။	ဒုဿီလချည်းပဲ လုစားနေတယ်	—	၄၇၉
၁၆၀။	တိရောကုဋ္ဋသုတ်	—	၄၇၉
၁၆၁။	ဇာဏုသောဏိသုတ်	—	၄၉၄
၁၆၂။	ပုဗ္ဗပေတာဒိသပဥှာ	—	၄၉၇

ကျမ်းဦးအမှာ

ဗုဒ္ဓဘာသာဝင်ဖြစ်သူ မည်သူမဆို ဗုဒ္ဓကို ကြည်ညို၍ ဗုဒ္ဓ၏ အဆုံးအမမှာ တည်သင့်ပါသည်၊ မိမိလုပ်ဆောင်သမျှ ကိုယ်မှု၊ နှုတ်မှု၊ စဉ်းစားမှုတို့ သည်လည်း ဗုဒ္ဓ၏အလိုတော်အတိုင်းသာ ဖြစ်စေသင့်ပါသည်၊ ဗုဒ္ဓ၏ အလိုတော်အတိုင်း ဖြစ်မလာခဲ့ပါလျှင် ပြုပြင်ရန် ဝန်မလေးသင့်ပါ။

ဤကျမ်းစာသည် ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်များ ဗုဒ္ဓ၏ အလိုတော်ကျ ဖြစ်အောင် ပြုမူလုပ်ကိုင်ဆောင်ရွက်ရမည့်ကိစ္စ အတော်များများကို ဖော်ညွှန်းဖွင့်ပြထားသော ကျမ်းစာတစောင်ဖြစ်ပါသည်။ နေ့စဉ် အိမ်မှုကိစ္စ အဝဝကို ဆောင်ရွက်ရာမှအစ မင်္ဂလာဆောင်(မင်္ဂလာအမျိုးမျိုးပြုလုပ်ပုံ) ကိစ္စ, အသုဘကိစ္စ, ရဟန်းသံဃာတော်များနှင့် ဆက်ဆံရေး စသည်တို့ကိုပါ အသေးစိတ် သိခွင့်ရအောင် တိကျစွာ ဖော်ပြထားပါသည်။

> "ခံတွင်းထဲသို့ရောက်အောင်ဆေးဖျော်၍တိုက်သည်ကိုမျှ မမျိုလိုက်မူ၍ နေခဲ့လျှင် သူနာ မကျန်းမာ သေစရာသာရှိတော့သည်၊ သမားကိစ္စကုန်လေပြီ"

ဤသည်မှာ စတုဂိရိရှုဖွယ်ကျမ်းလာ တောင်လေးလုံး ဆရာတော်ဘုရားကြီး၏ အဆိုအမိန့်ဖြစ်ပါသည်။

သို့ဖြစ်သည်အားလျော်စွာ ဗုဒ္ဓဘာသာဝင် ဖြစ်ပါလျက် ဗုဒ္ဓအလိုတော်ကျ မကျင့်သုံးမနေထိုင်တတ်ပါက စာရေးသူ စာအုပ်ဖြစ်အောင် ကြိုးစားထုတ်ဝေသူတို့၏ တာဝန် မဟုတ်တော့ပါ၊ မဖတ်ရှု, မလိုက်နာ, မကျင့်သုံးသူတို့၏ တာဝန်သာ ဖြစ်ဖွယ်ရာ ရှိပါတော့သည်။

ဤကျမ်းစာ၌ ဖော်ပြထားသော ကိစ္စများမှာ ဗုဒ္ဓဘာသာဝင် လူကြီး, လူငယ်, ယောကျ်ား, မိန်းမ အဆင့်အတန်းမရွေး လူတိုင်း မသိမနေရ၊ သိရမည့် ကိစ္စများသာ ဖြစ်ပါသည်၊ ထို့ပြင် ဗုဒ္ဓ၏ တပည့်သား (သာဝက) အကြောင်းကို လေ့လာလိုသူများသည်လည်း ဤကျမ်းစာကို လက်လွှတ် မခံသင့်ပါ။

ဤကျမ်းစာကို ရေးသားချီးမြှင့်ပေးသော အရှင်ကုမာရသည် ရွှေကျင်သာသနာပိုင် မြောင်းမြ ဆရာတော်ဘုရားကြီး၏ တပည့်တပါး ဖြစ်ပါသည်၊ မြောင်းမြ ဆရာတော်ဘုရား ပဋ္ဌာတာရုံတိုက် (ဟောင်း) တွင် သီတင်းသုံးနေထိုင်စဉ်ကပင် မြောင်းမြဆရာတော်ဘုရားခြေတော်ရင်းမှာ စာပေသင်ကြားနေထိုင်လာခဲ့ပါသည်။ သို့ဖြင့် မြောင်းမြဆရာတော်ဘုရား၏ သာသနာရေးဆိုင်ရာ အနီးကပ် စောင့်ရှောက်ညွှန်ကြားမှုကို တိတိကျကျ ရရှိလာခဲ့ပါသည်။

မြောင်းမြဆရာတော်ဘုရား မန္တလေးကို ကြွရောက် သီတင်းသုံးရသည့်နောက်ပိုင်းမှာလည်း ဆရာသခင် ကျေးဇူးရှင်၏ တာဝန်ပေးအပ်ချက်အရ ပဋ္ဌာတာရုံတိုက်(ဟောင်း)၌ စာချတာဝန်, ကျောင်းတိုက်သံဃာ အုပ်ချုပ်ရေးတာဝန်စသည်တို့ကို ဆရာတော်ဘုရား၏အလိုတော်ကျ လုပ်ကိုင်ဆောင်ရွက်လာခဲ့ပါသည်၊ နောက်ပိုင်းမှာ မြောင်းမြမြို့ တိုက်သစ်ပဋ္ဌာတာရုံစာသင်တိုက်ကို မြောင်းမြဆရာတော်ဘုရား တည်ထောင် ချမှတ်ထားခဲ့သော မူအတိုင်း ထိန်းသိမ်း စောင့်ရှောက်လာခဲ့ပါသည်။

ထို့ပြင် ရန်ကုန်မြို့မဟာဗောဓိကျောင်းတိုက်မှာလည်း မြောင်းမြဆရာတော်ဘုရား ပျံလွန်တော်မူသည့်အချိန်အထိ ဆရာသခင်ကျေးဇူးရှင်က စေခိုင်းသမျှကိစ္စအဝဝတို့ကို သက်စွန့်ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်လာခဲ့ပါသည်၊ဆရာတော်ဘုရား ပျံလွန်တော်မူပြီးသည့်နောက်ပိုင်းမှာလည်း ဆရာတော်ဘုရားလက်ထက်က မပြီးပြတ်ပဲ ကျန်ရှိနေသော မဟာဗောဓိ အဓိကရုဏ်းကို ဆရာတော်ဘုရား ယုံကြည်စိတ်ချ လွှဲအပ်ထားခဲ့သော ဂေါပကများနှင့်တွဲဘက်၍ တရားနှင့်အညီ အေးငြိမ်း ပြီးပြေသည်အထိ ဆောင်ရွက်လာခဲ့ပါသည်။

ယင်းအရှင်ကုမာရသည် မြောင်းမြဆရာတော်ဘုရား သက်တော်ထင်ရှားရှိစဉ်ကပင် ဆရာတော်ဘုရား၏ အမိန့်ကို ဦးထိပ်ရွက် ပန်ဆင်လျက် စာသင်သားများအတွက်—

အလက်ာပန်းကုံး

မာတိကာ မာတုကထာပန်းကုံး

ယမကပန်းကုံး (ပ+ဒု)

ပဋ္ဌာနပန်းကုံး

အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး
ကဗျာအုတ်မြစ် စံနစ်သစ်

ကျမ်းစာများကို ရေးသားပြုစုဖြန့်ဝေခဲ့ပါသည်၊ ထို့ပြင် မြောင်းမြဆရာတော် ဘုရား ပျံလွန်တော်မူပြီးသည့်နောက် တပည့်ကြီးများ၏ တာဝန် လွှဲအပ်ချက် အရ—

"မြောင်းမြဆရာတော် သာသနာ ဘယ်လိုပြုခဲ့သလဲ" ဟူသော အမည်ဖြင့် မြောင်းမြဆရာတော်ဘုရားထေရုပ္ပတ္တိ (သာသနာအတွက်ဆောင်ရွက်ချက်များ) ကို ရေးသားပြုစုခဲ့ပါသည်။

ယခုအချိန်မှာမူ မြောင်းမြမြို့ တိုက်သစ်ပဋ္ဌာနတာရုံစာသင်တိုက်တွင် တရာ ကျော်မျှသော သံဃာတော်များကို ထိန်းသိမ်းအုပ်ချုပ် စာပေပို့ချကာ သီတင်းသုံး နေထိုင်လျက်ရှိပါသည်။

ကျွန်တော်သည် ဤကျမ်းစာမျိုး ဖြစ်ပေါ်လာအောင် ကြိုးစားလာခဲ့ သည်မှာ နှစ်ပေါင်းအတော်ကြာလာခဲ့ပါပြီ၊ တနေ့မှာ ဖြစ်လိုဖြစ်ငြား ဆရာ တော် ဦးကုမာရကို ဆွေးနွေး လျှောက်ထားခဲ့ပါသည်၊ ဆရာတော်ကလည်း စာဝါတွေ အကြား အကြားမှာ ရသမျှအချိန်ကို အသုံးချကာ ရေးသားပြုစု ပေးခဲ့ပါသည်၊ သို့ဖြင့် ၂-နှစ်ခန့်ကြာမှ ယခုစာရှုသူများရှေ့မှောက်သို့ စာအုပ် အဖြစ်ဖြင့် ဆိုက်ရောက်လာခဲ့ရပါသည်။

အကြောင်းညီညွတ်၍ အခွင့်သာပါက ဘုရားရှင်၏ အလိုတော်နှင့် အညီ ဒါယကာ ဒါယိကာမများကိုယ်တိုင် သာသနာပြုနိုင်အောင်, သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော်တွေကို တဖက်တလမ်းမှ အကူအညီ ပေးနိုင်အောင် အသိ ဉာဏ် ပွင့်လင်းရရှိစေမည့်ကျမ်းစာများကို ကြိုးစားထုတ်ဝေနိုင်ခွင့်ရနိုင်လိမ့်ဦး မည်ဟု မျှော်လင့်ပါသည်။

ကြိုးစားအားထုတ်သလောက် ပြီးမြောက်အောင်မြင်ကြပါစေ၊

ထိန်ဝင်း

၁၃၄၄-ခု၊ ဒု-ဝါဆိုလဆန်း ၆-ရက် (တနင်းလာနေ့)
(၂၆-၇-၈၂)

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

နိဒါန်း

မာန်လည်ဆရာတော်၏ ဩဝါဒတော်

ပေါ့ဆသည့် ဦးပဥ္စင်းကြီး၊ ။ဗုဒ္ဓအလိုတော်ကျ ကျင့်သုံး နေထိုင်နည်း ကျမ်း၏နိဒါန်း၌—

ရယ်ဖွယ်လည်းကောင်းသော
အံ့ဩဖွယ်လည်းကောင်းသော
ဂမ်းနည်းဖွယ်လည်းကောင်းသော

အဖြစ်အပျက် အကြောင်းအရာ တခုကို တင်ပြလိုပါသည်။

ကျေးဇူးရှင် မာန်လည် ဆရာတော်ဘုရားကြီးသည် မဟာသုတကာရီ မဃ္ဃဒေဝ လင်္ကာသစ် စသော ကျမ်းပေါင်းများစွာကို ပြုစုတော်မူသောကြောင့် မြန်မာပြည်၌ အလွန်ထင်ရှား ကျော်ကြားတော်မူပါသည်။

ဆရာတော်ကြီး၏ စာပေဗဟုသုတ ပရိယတ္တိဂုဏ်တော်ကြောင့် စာပေပညာကို လေ့လာဆည်းပူးလိုသော ရဟန်းတော်များ အနယ်နယ် အရပ်ရပ်မှ ဆရာတော်ဘုရားကြီး သီတင်းသုံး နေထိုင်တော်မူရာ ကျောင်းတိုက်သို့ လာရောက် ခိုလှုံနေထိုင်ကြသည်။

ဆရာတော်ဘုရားကြီး၏ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းမှာ တနေ့ထက် တနေ့ ထူးကဲပျံ့နှံ့လာပေရာ အင်္ဂလိပ်အစိုးရကလည်း **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်ဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်သည်။ မြန်မာပြည် အထက် အောက် မြို့ရွာများကလည်း ကြွရောက်၍ တရားဒေသနာ ချီးမြှင့်ပါရန် ပင့်လျှောက်ကြသည်။ လှူဒါန်း ပူဇော်ကြသည်။

တနေ့သော် ခရီးဝေး မြို့ရွာတို့မှ တရားဟောပြောပြီး ပြန်ကြွလာသော အခါ ဆရာတော်ကြီး ရွှေတော်မှောက်သို့ ကျောင်းတိုက်တွင် နေထိုင်သော ဦးပဥ္စင်းကြီး ဦးပါမောက္ခ လာပြီး ဦးချသည်။ ထိုနောက် သကၤန်းအိတ်တခုကို ဆရာတော်ကြီး လက်တော်သို့ ဆက်ကပ်သည်။

"ဘာလဲ ဦးပါမောက္ခရဲ့"

ဆရာတော်ကြီးက ဦးပါမောက္ခ ဆက်ကပ်သည့် သကၤန်းအိတ်ကို ခံယူရင်းက မေးမြန်းတော်မူသည်။

"တပည့်တော် ဆရာတော်မရှိတုန်း လာပင့်သည့် မသာကလှူသည့် သကၤန်း ပါဘုရား"

"ဦးပါမောက္ခ တပါးတည်းလား တခြားကိုယ်တော်တွေ မပါဖူးလား"

"မပါပါဘုရား၊ မသာက ကာလရောဂါနဲ့ သေသည်လိုလို သတင်းကြားလို့ ဘယ်ကိုယ်တော်မှ မလိုက်ဝံ့၍ တပည့်တော်ပဲ လိုက်ပါသည်ဘုရား"

ယင်းသို့ ဦးပါမောက္ခက လျှောက်ထားသောအခါ ဦးပါမောက္ခ၏ ပျင်းရိ ပေါ့ဆပုံ ထုံထိုင်းညံ့ဖျင်းပုံများကို သိရှိတော်မူပြီး ဖြစ်တော်မူသော ဆရာ တော်ကြီးက စိုးရိမ်တော်မူစွာဖြင့်—

"ဟဲ့ သည်လိုဆို ဘယ်သူရေစက်ချသလဲ"

"တပည့်တော်ပဲ ချပါတယ်ဘုရား"

"ကိုယ်တော်က ရေစက်ချတတ်လို့လား ဦးပါမောက္ခရဲ့"

"ချတတ်ပါတယ်ဘုရား၊ ရဟန်းခံတုန်းက သိမ်ထွက် ရေစက်ချရပါ သေးသည်"

ယင်းသို့ ဦးပါမောက္ခ လျှောက်ထားသောအခါ မာန်လည်ဆရာတော်ကြီး သည် လိုက်လိုက်လှဲလှဲ ရယ်တော်မူသည်၊ အနီးရှိ သာမဏေနှင့် ရဟန်းတော် များ လူဝတ်ကြောင်များလည်း ရယ်ကြလေသည်။

အညာအရပ်ဒေသ၌ ရဟန်းဖြစ်ခါစ ရဟန်းသစ်သည် သိမ်မှ ထွက်သော အခါ တရားဦးဟောရ အလှူရေစက်ချရသည့် ထုံးစံရှိသည်၊ ယင်းသို့ တရား

ဟော ရေစက်ချနိုင်ရန်အတွက် ရက်ပေါင်း လပေါင်းများစွာ ကြိုတင် သင်ယူ လေ့ကျင့်ထားရသည်။

သိမ်ထွက် ရေစက်ချဟူသည်မှာ ရဟန်းခံပွဲ၌ လှူသမျှ သင်္ကန်း၊ ထီး၊ ဖိနပ်၊ ကော်ဇော၊ သပိတ်၊ ပရိက္ခရာ စသည် အစုံအလင် အမည်များ ဖော်ထုတ်၍ ရေးလေ့ရှိသည်၊ သံသေတ္တာ၊ သားရေသေတ္တာ၊ နာရီများ၊ သင်ဖြူးများ ဆွဲချိတ် သီးထားသည့် ပဒေသာပင်များ မည်မျှရှိသည် စသည်ကိုလည်း ဖော်ထုတ် ဂုဏ်ယူ ရေးသားထားလေ့ရှိသည်၊ သာသနာ့ အမွေခံယူနိုင်ရန် ပစ္စည်းလေးပါး ဒါယကာ ခံယူပြီး မြင့်မြတ်သော သာသနာတော်တွင်းသို့ ပဥ္စင်းအဖြစ် သွတ်သွင်းပါကြောင်း စသည်လည်း ထည့်သွင်းရေးသားသည်။

မသာ ရေစက်ချမှာ ဘဝတပါးပြောင်းသွား စုံတေ သေလွန်သူအား ရည်စူးပါကြောင်း စသည် ပါရသည်၊ သို့ဖြစ်သောကြောင့် ရဟန်းခံ သိမ်ထွက် ရေစက်ချနှင့် မသာ အသုဘ ရေစက်ချမှာ မည်သို့မျှ မစပ်ဆိုင်ပေ၊ တမျိုးတဖုံ စီသာဖြစ်သည်၊ ယင်းသို့ တမျိုးတဖုံစီ ဖြစ်ပါလျက် မသာ အလှူ၌ ရဟန်းခံ သိမ်ထွက် ရေစက်ချကို ချခြင်းသည် အလွန် ရယ်ဖွယ် ကောင်းလှသည်၊ ထို့ကြောင့် ဆရာတော်ကြီးနှင့် အနီးရှိ ပရိသတ်များက ရယ်ခြင်းဖြစ်သည်၊ ရယ်ရာမှ ဆရာတော်ကြီးက ဣန္ဒြေဆည်ပြီး ဆက်မေးတော်မူသည်။

“ဦးပါမောက္ခ ဘယ်နှစ်ဝါရပြီလဲ”

“တဆယ့်ငါးဝါ ရပါပြီဘုရား”

“သည်တဆယ့်ငါးဝါအထိ သည်သိမ်ထွက် ရေစက်ချနှင့် ဘယ်လို အလှူမျိုးတွေမှာ ရေစက်ချဖူးသလဲ”

“ရက်လည်ဆွမ်း အလှူ၊ ရှင်ပြုအလှူ၊ အိမ်တက် မင်္ဂလာအလှူ၊ အန္တရာယ်ကင်း ပရိတ်ဟော အလှူ စသည်ဖြင့် ကြုံတွေ့သမျှ အလှူတိုင်းမှာ ချပါသည် ဘုရား”

မြင်းစီးပြီး အထီး အမ မသိ။ ။ဆရာတော်ကြီးနှင့် တကွ အနီးရှိပရိသတ်များ ရယ်မောကြပြန်ပြီး ဆရာတော်ကြီးက ရေစက်ချသူသည် ကိုယ်တိုင်လှူဒါန်း ဆုတောင်း အမျှဝေသည့် ရေစက်ချ၏

အဓိပ္ပာယ်ကို သိသင့်သည်၊ မြင်းစီးပြီး အထီး အမ မှန်း မသိ မဖြစ်သင့်ကြောင်း၊ ရေစက်ချ ဆိုသည်မှာ အရာဌာန အားလျော်စွာ ချရကြောင်း စသည်ဖြင့် ဆုံးမ စကား မိန့်ကြားတော်မူပြီး ဦးပါမောက္ခအား ရရှိထားသည့် အလှူဝတ္ထု သက်နိုးကို ပြန်၍ စွန့်လှူလိုက်လေသည်။

ဤအကြောင်းအရာကို ဘုန်းတော်ကြီး ဦးပါမောက္ခကိုယ်တိုင်က ပြန်ပြော သောကြောင့် နိဒါန်းရေးသူမှတ်သားခဲ့ရခြင်းဖြစ်သည်။

ရယ်ဖွယ်ရာ။ ။ဦးပါမောက္ခသည်သိမ်ထွက်ရဟန်းခံအလှူရေစက်ချကိုအသုဘ အလှူ၌ချပေးသည်ဆိုခြင်းမှာ အမြီးအမောက်မတဲ့ မဆီမဆိုင် ဖြစ်သောကြောင့် မြို့ထသိချင်းဆို စည်တော်သံတီးရာ၌ မင်းသမီး အဝတ် အစားဝတ်ဆင်၍ မျောက်က ကသကဲ့သို့ ရယ်ဖွယ်ကောင်းနေလှသည်။

အံ့ဖွယ်ရာ။ ။ဦးပါမောက္ခသည် မိမိ ၁၅-နှစ်လုံးလုံး မမေ့မပျောက် အရ ဆောင်ထားသည့် ရေစက်ချ၏ အဓိပ္ပာယ်ကို မစဉ်းစားမိပဲ မဆိုင်သည့်အလှူများ၌ ရေစက်ချသည်ကိုလည်းကောင်း၊ ယင်းသို့ ဦးပါမောက္ခ ရေစက်ချသည်ကို သတိမပြုမသိမကြားပဲ ဤမျှနှစ်ကာလကြာအောင် လျစ်လျူ ရှုနေသည့် ပုဂ္ဂိုလ်များကိုလည်းကောင်း "ဩော်....သည်လိုလဲရှိပေသကိုး" ဟု အံ့သြမိသည်။

ဝမ်းနည်းဖွယ်ရာ။ ။ဦးပါမောက္ခ ဤမျှကာလ ကြာကြာ ရေစက်ချကို အမှတ်မဲ့ နေခြင်းကြောင့် အကျိုးမကြီး အချည်းနှီး ဖြစ်နိုင်ပုံနှင့် အလှူရှင် ဒါယကာ ဒါယိကာမများ အကျိုးမကြီး အချည်းနှီး ဖြစ်နိုင်ပုံများကို တွေးမိသောကြောင့် လည်းကောင်း၊ ဤဦးပါမောက္ခနှင့် သိမ်ထွက်ရေစက်ချနည်းတူ အခြား ဘာသနာရေး ဘာသာရေး ကိစ္စများ၌ အနက်အဓိပ္ပာယ် သဘောတရားမသိပဲ ဆရာဒကာ လုပ်မိလုပ်ရာ ပြုလုပ် ဆောင် ရွက်ခြင်းများရှိနိုင်မည်ကို လည်းကောင်း စဉ်းစားတွေးတောမိကာ ဝမ်းနည်း ခြင်း ဖြစ်ရပြန်ပါသည်။

ဤသို့လျှင် ဦးပါမောက္ခနှင့် သိမ်ထွက်ရေစက်ချ အကြောင်း အရာသည် ရယ်ဖွယ်ကောင်းသော အံ့သြဖွယ်ကောင်းသော ဝမ်းနည်းဖွယ် ကောင်းသော အကြောင်းအရာတခုဖြစ်သည်။

လေးနက်စွာစဉ်းစားဖွယ်။ ။မာန်လည် ဆရာတော် ဘုရားကြီးက ဦးပါမောက္ခအား "မြင်းစီးလို့မှ အထီးအမမှန်း မသိမဖြစ်စေသင့်"ဟု ဆုံးမတော်မူသည်မှာ ကိုယ်လုပ်နေသည့် အလုပ်ကို"ဘာလုပ်နေသည်"ဟု မသိပဲ မနေစေရန် ရှေးစကားပုံရှိသည့်အတိုင်း လွယ်လွယ်ဆုံးမတော်မူခြင်းဖြစ်သည်၊ သူ့ခေတ်နှင့်သူ့အခါ လှေ လှည်း ဆင် မြင်းခေတ် အားလျော်စွာ "မြင်းစီးလို့မှ အထီးအမမှန်းမသိ"ဟူသော စကားပုံဖြင့် မိမိချနေသည့် ရေစက်ချ၏ သဘောအဓိပ္ပာယ်ကို မသိနားမလည်ပဲ ရေစက်ချသည့် ပုဂ္ဂိုလ်အား ပုံခိုင်းဆုံးမသည်မှာ လျော်ကန် သင့်မြတ်လှပါသည်၊ ထင်းကနဲ ရှင်းကနဲ ကွင်းကွင်းကွက်ကွက်သိမြင်သွားနိုင်စေနိုင်ပါသည်။

ယခုခေတ်မှာမူကား . လှေ လှည်း ဆင် မြင်းတို့ထက် အဆပေါင်းများစွာ လျင်မြန်သည့် ယာဉ်အမျိုးအစားများစွာ ပေါ်ပေါက်၍ နေပေပြီ၊ ကုန်းလမ်းမှာဆိုလျှင် စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကား၊ မီးရထား စသည်၊ ရေလမ်းမှာဆိုလျှင် စက်လှေ၊ စက်တပ်သမ္ဗန်နှင့် လှေ၊ မော်တော်၊ သင်္ဘော စသည်၊ လေလမ်းမှာဆိုလျှင် လေယာဉ်ပျံ၊ ရဟပ်ယာဉ်၊ ဒုံးယာဉ် စသည်ဖြင့် ယာဉ်အမျိုးမျိုးရှိသည်။ ခရီးသွားလိုလျှင် သွားရောက်လိုသည့် ခရီးစဉ်နှင့် ယာဉ်များ အကြောင်း သိရန်သာလိုသည်။လိုရာအရပ်သို့ လျင်မြန်စွာ ရောက်နိုင်သည်။

မြင်းစီးလို့မှ အထီးအမမှန်းမသိ ဟူသောစကားပုံမှာ ယခုခေတ်နှင့် အံဝင်ခွင်ကျ မဖြစ်လှချေ။ လိုရာအရပ်သို့ရောက်လို၍ ခရီးသွားသူသည် မြင်းစီးသွားရာ၌ အထီးအမခွဲခြားသိရန်မှာ အရေးကြီးသော ကိစ္စမဟုတ်ပါ၊ အထီးအမခွဲခြားသိသည်ဖြစ်စေ မသိသည်ဖြစ်စေ မြင်းကိုစီးသွားလျှင် မိမိလိုရာအရပ်သို့ ရောက်ရမည်မှာ အမှန်ပင်ဖြစ်သည်။ ထို့ကြောင့် ယခုခေတ်မှာသာ မာန်လည်ဆရာတော်ကြီး ရှိနေပါလျှင် ခေတ္တညူ ကာလညူ ဖြစ်တော်မူ၍ ခေတ်ကာလအကြောင်းသိတော်မူသော ဆရာတော်ကြီးသည် "မြင်းစီးလို့မှ အထီးအမမှန်း မသိမဖြစ်စေနဲ့"ဟု ဆုံးမတော်မမူပဲ ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိမဖြစ်ပါစေနဲ့ဟု ခေတ်မီမီ ပေါ်လွင်သည့် ပုံကိုခိုင်း၍ ဆုံးမတော်မူလိမ့်မည်ဟု တွေးမိပါသည်။

မှန်ပါသည်၊ အရပ်ဌာနတခုသို့ ရောက်ချင်လျှင် ယင်းအရပ်သို့ သွားရမည့် ခရီးလမ်းစဉ်ကိုလည်း သိရန်လိုပါသည်။ ယင်းအရပ်သို့သွားနိုင်သည့် ယာဉ်နှင့် ယင်းယာဉ်ကိုစီးရမည့် အစီအစဉ်စသော ယာဉ်အကြောင်းကိုလည်း သိရန်လိုပါသည်။ ယင်းသို့ ခရီးစဉ်နှင့် ယာဉ်အကြောင်းသိလျှင် မိမိသွားလိုသော အရပ်သို့ ရောက်နိုင်ပါသည်။

ခရီးသွားယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်းမသိလျှင် သွားလိုရာ အရပ်သို့မရောက်ပဲ တလွဲတချော်အရပ်များသို့ ရောက်သွားနိုင်ပေသည်။

သတိမမူဂူမမြင်။ ။"သတိမမူ ဂူမမြင် သတိမူမှ မှုံမြင်ရ"ဟူသော မြန်မာ စကားပုံတခုရှိသည်။ အဓိပ္ပာယ်မှာ သတိမမူ အမှတ်မဲ့နေ သူသည် ကျောက်တောင်ကြီးကို ထွင်းထားသည့် လိုဏ်ဂူကြီးကိုပင် မမြင်နိုင်၊ သတိထားကြည့်သူသည် သေးငယ်လှသည့် မှုံမှုန်ကလေးကိုပင် မြင်နိုင်သည်ဟု ဆိုလိုသည်။ ယင်းစကားပုံနှင့်ပတ်သက်၍ လူဘယောက် ဖြစ်ပျက်ခဲ့ဖူးသည့် အဖြစ်အပျက်ကလေးတခုကို တင်ပြလိုသည်။

သက္ကရာဇ် ၁၃၁၆-ခုနှစ်ခန့်က တောမှ လူတယောက်သည် ရန်ကုန်မြို့သို့ အလည်လာရာ ကမ္ဘာအေး သီရိမင်္ဂလာကုန်းမြေသို့ ဆဋ္ဌသံဂါယနာတင် လိုဏ်ဂူတော်ကိုဖူးရန်သွားသည်။ ထိုအခါက ဆင်ဖြူတံဆိပ် ဘတ်စ်ကားသည် ကမ္ဘာအေး ရေကူး ညမိုင်းသို့ ဂိတ်ထိုးလမ်းဆုံးသည်။ ဆင်မဲတံဆိပ် ဘတ်စ်ကားသည် မိုးကောင်းကန်ဘဲ့သို့ လမ်းဆုံးသည်။ ယင်းဧည့်သည်သည် ဆင် ဖြူ ဆင်မဲတံဆိပ်ကို သတိမထားမိပဲ ဆင်မဲတံဆိပ်ကားကို စီးမိသောကြောင့် မိုးကောင်း ကန်ဘဲ့အရပ်သို့ ရောက်သွားလေရာ ဆဋ္ဌသံဂါယနာတင် လိုဏ်ဂူ တော်ကို မဖူးရပဲ ပြန်လှည့်ခဲ့ရပြီး—

"သတိမမူဂူမမြင်ဆိုတဲ့ ရှေးစကားသိပ်မှန်သဗျ၊ ကျွန်တော် သတိ မထားပဲ ဆင်မဲဘတ်စ်ကားစီးသွားမိလို့ လိုဏ်ဂူမမြင်ခဲ့ရဖူး"

ဟု ထိုဧည့်သည်က အားရ ပါးရ ရှေးစကားကို ထောက်ခံ ပြောဆိုပေ သည်။

ဤဘာသည်မှာ သတိမမူ ဂူမမြင်စကားပုံကို အနက်တမျိုး ဖွင့်ဆိုချက်ဖြစ်သည်၊ ယင်းဖွင့်ဆိုချက်သည် အနည်းငယ် ပေါ့ဆသည်ဟု ထင်ရသော်လည်း ယာဉ်စီးလို့ ခရီးစဉ်နှင့် ယာဉ်အကြောင်းမသိလျှင် လိုရာအရပ်သို့ မရောက်နိုင်ကြောင်းကို သိစေနိုင်သောကြောင့် ဦးပါမောက္ခ၏ သိမ်ထွက်ရေစက်ချကို အသုဘ၌ ချပေးခြင်းနှင့်စပ်၍ အလှူမြောက်မမြောက်၊ဆုတောင်းသည့် အတိုင်း ရနိုင်မရနိုင် စဉ်းစားဆင်ခြင်ရန် ဖော်ပြရေးသားခြင်း ဖြစ်ပါသည်။

ထို့ထက် တဆင့်တက်၍ လေးနက်စွာ တွေးမိပြန်သည်။

ဖော်ပြခဲ့သည့် ဆင်စီးလို့မှ အထီးအမမှန်းမသိ၊ ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်းမသိ၊ သတိမမူ ဂူမမြင်-ဟူသည့် စကားပုံတို့မှာ မိမိလုပ်သည့် အလုပ်ကို အကြောင်းအကျိုး အကောင်းအဆိုး ခွဲခြားမသိပဲ လုပ်မိလုပ်ရာ လုပ်တတ်ပုံကို ဖော်ပြသည်၊ လောကလူသားတို့ ပြောဆိုသုံးစွဲသည့် စကားများသာ ဖြစ်သည်။ သုံးလောကထွတ်ထား မြတ်ဗုဒ္ဓရှင်တော် ဘုရားကမူကား....

"အန္ဓိဘူတော အယံလောကော၊ တနုကေတ္ထ ဝိပဿတိ"

ဟူ၍ ဓမ္မပဒပါဠိတော်၌ ရှုမြင်သုံးသပ်၍ ဟောကြားတော်မူသည်။ ယင်းပါဠိကို မြန်မာပြန်လျှင်....

ဤလူအပေါင်းသည် ပညာမျက်စိမရှိ စမ်းတန်း အကန်းအတိသာ ဖြစ်သည်။ ဤလူများထဲမှ အနည်းငယ်မျှသာ အထူးသိမြင်ကြသည်-

ဟု ပြန်ဆိုရမည် ဖြစ်သည်။

ဤဟောတော်မူသည့် စကားတော်တွင် အန္ဓိဘူတ=အကန်းဟူသည်မှာ ပအတိ မျက်စိကန်းနေသူကို မယူရ ပညာမျက်စိ ချွတ်ယွင်းပျက်စီးနေသူ ပညာမဲ့ကိုသာ ယူရမည်ဖြစ်ကြောင်း သံယုတ်ဋီကာ (ပ-နှာ-၂၄၂)၌ --

ပညာစက္ခု ဝိရဟတော အန္ဓိဘူတော=ပညာမျက်စိ ချွတ်ယွင်းသောကြောင့် မျက်စိကန်းနေသည့် အန္ဓိဘူတာဖြစ်သည်။

ဟူ၍ ဖွင့်ဆိုထားပေသည်။

မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် ဓမ္မစကြာတရားတော်ကို ဟောရန် မိဂဒါဝုန်တောသို့ ကြွသွားတော် မူသောအခါ လမ်း၌တွေ့ရသူ ဥပက-အမည်ရှိ တက္ကတွန်းကြီးအား—

ဓမ္မ စက္ကံ ပဝတ္တေတုံ၊ ဂစ္ဆာမိ ကာသိနံ ပုရံ။
အန္ဓီဘူတသ္မိံ လောကသ္မိံ၊ အာဟဉ္ဆံ အမတ ဒုန္ဒုဘိံ

ဟူ၍ မာဂဓဘာသာ ပါဠိဂါထာဖြင့် ပြောဆိုတော်မူပါသည်။ ယင်းကို—

ဥပက—ငါသည် ဓမ္မစကြာတရားကို ဟောခြင်းငှာ ကာသိတိုင်း ဗာရာဏသီပြည် ဣသိပတန မိဂဒါဝုန်တောသို့ သွားပေအံ့၊ ပညာမျက်စိမရှိ စမ်းတန်း သူကန်းဆာဖွယ်ဖြစ်သော နတ်လူအပေါင်း၌ တရားဒေသနာတည်းဟူသော အမြိုက်စည်ကြီးကို ရိုက်တီးဆော်ရွမ်း ပေအံ့—

ဟူ၍ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသက ဖော်ပြခဲ့သော သံယုတ်ဋီကာနှင့်အညီ ဟန်ပါပါ မာန်ပါပါ စာအသက်ဝင် စွာဖြင့် (မဟာဗုဒ္ဓဝင် ဒုတိယတွဲ-နှာ-၄၁၆-၌) မြန်မာပြန်ဆိုထားပါသည်။

ဤပြဆိုချက်များအရ ဉာဏ်ပညာကင်းမဲ့သူများကို မြတ်စွာဘုရားရှင်က မျက်စိကန်းသူများနှင့် ဥပမာပေး၍ ''အန္ဓီဘူတ=ပညာမျက်စိကန်းနေသူ များ''ဟု ဟောကြားထားသည်ကို များစွာ သတိထား မှတ်သားသင့်သည်။

လောက၌ ပကတိ မျက်စိကန်းသူများမှာ အလွန်တရာမှ ဆင်းရဲဒုက္ခများ လှချေသည်၊ မည်သည့် အလုပ်ကိစ္စကို ဆောင်ရွက်သည်ဖြစ်စေ စမ်းမှန်း ရမ်းဆ၍သာ ဆောင်ရွက်ရသည်။ တိတိကျကျ ပိုင်ပိုင်နိုင်နိုင် မရှိလှပေ။ ယင်း သို့ ဖြစ်သောကြောင့် လုပ်ကိုင်ဆောင်ရွက်သမျှသည် အလွဲအချော်က များ၍ ချိန်သားမကျပဲ ဆင်းရဲဘို့ကသာ များနေတတ်ပါသည်။

ဤအကြောင်းနှင့်စပ်၍ မျက်စိဒုက္ခိတ တဦးဖြစ်ဖူးသည့် အကြောင်းအရာ ပုံပြင်ကလေးတခုကို ဖော်ပြလိုပါသည်။

လယ်သမား ညီအကိုပုံပြင်။ ။တခါက လယ်ယာလုပ်ကိုင်စားရသည့်ညီအကို ၂-ယောက် ရှိသည်။ ညီမှာ မိခင်ဝမ်းတွင် ပဋိသန္ဓေနေစဉ်မှစ၍ မျက်စိနှစ်ကွင်း အလင်းမရသူဖြစ်သည်။ အကိုမှာမူတား ကျွန်းမာသူ လူကောင်းဖြစ်၍ ညီငယ်ကို ပြုစုစောင့်ရှောက် ကျွေးမွေးရသည်။

လယ်သမားတို့သဘာဝ နတ်တော်လ ပြာသိုလအခါရောက်သော် အကိုကြီးသည် နံနက်စောစောထ၍ စပါးရိတ်ရန် လယ်တောသို့ သွားအိပ်ရသည်။ သွားသောအခါ၌ မျက်မမြင်ညီငယ်ကို စိတ်မချ၍ အိမ်မှာ မထားခဲ့ပဲ လယ်တောသို့ ခေါ်သွားသည်။ လယ်တောသို့ ရောက်သောအခါ အကိုကြီးသည် အခြားလယ်လုပ်သားများ တဲနီးခြင်းများ စောစောထ၍ လုပ်ငန်းခွင် ဝင်ရန် ပြင်ဆင်ဖို့အတွက် "ထကြဟေ့ အရုဏ်တက်ပြီဟေ့"ဟု အော်၍ သတိပေး နှိုးဆော်လေ့ရှိသည်။

နေ့စဉ်လိုလိုပင် အကို၏အော်သံကိုကြားရသော ညီငယ်က "အကိုအော်တဲ့ 'အရုဏ်'ဆိုတာ ဘာလဲဗျ"ဟု မေးသည်။ "အရုဏ်ဆိုတာ အရှေ့က မိုးပေါ်မှာ နီနီအရောင်တက်လာတာကွ"ဟု ဖြေသည်။ နီနီအရောင်ကိုမှ မမြင်ဖူးရှာသော ဒုက္ခိတညီငယ်က "နီနီအရောင် ဆိုတာကရော ဘာလဲ"ဟု ထပ်၍ မေးပြန်သည်။

"နီနီအရောင်ဆိုတာက ငါတို့တဲမှာ မွေးထားတဲ့ကြက်တူရွေးရဲ့ နှုတ်သီးလိုပေါ့ကွာ"ဟု အကိုက ပြန်ဖြေသည်။

ဤတွင်မှ ညီငယ်သည် မွေးထားသည့် ကြက်တူရွေးငှက်၏ နှုတ်သီးကို စမ်းကြည့်သည်။ နှုတ်သီးကောက်ကောက် ချွန်ချွန်ကို စမ်းမိသည်။ "အင်း အရုဏ်ဆိုတာ ကောက်ကောက် ချွန်ချွန်ပါလား"ဟု မှတ်ထားလိုက်သည်။

တနေ့ အကိုကြီး အိပ်ပျော်နေ၍ စောစောမနိုးသောအခါ ညီငယ်သည် "ထကြဟေ့ ကောက်ကောက် ချွန်ချွန်တက်ပြီဟေ့"ဟု အော်သည်။ ထပ်ကာ ထပ်ကာ အော်သည်။

ထိုအခါ အိပ်ပျော်နေသော အကိုနှင့် လယ်လုပ်သားများ တဲနီးချင်းများသည် "မျက်စိဒုက္ခိတကလေး ဘာကောင်များ တက်ပါလိမ့်"ဟု

ကြောက်လန့် စိုးရိမ်စွာ ကဗျာကယာထ၍ ဝိုင်းလာကြသောအခါ ညီငယ်က "အရုဏ်"မေ့နေ၍ မှတ်မိသည့် ကောက်ကောက် ချွန်ချွန်"လို့ အော်ကြောင်း သိရသောအခါ များစွာ ရယ်မောကြရလေသည်။

ဤသည်မှာ ပကတိ မျက်စိကန်းသူတို့ စမ်းတဝါးဝါး အထင်မှား၍ အမှန် ကတခြား အသံကတခြား တလွဲတချော် ဖြစ်တတ်ပုံကို ဖော်ပြသည့် ပုံပြင် ကလေး ဖြစ်သည်။

ယင်းပုံပြင်၌ ပကတိ မျက်စိမမြင်သူသည် အရုဏ်၏ အမှန်သဘောကို မသိရှာပဲ ကောက်ကောက် ချွန်ချွန်ဟု လွဲမှားစွာ အမှန်ကတခြား အသံက တခြား ဟစ်အော်မိသကဲ့သို့ ဉာဏ်မျက်စိမရှိသည့် မသိစမ်းတန်း သူကန်းများ သည်လည်း အမှားကိုပင် အမှန်ထင်၍ ပြောဆိုလုပ်ကိုင် ကျင့်ကြံတတ်ပေသည်။ ထို့ကြောင့် နတ်လူအများတို့အား သနားကြင်နာ မဟာကရုဏာတော်ရှင် မြတ်ဗုဒ္ဓ ဘုရားသခင်က—

နတ်လူအပေါင်းသည် ပညာမျက်စိမရှိ အကန်းအတိသာ ဖြစ် သည်။ အနည်းငယ်မျှသော သူသည်သာ အထူးသိမြင်နိုင်သည်။

ပညာမျက်စိမရှိ စမ်းတန်း သူကန်းသဖွယ်ဖြစ်သော နတ်လူ အပေါင်း—

ဟူ၍ မှတ်လောက်သားလောက် ထိထိမိမိ မိန့်ဆိုတော် မူခဲ့သည်။

ဤမျှအထိ ဤနိဒါန်းအစမှ စ၍ ဖော်ပြရေးသားခဲ့သော စကားအစဉ် များကို ပြန်လည် သုံးသပ်ကြည့်မည်ဆိုလျှင်—

(က) ဦးပဥ္စင်းကြီး ဦးပါမောက္ခ၏ သိမ်တွက် ရေစက်ချဖြင့် အသုဘ၌ ရေစက်ချပေးခြင်းကို အကြောင်းပြု၍ မာန်လည်ဆရာတော် ကြီးက "မြင်းစီးလို့မှ အထီးအမမှန်းမသိ မဖြစ်စေသင့်"ဟု ဆုံးမ စကား ပြောကြားတော် မူသည့် အကြောင်းကိုလည်း ဖော်ပြခဲ့ပေပြီ။

(ခ) ကမ္ဘာအေး ဆဋ္ဌသံဂါယနာတင် လိုဏ်ဂူတော်ဖူးရန် ဆင် ဖြူ တံဆိပ် မော်တော်ယာဉ်စီးရမည်ကို သတိမထားပဲ ဆင်မဲတံဆိပ်

မော်တော်ယာဉ်ကိုစီးသွားမိသူသည်ကမ္ဘာ့ခအားမရောက်ပဲ လိုဏ်ဂူမမြင်ခဲ့ရသူ ပုံပြင်ဖြင့် သတိမမူ ဂူမြင်ဖြစ်ကြောင်းကိုလည်းဖော်ပြခဲ့ပေပြီ။

(ဂ) မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ နတ်လူအပေါင်းကို ပညာမျက်စိမရှိသည့် အကန်းအတိသာ ဖြစ်သည်ဟု သုံးသပ် ရှုမြင်တော်မူချက်အရ မျက်စိနှစ်ကွင်း အလင်းမရသူတို့ စမ်းတဝါးဝါး လွဲမှားတတ်ပုံကို လယ်သမားညီနောင်ပုံပြင်ဖြင့် နှိုင်းခိုင်းလျက် ပညာမျက်စိမရှိသူများ လွဲမှားချွတ်ချော်ကာ အမှန်တခြား အသိတခြား အဟုတ်တခြား အလုပ်တခြား ဖြစ်တတ်ကြောင်းကို ဖော်ပြခဲ့ပေပြီ။

ဤဖော်ပြခဲ့သည့် အကြောင်းအရာ သုံးမျိုးနှင့် ကိုက်ညီစွာပင်လျှင်ကျွန်တော်တို့ လူသားများသည်လည်း—

(က) မိမိကိုယ်တိုင် လုပ်ကိုင် ကျင့်ကြံနေသည့် အလုပ်ကို အမှားအမှန် ဝေဖန် ခွဲခြားမသိပဲ လုပ်ကိုင်ကျင့်ကြံနေခြင်းများဖြင့် မြင်းစီးလို့မှ အထီးအမမှန်း မသိသူများ၊ ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိသူများလည်း ရှိတတ်ပေသည်။

(ခ) မိမိကိုယ်တိုင်က ရောက်လို ဖြစ်လိုသည့် လမ်းစဉ်လုပ်ငန်းကိုမသွားမိ မလုပ်မိပဲ သတိပညာ လွတ်ကင်းစွာဖြင့် မှားယွင်းချွတ်ချော်သည့် လမ်းစဉ်နှင့် လုပ်ငန်းများကို သွားမိလုပ်မိသောကြောင့် မိမိကိုယ်တိုင်က မရောက်လို မဖြစ်လိုသည်တို့ကို ရောက်မှု ဖြစ်မှုများ ကြုံတွေ့ရကာ သတိမမူ ဂူမမြင် ဖြစ်ရသူများလည်း ရှိတတ်ပေသည်။

(ဂ) မိမိကိုယ်တိုင် ပညာမျက်စိ အသိအမြင် မရှိသောကြောင့်စမ်းတဝါးဝါးဖြင့် အမှားကို င် အမှန်ထင်လျက် အမှန်ကတခြား အသိကတခြား အဟုတ်ကတခြား အလုပ်ကတခြား ဖြစ်နေသူများလည်းရှိတတ်ပေသည်။

ယင်းသို့ မြင်းစီးလို့မှ အထီးအမမှန်း မသိသူ၊ ယာဉ်စီးလို့မှ ခရီးစဉ်နှင့်ယာဉ်အကြောင်း မသိသူ၊ သတိမမူ ဂူမမြင်သူ၊ အမှန်တခြား အသိတခြားဖြစ်သူအမျိုးမျိုး အစားစား များစွာရှိနိုင်ရာတွင် ယင်းများစွာထဲမှ ကျွန်တော်တို့

အတွက် တန်ဖိုးရှိ၍အကျိုးကြီးမားလှသည့်အချက်တခုတည်းကိုသာ ဤနိဒါန်းမှာ တင်ပြဆွေးနွေးလိုပါသည်၊ တန်ဖိုးရှိ၍ အကျိုးများသည့်အချက် ဟူသည်မှာ—

ကျွန်တော်တို့သည် ဗုဒ္ဓဘာသာဝင်များ ဖြစ်ပါလျက် အမှန်တကယ် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကို သိရှိကြပါ၏လော။

ဟူသော တခုတည်းသော အချက်ပင်ဖြစ်သည်။

ဤတခုတည်းသော အချက်သည်ပင်လျှင် ယခုစာရှုသူတို့လက်ဝယ် ရောက်ရှိနေသော "ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း" ကျမ်းနှင့် ရာခိုင်နှုန်းအပြည့် သက်ဆိုင်နေသောကြောင့် အနည်းငယ်မျှ ရှင်းလင်းရေးသား ဖော်ပြလိုပါသည်။

ဗုဒ္ဓဘာသာဝင်တယောက်သည် ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သည့် အလုပ်ကျင့်စဉ်များကို လိုက်နာပြုလုပ်နေပါလျက် "ငါသည် ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သည့် အလုပ်ကို လုပ်မိနေပါပကော" ဟု မသိလျှင် မြင်းစီးလို့မှ အထီးအမမှန်း မသိသူကဲ့သို့လည်းကောင်း၊ ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိသူကဲ့သို့လည်းကောင်း ဖြစ်နေပေလိမ့်မည်။

ဗုဒ္ဓဘာသာဝင်တယောက်သည် သတိပညာကင်းမဲ့စွာဖြင့် ဗုဒ္ဓအလိုတော်ကျ မဟုတ်သည့် အလုပ်ကျင့်စဉ်များကို လုပ်ကိုင်ကျင့်ကြံနေမည် ဆိုပါလျှင်လည်း ဗုဒ္ဓဝါဒီတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ မရောက်နိုင်ပဲ ချွတ်ချော်လွဲမှားမတော် မလျော်သည့် ခရီးစခန်းများသို့ ဆိုက်ရောက်သွားကာ သတိမမူ ဂူမမြင်သူကဲ့သို့ ဖြစ်နေပေလိမ့်မည်။

ဗုဒ္ဓဘာသာဝင်တယောက်သည် ပညာမရှိ အသိတရားမရှိငြားပဲ ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သည့် လုပ်ငန်းခွင် ကျင့်စဉ်များကို "ဒါမှ ဗုဒ္ဓအလိုတော်ကျ ကျင့်စဉ်များပေ့" ဟု ဟာစ်အောင်ကြွေးကြော်၍ လုပ်ကိုင်ကျင့်ကြံ နေပါလျှင်လည်း အရုဏ်ကို မသိမမြင်ဖူးပဲ ကြက်တူရွေး နှုတ်သီးဟု အထင်အမြင် လွဲမှားပြီး "အရုဏ်တက်ပြီပေ့" ဟု အော်ရမည်ကို "ကောက်ကောက် ချွန်ချွန် တက်ပြီပေ့" ဟု အော်ဟစ်သူကဲ့သို့ အမှန်တခြား အသံတခြား အဟုတ်တခြား အလုပ်တခြား ဖြစ်နေပေလိမ့်မည်။

ယင်းသို့ ဗုဒ္ဓဘာသာဝင်များသည် မြင်းစီးလို့မှ အထီးအမမှန်း မသိသူကဲ့သို့၊ သတိမမူ ဂူမမြင်သူကဲ့သို့၊ အမှန်တခြား အသံတခြား အော်ဟစ်မိသူကဲ့သို့ ဖြစ်နေမည် ဆိုပါလျှင်လည်း များစွာ ရယ်ဖွယ်ကောင်းနေပေလိမ့်မည်၊ များစွာ အံ့ဩဖွယ် ကောင်းနေပေလိမ့်မည်၊ များစွာ ဝမ်းနည်းဖွယ် ကောင်းနေပေလိမ့်မည်။

ယင်းသို့သော အကြောင်းကြောင်းများကြောင့် ဗုဒ္ဓဘာသာဝင်များအား ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို သိရှိပြီး ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများအတိုင်း ကျင့်သုံးနေထိုင်နိုင်ကြစေရန် ရည်ရွယ်ချက်ဖြင့် ဤ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကျမ်းကို ရေးသားပြုစုခြင်းဖြစ်ပေသည်။

ကျမ်းပြုပုဂ္ဂိုလ်။ ။ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကျမ်းကို ပြုစုရေးသားသည့် ပုဂ္ဂိုလ်မှာ မြောင်းမြို့ ပဉ္စောတာရုံတိုက်သစ် ဆရာတော် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဘွဲ့ရ အရှင်ကုမာရ ဖြစ်တော်မူသည်။

နိဒါန်းရေးသူသည် ဤ ကျမ်းပြုဆရာတော်နှင့် တခါမျှမတွေ့ဆုံ မဖူးမြော်ဖူးပါ၊ သို့သော် ဆရာတော်အရှင်ကုမာရ ပြုစုတော်မူသည့် ယမကပန်းကုံး၊ အလင်္ကာပန်းကုံးစသော စာသင်သားသုံး ကျမ်းများကိုမူ စာသင်သားများထံမှ ကောင်းမွန်ကြောင်း ကျော်စောသံ ကြားဖူးပါ၏၊ စာအုပ်ကိုမဖတ်ဖူးပါ။

ရွှေကျင်နိကာယ သာသနာပိုင် မြောင်းမြဆရာတော်ကြီးမှာမူ ထင်ရှားသော လေးစားထိုက်သည့် ဆရာတော်ကြီးတပါး ဖြစ်သောကြောင့် ဆရာတော်ကြီး၏ ဖြစ်တော်စဉ် ထေရုပ္ပတ္တိ ကျမ်းကြီးကို စိတ်ဝင်စားစွာ လေ့လာဖတ်ရှုကြည့်ရာ မှတ်သားကျင့်ကြံဖွယ် ဗဟုသုတ အပြည့်အဝဖြင့် စေ့စပ်သေချာစွာ စာမျက်နှာ ၆၀၀-ကျော်မျှ ရေးသားထားသည်ကို တွေ့ရှိရသည်၊ ကျမ်းပြုပုဂ္ဂိုလ်ကို ကြည့်သောအခါ တပည့်ကြီးများ ပြုစုသည်ဟုသာ ရေးသားထား၏၊ မည်သူပြုစုသည်ဟု ရေးမထားပေ၊ နီးစပ်သူများအား စုံစမ်းကြည့်သော် ဆရာတော်ကြီးတပည့် ပဉ္စောတာရုံ ဦးကုမာရ ပြုစုရေးသားသည်ဟု သာမန်သာ ပြောဆိုကြသည်၊ တိတိကျကျ မသိရချေ။

လောကဥ္စ မထင်မရှား ဝိုးတဝါးအာရုံကို ပိုမို၍မြင်ချင်ကြားချင် သိချင်လေ့ရှိသည်မှာ ဓမ္မတာ တခုဖြစ်သည်။ ဤနိဒါန်းရေးသူသည် ဝိသုဒ္ဓါရုံ မြောင်းမြရွှေကျင်သာသနာပိုင် ဆရာတော်ကြီး၏ထေရုပ္ပတ္တိ ရေးသူဟု မသေမချာ သာမန်ဝိုးတဝါး သိနေရသေးသည့် အရှင်ကုမာရ ဆရာတော်ကို အထူးဂရုစိုက်၍ လေ့လာမိ၏။

ယင်းသို့ လေ့လာနေစဉ် အချိန်မှာပင် မြောင်းမြဆရာတော်ကြီး၏တပည့် ဒါယကာရင်း ဖြစ်သော ဦးထိုန်ဝင်းယူလာသည့် ပဋ္ဌာတာရုံ အရှင်ကုမာရ ပြုစုသည်ဆိုသော ဤဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း ကျမ်းစာမူကို ရရှိသောအခါ "ကဲ-ဒီတခါတော့ သေသေချာချာ သိရတော့မှာပေါ့ဗျာ" ဟု စာမူကို စိတ်ပါဝင်စား အားကြိုးမာန်တက် လေ့လာဖတ်ရှုပါတော့သည်။

ပုဂ္ဂိုလ်အကဲခတ်နည်း။ ။မြတ်ဗုဒ္ဓ ရှင်တော်ဘုရားသည် အင်္ဂုတ္တရ ပါဠိတော် ဌာနသုတ်၌—

၁။ ပုဂ္ဂိုလ် တဦးတယောက် အကျင့်သီလ ကောင်းသည် မကောင်းသည်ကို ယင်း ပုဂ္ဂိုလ်နှင့် ပေါင်းသင်းကြည့်မှ သိနိုင်သည်။

၂။ ယင်းသို့ ပေါင်းသင်းရာ၌လည်း အချိန်ကြာမြင့်စွာ ပေါင်းသင်းမှသာ သိနိုင်သည်၊ ခဏတာမျှ ပေါင်းသင်းခြင်းဖြင့် မသိနိုင်။

၃။ ယင်းသို့ ကြာမြင့်စွာ ပေါင်းသင်းရာ၌လည်း သတိထား နှလုံးသွင်း၍ ပေါင်းမှသာ သိနိုင်သည်၊ သတိမထား နှလုံးမသွင်းပဲ ပေါင်း၍ မသိနိုင်။

၄။ ယင်းသို့ သတိထား နှလုံးသွင်းပေါင်းရာ၌လည်း မိမိက သိနိုင်လောက်သော ပညာအခြေခံရှိမှ သိနိုင်သည်၊ သိနိုင်လောက်သော ပညာအခြေခံ မရှိလျှင် မသိနိုင်—

ဟူ၍ ပုဂ္ဂိုလ်တယောက်၏ အကျင့်သီလ ကောင်း မကောင်း သိရှိ ဆုံးဖြတ်နိုင်သော နည်းကို အဆင့်ဆင့် ဟောကြားထားပါသည်။

ကျမ်းစာ အကဲခတ်နည်း။ ။ဤသို့ မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ဟောကြားတော်မူသည့် နည်းကို မှီငြမ်းပြု၍ ကျမ်းစာ တစောင် တဖွဲ့သည် ပြုစုသူ၏ ရည်ရွယ်ချက်အတိုင်း အောင်မြင်စွာ ဖော်ပြနိုင်သည်၊ မဖော်ပြနိုင်သည်ကို ဆုံးဖြတ်နိုင်သည့် နည်းကို သိရှိနိုင်သည်၊ ယင်းနည်းမှာ—

၁။ ကျမ်းစာတဆူသည် ရည်မှန်းချက်အတိုင်း အောင်မြင်စွာ ဖော်ပြနိုင်သည်၊ မဖော်ပြနိုင်သည်ကို ယင်းကျမ်းကို လေ့လာ ဖတ်ရှုကြည့်မှသာ ဆုံးဖြတ်နိုင်သည်။

၂။ ယင်းသို့ လေ့လာဖတ်ရှုရာ၌လည်း အချိန်ကြာမြင့်စွာ ဖတ်ရှု လေ့လာကြည့်မှသာ ဆုံးဖြတ်နိုင်သည်၊ ခဏတာမျှ လေ့လာ ဖတ်ရှုကြည့်၍ မဆုံးဖြတ်နိုင်။

၃။ ယင်းသို့ ကြာမြင့်စွာ ဖတ်ရှုရာ၌လည်း သတိထား နှလုံးသွင်း လေ့လာဖတ်ရှုမှသာ ဆုံးဖြတ်နိုင်သည်၊ သတိမထား နှလုံးမသွင်းပဲ ဖတ်ရှုလေ့လာ၍ မဆုံးဖြတ်နိုင်။

၄။ ယင်းသို့ သတိထား နှလုံးသွင်း ဖတ်ရှုလေ့လာရာ၌လည်း မိမိက ဆုံးဖြတ်နိုင်လောက်သော ပညာအခြေခံရှိမှသာ ဆုံးဖြတ်နိုင်သည်၊ ဆုံးဖြတ်နိုင်လောက်သော ပညာအခြေခံ မရှိပဲ မဆုံးဖြတ်နိုင်—

ဟူသော အချက် ၄-ချက်ပါဝင်သော နည်းပင် ဖြစ်ပါသည်။

ဤကျမ်းကို အကဲခတ်နည်း။ ။ဤနည်းအရ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကျမ်းသည် အမှန်တကယ်ပင် ဗုဒ္ဓရှင်တော်ဘုရား၏ အလိုဆန္ဒတော်အတိုင်းကျအောင် ကျင့်သုံး နေထိုင်နည်းကို ပြဆိုနိုင်ပါ၏လော၊ မပြဆိုနိုင်ဖူးလော-ဟူသည်ကို စာရှုသူများ ဤကျမ်းကို ယခုမှ နဖူးတွေ့ ဒူးတွေ့ ဘွားကနဲတွေ့ရသည်ဖြစ်ပေရာ ဆုံးဖြတ်ရန်မလွယ်မကူပဲ ဖြစ်နေနိုင်ပေသည်။ ဤနိဒါန်းရေးသူသည်ကား ဤကျမ်းကို စာလုံးမစီသေးမီ စာမူဘဝမှာတုန်းကရော၊ စာစီရိုက်နှိပ်ပြီး စာအုပ် မချုပ်သေးမီ စာဖောင်ဘဝမှာတုန်းကပော ဖတ်ရှုလေ့လာခွင့်ရခဲ့ပါသည်။ အချိန်ရရ ဖတ်ရှုလေ့လာခွင့်

ရခဲ့ပါသည်၊ သတိထား၍ နှလုံးသွင်း၍ ဖတ်ရှုလေ့လာခွင့် ရခဲ့ပါသည်။ တတ်သမျှ အခြေခံပညာမျှဖြင့်လည်း ဆင်ခြင်သုံးသပ်ခွင့် ရခဲ့ပါသည်။ ယင်းသို့ ဖတ်ရှုလေ့လာ သုံးသပ်ခွင့်ရသောကြောင့်—

> ဤ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကျမ်း၌ ရေးသားချက်တို့သည်ကား ကျမ်းပြုဆရာတော် ရည်မှန်းချက်အတိုင်း အမှန်ပင် ဗုဒ္ဓအလိုတော်အတိုင်း ကျစေနိုင်မည့် ကျင့်သုံး နေထိုင်နည်းများကို ဖော်ပြနိုင်ပါပေသည်။

ဟူ၍ ဆုံးဖြတ်ချက်ချနိုင်ခဲ့ပါသည်။

ယင်းသို့ နိဒါန်းရေးသူက ဆုံးဖြတ်ချက်ချမှတ်ခြင်းသည် ဟုတ်ချင်မှဟုတ်မည် မှန်ချင်မှ မှန်မည်ဟု စာရှုသူတို့ သံသယဖြစ်နိုင်ဖွယ်ရှိပါသည်။ သို့သော် လောကမျက်မြင် လက်တွေ့အားဖြင့် ပင်လယ်ရေငန်ပါသည်ဟု ပြော၍ မယုံသူအား ပင်လယ်ရေဟတ်လောက် လျက်ကြည့်စေရုံမျှဖြင့် ပင်လယ်ကြီးတခုလုံးရှိ ရေများ ငန်သည်ကို သိရှိလက်ခံယုံကြည်ခြင်း ဖြစ်စေနိုင်သကဲ့သို့ ဤကျမ်းလာ အချက်အလက်အချို့ကို တင်ပြသက်သေထူကာ စာရှုသူများအားတင်ပြဆွေးနွေးလိုပါသည်။ ဤနိဒါန်းမှ တင်ပြချက်များကို သုံးသပ်မြည်းစမ်းပြီး ဆုံးဖြတ်ကြစေလိုပါသည်။

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများ

ဤကျမ်း၌ ရေးသားဖော်ပြထားသည့် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများစွာထဲမှ စာရှုသူတို့အား စာမြည်းအဖြစ် အကဲခတ်သိရှိစေရန်အချို့ကို ဤနိဒါန်း၌ တင်ပြရာ၌—

(က) လောက ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(ခ) ဓမ္မရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(ဂ) သံဃရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(ဃ) ဝိနယရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊
(င) သာသနာရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း-

ဟူ၍ ၅-မျိုးမျှကိုသာ အဓိကထား၍ တင်ပြမည်ဖြစ်ပါသည်။ ဤ ၅-မျိုး အပြင် အခြားသော ဗုဒ္ဓအလိုကျ ကျင့်သုံး နေထိုင်နည်းများကို ဤကျမ်း၌ ရေးသား ဖော်ပြထားချက်များ ကျန်ရှိသေးသော်လည်း ဤ ၅-ချက်မျှကို ပြဆိုလျှင်ပင် ဤကျမ်း၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံး နေထိုင်နည်းများကို ပြဆိုထားနိုင်ကြောင်း စာရှုသူများ လေ့လာ၍ အကဲခတ်သိနိုင်လောက်ပြီဖြစ် သောကြောင့် ယင်း ၅-မျိုးကိုသာ ဖော်ပြပါအံ့-။

(က) လောကရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

သုမင်္ဂလနှင့်ဒုမင်္ဂလ။ ။လောကရေးရာ-ဟူသည်မှာ ဝိနယရေးရာ သာသနာ ရေးရာ စသည် မဟုတ်ပဲ လောကီသား လူ့ဝတ် ကြောင်းများဆိုင်ရာ ကိစ္စများကို ဆိုလိုပါသည်။ ယင်း လူ့ဝတ်ကြောင်းများ ကိစ္စများစွာရှိပါသည်။ ပုံစံအဖြစ်ဖော်ပြရလျှင် သုမင်္ဂလခေါ် မင်္ဂလာဆောင် စသောကိစ္စနှင့် ဒုမင်္ဂလခေါ် မသာအသုဘ ဆွမ်းသွတ်စသော ကိစ္စများ ဖြစ်သည်။

ယင်းသုမင်္ဂလ၊ ဒုမင်္ဂလဟူသော လူမှုရေးကိစ္စများကို လူ့ဝတ်ကြောင်းများ သည် မရှောင်သာ မလွှဲသာတွေ့ကြုံ ဆောင်ရွက်နေကြရပေသည်။ ယင်းသို့ ဆောင်ရွက်ရာ၌ မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားညွှန်ပြချက် ပါဠိတော်နှင့် အဋ္ဌကထာ ဋီကာတို့၌လာရှိသည့်အတိုင်း ဤကျမ်း၌ရေးသား ဖော်ပြထား ပေသည်။ ပုံစံအဖြစ် ဤကျမ်းမှထုတ်နုတ်၍-

၁။ လက်ထပ်မင်္ဂလာပြုနည်း၊
၂။ မင်္ဂလာအမျိုးမျိုးပြုနည်း၊
၃။ အိမ်တက်မင်္ဂလာပြုနည်း၊
၄။ ဒုမင်္ဂလကိစ္စများပြုနည်း၊
၅။ ကြီးပွားရေး စီးပွားရေးပြုနည်း၊-

ဟူ၍ ၅-မျိုးမျှတင်ပြပါအံ့။

၁။ လက်ထပ်မင်္ဂလာပြုနည်း။ ။လက်ထပ် မင်္ဂလာ ဟူသည်မှာ ကျားနှင့်မ လူသားတို့ လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ရန် အတိအလင်း ဆိုင်ရာလူသားများအား အသိပေးသည့်ပွဲဖြစ်သည်။

ယင်းလက်ထပ်မင်္ဂလာပွဲကို မြတ်ဗုဒ္ဓရှင်တော်ဘုရားက ကောင်းမြတ်သင့်လျော်သည့်ပွဲဟူ၍လည်း ချီးမွမ်းအားပေးခြင်း ပြုတော်မမူချေ။ လုပ်ဆောင်ကြ၊ ဆင်နွှဲကြဟူ၍လည်း တိုက်တွန်းတော်မမူချေ။ မလုပ်ဆောင်ကြနှင့်၊ မဆင်နွှဲကြနှင့်ဟူ၍လည်း တားမြစ်တော်မမူချေ။

သို့သော် မြတ်စွာဘုရားရှင်အား ကြည်ညိုလေးစားသူ ဗုဒ္ဓဘာသာဝင် ဥပါသကာကြီးများက လူ့လောကသဘာဝအလျောက် သားငယ်သမီးငယ်များ အိမ်ထောင်ပြု လက်ထပ် မင်္ဂလာဆောင်သောအခါ ဘုရားရှင်နှင့် ရဟန်းသံဃာတော်များကို ပင့်ဖိတ်ပြီး ဆွမ်းသက်နှံ စသောလှူဖွယ်များဖြင့် ဆက်ကပ်ပူဇော်ခြင်းကိုလည်း လက်ခံတော်မူသည်။ ကြွရောက် အလှူခံပြီး သတို့သားသတို့သမီး မင်္ဂလာမောင်မယ်များ စစ်ပြွန်တမလွန်အကျိုးနှစ်တန် တိုးပွားစေရန်လည်း ဆုံးမဩဝါဒစကား မိန့်ကြားတော်မူသည်။

အိမ်ထောင်ပြုသူ အမျိုးသား အမျိုးသမီးများ မှတ်သားကျင့်သုံးဖွယ်ရာ တရားများ၊ တဦးနှင့်တဦး ချစ်မြတ်နိုးသူ ဇနီးမောင်နှံများ ဤဘဝမှာလည်း မကွေမကွင်း ပေါင်းသင်းနေနိုင်၍ နောင်ဘဝ အဆက်ဆက်မှာလည်း အတူယှဉ်တွဲ အမြဲနေရမည့် နည်းလမ်းကျင့်စဉ်များကိုလည်း ဟောကြားတော်မူသည်။

ဤသို့သော အကြောင်းအရာ မှတ်တမ်းများသည် ပါဠိတော်အဋ္ဌကထာဋီကာစသော ဗုဒ္ဓစာပေကျမ်းဂန်တို့၌ အထင်အရှားရေးသား ဖော်ပြထားချက်များ ရှိသည်။ ယင်းသို့ မှတ်တမ်းရှိသည့်အတိုင်း နောင်လာ နောင်သား ဗုဒ္ဓဘာသာဝင်များ လိုက်နာ ကျင့်သုံး နေထိုင်နိုင်ကြစေရန် ဤ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကျမ်း၌ စာမျက်နှာ ၄၀၇-မှ စာမျက်နှာ ၄၄၂-အထိ ကျယ်ကျယ်ပြန့်ပြန့် ထိထိမိမိ ရေးသား ဖော်ပြထားသည်ကို လေ့လာဖတ်ရှုနိုင်ပေသည်။

၂။ **မင်္ဂလာအမျိုးမျိုးပြုနည်း။** ။လူသားတို့ လောက ဘဝတသက်တာ၌ လက်ထပ် မင်္ဂလာပြုပြီးနောက် ဆက်လက်၍ပြုလုပ်ရမည့် မင်္ဂလာများစွာရှိသည်။ ယင်းမင်္ဂလာတို့ကိုလည်း ကာလဒေသကုလ ဟူသော ခေတ်အချိန်အခါ, အရပ်ဒေသ, လူမျိုး ဇာတိအလျောက် ထုံးတမ်းစဉ်လာရှိသည့်အတိုင်း လုပ်ဆောင်ကြရသည်။

ယင်းသို့ဆောင်ရွက်ကြသည့် မင်္ဂလာများစွာထဲတွင် ဗုဒ္ဓစာပေကျမ်းဂန်တို့၌ တွေ့ရှိရသည့် မင်္ဂလာများမှာ—

ဂဗ္ဘပရိဟရဏမင်္ဂလာ=ဘဝဦးမင်္ဂလာ၊
ဝိဇာယန မင်္ဂလာ=မွေးနေ့မင်္ဂလာ၊
နာမကရဏမင်္ဂလာ=အမည်ပေးမင်္ဂလာ၊
အာဟာရ ပရိဘောဂ မင်္ဂလာ=ထမင်းခွံ့မင်္ဂလာ၊
ကဏ္ဏဝိဇ္ဈနမင်္ဂလာ=နားသမင်္ဂလာ၊
ဒုဿာဟတမင်္ဂလာ=အဝတ်ဝတ်မင်္ဂလာ၊
စူဠာကပ္ပနမင်္ဂလာ=ဥသျှောင်ထုံးမင်္ဂလာ၊
ပဗ္ဗဇ္ဇမင်္ဂလာ=ရှင်ပြုမင်္ဂလာ

ဟူ၍ ၈-မျိုးတွေ့ရှိရပေသည်။

ယင်းမင်္ဂလာတို့တွင်—

ဂဗ္ဘပရိဟရဏမင်္ဂလာ—ဟူသည်မှာ ကိုယ်ဝန်စတည်သည်ဟု သိသည့်အခါ မှစ၍ သူငယ်အတွက်ရည်ရွယ်၍ ရဟန်းသံဃာတို့အား ဆွမ်းစသော ပစ္စည်း လေးပါးလှူခြင်း၊ သရဏဂုံ သီလဆောက်တည်ခြင်း၊ တရားနာခြင်း စသည်ကို ပြုခြင်းဖြင့် မင်္ဂလာယူခြင်းဖြစ်သည်။ လူလောကသို့ ရောက်လာသည့် သူငယ် အတွက် ဘဝဦးမင်္ဂလာဟု ဆိုသင့်သည်။

ဝိဇာယနမင်္ဂလာ—ဟူသည်မှာ အမိဝမ်းမှ ကျွတ်လွတ်၍ မွေးဖွားပြီးစ သူငယ်အတွက်ပြုသော မင်္ဂလာဖြစ်သည်။ မွေးနေ့မင်္ဂလာဟုဆိုသင့်သည်။

နာမကရဏမင်္ဂလာ—ဟူသည်မှာ မွေးဖွားပြီးနောက် ကလေးသူငယ်အား အမည်ပေးသော မင်္ဂလာဖြစ်သည်။

အာဟာရပရိဘောဂ မင်္ဂလာ—ဟူသည်မှာ မွေးဖွားပြီးစသူငယ်အား အစာ စတင်ကျွေးသည့် မင်္ဂလာဖြစ်သည်၊ ထမင်းခွံ့မင်္ဂလာဖြစ်သည်၊ အစာခွံ့မင်္ဂလာ ဟူ၍လည်း ဆိုသင့်သည်။

ကဏ္ဏဝိဇ္ဈနမင်္ဂလာ—ဟူသည်မှာ ကလေးငယ်အား နားဖောက်ပေးသည့် **နားထွင်း** မင်္ဂလာဖြစ်သည်၊ နားသမင်္ဂလာဟူလည်း ဆိုသင့်သည်။

ဒုဿပရိဟရဏမင်္ဂလာ— ဟူသည်မှာ အဝတ် စတင်ဝတ်ဆင်ပေးသော မင်္ဂလာဖြစ်သည်၊ ပုဆိုးဝတ်မင်္ဂလာ ဟုဆိုသည့် အင်္ကျီဝတ်မင်္ဂလာ ဟူ၍လည်း အမိပ္ပာယ်ရသည်။

စူဠာကမ္ပနမင်္ဂလာ—ဟူသည်မှာ ဆံပင်ကို စတင်ဖွဲ့စည်းသော မင်္ဂလာဖြစ်သည်၊ သျှောင်ထုံးမင်္ဂလာဟုဆိုသည်၊ ဆံသမင်္ဂလာဟုလည်းဆိုသင့်သည်။

ပဗ္ဗဇ္ဇမင်္ဂလာ-ဟူသည်မှာ သူငယ်အား သာသနာတွင်း သွတ်သွင်း၍ ရှင်ပြုပေးသော မင်္ဂလာဖြစ်သည်။

ယင်းသို့ မင်္ဂလာအမျိုးမျိုးကို ဗုဒ္ဓစာပေ၌ရှိသည့်အတိုင်း ဤကျမ်း၌ပြုလုပ်ရသောအချိန်အခါ ပြုလုပ်ပုံနည်းနှင့်တကွ အကျယ်ရေးသား ဖော်ပြထားပေသည်၊ ဤကျမ်းစာမျက်နှာ ၂၃၃-မှစ၍ ၂၇၃-အထိ ရေးသား ဖော်ပြထားသည်ကို လေ့လာဖတ်ရှုနိုင်သည်။

ယင်းသို့ မင်္ဂလာအမျိုးမျိုးကို ဆောင်ရွက်နိုင်ရန်ရေးပြီးလျှင် ဒေသအရပ်အလျောက် လူမျိုးဓလေ့ထုံးစံအလျောက် ဤ၌မဖော်ပြပဲ ကြွင်းကျန်သေးသည့် မင်္ဂလာများရှိလျှင်လည်း ဤတွင်ဖော်ပြခဲ့သော မင်္ဂလာများနည်းကိုမှီး၍ မြတ်စွာဘုရား အလိုတော်ကျဖြစ်စေရန် ကျင့်သုံးကြပါဟု တိုက်တွန်းစကားရေးသားထားပေသည်။

၃။ အိမ်တက်မင်္ဂလာပြုနည်း။ ။အိမ်တက်မင်္ဂလာဟု ဆိုသော်လည်း နေစရာ အသုံးပြုစရာ အဆောက်အအုံ တခုခု လုပ်ဆောင်ပြီးခါစ၌ ရှေးဦးစွာ မင်္ဂလာဖြစ်စေရန် ရည်ရွယ်၍ ပြုလုပ်သည့် မင်္ဂလာအားလုံးကို ယူရသည်။

ယင်းသို့ အိမ်တက်မင်္ဂလာ ပြုလုပ်ကြရာ၌ အိမ်သစ် အဆောက်အဦသစ် ဆောက်လုပ်ပြီးမှ မဟုတ်ပဲ မဆောက်လုပ်မီ နေရာ သတ်မှတ်စဉ်ကလည်း ပရိတ်တရားနာခြင်း အလှူဒါနပြုခြင်း နတ်များကို အမျှဝေခြင်းကိုလည်း ကောင်း ပြုလုပ်သင့်ကြောင်းကို ပါဠိလိဂါမိယသုတ်ကို အကျယ်တဝင့် ရေးသား ကိုးကားပြဆိုထားပေသည်။

ဤကျမ်းစာမျက်နှာ ၄၄၉-မှ စ၍ စာမျက်နှာ ၄၇၁-အထိ အကျယ် ဖော်ပြထားပေသည်။

၄။ ဒုမင်္ဂလ ကိစ္စများပြုနည်း။ ။ဒုမင်္ဂလဟူသည်မှာ ဒု-မဟုတ်သော+မင်္ဂလာ မင်္ဂလာများဟု အနက်ရသည်။ မင်္ဂလာမဟုတ်သော လူသေခြင်း ရက်လည်သပိတ်သွတ်ခြင်း စသည့်ကိစ္စများ ဖြစ်သည်။

လူသေရာ၌ သက်ဆိုင်သူများစွာသည် ဝမ်းနည်းကြေကွဲ ငိုပွဲဆင်ကြသည်။ သက်ရှိလောက၌ အိုခြင်း နာခြင်း သေခြင်း ဟူသော တားဆီးကာကွယ်၍ မရသည့် ဘေးအန္တရာယ်ကြီး ၃-မျိုး ရှိရာတွင် အကြီးမားဆုံးသော ဘေးအန္တရာယ်ကြီး ဖြစ်သည်ဟု ယူဆကြသည်။ ယင်းသေခြင်းဘေး အန္တရာယ်ကြီးနှင့် မိမိကိုယ်တိုင်သော်၎င်းလည်းကောင်း မိမိနှင့်ချစ်ခင်နှီးရင်း အပေါင်းအသင်းများ၌သော်လည်းကောင်း ကျရောက် ဖြစ်ပေါ်လာသည်ရှိသော် သက်သာမှုရစေရန် အကျိုးအမြတ်ရစေရန် ဆောင်ရွက် ကျင့်သုံးရမည့် တရားကျင့်စဉ်များနှင့် မလုပ်သင့်သည့်အလုပ်များ နောက်မှ လုပ်သင့်သည့်အလုပ်များကို ဤကျမ်းစာမျက်နှာ ၄၇၂-မှစ၍ စာမျက်နှာ ၄၇၈-အထိ ရေးသား ဖော်ပြထားပါသည်။

လူတယောက် သေဆုံးသွားသောအခါ၌ ထိုသေသူအတွက် ရှေးဘုရား မပွင့်မီ ခေတ်များမှပင် ဗြာဟ္မဏာ ဒါန ပေးလှူသည့်ဓလေ့ရှိခဲ့သည်။ မြတ်စွာဘုရား ပွင့်တော်မူလာသောအခါ ဘဝတခုသို့ ပြောင်းသွားသူအတွက် လှူဒါန်း ပေးကမ်းပြီး အမျှပေးဝေရာ၌—

မည်သည့်ဂုဏ်အင်္ဂါနှင့် ပြည့်စုံသူကို လှူဒါန်းအမျှဝေမှ သေသွားသူ အကျိုးရရှိ ခံစားနိုင်သည်။
မည်သည့်ဘဝသို့ ရောက်နေသူသာ အကျိုးရရှိ ခံစားနိုင်သည်၊
မည်သို့ ကုသိုလ်ကောင်းမှု အလှူဒါန ပြုရမည်၊
မည်သို့ ရည်ရွယ်ပြောဆို ဈေျာက်ထား၍လှူရမည်—

တို့ကို မြတ်စွာဘုရားရှင် ဝေဖန်ဟောကြားတော်မူသည်။

ယင်းသို့ မြတ်ဗုဒ္ဓရှင်တော်ဘုရား ဟောကြားချက်များကို ထင်ရှားအောင် ရေးသားဖော်ပြထားသည်ကို ဤကျမ်းစာမျက်နှာ ၄၇၈-မှ ၄၉၉-အထိ၌ ဖတ်ရှု လေ့လာနိုင်ပေသည်။

၅။ **ကြီးပွားရေး စီးပွားရေးပြုနည်း။** ။လောကဥ္ဓ လူသားတို့မှာ သုမင်္ဂလ ဒုမင်္ဂလ ကိစ္စများကို ဆောင်ရွက်ခြင်းသာလျှင် အရေးကြီးသည့် ကိစ္စမဟုတ်ပါ၊ ယင်းကိစ္စများကို ဆောင်ရွက်နိုင်ရန် စီးပွားချမ်းသာ ပြည့်စုံရမည့်ကိစ္စသည်လည်း အရေးကြီးသည့်ကိစ္စတခု ဖြစ်ပါသည်။ စီးပွားချမ်းသာမရှိသူ လူဝတ်ကြောင် တယောက်အတွက် ဖော်ပြခဲ့သည့် သုမင်္ဂလ ဒုမင်္ဂလ ကိစ္စများကို ဆောင်ရွက်ရန်မှာ အလွန်ပင် ခဲယဉ်း ဆင်းရဲလှပေသည်။ စီးပွားချမ်းသာမရှိပဲ ဆင်းရဲ မွဲတေသူများ၏ ဒုက္ခကား အလွန်ကြီးမားလှချေသည်။ ထို့ကြောင့် မြန်မာပညာရှိ စတုရင်္ဂဗလ အမတ်ကြီးက—

> သားသမီးမရှိသော အိမ်သည် ဆိတ်သုဉ်း၏၊ မင်းမဲ့တိုင်းပြည်သည် ဆိတ်သုဉ်း၏၊ အတတ်ပညာမဲ့သူ၏ ပါးစပ်သည် ဆိပ်သုဉ်း၏၊ ဆင်းရဲ မွဲတေသူ၏ အဖြစ်သည် အားလုံး သိက်သုဉ်း၏—

ဟူ၍ လောကနီတိကျမ်း၌ ရေးသားထားပေသည်။

ယင်းသို့ ကြီးပွားရေး စီးပွားရေးသည် လူ့လောကဥ္ဓ အလွန်လိုအပ်ရကား ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အလိုတော်ကျ ကြီးပွားရေး စီးပွားရေး လမ်းညွှန် နည်းနယများကို ဤကျမ်းစာမျက်နှာ ၄၄၂-မှစ၍ စာမျက်နှာ ၄၄၈-အထိ ရေးသားဖော်ပြထားပေသည်။

ဤသို့ စသည်ဖြင့် လောကရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင် နည်းများကို ဤကျမ်း၌ များစွာ ဖတ်ရှုလေ့လာနိုင်ပေသည်။

(က) ဓမ္မရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

ဓမ္မရေးရာ။ ။ဓမ္မရေးရာဆိုသည်မှာ လူသားများ ကျင့်သုံးရမည့် တရားဓမ္မ ရေးရာဟု ဆိုလိုပါသည်။ ယင်း ကျင့်သုံးရမည့် ဓမ္မများမှာ များစွာပင် ရှိနိုင်သော်လည်း ယခုအခါ အလွန်သိရှိရန်လိုအပ်သည့်—

၁။ နမော တသဖြင့် ဘုရားရှိခိုးခြင်း၊
၂။ သရဏဂုံ ဆောက်တည်ခြင်း၊
၃။ သီလ ဆောက်တည်ခြင်း၊

၄။ ပရိတ်နာခြင်း၊
၅။ ရေစက်ချခြင်း—

စသည့် ကျင့်သုံးလိုက်နာရမည့် တရားသဘော ဓမ္မရေးရာများကို ဗုဒ္ဓစာပေလာရှိသည့်အတိုင်း ရေးသားဖော်ပြထားပေသည်။ အကျဉ်းမျှ ပုံစံထုတ်ပြပါအံ့။

၁။ နမောတဿဖြင့် ဘုရားရှိခိုးခြင်း။ ။ဗုဒ္ဓဝါဒ ဗုဒ္ဓတရားစာအုပ်တိုင်းမှာ လိုလိုပင် နမော တဿဖြင့် စ၍ ရေးသားလေ့ရှိသည်။ ထို့ကြောင့် ''စာအစ နမောက'' ဟူ၍ မြန်မာစကား ဆိုရိုးရှိသည်။ ဗုဒ္ဓဘာသာဝင်များစွာပင် ကလေးဘဝမှစ၍ နမော တဿကို နှုတ်တက်ရွရွ ရရှိကြသည်။ သို့သော် နမော တဿ၏ အနက်အဓိပ္ပာယ်နှင့် ဘုရားရှိခိုးဖြစ်ခြင်း ဟူသည်ကို သိရှိသူကား နည်းပါးကြမည် ထင်သည်။ နမော တဿဖြင့် မည်သည့် ပုဂ္ဂိုလ်များ စတင် ရွတ်ဆို၍ မည်သို့သော အကြောင်းအရာဖြင့် မြတ်စွာဘုရားကို ရှိခိုးခြင်း စသော နမော တဿ သမိုင်းကြောင်းကိုကား သိသူ ပို၍ နည်းပေလိမ့်မည်။

သို့ဖြစ်သောကြောင့် ဤကျမ်း၌ နမော တဿ-ဟူသည် ၅-ပါဒရှိသည့် ဥဒါန်းဂါထာဖြစ်သည်၊ယင်း နမော တဿဂါထာဖြင့် ဥဒါန်းကျူး၍ ဘုရားရှိခိုးသူ ၆-ဦး၏ အတ္တုပ္ပတ် အပြည့်အစုံနှင့် နမော တဿ ဂါထာ၏ မြန်မာပြန် အနက်အဓိပ္ပာယ် အပြည့်အစုံကို ရေးသားဖော်ပြသည်။

နမော တဿ ၅-ပိုဒ်ဖြင့် နတ်ကြီး ၅-ပါး ရှိခိုးသည်ဟူသော ရှေးဆရာယူအဆ မဟုတ်ကြောင်းကိုလည်း ဖော်ပြထားသည်။

နမော တဿ သမိုင်းအပြည့်အစုံကို ဗုဒ္ဓဘာသာဝင်တိုင်း ဖတ်ရှုနားလည်စေရန် ဤကျမ်းစာမျက်နှာ ၂၇၅-မှစ၍ စာမျက်နှာ ၂၉၅-အထိ ကျယ်ကျယ် ပြန့်ပြန့် ရေးသား ဖော်ပြထားပါသည်။

၂။ သရဏဂုံ ဆောက်တည်ခြင်း။ ။သရဏဂုံသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အလွန် အရေးကြီးသည်။ ရှေးအစဉ်အလာအားဖြင့် ဗုဒ္ဓဘာသာဝင်အဖြစ်ကို ခံယူသူတိုင်း သရဏဂုံကို ဆောက်တည်ကြသည်ကို သိရှိရသည်၊ ဖခင် ဗိမ္ဗိသာရမင်းကြီးကို ကိုယ်တိုင်

သတ်၍ ဒေဝဒတ်အား မြတ်စွာဘုရားသတ်ရန် အားပေးသူ အဇာတသတ် မင်းသည် မြတ်စွာဘုရား၏ သာမညဖလ သုတ္တန်တရားတော်ကို နာယူရပြီး သောအခါ သရဏဂုံ ဆောက်တည်၍ ဗုဒ္ဓဘာသာအဖြစ်ကို ခံယူရသည်။ ဗုဒ္ဓစာပေ၌ ယင်းသို့သော သာဓကများစွာ ရှိသည်။

သရဏဂုံပျက်လျှင် ဗုဒ္ဓဘာသာဝင်အဖြစ်မှလည်း လွတ်ထွက်သွားပြီ ဖြစ် သည်။ ကိုရင်သာမဏေများမှာ သရဏဂုံမပါလျှင် ကိုရင်သာမဏေ မဖြစ်နိုင်၊ ရှင်ပြုသော်လည်း ရှင်ပြုပေးရာ မရောက်ချေ။

ယင်းသို့သော အကြောင်းများကြောင့် သရဏဂုံသည် ဗုဒ္ဓဘာသာဝင်တို့ အတွက် အလွန် အရေးကြီးလှချေသည်။ သရဏဂုံဆိုသည်မှာ ဘယ်လို ဆောက်တည်ရသည်၊ သရဏဂုံ၏ အနက်အဓိပ္ပာယ် မည်သို့ဖြစ်သည်၊ သရဏဂုံ အမျိုးအစား မည်မျှရှိသည်၊ သရဏဂုံကို မည်သို့ဆောက်တည်ရသည်၊ သရဏဂုံ ၏ အကျိုးဟူရာ သရဏဂုံတည်သူများပတ္တုစသည်ဖြင့် သရဏဂုံဆိုင်ရာ သိမှတ်ဖွယ်များကို ဤကျမ်းစာမျက်နှာ ၃၀၄-မှစ၍ စာမျက်နှာ ၃၅၈အထိ ရေး သားဖော်ပြထားသည်။

၃။ **သီလဆောက်တည်ခြင်း။** ။ထီးနှင့် ဖိနပ်မပါလျှင် နွေအခါမှ သိလိမ့် မည်။ ဒါနနှင့် သီလမပါလျှင် သေခါမှ သိလိမ့်မည်-ဟု မြန်မာစကားပုံရှိသည်။ ထို့ကြောင့် ရှေးမြန်မာ ဗုဒ္ဓဘာသာ ပညာရှိကြီးများသည် သီလကို အလွန် အရေးပေး ကျင့်သုံးကြကြောင်း သိသာသည်။

ဗုဒ္ဓဘာသာစာပေကျမ်းဂန်တို့၌လည်း သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊ စိတ္တံ ပညဉ္စ ဘာဝယံ=သီလ၌တည်နေပြီးမှ သမာဓိနှင့် ပညာကို ပွားရမည်ဟု မိန့်ဆိုချက် ရှိပေသည်။ သာသနာ၌ သမထတရားနှင့် ဝိပဿနာတရားသည် အမြင့်မြတ်ဆုံး တရားနှစ်ပါး ဖြစ်သည်။ ယင်း အမြတ်ဆုံးတရား နှစ်ပါးကို ရလိုလျှင် သီလရှိပြီးမှ ကျင့်ကြံပွားများမှသာ ရနိုင်ကြောင်း မိန့်မှာခြင်းပင် ဖြစ်သည်။ ယင်းဖော်ပြချက်များအရ သီလသည် နောင်သံသရာရေးနှင့် လောကုတ္တရာရေးများအရ အရေးပါသည့် ပဓာနအလုပ်ကြီးတခုဖြစ်ကြောင်း သိနိုင်သည်။

မျက်မှောက်လောက ယခုဘဝ၌လည်း သီလသည် အလွန်အရေးပါသော ကျင့်စဉ်တခု ဖြစ်ပါသည်၊ ကျန်းမာရေး အသက်ရှည်ရေး စီးပွားရေး ပေါင်းသင်း ဆက်ဆံရေးများမှာလည်း သီလမရှိလျှင် မဖြစ်နိုင်ပါ၊ သီလရှိမှ သာ အောင်မြင်မှု ရရှိနိုင်ပါသည်။

ယင်းသို့ သီလသည် ဗုဒ္ဓဘာသာဝင်တို့အတွက် အရေးကြီးသောကြောင့် သီလဟူသည် အဘယ်တရားမျိုးနည်း၊ သီလကို ဘယ်လို ဆောက်တည်ရ သနည်း၊ စသည်ကို ပေါ်လွင်ထင်ရှားစေရန် ငါးပါးသီလ ရှစ်ပါးသီလ ကိုး ပါးသီလ ဆောက်တည်နည်းများကို ခွဲခြား၍ မြန်မာဘာသာဖြင့် ဤကျမ်း စာမျက်နှာ ၃၃၀-မှစ၍ စာမျက်နှာ ၃၃၃-အထိ အကျဉ်းချုပ်မျှ ရေးပြထား ပေသည်။

၄။ ပရိတ်နာခြင်း။ ။ပရိတ် ရွတ်ခြင်း ပရိတ် နာခြင်းသည် ဗုဒ္ဓဘာသာ မြန်မာတို့၏အတွက် ဟင်းချက်ရာ၌ ဆားပါရသကဲ့သို့ သာကိစ္စ နာကိစ္စ သုမင်္ဂလ ဒုမင်္ဂလကိစ္စတိုင်းမှာ ပြုလုပ်ဆောင်ရွက်ကြသည်။

ယင်းသို့ ပရိတ်ရွတ်ခြင်း ပရိတ်နာခြင်းနှင့် စပ်ဆိုင်သမျှကို ဗုဒ္ဓအလိုတော် အျ ပြုလုပ်ဆောင်ရွက်နိုင်ကြစေရန်—

ပရိတ်ဟောရန် လျှောက်ထား တောင်းပန်နည်း၊
ပရိတ်ရွတ်သူတို့၌ ရှိသင့်သည့် အင်္ဂါရပ်၊
ပရိတ်နာသူတို့၌ ရှိသင့်သည့် အင်္ဂါရပ်၊
ပရိတ်ရွတ်ရာ၌ ထားသင့်သည့် အခြံအရံ ပစ္စည်းများ၊
ပရိတ်တော် တန်ခိုး အကျိုးတရား—

စသည် စုံလင်စွာဖြင့် မှတ်သားဖွယ်ရာ ဤကျမ်းစာမျက်နှာ ၃၇၉-မှစ၍ စာ မျက်နှာ ၄၀၇-အထိ ရေးသားဖော်ပြ ထားပေသည်။

၅။ ရေစက်ချခြင်း။ ။ရေစက်ချခြင်းကို ရှေးအခါ မြတ်ဗုဒ္ဓရှင်တော်ဘုရား မပွင့်မီကစ၍ မြတ်ဗုဒ္ဓရှင်တော်ဘုရား လက်ထက် တော်နှင့် ယခုခေတ်တိုင်အောင် ဗုဒ္ဓဘာသာဝင်တို့ လုပ်ဆောင်နေကြသည့် အလုပ်ဖြစ်သည်။

ပေးလှူသူက ရေခွက်ဖြင့် အလှူခံသူ၏ လက်ပေါ်သို့ဖြစ်စေ၊ အခြားခွက် တခု အတွင်းသို့ ဖြစ်စေ ရေစက်မျ သွန်းလောင်းသောကြောင့် ရေစက်ချသည် ဟု ခေါ်သည်။ ပါဠိလို ဒက္ခိဏောဒက ခေါ်သည်။ အလှူရေဟု အဓိပ္ပာယ်ရ သည်။ ဒက္ခိဏောဒကံ ပါတေတွာ-ဟု ပါဠိဘာသာဖြင့်ဆိုလျှင် "အလှူရေစက် ချ၍" ဟု မြန်မာအဓိပ္ပာယ်ရသည်။

ယင်းရေစက်ချနည်းသည် ယခုမျက်မှောက်ခေတ်အထိ ကာလအတွင်း၌—

(က) အလှူရှင်ကိုယ်တိုင် ပြောဆိုလှူဒါန်း၍ ရေစက်ချခြင်း၊

(ခ) အလှူခံ ပုဂ္ဂိုလ်က ရှေ့ကဆိုပြ၍ အလှူရှင်က နောက်ကလိုက်ဆို ၍ ရေစက်ချခြင်း၊

(ဂ) အလှူခံ ပုဂ္ဂိုလ်ကသာ ဆိုသွား၍ အလှူရှင်က ဘာမျှမဆိုပဲ ရေစက်ချခြင်း—

ဟူ၍ သုံးမျိုးလေ့လာတွေ့ရသည်။ ယင်းသုံးမျိုးတွင် ပထမ (က) နည်းသာ အကောင်းဆုံးဖြစ်၍ ဒုတိယ (ခ) နည်းမှာ သင့်ရုံရှိသည်၊ တတိယ (ဂ) နည်းသည် မသင့်ကြောင်း ဤကျမ်းစာမျက်နှာ ၁၇-၌ ရေးသားထားပေသည်။

ဤသို့ စသည်ဖြင့် ဓမ္မရေးရာအတွက် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင် နည်းကို ဤကျမ်း၌ များစွာ လေ့လာနိုင်ပေသည်။

(ဂ) သံဃာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

သံဃာ့ရေးရာ-ဟူသည်မှာ ရဟန်းသံဃာတော်များနှင့် လူဝတ်ကြောင်များ ဆက်ဆံရေးကို ဆိုလိုသည်။

သာဂါရာ အနဂါရာစ ဥဘော အညောညနိဿိတာ-ဟု မြတ်စွာဘုရား ဟောတော်မူသည်၊ သာသနာတော်၌ ရဟန်း သံဃာတော်များနှင့် လူ ဝတ်ကြောင် ဒကာများသည် အချင်းချင်း အမှီသဟဲပြုလုပ်၍ နေကြရသည်။ ဆရာဒကာ ယှဉ်တွဲနေထိုင်ရသည်ဟု ဆိုလိုပေသည်။ ဆရာက တရားဓမ္မဖြင့် ဒကာကို ချီးမြှောက်ရသည်၊ ဒကာက ပစ္စည်းလေးပါးဖြင့် ဆရာကို ထောက်ပံ့ ရသည်။

ယင်းသို့ ယှဉ်တွဲနေထိုင်ရာ၌ ဆရာဖြစ်သော ရဟန်းသံဃာများ၏ ကျင့်သုံး နေရသည့် ဝိနည်းတော်နှင့်အညီ လူဝတ်ကြောင် ဒကာများက ဆရာရဟန်း

တော်များအား အကူအညီပေးခြင်း လှူဒါန်းခြင်း ဆက်ဆံကျင့်သုံးနည်းများ
ကို ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နိုင်စေရန်—

၁။ ရဟန်းသံဃာအား ဦးချ ရှိခိုးနည်း၊
၂။ အပ်စပ်အောင် ကပ္ပိနည်း၊
၃။ ပစ္စည်းလေးပါးဖြင့် ဘိတ်ကြားနည်း၊
၄။ ပေးလှူဆက်ကပ်နည်း၊
၅။ လေးစားစိတ်ထားနည်း၊
၆။ ကူညီစောင့်ထိန်းနည်း—

စသည်ဖြင့် ရဟန်းသံဃာတော်များနှင့် ဆက်ဆံနည်းများစွာကို ဤကျမ်း၌ ရေးသား ဖော်ပြထားပေသည်။ ထင်ရှားစေအံ့—

၁။ ရဟန်းသံဃာအား ဦးချရှိခိုးနည်း။ ။ဦးချ ရှိခိုးခြင်းသည် ရတနာသုံးပါးဂုဏ်ကိုယုံကြည်သည့် ဗုဒ္ဓဘာသာဝင်များက ရတနာသုံးပါးအား ပြုလုပ်ရမည့် ဝတ္တရားတခု ဖြစ်သည်။ ယခုကာလ၌ "ဦးတော် ဦးတော်"ဟု ငယ်စဉ်က မိဘက သင်ပေးလို့သာ ဦးချရှိခိုးကြရသည်၊ ဦးချရှိခိုးပုံ နည်းနာကျသူ အလွန်နည်းပါးလှပေသည်။

ယင်းသို့ ဖြစ်သောကြောင့် ဦးချပုံကို စာပေကျမ်းဂန်လာအရ ဤကျမ်း စာမျက်နှာ ၉-နှင့် ၁၀-တို့၌ ရေးသားထားပေသည်။

၂။ အပ်စပ်အောင် ကပ္ပိနည်း။ ။ရဟန်း သံဃာတော်တို့အား ဆွမ်းနှင့် စားသုံးဖွယ်များကို ကပ်လှူသည့် အခါ ဆက်လက်၍ ရှင်သန် ပေါက်ဖွားနိုင်မည့် သစ်ပင်များ မျိုးစေ့များပါလျှင် ကပ္ပိပြီးမှ ဘုဉ်းပေးနိုင်ခွင့်ရှိသည်၊ မကပ္ပိရသေးလျှင် မဘုဉ်းပေး မသုံးဆောင် ကောင်းချေ။ မအပ်သော စားဖွယ်ဖြစ်သည်။

ရဟန်းသံဃာတော်များအား မအပ်သောပစ္စည်းကို လှူလျှင် သူတော်ကောင်းတို့ အလှူ သပ္ပုရိသဒါနမဖြစ်၊ သူတော်ကောင်း မဟုတ်သူတို့၏ အလှူ အသပ္ပုရိသဒါနဖြစ်သည်။ထို့ကြောင့် သူတော်ကောင်းအလှူ ဖြစ်စေရန်

ရဟန်းသံဃာတော်တို့နှင့် အပ်စပ်သော အလှူပစ္စည်းကိုသာ လှူသင့်သည်။ ကြီးပွားရှင်သန် ပေါက်ပွားနိုင်သည့် သစ်ပင်များ မျိုးစေ့များကို ရဟန်းတော်များ စားသုံးကောင်းအောင် ကပ္ပိပေးရသည်။ ယင်း ကပ္ပိနည်းကို ဤကျမ်း စာမျက်နှာ ၇-နှင့် ၈-တို့၌ ရေးသား ပြဆိုထားပေသည်။

၃။ ပစ္စည်း ၄ ပါး ဖိတ်ကြားနည်း။ ။ရဟန်းတော်များမှာ ဆွမ်းသက်န်း ကျောင်း ပစ္စည်း ၃-ပါးကို လိုချင်လျှင် ''ဆွမ်းပေးပါ''စသည်ဖြင့် ဆွေမျိုးမတော်သူ ဖိတ်ကြားမထားသူထံ မတောင်းကောင်း၊ ဆွေမျိုးတော်သူ ဖိတ်ကြားထားသူတို့ထံမှသာ တောင်းကောင်းသည်။ လိုချင်လျှင် အရိယာပုဂ္ဂိုလ်တို့၏ တောင်းနည်းဖြင့်သာ တောင်းကောင်းသည်။

အရိယာတို့ တောင်းနည်းမှာ မိမိလိုချင်သည့် ပစ္စည်းကို ရည်ရွယ်၍ ပစ္စည်းလှူနိုင်မည့် ပုဂ္ဂိုလ်ရှေ့မှာ ဘာမျှမပြောပဲ ရပ်နေရသည်။ ပစ္စည်းလှူနိုင်သူက အလိုက်သိစွာ လှူလျှင် ယူကောင်းသည်၊ ''ဘာအလိုရှိပါသလဲ'' မေးလျှင်လည်း လိုချင်သည့် ပစ္စည်းကို ပြောနိုင်သည်၊ ပြော၍ လှူလျှင်လည်း ခံယူခွင့်ရှိသည်။ ဤသည်မှာ အရိယာတို့ တောင်းနည်းဖြစ်သည်။

ယင်းသို့ ဖြစ်သောကြောင့် မိမိတို့ အားထားကိုးကွယ်ရာဖြစ်သော ရဟန်းသံဃာတော်များ ပစ္စည်းလေးပါး၌ ချမ်းသာစွာ အလိုရှိရာ သုံးဆောင်နိုင်ရန် အတွက် တပည့်ဒကာများက ဖိတ်ကြားထားသင့်သည်။

ဤအကြောင်းအရာ အပြည့်အစုံကို ဖိတ်ကြားနည်းနှင့်တကွ ဤကျမ်း စာမျက်နှာ ဂ-နှင့် ၉-တို့၌ ရေးသား ဖော်ပြထားပေသည်။

၄။ ပေးလှူ ဆက်ကပ်နည်း။ ။ဒကာ-ဟူသောအမည်၏ အဓိပ္ပာယ်မှာ ပေးတတ်သူဟု ဆိုလိုသည်၊ ပါဠိ ပြည့်ပြည့်စုံစုံ ဆိုလျှင် ''ဒါယကာ''ဟု ဆိုရမည် ဖြစ်သည်။ ဒကာ=ပေးတတ်သူဟူသည့် အမည်နှင့် လိုက်လျောစွာပင် အလှူခံ ရဟန်းသံဃာတော်များကို လိုရာပစ္စည်း ထောက်ပံ့ပေးလှူကြရသည်။

ယင်းသို့ ပေးလှူရာ၌ စားဖွယ် သောက်ဖွယ်များကို နည်းကျကျ ဆက်ကပ်ပေးလှူပါမှ ရဟန်းတော်များ ဘဉ်းပေး သုံးဆောင်ကောင်းသည်၊ နည်းမကျ

လျှင် မသုံးဆောင်ကောင်းပေ၊ ထို့ကြောင့် ရဟန်းတော်များအား ပေးလှူဆက်ကပ်နည်းကို ကျကျနန ခွဲခြားဖော်ပြ၍ ဤကျမ်းစာမျက်နှာ ၂၁-မှစ၍ စာမျက်နှာ ၂၇-အထိ ရှင်းလင်း ဖော်ပြထားသည်ကို ဖတ်ရှုနိုင်ပေသည်။

၅။ **လေးစားစိတ်ထားနည်း။** ။လူသားတို့၏ အားထားကိုးကွယ်ရာ ရဟန်းသံဃာတော်များသည် သရဏဂုံထိုက်သည့် ရတနာမြတ်ကြီးတခု ဖြစ်သည်။ ယင်း သံဃာရတနာမြတ်ကြီးများကို ပေါ့ပေါ့ဆဆသဘောထား၍ သွားလာဝင်ထွက်၍ လူလူချင်းဆက်ဆံသကဲ့သို့ မဆက်ဆံသင့်ချေ။

လူအချင်းချင်းနှင့် ဆက်ဆံသကဲ့သို့ ပေါ့ပေါ့ဆဆ ပြောဆိုကျင့်ကြံ ဆက်ဆံမိလျှင် ကြီးလေးသော အပြစ်ဒဏ် ရောက်နိုင်သည်။ ထို့ကြောင့် ရဟန်းသံဃာအပေါ်၌ ရိုသေလေးစားသည့်စိတ် ထားရန်၊ မလေးမစား ပြောင်လှောင်ခြင်းမပြုရန်နှင့် ရိုသေလေးစားခြင်း အကျိုးများကို ဤကျမ်းစာမျက်နှာ ၄၀-မှ စ၍ စာမျက်နှာ ၆၁-အထိ ရေးသားထားပေသည်။

၆။ **ကူညီ စောင့်ထိန်းနည်း။** ။လူဝတ်ကြောင် ဒကာ ဒကာမများမှာ မိမိတို့ ကိုးကွယ်သည့် ဆရာရဟန်းသံဃာများကို ပစ္စည်းလေးပါး ပေးလှူရန်သာ တာဝန်ရှိသည် မဟုတ်ချေ၊ ရဟန်းသံဃာတော်များ မြတ်စွာဘုရား သာသနာ့တာဝန်ကို နှစ်ခြိုက် ပျော်ပိုက်စွာ ထမ်းဆောင်နိုင်စေရန်လည်း ကူညီ စောင့်ထိန်းရမည့်တာဝန် နှစ်ရပ်လည်း ရှိပေသေးသည်။

ပထမတာဝန်။ ။ယင်းတာဝန်နှင့် ပတ်သက်၍ အမျိုးသမီးများ ကိလေသာ ထကြွစေမည့် ဝတ်စား ဆင်ယင်ပုံများဖြင့် ရဟန်းသံဃာတော်တို့ နေထိုင်ရာကျောင်းသို့ ဝင်ထွက် သွားလာမှုသည်ပင် ရဟန်းတော်များ သာသနာတော်၌ မပျော်မွေ့မှု ဖြစ်စေနိုင်သောကြောင့် စောင့်ထိန်းသင့်ကြောင်း ဤကျမ်းစာမျက်နှာ ၁၉-၌ ရေးသားဖော်ပြထားသည်ကို ဖတ်ရှုနိုင်သည်။ ဆက်လက်၍လည်း အမျိုးသမီးများ၏—

၁။ အသံကြားမှု၊
၂။ အဆင်းရုပ်ပုံ မြင်မှု၊

၃။ တွေ့ဆုံ စကားပြောဆိုမှု
၄။ ပစ္စည်းသုံးစွဲမှု
၅။ ကိုယ်လက် ထိတွေ့မှု—

များသည်လည်း ရဟန်းတော်များအတွက် သာသနာမှာ မပျော်မွေ့မှု ဘေးရန် ဖြစ်သောကြောင့် စောင့်ထိန်းနိုင်ရန် ဤကျမ်းစာမျက်နှာ ၁၅၄-မှစ၍ ၁၉၂-အထိ အကျယ်တဝင့် ဖွင့်ဆို ရေးပြထားပေသည်။

ဒုတိယတာဝန်။ ။ထိုနောက် တာဝန်တခုမှာ ဆရာဖြစ်တော်မူသော ရဟန်း သံဃာတော်များ တရားဓမ္မလမ်းကြောင်းနှင့် လွဲချော်သောအခါ၌ တားဆီးရမည့် တာဝန်ဖြစ်သည်။

မှန်လှ၏။ ဆရာရဟန်းတော်များသည်လည်း အချို့မှာ သာမန်ပုထုဇဉ် ပုဂ္ဂိုလ်များ ဖြစ်ခြင်းကြောင့် တရားဓမ္မလမ်းကြောင်းနှင့် လွဲချော်သွားတတ်ပေသည်။ ဥပမာ—

၁။ လူဝတ်ကြောင်များကို ဥစ္စာပစ္စည်း မရအောင် အားထုတ်ခြင်း၊
၂။ လူတွေ့ အကျိုးစီးပွားပျက်အောင် အားထုတ်ခြင်း၊
၃။ လူတွေကို ဆဲရေးကြိမ်းမောင်းခြင်း၊
၄။ လူအချင်းချင်း ကွဲပြားအောင် ကုန်းတိုက်ခြင်း၊
၅။ ဘုရားရှင်၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားပြောခြင်း၊
၆။ တရားတော်၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားပြောခြင်း၊
၇။ သံဃာတော်၏ ကျေးဇူးမဲ့ ကဲ့ရဲ့စကားပြောခြင်း၊
၈။ ရဟန်းတော်များ မသွားလာသင့်ရာသို့ သွားလာခြင်း—

ဟူသော ရှစ်မျိုးထဲမှ တမျိုးမျိုးကို ပြုလုပ်နေသည့် ရဟန်းကို တွေ့မြင်လျှင် တားဆီး စောင့်ထိန်းနိုင်သည့်နည်းကို ဤကျမ်းစာမျက်နှာ ၆၂-မှစ၍ စာမျက်နှာ ၆၇-အထိ စိတ္တသူကြွယ်ဝတ္ထုကို ဖော်ပြ ရေးသားထားပေသည်။

ထို့အတူပင် ရဟန်းကလည်း လူဝတ်ကြောင် ဒကာ ဒကာမများကို စောင့်ထိန်း တားဆီးရန် နည်းကိုလည်း တဆက်တည်း ရေးသားထား ပေသည်။

ဤသို့ စသည်ဖြင့် သံဃာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို ဤကျမ်း၌ လေ့လာဖတ်ရှုနိုင်ပေသည်။

(ဃ) ဝိနယရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

ဝိနယရေးရာ။ ။ဝိနယရေးရာဟူသည်မှာ မြတ်ဗုဒ္ဓရှင်တော်ဘုရားပညတ်တော်မူသော ဝိနည်းသိက္ခာပုဒ်ဆိုင်ရာ ကိစ္စ အကြောင်းအရာများဖြစ်သည်၊ ယင်းဝိနယရေးရာများ၌ လူပုဂ္ဂိုလ်များ သိရှိထားမှသာ ဆရာရဟန်းသံဃာတော်များ အပြစ်ကင်းကွာ အကျိုးရှိစွာ သီတင်းသုံးနေထိုင်နိုင်ကြပြီး သာသနာတော်ကြီးလည်း သန့်ရှင်းဟည်တံ့ပြန့်ပွားအောင် ဆောင်ရွက်နိုင်ပေလိမ့်မည်။

ယင်းသို့ သိရှိထားပြီး ဆောင်ရွက်ရမည့် ဝိနယရေးရာအချို့မှာ—

၁။ ကထိန်သင်္ကန်းလှူခြင်း၊

၂။ ကုလဒူသနခေါ် ဒကာကို ဖျက်ဆီးခြင်း၊

၃။ အနေသနခေါ် မတရားပစ္စည်းရှာဖွေခြင်း၊

၄။ ရွှေငွေရတနာလှူခြင်း—

ဟူသောအကြောင်းအရာ ၄-မျိုးဖြစ်သည်၊ ယင်း ၄-မျိုးကို အကျဉ်းချုပ်မျှတင်ပြပါအံ့။

၁။ ကထိန်သင်္ကန်းလှူဒါန်းခြင်း။ ။ဗုဒ္ဓဘာသာ မြန်မာတို့သည် "တနှစ်မှ တခါကြုံသည့် မဟာကထိန်" ဟူသော ဆောင်ပုဒ်ဖြင့် တနှစ်တခါကထိန်သင်္ကန်းလှူဒါန်းသည့်ပွဲ ဆင်နွှဲလေ့ရှိကြသည်။

ကထိန်သင်္ကန်းလှူဒါန်းခြင်း၏ မုချအကျိုးမှာ ပုရိမပဝါရဏာခေါ် ဝါဆိုလပြည့်ကျော် ၁-ရက်နေ့၌ဝါဆိုပြီး ဝါမပျက်ပဲ ပုရိမပဝါရဏာခေါ် သီတင်းကျွတ်လပြည့်နေ့၌ ပဝါရဏာပြုနိုင်သည့် ရဟန်းတော်များ ချမ်းချမ်းသာသာဖြင့် ဝိနည်းသိက္ခာပုဒ် ၅-မျိုးမှ အာပတ်မသင့်ပဲ နေထိုင်ရခြင်းပင် ဖြစ်ပါသည်၊ မုချမဟုတ်သော အကျိုးဆက်များလည်း ရနိုင်သေးပေသည်။

မုချမဟုတ်သောအကျိုးဆက်ဟူသည်မှာ ကထိန်ခင်းရာ၌ အခြံအရံ အဖြစ် လှူသော ပစ္စည်းလာဘ်လာဘများပင်ဖြစ်သည်။

သို့သော်လည်းခေတ်အဆက်ဆက်ပြောင်းရွှေ့လာသောအခါ ယင်းအကျိုး ရမှုမှာ မှေးမှိန်သွားပြီး ကထိန်အကျိုးဆက်များကို ရထိုက်သည့် ရဟန်းတော် များ ရသင့်သမျှမရပဲ မရသင့်သောရဟန်းတော်များက ပိုမိုရခြင်း၊ ကထိန်မုချ အကျိုးနှင့်အကျိုးဆက်များများကိုရထိုက်ပါလျက်မရခြင်း၊ "ကထိန်အတွက်" ဟု ကြေငြာအလှူခံပြီး အခြား စားပွဲ သောက်ပွဲ ပျော်ပွဲ ရှင်ပွဲများ အတွက် သုံးစွဲခြင်းများစသည်ဖြင့် ဗုဒ္ဓအလိုတော်နှင့် ဆန့်ကျင်သည့်ပြုလုပ်မှု အကျိုး သက်ရောက်မှုများ ဖြစ်ပေါ်တတ်ချေသည်။

ယင်းသို့ မလိုလားအပ်သည့် ကထိန်သင်္ကန်းအလှူပွဲမျိုး မဖြစ်စေပဲ လိုလား အပ်သည့် ကထိန်သင်္ကန်းလှူပွဲစစ်စစ် ပြုလုပ်နိုင်စေရန် ဤကျမ်း စာမျက်နှာ ၂၇-မှစ၍ စာမျက်နှာ ၄၈-အထိ ရေးသားဖော်ပြထားပါသည်။

၂။ **ကုလဒူသနခေါ် ဒကာကို ဖျက်ဆီးခြင်း။** ။ကုလဒူသန-ဟူသော ပါဠိ ကို ဒကာကို ဖျက်ဆီးခြင်း ဟု အနက်ပြန်ရသည်၊ အမှန်မှာ ဒကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း ဟု အဓိပ္ပာယ်အမှန်ကို ယူရမည်ဖြစ်သည်။

ယင်းကုလဒူသနခေါ် ဒကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းမှာ -

၁။ သစ်သီးပေးခြင်း၊

၂။ ပန်းပေးခြင်း -

စသည်ဖြင့် ၈-မျိုးရှိသည်၊ (ဤကျမ်း စာမျက်နှာ ၉၂-၉၃ ကြည့်ပါ။)

ရဟန်းတော်များကို လူဝတ်ကြောင်များက အမှန် ကြည်ညိုသင့်သည်မှာ သီလ, သမာဓိ, ပညာဂုဏ်များကို ကြည်ညိုရမည်ဖြစ်သည်၊ ယင်းသို့မဟုတ်ပဲ သစ်သီးပေးလို့ကြည်ညိုခြင်း၊ ပန်းပေးလို့ကြည်ညိုခြင်း စသည်တို့မှာ တကယ့် သဒ္ဓါတရား မဖြစ်နိုင်၊ သစ်သီးနှင့် ပန်းရလို့ ချစ်ခင်ခြင်း တဏှာပေမသာ ဖြစ်သည်။ ကြည်ညိုဖွယ်ရာ သီလ, သမာဓိ, ပညာမရှိသူရဟန်းများကို သစ်သီး များ ပန်းများရသောကြောင့် ခင်မင်ပြီး၊ တကယ့်ကြည်ညိုဖွယ် သီလ,သမာဓိ,

ပညာရှိသည့် ရဟန်းတော်များကို မကြည်ညိုနိုင်ပဲ၊ မခင်မင်နိုင်ပဲ သဒ္ဓါတရား အစစ်မဖြစ်ခြင်းသည် ဒကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်းပင်ဖြစ်တော့ သည်၊ ဖျက်ဆီးခြင်းခံရသော ဒကာ-ဒကာမတို့မှာ သဒ္ဓါတရား အစစ် ဖြစ်ခွင့်မရှိတော့ချေ။

ယင်းသို့ဖြစ်သောကြောင့် သစ်သီး ပန်းစသည်ပေးခြင်းတို့ကို ရဟန်းတော် များ မပြုလုပ်ကောင်းချေ၊ ပြုလုပ်လျှင် အာပတ်သင့်သည်၊ ပြုလုပ်သောရဟန်း များတွေ့လျှင် ယင်းရဟန်းမျိုးကို ရှောင်ကွင်း၍ မပြုလုပ်သော သီလ, သမာဓိ, ပညာရှိသော ရဟန်းများ၌ သဒ္ဓါတရားအစစ်ဖြစ်ပြီး မိမိအကျိုး ရဟန်းတော် များအကျိုး သာသနာတော် အကျိုးကို ဆောင်ရွက်နိုင်စေရန် ဤကျမ်း စာမျက်နှာ ၇၅-မှစ၍ စာမျက်နှာ ၁၀၁-အထိ ရေးသားဖော်ပြထားပေသည်။

၃။ အနေသနခေါ် မတရားပစ္စည်းရှာဖွေခြင်း။ ။အနေသန-ပါဠိကို မသင့် သောရှာခြင်းဟုမြန်မာပြန် ရသည်၊ မသင့်လျော်သောနည်းများဖြင့် ပစ္စည်း ၄-ပါးကိုရှာဖွေခြင်းဟု ဆိုလို သည်၊ မိစ္ဆာဇီဝ=မှားသော အသက်မွေးမှုဟူ၍လည်း ခေါ်သည်၊ယင်းမတရား ပစ္စည်းရှာဖွေခြင်းတို့မှာ—

၁။ ကုဟနာခေါ် ဒကာ ဒကာမများ အံ့သြဖွယ်ရာ ပြုလုပ် ပြောဆို၍ ရှာဖွေခြင်း၊

၂။ လပနာခေါ် ပစ္စည်းလာဘ်ရအောင် ဆွယ်၍ ပြော ဆိုခြင်း–

စသည်ဖြင့် အမျိုးပေါင်း ၃၀-ကျော်ရှိသည်၊ မိလိန္ဒပဉှာ ပါဠိတော်လာ နည်းပေါင်း ၂၀-ကျော်နှင့် ပေါင်းလျှင် အနေသန အမျိုးပေါင်း ၅၀-ကျော်သည်။

ယင်းအနေသနခေါ် မတရားပစ္စည်းရှာနည်းဖြင့် ရှာဖွေနေသည့် ဝိနည်းနှင့် မလျော်သောရဟန်းများကိုတွေ့လျှင် ရှောင်ရှားနိုင်ရန်အတွက် လူဝတ်ကြောင် ဒကာများ သိထားသင့်သည်၊ သို့မှလည်း မတရား ပစ္စည်း ရှာဖွေသည့် ရဟန်းတော်များနည်းပါးသွား၍ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွား နိုင်မည်ဖြစ်သည်။

ထို့ကြောင့် အနေသနခေါ် မကာရား ပြစ္စည်းရှာဖွေနည်း ၅၀-ကျော်ကို ဤကျမ်း၌ စာမျက်နှာ ၁၀၁-မှစ၍ စာမျက်နှာ ၁၅၄-အထိ ရေးသားထား သည်ကို လေ့လာဖတ်ရှုနိုင်ပေသည်။

၄။ ရွှေငွေကိုလှူခြင်း။ ။"ရဟန်းတော်များ ရွှေငွေကို ခံယူကောင်းသည်၊ မခံယူကောင်း" ဟူသော ငြင်းခုံမှုမှာ မြတ်ဗုဒ္ဓ ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီး နှစ်ပေါင်းတရာ ရှိသောအခါ၌ ကြီးမားသော ငြင်းခုံမှု အဓိကရုဏ်းကြီး ဖြစ်သည်။

မခံယူကောင်းဟူသောဘက်မှ ပါဠိတော်အဋ္ဌကထာ အကိုးအကား ပြည့်စုံ ခိုင်လုံသောကြောင့် အနိုင်ရရှိခဲ့သည်။ ယင်းရွှေငွေကို မခံယူသင့်ဟူသော အချက်နှင့်တကွ ငြင်းခုံမှု အဓိကရုဏ်း ၁၀-ချက်ကိုပါ အဓမ္မဝါဒအဖြစ် သတ်မှတ်ပြီး ဒုတိယ သံဂါယနာပွဲ ပြုလုပ်ခဲ့ကြသည်။

ထိုအခါမှစ၍ ရှုံးနိမ့်သော အဓမ္မဝါဒ ရဟန်းများက မဟာသံဃိက ဂိုဏ်းဟု ဂိုဏ်းသီးသန့် ခွဲထွက်ခဲ့သည်။ **မဟာသံဃိက**-ဟူသည်မှာ ရဟန်းသံဃာ အများစုဟု အဓိပ္ပာယ်ရှိသည်။ ရွှေငွေကို ပိုင်ဆိုင်ရယူမှုဟူသည် ပုထုဇဉ်သား တို့၏ အကြိုက်ဖြစ်သောကြောင့် ရွှေငွေကို လိုလားသူများက ရွှေငွေကို ခံယူ သင့်သည်ဟု ဆုံးဖြတ်သည့် ဂိုဏ်းဖက်သို့ လိုက်သွားကြသောကြောင့် အများစု ဖြစ်သွားသည်ဟု ထင်ရသည်။ ရွှေငွေကို ရဟန်းတော်များ မခံယူကောင်းဟု ဆုံးဖြတ်သည့် ရဟန်းတော်များမှာ ပါဠိတော် အကောက်အထား ခိုင်လုံသော် လည်း အကြိုက်နည်းသောကြောင့် အရေအတွက် အနည်းငယ်မျှသာ ကျန်ခဲ့ သည်။ အရှင်မဟာကဿပ အစရှိသော ရှေးမဟာထေရ်ကြီးများ၏ အယူ ဝါဒအတိုင်း ယူဆသောကြောင့် **ထေရဝါဒ**-အမည်တွင်သည်။

ယင်းသို့ သာသနာတော်၌ ရွှေငွေကို ရဟန်းတော်များ အလှူခံခြင်းကို အကြောင်းပြု၍ တိုက်ရိုက်အားဖြင့်လည်းကောင်း သွယ်ဝိုက်သောအားဖြင့် လည်းကောင်း ငြင်းခုံမှုအဓိကရုဏ်းများ ဖြစ်ပေါ်ခဲ့ရာ သာသနာနှစ် ၂၄၀၀ ကျော်ခန့်ရောက်သောအခါ မင်းတုန်းအမည်ရှိ မြန်မာရှင်ဘုရင်သည် ရဟန်း တော်များအား ဒေါင်းတံဆိပ် ငွေဒင်္ဂါးများကို ဆွမ်းဆန်တော်အမည်ဖြင့် လှူသည်။

ယင်းလှူခြင်းကို ဝိနည်းတော်နှင့် မအပ်စပ်သောကြောင့် ဝိနည်းကို အလေးပြုသော ဆရာတော်များက ကန့်ကွက်ကြသည်၊ စာပေရေးသား၍ မေတ္တာစာများ ပို့ကြသည်။ အချို့ပုဂ္ဂိုလ်များက ထင်ထင်ရှားရှား မပြောဝံ့သောကြောင့်—

မိုးချုပ်တဲ့ နေဝင်သော်။ ။မြတ်လေးစွယ်တော် ပေါ်သည့်ချောင်း ဒေါင်းတွေက အော်။ ။ဒေါင်းအော်လျှင် အကြိုလွှတ်ပါ့၊ ပျိုတို့ မောင် ဝါဝါဝတ်ကို ဒေါင်းခွပ်ချည့်လေး…

စသည်ဖြင့် သင်္ကန်းဝတ် ရဟန်းတော်များအား ဒေါင်းတံဆိပ် ငွေဒင်္ဂါး ကြောင့် အာပတ်သင့်မည့် အကြောင်းကို ကဗျာများဖြင့် စောင်းပါး ရိပ်ခြေ ရေးသား သတိပေးကြသည်၊ သို့သော်လည်း ငွေလှူမှုကို မတားဆီးနိုင်ခဲ့ပေ။

ဖော်ပြခဲ့သည့်အတိုင်း ရွှေငွေစသည့် ရတနာလှူခြင်းသည် ရဟန်းသံဃာ တော်တို့နှင့် မအပ်စပ်သောကြောင့် ကောင်းမြတ်သော သူတော်ကောင်း အလှူသဘင်ရှိသဒ္ဒါနုဖြစ်ရန် ကုသိုလ်ဖြစ်ရန် မလွယ်ချေ၊ ရွှေငွေပေးလှူသူနှင့် ရွှေငွေအလှူခံသူများ ပြောဆို ကျင့်သုံးနည်း စိတ်ထားနည်း မှန်ကန်မှသာ အပ်စပ်၍ သူတော်ကောင်း အလှူသဘင်ရှိသဒ္ဒါနု ဖြစ်နိုင်သည်။

ရွှေငွေ ရတနာများနှင့် စပ်ဆိုင်သည့် ဗုဒ္ဓအလိုတော်ကျ ကျင့်ထုံးကို ဤ ကျမ်းစာမျက်နှာ ၁၉၆-မှစ၍ စာမျက်နှာ ၂၂၉-အထိ ရေးသားထား သည်ကို လေ့လာ ဖတ်ရှုနိုင်ပါသည်။

ဤသို့စသည်ဖြင့် ဝိနယ ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း များစွာကို လေ့လာဖတ်ရှုနိုင်ပေသည်။

(င) သာသနာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊

သာသနာ့ရေးရာ။ ။သာသနာ့ ရေးရာဟူသည်မှာ မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ သာသနာတော်ကြီး တခုလုံးနှင့် ခြုံ၍သက်ဆိုင်သော အကြောင်းအရာများကိုသာလျှင် သာသနာ့ရေးရာဟု ဆိုလိုပါသည်။ ဤကျမ်း၌ ပြဆိုသမျှ အကြောင်းအရာများ အားလုံးသည်ပင်လျှင် သာသနာ့ရေးရာ များ ဖြစ်သော်လည်း ယင်းတို့မှာ သာသနာ့အဘို့၏ တစိတ်တပိုင်းမျှသာ

ဖြစ်သောကြောင့် ယင်းတို့ကို သာသနာ့ရေးရာ ဟု မဆိုပဲ ဤအပိုင်း၌ ပြဆိုသည့် သာသနာတော် တခုလုံးကို ငုံမိခြုံမိသော အကြောင်းအရာများကိုသာ သာသနာ့ရေးရာဟု ခွဲခြားဝေဖန် ပြလိုခြင်းဖြစ်ပါသည်။

ယင်းသာသနာတော် တခုလုံးနှင့်သက်ဆိုင်သော သာသနာ့ရေးရာမှာ များစွာ ကျယ်ဝန်းသော်လည်း ဤအပိုင်း၌မူကား သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးကိုသာလျှင် အကျဉ်းချုပ်၍ အဓိကထားပြဆိုမည် ဖြစ်ပါသည်၊ ယင်းအဓိကထားပြမည့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်နိုင်ရန်မှာလည်း—

၁။ သာသနာတော် ပျက်စီးခြင်းအကြောင်း၊

၂။ သာသနာတော် တည်တံ့ခြင်းအကြောင်း-

ဟူ၍ ၂-မျိုးခွဲခြားသိရန် လိုအပ်ပါသည်။

၁။ သာသနာတော် ပျက်စီးခြင်းအကြောင်း။ ။သာသနာ့ရေးရာ၌ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဗုဒ္ဓဘာသာဝင်များ သိရှိပြီး လိုက်နာဆောင်ရွက်နိုင်ရန် အကြောင်းအရာများကို မြတ်ဗုဒ္ဓရှင်တော်ဘုရားသည် အင်္ဂုတ္တရပါဠိတော် ဒုတိယတွဲ စာမျက်နှာ ၂၇၆-ကိမိလသုတ်၌ ဟောကြားတော်မူသည်။

ယင်းကိမိလသုတ်လာ သာသနာတော် မတည်တံ့ပဲ ပျက်စီးခြင်း၏ အကြောင်း ၇-ပါး၊ မြန်မာပြန်အကျဉ်းမှာ—

၁။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် မြတ်စွာဘုရား၌ မရိုသေ မကျိုးနွံခြင်း၊

၂။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် တရားတော်၌ မရိုသေ မကျိုးနွံခြင်း၊

၃။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် သံဃာတော်၌ မရိုသေ မကျိုးနွံခြင်း၊

၄။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အကျင့်သိက္ခာ၌ မရိုမသေ မကျိုးနွံခြင်း၊

၅။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် သမာဓိတရား၌ မရိုသေ မကျိုးနွံခြင်း၊

၆။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အပ္ပမာဒတရား၌ မရိုသေ မကျိုးနွံခြင်း၊

၇။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အာစေ့အစပ်ပြု ဆက်ဆံရေး၌ မရိုသေ မကျိုးနွံခြင်း၊

ဟူသော (၇)မျိုး ဖြစ်သည်။

၁။ ဘုရား၌ မရိုသေခြင်း ဟူသည်မှာ မြတ်စွာဘုရားရှင်၌ လေးစားရိုသေမှု ကင်းခြင်း ဖြစ်သည်။ မကျိုးနွံခြင်း ဟူသည်မှာ မြတ်စွာဘုရားရှင်၌ မိမိက နှိမ့်ချမှု မပြုခြင်း ဖြစ်သည်။

ယင်းဘုရား၌ မရိုသေ မကျိုးနွံပုံကို-မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်အခါ၌ မဆည်းကပ်ခြင်း၊ မြတ်စွာဘုရားရှင်က ဖိနပ်မစီးပဲ မိမိက ဖိနပ်စီးခြင်း၊ မြတ်စွာဘုရားရှင်က ထီးမဆောင်းပဲ မိမိက ထီးဆောင်းခြင်း၊ မြတ်စွာဘုရားရှင်က အောက်နိမ့်ရာမှာရှိလျက် မိမိကအထက်မြင့်ရာမှာနေခြင်း၊ မြတ်စွာဘုရားရှင် မြင်လောက်ရာအရပ်၌ ပခုံးနှစ်ဘက်ခြုံနေခြင်း၊ ဖိနပ်စီးထီးဆောင်းခြင်း၊ ရေချိုးခြင်း၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်းစသည့် မရိုသေသည့်အပြုအမူများဖြစ်ကြောင်းသိသင့်သည်။ ပရိနိဗ္ဗာန်စံပြီးသောအခါ၌မူ စေတီရုပ်ပွားများကို ရှိမခိုးခြင်း၊ စေတီရုပ်ပွား ထင်ရှားရာအရပ်၌ ဆိုခဲ့သည့် ပခုံး ၂-ဘက်ခြုံခြင်း စသည်ပြုခြင်းတို့ကို မရိုမသေ မကျိုးနွံခြင်းဟု သိရမည်။

၂။ တရားတော်၌ မရိုသေ မကျိုးနွံခြင်းကို—တရားနာရန် ရိုသေစွာ မသွားခြင်း၊ ရိုသေစွာမနာယူခြင်း၊ တရားနာစဉ် အခြားစကားများကို ပြောခြင်း၊ နားထောင်ခြင်း၊ ရိုသေစွာ မမှတ်သားခြင်း၊ ရိုသေစွာ ပြန်မပြောဟောခြင်း စသည်ဖြင့် သိနိုင်သည်။

၃။ သံဃာတော်၌ မရိုသေမကျိုးနွံခြင်းကို—မထေရ်ကြီးက မတိုက်တွန်းခွင့်မပြုပဲ တရားဟောခြင်း၊ ဟိုင်ခြင်း၊ မေးခြင်း၊ ဖြေခြင်း၊ ဝါကြီးသည့်

ပုဂ္ဂိုလ်ကို တိုးဝှေ့နေထိုင်ခြင်း၊ ဒူး ၂-ဘက်ကို အဝတ်ဖြင့်သိုင်း၍ လက်ဖြင့် သိုင်း၍ နေထိုင်ခြင်း၊ ရဟန်းသံဃာ မြင်လောက်ရာ၌ ပုခုံး ၂-ဘက်ခြုံခြင်း စသည်တို့ကိုပြုလုပ်ခြင်းတို့ဖြင့် သိနိုင်သည်။ ရဟန်းတပါးကို မရိုသေမကျိုးနွံ ပြုခြင်းသည်လည်း သံဃာ၌ပြုခြင်းပင်ဖြစ်သည်။ (ဒီ-ဋ္ဌ ၃၊ နှာ-၂၁၇။)

ဘုရား တရား သံဃာတို့၌ မယုံကြည်ခြင်း၊ ဘုရား တရား သံဃာ့ဂုဏ်တို့၌ မယုံကြည်ခြင်း၊ မယုံကြည်သည့်အကြောင်းကိုကြံခြင်း၊ ပြောခြင်း၊ ပြုမူခြင်း များကိုလည်း မရိုသေ မကျိုးနွံခြင်းဟု ယူဆရမည်။ (ဇီ-ဋ္ဌ ၁၊ နှာ-၃၇၊၃၈။) မှန်၏၊ ယင်း ဘုရား တရား သံဃာနှင့် ဘုရား တရား သံဃာ၏ ဂုဏ်တော် များ၌ မယုံကြည်ခြင်းအကြောင်းများကို ကြံစည်ခြင်း၊ ပြောဟောခြင်း၊ ပြုမူ ခြင်းများသည်လည်း မရိုမသေ မကျိုးနွံပြုခြင်း၏ အကြောင်းရင်းများဖြစ် ပေသည်။

၄။ **အကျင့်သီလ၌** မရိုသေ မကျိုးနွံခြင်းဟူသည်မှာ ရဟန်းတို့မှာ မိမိ၏ ဝိနည်းသိက္ခာပုဒ်ကို မကျင့်လိုခြင်းနှင့် မကျင့်သုံးခြင်းဖြစ်သည်၊ လူတို့မှာ— ငါးပါးသီလနှင့် ဆောက်တည်ထားသည့် ရှစ်ပါး၊ ကိုးပါး၊ သီလများကို မကျင့်လိုခြင်း မကျင့်သုံးခြင်း ဖြစ်သည်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ သိက္ခာ ၃-ပါးတရားတို့ကို မပွားများ မကျင့်သုံးခြင်းနှင့် မပွားများမကျင့်သုံး လိုခြင်းဖြစ်သည်။

၅။ **သမာဓိတရား၌** မရိုသေ မကျိုးနွံခြင်းဟူသည်မှာ စျာန်တရား သမာ ပတ် ၈-ပါးတို့ကို မပွားများ မကျင့်သုံးခြင်း၊ မပွားများ မကျင့်သုံးလိုခြင်းဖြစ် သည်။ (သံ-ဋ္ဌ၂၊ ၁၀၉။)

၆။ အပ္ပမာဒခေါ် အကုသိုလ်မပြုမိရန် ကုသိုလ်ပြုရန် သတိမထားခြင်း သတိတရားကို မပွားများခြင်းသည် အပ္ပမာဒတရား၌ မရိုသေ မကျိုးနွံခြင်း ဖြစ်သည်။

၇။ အစေ့အစပ်ပြုခြင်း ပဋိသန္ထာရခေါ်ဆက်ဆံရေး၌ မရိုသေ မကျိုးနွံ ခြင်းဟူသည်မှာ ရဟန်းတော်အချင်းချင်းနှင့် ဆက်ဆံရေး၊ ဆရာရဟန်းနှင့် ဒကာ ဆက်ဆံရေး၊ ဒကာအချင်းချင်း ဆက်ဆံရေးတို့၌ မြတ်စွာဘုရား တရားဒေသနာနှင့်အညီ ဆက်ဆံမှုကို မပြုခြင်း၊ မပြုလိုခြင်းပင်ဖြစ်သည်။

ယင်းသို့ တရား ၇-မျိုး၌ မရှိသော မကျိုးနွံခြင်းကြောင့် သာသနာတော်ကြီး မတည်တံ့ပဲ ပျက်စီးသွားနိုင်ပေသည်။

ဤအကြောင်းကို သိရလျှင် ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့သည် ယင်းသာသနာ ပျက်စီးခြင်းအကြောင်းများကို မပြုလုပ်ပဲ ရှောင်ရှား နိုင်စေရန် ဤကျမ်းစာမျက်နှာ ၄၉-၅၀ ၌ ကိမိလသုတ်မြန်မာပြန်သာသနာပျက်စီးခြင်းအကြောင်း ၇-ပါးကို ရေးသားဖော်ပြထားပေသည်။

သာသနာတော် တည်တံ့ခြင်းအကြောင်း။ ။ကိမိလသုတ်လာသာသနာတော်တည်တံ့ခြင်းအကြောင်း အကျဉ်းချုပ်မှာ—

၁။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် ဘုရား၌ ရှိသေကျိုးနွံခြင်း၊
၂။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် တရားတော်၌ ရှိသေကျိုးနွံခြင်း၊
၃။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် သံဃာတော်၌ ရှိသေကျိုးနွံခြင်း၊
၄။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အကျင့်သိက္ခာ၌ ရှိသေကျိုးနွံခြင်း၊
၅။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် သမာဓိတရား၌ ရှိသေကျိုးနွံခြင်း၊
၆။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အပ္ပမာဒတရား၌ရှိသေကျိုးနွံခြင်း၊
၇။ ဗုဒ္ဓဘာသာဝင် ရှင်လူတို့သည် အစေ့အစပ် ပြုမှုခေါ် ဆက်ဆံရေး၌ ရှိသေကျိုးနွံခြင်း—

ဟူ၍ ၇-မျိုးရှိသည်၊ ယင်း ၇-မျိုး၏အဓိပ္ပာယ်ကိုဖော်ပြပြီးဖြစ်သည့်သာသနာပျက်စီးခြင်းအကြောင်း ၇-မျိုးမှ ပြောင်းပြန်လှန်သောအားဖြင့် သိနိုင်သည်၊ အချုပ်မှာ သာသနာ ပျက်စီးခြင်းအကြောင်း ၇-မျိုး မဖြစ်စေအောင် စောင့်ထိန်းခြင်းဖြင့် သာသနာတည်တံ့ခြင်းအကြောင်း ၇-မျိုး ဖြစ်နိုင်သည်ဟု ဆိုလိုပေသည်။

ဤအကြောင်းကိုသိရလျှင် ဗုဒ္ဓဘာသာဝင် ရှင်လူအများတို့သည် ယင်းသာသနာ မပျက်မစီးတည်တံ့ခြင်းအကြောင်း ၇-မျိုးကို ပြုလုပ်ဆောင်ရွက်နိုင်စေရန် ကိမိလသုတ်မြန်မာပြန်ကိုလည်း ဤကျမ်း စာမျက်နှာ ၅၀-၌ ဖော်ပြထားပေသည်။

သီဟဝိလောကနနည်း။ ။သာသနာတော်ကြီး ယိမ်းယိုင် ပျက်စီးသွားကာ မတည်တံ့နိုင်ခြင်းအကြောင်းနှင့် သာသနာတော်ကြီး မပျက်မစီး အရှည်တည်တံ့ခြင်းအကြောင်းကို ဟောကြားတော်မူသော **ကိမိလသုတ်** မြန်မာပြန်ကို ဤကျမ်း အစပိုင်းမှာလည်းမပြ၊ အဆုံးပိုင်း၌လည်း မပြပဲ ကျမ်းအလယ်ပိုင်းမှာ ပြဆိုထားသည်မှာ **သီဟဝိလောကနနည်း**ဖြင့် ပြဆိုခြင်းဖြစ်သည်။

ပါဠိစာပေလောက၌ စာပေ၏ သဘောအဓိပ္ပာယ်ယူဆနည်းမှာ နဒီသောတနည်း မြစ်ရေစီးနည်း၊ မဏ္ဍုကဂတိကနည်း ဖားခုန်နည်း၊ သီဟဝိလောကနနည်း ခြင်္သေ့ကြည့်နည်းဟူ၍ နည်း ၃-မျိုးရှိသည်။

မြစ်ရေများသည် အညာမှ အကျေသို့ အစဉ်အတိုင်း စီးဆင်းသကဲ့သို့ အစဉ်အတိုင်း နောက်သို့လိုက်၍ ယူဆရသည့်နည်းသည် နဒီသောတနည်း ဖြစ်သည်။

ဖားသတ္တဝါသည် ရှေ့သို့ ခုန်ကျော်သွားသကဲ့သို့ ရှေ့သို့ လိုရာလိုရာမှာသာ ယူဆရသည့်နည်းသည် မဏ္ဍုကဂတိကနည်း ဖြစ်သည်။

ခြင်္သေ့သည် သွားလာသောအခါ ရှေ့ကိုလည်းကြည့်၍ နောက်သို့လည်း ပြန်၍ကြည့်ပြီး ဘေးပတ်ပန်းကျင်ကိုလည်း ကြည့်ရှုကာ မိမိအစာနှင့် မိမိရန်သူများကို သတိထား ကြည့်ရှုသကဲ့သို့ ရှေ့နောက် အစအဆုံးအားလုံး ခြုံယူရသောနည်းသည် သီဟဝိလောကနနည်း ဖြစ်သည်။

ဤကျမ်း၌လည်း သာသနာတော်သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကို ဖော်ပြဟောကြားသည့် ကိမိလသုတ် မြန်မာပြန်ကို ကျမ်းစာအလယ် စာမျက်နှာ ၄၉-၅၀လောက်မှာထား၍ ပြခြင်းသည် ၄၈-မှ ၁-ဟိုင်အောင် နောက်ပြန်၍လည်းကောင်း၊ စာမျက်နှာ ၅၁-မှ ၅၀၀-အထိ ရှေ့သို့ လိုက်၍လည်းကောင်း ကိမိလသုတ်အဓိပ္ပာယ်သဘောသို့ သွတ်သွင်းကာ သာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးကို ဖြစ်စေရန် ယူဆရသည်ဟု သိစေခြင်းငှာဖြစ်သည်။

မှန်ပေသည်--ဤဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကျမ်း၌ ပြဆိုသမျှ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများသည် ကိမိလသုတ်တော်လာ သာသနာတော် မတည်တံ့ပျက်စီးခြင်းအကြောင်း ဖြစ်သည့်--ဘုရား၊ တရား၊ သံဃာ၊ အကျင့်သိက္ခာ၊ သမာဓိ၊အပ္ပမာဒ၊ ပဋိသန္ထာရ၊ ဆက်ဆံရေးဟူသော တရား ၇-ပါးကို မရိုမသေ မကျိုးနွံခြင်းကို ပပျောက်စေရန် ရေးသားချက်များသာ ဖြစ်သည်။

သာသနာတော် မပျက်မစီးပဲ အရှည်တည်တံ့ခြင်းအကြောင်း ဖြစ်သည့်--ဘုရား၊တရား၊သံဃာ၊အကျင့်သိက္ခာ၊သမာဓိ၊အပ္ပမာဒ၊ပဋိသန္ထာရခေါ် စေ့စပ်ဆက်ဆံရေးဟူသောတရား ၇-ပါးကို ရိုသေကျိုးနွံခြင်းကို ဖြစ်စေရန် ရေးသားချက်များသာ ဖြစ်ပေသည်။ ထို့ကြောင့် ကိမိလသုတ်ကို အလယ်၌ထား၍ သီဟဝိလောကနနည်းဖြင့် ပြဆိုပေအံ့သည်။

ဤသို့စသည်ဖြင့် သာသနာတော်ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းကို ဤကျမ်း၌ ဖတ်ရှုလေ့လာနိုင်ပေသည်။

နိဂုံးဆုတောင်း။ ။ဤသို့လျှင် ဤဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို--

(က) လောကရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊

(ခ) ဓမ္မရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊

(ဂ) သံဃာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊

(ဃ) ဝိနယရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊

(င) သာသနာ့ရေးရာ၌ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း၊

အားဖြင့် နည်း ၅-မျိုးခွဲခြား၍ အကြောင်းအရာ ၂၂-မျိုးမျှ ဤနိဒါန်း၌ ရွေးထုတ် တင်ပြထားသည်ဖြစ်ပေရာ ဤမျှ ဖတ်ရှုရလျှင်ပင် **တထွာပြလျှင် တလံမြင်သည့်** ပညာရှင် စာရှုသူများသည် ဤကျမ်းသည် **နာမည်နှင့်** လိုက်အောင် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို ပြဆိုသည့်ကျမ်း ဖြစ်ကြောင်း ဆုံးဖြတ် သိမြင်နိုင်ကြလိမ့်မည်ဟု ယုံကြည်ကြပါသည်။

ယင်းသို့ ဆုံးဖြတ် သိမြင်နိုင်ကြလျှင်လည်း စိတ်ချလက်ချ ဤကျမ်းကို လေ့လာ ဖတ်ရှုကြပြီးလျှင် ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို တတ်သိ နားလည်ကြသောကြောင့်....ဤနိဒါန်းအစ၌ ဖော်ပြခဲ့သည့်အတိုင်း မြင်းစီးလို့မှ အထီး အမမှန်း မသိသူ၊ ယာဉ်စီးလို့မှ ခရီးစဉ်နှင့် ယာဉ်အကြောင်း မသိသူ၊သတိမမူ ဂူမမြင်သူ၊ အမှန်တခြား အသံတခြား၊အဟုတ်တခြား အလုပ်တခြား ဖြစ်နေသူများကဲ့သို့ မဖြစ်ကြပဲ ရယ်ဖွယ်၊ အံ့ဩဖွယ်၊ ဝမ်းနည်းဖွယ်၊ အဖြစ်များမှ ကင်းဝေးကာ ဗုဒ္ဓဘာသာဝင်ပြီပြီသသ ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နိုင်ကြပါစေသတည်း။

သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားပါစေသတည်း။

ဦးထွန်းလှိုင် (ဝိနယပါရဂူ)

ပရိယတ္တိသာသနဟိတဓမ္မာစရိယဝင်္သကာ၊
သာသနဓဇသိရီပဝရဓမ္မာစရိယသိရောမဏိ၊
စေတိယင်္ဂဏပရိယတ္တိဓမ္မာစရိယဂဏဝါစက။

မြောင်းမြမြို့

တိုက်သစ် ပဋ္ဌာနတာရုံ စာသင်တိုက်

ဆရာတော် အရှင်ကုမာရ

၏

ကျမ်းစာအုပ်များ

စာပေအမှတ် (၁) အလင်္ကာပန်းကုံး (ဒုတိယအကြိမ်)

〃 (၂) မာတိကာမာတိကတ္ထပန်းကုံး (ဒု-အကြိမ်)

〃 (၃) ယမကပန်းကုံး [ပထမတွဲ]

〃 (၄) 〃 [ဒုတိယတွဲ]

〃 (၅) ပဋ္ဌာနပန်းကုံး

〃 (၆) ကဗျာ့အုတ်မြစ် စနစ်သစ်

〃 (၇) အဘိဓမ္မတ္ထသင်္ဂဟပန်းကုံး

〃 (၈) ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

ပထမပိုင်း

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

မင်္ဂလာဆွမ်းကျွေးရန် စီစဉ်ခြင်း

"ဟော့မျိုးသန့် ခုထက်ထိ မထသေးဘူးလား"

"ထပါပြီ အဖေရယ်"

ဦးရာကျော်၏ အိမ်ဦးခန်းမှ တအား အော်နိုးလိုက်သောအသံကြောင့် မောင်မျိုးသန့်သည် အိပ်ရာမှလန့်နိုးကာ လူးလွန့်ထလာသည်၊ မျက်နှာသုတ်ပဝါ ရေခွက် သွားတိုက်ဆေးတို့ကို ယူလျက် မျက်နှာသစ်ရန် ထွက်သွားသည်။

"ဘယ့်နှယ် အိမ်ထောင်ဦးစီးလုပ်မဲ့လူက ဒီထိအောင် အိပ်နေရတယ်လို့၊ ဘာမှ ထထကြွကြွမရှိဘူး၊ ခုကာလသားသမီးတွေဟာ ဒါကြောင့် ခက်နေကြတာပဲ၊ ဘယ့်နှယ်လုပ် တိုးတက် ကြီးပွား နိုင်ကြမလဲ"

ဦးရာကျော်က အားမလို အားမရနှင့် လူကြီးပီပီ ဆက်လက်ပြောဆို မြည်တွန်နေသည်။

"ကလေးက ညဉ့်နက်အောင် ဩ့သည်တွေကို ဩ့ခံနေရတာနဲ့ အိပ်ရာဝင် နောက်ကျလို့ အိပ်ရာထ နောက်ကျတာ ဖြစ်ပါလိမ့်မယ်ရှင်"

ဒေါ်သဲနုက လက်ဖက်ရည်အိုးကို ယူလာချထားယင်း မောင်မျိုးသန့်ဘက်မှ ရှေ့နေလိုက်ကာ ကာကွယ် ပြောဆိုလိုက်သည်။

ဦးရာကျော် ဒေါ်သဲနုတို့သည် မြောင်းမြမြို့တဘက်ကမ်း ကွယ်လွယ်ရွာ၌ နေထိုင်ကြသည်၊ ဒေါ်သဲနုက ဟင်းသီးဟင်းရွက် ရောင်းသည်၊ ဦးရာကျော်က ကုတ္တိုသမွန် ခတ်သည်၊ ယင်းသို့ ရိုးရိုးကုပ်ကုပ် လုပ်ကိုင် စားသောက်လာခဲ့ကြသည်။

ယခုအခါမှာမူ ဒေါ်သဲနုကလည်း ဟင်းသီးဟင်းရွက် မရောင်းရတော့ပါ၊ ဦးရာကျော်ကလည်း ကုတ္တိုသမွန် မခတ်ရတော့ပါ၊ ခရီးသည်တင် ၂-ထပ် သင်္ဘောပိုင်ရှင်များ ဖြစ်နေကြပါပြီ။

သူတို့မှာ သားသမီးဟူ၍လည်း များများစားစား မထွန်းကားခဲ့ပါ၊ မောင်မျိုးသန့်တယောက်မျှသာ ထွန်းကားခဲ့ပါသည်၊ မောင်မျိုးသန့်ကလည်း တဦးတည်းသော သားပင် ဖြစ်စေကာမူ နွဲ့ဆိုး မဆိုးတတ်ပါ၊ အနေအထိုင် ရိုးသားသည်၊ မိဘစကားကို နားထောင်သည်၊ ပညာကို ကြိုးစားသည်၊ ဘီအက်စီဘွဲ့ကို ရသည့်အထိ ရန်ကုန်တက္ကသိုလ်၌ ပညာသင်ယူခဲ့သည်။

မောင်မျိုးသန့်ကို အိမ်ထောင် ချထားရန် မြောင်းမြမြို့ ၁၁-လမ်းနေ ဦးအင်ဖား ဒေါ်တင်ကြည်တို့၏သမီး မကြည်ဝင်းနှင့် စေ့စပ်ထားသည်၊ ယင်း မကြည်ဝင်းသည်လည်း ဘဝတူ သင်္ဘောပိုင်ရှင်၏သမီးပင် ဖြစ်သည်၊ ရိုးရိုး အေးအေး နေထိုင်တတ်သည်၊ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရပြီး ခေတ်ပညာတတ် အမျိုးသမီးတဦး ဖြစ်သည်၊ ဘာသာရေးကို စိတ်ပါဝင်စားသည်။

မြောင်းမြမြို့မှ သူငယ်ချင်းမိတ်ဆွေများက လာရောက်၍ မောင်မျိုးသန့်တို့ မင်္ဂလာဆောင် ကိစ္စအတွက် ဈာညီလုပ်ကိုင် ဆောင်ရွက် ပေးနေ ကြသည်၊ မောင်မျိုးသန့်ကလည်း အတော် ညဥ့်နက်အောင် ဧည့်ခံကျွေးမွေးနေရသည်၊ သူငယ်ချင်း မိတ်ဆွေများပြန်သွားမှ အိပ်ရာဝင်ရသည်၊ သို့အတွက် အိပ်ရာထ နောက်ကျရခြင်း ဖြစ်သည်။

မျက်နှာ သစ်ပြီးသည့်အခါ မောင်မျိုးသန့်က အဖေအမေများနှင့်အတူ လက်ဖက်ရည်ကြမ်း ဝင်သောက်နေသည်။

“မင်းတို့ မင်္ဂလာဆောင်မှာ လူတွေကို ကျွေးမွေးဧည့်ခံမှု မပြု လုပ်ခင် ဘုရားအလိုတော်ကျ သံဃာတော်တွေကို အယင်ကျွေးမွေး ရမယ်၊ သံဃာတော်ရဲ့ တရားကို နာယူရမယ်၊ ဒီတော့ နက်ဖြန် အရုဏ်ဆွမ်းအတွက် ဓမ္မိကာရုံကျောင်းက သံဃာတော် ၉-ပါး မင်းကိုယ်တိုင် သွားပင့်ရမယ်”

“ကျွန်တော်က ဘုန်းကြီးပင့်ဘူးတာမှ မဟုတ်ပဲ၊ ဘယ်လို ပင့်ရမယ်ဆိုတာ အဖေကလဲ ပြောပြဦးမှပေါ့”

“အေး... ပြောပြရတာပေါ့ကွာ၊ မင်းက ဆရာတော် ဦးဓမ္မိကဆီကို သွားပါ၊ သေချာစွာ ရှိခိုးဝပ်ချပါ၊ ပြီးတော့ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီပြီး နက်ဖြန် တန်ဆောင်မုန်းလဆန်း ၂-ရက် နံနက်

၅-နာရီအရောက် ဘုရားတပည့်တော်တို့အိမ်သို့ သံဃာတော် ၉-ပါး ဆွမ်းဘုဉ်းပေး ကြွတော်မူပါဘုရားလို့ လျှောက်ပေါ့ကွာ၊ ကျန်တာ တွေကိုတော့ ဆရာတော်က အမိန့်ရှိတဲ့အတိုင်း မင်းက အဆင် ပြေအောင် ရေလိုက်ငါးလိုက်ဆိုသလို လျှောက်ထားရုံပေါ့''

မောင်မျိုးသန့်လည်း အဖေက သင်ပေးလိုက်သည့်အတိုင်း ဓမ္မိကာရုံဆရာ တော် ဦးဓမ္မိကကို သွားရောက် လျှောက်ထားသည်။

''မင်းတို့ဆွမ်းကျွေးက ဘာကိစ္စအတွက် ကျွေးတာလဲ''

''တပည့်တော်တို့ရဲ့ မင်္ဂလာဆောင်ကိစ္စအတွက် ကျွေးတာပါ ဘုရား''

''ဒါဖြင့်ယင် နံနက် ၅-နာရီ သံဃာတော်များ ရောက်လာတဲ့အခါ သီလယူ တရားနာပြီး လှူဖွယ်ဝတ္ထုများကို ဆက်ကပ် ရေစက်ချ နိုင်အောင် အဆင်သင့် လုပ်ထားရမယ်၊ ကပ်တဲ့အခါမှာလဲပဲ သူများကို အကပ်မခိုင်းရဘူး၊ မင်းတို့ အလှူရှင်များဖြစ်ကြတဲ့ သတို့သားနဲ့ သတို့သမီးကိုယ်တိုင် ကပ်ကြရမယ်၊ ဒါမှလဲ သာဟတ္ထိကကုသိုလ် ဖြစ်နိုင်မယ်၊ နားလည်ရဲ့လား၊ မှတ်ကော မှတ်မိရဲ့လား''

''မှန်ပါဘုရား၊ နားလည်ပါတယ်၊ မှတ်မိပါတယ်''

ဆရာတော် ဦးဓမ္မိကသည် ပရိယတ်တာဝန်, ပဋိပတ်တာဝန် ၂-ပါးစုံကို ဘက်ညီအောင် ထမ်းဆောင် နေသော ပုဂ္ဂိုလ်ဖြစ်သည်၊ ဓမ္မိကာရုံကျောင်း တိုက်သို့ ရောက်လာခြင်းမှာလည်း ဦးရာကျော်၏ ပယောဂနှင့် မကင်းပါ။

ဦးရာကျော်သည် မြောင်းမြမြို့ တိုက်ကျောင်းဆရာတော် ဦးပညာ၏တပည့် ရင်း ဖြစ်သည်၊ ဆရာတော်ဦးပညာ၏ ဆုံးမဩဝါဒကို လိုက်နာသည်၊ ရတနာ ၃-ပါးကို စနစ်တကျ ဆည်းကပ် ကိုးကွယ်တတ်သည်၊ ဝိနည်းကျင့်ဝတ်နှင့် မညီသော ရဟန်းတော်များကို စွန့်ပယ်၍ ဝိနည်းကျင့်ဝတ်နှင့်အညီ ကျင့်ကြံ နေထိုင်သော ရဟန်းတော်များကို ဆည်းကပ် ကိုးကွယ်ရန် ဝန်လေးသူမျိုး မဟုတ်ပါ။

ဆရာတော် ဦးဓမ္မိက မရောက်ခင် ဓမ္မိကာရုံကျောင်းတိုက်၌ ဦးသောမ သီတင်းသုံး နေထိုင်ခဲ့သည်၊ ယင်းဦးသောမကား ပရိယတ်ကိုမဆိုထားဘိ မိမိ ကျင့်ရမည့် ဝိနည်းပဋိပတ်ကိုပင် ကောင်းစွာ ကျင့်သူမဟုတ်ပါ၊ ဂိုဏ်းဆရာ လိုလို ဆေးဆရာလိုလို လုပ်နေပါသည်၊ ရံခါ ဖိုရုံသို့ဝင်၍ ဖိုထိုးမှုကိုပင် ပြုလိုက်ပါသေးသည်၊ ဦးရာကျော်နှင့်တကွ ရပ်ရွာ လူကြီးများကလည်း ဦးသောမ၏ အလုပ်အကိုင်ကို သဘောမကျကြပါ၊ အဆုံးမှာ ဆေးလာကု နေသော ဒကာမတယောက်နှင့် မှားယွင်းဖောက်ပြား လူ့ဘောင်ကို ရောက် သွားပါတော့သည်။

ဦးသောမ မရှိသည့်နောက်ပိုင်းမှာ ရပ်ရွာလူထုက စုဝေးတိုင်ပင်ကြသည်၊ ဦးရာကျော်ထံမှလည်း အကူအညီတောင်းခံကြသည်၊ ဦးရာကျော်က ပခုက္ကူ မဟာဝိသုတာရာမတိုက်မှာ ပညာသင်နေသော ဦးဓမ္မိကကိုပင့်ရန် အကြံ ပေးသည်။

ဦးဓမ္မိကသည် မြောင်းမြတိုက်ကျောင်း ဆရာတော် ဦးပညာ၏ အဆက် အနွယ်ထဲက ဖြစ်သည်၊ ငယ်စဉ်သာမဏေဝတ်ဖြင့် ဆရာတော် ဦးပညာထံမှာ ဦးရာကျော်တို့နှင့်အတူ နေခဲ့ဘူးသည်၊ ဉာဏ်ထက်မြက်သည်၊ သဒ္ဓါတရား ရှိသည်၊ ဝိနည်းသိက္ခာကို ရိုသေလေးစားစွာ လိုက်နာ ကျင့်သုံးတတ်သည်၊ သာသနာပြုရန် စိတ်အားထက်သန်သူဖြစ်သည်၊ ဆရာတော်ဦးပညာမရှိသည့် နောက်ပိုင်းမှာ မန္တလေး, ပခုက္ကူတို့၌ ပညာသင်ယူနေသည်။

ဦးရာကျော်ကလည်း ဦးဓမ္မိကအကြောင်းကို ကောင်းကောင်း သိနား လည်ထားသည်၊ သို့ဖြင့် ''ခင်ဗျားတို့ ဘုန်းကြီးကောင်းလိုချင်ယင် ပခုက္ကူမှာ စာသင်နေတဲ့ ဦးဓမ္မိကကို ရအောင်ပင့်ကြပါ''ဟု အကြံပေးလိုက်သည်။

ဤသို့လျှင် ဦးရာကျော်၏ ညွှန်ကြားချက်ဖြင့် ရပ်ရွာလူကြီးများ၏ ပင့် လျှောက်ချက်အရ ဦးဓမ္မိကသည် ဓမ္မိကာရုံ ကျောင်းတိုက်သို့ ရောက်လာရ ပါသည်၊ ဆရာတော်ဦးဓမ္မိကသည် ဓမ္မိကာရုံ ကျောင်းတိုက်သို့ ရောက်သည့် အချိန်မှစ၍ ကျောင်းတိုက် အနေအထားနှင့် ရပ်ရွာလူထု၏ သဒ္ဓါတရားကို နှိုင်းချိန် စဉ်းစားလျက် ပရိယတ်ကို တဖြည်းဖြည်း တိုးချဲ့လက်ခံ၍ စာပေ ပို့ချလာခဲ့သည်၊ ပရိယတ်နှင့်တကွ မိမိကိုယ်တိုင် ဝိနည်းကျင့်ဝတ်ကို အတိ

အကျ လိုက်နာကျင့်သုံးနေထိုင်သည်၊ သဗ္ဗါတရား ခေါင်းပါး ကိုယ်ကျင့် ပျက်ပြားသူများကိုမူ လက်ခံထားလေ့မရှိပါ။

တန်ဆောင်မုန်းလဆန်း ၁-ရက်နေ့ ညနေ သံဃာတော်များ ဘုရားဝတ် ပြုပြီးချိန်မှာ ဆရာတော် ဦးဓမ္မိကကိုယ်တိုင် ဝတ်ပြုရာသိမ်အတွင်းသို့ ကြွရောက် လာသည်၊ ၂-ရက်နေ့ အရုဏ်ဆွမ်းစား လိုက်ပါရမည့် သံဃာတော်များ၏ စာရင်းကို ဖတ်ပြတော်မူသည်၊ စနစ်တကျသွားလာ စားသောက်ကြရန်လည်း လမ်းညွှန်တော်မူသည်။ ဩဝါဒပေးတော်မူသည်။

ဆရာတော် ဦးဓမ္မိကသည် အချိန်ကို ရိုသေလေးစားသည်၊ အချိန်နာရီ အတိုင်း တိတိကျကျအလုပ်လုပ်တတ်သည်၊ နံနက် ၅-နာရီ ထိုးသည်နှင့်တပြိုင် နက် ဦးရာကျော်တို့အိမ်သို့ ကြွရောက်လာသည်၊ ၅-ပါးသီလ ပေးပြီးလျှင် ဆွမ်းအနုမောဒနာတရား ဟောတော်မူသည်၊ လှူဖွယ်ဝတ္ထုများကို အကပ် ခိုင်းပြီး ရေစက်ချပေးလိုက်သည်၊ ပြီးမှ ဆွမ်းဘုဉ်းပေးတော်မူသည်။

ကပ္ပိပုံ

ဆရာတော် ဦးဓမ္မိကက ဆွမ်းဘုဉ်းပေးတော့မည်ဟု ဆွမ်းဝိုင်းကိုကြည့် လိုက်သည့်အခါ နံနံပင်များနှင့် ရှောက်သီးစိမ်းများကို တွေ့ရသည်။

''ဟေ့ မျိုးသန့် လာခဲ့အုံး၊ ဒါ နံနံပင်တွေ ရှောက်သီးစိမ်းတွေ မဟုတ်ဘူးလား''

''မှန်ပါ၊ ဟုတ်ပါတယ်၊ ဘာဖြစ်လို့ပါလဲဘုရား''

''မင်း တယ်ခက်တဲ့အကောင်ပဲ၊ ဘုန်းကြီးတွေက ဒါကို ဒီအတိုင်း မစားကောင်းဘူးကွ၊ ဘုန်းကြီးတွေ ဆိုတာဟာ စိုက်လို့ပျိုးလို့ရတဲ့ မျိုးစေ့ကစပြီး မြက်သစ်ပင်တွေကို မခုတ်မဖြတ်ကောင်းဘူး၊ မဖျက်ဆီး ကောင်းဘူး၊ ပြန်စိုက်လို့ ပေါက်နိုင်ရှင်နိုင်တဲ့ အပင်ဖြစ်စေ၊ သို့မဟုတ် စိုက်ပျိုးလို့ ပေါက်နိုင်တဲ့ အစေ့ပါတဲ့ အသီး အစေ့ဖြစ်စေ ဒီလို မျိုးစေ့သဘော သက်ရောက်နေတဲ့ အရာဝတ္ထုများကို စားချင်ယင် ကပ္ပိပြီးမှ စားရတယ်၊ ဒီတော့ မင်း ကပ္ပိတတ်သေးရဲ့လား''

''မတတ်တော့ပါဘုရား''

''ဒါဖြင့် ပြောတာကို ကောင်းကောင်း နားထောင်၊ တို့က 'ကပ္ပိယံ ကရောဟိ'လို့ ဆိုမယ်၊ မင်းက 'ကပ္ပိယံ ဘန္တေ'ဆိုပြီး အဲဒီ နံနံပင်ကို လက်သည်းနဲ့ ပေါက်အောင် ဆိတ်လိုက်၊ ဒါ ကပ္ပိတာပဲ၊ ဘာခက်လို့လဲ၊ လက်နဲ့တော့ ဆွဲမဖြတ်ရဘူး၊ မှတ်မိပလား''

''မှန်ပါဘုရား''

''ဒါဖြင့် လုပ်စမ်း ကပ္ပိယံ ကရောဟိ''

''ကပ္ပိယံ ဘန္တေပါဘုရား''

''ကိုင်း သွား ဟိုဝိုင်းကိုလဲ လုပ်ပေးလိုက်အုံး''

ဆရာတော် ဦးဓမ္မိကသည် ဆွမ်းဘုဉ်းပေးပြီးသည့်အခါ သတို့သားနှင့် သတို့သမီးများ ကျင့်သုံးလိုက်နာဖွယ်ရာ **သိင်္ဂါလောဝါဒသုတ်လာ** ကျင့်ဝတ်များနှင့် ပဋ္ဌဂုတ္တရပါဠိတော် **ဥဂ္ဂဟ**သုတ်လာ ကျင့်ဝတ်များကို ခေတ်နှင့် ဆီလျော်အောင် ဟောပြောပြသလျက် ကျောင်းကို ပြန်ကြွလာခဲ့သည်။

ပစ္စည်း ၄-ပါးဖြင့် ဖိတ်ပုံ

မင်္ဂလာဆောင်ကိစ္စပြီးသည့် နောက်ဘနေ့မှာ ဦးရာကျော်က သားနှင့် ချွေးမတို့ကို ဓမ္မိကာရုံကျောင်းတိုက်သို့ စေလွှတ်သည်၊ ဒေါ်သဲနုလည်း အဖော် အဖြစ် လိုက်ပါသွားရသည်။

''ဘုရားစကားတော်ကို လိုက်နာနေထိုင်တဲ့ ဘုန်းကြီးတွေကျတော့ ဒကာဒကာမတွေက လိမ္မာပါးနပ်မှ ဖြစ်တယ်၊ မင်းတို့က ဆရာတော် နှင့်တကွ သံဃာတော်များကို ပစ္စည်းလေးပါး ဖိတ်ထား ရမယ်၊ ဖိတ်မထားလို့ရှိယင် မင်းတို့လို ဆွေမျိုးမတော်တဲ့ လူများဆီမှာ သံဃာတော်များက ရေကိုပေါင်မှ တောင်းသောက်ကောင်းတာ မဟုတ်ဘူး''

''အဲဒီ ပစ္စည်း ၄-ပါး ဖိတ်တယ်ဆိုတာဟာ ဘယ်လိုဟာတဲ့လဲ အဖေရယ်၊ ဘယ်လို ဖိတ်ရမှာတဲ့လဲ''

"အေး မသိယင်လဲ အဖေက ပြောပြမှာပေါ့ကွာ၊ မင်းတို့ ၂-ယောက်လုံးက တပည့်တော်များထံမှာ အလိုရှိသော ပစ္စည်း ၄-ပါးကို အလိုရှိသောအခါ တောင်းခံတော်မူပါဘုရား၊ ကပ္ပိယ ဒါယကာအဖြစ်လဲ အသိအမှတ်ပြုတော်မူပါဘုရားလို့ လျှောက်ထား ရမယ်၊ ဒီလိုလျှောက်ထားမှလဲ ကိစ္စရှိတဲ့အခါ တောင်းလို့ ပြုလို့ ဖြစ် တယ်၊ မှတ်ကော မှတ်မိရဲ့လား ဖိတ်တတ်ပါ့မလား"

"ဒါလောက်ကိုတော့ မှတ်လဲ မှတ်မိပါတယ်၊ ဖိတ်လဲ ဖိတ်တတ် ပါတယ်"

"ပြီးတော့ မင်းတို့အိမ်ထောင်ဦးမှာ သံဃာတော်များ အတွက် လှူမယ်လို့ ရည်မှန်းထားတာတွေ ရှိသေးတယ် မဟုတ်ဘူးလား၊ အဲဒါတွေကိုကော အပ်စပ်အောင် လျှောက်တတ်ရဲ့လား"

"သံဃာတော်များအတွက် ငွေတထောင်လှူမယ်လို့ ရည်မှန်းထား ကြပါတယ်၊ လျှောက်တော့ မလျှောက်တတ်ပါဘူး"

"အရှင်ဘုရား တပည့်တော် မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့ထံ မှာ တထောင်တန် ပစ္စည်း ၄-ပါးကို သံဃာတော်များအတွက် အလှူခံတော်မူပါ၊ ကပ္ပိယကိုသော်လဲ ညွှန်ပြတော်မူပါ၊ လုံခြုံရာ အရပ်ကိုသော်လဲ ညွှန်ပြတော်မူပါလို့ လျှောက်ထားပေါ့၊ ဒါက သိပ်အရေးကြီးတယ်၊ မင်းတို့ လျှောက်ထားပုံ လွဲချော်သွားယင် သံဃာတော် အတွက်လဲ အပ်တော့မှာ မဟုတ်ဘူး၊ ဆရာတော်ကလဲပဲ လက်ခံမှာ မဟုတ်ဘူး၊ ဒါကြောင့် တိတိကျကျ စာနဲ့ ရေးမှတ်သွား ပေါ့"

ဦးချရှိခိုးပုံ

ဤသို့လျှင် ဦးရာကျော်၏ သင်ကြားစေလွှတ်ချက်အရ မောင်မျိုးသန့်တို့ ၃-ဦးသား ဓမ္မိကာရုံကျောင်းတိုက်ကိုရောက်သွားကြသည်၊ဆရာတော်ဦးဓမ္မိက ကို သွားရောက်ဦးချကြသည်၊ဆရာတော်ဦးဓမ္မိက ကလည်း သေချာစွာကြည့်ရှု နေသည်၊ မောင်မျိုးသန့်နှင့် ဒေါ်သဲနုတို့က ဦးရာကျော် သင်ပေးထားသည့်

အတွက် စနစ်တကျ ဦးချတတ်သည်၊ မကြည်ဝင်းကမူ စနစ်တကျ သင်ပြပေးမည့်သူ မရှိသည့်အတွက် ဌာန်ကရိုဏ်းကျအောင် ဦးမချတတ်သေးပါ။

"အေး ဒကာမလေး ဦးချတာ မမှန်သေးဘူး၊ တို့ဗုဒ္ဓဘာသာမြန်မာမှုမှာ 'ဦးချတယ်, ဦးခိုက်တယ်, ကန်တော့တယ်, ရှိခိုးတယ်' ဆိုတဲ့ စကား ၄-ခွန်းရှိတယ်၊ အနက်အဓိပ္ပာယ်က မထူးလှပါဘူး၊ အတူတူပဲဖြစ်တယ်၊ မြေနဲ့ ဒါမှမဟုတ်ယင် ကြမ်းနဲ့ နဖူးထိအောင် ဦးခေါင်းကိုညွတ်ခြင်း, ဦးခေါင်းကို မြေနဲ့ ဒါမှမဟုတ်ယင် ကြမ်းနဲ့ ထိခိုက်အောင် ပြုခြင်းလို့ အနက်အဓိပ္ပာယ်ထွက်တယ်၊ အဲဒီလို ပြုလုပ်အရိုအသေပေးတာမျိုးကိုပဲ ဦးချတယ် ဦးခိုက်တယ် ကန်တော့တယ် ရှိခိုးတယ်လို့ ခေါ်တယ်၊

"အဲဒီလို အရိုအသေပြုတဲ့အခါမျိုးမှာ လက် ၂-ဖက်ကို စုမထားရဘူး၊ ဦးခေါင်းချသာအောင် ခွဲထားရတယ်၊ ဒါမှလဲ မြေနဲ့ ကြမ်းနဲ့ ထိအောင် ဦးခေါင်း ကောင်းကောင်းညွတ်နိုင်မယ်၊

"ခုခေတ်မှာတော့ လက် ၂-ဖက်ကို စုယှက်ထားပြီး ဦးခေါင်းကိုလဲ ကောင်းကောင်း မညွတ်ကြဘူး၊ မြေနဲ့ကြမ်းနဲ့ ထိမှာတော့ ဝေးပါသေးရဲ့၊ လက်နဲ့တောင် မထိတဲ့အတွက် လက်ညှိုး ၂-ချောင်းကို ကော့ထောင်ပြီး နဖူးနဲ့ ထိပေးရလောက်အောင် မတ်ထားတတ်ကြတယ်၊ ဒါဟာ စနစ်ကျတဲ့ ဦးချခြင်းမျိုး ဦးခိုက်ခြင်းမျိုး ကန်တော့ခြင်းမျိုး ရှိခိုးခြင်းမျိုး မဟုတ်ဘူး၊

"ပဉ္စပတိဋ္ဌိတ = တည်ခြင်း ၅-ပါးဆိုတာနဲ့လဲပဲ မညီဘူး၊ အဲဒီတည်ခြင်း ၅-ပါးဆိုတာက ဒူး ၂ ဖက်ရယ် လက် ၂-ဖက်ရယ် နဖူးရယ် ဒီ ၅-မျိုးလုံးကို မြေမှာ ဒါမှမဟုတ်ယင် ကြမ်းမှာတည်နေစေရမယ်လို့ ဆိုလိုတယ်၊ 'ဥက္ကောင်းမြေထိ, ပြားပြားပ်မျှ, အတိဂါရဝ, ရိုသေခလျက်, ကုပ်ကွကျစ်လစ်, မြတ်ရှင်ချစ်အား, ပုဆစ်နှစ်ဖက်, စုံလက်-ပြိုင်ပူ, နဖူးထိပ်စ, ဦးနှိမ်ချပြီး, ပဉ္စပတိဋ္ဌ, ငါးလီမယွင်း, တည်ညွတ်ခြင်းဖြင့် အချင်းခပ်သိမ်း,ညွတ်ညွတ်တိမ်းမှ' ဒီလိုလဲ မဃဒေဝလင်္ကာ (ပုဒ်ရေ-၁၈)မှာ ဆိုထားပါတယ်၊ ဒကာမကြီး ဒေါ်သဲနုကလဲ ကိုယ့်ချွေးမကို ကောင်းကောင်း သင်ပေးထားမှပေါ့"

“မှန်လှပါဘုရား၊ နောက်တခါ ဒီလို မဖြစ်စေရပါဘူး၊ သင်ပေး ထားပါ့မယ်”

ဆရာတော် ဦးဓမ္မိကနှင့် ဒေါ်သဲနုတို့ စကားဆုံးသည်နှင့် တပြိုင်နက် မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့က ဦးရာကျော် သင်ပေးလိုက်သည့်အတိုင်း ဆရာတော်ဦးဓမ္မိကကို လျှောက်ထားကြသည်။

ဆရာတော်ဦးဓမ္မိက လည်း တထောင်တန်ဝတ္ထုအတွက် ဒေါ်သဲနုကိုပင် ကပ္ပိယ လွှဲအပ်လိုက်သည်၊ ဒေါ်သဲနုကလည်း “တပည့်တော်ထံမှာ တထောင် တန် အပ်စပ်သော ပစ္စည်းကို တောင်းတော်မူပါ ဘုရား”ဟု လျှောက်ထား သည်။ ထို့နောက် မှတ်သားဖွယ်ရာ တရားစကား ဆက်လက် ဟောကြား တော်မူသည်။

အမြတ်ဆုံးတရား ၆-ပါး[၁]

အေး… ကြုံကြိုက်တုန်း နဲနဲတော့ ပြောရအုံးမယ်၊ တို့က ဓမ္မကထိကတွေလို သွယ်သွယ်ဝိုက်ဝိုက် နားထောင် ကောင်းအောင်တော့ မပြောတတ်ဘူး၊ ဘုရားဟော စကားတော်ကိုပဲ တဆင့်ပြောပြမယ်။

၁။ အမြတ်ဆုံးအမြင်,
၂။ အမြတ်ဆုံးအကြား,
၃။ အမြတ်ဆုံးလာဘ်,
၄။ အမြတ်ဆုံးသင်ယူမှု,
၅။ အမြတ်ဆုံး လုပ်ကျွေးမှု
၆။ အမြတ်ဆုံး အောက်မေ့မှု-ရယ်လို့ အမြတ်ဆုံးတရား ၆ ပါး ရှိတယ်၊

၁။ အမြတ်ဆုံး အမြင်ဆိုတာဟာ ဘာလဲ။

ဒီလောကမှာ တချို့လူတွေက ဆင်ရတနာကိုလဲ သွားကြည့်တတ်ကြတယ်၊ မြင်းရတနာကိုလဲ သွားကြည့်တတ်ကြတယ်၊ ပတ္တမြားရတနာကိုလဲ သွားကြည့် တတ်ကြတယ်၊ မြတ်မြတ် ယုတ်ယုတ် ဘာပဲဖြစ်ဖြစ် တခုခုကို သွားကြည့်တတ်

၁။ အံ ပါ-၃-၂၈၆။ ၎င်း ဋ္ဌ-တ-၈၈၊ ၁၀၄။

ကြတယ်။ လှဲမှားတဲ့အယူကို ယူပြီး လွဲမှားတဲ့ အကျင့်ကို ကျင့်နေသူကိုသော်လဲ သွားကြည့်တတ်ကြတယ်။

အဲဒီ မြင်ခြင်းမျိုးဟာ အောက်တန်းကျတဲ့ မြင်ခြင်းမျိုးဖြစ်တယ်၊ ရွာသူရွာသားတွေရဲ့ အမြင်ဖြစ်တယ်၊ပုထုဇဉ်တို့ရဲ့ အမြင်ဖြစ်တယ်၊ မြတ်တဲ့အမြင်မျိုး မဟုတ်ဘူး၊ အကျိုးစီးပွားနဲ့စပ်ယှဉ်တဲ့ အမြင်မျိုး မဟုတ်ဘူး၊ ဝဋ်ဆင်းရဲဒြီးငွေ့ဖို့ရန် ရာဂစသည်ကင်းဖို့ရန် ချုပ်ဖို့ရန် ငြိမ်းအေးဖို့ရန်လည်းမဖြစ်နိုင်ဘူး၊ အဲဒီလိုမြင်ခြင်းမျိုးနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလဲ မရနိုင်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်မပြုနိုင်ဘူး။

အချို့ပုဂ္ဂိုလ်များကတော့ သဒ္ဓါတရားလဲ အပြည့်အဝရှိတယ်၊ ချစ်ခင်လေးစားမှုလဲ အပြည့်အဝရှိတယ်၊ ခိုင်ခိုင်မြဲမြဲလဲ ယုံကြည်တတ်တယ်၊ အတိုင်းတက်အလွန်လဲ ကြည်ညိုတတ်တယ်၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ ဘုရားရှင်ကိုသော်လဲ သွားရောက် ဖူးမြင်တတ်တယ်၊ ဘုရားရှင်ရဲ့ တပည့် သာဝကကို သော်လဲ သွားရောက်ဖူးမြင်တတ်တယ်၊အဲဒီပုဂ္ဂိုလ်ရဲ့ ဖူးမြင်ရခြင်းမျိုးကသာ အမြတ်ဆုံးသော အမြင်ဖြစ်ပေတယ်။

အဲဒီ အမြင်မျိုးကသာ သတ္တဝါများစင်ကြယ်ရန် စိုးရိမ်ရခြင်း၊ ငိုကြွေးမြည်တမ်းရခြင်းတို့ကို ကျော်လွန်ရန် ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတို့ချုပ်ရန် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရဖို့ရန် နိဗ္ဗာန်ကိုမျက်မှောက်ပြုဖို့ရန် ဖြစ်နိုင်ပေတယ်။

၂။ အမြတ်ဆုံး အကြားဆိုတာဟာ ဘာလဲ။

အချို့သော ပုဂ္ဂိုလ်များဟာ စည်သံကိုလဲ သွားနားထောင်တတ်တယ်၊ စောင်းသံကိုလဲ သွားနားထောင်တတ်တယ်၊ သီချင်းသံကိုလဲ သွားနားထောင်တတ်တယ်၊ ကောင်းကောင်းဆိုးဆိုး တမျိုးမျိုးသော အသံကိုသော်လဲ သွားနားထောင်တတ်တယ်၊ လွဲမှားတဲ့အယူကိုယူပြီး လွဲမှားတဲ့အကျင့်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်တဦးတယောက်ရဲ့ တရားစကားကိုသော်လဲ သွားနားထောင်တတ်တယ်။

အဲဒီ ကြားနာရခြင်းမျိုးဟာ အောက်တန်းကျတယ်၊ မြတ်တဲ့ ကြားနာရခြင်းမျိုးမဟုတ်ဘူး၊ အဲဒီလို ကြားနာရခြင်းမျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ မရနိုင်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်မပြုနိုင်ဘူး။

ပုဂ္ဂိုလ်တဦးတယောက်ကတော့ သဒ္ဓါတရားလဲအပြည့်အဝရှိတယ်၊ ချစ်ခင်လေးစားမှုလဲ အပြည့်အဝရှိတယ်၊ ခိုင်ခိုင်မြဲမြဲယုံကြည်မှုလဲရှိတယ်၊ အင်မတန်လေးမြတ်ကြည်ညိုမှုလဲ ရှိတယ်၊ အဲဒီပုဂ္ဂိုလ်က ဘုရားရှင်ရဲ့တရားစကားတော်ကို သွားရောက် ကြားနာတတ်တယ်၊ ဘုရားရှင် တပည့်သာဝကရဲ့ တရားစကားတော်ကို သွားရောက် ကြားနာတတ်တယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ ကြားနာရခြင်းမျိုးကသာ အမြတ်ဆုံးသော ကြားနာရခြင်းမျိုး ဖြစ်ပေတယ်။

အဲဒီလို ကြားနာရခြင်းမျိုးကသာ သတ္တဝါတွေကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်ခြင်း ငိုကြွေး မြည်တမ်းရခြင်းတို့ကို ကျော်လွန်စေနိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုစေနိုင်တယ်။

၃။ အမြတ်ဆုံး လာဘ်ဆိုတာ ဘာလဲ။

အချို့သော ပုဂ္ဂိုလ်များဟာ သားဆိုတဲ့ လာဘ်ကိုလဲ ရတတ်တယ်၊ မယားဆိုတဲ့ လာဘ်ကိုလဲ ရတတ်တယ်၊ ဥစ္စာဆိုတဲ့လာဘ်ကိုလဲ ရတတ်တယ်၊ ယုတ်ယုတ်မြတ်မြတ် အမှတ်မထား တပါးပါးသော လာဘ်ကိုသော်လဲ ရတတ်တယ်၊ အယူလွဲမှားနေသူတို့အပေါ်၌ ကြည်ညိုမှု (သဒ္ဓါတရား) ဆိုတဲ့ လာဘ်ကိုလဲ ရတတ်တယ်။

အဲဒီလာဘ်မျိုးဟာ အင်မတန် အောက်တန်းကျတယ်၊ မြတ်တဲ့လာဘ်မျိုး မဟုတ်၊ အဲဒီ လာဘ်မျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ မရနိုင်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက် မပြုနိုင်။

အချို့ပုဂ္ဂိုလ်တွေကတော့ သဒ္ဓါတရား အပြည့်အဝ ချစ်ခင်လေးစားမှု အပြည့်အဝနဲ့ ဘုရားရှင်အပေါ်မှာပဲဖြစ်ဖြစ်၊ ဘုရားရှင်ရဲ့တပည့်သာဝကအပေါ်မှာပဲဖြစ်ဖြစ် ယုံကြည်မှုသဒ္ဓါတရားဆိုတဲ့ လာဘ်ကိုရတတ်တယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ လာဘ်မျိုးကသာ အမြတ်ဆုံးလာဘ်မျိုး ဖြစ်ပေတယ်။

အဲဒီ လာဘ်ရခြင်းမျိုးကသာ သတ္တဝါတွေကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်ရခြင်း၊ ငိုကြွေးမြည်တမ်းရခြင်းတို့ကို ကျော်လွန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုတို့ကို ချုပ်ဆုံးစေနိုင်တယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက် ပြုစေနိုင်တယ်။

၄။ အမြတ်ဆုံး သင်ယူမှုဆိုတာ ဘာလဲ။

အချို့ ပုဂ္ဂိုလ်တွေဟာ ဆင်အတတ်ကိုလဲ သင်တာပဲ၊ မြင်းအတတ်ကိုလဲ သင်တာပဲ၊ ရထားအတတ်ကိုလဲ သင်တာပဲ၊ လေးအတတ်ကိုလဲ သင်တာပဲ၊ ကောင်းကောင်း ဆိုးဆိုး အတတ် တမျိုးမျိုးကိုတော့ သင်ကြတာပဲ၊ ပြီးတော့ အယူလွဲမှားနေတဲ့ ပုဂ္ဂိုလ်တွေရဲ့ အကျင့်ကိုလဲ သင်ယူကြတာပဲ။

အဲဒီ သင်ယူခြင်းမျိုးတွေဟာ အောက်တန်းကျတဲ့ သင်ယူခြင်းမျိုး ဖြစ်တယ်၊ မြင့်မြတ်အထက်တန်းကျတဲ့ သင်ယူခြင်းမျိုးမဟုတ်ဘူး၊ အဲဒီ သင်ယူခြင်းမျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ မရနိုင်ဘူး၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်မပြုနိုင်ဘူး။

အချို့သောပုဂ္ဂိုလ်တွေကတော့ သဒ္ဓါတရားအပြည့်အဝ ချစ်ခင်လေးစားမှု အပြည့်အဝနဲ့ လွန်ကဲတဲ့သီလ(အဓိသီလ)ကိုလဲ သင်ယူတယ်၊ လွန်ကဲတဲ့ သမာဓိ (အဓိစိတ္တ)ကိုလဲ သင်ယူတယ်၊ လွန်ကဲတဲ့ပညာ(အဓိပညာ) ကိုလဲ သင်ယူတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ သင်ယူခြင်းမျိုးကသာ အမြတ်ဆုံးသင်ယူခြင်းမျိုး ဖြစ်ပေတယ်။

အဲဒီသင်ယူခြင်းမျိုးကသာ သတ္တဝါတွေကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်ရခြင်း၊ ငိုကြွေးမြည်တမ်းရခြင်းတွေကို ကျော်လွန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတွေကို ချုပ်ဆုံးစေနိုင်တယ်၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်ပြုစေနိုင်တယ်။

၅။ အမြတ်ဆုံး လုပ်ကျွေးမှုဆိုတာ ဘာလဲ။

အချို့သော ပုဂ္ဂိုလ်တွေဟာ မင်းကိုလဲ လုပ်ကျွေးကြတယ်၊ ပုဏ္ဏားကိုလဲ လုပ်ကျွေးကြတယ်၊ သဌေးသူကြွယ်ကိုလဲ လုပ်ကျွေးကြတယ်၊ မြတ် ယုတ် မဟူ တယောက်ယောက်သော သူကိုသော်လဲ လုပ်ကျွေးတတ်ကြတယ်၊ အယူလွဲမှား နေသူကိုသော်လဲ လုပ်ကျွေးတတ်ကြတယ်၊အဲဒီလုပ်ကျွေးခြင်းမျိုးဟာ အောက်တန်းကျတဲ့ လုပ်ကျွေးခြင်းမျိုး ဖြစ်တယ်၊ မွန်မြတ် အထက်တန်းကျတဲ့ လုပ်ကျွေးခြင်းမျိုးမဟုတ်ဘူး၊ အဲဒီလို လုပ်ကျွေးခြင်းမျိုးနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ကိုလဲ မရနိုင်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက်မပြုနိုင်ဘူး။

တဦးတယောက်သော ပုဂ္ဂိုလ်ကတော့ သဒ္ဓါတရား အပြည့်အဝ ချစ်ခင် လေးစားမှု အပြည့်အဝနဲ့ ဘုရားကို လုပ်ကျွေးမယ်၊ ဒါမှမဟုတ် ဘုရားရဲ့

တပည့်သာဝကတွေကို လုပ်ကျွေးမယ်ဆိုယင် အဲဒီပုဂ္ဂိုလ်ရဲ့ လုပ်ကျွေးခြင်းမျိုးကသာ အမြတ်ဆုံး လုပ်ကျွေးခြင်းမျိုး ဖြစ်ပေတယ်။

အဲဒီလုပ်ကျွေးမှုမျိုးကသာ သတ္တဝါတွေကို စင်ကြယ်စေနိုင်တယ်၊ စိုးရိမ်ခြင်း, ငိုကြွေး မြည်တမ်းခြင်းတို့ကို ကျော်လွန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုတွေကို ချုပ်ဆုံးစေနိုင်တယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲ မျက်မှောက် ပြုစေနိုင်တယ်။

၆။ အမြတ်ဆုံး အောက်မေ့မှုဆိုတာ ဘာလဲ။

ပုဂ္ဂိုလ် တဦးတယောက်ဟာ သားသမီးရမှုကိုလဲ အောက်မေ့တတ်တယ်၊ မယားရမှုကိုလဲ အောက်မေ့တတ်တယ်၊ ဥစ္စာရမှုကိုလဲပဲ အောက်မေ့တတ်တယ်၊ ကောင်းဆိုး (ယုတ်မြတ်) နှစ်ပြား တစုံတရာရမှုကိုလဲ အောက်မေ့တတ်တယ်၊ လှဲလှဲမှားမှား ကျင့်နေသူ တဦးတယောက်ကိုသော်လဲ အောက်မေ့တတ်တယ်။

အဲဒီ အောက်မေ့မှုမျိုးဟာ အောက်တန်းကျတဲ့ အောက်မေ့မှုမျိုး ဖြစ်တယ်၊ မွန်မြတ်အထက်တန်းကျတဲ့ အောက်မေ့မှုမျိုးမဟုတ်၊ အဲဒီလို အောက်မေ့ခြင်းမျိုးနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုလဲ မရနိုင်၊ နိဗ္ဗာန်ကိုလဲပဲ မျက်မှောက် မပြုနိုင်ဘူး။

ပုဂ္ဂိုလ်တဦးတယောက်ကတော့ သက်ဝင်တဲ့ သဒ္ဓါတရားလဲ ရှိတယ်၊ သက်ဝင်တဲ့ ချစ်ခင်လေးစားမှုလဲ ရှိတယ်၊ ခိုင်ခိုင်မြဲမြဲ ယုံကြည်မှုလဲ ရှိတယ်၊ အတိုင်းထက်အလွန် လေးမြတ်ကြည်ညိုမှုလဲ ရှိတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ မြတ်စွာဘုရားကို ထပ်ဖန်တလဲလဲ အောက်မေ့မယ်၊ ဒါမှမဟုတ်ယင် မြတ်စွာဘုရားရဲ့ တပည့်သာဝကတွေကို ထပ်ဖန်တလဲလဲ အောက်မေ့မယ်ဆိုယင် အဲဒီပုဂ္ဂိုလ်ရဲ့ အောက်မေ့မှုမျိုးကသာ အမြတ်ဆုံးအောက်မေ့မှုမျိုး ဖြစ်ပေတယ်။

အဲဒီလို အောက်မေ့မှုမျိုးကသာ သတ္တဝါတွေကို စင်ကြည်စေနိုင်တယ်၊ စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်းတို့ကို ကျော်လွန်စေနိုင်တယ်၊ ကိုယ်ဆင်းရဲမှု, စိတ်ဆင်းရဲမှုတွေကို ချုပ်ဆုံးစေနိုင်တယ်၊ မဂ်ဉာဏ်ဖိုဉာဏ်ကိုလဲ ရစေနိုင်တယ်၊ နိဗ္ဗာန်ကိုလဲပဲ မျက်မှောက် ပြုစေနိုင်တယ်။

အဲဒီလို ဘုရားရှင်က ဟောကြား ထားတယ်၊ ဒီတော့ကာ မင်းတို့တတွေ ဟာ အဲဒီအမြတ်ဆုံးတရား ၆-ပါးထဲက ဘယ်နှစ်ပါးနဲ့ပြည့်စုံနေတယ်ဆိုတာကို ဒီနေရာမှာပဲ စစ်တမ်းထုတ်ကြည့်သင့်တယ်။

၁။ မင်းတို့တတွေဟာ ဘုရားရှင်ရဲ့ တပည့်သာဝကဖြစ်တဲ့ ရဟန်းတော် သံဃာတော်တွေကို မနေ့ကရော ဒီနေ့ပါ ဖူးမြင်ကြရပြီမဟုတ်လား၊ ဒါဟာ အမြတ်ဆုံးအမြင်ပေါ့။

၂။ ပြီးတော့ ဘုရားရှင်ရဲ့ တပည့်သာဝကဖြစ်တဲ့ တို့က ဟောကြားတဲ့ တရားစကားကိုလဲပဲ မနေ့ကရော ဒီနေ့ပါ ကြားနာကြရပါပြီ၊ ဒါကတော့ အမြတ်ဆုံး အကြားပေါ့။

၃။ ပြီးတော့ ဘုရားရှင်ရဲ့ တပည့်သာဝကဖြစ်တဲ့ ရဟန်းတော်များ သံဃာတော်များ အပေါ်မှာ ယုံကြည်မှု သဒ္ဓါတရားကိုလဲ ရကြပြီ မဟုတ်လား၊ ဒါကတော့ အမြတ်ဆုံး လာဘ်ပေါ့။

၄။ ပြီးတော့ တို့ဆီကပဲ မှန်မြတ်တဲ့အကျင့်သီလ စသည်ကိုလဲပဲ သင်ယူကြ ရပြီ၊ ဒါကတော့ အမြတ်ဆုံး သင်ယူမှုပေါ့။

၅။ မနေ့ကလဲပဲ သံဃာတော်တွေကို ပင့်ဖိတ်ပြီး ဆွမ်းကျွေး၊ ဒီနေ့မှာ လဲပဲ သံဃာတော်အတွက် ရည်မှန်းလှူဒါန်း၊ ဒါတွေကတော့ အမြတ်ဆုံး လုပ်ကျွေးမှုမျိုးပေါ့။

၆။ ပြီးတော့ ဘုရားရှင်ရဲ့ဂုဏ်တော်တွေ သံဃာတော်ရဲ့ဂုဏ်တော်တွေကို အောက်မေ့နေကြတာ ထပ်ဖန်တလဲလဲ သတိရ နေကြတာကတော့ အမြတ်ဆုံး အောက်မေ့မှုမျိုးပေါ့။

ဒီတော့ မင်းတို့တတွေဟာ ဒီနေ့ ဒီအချိန်မှာ အမြတ်ဆုံးတရား ၆-ပါး လုံးကို အပြည့်အဝရနေပြီဆိုတာ သတိပြုကြရမယ်၊ အဲဒီလို အမြတ်ဆုံးတရား ၆-ပါးနဲ့ ပြည့်စုံသည်အားလျော်စွာ အမြတ်ဆုံးနိဗ္ဗာန်ကိုရအောင် ဆက်လက် ကြိုးစား အားထုတ်နိုင်ကြပါစေသော။

မင်္ဂလာဆွမ်းကျွေးပွဲ

တန်ဆောင်မုန်းလဆန်း ၅-ရက်နေ့မှာ မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့ မင်္ဂလာဆောင်အတွက် မြောင်းမြမြို့ ၁၁-လမ်း ဦးအောင်ဖွား ဒေါ်တင်ကြည်တို့ အိမ်၌ သံဃာတော်များနှင့် လူပရိသတ်ကိုပါ ဖိတ်ခေါ်၍ ကျွေးမွေးကြပြန်သည်။

မြို့ပေါ်မှ သံဃာတော်များကို အရုဏ်ဆွမ်း ပင့်ကျွေးကြသည်၊ နေ့ဆွမ်း တွက်ကိုမူ ဓမ္မိကာရုံကျောင်း သံဃာတော်များကို ပင့်ထားကြသည်။

ဆရာတော် ဦးဓမ္မိကသည် နောက်လိုက် နောက်ပါ သံဃာတော်များနှင့် အတူ ပင့်ထားသည့်အတိုင်း ၁၀-နာရီခွဲ အချိန်မှာ ကြွရောက်လာသည်၊ သီလ ပေး ဆွမ်းအနုမောဒနာတရား ဟောပြီးမှ လှူဖွယ်ဝတ္ထုများကို အလှူခံ၍ "ရေစက်ချတယ်ဆိုတာ အလှူရှင်ရဲ့တာဝန် ဖြစ်တယ်၊ ရှေးက ဝေဿန္တရာ မင်းကြီး ဆင်ဖြူတော်ကိုလှူပြီး ရွှေကရားနဲ့ ကိုယ်တိုင် ရေစက်ချတယ်၊ မြတ်စွာ ဘုရား သက်တော်ထင်ရှား ရှိစဉ်ကလဲ ဗိမ္ဗိသာရမင်းကြီးက ဝေဠုဝန်ဥယျာဉ် ကြီးကို ကိုယ်တိုင် ရွှေကရားကို ကိုင်ပြီး မြတ်စွာဘုရားအား ရေစက်ချလှူတယ်၊ အဲဒါတွေကို ထောက်ပြီး အလှူရှင်ဟာ ကိုယ်တိုင် ရေစက်ချတာ တစ်နံပါတ် အကောင်းဆုံးပဲ၊မင်းတို့ကိုယ်တိုင် ရေစက်ချတတ်အောင် ကြိုးစားကြ၊ အလှူရှင် မတတ်ယင် ဘုန်းကြီး ရှေ့က ဆိုပေးပြီး အလှူရှင်က နောက်က လိုက်ဆိုယင် နှစ်နံပါတ်အဖြစ် တော်သေးတယ်၊ အလှူရှင်က ဘာမှမဆိုပဲ ဘုန်းကြီးကချည်း ဆိုသွား၍ ရေစက်ချတာကတော့ မကောင်းလှဘူး။ ကဲ....ဒီတခါတော့ မင်းတို့ မတတ်ယင် ဘုန်းကြီးက ရှေ့ကဆိုပေးမယ်၊ လိုက်ဆိုကြ"ဟု မိန့်ကြားတော် မူကာ ရေစက်ချပေးလိုက်သည်။

ဆွမ်းကပ်မည် လုပ်သော အခါ ပြင်ထားသောခုံက အဆမတန်ကြီးနေ သည့်အတွက် တခွက်ချင်းကပ်ရန် ဆရာတော် ဦးဓမ္မိကက ညွှန်ကြားတော် မူသည်၊ ကျောက်ကာခွက်များနှင့် ပြင်ထားသော လက်ဖက်စိုများကိုလည်း အခြားခွက်များနှင့် လဲလှယ်စေ၍ အကပ်ခိုင်းသည်။

"နံနက် အရုဏ်ဆွမ်းစားကြွလာတဲ့ ဘုန်းကြီးများကိုလဲ ဒီခုံတွေ ဒီခွက်တွေနဲ့ ကပ်တာပဲ၊ ဘာမှ အမိန့်မရှိကြပါဘူး၊ ဒီအတိုင်း ဘုဉ်းပေးသွားကြတာပါပဲ"

ဒါယကာတယောက်က ကြားဖြတ် ပြောဆိုလိုက်သည်၊ ယင်းစကားကို ကြားရသည့်အခါ ဆရာတော် ဦးဓမ္မိကက နံနက်ဆွမ်းဘုဉ်းပေးသွားသော ဘုန်းကြီးများကိုလည်း မထိခိုက်ရအောင် မိမိ အလိုရှိသည့်အတိုင်းလည်း အဆင်ပြေအောင် ပြောဆိုမိန့်ကြားရပါတော့သည်။

"ဒါယကာတို့ ဆွမ်းကပ်တာက အခု ဒီဘုန်းကြီးများ ဘုဉ်းပေးရအောင် ကပ်တာလား၊ ဒါမှမဟုတ်ယင် မနက်က ကြွလာတဲ့ ဘုန်းကြီးများ ဘုဉ်းပေးရအောင် ကပ်တာလား"

"အရှင်ဘုရားများဘုဉ်းပေးရအောင် ကပ်တာပါ အရှင်ဘုရား"

"အေး-တို့ဘုဉ်းပေးရအောင် ကပ်ယင် တို့ညွှန်ကြားတဲ့အတိုင်း လုပ်ပေးရုံပေါ့၊ ဘာတွေများ ထွေရာလေးပါး ပြောနေစရာလိုသေးသလဲလို့"

မောင်မျိုးသန့်တို့ဇနီးမောင်နှံကလည်း ဆရာတော်ဦးဓမ္မိကညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်လုပ်ကိုင်ပေးနေကြသည်၊ ထို့နောက် မောင်မျိုးသန့်ရော မကြည်ဝင်းပါ ဟင်းချိုင့်ကိုယ်စီနှင့် သံဃာတော်များကို ဟင်းလိုက်ပေးနေကြသည်။

မကြည်ဝင်းက ဆရာတော် ဦးဓမ္မိကတို့ ဘုဉ်းပေးနေသော ဆွမ်းဝိုင်းအလယ် ဟင်းချိုခွက်ထဲကို ဟင်းလိုက်ထည့်ပေးသည်၊ ဟင်းလိုက်သည့် ဇွန်းကို ပြန်ရုတ်သိမ်းလိုက်သည့်အခါ ဇွန်းမှာ ကပ်ပါလာသော ဟင်းစက်များဘေးက ဟင်းတခွက်ပေါ်သို့ ကျသွားသည်၊ ဆရာတော် ဦးဓမ္မိကက ယင်းအစက်ကျသွားသောဟင်းခွက်ကို ချက်ချင်းပြန်အကပ်ခိုင်းသည်။

မောင်မျိုးသန့်က ဒါတွေကို အကုန်လုံးမှတ်သားထားသည်၊ ဆရာတော်ဦးဓမ္မိက၏ ပြုမူလုပ်ကိုင်သမျှမှာ မောင်မျိုးသန့်အတွက် ပဟေဠိဆန်ဆန် ဖြစ်နေပါတော့သည်၊ သို့သော် လူပရိသတ်အလယ်၌ ဘာတခုမျှမေးမြန်းလျှောက်ထားမှုကို မပြုခဲ့ပါ။

ဆွမ်းကိစ္စပြီးသည့်အခါ ဆရာတော် ဦးဓမ္မိကတို့ ကျောင်းကို ပြန်ကြွသွားကြသည်၊ မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့ကမူ ညှော်ပရိသတ်ကို ကျွေးမွေးညှော်ခံနေကြရသည်၊ အိမ်ကိုမပြန်နိုင်ကြသေးပါ။

အင်္ကျီလက်ပြတ်နဲ့ အင်္ကျီပါး

ညနေ ၂-နာရီလောက် ဧည့်ပရိသတ်စဲသွားသည့်အခါ မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့ကလည်း ဓမ္မိကာရုံကျောင်းအတွက် လှူဖွယ် တန်းရန်များကို ယူဆောင်၍ ပြန်လာကြသည်၊ ၁၁-လမ်းထိပ်မှာ သမ္ဘန်ကြုံတွေ့သည့်အတွက် အိမ်ကိုမဝင်တော့ပဲ ဓမ္မိကာရုံကျောင်းကို တဆက်တည်း လိုက်ပါသွားကြသည်။

"အေး မင်းဝတ်လာတဲ့အင်္ကျီနဲ့တို့ဆရာတော်နဲ့ ဒီနေ့တော့ တွေ့ကြရာပေါ့ကွာ"

မြစ်လယ်လောက်ရောက်သည့်အခါ မောင်မျိုးသန့်က မကြည်ဝင်း ဝတ်လာသောအင်္ကျီကို သတိထားကြည့်ရှု၍ ပြောဆိုလိုက်ခြင်းဖြစ်သည်။

"ဒီအင်္ကျီမျိုးကို မောင်တို့ဆရာတော်က ဘာလုပ်တတ်လို့လဲ"

မကြည်ဝင်းက တကယ့်ကို မသိနားမလည်သေးသည့်အတွက် မိမိဝတ်လာသောအင်္ကျီကို ညာဘက်လက်ဖြင့်ကိုင်ပြလျက် ပြန်မေးလိုက်သည်။

"အေး-တို့ဆရာတော်က အခု မင်းဝတ်လာတဲ့ အင်္ကျီလက်ပြတ်မျိုးတွေ အင်မတန်ပါးလွှာတဲ့ အင်္ကျီတွေကိုဝတ်ပြီး ကျောင်းထဲကိုလာတဲ့ အမျိုးသမီးတွေကိုတွေ့ယင် သိပ်ဆူမပေါ့၊ အလာကိုမခံဘူး"

"ဒါဖြင့် ဘယ့်နှယ်လုပ်ကြမလဲ"

"ခုမှတော့ ဘာမှလုပ်မနေနဲ့တော့၊ ဆရာတော်ကို စောင်းပန်လျှောက်ထားရုံအပြင် ဘာမှမလုပ်တတ်တော့ဘူး၊ ဆူယင်လဲ ငုံ့ခံကြရုံပဲရှိတော့တာပေါ့"

ယင်းသို့ ပြောယင်းဆိုယင်း မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့သည် သမ္ဘန်သယ်ဆောင်ရာ လိုက်ပါလာကြလျက် ကျောင်းနားဆိပ်ကမ်းကို ရောက်လာကြသည်၊ လှူဖွယ်တန်းရန်များကို ယူဆောင်ကာ သမ္ဘန်ပေါ်မှဆင်းလျက် ကျောင်းကို တက်သွားကြသည်။

သို့သော် ဆရာတော်ဦးဓမ္မိကနှင့်ကား တွေ့ခွင့်မရသေးပေ၊ စာဝါမပြီးသေးသည့်အတွက် အတော်ကြာအောင် စောင့်ဆိုင်းနေကြရသည်၊ စာဝါ

ပြီးသည့်အခါ ဆရာတော် ဦးဓမ္မိကက ညွှန်ကြားကိုကြွလာသည်၊ ထိုအချိန်ကျမှ တွေ့ကြရပါတော့သည်။

မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့က ရှိခိုးဦးချ၍ နေသားတကျ ထိုင်မိလျှင်ပင် ဆရာတော် ဦးဓမ္မိကက မကြည်ဝင်း၏ အင်္ကျီလက်ပြတ်ကိစ္စကို စတင်ပြောဆိုပါတော့သည်။

''ဒကာမလေး ဝတ်လာတဲ့အင်္ကျီက မလုံမလဲသဘောမျိုး သက်ရောက်နေတယ်၊ ဒီလို မလုံမလဲ ဝတ်စား သွားလာနေတဲ့ မာတုဂါမတွေကို တွေ့ရတဲ့အခါ ရဟန်းတော်များမှာ တဏှာရာဂ ဖြစ်ပေါ်လာတတ်တယ်၊ အဲဒီ ဖြစ်ပေါ်လာတဲ့ တဏှာရာဂကို မနှိပ်ကွပ်နိုင်လို့ရှိယင် ရဟန်းဘဝက လူ့ဘဝကို ရောက်သွားသည်အထိ ဆိုးရွားလာတတ်ပါတယ်၊ ဒါကို ဘုရားရှင်က 'ငါးဆိုး ငါးကြမ်းဘေး' ဆိုပြီး ဟောထားခဲ့တယ်၊တို့ကလဲ ရဟန်းငယ်တွေ၊ရှင်ငယ်တွေ၊ပရိသတ်တွေနဲ့ နေရလေတော့ အဲဒီ ငါးဆိုး ငါးကြမ်း ဘေးကြီး မမိအောင် 'အမျိုးသမီးတွေ ကျောင်းဝင်းထဲကို လာတဲ့အခါမှာ အင်္ကျီလက်ပြတ်တွေ အင်မတန်ပါးလွှာတဲ့ အင်္ကျီတွေကိုဝတ်ပြီး မလာကြရ' လို့ ဘုန်းကြီးကိုယ်တိုင်က တားမြစ်ထားတယ်''

''ဒီတကြိမ်တော့ သည်းခံတော်မူပါဘုရား၊ နောင်ကို ဒီလိုဝတ်စားပြီး မလာရန် တာဝန်ယူပါတယ်ဘုရား ဘုရားတပည့်တော်မကလဲ နဂိုက မသိ နားမလည်တာ အမှန်ပါဘုရား၊ မြစ်လယ်လောက်ရောက်မှ ကိုမျိုးသန့်က ပြောပြလို့ သိရပါတယ်ဘုရား၊ ဘယ်လိုမှ မလုပ်တတ်တာနဲ့ ဒီအတိုင်း လာခဲ့ရပါတယ်ဘုရား''

''အေးအေး— ဒီလိုဆိုယင်လဲ ပြီးတာပါပဲ၊ မင်းတို့ သာသနာပြုမဲ့ ဒကာ ဒကာမတွေက သူများထက် ပိုပြီး သတိထားရမယ်''

ဆွမ်းပွဲခုံကြီးကို တခွက်ချင်း ကပ်ရပုံ

''ဆရာတော်ဘုရား ခွင့်ပြုမယ်ဆိုယင် တပည့်တော် နားမလည်တာတွေကို နည်းနည်းပါးပါး လျှောက်ထားလိုပါတယ်ဘုရား''

မကြည်ဝင်း၏ အင်္ဂလိပ်ပြတ်ကိစ္စ ပြီးပြတ်သွားသည့်အခါ မောင်မျိုးသန့်က အရှုဏ်ဆွမ်း နေ့ဆွမ်းကပ်စဉ်က တွေ့ကြုံလာရသော မိမိအတွက် ပဟေဠိဆန်နေသည့် ကိစ္စများ လျှောက်ထားရန် ခွင့်ပန်လိုက်သည်။

"အေး - မင်းသိလိုတာ ရှိယင် လျှောက်ထားနိုင်တယ်၊ တို့က လျှောက်ထားသူ မရှိပဲနဲ့တောင်မှ ပြောပြောနေရသေးတာပဲ"

"နေ့လယ် ဆွမ်းကပ်တုန်းက ခါတိုင်းလို ခုံလိုက် အကပ်မခံပဲ တခွက်ချင်း အကပ်ခံဘာဟာ ဘာကြောင့်ပါလဲဘုရား"

"အဲဒါတွေကို မင်းတို့ ဒကာတွေ ဒကာမတွေလဲ သိထားသင့်တာပေါ့၊ တို့ဘုန်းကြီးတွေ ဆိုတာဟာ ကိုယ်ပိုင်ပစ္စည်းဖြစ်ပေမဲ့ အကပ်မခံပဲ မစားကောင်းဘူး၊ ကပ်တယ်ဆိုတာဟာလဲကွာ အထူးအဆန်းတော့ မဟုတ်ပါဘူး၊ လူပြောပြောရယင် ပေးတာပါပဲ၊ အဲဒီတော့ ပေးတဲ့အခါမှာ--

၁။ ပေးမဲ့လူက ရှေးရှုယူလာရမယ်၊

၂။ ပေးမဲ့လူက ခံယူမဲ့ရဟန်းရဲ့ ၂-တောင့်တထွာအတွင်းကို ရောက်နေစေရမယ်၊

၃။ ပေးမဲ့ဝတ္ထုကလဲပဲ အားအလတ်စားရှိတဲ့ လူ မြှောက်နိုင်တဲ့ ဝတ္ထုဖြစ်စေရမယ်။

၄။ ပေးတဲ့လူက ကိုယ်နဲ့ဖြစ်စေ၊ ကိုယ်နဲ့စပ်နေတဲ့ (ကိုယ်ထားတဲ့) ခွက်စသည်နဲ့ဖြစ်စေ၊ ပစ်လွှင့်လို့ဖြစ်စေ ဒီ ၃-မျိုးထဲ တမျိုးမျိုးနဲ့ ပေးရမယ်၊

၅။ ခံယူတဲ့ရဟန်းက ကိုယ်နဲ့ဖြစ်စေ, ကိုယ်နဲ့စပ်နေတဲ့ (ကိုင်ထားတဲ့) ဇွန်းစသည်နဲ့ဖြစ်စေ၊ ဒီ ၂-မျိုးထဲက တမျိုးမျိုးနဲ့ ခံယူရမယ်၊ ဒီ ၅-ချက်လုံးနဲ့ ပြည့်စုံညီညွတ်မှ အပေးမြောက်တယ်၊ အကပ်မြောက်တယ်၊

"ဒီတော့ မင်းလဲ စဉ်းစားကြည့်ပေါ့၊ မင်းတို့ပြင်ထားတဲ့ ခုံကြီးက အား အလတ်စားရှိတဲ့လူ မြှောက်နိုင်ပါ့မလား"

"မမြှောက်နိုင်ပါဘုရား၊ ၂-ယောက်တောင် အတော် မ,ယူရပါတယ်" ၁၅၆၅၆

"အေး ဒါကြောင့် တခွက်ချင်း အကပ်ခိုင်းရတာပေါ့၊ နားလည် ပြီလား၊ သဘောကျရဲ့လား"

"နားလည်ပါတယ်၊ သဘောကျပါတယ် ဘုရား"

"ဒါဖြင့် တပည့်တော်မ ဟင်းလိုက်တဲ့အခါ ဘေးက ဟင်းခွက် တခွက်ကို ပြန်အကပ်ခိုင်းတာကော ဘာသဘောပါလဲဘုရား"

မကြည်ဝင်းကလည်း မိမိစိတ်ထဲမှာ မတင်မကျ ဖြစ်နေသော အချက်ကို ထပ်ဆင့်လျှောက်ထားပြန်သည်။

"ဒါယိကာမကလေးက ဟင်းလိုက်တဲ့အခါ ဇွန်းကိုပြန်အရုတ်မှာ အဲဒီ ပြန်အကပ်ခိုင်းတဲ့ ဟင်းခွက်ထဲကို ဟင်းရည်စက် ကျသွားတာ ကိုကော သတိထားမိရဲ့လား"

"သတိထားမိပါတယ်ဘုရား"

"ဒီတော့ ဘုန်းကြီး အစက ပြောခဲ့တဲ့ အကပ်မြောက်ရန်လိုတဲ့ ၅-ချက်ထဲမှာ ပေးမဲ့လူက ရှေးရှုယူလာရမယ် ဆိုတာကိုကော မှတ်မိ ရဲ့လား"

"မှတ်မိပါတယ်ဘုရား၊ စာနဲ့လဲရေးထားပါတယ်"

"ဒီတော့ ဒါယိကာမကလေးက ဇွန်းကိုပြန်အရုတ်မှာ ကျသွားတဲ့ ဟင်းရည်စက်ဟာ အပေးအယူ မြောက်ပါ့မလား၊ အကပ်မြောက်ပါ့ မလား"

"ရှေးရှု ယူလာတာ မဟုတ်တဲ့အတွက် မမြောက်နိုင်တော့ပါ ဘုရား"

"အေး ဒါကြောင့် ထပ်အကပ်ခိုင်းရတာပဲ"

"ကျောက်ကာခွက်တွေနဲ့ ပြင်ထားတဲ့ လက်ဖက်စိုတွေကို အခြား ခွက်တွေနဲ့ လဲလှယ် အကပ်ခိုင်းတာကော ဘာကြောင့်ပါလဲဘုရား"

မောင်မျိုးသန့်က မိမိအတွက် ပဟေဠိဆန်ဆန်ဖြစ်နေသော အချက် အလက်များကို ဆက်လက်လျှောက်ထားပြန်သည်။

"အေး ဒီလိုဟာတွေကိုလဲပဲ မင်းတို့လူတွေက နားလည်ထားသင့် တယ်၊ 'လူ ဝိနည်းမသင်ကောင်းဘူး' လို့ သူများကပြောတိုင်း ယောင်

တောင်တောင် မလုပ်ကြနဲ့၊ လူတွေက ဒီလို ဝိနည်းနဲ့ပတ်သက်တာတွေကို သိနားလည်ထားမှ သံဃာတော်များအတွက် ဆောင်ရွက်ပေးတဲ့အခါမှာ လွယ်ကူချောမောမှာပေါ့၊ အခုဟာက နားမလည်လို့ ကျောက်ကာခွက်နဲ့ ကပ်နေကြတာပဲ၊

ရဟန်းတော်များဟာ ကြေးနီခွက်, သံခွက်, မြေခွက်၊ ဒီခွက် ၃-မျိုးကို ကိုယ်ပိုင်ထားပြီးတော့လဲ အသုံးပြုကောင်းတယ်၊ လူ့ဥစ္စာဖြစ်မယ် သံဃာ့ဥစ္စာ ဖြစ်မယ်ဆိုယင်လဲ အသုံးပြု ကောင်းတယ်၊ ထည့်စားကောင်းတယ်၊

ဖန်ခွက် ကြေးပြုကြေးဝါခွက် ဒီခွက်တွေကိုတော့ ကိုယ်ပိုင်ထားပြီး အသုံးမပြုကောင်းဘူး၊ လူ့ဥစ္စာဖြစ်မယ်၊ သံဃာ့ဥစ္စာဖြစ်မယ်ဆိုယင် အသုံးပြုကောင်းတယ်၊ ထည့်စားကောင်းတယ်၊

သစ်သားခွက် (နှီးခွက် နှီးကွမ်းအစ်စသည်) ငွေခွက်, ငွေဖလား, ငွေထုံးဗူး စတဲ့ ခွက်တွေကိုတော့ ဘယ်လူ့ဟာဖြစ်ဖြစ် အသုံးမပြုကောင်းဘူး၊ ဒါတွေနဲ့ထည့်ပြီး ရဟန်းတော်များ မစားကောင်းဘူး၊ မသောက်ကောင်းဘူး၊ ဒါပေမဲ့ သစ်သားခွက် နှီးခွက်တွေနဲ့တော့ ရေတခုလောက် ထည့်သောက်ကောင်းတယ်၊ ငွေခွက်စတဲ့ ဟာတွေကိုတော့ ကိုင်တောင် ကိုင်ကောင်းတာ မဟုတ်ဘူး၊ ဒါကြောင့်လဲ မင်းတို့ ကျောက်ကာခွက်တွေနဲ့ထည့်ထားတဲ့ လက်ဖက်စိုတွေကို အခြားခွက်များနဲ့ လဲလှယ် အကပ်ခိုင်းရတာပဲ”

“ပြီးတော့ ဒီနေ့နံနက် အရုဏ်ဆွမ်းကပ်တဲ့အခါမှာ 'ဟော့ ခုံခင်းလွတ်အောင်မ၊ ခုံခင်းကကြမ်းနဲ့ လွတ်ပစေ'ဆိုကြတာနဲ့ တပည့်တော်ရော မကြည်ဝင်းပါ မ,လိုက်ရတာဘုရား မချိမဆန့်ပါပဲ၊ ခုံကလဲ ကြီးကကြီးပါဘိသနဲ့၊ဘေးကကူမဲ့လူရှိလို့သာ တော်တော့တယ်၊ ဒါက ဘာသဘောပါလဲ ဘုရား”

“ဒါက ဝိနည်းကို နားမလည်လို့ ခိုင်းတာလောက်ပဲ ရှိတယ်၊ ဘာသဘောမှ မဟုတ်ဘူး၊ ပေးတဲ့အခါမှာ ပေးမဲ့လူက ရှေးရှူ ယူလာရမယ်လို့ မင်းတို့ကို အစက ပြောခဲ့တယ် မဟုတ်လား၊ မ,ခိုင်းတဲ့လူတွေက အဲဒီအချက်ကိုသဘောမပိလို့ မင်းတို့ကိုခိုင်းတာပဲ၊

ကပ်မဲ့ဝတ္ထုက နည်းနည်းကြွလို့ရှိယင် ပြီးတာပဲ၊ ကြမ်းနဲ့ လွတ်တာ မလွတ်တာက လိုရင်း မဟုတ်ပါဘူး၊ ဥပမာ ပြောကြပါစို့ရဲ့ကွယ်၊ ယာဂုအိုးကြီးတလုံးကို ကိုရင်လေးက မကြွနိုင် မမနိုင်တာနဲ့ လိမ့်ယူလာမယ်၊ အကပ်ခံမဲ့ရဟန်းက အိုးရဲ့အောက်ကို လက်ထားပြီး အကပ်ခံလိုက်မယ်၊ ဒါတောင် အကပ်မြောက်တယ်လို့ အဋ္ဌကထာများမှာ ဆိုထားတာပဲ၊ ဒီတော့ ခုံခင်း လွတ်အောင် မစရာမလို ဆိုတာဟာ မထင်ရှားဘူးလား''

''ထင်ရှားပါတယ် ဘုရား''

''ဒါပေမဲ့ကွာ သူတို့ ဘုဉ်းပေးမဲ့ဟာကို သူတို့ သံသယကင်းအောင် မင်းတို့က လိုက်နာဆောင်ရွက်ပေးတာဟာ အကောင်းဆုံး ပါပဲ''

''ပြီးတော့ ဘုရားတပည့်တော်တို့အိမ်မှာ ဆွမ်းကျွေးတုန်းက ကပ်ထားတဲ့ ဟင်းခွက်တွေကို အဆင်ပြေအောင် အမေနဲ့ အဖေတို့က ရွှေ့ရွှေ့ပေးနေတာကို တွေ့ရပါတယ်၊ အရှင်ဘုရားများကလဲ ဘာမှအမိန့်ရှိတာကို မကြားရပါဘူး၊ ဒီနေ့ မကြည်ဝင်းတို့ရဲ့အိမ်မှာ အရဏ်ဆွမ်း ကပ်တဲ့အခါ 'ဟော့ ဟော့ ဘုန်းကြီးကို ကပ်ထားပြီးပြီ၊ သွား မထိကြနဲ့၊ သွား မထိကြနဲ့' ပြောနေကြပါတယ်၊ ဘုန်းကြီးတွေကတော့ မဟုတ်ပါဘူး၊ လူတွေက ပြောတာပါ၊ ဒါက ဘယ်လိုသဘောပါတဲ့လဲ ဘုရား''

''အမှန် ပြောရယင် ဒါက ဘယ်လိုသဘောမှ မဟုတ်ဘူး၊ ဘာမှ နားမလည်ပဲနဲ့ လူလည် ဝင်လုပ်တာလောက်ပဲရှိတယ်၊ အကပ်ခံထားတဲ့ ဝတ္ထုပစ္စည်းများဟာ

၁။ ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ်တွေက အာလယပြတ် စွန့်လွှတ်လိုက်လို့ရှိယင် လဲပဲ အကပ်ပျက်သွားတယ်၊

၂။ ပိုင်ဆိုင်တဲ့ ပုဂ္ဂိုလ်က သိက္ခာချ (လူထွက်သွား)တဲ့အတွက်လဲ အကပ် ပျက်ထတ်တယ်၊

၃။ လူ သာမဏေများကို စွန့်လွှတ် ပေးကမ်းလိုက်တဲ့အတွက်လဲ အကပ် ပျက်သွားတတ်တယ်၊

၄။ လူ သာမဏေတွေက လုယူသွားတဲ့အတွက်လဲပဲ အကပ်ပျက် သွားတတ်တယ်၊

၅။ အကပ် ခံထားတဲ့ ပိုင်ရှင်ရဟန်းက လိင်ပြန် (ယောကျ်ား စင်စစ်က မိန်းမဖြစ်)သွားတဲ့ အတွက်လဲပဲ အကပ်ပျက်သွား တတ်တယ်၊

၆။ ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ် သေသွားလျှင်လဲ အကပ်ပျက်တယ်၊

ဒီတော့ မင်းတို့လဲ စဉ်းစားကြည့်ပေါ့၊ကပ်ပြီးသားကို ထိရုံကိုင်ရုံနဲ့ အကပ်ပျက်တာနဲ့ ဘာဆိုင်တာလဲလို့ အကပ်ခံပြီးတဲ့ ဆွမ်းသပိတ်ကို လူ သာမဏေတွေကို အယူခိုင်းပြီး အဲဒီ လူ သာမဏေတွေက အခြား နေရာမှာ သွားထားတောင်မှ အကပ်ပျက်တာ မဟုတ်ဘူး၊ ဒီတော့ ကပ်ပြီးသားဝတ္ထုတွေကို ထိကောင်းတယ်၊ ကိုင်ကောင်းတယ်၊ ရွှေ့ ပေးကောင်းတယ်ဆိုတာဟာ မထင်ရှားဘူးလား''

''ထင်ရှားပါတယ် ဘုရား''

''နောက်တခုလောက် လျှောက်ချင်ပါသေးတယ်ဘုရား၊ တပည့် တော်တို့ရဲ့ အိမ်မှာ ဆွမ်းကျွေးတုန်းကတော့ အမေနဲ့ အဖေတို့က ဘာမှ ထူးထူးထွေထွေ လျှောက်ထားတာကို မကြားလိုက်ရပါ၊ ဒီနေ့ မကြည်ဝင်းရဲ့ မိဖများအိမ်မှာ ဆွမ်းကျွေးတဲ့အခါကျတော့ 'လျှောက် လိုက်လေ, လျှောက်လိုက်လေ'နဲ့ ဘေးကလဲ ဝိုင်းပြီး တိုက်တွန်း ကြတာကို တွေ့ရပါတယ်၊ မကြည်ဝင်းရဲ့ အမေအဖေများကလဲပဲ 'ဒီအိမ်ကို ကျောင်းအမှတ် သီတင်း သုံးတော်မူကြပါ ဘုရား'လို့ လျှောက်ထားကြပါတယ်၊ အဲဒီလို လျှောက်ထားတဲ့အတွက် ဘယ်လို အကျိုးထူးများ ရနိုင်ပါသလဲ''

''အားမနာ ပါးမနာ ပြောရယင် ဘာအကျိုးထူးမှ မရပါဘူး ကွာ၊ ပါးစပ်ညောင်းရုံပဲ ရှိမယ်၊ မင်းတို့ကိုယ်တိုင်လဲ စဉ်းစားကြည့် ပေါ့၊ သူတို့ လျှောက်ထားတဲ့အတိုင်း ရဟန်းတော်များက သူတို့

အိမ်ကြီးကို ဘယ်လိုလုပ်ပြီး ကျောင်းအမှတ် သိတင်းသုံးလို့ ဖြစ်နိုင်မလဲ၊ အိမ်ဟာ အိမ်ပဲ ဖြစ်မယ်၊ ကျောင်းကတော့ ကျောင်းပဲဖြစ်တယ်၊ တခြားစီပဲ၊ ဒီတော့ ရဟန်းတော်များအတွက်လဲ ဘာမှအကျိုးသက်ရောက်မှု မရှိပါဘူး၊ အလှူဒါန မမြောက်တဲ့အတွက် လျှောက်ထားသူများအတွက်လဲ ဘာမှ အကျိုးသက်ရောက်မှု မရှိပါဘူး''

''ဒီအိမ်ကို အရှင်ဘုရားတို့ သိတင်းသုံးနေတဲ့အခိုက်မှာ ကျောင်းအဖြစ် လှူဒါန်းပါတယ်၊ ဒီလို လျှောက်ထား လှူဒါန်းတောင်မှ အလှူဒါန မမြောက်ပါဘူး၊ ခဏခဏတ္တ ငှားရမ်းထားတဲ့သဘောလောက်ပဲရှိမယ်၊ မိမိဥစ္စာအဖြစ်က အပြီးအပိုင် စွန့်လွှတ်နိုင်မှ အလှူဒါနမြောက်တယ်၊ အပြီးအပိုင် မစွန့်လွှတ်နိုင်လို့ရှိယင် အလှူဒါန မမြောက်ဘူး၊ ဒါတွေကို အထိုက်အလျောက် နားလည်ထားကြလို့လဲ မင်းအမေအဖေတို့က မလျှောက်ကြတာပဲ၊ ဘာမျှ မလျှောက်ကြတဲ့အတွက် အ,အတွေ အဖျင်းတွေလို့များ ထင်မနေကြနဲ့ဦး''

''ကိုင်း ပြောလက်စနဲ့ လိုနေတာလေးတွေကိုတော့ မင်းတို့က မလျှောက်ပေမဲ့ ငါကပဲ ပြောပြပါတော့မယ်၊ ကပ်တာနဲ့စပ်ပြီး ပေးမဲ့လူက ခံယူမဲ့ရဟန်းရဲ့ ၂-တောင့်ထွာ အတွင်းကို ရောက်နေစေရမယ်'လို့ ပြောခဲ့တယ် မဟုတ်လား''

''မှန်ပါ ဘုရား''

''အဲဒီ ၂-တောင့်ထွာကို ဘယ်လိုတိုင်းမလဲ ဒါကိုလဲ သိနားလည်ထားမှ ဖြစ်မယ်၊ ရှေ့ကနေပြီး ကပ်တဲ့အခါမှာ ရဟန်းကထိုင်နေယင် တင်ပါးရဲ့ နောက်ဘက်အစွန်းနဲ့, ရပ်နေယင် ဖနောင့်စွန်းနဲ့, စောင်းရက်လှဲနေယင် စောင်းနေတဲ့ နံပါးရဲ့ ပြင်ဘက်စွန်းနဲ့ (လိုရင်းမှာ လှမ်းယူတဲ့လက်မှတပါး အနီးဆုံး ကိုယ်အင်္ဂါရဲ့ နောက်ဘက်စွန်းနဲ့) ကပ်တဲ့ပုဂ္ဂိုလ်ရဲ့ (လှမ်းပေးတဲ့ လက်မှတပါး အခြား) အနီးကပ်ဆုံး အင်္ဂါရဲ့ အရှေ့ဘက်စွန်းကို တိုင်းတာရမယ်''

''ဒါကြောင့်လဲ မင်းတို့က အမှတ်တမဲ့ အဝေးကနေ ကပ်တဲ့အခါမှာ 'ရှေ့ကိုတိုးဦးဟဲ့ ရှေ့ကိုတိုးဦးဟဲ့'လို့ ပြောနေရတာပဲ၊ ဒီတော့

ဘာကိုကပ်ကပ် အကောင်းဆုံးကတော့ အကပ်ခံတဲ့ရဟန်းနဲ့ နီးနိုင်သမျှ နီးအောင် ကပ်ဖို့ပဲ၊ ဒါယိကာမလေးကလဲ ဒီလိုကိစ္စမျိုးမှာ ငါ မိန်းမသားပဲဆိုပြီး ဘာမှ ရှိုးတိုးရှန့်တန့် လုပ်မနေနဲ့၊ ဒီလို လှူတာ တန်းတာမှာ မိန်းမနဲ့ ယောကျာ်း ဘာထူးခြားမှာတဲ့လဲ၊ လှူချင်း ထိမနေယင် တော်ပြီပေါ့”

“မှန်လှပါ ဘုရား”

“ဒီပြင် နောက်တခု သတိပြုစရာက ရေကို အကပ်မခံပဲ သောက် ကောင်းတယ်လို့ ဆိုထားတာရှိတယ်၊ အဲဒီ အကပ်မခံပဲ သောက် ကောင်းတဲ့ရေဆိုတာဟာ မြူမှုန်တွေ အမှိုက်သရိုက် အစအနတွေ ဘာမှ မပါပဲ အင်မတန် သန့်စင်ကြည်လင်တဲ့ ရေမျိုးဖြစ်တယ်၊ ဒီတော့ ဆွမ်း ကျွေးတဲ့အခါ အနားမှာ တည်ထားတဲ့ရေများဟာ ဒီလို သန့်စင် ကြည်လင်တဲ့ ရေဖြစ်ဖို့ရာ အင်မတန်ခဲယဉ်းတယ်၊ ဒါကြောင့်လဲပဲ တို့က ရေကို အကပ်ခိုင်းနေကြရတာပဲ၊ ကျောင်းမှာတောင်မှ သေချာစွာ စစ်ပြီးမှ သောက်ကြရတာပဲ”

“ကိုင်း နေလဲ အတော်စောင်းသွားပြီ၊ မင်းတို့လဲ ပြန်ကြဦး၊ တို့ကလဲ နောက်ထပ် စာဝါရှိနေသေးတယ်”

ကထိန်ခင်းပုံ

ဦးရာကျော်နှင့်ဒေါ်သဲနုတို့သည် ဓမ္မိကာရုံကျောင်းတိုက်မှာ ကထိန်သင်္ကန်း လှူဒါန်းရပါမည့်အကြောင်း လွန်ခဲ့သော တန်းဆောင်မုန်းလကပင် ဆရာ တော် ဦးဓမ္မိကထံမှာ ခွင့်တောင်းလာခဲ့သည်။

“နောက်နှစ် တန်ဆောင်မုန်းလပြည့်နေ့မှာ လှူကြဟာပေါ့” ဟူသော ဆရာတော် ဦးဓမ္မိက၏ ခွင့်ပြုချက်ကို ရသည့်အချိန်မှစ၍ မိသားစု ၃-ယောက် တယောက်အတွက် ရက်ပေါင်း ၁၀၀-စီ ရည်မှန်းပြီးလျှင် တနေ့မှာ ၅၀-မှန် မှန် စုဆောင်းလာကြသည်၊ အချိန်စေ့ရောက်၍ စာရင်းချုပ်လိုက်သည့်အခါ ငွေတသောင်းငါးထောင် ဖြစ်နေပါတော့သည်။

တန်းဆောင်မုန်းလဆန်း ၇-ရက်နေ့မှာ ဦးရာကျော်-ဒေါ်သဲနုတို့က သား နှင့် ချွေးမတို့ကိုပါ ခေါ်ယူလျက် ဓမ္မိကာရုံကျောင်းတိုက်ကို သွားကြသည်၊ စာဝါနားထားသောနေ့ဖြစ်သည့်အတွက် ဆရာတော် ဦးဓမ္မိကနှင့် အေးအေး ဆေးဆေး လျှောက်ထားဆွေးနွေးခွင့်ရသည်။

"ကထိန်ကိစ္စအတွက် ဆရာတော်ရဲ့သြဝါဒကို ခံယူရအောင်လို့ လာကြပါတယ်ဘုရား"

ဆရာတော်ကိုဦးချ၍ နေသားတကျ ထိုင်မိသည့်အခါ ဦးရာကျော်က မိမိတို့ရောက်လာရသောကိစ္စကို လျှောက်ထားသည်။

"ကထိန်ဆိုတာဟာ အင်မတန်ခက်တယ် ဒကာကြီး၊ 'မွေးမေရင်း ကိုတောင်မှ မတောင်းကောင်းဘူး' လို့ စာတွေက ဆိုထားတာရှိတယ်၊ ဒီကဝင်ပြီး မအပ်မရာ စီမံမိယင် ခက်နေအုံးမယ်"

"ဒီလို မဖြစ်စေရပါဘုရား၊ ဆရာတော်ဘုရားများ အမိန့်ရှိထားလို့ တပည့်တော်များကလဲ ဒါတွေကို သိသင့်သလောက် သိထားပါတယ်၊ ဆရာတော်ကျောင်းတိုက်မှာ သံဃာ ဘယ်လောက်ရှိနေတယ်ဆိုတာကို တပည့်တော်သိလိုပါတယ်"

"၄၅-ပါးရှိနေတယ်"

"အခြားကျောင်း သံဃာများကိုကော ပင့်စေလိုပါသေးသလား ဘုရား"

"ဒါ ဘုန်းကြီးအလုပ်မဟုတ်ဘူး၊ ဒကာတို့သဘောအတိုင်းပဲ"

"ဒါဖြင့် ဘုရား ကထိန်ဆိုတာဟာ သင်္ကန်းလှူတဲ့ အလှူပွဲဖြစ်လေ တော့ ဥတ်သင်္ကန်းအတွက် ၃၀၀၊ လိုလိုမယ်မယ် သင်္ကန်းအစုံ ၅၀-အတွက် ၅၀၀၀၊ စုစုပေါင်း ၅၃၀၀၊ ဒါကိုတော့ တပည့်တော် ကိုယ်တိုင် စီမံပြီးပြီပဲ ထားပါတော့၊ ဘုရားတပည့်တော်များ လှူမယ် လို့ ရည်မှန်းထားကြတဲ့ ၁၅၀၀၀-ထဲက ၉၇၀၀-ကျန်နေပါသေး တယ်၊ ဒီအတွက် သံဃာတော်များမှာ အရေးတကြီးလိုအပ်တဲ့ ဦးစား ပေးလှူဒါန်းရမဲ့ ပစ္စည်းများကို ညွှန်ကြားတော်မူပါ"

"အကျွေးအမွေး အတွက်ကော ဘယ့်နှယ်လဲ၊ ဒီအထဲက ပါအုံး မှာလား"

"တပည့်တော်က ကထိန်ဒကာမျှသာ ဖြစ်ပါတယ်၊ အကျွေး အမွေးဒကာ မဟုတ်ပါဘုရား၊ ဒါပေမဲ့ ဒီသားနဲ့သမီးတို့ဦးဆောင်တဲ့ ကျေးရွာအဖွဲ့က ကျွေးမွေးဧည့်ခံပါလိမ့်မယ်၊ ဒီတော့ကာ ကျန်နေတဲ့ ၉၇၀၀-တန်အတွက် လိုအပ်တဲ့ ပစ္စည်းစာရင်းကို အခု ချက်ချင်း မပေးနိုင်စေကာမူ၊ နက်ဖြန်နံနက်ပိုင်း အချိန်မီ ကျောင်းသားကလေး များကို အပို့ခိုင်းတော်မူပါ၊ 'ပို့သွားမလား၊လိုသွားမလား' ဆိုတာကို အရှင်ဘုရားများ ဘာမှ စဉ်းစားတော်မမူပါနဲ့၊ လိုတဲ့ ပစ္စည်းစာရင်း ကိုသာ ပေးတော်မူပါ၊ တပည့်တော်က အဆင်ပြေအောင် ကြည့်ရှု လုပ်ကိုင်သွားပါ့မယ်"

"အေး လာတုန်းကတော့ 'ဆရာတော်ရဲ့ ဩဝါဒကို ခံယူရအောင် လာတယ်' ဆိုပြီး အခု လက်တွေ့ကျတော့ ဘုန်းကြီးက ဒကာကြီးရဲ့ ဩဝါဒကို ခံယူနေရသလို ဖြစ်နေပြီပဲ"

ငယ်စဉ်ကပင် အတူနေလာဘူးသည့် ရင်းနှီးသော ဒကာ ဖြစ်နေသည့် အတွက် ဆရာတော် ဦးဓမ္မိကက ပြောင်သလိုလို ပြောလိုက်သည်။

"ဒီလို ဘယ်ဟုတ်မလဲ ဘုရား၊ ဩဝါဒခန်းမှ မရောက်သေးပဲနဲ့၊ ဘယ့်နှယ်လုပ် အရှင်ဘုရား ဩဝါဒ ပေးလို့ ဖြစ်အုံးမလဲ၊ ဩဝါဒခန်း ရောက်တဲ့အခါ ပေးရမှာပေါ့၊ ကိုင်း ဒီတော့ အခုပဲ ဩဝါဒခန်း ရောက်ပါပြီ၊ ဒီသားနဲ့သမီးတွေလဲ နားလည်သွားအောင် 'သာသနာ မှာ အကျိုးရှိတဲ့ ကထိန်ခင်းနည်းကို အမိန့်ရှိပါတော့ဘုရား"

"အခုလို လျှောက်ထား တောင်းပန်လာလို့ရှိယင် ဘုန်းကြီးကလဲ မပြောပဲ မနေသာတော့ဘူး၊ ကိုယ့်စွမ်းအားအလျောက် ပြောရတော့ မှာပဲ၊ မင်းတို့ရပ်ရွာမှာ ခေါင်းဆောင်နေကြတဲ့ လူငယ်တွေကလဲ ကျကျနန မှတ်သားပြီး ခေတ်လူငယ်များကို ပြုပြင်ပေးကြပါ"

''မှန်ပါဘုရား ဆရာတော်ဘုရား အမိန့်ရှိတာလို အခုတပည့်တော်များ အသင့်ယူဆောင်လာတဲ့ ကက်ဆက်နဲ့ အသံဖမ်းယူခွင့် ပြုတော်မူပါ၊ တပည့်တော်များက ဆရာတော်ဘုရားရဲ့ ဩဝါဒကိုမှုထားပြီး လုပ်ကိုင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်''

''ဒါဖြင့် ကောင်းပြီ၊ မင်းတို့ဟာ အဆင်သင့် ဖြစ်ပြီလား''

''ဖြစ်ပါပြီ ဘုရား''

''ဖြစ်ယင် ဒီကပြောတော့မယ်''

''ပြောနိုင်ပါပြီဘုရား''

ကထိန်အလှူဆိုတာဟာ သူ့ခေတ် သူ့အခါနဲ့ ပေးလှူရတဲ့ အလှူမျိုးဖြစ်တယ်၊ လှူချင်တဲ့အချိန်မှာ လှူလို့ရတဲ့ အလှူမျိုးမဟုတ်ဘူး၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့မှ တန်ဆောင်မုန်းလပြည့်နေ့ထိ တလအတွင်းမှာသာ ကထိန်သင်္ကန်း လှူဒါန်းနိုင်တယ်။

လှူတဲ့ပုဂ္ဂိုလ်ကတော့ ယခုလို ဒါယကာ ဒါယိကာမတွေကလဲ လှူနိုင်တာပဲ၊ ရဟန်းတော်များကလဲ လှူနိုင်တာပဲ၊ ကိုရင်များကလဲ လှူနိုင်တာပဲ၊ ဖိုးသူတော် မယ်သီလကလဲ လှူနိုင်တာပဲ၊ ဘယ်လူမဆို လှူနိုင်ပါတယ်။

အလှူဝတ္ထုကတော့ ''ဒုကုဋ်ခေါ်တဲ့ ၂-ထပ်သင်္ကန်းကြီးရယ်, ကောသီရယ်, ခါးဝတ် သင်းပိုင်ရယ်'' ဒီသင်္ကန်း ၃ မျိုးထဲက တမျိုးမျိုးကိုလှူယင် ကထိန်ခင်းလို့ ဖြစ်တာပါပဲ၊ ယခုကာလလို များများစားစား လှူမှရယ်လို့ မဟုတ်ပါဘူး၊ များများစားစားလှူလဲပဲ ကထိန်သင်္ကန်းဟာ တထည်ပါပဲ။

လှူတဲ့အခါမှာလဲပဲ ကိုယ်ကြည်ညိုနေတဲ့ ဘုန်းကြီး, ကိုယ့်ကျောင်းက ကျောင်းထိုင်ဘုန်းကြီးကို ရည်မှန်းပြီး မလှူရဘူး၊ ဣမံ ကထိနစီဝရံ သံဃဿ ဒေမ=ဒီကထိန်သင်္ကန်းကို သံဃာအား လှူဒါန်းပါတယ်၊ ဒီလိုလျှောက်ထားပြီး သံဃာကို ရည်မှန်းလှူဒါန်းရမယ်။

အဲဒီကထိန်သင်္ကန်းကို ခံယူနိုင်တဲ့ပုဂ္ဂိုလ် ကထိန်ခင်းနိုင်တဲ့ ပုဂ္ဂိုလ်ကတော့ ကထိန်ခင်းမည့် ကျောင်းတိုက်မှာ ဝါမထပ်လျှင် ဝါဆိုလပြည့်ကျော် ၁-ရက်နေ့က ဝါကပ်ခဲ့ပြီး ဝါထပ်လျှင် ဒုတိယဝါဆိုလပြည့်ကျော် ၁-ရက်နေ့က

ဝါကပ်ခဲ့ပြီး ဝါကျိုးမှု ဝါပြတ်မှုမရှိပဲ သီတင်းကျွတ် လပြည့်နေ့မှာ ပဝါ-ရဏာပြုခဲ့တဲ့ ရဟန်းဖြစ်ရမယ်၊ ဝါကျိုး ဝါပြတ်တဲ့ ရဟန်း, ဒုတိယဝါကပ်တဲ့ရဟန်း, ဝါဆိုဝါကပ်မှုမပြုတဲ့ရဟန်း, အခြားကျောင်းတိုက်မှာ ဝါကပ်လာတဲ့ရဟန်း, ဒီရဟန်းမျိုးတွေက ကထိန်သင်္ကန်းခံယူမှု မပြုနိုင်ဘူး။

အဲဒီလို ကထိန်ခင်းဖို့ရန် သံဃာအား လှူဒါန်းလာတဲ့ သင်္ကန်းကို သံဃာတော်က ဝတ်စရာသင်္ကန်းမရှိတဲ့ ရဟန်းကို ပေးရမယ်၊ ဦးစားပေး ရွေးချယ်ရမယ်၊ ကထိန်သင်္ကန်းကို ခံယူနိုင်ခွင့်ရှိတဲ့ ရဟန်းအကုန်လုံး သင်္ကန်းပြည့်စုံနေသူချည်း ဖြစ်နေယင် ဝါအကြီးဆုံးမထေရ်ကို ပေးရမယ်။

ပေးတဲ့အခါမှာလဲပဲ ရေ့ အရှင်ဘုရား ဒီသင်္ကန်းကိုယူပြီး ကထိန်ခင်းပါ၊ ဒီလို လွယ်လွယ်ကူကူ ပေါ့ပေါ့ဆဆ ပေးရတာမျိုးမဟုတ်ဘူး၊ ဉတ္တိဒုတိယကံဆိုတဲ့ ကံတမျိုးကို ပြုလုပ်ပေးရမယ်၊ "သိမ်ထဲမှာ ဉတ္တိဒုတိယကမ္မဝါစာဖတ်ပြီး ပေးရမယ်လို့" ဆိုလိုတယ်၊ ဒါကြောင့်မို့လဲ အဲဒီကထိန်ခင်းမဲ့ သင်္ကန်းကို ဉတ်သင်္ကန်းလို့ ခေါ်ကြတာပဲ။

အဲဒီ ဉတ်သင်္ကန်းကို ရတဲ့ရဟန်းက (ဝိနည်းဒေသနာတော်အရ) ကထိန်ခင်းရမယ်၊ ပြီးတော့ ဝမ်းမြောက် ကျေနပ်ကြောင်း ပြောဆိုမြွက်ကြားရန် ကျန် ကထိန်သင်္ကန်းမရတဲ့ ရဟန်းတော်များကို တိုက်တွန်းရမယ်၊ ကျန် ကထိန်သင်္ကန်းမရတဲ့ ရဟန်းတော်များကလဲ ဝမ်းမြောက် ကျေနပ်ကြောင်း ပြောဆို မြွက်ကြားရမယ်၊ ဒီတော့ ကထိန်ခင်းတဲ့ ရဟန်းရော ဝမ်းမြောက် ကျေနပ်ကြောင်း ပြောဆို မြွက်ကြားတဲ့ ရဟန်းတော်တွေရော ရဟန်းအကုန်လုံး ကထိန်ခင်းတဲ့အတွက် ရသင့်တဲ့ အကျိုးတွေကို ရကြတယ်၊ အဲဒီ ရသင့်တဲ့ အကျိုးတွေက ၅-ပါး ရှိတယ်၊

၁။ အနာမန္တစာရ=ထင်ရှားရှိတဲ့ ရဟန်းကို ခွင့်မပန်ပဲ ဆွမ်းမစားခင်ပဲ ဖြစ်ဖြစ် ဆွမ်းစားပြီးမှပဲဖြစ်ဖြစ် အိမ်တို့၌ မလှည့်လည်ရ၊ လှည့်လည်တဲ့ ရဟန်းမှာ အစေဋကဝဂ် စာရိတ္တသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်တယ်၊ ကထိန်ခင်းလိုက်တဲ့အတွက် ထင်ရှားရှိတဲ့ရဟန်းကို ခွင့်မပန်ပဲ အိမ်တို့၌ လှည့်လည် သွားလာနိုင်ပါတော့တယ်၊ အဲဒီသိက္ခာပုဒ်တော်အရ အာပတ်မသင့်တော့ဘူး၊ ဒါဟာ ကထိန်ရဲ့ အကျိုးအာနိသင်တမျိုးပဲ။

၂။ အသမာဒါနစာရ=ရဟန်းတော်တွေမှာ အဓိဋ္ဌာန် တင်ထားတဲ့ သင်္ကန်းကို သွားလေရာရာယူပြီး အရုဏ်တက်ချိန်မှာ မိမိနဲ့မကင်း ကွာအောင် နေရတယ်၊ ကင်းနေယင် ဒုတိယကထိန (စီဝရ-ဝိပ္ပဝါသ)သိက္ခာပုဒ်အရ နိဿဂ္ဂိပါစိတ်အာပတ် သင့်တယ်၊ ကထိန်ခင်းလိုက်တဲ့အတွက် အဲဒီလိုမယူပဲ ပေါ့ပေါ့ပါးပါး သွားလာနိုင်တော့တယ်၊ ဒါလဲ ကထိန်ရဲ့ အကျိုးအာနိသင် တမျိုးပဲ။

၃။ ဂဏဘောဇန=မအပ်တဲ့နည်းနဲ့ ထမင်းစား ကြွပါလို့ ပင့်ယင် ရဟန်း ၄ ပါး အတူခံယူပြီး မစားကောင်း၊ ဂဏဘောဇန-သိက္ခာပုဒ်အရ ပါစိတ်အာပတ် သင့်တယ်၊ ကထိန်ခင်းလိုက်တဲ့ အတွက် အဲဒီလို စားပေမဲ့ အာပတ် မသင့်တော့ဘူး၊ ဒါလဲ ကထိန်ရဲ့ အကျိုးအာနိသင် တမျိုးပဲ။

(ဒါတင်မကသေးဘူး၊ ပရမ္ပရဘောဇနသိက္ခာပုဒ်ကလဲလွတ်လပ်ခွင့် ရတာပါပဲ၊ ဒါပေမဲ့ ဂဏဘောဇနနဲ့ သဘောသွား နည်းနည်း ဆင်တဲ့အတွက် အာနိသင်ထဲ ထည့်မဟောဟန် တူပါတယ်၊ ဒါမှ မဟုတ်ယင်လဲ ပရမ္ပရဘောဇနသိက္ခာပုဒ်ကို ကထိန်ပညတ်ပြီးမှ ပညတ်လို့ ဖြစ်ဟန်တူပါတယ်၊ ပရမ္ပရဘောဇဉ်ဆိုတာက မအပ်တဲ့ နည်းနဲ့ ထမင်းစားကြွပါလို့ ပင့်ထားတဲ့ ရှေးပင့်သူ့ရဲ့ ဆွမ်းကို မစားပဲ နောက်မှရသော ဘောဇဉ်ကို စားခြင်းကိုဆိုတာ။

၄။ ယာဝဒတ္ထစီဝရ=ကထိန်အာနိသင်မရယင် သင်္ကန်း (အဝတ်)ကို အဓိဋ္ဌာန်ဝိကပ္ပနာမပြုပဲ ၁၀ ရက်လွန်အောင် မထားရ၊ ကထိန် အာနိသင်ရယင်တော့ အဓိဋ္ဌာန်ဝိကပ္ပနာမပြုပဲ အလိုရှိသလောက် ထားနိုင်တယ်၊ အဲဒီလို ထားတဲ့အတွက် ပထမကထိနသိက္ခာပုဒ် အရ အာပတ်မသင့်တော့ဘူး၊ ဒါလဲ ကထိန်ရဲ့ အကျိုးအာနိသင် တမျိုးပဲ။

၅။ ယော စ တတ္ထ စီဝရုပ္ပါဒေါ၊ သော နေသံ ဘဝိဿတိ= ကထိန်ခင်းတဲ့ ကျောင်းတိုက်မှာ ဖြစ်ပေါ်လာသမျှ သံဃိက သင်္ကန်း အဝတ်အထည်များကို ကထိန်အာနိသင် ရထားတဲ့

အဲဒီ ကျောင်းတိုက်ရှိ ရဟန်းများက ဝေဖန် ယူနိုင်တယ်၊
အခြားရဟန်းများနဲ့ မဆိုင်တော့ဘူး၊ ဒါလဲ ကထိန်ရဲ့ အကျိုး
အာနိသင်က—

အဲဒီအကျိုး ၅-ပါးကို တပေါင်းလပြည့်နေ့ထိအောင် ခံစားခွင့် ရှိတယ်၊ ဒီတော့ သံဃာတော်တွေအတွက် အဲဒီထိအောင် အကျိုးသက်ရောက်မှုရှိတဲ့ ကထိန်အလှူကို လှူဒါန်းရသူတို့မှာလဲပဲ ဘယ်လိုတူတဲ့အကျိုးတွေ ရနိုင်တယ် ဆိုတာကို အရေးမကြီးလှတဲ့အတွက် မပြောလိုတော့ပါဘူး၊ မင်းတို့ ခေတ်ပညာတတ် လူငယ်တွေက မပြောပေမဲ့ မှန်းဆနားလည်နိုင်စရာ ရှိပါတယ်။

× × × ×

အခုခေတ်မှာတော့ ခုနကပြောခဲ့တဲ့ ဥတ်သက်န်းရဲ့အခြံအရံဖြစ်တဲ့ လှူဖွယ်ဝတ္ထုတွေလဲ ပါလာတတ်သေးတယ်၊ အဲဒါတွေကို စုပေါင်းပြီးတော့ ဥတ်မကြီးလို့ ခေါ်ကြတယ်၊ အခုကတော့ ညှပ်မကြီးလို့ ခေါ်သူကများနေတယ်။

ဘယ်ပစ္စည်းဝတ္ထုတွေက ကျောင်းတိုက်သံဃိကပါဘုရား၊ ဘယ်ပစ္စည်းဝတ္ထုတွေကတော့ ပင့်သံဃာအတွက်ပါဘုရား၊ ဘယ်ပစ္စည်းဝတ္ထုတွေကတော့ ဥတ်သက်န်းခံယူတဲ့ ပုဂ္ဂိုလ်အတွက်ပါဘုရား၊ဒီလို အလှူဒါယကာက ခွဲခြားပြီး မလျှောက်ထားယင် အဲဒီဥတ်မကြီးမှာပါနေတဲ့ ပစ္စည်းအားလုံးဟာ ဥတ်သက်န်းရသူနဲ့သာ ဆိုင်တော့တယ်၊ ဒီတော့ မင်းတို့ဒါယကာတွေက ကိုယ်ရည်မှန်းထားတဲ့အတိုင်း ခွဲခြားလျှောက်ထားကြရမယ်၊ စနစ်တကျ လှူဒါန်းကြရမယ်။

အခုနေအခါမှာတော့ သက်န်းရှားတဲ့ပုဂ္ဂိုလ်က မရှိသလောက် ဖြစ်နေတဲ့အတွက် မထေရ်ကြီးချည်း ဥတ်သက်န်းကို ရနေတတ်တယ်၊အဲဒီမထေရ်ကြီးက တိုက်ထဲမှာရှိနေတဲ့ သံဃာတော်တွေနဲ့ ဝေစားမျှစား ပုဂ္ဂိုလ်ဖြစ်နေယင် တော်ပါသေးတယ်၊ရသမျှပစ္စည်းတွေကို ငါပိုင်ချည်းလုပ်ထားယင် သာသနာအတွက် အမြတ်မထွက်ဘူး၊ ဒါမျိုးတွေကိုလဲပဲ မင်းတို့ ဒါယကာတွေက သတိထားကြရမယ်။

မင်းတို့ သာသနာပြုနေကြတဲ့ ဒါယကာ ဒါယိကာမတွေဆိုတာဟာ တို့ဒီလို ထောက်ပံ့လှူဒါန်းလိုက်တဲ့အတွက် ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ဘယ်လို အကျိုးရှိနိုင်တယ်၊ ဘယ်လိုတိုးတက်နိုင်တယ်၊ ဘယ်လိုကြီးပွားနိုင်တယ် ဆိုတာ တွေကို အမြဲအာရုံပြု လှူဒါန်းကြရမယ်၊ တို့ကိုးကွယ်တဲ့ ကျောင်းတိုက်အတွက် တို့ဆရာတော်အတွက်ဆိုတဲ့ အင်မတန် ကျဉ်းမြောင်းသေးသိမ်တဲ့ စိတ်စေတနာ မျိုးကို မထားရဘူး၊ တိုက်တာရေး ပုဂ္ဂိုလ်ရေးထက် သာသနာရေးကို ဦးစား ပေးရမယ်၊ ဒါမှလဲ သာသနာပြုရာရောက်တော့မပေါ့။

ပြီးတော့ ဒီကထိန်သင်္ကန်းဆိုတာက ဆရာတော်တပါးလောက် ကျောင်း ထိုင်ဘုန်းကြီး တပါးလောက်ကို ရည်စူးပြီးလှူရတဲ့ သင်္ကန်းမျိုး မဟုတ်ဘူး၊ သံဃာတော်အားလုံးကို ရည်စူးလှူပါမှ တတ်နိုင်ယင် တသာသနာလုံးကို ရည်စူးလှူဒါန်းပါမှ သံဃိကအစစ်ဖြစ်နိုင်တယ်၊ အဲဒီလို သံဃိကအစစ်ဖြစ်မှ လဲပဲ ကထိန်မြောက်နိုင်တယ်။

အခုကတော့ ကိုယ်ကြည်ညိုတဲ့ဆရာတော် ကိုယ်ကြည်ညိုတဲ့ ကျောင်းထိုင် ဘုန်းကြီးလောက်ကို ရည်စူးပြီး ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းကြတာက များနေတယ်၊ ဒီတော့ ဒါတွေဟာ သံဃာတော်တွေက ဘယ်လိုလုပ်လုပ် ကထိန်မြောက်ပါဦးမလား၊ ကထိန်အလှူ ဖြစ်နိုင်ပါဦးမလား။

"မဖြစ်နိုင်တော့ပါဘုရား"

အေး ကထိန်အလှူမဖြစ်နိုင်ယင် ကထိန်ခင်းမှုကို အကြောင်းပြုပြီး ရသင့်တဲ့ အကျိုးအာနိသင်များကို သံဃာတော်များကလဲ မရနိုင်တော့ဘူး၊ မင်းတို့ ဒကာတွေကလဲ မရနိုင်တော့ဘူးပေါ့၊ ၂-ဦး ၂-ဘက်လုံး ဆုံးရှုံးရတော့ တယ်။

အဲဒီလို ဆုံးရှုံးရုံတင်မကသေးဘူး၊ သံဃာတော်များက ကထိန်အာနိသင် ရတယ်ထင်ပြီး ကထိန်အာနိသင်ကြောင့် လွတ်လပ်ခွင့်ရနေတဲ့ သိက္ခာပုဒ် တွေကို ကျူးလွန်မိယင် အချောင် အာပတ်သင့်နေဦးမယ်၊ ဒီတော့ နား မလည် ပါးမလည်နဲ့ လှူဒါန်းတဲ့ ကထိန်အလှူဟာ "ပေါ့စေလိုလို့ ကြောင်ရုပ် ထိုး ဆေးအတွက်ကြောင့်လေး" ဆိုသလို ဖြစ်နေတယ်ဆိုတာ သတိပြုကြရ လိမ့်မယ်။

အခုခေတ်ဖြစ်နေကြပုံပဲ နည်းနည်းဆက်ပြောဦးမယ်၊ ကထိန်အလှူဆိုဒါဟာ ဒါယကာကြီးဦးရာကျော် ပြောခဲ့သလို အစပထမကတော့ သင်္ကန်းအလှူ သက်သက်ပဲ ဖြစ်တယ်၊ အခုခေတ်မှာတော့ တဖြည်းဖြည်း လူတွေက တိုးချဲ့လာတာနဲ့ သင်္ကန်းရဲ့ အခြံအရံဖြစ်တဲ့ အခြား လှူဖွယ်တန်းရန်တွေလည်း ပါလာတတ်ကြတယ်။

ဒီ လှူဖွယ်တန်းရန်တွေဟာ ရဟန်းသံဃာတွေအတွက် တကယ် အသုံးလိုနေတဲ့ပစ္စည်း ဟုတ်သလား မဟုတ်ဘူးလားဆိုတာကို ထည့်သွင်းစဉ်းစားတဲ့လူက အင်မတန်နည်းနေတယ်၊ ပဒေသာပင်မှာ ချိတ်ဆွဲလို့လှအောင် လူအမြင်ကောင်းအောင်ဆိုပြီး လုပ်နေကြတာက များနေတယ်၊ ရဟန်းများမှာ အသုံးဝင်တာထက် ဂုဏ်ပကာသနရဲ့ နောက်ကို လိုက်နေကြတာက များနေတယ်။

ပြီးတော့ အတီးအမှုတ် အကအခုန်တွေနဲ့ ရပ်ကွက်တကာလိုက်ပြီး အလှူခံ၊ ရလာတဲ့ဝတ္ထုတွေထဲက ရဟန်းသံဃာများကို လှူကြ တန်းကြတာက နည်းနည်းပါးပါး မဖြစ်စလောက်၊ သူတို့ ဗိုက်ထဲကို ရောက်နေတာ ပွဲလမ်းသဘင် အတီးအမှုတ် အကအခုန်တွေဘက် ရောက်နေတာတို့က များနေတယ်၊ ကထိန်ဟာ အလှူဒါနဆိုပေမဲ့ အချို့နေရာတွေမှာတော့ ပျော်ပွဲရွှင်ပွဲဆန်ဆန် ဖြစ်နေကြပြီ။

ဒါတွေကို မင်းတို့ခေတ်လူငယ်တွေက တဖြည်းဖြည်း ပြုပြင်ယူရမယ်၊ နေရာတကာ ဘုန်းကြီးတွေချည်း လုပ်လို့ ရတာမဟုတ်ဘူး၊ မင်းတို့ လောကီလူသားတွေအတွက် ပျော်ပွဲရွှင်ပွဲတွေ လုပ်တာကိုတော့ တို့က ဘာမှ မပြောလိုပါဘူး၊ ဒါပေမဲ့ ပျော်ပွဲရွှင်ပွဲက တခြား၊ ကုသိုလ်ကောင်းမှုလုပ်တာက တခြား၊ ဒီလို ကတ္တားခြားပြီး လုပ်ကြရမယ်။

ကထိန်ခင်းရန်အတွက် အစောကြီးက ခင်းမဲ့ကျောင်း ဘုန်းကြီးနဲ့ တိုင်ပင်ပြီး ဖြတ်ပိုင်းရိုက် အလှူခံတာတို့ဆိုတာလဲ မလုပ်ကောင်းဘူး၊ အဲဒီလိုအလှူခံလှူလို့ ကထိန်မဖြစ်ဘူး၊ ကထိန်ဆိုတာ ခင်းမဲ့ကျောင်းဘုန်းကြီး ပယောဂမပါရဘူး၊ အခြား သာသနာ့ဝန်ဆောင် ရဟန်းသာမဏေတွေရဲ့ ပယောဂလဲ မပါရဘူး၊ ဒါတွေကို သတိထားရမယ်။

ဒါတွေဟာ ခေတ်သဘောနဲ့ပဲ ကြည့်ကြည့်၊ ဘာသာရေး သဘောနဲ့ပဲ ကြည့်ကြည့် အင်မတန်မသင့်တော်တဲ့ လုပ်ငန်းတွေဖြစ်နေတယ်၊ ကထိန်ခေတ်ကျယင် အလှူခံတွေများလွန်းလို့ လူတွေက ငြီးငွေ့လာကြပြီ၊ စေတနာသဒ္ဓါတရားမရှိပဲ လူတွေကို အားနာတာနဲ့ အလှူငွေတွေ ထည့်နေကြရတယ်၊ ဒါတွေဟာ ဘာသာရေးအတွက် ကောင်းတဲ့အလုပ်တွေ မဟုတ်ပါဘူး။

ဒီတော့ အကောင်းဆုံးကတော့ အခုလို တဦးတည်းတတ်နိုင်ယင် တဦးတည်းလှူ၊ တဦးတည်း မတတ်နိုင်ယင် ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်ရပ်ကွက်ထဲမှာနေကြတဲ့ သဘောတူသူချင်း စုပေါင်းပြီးလှူ၊ ဒါလောက်ပဲ ကောင်းပါတယ်၊ သူများဆီက တဆင့်အလှူခံပြီး လှူကြတာကတော့ မကောင်းလှပါဘူး၊ သန့်ရှင်းတဲ့ကထိန်ဖြစ်ဖို့ မလွယ်ဘူး။

လှူတဲ့အခါမှာလဲပဲ ကထိန်ခံမဲ့ကျောင်းတိုက်မှာရှိတဲ့ သံဃာအရေအတွက်ကို ကြည့်ပြီး သင်္ကန်းကို ဦးစားပေးလှူရမယ်၊ ပိုလျှံနေမယ်ဆိုယင် ဖိနပ်တွေ စောင်တွေ သံဃာတော်မှာ မရှိမဖြစ်တဲ့ စာအုပ်စာတန်းတွေ သံဃာတော်အတွက် အသုံးလိုနေတဲ့ အိုးခွက်တွေ ဒါတွေကို မိမိတို့ရဲ့ အင်အားအလျောက် လှူဒါန်းကြရမယ်၊ ဖြည့်စွက်ပေးကြရမယ်၊ ဒါမှလဲ သံဃာတော်တွေ ပရိယတ်အလုပ် ပဋိပတ်အလုပ်ကို လုပ်ကြတဲ့အခါမှာ ချမ်းသာလွယ်ကူစွာ လုပ်နိုင်ကြမယ်၊ ရဟန်းသံဃာအတွက် ဘာမှအရေးမကြီးတဲ့ သံဃာတော်များမှာ မရှိယင်လဲဖြစ်နိုင်တဲ့ ဇိမ်ခံပစ္စည်းတွေကိုတော့ ရှောင်နိုင်သမျှ ရှောင်တာကောင်းတယ်။

ကျောင်းနေသံဃာက လှူဖွယ်သိပ်မရပဲ၊ ကျောင်းဘုန်းကြီးနဲ့ ကထိန်အပြန်အလှန်ပင့်တဲ့ အခြားကျောင်းမှ သံဃာတွေက လှူဖွယ်များများရတတ်တဲ့ ကထိန်မျိုးလဲ မဖြစ်စေနဲ့။

အခု အချို့နေရာတွေမှာ ဖြစ်နေကြတာကတော့ ဟိုကျောင်းက ပင့်သံဃာ ၂၀-ပင့်ယင်၊ ဒီကျောင်းက ၃၀-ပင့်မယ်၊ ဒီကျောင်းက အငြိမ့်ပါယင် ဟိုကျောင်းက ဇာတ်သွင်းမယ်၊ ဟိုကျောင်းက မုန့်ဟင်းခါးအချိန် ၂၀၀-နဲ့ ဧည့်ခံယင် ဒီကျောင်းက အချိန် ၃၀၀-နဲ့ ဧည့်ခံမယ်၊ အဲဒီလို မဟုတ်တဲ့နေရာမှာ ဂုဏ်တုဂုဏ်ပြိုင် လုပ်နေကြတယ်။ ဒီဟာတဲက သိပ်မှားနေကြပြီပေါ့။

မင်းတို့ပဲ စဉ်းစားကြည့်စမ်းပါ၊ အလှူဒါန လုပ်တယ်ဆိုတာဟာ ဒီဘဝအတွက်လား နောက်ဘဝတွေအတွက်လား ဆိုတာကို၊

"နောက်ဘဝတွေအတွက်ပါဘုရား"

"အေး နောက်ဘဝတွေအတွက်ဆိုယင် ဒီဘဝမှာ သူများထက်သာအောင် ပကာသနမှုတွေလုပ်တာဟာ ဂုဏ်ယူစရာ ဟုတ်ပါဦးမလား"

"မဟုတ်နိုင်တော့ပါဘုရား"

"ဒီတော့ နောက်ဘဝတွေအတွက် ရည်ရွယ်ပြီး ဒါနလုပ်ရိုးမှန်ယင် နောက်ဘဝတွေအတွက် အကျိုးကြီးမားအောင် မလုပ်သင့်ပေဘူးလား"

"လုပ်သင့်ပါတယ်ဘုရား"

ဒီတော့ကာ နောင်ဘဝတွေအတွက် အကျိုးကြီးမားစေလိုယင် ယခုလို ဒါနလုပ်တဲ့အခါမှာ ဂုဏ်ပကာသန အသိုင်းအဝိုင်းတွေ ကင်းနိုင်သမျှ ကင်းပါစေ၊ အတီးအမှုတ် အကအခုန်စတဲ့ အကုသိုလ်အသိုင်းအဝိုင်းတွေ လုံးဝ မပါစေနဲ့၊ တို့လုပ်တဲ့ အလှူဒါနဟာ နိဗ္ဗာန်ရသည့်တိုင်အောင် အဆင့်ဆင့် ကောင်းကျိုးတွေကို ပေးနိုင်တယ်ဆိုတဲ့ ယုံကြည်မှု အပြည့်အဝ ရှိရမယ်၊ တို့မှာ အဝတ်အစား စတဲ့အရာဝတ္ထုတွေ ပြည့်စုံသလို သံသာတော်တွေမှာလဲပဲ ပြည့်စုံပါစေဆိုတဲ့ မေတ္တာစေတနာ အပြည့်အဝထား၊ တို့ဟာဖြင့် ဒီဒါနကုသိုလ်ကြောင့် နိဗ္ဗာန်မဂ်ဖိုလ်ကို ရရပါလို၏၊ ဒါမှမဟုတ်ယင် ပစ္စေကဗောဓိဉာဏ်ကို ရရပါလို၏၊ ဒါမှမဟုတ်ယင် သဗ္ဗညုတဉာဏ်ကို ရရပါလို၏၊ အဲဒီ ၃ မျိုးထဲက တမျိုးမျိုးကို ဆုတောင်း၊ အဲဒီလို ပြုလုပ်တဲ့ ဒါနမှ နောက်ဘဝတွေအတွက် အကျိုးများနိုင်တယ်၊ အဆုံးမှာ ဘဝကင်းပြတ်ပြီး နိဗ္ဗာန်ထိအောင် အရောက်ပို့နိုင်တယ်။

ဒီတော့ မင်းတို့တတွေလဲပဲ နောင်ဘဝအဆက်ဆက် အကျိုးကြီးမားအောင် ဘဝကင်းပြတ်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်အောင် စနစ်တကျဒါနစတဲ့ ကုသိုလ်များကို ဆည်းပူးအားထုတ်နိုင်ကြပါစေသတည်း။

"ဘုရားတပည့်တော် နောက်ထပ်တခု လျှောက်ထားလိုပါသေးတယ်ဘုရား၊ ကထိန်တရားက ဒီလောက်ဆိုယင် တပည့်တော်များအတွက် ပြည့်စုံပါပြီ၊ လုံလောက်ပါပြီ၊ ကထိန်နေ့ကျတော့ ရဟန်းတော်များနဲ့ ဒါယကာ ဒါယိကာမများ ဆက်ဆံရေးကို ဟောပေးစေလိုပါတယ်၊ အဲဒီနေ့ကျတော့ ဒီသားနဲ့ သမီးတွေက စည်းရုံးထားတဲ့အတွက် လူလဲ အတော်စုံပါလိမ့်မယ်၊ ခုကာလ သားသမီးတွေက ရဟန်းသံဃာများအပေါ်မှာ ရိုသေမှုနဲ့နေတာကို အများဆုံး တွေ့နေရပါတယ်ဘုရား"

ဆရာတော် ဦးဓမ္မိက၏ ကထိန်နှင့် ပတ်သက်သော ဩဝါဒအဆုံးမှာ ဦးရာကျော်က မိမိ၏ ဆန္ဒကို ဖွင့်ဖော်လျှောက်ထားသည်၊ ဆရာတော်ဦးဓမ္မိကကလည်း ဦးရာကျော်၏ဆန္ဒကို လိုက်လျောတော်မူသည်၊ ထို့နောက် အလှူနေ့မှာ ဆူဆူညံညံဖြစ်မည်ကို စိုးသည့်အတွက် မောင်မျိုးသန့်တို့ဘက်ကို လှည့်၍ မေးတော်မူသည်။

"မောင်မျိုးသန့်တို့ ဧည့်ခံ ကျွေးမွေးမယ်ဆိုတာ ဘယ်လိုစီစဉ်ထားကြသလဲ၊ ကျောင်းဝင်းထဲမှာ ဆူဆူညံညံများ ဖြစ်နေဦးမှာလား"

"မဖြစ်စေရပါဘုရား၊ ဆရာတော်များကို ဆွမ်းပင့်ကျွေးတုန်းက ဇွန်းသံ ပန်းကန်သံမှ မကြားရအောင် ငြိမ်ငြိမ်သက်သက် သိမ်သိမ်မွေ့မွေ့ ဘုဉ်းပေးနေကြတာကို တွေ့ရတဲ့အတွက် မကြည်ဝင်းကိုယ်တိုင်က အတော် ကြည်ညိုမှု ရသွားပါတယ်ဘုရား၊ 'ဒီလို ငြိမ်သက်သိမ်မွေ့တဲ့ သံဃာတော်တွေ သီတင်းသုံးတဲ့ ကျောင်းတိုက်မှာ ပရိသတ်ကို ဧည့်ခံကျွေးမွေးတော့ ငြိမ်ငြိမ်သက်သက်ဖြစ်မှ တော်မယ်' လို့ သူကပဲ စတင်ပြောဆိုလာပါတယ်၊ ဒါနဲ့ တပည့်တော်တို့ ၂-ဦးသား တိုင်ပင်ပြီး အစီအစဉ် ရေးဆွဲထားပါတယ်၊ ဧည့်ပရိသတ်ကိုလဲ ဖိတ်စာကမ်းယင်းတပည့်တော်ကိုယ်တိုင်ပြောဆိုစည်းရုံးထားပါတယ်၊ ဒီအတွက်လဲ စည်းဝေးကြဦးမှာပါ၊ ဒီအတွက်တော့ ဆရာတော်ဘာမှ စိုးရိမ်တော်မမူပါနဲ့၊ ဆရာတော် အလိုရှိတဲ့အတိုင်း ဖြစ်ပါလိမ့်မယ်ဘုရား"

"အေး လူများလို့ရှိယင် ဆူတတ်လွန်းအားကြီးလို့ ပြောနေရတာပါ၊ မင်းတို့က ကြိုတင် စီစဉ်ထားတယ်ဆိုယင်လဲ ပြီးတာပါပဲ"

ဦးအင်ဖား ဒေါ်တင်ကြည်တို့က မိမိတို့နှင့် နီးစပ်သော ကျောင်းတကျောင်း၌ တန်ဆောင်မုန်းလဆန်း ၁၀-ရက်နေ့မှာ ကထိန်သင်္ကန်း ကပ်လှူရန် စီစဉ်နေကြသည်၊ ဦးရာကျော်တို့ တအိမ်သားလုံးကိုလည်း ဖိတ်ထားသည်၊ မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့ကိုမူ ၉-ရက်နေ့ ညနေကပင် လာရောက်ကူညီရန် ခေါ်ထားသည်။

"မကြည်ဝင်းရဲ့ အမေအဖေတို့က သူတို့ကထိန်အလှူမှာ ကူညီဆောင်ရွက်ပေးရန် ခေါ်ထားတဲ့အတွက် ဒီနေ့ညနေမှာပဲ ကျွန်တော်တို့ သွားပါရစေ"

၉-ရက်နေ့ညနေမှာ မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့က အလှူသို့ သွားခွင့်ပေးရန် ဦးရာကျော်ထံမှာ ခွင့်ပန်ကြသည်။

"အေး သွားတော့ သွားကြပေါ့ကွာ၊ ဒါပေမဲ့ မတော်တာတွေ့တိုင်း မင်းတို့က ဝင်ဝင် ပြောမနေကြနဲ့၊ ရေလိုက်ငါးလိုက် ဆိုသလိုနေ၊ သူတို့ခိုင်းတဲ့အတိုင်း လုပ်ပေး၊ သူတို့မှာ ဆရာကြီးတွေက ရှိနေသေးတယ်၊ ဘာမှ ဆန့်ကျင်ဘက် မဖြစ်စေနဲ့၊ အခြေအနေ မပေးခင်တော့ အောင့်အီး သည်းခံပြီး နေကြသေးတာပေါ့၊ သူတို့ အမှားကို သူတို့ မြင်လာတဲ့တနေ့မှာ မင်းတို့က ဦးဆောင်ခွင့်ရလာလိမ့်မယ်၊ အဲဒီတော့မှ မင်းတို့သဘောကျ စီစဉ်ပေးကြတာပေါ့၊ ငါပြောတာကို နားလည်ကြရဲ့လား၊ သဘောပေါက်ကြရဲ့လား"

"နားလည်ပါတယ်၊ သဘောပေါက်ပါတယ် အဖေ"

မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့၏ နှုတ်ဖျားမှ ပြိုင်တူ တသံတည်း ထွက်လာသည်။

"အေး ဒါဖြင့် သွားကြတော့၊ နောက်ကျနေအုံးမယ်"

မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့ ရောက်သွားသည့်အချိန်မှာ ရန်ကုန်က ခေါ်ထားသော တီးဝိုင်းများကလဲ အိမ်နား လမ်းပေါ်မှာ တီးမှုတ်ရန်

အစပြုနေပါပြီ၊ အငြိမ့်ကလဲ ကျောင်းဝိုင်းထဲမှာ က,ရန် ပြင်ဆင်နေပါပြီ၊ ကျောင်းနှင့် အိမ်ကလဲ ဝေးလှသည်မဟုတ်ပါ၊ ခဲတပစ်စာ လောက်သာ ကွာပါသည်။

ချက်ပြုတ်ရန် တာဝန်ယူထားသူများကလည်း အိမ်နောက်ဖေးမှာ ဆူဆူ ညံညံ ဖြစ်နေကြသည်၊ ပုလင်းထောင်မပေးသည့်အတွက် အိုးဖင်အောက်က မီးပင် မတောက်သေးပါ၊ အလိုက်သိစွာဖြင့် အလှူအတွက် ကူညီလုံးပမ်း နေသူများက ပုလင်းတောင်ပေးလိုက်မှ မီးတောက်လာပါတော့သည်။

တီးဝိုင်းနားထောင်ရန် အငြိမ့်ကြည့်ရန် လာရောက်သော ပရိသတ်က လည်း စည်ကားလှသည်၊ မြို့တွင်း ရပ်ကွက်ပေါင်းစုံမှလာကြသလို မြို့စွန် မြို့ဖျားမှ လာကြသူများလည်း မနည်းလှပါ၊ လှေသမ္မန်များ၊ မော်တော်များ၊ လှည်းများဖြင့် အဆင်ပြေသလို တောရွာများမှလည်း စုပြုံလာရောက်ကြပါ သည်၊ ယင်းသို့ လာရောက်ကြသော လူထုပရိသတ်ဖြင့် ကျောင်းဝိုင်းထဲ မှာလည်း ကြိတ်ကြိတ်တိုး ဖြစ်နေသည်၊ အိမ်နားလမ်းပေါ်မှာလည်း ကြိတ် ကြိတ်တိုး ဖြစ်နေသည်။

ထိုစဉ် အမျိုးသမီးကလေးများကို နောက်ပြောင်ရာမှစပြီး ကျောင်းသား သူငယ်များ တဘက်နှင့်တဘက် ခိုက်ရန် ဖြစ်ပွားကြသည်၊ ဆဲလိုက်ဆိုလိုက် နှင့် တဘက်နှင့်တဘက် ရိုက်နှက်ကြမည်ဟု ရန်စောင် နေကြသည်။

ထိုစဉ် ဘေးကလူများက ကြောက်လန့်တကြား နီးရာအိမ်များကို တက် ပြေးကြသည်၊ ယင်းသို့ တက်ပြေးလာသော လူများကြောင့် အလှူအိမ်၌ သံဃာတော်များကို နံနက် အရုဏ်ဆွမ်းကပ်ရန် ပြင်ဆင်ထားသော ဟင်းအိုး များလည်း မှောက်၊ ပန်းကန်ခွက်ယောက်များလည်း ကွဲ၊ လှူဖွယ်တန်းရန်များ လည်း ကစဉ့်ကရဲဖြစ်သွား၊ လူများကလည်း အလန့်တကြား ဖြစ်သွားပါ တော့သည်၊ ဦးအင်ဖား ဒေါ်တင်ကြည်တို့ကလည်း အတော်ပင် စိတ်ထိခိုက် သွားပုံရပါသည်။

ရပ်ကွက်ကောင်စီလူကြီးများနှင့် ပြည်သူ့ရဲများက အချိန်မီအုပ်ထိန်းနိုင် သည့်အတွက် မကြာမီမှာပင် ငြိမ်းအေးသွားပါသည်၊ ပရိသတ်များကလည်း နေသားတကျ ကြည့်ရှု နားထောင်နေကြပါသည်။

အလှူအိမ်၌ကား အတော်ပင် အလုပ်ရှုပ်သွားကြသည်၊ အချို့သံဃာတော်များကပ်ရန် ညတွင်းချင်း ဟင်းလိုက်ရှာကြသည်၊ အချို့က ပန်းကန် ခွက်ယောက်များ အစား လိုက်ရှာကြသည်၊ အချို့က ကစဉ့်ကရဲ ဖြစ်သွားသောလှူဖွယ်တန်းရန်များကို နေထားတကျဖြစ်အောင် ပြုပြင်ကြရသည်၊ အချို့က ပျက်စီးသွားသည်များကို အစားလုပ်ကိုင်ပေးနေကြသည်။

မောင်မျိုးသန့်က ကထိန်သက်နိုး လှည့်ရန် ယာဉ်များ ပြင်ဆင်ရာ၌ ကူညီလုပ်ကိုင်ပေးနေသည်၊ မိုးလင်းခါနီးမှပြီးသည်၊ မကြည်ဝင်းကမူ အမေဖြစ်သူဒေါ်တင်ကြည်နားမှာနေ၍ လိုအပ်သမျှကို ကူညီလုပ်ကိုင် ပေးနေသည်။

နံနက် အရုဏ်ဆွမ်းကို အိမ်မှာပင် ဆက်ကပ် လှူဒါန်းကြသည်၊ သံဃာတော်များကလည်း ထမင်းကောင်းကြောင်း ဟင်းကောင်းကြောင်း သောင်းပြောင်းထွေလာ ပြောဆိုသုံးဆောင်ကြပါသည်၊ ၇၀၀-တန် ဥတ်သက်နိုးကိုကြည့်လိုသေးသည်ဆို၍ ကရဝိက်ယာဉ်မှာ ချိတ်ဆွဲထားရာမှ မောင်မျိုးသန့်ကိုယ်တိုင် ဆောင်ယူလာလျက် ပြလိုက်ရပါသေးသည်။

သံဃာတော်များ ပြန်ကြွသွားသည့်အချိန်မှာ ကထိန်သက်နိုး လှည့်ရန်စီစဉ်ကြသည်၊ ကရဝိက်ယာဉ်ပေါ်မှာ လှူဖွယ်တန်းရန်များကို ကြည့်ကောင်းအောင် ပြင်ဆင် ချိတ်ဆွဲကြသည်။

လှူဖွယ်တန်းရန်များမှာ ကထိန်ခံမည့်ကိုယ်တော် သဘောကျ ဝယ်ပေးရသော ၇၀၀-တန် ခေတ်ပေါ်ဥတ်သက်နိုးတစုံ၊ အခြား သံဃာတော်များအတွက် ပိတ်သက်နိုး ၂၁-စုံ ဖြစ်သည်၊ အခြား တိုလီမိုလီ ဟိုကဒီကကူညီချိတ်ဆွဲကြသော ပစ္စည်းတွေကလည်း အတော်အများသား၊ သို့ဖြင့် ကရဝိက်ယာဉ်မှာ အတော်ကြည့်ကောင်းသွားပါတော့သည်။မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်သွားပါတော့သည်။

ယင်းကရဝိက်ယာဉ်က ရှေ့ဆုံးမှထွက်သည်၊ အငြိမ့်သမများက နောက်မှသီးသန့်ယာဉ် တစီးဖြင့် တီးမှုတ်ကခုန် လိုက်ပါလာကြသည်၊ ငွေပဒေသာပင်ကို ကိုင်ထားသော အမျိုးသမီးကလေးများ အချို့သော ညွှန့်ပရိသတ်များက နောက်မှ တန်းစီ လိုက်ပါလာကြသည်၊ တီးဝိုင်းသမားများက နောက်ဆုံးမှ ကားတစီးဖြင့် တီးမှုတ် လိုက်ပါလာကြသည်။

ဦးဘချိုလမ်းအတိုင်း မြောက်ပိုင်းအဖျား ၁-လမ်း ထိအောင် လှည့်၍ ကမ်းနားလမ်းအတိုင်း ကွေ့လာလျက် ကျောင်းတိုက်ထဲကို ဂ-နာရီလောက်မှာ ရောက်လာကြသည်၊ ကျွေးမွေး ဧည့်ခံမည့်သူများက ဓမ္မာရုံထဲမှာ အဆင်သင့် ပြင်ဆင်ထားနှင့်ကြသည်။

"မုန့်ဟင်းခါး သုံးဆောင်ရန် ကြွတော်မူကြပါခင်ဗျား"

အသံချဲ့စက်မှ ထွက်ပေါ်လာသောအသံကို ကြားရသည်နှင့် တပြိုင်နက်သူ့ထက်ငါဦး ဓမ္မာရုံထဲကို အတင်းတိုးဝှေ့ပင်ရောက်လာကြသည်၊ ဦးရာလူက ဝင်ရောက် စားသောက်နေကြသည်၊ မုန့်လိုက်ပွဲတောင်းသံ, မုန့်ဟင်းတောင်းသံ, ငရုတ်မှုန့်တောင်းသံ, နံနံပင်တောင်းသံ, ဇွန်းသံ, ပန်းကန်သံ, ကလေးငိုသံတို့ဖြင့် ဘဝဂ်လျှံအောင် ဆူညံနေပါတော့သည်။ ခုံမဆံ့သည့်အတွက်ဘေးကထိုင်နေကြရသူများကလည်း တောပြော တောင်ပြော ဟသောသောဖြစ်နေကြသည်။

ကျွေးမွေး ဧည့်ခံနေသူများကလည်း တသုတ်ပြီးတသုတ် ဆေးကြောပြင်ဆင် ကျွေးမွေး ဧည့်ခံနေကြပါသည်၊ ၉-နာရီသာသာလောက်မှာ မုန့်ဟင်းခါး အချိန် ၂၀၀-ကျော် ပြောင်စင် သွားပါတော့သည်။

မစားရသေးသည့်သူများကလည်း တဝက်နီးပါး ကျန်နေသေးသည်၊ သို့အတွက် ဆိုက်ကားဖြင့်တမျိုး၊ စက်ဘီးဖြင့်တသွယ် မုန့်ဟင်းခါး အဝယ်လွှတ်ရပါတော့သည်၊ ရရသမျှကို သိမ်းကျုံးဝယ်ယူလာကြလျက် ကျန်နေသူများကို ဖြစ်သလို ကျွေးမွေးရပါတော့သည်၊ သံဃာတော်များကို ကျွေးမွေးရန် ရှိသေးသည့်အတွက် ၁၀-နာရီသာသာလောက်မှာ ဧည့်ခံကျွေးမွေးမှုကို ရပ်ဆိုင်းထားလိုက်သည်။

၁၀-နာရီခွဲမှာ သံဃာတော်များကို ဆွမ်းကပ်လျက် ၁၂-နာရီအချိန်မှာ ကထိန်သင်္ကန်း ကပ်လှူကြသည်၊ ကထိန်ခံမည့် ကိုယ်တော်ကပင် တရားဟောသည်၊ ၁-နာရီခွဲအချိန်မှာ ရေစက်ချ အမျှပေးဝေ၍ အလှူကိစ္စကို ပြီးဆုံးစေသည်။

ထူးဆန်းသည်မှာ ကျွေးမွေးဧည့်ခံသည့်အခါ မုန့်ဟင်းခါး အချိန် ၃၀၀ လောက် ကျွေးမွေးရစေကာမူ တရားနာသည့်အခါ ပရိသတ် ၃၀၀-ပင် ပြည့်မည် မထင်တော့ပါ။

အလှူကိစ္စပြီးသွားသော်လည်း မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့က ချက်ချင်း မပြန်ကြရသေးပါ၊ သိမ်းဆည်းစရာရှိသည်များကို ကူညီသိမ်းဆည်းပေးနေကြသည်၊ မိုးချုပ်ခါနီးမှ အိမ်ကို ပြန်လာကြသည်။

"ဘယ့်နှယ်လဲဟေ့၊ ဒီနေ့အလှူကို မင်းတို့ ဘယ်လို သဘောရကြသလဲ၊ မင်းတို့စိတ်ထဲမှာ ရှိတဲ့အတိုင်း ငါ့ကို ပြောစမ်း"

မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့ ရေမိုးချိုး အဝတ်အစား လဲပြီး၍ ညည့်ခန်း၌ အနားယူနေချိန်မှာ ဦးရာကျော်က မေးလိုက်သည်။

"အလှူဒါန လုပ်တယ်လို့သာ ဆိုရပါတယ်၊ အလှူပွဲရဲ့ သွင်ပြင်လက္ခဏာက မရှိသလောက်ပါပဲ အဖေရယ်၊ မကြည်ဝင်းရဲ့ အမေအဖေတို့ကလဲပဲ စိတ်ချမ်းသာမှုရဟန် မတူပါဘူး၊ ညဦးပိုင်းမှာ ပွဲကြည့်လာတဲ့ ကျောင်းသားချင်း ရန်ဖြစ်တာနဲ့ သံဃာတွေအတွက် ချက်ထားတဲ့ ဟင်းအိုးတွေမှောက်၊ ပန်းကန်းတွေကွဲနဲ့ အတော်လေး ကသိကအောက် ဖြစ်သွားပါသေးတယ်၊ မနက်ပိုင်းမှာတော့ အဖေတို့လဲ မျက်မြင်ကိုယ်တွေ့ပါပဲ၊ ဒါတွေကို သားက ပြောစရာမလိုတော့ပါဘူး"

မောင်မျိုးသန့်က မိမိ၏ထင်မြင်ချက်ကို ထိန်းထိန်းသိမ်းသိမ်း ပြောဆိုပြန်ကြားလိုက်သည်။

"ကထိန်အလှူလို့သာ ဆိုရပါတယ်အဖေရယ်၊ ကထိန်တော့ ဖြစ်မယ် မထင်ပါဘူး"

မောင်မျိုးသန့် စကားဆုံးသည်နှင့်တပြိုင်နက် မကြည်ဝင်းက မိမိထင်မြင်ချက်ကို စိတ်ပျက် အားငယ်စွာဖြင့် ပြောမည်လုပ်သည့်အခါ ဦးရာကျော်က စကားဆုံးအောင်ပင် မစောင့်နိုင်တော့ပါ။

"ဟေ့ သမီး သူများအလှူဒါနကို ဒီလိုတော့ မပြောကောင်းပါဘူးကွယ်"

ကြားမှဖြတ်ကာ တားမြစ်လိုက်ပါတော့သည်။

''သမီးက မဟုတ်မတရား ပြောနေတာ မဟုတ်ပါဘူး အဖေရယ်၊ အလှူရှင်တွေက ကျွန်မရဲ့ အမေအဖေတွေပါ၊ ကထိန်ခံမဲ့ ကိုယ်တော်က လိုချင်တယ်ဆိုတာနဲ့ ၇၀၀-တန် ဥတ်သက်န်းကြီးကို ဝယ်ပေးရသတဲ့၊ ၇-ရက်နေ့က ဆရာတော်ဦးဇမ္ဗိက အမိန့်ရှိလိုက်တဲ့ ဩဝါဒ အရ ဆိုယင် ကထိန်ဖြစ်နိုင်ပါတော့မလား၊ အဖေလဲ စဉ်းစားကြည့်ပေါ့၊ ဆရာတော် ဦးဇမ္ဗိက မိန့်ဆိုချက်အရ ဆိုယင် ၂-ဘက်ရှုံး အလှူကြီးပဲ၊ ကုန်လိုက်တာကလဲ မနည်းပါဘူး၊ သောက်သောက်လဲပဲ၊ ပြီးတော့ သာသနာတော်အတွက် အမြတ် မထွက်တဲ့အပြင် အရှုံး ဘက်က များနေပါသေးတယ်''

''သမီးပြောတာဟာ အကုန်လုံးအမှန်ချည်းပါပဲ၊ ဒါပေမဲ့ အပြင်ကို မပွင့်စေနဲ့၊ ကိုယ့်ဝမ်းထဲမှာထား၊ သူတို့ကြားသွားကစိတ်မကောင်း ဖြစ်နေဦးမယ်၊ ပြီးပြီးသားဟာတွေ ပြီးပါစေတော့၊ သမီးတို့သွားခါနီးမှာ အဖေက မှာလိုက်တဲ့အတိုင်း အခွင့်အခါကိုသာ စောင့်ကြည့်နေပါ၊ တနေ့နေ့မှာ ကိုယ်ကကူညီနိုင်တဲ့ အခွင့်အလှည့်ကို ရလာပါလိမ့်မယ်''

ဦးရာကျော်တို့ ကထိန်ရက်ကား တဖြည်းဖြည်း နီးကပ်လာခဲ့ပြီ၊ ကျွေးမွေးဧည့်ခံရန်အတွက် ၁၂-ရက်နေ့မှာ ဦးရာကျော်တို့အိမ်ဥပင် ရှာလုံးကျွတ် စုဝေးတိုင်ပင်ကြသည်၊ မောင်မျိုးသန့်တို့ အမျိုးသားအဖွဲ့က တအိမ်ဆွမ်းတအုပ် ချက်ပို့ရန် အကြံပြုပြောဆိုလာကြသည်။

''တအိမ်ဆွမ်းတအုပ် ချက်ပို့နေကာ အချင်းချင်း ပန်းကန်မှားကြတာနဲ့၊ ပန်းကန် ပျောက်ကြတာနဲ့ ကျောင်းဝင်းထဲမှာ ဆူဆူညံညံ ဖြစ်ကုန်လိမ့်မယ်၊ ဆွမ်းအုပ် ပို့ကြမဲ့အစား တအိမ် ဆန်တပြည်သာ ထည့်ဝင်ကြပါ၊ ကျွန်မတို့အမျိုးသမီးအဖွဲ့က စုဆောင်းပြီး အကုန်လုံး အဆင်ပြေအောင် ဆွမ်းရော ဟင်းရော တနေရာမှာ ချက်ပြုတ်ထားပါ့မယ်''

''အဲဒီ ချက်ပြုတ်ပြီး ဆွမ်းတွေ ဟင်းတွေကို သီးသန့်အိုးခွက် ပန်းကန်တွေနဲ့ ထည့်ပေးပါ့မယ်၊ အဲဒါတွေကို ကထိန်သင်္ကန်းနှင့်

အတူ အသီးအသီးတန်းစီရှက်ပို့ကြရပါပဲ၊ အဲဒီလို လုပ်လိုက်တဲ့အတွက် ဟင်းတွေကလဲ ညီတူညီမျှ ဖြစ်လာမယ်၊ ဆူဆူညံညံ ဖြစ်စရာလဲ မရှိတော့ပါဘူး’’

အမျိုးသမီးများ၏ ကိုယ်စား မကြည်ဝင်းက ဝင်ရောက် ပြောဆိုသည်၊ အကုန်လုံးက ဝမ်းမြောက်ဝမ်းသာ လက်ခံကြသည်။

ထို့နောက် အမျိုးသားများကို နီးစပ်ရာ နီးစပ်ရာ လူ ၅၀-လျှင် တဖွဲ့ဖွဲ့၍ ခေါင်းဆောင်တဦးစီ ခန့်ထားကြသည်၊ ယင်း ခေါင်းဆောင်များကို ကွပ်ကဲအုပ်ချုပ်ရန် အကြီးအကဲ ဥက္ကဋ္ဌတယောက်ကိုလဲ တင်မြှောက်ထားကြသည်၊ အမျိုးသမီးများကိုလည်း အလားတူပင် ဖွဲ့စည်းထားကြသည်၊ ယင်း အဖွဲ့များကိုလည်း အသီးအသီး နံပါတ်တပ်ပေးထားကြသည်။

မြို့မှလာသော ဧည့်သည်များအတွက် တာဝန်ယူကူညီဆောင်ရွက်ပေးရန်လည်း အမျိုးသမီး ၂-ယောက် အမျိုးသား ၂ ယောက် သီးသန့်တာဝန်ပေးထားကြသည်။ သူတို့၏တာဝန်မှာ မြို့ဘက်မှ ကူးလာသမျှသော ဧည့်သည်များကို ကုတို့ဆိပ်မှ ဆီးကြို၍ ၁၀-နာရီထိုးသည့်အထိ ဦးရာကျော်တို့အိမ်၌ ဧည့်ခံထားရန် ကျောင်းတိုက်ထဲကို ရောက်သည့်အခါမှာလည်း စီစဉ်ထားသည့်အတိုင်း နေရာချထားပေးရန်မျှသာ ဖြစ်ပါသည်။

၁၃-ရက်နေ့မှစ၍ တအိမ် ဆန်တပြည် လိုက်လံစုဆောင်းရန် ရလာသည့်ဆန်များထဲမှ ထုခွဲသင့်သည်ကို ထုခွဲ၍ ဟင်းလျာများဝယ်ယူရန် ၁၄-ရက်နေ့ညနေမှာ အသင့်ပြင်ဆင်ထား၍ ၁၅-ရက်နေ့မှာ အချိန်မီ ဆွမ်းရေဟင်းပါအပြည့်အစုံ ချက်ပြုတ်လုပ်ကိုင် ဆောင်ရွက်ပေးရန် ၁၀-နာရီထိုးသည်နှင့်တပြိုင်နက် ဝေစုကျရာ လှူဖွယ်ဝတ္ထုများကိုရှက်၍ ကျောင်းအရောက်ပို့ရန်အမျိုးသမီးများအား တာဝန်အပ်နှင်းကြသည်။

လပြည့်နေ့မှာ ကျောင်းတိုက်ကို စောစောသွား၍ နေရာထိုင်ခင်း ခင်းကျင်းပြင်ဆင်ရန် သောက်ရေသုံးရေများကို အဆင်သင့်တည်ထားရန် ကျွေးမွေး ဧည့်ခံရာ၌ အသုံးပြုမည့် ပန်းကန်ခွက်ယောက်များကို ထုတ်ယူဆေးကြောထားနှင့်ရန် သံဃာစင်များ တရားဟောပလ္လင်များကို ခင်းကျင်း

ပြင်ဆင်ထားရန် အလှူဝတ္ထုထားမည့် နေရာများကို စနစ်တကျ ပြုလုပ်ထား ကြရန် အမျိုးသားများအား တာဝန်အပ်နှင်းကြသည်။

ထို့ပြင် ပရိသတ်ကို ဧည့်ခံကျွေးမွေးရာ၌ ရေနှင့် အဆေးအကြောတာဝန် ကို အမျိုးသားများကယူ၍ ခူးခပ်ပြင်ဆင်ကျွေးမွေးရန် တာဝန်ကို အမျိုး သမီးများက ယူကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ကား ဆိုက်ရောက်လာခဲ့ပါပြီ၊ အမျိုးသမီး များရော အမျိုးသားများပါ အသီးအသီး ကိုယ့်တာဝန်ကို ကျေပွန်အောင် ရွက်ဆောင်နေကြသည်၊ အဖွဲ့ခေါင်းဆောင်များနှင့် အမျိုးသမီး ဥက္ကဋ္ဌ အမျိုးသားဥက္ကဋ္ဌများကလည်း ချွတ်ယွင်းချက်မရှိရအောင် လိုက်ပါ ကွပ်ကဲ ရွက်ဆောင်နေကြသည်။

မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့က လုပ်ကိုင်ဆောင်ရွက်နေသူများအား ကျွေးမွေးရန် လက်ဖက်ရည်ကြမ်းနှင့် မုန့်စိမ်းပေါင်း ဒါယကာ ခံထား ကြသည်။

ထိုနေ့မှာ မြို့ဘက်မှ အဦးဆုံး ရောက်လာသူများကား ဦးအင်ဖားနှင့် ဒေါ်တင်ကြည် ဇနီးမောင်နှံတို့တည်း၊ သူတို့ ဇနီးမောင်နှံ ၂ ဦးသည် မိမိတို့ ၁၀-ရက်နေ့က ပြုလုပ်ခဲ့သော ကထိန်နှင့် ဦးရာကျော်တို့ ကထိန်ကိုလည်း နှိုင်းယှဉ် ကြည့်ရှုလိုကြသည်၊ ဦးရာကျော်၏ လှူပုံတန်းပုံစံနစ်ကိုလည်း အကဲ ခတ်ကြည့်ရှုလိုကြသည်၊ သမီးနှင့်သားမက်တို့ ဦးဆောင်သော ရပ်ရွာလူထု၏ လုပ်ကိုင် ဆောင်ရွက်ပုံကိုလည်း ကြည့်လိုမြင်လိုသည်၊ သို့ဖြင့် စောစောစီးစီး အိပ်ရာမှထ၍ သူများထက်ဦးအောင် ရောက်လာရခြင်း ဖြစ်ပေသည်။

ရောက်သည့်အခါမှာလည်း မထိုင်အားသေးပါ၊ သူတို့၏ မျက်လုံးအစုံကို ဦးရာကျော်တို့ အိမ်ဦးခန်း၌ စီစဉ်ပြင်ဆင်ထားသော လှူဖွယ်တန်းရန်များက ဆွဲဆောင် ခေါ်ယူထားသလို ဖြစ်နေသည်၊ သို့ဖြင့် သူတို့သည် လှူဖွယ်တန်းရန် များကို အတော်ကြာအောင် လှည့်ပတ်ကြည့်ရှုနေကြသည်၊ ပြီးမှ ဦးရာကျော် တို့ ခေါ်ဆောင်ရာသို့ လိုက်ပါ စကားပြောနေကြသည်။

အလှူအိမ်သာ ဆိုရသည်၊ ဦးရာကျော်တို့အိမ်ကား ခါတိုင်းနှင့် မထူးလှ၊ တိတ်ဆိတ် ငြိမ်သက်လှဘိသည်၊ မကြည်ဝင်းတို့ ဦးဆောင်သော အမျိုးသမီး

များက အိမ်နောက်ဘက် ဥယျာဉ်ထဲ၌ ကိုယ့်အပေါ်သို့ ကျရောက်လာသော တာဝန်ကို အသီးအသီး ရွက်ဆောင်နေကြသည်၊ အမျိုးသမီး ၂-ရာကျော် ၃-ရာလောက် ရှိနေစေကာမူ ဆူဆူညံညံ ဘာသံမျှ မကြားရ၊ ဤသည်ကပင် လျှင် ဦးအင်ဖားတို့ ဇနီးမောင်နှံအတွက် ထူးဆန်းသလို ဖြစ်နေပါတော့သည်။

ထို့နောက် အခြား ဧည့်သည်များလည်း တဖွဲဖွဲ ရောက်လာကြသည်၊ တာဝန်ကျသူများက ရောက်လာသမျှသော ပရိသတ်များကို ဦးရာကျော်တို့ အိမ်သို့ ပို့ဆောင်၍ ဧည့်ခံနေရာချထားကြသည်။

၁၀-နာရီ ထိုးသည်နှင့်တပြိုင်နက် မကြည်ဝင်းတို့ အမျိုးသမီးများက နံပါတ်စဉ်အလိုက် တန်းစီဝင်လာကြသည်၊ ကျေးရွာ ထုံးတမ်းစဉ်လာအရ ကထိန်ဥတ်မကြီးကို ဒေါ်သဲနုက ရွက်ရန် ဖြစ်သော်လည်း ချွေးမဖြစ်သူ မကြည်ဝင်းအား ရွက်ယူပို့ဆောင်ခွင့် ပေးထားသည်။

သို့ဖြင့် မကြည်ဝင်းက ကထိန်ဥတ်မကြီးကိုရွက်၍ ရှေ့ဆုံးမှ ထွက်သွားသည်၊ ထို့နောက် အစဉ်လိုက် ၁-နံပါတ်အဖွဲ့က သင်္ကန်း, ၂-နံပါတ်အဖွဲ့က စောင်များ, ၃ နံပါတ်အဖွဲ့က သေနာသန အသုံးအဆောင် ဇလုံပန်းကန် များ, ၄-နံပါတ်အဖွဲ့က စာအုပ်စာတမ်းနှင့် ဖိနပ်များ, ၅-နံပါတ်အဖွဲ့နှင့် ၆-နံပါတ်အဖွဲ့က ဆွမ်းနှင့် ဆွမ်းဟင်းများကို အသီးသီးရွက်၍ တန်းစီ လိုက်ပါသွားကြသည်၊ တဘက်မှ အစဉ်လိုက်ဝင်၍ တဘက်မှအစဉ်လိုက်ထွက် သွားရန် စီစဉ်ထားသည့်အတွက် ဘာမျှရှုပ်ရှုပ်ထွေးထွေး ဆူဆူညံညံ မရှိ ပါ၊ ငြိမ်သက်တိတ်ဆိတ်စွာပင် ကိစ္စပြီးသွားပါသည်။

အမျိုးသမီးများအတွက် စုံသည့်အခါ ဦးရာကျော် ဒေါ်သဲနုတို့က ဧည့် သည်များနှင့် အတူ နောက်မှ လိုက်ပါသွားကြသည်။

နေရာထိုင်ခင်း သွားရောက် ပြင်ဆင်နေနှင့်ကြသော အမျိုးသားများက ကျွေးမွေး ဧည့်ခံမည့်မဏ္ဍပ်၌ အလယ်မှ လမ်းကြောင်းထား၍ အမျိုးသမီး များအတွက်တဘက် အမျိုးသားများအတွက်တဘက် သီးသန့် ပြင်ဆင်သွား ကြသည်၊ လူ ၅၀-စာ, လူ ၅၀-စာ အတွက် အကွက်ချ၍ အသီးသီး နံပါတ်တပ်ထားကြသည်၊ ဧည့်သည်များ အတွက်ကိုမူ ခေါင်းရင်းဘက်၌ သီးသန့် ပြင်ဆင်ထားကြသည်၊ အလှူဝတ္ထုထားမည့် နေရာများကိုလည်း နံပါတ်စဉ်အလိုက် စနစ်တကျ ပြင်ဆင်ထားနှင့်ကြသည်။

အမျိုးသမီးများက ဓမ္မာရုံထဲကို ရောက်လာသည့်အခါ အလယ်လမ်းကြောင်းမှဝင်၍ လှူဖွယ်ဝတ္ထုများကို နံပါတ်စဉ်အလိုက် သူ့နေရာနှင့်သူ နေထားတကျ ထားခဲ့၍ အဖွဲ့နံပါတ်စဉ်အလိုက် မိမိတို့အတွက် ခင်းထားသော နေရာမှာ ဝင်ထိုင်လိုက်ကြသည်။

ဧည့်သည်များကိုလည်း တာဝန်ကျရောက်သူများက သီးသန့်ပြင်ဆင်ထားသော နေရာသို့ ပို့ဆောင်နေရာချထားကြသည်။

အမျိုးသမီးများ ဧည့်သည်များ နေထားတကျ ထိုင်မိကြသောအခါ ကျောင်းဝင်းထဲကို ကြိုတင်ရောက်ရှိနေနှင့်ကြသော အမျိုးသားများကလည်း အဖွဲ့နံပါတ်စဉ်အလိုက် မိမိတို့အတွက် ခင်းထားသော နေရာမှာ ဝင်ရောက်နေထိုင်ကြသည်။

ပရိသတ်စုံသည့်အခါ မောင်မျိုးသန့်က ၇-ရက်နေ့က ဆရာတော်ဦးဓမ္မိက မိန့်ကြားထားသော ကထိနဒါန သြဝါဒတရားခွေကို ဖွင့်ပြခွင့်ပေးပါမည့်အကြောင်း ဆရာတော်ဦးဓမ္မိကထံမှာ သွားရောက် ခွင့်တောင်းသည်၊ ဆရာတော်၏ ခွင့်ပြုချက်အရ ကထိနဒါန သြဝါဒတရားခွေကို ဖွင့်ပေးထားသည်၊ ပရိသတ်များကလည်း စူးစူးစိုက်စိုက် တိတ်ဆိတ်ငြိမ်သက်စွာ နာနေကြသည်။

၁၀ နာရီခွဲမှာ သံဃာတော်များကို ဆွမ်းကပ်၍ ၁၁-နာရီလောက်မှာ လှူပရိသတ်ကို စတင်ကျွေးမွေးသည်၊ နေ့တနာရီမှာ ကျောင်းရှိ သံဃာတော်များကို ဓမ္မာရုံသံဃာစင်ပေါ်သို့ ပင့်လျက် ကထိန်သင်္ကန်း ကပ်လှူကြသည်။

ဆရာတော် ဦးဓမ္မိကက ဦးရာကျော် ကြိုတင်လျှောက်ထားချက်အရ ဆရာဒကာ ဆက်ဆံရေးတရားကို စတင်ဟောကြားသည်၊ ထူးခြားသည်မှာ ဆရာတော် တရားဟောသည့်အချိန်အထိ ပြန်သွားသူ တဦးတယောက်မျှမရှိပါ၊ အကုန်လုံးပင် စူးစူးစိုက်စိုက် တရားနာနေကြသည်။

မှလေးမစား မပြုသင့်သောအရာ ၄—ပါး[၁]

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အချိန်ဖြစ်တယ်၊ ပသေနဒီကောသလမင်းက ဘုရားရှင်ထံလာရောက်ပြီး လျှောက်ထားဘူးတယ်။

၁။ သဂါထာဝဂ္ဂသံယုတ်ပါ ၆၈။ ဒုင်းအဋ္ဌကထာ–၁၂၂။

"အရှင်ဂေါတမကလဲပဲ အင်မတန် အထက်တန်းကျတဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ထိုးထွင်း သိမြင်တယ်လို့ ဝန်ခံပါသလား"တဲ့၊

ဒီလို လာရောက် လျှောက်ထားတော့ ဘုရားရှင်ကလဲ အမှန်အတိုင်းပဲ ပြန်လည် မိန့်ကြားတော်မူပါတယ်။

"မဟာရာဇာ အင်မတန် အထက်တန်းကျတဲ့ သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း သိမြင်တယ်ဆိုကဲ့စကားကို ပြောတဲ့ပုဂ္ဂိုလ်ဟာ ငါဘုရားကို ရည်ညွှန်းပြောဆိုမှသာ အမှန်အကန် ပြောဆိုရာ ရောက်မယ်၊ ဟုတ်ပါတယ်၊ ငါဘုရားဟာ အင်မတန်အထက်တန်းကျတဲ့ သဗ္ဗညုတ ဉာဏ်တော်ကို ထိုးထွင်း သိမြင်ပြီးပါပြီ"

ဒီလို မိန့်ကြားတော်မူပေမဲ့ ပသေနဒီ ကောသလမင်းက တယ်သဘော မတွေ့လှဘူး၊ အဲဒီအချိန်မှာ ဘုရားရှင်ကလဲ ငယ်ငယ်ရွယ်ရွယ် ရှိသေးတာကိုး၊ ဒါနဲ့ သူက ထပ်လျှောက်ပြန်တယ်။

"အရှင်ဘုရားဂေါတမ 'ပူရဏကဿပ, မက္ခလိဂေါသာလ, နိဂဏ္ဍ-နာဋပုတ္တ, သဉ္စယဗေလဋ္ဌပုတ္တ, ပကုဓကစ္စာယန, အဇိတကေသကမ္ဗလ' ဆိုတဲ့ ပုဂ္ဂိုလ်တွေဟာ သံဃာနဲ့လဲ ပြည့်စုံကြပါတယ်၊ ဂိုဏ်းနဲ့လဲပြည့်စုံ ကြပါတယ်၊ ဂိုဏ်းဆရာလဲ ဖြစ်ကြပါတယ်၊ ထင်လဲ ထင်ရှားကြပါ တယ်၊ ကျော်စောမှုလဲ ရှိကြပါတယ်၊ အယူဝါဒကိုလဲ တီထွင်ကြပါ တယ်၊ လူများကလဲပဲ သူတို့ကို သူတော်ကောင်းတွေလို့ အသိအမှတ် ပြုထားကြ ပါတယ်၊ အဲဒီပုဂ္ဂိုလ်ကြီးတွေတောင်မှ တပည့်တော်က မေးလျှောက်ကြည့်တဲ့ အခါမှာ 'အင်မတန် အထက်တန်းကျတဲ့ သဗ္ဗညုတဉာဏ်တော်ကို ထိုးတွင်း သိမြင်တယ်'လို့ ဝန်မခံကြပါဘူး၊ အရှင်ဂေါတမကတော့ အသက်အရွယ်လဲ ငယ်ပါသေးတယ်၊ ရဟန်း ပြုလာတာလဲပဲ သိပ်မကြာသေးပါဘူး၊ ဒီလို ဖြစ်ပါလျက် ဘာ့ကြောင့် ဝန်ခံရပါသလဲ"

အဲဒီလို လျှောက်ထားလာတဲ့အခါမှာ ဘုရားရှင်က ငယ်တယ်ဆိုပြီး မထီ လေးစား မပြုသင့်တာတွေ ပြောင်လှောင် ပြက်ရယ်မှု မပြုသင့်တာတွေကို ဟောကြားတော်မူပါတယ်။

ဗုဒ္ဓအလိုတော်ကျ—၄

"မဟာရာဇာ မင်းသားရယ်, အခုခေတ်မှာတော့ အုပ်ချုပ်သူ လူတန်းစားတွေပေါ့) မြွေရယ်, မီးရယ်, သီလနဲ့ ပြည့်စုံတဲ့ ရဟန်းရယ် ဒီ ၄-မျိုးကို သေးငယ်တယ်ဆိုပြီး မထီလေးစား မပြုသင့်ဘူး၊ သေးငယ်တယ်ဆိုပြီး ပြောင်လှောင်ပြက်ရယ်မှုကို မပြုသင့်ဘူး"

မန်လည်ဆရာတော်ဘုရားကလဲ—

"မင်းလည်းတခန်း, ရဟန်းတသီး, မီးလည်းတထွေ, မြွေလည်းတခြား, ဤလေးပါးကို, လေးစားမမူ, ငယ်၏ဟူ၍, စွဲယူဝမ်းတွင်း, မှတ်မသွင်းလင့်[၁]"

ဒီလို မိန့်ဆိုထားပါသေးတယ်။

မထီလေးစား။ ။အဲဒီ ၄-မျိုးထဲက အခြားဟာတွေကိုတော့ မပြောလိုတော့ပါဘူး၊ အခုဟောနေတဲ့ တရားနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ သီလနဲ့ ပြည့်စုံတဲ့ ရဟန်းဆိုတဲ့ နောက်ဆုံး ၁မျိုးကိုပဲ ပြောသွားပါမယ်။

"ရဟန်းတွေ သာမဏေတွေကို တွေ့တဲ့အခါ လမ်းဖယ်မပေးတဲ့လူ, ခြုံထည်ကို မရုပ်သိမ်းတဲ့လူ, ထိုင်ရာက ထမပေးတဲ့လူ, ဆင်ကျောက်ကုန်းစသည်က ဆင်းမပေးတဲ့လူ, အောက်တန်းစားအနေနဲ့ သဘောထားပြီး အခြား အလားတူ မလုပ်သင့်တာတွေကို လုပ်တဲ့လူ၊ ဒီလူတွေဟာ ရဟန်း(သာမဏေ)ကို မထီလေးစားပြုရာ ရောက်တယ်" လို့ အဋ္ဌကထာဆရာက ဖွင့်ပြထားတယ်။

အဲဒီအဋ္ဌကထာစကားကို တခုချင်း ခပ်ကျဉ်းကျဉ်း ရှင်းလင်းပြောဆိုသွားပါမယ်၊ 'လမ်းဖယ်မပေးတဲ့သူများဟာ ရဟန်းတော်တွေကို မထီလေးစားပြုရာရောက်တယ်'လို့ အဆိုပြုထားတဲ့ အဋ္ဌကထာဆရာရဲ့ အလိုအရဆိုယင် လမ်းမှာ ရဟန်းတော်များကိုတွေ့ယင် လမ်းဖယ်ပေးရမယ်၊ ရဟန်းတော်တွေရဲ့ အရိပ်ကိုတော့ ရှောင်ကွင်းနေစရာ မလိုပါဘူး၊ လမ်းဘေးကို တိမ်းရှောင်ပြီး ထိုင်ခွင့်မသာယင် မတ်တတ်ရပ်ပြီး လက်အုပ်ချီနေရမယ်၊ ရဟန်းတော်တွေက

---

[၁] မယာ-ပုဒ်ရေနံပါတ်-၃၆၇။

လွန်သွားမှ ဆက်လက် သွားလာမှုကို ပြုရမယ်။ အခုပြောနေတာတွေကို လူကြီးရော လူငယ်ပါ လိုက်နာတတ်အောင် သတိပြုမှတ်သားထားကြ၊ လူငယ်တွေ ဟန်မရယင် တွေ့တဲ့လူကြီးက ပြင်ပေးရမယ်၊ လူကြီးဟန်မရလို့ လူငယ်တွေက မပြောရဲယင် လူကြီးချင်း ပြုပြင်ပေးကြ။

'ပြီးတော့ ခြုံထည်ကို မရုပ်သိမ်းသူဟာလဲပဲ မထီလေးစားပြုရာ ရောက်တယ်' လို့ ဆိုထားတော့ ရဟန်းတော်တွေရဲ့ရှေ့မှာ ပခုံး ၂-ဖက်အုပ်မိအောင် စောင်တို့ တဘက်တို့ ပုဆိုးတို့ကို ခြုံမထားရဘူး၊ ဒါမျိုးကို ဆောင်းတွင်း အခါမှာ အမှတ်တမဲ့လုပ်တတ်ကြတယ်၊ ပြီးတော့ ဦးထုပ်ဆောင်းတာတွေ ဘာတွေကိုလဲ ဆင်ခြင်သင့်တယ်။

'ထိုင်ရာက ထမပေးသူဟာလဲပဲ မထီလေးစားပြုရာ ရောက်တယ်'လို့ ဆိုထားတော့ ရဟန်းတော်များ ကြွလာတဲ့အခါ ထိုင်ရာက ထပေးကြရမယ်၊ ရဟန်းတော်တွေကို နိမ့်ရာကထားပြီး ကိုယ်ကမြင့်တဲ့နေရာမှာလဲ မနေရဘူး၊ ဒါတွေနဲ့ပတ်သက်ပြီး ဘာသာရေးယဉ်ကျေးမှုတွေက သိပ်နည်းနေကြတယ်၊ မန္တလေးရန်ကုန်ဆို ပိုဆိုးပေါ့၊ တခါတလေ ရဟန်းတော်များက အကြောင်းမညီညွတ်လို့ ဘတ်စကားစီးရတဲ့ အခါမျိုးလဲ ရှိတတ်တယ်၊ ထီးထမ်း လမ်းလျှောက် ရောက်တတ်ရာရာ သွားလာနေကြတဲ့ ကိုယ်တော်လေးတွေကို ပြောလိုတာ မဟုတ်ပါဘူး၊ တကယ့်ကို ဗုဒ္ဓသိက္ခာနဲ့နေတဲ့ ပုဂ္ဂိုလ်တွေကလဲပဲ ရင်းနှီးတဲ့ ဒါယကာတွေရဲ့ ကားကအဆင်မပြေ၊ သီးသန့်အငှားယာဉ်ကလဲ ခေါ်မရ၊ အဲဒီလိုအခါမျိုးမှာ အရေးတကြီး သွားစရာလာစရာရှိယင် ဘတ်စကားကိုပဲ အားကိုးရတတ်ပါတယ်၊ အဲဒီလို မလွဲသာတဲ့အတွက် ဘတ်စကားစီးရတဲ့ ရဟန်းတော်တွေကို ဒါယိကာမတွေနဲ့ ရောနှောယှက်တင် မဖြစ်ရအောင် ဗုဒ္ဓဘာသာဝင် ဒါယကာ ဒါယိကာမတွေက နေရာပေးသင့်ပါတယ်၊ အခုကတော့ မပေးကြတဲ့အပြင် ဒါယိကာမတွေနဲ့ တိုးလားဝှေ့လား ဖြစ်အောင်လုပ်လိုက်ကြသေးတယ်၊ဒါဟာကိုယ့်ဘာသာရေး ယဉ်ကျေးမှုကိုလဲ မသိနားမလည်ရာ ရောက်ပါတယ်၊ ကိုယ့်ဘာသာရေးခေါင်းဆောင် ဖြစ်တဲ့ ရဟန်းတော်တွေကို အခြားဘာသာဝင်တွေက မထီလေးစား လုပ်ဝံ့အောင် အားပေးကူညီရာလဲ ရောက်ပါတယ်၊ ယိုးဒယားမှာတော့ ရဟန်းတော်

တပါးပါး ဘတ်စကားပေါ် တက်လာယင် ခရီးသည်အကုန်လုံး နေရာက ထပေးကြရတယ်၊ အဲဒီ ရဟန်းတော်ကထိုင်မှ ကိုယ့်နေရာမှာ ပြန်ထိုင်ကြရတယ် ဆိုတာ ဘုန်းကြီးတို့ တဆင့်ကြားဘူးပါတယ်၊ဒီတော့ ဗုဒ္ဓဘာသာချင်းတူပေမဲ့ ရဟန်းတော်တွေကို ရိုသေ လေးစားတဲ့နေရာမှာ ဘယ်လောက် ကွာခြားနေ သလဲဆိုတာ နှိုင်းယှဉ် ချိန်ထိုးကြည့်ကြပေါ့။

'ဆင်ကျောက်ကုန်းစသည်က ဆင်းမပေးတဲ့လူဟာလဲ မထီလေးစားပြုရာ ရောက်တယ်'လို့ ဆိုထားပါတယ်၊ အဋ္ဌကထာဆရာတွေရဲ့ ခေတ်ကတော့ ဆင်ဟာ အထက်တန်းအကျဆုံး ယာဉ်ပဲပေါ့၊ ဒါကြောင့်မို့လဲ ဆင်ကို သတ် မှတ်ပြီး ပြဆိုထားခဲ့တယ်၊ ခုခေတ်မှာတော့ မော်တော်ကားတွေ လှည်းတွေ ဆိုင်ကယ်တွေ ဆိုက်ကားတွေ စက်ဘီးတွေ ယမ်းပေါ်သွား ယာဉ်တွေက အမျိုးမျိုးပေါ်လာတယ်။

ဒီတော့ အလေးပြုရမဲ့ ရဟန်းတော်တွေကို တွေ့ရတဲ့အခါ မော်တော်ကား ပေါ်က ဆင်းပေးရမယ်၊ ဆိုက်ကားပေါ်က ဆင်းပေးရမယ်၊ ဆိုင်ကယ် ပေါ်က ဆင်းပေးရမယ်၊ လှည်းပေါ်က ဆင်းပေးရမယ်၊ စက်ဘီးပေါ်က ဆင်းပေးရမယ်၊ ဒါမှလဲ အလေးပြုရာရောက်မယ်၊ ဘာသာရေးယဉ်ကျေးမှုကို လိုက်နာကျင့်သုံးရာ ရောက်မယ်။

ယခုအချိန်အခါမှာတော့ ဆင်းပေးကြမဲ့နေနေသာသာ သူတို့ကိုပဲ ရှိခိုး တောင်းပန်နေရမယ်လို ဖြစ်နေတယ်၊ ကိစ္စရှိလို့ မြောင်းမြမြို့ ဖက်ကမ်းကို တခါတလေများ သွားရယင် ဆိုက်ကားတိုက်မိမှာ စက်ဘီးတိုက်မိမှာ စိုးတာနဲ့ မနဲကို ကြည့်ရှောင်နေရတယ်၊ သွားလို့ကို မဖြစ်သလောက်ပါပဲ။

'ရဟန်းတော်များကို အောက်တန်းစားအနေနဲ့ သဘောထားပြီး အခြား အလားတူ မလုပ်သင့်တာတွေကို လုပ်တဲ့လူဟာလဲပဲ မထီလေးစား ပြုရာ ရောက်တယ်'လို့ ဆိုထားပါသေးတယ်၊ ဒီအချက်ဟာ အင်မတန် ကျယ်ပြန့် ပါတယ်၊ ဒီအချက်ကို ဘုန်းကြီးက သိပ်ချဲ့တွင် ပြောမနေတော့ပါဘူး၊ ဒါပေမဲ့ နောက်ပြောတဲ့ အထဲမှာတော့ အထိုက်အလျောက် ပါလာပါလိမ့်မယ်။

ဒါက မရှိမသေ မလေးမစား နေရာဖယ်မပေးခြင်း လမ်းဖယ်မပေးခြင်း တို့ကို ပြောတာပါ၊ ရိုသေလေးစားပါလျက် အဆင်မသင့်လို့ မလွှဲမရှောင်သာလို့ ဖယ်မပေးခြင်းမျိုးကို မဆိုလိုပါဘူး၊ သန္တတိအမတ်ကြီးဟာ ဘုရားကိုမြင်လျက်နဲ့ ဆင်ပေါ်ကမဆင်းပဲ ဦးမချပဲ ခေါင်းငြိမ့် ရှိခိုးတာကိုလဲ ထောက်ရမှာပါပေါ့လေ၊ (ဓမ္မ ဋ္ဌ၊ ၂—၄၉)

ပြောင်လှောင်။ ။ဒီ ကိုရင်က သိပ်လှတာပဲ၊ လည်တိုင်ကလဲ တုတ်ပါပေ့၊ ဗိုက်ကြီးကလဲ ရွှဲပါပေ့၊ ပိဋ္ဋကတ် တပုံ ၂-ပုံလောက်တော့ ကောင်းကောင်းကြီး ဆောင်နိုင်မှာပဲ၊ တောရပ်ဆောက်တည်ဖို့ သိပ်ကောင်းတာပဲ၊ ဆရာတော်ကြီး ဖြစ်လာတဲ့အခါ ကြည်ညိုစရာကြီး နေမှာပဲ၊ အဲဒီလို အစရှိတဲ့စကားမျိုးကို ပြောဆိုတဲ့လူများဟာ ပြောင်လှောင်ပြက်ရယ်ပြုရာ ရောက်တယ်။

နှစ်ပါးလုံးကို ရှောင်။ ။ဒီတော့ကာ မရှိမသေ မထိလေးစားပြုမှု ပြောင်လှောင်ပြက်ရယ်မှုဆိုတဲ့ ဒီ ၂-ခုလုံးကို ရှောင်ကြဉ်ရမယ်၊ သီလနဲ့ပြည့်စုံတဲ့ ရဟန်းတွေကို မထိလေးစား ပြောင်လှောင်ပြက်ရယ်မှုကိုပြုတဲ့လူများဟာ သီလဆိုတဲ့ ရဟန်း တန်ခိုးရဲ့ လောင်မြိုက်မှုကို ခံရတတ်တယ်။

ဒါ့ပေမဲ့ မိမိကို ဆဲတဲ့လူကို ပြန်ဆဲတဲ့ရဟန်း, ခိုက်ရန်ပြုလာသူကို ပြန်လှန်ခိုက်ရန်ပြုတဲ့ ရဟန်း, ရိုက်သူကို ပြန်ရိုက်တဲ့ရဟန်း၊ ဒီလို ရဟန်းမျိုးကတော့ ဘလူ့ကိုမှ ရဟန်းရဲ့တန်ခိုးနဲ့ မလောင်ကျွမ်းစေနိုင်ပါဘူး။

ဆဲသူကို ပြန်မဆဲတဲ့ရဟန်း, ရန်ရှာလာသူကို ပြန်လည်ခိုက်ရန် မပြုသော ရဟန်း, ရိုက်သူကို ပြန်မရိုက်တဲ့ရဟန်း၊ ဒီလို ရဟန်းမျိုးတို့အပေါ်မှာ မတော်မလျော်ပြုကျင့်တဲ့ ပုဂ္ဂိုလ်များကိုသာ ရဟန်းရဲ့ သီလတန်းခိုးက လောင်မြိုက်တတ်ပါတယ်။

ရဟန်းရဲ့ သီလတန်းခိုး လောင်မြိုက်မှုကို ခံရသူတွေမှာ သားသမီးများလဲ မဖြစ်ထွန်းကြဘူး၊ အိမ်မှာ မွေးမြူရေးလုပ်ထားတဲ့ နွား, ကျွဲ, ကြက်, ဝက်စတဲ့ တိရစ္ဆာန်များလဲ မဖြစ်ထွန်းကြဘူး၊ အမွေခံတွေကလဲပဲ အမွေဥစ္စာကို

မရကြတော့ဘူး၊ ရဟန်းတန်ခိုးရဲ့ လောင်မြိုက်မှုကို ခံနေရတဲ့ပုဂ္ဂိုလ်တွေဟာ ထန်းပင်ငုတ်တိုလိုသာ ဖြစ်ကြရပါတော့တယ်၊ ထန်းပင်ငုတ်တိုက အခက်တွေ အလက်တွေနဲ့ ပြန့်ပွားမှုမရှိသလို သူတို့ဟာလဲပဲ သားတွေ သမီးတွေနဲ့ တိုးပွားစည်ပင်မှု မရှိနိုင်ကြတော့ဘူး။

''ဒါကြောင့် မိမိရဲ့ အကျိုးစီးပွားကို လိုလားတဲ့ ပုဂ္ဂိုလ်တိုင်း ပုဂ္ဂိုလ်တိုင်းဟာ ရဟန်းတော်များအပေါ်မှာ ကောင်းစွာ မကျင့်သင့်ပေဘူးလား''

''ကျင့်သင့်ပါတယ် ဘုရား''

''ဒါဖြင့် ဘယ်လိုကျင့်ကြမလဲ၊ ဒါကို ဘုန်းကြီးကပဲ ဆက်ပြောသွားပါမယ်''

မကြားဘူးသေးတဲ့ တရားစကား စသည်တွေကို ကြားနာလိုတဲ့ပုဂ္ဂိုလ်များဟာ ရဟန်းတွေနဲ့ ရင်းနှီးကျွမ်းဝင်မှု ရှိရမယ်တဲ့၊ အဲဒီလို ရင်းနှီးကျွမ်းဝင်မှုရှိလာတဲ့ ရဟန်းတွေကို ဆေးဝါးကုသမှု နဝကမ္မစတဲ့ မအပ်မရာအလုပ်တွေမှာ သွားပြီးတော့ မတိုက်တွန်းပါနဲ့၊ သူလုပ်ရမဲ့ ပရိယတ် ပဋိပတ် လုပ်ငန်းကို စွမ်းအား ရှိသလောက် လုပ်ပါစေတဲ့၊ မိမိကတော့ ပစ္စည်းလေးပါးနဲ့ ရိုရိုသေသေ ပြုစုလုပ်ကျွေးထားရမယ်တဲ့၊

အဲဒီလို ပြုစုလုပ်ကျွေးမှုကို အကြောင်းပြုပြီးတော့ မကြားရဘူးတဲ့တရားစကားများကိုလဲ ကြားနာရတတ်တယ်။ မကြားဘူးသေးတဲ့ ပြဿနာအဆုံးအဖြတ်တွေကိုလဲပဲ နာခံ မှတ်သားရတတ်တယ်၊ မျက်မှောက် အကျိုးစီးပွား တမလွန်အကျိုးစီးပွား များကိုလဲပဲ ရရှိတတ်တယ်၊ နောင်ဘဝမှာ မျိုးရိုးကောင်း အနွယ်ကောင်းများမှာလဲပဲ ဖြစ်ရတတ်တယ်၊ နတ်ပြည် ၆-ထပ် ဗြဟ္မပြည် ၉-ဆယ်သို့လဲပဲ ရောက်နိုင်တယ်၊ သေခြင်းကင်းရာဖြစ်တဲ့ မဟာ-နိဗ္ဗာနခေတ်ကိုပဲ မဂ်ဉာဏ် ဖိုလ်ဉာဏ်တွေနဲ့ တွေ့မြင် နိုင်ပါလိမ့်မယ်။

ဒါတွေဟာ ရဟန်းတော်တွေရဲ့အပေါ်မှာ ကောင်းကောင်း ကျင့်ခြင်းရဲ့ အကျိုး ဘုန်းကြီးကိုးကွယ်ရခြင်းရဲ့ အကျိုးတွေပေါ့။

ဘုရားရှင် လက်ထက်တော်အခါက ဘုန်းကြီးကိုးကွယ်ကြပုံကို နဲနဲပြောပြဦးမယ်။

မာတိကမာတာ [၁]

ကောသလတိုင်း အတွင်းမှာ မာတိကာဆိုတဲ့ ရွာတရွာ ရှိနေတယ်၊ အဲဒီရွာဟာ တောင်ခြေမြေပြန့်မှာ တည်ရှိနေပါတယ်၊ နဲနဲတောကျပေတဲ့ အိမ်ခြေထူထပ် လူနေကြပ်တဲ့ ရွာကြီးတရွာ ဖြစ်ပေတယ်။

ဘုရားရှင်က သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေချိန် ဖြစ်တယ်၊ စိတ်တူသဘောတူ ရဟန်းတော် ၆၀-ကျိပ်ဟာ အရဟတ္တဖိုလ် တိုင်အောင် ပို့ဆောင်နိုင်တဲ့ ကမ္မဋ္ဌာန်းတရားကို ဘုရားရှင်ထံမှာ နာကြားသင်ယူကြတယ်၊ တရားအားထုတ်ဖို့ရန် သင့်တော်မည့်အရပ်ကို ရှာဖွေယင်း မာတိကရွာကို ရောက်သွားကြတယ်၊ ထေရ်စဉ်ဝါလိုက် မာတိကရွာတွင်းကို ဆွမ်းခံဝင်တော်မူကြတယ်။

အဲဒီ မာတိက ရွာကိုလဲပဲ "မာတိက"ဆိုတဲ့ လူက အုပ်ချုပ်နေတယ်၊ ရွာအုပ်ဖြစ်တဲ့ မာတိကရဲ့ မိခင်ကိုလဲပဲ အမည်ရင်းကို မခေါ်ကြတော့ပဲ "မာတိကာ မာတာ"လို့ပဲ လူအများက ခေါ်နေကြတယ်၊ "မာတိကရဲ့ အမေ"လို့ ဆိုလိုတာပေါ့။

အဲဒီ မာတိကမာတာက ဆွမ်းခံဝင်လာတဲ့ ရဟန်းတော်များကို တွေ့ရတဲ့အခါ အိမ်ပေါ်ကို ပင့်တင်ပြီး အိမ်ဦးခန်းမှာ နေရာထိုင်ခင်းလုပ်ပေးထားတယ်၊ ကိုယ်တိုင် မီးဖိုချောင်ကိုဝင်ပြီး ယာဂုကျိုကပ်ထားတယ်၊ ပြီးမှ ဆွမ်းများဆွမ်းဟင်းများကို ကောင်းကောင်းမွန်မွန်ချက်ပြုတ်ပြီး လှူဒါန်းဆက်ကပ်ပြန်တယ်၊ဆွမ်းကိစ္စပြီးတဲ့အခါ လက်အုပ်ချီမိုး ရှိခိုးပြီးတော့ အရှင်ဘုရားများဘယ်ကို ကြွလိုကြပါသလဲဘုရား"လို့ လျှောက်ထားတယ်။

> "ဘယ်ကိုရယ်လို့တော့ အတိအကျ ရည်မှန်းထားတာ မရှိသေးပါဘူး၊ သင့်တော်မဲ့နေရာဌာနကို ကြွကြရမှာပါပဲ"

ရဟန်းတော်များရဲ့ မိန့်ကြားချက်ကို ကြားရတဲ့အခါမှာ "ဒီကိုယ်တော်တွေဟာ ဝါကပ်မည့်နေရာဌာနကို ရှာဖွေနေကြတာပဲ"ဆိုတာ ရိပ်မိနားလည်သွားတယ်၊ ဒီတော့ ရဟန်းတော်များရဲ့ ခြေရင်းမှာ ဝပ်စင်းပြီး—

၁။ ဓမ္မပဒအဋ္ဌကထာ ပ-၁၇၃။

"အကယ်၍သာ အရှင်ဘုရားများက ဒီအရပ်မှာ ဝါကပ်ကြပါ ယင် တပည့်တော်က သရဏဂုံနှင့် ငါးပါးသီလခံယူပါ့မယ်၊ ဥပုသ် သီတင်း စောင့်သုံးမှုကိုလဲ ပြုပါ့မယ်ဘုရား"

လို့လဲ လျှောက်ထားလိုက်တယ်၊ ဒါဟာ သိပ်အရေးပါတဲ့ လျှောက်ထား ချက်ပဲ၊ တခါတည်း ရဟန်းတော်များ တရားခြေချုပ်မိကုန်ရော၊ ရှေ့ကို ခရီး မဆက်နိုင်ကြတော့ဘူး၊ ဒီလျှောက်ထားချက်မျိုးဟာ သာမန်လျှောက်ထား ချက်မျိုး မဟုတ်ဘူးနော်၊ ဘုရားရှင်ဒေသစာရီ ကြွချီတာကိုတောင်မှ ပြန် ကြွအောင် လုပ်နိုင်တဲ့ လျှောက်ထားချက်မျိုးပဲ၊ စပ်မိစပ်ရာပြောရအုံးမယ်။

တရားခြေချုပ် [၁]။ ။ဘုရားရှင်က သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ ဝါကပ်တော်မူတယ်၊ သီတင်းဝါလကျွတ်တဲ့အခါ အဂ္ဂ သာဝက ၂-ပါးကို ချန်ထားခဲ့ပြီး ဒက္ခိဏာဂိရိကို ကြွတော်မူမယ်လို့လုပ်နေတယ်၊ ဒီတော့ ဘုရားရှင်မကြွရအောင် ပသေနဒီကောသလမင်းကလဲ လျှောက်တာ ပဲ၊ အနာထပိဏ်သူဌေးကလဲ လျှောက်တာပဲ၊ ဝိသာခါကလဲ လျှောက်တာပဲ၊ အခြားလူတွေကလဲ လျှောက်ကြတာပဲ၊ ဘယ်သူလျှောက်လို့မှ မရပါဘူး၊ ဘုရားရှင်က ကြွတော်မူတာပါပဲ။

ဒီတော့ အနာထပိဏ်သူဌေးက စိတ်ပျက်လက်ပျက်နဲ့ ချောင်ခပ်ကျကျ တနေရာမှာ ကြံမှိုင်ထိုင်နေတယ်၊ ဒါကို "ပုဏ္ဏာ"ဆိုတဲ့ ကျွန်မက သွား တွေ့ရော၊ သခင်မျက်နှာမလှက ကျွန်ကလဲ မနေသာတော့ဘူးပေါ့။

"အရှင် သူဌေးမင်း ခါတိုင်းလို မျက်နှာတွေလဲ ကြည်ကြည် သာသာမဟုတ်ပါလား၊ ဘာဖြစ်နေပါသလဲ"

"ဘာမှတော့ထွေထွေထူးထူး မဖြစ်ပါဘူးကွာ၊ ဘုရားရှင်က ခရီး ထွက်မယ်လို့ လုပ်နေတယ်လေ၊ ဘုရားရှင် မကြွအောင် တို့က လျှောက် ပေမဲ့ မရဘူး၊ မြန်မြန်ပဲ ပြန်ကြွလာမလား၊ ကြာများ ကြာနေမလား ဆိုတာလဲ သိနိုင်တာ မဟုတ်ဘူး၊ ဒါကြောင့် ငါကလဲ စိတ်ညစ်နေရ တာပါပဲ"

၁။ အင်္ဂုတ္တရ ဋ္ဌ၊ တ-၁၆၉။

"တကယ်လို့သာ ကျွန်မက ဘုရားရှင်ကို ပြန်ကြွအောင် လုပ်နိုင်ခဲ့ပါယင် ကျွန်မကို ဘာလုပ်ပေးမလဲ"

"ဟာ... ဒီလိုဆို သိပ်ကောင်းပေါ့ကွာ၊ နင့်ကို ငါ ကျွန်အဖြစ်က ကောလှန်ပစ်လိုက်မှာပေါ့၊ ကျွန်အဖြစ်က လွတ်လပ်ခွင့် ပေးလိုက်မှာပေါ့"

သဋ္ဌေးကြီးရဲ့ စကားကို ကြားရတဲ့အခါ ပုဏ္ဏာကလဲ အားရဝမ်းသာ ဘုရားရှင်ကို မှီအောင် အပြေးအလွှားလိုက်သွားတယ်၊ ဘုရားရှင်ကိုမှီတဲ့အခါ ရှိခိုးဝပ်ချပြီး လျှောက်ထားပါတော့တယ်။

"ရှင်တော်မြတ်ဘုရား ပြန်ကြွတော်မူပါ"

"ငါ ပြန်ကြွတဲ့အတွက် သင်က ဘာလုပ်မလို့လဲ"

"အရှင်ဘုရား အရှင်ဘုရားတို့က တပည့်တော်နဲ့ ဆက်စပ်နေတယ်ဆိုတာကို အသိအမှတ်ပြုတော်မူပါ၊ အခြား ဘာမှတော့ မလုပ်နိုင်ပါဘူး၊ သရဏဂုံတည်ပြီး ၅-ပါးသီလ ဆောက်တည် လိုပါတယ်"

"ပုဏ္ဏာ ကောင်းပေစွ၊ ကောင်းပေစွ"

ဒီလိုမိန့်တော်မူပြီး တရားတော်ကို ရိုသေလေးစားတဲ့အတွက် ခြေတလှမ်းလှမ်းရုံနဲ့ပဲ ဘုရားရှင်က ပြန်ကြွတော်မူပါတယ်။

ဒါကို အကြောင်းပြုပြီးတော့ "ရဟန်းတွေက တရားခြေချုပ် မိကုန်ကြတယ်"လို့ ပြောခဲ့ရတာပဲ၊ ကိုင်း မာတိကမာတာရဲ့ ဝတ္ထုကြောင်းကို ဆက်လိုက်ကြဦးစို့ရဲ့။

အဲဒီ တရားခြေချုပ် မိသွားကြတဲ့ ရဟန်းတော်များကလဲပဲ "ဒီရွာကို ဂေါစရဂါမ်ပြုပြီး နေကြရယင် ဆွမ်းအတွက် ပင်ပန်းမှုမရှိပဲ ရဟန်းတရားကို ကြိုးစားအားထုတ် နိုင်ကြပေလိမ့်မယ်"လို့ နှလုံးသွင်းပြီး မာတိကမာတာရဲ့ လျှောက်ထားချက်ကို လက်ခံကြယ်။

ရဟန်းတော်များဆီက ဝန်ခံချက်ရတဲ့အခါ မာတိကမာတာက ဝမ်းမြောက် ဝမ်းသာ ရဟန်းတော်များ သီတင်းသုံးနေထိုင်ဖို့အတွက် ကျောင်းကို

ရှင်းလင်းသုတ်သင်ပေးတယ်၊ ရဟန်းတော်တွေကလဲ အဲဒီ ကျောင်းမှာပဲ ဝါဆို ဝါကပ်မှုကို ပြုကြတယ်။

ဝါဆို ဝါကပ်ပြီးတဲ့ နောက်တနေ့မှာ ရဟန်းတော်များ အစုံအညီ စည်းဝေး တိုင်ပင်တော်မူကြတယ်။

"ငါ့ရှင်တို့ တပည့်တော်တို့ အကုန်လုံးပဲ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မကျင့်သင့်ဘူး၊ မနေသင့်ဘူး၊ တပည့်တော်တို့ရဲ့ ကိုယ်ပိုင် အိမ်သဖွယ်ဖြစ်တဲ့ ငရဲကြီး ၈-တပ်ဟာ အမြဲတံခါး ပွင့်နေပါတယ်၊ မှန်တဲ့အတိုင်း လျှောက်ထားရမယ်ဆိုပါယင် တပည့်တော်တို့တတွေဟာ သက်တော်ထင်ရှား ဘုရားဆီက ကမ္မဋ္ဌာန်းယူပြီး လာခဲ့ကြသူများ ဖြစ်ပါတယ်၊ ဘုရားရှင်တွေ ဆိုတာလဲပဲ နောက်က ထက်ကြပ်မကွာ လိုက်ပါနေပေမဲ့ ကောက်ကျစ် စဉ်းလဲတဲ့ အလုပ်မျိုးနဲ့ ကျေနပ်နှစ်သက်စေဖို့ရန် လွယ်ကူလှတာ မဟုတ်ပါဘူး၊ မှန်ကန်တဲ့ အလုပ်သဘောမျိုးနဲ့သာ နှစ်သက်ကျေနပ်စေနိုင်ပါတယ်၊ ဒါတွေကို ထောက်ထားပြီးတော့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆတော့ မနေကြပါနဲ့"

အဲဒီလို မထေရ်ကြီးက ဩဝါဒပေးတော်မူတယ်၊ ရဟန်းတော်များကလဲ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုကြပါတယ်။

"တနေရာတည်းမှာ ၂-ပါး အတူတွဲပြီး ရပ်လဲ မရပ်ကြပါနဲ့၊ ထိုင်လဲ မထိုင်ကြပါနဲ့၊ တပါးတနေရာစီ ခွဲပြီး နေကြပါစို့ရဲ့၊ ဒါပေမဲ့ ညနေဘက် မထေရ်ကြီးကို ဆည်းကပ်ချိန်မှာတခါ, နံနက်ဘက် ဆွမ်းခံချိန်မှာ တခါ စုဆုံကြစို့ရဲ့၊ ကျန်တဲ့အခါတွေမှာတော့ အသီးအသီး ကိုယ့်နေရာမှာ ကိုယ်နေပြီး တရား အားထုတ်ကြစို့ရဲ့၊ တကယ်လို့ တပါးပါးမှာ ရောဂါဝေဒနာစွဲကပ်လာလို့ရှိယင် အဲဒီ ကျန်းမာရေး ချွတ်ယွင်းလာတဲ့ရဟန်းက ကျောင်းအလယ်မှာ ဆွဲထားတဲ့ ကုလားတက်(အုန်းမောင်း)ကို ခေါက်တော်မူပါ၊အဲဒီ အမှတ်သညာနဲ့ပဲ ကိုယ့်နေရာကကိုယ် ထွက်လာကြပြီး ဆေးဝါးကုသ ပြုစုလုပ်ကျွေးကြရပါလိမ့်မယ်"

ဒီလိုလဲ တညီတညွတ်တည်း ကတိကဝတ် လုပ်ထားကြတယ်၊ ကတိကဝတ် လုပ်ထားတဲ့အတိုင်းလဲပဲ အကုန်လုံး ကျင့်သုံးနေထိုင်ကြပါတယ်။

တနေ့ကျတော့ မာတိကမာတာ ဒါယိကာမကြီးက ညနေစောင်းအချိန်မှာ ထောပတ် ဆီ တင်လဲစတဲ့ ဝတ္ထုပစ္စည်းတွေကို အယူခိုင်းပြီး နောက်လိုက်နောက်ပါတွေနဲ့ အတူ ကျောင်းတိုက်ထဲကို ရောက်လာပါတယ်၊ ဒါပေမဲ့ ကျောင်းတိုက်အလယ်မှာ ရဟန်းအစအနကိုမှ မတွေ့ရပါဘူး၊ ကျောင်းတိုက်တခုလုံး တိတ်ဆိတ်ငြိမ်သက်နေတာကိုသာ တွေ့ရပါတယ်၊ ဒါနဲ့ ကျောင်းအနီးအနားမှာ နေထိုင်ကြတဲ့ လူတွေကို မေးမြန်းစုံစမ်း ရပါတော့တယ်။

"ဒီကျောင်းကကိုယ်တော်တွေ ဘယ်ကိုများ ကြွသွားကြသလဲတဲ့၊ ဘသူမှ မသိကြဘူးလား"

"ကိုယ့်နေရာမှာကိုယ် သွားနေကြတာဖြစ်မါလိမ့်မယ် အမေရယ်"

"ဒါဖြင့် ဘယ်လိုလုပ်ပြီး တွေ့နိုင်မလဲ"

"ကုလားတက် ခေါက်လိုက်လို့ရှိယင် ရောက်လာကြပါလိမ့်မယ် အမေရယ်"

ရဟန်းတော်များရဲ့ ကတိကဝတ်ကို သိနားလည်နေသူများရဲ့ စကားကို ကြားရတဲ့အခါ မာတိကမာတာ ဒါယိကာမကြီးက ကုလားတက် အခေါက်ခိုင်းလိုက်တာပေါ့။

ကုလားတက်သံကို ကြားရတဲ့အခါ "ကိုယ်တော် တပါးပါး မကျန်းမမာ ဖြစ်နေပြီထင်ပါရဲ့" ဆိုတဲ့ အတွေးကိုယ်စီနဲ့ ကိုယ့်နေရာကကိုယ် အသီးသီး ထွက် ကြွလာကြတယ်၊ ကျောင်းအလယ်မှာပဲ ပေါင်းဆုံ စည်းဝေးကြတယ်၊ တလမ်းတည်းက ၂ ပါး ကြွလာတယ်ရယ်လို့တော့ မရှိပါဘူး၊ တနေရာက တပါး, တနေရာက တပါးစီသာ ထွက်ကြွလာကြပါတယ်။

အဲဒီလို ရဟန်းတော်များ ကြွလာတာကို တွေ့ရတဲ့အခါ မာတိကမာတာ ဒါယိကာမကြီးမှာ သံသယဖြစ်လာပါတယ်၊ ရဟန်းတော်များကို ရှိခိုးဝပ်ချပြီး လျှောက်ထားပါတော့တယ်။

"အရှင်ဘုရားတို့ တပါးနဲ့တပါး ရန်များ ဖြစ်နေကြပါသလား ဘုရား"

"မဖြစ်ကြပါဘူး ဒါယိကာမကြီး၊ ဘာဖြစ်လို့လဲ"

"တကယ်ပဲ အရှင်ဘုရားများ ရန်မဖြစ်ကြလို့ရှိယင် ဒါယိကာမကြီး အိမ်ကို ကြွလာတုန်းကလို တပေါင်းတစုတည်းကြွမလာကြပဲ တနေ ရာကတပါး တနေရာက တပါးစီသာ ကာကြောင့် ကြွလာကြပါသလဲ ဘုရား"

"တနေရာစီ, တနေရာစီ, အသီးအသီး နေထိုင်ပြီး ရဟန်းတရား ကြိုးစားအားထုတ်နေကြလို့ပဲ၊ ရန်ဖြစ်လို့မဟုတ်ပါဘူး"

"အဲဒီ ရဟန်းတရားဆိုတာကော ဘာပါလဲဘုရား"

"သုံးဆယ့်နှစ်ကောဋ္ဌာသကိုလဲရွတ်အံနေကြပါတယ်၊ကိုယ်ခန္ဓာမှာ ကုန်ခြင်း ပျက်ခြင်းကိုလဲ ရှုဆင်ခြင်နေကြပါတယ် ဒါယိကာမကြီး"

"အဲဒီ သုံးဆယ့်နှစ်ကောဋ္ဌာသကို ရွတ်အံခြင်း ကိုယ်ခန္ဓာမှာ ကုန်ခြင်း ပျက်ခြင်းကို ရှုဆင်ခြင်ခြင်းဆိုတာဟာ အရှင်ဘုရားများ အတွက်သာ အပ်ပါသလား၊ ဒါမှမဟုတ် တပည့်တော်များအတွက်လဲ အပ်ပါသလား"

"ဒီတရားဟာ ဘယ်သူ့အတွက်မှ တားမြစ်ချက် မရှိပါဘူး"

"ဒါဖြင့်ယင် တပည့်တော်အားလဲပဲ သုံးဆယ့်နှစ်ကောဋ္ဌာသကို ပေးတော်မူကြပါ၊ ကိုယ်ခန္ဓာမှာ ကုန်ခြင်း ပျက်ခြင်းကို ရှုဆင်ခြင်ပုံ ကိုလဲ ဟောပြောတော်မူကြပါ"

မာတိကမာတာ ဒါယိကာမကြီးရဲ့ လျှောက်ထား တောင်းပန်ချက်အရ ရဟန်းတော်များက အကုန်လုံးကိုပဲ သင်ပေးလိုက်ကြပါတယ်။

အဲဒီအချိန်ကစပြီး မာတိကမာတာ ဒါယိကာမကြီးက သုံးဆယ့်နှစ်ကော- ဋ္ဌာသကိုလဲ ရွတ်အံတယ်၊ မိမိရဲ့ ကိုယ်ခန္ဓာမှာ ကုန်ခြင်း ပျက်ခြင်းကိုလဲပဲ ရှုဆင်ခြင်နေပါတယ်၊ ရဟန်းတော်များအလျင် အောက်မဂ် ၃-ပါး, အောက် ဖိုလ် ၃-ပါး တို့ကို ရရှိသွားပါတော့တယ်၊ "မာတိကမာတာ ဒါယိကာမကြီး ဟာ အနာဂါမ် ဖြစ်သွားပြီ"လို့ ဆိုလိုပါတယ်၊ မဂ်ရတာနဲ့တပြိုင်နက် ပဋိ- သမ္ဘိဒါ ၄-ပါး, လောကီအဘိညာဉ် များကိုလဲပဲ ရရှိသွားပါတယ်။

အဲဒီတော့ ဒါယိကာမကြီးက ''ငါ့ရှင်သားတော်များဟာ ဒီတရားမျိုးကို ဘယ်တုန်းကများ ရခဲ့သလဲ''လို့ အာရုံညာဉ်နဲ့ ကြည့်ရှုဆင်ခြင်တဲ့အခါမှာ အကုန်လုံး ပုထုဇဉ်တွေချည်းသာ ဖြစ်နေကြတဲ့အကြောင်း ဈာန် ဝိပဿနာတောင်မှ မရှိသေးတဲ့အကြောင်း သိရှိရပါတယ်။

ဆက်လက်ပြီး ဆင်ခြင်ကြည့်ရှုတဲ့အခါ အဲဒီရဟန်းတော်များမှာ အရဟတ္တဖိုလ်ကို ရလောက်နိုင်တဲ့ အကြောင်းအထောက်အပံ့ ရှိနေတာကိုလဲ တွေ့ရပါတယ်၊ သေနာသနသပ္ပါယ ဖြစ်တာကိုလဲ မြင်ရပါတယ်၊ ပုဂ္ဂလသပ္ပါယ ဖြစ်တာကိုလဲ သိရှိရပါတယ်၊ဒါဖြင့်''ဘာများချွတ်ယွင်းချက် ရှိနေပါလိမ့်မလဲ''လို့ ဆက်လက်ဆင်ခြင်ကြည့်တဲ့အခါမှာ အာဟာရသပ္ပါယ မဖြစ်တာကို သွားတွေ့ ရပါတယ်။

အဲဒီအချိန်ကစပြီးတော့ မာတိကမာတာ ဒါယိကာမကြီးဟာ နေ့စဉ်နေ့တိုင်း ယာဂုအမျိုးမျိုး, ဆွမ်းဟင်းအမျိုးမျိုး, ဆွမ်းအမျိုးမျိုး, အချိုပွဲအမျိုးမျိုး၊ ဒါတွေကိုအကောင်းဆုံးဖြစ်အောင် စီမံချက်ပြုတ်ပါတော့တယ်။

ရဟန်းတော်တွေကို အိမ်သို့ပင့်ပြီး လက်ဦးဆုံးအလှူရေ (ဒက္ခိဏောဒက)ကို ကပ်လှူပါတယ်၊ အဲဒီ နောက်ပိုင်းမှာတော့ ''ကြိုက်ရာကိုသာ ရွေးချယ်ဘုဉ်းပေးတော်မူကြပါဘုရား''လို့ ပြောဆိုလျှောက်ထားပြီး ယာဂု, ဆွမ်း စတဲ့ စားစရာသောက်စရာတွေကို ဆက်ကပ်လှူဒါန်းမှုကို ပြုလုပ်နေပါတော့တယ်။

ရဟန်းတော်များလဲ သင့်တော်တဲ့ အစာအဟာရကို ဘုဉ်းပေးသုံးဆောင်ရတဲ့အတွက် စိတ်တည်ကြည် ငြိမ်သက်မှုရရှိလာကြကယ်၊ အဲဒီလို တည်ကြည်ငြိမ်သက်တဲ့စိတ်နဲ့ ဝိပဿနာကို ဆက်လက်ပွားများ အားထုတ်ကြတဲ့အခါ မကြာခင်မှာပဲ ပဋိသမ္ဘိဒါ ၄-ပါးနဲ့တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားကြပါတော့တယ်၊ အကုန်လုံး ရဟန္တာ ဖြစ်သွားကြတာပေါ့လေ။

နည်းမှန် လမ်းမှန် ကိုးကွယ်တတ်တဲ့အတွက် ကိုးကွယ်သူမှာရော အကိုးကွယ်ခံတဲ့ ပုဂ္ဂိုလ်တွေပါ ဘယ်လောက် အကျိုးများတယ်ဆိုတာ အားကျနည်းယူစရာတွေပါပဲ၊ ပြီးတော့ နောက်ဘာခုဆက်ပြောလိုပါသေးတယ်။

စိတ္တသူကြွယ်[၁]

ပဥ္စဝဂ္ဂီ ၅-ဦးထဲမှာ တဦးအပါအဝင်ဖြစ်တဲ့ မဟာနာမထေရ်ဟာ မစ္ဆိကာ သဏ္ဍာမြို့တွင်းကို ဆွမ်းခံဝင်လာတယ်၊ ဣန္ဒြေသိက္ခာအပြည့်အဝနဲ့ မနှေးမမြန် ကြွနေတော်မူပါတယ်၊ ဖူးမြင်ရသူတွေမှာ ကြည်ညိုသဒ္ဓါ တိုးပွားလာအောင် ပါသာဒိကဂုဏ်ကို အပြည့်အဝ ဆောင်တော်မူပါတယ်။

စိတ္တသူကြွယ်က မထေရ်မြတ် ကြွလာတာကို တွေ့ရတော့ သဒ္ဓါလွှမ်းဖုံး ကြည်ညိုလှတဲ့ အပြုံးမျိုးနဲ့ သပိတ်ကို လှမ်းယူပြီး မထေရ်မြတ်ကို မိမိအိမ်သို့ပင့် သွားပါတယ်၊ ဆွမ်းနဲ့ ပြုစုလုပ်ကျွေးပြီးတဲ့နောက် မထေရ်မြတ်ရဲ့ တရားကို နာယူနေပါတယ်၊ တရားမဆုံးခင်မှာပဲ သောတာပန် ဖြစ်သွားပါတယ်။

မိမိရဲ့ ခွေးပင်တောဥယျာဉ် (အမ္ဗာဋကဝန) ကိုလဲပဲ မထေရ်မြတ်ရဲ့ လက်ပေါ်မှာ ရေစက်သွန်းချပြီး သံဃာတော်ကို ရည်မှန်းလှူဒါန်းပါတယ်၊ အဲဒီ ဥယျာဉ်ထဲမှာကျောင်းကြီးတဆောင်ကိုလဲ ဆောက်လုပ်လှူဒါန်းထားပါတယ်၊ အဲဒီ ကျောင်းတော်ကြီးဟာ အရပ်လေးမျက်နှာက လာလာသမျှ ရဟန်းတော်တွေရဲ့ တည်းခိုနားနေစရာ ဖြစ်နေပါတော့တယ်။

အရှင်သုဓမ္မက အဲဒီကျောင်းမှာ အမြဲနေထိုင်ပြီး ကျောင်းနဲ့ပတ်သက်တဲ့ လုပ်စရာ ကိုင်စရာ တွေကိုလဲ ပြုလုပ်နေပါတယ်၊ စိတ္တသူကြွယ်ရဲ့ ဆွမ်းဝတ်ကို လဲပဲ အမြဲခံယူ စားသောက်နေပါတယ်။

စိတ္တသူကြွယ်ကလဲပဲ သံဃာကို ပင့်လိုတဲ့ အခါမျိုးမှာပဲဖြစ်ဖြစ်, ဂိုဏ်းကို ပင့်လိုတဲ့အခါမျိုးမှာပဲဖြစ်ဖြစ် ပုဂ္ဂိုလ်ကို ပင့်လိုတဲ့အခါမျိုးမှာပဲဖြစ်ဖြစ် အရှင်သုဓမ္မကို ခွင့်ပန်ပြီးမှသာ ပင့်လေ့ပင့်ထရှိပါတယ်၊ အရှင်သုဓမ္မကို ခွင့်မပန်ပဲ ပင့်ရိုးမရှိပါဘူးတဲ့။

တခါန်မှာတော့ အရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ သံဃာတော်များဟာ ကာသိတိုင်းမှာ ဒေသစာရီ လှည့်လည်တော်မူယင်းနဲ့ မစ္ဆိကာသဏ္ဍာမြို့ကို ကြွလာတော်မူကြပါတယ်၊ အရှင်မောဂ္ဂလာန်, အရှင်မဟာကစ္စာန, အရှင်မဟာကောဋ္ဌိက, မဟာကပ္ပိန, မဟာစုန္ဒ, အရှင်အနုရုဒ္ဓါ, အရှင်ရေဝတ, အရှင်ဥပါလိ, အရှင်အာနန္ဒာ, အရှင်ရာဟုလာ တို့လဲ လိုက်ပါလာကြပါတယ်။

၁။ စူဠဝဂ္ဂ ပါ-၃၇။ ရင်း ၄-၃။ ဓမ္မပဒ ၄-ပ-၃၂၇။

"မထေရ်များ မစ္ဆိကာသဏ္ဍာမြို့သို့ ကြွရောက်လာတယ်"ဆိုတာကို ကြားသိရတော့ စိတ္တသူကြွယ်က မထေရ်များဆီ သွားပြီး ဖူးမြော်ကန်တော့ပါတယ်၊ လက်အုပ်ကလေးချီကာ သင့်တော်ရာက ထိုင်နေပါတယ်၊ အရှင်သာရိပုတ္တရာ မထေရ်မြတ်ရဲ့ တရားစကားကို ကြားနာရတဲ့အခါမှာ အနာဂါမိမဂ် အနာဂါမိဖိုလ် ထိအောင် ရသွားပါတယ်၊ အနာဂါမ် ဖြစ်သွားတာပေါ့လေ၊ မထေရ်များကို နောက်နေ့အတွက် ဆွမ်းစားပင့်ထားခဲ့ပြီး အရှင်သုဓမ္မဆီကို လာရောက်ပြီး ဆွမ်းစားပင့်ပြန်တယ်၊ ဒီတော့ အရှင်သုဓမ္မက—

"ဒီ စိတ္တသူကြွယ်ဟာ ရှေးတုန်းကတော့ သံဃာကိုပင့်ပင့်, ဂိုဏ်းကိုပင့်ပင့်, ပုဂ္ဂိုလ်ကိုပင့်ပင့် ငါ့ကို မလျှောက်ထားပဲ ပင့်ရိုးမရှိဘူး အခုတော့ မပန်ကြား မလျှောက်ထားပဲ မထေရ်တွေကို ပင့်လာခဲ့ပြီ၊အခု ပျက်စီးခဲ့ပြီ၊ ငါ့အပေါ်မှာ ငဲ့ကွက်မှု မရှိတော့ဘူး၊ ခင်မင်မှုလဲပဲ မရှိတော့ဘူး"

ဒီလိုအတွေးချော်ပြီး ဒါယကာကြီး တော်ပြီ၊ လက်မခံနိုင်ဘူး ငြင်းပယ်လိုက်တယ်၊ စိတ္တသူကြွယ်ကလဲပဲ ၃-ကြိမ်တိုင်အောင် ပင့်ပါသေးတယ်၊ အရှင်သုဓမ္မက ၃-ကြိမ်လုံး ပယ်လိုက်တယ် လက်ခံမှု မပြုတော့ဘူး။

စိတ္တသူကြွယ်ကလဲပဲ "အရှင်သုဓမ္မက လက်ခံခံ, မခံခံ ငါ့အပေါ်မှာ ဘာတတ်နိုင်မှာတဲ့လဲ" ဆိုတဲ့ သဘောမျိုးနဲ့ ရှိခိုးဝပ်ချပြီး အိမ်ကိုပြန်လာခဲ့ပါတယ်၊ မနက်ဖြန်မှာ မထေရ်များကို ကျွေးမွေးရအောင် မွန်မြတ်တဲ့စားဖွယ်သောက်ဖွယ်တွေကို စီမံနေပါတယ်။

နံနက်မိုးလင်းလာတော့ မထေရ်များအတွက် စိတ္တသူကြွယ်က စီးမံထားတာကို သွားကြည့်ဦးမှပဲ ဆိုတဲ့ အကြံနဲ့ အရှင်သုဓမ္မက ကြွလာခဲ့တယ်၊ အိမ်ကို ရောက်တဲ့အခါမှာ အဆင်သင့်ခင်းထားတဲ့ နေရာမှာ ထိုင်နေပါတယ်။

စိတ္တသူကြွယ်က အရှင်သုဓမ္မ အနီးကိုသွားပြီး ရှိခိုးပပ်ချပြီးတော့ သင့်တော်ရာက ထိုင်နေပါတယ်၊အဲဒီအချိန်မှာပဲ အရှင်သုဓမ္မက "ဒါယကာကြီး စီမံထားတဲ့ ခဲဖွယ် ဘောဇဉ်တွေဟာ ကောင်းလဲကောင်းပါတယ်၊ ပေါလဲ ပေါများပါတယ်၊စုံလဲစုံလင်ပါတယ်၊နှမ်းပြစ်မုန့် (တိလသံဂုဠိကာ)ကလေးတခုသာ လို

တော့တယ်''လို့ ပြောလိုက်ပါတော့တယ်၊ ဒါဟာ စိတ္တသူကြွယ်ကို အမျိုးဇာတ်နဲ့ ဆဲရေးမှုကို ပြုလိုက်တာပါပဲ၊

စိတ္တသူကြွယ်တို့ရဲ့အမျိုးအနွယ်မှာ မုန့်သည်တယောက်ရှိခဲ့ဘူးပါတယ်၊ ဒါ့ကြောင့်မို့လဲ ''ဒီစကားဟာ စိတ္တသူကြွယ်ကို အမျိုးဇာတ်နဲ့ဆဲရေးတဲ့စကားဖြစ်တယ်''လို့ ဆိုရတာပါပဲ။ ဒီတော့စိတ္တသူကြွယ်ကလဲပဲ ဘာသာနဲ့ ခပ်နာနာကလေး ပြန်လျှောက်လိုက်တယ်၊

''အရှင်ဘုရား ရှေးအခါတုန်းက ဒက္ခိဏာပထတိုင်းသားကုန်သည်တွေဟာ အရှေ့ဘက်ကျေးရွာများသို့ ကုန်ရောင်းကုန်ဝယ် သွားကြပါတယ်၊ အဲဒီ အရှေ့ဘက်ကျေးရွာက ကြက်မကလေးတကောင်ယူခဲ့ကြပါတယ်၊ အဲဒီကြက်မကလေးဟာ ကျီးဖိုနဲ့ ပေါင်းဖော်တော့ ကြက်ကလေးတွေ မွေးလာပါတယ်၊ အဲဒီကြက်ကလေးတွေဟာ ကျီးလိုအော်မြည်လိုတဲ့အခါ ''အာကာလိအောက်(ကာကကုက္ကုဋိ)''လို့ အော်မြည်ပါတယ်၊ ကြက်လိုတွန်လိုတဲ့အခါ 'အောက်ကလိအာက (ကုက္ကုဋိကာကာ)'လို့ တွန်ပါတယ်၊ အဲဒီလိုပဲ အရှင်ဘုရားဟာလဲ ရဟန်းသဖွယ်ဖြစ်တဲ့ ဘုရားစကားတော် အများအပြားရှိပါရဲ့သားနဲ့ 'နှမ်းပြစ်မုန့် (တိလသံဂုဠိကာ)'ဆိုတဲ့ ကလေးကလားစကားမျိုးကို ပြောမှပြောတတ်ပလေတယ်''

စိတ္တသူကြွယ်ရဲ့ ပြန်လည် လျှောက်ထားချက်ကို ကြားရတဲ့အခါမှာ အရှင်သုဓမ္မက ဆတ်ဆတ်ခါ နာလာပါတော့တယ်။

''ဒါယကာ ဒါယကာက ဦးပဥ္စင်းကိုဆဲနေတာပဲ၊ ကြိမ်းမောင်းနေတာပဲ၊ ဒါဟာ ဒကာ့ကျောင်းပဲ၊ ဦးပဥ္စင်းသွားတော့မယ်''

ဒီလိုပြောဆိုပြီး ကျောင်းကိုပါ ပြန်အပ်နေပါတော့တယ်။

''အရှင်ဘုရား တပည့်တော်က အရှင်ဘုရားကို မဆဲပါဘူး၊ မကြိမ်းမောင်းပါဘူး၊ မစ္ဆိကာသဏ္ဍမြို့မှာပဲ ဆက်လက်ပြီးသီတင်းသုံး နေထိုင်တော်မူပါ၊ ခွေးပင်တော ကျောင်းတိုက်ဟာ မွေ့လျော်ဖွယ်ရာကောင်းလှပါတယ်၊ တပည့်တော်က ပစ္စည်းလေးပါးအတွက် ကြိုးစားပါ့မယ်၊ အားထုတ်ပါ့မယ်''

ဒီလို ၃-ကြိမ် ၃-ခါ လျှောက်ထား တောင်းပန်ပေမဲ့ မရတဲ့အဆုံးမှာ "အရှင်ဘုရား ဘယ်ကိုကြွမလို့ပါလဲ" လို့ ဆက်လက် လျှောက်ထားပြန်တယ်၊

"ဘုရားဖူးရအောင် သာဝတ္ထိမြို့ကိုကြွမယ် ဒါယကာ"

"ဒါဖြင့်ဘုရား အရှင်ဘုရား အမိန့်ရှိတဲ့စကားနဲ့ တပည့်တော် ပြောသမျှ စကားအကုန်လုံးကို မချွင်းမချန် အမှန်အတိုင်း ဘုရားရှင်အား လျှောက်ထားတော်မူပါ၊ အရှင်ဘုရားဟာ နောက်ထပ် မစ္ဆိကာသဏ္ဍမြို့ကို တကယ်ပဲ ပြန်လာရပါလိမ့်မယ်၊ ဒါဟာ အံ့သြစရာတော့ မဟုတ်တန်ရာပါဘုရား"

စိတ္တသူကြွယ်က ဘယ်လိုပင်လျှောက်ထားပေမဲ့ အရှင်သုဓမ္မကနောက်မဆုတ်တော့ပါဘူး၊ အိပ်ရာနေရာတွေကို သိမ်းထားခဲ့ပြီး သာဝတ္ထိမြို့ကို ထွက်ကြွလာခဲ့ပါတယ်၊ ဘုရားရှင်ကို ဖူးမြင်ပြီးတဲ့အခါမှာ မိမိကိုယ်တိုင် ပြောခဲ့တဲ့စကားနဲ့ စိတ္တသူကြွယ်က ပြန်ပြောသမျှ စကားအကုန်လုံးကို ဘုရားရှင်အား လျှောက်ထားလိုက်ပါတယ်။

"စိတ္တသူကြွယ်ဆိုတာဟာ သဒ္ဓါတရားလဲ ရှိတယ်၊ ရတနာ ၃-ပါးလိုလဲပဲ ကြည်ညိုတယ်၊ စွန့်ကြဲလေးပါးလဲ ပေးလှူတတ်တယ်၊ သံဃာ့ကိစ္စကိုလဲ လုပ်ကိုင် ဆောင်ရွက် ပေးတတ်တယ်၊ သံဃာ့ရဲ့ အလုပ်အကျွေးလဲ ဖြစ်တယ်၊ ဒီလို ပုဂ္ဂိုလ်တယောက်ကို သင်က ဘာ့ကြောင့် ယုတ်ညံ့တဲ့စကားနဲ့ ဆဲရေးရသလဲ၊ ရှုတ်ချရသလဲ"

ဘုရားရှင်က အရှင်သုဓမ္မကို အပြစ်တင်တော်မူပြီး တရားစကား ဆက်လက် ဟောကြားတော်မူပါတယ်၊ ပြီးတော့ သံဃာတော်က သုဓမ္မဆိုတဲ့ ရဟန်းကို ပဋိသာရဏီယကံ ပြုပေးရမယ်၊ စိတ္တသူကြွယ် ကျေနပ်အောင်လဲပဲ ဝန်ချတောင်းပန်ခိုင်းရမယ်" လို့လဲ အမိန့်ချမှတ်တော်မူပါတယ်။

သံဃာတော်က အရှင်သုဓမ္မကို ပဋိသာရဏီယကံပြုပြီး စိတ္တသူကြွယ်ကို ဝန်ချတောင်းပန်ရအောင် မစ္ဆိကာသဏ္ဍမြို့သို့ ပြန်လွှတ်လိုက်ပါတယ်၊ စိတ္တသူကြွယ်က မကျေသေးတဲ့အတွက် အရှင်သုဓမ္မက သာဝတ္ထိမြို့ကို နောက်ထပ် ပြန်လာရပြန်တယ်။

"စိတ္တသူကြွယ်ကို ဝန်ချ တောင်းပန်ရအောင် သံဃာတော်က သုဓမ္မရဟန်းအတွက် နောက်လိုက်တမန် ရဟန်းတပါးကို ကမ္မဝါစာနဲ့ သမုတ်ပေးရမယ်၊ သုဓမ္မရဟန်းက နောက်လိုက်တမန် ရဟန်းနဲ့အတူ မစ္ဆိကာသဏ္ဍမြို့ကိုသွားပြီး 'ဒါယကာ ကျေနပ်ပါတော့၊ သင့်ကို ဝန်ချ တောင်းပန်ပါတယ်' လို့ စိတ္တသူကြွယ်ကို ဝန်ချ တောင်းပန်ရမယ်"

"တကယ်လို့ မကျေနပ်ခဲ့ပါယင် နောက်လိုက် တမန် ရဟန်းက 'ဒါယကာ ဒီရဟန်းကို သည်းခံကျေနပ် ခွင့်လွှတ်ပါတော့၊ သင့်ကို တောင်းပန်နေပါတယ်' ဒီလိုပြောရမယ်

"ဒါနဲ့မှ မကျေနပ်သေးယင်'ဒါယကာ ဒီရဟန်းကိုသည်းခံကျေနပ် ခွင့်လွှတ်ပါတော့၊ ဦးပဉ္ဇင်းက ဒါယကာကို တောင်းပန်ပါတယ်'လို့ ထပ်ပြီး ပြောရမယ်

"ဒါနဲ့မှ မကျေနပ်သေးယင် 'ဒါယကာ သံဃာတော့်ရဲ့စကားနဲ့ ဒီရဟန်းကို သည်းခံကျေနပ် ခွင့်လွှတ်ပါတော့' ဒီလိုထပ်ပြောရမယ်

"ဒီလောက်နဲ့မှ မကျေနပ်သေးယင် နောက်လိုက်တမန်ရဟန်းက သုဓမ္မရဟန်းကို စိတ္တသူကြွယ်ရဲ့ မြင်လောက်ကြားလောက်တဲ့နေရာမှာ ထိုင်စေပြီးအာပတ်ကို ဒေသနာကြားစေရမယ်"

ဘုရားရှင်က ဒီလိုနည်းပေးညွှန်ကြားပြီး ပြန်လွှတ်တော်မူပါတယ်။

အရှင်သုဓမ္မလဲပဲ နောက်လိုက်တမန် ရဟန်းနဲ့အတူ မစ္ဆိကာသဏ္ဍမြို့ကို ပြန်သွားပြီး ဘုရားရှင်နည်းပေး ညွှန်ကြားတော်မူတဲ့အတိုင်း စိတ္တသူကြွယ်ကို ဝန်ချတောင်းပန်ပါတယ်၊ အဲဒီတော့မှ စိတ္တသူကြွယ်ကလဲ သည်းခံကျေနပ် ခွင့်လွှတ်ပါတယ်၊ သံဃာတော်ကလဲပဲ ပဋိသာရဏီယကံကို ရုပ်သိမ်းပေးတော်မူပါတယ်။

ဒါတွေကို ထောက်ထားပြီး ဒါယကာ ဒါယိကာမတွေကလဲ ဘုန်းကြီးတွေရဲ့ ချွတ်ယွင်းချက်ကို တွေ့ရတဲ့အခါမှာ ငါနဲ့မဆိုင်ဘူးဆိုပြီး ငြိမ်မနေသင့်ပါဘူး၊ မိမိတို့မှာ အခွင့်အရေးရှိတဲ့အတိုင်း လုပ်သင့်ပါတယ်၊ ဒါလိုလုပ်မှလဲ သာသနာတော် ကောင်းလာစရာရှိပါတယ်၊ ဘယ်လို လုပ်သင့်တယ်ဆိုတာကို အင်္ဂုတ္တရနိကာယ်¹မှာ ဆိုထားတဲ့အတိုင်း ဘုန်းကြီးကပဲ လမ်းခင်းပြခဲ့ပါမယ်။

၁။ အံ ပါ-တ-၁၅၈။ ဋ္ဌ-တ-၂၅၄။

ရဟန်းတော်များ သာမဏေများဟာ–

၁။ လူတွေမှာ ပစ္စည်းဥစ္စာမရအောင် အားထုတ်မယ်၊
၂။ လူတွေရဲ့ အကျိုးစီးပွား ပျက်ပြားအောင် အားထုတ်မယ်၊
၃။ လူတွေကို ဆဲရေး ကြိမ်းမောင်းမယ်၊
၄။ လူအချင်းချင်း ကွဲပြားအောင် ကုန်းတိုက်မယ်၊
၅။ ဘုရားရှင်ရဲ့ ကျေးဇူးမဲ့စကား(ကဲ့ရဲ့စကား)ကို ပြောဆိုမယ်၊
၆။ တရားတော်ရဲ့ ကျေးဇူးမဲ့စကားကို ပြောဆိုမယ်၊
၇။ သံဃာတော်ရဲ့ ကျေးဇူးမဲ့ကဲ့ရဲ့တဲ့စကားကို ပြောဆိုမယ်။
၈။ ရဟန်းတို့ မသွားမလာသင့်တဲ့ နေရာမှာ နေထိုင် သွားလာ ဝင်ထွက်နေမယ်၊ (အ ဂေါစရ ၅-ပါးကို ဆိုလိုသည်၊ နောက်မှာ တွေ့ရပါလိမ့်မည်)။

အဲဒီ ၈-ပါးထဲက တပါးပါးနဲ့ ငြိစွန်းနေတဲ့ ရဟန်းသာမဏေကို ဒါယကာ ဒါယိကာမတွေက မကြည်ညိုကြောင်း ဖွင့်ဖော် ပြောဆိုနိုင်ပါတယ်၊ အသိ ပေးနိုင်ပါတယ်။

ဖွင့်ဖော် ပြောဆိုနိုင်တယ်ဆိုတာက ထင်ရှားပါတယ်၊ "အသိပေးနိုင်တယ် ဆိုတာဟာ ဘယ်လို အသိပေးရမလဲ" ဒီလို မေးစရာရှိပါတယ်၊ "အဲဒီလို ရဟန်းသာမဏေတွေ ကြွလာတဲ့အခါမှာ ထိုင်ရာက ထမပေးတာ, ရှိမခိုး တာ, ခရီးဦးကြိုဆိုမှုကို မပြုတာ, လှူဖွယ်ဝတ္ထုကို မပေးလှူတာ ဒါတွေကိုပဲ အသိပေးတယ်လို့" ခေါ်ပါတယ်။

သပိတ်မှောက်ကံ[1]

ပြီးတော့ ဒါယကာဒါယိကာမတွေမှာ ချွတ်ယွင်းချက်ကိုတွေ့ရတဲ့အခါမှာ လဲပဲ ရဟန်းတော်တွေက ငြိမ်မနေသင့်ပါဘူး၊ မိမိတို့မှာရှိတဲ့ အခွင့်အရေး အတိုင်း လုပ်သင့်ပါတယ်။

၁။ ရဟန်းတော်တွေမှာ လာဘ်မရအောင် ကြိုးစားအားထုတ်သူ၊
၂။ ရဟန်းတွေရဲ့ အကျိုးစီးပွား ပျက်ပြားအောင် အားထုတ်သူ၊
၃။ ရဟန်းသံဃာတွေ နေရာထိုင်ခင်း မရအောင် အားထုတ်သူ၊

၁။ စူဠဝဂ္ဂပါ-၂၆၂၊ နှာ ၅၁၊ အံ ပါ-၈-၁၅၈၊ နှာ ၆-၂၄၅။

၄။ ရဟန်းတို့ကို ဆဲရေးကြိမ်းမောင်းသူ၊
၅။ ရဟန်းအချင်းချင်း ကွဲပြားအောင် ပြုလုပ်သူ၊
၆။ ဘုရားရှင်ရဲ့ ကျေးဇူးမဲ့ကို ပြောဆိုသူ၊
၇။ တရားတော်ရဲ့ ကျေးဇူးမဲ့ကို ပြောဆိုသူ၊
၈။ သံဃာတော်ရဲ့ ကျေးဇူးမဲ့ကို ပြောဆိုသူ၊

ဒီ ၈-ယောက်ဟာ သပိတ်မှောက်ကံထိုက်တဲ့သူများ ဖြစ်ပါတယ်၊ အဲဒီ သပိတ်မှောက်ကံနဲ့ စပ်ပြီးတော့ ဘုရားရှင်လက်ထက်က ဖြစ်ခဲ့ဘူးတာ နဲနဲ ပြောပြဦးမယ်။

ဝဍ္ဍဆိုတဲ့ လစ္ဆဝီဟာ မေတ္တိယဘူမဇက ရဟန်းတွေရဲ့ သူငယ်ချင်းဖြစ်တယ်၊ တနေ့မှာ မေတ္တိယဘူမဇက ရဟန်းတွေဆီကို ရောက်လာတယ်၊ "အရှင်ဘုရားတို့ တပည့်တော်က အရှင်ဘုရားတို့ကို ဦးတိုက်ပါတယ်" လို့ လျှောက်ထားပါတယ်။

အဲဒီလို ၃-ကြိမ် ၃-ခါ လျှောက်ထားပေမဲ့ မေတ္တိယဘူမဇက ရဟန်းတွေက ဘာစကားကိုမှ ပြန်ကြားပြောဆိုမှု မပြုကြဘူး၊ အရေးမစိုက်သလို တိတ်ဆိတ်ငြိမ်သက်စွာပဲ နေကြပါတယ်။

ဒီတော့ အကြောင်းမှန်ကိုသိရအောင်လို့ ဝဍ္ဍလစ္ဆဝီကပဲ မေးမြန်းလျှောက်ထားမှုကို ပြုရပါတော့တယ်။

"တပည့်တော်က အရှင်ဘုရားများအပေါ်မှာ ဘာများ ပြစ်မှားမိပါသလဲ၊ အရှင်ဘုရားတို့က တပည့်တော်ကို ဘာ့ကြောင့် စကားမပြောကြပါသလဲ"

"ဒါယကာဝဍ္ဍ တို့တတွေကို မလ္လာမင်းတို့ရဲ့သား အရှင်ဒဗ္ဗက ညှဉ်းပန်းနှိပ်စက်နေတာကို သိယက်သားနဲ့ ဒါယကာက ဘာမှကူညီဖော်မရပဲ ကိုယ်နဲ့မဆိုင်သလိုနေခဲ့တာကိုး၊ ဒါ့ကြောင့် တို့ကလဲ စကားမပြောကြတာပဲ၊ တကယ်လို့သာ ဒါယကာကတို့ကို လိုလိုချင်ချင် ကူညီမယ်ဆိုလို့ရှိယင် ဒီနေ့ပဲ ဘုရားရှင်က အရှင်ဒဗ္ဗကို အသင်္ကန်ဖျက် လူထွက်ခိုင်းရမှာပေါ့"

"အရှင်ဘုရားတို့ တပည့်တော်က ဘာလုပ်ပေးရမှာတဲ့လဲ၊ တပည့်တော် ဘာစွမ်းဆောင်နိုင်တယ်ဆိုတာကိုလဲ အမိန့်ရှိကြအုံးမှပေါ့"

"ဒါယကာက ဘုရားရှင်ထံ သွားရောက်ပြီး အရှင်ဘုရား မသင့်တော် မလျောက်ပတ်လှပါ၊ ဘေးရန်ဥပဒ် မရှိတဲ့အရပ်တွေ ဘေးရန်ဥပဒ် ရှိလာခဲ့ပါပြီ ဘုရား၊ လေမရှိတဲ့ အရပ်တွေကလဲပဲ လေပြင်းမုန်တိုင်း ဒဏ်ကို ခံနေရပါပြီ ဘုရား၊ ရေတွေကလဲ မီးတောက်မီးလျှံလို ဖြစ်နေပါပြီ ဘုရား၊ အရှင်ဒဗ္ဗက တပည့်တော်ရဲ့ဇနီးကို ကျူးလွန် ဖျက်ဆီး သွားပါတယ် ဘုရား၊ ဒီလို လျှောက်ထားလိုက်ပေါ့ ဒါယကာရဲ့"

ဝဍ္ဍလိစ္ဆဝီကလဲ မေတ္တိယဘူမဇကာ ရဟန်းတွေ သင်ပေးလိုက်တဲ့အတိုင်း ဘုရားရှင်ထံ သွားရောက်ပြီး လျှောက်ထားတယ်၊ အဲဒီ လျှောက်ထားချက်ကို အကြောင်းပြုပြီးတော့ သံဃာတွေကို အစည်းအဝေးခိုင်းပြီး ကိုယ်တော် တိုင်ပဲ ဘုရားရှင်က အရှင်ဒဗ္ဗကို စစ်မေးတော်မူပါတယ်။

"ရှင်တော်မြတ်ဘုရား တပည့်တော်ဟာ မွေးဖွားသည်က စပြီး တော့ အိပ်မက်ထဲမှာတောင်မှ မေထုန်မှီဝဲဘူးတယ်ဆိုတာကို မသိရှိရပါ၊ နိုးနေတဲ့အခါမှာတော့ လျှောက်ထားစရာပင် လိုမယ်မထင် တော့ပါ ဘုရား"

အရှင်ဒဗ္ဗရဲ့ လျှောက်ထားချက်ကို ကြားတဲ့အခါ "သံဃာတော်က ဝဍ္ဍလိစ္ဆဝီကို သပိတ်မှောက်ကံ ပြုပေးရမယ်၊ ရဟန်းသံဃာနဲ့ ဆက်ဆံမှု မရှိအောင် လုပ်ရမယ်" လို့ ဘုရားရှင်က အမိန့်ချမှတ်တော်မူပါတယ်။

သပိတ်မှောက်ကံ အပြုခံရတဲ့ ဒါယကာရဲ့အိမ်မှာ ဘယ်လိုလှူဖွယ်ဝတ္ထုမျိုး ကိုမှ ရဟန်းသံဃာတော်တွေက မခံယူရတော့ဘူး၊ "ဘယ်ဒါယကာကို သပိတ် မှောက်ကံ ပြုထားပါတယ်၊ အဲဒီ ဒါယကာရဲ့အိမ်က ဘယ်လိုလှူဖွယ်ဝတ္ထုမျိုး ကိုမှ မခံယူကြပါနဲ့၊ ရှောင်ကြဉ်တော်မူကြပါ" ဆိုတဲ့ အကြောင်းကိုလဲပဲ အခြား ကျောင်းတိုက်တွေကိုလဲ လျှောက်ထားရမယ်၊ သတင်းစကား ပေး ထားရမယ်၊ ဒီလို အဋ္ဌကထာဆရာက ဖွင့်ဆိုထားပါတယ်။ ၁

၁။ စူဠဝါ-ဋ္ဌ - ၅၂

"အရှင်ဒဗ္ဗ" ဆိုတာဟာ သာမန်ပုဂ္ဂိုလ်မျိုးမဟုတ်ဘူး၊ ၇-နှစ် အရွယ်က ရဟန္တာ ဖြစ်လာတဲ့ပုဂ္ဂိုလ်ပါ၊ မကောင်းတဲ့ ရဟန်းတွေနဲ့ အပေါင်းအသင်း လုပ်မိတော့ ဝစ္စုလာဇ္ဇဝိဟာ အဲဒီလို ပုဂ္ဂိုလ်ကိုတောင်မှ မာတုဂါမနဲ့ လုပ်ကြံ စွပ်စွဲမိပါတယ်၊ သူ့အတွက် ဘယ်လောက် နစ်နာသွားသလဲ၊ သတိသံဝေဂ ရစရာ ကောင်းလှပါတယ်။

ဒီတော့ အခုတရားနာနေကြတဲ့ ဒါယကာဒါယိကာမတွေဟာလဲပဲ "ရဟန်းတော်တွေက ခိုင်းတာပဲ ဆိုပြီး မသင့်မလျော်တာတွေကို မလုပ်မိအောင် ရှောင်ကြဉ်ကြပါ၊ လုပ်သင့်မှ လုပ်ကြပါ" လို့ ဘုန်းကြီးက သတိပေးလိုပါတယ်။

စပ်မိစပ်ရာ ပြောနေတာနဲ့ တရားက နဲနဲ ရှေသွားပြီ၊ နိဂုံးအုပ်ဖုံးပြီး တရားအဆုံးသတ်ကြစို့ရဲ့၊ ဘုန်းကြီးတွေရဲ့ ချွတ်ယွင်းချက်ကို ဒါယကာ ဒါယိကာမတွေက မိမိတို့မှာရှိတဲ့ အခွင့်အရေးကို အသုံးချပြီး ပြုပြင်ကြသလို ဒါယကာ ဒါယိကာမတွေရဲ့ ချွတ်ယွင်းချက်ကိုလဲ မိမိတို့မှာ ရှိတဲ့ အခွင့်အရေး အတိုင်း ရဟန်းသံဃာတော်တွေက လုပ်ကိုင် ဆုံးမပေးကြမယ်ဆိုယင် ဗုဒ္ဓမြတ်စွာ သာသနာတော်ဟာ ယခုနေအခါမှာလဲပဲ ပြန်လည်သန့်ရှင်း ထွန်းလင်း တောက်ပြောင် နိုင်ပါသေးတယ်။

ဒါကြောင့်မို့ ဗုဒ္ဓမြတ်စွာသာသနာတော် ပြန်လည်သန့်ရှင်း ထွန်းလင်း တောက်ပြောင်လာအောင် အသီးအသီး ကိုယ်စီကိုယ်င လုပ်ကိုင်ဆောင်ရွက် နိုင်ကြပါစေကုန်သတည်း။

သာဓု- သာဓု- သာဓုပါ ဘုရား။

တရားအဆုံးမှာ သာဓုခေါ်သံ ဘဝင်လှိုအောင် ပေါ်ထွက်လာပါတော့ သည်။

ဦးအင်ဖား ဒေါ်တင်ကြည်တို့ကား ဦးရာကျော် ဒေါ်သဲနုတို့၏ ကထိန် အလှူကို အတော်သဘော တွေ့သွားကြပါသည်၊ ကထိန်ပြီးလျှင်ပြီးချင်း အိမ်ကို မပြန်နိုင်ကြသေးပါ၊ ဦးရာကျော်တို့အိမ်ကိုလိုက်ပါလာကြပါသည်၊ ဦးရာကျော် တို့အိမ်မှာပင် ညနေစာစားကြသည်၊ ညနေစာ စားပြီးသည့်အခါ ဧည့်ခန်းမှာ ရွှေ့ပြောင်းထိုင်နေကြသည်၊ ဦးရာကျော်နှင့် ဒေါ်သဲနုတို့က ဧည့်ခံပြောဆို နေကြသည်။

"ခင်ဗျားတို့အလှူက လှူဖွယ်ဝတ္ထုတွေကလဲ မနဲပါလား၊ ဘယ်လောက်များ ကုန်သွားသလဲ"

သားရေး သမီးရေးများကို ပြောဆိုနေကြသည့်ကြားမှ ဦးအင်ဖားက တအံ့တသြ ကြားဖြတ်မေးလိုက်သည်။

"တထောင်း ငါးထောင်တိတိ ကုန်ပါတယ်"

ဦးရာကျော်၏ စကားကို ကြားရသည့်အခါ ပိုရှ်အံ့သြသွားသည်။

"အလို တယ်ဟုတ်ပါလား၊ ကုန်ကျတာကတော့ ကျွန်တော်တို့ရဲ့ အလှူတဝက်မရှိလှဘူး၊ လှူဖွယ်ဝတ္ထုကျတော့ ကျွန်တော်တို့အလှူထက် လေးငါးဆလောက် သာနေပါသေးတယ်"

"ဒါက အံ့သြစရာ မဟုတ်ပါဘူး၊ ခင်ဗျားကလဲ ဒီနေ့ ကထိန်သင်္ကန်း မလှူဒါန်းခင် ဆရာတော်ဟောထားတဲ့ ကထိနဒါနသြဝါဒ တိတ်ခွေကို နာခဲ့ရတယ်မဟုတ်လား"

"နာခဲ့ရပါတယ်၊ နာတာကိုမှ သေသေချာချာ မှတ်မှတ်သားသား နာလာခဲ့ပါတယ်၊ ကျုပ်အတွက်လဲ မောင်မျိုးသန့်ကို အကူးခိုင်းရအုံးမယ်"

"ကျွန်တော်တို့က ဆရာတော်ရဲ့ သြဝါဒအတိုင်း သာသနာမှာလဲ အကျိုး ရှိအောင် သံဃာတော်များလဲ ချမ်းသာအောင် လုပ်ကြကိုင်ကြတာပါပဲ"

"ဒါပေါ့ဗျာ၊ ခင်ဗျားတို့က ဆရာကောင်းကို ဆည်းကပ်ရတော့ သိပ်တန်ဖိုးရှိတာပဲ၊ 'သာသနာမှာလဲ အကျိုးရှိအောင် မိမိအတွက်လဲ အကျိုး ကောင်းရအောင် လှူပုံလှူနည်းကို ကျွန်တော်လဲ ဒီနေ့မှ နံနဲ ပါးပါး နားလည်လာတယ်' လို့ ဝန်ခံရမှာပါပဲ၊ ပြီးတော့ ခင်ဗျားတို့ရဲ့အလှူက စိတ်ညစ်စရာ ဘာတခုမှ မပါပါဘူး၊ ဝမ်းသာစရာတွေချည်းပါပဲ၊ နောက်တခု သဘောကျစရာက လူပရိသတ်ရော ရဟန်းပရိတ်ရော တိတ်ဆိတ် ငြိမ်သက်လိုက်တာဟာ ရိပ်သာထဲမှာ ဟာလျားထိုင်နေကြဟာကျနေတာပါပဲ"

"ဒါတွေကို ပြောနေလို့ ဆုံးနိုင်ကြမှာ မဟုတ်ပါဘူး၊ ဒီတော့ ဒါတွေကို ထားပါတော့၊ ဒီနေ့ကထိန်လို စီမံပေးနိုင်ကြမယ် ဆိုယင် ကျမတို့လဲ ရှေနှစ်ကို ဒီမှာပဲ ကထိန်ခင်းလိုပါတယ်၊ ဒီတော့ ဦးဆောင် စီမံပေးမဲ့လူတွေနဲ့ ကျမတွေလိုပါတယ်၊ အခု သူတို့ကို ခေါ်မပေး နိုင်ဘူးလားရှင်"

ဒေါ်တင်ကြည်က ကြားဖြတ်၍ မိမိ၏ လိုအင်ဆန္ဒကို ဖွင့်ဖော်ပြောဆို လိုက်သည်၊ ဦးအင်ဖားကလည်း သဘောတူ ကျေနပ်သည့် အနေဖြင့် ပြုံးနေသည်။

"သူတို့ကို တွေ့ချင်ယင် ခေါ်ပေးနိုင်ပါတယ်ခင်ဗျား၊ ကျွန်တော့ အတွက် တာဝန်မလေးလှပါဘူး"

"ကျေးဇူးတင်ပါတယ်ရှင်၊ ဒါဖြင့် ကျမတို့မပြန်ခင်ပြောဆိုတိုင်ပင် ကြည့်ရအောင် မြန်မြန်ဆန်ဆန် လုပ်ပါအုံး"

"ဟေ့ မျိုးသန့် မကြည်ဝင်းကိုပါ ခေါ်ပြီး ဒီအနားကို ခဏ လာခဲ့အုံး"

"ဟုတ်ကဲ့အဖေ"

မကြာလှပါ၊ မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့ အနားကို ရောက်လာကြ ပါသည်၊ အမေအဖေတို့ ပြောမည့်စကားကို နားစွင့်နေကြသည်။

"ကျွန်တော့အလှူကို ဦးဆောင်စီမံပေးတဲ့ လူတွေဟာ ဒီသားနဲ့ ဒီသမီးပါပဲ ဒေါ်တင်ကြည်ရယ်၊ အခြားလူတွေ မဟုတ်ပါဘူး"

ဒေါ်တင်ကြည်က သမီးနှင့် သားမက်ကို ကြည့်ပြီး အံ့အားသင့်နေသည်၊ ပါးစပ်ကြီးအဟောင်းသားနှင့် အတော်ကြာမှ စတင် ပြောဆိုပါတော့သည်။

"ထွေထွေထူးထူးတော့ မဟုတ်ပါဘူးကွာ၊ သားနဲ့သမီးတို့က ဒီနေ့ အလှူလို ဖြစ်အောင် စီမံရွက်ဆောင်ပေးနိုင်မယ်လိုယင် အမေတို့လဲပဲ ရှေနှစ်ကို ဒီမှာ ကထိန်အလှူ လုပ်လိုပါတယ်"

"စီမံ ဆောင်ရွက်ပေးတာက ကျွန်တော်တို့အတွက် တာဝန်မလေး ပါအမေရယ်၊ ဒါပေမဲ့ ဒီမှာတော့ ဖြစ်နိုင်မယ် မထင်တော့ပါဘူး"

"ဘာဖြစ်လို့လဲကွဲ့"

မောင်မျိုးသန့်၏ စကားကို ကြားရသည့်အခါ ဒေါ်တင်ကြည်က စိတ်ပျက်အားငယ်စွာနှင့် ပြန်မေးလိုက်သည်။

"ဒီရွာက လူကြီးတွေက ရှေ့နှစ်ကထိန်ကို သူတို့စုပေါင်းလှူဒါန်းပါရစေလို့ ဆရာတော်ကို အစောကြီးက ကြိုတင်လျှောက်ထားကြပါတယ်၊ ဒါကြောင့် ဘယ်သူက လျှောက်လျှောက် ဆရာတော်က နောက်ထပ်လက်ခံမယ် မဟုတ်တော့ပါဘူး၊ ဒီတော့ ကျွန်တော်တခု ပြောလိုပါတယ်၊ လှူမယ်မလှူဘူး ဆိုတာကတော့ အမေတို့သဘောပါပဲ"

"ပြောစရာရှိယင် ပြောသာပြောပါ သားရယ်"

"မြောင်းမြဘက်မှာလဲပဲ "ဒီလို သိမ်သိမ်မွေ့မွေ့ နေထိုင်ကြတဲ့ ကျောင်းတိုက်တွေ အများကြီး ရှိပါတယ်၊ အဲဒီကကျောင်းတိုက်တတိုက်မှာ လှူဒါန်းနိုင်မယ်ဆိုယင်လဲ အခုအလှူလိုဖြစ်အောင် ကျွန်တော်ရော မကြည်ဝင်းပါ လာရောက် ရွက်ဆောင်ပေးပါမယ်"

"ဒီလို ဖြစ်နိုင်ယင် တို့က ကျေနပ်ပါတယ်ကွယ်"

နှစ်ဦးလုံး ဝမ်းမြောက်ဝမ်းသာ လက်ခံပြောဆိုကြလျက် မိုးချုပ်မှ အိမ်ကို ပြန်ကြသည်၊ မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့လည်း ကုတို့ဆိပ်ထိအောင် လိုက်ပို့လိုက်ကြသည်။

ကြီးငယ်မဟူ အိမ်ရာဟည်ထောင် လူ့ဘောင်၌ နေသူများမှာ—

၁။ ယခုဘဝ နေထိုင်စားသောက်ရန် အလုပ်တမျိုး၊

၂။ နောင်ဘဝသံသရာ အဆင့်အတန်းမြင့်ရန် အလုပ်တမျိုး၊

ဤသို့ အလုပ် ၂-မျိုးရှိသင့်သည်၊ ယင်း အလုပ် ၂ မျိုးတို့ကို ယှက်စွန်းမရောက်စေပဲ မျှမျှတတ လုပ်ကိုင်သင့်သည်။

ယခုဘဝ နေထိုင်စားသောက်ရန်ချည်း ဦးစားပေးလုပ်ကိုင်ပါက ဘဝသံသရာမှာ နိမ့်ကျသွားတတ်သည်၊ နောင်သံသရာအဆင့်အတန်းမြင့်ရန်ချည်း

ဦးစားပေး လုပ်ကိုင်နေပြန်လျှင်လည်း ယခုဘဝမှာ နိမ့်ကျလျက် မျှော်မှန်း သလောက် အလုပ်မအောင်မြင်ပဲ ဖြစ်ကတတ်သည်၊ ထို့ကြောင့် မိမိ၏ အခြေအနေ အရပ်ရပ်ကို သုံးသပ်ဆင်ခြင်ပြီး မျှမျှတတ လုပ်ကိုင်ဆောင်ရွက်ခြင်းကသာ အကောင်းဆုံး နည်းလမ်းဖြစ်ပေသည်။

ဦးရာကျော် ဒေါ်သဲနုတို့သည် ဤသဘောတရားကို ကောင်းစွာ နားလည်ထားသူများ ဖြစ်ကြသည်၊ ငယ်ရွယ်စဉ်ကပင် ယခုဘဝ နေထိုင် စားသောက်ရန်လည်း ကြိုးကြိုးစားစား အလုပ်လုပ်လာကြသည်၊ နောင်ဘဝ သံသရာ အဆင့်အတန်းမြင့်ရန်လည်း ကုသိုလ်ကောင်းမှုများကို စွမ်းအားအလျောက် ပြုလုပ်လာကြသည်။

ယခုအချိန်မှာမူ အသက်အရွယ် ကလည်း အတော်လေး ကြီးရင့်လာကြပြီးဖြစ်သည့်အတွက် မိမိတို့၏ ဘဝသံသရာအဆင့်အတန်း မြင့်မားရေး တခုတည်းကိုသာ ဦးစားပေးလုပ်ကိုင်ရန် အာသာဆန္ဒ ပြင်းပြနေကြသည်။

သူတို့မှာ ကျောထောက်နောက်ခံကလည်း များများစားစား ရှိကြသည် မဟုတ်ပါ၊ မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့ နှစ်ဦးမျှသာ ရှိကြပါသည်၊ မောင်မျိုးသန့်မှာ သူတို့၏ သားအရင်းပင် ဖြစ်သည်၊ ငယ်ရွယ်စဉ်ကပင် အလိုရှိသည့် ပုံစံမျိုးဖြစ်လာအောင် ပြုပြင်လာကြသည်၊ စိတ်နေသဘောထားရော လုပ်ရည်ကိုင်ရည်ကိုပါ ယုံကြည်စိတ်ချရသည်၊ မကြည်ဝင်း မှုကား သားနှင့်ပတ်သက်၍ ယခုမှသာ အိမ်ပေါ်ကို ရောက်လာရသူ ဖြစ်သည်၊ သူ၏ စိတ်နေသဘောထားနှင့် လုပ်ရည်ကိုင်ရည်ကို ဖြူသလား၊ မဲသလား မသိရသေး။

သို့ဖြစ်၍ မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို မောင်မျိုးသန့်နှင့်မကြည်ဝင်းတို့အား လွှဲတန်သလောက် လွှဲအပ်၍ မကြည်ဝင်း၏ စိတ်နေသဘောထားနှင့် လုပ်ရည်ကိုင်ရည်တို့ကို အကဲခတ် လေ့လာနေကြသည်၊ လေးငါးလခန့် အကဲခတ် လေ့လာသည့်အခါ မိမိတို့ မျှော်မှန်း ထားသည်ထက် အဘက်ဘက်မှ အရည်အချင်း ပြည့်ဝနေသည်ကို တွေ့ကြရပါသည်။

အမှန်အတိုင်းဆိုရပါလျှင် မကြည်ဝင်းသည် ရိုးရိုးကုပ်ကုပ် ပိပိပြားပြား နေထိုင်တတ်သူ ဖြစ်သည်၊ ချက်မှုပြုတ်မှုမှစ၍ အိမ်တွင်းမှုလုပ်ငန်းမှာ ကျွမ်းကျင်သည်၊ လင်ယောကျ်ားနှင့်တကွ ယောက္ခမများကို ရှိသေလေးစားသည်၊

အသုံးအစွဲ ကျစ်လစ်သည်၊ အသုံးနှင့် အဖြုန်းကို နားလည်သည်၊ လူမှုဆက်ဆံရေးကောင်းသည်၊ လူကြီးပိုင်းကိုရော လူငယ်ပိုင်းကိုရော ဝင်ဆံ့အောင် ပေါင်းသင်းတတ်သည်၊ စိတ်သဘော ထား ပြည့်ဝသည်၊ လောကရေးမှာရော ဘာသာရေးမှာရော သွက်လက်ချက်ချာသည်၊ ခေါင်းဆောင်နိုင်သည်၊ ဦးစီး လုပ်ကိုင်နိုင်သည်။

သို့ဖြင့် ချွေးမကိုပါ ယုံကြည်စိတ်ချလာကြသည်၊ တန်ခူးလမှာ ၂-ဦးသား တိုင်ပင်ပြီး သားနှင့် ချွေးမတို့အား စီးပွားရေးလုပ်ငန်း အကုန်လုံးကို ဦးစီး လုပ်ကိုင်ရန် လွှဲအပ်ထားလိုက်ကြသည်၊ မိမိတို့မှာမူ ဥပုသ်သီတင်း စောင့် သုံးမှု၊ ဆရာတော် ဦးဓမ္မိက၏ ဩဝါဒကို နာယူလျက် တရားအားထုတ်မှု တို့ကို ပြုလုပ်နေကြသည်၊ သံဃာဝေယျာဝစ္စများကိုလည်း စွမ်းအားအလျောက် ရွက်ဆောင် လုပ်ကိုင်ပေးနေကြသည်။

မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့ကလည်း စီးပွားရေးလုပ်ငန်း အကုန်လုံး ကို လွှဲအပ်ခံရသည့် နေ့မှာပင် လှူဖွယ်တန်းရန်များကိုယူပြီး ဆရာတော်ဦးဓမ္မိက ထံ သွားကြသည်၊ ဆရာတော် ဦးဓမ္မိက၏ ဩဝါဒကို ခံယူကြသည်။

> "အမေနဲ့အဖေက တပည့်တော်တို့နှစ်ယောက်အား စီးပွားရေး လုပ်ငန်း အကုန်လုံးကို ဦးစီးလုပ်ကိုင်ဖို့ ဒီနေ့ပဲ လွှဲအပ်ပါတယ်ဘုရား၊ ဒါနဲ့ တပည့်တော်တို့ အမြဲတမ်း လိုက်နာကျင့်သုံးဖို့ ဆရာတော်ဘုရားရဲ့ ဩဝါဒကို နာခံလိုကြပါတယ်"

မောင်မျိုးသန့်၏ စကားကို ကြားရသည့်အခါ ဆရာတော်ဦးဓမ္မိကက အောက်ပါ ဩဝါဒစကားကို မိန့်ကြားတော်မူပါသည်။

ကြီးပွားကြောင်း ၆-ပါး

အာရောဂျမိစ္ဆေ ပရမဉ္စ လာဘံ၊
သီလဉ္စ ဝုဒ္ဓါနုမတံ သုတဉ္စ။
ဓမ္မာနုဝတ္တီ စ အလီနတာ စ၊
အတ္ထဿ ဒွါရာ ပမုခါ ဆဠေတေ။[၁]

၁။ ဇာတကပါဠိ ပ–၂၀။ ရှင်း ၄ ပ–၃၃၀။

ဒီလို ဇာတ်ပါဠိတော်မှာ ဟောထားတာ ရှိတယ်၊ ဒါကိုပဲ မင်းတို့ အမှတ်ရလွယ်အောင် တို့က မြန်မာကဗျာနဲ့ ပြန်ပေးပါမယ်၊ ဒါကို စာရွက်လေးနဲ့ ရေးမှတ်သွားကြပေါ့။

ရောဂါလွတ်၊ မြတ်လှတဲ့-လာဘ်ပင်၊
ကျင့်သီလာ—ဩဝါဒငယ်၊ များလှကြားမြင်၊
တရားခင်၊ အားထုတ်ချင် စိတ်ထား၊
ကြီးပွားရန်—ခြောက်တန်းကြောင်းငယ်၊ ကောင်းလှတရား။

၁။ ''ရောဂါလွတ်၊ မြတ်လှတဲ့လာဘ်ပင်''—ဆိုတာက အနာရောဂါကင်းတာဟာ အမြတ်ဆုံးလာဘ်ပါပဲတဲ့၊ ဒါဟာ မင်းတို့မျက်မြင်ကိုယ်တွေ့ပဲ၊ ကိုယ်ခန္ဓာ မကျန်းမာလို့ရှိယင် ပစ္စည်းဥစ္စာ ရအောင်လဲ မလုပ်နိုင်ဘူး၊ ရပြီးတဲ့ ပစ္စည်းဥစ္စာကိုလဲ မသုံးဆောင် မခံစားနိုင်ဘူးပေါ့၊ ဒီတော့ မကျန်းမာလို့ ရှိယင် မရသေးတဲ့ ပစ္စည်းဥစ္စာကိုလဲ ရအောင် မလုပ်နိုင်၊ ရပြီးတဲ့ ပစ္စည်းဥစ္စာတွေလဲ အကျိုးမဲ့ ဖြစ်ရတာပဲ မဟုတ်လား၊ ကျန်းမာမှ အနာကင်းပါမှ မရသေးတဲ့ ပစ္စည်းဥစ္စာကိုလဲ ရနိုင်တယ်၊ ရပြီးတဲ့ ပစ္စည်းဥစ္စာလဲပဲ အကျိုးရှိနိုင်တယ်။

ဒါကြောင့် ''အနာကင်းခြင်းကိုပဲ အမြတ်ဆုံးလာဘ်''လို့ ဆိုရတယ်၊ ဒီ အနာကင်းခြင်းလာဘ်ကို လက်ဦးဆုံး အလိုရှိသင့်တယ်။

၂။ ''ကျင့်သီလာ''—ဆိုတာက ''အကျင့်သီလနဲ့ ပြည့်စုံရမယ်၊ ငါးပါး သီလတင်မကပါဘူး၊ လောကထုံးတမ်းစဉ်လာ ကျင့်ဝတ်တွေနဲ့လဲ ပြည့်စုံရမယ်''လို့ ဆိုလိုတယ်။

၃။ ''ဩဝါဒငယ်''—ဆိုတာက ''လူကြီးမိဘ ပညာရှိတွေရဲ့ အဆုံးအမကို လိုက်နာရမယ်''လို့ ဆိုလိုတာပဲ။

၄။ ''များလှကြားမြင်''—ဆိုတာက ''အကြောင်းအကျိုးနဲ့ စပ်ယှဉ်တဲ့ အကြားအမြင်များရမယ်''လို့ ဆိုလိုတယ်။

၅။ ''တရားခင်'' ဆိုတာက ''ဒုစရိုက်တွေကို မပြုကျင့်ပဲ သုစရိုက်တရားတွေ ပုညကြိယဝတ္ထုတွေကို ပြုကျင့်ရမယ်''လို့ ဆိုလိုတာပါပဲ။

၆။ ''အားထုတ်ချင်စိတ်ထား'' ဆိုတာက ''စိတ်မတွန့်တို မဆုတ်နစ်ရဘူး (စိတ်ဓာတ် မကျဆင်းစေရဘူး၊) စိတ်ဓာတ် ထက်သန်မှု ရှိရမယ်၊ လုံ့လဝီရိယရှိရမယ်''လို့ ဆိုလိုတယ်။

ဒီ ၆-ပါးဟာ လောကီကြီးပွားမှု လောကုတ္တရာ ကြီးပွားမှုရဲ့ အင်မတန် မွန်မြတ်တဲ့ အကြောင်းတွေပါပဲတဲ့၊ ဒါ့ကြောင့် ကြီးပွားရန် ခြောက်တန် ကြောင်းငယ်၊ ကောင်းလှတရားလို့ ဆိုထားရပါတယ်။

ဒါ့ကြောင့် လောကီဘက်ရော လောကုတ္တရာဘက်ရော ဘက်စုံကြီးပွား လိုယင် ဒီတရား ၆-ပါးကို လက်ကိုင် ထားရမယ်၊

မဃဒေဝ လင်္ကာမှာလဲပဲ[၁]—

''အရတော်ပြန် လူဖြစ်မှန်သော် လက်မွန်ဦးစွာ ကင်းအနာနှင့် ရောဂါမစပ် မြတ်သောလာဘ်ကို လိုအပ်သည်သာ၊ ထို့နောက်မှာ လျှင် ငါးဖြာပဉ္စသီ စောင့်ထိန်းညီလျက် ထိုမြီနောက်တိ ပညာရှိထံ နည်းခံဆုံးမ နောက်မှတပါး မြင်ကြားရှာဖွေ၊ နောက်ပေသုစရိုက် ကိုယ်၌မကွာ တည်စေရာ၏၊ တဖြာထိုမှ ခနရှာခြင်း မပျင်းလုံ့လ ဝီရိယကို ဖြစ်ထစေရာ ဤခြောက်ဖြာကား လူ့ရွာ၌မှီ လူဟူပြီတို့ လောကီ လောကုတ် မယုတ်အကျိုး မညှိုးစင်စစ် ပွားကြောင်းဖြစ်၏''

ဒီလို ဆိုထားပါသေးတယ်၊ ဒါကိုလဲ ရေးမှတ်ချင် ရေးမှတ်သွားကြအုံး၊ ကိုင်း ဒီလောက်ဆို တော်ရော့ပေါ့။

လူတွေကိုပါ ပြုပြင်ပါ

ခမ္မိကာရုံကျောင်းတိုက်ထဲ၌ ဦးရာကျော်ဒေါ်သဲနုတို့ ဆောက်လုပ်လှူဒါန်း ထားသော ဥပုသ်ဇရပ်တခုရှိသည်၊ သားနှင့်ချွေးမတို့အား စီးပွားရေးအကုန် လုံးကို လွှဲအပ်ပြီးသည့်နောက် နေ့ဘက်မှာ ဦးရာကျော် ဒေါ်သဲနုတို့က ယင်းဇရပ်၌ပင် အနေများလာသည်၊ ဆရာတော်ဦးခမ္မိကထံ သီလယူပြီး တရားအားထုတ် နေကြသည်၊ ညအိပ်ချိန်လောက်သာ အိမ်ကို ပြန်လာ တတ်သည်။

၁။ မဃပိုဒ်ရေ-၃၂၆။

ကျောင်းကို အရောက်အပေါက် များလာသည့်အခါ အချို့ရှင်ငယ်ရဟန်းငယ်များ၏ အနေအထိုင် မပိပြားမှု၊ ရွာထဲက အချို့သော ဒါယကာ ဒါယိကာမများ၏ ရှင်ငယ်ရဟန်းငယ်များနှင့် အရောဝင်လွန်းမှုများကို တွေ့မြင် လာရသည်။ ဖြစ်၍ တနေ့မှာ ဦးရာကျောင်းက ဆရာတော်ဦးဓမ္မိကကို လျှောက်ထားပါတော့သည်။

"အရှင်ဘုရား ခွင့်ပြုမယ်ဆိုယင် သာသနာရေးနဲ့ ပတ်သက်လို့ တပည့်တော် နဲနဲ လျှောက်ထားလိုပါတယ်"

"သာသနာရေးကို လျှောက်မှာဖြင့် ဘုန်းကြီးဆီမှာ ခွင့်တောင်းစရာမလိုပါဘူး၊ ဘယ်အချိန်မှာပဲဖြစ်ဖြစ်၊ ဒါယကာကြီးလျှောက်လိုတဲ့ အချိန်မှာ လျှောက်ထားနိုင်ပါတယ်"

"ဒါဖြင့် ခွင့်တောင်းရမဲ့ ဝတ္တရားက ရှိနေလို့ပါဘုရား၊ ဒီမှာပဲ အချို့ကိုရင်တွေ့၊ ဦးပဉ္စင်းတွေက ရွာထဲအိမ်ခံအိမ်က ဒါယကာ ဒါယိကာမတွေကို ပန်းတွေ့ သရက်သီးတွေ ခူးပေးနေတာ၊ ကောက်ပေးနေတာ တွေ့တွေ့နေရပါတယ်၊ ဒါ သင့်တော်ပါ့မလားဘုရား"

"ဘယ်တော်မလဲ၊ ဒါမျိုးကို 'ကုလဒူသန၊ အနေသန၊ မိစ္ဆာဇီဝ' လို့ ခေါ်တယ်၊ အဲဒီလို ပေးဖော်ရတဲ့အတွက် သူတို့ကိုပြန်လှူတဲ့ပစ္စည်းတွေဟာ သာတော်မှ မအပ်တော့ဘူး၊ သူတို့တင်မကပါဘူး၊ အခြားရဟန်းသာမဏေတွေအတွက်လဲ မအပ်တော့ဘူး၊ ဒီလို လုပ်ကတ်လွန်းအားကြီးလို့ ဘုန်းကြီးက သူဘို့ခံတဲ့ဆွမ်းကိုတောင်မှ မစားပါဘူး၊ သူတို့ကို မယုံဘာနဲ့ ဒါယကာတွေက သီးသန့်စီစဉ်ပေးတဲ့ ဆွမ်းကို စားနေတာပဲ"

"ဒါကတော့ဘုရား ကိုရင်လေးတွေ့၊ ဦးပဉ္စင်းလေးတွေရဲ့ အပြစ်ချည်း မဟုတ်ပါဘူး၊ ဒါယကာ ဒါယိကာမတွေ မသိနားမလည်မှုလဲ တဝက်လောက်ပါနေပါတယ်၊ ဒါကြောင့် ဒါတွေကို လူတွေရော ရဟန်းသာမဏေတွေရော သိနားလည်သွားအောင် ဒီသကြန်အတွင်းမှာပဲ ပြောပေး ဟောပေးစေလိုပါတယ်

"ပြီးတော့ လွန်ခဲ့တဲ့ ၂-နှစ်လောက်က တပည့်တော် မြောင်းမြဘက်ကမ်းကို ကိစ္စတခုနဲ့ ရောက်သွားပါတယ်၊ ကိုရင်ကြီးလား၊ ဦးပဉ္ဇင်းလား၊ ဒါမှမဟုတ်ယင် အတုအယောင်ကြီးလား၊ ဘာရယ်လို့တော့ အတိအကျမသိပါဘူး၊ ပုဂ္ဂိုလ်တဦးကို တွေ့ခဲ့ရပါတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ ညိုညစ်ညစ် သင်္ကန်းကို ဝတ်ထားပါတယ်၊ ဈေးနားလူသွားလမ်းဘေးမှာ ရေသနုပ်လိုဟာတခုကို ခင်းပါတယ်၊ အဲဒီအပေါ်မှာ ထိုင်နေပါတယ်၊ အဖုံးမပါတဲ့ သပိတ်တလုံးကိုတော့ ရှေ့က ချထားပါတယ်၊ ရှေ့ကဖြတ်သွားတဲ့ လူတွေဆီမှာ ပိုက်ဆံလိုက်အလှူခံ နေပါတယ်၊ ဒါကိုလဲ လှူတဲ့လူက လှူနေပါတယ်ဘုရား၊ ဒါဟာ တပည့်တော်တို့ ဒါယကာဒါယိကာမတွေဘက်က ဘာသာရေး အသိဉာဏ်ခေါင်းပါးလို့ လှူတယ် ဆိုရမှာပါပဲ

"ပြီးတော့ အဲဒီလွန်ခဲ့တဲ့ ၂-နှစ် ၃-နှစ်လောက်ကပဲ ဝိဇ္ဇာလိုလို ဘာလိုလို ဘုန်းကြီးတပါး ရောက်လာပါသေးတယ်၊ သူ့အသက်က တထောင်ရှိပြီလို့ ပြောလိုပြော၊ ရှစ်ရာရှိပြီလို့ ပြောလိုပြော၊ ပြောချင်သလို ပြောနေပါတယ်၊ သူ့ရဲ့အမိဋ္ဌာန်ခွက်ထဲမှာ ရွှေတကျပ်ထည့်ယင် ၂-ကျပ် ဖြစ်လာမယ် ဆိုတော့ ရွှေအပွားလိုချင်တဲ့ လူတွေက အတော်ထည့်ကြပါသေးတယ်၊ ငါးကျပ်သား ဆယ်ကျပ်သားထိ ထည့်တဲ့လူက ထည့်ကြပါတယ်၊ အတော်ကြာတော့ ဝိဇ္ဇာဘုန်းကြီးက အမိဋ္ဌာန်ခွက်ကိုယူပြီး ပျောက်သွားပါတယ်၊ အစအန ရှာမရတော့ပါဘူး၊ အချို့က ရူးမတတ်ဖြစ်သွားကြရပါတယ်၊ ဒါတွေဟာ အမှန်စင်စစ်ကတော့ ဘာသာရေး အခြေခံမပြည့်ဝလို့ သင်္ကန်းဝတ်ထားလို့ရှိယင် ဘုန်းကြီးပဲ မလိမ်ဘူး၊ မညာဘူးဆိုတဲ့ ယုံကြည်ချက်ကြောင့် ခံကြရတယ်လို့ ဆိုရမှာပါပဲ

"ဒီတော့ အရှင်ဘုရားတို့သာသနာပြုတဲ့နေရာမှာ ရဟန်းတော်တွေလောက်ပဲ ပြုပြင်လို့ အခုခေတ်မှာ မလုံလောက်တော့ပါဘူး၊ လူတွေကိုပါ ပြုပြင်နိုင်မှ တော်ရုံကျပါလိမ့်မယ်၊ ဒါကြောင့် အခုလာမဲ့ သကြံန်တွင်းကစပြီး လူတွေကိုပါ အသိဉာဏ်သွင်းပေးဖို့ တပည့်တော် လျှောက်ထားရတာ ဖြစ်ပါတယ်"

"ဒါဖြင့် ဒါယကာကြီး သကြ္ဘန်ရက် ဘယ်လောက်လိုသေးသလဲ"

"သင်္ကြန်က လကုန်ခါနီးမှ ကျမှာပါ၊ အခု တန်ခူးလဆန်းဆိုတော့ တလ နီးပါး ကျန်ပါသေးတယ်"

"ဒီလောက် စာကြည့်ချိန်ရယင် ဒါယကာကြီး အလိုရှိတဲ့အတိုင်း ဖြစ်ပါလိမ့်မယ်"

ဆရာတော် ဦးဓမ္မိကဆီက ဝန်ခံချက်ရသည့်အခါ ဦးရာကျော်က ရှိခိုးဝပ်ချပြီးပြန်လာခဲ့သည်၊ ဆရာတော်ဦးဓမ္မိကလဲ ဦးရာကျော်လျှောက်ထားသည့်နေ့မှစ၍ သက်ဆိုင်ရာ စာတွေကို ပြန်ကြည့်ပြီး မှတ်မှတ်သားသားစီစဉ်ထားသည်။

တလနီးပါးဆိုသည့်အချိန်ကား ကြာလှသည်မဟုတ်ပါ၊ ကိုယ့်ကိစ္စနဲ့ကိုယ် လှုပ်ရှားသွားလာ နေထိုင်ကြယင်း သင်္ကြန်နေ့ကို ရောက်မှန်းမသိ ဆိုက်ရောက်လာခဲ့ပါသည်၊ သင်္ကြန်အကျနေ့မှာ ဦးရာကျော်တို့ကပင် သံဃာတော်များကိုလဲ ဆွမ်းကပ်သည်၊ ဥပုသ်သည်များကိုလဲ ကျွေးမွေးညှော့ခံသည်။

ဆရာတော်ဦးဓမ္မိက၏ အမိန့်အရ ဓမ္မာရုံသံဃာစင်ပေါ်မှာ သံဃာတွေအတွက် နေရာပြင်ထားရသည်၊ ဥပုသ်သည်များကို သီလပေးပြီးသည့်အခါ သံဃာတော်များ ကြွလာရန် အချက်ပေးသံချောင်း အခေါက်ခိုင်းလိုက်သည်၊ သံဃာတော်များကြွလာ၍ နေသားတကျ ထိုင်မိသည့်အခါ ဆရာတော်ဦးဓမ္မိက က တရားစတင် ဟောကြားပါတော့သည်။

အခု သာသနာတော် နှောက်ပိုင်းရောက်လာတော့ သာသနာ့ဝန်ထမ်း ရဟန်းတော်တွေဘက်က လျော့ပါးလာတာတွေလဲ ရှိနေတယ်၊ သာသနာပြု ဒါယကာ ဒါယိကာမတွေဘက်က ကူညီမှုလွဲမှားနေတာတွေကလဲ ရှိနေတယ်၊ ၂-ဦး ၂-ဖက်လုံးက သတိထားပြီး ဒါတွေကို အချိန်မီပြုပြင်သင့်ပါတယ်။

"ဒီအချိန်ရောက်လာတော့ ဒီလို ဖြစ်လာလိမ့်မယ်"ဆိုတာကို ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓမြတ်စွာကလဲ ကြိုတင်ပြီးမြင်တော်မူပါတယ်၊ ကြိုတင်ပြီးဟောထားခဲ့ပါတယ်၊ ဒီတော့ အဲဒီဗုဒ္ဓမြတ်စွာ ဟောကြားထားခဲ့တဲ့ တရားတော်ကိုပဲ အခြေခံပြီး ဘုန်းကြီးက ပြောသွားပါမယ်။

သာသနာ့ဘေးရန် [၁]

ရဟန်းတို့ ဒီဘေးရန် ၅-မျိုးဟာ အခုငါဘုရားလက်ထက်မှာတော့ မဖြစ်သေးဘူး၊ နောက်တချိန်မှာ ဖြစ်ပေါ်လာလိမ့်မယ်၊ သင်တို့တတွေဟာ အဲဒီဘေးရန်တွေကို သိထားသင့်တယ်၊ သိနားလည်ပြီးတဲ့နောက် အဲဒီဘေးရန်တွေကို ပယ်နိုင်အောင် ကြိုးစားအားထုတ်ရမယ်။

အဲဒီဘေးရန် ၅-မျိုးဆိုတာ ဘာတွေလဲဆိုတော့—

၁။ အနာဂတ်ကာလမှာ ရဟန်းတော်တွေဟာ သင်္ကန်းကောင်းကို အလိုရှိလာကြလိမ့်မယ်၊ သင်္ကန်းကောင်းကို အလိုရှိကြတဲ့အတွက် ပံ့သုကူစွတင်ဆောင်မှုကိုစွန့်လွှတ်ကြလိမ့်မယ်၊တောရကျောင်းတွေကို စွန့်လွှတ်ကြလိမ့်မယ်၊ မြို့ကြီးရွာကြီး မင်းနေပြည်သို့ ဝင်ရောက်နေထိုင်ကြလိမ့်မယ်၊ သင်္ကန်းကောင်းရအောင် မအပ်စပ်တဲ့ နည်းအမျိုးမျိုး (အနေသန)နဲ့ ရှာဖွေကြလိမ့်မယ်။

၂။ အနာဂတ်ကာလမှာ ရဟန်းတော်တွေဟာ ဆွမ်းကောင်းကို အလိုရှိလာကြလိမ့်မယ်၊ ဆွမ်းကောင်းကို အလိုရှိကြတဲ့အတွက် ပိဏ္ဍပါတ်စွတင်ဆောင်မှုကို စွန့်လွှတ်ကြလိမ့်မယ်၊ တောရကျောင်းတွေကို စွန့်လွှတ်ကြလိမ့်မယ်၊ မြို့ကြီးရွာကြီး မင်းနေပြည်တို့သို့ ဝင်ရောက်နေထိုင်ကြလိမ့်မယ်၊ ဆွမ်းကောင်း ဟင်းကောင်းစတဲ့ဟာတွေကို ရအောင် မအပ်မစပ်တဲ့ နည်းအမျိုးမျိုး (အနေသန)နဲ့ ရှာဖွေကြလိမ့်မယ်။

၃။ အနာဂတ်ကာလမှာ ရဟန်းတော်တွေဟာ ကျောင်းကောင်းလို အလိုရှိလာကြလိမ့်မယ်၊ကျောင်းကောင်းကို အလိုရှိကြတဲ့အတွက် ရုက္ခမူစွတင်ဆောင်မှုကို စွန့်လွှတ်ကြလိမ့်မယ်၊ တောရကျောင်းများကို စွန့်လွှတ်ကြလိမ့်မယ်၊ မြို့ကြီးရွာကြီး မင်းနေပြည်တို့သို့ ဝင်ရောက် နေထိုင်ကြလိမ့်မယ်၊ ကျောင်းကောင်းရအောင် မအပ်မစပ်တဲ့ နည်းအမျိုးမျိုး (အနေသန)နဲ့ ရှာဖွေကြလိမ့်မယ်။

၁။ အံ ပါ ၃-၉၅

၄။ အနာဂတ်ကာလမှာရဟန်းတော်တွေဟာဘိက္ခုနီသိက္ခမာန်သာမဏေမ (သီလရှင် ရသေ့မယောဂီမ) တွေနဲ့ ရောရောနှောနှော (သံသဋ္ဌ) နေကြလိမ့်မယ်၊ အဲဒီလိုရောနှောနေထိုင်ယင် မပျော်မွေ့ပဲသော်လဲ သာသနာမှာနေရတတ်တယ်၊ ရှုံ့ရင်းကြမ်းတမ်းတဲ့ အာပတ်သို့သော်လဲ ရောက်တတ်တယ်၊ လူသော်လဲ ထွက်ရတတ်တယ်၊ ဒီနောက်ဆက်တွဲ အကျိုးတွေ တကယ်ပဲ ဖြစ်ပေါ်လာတတ်တယ်။

၅။ အနာဂတ်ကာလမှာ ရဟန်းတော်တွေဟာ ကျောင်းတိုက်ထဲမှာ ရှိနေတဲ့ အရံအစောင့်တွေ ကပ္ပိယတွေ သာမဏေငယ်တွေနဲ့ ရောရောနှောနှော (သံသဋ္ဌဖြစ်) နေကြလိမ့်မယ်၊ အဲဒီလို ရောနှောတဲ့အတွက် စားသောက်စရာတွေကို နောက်တနေ့ စားသောက်ဖို့ သိမ်းထားမှုကိုသော်လဲ ပြုကြလိမ့်မယ်၊ ဟင်းသီးဟင်းရွက်စိုက်ဖို့ မြေကိုကိုယ်တိုင်သော်လဲ တူးဆွကြလိမ့်မယ်၊ မအပ်တဲ့အသုံးအနှုန်းနဲ့ အတူးအဆွသော်လဲ ခိုင်းကြလိမ့်မယ်၊ ဟင်းသီးဟင်းရွက်တွေကို ကိုယ်တိုင် ခူးမှုပေါင်းပင်တွေကို ကိုယ်တိုင်ပယ်နှုတ်မှုကိုလဲ ပြုလုပ်ကြလိမ့်မယ်၊ မအပ်စပ်တဲ့ အသုံးအနှုန်းနဲ့ ဆွတ်ခူးရန် ပယ်နှုတ်ရန်လဲ ခိုင်းကြလိမ့်မယ်၊ ဒီနောက်ဆက်တွဲ အကျိုးတွေဟာ တကယ်ပဲ ဖြစ်ပေါ်လာတယ်။

ရဟန်းတို့ ဘေးရန် ၅-မျိုးဆိုတာ ဒါတွေပါပဲ၊ ဒီဘေးရန် ၅-ပါးဟာ ငါဘုရားလက်ထက်မှာ မဖြစ်သေးဘူး၊ နောက်တချိန်မှာ ဖြစ်လာလိမ့်မယ်၊ သင်တို့တတွေဟာ အဲဒီဘေးရန်တွေကို သိထားသင့်တယ်၊ နားလည်ထားသင့်တယ်၊ သိနားလည်ပြီးတဲ့နောက် အဲဒီဘေးရန်တွေကို ပယ်နိုင်အောင် ကြိုးစားအားထုတ်ရမယ်။

ဘေးရန်ဖြစ်ခြင်းအကြောင်း။ ။ ဗုဒ္ဓမြတ်စွာက ဒီလိုကြိုတင်ပြီး ဟောထားခဲ့ပါတယ်၊ ဒီတော့ ဒီဘေးရန်တွေဟာ အခုနေ အချိန်မှာ ဘယ်အခြေအနေကို ရောက်နေပြီလဲ၊ ဘယ်အတိုင်းအတာထိအောင် ဖြစ်နေပြီလဲ၊ အဲဒီဘေးရန်တွေကို ဘယ်လို ကာကွယ်ကြမလဲ၊ ဘယ်လို ဟန့်တားကြမလဲ- ဘယ်လိုပယ်ကြမလဲ။

ဒါဟာ ဗုဒ္ဓဘာသာဝင်တိုင်း စိတ်ပါဝင်စားသင့်တဲ့ အချက်ပဲ ဖြစ်ပါတယ်၊ ဗုဒ္ဓမြတ်စွာသာသနာကို အသက်တမျှ ချစ်ခင်မြတ်နိုးကြတဲ့ ရဟန်းရှင်လူတိုင်း အလေးမူရမဲ့ အချက်ပဲ ဖြစ်ပါတယ်၊ ဒီဘေးရန်တွေကို အချိန်မီ မဟန့်တား မကာကွယ်နိုင်လို့ရှိယင် လေးသခင်္ချိုင်နှင့် ကမ္ဘာတသိန်းကြာမျှ ပါရမီတော်တွေကို ဖြည့်ကျင့်ပြီးမှ တည်ထောင်တော်မူနိုင်တဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်၊ ရှင်လူအများရဲ့ စီးပွားချမ်းသာကို တကယ်ပဲ ရွက်ဆောင်ပေးစွမ်းနိုင်တဲ့ ဗုဒ္ဓမြတ်စွာ သာသနာတော်၊ ဒီသာသနာတော်ဟာ လုံးပါးပါးပြီး ပျက်စီးပျောက်ကွယ် သွားဖို့သာ ရှိပါတော့တယ်။

ရောဂါဝေဒနာ စွဲကပ်နေတဲ့ လူမမာတဦးတယောက်ကို ဆေးဝါးကုသမှု ပြုလိုပါယင် ရောဂါရဲ့ ဇာစ်မြစ်ကို ဦးစားပေး ရှာဖွေရပါမယ်၊ ရောဂါရဲ့ ဇာစ်မြစ်အကြောင်းရင်းကို သိပြီးတဲ့နောက် သင့်တော်တဲ့ ဆေးဝါးဓာတ်စာကို ပေးရပါမယ်၊ ဒီလိုအနာနဲ့ဆေး ဟည့်အောင်ပေးမှပဲ ရောဂါပျောက်ကင်း ချမ်းသာနိုင်ပါတယ်။

ဒီသဘောအတိုင်းပါပဲ ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ဖြစ်ပေါ်လာတဲ့ ဘေးရန်တွေကို ပယ်ရှားလိုလို့ရှိယင် ဘေးရန်ရဲ့ အကြောင်းရင်းကို ဦးစားပေး ရှာဖွေ ရပါလိမ့်မည်၊ အကြောင်းယင်းကို သိမြင်နားလည်ပြီးတဲ့နောက် ဘေးရန်ကို ပယ်ပျောက်ကင်းစေနိုင်တဲ့ နည်းလမ်းကောင်းတွေကို လိုက်နာအသုံးပြုပြီး ဘေးရန်ကိုပယ်ဖို့ ကြိုးစားရပါမယ်၊ ဒီလိုလုပ်မှပဲ ဗုဒ္ဓမြတ်စွာ သာသနာဟာ ဘေးရန်ကင်းကွာပြီး အညစ်အကြေးကင်းစင်တဲ့ လပြည့်ဝန်းပမာ အစွမ်းကုန် ထွန်းလင်းတောက်ပြောင် လာပါလိမ့်မယ်။

ဒီတော့ ဘေးရန်ရဲ့ အကြောင်းရင်းကို ရှာကြစို့ရဲ့၊ ဗုဒ္ဓမြတ်စွာ ဟောကြားထားခဲ့တဲ့ ဘေးရန် ၅ မျိုးထဲက အစဘေးရန် ၃-မျိုးဟာ (ကုလဒူသနအနေသန ဆိုတဲ့) မအပ်စပ်တဲ့ နည်းတွေနဲ့ ရဟန်းတော်တွေက သက်နိုးကောင်း ရအောင်၊ ဖစားအစာကောင်းရအောင် ကျောင်း အိပ်ရာနေရာကောင်း ရအောင် ရှာဖွေတာပဲဖြစ်တယ်။

နောက်ဘေးရန် ၂-မျိုးကတော့ ဒါယကာ ဒါယိကာမတွေနဲ့ ရောနှော ယှက်တင် နေထိုင်မှု (ဆိုတဲ့ သံသဂ္ဂ)ကြောင့် ရဟန်းတော်တွေ ပျက်စီးဆုံးပါး ရတာပဲ ဖြစ်တယ်။

ဒီတော့ ရဟန်းတော်တွေက ကုလဒူသန, အနေသနတွေက ရှောင်ကြဉ်ကြမယ်၊ ဒါယကာ ဒါယိကာမတွေနဲ့ ရောနှောယှက်တင်မှု မရှိပဲ ကင်းကင်းရှင်းရှင်းလဲ နေထိုင်ကြမယ်ဆိုယင် သာသနာ့ဘေးရန် ၅-ပါးလုံး မလွတ်ကင်းနိုင်ဘူးလား။

"လွတ်ကင်းနိုင်ပါတယ်ဘုရား"

ဒီတော့ ရဟန်းတော်တွေက ကုလဒူသန, အနေသနတွေက ရှောင်နိုင်အောင် ဒါယကာ ဒါယိကာမတွေနဲ့ ကင်းကင်းရှင်းရှင်း နေနိုင်အောင် ဗုဒ္ဓဘာသာ ဒါယကာ ဒါယိကာမတွေက တတပ်တအားအားနနဲ့ ကူညီမှု ဖြစ်နိုင်ပါတယ်၊ ဒါယကာ ဒါယိကာမတွေရဲ့ အကူအညီမပါပဲနဲ့ မဖြစ်နိုင်ပါဘူး။

"ရဟန်းတို့ ဒါယကာ ဒါယိကာမတွေဟာ သင်တို့အတွက် ကျေးဇူးများလှပါတယ်၊ သူတို့တတွေဟာ သင်တို့ကို သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်း ၄-ပါး တွေနဲ့ ပြုစုလုပ်ကျွေး နေကြတာပဲ။

"သင်တို့တတွေဟာလဲပဲ ဒါယကာ ဒါယိကာမတွေ အတွက် ကျေးဇူးများလှပါတယ်၊ သင်တို့တတွေဟာ ဒါယကာ ဒါယိကာမတွေအား တရားဓမ္မကိုပဲ ဟောပြောကြပါတယ်၊ စင်ကြယ် မြင့်မြတ်တဲ့ အကျင့်ကိုလဲ ထင်ရှားပြကြပါတယ်။

"ရဟန်းတို့ ဒီလိုပဲတဦးကိုတဦးအမှီပြုပြီး သြဃလေးဖြာ သံသရာက လွတ်မြောက်ဖို့ ဝဋ်ဆင်းရဲအဆုံးကို ပြုဖို့ ဒီမြင့်မြတ်တဲ့ အကျင့်ကို ကောင်းစွာ ကျင့်သုံးသင့်တယ်"[၁]

ဒီလို ဗုဒ္ဓမြတ်စွာက ချမှတ်ပေးခဲ့တဲ့ မူအတိုင်း ဒါယကာ ဒါယိကာမတွေကလဲ ရဟန်းတော်တွေကိုကူညီ၊ရဟန်းတော်တွေကလဲပဲ ဒါယကာ ဒါယိကာမတွေကိုပြန်ပြီး ကူညီမှုကို ပြုသင့်ပါတယ်။

ဒီလို ပစ္စည်းလေးပါးနဲ့ ကူညီတဲ့အပြင် ရဟန်းတော်တွေ ကုလဒူသန, အနေသန မဖြစ်အောင် သံသဂ္ဂ မဖြစ်အောင် ကူညီရန်လဲ လိုပါသေးတယ်၊ ဒါ့ကြောင့် ဒါယကာ ဒါယိကာမတွေကပါ ကုလဒူသန, အနေသန ဆိုတာတွေ သံသဂ္ဂ ဆိုတာတွေကို မူသဘောလောက် သိနားလည်ထားသင့်တယ် လို့ ဘုန်းကြီးက သဘောပေါက်နေပါတယ်။

၁။ ဣတိ ပါ-၂၆၉၊ ဋ္ဌ-၃၂၂။

ဒါကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မှာ ဖြစ်ပေါ်လာတဲ့ ဘေးရန်တွေကို အချိန်မီ ကာကွယ် ဟန့်တားဖို့ "ကုလဒူသန, အနေ့သန,သံသဂ္ဂ"ဆိုတာတွေကို ဘုန်းကြီးက ပြောပြသွားပါမယ်၊ ဒါတွေကို အခြေခံမှု သဘောလောက် နားလည်ထားတော့ သာသနာပြုတဲ့နေရာမှာ အများကြီးခရီးရောက်ပါတယ်။

ကုလဒူသန[၁]

"သူငယ်ချင်းတို့ တို့လူစုဟာ လူ့ဘဝနဲ့နေယင် လယ်လုပ်မှု ဈေးရောင်းမှု နွားမွေး နွားကျောင်းမှု လခစား စာရင်းငှားလုပ်မှု စတဲ့ အလုပ် တခုခုကို လုပ်ကိုင်နိုင်ပါမှ ဝမ်းဝ ခါးလှရှိမယ်၊ လူ့ဘဝနဲ့ အသက်မွေးရတယ် ဆိုတာဟာ သိပ်တော့ လွယ်လှတာမဟုတ်ဘူး"

"ဒါဖြင့် တို့ဘုန်းကြီး လုပ်ရယင် မကောင်းဘူးလား သူငယ်ချင်း"

"ဘုန်းကြီး လုပ်တယ်ဆိုတာကလဲ သိပ်လွယ်လှတာ မဟုတ်ဘူး သူငယ်ချင်းရေ၊ စည်းနဲ့ ကမ်းနဲ့ အပြစ်မဖြစ်အောင် နေရမယ်"

"ဒါကတော့ မခက်ပါဘူး သူငယ်ချင်းရေ၊ အပြစ်ဖြစ်ပေါ်လာလို့ ရှိယင် လွတ်မြောက်အောင် ကယ်တင်နိုင်တဲ့ ပုဂ္ဂိုလ်ရဲ့အထံမှာ ဝင်ရောက်ပြီး တပည့်ခံလိုက်ရုံပါပဲ"

ဒီလို သာဝတ္ထိမြို့သား သူငယ်ချင်း ၆-ယောက်တို့က စုဝေးတိုင်ပင်နေကြပါတယ်၊ တိုင်ပင်တာကလဲ ဘုန်းကြီးလုပ်စားရအောင်လို့ တိုင်ပင်ကြတာပါပဲ၊ ဘယ်လောက် ကြောက်စရာ ကောင်းသလဲ၊ "စကထဲက ယဉ်သကို" ဆိုသလို ဖြစ်မနေဘူးလား။

သူတို့လူစုဟာ အဲဒီလို တိုင်ပင်ကြ ပြီးတဲ့နောက် အဂ္ဂသာဝက ၂-ပါးဆီမှာ ရဟန်းပြုကြပါတယ်၊ ရဟန်း ၅-ဝါရတဲ့အထိ ဆရာနဲ့အတူနေကြပါတယ်၊ ဒွေ့မာတိကာကိုလဲ ကြေညက်အောင် လေ့လာ ထားကြပါတယ်၊ ဒါကတော့ သဒ္ဓါတရား ရှိလို့တော့ ဟုတ်ဟန်မတူပါဘူး၊ ဆရာနဲ့ကင်းပြီး ကိုယ့်ကျောင်း ကိုယ့်ကန်နဲ့ နေနိုင်အောင်လို့ လုပ်ကြတာ ဖြစ်ပါလိမ့်မယ်။

၁။ ပါရာဇိက ပါ-၂၇၉။ ရှင်း ၄-ဒု-၁၉၀

“မြို့ရွာ တိုင်းနိုင်ငံတွေဆိုတာဟာ ရံခါ အစား အစာ ပေါများ တတ်တယ်၊ ရံခါ အစားအစာ ရှားပါးတတ်တယ်၊ ဒီတော့ အကြောင်း ရှိက တဦးကိုတဦး ကူညီနိုင်အောင် တို့ ၆-ပါးလုံး တနေရာတည်းမှာ စုမနေပဲ ၂ ပါးတတွဲ၊ ၂-ပါးတတွဲ ၃-နေရာခွဲနေကြရယင် မကောင်း ပေဘူးလား”

ဒီလို သူတို့က ၅-ဝါရပြီးလို့ ဒွေမာတိကာကို လေ့လာပြီးတဲ့ တချိန်မှာ စုဝေး တိုင်ပင်ကြပြန်တယ်၊ အကုန်လုံး သဘောတူလက်ခံကြပြီး တာဝန် အသီးသီး ခွဲဝေကြပါတယ်။

“သာဂတ္ထိမြို့ ဆိုတာဟာ အင်မတန် လူဦးရေ ထူထပ်တယ်၊ ဘေးပတ်ဝန်းကျင် ရွာတွေကလဲ အင်မတန် များတယ်၊ ကာသိတိုင်း ကောသလတိုင်း ၂-တိုင်းတို့ရဲ့ အခွန်ဆက်သွင်းရာမြို့တော်လဲ ဖြစ်တယ်၊ ဒီတော့ အဲဒီ သာဂတ္ထိမြို့အနီးမှာပဲ အရှင်ပဏ္ဍုကနဲ့ အရှင်လောဟိတက တို့က ကျောင်းတိုက် တည်ထောင်ကြပါ၊ သရက်, ပိန္နဲ, အုန်း စတဲ့ အပင်တွေကို စိုက်ပျိုးပြီး ပန်းတွေ, အသီးတွေ, အရွက်တွေနဲ့ လာလာသမျှလူတွေကို ချီးမြှောက်ပေးကမ်းကြပါ၊ သိမ်းသွင်းကြပါ၊ ရင်းနှီးကျွမ်းဝင်လာတဲ့ တနေ့ကျတော့ သူတို့ရဲ့ ကလေးသူငယ်တွေကို ရှင်ပြုပေးပြီး ပရိသတ်တိုးပွားအောင် လုပ်ကြပါ။

“ရာဇဂြိုဟ်မြို့ဆိုတာဟာလဲပဲ လူဦးရေ အင်မတန် ပေါများထူထပ် တယ်၊ ကျေးလက် တောရွာတွေလဲ အင်မတန် တောင့်တင်းတယ်၊ အင်္ဂတိုင်း မဂဓတိုင်း ၂-တိုင်းတို့ရဲ့ အခွန်ဆက်သွင်းရာ မြို့တော်လဲ ဖြစ်တယ်၊ ဒီတော့ အဲဒီ ရာဇဂြိုဟ်မြို့အနီးမှာပဲ အရှင်မေတ္တိယနဲ့ အရှင် ဘူမဇကတို့က ကျောင်းတိုက် တည်ထောင်ကြပါ၊ သစ်ပင်များ စိုက်ပျိုးပြီး လာလာသမျှလူတွေကို ပန်းတွေ, အသီးတွေ, အရွက်တွေ နဲ့ ချီးမြှောက်ပေးကမ်း သိမ်းသွင်းကြပါ၊ ကလေးသူငယ်တွေကို ရှင်ပြုပေးပြီး ပရိသတ်တိုးပွားအောင်လဲ လုပ်ကြဟာပေါ့။

“ပြီးတော့ ကိဋာဂိရိ ဆိုတာဟာ အင်မတန် ရာသီဥတု ကောင်းတယ်၊ မိုးဥတုမှာရော ဆောင်းဥတုမှာရော မိုးရွာတယ်၊

ကောက်ပဲသီးနှံတွေကို ၃-သီးစား စိုက်ပျိုးလို့ရတယ်၊ အဲဒီ ကိဋ္ဌာဂိရိမှာ အရှင်အဿဇိနဲ့ အရှင်ပုနဗ္ဗသုကတို့က ကျောင်းတိုက် တည်ထောင် သင့်တယ်၊ ပန်းပင်လေးတွေ့ သီးပင်လေးတွေ စိုက်ပြီး ကျောင်းသို့ လာရောက်သမျှ လူတွေကို ပန်းတွေ့ သစ်သီးတွေ့ သစ်ရွက်တွေ ပေးပြီး ချီးမြှောက် သိမ်းသွင်းကြပါ၊ ကလေးသူငယ်တွေကို ရှင်ပြုပေးပြီး ပရိသတ်တိုးပွားအောင်လဲ လုပ်ကြပါ”

ဒီလို တိုင်ပင် တာဝန်ခွဲဝေထားကြတဲ့အတိုင်း သူတို့ ၆-ပါးက ပြုမူလုပ်ကိုင်နေထိုင်ကြပါတယ်၊ တအုပ်စုတအုပ်စုမှာ တပည့်ရင်း ငါးရာ ငါးရာ တိုးပွားလာပါတယ်၊ ဆရာကြီး ၆-ပါးနဲ့ဆိုယင် ဆဗ္ဗဂ္ဂီဂိုဏ်းဝင် ရဟန်းပေါင်း ၁၅၀၀-ကျော် ဖြစ်လာပါတယ်၊ အဲဒီအထဲမှာ အရှင်အဿဇိနဲ့ အရှင်ပုနဗ္ဗသုကတွေဆိုတာဟာ အကြီးဆုံး ဆဗ္ဗဂ္ဂီတွေ ဖြစ်ကြပါတယ်။

အဲဒီ ဆဗ္ဗဂ္ဂီ ၃-အုပ်စုထဲက အရှင်ပဏ္ဍုကနဲ့ အရှင်လောဟိတကတို့ အုပ်စုဟာ တပည့်တွေရော ဆရာတွေရော သီလရှိသူချည်း ဖြစ်ကြပါတယ်၊ ဘုရားရှင် ဒေသနာရီ လှည့်လည်ရာသို့လဲ အတူလိုက်ပါ လှည့်လည်တတ်ကြပါတယ်၊ သိက္ခာပုဒ် မပညတ်ရသေးတဲ့ အမှုသစ်တွေကိုသာ ပြုလုပ်တတ်ကြပါတယ်၊ ပညတ်ပြီးတဲ့ သိက္ခာပုဒ်တွေကိုတော့ ကျူးလွန်မှုမလုပ်ကြပါဘူး။

ကျန်တဲ့ ဆဗ္ဗဂ္ဂီ ၂-အုပ်စုကတော့ ဆရာရောတပည့်ပါ အကုန်လုံး အလဇ္ဇီတွေချည်းသာ ဖြစ်ကြပါတယ်၊ သိက္ခာပုဒ်မပညတ်ရသေးတဲ့ ဝတ္ထုတွေကိုလဲ ဖြစ်ပေါ်စေကြပါတယ်၊ ပညတ်ပြီးတဲ့ သိက္ခာပုဒ်တွေကိုလဲ လွန်ကျူးမှုကို ပြုကြပါတယ်။ ဒီလိုနဲ့ပဲ အရှင်အဿဇိနဲ့ အရှင်ပုနဗ္ဗသုကတို့ဟာ ကိဋ္ဌာဂိရိမှာ ကျောင်းပိုင် ကျောင်းထိုင်ပုဂ္ဂိုလ်တွေ ဖြစ်လာကြပါတယ်။

သူတို့ဟာ ပန်းပင်ငယ်တွေကိုလဲ ကိုယ်တိုင်လဲ စိုက်ကြပါတယ်၊ သူများကိုလဲ အစိုက်ခိုင်းကြပါတယ်၊ ကိုယ်တိုင်လဲ ရေလောင်းကြပါတယ်၊ သူများတွေကိုလဲ ရေလောင်းခိုင်းကြပါတယ်၊ ကိုယ်တိုင်လဲ ဆွတ်ခူးကြပါတယ်၊ သူများတွေကိုလဲ ဆွတ်ခူးခိုင်းကြပါတယ်။

သူတို့ဟာ ကိုယ်တိုင်လဲ ပန်းကုံးအမျိုးမျိုး ကုံးကြပါတယ်၊ သူများတွေကိုလဲ အကုံးခိုင်းကြပါတယ်၊ အမျိုးသမီးတွေဆီသို့ ကိုယ်တိုင်လဲ ပန်းကုံးအမျိုးမျိုးကို ပို့ဆောင်ကြပါတယ်၊ သူများကိုလဲ အပို့ခိုင်းကြပါတယ်။

သူတို့ဟာ အမျိုးသမီးတွေနဲ့အတူ တခွက်ထဲမှာလဲ စားကြပါတယ်၊ တခွက်ထဲမှာလဲ သောက်ကြပါတယ်၊ တနေရာထဲမှာလဲ ထိုင်ကြပါတယ်၊ ခုတင်တခုထဲမှာလဲ အိပ်ကြပါတယ်၊ အခင်းတခုထဲမှာလဲ အိပ်ကြပါတယ်၊ ခြုံထည်တခုထဲကို ခြုံပြီးတော့လဲ အိပ်ကြပါတယ်၊ အခင်းတခုထဲရဲ့ တဘက်စကိုခင်း တဘက်စကို ခေါက်ခြုံပြီးတော့လဲ အိပ်ကြပါတယ်။

သူတို့ဟာ နေ့လွဲညစာလဲ စားကြပါတယ်၊ သေရည်အရက်ကိုလဲ သောက်ကြပါတယ်၊ ပန်းနံ့သာ နံ့သာပျောင်းတွေကိုလဲ ဆောင်ကြပါတယ်၊ ကလဲကကြပါတယ်၊ သီချင်းလဲ ဆိုကြပါတယ်၊ တီးမှုတ်မှုကိုလဲ ပြုလုပ်ကြပါတယ်၊ အမျိုးမျိုးအဖုံဖုံ သာရုပ်ဆောင်မှုကိုလဲ ပြုလုပ်ကြပါတယ်။

သူတို့ဟာ ကျားကစားခြင်း အမျိုးမျိုးကိုလဲ ပြုလုပ်ကြပါတယ်၊ ဇယ်တောက် ကစားမှုကိုလဲ ပြုလုပ်ကြပါတယ်၊ အန်စာတွေနဲ့လဲ ကစားကြပါတယ်၊ ဂေါ်လီကစားခြင်းစတဲ့ အခြား ကစားခြင်းမျိုးစုံကိုလဲ ကစားကြပါတယ်။

သူတို့ဟာ ကပွဲသဘင်အလယ်မှာ ဒုကုဋ်သက်နှန်းကြီးကို ဖြန့်ခင်းပေးပြီး ကခြေသည်မကို ''ညီမလေး ဒီအပေါ်မှာ ကစမ်း''လို့လဲ ပြောကြပါတယ်၊ ''ငါ့ညီမလေးက သိပ်တော်တာပဲ၊ သိပ်တော်တာပဲ''ဆိုပြီး ကောင်းချီးလဲ ပေးကြပါတယ်၊ (ကခြေသည်မလေးရဲ့ နဖူးပေါ်မှာ လက်ချောင်းများကို တင်ထားပြီး) ဆလံလဲ ပေးကြပါတယ်၊ အကျင့်ဆိုး မျိုးစုံကိုလဲ ပြုလုပ်နေထိုင်ကြပါတယ်။

အဲဒီလို ကိဋာဂိရိက ရဟန်းတွေ အကျင့်ပျက်နေချိန်မှာ ရဟန်းတော်တပါးဟာ ကာသိတိုင်းကျေးလက်မှာ ဝါဆိုခဲ့ပြီး သီတင်းပါလကျွတ်တဲ့အခါ ဘုရားဖူးရအောင် သာဝတ္ထိမြို့ဘက်ကို ထွက်ကြွလာခဲ့ပါတယ်၊ လမ်းခရီးအကြား ကိဋာဂိရိကို ရောက်လာခဲ့ပါတယ်။

အဲ့ဒီ ညွှေ့သည်ရဟန်းဟာ နံနက်ချိန်မှာ ကိဋာဂိရိသို့ဆွမ်းခံဝင်တော်မူပါတယ်၊ အဲဒီ ရဟန်းရဲ့ ပတ်ပုံရှိပုံကလဲ အချိုးအစား ကျနလှပါတယ်၊ ကြည်ညိုစရာကောင်းလှပါတယ်၊ ရှေ့သို့ တက်ပုံ၊ နောက်သို့ ဆုတ်ပုံ၊ ရှေ့သို့ ကြည့်ပုံ၊ စောင်းငဲ့ကြည့်ပုံ၊ ကွေးပုံ၊ ဆန့်ပုံတွေဟာလဲပဲ သဒ္ဓါစစ်သဒ္ဓါမှန် ရှိသူတွေကို

မကြည်ညိုပဲ မနေနိုင်အောင် ဆွဲဆောင် နိုင်လောက်ပါတယ်၊ လေးတောင် လောက်သာကြည့်ပြီး မျက်လွှာလေးချကာ ငြိမ်ငြိမ်သက်သက်ကြွနေတဲ့ ကိုယ် အမူအရာကလဲ ကြည်ညိုဖွယ်ရာအတိသာ ဖြစ်နေပါတော့တယ်၊ ဒါပေမဲ့ ကိဋ္ဌာဂိရိကလူအများစုကတော့ အဲဒီရဟန်းကို တွေ့ရတဲ့အခါ အထူးအဆန်းလို ဖြစ်နေကြပါတယ်။

"ဒီရဟန်းဟာ ဘယ်လိုရဟန်းတဲ့လဲ၊ ကြည့်ကြစမ်းပါအုံးတော်၊ သိပ်ထိုင်းမှိုင်းတာပဲ၊ မတုန်မလှုပ်နဲ့၊ သွားပုံလာပုံကလဲ နုကိုနုလွန်းလှ တယ်၊ သူ့ကိုကြည့်ရတာ မျက်နှာကြီးရှုံ့တွတ္တနဲ့ စိတ်ဆိုးနေလို့ပါပဲ လား၊ဒီလိုရဟန်းမျိုးကို ဘယ်သူကဆွမ်းလောင်းချင်မှာတဲ့လဲ၊ တို့အရှင် ဦးအဿဇိ, ဦးပုနဗ္ဗသုကတို့နဲ့ သိပ်ကွာတာပဲ၊ ဦးအဿဇိ, ဦးပုနဗ္ဗ- သုကတို့ကတော့ အင်မတန် သိမ်မွေ့ကြတယ်၊ ပြေပြစ်ကြတယ်၊ နူတ်ချိုကြတယ်၊ လူတွေကို တွေ့လိုက်တာနဲ့ ပြုံးနေတာပဲ၊ 'ကြွပါ ကြွပါ အဒေါ်ရယ်...အမရယ်.... ညီမလေးရယ်' ဒီလိုလဲပဲ အဒေါ် တန်ယင် အဒေါ်, အမတန်ယင် အမ, ညီမတန်ယင် ညီမ ဖော်ဖော် ရွေရွေ ပြောဆိုကြိုဆိုကြပါတယ်၊ ပြီးတော့ သူတို့မျက်နှာတွေကလဲ သိပ်ချိုတာပဲ၊ သိပ်ပေါ်လွင်တာပဲ၊ လူကိုတွေ့လိုက်ယင်လဲ သူတို့က ပြုံးပြီး ဦးအောင် နူတ်ဆက်လိုက်တာ ချည်းပဲ၊ အဲဒီလို နေထိုင်ကြတဲ့ တို့ဆရာတော်တွေကိုသာ ဆွမ်းလောင်းသင့်တာပဲ"

ဒီလိုလဲ အချင်းချင်း တီးတိုးစကား ပြောကြားနေကြပါတယ်၊

ဥပါသကာ တယောက်က ကိဋ္ဌာဂိရိမှာ ဆွမ်းခံလှည့်လည်နေတဲ့ အဲဒီ ညှော်သည်ရဟန်းကို သွားတွေ့ပါတယ်၊ "ဒီလို ပုံစံမျိုးနဲ့ တနေ့လုံး လှည့်လည် နေပေမဲ့ ဆွမ်းတဇွန်းမှ ရမယ်မဟုတ်ဘူး"ဆိုကာကို သိနားလည် နေပါတယ်၊ ဒါနဲ့ ရဟန်းအနားကို သွားပြီး ရိုရိုသေသေ ရှိခိုး လျှောက်ထားပါတယ်။

"အရှင်ဘုရား ဆွမ်းများရပါရဲ့လား"

"ဆွမ်း မရခဲ့သေးပါ ဒါယကာကြီး"

"ဒါဖြင့် အရှင်ဘုရား တပည့်တော်တို့အိမ်ကို ကြွတော်မူပါ"

ဥပါသကာက ဧည့်သည်ရဟန်းကို သူ့အိမ်သို့ ဝင့်သွားပါတယ်၊ ကောင်း ကောင်းမွန်မွန် ချက်ပြုတ်ခိုင်းပြီး ဆွမ်းကပ်လှူပါတယ်၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဆက်လက် လျှောက်ထားပြန်တယ်။

"အရှင်ဘုရားက ဘယ်အရပ်ကို ကြွမယ်လို့ပါလဲဘုရား"

"သာဝတ္ထိမြို့ကို ဘုရားဖူးသွားမယ်လို့ပါပဲ ဒါယကာကြီး"

"ဒါဖြင့် ဘုရားတပည့်တော်အလျှောက်နဲ့ပဲ မြတ်စွာဘုရားရဲ့ခြေတော်စုံကို ဦးတိုက်ပြီး လျှောက်ထားပါတော့ဘုရား၊ ရှင်တော်မြတ်ဘုရား ကိဋ္ဌာဂိရိမှာ ကျောင်းတိုက်တွေ ပျက်စီးနေပါပြီ၊ ဦးအဿဇိ၊ ဦးပုနဗ္ဗသုကဆိုတဲ့ အလဇ္ဇီရဟန်းတွေဟာ ကိဋ္ဌာဂိရိမှာ ကျောင်းပိုင်ကျောင်းထိုင်တွေ ဖြစ်နေကြပါတယ်၊ သူတို့တတွေဟာ ဒီလိုအကျင့်ဆိုးတွေကို ပြုကျင့်နေကြပါတယ်။

(သူတို့ဟာ ပန်းပင်ငယ်တွေကိုလဲ စိုက်ပျိုး နေကြပါတယ်ဘုရား အစရှိတဲ့ သူတို့လုပ်သမျှတွေကိုလဲ ခရေစေ့တွင်းကျ လျှောက်ထားလိုက်ပါတယ်၊ အဲဒီနောက် ဆက်လက်ပြီး....)

"ရှင်တော်မြတ်ဘုရား ရှေးအခါတုန်းက ရတနာ ၃-ပါးကိုကြည်ညိုကြတဲ့လူတွေဟာလဲပဲ အခုနေအခါမှာ ရတနာ ၃-ပါးကို မကြည်ညိုကြတော့ပါ၊ ရှေးအစဉ်အဆက် လှူဒါန်းလာကြတဲ့ သံဃာတော်ရဲ့အလှူဝတ်တွေဟာလဲ အခုနေအခါမှာ ပြတ်ကုန်ပါပြီ၊ သီလကိုချစ်မြတ်နိုးကြတဲ့ ရဟန်းတွေဟာ တပါးမှ မနေနိုင်ကြတော့ပါ၊ ယုတ်မာတဲ့ ရဟန်းတွေချည်းသာ ရှိကြပါတော့တယ်။

"ရှင်တော်မြတ်ဘုရား တောင်းပန်ပါရစေ၊ ရှင်တော်မြတ်ဘုရားက ကိဋ္ဌာဂိရိသို့ ရဟန်းတော်များကို စေလွှတ်ပေးတော်မူပါ၊ အဲဒီလို ရဟန်းတော်တွေကို စေလွှတ်ပေးမယ်ဆိုပါယင် ကိဋ္ဌာဂိရိမှာ ကျောင်းတိုက်တွေဟာ ကောင်းစွာ တည်နိုင်စရာ ရှိပါသေးတယ်"

ဧည့်သည် ရဟန်းကလဲပဲ ဥပါသကာရဲ့ လျှောက်ထားချက်ကို လက်ခံပြီး သာဝတ္ထိမြို့ကို ထွက်ကြွလာခဲ့ပါတယ်၊ သာဝတ္ထိမြို့ကိုရောက်တဲ့အခါ ဇေတဝန်

ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားကို သွားရောက်ဖူးမြော်ပါတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်။

ညွှံ့သည် အာဂန္တုရဟန်းတွေနဲ့ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်စကားပြောကြားတော်မူခြင်းဟာ ဘုရားရှင်တွေရဲ့ အလေ့အထတခုပဲ ဖြစ်ပါတယ်။

"ရဟန်း ကျန်းမာရဲ့လား၊ မျှတရဲ့လား၊ လမ်းခရီးမှာ မပင်ပန်းချမ်းချမ်းသာသာလာခဲ့ရရဲ့လား၊ ငါ့ရှင်ဟာ ဘယ်အရပ်ကများ လာခဲ့သလဲ"

ဘုရားရှင်ရဲ့ မေးမြန်း မိန့်ကြားတော်မူချက်အရ ညွှံ့သည် ရဟန်းက ကျန်းမာ ချမ်းသာကြောင်းကိုလဲ လျှောက်ထားပါတယ်၊ လမ်းခရီးအကြား ကိဋ္ဌာဂိရိမှာတွေ့ခဲ့ရတဲ့ အဖြစ်သနစ်တွေကိုလဲ လျှောက်ထားပါတယ်၊ ကိဋ္ဌာဂိရိဥပါသကာ မှာလိုက်သမျှ စကားတွေကိုလဲ မခြွင်းမချန် ပြန်လည်လျှောက်ထားပါတယ်။

အဲဒီ စကားတွေကို ကြားရတဲ့အခါ ဘုရားရှင်က ရဟန်းသံဃာတွေကို စည်းဝေးစေပြီး စစ်ဆေး မေးမြန်းတော်မူပါတယ်၊ ရဟန်းတော်တွေက မှန်ကန်ပါကြောင်း လျှောက်ထားတဲ့အခါ အဿဇိ ပုနဗ္ဗသုကတို့ကိုလဲ ကဲ့ရဲ့တော်မူပါတယ်၊ ရောက်လာတဲ့ ရဟန်းပရိသတ်အား တရားစကားကိုလဲ ဟောကြားတော်မူပါတယ်၊ ပြီးတော့ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ကို မိန့်တော်မူပါတယ်။

"သာရိပုတ္တရာနဲ့ မောဂ္ဂလာန်တို့—သင်တို့ ကိဋ္ဌာဂိရိကို သွားကြရမယ်၊ အဿဇိ ပုနဗ္ဗသုကရဟန်းတွေကို ကိဋ္ဌာဂိရိကနှင်ထုတ်မှု (ပဗ္ဗာဇနီယကံ) ပြုကြရမယ်၊ အဲဒီရဟန်းတွေဟာ သင်တို့ရဲ့ တပည့်တွေပါပဲ"

"ရှင်တော်မြတ်ဘုရား အဿဇိ ပုနဗ္ဗသုကရဟန်းတွေဟာ ကြမ်းတမ်းကြပါတယ်၊ ခက်ထန်ကြပါတယ်၊ တပည့်တော်တို့က သူတို့အား ဘယ်လိုနှင်ထုတ်ခြင်း အမှုကို ပြုကြရပါမလဲ"

"ဒါဖြင့်ယင် သင်တို့က ရဟန်းအများ ခေါ်သွားကြတာပေါ့"

ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ကလဲပဲ ဘုရားရှင်ရဲ့ မိန့်ကြားချက်ကို လက်ခံကြပါတယ်၊ ဘုရားရှင်ကလဲ လုပ်ထုံးလုပ်နည်း စည်းကမ်းဥပဒေများကို သတ်မှတ်ပေးတော်မူလိုက်ပါတယ်။

မကြာခင်မှာပဲ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန် အမှူးရှိတဲ့ ရဟန်းတော်များက ကိဋ္ဌာဂိရိကိုကြွပြီး အဿဇိ ပုနဗ္ဗသုက ရဟန်းတွေကို နှင်ထုတ်မှု(ပဗ္ဗာဇနီယကံ)ကို ပြုကြပါတယ်။

နှင်ထုတ်ခံရပြီးတဲ့ (ပဗ္ဗာဇနီယကံ အပြုခံရပြီးတဲ့) နောက်ပိုင်းမှာလဲ သူတို့ဟာ ကောင်းကောင်း မကျင့်ကြပါဘူး၊ ရဟန်းတွေကို မတောင်းပန်ကြတဲ့ အပြင် ဆဲရေးကိုင်းထွာကြပါတယ်၊ ဒီကိုယ်တော်တွေဟာ အဂတိတရား လိုက်စားကြတယ်လို့ စွပ်စွဲလာကြပါတယ်၊ အချို့ကလဲ သင့်တော်ရာကို ထွက်သွားကြပါတယ်၊ အချို့ကလဲ လူထွက်သွားကြပါတယ်။

ဒါတွေကို အကြောင်းပြုပြီး ရှင်တော်မြတ်ဘုရားက ကုလဒူသက သိက္ခာပုဒ်ကို ပညတ်တော်မူပါတယ်။

"ကုလဒူသက"ဆိုတာဟာ အမျိုးကို ဖျက်ဆီးတတ်တဲ့ ရဟန်းလို့ အဓိပ္ပာယ်ရပါတယ်၊ အမျိုးဆိုတာဟာ အထည်ကိုယ်ဒြပ်ရှိတာ မဟုတ်ပါဘူး၊ အမည်ပညတ်မျှသာ ဖြစ်ပါတယ်၊ ဒါကြောင့် အမျိုးကို ဖျက်ဆီးလို့ မဖြစ်နိုင်ပါဘူး၊ အဲဒီအမျိုးထဲမှာ အပါအဝင်ဖြစ်တဲ့ ဒါယကာ ဒါယိကာမတွေကိုသာ ဖျက်ဆီးနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်အခါတုန်းက အဲဒီအရပ်ဒေသတွေမှာ အမျိုးကို နာမည်တပ်ပြီး ပြောလေ့ပြောထ ရှိကြတဲ့အတွက် "ကုလဒူသက (အမျိုးကို ဖျက်ဆီးတတ်တဲ့ ရဟန်း)"လို့ ဟောတော်မူထားပါတယ်၊ ဒါ့ကြောင့် အမျိုးဆိုတဲ့ စကားလုံးအစား ဒါယကာ ဒါယိကာမဆိုတဲ့ စကားလုံးကိုပဲ အသုံးပြုပြီး ပြောသွားပါမယ်။

ဒါယကာ ဒါယိကာမတွေကို ဖျက်ဆီးတယ်ဆိုတာဟာ မစင် ရှုံ့ညွန် စတဲ့ဟာတွေနဲ့ သွန်းလောင်းပြီး ဖျက်ဆီးတာမျိုး မဟုတ်ပါဘူး၊ အမှန်ကတော့

၁။ ပန်းပေးခြင်း၊

၂။ သစ်သီးပေးခြင်း၊

၃။ ကုက္ကိုမှုန့် အဖန်မှုန့် မျက်နှာချေ ပေါင်ဒါပေးခြင်း၊
၄။ မြေညက်ပေးခြင်း၊
၅။ တံပူ (သွားပွတ်တန်) ပေးခြင်း၊
၆။ ဝါးပေးခြင်း၊
၇။ ဆေးပေး, ဆေးကုခြင်း၊
၈။ လူတွေရဲ့စာကိုပဲဖြစ်ဖြစ် နှုတ်မှာစကားကိုပဲဖြစ်ဖြစ် ယူဆောင်သွားလာပေးခြင်းဆိုတဲ့ မိမိတို့ရဲ့ မကောင်းတဲ့ အကျင့်တွေနဲ့ ဖျက်ဆီးခြင်းမျိုးသာ ဖြစ်ပါတယ်။

ဥပမာအနေနဲ့ ပြောရမယ်ဆိုယင် — မိန်းကလေးတဦးဟာ ပင်ကိုယ်က သဒ္ဓါတရားရှိသူဖြစ်ပါတယ်၊ ရတနာသုံးပါးကို ကြည်ညိုပါတယ်၊ ကံကံရဲ့ အကျိုးကိုလဲ ယုံကြည်ပါတယ်၊ ရဟန်းတပါးက ကိုယ့်ဘက်ကိုယ်ပါအောင် သိမ်းသွင်းတဲ့အနေနဲ့ အဲဒီမိန်းကလေးကို ပန်းတွေ, မျက်နှာချေပေါင်ဒါတွေ မိန်ကလေးများနဲ့ သင့်တော်တဲ့ အခြားလက်ဆောင်ပစ္စည်းတွေကို ပေးနေတယ် ဆိုကြပါစို့ရဲ့။

ပေးဖန်များလာတဲ့အခါ မိန်းကလေးက အဲဒီရဟန်းကို ခင်မင်လာမယ်၊ ပြန်ပြီး ပေးချင်ကမ်းချင်တဲ့စိတ် ဖြစ်လာမယ်၊ ဒါပေမဲ့ ရဟန်းရဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တွေကို ကြည်ညိုလို့ ပေးလှူတာမျိုး ကံ,ကံရဲ့အကျိုးကို ယုံကြည်လို့ ပေးလှူတာမျိုးကတော့ မဖြစ်နိုင်တော့ပါဘူး၊ မိမိကို ပေးဖော် ရလို့ ပြန်ပေးတာမျိုးလောက်ပဲဖြစ်ပါလိမ့်မယ်၊ဒီထက်တော့ ပိုမယ်မဟုတ်တော့ ပါဘူး၊ ပြီးတော့ မိမိကို ပေးဖော်ကမ်းဖော် မရတဲ့ အခြားရဟန်းကောင်းတွေ ကိုတော့ လှူချင်တန်းချင်မယ်လဲ မဟုတ်တော့ပါဘူး၊ ဆည်းကပ်ကိုးကွယ်ချင် မယ်လဲ မဟုတ်တော့ပါဘူး။

ဒီလိုနဲ့ မိန်းကလေးရဲ့ အစစ်အမှန် အဖိုးတန် သဒ္ဓါတရားဟာ ပျက်စီးဆုံးရှုံး ရပါတော့တယ်၊ ရဟန်းကို ပေးလှူတယ်ဆိုပေမဲ့ ပေးလှူခြင်းရဲ့ အကျိုးကိုလဲ အပြည့်အဝ ရနိုင်စရာ မရှိတော့ပါဘူး၊ ယုံကြည်ကိုးကွယ်မှုမှာလဲပဲ ပေါ့ပေါ့တန်တန် ဖြစ်လာပါလိမ့်မယ်။

ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန်တို့ကလဲပဲ ဘုရားရှင်ရဲ့ မိန့်ကြားချက်ကို လက်ခံကြပါတယ်၊ ဘုရားရှင်ကလဲ လုပ်ထုံးလုပ်နည်း စည်းကမ်းဥပဒေများကို သတ်မှတ်ပေးတော်မူလိုက်ပါတယ်။

မကြာခင်မှာပဲ ရှင်သာရိပုတ္တရာနဲ့ ရှင်မောဂ္ဂလာန် အမှူးရှိတဲ့ ရဟန်းတော်များက ကိဋ္ဌာဂိရိကိုကြွပြီး အဿဇိ ပုနဗ္ဗသုက ရဟန်းတွေကို နှင်ထုတ်မှု(ပဗ္ဗာဇနီယကံ)ကို ပြုကြပါတယ်။

နှင်ထုတ်ခံရပြီးတဲ့ (ပဗ္ဗာဇနီယကံ အပြုခံရပြီးတဲ့) နောက်ပိုင်းမှာလဲ သူတို့ဟာ ကောင်းကောင်း မကျင့်ကြပါဘူး၊ ရဟန်းတွေကို မတောင်းပန်ကြတဲ့အပြင် ဆဲရေးကိုင်းထွာကြပါတယ်၊ ဒီကိုယ်တော်တွေဟာ အဂတိတရား လိုက်စားကြတယ်လို့ စွပ်စွဲလာကြပါတယ်၊ အချို့ကလဲ သင့်တော်ရာကို ထွက်သွားကြပါတယ်၊ အချို့ကလဲ လူထွက်သွားကြပါတယ်။

ဒါတွေကို အကြောင်းပြုပြီး ရှင်တော်မြတ်ဘုရားက ကုလဒူသက သိက္ခာပုဒ်ကို ပညတ်တော်မူပါတယ်။

''ကုလဒူသက''ဆိုတာဟာ အမျိုးကို ဖျက်ဆီးတတ်တဲ့ ရဟန်းလို့ အဓိပ္ပာယ်ရပါတယ်၊ အမျိုးဆိုတာဟာ အထည်ကိုယ်ဒြပ်ရှိတာ မဟုတ်ပါဘူး၊ အမည်ပညတ်မျှသာ ဖြစ်ပါတယ်၊ ဒါကြောင့် အမျိုးကို ဖျက်ဆီးလို့ မဖြစ်နိုင်ပါဘူး၊ အဲဒီအမျိုးထဲမှာ အပါအဝင်ဖြစ်တဲ့ ဒါယကာ ဒါယိကာမတွေကိုသာ ဖျက်ဆီးနိုင်ပါတယ်၊ ဒါပေမဲ့ အဲဒီအချိန်အခါတုန်းက အဲဒီအရပ်ဒေသတွေမှာ အမျိုးကို နာမည်တပ်ပြီး ပြောလေ့ပြောထ ရှိကြတဲ့အတွက် ''ကုလဒူသက (အမျိုးကို ဖျက်ဆီးတတ်တဲ့ ရဟန်း)''လို့ ဟောတော် မူထားပါတယ်၊ ဒါ့ကြောင့် အမျိုးဆိုတဲ့ စကားလုံးအစား ဒါယကာ ဒါယိကာမဆိုတဲ့ စကားလုံးကိုပဲ အသုံးပြုပြီး ပြောသွားပါမယ်။

ဒါယကာ ဒါယိကာမတွေကို ဖျက်ဆီးတယ်ဆိုတာဟာ မစင် ရှုံ့ညှန် စတဲ့ဟာတွေနဲ့ သွန်းလောင်းပြီး ဖျက်ဆီးတာမျိုး မဟုတ်ပါဘူး၊ အမှန်ကတော့

၁။ ပန်းပေးခြင်း၊

၂။ သစ်သီးပေးခြင်း၊

၃။ ကုက္ကိုမှုန့် အဖန်မှုန့် မျက်နှာချေ ပေါင်ဒါပေးခြင်း၊
၄။ မြေညက်ပေးခြင်း၊
၅။ တံပူ (သွားပွတ်တန်) ပေးခြင်း၊
၆။ ဝါးပေးခြင်း၊
၇။ ဆေးပေး, ဆေးကုခြင်း၊
၈။ လူတွေရဲ့စာကိုပဲဖြစ်ဖြစ် နှုတ်မှာစကားကိုပဲဖြစ်ဖြစ် ယူဆောင်သွားလာပေးခြင်းဆိုတဲ့ မိမိတို့ရဲ့ မကောင်းတဲ့ အကျင့်တွေနဲ့ ဖျက်ဆီးခြင်းမျိုးသာ ဖြစ်ပါတယ်။

ဥပမာအနေနဲ့ ပြောရမယ်ဆိုယင် — မိန်းကလေးတဦးဟာ ပင်ကိုယ်က သဒ္ဓါတရားရှိသူဖြစ်ပါတယ်၊ ရတနာသုံးပါးကို ကြည်ညိုပါတယ်၊ ကံကံရဲ့ အကျိုးကိုလဲ ယုံကြည်ပါတယ်၊ ရဟန်းတပါးက ကိုယ့်ဘက်ကိုယ်ပါအောင် သိမ်းသွင်းတဲ့အနေနဲ့ အဲဒီမိန်းကလေးကို ပန်းတွေ, မျက်နှာချေပေါင်ဒါတွေ မိန်ကလေးများနဲ့ သင့်တော်တဲ့ အခြားလက်ဆောင်ပစ္စည်းတွေကို ပေးနေတယ် ဆိုကြပါစို့ရဲ့။

ပေးဖန်များလာတဲ့အခါ မိန်းကလေးက အဲဒီရဟန်းကို ခင်မင်လာမယ်၊ ပြန်ပြီး ပေးချင်ကမ်းချင်တဲ့စိတ် ဖြစ်လာမယ်၊ ဒါပေမဲ့ ရဟန်းရဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်တွေကို ကြည်ညိုလို့ ပေးလှူတာမျိုး ကံ,ကံရဲ့အကျိုးကို ယုံကြည်လို့ ပေးလှူတာမျိုးကတော့ မဖြစ်နိုင်တော့ပါဘူး၊ မိမိကို ပေးဖော် ရလို့ ပြန်ပေးတာမျိုးလောက်ပဲဖြစ်ပါလိမ့်မယ်၊ဒီထက်တော့ ပိုမယ်မဟုတ်တော့ ပါဘူး၊ ပြီးတော့ မိမိကို ပေးဖော်ကမ်းဖော် မရတဲ့ အခြားရဟန်းကောင်းတွေ ကိုတော့ လှူချင်တန်းချင်မယ်လဲ မဟုတ်တော့ပါဘူး၊ ဆည်းကပ်ကိုးကွယ်ချင် မယ်လဲ မဟုတ်တော့ပါဘူး။

ဒီလိုနဲ့ မိန်းကလေးရဲ့ အစစ်အမှန် အဖိုးတန် သဒ္ဓါတရားဟာ ပျက်စီး ဆုံးရှုံး ရပါတော့တယ်၊ ရဟန်းကို ပေးလှူတယ်ဆိုပေမဲ့ ပေးလှူခြင်းရဲ့ အကျိုး ကိုလဲ အပြည့်အဝ ရနိုင်စရာ မရှိတော့ပါဘူး၊ ယုံကြည်ကိုးကွယ်မှုမှာလဲပဲ ပေါ့ပေါ့တန်တန် ဖြစ်လာပါလိမ့်မယ်။

အဲဒီလို ဒါယကာ ဒါယိကာမတွေရဲ့ သဒ္ဓါတရားအစစ်အမှန် ပျက်ပြီး သဒ္ဓါတရားအတုအယောင် ဖြစ်တာကြောင့် ကုလ=အမျိုးကို+ဒူသက=ဖျက်ဆီးသူလို့ ခေါ်တယ်၊ ဒါယကာ ဒါယိကာမတွေမှာရှိတဲ့ သဒ္ဓါတရားဖျက်ဆီးတာကိုပင် အမျိုးကို ဖျက်ဆီးတယ်လို့ တင်စားခေါ်တယ်၊ မြန်မာလို ဒါယကာ ဒါယိကာမကို ပါဠိလို ကုလ = အမျိုးလို့ ခေါ်တယ်၊ ကုလဒူသကဆိုတော့ အမျိုးကိုဖျက်ဆီးသူလို့ ပြောတာပါပဲ။

ဒါကြောင့် ဒါယကာ ဒါယိကာမများက ရဟန်းတွေရဲ့ အဖျက်အဆီး မခံရအောင် အထူးသတိထားပြီး ဆည်းကပ်ကိုးကွယ်သင့်ပါတယ်၊ ဘုရားရှင်က ခွင့်မပြုတဲ့ ဝတ္ထုပစ္စည်းတွေကို မိမိတို့ကိုယ်တိုင်ကလဲ ရဟန်းတော်တွေဆီမှာ မတောင်းသင့်ပါဘူး၊ ရဟန်းတော်တွေက လောကဝတ်လုပ်ပြီး ပေးတောင်မှ ပေးတိုင်းလဲ မယူသင့်ပါဘူး၊ ကျွေးတိုင်းလဲ မစားသင့်ပါဘူး။

အခုခေတ်မှာတော့ ဘယ်လိုဖြစ်နေကြသလဲ၊ ဒါယကာ ဒါယိကာမတွေက ကိုယ်လိုချင်တာလေးတွေ့ယင် ရဟန်းတော်တွေဆီမှာ သွားတောင်း၊ ရဟန်းတော်တွေက ပေးချင်ပေမဲ့ ဝိနည်းသိက္ခာပုဒ်က ရှိနေလေတော့ မပေးနိုင်ဘူးပြော၊ ဒီတော့ သူတို့က''ဒါယကာ ဒါယိကာမတွေပစ္စည်းကျတော့ အလကား၊ ဘုန်းကြီးပစ္စည်းတွေကျတော့ မူးတင်းပဲတင်းတဲ့တော်'' ဒီလို မဟုတ်တရုတ်တွေ ပြောကုန်ရော။

အမှန်ကတော့''ဒီလိုပေးဖော် မရတဲ့ ဘုန်းကြီးကို တို့ကိုပေးချင်ပေမဲ့ ဘုရားက တားမြစ်ထားလို့ မပေးတာပဲ၊ ဘုရားစကားကို နားတောင်ပါပေတယ်၊ ဝိနည်းသိက္ခာပုဒ်ကို ရိုသေပါပေတယ်၊ လေးစားပါပေတယ်''ဆိုပြီး ပိုကြည်ညိုသင့်ပါတယ်၊ ပိုလေးစားသင့်ပါတယ်။

အခုတော့ ဒီလိုမဟုတ်ပါဘူး၊ ပြောင်းပြန်ဖြစ်နေပါတယ်၊ ပေးဖော်ရတဲ့ ဘုန်းကြီးကိုတော့ ကြည်ညို၊ ပေးဖော်မရတဲ့ ဘုန်းကြီးကျတော့ အလကားဘုန်းကြီးပဲ၊အဲဒီဘုန်းကြီး အနားကို နောက်ထပ် မသွားတော့ဘူး၊ ဒါယကာ ဒါယိကာမတွေကိုကဒီလို ဖြစ်နေလေတော့ ဘုန်းကြီးတွေကလဲ ခပ်ကျုပ်ကျုပ်ပဲ၊ ဒါကြောင့် ''ဘာသာရေးရဲ့ အခြေခံမူသဘောလောက်ကိုတော့ ဒါယကာ ဒါယိကာမတိုင်း နားလည်အောင် လုပ်ကြပါ''လို့ ဘုန်းကြီးက တိုက်တွန်းလိုပါတယ်။

ရဟန်းတော်တွေ ဆိုတာဟာ ဆွေမျိုးမတော်တဲ့ ဒါယကာဒါယိကာမတွေကို ချီးမြှောက်သိမ်းသွင်းလိုတဲ့ အတွက် ပန်းလဲ မပေးကောင်းဘူး၊ သစ်သီးလဲ မပေးကောင်းဘူး၊ မျက်နှာချေ ပေါင်ဒါ ဆပ်ပြာတွေကိုလဲ မပေးကောင်းဘူး၊ မြေညက်ကိုလဲ မပေးကောင်းဘူး၊ တံပူသွားပွတ်တန်ကိုလဲ မပေးကောင်းဘူး၊ ဝါးကိုလဲ မပေးကောင်းဘူး၊ (လိုရင်းကတော့ လူဟောသုံးဆောင် စားသောက်ဖို့ ဘာပစ္စည်းကိုမှ မပေးကောင်းပါဘူး၊) ပေးလို့ရှိယင် ဒါယကာ ဒါယိကာမတွေရဲ့ သဒ္ဓါတရားကို ဖျက်ဆီးရာရောက်ပါတယ်၊ ပြီးတော့ဆေးပေး, ဆေးကုခြင်း လူတွေရဲ့ စာကိုပဲဖြစ်ဖြစ် နှုတ်မှာစကားကိုပဲဖြစ်ဖြစ် ယူဆောင်သွားလာပေးခြင်း ဒါတွေကို လုပ်လို့ရှိယင်လဲ ဒါယကာဒါယိကာမတွေရဲ့ သဒ္ဓါတရားကို ဖျက်ဆီးရာ ရောက်ပါတယ်၊ "ကုလဒူသက" ဆိုတဲ့ အပြစ်သင့်ရောက်ပါတယ်။

ဒီတော့ ဒါယကာဒါယိကာမတွေကလဲ လိမ္မာရမယ်၊ ပါးနပ်ရမယ်၊ မိမိတို့ရဲ့ သဒ္ဓါတရား အပျက်မခံရဘူး၊ သဒ္ဓါတရားပျက်သွား ဟို့ရှိယင် မိမိတို့လှူသမျှ တန်းသမျှဟာလဲပဲ အလကားလိုလို ဖြစ်သွားမယ်၊ အကျိုးရသင့်သလောက် မရတော့ဘူး၊ ဒါကြောင့် မိမိတို့ကိုယ်တိုင်ကလဲ ဘုန်းကြီးတွေဆီမှာ လိုချင်တာလေးတွေကို သွားမတောင်းပါနဲ့၊ ဘုန်းကြီးတွေက ပေးလို့ရှိယင်လဲ ယူသင့်မှ ယူပါ။

ဒါပေမဲ့ ခြွင်းချက်ကတော့ ရှိပါသေးတယ်၊ ကျောင်းကို ရောက်သွားတဲ့ အခါမျိုးမှာ ဘုရားကိုပူဇော်ရအောင်လို့ ပေးတာကတော့ ဘုန်းကြီးတွေကလဲ ပေးကောင်းပါတယ်၊ အပြစ်မရှိပါးဘူး၊ ဒါယကာဒါယိကာမတွေကလဲ အဲဒီ ပန်းတွေ သစ်သီးတွေကိုယူပြီး ဘုရားကို ပူဇော်နိုင်ပါတယ်။

ပန်ဆင်ရအောင် နတ်စသည်ကို ပူဇော်ရအောင် ဆိုတဲ့ရည်ရွယ်ချက်နဲ့တော့ ဆွေမျိုးတော်သူကိုရော မတော်သူကိုရော မည်သူ့ကိုမှ မပေးကောင်းပါဘူး၊ ဒါကြောင့် အမျိုးသမီးတွေကလဲပဲ ကျောင်းကပန်းကို မပန်ချင်ကြပါနဲ့လို့ ဘုန်းကြီးက ကြိုတင် ဟောင်းပန်ထားလိုပါတယ်။

မကျန်းမမာတဲ့ လူတွေအတွက် တောင်းလာတဲ့အခါမျိုး လမ်းစာရိက္ခာပြက်လာတဲ့ ဧည့်သည်တွေ တောင်းလာတဲ့အခါမျိုးမှာ လာဘ်လာဘကို မမျှောလင့် မတောင့်တပဲ ရဟန်းရဲ့ ကိုယ်ပိုင်သစ်သီးကို ပေးကောင်းပါတယ်၊ သံဃိက

ပစ္စည်းကိုတော့ ကိုယ်စိုးကိုယ်ပိုင်အနေနဲ့ မပေးကောင်းပါဘူး၊ သတ်မှတ်ထား တဲ့ စည်းမျဉ်း ဥပဒေသ ဘောင်အတွင်းကသာ ပေးရပါတယ်။

မိမိကိုယ်ပိုင် သစ်သီးကို လူမမာတွေအတွက် ပေးကောင်းတယ်ဆိုပေမဲ့ "ဟို အပင်ကခူးသွားကြတာပေါ့" ဆိုပြီး ပေးကောင်းတာမျိုးမဟုတ်ဘူး၊ "ဘုန်း ကြီးတို့ကအရိပ်ရအောင်လို့ စိုက်ထားကြတာပဲ အသီးရှိယင် ဒါယကာတို့ အလို လို သိကြတာပေါ့" ဒီလို ပရိယာယ်စကားမျိုးနဲ့သာ ပေးကောင်းပါတယ်။

ပြီးတော့ သံဃဝေယျာဝစ္စကို လုပ်ပေးနေတဲ့ လူတွေကို ကျပြန်တော့ ရဟန်းတော်တွေက ကျွေးကောင်း မွေးကောင်းပါတယ်၊ စားတဲ့လူကလဲ စားကောင်းပါတယ်၊ အပြစ်မရှိပါဘူး။

ကုက္ကိုမှုန့်တွေ အဖန်မှုန့်တွေ မြေညက်တွေဆိုတာက ရှေးခေတ်အိန္ဒိယအမျိုး သား အမျိုးသမီးတွေရဲ့ အသုံးအဆောင်တွေပါ၊ သူတို့ဟာ အဲဒီ အမှုန့်တွေကို ချေးတွန်းတဲ့အခါမှာလဲ အသုံးပြုတတ်ပါတယ်၊ မျက်နှာတွေမှာ အဖုတွေ ကင်းပျောက်အောင် လိမ်းသပ် ချေမှုန်းစရာ အနေနဲ့လဲ အသုံးပြုတတ်ပါ တယ်၊ ဒါကြောင့် မြန်မာနိုင်ငံမှာ အခုအသုံးပြုနေကြတဲ့ မျက်နှာချေပေါင်ဒါ ဆပ်ပြာတွေကိုပဲ ဘုန်းကြီးက အစားထိုး ထည့်ပေးလိုက်ပါတယ်။

'မှုန်ညင်းတခါ ဆပ်ပြာသာတွေ မြေညက်တလမ်း နှမ်းလဲတခင်း
နနွင်းဟူသည် ငါးမည်မှတ်ဖွယ် ကသယ်လိမ်းသပ်'

ဒီလို ကုသပျို့ (ပိုဒ်ရေ ၃၉၆) မှာ ဆိုထားတာလဲ ရှိပါသေးတယ်။

"တံပူ"ဆိုတာကလဲ အိန္ဒိယတိုင်းသူ တိုင်းသားတွေရဲ့ အသုံးပါပဲ၊ မြန် မာက ဒါကို အသုံးပြုသူ အင်မတန်ရှားပါတယ်၊ အခုခေတ်မှာ ဘုန်းတော်ကြီး အချို့လောက်ပဲ အသုံးပြုကြပါတော့တယ်၊ ဒါနဲ့ အခုခေတ်မှာ တံပူအစား အသုံးပြုနေကြတဲ့ သွားပွတ်တံကို တွဲဘက် ထည့်ပေးလိုက်ရပါတယ်။

ဆေးပေးတယ် ဆေးကုတယ် ဆိုတာကတော့ " ကိုယ့်မှာ အဆင်သင့်ရှိ နေတဲ့ ဆေးကို ပေးတာကိုပဲ ဆေးပေးတယ်"လို့ ခေါ်ပါတယ်၊ "ဒီရောဂါ အတွက် ဒီဆေး ဒီဆေးတွေကို ပေးရမယ်လို့ အနာရောဂါရှိသူအတွက် အနာ ရောဂါနဲ့ သင့်တော်လျောက်ပတ်တဲ့ ဆေးကို ပြောကြားတာကိုတော့ ဆေး ကုတယ်"လို့ ခေါ်ပါတယ်။

ရဟန်းတော်တွေ ဆိုတာဟာ လာလာသမျှ သူစိမ်းပြင်ပ လူတွေအား ဆေးပေးမှုကိုလဲ မလုပ်ကောင်းပါဘူး၊ ဆေးကုမှုကိုလဲ မလုပ်ကောင်း ပါဘူး။

ရဟန်းသာမဏေ, အမိ, အဖ, အမိအဖကို ပြုစုလုပ်ကျွေးနေသူ, ရှင်လောင်း, ဝေယျာဝစ္စကရ (သံဃာတော်ရဲ့ အလုပ်ကို လုပ်ကိုင်နေသူ), ရဟန်းတွေရဲ့ ကိစ္စကြီးငယ်ကို လုပ်ကိုင်ပြီး ရဟန်းတွေကို မှီခိုနေသူ (ကျောင်းသားသူငယ်), ဆွေမျိုးသားချင်း၊ ဒီ ပုဂ္ဂိုလ်တွေကိုတော့ ဆေးဝါးကုသ ပေးကောင်းပါတယ်။

ဧည့်သည် အာဂန္တု, သူခိုး, သူပုန်, ဒမြ, ဆွေမျိုးတွေက စွန့်လွှတ်ထားတဲ့ အထီးကျန်မွဲ သူဆင်းရဲ, ခရီးသွား လူပုဂ္ဂိုလ် ဒီလူတွေက မကျန်းမမာတဲ့အတွက် ကျောင်းကို ဝင်လာမယ်ဆိုယင် ပစ္စည်းလာဘ်လာဘကို မမျှော်လင့် မတောင့်တပဲ ဆေးဝါးကုသ ပေးကောင်းပါတယ်။

သဒ္ဓါတရားရှိတဲ့ အိမ်ထောင်စု တခုဟာ ရဟန်းသံဃာတွေကို ပစ္စည်းလေးပါးနဲ့ လုပ်ကျွေးနေပါတယ်၊ သံဃာရဲ့ မယ်တော် ခမည်းတော်အရာမှာ တည်ပါတယ်၊ အဲဒီ အိမ်ထောင်စုထဲက ကဦးတယောက် နာမကျန်းဖြစ်လာလို့ရှိယင် အကျွမ်းဝင်တာနဲ့ အဲဒီ ဂိလာနအတွက် "အရှင်ဘုရား ဆေးဝါး ဖော်စပ်ပြီး ပေးတော်မူပါဦး" ဒီလို လျှောက်ထားလာတယ် ဆိုပါတော့၊ ဆေးလဲ မပေးကောင်းပါဘူး၊ ဆေးလဲ မကုကောင်းပါဘူး။

(ပစ္စည်းလေးပါးကို ပေးလှူနေကြတဲ့ ဒါယကာ, ဒါယိကာမတွေဟာ အမိအဖအရာမှာ တည်တယ်၊ ဒါနဲ့ ဆေးလဲ ကုကောင်းတယ်၊ ဆေးလဲ ပေးကောင်းတယ်၊ ပစ္စည်း အသုံးအဆောင်တွေကိုလဲ ပေးကောင်းတယ်၊ အချို့ပုဂ္ဂိုလ်တွေက ဒီလိုလဲ ပြောကြပါတယ်၊ ပေးလဲ ပေးကြပါတယ်၊ ဒါကတော့ ဘုန်းကြီး ခုနကပြောခဲ့တဲ့ အဋ္ဌကထာ စကားကို သတိမထားမိလို့ အမှတ်တမဲ့ လုပ်မိတာဖြစ်စရာ ရှိပါတယ်။)

ဒါယကာ, ဒါယိကာမတွေ ကိုယ်တိုင်က ဖော်စပ်တဲ့ နည်းသမ်းကို နားလည်တဲ့အတွက် "အရှင်ဘုရား ဘယ်ရောဂါအတွက် ဘယ်ဆေးဘယ်ဝါးကို

ပေးကြပါသလဲ'' ဒီလို လူနာနဲ့မစပ်ပဲ လျှောက်ထားမယ်ဆိုယင် ''ဒီဆေး ဒီဆေးတွေကို ယူပြီး ပေးကြတာပဲ'' ဒီလိုတော့ ပြောကောင်းပါတယ်။

''အရှင်ဘုရား တပည့်တော်ရဲ့ မယ်တော် မကျန်းမမာ ဖြစ်နေပါတယ်၊ ဆေးကို ညွှန်ကြားတော်မူပါဦး'' ဒီလို လူနာနဲ့စပ်လို့ မေးလာလို့ရှိယင် တော့ မပြောကောင်းတော့ပါဘူး၊ ဒါပေမဲ့ ရဟန်းတော်အချင်းချင်း, ဒါမှ မဟုတ်ယင် ကိုရင်နဲ့ စကားပြောဆိုမှုကို ပြုသင့်ပါတယ်။

''အရှင်ဘုရား ဘယ်.... ကိုယ်တော် နေမကောင်းတုန်းက (ဒီလို ရောဂါမျိုး ဖြစ်တုန်းက) ဘယ်ဆေးတွေကိုများ ပေးကြပါသလဲ''

''ဒီဆေး ဒီဆေးတွေကို ပေးကြပါတယ် ဘုရား''

ဒီလို ပြောဆိုသံကို ကြားရတဲ့အတွက် ဆေးညွှန်ကြားရအောင် မေးလာ တဲ့ပုဂ္ဂိုလ်က သူတို့အမေအတွက် သူတို့ဘာသာ ဆေးရှာကုမယ်ဆိုယင် ရဟန်း တော်တွေမှာ အပြစ်မရှိပါဘူး၊ လူတွေက ဝိနည်းကို နားလည် သင့်တယ်ဆို တာဟာ ဒီအချက်တခုနဲ့ပဲ အင်မတန် ထင်ရှားပါတယ်။

တချိန်မှာ ဝသဘမင်းရဲ့ မိဖုရားတယောက် မကျန်းမမာဖြစ်နေပါတယ်၊ မိန်းမတယောက်ကို မဟာပဒုမထေရ်ဆီကို လွှတ်ပြီး လျှောက်ထား မေးမြန်း ခိုင်းပါတယ်၊ မဟာပဒုမထေရ်ကလဲပဲ ''ငါမသိ နားမလည်ဘူး''လို့ မပြောပဲ ခုနက ပြောခဲ့တဲ့အတိုင်း ရဟန်းတော်တွေနဲ့ မေးမြန်းပြောဆိုမှုကို ပြုခဲ့ဘူးပါ တယ်၊ ဒီလို အစဉ်အလာ မှတ်သားချက် ရှိနေပါတယ်။

အဲဒီ ရဟန်းတော်တွေရဲ့ စကားကို မှတ်သားလာပြီး မိဖုရားကို ဆေးဝါး ကုသကြပါတယ်၊ ရောဂါ ပျောက်ကင်းချမ်းသာ သွားတဲ့အခါ တိစီဝရိက်, ငွေသုံးရာ ဒါတွေကို ဆေးကလပ်မှာ ထည့်ပြီး ယူလာကြပါတယ်၊ မဟာ-ပဒုမထေရ်ရဲ့ ခြေရင်းမှာ ချထားပြီး ''အရှင်ဘုရား ပန်းပူဇော်မှုကို ပြုတော် မူကြပါ'' ဒီလို လျှောက်ထားကြပါတယ်။

မဟာပဒုမထေရ်က ''ဒါမျိုးကို ဆရာ့အဖို့ ခေါ်တယ်'' ဒီလို မိန့်တော် မူပြီး အပ်စပ်တဲ့ အသုံးအနှုန်းနဲ့ ယူစေပါတယ်၊ ပန်းပူဇော်မှုကို ပြုဘူးပါ တယ်။

''ဝိနည်းကို နားမလည်တဲ့ သူတွေကျတော့ မေးတဲ့အခါတုန်းက ဝိနည်းနဲ့ လျော်အောင် မစီစဉ်နိုင်တဲ့အတွက် ဒီလိုလာဘ်မျိုးကို မရနိုင်ဘူး၊ အခုကတော့ ဝိနည်းနားလည်လို့ လျော်အောင် စီစဉ်တတ်တဲ့အတွက် ဒီလာဘ်ကို ရတာပဲ၊ အခု ရလာတဲ့လာဘ်ဟာ အပ်စပ်တဲ့ လာဘ်ဖြစ်လို့ ဆရာရှဲအဖို့ ဆရာသုံး ထိုက်တဲ့လာဘ်ပါပဲ'' ဒီလို ဆိုလိုပါတယ်။

''ငွေတွေကိုယူထားလိုက်ကြလို့မဆိုပဲ''ပန်းပူဇော်မှုကို ပြုတော်မူကြပါ''လို့ ဆိုတာပဲ၊ ကပ္ပိယဝေါဟာရ ဖြစ်ပါတယ်၊ ဒါပေမဲ့ အဲဒီငွေကိုတော့ ကပ္ပိယ- ကာရကတွေကယူပြီး ''၃၀၀-တန် အပ်စပ်သောပစ္စည်းကို အလိုရှိတဲ့အခါ တောင်းတော်မူပါ''လို့ မဟာပဒုမထေရ်အား လျှောက်ထားပါမှ အပ်တဲ့ ပစ္စည်းကို သုံးစွဲကောင်းပါလိမ့်မယ်။

လူတွေရဲ့ပေးစာကိုပဲဖြစ်ဖြစ် နှုတ်မှာစကားကိုပဲဖြစ်ဖြစ် ရဟန်းတော်တွေက ယူဆောင်သွားလာ ပေးကောင်းတာမျိုး မဟုတ်ဖူး၊ ဒါကို ''တမန်သည်တွေရဲ့ အလုပ်မျိုး ဇဃ်ပေသနိယ''လို့ ခေါ်ပါတယ်၊ (''ဇဃ်–ခြေသလုံးနဲ့+ ပေသနိယ–အစေအပါးခံမှု''လို့ ဆိုလိုတာပဲ။)

လူတို့ရဲ့ပေးစာတွေ နှုတ်မှာစကားတွေကိုယူသွားတဲ့ရဟန်းဟာ ခြေတလှမ်း အာပတ်တချက် ခြေတလှမ်းအာပတ်တချက်အသင့်ခံရပါတော့တယ်၊ အဲဒီလို အစေအပါး ခံမှုကိုအကြောင်းပြုပြီး ရလာတဲ့ပစ္စည်းတွေကို စားသောက်လို့ ရှိယင်လဲ စားမျိုတိုင်းစားမျိုတိုင်း အာပတ် သင့်ပါတော့တယ်။ ဒါ့ကြောင့် ရဟန်းတော်တွေနဲ့စာပေးမှု သတင်းစကား ပို့ဆောင်မှုတွေကို ဒါယကာ ဒါယိကာမတွေကလဲ ရှောင်သင့်ပါတယ်။

သတင်းစကားကို ယူလာတာမဟုတ်ပဲ အလိုအလျောက် ရောက်လာတဲ့ ရဟန်းတပါးကို ''အရှင်ဘုရား ကြွလာတဲ့ရွာမှာ ဘယ်သူတွေ ဘယ်သူတွေ နေကောင်းကြရဲ့လား ဘုရား'' ဒီလို ဒါယကာ ဒါယိကာမတွေက မေးမြန်း လျှောက်ထားပါယင် နေကောင်းကြောင်း နေမကောင်းကြောင်းကို ပြော ကောင်းပါတယ်၊ မေးလာတဲ့ ပြဿနာကို ဖြေဆိုတဲ့အတွက် ကုလဒူသန အပြစ် မရှိပါဘူး။

ခြွင်းချက်အနေနဲ့တော့ ရဟန်း, ကိုရင်, အမိ, အဖ, ရှင်လောင်း, ဝေယျာဝစ္စကရတွေရဲ့ သတင်းစကားကို ဆောင်ယူကောင်းပါတယ်၊ မိမိ (ရဟန်း) ရဲ့ အမိအဖကို လုပ်ကျွေးနေသူ စေတီတော် သံဃာတော်တို့ရဲ့ သတင်းစကားကိုလဲ ယူသွားကောင်းပါတယ်။

ပြီးတော့ လူတွေက "အသူပေးလိုပါတယ်၊ ပူဇော်လိုပါတယ်၊ ရဟန်းတော်တွေကို ပင့်ပေးတော်မူပါ၊ ဘယ်အလှူဟော်ကို ပေးလှူတော်မူပါဘုရား" ဆိုပြီး ဆွမ်းကိုပဲဖြစ်ဖြစ် ဆေးကိုပဲဖြစ်ဖြစ် သင်္ကန်းကိုပဲဖြစ်ဖြစ် တဆင့်ပေးလှူ တတ်ကြပါတယ်၊ "ကျောင်းမှာ ပူဇော်မှုကို ပြုကြပါ" လို့ မှာထားပြီး ပန်း, နံ့သာ, နံ့သာပျောင်းတွေကိုပဲဖြစ်ဖြစ် တံခွန်ကုက္ကား စတဲ့ဟာတွေကိုပဲ ဖြစ်ဖြစ် အပ်နှံတတ်ကြပါတယ်။ ဒီလို ရတနာသုံးပါးနဲ့စပ်တဲ့ကိစ္စ အကုန်လုံးကိုတော့ ဆောင်ရွက် ပေးကောင်းပါတယ်၊ ခြွန်း အစေအပါးခံတာမျိုး မဖြစ်ပါဘူး၊ ဒါတွေဟာ အပ်စပ်တဲ့အလုပ်တွေပဲ ဖြစ်ပါတယ်။

ဒီလို ကုလဒူသန ၈-ပါးကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ပစ္စည်းတွေဟာ ရဟန်းသာမဏေ အကုန်လုံးအတွက် မအပ်တော့ပါဘူး၊ မဟုတ်မမှန် ချွန်မရပဲနဲ့ ရသယောင်ယောင် မဂ်မရပဲနဲ့ ရသယောင်ယောင် ရဟန္တာမဟုတ်ပဲနဲ့ ဟုတ်သယောင်ယောင် အရိယာမဟုတ်ပဲနဲ့ ဟုတ်သယောင်ယောင် ဝါကြွား ပြောဆိုတဲ့အတွက် ရလာတဲ့ပစ္စည်း၊ ရဟန်းကိုယ်တိုင် ရွှေငွေနဲ့ လဲလှယ်ရောင်းဝယ်လို့ ရလာတဲ့ပစ္စည်း တွေနဲ့ ဘာမှမထူးတော့ပါဘူး။

ဒါ့ကြောင့် အသေခတ်မှာလဲပဲ ဒါတွေကို ထောက်ထားပြီး ဝိနည်းကို အလေးဂရု ပြုတော်မူကြတဲ့ ရဟန်းတော်တွေဟာ ခေတ်သိမဟုတ်တဲ့ ဂိုဏ်တွေရဲ့ ပစ္စည်းတွေကို သုံးစွဲမှု မပြုလိုကြပါဘူး။

ဒီနေ့ ကုလဒူသန အကြောင်းကို ပြောလာတာ အတော်လေးတော့ စုံသွားပါပြီ၊ ဒီတော့ "ရဟန်းသာမဏေတွေကလဲ ဒါယကာ ဒါယိကာမတွေရဲ့ အစစ်အမှန် သဒ္ဓါတရားကို ဖျက်ဆီးကြပါနဲ့၊ ဒါယကာ ဒါယိကာမတွေကလဲပဲ ဘယ်သူကလာဖျက်ဖျက် မိမိတို့ရဲ့ အဖိုးတန် သဒ္ဓါတရားကို မပျက်စေကြပါနဲ့၊ ဒီလို ဖျက်နေကြတာ အဖျက်ခံ နေကြတာတွေဟာ နှစ်ဦးနှစ်ဘက်လုံးအတွက် အင်မတန် နစ်နာပါတယ်" လို့ ဒီမှာ တရားနာနေကြတဲ့ ရဟန်းသာမဏေတွေ, ဒါယကာဒါယိကာမတွေ အကုန်လုံးကိုပဲ

ဘုန်းကြီးက သတိပေးလိုပါတယ်၊ သတိပေးတဲ့ အတိုင်းလဲပဲ ကိုယ်စီကိုယ်င ကိုယ့်ကျင့်ဝတ်ကို ကိုယ်ထိန်းသိမ်းကြပြီး သာသနာတော် စည်ပင်သန့်ရှင်း ထွန်းလင်းလာအောင် နည်းမှန်လမ်းမှန် ကြိုးစားအားထုတ် ပြုစုနိုင်ကြပါ စေကုန်သတည်း။

သာဓု...သာဓု....သာဓုပါ ဘုရား။

အနေသန

ဆရာတော်ဦးဓမ္မိက၏ အမိန့်အရ ရပ်ရွာလူကြီးများက ဦးဆောင်လျက် သကြံန် ၃-ရက်လုံးမှာပဲ မနက်တရားပွဲ ညတရားပွဲ စီစဉ်ထားကြပါသည်၊ ညတရားပွဲကျတော့ သံဃာ့ပရိသတ် လူ့ပရိသတ်တွေက ဓမ္မာရုံကြီးတခုလုံး ကွက်လပ်မရှိအောင် နေရာယူထားကြသည်၊ ဓမ္မာရုံမဆံ့သည့်အတွက် ရှေ့ဘက် ကွက်လပ်မှာ နေရာယူထားကြသူများကလည်း မနည်းလှပါ၊ ကွက်လပ်ကြီး တခုလုံး ပြည့်ကြပ်နေပါသည်၊ တကူးတကမြောင်းမြဘက်မှ လာရောက်နား ကြားသူတွေကလည်း မနည်းလှပါ။

မောင်မျိုးသန့်နှင့် မကြည်ဝင်းတို့က ကြွလာသမျှ ပရိသတ်ကို အဖျော် ရည်နှင့် ဧည့်ခံရန် တာဝန်ယူထားကြသည်၊ ဆရာတော်ဦးဓမ္မိက ဟောသမျှ ပြောသမျှကိုလည်း အကုန်လုံး အသံဖမ်းထားကြသည်၊ ၈-နာရီထိုးသည်နှင့် တပြိုက်နက် ဆရာတော်ဦးဓမ္မိကက တရားစတင် ဟောကြားပါတော့သည်။

မနက်က ကုလဒူသနပြီးသွားတော့ အခုညနေမှာ အနေသနကို ပြောပါ့ မယ်၊ မဟာနိဒ္ဒေသပါဠိတော် [၁] စူဠနိဒ္ဒေသပါဠိတော် [၂] တွေမှာ အနေသန ဘယ်လောက်ရှိတယ်ရယ်လို့ အတိအကျ သချာတပ်ပြီး ပြဆိုထားတာ မတွေ့ရ ပါဘူး။

၁။ ကုဟနာ—အံ့ဩဖွယ်ဖြစ်အောင် သုံးစွဲပြောဆိုနေထိုင်ခြင်း၊
၂။ လပနာ—ပစ္စည်းလာဘ်လာဘရအောင် ဆွယ်၍ပြောဆိုခြင်း၊
၃။ နေမိတ္တိကတာ—ပေးလှူခြင်းနဲ့စပ်စပ်တဲ့ အရိပ်နိမိတ်ကိုပြုခြင်း၊
၄။ နိပ္ပေသိကတာ—သူတပါးရဲ့အပြစ်ကို ပြောပြီး လာဘ်ကိုရှာခြင်း၊

၁။ မဟာနိ ပါ-၂၉၀၊ ၃၉၆။ ၂။ စူဠနိ ပါ-၂၅၀။

၅။ လာဘေနလာဘံနိဇိဂိံသနတာ နဲ့တဲ့လာဘ်နဲ့ များတဲ့လာဘ်ကိုရှာခြင်း၊

၆။ ဒါရုဒါန—သစ်သားပေးခြင်း၊

၇။ ဝေဠုဒါန—ဝါးပေးခြင်း၊

၈။ ပတ္တဒါန—အရွက်ပေးခြင်း၊

၉။ ပုပ္ဖဒါန ပန်းပေးခြင်း၊

၁၀။ ဖလဒါန—အသီးပေးခြင်း၊

၁၁။ သိနာနဒါန—ရေချိုးစရာအမှုန့်ပေးခြင်း၊

၁၂။ စုဏ္ဏဒါန မျက်နှာချေမှုန့်ပေးခြင်း၊

၁၃။ မတ္တိကာဒါန—မြေညက်ပေးခြင်း၊

၁၄။ ဒန္တကဋ္ဌဒါန—တံပူ(သွားပွတ်တန်)ပေးခြင်း၊

၁၅။ မုခေါဒကဒါန—မျက်နှာသစ်ရေ ပေးခြင်း၊

၁၆။ စာတုကမျတာ—မိမိကို နှိမ့်ချပြောဆိုခြင်း၊

၁၇။ မုဂ္ဂသူပျတာ အမှန်နည်းပါး အမှားများတဲ့စကားကိုပြောဆိုခြင်း၊

၁၈။ ပါရိဘဋျတာ—ကလေးသူငယ်ကို ချီပွေ့ချော့မြှူပေးခြင်း၊

၁၉။ ပိဌမဒ္ဒိကတာ—အစေအာတလျင် အိမ်ထဲဝင်ပြီး ကုလားထိုင်ပေါ်ထိုင်ခုံပေါ်မှာ ထိုင်နေခြင်း၊

၂၀။ ဝတ္ထုဝိဇ္ဇာ—အိမ်ရာမြေရာစတဲ့အဟတ်၊

၂၁။ တိရစ္ဆာနဝိဇ္ဇာ—နတ်ရွာလမ်း မဂ်ဖိုလ်လမ်းရဲ့ ဖီလာဖြစ်တဲ့ အင်္ဂကျမ်းနေမိတ္တက ဝိဇ္ဇာစတဲ့ ကျမ်းအတတ်၊

၂၂။ အင်္ဂဝိဇ္ဇာ—မိန်းမယောကျ်ားတွေရဲ့ တင့်တယ်ခြင်း မတင့်တယ်ခြင်းလက္ခဏာကို သိကြောင်းအတတ်၊

၂၃။ နက္ခတ္တဝိဇ္ဇာ—နက္ခတ်တို့ရဲ့ ယှဉ်ခြင်းစသည်ကို သိကြောင်းအတတ်၊

၂၄။ ဒူတဂမန—လူများရဲ့စေတမန်ပြုလုပ်ခြင်း၊

၂၅။ ပဟိဏဂမန—လူတွေရဲ့အစေအခိုင်းခံခြင်း၊

၂၆။ ဇင်္ဃပေသနိယ—ရွာတပါး အရပ်တပါးသို့ လူတွေရဲ့ပေးစာ နှုတ်မှာစကားတွေကို ယူဆောင်သွားလာခြင်း၊

၂၇။ ဝေဇ္ဇကမ္မ—ဆေးပေးမှု ဆေးကုသမှု ပြုလုပ်ခြင်း၊

၂၈။ နဝကမ္မ—လူတွေရဲ့လုပ်ငန်းကိစ္စကို လုပ်ကိုင်ဆောင်ရွက်ပေးခြင်း၊

၂၉။ ပိဏ္ဍပဋိပိဏ္ဍက—ဆွမ်းတုံ့ပေးခြင်း၊

၃၀။ ဒါနာနုပ္ပဒါန—လှူဒါန်းလာသူတွေကို သင့်တော်တဲ့ဝတ္ထုကို ပြန်ပေးခြင်း၊

ဒီမအပ်တဲ့ အသက်မွေးမှုတခုခုနဲ့ စားဖွယ်သောက်ဖွယ်, အဝတ်သင်္ကန်း, ကျောင်းအိပ်ရာနေရာတွေကို ရှာဖွေသုံးစွဲမှုမပြုပဲ တရားနဲ့လျော်စွာ ရှာဖွေသုံးစွဲမှုကို ပြုရမယ်။

ဒီလို ၃၀-ထိအောင် ပြဆားတာကို တွေ့ရပါတယ်၊ မိလိန္ဒပဉှာပါဠိတော်[၁] မှာလဲပဲ ဘယ်လောက်ရယ်လို့ အတိအကျ သချာတတ်ပြီး ပြဆိုတာကို မတွေ့ရပါဘူး။

၁။ ဝေဠုဒါန—ဝါးပေးခြင်း၊

၂။ ပတ္တဒါန—အရွက်ပေးခြင်း၊

၃။ ပုပ္ဖဒါန—ပန်းပေးခြင်း၊

၄။ ဖလဒါန—အသီးပေးခြင်း၊

၅။ သိနာနဒါန—ရေချိုးစရာအမှုန့်ပေးခြင်း၊

၆။ မတ္တိကာဒါန—မြေညက်ပေးခြင်း၊

၇။ စုဏ္ဏဒါန—မျက်နှာချေမှုန့်ပေးခြင်း၊

၈။ ဒန္တကဋ္ဌဒါန—တံပူ(သွားပွတ်တန်) ပေးခြင်း၊

၉။ မုခေါဒကဒါန-မျက်နှာသစ်ရေပေးခြင်း၊

၁၀။ စာတုကမျတာ—မိမိကို နှိမ့်ချပြောဆိုခြင်း၊

၁၁။ မုဂ္ဂသူပျတာ—မနပ်နဲပါး အနပ်များတဲ့ ပဲနောက်ဟင်းလို အမှန်နည်းပါး အမှားများတဲ့ စကားကို ပြောဆိုခြင်း၊

၁၂။ ပါရိဘဋျတာ—ကလေးသူငယ်ကို ချီပွေ့ချော့မြှူပေးခြင်း၊

၁၃။ ဇင်္ဃပေသနိယ ရွာတပါး အရပ်တပါးသို့ လူတွေရဲ့ပေးစာ နှုတ်မှာစကားကို ယူဆောင်သွားလာခြင်း၊

၁၄။ ဝေဇ္ဇကမ္မ—ဆေးပေးမှု ဆေးကုသမှုပြုလုပ်ခြင်း၊

၁၅။ ဒူတကမ္မ—လူတွေရဲ့စေတမန်ပြုလုပ်ခြင်း၊

၁။ မိလိန္ဒပဉှာ ပါ-၃၅၂။

၁၆။ ပဟိဏဂမန—လူတွေရဲ့အစေအခိုင်းခံခြင်း၊

၁၇။ ပိဏ္ဍပဋိပိဏ္ဍက—ဆွမ်းတုံ့ပေးခြင်း၊

၁၈။ ဒါနာနုပ္ပဒါန—ပေးတုံ့ပေးခြင်း၊

၁၉။ ဝတ္ထုဝိဇ္ဇာ—အိမ်ရာမြေရာစတဲ့အတတ်၊

၂၀။ နက္ခတ္တဝိဇ္ဇာ—နက္ခတ်တွေရဲ့ ယှဉ်ခြင်းစသည်ကို သိကြောင်း ကျမ်းအတတ်၊

၂၁။ အင်္ဂဝိဇ္ဇာ- မိန်းမ ယောကျ်ားတွေရဲ့ တင့်တယ်ခြင်း မတင့်တယ်ခြင်း လက္ခဏာကို သိကြောင်းအတတ်၊

ဒီလိုမျှားယွင်းတဲ့ အသက်မွေးတွေနဲ့ ဖြစ်ပေါ်လာတဲ့ စားဖွယ်သောက်ဖွယ်ကိုပဲဖြစ်ဖြစ် ဘုရားရှင် ကဲ့ရဲ့စက်ဆုပ်တော်မူတဲ့ အခြားမှားတဲ့ အသက်မွေးမှု တခုခုနဲ့ဖြစ်ပေါ်လာတဲ့ စားဖွယ် သောက်ဖွယ်ကိုပဲဖြစ်ဖြစ် မစားသောက်သင့်။

ဒီလို မဟာနိဒ္ဒေသ စူဠနိဒ္ဒေသပါဠိတော်တွေထဲက ထုတ်နုတ်ပြီး ၂၁-ပါး ပြထားပါတယ်၊ ဒါကိုပဲ အဋ္ဌကထာအဋီကာအထားပြုပြီး "အနေသန ၂၁-ပါး"လို့ ဖြစ်ပေါ်လာပုံ ရပါတယ်၊ ကျန်နေတဲ့ အနေသနတွေကိုတော့—

"ဘုရားရှင် ကဲ့ရဲ့ စက်ဆုပ်တော်မူတဲ့ အခြားမှားတဲ့ အသက်မွေးမှု တခုခုနဲ့ ဖြစ်ပေါ်လာတဲ့ စားဖွယ် သောက်ဖွယ်ကိုပဲဖြစ်ဖြစ် မစား သောက်သင့်"

ဒီလိုအကျဉ်းချုံးပြီး သိမ်းသွင်း ပြဆိုသွားပါတယ်၊ မိလိန္ဒပဉှာပါဠိတော်မှာ ပြဆိုထားတဲ့ ဒီ ၂၁-ပါးကိုပဲယူပြီး ခုဒ္ဒကပါဌအဋ္ဌကထာ,[၁] သုတ္တနိပါတအဋ္ဌကထာ,[၂] သိက္ခာပဒဝလဥ္ဇနတို့မှာ "အနေသန ၂၁-ပါး"လို့ ပြဆိုထား ပါတယ်။

မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ,[၃]မူလဋီကာ[၄]တွေမှာတော့ မဟာနိဒ္ဒေသ စူဠနိဒ္ဒေသပါဠိတော်တွေထဲက ၁၅-ပါးလောက်သာ ယူပါတယ်၊ ပြီးတော့ ၂၁-ပါးပြည့်အောင်—

၁။ ခုဒ္ဒကပါဌ ဋ္ဌ-၂၀၂။ ၂။ သုတ္တနိပါတ ဋ္ဌ ပ-၁၇၈။
၃။ မဇ်ပဏ် ဋ္ဌ-၄။ ၄။ မူဋီ-၉၇။ နူဋီ-၁၀၅။

၁။ ဂဏ္ဍဖာလေတိ—အနာကိုခွဲစိတ်ခြင်း၊
၂။ အရုမက္ခနံဒေတိ—ဆေးလိမ်းပေးခြင်း၊
၃။ ဥဒ္ဓံဝိရေစနံဒေတိ—ပျို့အန်ဆေးပေးခြင်း၊
၄။ အဓောဝိရေစနံဒေတိ—ဝမ်းလျှောဆေးပေးခြင်း၊
၅။ နတ္ထုတေလံပစတိ—နှာဆေးပေးခြင်း၊
၆။ စက္ခုတေလံပစတိ—မျက်စဉ်းပေးခြင်း၊

ဒီလို သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်က [၁] အချို့အဝက် လျော်ရာကို ယူပြီးဖြည့်စွက်ထားပါတယ်၊ ဒီဖြည့်စွက်ထားတဲ့ ၆-ပါးကတော့ မဟာနိဒ္ဒေသ, စူဠနိဒ္ဒေသပါဠိတော်တွေမှာလာတဲ့ ဝေဇ္ဇကမ္မမှာပဲ ပါဝင်နိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဒီအနေသနခန်းမှာတော့ မဟာနိဒ္ဒေသလာအနေသန တွေကိုပဲ မူထားပြီး ပြောသွားပါမယ်၊ ဒါပေမဲ့ အနေသနဟတော့ ဒီလောက် တင် မဟုတ်သေးပါဘူး၊ သီလက္ခန်ပါဠိတော် ဗြဟ္မဇာလသုတ်မှာ လာတဲ့ မိစ္ဆာဇီဝအနေသနအချို့ ကျန်နေပါသေးတယ်၊ အဲဒီအထဲက ကာလဒေသနဲ့ လျော်တဲ့ မိစ္ဆာဇီဝအချို့ကိုလဲ နောက်ပိုင်းမှာ ဖြည့်စွက်ပြောဆိုသွားပါမယ်။

၁။ ကုဟနာ—အံ့ဩဖွယ်ကိုဖြစ်စေခြင်း [၂]

ဒီတော့ မဟာနိဒ္ဒေသပါဠိတော်မှာ လာတဲ့ အနေသနတွေကိုပဲ အစုအချိန် ကစပြီး ပြောပြသွားပါတော့မယ်၊ အဲဒီအထဲက "ကုဟနာ—အံ့ဩဖွယ်ကိုဖြစ် စေခြင်း" ဆိုတာကို စတင်ပြောပါမယ်။

က။ ပစ္စယပဋိသေဝန—လာဘ်ကိုမြှော်ပြီး လူကြည်ညိုအောင် ခြိုးခြိုးခြံခြံ ခေါင်းခေါင်းပါးပါးနဲ့ ပစ္စည်းလေးပါးကိုသုံးစွဲမှု၊

ခ။ သာမန္တဇပ္ပန-တရားထူးကို ရထားတဲ့လေသံမျိုးနဲ့ ဈာန်မဂ်ဖိုလ်ရဲ့ အနီးအပါးဖြစ်တဲ့ စကားမျိုးကိုပြောဆိုမှု၊

ဂ။ ဣရိယာပထသန္နိဿိတ-အရိယာပုဂ္ဂိုလ်လို ထင်ရလောက်အောင် ဟန်ဆောင်ပြီး ဣရိယာပုထ် ၄-ပါးကို ထူးထူးခြားခြား ငြိမ်ငြိမ် သက်သက် ထားကာ သွားလာနေထိုင်မှု၊

၁။ သီ ပါ-၁၁။ ၂။ ဝိသုဒ္ဓိမဂ် ၁-ပ-၂၃။ သမ္မော ၁-၄၆၁။

ဒီ ၃-မျိုးကိုပဲ "အံ့ဩဖွယ်ဖြစ်အောင် သုံးစွဲပြောဆိုနေထိုင်ခြင်း ကုဟနာ" လို့ခေါ်ပါတယ်၊ ဒါကိုသိသာရုံလောက် ရှင်းလင်း ပြောပြသွားပါမယ်။

က။ ပစ္စယပဋိသေဝန[၁]။ ။ဒါယကာ ဒါယိကာမတွေက ရဟန်းတပါးကို "သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး" ပစ္စည်း ၄-ပါးတွေနဲ့ ဖိတ်ကြပါတယ်၊ လှူဒါန်းမယ်လို့ လုပ်ကြပါတယ်၊ ရဟန်းကတော့ ဒါတွေကို လိုချင်တာပါပဲ၊ မက်မောတာပါပဲ၊ ဒါပေမဲ့ နောက်ထပ်များများ ရအောင် ရည်ရွယ်ပြီးသကာလ ဘာကိုမှ အလှူခံမှု မပြုပါဘူး၊ သင်္ကန်းကိုလဲ ပယ်ပါတယ်၊ ဆွမ်းကိုလဲ ပယ်ပါတယ်၊ ကျောင်း အိပ်ရာနေရာကိုလဲ ပယ်ပါတယ်၊ ဆေးကိုလဲ ပယ်ပါတယ်။

"ဒီလို အဖိုးထိုက်အဖိုးတန် သင်္ကန်းတွေကို ရဟန်းမှာဘာလုပ်ဖို့လဲ၊ သုသာန်, အမှိုက်ပုံ, စျေးကြိုစျေးကြားတွေက ရရသမျှအဝတ်တွေကို ကောက်ယူ ချုပ်စပ်ပြီး ဝတ်ရုံတာဟာ ရဟန်းအတွက် ပိုပြီးသာရှုပ ဖြစ်တယ်၊ ရဟန်းအတွက် အဖိုးထိုက်အဖိုးတန် အကောင်းအမွန် ဆွမ်းတွေ ဟင်းတွေလဲ မလိုပါဘူး၊ ဆွမ်းခံပြီး အသက်မွေးတာဟာ ဘုရားအလိုတော်ကျ ဖြစ်ပါတယ်၊ ရဟန်းအတွက် အဖိုးထိုက်အဖိုးတန် ကျောင်းတွေ့အိပ်ရာနေရာတွေလဲ မလိုပါဘူး၊ သစ်တပင်ရင်းဂါး တပင်အောက်မှာ နေတာ, သုသာန်မှာသွားနေတာ, ကွင်းပြင်မှာ သွားနေတာဟာ ရဟန်းအတွက် အကောင်းဆုံးပေါ့၊ ရဟန်းအတွက် အဖိုးထိုက်အဖိုးတန် ဆေးဝါးတွေလဲ မလိုပါဘူး၊ နွားကျင်ငယ်ပုပ်, သျှိသျှားသီးပိုင်းတွေနဲ့ ဆေးကိစ္စကို ပြုလုပ်တာဟာ အသင့်တော်ဆုံး ပါပဲ"

ဒီလိုလဲ ပြောဆိုတတ်ပါတယ်၊ အဲဒီအချိန်ကစပြီး ကိုယ့်မှာမရှိတဲ့ ဂုဏ်ကို ပြဖို့ ကြိုးစားပါတော့တယ်၊ လူကြည်ညိုအောင် ဟန်ဆောင်ပါတော့တယ်၊ ဟောင်းနွမ်းစုတ်ပြတ်တဲ့ သင်္ကန်းကို ဝတ်ရုံတယ်၊ ကြမ်းတမ်းတဲ့ ဆွမ်းကို သုံးဆောင်တယ်၊ အညံ့ဆုံးဖြစ်တဲ့ကျောင်း အိပ်ရာနေရာကိုမှ အသုံးပြုနေထိုင်ပါတယ်၊ အညံ့ဆုံးဖြစ်တဲ့ နွားကျင်ပုပ်စတဲ့ ဆေးမျိုးကိုသာ မှီဝဲ သုံးဆောင်ပါတော့တယ်။ အဲဒီတော့—

၁။ မဟာနိ ပါ-၁၇၂။

"ဒီရဟန်းဟာ အလိုနည်းကယ်၊ ရှိတာလေးနဲ့ တင်းတိမ်ရောင့်ရဲ နေတယ်၊ လူတွေလှူတာကိုကောင်မှ လက်ခံချင်တာမဟုတ်ဘူး၊ ကင်းကင်းရှင်းရှင်းလဲနေတယ်၊ လူတွေနဲ့ ရောနှောမှုလဲ မရှိဘူး၊ တကယ့်ကို ရဟန်းတရား ကြိုးစားအားထုတ်နေတဲ့ ပုဂ္ဂိုလ်ကြီးပါပဲ"

ဒီလို လူတွေက အဲဒီရဟန်းကို အသိအမှတ် ပြုလာတတ်ကြပါတယ်၊ အထင်ကြီးလာတတ်ကြပါတယ်၊ ဟိုလူကလဲ ပင့်ဖိတ်၊ ဒီလူကလဲ ပင့်ဖိတ်၊ ပစ္စည်းလေးပါးတွေနဲ့ တိုးကာ တိုးကာသာ ပင့်ဖိတ်လာကြပါတော့တယ်၊ အချို့ကလဲ လူကိုယ်တိုင် လာရောက်လှူဒါန်းကြပါတယ်၊ မိမိကို လူတွေက အထင်ကြီးနေကြောင်း တန်းတန်းစွဲဖြစ်နေကြောင်း သိရတဲ့အခါ ရဟန်းက လေသံတမျိုး ပြောင်းလာပါတော့တယ်။

"ဒါယကာတို့ 'သဒ္ဓါတရားရယ်၊ လှူဖွယ်ဝတ္ထုရယ်၊ အလှူခံပုဂ္ဂိုလ်ရယ်၊ ဒီလို အကြောင်းသုံးပါး ပေါင်းဆုံညီညွတ်ပါမှ သဒ္ဓါကြည်ညိုတဲ့ အမျိုးသားဟာ ကုသိုလ်ကောင်းမှု အများအပြားကို တိုးပွားစေနိုင်ပါတယ်၊ဒါယကာတို့မှာ သဒ္ဓါကြည်ညိုမှုကလဲ ရှိနေတယ်၊ လှူစရာတန်းစရာတွေကလဲ ရှိနေကယ်၊ အလှူခံမဲ့ပုဂ္ဂိုလ်ကသာ လိုနေပါတော့တယ်၊ ဒီတော့ ဘုန်းကြီးက အလှူခံပုဂ္ဂိုလ်ပဲပေါ့၊ တကယ်လို့သာ ဘုန်းကြီးက အလှူမခံလို့ရှိယင် ဒါယကာတို့မှာ ကုသိုလ်ဖြစ်ခွင့်တွေ ဆုံးရှုံးကုန်လိမ့်မယ်၊ ဘုန်းကြီးက ဒါတွေ (ဒီပစ္စည်းတွေ)ကို မလိုချင်တာ အမှန်ပါပဲ၊ ဒါပေမဲ့ ဒါယကာတို့ကို ငဲ့ညှာ ထောက်ထားပြီး ဒါယကာတို့ကို ချီးမြှောက်လိုတာနဲ့ပဲ ခံယူရပါတော့တယ်"

လှူလိုသူများလာတဲ့အခါ ဒီစကားမျိုးကို ပြောဆိုပြီး အလှူခံစ ပြုလာပါတော့တယ်၊ အဲဒီလို ပထမအလှူခံတဲ့အချိန်ကစပြီး လှူဒါန်းလာသမျှကို လက်ခံသိမ်းပိုက် နေပါတော့တယ်။

ဒါဟာ လာဘ်ကိုမျှော်ပြီး လှူကြည်ညိုအောင် ခြိုးခြံခြံ ခေါင်းခေါင်းပါးပါးနဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ အိပ်ရာနေရာ၊ ဆေးတွေကို မှီဝဲသုံးစွဲခြင်းပါပဲ။

ခ။ **သာမန္တဇပ္ပန်**[၁]။ ။အချို့ရဟန်းတွေကျပြန်တော့လဲ ကိုယ့်မှာမရှိတဲ့ ဂုဏ်ကို ပြလိုပါတယ်၊ မှန်ကန်တဲ့အသက်မွေးမှုကင်းအောင် ယုတ်မာတဲ့အလိုဆိုးရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို အလူးအလိမ့် ခံနေရပါတယ်၊ လူအများရဲ့ အထင်ကြီးမှု, ချီးမွမ်းမှုကို ခံလိုပါတယ်၊ ဒီလို ပြောလိုက်လို့ ရှိယင် ငါ့ကို လူအများစုက ချီးမွမ်းလာကြလိမ့်မယ် အထင်ကြီးလာကြလိမ့်မယ်ဆိုတဲ့ အတွေးအထင်မျိုးနဲ့ အရိယာယောင် ဟန်ဆောင်ပါတော့တယ်။

"တန်ခိုးကြီးတဲ့ ရဟန်းမှ ဒီလို (ယောဂီရောင်) သင်္ကန်းမျိုးကို ဝတ်ရုံနိုင်တယ်၊ ဒီလို ကျောင်းမျိုး, ဒီလို အိပ်ယာ နေရာမျိုးမှာ နေတဲ့ပုဂ္ဂိုလ်ဟာ သိပ်တန်းခိုးကြီးပေါ့"

ဒီလို အစရှိတဲ့စကားတွေနဲ့ ကိုယ့်ကို ကိုယ် ရည်ညွှန်း ပြောဆိုနေပါတော့တယ်၊ အရိယာယောင် ဟန်ဆောင် ဂါကြွား နေပါတော့တယ်။

ဒီရဟန်းဟာ ကိုယ်အမူအရာကိုလဲပဲ အလွန်အလှန် ဟန်လုပ် စောင့်စည်းလာပါတယ်၊ မျက်လွှာချကာ ဟန်လုပ်နေထိုင်ပါတယ်၊ မိမိကို သူများက လှချင် တန်းချင်လာအောင် လှည့်ကာပတ်ကာ ပြောဆိုပါတယ်၊ ဒါယကာ ဒါယိကာမတွေ ချီးမွမ်းအောင် ကိုယ့်မှာမရှိတဲ့ဂုဏ်ကို ကြံဖန်ပြောဆိုနေပါတော့တယ်။

"ချွန်ဟာရုံး, မဂ်တရား, ဖိုလ်တရားကိုရထားတဲ့ ရဟန်းမျိုးကသာ ဒီလို ဣန္ဒြေသိက္ခာမျိုးနဲ့ ပြည့်စုံနိုင်တယ်၊ ဒီလို နက်နဲလျှို့ဝှက် အသိခက်တဲ့ သိမ်မွေ့တဲ့ ဖုံးကွယ်နေတဲ့ တရားစကားမျိုးကို ပြောနိုင်တယ်"

စတဲ့ စကားမျိုးနဲ့လဲ မိမိကို ရည်ညွှန်း ပြောဆို လာတတ်ပါတယ်၊ အသိဉာဏ်နည်းပါးတဲ့ လူတွေက "တကယ့်ကို ရဟန္တာကြီး"လို့ ထင်မှတ်သွားကြရပါတယ်၊ ကြည်ညို ဆည်းကပ် လာကြပါတယ်၊ လှူကြတန်းကြပါတယ်။

ဒါကတော့ လာဘ်ကို မျှော်ပြီး တရားထူးကို ရထားတဲ့ လေသံမျိုးနဲ့ ချွန်မဂ်ဖိုလ်ရဲ့ အနီးအပါးဖြစ်တဲ့ စကားမျိုးကို ပြောဆိုခြင်းပါပဲ။

၁။ မဟာနိ ပါ-၁၇၃။

၈။ ဣရိယာပထသန္နိဿိတ[၁]။ ။အချို့ရဟန်းကတော့ ကိုယ်မှာမရှိတဲ့ ဂုဏ်ကို ပြလိုပါတယ်၊ မှန်ကန်တဲ့ အသက်မွေးမှုကင်းအောင် အလိုယုတ်ရဲ့ ညှဉ်းပန်းနှိပ်စက်မှုကို ခံနေရပါတယ်၊ လူအများရဲ့ ချီးမွမ်းမှုကို ခံလိုပါတယ်၊ "ဒီလို အမူအရာမျိုးနဲ့ သွားလာနေထိုင်ယင် လူအများက ငါ့ကို ရဟန္တာလို့ ချီးမွမ်းကြလိမ့်မယ်"ဆိုတဲ့ ယုတ်ညံ့တဲ့ စိတ်နေ စိတ်ထားမျိုးနဲ့ တရားထူးကိုရထားတဲ့ ပုဂ္ဂိုလ်တွေရဲ့ သွားပုံသွားဟန်မျိုး, ရပ်ပုံရပ်ဟန်မျိုး, ထိုင်ပုံထိုင်ဟန်မျိုး, လျောင်းပုံ လျောင်းဟန်မျိုးကို ဟန်ဆောင်ပြုလုပ်နေပါတော့တယ်။

"ငါ့ကို ရဟန္တာလို့ သိကြပါစေ"ဆိုတဲ့ ရည်မှန်း တောင့်တချက်နဲ့ ဖြည်းဖြည်းညင်းညင်း သိမ်သိမ်မွေ့မွေ့ သွားလာ ပါတယ်၊ မတုန်မလှုပ် ရပ်ပါတယ်၊ ထိုင်ပါတယ်၊ လျောင်းပါတယ်၊ စျာန်သမာဓိနဲ့ တည်ကြည်ငြိမ်သက်နေသလို သွားပါတယ်၊ ရပ်ပါတယ်၊ ထိုင်ပါတယ်၊ လျောင်းပါတယ်၊ လူမြင်ကွင်းမှာ စျာန်ဝင်စားနေသလိုလို ဖလသမာပတ် ဝင်စားနေသလိုလို ပြုမူနေထိုင်ပါတယ်။

အသိဉာဏ်နည်းပါးတဲ့လူတွေက သူ့ကို တွေ့ရတဲ့အခါ "တကယ့်ရဟန္တာကြီး"လို့ ထင်မှတ်သွားကြပါတယ်၊ ကြည်ညိုဆည်းကပ်ကြပါတယ်၊ လှူကြတန်းကြပါတယ်။

ဒါဟာ လာဘ်ကိုမျှော်ပြီး အရိယာပုဂ္ဂိုလ်လို့ ထင်ရလောက်အောင် ဟန်ဆောင်ပြီး "သွား, ရပ်, ထိုင်, လျောင်း"ဆိုတဲ့ ဣရိယာပုထ် ၄-ပါးကို ထူးထူးခြားခြား ငြိမ်ငြိမ်သက်သက်ထားကာ သွားလာနေထိုင်မှုကို ပြုခြင်းပါပဲ။

ရဟန္တာထက်ကြည်ညိုသူများသော ကုဟာကရဟန်း[၂]

ဝေသာလီမြို့မှာ ပသာဘဆိုတဲ့ လစ္ဆဝီမင်းသား တဦးရှိပါတယ်၊ မြတ်စွာဘုရား ဝေသာလီမြို့ကို ကြွလာတဲ့အချိန်မှာ ဘုရားရှင်ရဲ့ တန်ခိုးအာနုဘော်ကို တွေ့မြင်ရတဲ့အတွက် သာသနာမှာ သက်ဝင်ကြည်ညိုလာပါတယ်၊ သဒ္ဓါတရား

၁။ မဟာနိဒ္ဒေသ ပါ-၁၇၃။ ၂။ ထေရဂါထာ ဋ္ဌ-ပ-၃၂၆။

ဖြစ်ပေါ်လာပါတယ်၊ ရဟန်းပြုပြီး ဝိပဿနာကို ပွားများ အားထုတ်ပါတယ်၊ မကြာခင်မှာပဲ ရဟန္တာဖြစ်သွားပါတယ်။

ရဟန္တာဖြစ်ပြီးတဲ့နောက် ဒါယကာတွေကို ချီးမြှောက်လိုတဲ့အတွက် ဒါယကာများ ယာရောက်လှူဒါန်းတဲ့ ပစ္စည်းတွေကို ငြင်းမြစ်မှု မပြုခဲ့ပါဘူး၊ လှူဒါန်းလာတဲ့ပစ္စည်းတွေကို ခံယူ သုံးဆောင်နေပါတယ်။

ပုထုဇဉ်ဖြစ်သူလူအချို့က ဒီကိုယ်တော်ဟာ ကိုယ်ခန္ဓာတောင့်တင်း ခိုင်ခံ့အောင် ပြုလုပ်နေတာကများတယ်၊ စိတ်ကို စောင့်ရှောက်မှု မရှိပါဘူး၊ ဒီလို ဝသဘထေရ်ရဲ့အပေါ်မှာ အထင်အမြင် လွဲမှားကြပါတယ်၊ အထင်သေးကြပါတယ်၊ ဝသဘထေရ်ကတော့ အဲဒီလို လူတွေအထင်အမြင်သေးတာကို ဘာမှ အရေးမစိုက်ပဲ နေထိုင်လာခဲ့ပါတယ်။

အဲဒီဝသဘထေရ်ရဲ့အနီးမှာ အံ့ဖွယ်ကိုဖြစ်စေကတ်တဲ့ ကုဟကရဟန်းတပါးဟာ ယုတ်မာတဲ့အလိုရှိသူဖြစ်ပါလျက် အလိုနည်းသူဖြစ်သလိုလို၊ ရရသမျှနဲ့ တင်းတိမ်ရောင့်ရဲနေသူဖြစ်သလိုလို မိမိကိုယ်ကို သရုပ်ဆောင်ပြီး နေထိုင်ပါတယ်၊ လူထုအား လှည့်ပတ် ညစ်ပတ်မှုကို ပြုနေပါတယ်၊ လူထုကလဲ သူ့ကို ရဟန္တာတဦးကို ချီးမွမ်းကြသလို ချီးမွမ်းကြပါတယ်၊ ယုံကြည်ကြပါတယ်၊ ရိုသေကြပါတယ်၊ မြတ်နိုးကြပါတယ်၊ ဆည်းကပ်ကိုးကွယ်ကြပါတယ်။

သိကြားမင်းက အဲဒီကုဟကရဟန်းရဲ့ အပြုအမူကို သိနားလည်နေပါတယ်၊ ဒါနဲ့ ဝသဘထေရ်ကို သွားရောက် လျှောက်ထားမေးမြန်းပါတယ်။

"အရှင်ဘုရား ဒီကုဟကကိုယ်တော်ဟာ ဘယ်လိုဟာတွေကိုများ လုပ်နေပါသလဲ။"

"အံ့သြဖွယ် ဖြစ်အောင် ဟန်ဆောင်ကြွားနေတဲ့ (ကုဟက) ပုဂ္ဂိုလ်ဟာ အစပထမတော့ ကိုယ့်ကိုယ်ကိုဖျက်ဆီးတာပါပဲ၊ ပြီးမှ သူတပါးကိုဖျက်ဆီးတယ်၊ ငှက်မုဆိုးဟာ တိမ်ညင်ငှက်နဲ့ အခြားငှက်တွေကို လှည့်ပတ်ဖျက်ဆီးသလို ကုဟက ပုဂ္ဂိုလ်ဟာလဲပဲ မိမိကို အစွမ်းကုန် ဖျက်ဆီးပါတယ်။

"သိကြားမင်း ဣရိယာပုတ်ကို ကောင်းစွာပြုပြင်မှုစတဲ့ အပြင်အပ ပြည့်စုံကာမျှနဲ့ မကောင်းမှုကို ပယ်ထားသူ မဖြစ်နိုင်ပါဘူး၊ ကိုယ်တွင်းမှာ သီလစသည်တို့ ပြည့်စုံမှုမျိုးနဲ့သာ မကောင်းမှုကို ပယ်ထားသူဖြစ်

နိုင်ပါတယ်၊ ဒါကြောင့်''ယုတ်ညံ့တဲ့ အမှုကိစ္စရှိနေသူကို ယုတ်ညံ့တဲ့ ပုဂ္ဂိုလ်လို့ပဲ သိရမှာပေါ့''

ယုတ်မာတဲ့အလိုရှိသူကို ကဲ့ရဲ့လိုတဲ့အတွက် ဝသဘထေရ်ရဲ့ ပြန်လည်မိန့်ကြားချက်ကို ကြားရတဲ့အခါ သိကြားမင်းက အံ့သြဖွယ်ဖြစ်အောင် ဟန်ဆောင်ဝါကြွားနေတဲ့ (ကုဟက) ရဟန်းကို ခြိမ်းခြောက်ပြီး ''ကိုယ့်တရားကိုသာ မှန်မှန်ကန်ကန် ကျင့်စမ်း''ပါလို့ ဆုံးမစကားပြောကြားပါတယ်၊ ပြီးတော့မှ မိမိနေရာကို ပြန်သွားပါတယ်။

ပါပိစ္ဆ-ယုတ်မာသောအလိုရှိသူ [၁]

အဲဒီ ''ဟန်ဆောင် ဝါကြွားမှု''ဆိုတာဟာ ''ပါပိစ္ဆ''ဆိုတဲ့ တရားကို အခြေခံပြီး ဖြစ်လာရပါတယ်၊ ဒီတော့ ''ပါပိစ္ဆ''ဆိုတဲ့ တရားသဘောကိုလဲ နည်းနည်း ဆက်ပြောပါဦးမယ်။

မိမိမှာမရှိတဲ့ဂုဏ်နဲ့ ချီးမွမ်းခံလိုမှုသဘောကိုပဲ ''ပါပိစ္ဆ''လို့ ခေါ်ပါတယ်၊ အချို့ရဟန်းဟာ မိမိကိုယ်တိုင်က သဒ္ဓါတရားမရှိသူ ဖြစ်ပါလျက်ကယ်နဲ့ သဒ္ဓါတရားရှိလေဟန်အောင် ဟန်ဆောင်ပြတတ်ပါတယ်၊ သီလမရှိသူ ဖြစ်ပါလျက်ကယ်နဲ့ သီလရှိသယောင် ဟန်ဆောင် ပြတတ်ပါတယ်၊ ဒီလိုအစရှိတဲ့ နည်းတွေနဲ့ ဟန်ဆောင်ပြတတ်တဲ့ ရဟန်းမျိုးကို ယုတ်မာတဲ့ အလိုရှိသူ ''ပါပိစ္ဆ''လို့ ဆိုရပါတယ်။

ဒါကိုပဲ ဆက်လက်ပြီး နည်းနည်း ရှင်းလင်း ပြောပြပါဦးမယ်၊ ပွဲကြီးလမ်းကြီးတွေ့တဲ့ နေ့ပေါ့ကျတော့ လူတွေ အများအပြား ကျောင်းကို လာရောက်တတ်ကြပါတယ်၊ အဲဒီလို လူတွေ ကျောင်းကို လာရောက်ချိန်မှာ သဒ္ဓါတရားမရှိတဲ့ ရဟန်းဟာ တံမြက်စည်းကိုယူပြီး ကျောင်းတိုက်ကို တံမြက်လှည်းပါတယ်၊ အမှိုက်ကို စွန့်ပစ်ပါတယ်၊ လူတော့ တွေ့သွားကြောင်း မြင်သွားကြောင်း သိရတဲ့အခါ စေတီရင်ပြင်ကို သွားပြန်တယ်၊ စေတီရင်ပြင်မှာလဲ တံမြက်လှည်းပြီး အမှိုက်ကို စွန့်ပါတယ်၊ စေတီရင်ပြင်မှာ ခင်းထားတဲ့သဲကို ညီညွတ်အောင် ညှိပါတယ်၊ နေရာတွေကို ဆေးကြောပါတယ်၊ ဗောဓိပင်ကို ရေသွန်းလောင်းပါတယ်၊ အဲဒီနေ့မှာဖြင့် တကျောင်းတိုက်လုံး သူ့လက်ရာချည်း ဖြစ်နေပါတော့တယ်။

[၁]။ သမ္မော ၃-၄၅၅။ မဟာနိ ၅-၂၀၅။

လူတွေက သူ့ကို တွေ့ရတဲ့အခါ—

"ကျောင်းတိုက်ကို သုတ်သင် ရှင်းလင်းတတ်တဲ့ အခြားရဟန်း တပါးမှမရှိလေရော့သလား၊ ဒီကိုယ်တော်တပါးတည်းကပဲ ကျောင်း တိုက်ကြီးတခုလုံးကို သုတ်သင် နေရပါတော်တယ်၊ ဒီကိုယ်တော်ဟာ တယ် သဒ္ဓါတရား ကောင်းတယ်"

ဒီလို ထင်မှတ် သွားကြပါတော့တယ်၊ အဲဒါကို ပြန်ကြားနိုးမှာ ဆွမ်းစား တောင် ပင့်သွားတတ်ကြပါသေးတယ်။

သီလမရှိတဲ့ (ဒုဿီလ) ပုဂ္ဂိုလ်ဟာလဲပဲ အလုပ်အကျွေး ဒါယကာတွေရဲ့ ရှေ့မှာ ဝိနည်းမိုရ်ပုဂ္ဂိုလ်သို့ ချဉ်းကပ်ပြီး မေးတတ်ပါတယ်။

"အရှင်ဘုရား တပည့်တော် သွားရှိယင် နွားတွေလန့်ပြေး တတ်ကြပါတယ်၊ တပည့်တော်ကြောင့် နွားတွေလန့်ပြေးလို့ မြက်တွေ ပြတ်သွားတဲ့အခါ တပည့်တော်မှာ အာပတ်များ သင့်ပါသလား၊ တပည့်တော် တံမြက်စည်းတဲ့ အခါမှာလဲပဲ မြက်တွေ ပြတ်ပါသွား တတ်ပါတယ်၊ အဲဒီလို မြက်တွေ ပြတ်ပါသွားတဲ့အတွက် တပည့်တော် မှာ အာပတ်များ သင့်ပါသေးသလား၊ တပည့်တော်လမ်းလျှောက်လို့ ရှိယင်လဲပဲ ပိုးကောင်လေးတွေကို နင်းမိတတ်ပါတယ်၊ ဒါနဲ့ ပိုး ကောင်လေးတွေ သေကုန်တတ်ပါတယ်၊ အဲဒီလို ပိုးကောင်လေးတွေ သေတဲ့အတွက် အာပတ်သင့်ပါသေးသလား၊ တပည့်တော် အမှတ် တမဲ့ တံတွေး ထွေးမိတဲ့အခါမှာလဲပဲ စိမ်းစိုတဲ့မြက်တွေရဲ့ အပေါ်ကို ကျသွားတတ် ပါတယ်၊ ဒါကော အပြစ် ရှိပါသေးသလား" (သက်သက် ဟန်လုပ် မေးခြင်းမျှသာဖြစ်ပါတယ်။)

"ငါ့ရှင် စေတနာမရှိပဲ ပြုလုပ်မိတဲ့ပုဂ္ဂိုလ်၊ အမှတ်တမဲ့ ပြုလုပ်မိတဲ့ ပုဂ္ဂိုလ်၊ မသိတဲ့အတွက် ပြုလုပ်မိတဲ့ ပုဂ္ဂိုလ်တွေမှာ အာပတ်မသင့် ပါဘူး"

ဒီလို ဝိနည်းမိုရ်ပုဂ္ဂိုလ်က ဖြေဆိုတဲ့အခါမှာလဲပဲ "အရှင်ဘုရား တပည့် တော်ရဲ့ စိတ်ထဲမှာတော့ အင်မတန်ကြီးလေးတဲ့ အပြစ်လို့ ထင်လာပါ တယ်၊ သေသေချာချာ နှိုင်းချိန် စဉ်းစားတော်မူပါဦး" လို့ ပြောဆိုတတ် ပါသေးတယ်။

အဲဒီစကားကို ကြားရတဲ့အခါ အလုပ်အကျွေး ဒါယကာတွေက "ငါတို့ရဲ့ အရှင်မြတ်ဟာ ဒီလောက်သေးမွှားတဲ့ အမှုမှာတောင်မှ သံသယရှိပါပေတယ်၊ အခြားကြီးကျယ် ရုန့်ရင်းတဲ့အမှုကို ဘယ်လိုလုပ်ပြီး ကျူးလွန်တော့မှာလဲ၊ တို့အရှင်နဲ့တူတဲ့ သိလရှိတဲ့ ရဟန်းမျိုးဟာ လောကမှာ မရှိနိုင်တော့ပါဘူး" ဒီလို အသိအမှတ်ပြုလာကြပါတယ်၊ တိုးလို့ တိုးလို့ ကြည်ညိုလာကြပါတယ်၊ ပူဇော်သက္ကာရ ပြုလာကြပါတယ်။

ပိဋကတ်စာပေ မကျွမ်းကျင် မတတ်မြောက်တဲ့ (အပ္ပသုတ) ရဟန်းကလဲပဲ အလုပ်အကျွေး ဒါယကာတွေရဲ့ အလယ်မှာထိုင်ပြီး "ဟိုတိပိဋကဓရ ကိုယ်တော်ဟာ ဘုန်းကြီးရဲ့ဟာပည့်ပဲ၊ ဟိုနိကာယ် ၄-ရပ်ကို တတ်တဲ့ ရဟန်းဟာလဲပဲ ဘုန်းကြီးရဲ့ တပည့်ပေါ့၊ ဘုန်းကြီးဆီမှာပဲ သူတို့က ပါဠိအဋ္ဌကထာတွေကို သင်ယူသွားကြတယ်"လို့ ပြောတတ်ပါတယ်။

လူများကတော့ တကယ့်အဖြစ်မှန်ကို ဘယ်သိကြမလဲ၊ "တို့ဘုန်းကြီးလို စာတတ်တဲ့ပုဂ္ဂိုလ် မရှိဘူး၊ တို့ဘုန်းကြီးရဲ့ဆီမှာ ဟိုတိပိဋကဓရ ကိုယ်တော်နဲ့ နိကာယ်လေးရပ်ကိုတတ်တယ်ဆိုတဲ့ ကိုယ်တော်တွေကတောင် ပါဠိအဋ္ဌကထာတွေကို သင်ယူကြရတယ်ဆိုတာပဲ" ဒီလိုကြည်ညိုလာကြပါတယ်၊ တိုးပြီးတော့ ပူဇော်သက္ကာ ပြုလာကြပါတယ်။

အပေါင်းအသင်းနဲ့သာ မွေ့လျော်နေတဲ့ (သင်္ဂဏိကာရာမ) ရဟန်းကလဲပဲ ပွဲကြီးလမ်းကြီးရှိတဲ့နေ့မှာ ခုံတန်းလျားရှည် ကုလားထိုင်တွေကို အယူခိုင်းပြီး ကျောင်းတိုက်ရဲ့ အစွန်အဖျားကို ထွက်သွားပါတော့တယ်၊ လူအထင်ကြီး အောင် သစ်တပင်အောက်မှာ ထိုင်နေမှုကို ပြုပါတော့တယ်။

လူများက ကျောင်းကို ရောက်လာတဲ့အခါ "ဆရာတော် ဘယ်မှာပါလဲ ဘုရား"လို့ မေးတယ်ကြပါတယ်၊ ညာဖြန်း ပြောဆိုတတ်တဲ့ လူလိမ် လူညာ တွေရဲ့သားသမီးတွေဆိုတာဟာ ညာဖြန်းပြောဆိုတတ်ကြတာချည်းပါပဲ၊ ဒီ လောကသဘာဝအတိုင်းပေါ့လေ၊ ဆရာလုပ်သူက အညာမခိုင်းရပဲ ညာဖြန်း တတ်တဲ့ဆရာရဲ့ တပည့်တွေကလဲ ညာဖြန်းတတ်ကြပါတယ်။ ဒါနဲ့ "ဆရာ တော်က ဒီလို လူရှုပ်တဲ့အခါမျိုးမှာ ရှုပ်ရှုပ် ယှက်ယှက် မနေတတ်ပါဘူး၊ ကျောင်းအစွန်အဖျား နေ့နေ့ရာဖြစ်တဲ့ ကြံရှည်ကြီးမှာ သွားနေတတ်ပါ တယ်"၊ ဒီလို ညာဖြန်းပြောဆိုကြပါတော့တယ်။

အဲဒီ စကြံ့ရှည်ကြီးကတော့ ဘယ်တော့ကမှ စကြံ့သွားလာမှုကို မပြုတဲ့ စကြံ့ရှည်ကြီးပဲ ဖြစ်ပါတယ်၊ဒါနဲ့ ပင့်ကူမျှင်တွေနဲ့ ပြည့်နှက်နေပါတယ်၊ အဲဒီ ရဟန်းဟာ တနေ့လုံး သစ်ပင်အောက်မှာ အိပ်ငိုက်ရင်းသာ နေခဲ့ပါတယ်၊ ညနေစောင်းတော့ စကြံ့ရှည်ကြီးကိုဖြတ်ပြန်လာပါတယ်၊ဒီတော့ ဘူ့နဖူးမှာ ပင့်ကူချည်မျှင်တွေ ငြိကပ်ပါလာပါတော့တယ်၊ အဲဒီအချိန်မှာတော့ သူဟာ ကျောင်းပရိဝုဏ်တံခါးအနီးမှာ ထိုင်နေပါတော့တယ်။ လူတွေကလဲ အိမ်ပြန် ခါနီးမှာ လာရောက်နှုတ်ဆက်ကြပါတယ်။

"အရှင်ဘုရား....ဘယ်ကိုများ ကြွနေပါသလဲ၊ စောစောက တပည့်တော်များ တခေါက်လာကြပါသေးတယ်၊ အရှင်ဘုရားကို မတွေ့ခဲ့ရပါဘူး"

"ဒါယကာတို့ ကျောင်းတိုက်အတွင်းဆိုတာဟာ လူတွေနဲ့ ရောပြွမ်းရှုပ်ထွေးနေပါတယ်၊ ရဟန်းကလေးတွေ သာမဏေကလေးတွေရဲ့ လှည့်ပတ် သွားလာနေတဲ့ နေရာမျိုးဖြစ်တယ်၊ ဟိုဘက်ကျောင်းတိုက် အဆုံးနားမှာ အတောင် ၆၀-ရှိတဲ့ စကြံမှာ နေ့ဘက်ကို သွားနေပါတယ်"

အဲဒီလို မိမိရဲ့ အပေါင်းအဖော်နဲ့ မနေဘတ်တဲ့ အဖြစ်မျိုးကို သိနားလည်စေပါတယ်၊ ဟန်ဆောင် ဝါကြွားပြောကြွားနေပါတော့တယ်။

ပျင်းပြီးတော့အိပ်နေတတ်တဲ့ (ကုသိတ) ရဟန်းကလဲပဲ အလုပ်အကျွေး ဒါယကာတွေရဲ့အလယ်မှာ ထိုင်ယင်း ဟန်ဆောင် ဝါကြွားပြောကြွားတတ်ပါတယ်။

"ဒါယကာတို့ မနေ့ညက ဥက္ကာကျတာကို မြင်လိုက်ကြရဲ့လား"

"မမြင်လိုက်ကြပါဘုရား....ဘယ်အချိန်များ ကျပါသလဲ"

ဒီလို ဒါယကာတွေက ပြန်မေးတယ်ဆိုယင်ပဲ....

"ဘုန်းကြီး စကြံကြွနေတဲ့အချိန်မှာ ကျတာပဲ"

ဒီလိုပြောဆိုပြီးတဲ့နောက်....

"လျှင်လှုပ်တာကိုကော သိလိုက်ကြရဲ့လား"

ထပ်ပြီး မေးပြန်ပါတယ်။

"မသိလိုက်ကြပါဘုရား....ဘယ်အချိန်မှာများ လျှင်လှုပ်သွားပါသလဲ"

"သန်းခေါင်ယံမှာ တို့က နောက်မှီ ပျဉ်ချပ်ကလေးကိုမှီပြီး ရပ်နေတယ်လေ၊ အဲဒီအချိန်မှာ လှုပ်သွားတာပါပဲ"

ဒီလိုပြောဆိုပြီးတဲ့နောက် ဒါယကာတွေကို ဆက်မေးပြန်ပါတယ်။

"နောက်ပိုင်းမှာ အလင်းရောင်ကြီးတွေ ဖြစ်ပေါ်လာသေးတယ်၊ အဲဒီ အလင်းရောင်ကြီးတွေကိုကော ဒါယကာတို့ မြင်လိုက်ကြရဲ့လား"

"အရှင်ဘုရားဘယ်အချိန်မှာအလင်းရောင်ကြီးတွေဖြစ်ခဲ့ပါသလဲ"

"ဘုန်းကြီးက စင်္ကြံကဆင်းလာတဲ့အချိန်မှာ အလင်းရောင်ကြီးဖြစ်ခဲ့တာပေါ့"

ဒီစကားကို ကြားရတဲ့အခါ သူ့ကို ဆည်းကပ်ကိုးကွယ်နေကြတဲ့ ဒါယကာဒါယိကာမတွေက—

"တို့ကိုးကွယ်နေတဲ့ ဆရာတော်ဟာ ညဥ့် ၃ ယာမ်လုံး စင်္ကြံမှာသာရှိနေတယ်၊ တို့ဆရာတော်လို ရဟန်းတရားကို ကြိုးစားအားထုတ်တဲ့ရဟန်းဟာဖြင့် ရှိမယ်မထင်ပါဘူး"

ဒီလိုအထင်ကြီးလာကြပါတယ်၊ အကိုင်းထက်အလွန် ကြည်ညိုလာကြပါတယ်၊ ပူဇော်မှု လှူဒါန်းမှုတွေကို ပြုကြပါတယ်။

မေ့လျော့တတ်တဲ့ (မုဋ္ဌဿတိ) ရဟန်းကလဲပဲ မိမိကို ဆည်းကပ်ကိုးကွယ်နေကြတဲ့ ဒါယကာတွေအလယ်မှာ ဗိုလ်ကျအနေထိုင်ပြီး ဝါကြွားပြောဆိုတတ်ပါတယ်။

"တို့ဟာ ဘယ်အရွယ်တုန်းက ဒီဃနိကာယ်ကို သင်ယူခဲ့တယ်၊ ဘယ်အရွယ်တုန်းက မဇ္ဈိမနိကာယ်ကို သင်ယူခဲ့တယ်၊ ဘယ်အရွယ်တုန်းက သံယုတ္တနိကာယ်ကို သင်ယူခဲ့တယ်၊ ဘယ်အရွယ်တုန်းက အင်္ဂုတ္တရနိကာယ်ကို သင်ယူခဲ့တယ်၊ နောက်ထပ် ပြန်ကြည့်ရတယ်ရယ်လို့ မရှိပါဘူး၊ ဘယ်နေရာကိုလိုလို အဲဒီအလိုရှိတဲ့ ပါဠိတွေဟာ နှုတ်တက်ပြီးသားချည်းဖြစ်နေတယ်၊ အခြားရဟန်းတွေကတော့ ဆိတ်သိုးကြီးတွေလို ပါးစပ်တလှုပ်လှုပ်နဲ့ ရပြီးသားတွေမှမှာစိုးလို့ တတွတ်တွတ်နဲ့ ရွတ်နေကြရတယ်၊ အံနေကြရတယ်၊ ပြန်နေကြရတယ်"

ဒီစကားကို ကြားရတဲ့အခါ ဒါယကာတွေက "တို့ဆရာတော်လို သတိကောင်းတဲ့ရဟန်းမရှိတော့ဘူး" ဒီလိုအထင်ကြီးလာကြပါတယ်၊ တိုးလို့တိုးလို့ ကြည်ညိုလာကြပါတယ်။

မတည်ကြည်တဲ့ (အသမာဟိတ) ရဟန်းကလဲပဲ မိမိကို ကိုးကွယ် ဆည်းကပ်နေကြတဲ့ ဒါယကာ ဒါယိကာမတွေရဲ့ရှေ့မှာ အဌကထာဆရာ (စာချဆရာ) တွေကို ပြဿနာမေးတတ်ပါတယ်။

"ကသိုဏ်းဆိုတာကို ဘယ်လို ပွားများရပါမလဲ၊ ဘယ်လောက်ဆိုယင် ပဋိဘာဂနိမိတ် ဖြစ်ပါသလဲ၊ ဘယ်အခြေအနေ ရောက်ယင် ဥပစာရသမာဓိဆိုတာ ဖြစ်ပါသလဲ၊ ဘယ်အခြေအနေ ရောက်ယင် အပ္ပနာသမာဓိဖြစ်ပါသလဲ၊ ပထမစျာန်အင်္ဂါတွေဟာ ဘယ်လောက်ရှိပါသလဲ၊ ဒုတိယစျာန် အင်္ဂါတွေက ဘယ်လောက် ရှိပါသလဲ၊ တတိယစျာန်အင်္ဂါတွေက ဘယ်လောက်ရှိပါသလဲ၊ စတုတ္ထစျာန်မှာကော့ အင်္ဂါဘယ်လောက်ရှိပါသလဲ"

အဌကထာဆရာ (စာချဆရာ) တွေက မိမိတို့ သင်ယူထားတဲ့ အဌကထာမှာလာတဲ့အတိုင်း ဖြေဆိုတဲ့အခါမှာ ပြုံးနေတတ်ပါတယ်။

"အရှင်ဘုရား ဒီကဖြေဆိုတဲ့အတိုင်း မဟုတ်ပါလား"

ဒီလို အဌကထာဆရာ (စာချဆရာ) တွေက ပြန်မေးတဲ့အခါမှာ—

"သင့်လောက်ပါရှဲ့"

ဒီလို မိမိဟာ စျာန်သမာဓိကို ရနေသူဖြစ်ကြောင်း ဟန်ဆောင် ပါကြွားနေပါတော့တယ်။

သူ့ကို ဆည်းကပ်ကိုးကွယ်နေကြတဲ့ ဒါယကာ ဒါယိကာမတွေက "တို့ဆရာတော်ဟာ သာမန်ပုဂ္ဂိုလ်မဟုတ်ဘူး၊ စျာန်သမာဓိကို ရထားတဲ့ပုဂ္ဂိုလ်ဖြစ်တယ်" ဒီလို အထင်ကြီးလာကြပါတယ်၊ အတိုင်းထက်အလွန် ကြည်ညိုလာကြပါတယ်၊ ပူဇော်သက္ကာရကို ပြုကြပါတယ်။

ပညာမရှိတဲ့ (ဒုပ္ပည) ရဟန်းကလဲပဲ မိမိကို ကိုးကွယ် ဆည်းကပ်နေကြတဲ့ ဒါယကာ ဒါယိကာမတွေရဲ့အလယ်မှာထိုင်ပြီး ဟန်ဆောင်ပလွှား ဝါကြွားနေပါတော့တယ်။

"မဇ္ဈိမနိကာယ်မှာ ပဋ္ဌတ္တယသုတ်ဆိုတာရှိတယ်၊ ဘုန်းကြီးက အဲဒီသုတ်ကိုကြည့်ယင်း တန်ခိုးနဲ့တကွ မဂ်ကိုရလာတယ်၊ ပရိယတ္တိဆိုတာ တို့အတွက်မခက်ပါဘူး၊ ဒါပေမဲ့ ပရိယတ္တိမှာကြောင့်ကြစိုက်တဲ့ ရဟန်းဟာ ဝဋ္ဋဒုက္ခကမလွတ်နိုင်ပါဘူး၊ ဒီလိုနှလုံးသွင်းပြီး တို့က ပရိယတ္တိကို စွန့်လွှတ်လာခဲ့တာပဲ"

ဒီလို မိမိက အရိယာပညာရှိကြီး ဖြစ်ကြောင်း ကိုယ့်ကိုယ်ကို အမွှမ်းတင်ပြောဆိုနေပါတော့တယ်။

ဒီလိုပြောဆိုတဲ့ရဟန်းဟာ ဘုရားရှင်သာသနာတော်ကို ပုတ်ခတ် စော်ကားရာ ရောက်ပါတယ်၊ "ဒီရဟန်းနဲ့တူတဲ့ ခိုးသူကြီး"ဆိုတာ မရှိတော့ပါဘူး၊ အမှန်အတိုင်း ပြောရမယ်ဆိုယင် ပရိယတ်ကိုဆောင်တဲ့ ရဟန်းဟာ ဒုက္ခက မလွတ်နိုင်တာကော့ မဟုတ်ပါဘူး၊ လွတ်မြောက်နိုင်တာပဲဖြစ်ပါတယ်။

ရဟန္တာမဟုတ်တဲ့ (အဓိကာသာ) ပုဂ္ဂိုလ်ကလဲပဲ ကလေးသူငယ်တွေကို တွေ့ရတဲ့အခါ အရောတဝင် ခေါ်ငင်ပြောဆိုနေပါတော့တယ်။

"ဟော့ ချာတိတ်တွေ မင်းတို့ရဲ့ အဖေအမေတွေက တို့ကို ဘယ်လိုများ ပြောနေကြသလဲဟေ့"

"ရဟန္တာလို့ ပြောနေကြပါတယ်ဘုရား"

မိမိတို့ သင်ထားတဲ့အတိုင်း ကလေးများက ပြန်လည်ဖြေဆိုတဲ့အခါ—

"ဟာ...သိပ်ပါးနပ်လိမ္မာကြတာပဲ၊ ဒီဒါယကာ ဒါယိကာမတွေကို မရိပ်မိ မသိရှိအောင် ရှောင်တိမ်းလို့ကို မရနိုင်ပါဘူး"

ဒီလို ဘေးပတ်ဝန်းကျင်က ကြားလောက်အောင် အော်ကျယ် ဟစ်ကျယ် (အော်ကြီးဟစ်ကျယ်) ပြောနေပါတော့တယ်၊ မိမိကပဲ တကယ်ရဟန္တာဖြစ်နေသလိုလို ပြောဆိုကြွေးကြော်နေပါတော့တယ်။

စဉ့်အိုးရဟန္တာ [၁]။ ။အံ့သြဖွယ်ဖြစ်အောင် ဟန်ဆောင် ဝါကြွားတတ်တဲ့ ကုဟက ရဟန်းတပါးဟာ မိမိနေထိုင်တဲ့ ကျောင်းရဲ့ တိုက်ခန်းအတွင်းမှာ စဉ့်အိုးကြီးတလုံးကိုမြှုပ်ထားပါတယ်၊ လူတွေကျောင်းသို့ လာနေတာကိုတွေ့ရတဲ့အခါ စဉ့်အိုးထဲကို ဝင်နေလိုက်ပါတယ်။

၁။ သမ္မော-၄-၄၅၈။

(ဟိန္ဒူကုလားတွေနေတဲ့အိမ်လို ရှေးကကျောင်းတွေမှာ ကြမ်းခင်း မရှိပါဘူး၊ မြေပေါ်မှာ ခုတင်နဲ့နေထိုင်ကြပါတယ်၊ ဒါနဲ့ တိုက်ခန်း အတွင်းမှာ စဥ့်အိုးကြီးကို မြှုပ်ထားလို့ဖြစ်နိုင်တာပါ။)

လူတွေကကျောင်းကို ရောက်လာတဲ့အခါ ဘုန်းကြီးကို မတွေ့ရတဲ့အတွက် အပြင်မှာရှိနေကြတဲ့ ရဟန်းကလေးတွေ သာမဏေကလေးတွေကို မေးမြန်း လျှောက်ထားကြပါတယ်။

"ဆရာတော်ဘယ်ကို ကြွသွားပါသလဲဘုရား"

"ဆရာတော် ဘယ်ကိုမှ မကြွပါဘူး၊ အခန်းထဲမှာရှိနေပါတယ်"

လူတွေက ရဟန်းကလေးတွေ သာမဏေကလေးတွေရဲ့ ပြောစကားအရ အခန်းထဲကို ဝင်ရှာကြပါတယ်၊ဆရာတော်ကို မတွေ့ရပါဘူး၊ဒါနဲ့ အခန်းထဲက ပြန်ထွက်လာကြပါတယ်။

"ဆရာတော် အခန်းထဲမှာ မရှိပါဘူးဘုရား၊ ဘယ်ကိုများ ကြွသွား ပါသလဲ"

"ဆရာတော်ဘယ်ကိုမှ မကြွပါဘူး၊ အခန်းထဲမှာပဲ ရှိနေပါတယ်"

ရဟန်းကလေးတွေ သာမဏေကလေးတွေရဲ့ စကားကို ကြားရတဲ့အခါ လူတွေက နောက်ထပ်ဝင်ရှာကြပြန်ပါတယ်၊ အဲဒီအချိန်မှာတော့ ဆရာတော် ဟာ စဥ့်အိုးကြီးထဲက ထွက်လာပြီး ကုလားထိုင်ပေါ်မှာ အစွင့်သားထိုင်နေ နှင့်ပြီး ဖြစ်ပါတော့တယ်။

"တပည့်တော်များ အရင်တခေါက်ဝင်ကြည့်တုန်းက အရှင်ဘုရား ကို မတွေ့ခဲ့ရပါဘုရား၊ ဒါနဲ့ ပြန်ထွက်လာကြရပါတယ်၊ အဲဒီတုန်းက အရှင်ဘုရား ဘယ်ကိုများကြွသွားနေပါသလဲ"

"ရဟန်းတွေဆိုတာဟာ ကိုယ်သွားလိုရာ သွားနိုင်ကြတာပါပဲ"

ဒီလိုအစရှိတဲ့စကားမျိုးတွေနဲ့ ရဟန္တာဖြစ်နေသလိုလို၊ စျာန်အဘိညာဉ်ကိုပဲ ရထားသလိုလို မိမိကို ရည်ညွှန်းပြောဆိုနေပါတော့တယ်။

မြစ်ပျဉ်းရဟန္တာ[၁]။ ။အံ့ဩဖွယ်ဖြစ်အောင် ဟန်ဆောင်ဝါကြွားတတ်တဲ့ (ကုဟက) ရဟန်းတပါးဟာလဲပဲ ရွာနဲ့မနီးမဝေး တောင်ကလေးတခုပေါ် သစ်ရွက်မိုးကျောင်းမှာ နေထိုင်ပါတယ်။

အဲဒီသစ်ရွက်မိုးကျောင်းရဲ့ နောက်ဘက် ရွာသွားလမ်းအနီးမှာ ကမ်းပါးပြဘ်ကြီး ဖြစ်နေပါတယ်၊ အဲဒီ ကမ်းပါးပြတ်ထိပ်မှာ ညောင်ကြတ်ပင်တပင် ရှိနေပါတယ်၊ အဲဒီညောင်ကြတ်ပင်ရဲ့ မြစ်ပျဉ်းတခုဟာ ရွာသွားလမ်းနား မြေပြန့်မှာ ထောက်နေပါတယ်။

လူ တွေက သွားနေကျလမ်းနဲ့ တောင်ကို ကွေ့ကာပတ်ကာ တက်ရောက်လာကြပြီး အဲဒီတောင်ပေါ်ကျောင်း ဘုန်းကြီးကို ပင့်ကြပါတယ်၊ ပြန်တဲ့အခါမှာလဲပဲ အဲဒီသွားနေကျ လမ်းကပဲ ပြန်ကြပါတယ်၊ ဘုန်းကြီးကသင်္ကန်းကိုရုံ သပိတ်ကိုယူပြီး မြစ်ပျဉ်းကလျှောဆင်းလာပါတယ်၊ ရွာတံခါး အနီးက နေပြီး ဒါယကာများကို စောင့်နေပါတယ်၊ ဒါယကာတွေက အတော်လေးကြာမှ ရောက်လာကြပါတယ်။

"ဟာ အရှင်ဘုရား ဘယ်လမ်းက ကြွလာပါသလဲ"

ဒီလို ဒါယကာတွေက စာအံ့တသြနဲ့ မေးကြတဲ့အခါ...

"ရဟန်းများ လာတဲ့လမ်းဆိုတာ မေးကောင်းတာ မဟုတ်ဘူး၊ ကိုယ်လာလိုတဲ့အရပ်က လာနိုင်ကြတာပါပဲ"

ဆိုတဲ့ စကားမျိုးနဲ့ ရဟန္တာ ဖြစ်နေသလိုလို၊ ဈာန်အဘိညာဉ်ကို ရနေသလိုလို ပြောဆိုနေပါတော့တယ်။

ပါးရည်နပ်ရည်ရှိတဲ့ ဒါယကာ တဦးက အဲဒီ ရဟန်းအပေါ်မှာ ယုံမှားသံသယ ဖြစ်နေပါတယ်၊ ရိပ်မိသင့်သလောက်လဲ ရိပ်မိ နေပါတယ်၊ "ဒီ-ရဟန်းကိုတော့ အမိအရ ဖမ်းအုံးမှပဲ" ဆိုတဲ့ အကြံနဲ့ တနေရာက ချောင်းမြောင်းကြည့်ရှု နေပါတယ်၊ ကိုယ်တော်မြတ်က မြစ်ပျဉ်းက လျှောဆင်းဈာန်ကြွနေတာကို တွေ့မြင်ရပါတော့တယ်၊ ဒီပော့ အဲဒီမြစ်ပျဉ်းကို အရင်းက ကပ်ဖြတ်ပြီး တဲတဲကလေးလောက်သာ ချန်ထားခဲ့ပါတယ်။

---

[၁]။ သမ္မော ၁ ၄၅၈။

အဲဒီ ကုဟက ရဟန်းလဲပဲ နောက်တနေ့မှာ လူတွေက လာပင့်တဲ့အတွက် ဆင်းနေကျအတိုင်း "မြစ်ပျဉ်းက ယျောဆင်းမယ်"လို့ ကြံပြီး ဆင်းလိုက်တယ် ဆိုယင်ပဲ မြစ်ပျဉ်းပြုတ်ပြီး ထိုင်းကနဲ ပေအောက်ကို တလိမ့်ခေါက်ကွေး ကျသွားပါတော့တယ်၊ (ရဟန္တာကြီး ပျံလျှောသွားပြီ ပေါ့လေ) လက်စွဲတော် ခြေသပိတ်ကလဲ ကြေမွသွားပါတော့တယ်၊ လူကလဲ အတော်လေး အထိ နာသွားပါတော့တယ်၊ "ငါ့အကြောင်းကို လူတွေသိကုန်ပါပြီလား"လို့ တွေးပြီး အဲဒီနေရာမှာ ဆက်လက်မနေဝံ့တော့ပဲ အရပ်တပါး ထွက်ပြေး တိမ်းရှောင်သွားရပါတော့တယ်။

မြန်မာပြည်မှာလဲပဲ စာခြောက်ရုပ် ရဟန္တာ, ဂူအောင်းရဟန္တာ, နေပူခံ ရဟန္တာ, မိုးစိုခံရဟန္တာစတဲ့ ရဟန္တာအမျိုးမျိုး ပေါ်ဖူးပါတယ်၊ ဒါတွေ ကိုတော့ ပြောလို့ မတော်သေးဘူးထင်တာနဲ့ ဘုန်းကြီးက ချန်ထားခဲ့ပါတယ်၊ ဒီတော့ "ရဟန္တာဆိုတိုင်းလဲပဲ အကိုးအကွယ်မမြန်ပဲ စဉ်းစား ဆင်ခြင်ပြီးမှ ကိုးကွယ်ကြပါ"လို့ ဘုန်းကြီးက သတိပေးလိုပါတယ်။

၂။ **လပနာ-လူချင်လာအောင် ဆွယ်ပြီး ပြောဆိုခြင်း**[၁]

ကုဟနာကို ပြောပြီးတဲ့နောက် "လပနာ" ဆိုတာကို ဆက်ပြောပါမယ်၊ ရဟန်းတပါးဟာ လာဘ်ပူဇော်သကာ အကျော်အစောကို လိုလားပါတယ်၊ ယုတ်ညံ့တဲ့ အလိုရှိပါတယ်၊ မှန်ကန်တဲ့ အသက်မွေးမှုမှ ကင်းကွာအောင် အလို ဆိုးရဲ့လွှမ်းမိုးနှိပ်စက်မှုကို ခံနေရပါတယ်၊အဲဒီရဟန်းမျိုးဟာ ကျောင်းကိုလာတဲ့ လူတွေကို တွေ့ရတဲ့အခါ ရှန်းရှန်းဝအောင် ပြောဆိုနေပါတော့တယ်။

> "အလို ဒါယကာကြီး တွေပါလား၊ ဘာကိစ္စလာကြသလဲ၊ ဘုန်းကြီး ပင့်မလို့လား၊ ဘုန်းကြီးပင့်မယ်ဆို လာကြယင် သွားနိုင်ကြတော့လေ၊ ဘုန်းကြီးက ဦးပဉ္စင်းတွေကိုခေါ်ပြီး လိုက်ခဲ့မှာပေါ့"

ဒီလို ပစ္စည်းလာဘ်လာဘနဲ့ စပ်တဲ့စကားမျိုးကိုသာ လမ်းကြောင်းပေး ပြီး ပြောခြင်းမျိုးဟာလဲ "လပန (ပစ္စည်းလာဘ်လာဘရအောင် **ဆွယ်ပြီး ပြောဆိုခြင်း**)"မည်ပါတယ်။

၁။ သမ္မောဋ္ဌ ၄၆၄။ ဝိသုဒ္ဓိဋ္ဌ ၁-၂၆။ မဟာဋီ ၃၇၀။

"အရှင် (တိဿ) ဆိုတာဟာ အခြားလူမဟုတ်ပါဘူး၊ ဘုန်းကြီး ပါပဲ၊ ဘုန်းကြီးကို သမ္မတကြီးကလဲ ကြည်ညိုတယ်၊ ဘယ်ဗိုလ်ချုပ်တွေ ဘယ်ဗိုလ်မှူးတွေကလဲ သိပ်ကြည်ညိုပေါ့၊ ဘယ်သဌေးကြီးတွေ ဘယ်သဌေးကတော်တွေကလဲ အသဲစွဲဖြစ်နေကြတယ်လေ"

အစရှိတဲ့ စကားမျိုးနဲ့ မိမိရဲ့နာမည်ကို ကပ်ဆောင် ပြောဆိုခြင်းမျိုးကိုလဲပဲ "လပနာ"လို့ပဲ ခေါ်ရပါတယ်။

"အရှင်(တိဿ)ဆိုတာ ဘယ်ပုဂ္ဂိုလ်ပါလဲဘုရား" စသည်ဖြင့် ဒါယကာ ဒါယိကာမတွေက မေးမြန်းလျှောက်ထားလာတဲ့အခါ "အို . အရှင်(တိဿ) ကို မေးကြတာလား၊ အရှင် (တိဿ) ဆိုတာ တခြားသူ မဟုတ်ပါဘူး၊ ဘုန်းကြီးပါပဲ"စသည်ဖြင့် ခုနကပြောခဲ့တဲ့ စကားမျိုးကို ပြောဆိုခြင်းမျိုးကို လဲပဲ "လပနာ"လို့ပဲ ခေါ်ရပါတယ်။

မိမိချည်း ပြောနေလို့ရှိယင် နားထောင်နေသူတွေ ပျင်းမှာစိုးတဲ့အတွက် သူများတွေကိုလဲ ပြောလှည့်ပေးပြီး ဒါယကာ ဒါယိကာမတွေနဲ့ အလွမ်းသင့်အောင် ပြောဆိုခြင်းမျိုးကိုလဲပဲ "လပနာ"လို့ပဲ ခေါ်ရပါတယ်။

ဒါယကာ ဒါယိကာမတွေကို တွေ့ရတဲ့အခါ "သဌေးကြီး, သဘော ပိုင်ရှင်ကြီး"စသည်ဖြင့် မြှောက်ပင့်ပြောဆိုခေါ်ဝေါ်ခြင်းမျိုးကိုလဲ"လပနာ" လို့ပဲ ဆိုရပါတယ်။

"ဒါယကာတို့ ရှေးတုန်းက ဒီအချိန်မျိုးမှာ လှူကြ တန်းကြပါတယ်၊ အခုတော့ ဘာ့ကြောင့် မလှူကြတာလဲ"စတဲ့ စကားမျိုးကို ပြောဆိုပြီး "အရှင်ဘုရား လှူပါမယ်၊ အားလပ်ခွင့် မရသေးလို့ပါ"စသည်ဖြင့် ဒါယကာတွေက လျှောက်ထားရတဲ့အထိ အထက်မှာ နှောင်ဖွဲ့ရစ်ပတ် ပြောဆိုခြင်းမျိုးကိုလဲ "လပနာ"လို့ပဲ ခေါ်ရပါတယ်။

ရဟန်းကပါးက ကြံချောင်း ကိုင်လာတဲ့လူတွေကို တွေ့ရတဲ့အခါ နှုတ်ကောင်းလျှာပါးနဲ့ မေးမြန်း ပြောဆိုတတ်ပါတယ်။

"ဟော့ ဒါယကာတွေ အဲဒီကြံတွေ ဘယ်ကများ ယူလာခဲ့ကြသလဲကွ"

"ကြံခင်းက ယူလာခဲ့ကြပါတယ်ဘုရား"

"အဲဒီ ကြံခင်းက ကြံတွေ ချိုရဲ့လား"

"စားကြည့်ယင် ချိုမချို သိရမှာပေါ့ဘုရား"

"ဟော့ ဒါယကာတွေ မင်းတို့ တယ်မိုက်ကြပါလား၊ ဘုန်းကြီး ဆိုတာမျိုးဟာ 'မင်းတို့ကြံလှူခဲ့ကြ' လို့ မပြောကောင်းဘူးကွ၊ ပိုက်ဆံနဲ့ လဲပဲ မဝယ်ကောင်းဘူးဟေ့"

ဒီလို ဖြေရှင်းပြီး(လမ်းခင်းပေးပြီး) (ကြံစသည်)လှူဖို့ လှည့်ပတ်ပြောဆိုတဲ့ စကားမျိုးကိုလဲ "လပနာ"လို့ပဲ ခေါ်ရပါတယ်။

"ဒီအိမ်ထောင်စုက ဘုန်းကြီးတပါးတည်းကိုပဲ အသိအမှတ်ပြုပါတယ်၊ အခြားဘယ်ဘုန်းကြီးကိုမှ အသိအမှတ် ပြုတာမဟုတ်ဘူး၊ ဒီအိမ်ထောင်စုမှာ လှူစရာ တန်းစရာ ရလာလို့ရှိယင် "ဘုန်းကြီးကိုပဲ လှူတယ်"

ဒီလို ထင်ထင်ရှားရှား မြှောက်ပင့် ပြောဆိုတာမျိုးကိုလဲ "လပနာ"လို့ပဲ ခေါ်ရပါတယ်။

တေလကန္ဒရိကာ[၁]။ ။ရဟန်းနှစ်ပါးဟာ ရွာတရွာကို ဆွမ်းခံဝင်သွားကြပါတယ်၊ နည်းနည်း ဝေးသေးတာနဲ့ နားနေစရာ ဇရပ်တခုမှာ ထိုင်နေကြပါတယ်၊ အမျိုးသမီးကလေးတယောက်ကို တွေ့ရတဲ့အခါ ခေါ်ကြပါတယ်၊ အမျိုးသမီးကလေး အနီးကို ရောက်လာတဲ့အခါ သူတို့ နှစ်ပါးအချင်းချင်း ပြောဆိုကြပါတယ်။

"အရှင်ဘုရား ဒီကလေးမဟာ ဘယ်သူ့သမီးပါလဲ"

"ဒီကလေးမဟာ တပည့်တော်တို့ရဲ့ အလုပ်အကျွေး ဖြစ်တဲ့ တေလကန္ဒရိကာ (ဒေါ်ဆီချိုင့်)ရဲ့ သမီးကလေးပေါ့၊ ဒီကလေးမရဲ့ အမေဟာ တပည့်တော်များ အိမ်ကိုရောက်သွားလို့ရှိယင် ထောပတ်တို့ ဘာတို့ လှူတဲ့အခါ အိုးလိုက် လှူလိုက်တာပဲ၊ ဒီကလေးမလေးဟာ လဲပဲ မညံ့လှူပါဘူး၊ သူ့အမေလို အိုးလိုက်ပဲ လှူတတ်ပါတယ်၊ အမေတူ သမီးလေးပေါ့"

၁။ သမ္မော ၄-၄၆၄။

ဒီလို သိသာ ထင်ရှားအောင် မြှောက်ပင့် ပြောဆိုနေကြပါတော့တယ်။

မှန်ကန်မှု တရားနည်းလမ်းကျမှု ဘာတခုကိုမှ တွေးတော စဉ်းစားမနေတော့ပဲ ထပ်ကာထပ်ကာ ချစ်ဖွယ် (သနားဖွယ်) စကားမျိုးကိုသာ ပြောဆိုခြင်းမျိုးကိုလဲ "လပနာ (ပစ္စည်းလာဘ်လာဘ ရအောင်ဆွယ်ပြီး ပြောဆိုခြင်း)"လို့ပဲ ဆိုရပါတယ်။ (ဒီလို ပြောဆိုမှုမျိုးကြောင့်ပဲလို့ ရလာတဲ့ပစ္စည်းတွေဟာ မအပ်တော့ပါဘူး)။

> "ရဟန်းတို့ အံ့ဖွယ်ကို ပြုတတ်သူ(ကုဟ), ခက်ထန်သူ (ထဒ္ဓ), ဖြားယောင်းပြောဆိုတတ်သူ(လပ),ဦးချိုမာပေါ်လွင်တဲ့ကိလေသာရှိသူ(သိင်္ဂီ),သွေးကြီးသူ (ဥန္နလ), မတည်ကြည်သူ(အသမာဟိတ)၊ ဒီရဟန်းမျိုးတွေဟာ ငါဘုရားရဲ့ သားတော်မဟုတ်ကြဘူး၊ ဒီသာသနာတော်မှ ကင်းဝေးကြတယ်၊ ဒီသာသနာတော်မှာ ကြီးထွားစည်ပင်ခြင်း ပြန့်ပြောခြင်းသို့ မရောက်နိုင်ကြဘူး"[၁]

ဒီလို မြတ်စွာဘုရား ကိုယ်တော်တိုင်ကလဲ ကုဟက ရဟန်းတွေ လပက ရဟန်းတွေကို ပြင်းပြင်းထန်ထန် နှိပ်ကွပ် ဟောထားခဲ့ပါတယ်၊ ဒါ့ကြောင့် ရဟန်းတော်တွေကလဲ ဒီလိုအဖြစ်မျိုးကိုမရောက်ရအောင်ဒါယကာဒါယိကာမတွေကလဲ ဒီလို ရဟန်းမျိုးတွေကို အားပေး မမှားအောင် သတိပြုသင့်ကြပါတယ်။

၃။ နေမိတ္တိကတာ ပေးလှူအောင် အရိပ် နိမိတ်ပြခြင်း[၂]

ကိုယ်အမူအရာ နှုတ်အမူအရာနဲ့ ပစ္စည်းလေးပါး ပေးလှူခြင်းနဲ့ စပ်တဲ့ အရိပ်နိမိတ်ပြုခြင်းမျိုးကို "နေမိတ္တိကတာ"လို့ ဆိုပါတယ်။

ဆွမ်းခံရဟန်းတပါးဟာ အလုပ်အကျွေးဖြစ်တဲ့ ပန်းပဲဆရာရဲ့အိမ်တံခါးကို ကြွသွားပါတယ်။

"ဘာကိစ္စပါလဲဘုရား"

ပန်းပဲဆရာကမေးတဲ့အခါ သင်္ကန်းကြားက လက်ကိုထုတ်ပြီး ဓားနဲ့ ခုတ်ပုံ ခုတ်ဟန်ကို ပြုလုပ်ပြပါတယ်၊ ဓားလှူအောင် ကိုယ်အမူအရာနဲ့ အရိပ်နိမိတ် ပြုလုပ်ပြခြင်းပါပဲ။

၁။ ဣတိပါ-၂၆၉။ ဋ္ဌ-၃၂၂။ ၂။ သမ္မောဋ္ဌ-၄၆၅။ ဝိသုဒ္ဓိ ဋ္ဌ-ပ-၂၇။

"အရှင်ဘုရား တပည့်တော်နားလည်ပါပြီ"

ဒီလိုလျှောက်ထားပြီး နန်းပဲဆရာက ဓားလုပ်လှူလိုက်ရပါတယ်။

ငှက်ပျောသီး သရက်သီးစတဲ့ အသီးအနှံတွေကို ယူဆောင် သွားနေတဲ့ လူတွေကိုတွေ့ရတဲ့အခါ "ငှက်ပျောသီးတွေ့ သရက်သီးတွေ ရလာခဲ့သလား ဟေ့၊ တို့ဆာနေတာနဲ့အတော်ပါပဲ"စသည်ဖြင့် စောင်းပါးရိပ်ခြေ ပြောဆို ခြင်းမျိုးကို "နှုတ်အမူအရာနဲ့ အရိပ်နိမိတ်ပြုလုပ်တယ်"လို့ ဆိုရပါတယ်။

ရဟန်းတပါးဟာ နောက်လိုက် နွားကလေးတွေနဲ့တကွ ဖြစ်တဲ့ နို့စား နွားမတွေကိုထိန်းကျောင်းနေတဲ့ကလေးတွေကို တွေ့ရတဲ့အခါ ပြောင်သလိုလို လှောင်သလိုလိုနဲ့ ပြောဆိုနေပါတော့တယ်။

"ဟေ့... ကောင်လေးတွေ အဲဒီနွားကလေးတွေဟာ နို့ရည်ထွက်တဲ့ နွားမရဲ့ သားကလေးတွေလား၊ ရက်တက်ရည်ထွက်တဲ့ နွားမရဲ့ သားကလေးတွေလား"

"ဟာ အရှင်ဘုရားနှယ် ကြုံကြိုးစိရာ ဘယ်ကလာ ရက်တက်ရည် ထွက်တဲ့ နွားမရဲ့သားကလေးတွေဟုတ်ပါ့မလဲ၊ နို့ရည်ထွက်တဲ့နွားမရဲ့ သားကလေးတွေပေါ့"

"နို့ရည်ထွက်တဲ့နွားမရဲ့သားကလေးတွေဟုတ်ဟန်မတူပါဘူးကွာ၊ နို့ရည်ထွက်တဲ့နွားမရဲ့သားကလေးတွေဟုတ်လို့ရှိယင် တို့ရဟန်းတွေလဲ နို့ရည်ရကြရမှာပေါ့ကွ"

ဒီလိုစတဲ့နည်းမျိုးနဲ့ နွားကျောင်းသားကလေးတွေက မိဘများကို နို့ရည် အလှူခိုင်းရလောက်အောင် (မိဘများကို နို့ရည်လှူဖို့ တိုက်တွန်းရလောက် အောင်) ပြောဆိုခြင်းမျိုးကိုလဲပဲ "နှုတ်အမူအရာနဲ့ အရိပ်နိမိတ် ပြုလုပ်တယ်" လို့ပဲ ဆိုရပါတယ်။

ပစ္စည်းရဲ့အနီးကို ပြုလုပ်ပြောဆိုခြင်းမျိုးဟာလဲပဲ နှုတ်အမူအရာနဲ့ အရိပ် နိမိတ်ပြုလုပ်ခြင်းပဲဖြစ်ပါတယ်၊ သိသာထင်ရှားအောင်ဝတ္ထုလေးတခု ပြောပြ ပါဦးမယ်။

ဇာတကဘာဏကရဟန်း [၁]။ ။ဇာတ်တော်ကို လေ့လာရွတ်အံနေတဲ့(ဇာတကဘာဏက) ရဟန်းတပါးက ဆွမ်းစားလိုတဲ့ အတွက် အသိအကျွမ်း ဒါယိကာမတဦးရဲ့အိမ်ကို ဝင်ရောက် ထိုင်နေပါတယ်။

အိမ်ရှင်ဒါယိကာမက မပေးလှူလိုတဲ့အတွက်"အလို အိမ်မှာလဲဆန်ဟာစေ့မှ မရှိပါလား"လို့ညည်းနေပါတယ် ပြီးတော့ ဆန်ရှာသွားဟန် ဆောင်ယင်း အိမ်နီးချင်းများဆီကို ထွက်သွားပါတော့တယ်။

အိမ်ရှင်ဒါယိကာမက ကျော့ခိုင်းသွားတယ် ဆိုယင်ပဲ ကိုယ်တော်မြတ်က အိမ်ခန်းထဲကိုဝင်ရောက်ပြီး မွှေနှောက်ကြည့်ရှုပါတော့တယ်၊ ဒီတော့ တံခါးထောင့်မှာ ထောင်ထားတဲ့ ကြံတချောင်းကိုလဲ တွေ့ရပါတယ်၊အိုးတလုံးထဲမှာ ထည့်ထားတဲ့ ထန်းလျက်ခဲတွေကိုလဲ တွေ့ပါတယ်၊ တောင်းတလုံးထဲမှာ အကျအနထည့်ထားတဲ့ ငါးခြောက်ပြားကိုလဲ တွေ့ပါတယ်၊စဉ့်အိုးတလုံ ထဲမှာ ထည့်ထားတဲ့ ဆန်တွေကိုလဲ တွေ့ပါတယ်၊ အခြားအိုးငယ်လေးတလုံးထဲမှာ တရိုတသေထည့်ထားတဲ့ ထောပတ်တွေကိုလဲ မြင်လာရပါတယ်၊ အကုန်လုံးကို မွှေနှောက်ကြည့်ရှုပြီးတဲ့နောက် အခန်းထဲကထွက်ပြီး ဣန္ဒြေမပျက် ထိုင်နေပါတော့တယ်။

အိမ်ရှင်ဒါယိကာမက "ဆန်လိုက်ရှာတာဆန်လဲမရခဲ့ပါဘူး"ဆိုပြီးပြန်လာခဲ့ပါတယ်၊ အဲဒီစကားကိုကြားရတော့ ကိုယ်တော်မြတ်က ပစ္စည်းရဲ့အနီးကို ပြုလုပ်ပြောဆိုမှုကို ပြုပါတော့တယ်။

"ဒါယိကာမကြီး ဒီကနေ့ ဆွမ်းပြည့်စုံမယ် မဟုတ်ဘူး ဆိုတာ စောစောက အတိတ်နိမိတ်တော့ အပြသားပဲ"

"ဘယ်လို အတိတ်နိမိတ်တွေပြပါသလဲဘုရား"

"ဦးပဉ္စင်း ကျောင်းကထွက်လာတယ်ဆိုယင်ပဲ လမ်းမှာ မြွေထကောင်ကို တွေ့ရပါတယ်၊ အဲဒီမြွေဟာ ဟိုနားက တံခါးထောင့်မှာ ထောင်ထားတဲ့ ကြံချောင်းကြီးလိုအရှည်ကြီးပဲ၊ မဖြစ်ချေဘူး ဒီမြွေကို ခြောက်အုံးမှပဲဆိုပြီး ဘေးကိုလိုက်ကြည့်လိုက်တော့ ကျောက်ခဲတလုံး

၁။ သမန္တာ ၃-၄၆၅၊ ဝိသုဒ္ဓိ ၃-ပ-၂၇။

ကိုသွားတွေ့ပါတယ်၊ အဲဒီ ကျောက်ခဲကလဲ အိုးထဲမှာထည့်ထားတဲ့ ထန်းလျက်ခဲနဲ့ သိပ်တူတာပဲ၊ အဲဒီခဲကိုကောက်ယူပြီး ဦးပဥ္စင်းက ပေါက်လိုက်တော့ မြွေကြီးက ပါးပျဉ်းထောင် လာလိုက်တာ တကတည်းမှပဲ တောင်းထဲမှာ ထည့်ထားတဲ့ ငါးခြောက်ပြားကြီးနဲ့ သိပ်တူပေါ့၊ ပြီးတော့ အဲဒီ ပေါက်လိုက်တဲ့ခဲကို ကိုက်မယ်လို့ လုပ်တဲ့ မြွေကြီးရဲ့သွားတွေကလဲ စဥ့်အိုးထဲမှာထည့်ထားတဲ့ဆန်တွေလို ဖွေးနေတာပဲ၊ စိတ်ဆိုးလာတဲ့ မြွေကြီးရဲ့ ပါးစပ်ကထွက်လာတဲ့ အဆိပ်နဲ့ ရောနေတဲ့ အရိုအရွဲတွေဟာလဲ အိုးကလေးထဲမှာ ထည့်ထားတဲ့ ထောပတ်နဲ့မှာပုံစံတည်းပါပဲ ဒါယိကာမကြီးရယ်၊ ကျောင်းက ထွက်ကတည်းက ဒါတွေကို တွေ့လာခဲ့ရတယ်လေ၊ ဒီနေ့ဟာ နိမိတ်ကို မကောင်းပါဘူး''

ဒီစကားကိုကြားရတဲ့အခါ အိမ်ရှင်ဒါယိကာမက ''ဒီကတုံးကိုတော့ ဘယ်လို လှည့်ပတ်လို့မှ ရနိုင်တော့မှာမဟုတ်ပါဘူး''လို့ ကြံစည်စဉ်းစားပြီး တံခါးထောင့်က ကြံချောင်းကိုယူပြီး ကပ်လှူထားခဲ့ပါတယ်၊ ကိုယ်တော်မြတ်က ကြံစုပ်နေတုန်းမှာ ဆွမ်းသွားချက်ပါတယ်၊ ထောပတ်, ထန်းလျက်, ငါးခြောက်တွေနဲ့ ဆွမ်းကပ်လှူလိုက်ရပါတယ်။

ပစ္စည်းကို ရနိုင်လောက်အောင်သော နည်းမျိုးနဲ့ လှည့်ကာပတ်ကာပြောဆိုခြင်းမျိုး, ပစ္စည်းတခုကို တနည်းနဲ့မရယင် အခြားတနည်းနဲ့ လှည့်ကာပတ်ကာ ပြောဆိုခြင်းမျိုးဟာလဲပဲ ''နူတ်အမူအရာနဲ့ အရိပ်နိမိတ် ပြုတာပဲ'' ဖြစ်ပါတယ်။

၄။ နိပ္ပေသိကတာ-အပြစ်ပြောကာ လာဘ်ကိုရှာခြင်း [၁]

မိမိကို မလှူပဲမနေရဲအောင် ''ခွေးမသားတွေ ဘယ်အကောင် တကောင်ကမှ လှူဖော်မရဘူး'' စသည်ဖြင့် ဆဲရေးခြင်းမျိုး၊

မလှူပဲ မနေနိုင်လောက်အောင် ဒါယကာတွေကို လွှမ်းမိုးပြောဆိုခြင်းမျိုး၊

''သဒ္ဓါတရား မရှိတဲ့အကောင်ပဲ၊ ရတနာ ၃-ပါးကို ကြည်ညို လေးစားမှု မရှိတဲ့ အကောင်ပဲ'' စသည်ဖြင့် အပြစ်တင်ခြင်းမျိုး၊

၁။ သမ္မောဒ ၄၆၆။ ဝိသုဒ္ဓိ ၃ ပ-၂၀။

"ဒီအိမ်ထောင်စုကို(ဒီပုဂ္ဂိုလ်ကို) သဒ္ဓါတရား မရှိဘူး၊ ရတနာ ၃-ပါးကို ကြည်ညိုလေးစားမှု မရှိဘူးလို့ မပြောကြပါနဲ့" စသည်ဖြင့် မြှောက်ထိုး ပင့်ကော်လုပ်ခြင်းမျိုး၊

လှူဒါန်းပေးကမ်းမှုမရှိတဲ့သူများကို တွေ့ရတဲ့အခါ" အော်-သိပ်အံ့သြစရာ ကောင်းတာပဲ၊ အလှူရှင်ကြီးပါလား" စသည်ဖြင့် မဲ့ကာရွဲ့ကာ ပြောဆို ခြင်းမျိုး၊

"ဒီအကောင်ဟာ အဟောင်းကိုသာ စားနေတာပဲ၊ ဒီလိုအကောင်မျိုး အသက်ရှင်နေတာ ဘာအကျိုးရှိမှာတဲ့လဲ" စသည်ဖြင့် ပြောင်လှောင်ခြင်းမျိုး၊

"ဒီလူဟာ အမြဲဘမ်းရောက်လာသမျှ အလှူခံ ပုဂ္ဂိုလ်တွေအား 'မရှိဘူး' ဆိုတဲ့ စကားကို ပေးလှူနေတာပဲ၊ ဒီလို အမြဲ ပေးလှူနေသူ တယောက်ကို ဘာ့ကြောင့် မပေးရက်သူ၊ မလှူရက်သူလို့ ပြောကြရသလဲ" စသည်ဖြင့်အတိုင်း ထက်အလွန် ပြောင်လှောင်ခြင်းမျိုး၊

မပေးတတ်သူ၊ မလှူတတ်သူ ဖြစ်ကြောင်း လူသိရှင်ကြား ကြေညာပြော ဆိုခြင်းမျိုး၊

"ဒီလို အပြစ်ကို သွားပြောလိုက်လို့ရှိယင် အပြစ်ပြောမှာ ကြောက်တာနဲ့ ငါ့ကို ပေးလှူလာလိမ့်မယ်" လို့ တွေးတော ကြံစည်ပြီး မပေးလှူ တတ်သူရဲ့ အိမ်က အခြားတအိမ်ကို၊ မပေးလှူတတ်သူရဲ့ရွာက အခြားတရွာကို၊ မပေးလှူ တတ်သူရဲ့မြို့နယ်က အခြားမြို့နယ်သို့သွားရောက်ပြီး အပြစ်ကိုပြောဆိုခြင်းမျိုး၊ ဒီလိုပြောဆိုခြင်း အကုန်လုံးကိုပဲ "နိပ္ပေသိကတာ (အပြစ် ပြောဆိုပြီး လာဘ်ရှာခြင်း)' လို့ ဆိုရပါတယ်။

သနပ်ခါးတုံးစသည်ကို သွေးတာ ကြိတ်တာနဲ့ နံ့သာကိုရှာသလို "သူတပါး ရဲ့ဂုဏ်ကို သွေးတာကြိတ်တာ နဲ့ (အပြစ်ပြောကာ မုန့်မုန့်ညက်ညက် ကြိတ်ချေ ဖျက်ပြီး) လာဘ်ကို ရှာခြင်းမျိုးကိုပဲ နိပ္ပေသိကတာ" လို့ ဆိုရပါတယ်။

၅။ လာဘေနလာဘံနိဇိဂီသနတာ[၁]

မိမိရဲ့ အနည်းငယ်ဖြစ်တဲ့လာဘ်နဲ့ ဒါယကာ၊ ဒါယိကာမတွေဆီက များတဲ့ လာဘ်ကို လှည့်ပတ်ယူလိုတဲ့အတွက် "ဟာအိမ်ကာမှ ပေးတဲ့ လာဘ်ကို အခြား

၁။ သမ္မော ၂-၄၆၇။ ဝိသုဒ္ဓိ ၁ ပ-၂၉။

တအိမ်သို့ ဆောင်ပေးခြင်းမျိုးနဲ့ လာဘ်ကို ရှာဟာဟာ လာဘေနလာဘံ နိဇိဂီသနတာ'' မည်ပါတယ်။

ရဟန်းတပါးဟာ နံနက်စောစော ရွာထဲကို ဆွမ်းခံ ဝင်သွားပါတယ်၊ အစဆုံး အိမ်က လောင်းလှူလိုက်တာကို နောက်တအိမ်မှာ ကလေးတွေအား ပေးစွန့် ထားခဲ့ပါတယ်၊ အဲဒီအိမ်က လောင်းလှူလိုက်တာကိုလဲပဲ နောက်တအိမ်မှာ ကလေးတွေအား ပေးစွန့်ထားခဲ့ပြန်တယ်။

ဒီလိုနဲ့ တအိမ်က ရတဲ့လာဘ်ကို တအိမ်မှာ ပေးစွန့်လာခဲ့ယင်း နောက်ဆုံးအိမ်ကျတော့ နို့နဲ့ ရောစပ်ထားတဲ့ ယာဂုနည်းနည်းကလေးပဲ ရတော့တယ်၊ အဲဒီနေ့အတွက် ဆွမ်းမဘုဉ်းပေးရတော့ပဲ အဲဒီ နို့နဲ့ရောစပ်ထားတဲ့ ယာဂုနည်းနည်းကလေးနဲ့ပဲ နေ့ရဲတင်းတိမ်နေရပါတော့တယ်၊ ဒါကတော့ "အလုံကြီးလွှင့် အရနည်းတာ'' လို့ ဆိုလိုက ဆိုလို့နိုင်ပါတယ်။

ဒါပေမဲ့ နောက်နေ့ နောက်နေ့တွေမှာတော့ "ကလေးတွေကို ပေးကမ်းကျွေးမွေးဖော်ရတဲ့ ရဟန်းပဲ'' လို့ ဘာသာရေး အသိဉာဏ်နည်းတဲ့ လူတွေက များများစားစား လှူဒါန်းကြပါလိမ့်မယ်၊ အဲဒီရဟန်းကို ကြည်ညိုဆည်းကပ်ကြပါလိမ့်မယ်၊ ဘာပဲဖြစ်ဖြစ် ရလာသမျှ ပစ္စည်းတွေကတော့ အပ်စပ်တဲ့ ပစ္စည်း မဖြစ်နိုင်တော့ပါဘူး။

သစ်သားပေးခြင်းစသည်

၆။ ပစ္စည်းလာဘ်လာဘကို မျှော်လင့် တောင့်တပြီး ခွင့်ပြုချက်မရှိတဲ့ ဒါယကာ ဒါယိကာမတွေအား သစ်သားပေးမှု [၁]

၇။ ဝါးပေးမှု [၂]

၈။ သစ်ရွက်ပေးမှု [၃]

၉။ ပန်းပေးမှု [၄]

၁။ သမ္မော ၄-၃၂၁။ မဟာနိ ၄-၃၅၀။ ၂။ သမ္မော ၄-၃၂၀၊ မဟာနိ ၄-၃၅၀။
၃။ သမ္မော ၄-၃၂၁။ မဟာနိ ၄-၃၅၁။ ၄။ သမ္မော ၄-၃၂၂။ မဟာနိ ၄-၃၅၃။

၁၀။ သစ်သီးပေးမှု [၁]

၁၁။ ရေချိုးစရာ အမှုန့်ပေးမှု [၂]

၁၂။ မျက်နှာချေမှုန့်ပေးမှု [၃]

၁၃။ မြေညက်ပေးမှု [၄]

၁၄။ တံပူပေးမှု [၅]

၁၅။ မျက်နှာသစ်ရေပေးမှု [၆]

တွေနဲ့ အသက်မွေးခြင်းဟာလဲပဲ အနေသနပဲ ဖြစ်ပါတယ်၊ အဲဒီအပေး ခံရတဲ့ ဒါယကာ ဒါယိကာမတွေက ပြန်လှူလာသမျှ ပစ္စည်းတွေဟာ မအပ် တော့ပါဘူး။

၁၆။ စာတုကမျတာ-မိမိကို နှိမ့်ချပြောဆိုခြင်း [၇]

ပစ္စည်းလာဘ်လာဘကို မျှော်လင့် တောင့်တပြီး လူတွေနဲ့ ဆက်ဆံ ပြောဆိုတဲ့အခါမှာ မိမိကို နှိမ့်ချပြီး လူတွေကိုတော့ မြှောက်ကာပင့်ကာနဲ့ “ကျုပ်,ခင်ဗျား” စတဲ့ စကားတွေကို သုံးနှုန်းပြောဆိုခြင်းဟာလဲ အနေသန တမျိုးပဲ ဖြစ်ပါတယ်။

“မိမိကိုတော့ ကျွန်လိုနိမ့်ကျတဲ့အရာမှာ ထားပြီး ဒါယကာ ဒါယိကာမ တွေရဲ့ ချွတ်ချော်တဲ့စကားကိုတောင်မှ အမှန်ဖြစ်အောင် ပြင်ပေးပြီး မိမိကို ချစ်ခင်စေလိုတဲ့အတွက် ဒါယကာ ဒါယိကာမတွေကို ချီးမြှောက်ပြောဆိုခြင်း (ဒါယကာဒါယိကာမတွေကို အောက်ကျို့ခံပြီး ဆက်ဆံပြောဆိုခြင်း)မျိုးဟာ စာတုကမျတာ” မည်ပါတယ်။

၁၇။ မုဂ္ဂသူပျတာ [၈]

ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး မှန်တာပဲဖြစ်ဖြစ် မှားတာပဲ ဖြစ်ဖြစ် လူတွေနဲ့ လိုက်လျောအောင် (ပွဲကျအောင်) ထွေရာလေးပါး စကား ပြောပြီး လူတွေနဲ့ အကျွမ်းတဝင်ချစ်ခင်အောင်ပြုလုပ်ခြင်းဟာလဲပဲ အနေသန တမျိုးပဲ ဖြစ်ပါတယ်။

၁+၂။ မဟာနိ ဋ္ဌ-၃၅၂။ ၃+၄။ မဟာနိ ဋ္ဌ-၃၅၃။

၅+၆။ မဟာနိဋ္ဌ-၃၅၃။ ၇။ မဟာနိ-၃၅၃။ သမ္မော ဋ္ဌ-၃၂၄။ ဝိသုဒ္ဓိ ဋ္ဌ-ပ-၂၇၊

၈။ သမ္မော ဋ္ဌ-၃၂၄။ မဟာနိ ဋ္ဌ-၃၅၃။ ဝိသုဒ္ဓိ ဋ္ဌ-ပ-၂၇။

ပဲနောက်တွေကို ဟင်းချက်တဲ့အခါမှာ အနည်းငယ်မျှဖြစ်တဲ့ ပဲနောက်တွေကမကျက်ပါဘူး၊အများစုကတော့ကျက်ပါတယ်၊ဒီလိုပါပဲ အဲဒီရဟန်းမျိုး စကားပြောတဲ့အခါမှာ မှန်တာကတော့ နည်းပါတယ်၊ မမှန်တာက များပါတယ်၊ အဲဒီလို အမှန်နည်းပါး အမှားများ စကားကို ပြောဆို (အသက်မွေး) ခြင်း, မှန်တာပဲဖြစ်ဖြစ် မှားတာပဲဖြစ်ဖြစ် လူတွေနဲ့ လိုက်လျောပွဲကျအောင် ထွေရာလေးပါးစကားပြောပြီး အကျွမ်းတဝင်ချစ်ခင်အောင် ပြုလုပ်ပြောဆို အသက်မွေးခြင်းဟာလဲ အနေသနတမျိုးပဲ ဖြစ်ပါတယ်။

ပဲနောက်ဟင်းဟာ အာဟာရအကုန်လုံးတို့နဲ့ လိုက်လျောတဲ့အတွက် သူမပါဝင်နိုင်တဲ့ ထမင်းပွဲဆိုတာမရှိသလို မှန်တဲ့စကား မမှန်တဲ့စကားကို ပြောဆိုမှုနဲ့ အသက်မွေးတဲ့ပုဂ္ဂိုလ်ရဲ့ မပါဝင်အပ် မဝင်နိုင် မပြောနိုင်တဲ့ စကားဆိုတာ မရှိပါဘူး၊ အမှားကိုလဲပြောနိုင် အမှန်ကိုလဲ ပြောနိုင်တာပါပဲ။

လမ်းဆုံသမ်ခွဟာ လမ်းအမျိုးမျိုးကလာတဲ့ ရေအလျဉ်ရဲ့တည်ရာဖြစ်သလို မုဂ္ဂသူပျပုဂ္ဂိုလ်ဟာလဲပဲ ပြောလိုသမျှ စကားအလျဉ်ရဲ့တည်ရာ ဖြစ်ပါတယ်၊ ဒါကြောင့် "မှသားများများပြောပြီး အသက်မွေးတာကို မုဂ္ဂသူပျတာ"လို့ ဆိုရပါတယ်။

၁၈။ ပါရိဘဋျတာ [၁]

ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး ဒါယကာ ဒါယိကာမတွေရဲ့ သားငယ် သမီးငယ်တွေကို အထိန်းတော်လို ရင်ခွင်နဲ့ ပွေ့ပိုက် ချီပိုးတာ, ပခုံးနဲ့ ထမ်းသေဆောင်ချီပိုးတာ, တန်ဆာဆင်ပေးတာ, ချော့မြှူတာတွေလဲ မိစ္ဆာဇီဝအနေသနပဲ ဖြစ်ပါတယ်၊ မိဘတွေက ကြည်ညိုလာအောင် လှူချင်တန်းချင်လာအောင် ပြုလုပ်ခြင်းတမျိုးပါပဲ။

၁၉။ ပိဋ္ဌမဒ္ဒိကတာ [၂]

ပစ္စည်းလာဘ်လာဘကိုမျှော်ပြီး အားဆာတလျှင် အိမ်ထဲကို ပင်ရောက်ပြီးတော့ ကုလားထိုင်ပေါ် ထိုင်ခုံပေါ်မှာထိုင်နေခြင်းမျိုးဟာလဲ အနေသနတမျိုးပါပဲ။

၁။ သမ္မော ဋ္ဌ-၃၂၄။ မဟာနိ ဋ္ဌ-၃၅၃၊ ဝိသုဒ္ဓိ ဋ္ဌ-ပ-၂၇။ ၂။ မဟာနိ ဋ္ဌ-၃၅၃။

ဒီနေရာမှာ—

၁။ ကာယပါဂဗ္ဗိယ - ကိုယ်ကြမ်းတမ်းမှု

၂။ ဝါစပါဂဗ္ဗိယ - နှုတ်ကြမ်းတမ်းမှု

ဒါတွေကိုလဲ ဖြည့်စွက်မှတ်သားသင့်ပါတယ်။

ကာယပါဂဗ္ဗိယ [၁]။ ။ဒီသာသနာတော်မှာရှိနေကြတဲ့ အချို့ ရဟန်းတွေဟာ ရွာထဲကို ရောက်သွားတယ်ဆိုယင် အရှင်ဘုရား မဝင်ပါနဲ့ ဒီလိုပြောဆိုတားမြစ်ပေမဲ့ မရပါဘူး၊ အိမ်ထဲကို အတင်းဝင်လာတတ်ပါတယ်၊ မရပ်ပါနဲ့ဘုရား ပြောပေမဲ့ ရပ်တတ်ပါတယ်၊ မထိုင်ပါနဲ့ဘုရား ပြောပေမဲ့ မရပါဘူး၊ ထိုင်တတ်ပါတယ်။

မဝင်သင့်တဲ့နေရာကိုလဲ ဝင်တာပဲ၊မရပ်သင့်တဲ့နေရာမှာလဲ ရပ်တာပဲ၊ မထိုင်သင့်တဲ့နေရာမှာလဲ ထိုင်တာပါပဲ၊ အိမ်ထောင်စုတွေရဲ့ လျှို့ဝှက်အပ်တဲ့အခန်း၊ ဖုံးကွယ်ထားတဲ့အခန်းတွေကိုလဲ ဝင်တာပဲ၊ အမျိုးသမီးတွေ နေထိုင်တဲ့အခန်းတွေကိုလဲ သုတ်သီးသုတ်ပျာနဲ့ ဝင်လာတတ်တာပဲ၊ ပြီးတော့ ကလေးသူငယ်တွေရဲ့ခေါင်းစတဲ့ အင်္ဂါတွေကိုလဲ ကိုင်တွယ်ပွတ်သပ်နေတတ်ပါတယ်၊ဒါမျိုးကို ကိုယ်ကြမ်းတမ်းမှုလို့ ခေါ်ပါတယ်။

ဝါစပါဂဗ္ဗိယ [၁]။ ။အချို့ ရဟန်းတွေကျတော့ ရွာတွင်းကို ရောက်သွားလို့ရှိယင် အမျိုးသမီးတွေကို နှုတ်ရဲ လျှာရဲ အရောတဝင် ခေါ်ဝေါ်ပြောဆိုတတ်ကြပါတယ်။

"ဒါယိကာမကြီး ခင်ခင်တို့ ရင်ရင်တို့ မရှိကြဘူးလား"

"ရှိပါတယ် ဦးပဉ္စင်းရေ၊ ဦးပဉ္စင်းနဲ့တော့ ဒီနေ့ ဘယ်ကိုမှ မသွားကြပါဘူး၊ အခန်းထဲမှာ ရှိနေကြပါတယ်"

"ဟော့-ခင်ခင်တို့ ရင်ရင်တို့လာကြလေ၊ ဘာရှိကြသလဲ၊ ဆွမ်းရှိသလား မုန့်ရှိသလား၊ ဦးပဉ္စင်းအတွက် ဘာများ ရှာထားကြသလဲ၊ ဘာစားရမလဲ၊ ဘာသောက်ရမလဲ၊ ဦးပဉ္စင်းကိုတော့ ဒီနေ့ တခုခု ကျွေးမှဖြစ်မှာ၊ ပြီးတော့ ဘာတွေများ လှူမယ်လို့ စိတ်ကူးထားကြသေးသလဲ"

၁၊ မဟာနိ ပါ-၁၇၆-၁၇၇။

စတဲ့ စကားမျိုးတွေနဲ့ ပရမ်းပတာ ပြောဆိုတတ်ကြပါတယ်၊ ဒီလို နှုတ်ကြမ်းတမ်းမှုမျိုးဟာလဲ အနေသန တမျိုးပဲဖြစ်ပါတယ်။

ကိုင်း-ဒီည ဒီလောက်နဲ့ပဲ ရပ်ထားလိုက်ကြဦးစို့၊ ရဲ့ကျန်တဲ့ဟာတွေကိုတော့ နက်ဖြန်မနက်ပိုင်းမှာ ဆက်ပြီးပြောပါ့မယ်။

ဒီတရားတော်ကို ကြားနာမှတ်သားကြပြီး ရဟန်းတော်တွေကလဲ မှန်မှန်ကန်ကန် အသက်မွေးမှုကို ပြုလုပ်လို့ ဒါယကာ ဒါယိကာမတွေကလဲ အဲဒီလို တရားသဖြင့် အသက်မွေးနေကြတဲ့ ရဟန်းတော်တွေကို ကူညီထောက်ပံ့လို့ သာသနာတော် သန့်ရှင်း စည်ကားလာအောင် ဆောင်ရွက်နိုင်ကြပါစေကုန်သတည်း။

သာဓု—သာဓု—သာဓုပါ ဘုရား။

သကြိုန်အကြတ်နေ့နံနက်ပိုင်း၌ ဥပုသ်သည်များကို သီလပေးပြီး၍ သံဃာတော်များ ကြွလာလျက် နေသားတကျ ထိုင်နေပြီးသည့်အခါနှမှာ ဆရာတော်ဦးဓမ္မိက က အကျနေ့ညဘက်မှာ ဟောကြားခဲ့သော တရားကိုပင် ဆက်လက်ဟောတော်မူပါသည်။

၂၀။ ဝတ္ထုဝိဇ္ဇာ–မြေကြန်အတက်[၁]။ ။အိမ်ဆောက်မဲ့မြေနေရာ, ဥယျာဉ်မြေနေရာ စတဲ့နေရာဌာနတွေရဲ့ အကျိုးအပြစ်ကို သိနားလည်တဲ့ အတတ်မျိုးကို ''ဝတ္ထုဝိဇ္ဇာလို့'' ခေါ်ပါတယ်။

''ဒီဝတ္ထုဝိဇ္ဇာအတတ်ကို တတ်တဲ့သူတွေဟာ မြေစသည်တို့ကို ကြည့်လို့ပဲဖြစ်ဖြစ်, မကြည့်ပဲနဲ့ပဲဖြစ်ဖြစ် မန္တန်စုတ်ပြီး (မန်းမှုတ်မှုကိုပြုလုပ်ပြီး) မအောက်မြေထဲ အတောင် ၃၀-ရှိတဲ့အရပ် အထက်ကောင်းကင် အတောင် ၈၀-ရှိတဲ့အရပ်တွေမှာ အကျိုးအပြစ်ကို သိမြင်နိုင်ကြတယ်'' လို့ အဆိုရှိပါတယ်။

တနည်းအားဖြင့် ''ဗူးပင်စိုက်မဲ့မြေနေရာ, ဖရုံပင်စိုက်မဲ့မြေနေရာ, မုန်လာစိုက်မဲ့မြေနေရာ'' စတဲ့ယာမြေတွေရဲ့ သင့်မသင့်,တော်မတော်, စိုက်ပျိုးသင့်တဲ့

၁။ မဟာနိ ဌ-၃၅၃။ သီလက္ခန် ဋ-၈၈။ သံယုတ် ဌ ဒု-၃၁၉။ သံယုတ် ဋီ ဒု-၂၇၄။

အချိန်အခါ ဒါတွေကို သိနားလည်တဲ့အတတ်မျိုးကို "ဝတ္ထုဝိဇ္ဇာ"လို့ ခေါ်ပါတယ်၊ ယခုကာလ စိုက်ပျိုးရေး အတတ်ပညာမျိုးပါပဲ။

"အာရမ်, အာရာမ်ရှိတည်ရာ မြေစသည်တို့မှာ မြေကိုပြုပြင်မှု မျိုးစေ့ကို ပြုပြင် စိုက်ပျိုးမှု စသည်ကို သိနားလည်တဲ့အတတ်" လို့ ဆိုပါတယ်။

ဒီအတတ်မျိုးကို ကျွမ်းကျင်နားလည်ရုံလောက်နဲ့ "မိစ္ဆာဇီဝ"အနေသန ဖြစ်တာမဟုတ်ပါဘူး၊ "တတ်တဲ့ပညာ မနေသာ"ဆိုတဲ့အတိုင်း လာဘ်လာဘကို မျှော်လင့်တောင့်တပြီး ဒါယကာ ဒါယိကာမတွေအား နည်းညွှန်လမ်းပြ ပြုလုပ်မှုသာ မိစ္ဆာဇီဝ အနေသန ဖြစ်ပါတယ်။

၂၁။ တိရစ္ဆာနဝိဇ္ဇာ [၁]

သုဂတိလမ်းမဂ်ဖိုလ်လမ်းတွေရဲ့ ဖီလာဖြစ်တဲ့အင်္ဂကျမ်း, နေမိတ္တကကျမ်း, အိပ်မက်တိတ်ထုံကျမ်း လက္ခဏာကျမ်းစတဲ့ ကျမ်းအတတ်မျိုးကိုပဲ "တိရစ္ဆာနဝိဇ္ဇာ"လို့ ခေါ်ပါတယ်။

လက်ခြေစတဲ့ ကိုယ်အင်္ဂါ အစိတ်အပိုင်းကို ကြည့်ရှုပြီး ဒီအင်္ဂါမျိုးနဲ့ ပြည့်စုံတဲ့သူဟာ အသက်ရှည်မယ်၊ အခြံအရံများမယ်၊ ကျော်စောထင်ရှားမယ် စသည်ဖြင့် ပြဆိုတဲ့ကျမ်းဟာ "အင်္ဂကျမ်း"မည်ပါတယ်။

ပဏ္ဍုမင်းက ပုလဲသုံးလုံးကို ဆုပ်ထားပါတယ် ပြီးတော့မှ ကျုပ်လက်ထဲမှာ ဘာရှိသလဲလို့ မေးလိုက်ပါတယ်၊ ဒီစကားကိုကြားရတဲ့အခါ နိမိတ်ကျမ်းတတ်ဆရာက ဟိုဟို ဒီဒီ လှမ်းကြည့်နေပါတယ်၊ အဲဒီအချိန်မှာပဲ အိမ်မြှောင်တကောင်က ယင်တကောင်ကို လိုက်ဖမ်းပါတယ်၊ မမိလိုက်ပါဘူး၊ လွတ်သွားပါတယ်။

လွတ်သွားတာကို ပါဠိဘာသာနဲ့"မုတ္တာ"လို့ ခေါ်တယ်၊ အဲဒီမုတ္တာသဒ္ဒါဟာ "ပုလဲ"ဆိုတဲ့ အနက်ကိုလဲ ဟောနိုင်ပါတယ်၊ ဒါနဲ့ "ပုလဲပါ အရှင်မင်းမြတ်" လို့ ဖြေလိုက်ပါတယ်။

"ဒါဖြင့် ဘယ်နှစ်လုံးလဲ၊"

၁။ မဟာနိ ဋ္ဌ-၃၅၃။ သီလက္ခန် ဋ္ဌ-၈၄။ ပါစိတ် ပါ-၄၀၁။ ၎င်း ဋ္ဌ-၂၁၅။

အဲဒီအခါနမှာတော့ နိမိတ်ဆရာက ကြက်တကောင်ရဲ့ ၃-ကြိမ် ဆင့်ကာဆင့်ကာ တွန်တဲ့အသံကို ကြားလိုက်ရပါတယ်၊ အဲဒါကိုပဲ နိမိတ်ကောက်ယူပြီး ''၃-လုံးပါအရှင်မင်းမြတ်''လို့ ပြေဆိုလိုက်ပြန်တယ်။

ဒီလို ဟိုဟိုဒီဒီ အရိပ်နိမိတ်ကိုကောက်ယူပြီး ဟောပုံဟောနည်းကိုပြတဲ့ ကျမ်းကို''နိမိတ္တကကျမ်း''လို့ ခေါ်ပါတယ်။

နံနက်စောစော အိပ်မက်မြင်မက်သူမှာ ဒီလိုအကျိုးမျိုးကို ရတတ်တယ်၊ ''ဆင်စီးရတယ်၊ မြင်းစီးရတယ်၊ ရထားစီးရတယ်၊ ပြာသာဒ်ပေါ်သို့ တက်ရတယ်၊ တောင်ပေါ်သို့ တက်ရတယ်''လို့ မြင်မက်သူတွေမှာ ဒီလိုအကျိုးမျိုး ဖြစ်တတ်တယ် စတဲ့ဟာတွေကို ညွှန်ပြတဲ့ကျမ်းကို ''အိပ်မက်တိတ်ထုံကျမ်း''လို့ ခေါ်ပါတယ်။

''ဒီလက္ခဏာနဲ့ပြည့်စုံတဲ့သူဟာ မင်းဖြစ်တတ်တယ်၊ ဒီလက္ခဏာမျိုး ပါရှိသူကတော့ အိမ်ရှေ့မင်းဖြစ်တတ်တယ်''စသည်ကိုညွှန်ပြတဲ့ကျမ်းမျိုးကို''လက္ခဏာကျမ်း''လို့ ခေါ်ပါတယ်။

သာမုဒြိကကျမ်းမျိုး,အခုခေတ်မှာပေါ်နေတဲ့ လက္ခဏာကျမ်းမျိုးပဲ ဖြစ်ပါတယ်၊ ဒီတိရစ္ဆာနဝိဇ္ဇာမျိုးကိုတော့ သင်ယူတဲ့အတွက် အပြစ်ရှိမယ်မထင်ပါဘူး။

သာသနာတော်ရဲ့ပြင်ပဖြစ်တဲ့ အကျိုးမဲ့နဲ့စပ်ယှဉ်တဲ့ အတတ်ဟာ''တိရစ္ဆာနဝိဇ္ဇာ''မည်ပါတယ်။

''ဆင်အတတ်, မြင်းအတတ်, ရထားအတတ်, လေးအတတ်, ဓားခုတ်လှံထိုးအတတ်, အာဏာမန္တန်အတတ်, အဆိပ်ဆေး (ပိုးသတ်ဆေး) ဖော်စပ်နည်း အတတ်'' အစရှိတဲ့ သူတပါးကိုညှဉ်းဆဲမှုကိုပြုတတ်တဲ့ အတတ်မျိုးတွေပဲ ဖြစ်ပါတယ်၊ ဒီအတတ်မျိုးကိုတော့ ရဟန်းတော်များ သင်ယူမှုပဲ မပြုသင့်ပါဘူး။

တိရစ္ဆာနဝိဇ္ဇာဆိုတာဟာ အတတ်ပညာမျှသာဖြစ်ပါတယ်၊မိစ္ဆာဇီဝအနေသန မဟုတ်သေးပါဘူး၊ မိစ္ဆာဇီဝအနေသန ဆိုတာကတော့ မသင့်တော်တဲ့ ရဟန်းတို့နဲ့ လူတွေအား ဆေးပေးမှု ဆေးကုမှု စတဲ့အလုပ်မျိုးပါပဲ။

ဒီလို အတတ်နဲ့ အလုပ်ကို တမျိုးစီ ခွဲပြီး အချို့အတတ်ကိုသင်ကောင်းတယ်၊ ဒါပေမဲ့တတ်ပြီးတဲ့ နောက်မှာ မိစ္ဆာဇီဝအနေသနဖြစ်အောင် မလုပ်ကောင်းဘူး၊ ဥပမာအားဖြင့် ပြောရမယ်ဆိုယင် ဆေးအတတ်, ဂဏန်းအတတ်ကို တိရစ္ဆာနဝိဇ္ဇာဆိုပေမဲ့ တတ်ကောင်းသင်ကောင်းတယ်။ မိစ္ဆာဇီဝအနေသနဖြစ်အောင် ဆေးမကုကောင်း၊ အခကြေးငွေယူပြီး တဆင့်သင်မပေးကောင်း၊ အခကြေးငွေမယူပဲနဲ့တော့ သင်ပေးကောင်းပါတယ်။

၂၂။ **အင်္ဂဝိဇ္ဇာ–အင်္ဂကျမ်းအတတ်** [၁]

မိန်းမယောကျ်ားတွေရဲ့ တင့်တယ်ခြင်းလက္ခဏာ, မတင့်တယ်ခြင်းလက္ခဏာကို သိနားလည်နိုင်တဲ့ အတတ်မျိုးကို "အင်္ဂဝိဇ္ဇာ"လို့ ခေါ်ပါတယ်၊ အဲဒီအတတ်မျိုးနဲ့ ပစ္စည်းလာဘ်လာဘကို မျှော်လင့် တောင့်တပြီး အကျိုးအပြစ်ကို ဟောပြောခြင်းစတဲ့ဟာလဲပဲ အနေသနတမျိုးပဲ ဖြစ်ပါတယ်။

ခုနက ပြောခဲ့တဲ့ တိရစ္ဆာနဝိဇ္ဇာမှာ ပါဝင်တဲ့ အင်္ဂကျမ်းအတတ်ဟာ အင်္ဂါကြီးငယ်ကိုကြည့်ပြီး ဟောတဲ့အတတ်ဖြစ်ပါတယ်၊ ဒီအင်္ဂဝိဇ္ဇာအတတ်ကတော့ "လက်ချောင်းရိုး (တကိုယ်လုံး)ကိုကြည့်ပြီး ဂါထာမန္တန်စုတ်ပြီးတဲ့နောက် အမျိုးကောင်းသား (သမီး) ဖြစ်နိုင်တယ်၊ မဖြစ်နိုင်ဘူး"ဆိုတာကို ဟောတဲ့ အတတ်မျိုး ဖြစ်ပါတယ်၊ ဒီအတတ်မှာ မန္တန်စုတ်ခြင်းပါလာတာဟာ အင်္ဂကျမ်းအတတ်ထက် ထူးခြားချက်ပဲ ဖြစ်တယ်။

မိန်းမလက္ခဏာ, ယောကျ်ားလက္ခဏာတွေနဲ့ ပတ်သက်ပြီး အင်္ဂါပြည့်စုံမှုကို သိနားလည်ပြီး ဒီလို အင်္ဂါရဲ့ပြည့်စုံမှုကြောင့် ဒီလိုအကျိုးကို ရနိုင်တယ်လို့ သိမြင် ဟောပြောနိုင်တဲ့ အတတ်ပညာဟာ "အင်္ဂဝိဇ္ဇာ" မည်ပါတယ်၊ ဒီလိုလဲ သံယုတ်အဋ္ဌကထာမှာ ဆိုထားပါသေးတယ်။

၂၃။ **နက္ခတ္တဝိဇ္ဇာ–နက္ခတ်ကျမ်းအတတ်** [၂]

"ဒီနေ့ ဒီနက္ခတ်သို့ ဒီနက္ခတ်က ရောက်လာမည်၊ အဲဒီလို ရောက်လာတဲ့ အတွက် ဒါတွေ ဒါတွေကို လုပ်သင့်တယ်"လို့ သိနားလည်နိုင်တဲ့ အတတ်

၁။ မဟာနိ ၄-၃၅၄။ သိ ၄-၈၈။ သံယုဘ် ၄-၃-၃၁၉။
၂။ မဟာနိ ၄-၃၅၄။

မျိုးဟာ "နက္ခတ္တဝိဇ္ဇာ" မည်ပါတယ်၊ ပစ္စည်းလာဘ်လာဘထို မျှော်လင့် တောင့်တပြီး ဒီအတတ်မျိုးနဲ့ ဟောပြော ညွှန်ပြခြင်းဟာလဲပဲ အနေသန တမျိုးပဲ ဖြစ်ပါတယ်။

၂၄။ ဒူတဂမန—တမန်ပြုလုပ်သွားလာပေးခြင်း [၁]

ပစ္စည်းလာဘ်လာဘကို မျှော်လင့် တောင့်တပြီး လူများအတွက် တမန် သည်တို့ရဲ့ အလုပ်ကို ပြုလုပ်သွားလာပေးခြင်းဟာလဲ အနေသန တမျိုးပဲ ဖြစ်ပါတယ်။

> "ဒီက ဘယ်အရပ်ကို ခဏသွားပေးစမ်းပါဘုရား၊ အဲဒီနေရာက ဘယ်ကိုလာခဲ့ပါ၊ ဒါလေးကို ခဏယူသွားစမ်းပါ၊ အရှင်ဘုရားရောက် သွားတဲ့အရပ်က ဘာလေးကို ယူခဲ့စမ်းပါ"

စသည်ဖြင့် လူများခိုင်းသမျှကို သွားလာယူဆောင် လုပ်ကိုင်ပေးခြင်းကို "စေတမန်မှု ပြုလုပ်သွားလာခြင်း (ဒူတဂမန)"လို့ ခေါ်ပါတယ်။

ဒီစေတမန် အလုပ်မျိုးကို လူများအတွက် ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ ကိစ္စကို ပြုလုပ်ဆောင်ရွက် ပေးကောင်းပါတယ်၊ အခြားကိစ္စတွေကိုတော့ ဆောင်ရွက် မပေးကောင်းပါ၊ ရဟန်းသာမဏေတွေအတွက်တော့ ရတနာ သုံးပါးနဲ့စပ်တာပဲဖြစ်ဖြစ်, မစပ်တာပဲဖြစ်ဖြစ် ပြုလုပ်ဆောင်ရွက်ပေးကောင်း ပါတယ်။

၂၅။ ပဟိဏဂမန—ခိုင်းတိုင်းသွားပေးခြင်း [၂]

လူများက စေခိုင်းလိုက်တဲ့အတွက် တအိမ်က သတင်းစကားကို ဆောင် ယူပြီး အခြားတအိမ်သို့ သွားပို့ပေးခြင်း, လယ်ယာစသည်သို့ သွားလာ ပေးခြင်းမျိုးဟာလဲ အနေသနပဲ ဖြစ်ပါတယ်။

ဒါဟာ လူတွေအတွက်လဲ အင်မတန် အပြစ်ကြီးပါတယ်၊ လူတွေကလဲ ဆင်ခြင်သင့်ပါတယ်၊ ပတ္ထုလေးတခု ထည့်သွင်း ပြောပြပါမယ်။

၁။ မဟာနိ ဋ္ဌ-၃၅၄၊ သီပါ-ဂ။ ၎င်း ဋ္ဌ-ဂ၇။ ၂။ မဟာနိ ဋ္ဌ-၃၅၄။

အခိုင်းမတော်က ကျွန်ဖြစ်ရ [၁]။ ။ကဿပဘုရားရှင်လက်ထက် ဗာရာဏသီမြို့မှာ သဌေးသမီးကလေးတယောက် ရှိပါတယ်၊ သူတို့ အိမ်ထောင်စုက ရဟန္တာထေရီမတပါးကို ဆည်းကပ်ကိုးကွယ်ကြပါတယ်၊ တနေ့မှာ ထေရီမက သူတို့အိမ်ကို ကြွလာပါတယ်။

"အရှင်မရယ် ကျမရဲ့ ဝတ်စား တန်ဆာ ထည့်ထားတဲ့ အဲဒီ သေတ္တာလေးကို ခဏပေးစမ်းပါ"

သဌေးသမီးလေးက ထေရီမကို ခိုင်းမိပါတယ်၊ ဒီတော့ ထေရီမက စဉ်းစား ဆင်ခြင်ရပါတော့တယ်။

"သူခိုင်းတာကို ငါမပေးလို့ရှိယင် ဒီကလေးမဟာ ငါ့အပေါ်မှာ ဒေါသ အာဃာတတွေ ဖြစ်ပြီး ငရဲမှာ ဖြစ်ရပေလိမ့်မယ်၊ ငါက ပေးလိုက်ပြန်ယင်လဲ သူတပါးရဲ့အစေခံ ကျေးကျွန်ဖြစ်ရပေလိမ့်မယ်၊ (တတ်နိုင်ပါဘူးလေ) ငရဲမှာ ပူလောင်ရတာထက် ကျွန်မဖြစ်ရတာက တော်သေးတယ်"

ဒီလို စဉ်းစားဆင်ခြင်ပြီး သဌေးသမီးလေးကို သနားတဲ့အတွက် သူပြောတိုင်းပဲ လိုက်နာ ဆောင်ရွက် ပေးလိုက်ပါတယ်။

အဲဒီ ကလေးမကလေးဟာ ထေရီမကို ခိုင်းမိတဲ့ အကုသိုလ် ကံကြောင့် ဘဝ ၅၀၀-လုံးလုံးသူများရဲ့အစေခံကျေးကျွန်ဖြစ်ရပါတယ်၊ ဂေါတမမြတ်စွာဘုရားရဲ့ လက်ထက် ရောက်လာတော့ သာမာဝတီရဲ့ အစေခံ ကျေးကျွန် ဖြစ်လာရပြန်တယ်၊ ယူရဲ့ နာမည်ကတော့ ခုဇ္ဇုတ္တရာပါတဲ့။

၂၆။ ဇင်္ဃပေသနိယ—ခြေဖြင့်အစေခံခြင်း [၂]

လူတွေရဲ့ စာကိုပဲဖြစ်ဖြစ် နှုတ်မှာစကားကိုပဲဖြစ်ဖြစ် ယူဆောင်ပြီး ရွာ တပါး အရပ်တပါးသို့ သွားလာပေးခြင်းဟာလဲ အနေသနတမျိုးပဲ ဖြစ်ပါတယ်။

ရဟန်းတွေ ခရီးသွားခါနီးမှာ လူများက "မည်သူ့အား မာကြောင်း သာကြောင်းကို ပြောလိုက်ပါ" စသည်ဖြင့် မှာလို့ရှိယင် "ပြောလိုက်ပါ့

၁။ ဓာတုဝိဘင် ဋ-၂၀။ ဓမ္မပဒ ဋ-ပ-၁၄၄။ အင်္ဂုတ္တရ ဋ-ပ-၃၃၀။
၂။ သမ္မော ဋ-၃၂၄။

မယ်''လို့ ဝန်မခံရ၊ ဝန်ခံယူသွားမိလို့ရှိယင် ခြေလှမ်းတိုင်းမှာလဲ အာပတ်သင့်ပါတယ်၊ အဲဒီအလုပ်ကို အကြောင်းပြုပြီး ရလာတဲ့ ဆွမ်းတွေကို စားယင်လဲ မျိုတိုင်းမျိုတိုင်းမှာ အာပတ်သင့်ပါတယ်၊ သွားလိုရာအရပ်ကို ရောက်သွားတဲ့အခါ မိမိလာခဲ့ရာအရပ်က ''မည်သူတွေ မည်သူတွေ မာကြရဲ့လား''လို့ မေးယင်တော့ မာကြောင်းကို ပြောကောင်းပါတယ်။

ဒီဇင်္ဃပေသနိယ, ပဟိဏဂမန, ဒူတဂမနတွေနဲ့ ပတ်သက်တဲ့ မှတ်ဖွယ်ရာတွေကို ကုလဒူသနတုန်းက ပြောခဲ့ပြီးပါပြီ။

၂၄။ ဝေဇ္ဇကမ္မ-ဆေးပေးဆေးကုခြင်း[၁]

ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး ဒါယကာ ဒါယိကာမတွေအား ဆေးပေးမှု, ဆေးကုသမှုကို ပြုလုပ်ခြင်းဟာလဲ မိစ္ဆာဇီဝအနေသနတမျိုးပဲ ဖြစ်ပါတယ်၊ ကုလဒူသနတုန်းက ကျယ်ကျယ်ပြောခဲ့ပြီး ဖြစ်ပါတယ်၊ ဒီနေရာမှာတော့ ဘုရားရှင်လက်ထက်က ဖြစ်ပေါ်ခဲ့ဘူးတဲ့ အကြောင်းအရာလေးတခုကို ပြောပြပါဦးမယ်။

ဆေးဆရာရဟန်း[၂]။ ။မြတ်စွာဘုရား သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတဲ့အချိန်ဖြစ်ပါတယ်၊ စူဠသာရီဆိုတဲ့ရဟန်းဟာ ရှင်သာရိပုတ္တရာရဲ့တပည့် ဖြစ်ပါတယ်၊ တနေ့ကျတော့ အဲဒီစူဠသာရီဆိုတဲ့ရဟန်းက (လူတွေအား) ဆေးဝါးကုသမှုပြုလို့ မွန်မြတ်တဲ့ ဘောဇဉ်ကို ရလာပါတယ်၊ အဲဒီဘောဇဉ်ကိုယူပြီး ရွာက ထွက်လာခဲ့ပါတယ်၊ လမ်းခရီးအကြားမှာ ဆွမ်းခံဝင်လာတဲ့ ရှင်သာရိပုတ္တရာကို တွေ့ပါတယ်။

> ''အရှင်ဘုရား တပည့်တော်က ဒီဘောဇဉ်ကို (လူတွေအား) ဆေးဝါးကုသပေးတဲ့အတွက် ရလာခဲ့ပါတယ်၊ အရှင်ဘုရားများဟာ အခြားနေရာမှာ ဒီလို ကောင်းတဲ့ဘောဇဉ်ကို ရနိုင်မယ် မဟုတ်ပါဘူး၊ ဒါကို ဘုဉ်းပေးတော်မူပါ၊ တပည့်တော်က ဆေးဝါးကုသမှုကိုပြုပြီး အရှင်ဘုရားအတွက် အမြဲတမ်း ဒီလိုကောင်းတဲ့ အစားအစာတွေကို ယူဆောင်ဆက်ကပ်ပါ့မယ်''

၁။ မဟာနိ ဋ္ဌ-၃၅၄။ ၂။ ဓမ္မပဒ ဋ္ဌ-ဒု-၂၂၄။

သူ့စကားကို ကြားရတဲ့အခါ အရှင်သာရိပုတ္တရာက ဘာမှမပြောကြားပဲ ထွက်ခွါကြွသွားတော်မူပါတယ်၊ ကျောင်းကို ပြန်ရောက်တော့ ရဟန်းတော်များက ဒီအကြောင်းကို ဘုရားရှင်ထံ သွားရောက်လျှောက်ထားကြပါတယ်။

> "ရဟန်းတို့ အရှက်မရှိတဲ့ပုဂ္ဂိုလ်တွေဟာ ကြမ်းကြုတ်တယ်၊ ကျီးရဲနဲ့ တူတယ်၊ မိစ္ဆာဇီဝအမှုတွေ အနေသနအမှုတွေနဲ့ အသက်မွေးလွယ်တယ်၊ အရှက်အကြောက်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကတော့ အသက်မွေးခက်တယ်"

ဘုရားရှင်က ဒီလိုလဲ မိန့်ကြားတော်မူပါတယ်၊ ပြီးတော့ ဆက်လက်ပြီး တရားစကားကိုလဲ ဟောကြားတော်မူပါတယ်။

> အရှက်မရှိတဲ့ရဟန်း, (မရှက်တတ်တဲ့ရဟန်း) ကျီးရဲနဲ့တူတဲ့ရဟန်း, သူများဂုဏ်ကို ဖျက်ဆီးတတ်တဲ့ရဟန်း, ဟန်ဆောင်ကောင်းသော ရဟန်း,ကြမ်းကြုတ်တဲ့ရဟန်း၊ ဒီရဟန်းတွေဟာ အသက်မွေး လွယ်ကူတယ်၊ သူတို့ရဲ့ အသက်မွေးမှုကို "ညစ်နွမ်းတဲ့ အသက်မွေးမှုမျိုး"လို့ ဆိုရမယ်။
>
> အရှက်ရှိတဲ့ရဟန်း, (ရှက်တတ်တဲ့ရဟန်း) အမြဲစင်ကြယ်မှုကိုရှာတဲ့ ရဟန်း, မတွန့်ဆုတ်တဲ့ရဟန်း; မကြမ်းကြုတ်တဲ့ရဟန်း၊ ဒီရဟန်းတွေဟာ အသက်မွေးမှု စင်ကြယ်တဲ့ ရဟန်းတွေဖြစ်တယ်၊ သူတို့ဟာ စင်ကြယ်တဲ့ အသက်မွေးမှုကို အနှစ်သာရအနေနဲ့ မြင်နေကြတဲ့ အတွက် အသက်မွေး ခဲယဉ်းကြတယ်။

အရှက်မရှိတဲ့ရဟန်း။ ။မကောင်းမှုမှ ရှက်မှု ထိတ်လန့်ကြောက်ရွံ့မှု မရှိတဲ့ ရဟန်းကို အရှက်မရှိတဲ့ရဟန်းလို့ ဟောထားပါတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးဟာ အမေမဟုတ်သူကို "အမေ"လို့ခေါ်ဖို့လဲ ဝန်မလေးပါဘူး၊ အဖေမဟုတ်သူကို "အဖေ"ခေါ်ဖို့လဲ ဝန်မလေးပါဘူး၊ အမမဟုတ်သူကို "အမ"ခေါ်ဖို့လဲ ဝန်မလေးပါဘူး၊ ဒီလို အမေ အဖေ စသည်ဖြင့် ခေါ်ပေါ် ပြောဆိုပြီး မိစ္ဆာဇီဝအနေသနတွေကို ထောက်တည်ရပ်ပြီး လွယ်လွယ်ကူကူ အသက်မွေးနိုင်ကြပါတယ်။

ကျီးရဲနဲ့တူတဲ့ရဟန်း။ ။ကျီးကန်းလို ရဲရဲတင်းတင်း အစားအစာကို ရှာဖွေစားသောက်မှုကိုပြုတဲ့ရဟန်းကို ကျီးရဲနဲ့တူတဲ့ရဟန်းလို့ ဟောတော်မူထားပါတယ်၊ဒါကို နည်းနည်းချဲ့ပြီးပြောပြပါဦးမယ်၊ ကျီးဆိုတဲ့ သတ္တဝါဟာ အင်မတန်ရဲရင့်ပါတယ်၊အိမ်စသည်မှာတွေ့ရတဲ့အစာကို ထိုးသုတ်လိုတဲ့အခါ နံရံစသည်မှာ နားနေတတ်ပါတယ်၊လူတွေက မိမိကိုကြည့်နေတယ်ဆိုတာကို သိရလို့ရှိယင် အစာရှိတဲ့ဖက်ကို မကြည့်သလို တခြားကို ကြံစည်စဉ်းစားနေသလို အိပ်ငိုက်နေသလို လုပ်နေတတ်ပါတယ်၊ လူတွေက သတိလစ်တာနဲ့တပြိုင်နက် အိုးခွက်ထဲက ပါးစပ်ပြည့်အောင် ထိုးပြီး "ရှူးရှူး"လို့ လူများအော်နေတုန်းမှာပဲ သုတ်ယူဆောင်ပြေးတတ်ကြပါတယ်။

ဒီလိုပဲ အရှက်မရှိတဲ့ ရဟန်းဟာလဲ ရဟန်းတွေနဲ့အတူ မြို့ထဲရွာထဲကို လိုက်ပါသွားပြီး ယာဂုရမဲ့နေရာ, ဆွမ်းရမဲ့နေရာ စတဲ့ဟာတွေကို ပိုင်းခြားသတ်မှတ်ပြီး အစီအစဉ်ရေးဆွဲနေတတ်ပါတယ်။

ရဟန်းတွေက မြို့ထဲရွာထဲမှာ ဆွမ်းခံလှည့်လည်ပြီးမျှတရုံ ခံယူလာတတ်ကြပါတယ်၊ အဲဒီနောက် ဆွမ်းစားကျောင်းကိုကြွပြီး ပစ္စဝေက္ခဏာ ဆင်ခြင်ယင်း ယာဂုသောက်ကြပါတယ်၊ ပြီးလို့ရှိယင် ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြပါတယ်၊ စာအံကြ စာပြန်ကြပါတယ်၊ဆွမ်းစားကျောင်းကို တံမြက်လှည်းကြပါတယ်။

ဒီကျီးရဲနဲ့တူတဲ့ရဟန်းကတော့ ဒါတွေကိုဘာမှမလုပ်ပါဘူး၊မြို့တက်ရွာတက်ကိုသာ ကြည့်နေပါတယ်၊"ဒါလေးကိုကြည့်ကြစမ်းပါဦး"လို့ ရဟန်းတွေက ပြောပေမဲ့ မကြည့်သလို အခြားကို ကြံစည်စိတ်ကူးနေသလို အိပ်ငိုက်နေသလို သက်န်းနားပတ်သီးကပ်နေသလို၊သက်န်းကိုပြင်နေသလိုလုပ်နေပါတော့တယ်၊ မကြာခင်မှာပဲ "ငါ့မှာ ဘာကိစ္စလေးရှိသေးတယ်" လို့ ပြောကာဆိုကာနဲ့ မြို့ထဲ ရွာထဲကို ဝင်သွားပါတော့တယ်။

စောစောက ကြံတင်ပြီး စီစဉ်သတ်မှတ်ထားတဲ့ အိမ်တွေထဲက တအိမ်အိမ်သို့ ချဉ်းကပ်သွားပါတော့တယ်၊ အိမ်သူအိမ်သားတွေက တံခါးရွက်ကို စေ့ရုံစေ့ပြီး တံခါးနားမှာထိုင်ယင်း အော်ဟစ်တားမြစ် နေတုန်းမှာပဲ လက်တဘက်နဲ့ တံခါးရွက်ကို တွန်းဖွင့်ပြီး အိမ်ထဲကို ဝင်သွားပါတော့တယ်။

အဲဒီလို အတင်းဝင်ရောက်လာတာကို တွေ့ရတော့ လူတွေက မလှူချင်ပေမဲ့ နေရာမှာ အထိုင်ခိုင်းပြီး ယာဂုရှိယင် ယာဂုလှူကြရပါတယ်၊ ဆွမ်းရှိယင်

ဆွမ်းကိုလှူကြရပါတယ်၊ ကိုယ်တော်မြတ်ကတော့ အလိုရှိတိုင်း စားသောက်ပြီး အကြွင်းအကျန်ကို သပိတ်နဲ့ ယူဆောင်ထွက်ကြွလာပါတော့တယ်၊ ဒီရဟန်းမျိုးဟာ ''ကျီးရဲနဲ့တူတဲ့ရဟန်း'' မည်ပါတယ်။

သူများဂုဏ်ကို ဖျက်ဆီးတတ်တဲ့ရဟန်း။ ။''ဘယ်မထေရ်ဟာဖြင့် သိပ်အလိုနည်းတာပဲ'' စသည်ဖြင့် လူတွေရဲ့ပြောစကားကို ကြားရတဲ့အခါ ''တို့ကအလိုမနည်းဘူးတဲ့လား'' စတဲ့စကားမျိုးနဲ့ သူတပါးရဲ့ဂုဏ်ကို ချိုးဖဲ့ဖျက်ဆီးတတ်တဲ့ရဟန်းမျိုးကို ''သူများဂုဏ်ကို ဖျက်ဆီးတတ်တဲ့ရဟန်းလို့'' ဟောထားပါတယ်။

အဲဒီ ရဟန်းရဲ့စကားကိုကြားရတဲ့အခါ (အသိဉာဏ်နည်းပါးသူတွေက) ''ဒီကိုယ်တော်လဲပဲ အလိုနည်းမှုစတဲ့ဂုဏ်နဲ့ ပြည့်စုံတာပဲ''လို့ အထင်ရောက်သွားကြပါတယ်၊ ''ဒီကိုယ်တော်ကို လှူသင့်တန်းသင့်တယ်''လို့လဲ အသိအမှတ် ပြုလာတတ်ပါတယ်၊

ပညာရှိလူတန်းစားတွေက အဲဒီလိုပြောပုံဆိုပုံမျိုးကိုမကြိုက်ကြပါဘူး၊ မနှစ်သက်ကြပါဘူး၊ အဲဒီအချိန်ကစပြီး အဲဒီရဟန်းဟာ ပညာရှိလူတန်းစားတွေကို မနှစ်သက် မကျေနပ်စေနိုင်တော့ပဲ မိမိရဲ့လာဘ်လာဘကလဲ ယုတ်လျော့ရပါတော့တယ်၊ ဒီလိုပဲ သူများဂုဏ်ကို ဖျက်ဆီးတတ်တဲ့ပုဂ္ဂိုလ်ဟာ မိမိသူတပါး ၂-ဦးသားရဲ့လာဘ်ကို ဖျက်ဆီးရာ ရောက်ပါတော့တယ်။

ဟန်ဆောင်ကောင်းသောရဟန်း။ ။သူများလုပ်ထားတာကို သူလုပ်တာလို့ သူများအထင် ရောက်အောင် ဟန်ဆောင် လှည့်ပတ်သွားလာနေတဲ့ ရဟန်းမျိုးကို ဟန်ဆောင်ကောင်းတဲ့ရဟန်းလို့ ဟောတော်မူထားပါတယ်၊ အဲဒီရဟန်းမျိုးဟာ သူတပါးလုပ်ကိုင်ထားတဲ့ ကိစ္စတွေကိုလဲ မိမိကလုပ်တားသလို ညွှန်ပြလိုတဲ့အတွက် ရဟန်းတော်များ စောစောထပြီး စေတီရင်ပြင် စသည်တို့မှာ ပက်ကြီးဝတ်ငယ်ပြုပြီးတဲ့အခါ ကမ္မဋ္ဌာန်းကို နှလုံးသွင်းယင်း သင့်တော်ရာ ထိုင်ကြပြီးတဲ့နောက် ရွာထဲကိုဆွမ်းခံဝင်သွားလို့ရှိယင် မျက်နှာသစ်ပြီး ဖျော့တော့တဲ့သင်္ကန်းကို ဝတ်ရုံခြင်း, မျက်စဉ်းကွင်းခြင်း, ခေါင်းမှ ဆီကျတ်လိမ်းခြင်း စသည်ဖြင့် ကိုယ်ခန္ဓာကို တန်ဆာဆင်ပြီး တံမြက်လှည်းနေသလို ၂-ချက် ၃-ချက်လောက် လှည်းပြီးတော့ တံခါးမုခ်ဖက်ကိုသာ ကြည့်နေပါတော့တယ်။

လူတွေက နံနက်စောစောစောစောစေတီတော်ကိုပူဇော်ဝတ်ပြုဖို့လာကြတဲ့ရှိယင် အဲဒီ ရဟန်းကိုတွေ့ရတဲ့အခါမှာ "ဒီကျောင်းတိုက်ကြီး တခုလုံးဟာ ဒီရဟန်းငယ်က သုတ်သင်ထားလို့ ရှင်းရှင်းလင်းလင်း ရှိနေတာပဲ၊ ဒီကိုယ်တော်လေးကို မမေ့လျော့ကြနဲ့"လို့ပြောဆိုကြပြီး "သူ့ကို လှူသင့်တန်းသင့်တယ်"လို့ အသိအမှတ်ပြုထားကြပါတယ်၊ ဒီလို အာဘော ရှိတဲ့ ဝန်ဆောင်ကောင်းတဲ့ ရဟန်းမျိုးကလဲ အသက်မွေးလွယ်ကူပါတယ်။

ကြမ်းကြုတ်တဲ့ရဟန်း။ ။ကိုယ်ရဲ့ကြမ်းတမ်းမှု နှုတ်ရဲ့ကြမ်းတမ်းမှုနဲ့ပြည့်စုံတဲ့ ရဟန်းမျိုးပဲ ကြမ်းကြုတ်တဲ့ ရဟန်းလို့ဟောတော်မူထားပါတယ်၊ လိုရင်းအဓိပ္ပါယ်ကတော့ (၁၉။ ပဌမဒုကကထာမှာ ပြောဆိုလာခဲ့တဲ့)ကာယပါဂဗ္ဘိယ, ဝါစပါဂဗ္ဘိယတွေနဲ့ မထူးလှတော့ပါဘူး။

၂၈။ နဝကမ္မ-လူများအလုပ်ကို လုပ်ကိုင်ပေးခြင်း

ဒါယကာ ဒါယိကာမတွေဆီက ပစ္စည်းလာဘ်လာဘကို မျှော်လင့်တောင့်တပြီး လုပ်စရာကိုင်စရာတွေကို ကူညီလုပ်ကိုင် ဆောင်ရွက်ပေးတာဟာလဲပဲ မိစ္ဆာဇီဝ အနေသနတမျိုးပဲ ဖြစ်ပါတယ်။

ဒါယကာ ဒါယိကာမတွေကလဲ "အရှင်ဘုရား ဒါလေးကို ခဏကူညီလုပ်ကိုင်ပေးပါဦး"လို့ ရဟန်းတော်တွေကို မခိုင်းကောင်းပါဘူး၊ ခိုင်းယင် ခိုင်းတဲ့လူများမှာလဲ အပြစ်ရှိပါတယ်။

ဒါသက[1]။ ။ကဿပဘုရားရှင် လက်ထက်မှာ အမျိုးသားတယောက်ဟာ ရဟန္တာမထေရ်တပါးကို ဆည်းကပ်ကိုးကွယ်ပါတယ်၊ တနေ့မှာ မိမိလုပ်ငန်းကိုကူညီလုပ်ကိုင်ပေးဖို့ မထေရ်မြတ်ကို ခိုင်းစေမိပါတယ်၊ အဲဒီကံကြောင့်ပဲ ဂေါတမမြတ်စွာဘုရားရဲ့လက်ထက်မှာ အနာထပိဏ်သဌေးရဲ့ကျွန်မဝမ်းမှာ ပဋိသန္ဓေ တည်နေလာရပါတယ်၊အရွယ်ရောက်တဲ့အခါ အနာထပိဏ်သဌေးက ဇေတဝန်ကျောင်းဆောင်ကို သုတ်သင်ရှင်းလင်း ခိုင်းထားပါတယ်၊ သူ့ရဲ့ နာမည်ကတော့ "ဒါသက"ပဲ ဖြစ်ပါတယ်။

၁။ ထေရ ၁-၈-၈၅။

၂၉။ ပိဏ္ဍပဋိပိဏ္ဍ-ဆွမ်းတုံ့ပေးခြင်း [၁]

ဒါယကာ ဒါယိကာမတွေက ဆွမ်းစသည်ကို လာလှူတဲ့အခါ မိမိကလဲ အတုံ့အပြန်ပေးခြင်း, ကျွေးမွေးခြင်းဟာလဲ မိစ္ဆာဇီဝအနေသာ တမျိုးပဲ ဖြစ်ပါတယ်။ ယခုကာလဆွမ်းစသည် လာလှူတဲ့လူတွေကို ရဟန်းတော်များက ငှက်ပျောသီးအုန်းသီး စသည်တို့ကိုပေးခြင်း, ကျောင်းမှာရှိတဲ့ စားစရာ သောက်စရာတွေကို ချကျွေးခြင်းမျိုးပဲ ဖြစ်ပါတယ်။

ဦးဦး ဖျားဖျား မည်သူကမှ မစားရသေးတဲ့ ဆွမ်းစသည်ကို ပေးမိကျွေးမိ ပါက သဒ္ဓါဒေယျဝိနိပါတ ဒုက္ကဋ်အာပတ်လဲ သင့်နိုင်ပါသေးတယ်။

ဆွမ်းဦးပေးကောင်းသူ [၂]။ ။တကျုပ်တန် ဆွမ်းကိုတောင်မှ အမိအဖတို့အား ပေးကောင်းပါတယ်၊ သဒ္ဓါတရားနဲ့ပေးလှူတဲ့ ပစ္စည်းကို အလွဲသုံးစားပြုရာ မရောက်ပါဘူး၊ ဒုက္ကဋ်အာပတ်လဲ မသင့်ပါဘူး။

(ရှေးခေတ်က တကျုပ်တန် ဆွမ်းဆိုတာ အကောင်းအဆင့်အတန်း မြင့်တဲ့ ဆွမ်းမျိုးပဲ ဖြစ်ပါတယ်၊ ဒါနဲ့ "တကျုပ်တန် ဆွမ်းကို တောင်မှ"လို့ မြွက်ပင့်ပြီး ပြောဆိုလိုက်ပါတယ်။)

မိမိ (ရဟန်း)ရဲ့ အမေအဖေကို ပြုစုလုပ်ကျွေးနေတဲ့သူတွေ, ဝေယျာဝစ္စ ပြုလုပ်နေသူတွေ, ရှင်လောင်း ဒီပုဂ္ဂိုလ်တွေကိုလဲ ဦးဦးဖျားဖျား ဆွမ်းကို ပေးကောင်းပါတယ်။

အဲဒီ ပုဂ္ဂိုလ်တွေထဲက ရှင်လောင်းကို ရဟန်းတို့ စားတဲ့ခွက်မှာ ထည့် ပေးကောင်းပါတယ်၊ ရှင်လောင်းမှတပါး အခြား လူဝတ်ကြောင်တွေကို တော့ အမိအဖတွေ ဖြစ်နေတောင်မှ ရဟန်းတို့စားတဲ့ခွက်မှာ ထည့်မပေး ကောင်းပါဘူး၊ ရဟန်းတွေရဲ့ အသုံးအဆောင်ဟာ လူဝတ်ကြောင်တွေရဲ့ စေတီအရာမှာ တည်နေပါတယ်။

(ရဟန်းတွေရဲ့ စားခွက်စတဲ့ အသုံးအဆောင်ဟာ လူဝတ် ကြောင်တွေရဲ့ ရှိခိုးလေးစားရာ ဖြစ်ပါတယ်၊ ဒါကြောင့် လူဝတ် ကြောင်တွေက ရဟန်းတွေရဲ့ အသုံးအဆောင်ကို မသုံးဆောင် ကောင်းပါဘူး၊ ရဟန်းတွေကလဲ သုံးစွဲဖို့ ခွင့်မပြုကောင်းပါဘူး။)

၁။ မဟာဝိ ဋ္ဌ-၃၅၄။ ၂။ ပါရာဇိက ဋ္ဌ-၃-၆၇။

ဒါတင်မကသေးပါဘူး၊ ဆွမ်းဦးဆွမ်းဖျားကို ကျောင်းသို့ ရောက်လာတဲ့ ခိုးသား, ဒမြ, သူပုန်, အစိုးရ (အာဏာလက်ကိုင်ရှိသူ) တွေကို ပေး ကောင်းပါသေးတယ်။

အဲဒီ ခိုးသား, ဒမြ, သူပုန်, အစိုးရတွေဟာ မပေးပဲ နေပြန်ယင်လဲ "ပေးဖော် ကမ်းဖော်မှ မရဘူး"ဆိုပြီး အမျက် ထွက်တတ်ကြပါတယ်၊ ဦးဦးဖျားဖျား ယူထားပြီးမှ ပေးပြန်ယင်လဲ "စားကြွင်း စားကျန်ကို ပေးကြတာပဲ"လို့ အမျက် ထွက်တတ်ကြပါတယ်၊ သူတို့ စိတ်ဆိုး အမျက် ထွက်လို့ရှိယင် ရဟန်းတွေကိုသော်လဲ ဘတ်သွားတတ်ကြ ပါတယ်၊ ဒါမှ မဟုတ်ယင် သာသနာတော်ရဲ့ အန္တရာယ်ကိုသော်လဲ ပြုသွားတတ်ကြပါတယ်၊ ဒါကြောင့် သူတို့ကို မပေးပဲ မနေသင့်ပါဘူး။

ဒီလို တုံ့ပြန်ပူဇော်ပါ[၁]။ ။ရဟန်းတို့ ဒီဒါယကာ ဒါယိကာမ တွေဟာ သင်တို့ရဲ့ ဆွေမျိုးလဲ မဟုတ်ကြဘူး၊မိတ်ဆွေလဲ မဟုတ်ကြဘူး၊ ကြွေးမြီယူထားကြသူတွေလဲ မဟုတ်ကြဘူး၊ အမှန်ကတော့ ဒီရဟန်းတော်တွေဟာ သူတော်ကောင်းတွေပဲ၊ ကောင်းတဲ့အကျင့်ကို ကျင့် နေကြတဲ့သူတွေပဲ၊ ဒီရဟန်းတော်တွေမှာပြုလုပ်တဲ့ ငါတို့ရဲ့ ပူဇော်မှုဟာ အကျိုး ကြီးမားပေလိမ့်မယ်၊ အာနိသင် ကြီးမားပေလိမ့်မယ်၊ ဒီလို အကျိုးထူးကို လိုလား တောင့်တပြီး သင်တို့ကို သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး ပစ္စည်းလေးပါးတွေနဲ့ ပြုစုလုပ်ကျွေးနေကြတာပဲ။

ဒါ့ကြောင့် သင်တို့တတွေဟာ သူတို့ရဲ့ လိုလားတောင့်တချက်ကို ပြည့်ဝ အောင် လုပ်ကြရမယ်၊ မမေ့မလျော့ သတိကရားနဲ့ ပြည့်စုံကြရမယ်၊ သင်တို့က တရားဟောကြားတာဟာလဲပဲ အားထုတ်တတ်တဲ့ လူတွေကို ဟောမှပဲ တင့်တယ်ပါတယ်၊ အဲဒီလိုလူတွေကမှ လိုက်နာတတ်ပါတယ်၊ အခြားလူတွေကို ဟောလို့တော့ တင့်လဲ မတင့်တယ်ပါဘူး၊ လိုက်နာမယ်လဲ မဟုတ်ပါဘူး၊ ဒီလို မွန်ကန်တဲ့ အကျင့်မှာ မေ့လျော့မှုကို မပြုသင့်ပါဘူး။

ဒီတော့ ဘုရားရှင်ရဲ့ အလိုတော်ကတော့ ဆွမ်းစသည်ကို လာရောက် လှူဒါန်းတဲ့အတွက် သူတို့ကို တုံ့ပြန် ပူဇော်လိုခဲ့ပါလျှင် "သူတို့ လိုလား

၁။ ဣတိဝုတ် ၄၄-၁၂၃။

တောင့်တတဲ့အတိုင်း အကျိုးကြီးမားအောင် ကိုယ်က ကောင်းကောင်း နေရမယ်၊ ကောင်းကောင်းကျင့်ရမယ်၊ တရားစကားများများ ဟောပြော ပေးရမယ်''လို့ ဆိုလိုတာပါပဲ။

၃၀။ ဒါနာနုပ္ပဒါန—ပေးတုံ့ပေးခြင်း [၁]

နောက်ထပ်ပေးလှူမဲ့ ပစ္စည်းလာဘ်လာဘကို မျှော်လင့် တောင့်တပြီး မိမိကို လာရောက်လှူဒါန်းသူတွေအား မိမိမှာရှိနေတဲ့ဝတ္ထုကို အတုံ့အလှည့် ပေးခြင်းမျိုးဟာလဲပဲ မိစ္ဆာဇီဝအာနေသနပဲ ဖြစ်ပါတယ်။

ပဋိသန္ထာရ [၂]။ ။ဆွမ်းတုံ့ပေးခြင်း, ပေးတုံ့ပေးခြင်းတွေ ဆိုတာဟာ ပဋိသန္ထာရတမျိုးပဲ ဖြစ်ပါတယ်၊ ဒါ့ကြောင့် ဒီနေရာမှာ ပဋိသန္ထာရကို ထည့်သွင်းပြီး ပြောသွားပါ့မယ်။

အသုံးအဆောင်ပစ္စည်း (အာမိသ) ကို မရတဲ့အတွက်ပဲဖြစ်ဖြစ်, စာပေ ကျမ်းဂန်သင်ကြားမှုကို မရတဲ့အတွက်ပဲဖြစ်ဖြစ် မိမိနဲ့ အခြားပုဂ္ဂိုလ်တွေရဲ့ ကြားမှာ ဖြစ်ပေါ်လာမဲ့ အပေါက်အကြား အကွဲအအက်ကို ပိတ်ဆို့ ဖာထေးခြင်း ဆက်စပ်ပေးခြင်းကိုပဲ ''ပဋိသန္ထာရ''လို့ ခေါ်ပါတယ်။

ဒါဟာ မှန်ပါတယ်၊ လောကသူ လောကသားတွေဟာ ပစ္စည်းလာဘ် လာဘကို မရတဲ့အတွက်ကြောင့်ပဲဖြစ်ဖြစ်, စာပေကျမ်းဂန် သင်ကြားမှုကို မရတဲ့အတွက်ကြောင့်ပဲဖြစ်ဖြစ် တည်းနဲ့တဦးရဲ့ကြားမှာပဲ အပေါက်အကြား ဖြစ်လာတတ်ပါတယ်၊ အဒီလို အပေါက်အကြား မထင်ရှားအောင် ကုလားထိုင် ကို အပေါ်ခင်းနဲ့ ခင်းထားလိုက်သလို ပစ္စည်းလာဘ်လာဘနဲ့ စေ့စပ်အောင် ပြုလုပ်ပေးတာကို ''အာမိသ ပဋိသန္ထာရ''လို့ ခေါ်ပါတယ်၊ တရားပေစာ သင်ကြားပေးခြင်း ဟောပြောပေးခြင်းနဲ့ စေ့စပ်အောင် ပြုလုပ်ပေးတာကို တော့ ''ဓမ္မပဋိသန္ထာရ''လို့ ခေါ်ပါတယ်။

အဲဒီ ၂-မျိုးထဲက အာမိသပဋိသန္ထာရကို လာလာသမျှ လူတွေအပေါ်မှာ မပြုလုပ်ကောင်းပါဘူး၊ ခုနက ဘုန်းကြီးပြောထားခဲ့တဲ့ မာတာပိတုသူတွေရဲ့အပေါ် မှာသာ ပြုလုပ်ကောင်းပါတယ်။ ဒြးတော့ ''ကျောင်းကို ရောက်လာတဲ့

၁။ မဟာနိ ၄-၃၅၄၊ ၂။ ပါရာဇိကဏ် ၃-၄-၆၈။

ဧည့်သည်၊ ဆင်းရဲနွမ်းပါးသူ၊ သူပုန်၊ ဒမြ၊ အစိုးရ" ဒီပုဂ္ဂိုလ်တွေအပေါ်မှာလဲ ပြုကောင်းပါသေးတယ်။

ရိက္ခာကုန် (ပြတ်) ပြီး ကျောင်းကိုရောက်လာတဲ့ဧည့်သည်ကို "ရေသောက်ပါဦး" ပြောပြီး ရေကို ပေးသင့်ပါတယ်၊ ခြေနယ်ဆီကို ပေးသင့်ပါတယ်၊ နံနက်အချိန်မှာ ရောက်လာတဲ့ဧည့်သည်တွေအား ယာဂုထမင်းကိုပေးသင့်တယ်၊ ညနေချိန်မှာ ရောက်လာတဲ့ ဧည့်သည်တွေအား ဆန်ရှိယင် ဆန်ပေးသင့်တယ်၊ အချိန်မဲ့ညဉ့်အခါမှ ရောက်လာတဲ့ဧည့်သည်ကို "ပြန်သွားပါ" လို့ မပြောသင့်၊ အိပ်မဲ့နေရာကို ပေးသင့်ပါတယ်၊ ဒီအလုပ်ကိစ္စ အကုန်လုံးကို ပစ္စည်းလာဘ်လာဘကို မတောင့်တပဲသာ ပြုသင့်ပါတယ်။

"လူတွေဟာကိုတာဟာ ပစ္စည်းလေးပါးကို ပေးလှူတတ်ကြတယ်၊ ဒီလို ချီးမြှောက်မှုကို ပြုလိုက်ယင် ထပ်ကာထပ်ကာ ကြည်ညိုလာပြီး သင့်တော်တဲ့ ကျေးဇူးကို ပြုကြလိမ့်မယ်" ဒီလိုစိတ်မျိုးကို မဖြစ်စေသင့်။

ပဋိသန္ထာရအကျိုး။ ။သီဟိုဠ်ကျွန်းမှာ "အဘယ" ဆိုတဲ့သူပုန်ဟာ နောက်လိုက်နောက်ပါ အခြံအရံ ါးရာရှိကယ်၊ တနေရာမှာ သစ်တုံးခံတပ်ကို ပြုလုပ်နေထိုင်ပါတယ်၊ ပတ်ဝန်းကျင် သုံးယူဇနာလောက်ရှိတဲ့အရပ်မှာ မိမိလူတွေမှတပါး အခြားလူတွေကို နေထိုင်ခွင့်မပေးပါဘူး၊ အကုန်လုံးကို ထွက်သွားအောင် လုပ်ထားပါတယ်။

အနုရာဓ မြို့သူမြို့သားတွေက ကဋမ္ဗမြစ်ကို မကူးဝံ့ကြပါဘူး၊ စေတိယဂိရိ တောင်ကျောင်းကို သွားတဲ့လမ်းမှာ လူအသွားအလာ ပြတ်စဲသွားပါတယ်။

တနေ့ကျတော့ သူပုန်တွေက "စေတိယဂိရိကျောင်းကို လုယက်မယ်" ဆိုတဲ့ အကြံနဲ့ ကျောင်းနားကို ရောက်လာကြပါတယ်၊ အာရာမ်စောင့်တွေက တွေ့တော့ ဒီဃနိကာယ်ဆောင် အဘယထေရ်ကို လျှောက်ထားကြပါတယ်၊ မထေရ်က အာမိသပဋိသန္ထာရပြုရအောင် စစ်ဆေး စီမံတော်မူပါတယ်။

"ကျောင်းမှာ ထောပတ်တင်လဲ စတဲ့ဟာတွေ ရှိကြရဲ့လား"

"အဆင်သင့် ရှိနေပါတယ်ဘုရား"

"ဒါဖြင့် အဲဒါတွေကို သူပုန်တို့အား ပေးလိုက်ကြတာပေါ့၊ ဆန်များကော ရှိသေးရဲ့လား"

"သံဃာတော်တွေအတွက် ယူဆောင်လာတဲ့ဆန်များလဲ ရှိပါတယ်၊ ဟင်းရွက်များလဲ ရှိပါတယ်၊ နွားနို့ထောပတ်များလဲ ရှိပါတယ်"

"ထမင်းချက်ပြီး သူပုန်တွေကို ကျွေးလိုက်ကြတာပေါ့"

အာရာမ်စောင့်တွေကလဲ မထေရ် အမိန့်ရှိတဲ့ အတိုင်း သူပုန်တွေအား ပေးကမ်းကျွေးမွေးကြပါတယ်၊ ထမင်းစားပြီးတဲ့အခါ သူပုန်တွေက အာရာမ်စောင့်တွေကို မေးမြန်းစုံစမ်းကြပါတယ်။

"ဘယ်ပုဂ္ဂိုလ်က ဒီလို ပေးကမ်းကျွေးမွေးဖို့ ခိုင်းတာလဲ"

"ကျွန်တော်တို့ရဲ့ အရှင်အဘယထေရ်က ခိုင်းတာပါပဲ"

အဲဒီစကားကိုကြားရတဲ့အခါ သူပုန်တွေက အာရာမ်စောင့်တွေကို လမ်းပြခိုင်းပြီး အဘယထေရ်ဆီကို သွားရောက်ကြပါတယ်၊ ရောက်သွားတဲ့အခါ ရှိခိုးလျှောက်ထားကြပါတယ်။

> "တပည့်တော်များက 'သံဃာတော်ရဲ့ဥစ္စာ၊ စေတီတော်ရဲ့ဥစ္စာတွေကို လုယူမယ်'လို့ လာကြတာပါ၊ ဒါပေမယ့်လို့ အရှင်ဘုရားတို့က ဒီလိုပေးကမ်း ကျွေးမွေးတာနဲ့ပဲ ကြည်ညိုကြပါတယ်၊ ကျေနပ်ကြပါတယ်၊ ဒီနေ့ကစပြီး ကျောင်းမှာ တရားနဲ့ လျော်တဲ့ အစောင့်အရှောက်ဟာ တပည့်တော်တို့ရဲ့ တာဝန်ဖြစ်ပါစေ၊ မြို့သူမြို့သားတွေ လာပြီး အလှူအတန်းပြုလုပ်ကြပါစေ၊ စေတီတော်ကို ဖူးမြော်ရှိခိုးကြပါစေ"

အဲဒီအချိန်ကစပြီး သူပုန်တွေက အလှူအတန်းလုပ်မယ်လို့လာကြတဲ့ မြို့သူမြို့သားတွေကို ကဋ္ဌမ္ဗုမြစ်ကမ်းကပင် ခရီးဦးကြိုဆိုကြပါတယ်၊ ကူညီ စောင့်ရှောက်ပြီး ကျောင်းကိုရောက်အောင် ပို့ဆောင်ပေးကြပါတယ်၊ ကျောင်းမှာ အလှူအတန်းပြုလုပ်နေတဲ့ အချိန်မှာလဲ ကူညီစောင့်ရှောက်မှုကို ပြုလုပ်နေကြပါတယ်။

မြို့သူမြို့သားတွေကလဲ ရဟန်းတော်တွေ ဘုဉ်းပေးပြီး ကြွင်းကျန်နေတဲ့ စားစရာသောက်စရာတွေကို သူပုန်တို့အား ကျွေးကြပါတယ်၊ ပြန်တဲ့အခါမှာလဲ သူပုန်တွေက မြစ်ကမ်းရောက်အောင် လိုက်ပါပို့ဆောင်ပေးကြပါတယ်။

တနေ့ကျတော့ ရဟန်းသံဃာတွေရဲ့အလယ်မှာ ကဲ့ရဲ့ရှုတ်ချတဲ့စကားမျိုး ဖြစ်ပွားလာခဲ့ပါတယ်။

> "အဘယထေရ်ဟာ ပိုင်စိုးပိုင်နင်းသဘောနဲ့ သံဃာပိုင်ပစ္စည်းတွေကို သူပုန်များအား ပေးခဲ့ပါတယ်"

ဒီလိုပြောဆိုလာကြပါတယ်၊ "အဲဒီပစ္စည်းတွေအတွက် အဘယထေရ်က ဘဏ္ဍာစားပေးသင့်တယ်"လို့လဲ စောဒနာကြပါတယ်။

အဲဒီလို အပြောအဆိုများလာတဲ့အခါ အဘယထေရ်က သံဃာ့အစည်းအဝေးခေါ်ပြီး ရှင်းလင်းလျှောက်ထားပါတယ်၊

> "သူပုန်များဟာ 'သံဃာတော်ရဲ့ ပစ္စည်းတွေ စေတီတော်ရဲ့ဥစ္စာတွေကို လုယူမယ်'လို့လာကြတာပါ၊ အဲဒီအချိန်မှာ တပည့်တော်က 'ဒီလိုပေးကမ်းကျွေးမွေးလိုက်လို့ရှိယင် မလုယူပဲ နေကြလိမ့်မယ်'လို့ ကြံစည်စိတ်ကူးမိတာနဲ့ ဒီလောက်ကလေး ပေးကမ်းကျွေးမွေးမှုကို ပြုခဲ့တာပါ၊ အဲဒီတပည့်တော်ပေးခဲ့သမျှ အကုန်လုံးကို စုပေါင်းပြီး တန်ဖိုး အဖြတ်ခိုင်းကြပါ၊ ပြီးတော့ တပည့်တော်က ပေးကမ်းကျွေးမွေးမှုကို ပြုလိုက်တဲ့အတွက် အလုအယက်မခံရတဲ့ ဘဏ္ဍာတွေကိုလဲပဲ စုပေါင်းပြီး တန်ဖိုးအဖြတ်ခိုင်းကြပါ၊ တပည့်တော်ပေးကမ်းကျွေးမွေးလိုက်တာက တန်ဖိုးများနေမယ်ဆိုယင် တပည့်တော်က ဘဏ္ဍာစားပေးပါ့မယ်"

အဘယထေရ်ရဲ့ ရှင်းလင်းလျှောက်ထားချက်ကို ကြားရတဲ့အခါ သံဃာတော်များက ညှိနှိုင်း စဉ်းစားကြပါတယ်၊ အဘယထေရ်က ကျွေးမွေးပေးကမ်းလိုက်သမျှ ပစ္စည်းအကုန်လုံးဟာ စေတီတော် ကျောင်းဆောင်မှာ ရှိနေတဲ့ လက်ရာမြောက်လှတဲ့ ရုပ်စုံအခင်းတခုလောက်မျှ မထိုက်တန်ကြောင်း ဆုံးဖြတ်ကြပါတယ်။

> "အဘယထေရ် ပြုလုပ်ခဲ့တဲ့အပြုသာ ပဋိသန္ထာရဟာ အင်မတန်ကောင်းမွန်တဲ့ ပဋိသန္ထာရဖြစ်ပါတယ်၊ အဘယထေရ်ကို အပြစ်မတင်သင့်ပါ၊ သတိပေးရန် စောဒနာရန်လဲ မသင့်ပါ၊ ဘဏ္ဍာစားလဲ မထိုက်ပါ၊ ခိုးခြင်းလဲ မဖြစ်နိုင်ပါ"

ဒီလိုလဲ ရဟန်းတော်များ ပြောဆို ဝန်ခံကြရပါတယ်၊ "အာမိသ ပဋိသန္ထာရ" ဆိုတာဟာ "ဒီလိုပဲ ကြီးကျယ်တဲ့အကျိုးရှိတယ်"လို့ မှတ်သားသင့်ပါတယ်၊ ဒါပေမဲ့ ဝိနည်းကို ကျွမ်းကျင် နားလည်တဲ့ ရဟန်းကသာ အာမိသပဋိသန္ထာရကို လုပ်သင့် ပါတယ်၊ ဝိနည်းကို နားမလည်တဲ့ ရဟန်းက မလုပ်သင့်ပါ၊ ဝိနည်းကို နားမလည်ပဲနဲ့ ပြုလုပ်ခဲ့ပါယင် ကုလဒူသန, မိစ္ဆာဇီဝ, အနေသနတွေ ဖြစ်တတ်ပါတယ်။

"ဓမ္မပဋိသန္ထာရကိုတော့ ဘယ်ပုဂ္ဂိုလ်တွေအား မပြုရ"လို့ တားမြစ်ချက် မရှိပါဘူး၊ လူဝတ်ကြောင်တွေကိုပဲဖြစ်ဖြစ် ရဟန်းသာမဏေတွေကိုပဲဖြစ်ဖြစ် ဘယ်ပုဂ္ဂိုလ်မျိုးကိုမဆို ဓမ္မနဲ့ချီးမြှောက်မှုကို ပြုသင့်တာချည်းပါပဲ။[၁]

ဒါကြောင့်မို့လို့ ရဟန်းတော်များဟာ ပဋိသန္ထာရပြုသင့်တဲ့ပုဂ္ဂိုလ်, မပြုသင့်တဲ့ ပုဂ္ဂိုလ်, ထိုထိုပုဂ္ဂိုလ်အလိုက် ပြုသင့်တဲ့ပဋိသန္ထာရ, မပြုသင့်တဲ့ပဋိသန္ထာရတွေကို သိနားလည်အောင် လေ့လာပြီးတဲ့နောက် ဘုရားရှင်ခွင့်ပြုထားတဲ့ ဥပဒေဘောင်အတွင်းကနေပြီး စွမ်းအားအလျောက် ပဋိသန္ထာရ ပြုသင့်တာပါပဲ။

ဒီစကားဟာ မှန်ကန်တဲ့စကားဖြစ်ပါတယ်၊ ပဋိသန္ထာရကို စနစ်တကျ မပြုလုပ်ယင် သာသနာတော် ကြာရှည်လေးမြင့် မတည်တံ့နိုင်ကြောင်း ပဋိသန္ထာရကို အချိုးတကျ ပြုလုပ်မှသာ သာသနာတော် ကြာရှည်လေးမြင့် တည်တံ့နိုင်ကြောင်းများကို အခု ဘုန်းကြီး ပြောပြမဲ့ ကိမိလသုတ်က ညွှန်ပြနေပါတယ်။

ကိမိလသုတ်[၂]။ ။ဘုရားရှင် ကိမိလမြို့ ကျည်းပင်တော (နိစုလဝန) မှာ သီတင်းသုံး နေတော်မူချိန်ဖြစ်ပါတယ်။

အရှင်ကိမိလက ဆည်းကပ်ခစားဖို့ ဘုရားရှင်ဆီကို ရောက်သွားခဲ့ပါတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်၊ အဲဒီလို ထိုင်နေပြီးတဲ့နောက် သာသနာတော်ရဲ့ အနာဂတ်ရေးရာနဲ့ စပ်လျဉ်းပြီး ဘုရားရှင်ကို လျှောက်ထားပါတယ်။

၁။ သာရတ္ထ ၃-၂၇၉၊ ၂။ အင်္ဂုတ္တရ ပါ ၃-၄၆၀၊

"ရှင်တော်မြတ်ဘုရား ရှင်တော်မြတ်ဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့နောက်ပိုင်းမှာ သာသနာတော် (သဒ္ဓမ္မ) ကြာရှည်လေးမြင့်မတည်တံ့နိုင်ခြင်းရဲ့အကြောင်းဟာ ဘာပါလဲဘုရား"

"ကိမိလ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများနဲ့ ဒါယကာဒါယိကာမတွေဟာ—

၁။ ဘုရားအပေါ်မှာ ရိုသေကျိုးနွံမှုမရှိပဲ နေကြလိမ့်မယ်၊
၂။ တရားအပေါ်မှာ ရိုသေကျိုးနွံမှုမရှိပဲ နေကြလိမ့်မယ်၊
၃။ သံဃာ့အပေါ်မှာ ရိုသေကျိုးနွံမှုမရှိပဲ နေကြလိမ့်မယ်၊
၄။ အကျင့်သိက္ခာအပေါ်မှာ ရိုသေကျိုးနွံမှုမရှိပဲ နေကြလိမ့်မယ်၊
၅။ သမာဓိအရာမှာ ရိုသေကျိုးနွံမှုမရှိပဲ နေကြလိမ့်မယ်၊
၆။ အပ္ပမာဒအရာမှာ ရိုသေကျိုးနွံမှုမရှိပဲ နေကြလိမ့်မယ်၊
၇။ အစေ့အစပ်ပြုမှု (ပဋိသန္ထာရ) အရာမှာ ရိုသေ လေးစားမှု မရှိပဲ နေကြလိမ့်မယ်။

ဒါတွေဟာ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာတော် ကြာရှည်လေးမြင့် မတည်တံ့ခြင်းရဲ့ အကြောင်းဖြစ်တယ်"

"ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာတော် ကြာရှည်လေးမြင့် တည်တံ့ခြင်းရဲ့ အကြောင်းကော ဘာတွေပါလဲ ဘုရား"

"ကိမိလ ငါဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့နောက်ပိုင်းမှာ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေများနဲ့ ဒါယကာ ဒါယိကာမတွေဟာ—

၁။ ဘုရားအပေါ်မှာ ရိုသေလေးစားမှု ရှိနေကြမယ်၊
၂။ တရားအပေါ်မှာ ရိုသေလေးစားမှု ရှိနေကြမယ်၊
၃။ သံဃာအပေါ်မှာ ရိုသေလေးစားမှု ရှိနေကြမယ်၊
၄။ အကျင့်သိက္ခာအပေါ်မှာ ရိုသေလေးစားမှု ရှိနေကြမယ်၊
၅။ သမာဓိအရာမှာ ရိုသေလေးစားမှု ရှိနေကြမယ်၊
၆။ အပ္ပမာဒအရာမှာ ရိုသေလေးစားမှု ရှိနေကြမယ်၊

၇။ အစေ့အစပ်ပြုမှု (ပဋိသန္ထာရ) အရာမှာ ရှိသေလေးစားမှု ရှိနေကြမယ်ဆိုယင် ငါဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာတော်ဟာ ကြာရှည်လေးမြင့် တည်တံ့ပေလိမ့်မယ်''

''ဒီဘုရားကို ရှိသေလေးစားမှုစသည်ပဲ ငါဘုရားပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့ နောက်ပိုင်းမှာ သာသနာတော် ကြာရှည်လေးမြင့် တည်တံ့ခြင်းရဲ့အကြောင်း ဖြစ်ပေတယ်''

ဒွန်းစဏ္ဍားရဲ့ စားကြွင်းစားတဲ့[၁]။ ။တခါနိမှာ ရဟန်းတော် အများအပြားဟာ ဆေးကုသမှု, တမန်သည်တို့ရဲ့ဥစ္စာ ဖြစ်တဲ့ လူတွေရဲ့ ပေးစာတွေ နှုတ်မှာစကားတွေကို ယူဆောင်ပြီး တရွာက တရွာ(စသည်)သို့ ခရီးရှည်သွားလာပေးမှု, လူတွေက ခိုင်းစေလိုက်တဲ့အတွက် တအိမ်ကတအိမ်သို့ ခရီးတိုသွားလာပေးမှု, တအိမ်က တအိမ်ကို သွားပြီး အစေအပါးခံမှု, ဆွမ်းတုံ့ပေးမှု, ဒီလို အစရှိတဲ့ မိစ္ဆာဇီဝအနေသနတွေနဲ့ အသက်မွေးမှုကို ပြုနေကြပါတယ်။

''ယခုနေအချိန်မှာ ရဟန်းတွေဟာ မိစ္ဆာဇီဝ အနေသနတွေနဲ့ အသက်မွေးမှုကို ပြုနေကြတယ်၊ ဒီလို အသက်မွေးမှုလို ပြုကြတဲ့အတွက် အဲဒီရဟန်းတွေဟာ ဘီလူးဘဝ ပြိတ္တာဘဝက လွတ်ကြမှာ မဟုတ်ဘူး၊ ဝန်ဆောင်နွားလား (မုရဂေါဏ) ဖြစ်ကြရလိမ့်မယ်၊ ငရဲမှာ ပဋိသန္ဓေယူကြရလိမ့်မယ်၊ အဲဒီ ရဟန်းတွေရဲ့ စီးပွားချမ်းသာ အလို့ငှာ တရားဒေသနာတခုကို ငါဘုရားဟောသင့်တယ်''

ဘုရားရှင်က ဒီလို တွေးတော စဉ်းစားပြီးတဲ့နောက် ရဟန်းသံဃာကို စည်းဝေးစေပြီး တရားစကား မိန့်ကြားတော်မူပါတယ်။

''ရဟန်းတို့ မအပ်တဲ့ရှာဖွေခြင်းမျိုးနဲ့ ပစ္စည်းလေးပါးကို မရှာသင့်ဘူး၊ မအပ်တဲ့ ရှာဖွေခြင်းမျိုးနဲ့ ရှာလို့ရလာတဲ့ဆွမ်းဟာ အလျှံရဲရဲ တောက်လောင်နေတဲ့ သံလုံးနဲ့တူတယ်၊ လတ်တလောချင်းသေစေတတ်တဲ့ အဆိပ်နဲ့လဲ တူကယ်၊ မအပ်မစပ် ရှာဖွေမှုဆိုတဲ့အလုပ်ဟာ

၁။ ဇာတက ၅-၃-၇၄။

ဘုရားပစ္စေကဗုဒ္ဓါ ဗုဒ္ဓသာဝကတို့ ကဲ့ရဲ့သင့်တဲ့အလုပ်မျိုး ဖြစ်တယ်၊ စက်ဆုပ်သင့်တဲ့အလုပ်မျိုး ဖြစ်တယ်၊ အဲဒီလိုမအပ်မရာ ရှာဖွေခြင်းနဲ့ ရှာပြီးရလာတဲ့ ဆွမ်းကို သုံးဆောင် စားသောက်တဲ့ ရဟန်းမှာ ရွှင်လန်းဝမ်းမြောက်မှုဆိုတာလဲ မရှိနိုင်ပါဘူး၊ အဲဒီလို မအပ်မရာရှာဖွေပြီးရလာတဲ့ဆွမ်းကို စားတာဟာ ငါ့ဘုရားရဲ့ သာသနာတော်မှာ ဒွန်းစဏ္ဍားရဲ့ စားကြွင်းကို စားရတာနဲ့ မထူးတော့ပါဘူး”

သီလက္ခန်ပါဠိတော်လာ မိစ္ဆာဇီဝအချို့[1]

သီလက္ခန်ပါဠိတော်မှာလာတဲ့ မိစ္ဆာဇီဝအချို့တွေကိုတော့ သရုပ်လောက်ပဲ ရေတွက်ပြပါတော့မယ်၊ အကျယ်ချဲ့ပြီးတော့ မပြောတော့ပါဘူး။

၁။ လက္ခဏ—ရုပ်လက္ခဏာရဲ့ အကျိုးအပြစ်ကိုပြတဲ့ ကျမ်းအတတ်၊

၂။ ဘူတဝိဇ္ဇာ—တစ္ဆေမြေဘုတ်ကို မိမိအလိုသို့ ပါအောင် ပြုလုပ်နိုင်တဲ့ မန္တန်အတတ်၊

၃။ အဟိဝိဇ္ဇာ—မြွေကိုက်တာကိုဆေးကုသတဲ့အတတ်၊ မြွေကိုခေါ်နိုင်တဲ့ မန္တန်အတတ်၊

၄။ ပက္ကဇ္ဈာန—ရင့်ပြီးတဲ့ အရွယ်ကို ထောက်ပြီး နောက် ဘယ်လောက် အသက်ရှည်ဦးမယ် ဆိုတာကို ညွှန်ပြ ပြောကြားနိုင်တဲ့ အတတ်၊ (သက်ကြည့်ဗေဒင်အတတ်)၊

၅။ သရပရိတ္တာဏ—မြားကို ပြန်ကွယ်နိုင်တဲ့အတတ်၊ (ကျည်လွဲအတတ်)၊

၆။ မဂိယစက္ကဏ—ငှက်တွေမြည်(ပြောသံ)ရဲ့ ကောင်း, မကောင်းလက္ခဏာကို သိတဲ့အတတ်၊

၇။ အာဝါဟန— “ဒီသတို့သားဖို့ ဘယ်နက္ခတ်နဲ့ ဘယ်သတို့သမီးကို ဆောင်ကြ”လို့ သတို့သမီးယူရာ မင်္ဂလာဆောင်ကြောင်း နေ့ကောင်းရက်သာ ရွေးတဲ့အတတ်၊

၈။ ဝိဝါဟန— “ဘယ်သတို့သားအား ဘယ်နက္ခတ်နဲ့ ဒီသတို့သမီးကို ပေးလိုက်ကြ”လို့ သမီးပေးကြောင်း နေ့ကောင်း ရက်သာရွေးတဲ့ အတတ်၊ (အခါပေးအတတ်)၊

၉။ ဝိရုဒ္ဓဂဗ္ဘကရဏ—ကိုယ်ဝန်တည်အောင် ဆေးပေးတဲ့အတတ်၊

၁။ သီလက္ခန် ပါ—၉–၁၀–၁၁။

၁၀။ အာဒါသပဉှ—ကြေးမုံ မှန်အတွင်း နတ်ကိုသွင်းပြီး ပြဿနာမေးတဲ့ အတတ်၊
၁၁။ ကုမာရိကပဉှ—အမျိုးသမီးအတွင်း နတ်ကိုသွင်းပြီး ပြဿနာမေးတဲ့ အတတ်၊
၁၂။ ဒေဝပဉှ—နတ်ကတော်အတွင်း နတ်ကိုသွင်းပြီး ပြဿနာမေးတဲ့ အတတ်၊
၁၃။ ဘူတကမ္မ—မန္တန်နဲ့ တစ္ဆေမြေဘုတ်ကိုသွင်းတဲ့အတတ်၊
၁၄။ ဝတ္ထုပရိကမ္မ—အိမ်ရာမှာ ဗလိနတ်စာတင်တဲ့အတတ်၊
၁၅။ ဒါရကတိကိစ္ဆာ—သူငယ်ကို ဆေးကုခြင်း (သူငယ်နာ ဆေးပေးခြင်း အတတ်)၊

အလားတူအတတ်မျိုးနဲ့ အသက်မွေးခြင်းဟာလဲ မိစ္ဆာဇီဝပဲဖြစ်ပါတယ်။

ကိုင်း-ဒီတော့ ဘုန်းကြီးအစကပြောလာခဲ့တဲ့ အနာဂတ်သာသနာ့ဘေးရန် ငါးမျိုးကို မှတ်မိကြသေးရဲ့လား၊ မမှတ်မိသူ့ရှိယင် ဘုန်းကြီးကပဲ လိုရင်းသဘောကို ပြန်ပြောပြပါမယ်။

အနာဂတ်ကာလမှာ ရဟန်းတော်များရဲ့—

၁။ သင်္ကန်းကောင်းရအောင် မအပ်စပ်တဲ့နည်းအမျိုးမျိုးနဲ့ ရှာဖွေခြင်း၊
၂။ အစားအစာကောင်းရအောင် မအပ်စပ်တဲ့ နည်းအမျိုးမျိုးနဲ့ရှာခြင်း၊
၃။ ကျောင်းကောင်းရအောင် မအပ်စပ်တဲ့နည်းအမျိုးမျိုးနဲ့ ရှာခြင်း၊
၄။ ဒါယိကာမတွေနဲ့ ရောရောနှောနှော နေထိုင်ခြင်း၊
၅။ ဒါယကာတွေနဲ့ ရောရောနှောနှော နေထိုင်ခြင်း၊

ဒီလိုဗုဒ္ဓမြတ်စွာဟောကြားထားခဲ့တဲ့ ဘေးရန် ငါးမျိုးအနက် ရှေ့ဘေးရန် သုံးမျိုးနဲ့ပတ်သက်နေတဲ့ ကုလဒူသန, အနေသန, မိစ္ဆာဇီဝတွေကို ဘုန်းကြီးက သက်ဆိုင်ရာ ပါဠိတော်တွေ, အဋ္ဌကထာတွေ, ဋီကာတွေထဲက ထုတ်နုတ်ပြီး ပြောပြလာခဲ့ပါကယ်။

ဒါတွေကိုသိနားလည်ကြတော့ ရဟန်းတော်တွေကလဲ ရှောင်ကြဉ်နိုင်မယ်၊ ဒါယကာ ဒါယိကာမတွေကလဲ အဲဒီလို ရှောင်ကြဉ်တဲ့ ရဟန်းတော်တွေကို အားပေးကူညီနိုင်ကြမယ်၊ ဒီလို နှစ်ဦးနှစ်ဘက်က ပြုပြင်သွားကြမယ်ဆိုယင်

ဗုဒ္ဓမြတ်စွာသာသနာတော်ဟာ ရှေးဘေးရန် ၃-ပါးကလွတ်ကင်းပြီး တိမ်ဖုံးရာက လွတ်ကင်းလာတဲ့ လပြည့်ဝန်းပမာ အစွမ်းကုန် ထွန်းလင်းတောက်ပြောင်လာစရာရှိပါတယ်။

ဒီတော့ "ရှင်ရော လူပါ ဗုဒ္ဓမြတ်စွာ သာသနာ ထွန်းတောက်လာအောင် ကြိုးစားကြပါ၊ အားထုတ်ကြပါ"လို့ ဘုန်းကြီးက တိုက်တွန်းလိုပါတယ်၊ တိုက်တွန်းတဲ့အတိုင်းလဲ အသီးအသီး ကိုယ်စီကိုယ်င ကြိုးစားအားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု—သာဓု-သာဓုပါ ဘုရား။

သံသဂ္ဂ [၁]

အကြွတ်နေ့ညမှာလည်း ပရိသတ်က နည်းမသွားသည့်အပြင် အကျနေ့ညကထက်ပင် များလာပါသေးသည်၊ ဤအချက်ကပင် ကွယ်လွယ်ရှာသူရှာသားများနှင့် မြောင်းမြမြို့သူမြို့သားများ၏ သာသနာရေးစိတ်ကိုဖော်ပြပြီးဖြစ်နေပါသည်၊ ၈-နာရီထိုးသည်နှင့် တပြိုင်နက် ဆရာတော် ဦးဓမ္မိကက တရားကို စတင်ဟောကြားပါသည်။

အနာဂတ်သာသနာ့ဘေးရန်ငါးပါးအနက် ရှေးဘေးရန်သုံးပါးနဲ့ပတ်သက်တာတွေကတော့ မနက်ကပဲ ပြီးသွားပါတယ်၊ ဒီတော့ "နောက်ဘေးရန် ၂-ပါးနဲ့ပတ်သက်နေတဲ့ သံသဂ္ဂအကြောင်းကိုပဲ ဒီနေ့ည ပြောပြသွားမယ်"လို့ စီစဉ်ထားပါတယ်။

၁။ သဝနသံသဂ္ဂ အသံကိုကြားခြင်းကြောင့်ဖြစ်တဲ့ရာဂ၊
၂။ ဒဿနသံသဂ္ဂ—တွေ့ရမြင်ရခြင်းကြောင့်ဖြစ်တဲ့ရာဂ၊
၃။ သမုလ္လပနသံသဂ္ဂ—တွေ့ဆုံစကားပြောခြင်းကြောင့်ဖြစ်တဲ့ရာဂ၊
၄။ သမ္ဘောဂသံသဂ္ဂ—ပစ္စည်းကိုသုံးစွဲခြင်းကြောင့်ဖြစ်တဲ့ရာဂ၊
၅။ ကာယသံသဂ္ဂ—ကိုယ်ကိုသုံးသပ်ကိုင်တွယ်ရခြင်းကြောင့် ဖြစ်တဲ့ရာဂ၊

ဒီလိုသံသဂ္ဂ ၅-မျိုးရှိပါတယ်၊ အဲဒါတွေကို တခုပြီးတခု ရှင်းလင်း ပြောပြသွားပါမယ်။

၁။ မူလပဏ် ဋ္ဌ-ဒု-၅၀၊ ၎င်း ဋီ-ဒု-၁၂၂၊ သံယုတ် ဋ္ဌ-ပ-၁၁၃၊ ဥဒါန ဋ္ဌ-၂၁၀၊ သုတ္တနိ ဋ္ဌ-ပ-၆၂၊ အပဒါန် ဋ္ဌ-ပ-၁၇၃၊ မဟာနိ ဋ္ဌ-၂၇၉၊ စူဠနိ ဋ္ဌ-၁၀၂။

၁။ သဝနသံသဂ္ဂ [၁]

"ဘယ်မြို့ ဘယ်ရွာမှာ ဘယ်အမျိုးသမီးကလေးဟာဖြင့် သိပ်ချောတာပဲ၊ သိပ်လှတာပဲ" ဒီလို တဆင့်စကားကြားရုံမျှနဲ့လဲ တဏှာရာဂ ဖြစ်လာတတ်ပါတယ်၊ မာတုဂါမရဲ့အသံကို ကိုယ်တိုင်ကြားရတဲ့အတွက်ကြောင့်လဲပဲ တဏှာရာဂဖြစ်လာတတ်ပါတယ်၊ ဒါမျိုးကိုပဲ "သဝနသံသဂ္ဂ"လို့ ခေါ်ပါတယ်။

သီချင်းသံကြောင့် ဈာန်လျော၊ ဂိရိရွာသူ ပန်းပဲသမီးပျိုကလေးတယောက်နဲ့ အပေါင်းမိန်းမပျိုကလေး ၅-ဦးတို့ဟာ ရေချိုးမယ်လို့ အိမ်ကထွက်လာကြပါတယ်၊ အဝတ်တွေကို ရေစပ်နားမှာ စုပုံထားခဲ့ကြပါတယ်၊ ပြီးတော့ ရေအိုင်တခုထဲကိုဆင်းပြီး ရေချိုးနေကြပါတယ်၊ တွေ့သမျှကြာပန်းကလေးတွေကိုလဲ သူ့ထက်ငါဦး ခူးယူပန်ဆင်နေကြပါတယ်၊ အဲဒီလို တပျော်တပါး ရေထဲမှာ ဆော့ကစားနေကြယင်း ပန်းပဲသမီးပျိုကလေးက သာယာနာပျော်ဖွယ်ကောင်းတဲ့အသံနဲ့ သီချင်းဆိုနေပါတယ်။

အဲဒီအချိန်မှာပဲ ပဥ္စဂ္ဂဠလိုဏ်မှာ သီတင်းသုံးနေထိုင်တဲ့ ရဟန်းပျိုတပါးဟာ ကောင်းကင်ခရီးက ဈာန်ပျံဥ်စီးပြီး ကြွလာတော်မူပါတယ်၊ ပန်းပဲသမီးပျိုကလေးရဲ့သီချင်းသံကို ကြားရတဲ့အခါ "ကာမရာဂ"ဆိုတဲ့မြားက ရဟန်းပျိုကလေးရဲ့ နှလုံးသားကို စူးဝင်နစ်မြုပ်သွားပါတော့တယ်၊ ရထားတဲ့ဈာန်ကလဲပျက်ပြား ရဟန်းဘဝကလဲ ဆုံးပါးသွားရပါတော့တယ်။

၂။ ဒဿနသံသဂ္ဂ [၂]

အချို့ရဟန်းတော်များဟာ ချောမောလှပ အချိုးအဆစ်ကျလှတဲ့ အမျိုးသမီးကို တွေ့မြင်ရတဲ့အတွက် ကာမညွန်မှာ နစ်မြုပ်လာတတ်ပါတယ်၊ စိတ်ချောက်ချားလာတတ်ပါတယ်၊ ဒါနဲ့ သာသနဗြဟ္မစရိယကို မထမ်းဆောင်နိုင်တော့ပဲ လူ့ဘဝကိုရောက်သွားတတ်ပါတယ်၊ ဒီလို ဝိသဘာဂအာရုံကို ကြည့်ရှုတဲ့ပုဂ္ဂိုလ်ရဲ့ မြင်ခြင်းကိုအကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ ရာဂမျိုးဟာ "ဒဿနသံသဂ္ဂ"မည်ပါတယ်။

၁။ မလပဏ် ဠ-ဒု-၅၀၊ သုတ္တနိ ... ၂၊ အပဒါန ဠ-ပ-၁၇၁၊၄၊ ဒွနိ ဠ-၁၀၊

၂။ မူလပဏ် ဠ-ဒု-၅၀၊ သုတ္တနိ ဠ-၆၂၊ အပဒါန ဠ-ပ-၁၇၁-၄၊ ဓွနိ ဠ-၁၀၂။

မျက်နှာမြင်ချစ်ခင်သူ။ ။ကာလဒီဃဝါပိ ဒွါရကျောင်းတိုက်ကို စာသင်ရအောင် ရဟန်းငယ်တပါး ရောက်လာခဲ့ပါတယ်၊ သူ့မှာ အန္တရာယ်ရှိနေကြောင်း ဆရာလုပ်သူက တွေ့မြင်ထားပါတယ်၊ ဒါနဲ့ ရဟန်းငယ်အား စာသင်ခွင့်မပေးပဲထားပါတယ်၊ ရဟန်းငယ်ကလဲပဲ သူများနည်းတူ စာတတ်ချင်ပါတယ်၊ ဒါနဲ့ ထပ်ကာထပ်ကာ ခွင့်တောင်းပါတယ်။

ကျောင်းတိုက်နဲ့ မနီးမဝေးမှာ ရွာတရွာရှိနေပါတယ်၊ အဲဒီရွာသူတွေဟာ အများအားဖြင့် အချောအလှတွေချည်းသာ ဖြစ်ကြပါတယ်၊ ဒါနဲ့ ဆရာဖြစ်သူက ရဟန်းငယ်ဆီမှာ ဝန်ခံချက်တောင်းပါတယ်။

"ကိုယ်တော် ရွာထဲကို မသွားဘူးလို့ ဝန်ခံနိုင်လို့ရှိယင် စာသင်ပေးမယ်"

"မှန်လှပါဘုရား၊ ရွာထဲကိုမသွားပဲနေပါ့မယ်၊ စာသာ သင်ပါရစေ"

ရဟန်းငယ်ဆီက ဝန်ခံချက်ကိုရတဲ့အခါ ဆရာက စာသင်ပေးလိုက်ပါတယ်၊ စာသင်မှုကိစ္စ ပြီးဆုံးတဲ့အခါ ရဟန်းငယ်က ဆရာကို ကန်တော့ ခွင့်ပန်ပြီး ကိုယ့်ကျောင်းကို ပြန်လာခဲ့ပါတယ်၊ တဖြည်းဖြည်းနဲ့ ရွာနားကိုရောက်လာပါတယ်။

"ဆရာက ငါ့ကို ဒီရွာသို့ ဝင်ခွင့်မပေးပဲ ဘာ့ကြောင့် တားမြစ်ထားရပါလိမ့်မလဲ"

ဒီလိုတွေးတောစဉ်းစားပြီး သက်နိုးရုံကာ ရွာထဲသို့ဝင်သွားပါတော့တယ်။

အမျိုးသမီးကလေးတဦးက အဝါရောင်အဝတ်ကိုဝတ်ဆင်ပြီး အိမ်ပေါ်မှာ ရပ်နေနှင့်ပါတယ်၊ ရဟန်းငယ်ကို တွေ့ရမြင်ရတဲ့အခါ တပ်မက်မှုရာဂဖြစ်လာပါတယ်၊ဟင်းချိုမှုတ်နဲ့ ယာဂုကိုခပ်ယူပြီး သုတ်သီးသုတ်ပျာအိမ်ပေါ်မှဆင်းကာ ရဟန်းငယ်ရဲ့သပိတ်မှာ လောင်းထည့်ထားခဲ့ပါတယ်၊ အိမ်ပေါ်ကို ပြန်တက်လာပြီး ခုတင်ပေါ်မှာ ဝမ်းလျားမှောက်ကာ လဲလျောင်းနေပါတော့တယ်။

အမေအဖေများက သမီးကလေးရဲ့ အမူအရာကို တွေ့ရတဲ့အခါ စိုးရိမ်စိတ် ဝင်လာကြတယ်၊

"ဟော့....သမီး ဘာဖြစ်တာလဲ"

ဒီလို မေးမြန်းပြီး ခြေကိုစမ်းသူကစမ်း၊နဖူးကိုစမ်းသူကစမ်းနဲ့ အလုပ်များ ကြပါတယ်။

"ခုနက အိမ်နားက ဖြတ်သွားတဲ့ ရဟန်းကလေးကိုရမှ လူ့ပြည်မှာ ဆက်လက်ပြီး နေရပါလိမ့်မယ်၊ မရလို့ရှိယင် သမီးသေရပါလိမ့်မယ် အမေရယ်"

သမီးဖြစ်သူရဲ့ စကားကို ကြားရတဲ့အခါ အမေအဖေတွေက ရဟန်း ကလေးရဲ့နောက်ကို အပြေးအလွှား လိုက်သွားကြပါတယ်၊ ရွာအထွက်မှာ ရဟန်းကလေးကို မီကြပါတယ်၊

"အရှင်ဘုရား ပြန်ကြွပါဦး၊ ဆွမ်း အလှူခံပါဦး"

ဒီလို လက်အုပ်ချီကာ လျှောက်ထားကြပါတယ်။

"တော်ပြီ၊ သွားစရာရှိသေးတယ်"

ရဟန်းကလေးရဲ့ တိကျပြတ်သားလှတဲ့ စကားကို ကြားရတဲ့အခါ သမီး ကလေးရဲ့ တန်းတန်းစွဲ ဖြစ်နေပုံကိုလဲ ပြောပြကြပါတယ်၊ အမျိုးမျိုးအဖုံဖုံလဲ တောင်းပန်ကြပါတယ်။

"အရှင်ဘုရား တပည့်တော်တို့မှာ ပစ္စည်းဥစ္စာလဲ ပေါများလှပါ တယ်၊ သမီးကလဲ ဒီတမယောက်တည်းသာရှိပါတယ်၊ အရှင်ဘုရားကို တပည့်တော်တို့ရဲ့ သားကြီးအရာမှာ ထားပါ့မယ်၊ နေရေးထိုင်ရေး အတွက် အရှင်ဘုရား ဘာမှ စိုးရိမ်ပူပန်စရာ မရှိပါဘူး၊ ချမ်းချမ်းသာသာ တသက်လုံး ဘာမှမလုပ်ပဲ ထိုင်စားနေရုံပဲရှိပါတယ်"

ဒီလိုလဲ လျှောက်ထားကြပါတယ်၊ ဘယ်လိုပဲ တောင်းပန် လျှောက်ထား ကြပေမဲ့ နားမဝင်ပါ၊

"ဦးပဥ္စင်း ဒီအနှောင်အဖွဲ့တွေကို မလိုချင်ပါဘူး"

ဒီလိုပြောဆိုထားခဲ့ပြီး ရဟန်းကလေးက ထွက်ခွာကြွသွားပါတော့တယ်၊ ရဟန်းကလေး ထွက်သွားပြီးတဲ့နောက် စိတ်ပျက်အားငယ်စွာနဲ့ ၂-ဦးလုံး အိမ်ကို ပြန်လာခဲ့ကြပါတယ်၊သမီးအနားကိုသွားပြီး ချော့မော့ဖျောင်းဖျ ပြောဆို နေကြပါတယ်၊

> “သမီးပြောတဲ့ရဟန်းလေးကို အမေတို့က နည်းမျိုးစုံနဲ့ ဖျားယောင်း သွေးဆောင်ကြပေမဲ့ မရပါဘူးကွဲ့၊ ဒီတော့မမိုက်ချင်စမ်းပါနဲ့သမီးရယ်၊ လောကမှာ ယောကျ်ားရှားတာမှမဟုတ်ပဲ၊ သမီးလိုချင်တဲ့အခြားလင် တယောက်ကိုတော့ ရစေရမှာပေါ့၊ ထစမ်းပါဦးသမီးရယ်၊ အလိမ္မာသားနဲ့၊ ဘာ့ကြောင့် ဒီလိုလုပ်ပြီးနေရတာလဲ၊ရော့ရော့ ဒါလေးကို စားကြည့်စမ်းပါဦး၊ ဒါလေးကို သောက်ကြည့်စမ်းပါဦး”

အမေနဲ့အဖေတွေက ဘယ်လိုပဲ ဖျောင်းဖျ ပြောဆိုပေမဲ့ မရတော့ပါဘူး၊ ဘယ်လိုပဲပြောပြော နားမဝင်တော့ပါဘူး၊ အစာကလဲပြတ် တဏှာအပူဓာတ် ကလဲလောင်ဟပ်တဲ့အတွက် ၇-ရက်လောက် ကြာတဲ့အခါ ဆုံးပါးသွားရပါတော့တယ်။

အမေဖြစ်သူနဲ့ အဖေဖြစ်သူတို့က သမီးအလောင်းကို သင်္ဂြိုဟ်ပြီးတဲ့အခါ သမီးကလေး အမြတ်တနိုး ဝတ်နေကျဖြစ်တဲ့ အဝါရောင် အဝတ်ကို ရွာဦးကျောင်းမှာ သီတင်းသုံး နေထိုင်ကျ သံဃာတော်များအား သွားရောက် လှူဒါန်းကြပါတယ်။

ရဟန်းတော်များက အဲဒီအဝတ်ကို ဖြတ်ပိုင်းပြီး ဝေဖန်ယူကြပါတယ်၊ ရဟန်းကြီးတပါးက မိမိဝေစုရလာတဲ့ အဝတ်ပိုင်းကလေးကို ယူဆောင်ပြီး ကလျာဏီကျောင်းတိုက်ကို ကြွလာခဲ့ပါတယ်။

စာသင်ပြန်လာတဲ့ ရဟန်းကလေးကလဲပဲ ဘုရားဖူးလှည့်လည်ယင်း ကလျာဏီကျောင်းတိုက်ကို ရောက်လာခဲ့ပါတယ်၊ နေ့လည်ချိန် ရောက်လာတော့ တနေရာမှာ ထိုင်နေပါတယ်။

ရဟန်းကြီးက အဝတ်ပိုင်းကလေးကိုယူလာပြီး ရဟန်းငယ်နားကိုရောက်လာပါတယ်။

"ဒီအဝတ်စကလေးနဲ့ တပည့်တော်အတွက် ရေစစ်တခုချုပ်ပေး စမ်းပါကိုယ်တော်"

ဒီလိုရဟန်းကလေးကို ပြောဆိုစေခိုင်းပါတယ်၊ ရဟန်းကလေးဟာ အဝတ်စကိုမြင်တယ်ဆိုယင်ပဲ မှတ်မိသွားပါတယ်။

"အလို...အရှင်ဘုရား ဒီအဝတ်စကလေးကို ဘယ်ကရလာပါသလဲ"

ဒီလိုမေးပါတယ်၊ ရဟန်းကြီးက အဖြစ်အပျက်အကုန်လုံးကို ဇာတ်ကြောင်းလှန်ပြီး ပြောပြပါတယ်။

"ဒီလိုချောမောလှပတဲ့မိန်းကလေးနဲ့ ပေါင်းသင်းနေထိုင်မှုကို မပြုလိုက်ရတာဟာ ငါ့အတွက် ဆုံးရှုံးနစ်နာမှုတမျိုးပါပဲ၊ငါ့ကံနှယ် ဆိုးမှ ဆိုးတတ်ပလေတယ်"

ရဟန်းကလေးက ဒီလိုကြံစည်စိတ်ကူးယင်း ကိုယ်တိုင် တွေ့ကြုံလာခဲ့ရတာတွေကို ပြန်တွေး ငေးမောနေပါတယ်၊ ရာဂမီး လောင်ကျွမ်းတဲ့အတွက် အဲဒီကလျာဏီကျောင်းတိုက်မှာပဲ ဘဝတပါး ကြွသွားရပါတော့တယ်။

၃။ သမုလ္လပနသံသဂ္ဂ

တွေ့ဆုံ စကားပြောနေရခြင်းနဲ့ စပ်လျဉ်းပြီး ဖြစ်ပေါ်လာတဲ့ ရာဂဟာ "သမုလ္လပနသံသဂ္ဂ"မည်ပါတယ်။

ဦးပဋ္ဌင်းပန်းကျော် [၁]။ ။အခု ပြောမဲ့ဟာက ဘုန်းကြီးတို့ရဲ့ မြန်မာနိုင်ငံအတွင်း ကုန်းဘောင်ခေတ်ဦးက ဖြစ်ခဲ့တဲ့အကြောင်းအရာတွေပဲဖြစ်ပါတယ်၊ ဦးပဋ္ဌင်းပန်းကျော်ဟာ ကျောင်းကလေးမှာ နေပါတယ်၊ မဖွားလှရဲ့သမီး မငြိမ်းသွင်က ဦးပဋ္ဌင်းပန်းကျော်နဲ့ ရင်းနှီးကျွမ်းဝင်နေပါတယ်၊ မကြာခဏ ဝင်ထွက်သွားလာမှုကို ပြုနေပါတယ်၊ ထွေရာလေးပါးစကား ပြောနေတတ်ပါတယ်။

တနေ့မှာ ဦးပဋ္ဌင်း ပန်းကျော်က ကိုယ်ထိလက်ရောက် ကျူးလွန်မှုကို ပြုမိပါတယ်၊ မငြိမ်းသွင်ရဲ့အမေ မဖွားလှက "သူ့သမီးကို စော်ကားတယ်"

၁။ မဟာအတုလဖြတ်ထုံး၊ ၁၈–ကြောင်းပေ၊ နံအစ ပါးအဆုံး၊ ပ–ကျော။

ဆိုပြီး မဟာအတုလဆရာတော်ဆီကို လျှောက်လွှာတင်သွင်းပါတယ်၊ ဦးပဋ္ဌင်း ပန်းကျော်ကလဲ ထုချေလွှာ တင်သွင်းပါတယ်၊ ဒါကိုပဲ အခြေခံ ထားပြီး အတုလဆရာတော်က ကောက်ချက်ချကာ ဆုံးဖြတ်ပေးရဘူးပါတယ်။

"ဘုရား ကျွန်တော်မ မဖွားလှ အစီရင်တော် ခံပါသည်၊ ကျွန်တော်မသမီးအငယ် အရွယ်ကို ဆိတ်ကွယ်ရာ၌ ဦးပဋ္ဌင်းပန်းကျော် ဆွဲကိုင် ဖက်ယမ်း၍ ပြုဘိသည်ကို ခံနေရပါတော့တယ်"

"ပဋ္ဌင်းပန်းကျော် အစီရင်ခံပါသည်၊ —ရဟန်းတရားကို စောင့် ထိန်း ကျင့်ဆောင်၍ဆိတ်ကွယ်ရာမှာနေပါသည်ကို ဒါယိကာမဖွားလှ သမီး မိငြိမ်းသွင် ဆိတ်ကွယ်ရာသို့ တိုးဝင်လာသောကြောင့် ရဟန်းပင် ဖြစ်သော်လည်း ပုထုဇဉ်ဂတိ ကိလေသာကျွန်ဖြစ်၍ ဆွဲကိုင်ဖက်ယမ်း မိသည် မှန်၏၊ ကာမဂုဏ်မှု မစပ်ယှက်ပါ၊ ဖွားလှသမီး မိငြိမ်းသွင် ဆိတ်ကွယ်ရာမှာ နေသည်ကို ရဟန်းတော် ပန်းကျော် မဆွဲကိုင် ကြောင်းကို လျှောက်ပါသည်"

"ဖွားလှနှင့် ပဋ္ဌင်းပန်းကျော် ကာမတရားကို အစီရင်ခံကြသည် မှာ ဖွားလှသမီး မိငြိမ်းသွင်သည် မိန်းမတကာတို့ စောင့်တမ်း ဟိရိဩတ္တပ္ပတရားကို မစောင့်၊ သူ့နေရာ ကျောင်းသို့ အကြိမ်ကြိမ် သွားသည့်အရာသည် မိန်းမတကာတို့ ကျင့်တမ်းတရားကို ကျူးလွန် သည်၊ ပဋ္ဌင်း ပန်းကျော်လည်း ဘုရားပညတ်တော် သိက္ခာပုဒ်ကို စောင့်ထိန်းလို၍ ရဟန်းပြုသည်ကား တူ၏၊ ကျူးလွန်စရာ အကျဉ်း အမြောင်း မတွေ့ခိုက်သာ စောင့်ရာ ရောက်ခဲ့သည်၊ နှစ်ဦးပင် ဟိရိဩတ္တပ္ပမရှိ၊ တရားလွန်ချည်း ဖြစ်သည်၊ လွန်မိသမျှသာ လွန်စေ၊ နောက် မိငြိမ်းသွင်လည်း မိန်းမစဉ်မီအောင်ကျင့်၊ ပဋ္ဌင်းပန်းကျော် လည်း ရဟန်းစဉ်မီအောင်ကျင့်" (ဆုံးမစီရင်လျှင်)

"သူ့ သမီးငယ်၊ သားငယ်တို့ကို ကိုယ်ထိလက်ရောက် ဆွဲကိုင်၍ ကာမဂုဏ် စပ်ယှက်လျှင် သုံးဆယ်လျော်စေ၊ မစပ်ယှက်လျှင် တဆယ့် ငါးကျပ် လျော်စေ၊ ဓမ္မသတ်ထုံးစံ ရှိပါသည်၊ ထွေန်းနှင့် ပဋ္ဌင်း စံကောင်း နွားပျောက် စကားမှာလည်း ရဟန်းပဋ္ဌင်း ဖြစ်လျက်

တရားရောက်သည့်အတိုင်း နွားဖိုးလျော်စေ၊ လယ်တွင်းဆရာတော် "ကျမ်းဂန်ရှိသည်" ဟူ၍ စီရင်ကုံး ရှိပါသည်၊ တရားပြော ဆုံးမ တော်မူသည်မှာ သင့်ပေ၏၊ ပုထုဇဉ်ဂတ်ဖြစ်၍ တရားပြော မခံနိုင်ခြင်း ကြောင့် တရားရောက်ရာကို အလိုရှိ၍ ရွှေတော်သို့ ရောက်ပါသည်" (မိငြိမ်းသွင်ရှေ့နေက လျှောက်လဲသည်။)

"ဘုရားသဗ္ဗညုရှိစဉ် ရှင်ဥဒါယိကျောင်းကို ကြည့်လိုသည် ဟူ၍ ပုဏ္ဏားသမီးခင်ပွန်း အတွင်းသို့ဝင်၍ ကြည့်ရှုကြလျှင် ပုဏ္ဏားမမြင်ခင် ပုဏ္ဏားမယားကို ဆွဲဖက်ယမ်း၍ ရှင်ဥဒါယိရဟန်း ပြုကျင့်သည်ကို "ငါ့မယားကိုကျူးလွန်တိသည်" ဟူ၍ ပုဏ္ဏားလည်း တရားမပြု၊တရား ဒဏ်ရောက်ချေသည်၊ "တဆယ့်ငါးကျပ်လျော်စေ" ဟူ၍လည်း မစီရင်၊ ရှင်ဥဒါယိလည်းမလျော်၊ လျော်ထိုက်လျက် မလျော်သော် တရား၌ မည်သို့ဖြစ်မည်ဟူ၍ ဘုရားမညာဟ်သောကြောင့် မိငြိမ်းသွင်လည်း ပုဏ္ဏားမနှင့်မခြား ပဥ္စင်းပန်းကျော်လည်း ဘုရားရှင်တပည့် ရှင်ဥဒါယိ ထက် မထူးကြောင်း တရားရောက်ကို လျှောက်ပါသည်" (ပဥ္စင်း ပန်းကျော်ရှေ့နေက လျှောက်၍လဲသည်။)

မသန့်မရှင်း ကာမစကားဖြစ်၍ တိတ်တိတ်ပြီးစေလိုသောကြောင့် ပြေနေကြတော့ စီရင်သည်၊ ပဥ္စင်းပန်းကျော်လည်း ဘုရားပညတ် တော်ကိုမစောင့်၊ မင်းမိန်းမကို ဆွဲကိုင်သောအပြစ်ကြောင့် အာပတ် သင့်၍ သံဃာ့ဘောင်၌ ဝန်ခံပြီးမှ ရှိပါသော်မှာနုတ် နေရခြင်းသည် ဘုရားရှင် ကွမ်းဖိုးအားလျော်ပင်ဖြစ်တော့သည်၊ ပါရာဇိကသိက္ခာပုဒ်မှ ကင်းသောကြောင့် လူပြုစေလည်း မစီရင်သာ၊ လူမဟုတ်၍ လူတရား အတိုင်းလည်း လျော်စေ မစီရင်သာ၊ ရဟန်းတို့ ကိုယ်ထိလက်ရောက် ရှိက "အပြစ်သိက္ခာပုဒ်နှင့်စပ်၍ လူတရားအတိုင်း လျော်စေ" ဟူ၍ ဘုရားက မပညတ်၊ ဓမ္မာဟ်၌လည်း မရှိ၊ အဒိန္နာဒါန်သိက္ခာပုဒ်တွင်သာ ဥစ္စာမှုဖြစ်၍ လျော်သင့်က လျော်စေ၊ ဘုရားပညတ်၍ လျော်ရသည်၊ အဒိန္နာဒါန်း သိက္ခာပုဒ်တရားနှင့် မတူသော၊ ပဥ္စင်း ပန်းကျော်လည်း ဘုရားပညတ်တော်၌မသည်၊ ကျူးလွန်ရသည်ဖြစ်သောကြောင့် တရား နှင့်အညီ သံဃာ့ဘောင်မှာ ဝန်ခံ၍ နုတ်နေစေ၊ မိငြိမ်းသွင်လည်း

မိန်းမတို့ကျင့်တမ်းတရားကကျူးလွန်၍ ရဟန်းတိုင်အောင်နှောင့်ယှက်လာသောကြောင့် သူကြီးတို့က အရှက်ကွဲအောင် ဆုံးမ၍ပြီးစေလျှင် အမှုသည် နှစ်ဦးတို့ မျက်နှာစုံညီ စီရင်ချက်အတိုင်း ဦးထိပ်ရွက်ပါတော့မည်ဟု ဝန်ခံ၍ သက္ကရာဇ် ၁၁၁၂-ခု တန်ဆောင်မုန်းလပြည့်ကျော် ၅-ရက်နေ့ ပြီးသည့်ဖြစ်စာ။

ဝိနည်းတရားတော်ကို မလိမ္မာသူတို့ လူမှုကိုလျှပ်ပေါ်သမျှ သိက္ခာပုဒ်နှင့်သေရသည်နည်း၏၊ဒုဿီလအဖြစ်နှင့်သေရသည်များ၏မှတ်လေ၊ (သတိရှိစေ)

ငရွှေကင်းအမှု ၁။ ။ဦးပဍ္ဍင်း ငရွှေကင်းနေတဲ့ကျောင်းကို ငထွန်း သမီး တယောက်က နေ့အချိန်မှာလဲ သွားလာဝင်ထွက်နေပါတယ်၊ ညအချိန်မှာလဲ သွားလာဝင်ထွက်နေပါတယ်၊ ပြောဆိုရယ်မောအရေတဝင်နေကြပါတယ်၊ တဦးနဲ့တဦး မှားယွင်းဖောက်ပြားတဲ့ အခြေ အနေကိုရောက်လာကြပါတယ်၊ ဒီလိုနဲ့ ငထွန်းသမီးကလေးမှာ ကိုယ်ဝန်အထင်အရှားဖြစ်လာပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး ငထွန်းက မဟာအတုလဆရာတော်ထံ လျှောက်လွှာတင်သွင်းပါတယ်၊ ပဍ္ဍင်းငရွှေကင်းကလဲ ထုချေလွှာတင်သွင်းပါတယ်၊ မဟာအတုလဆရာတော်က စစ်ဆေးမေးမြန်းပြီး ဆုံးဖြတ်ပေးပါတယ်။

"ဘုရားတပည့်တော်ငထွန်း အစီရင်တော်ခံပါသည်၊ ကျွန်တော့်သမီးအငယ်အရွယ်ကို ပဍ္ဍင်းငရွှေကင်း ရောက်ပေါက် ဖက်စပ်၍ သားလုံးမြေးကောင် အထင်အရှား ရှိပါသည်ကို အိမ်ထောင်လည်းမဘက်၊ တရားကိုလည်း မခံ၊ ငါရဟန်းသားကိုကားဟု အတင်းပြု၍ ရှိရခဲ့သည်"

"ပဍ္ဍင်းငရွှေကင်း အစီရင်တော်ခံပါသည်၊ ငထွန်းသမီး အငယ်ရှိလေရာ အိမ်ထောင်ဘက်လိုသည်ဟု ရဟန်းတော် မသွားမရောက်၊ ငထွန်းသမီး ကာမဂုဏ်ကိုလို၍ နေ့ညဉ့်မပြတ် အခေါက်များစွာကျောင်းသို့လာလျှင် ပုထုဇဉ်ဂတိမှားယွင်းမိသည်မှန်ပါ၏၊အိမ်ထောင်

၁။ မဟာအတုလဖြတ်ထုံး၊ ပု-ဝမ်း၊ (၁၀-ကြောင်းပေ နီအစ ပါးအဆုံး။)

ဘက်မည်လည်း မဆို၊ တရားဒဏ်ကို ခံကောင်းသည်ဆိုလျှင် ရဟန်းသား လူတရားကို ခံရိုးထုံးစံမရှိ၍ မခံဘူးဟု ဆိုပါတော့သည်”

“တကာထွေန်းသမီးနှင့်ပဥ္စင်းငရွှေကောင်းတို့ ကာမမှုကို အစီရင်ခံကြသည်မှာ အမှုသည်နှစ်ဦးက တယောက်ကိုတယောက်ကွယ်၍ လျှောက်ကြသည်မဟုတ်၊ ဟုတ်မှန်သည့်အတိုင်း နှစ်ဦးပင် ဖြောင့်ကြလေပြီးသည်၊ အိမ်ထောင်ဘက်မည်ဆို၍ ကာမဂုဏ် စပ်ယှက်မှု တရားဒဏ်ခံရောက်သည်မဟုတ်၊ အိမ်ထောင်ဘက်မည်ကြံရင်း မရှိပါ လျှောက်၍လည်း လွတ်ရိုးမရှိ၊ ကာမဂုဏ်မှုကို ရဟန်းဖြစ်လျက်မစောင့်၊ သူယုံအောင် စပ်ယှက်ချေပြီး ဖြစ်သောကြောင့် ရှေးပဥ္စင်းခံဘူးသောကြောင့်သာ သင်္ကန်းနှင့်မကင်းသေး၍ ပဥ္စင်းငရွှေကောင်း ခေါ်ရသည်ဖြစ်တော့သည်၊ သိက္ခာပုဒ်မှကင်း၍ ယင်းကုလား ယောက်သွားပုပ်ဒုဿီလအရာ၌ တည်၍ ငရွှေကောင်း လူဖြစ်ချေပြီးသည်၊ ပုဆိုးလဲ၍ အိမ်ထောင်ဘက်လို ဘက်စေ၊ အိမ်ထောင်မဘက်လျှင် တရားဒဏ်ရှိသည့်အတိုင်း သုံးဆယ်လျော်စေ၊ ထွေန်းက တရားကိုခံစေ။

၁၁၁၅-ခု ဝါဆိုလပြည့်ကျော် ၆ ရက်နေ့တွင် ပြီးသည်ဖြတ်စာ၊)
(ရှေ့နေများ၏ လျှောက်လဲချက် စသည်တို့ကို ချန်ထားပါသည်၊)

၄။ သမ္ဘောဂသံသဂ္ဂ

ပေးကမ်းလှူဒါန်းသော ဝတ္ထုကို သုံးစွဲရမှုနဲ့ စပ်လျဉ်းပြီးတော့ ဖြစ်ပေါ်လာတဲ့ ရာဂဟာ “သမ္ဘောဂသံသဂ္ဂ” မည်ပါတယ်။

ဝါ ၆၀-ရမှ လူဖြစ်ကြ[၁]။ ။မရိစိဝန္ဒိကျောင်းပူဇော်ပွဲတုန်းက အနယ်နယ်အရပ်ရပ်က ရဟန်းတော်တွေ ဘိက္ခုနီမတွေ ကြွလာကြပါတယ်၊ သာမဏေတွေ, သာမဏေမလေးတွေလည်း ပါလာကြပါတယ်။

သာမဏေတပါးက ယာဂုကို သပိတ်နဲ့ ခံယူလာပါတယ်၊ ယာဂုက သိပ်ပူနေပါတယ်၊ သာမဏေက ယာဂုထည့်ထားတဲ့သပိတ်ကို လက်နဲ့ပွေ့ပြီး

၁၊ မူလသာတ် ၃-၃ ၂၁၊ သုတ္တန် ၃-၂-၆၂၊ အာသါနံ ၃-၂-၁၇၃၊ ဓူဠနိ ၄-၁၀၃။

ကိုင်ယူလာပါတယ်၊ အတော်လေးကြာတော့ မကိုင်နိုင်တော့ပါဘူး၊ သင်္ကန်း စွန်းကို သပိတ်အောက်ခံလုပ်ပြီး ကိုင်ယူပြန်တယ်၊ သင်္ကန်းစပါယူလာပါတယ်၊ မကြာခင်မှာပဲ အပူဒဏ်ကို မခံနိုင်တဲ့အတွက် သပိတ်ကို မြေပေါ်မှာချထားပြီး မတ်တပ်ရပ်နေပါတယ်။

သာမဏေမကလေးတပါးက တွေ့ရတဲ့အခါ "ဒီအပေါ်မှာ သပိတ်ကိုတင် ပြီး ကြွပါဘုရား"လို့ လျှောက်ထားပြီး သပိတ်ခြေတခုကို သာမဏေအား လှူလိုက်ပါတယ်။

သူတို့ ၂-ပါးလုံးဟာ နောက်တချိန်ကျတော့ သီဟိုဠ်ကျွန်းမှာ ဘေးရန် ရှိနေတဲ့အတွက် သမုဒ္ဒရာတဘက် (အိန္ဒိယကျွန်းဆွယ်) သို့ ကြွကြရပါတယ်၊ အဲဒီအချိန်မှာ သာမဏေကလဲ ရဟန်းဖြစ်နေပါပြီ၊ သာမဏေမကလဲ ဘိက္ခုနီ ဖြစ်နေပါပြီ၊ ငယ်ရွယ်သူတွေလဲ မဟုတ်ကြတော့ပါ၊ ဝါ ၆၀-ခန့် ရနေကြ ပါပြီ၊ ထေရ, ထေရီ ဖြစ်နေကြပါပြီ။

ထေရီမက အိန္ဒိယကို အလျင်ရောက်နှင့် နေပါတယ်၊ မထေရ်က နောက်မှ ကြွလာပါတယ်၊ "သီဟိုဠ်ကျွန်းက ရဟန်းတပါး ကြွလာတယ်"လို့ သတင်း စကား ကြားရတာနဲ့တပြိုင်နက် ထေရီမက မထေရ်ကို သွားရောက်တွေ့ဆုံ ပါတယ်၊ မထေရ်ရဲ့အနီးကို ချဉ်းကပ်ထိုင်နေပြီး ရှေးဟောင်း နှောင်းဖြစ် တွေကို ပြောဆိုနေပါတယ်။

"အရှင်ဘုရား မရိဝဠိကျောင်း ပူဇော်ပွဲလုပ်တုန်းက အရှင်ဘုရား ဘယ်နှစ်ဝါ ရှိပါသလဲ"

"အဲဒီတုန်းက ဘုန်းကြီးဟာ ၇-နှစ်အရွယ် သာမဏေကလေးပဲ ရှိပါသေးတယ်၊ ထေရီမကော အဲဒီတုန်းက ဘယ်နှစ်ဝါရှိနေပြီလဲ"

"အဲဒီတုန်းက တပည့်တော်မလဲပဲ ၇-နှစ်အရွယ် သာမဏေမက လေးပဲ ရှိပါသေးတယ်၊ ယာဂုအပူကြီးကို သပိတ်နဲ့ ခံယူလာတဲ့ သာမဏေတပါးကို သပိတ်တင်ရအောင်လို့ သပိတ်ခြေ တခုတောင် လှူလိုက်ပါသေးတယ်"

"အဲဒီသာမဏေဟာ တခြားလူ မဟုတ်ပါဘူး၊ ဘုန်းကြီးပါပဲ"

ဒီလိုလဲ ပြောပါတယ်၊ တရိုတသေ သိမ်းထားတဲ့ သပိတ်ခြေကိုလဲ ထေရိမအား ထုတ်ပြလိုက်ပါတယ်။

သူတို့ နှစ်ပါးလုံးဟာ ဘာမှ မပြောပလောက်တဲ့ ဒီသံသဂ္ဂကလေးကြောင့် သာသနာ့တာဝန်ကို ဆက်လက်ပြီး ထမ်းဆောင်နိုင်ခွင့် မရကြတော့ပါဘူး၊ ဝါ ၆၀-ရမှ လူ့ဘဝကို ရောက်သွားကြရပါတော့တယ်။

၅။ ကာယသံသဂ္ဂရာဂ

လက်ကို ကိုင်ခြင်း စသည်နဲ့ စပ်လျဉ်းပြီး ဖြစ်ပေါ်လာတဲ့ ရာဂဟာ "ကာယ သံသဂ္ဂရာဂ" မည်ပါတယ်။

အထိမတော်တချက်[၁]။ ။မဟာစေတီ ရင်ပြင်ပေါ်မှာ ရဟန်းငယ်ကလေးတွေစုပေါင်းပြီး ဘုရားဟော ပါဠိတော်တွေကို ပြန်နေအံနေကြပါတယ်၊ ရဟန်းငယ်ကလေးတွေရဲ့ နောက်နားက ဘိက္ခုနီကလေးတွေက တရားနာနေကြပါတယ်။

အဲဒီအချိန်မှာ ရဟန်းငယ်ကလေးတပါးက အမှတ်တမဲ့ လက်ကို နောက်သို့ ဆန့်တန်းလိုက်ပါတယ်၊ဘိက္ခုနီကလေးတဦးကို ထိလျက်သားဖြစ်နေပါတယ်။

ဘိက္ခုနီကလေးက ရဟန်းကလေးရဲ့လက်ကို ဖမ်းကိုင်ပြီး မိမိရဲ့ရင်ပေါ်မှာ တင်ထားလိုက်ပါတယ်၊ ဒီလောက်ကလေး ရောနှောရုံနဲ့ သူတို့နှစ်ဦးလုံးပဲ လူ့ဘဝကို ရောက်သွားကြရပါတယ်။

သံသဂ္ဂဖြစ်စရာ ပုဂ္ဂိုလ်များ[၂]။ ။ဒီ သံသဂ္ဂဟာ "အစိုးရတွေ, အစိုးရအမှုထမ်းတွေ, ဘာသာခြားခေါင်းဆောင်တွေ, သူတို့ရဲ့ နောက်လိုက်ငယ်သားတွေ, ဗုဒ္ဓဘာသာဝင် ဒါယကာတွေ, ဒါယိကာမတွေ, ရဟန်းတွေ, သီလရှင်တွေ" ဒီပုဂ္ဂိုလ်ရှစ်ယောက်တို့နဲ့ ဖြစ်တတ်ပါတယ်။

၁။ မူပဏ် ၄-ဒု-၅၂။

၂။ သံယုတ် ၄-ပ-၁၁၃။ သမ္မော ၄-၃၂၅။သံယုတ် ပါ-ဒု-၁၀။ ဥဒါန်း ၄-၂၁၁။

"ဒီလောကမှာ ရဟန်းအချို့ဟာ လူတွေနဲ့ ရောနှော ဆက်ဆံ နေထိုင်တယ်၊ ဝမ်းသာစရာရှိယင်လဲ အတူဝမ်းသာတယ်၊ ဝမ်းနည်း စရာရှိယင်လဲ အတူဝမ်းနည်းတယ်၊ တူမျှတဲ့ ချမ်းသာဆင်းရဲရှိတယ်၊ လူတွေမှာ လုပ်စရာ ကိုင်စရာ ရှိလာပြန်ယင်လဲ ကိုယ်တိုင် ကိုယ်ကျ ပါဝင် လုပ်ကိုင်တယ်"

ဒီလိုရောနှောမှုမျိုးဟာ သိက္ခာ ၃-ပါးအား မသင့်တင့် မလျောက်ပတ်တဲ့ ရောနှော ဆက်ဆံမှုမျိုးဖြစ်တယ်၊ အဲဒီလို မလျော်ကန်တဲ့ ရောနှောဆက်ဆံ မှုမျိုးကို ပြုယင် သာသနပြဟ္မစရိယ, မဂ္ဂပြဟ္မစရိယရဲ့ အန္တရာယ်လဲ ဖြစ်နိုင် တယ်၊ သိက္ခာပုဒ်ကို လွန်ကျူးခြင်းသို့လဲ ရောက်တတ်တယ်၊ ခေါင်းခေါင်း ပါးပါး ခြိုးခြိုးခြံခြံကျင့်ရတဲ့ အကျင့်ရဲ့ဆုတ်ယုတ်ခြင်းသို့လဲ ရောက်တတ်တယ်။

ရဟန်းအချို့ဟာ ဘာသာခြားပုဂ္ဂိုလ်တွေနဲ့ ဆန္ဒချင်းလဲ တူတယ်၊ အကြိုက် ချင်းလဲ တူတယ်၊ အကျင့်ခြင်းလဲ တူတယ်၊ သူတို့ကို ချစ်ခင်တယ်၊ အင်မတန် မြတ်နိုးတယ်၊ အတူပေါင်းသင်းတယ်၊ ဆက်ဆံတယ်၊ ဒီလိုရောနှောကျွမ်းဝင် နေလို့ရှိယင် သူတို့ရဲ့အယူဘက်ကို ပါသွားတတ်တယ်၊ သူတို့ရဲ့အယူကိုဖျက်ပြီး ကိုယ့်အယူကို ယူစေနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ရောနှောတဲ့အတွက် အပြစ်မရှိလှ ပါဘူး။

သီတင်းသုံးဖော်နဲ့တောင်မှ ကိလေသာဖြစ်ခြင်းရဲ့အကြောင်းဖြစ်တဲ့ ရော နှောဆက်ဆံမှုမျိုးကို မပြုသင့်ပါဘူး။

အဲဒီသံသဂ္ဂဖြစ်စရာပုဂ္ဂိုလ် ၈-ဦးထဲက ရဟန်းတော်တွေအတွက် ဝိသဘာဂ အာရုံဖြစ်တဲ့ မာတုဂါမတွေနဲ့ ဆက်ဆံ ရောနှောတာဟာ ပိုပြီးအရေးကြီး ပါတယ်၊ ဒါ့ကြောင့် ရဟန်းတော်တွေက မာတုဂါမတွေ အပေါ်မှာ ကျင့်သုံးရမည့်နည်းလမ်းကိုလဲ ဆက်လက်ပြီး ပြောပြပါဦးမယ်။

မာတုဂါမ၌ကျင့်သုံးရန်[၁]

ကုသိန္နာရုံမြို့ မလ္လာမင်းတွေရဲ့ဥယျာဉ်အတွင်းအင်ကြင်းပင်စုံတွေရဲ့အကြား မှာ မြောက်သို့ခေါင်းထားပြီး ခုတင်တခုကို ခင်းကျင်းပြင်ဆင်ထားပါတယ်၊ အဲဒီ ခုတင်ပေါ်မှာ ဘုရားရှင်က လက်ျာနံတောနဲ့ လျောင်းစက်နေတော်မူ ပါတယ်၊ ပရိနိဗ္ဗာန်ဝင်စံဖို့အချိန်မှာ အင်မတန်နီးကပ်နေပါတယ်။

၁။ သုတ်မဟာဝါ ပါ-၁၁၆။

အဲဒီအချိန်မှာ အရှင်အာနန္ဒာက နောင်ရေးကို မြော်တွေးပြီး ဘုရားရှင်ကို မေးမြန်း လျှောက်ထားနေပါတယ်၊ ဘုရားရှင်ကလဲ မေးမြန်လျှောက်ထား သမျှကို ဖြေဆိုနေပါတယ်။

"ရှင်တော်မြတ်ဘုရား မာတုဂါမတွေနဲ့ စပ်လျဉ်းပြီး ဘယ်လို ပြုကျင့်ရပါ့မလဲ"

"မတွေ့အောင်နေ"

"တွေ့ရ မြင်ရလို့ရှိယင် ဘယ်လိုကျင့်ရပါ့မလဲဘုရား"

"စကား မပြောနဲ့"

"(အကြောင်းအားလျော်စွာ) စကားပြောရပါယင် ဘယ်လိုကျင့် ရပါ့မလဲဘုရား"

"သတိထားပေါ့ အာနန္ဒာ"

ဘုရားရှင်က အရှင်အာနန္ဒာမေးလျှောက်တဲ့ ပြဿနာသုံးချက်ကို ခပ်ကျဉ်း ကျဉ်းပဲ ဖြေဆိုတော်မူပါတယ်။

မတွေ့အောင်နေ။ ။အမေပဲဖြစ်ဖြစ် သမီးပဲဖြစ်ဖြစ် မာတုဂါမအကုန်လုံး ဟာ သာသနဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယရဲ့ အန္တရာယ်တွေ ချည်းပါပဲ၊[၁]

အကျင့်ဗြဟ္မ,စရိယလည်း, မိန်းမဟူသည်,ညစ်ကြေးမည်ခဲ့၊[၂]

ဒီစကားဟာ အဲဒီအချိန်က သာသနာ့ဝန်ထမ်း ရဟန်းလောကအတွင်းမှာ ပျံ့နှံ့နေပြီး ဖြစ်ပါတယ်၊ ဒါ့ကြောင့်လဲ အရှင်အာနန္ဒာက နောင်ရေးကို တွေးမြော်ပြီး "မာတုဂါမတွေနဲ့ စပ်လျဉ်းပြီး ဘယ်လိုပြုကျင့်ရပါ့မလဲ"လို့ လျှောက်ထားရပါတယ်။

ရဟန်းတပါးဟာ တံခါးပိတ်ပြီး ကျောင်းအတွင်းမှာ နေတယ်ဆိုကြပါစို့၊ မာတုဂါမ တယောက်ကလဲ ကျောင်းကိုလာပြီး ကျောင်းတံခါးအနီးမှာ ရပ်နေတယ်ဆိုပါတော့၊ အဲဒီမာတုဂါမကို မတွေ့မချင်း (မတွေ့ရသေးသမျှ) အဲဒီရဟန်းမှာ အမှန်အားဖြင့် တဏှာရာဂလဲ မဖြစ်နိုင်သေးပါဘူး၊ စိတ်လှုပ်

၁။ ပါရာဇိကဏ် ဋ္ဌ-ဒု-၁၂၈။ ၂။ မဃ ပိုဒ်ရေ-၄၁၅။

ရှားမှုလဲ မရှိနိုင်သေးပါဘူး၊ တွေ့ရမြင်ရတာနဲ့ တပြိုင်နက် တဏှာရာဂလဲ ဖြစ်လာတတ်ပါတယ်၊ စိတ်လှုပ်ရှားမှုလဲ ဖြစ်လာတတ်ပါတယ်၊ ဒါကြောင့် "ဘုရားရှင်က မတွေ့အောင်နေ"လို့ မိန့်ကြားတော်မူရပါတယ်။

စကားမပြောနဲ့။ ။ဒါပေမဲ့ ရဟန်းတော်တွေဆိုတာဟာ မာတုဂါမတွေကို မတွေ့ရ မမြင်ရအောင် အမြဲရှောင်တိမ်းလို့ မရနိုင်ပါဘူး၊ မာတုဂါမတွေက ရံခါဆွမ်းလာပို့တတ်ကြပါတယ်၊ ရံခါ အချိုပွဲအချဉ်ပွဲလဲ လာကပ်တတ်ကြပါတယ်၊ ရံခါ သွမ်းစားလဲ လာပင့်တတ်ကြပါတယ်။

အဲဒီလိုကိစ္စရှိလို့ လာရောက်ရတဲ့ အချိန်အခါမျိုးမှာ မတွေ့မဖြစ်တော့ပါ၊ တကယ်ပဲတွေ့ရပါတော့မယ်၊မြင်ရပါတော့မယ်၊ ဒါကြောင့် အရှင်အာနန္ဒာက "တွေ့ရမြင်ရလို့ရှိယင် ဘယ်လိုကျင့်ရပါမလဲဘုရား"လို့ လျှောက်ထားရတာ ဖြစ်ပါတယ်။

ဒီတော့ ဒီနေရာမှာ ဘုရားရှင်က ခပ်ကျဉ်ကျဉ်းလေးဖြေဆိုရတာနဲ့စပ်လျဉ်းပြီး ဘုန်းကြီးက ဝတ္ထုလေးတခု ထည့်သွင်းပြီး ပြောပြသွားပါမယ်။

အမေနှင့်သား ယွင်းဖောက်ပြား[၁]**။** ။သာဝတ္ထိမြို့အနီးမှာ ရွာကလေးတရွာရှိနေပါတယ်၊အဲဒီရွာမှာ ဆင်းရဲ နွမ်းပါးတဲ့ မိသားစု ၃-ဦး လုပ်ကိုင်စားသောက် နေထိုင်ကြပါတယ်၊ အိမ်ထောင်ဦးစီးဖြစ်သူ လင်ယောကျ်ား သေဆုံးသွားတဲ့အခါမှာ သားအမိနှစ်ယောက် ကသီလင်တဖြစ်နေရစ်ကြပါတယ်၊ ခဲခဲယဉ်းယဉ်း ပင်ပင်ပန်းပန်း လုပ်ကိုင်စားသောက်နေကြရပါတယ်။

ဆင်းရဲဒုက္ခရှဲဒဏ်ကို မခံနိုင်တဲ့အတွက် တနေ့မှာ သားကို ရဟန်းပြုစေပြီး အမေကိုယ်တိုင်လဲ ဘိက္ခုနီလုပ်လာခဲ့ပါတယ်၊ သားအမိ ၂-ယောက်လုံးပဲ သာဝတ္ထိမြို့မှာ ဝါကပ်မှုကို ပြုကြပါတယ်၊

အမေတခု သားတခုသာ ရှိနေကြတဲ့အတွက် အမေကလဲ သားကို အမြဲတွေ့လိုပါတယ်၊ သားကလဲ အမေကို အမြဲမြင်လိုပါတယ်၊ နှစ်ဦးလုံးပဲ တဦးကို တဦး အမြဲတွေ့လို မြင်လိုနေကြပါတယ်၊ "မခွဲနိုင် မခွါရက်"ဆိုသလို ဖြစ်နေကြပါတယ်။

၁။ အင်္ဂုတ္တိုရ်ပါ-ဒု-၅၀၊ ဋ္ဌ-၂၇၊ သုတ္တနိ ဋ္ဌ-ပ-၂၄၄။

ဘာလေးကိုရရ အမေကလဲ သားဆီကိုသွား ပို့တက်ပါတယ်၊ သားကလဲ အမေ့ဆီကို သွားပို့တတ်ပါတယ်။

အဲဒီလို သူတို့နှစ်ဦးဟာ ညနေဘက်မှာလဲ တွေ့ဆုံနေကြတာပဲ၊ နံနက်ဘက်မှာလဲ တွေ့ဆုံနေကြတာပဲ၊ ရရသမျှကို ဝမ်းမြောက်ဝမ်းသာ ဝေငှစားသုံးနေကြပါတယ်၊ ဆင်းရဲကြောင်း ချမ်းသာကြောင်းတွေကို မေးမြန်း ပြောဆိုကြပြီး ယုံမှားခြင်းကင်း ရဲတင်းစွာပဲ နေထိုင်လာခဲ့ကြပါတယ်။

အဲဒီလို အမြဲတွေ့မြင်နေရတဲ့အတွက် သူတို့နှစ်ဦးမှာ ရောနှောမှု ဖြစ်လာပါတယ်၊ ရောနှောမှုကြောင့် အကျွမ်းဝင်မှု ဖြစ်လာပါတယ်၊ အကျွမ်းဝင်မှုကြောင့် တဏှာရာဂ ထကြွခွင့်ရလာပါတယ်၊ တဏှာရာဂ ထကြွလာတဲ့အခါ "ရဟန်း"ဆိုတဲ့ အမှတ်သညာလဲ ပျောက်ကွယ်သွားပါတယ်၊ "အမေ"ဆိုတဲ့ အမှတ်သညာ, "သား"ဆိုတဲ့ အမှတ်သညာတွေလဲ မရှိနိုင်တော့ပါဘူး။

ဒါကြောင့်မို့လို လူ့ထုံးတမ်းစဉ်လာကို ကျော်လွန်ပြီး အမေနဲ့သား ဖောက်ပြန်ယွင်းမှားကြပါတော့တယ်၊ လူမျိုးတံတွေးခွက်မှာ ပက်လက်မျောစရာ ဖြစ်လာပါတော့တယ်၊ နှစ်ဦးလုံးပဲ လူပတ်လဲပြီး ပေါင်းသင်းနေထိုင်ကြရပါတော့တယ်။

အဲဒီအချိန်မှာ ဘုရားရှင်ကလဲ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာပဲ သီတင်းသုံးနေတော်မူပါတယ်၊ ရဟန်းတော်တွေက ဘုရားရှင်ဆီ သွားရောက်ပြီး အဲဒီအကြောင်းကို လျှောက်ထားကြပါတယ်။

"ရဟန်းတို့ အဲဒီယောကျ်ားဖျင်းဟာ 'သားက အမေ့အပေါ်မှာ ရာဂမဖြစ်ဘူး၊ အမေကလဲ သားအပေါ်မှာ ရာဂမဖြစ်ဘူး' လို့ ဘာ့ကြောင့် မှတ်ထင်ရဘ်သလဲ"

ဘုရားရှင်က ဒီလိုလဲ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ်၊ပြီးတော့ မာတုဂါမအာရုံ ကာမဂုဏ်ရဲ့ ဆိုးဂါးပုံကိုလဲ ဆက်လက်ဟောကြားတော်မူပါတယ်။

"ရဟန်းတို့ မာတုဂါမရဲ့ 'အဆင်း, အသံ, အနံ့, အရသာ, အတွေ့ အထိ' ဆိုတဲ့ (ကာမဂုဏ်ငါးပါး) အာရုံတရားဟာ ယောကျ်ားများကို စွဲမက်စေတတ်တယ်၊ နှစ်သက်စေတတ်တယ်၊ ယစ်မူးစေတတ်တယ်၊

နှောင်ဖွဲ့တတ်တယ်၊ မွန်မြတ် အထက်တန်းကျလှတဲ့ အရဟတ္တဖိုလ် နိဗ္ဗာန်ကိုတောင်မှ မရအောင် အန္တရာယ်ပြုနိုင်တယ်၊ အဲဒီ မာတုဂါမ အာရုံလို ဆိုးဝါးတဲ့အန္တရာယ်ပြုနိုင်တဲ့ အခြားအာရုံမျိုးဟာ ငါဘုရား ရဲ့ ဉာဏ်တော်မှာတောင်မှ ထင်မလာပါဘူး၊ မတွေ့ရပါဘူး၊ မာတု ဂါမရဲ့ ကာမဂုဏ် ၅-ပါး အာရုံတရားမှာ စွဲလမ်း မက်မောနေတဲ့ သတ္တဝါတွေဟာ အဲဒီအာရုံတွေရဲ့ နောက်ကို လိုက်ပါပြီး နေ့ရှိသမျှ စိုးရိမ်မဆုံးဖြစ်ကြရပါတယ်။

မာတုဂါမတွေဟာ သွားတဲ့အမူအရာနဲ့လဲ ယောကျ်ားရဲ့စိတ်ကို ဆွဲဆောင်နိုင်တယ်၊ ရပ်တဲ့အမူအရာနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ ထိုင်တဲ့ အမူအရာနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ လဲလျောင်းနေတဲ့ အမူအရာနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ ရယ်တဲ့အမူအရာနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ ပြောတဲ့ အမူအရာမျိုးနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ သီချင်းဆိုတဲ့ အမူအရာမျိုးနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ငိုတဲ့အမူအရာမျိုးနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ထိကပါး ရိကပါး လုပ်တဲ့ အမူအရာမျိုးနဲ့လဲ ဆွဲဆောင်နိုင်တယ်၊ သေပြီးလို့ ဖူးရောင်နေတောင်မှ ဆွဲဆောင်နိုင်သေးတယ်။

ဓားကြီးဆွဲကာ 'သတ်မယ်'လို့လာတဲ့ ရန်သူနဲ့ စကားပြောလိုက ပြောပါ၊ ပါးစပ်ဖြဲကာ 'စားမယ်'လို့ လာတဲ့ဘီလူးကြီးနဲ့ ပြောလိုက ပြောပါ၊ အကိုက်ခံရသူမှန်သမျှကို သေစေတတ်တဲ့မြွေကို ထိပါး ကစားလိုက ကစားပါ၊ မာတုဂါမနဲ့တော့ ၂-ယောက်ချင်း ဘယ် တော့မှ စကားမပြောပါနဲ့၊ မာတုဂါမကို ထိပါးကစားမှုကို ဘယ် တော့မှ မပြုပါနဲ့။

မာတုဂါမများဟာ သတိလွတ်နေတဲ့ ပုဂ္ဂိုလ်ကို မခို့တရို့ကြည့် ခြင်းမျိုးနဲ့လဲ ဖမ်းစားတတ်တယ်၊ ပြုံးပြခြင်းမျိုးနဲ့လဲ ဖြားယောင်း တတ်တယ်၊ မလုံမလဲ ဝတ်ခြင်းမျိုးနဲ့လဲ ဆွဲစောင်တတ်တယ်၊ ချိုချို သာသာ ပြောဆိုခြင်းမျိုးနဲ့လဲ နှောင်ဖွဲ့တတ်တယ်၊ သေပြီးလို့ ဖူးဖူး ရောင်နေတဲ့မိန်းမအလောင်းကောင်ကိုတောင်မှ ထိပါးမှုမပြုသင့်ဘူး"

ဒီလို ဟောထားပြီး တရားတော်များ ရှိနေပြီး ဖြစ်တဲ့အတွက် "မတွေ့ အောင်နေ၊ စကားမပြောနဲ့"လို့ အကျဉ်းမျှသာ မိန့်ကြားဖြေဆိုမှုကို ပြု တော်မူပါတယ်။

သတိထားပေါ့။ ။ရှံခါ မာတုဂါမတွေဟာ ရဟန်းတော်များအား နေ့ရက်ကို မေးတတ်ပါတယ်၊ သီလကိုလဲ တောင်းတတ်ပါတယ်၊ တရားကိုလဲ တောင်းတတ်ပါတယ်၊ သာသနာရေးနဲ့ပတ်သက်လို့ မိမိတို့ သိလိုတာကိုလဲ မေးတတ် လျှောက်ထားတတ်ကြပါတယ်၊ အဲဒီလို လျှောက်ထား မေးမြန်းလာတဲ့ အခါမျိုးဟာ မာတုဂါမတွေအား စကားပြောသင့်တဲ့ အခါမျိုးပဲ ဖြစ်ပါတော့တယ်။

ပြောသင့်တဲ့အခါမျိုးမှာ စကားမပြောပဲ နေပြန်ယင်လဲ "ဒီကိုယ်တော်ဟာ အ့အကြီးပဲ၊ နားထိုင်းကြီးပဲ လူ့သမျှတန်းသမျှကို စားရှံသာစားပြီး ပါးစပ်ကြီးကို အပ်ချည်နဲ့ ချုပ်ထားသလို ထိုင်နေပါတော့တယ်" စသည်ဖြင့် ပြောဆို ကဲ့ရဲ့မှုကို ခံရတတ်ပါတယ်၊ ဒါ့ကြောင့် ပြောသင့်တဲ့အခါမျိုးမှာ မာတုဂါမနဲ့ တကယ်ပဲ စကားပြောသင့်ပါတယ်၊ မပြောပဲနေလို့ မဖြစ်တော့ပါဘူး။

ဒီလို ပြောသင့်တဲ့အခါမျိုးကို ရည်ရွယ်ပြီး "အကြောင်း အားလျော်စွာ စကားပြောရပါယင် ဘယ်လို ကျင့်ရပါ့မလဲ ဘုရား"လို့ အရှင်အာနန္ဒာ လျှောက်ထား မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဒီတော့ "သတိထားပေါ့ အာနန္ဒာ"လို့ ဘုရားရှင်က မိန့်ကြားရခြင်းရဲ့ အကြောင်းကို ဘုန်းကြီးက ဆက်လက်ပြီး ပြောပြပါဦးမယ်။

သာသနာတော်မှာ နေနိုင်ခြင်း[၁]။ ။ရာသီဥတုက ဆိုးရွား ပြင်းထန်နေပါတယ်၊ သိပ်ပူပြင်း အိုက်စပ်တဲ့ နွေဥတု ဖြစ်ပါတယ်။

အရှင် ပိဏ္ဍောလဘာရဒွါဇက သာဝတ္ထိမြို့မှာ ဆွမ်းခံ ဘုဉ်းပေးပါတယ်၊ ဆွမ်းကိစ္စပြီးတဲ့အခါ "ဒီနေ့တော့ အေးတဲ့နေရာ သွားနေဦးမှပဲ"ဆိုတဲ့ရည်ရွယ်ချက်နဲ့ တန်ခိုးဣဒ္ဓိပါဒ်နဲ့ ထွက်ကြွလာခဲ့ပါတယ်၊ ဂင်္ဂါမြစ်ကမ်း ဥဒေနမင်းရဲ့ ဥယျာဉ်အတွင်း သက်ဆင်း ဝင်ရောက်သွားပါတယ်။

၁။ သံယုတ် ပါ-ဒု-၇၂၉။ ရှင်း ၄-တ-၇၉။

အဲဒီ ဉယျာဉ်ဟာ အရိပ်အာဝါသနဲ့ ပြည့်စုံပါတယ်၊ ရေပြင်ပေါ်ကို ဖြတ်သန်းလာတဲ့ လေပြေလေအေးကလဲ တဖြူးဖြူး တိုက်ခတ် နေပါတယ်၊ နွေရာသီမှာ အပူဒဏ်ကြောင့် ပင်ပန်းနေသူတွေကို လက်ယပ်ခေါ်ယူနေသလို ဖြစ်နေပါတယ်၊ ဒါ့နဲ့ အရှင်ပိဏ္ဍောလကလဲ အဲဒီ ဉယျာဉ်အတွင်း သစ်တပင် ရင်းမှာ သီတင်းသုံး ထိုင်နေတော်မူပါတယ်။

အဲဒီနေ့မှာပဲ ဥဒေနမင်းကလဲ နောက်လိုက်နောက်ပါ အခြွေအရံ မိန်းမ တွေနဲ့အတူ ဉယျာဉ်ထဲကို ထွက်လာခဲ့ပါတယ်၊ မင်္ဂလာကျောက်ဖျာပေါ် ခင်းထားတဲ့နေရာမှာ လဲလျောင်းနေပါတယ်၊ ကိုယ်လုပ်တော်မိန်းမတဦးက ခြေဆုပ်လက်နယ် ပြုနေပါတယ်၊ ကျန်တဲ့မိန်းမတွေက အတီးအမှုတ်၊ အက အခုန်တွေနဲ့ ဖြေဖျော်နေကြပါတယ်၊ မကြာခင်မှာပဲ ရှင်ဘုရင်က အိပ်ပျော် သွားပါတယ်။

ရှင်ဘုရင် အိပ်ပျော်သွားတဲ့အခါ ဖြေဖျော်နေတဲ့ မိန်းမတွေက တူရိယာ တွေကို ချထားခဲ့ပြီး ဉယျာဉ်ထဲကို ထွက်သွားကြပါတယ်၊ အသီးအနှံတွေ တွေ့ယင်ခူးစားလိုက်၊ ပန်းတွေတွေ့ယင်ခူးပန်လိုက်နဲ့ တပျော်တပါးလှည့်ပတ် သွားလာ နေကြယင်း ပိဏ္ဍောလထေရ်ကို သွားတွေ့ကြပါတယ်၊ "ဟော့ ကောဇမတွေ့ဆုံသည်မနေကြနဲ့ဟော့"လို့ မေးထိုးပြကာ လက်ပြကာနဲ့ အချင်းချင်း တားမြစ်ကြယင်း မထေရ်အနီးကို သွားရောက်ပြီး ရှိခိုးထိုင်နေကြပါတယ်။

"သင်တို့တတွေဟာ ကိုယ့်ထက်သာ မနာလိုဆိုတဲ့သဘောကို ပယ် ဖျောက်ရမယ်၊ ပန်တိုမှုဆိုတဲ့ သဘောကိုလဲ မထားရဘူး"

စသည်ဖြင့် ပိဏ္ဍောလထေရ်က သူတို့တတွေနဲ့ သင့်တော်ရုံမျှဖြစ်တဲ့ တရား စကားကို ပြောဟောနေပါတယ်။

အဲဒီအချိန်မှာပဲ ခြေဆုပ်လက်နယ် ပြုလုပ်ကျန်နေရစ်တဲ့ ကိုယ်လုပ်တော်က ရှင်ဘုရင်ရဲ့ ခြေကိုလှုပ်ပြီး တမင်နိုးအောင် ပြုလုပ်လိုက်ပါတယ်။

"ဟိုကောင်မတွေ ဘယ်ကို ထွက်သွားကြသလဲ"

ဥဒေနဘုရင်က အိပ်ရာက နိုးလျှင်နိုးခြင်း မေးပါတယ်။

"အဲဒီ အကောင်မတွေက အရှင်မင်းမြတ်ကို ဘာ အရေးစိုက် လိမ့်မလဲ၊ ဟိုမှာ မတွေ့ဘူးလား၊ ရဟန်းတပါးကို ဝိုင်းအုံထိုင်နေ ကြတာပဲ"

ကိုယ်လုပ်တော်ရဲ့ စကားကို ကြားရတဲ့အခါ ဉဒေနမင်းက ဒေါသအမျက်ခြောင်းခြောင်း ထွက်လာပါတော့တယ်၊ ဖိုခုံလောက်ပေါ်ကို ပစ်ချလိုက်တဲ့ ဆားလို တဖျစ်ဖျစ်မြည်ကာ ထလာပါတော့တယ်။

"ဒီရဟန်းကိုတော့ ဒီနေ့ ခါချဉ်စာ ကောင်းကောင်း ကျွေးလိုက်ရဦးမယ်"

ဒီလို ပြောပြောဆိုဆို ထွက်သွားပါတော့တယ်၊ အသောကပင်တပင်မှာ ခါချဉ်ထုပ်ကြီးတထုပ်ကို အဆင်သင့် တွေ့ရတော့ လက်နဲ့သစ်ကိုင်းကို လှမ်းဆွဲလိုက်ပါတယ်၊ သစ်ကိုင်းက လက်က လွတ်ထွက် သွားပါတယ်၊ သစ်ကိုင်းလှုပ်ယမ်းတဲ့အရှိန်နဲ့ ခါချဉ်ထုပ်ပြုတ်ပြီး ဉဒေနမင်းရဲ့ ခေါင်းပေါ်ကိုတည့်တည့်မတ်မတ် ကျလာပါတော့တယ်၊ တကိုယ်လုံး စပါးဖွဲနဲ့ ကြဲဖြန့်ထားသလို မီးထုတ်နဲ့ ရှို့လိုက်သလို ဖြစ်နေပါတော့တယ်။

ပိဏ္ဍောလထေရ်ကလဲ "ဉဒေနမင်းက ဒေါသထွက်နေတယ်" ဆိုတာကို သိရတဲ့အတွက် တန်ခိုးဣဒ္ဓိပါဒ်နဲ့ပဲ ပြန်လည်ကြွသွားတော်မူပါတယ်။

ဒီတော့ ပိဏ္ဍောလထေရ်နားမှာ ဝိုင်းအုံထိုင်နေကြတဲ့ မိန်းမတွေကလဲ ဉဒေနမင်းရဲ့အနီးကို ရောက်လာကြပါတယ်၊ ဉဒေနမင်းရဲ့ကိုယ်ကို ပွတ်သပ်ဟန်ဆောင်ကြယင်း မြေပေါ်မှာကျနေတဲ့ ခါချဉ်တွေကို ကောက်ယူပြီး ကိုယ်ပေါ်မှာလဲ ပစ်တင်ကြပါတယ်။

"ဒါ ဘယ်လိုဟာတဲ့လဲ၊ အခြားဘုရင်တွေကတော့ ရဟန်းတော်တွေကို တွေ့လို့ရှိယင် ရှိလဲခိုးကြပါတယ်၊ သိလိုတာကိုလဲ မေးမြန်းလျှောက်ထား ကြပါတယ်၊ ဒီရှင်ဘုရင်ကြီးကတော့ ခါချဉ်ထုပ်ကို ကိုယ့်ခေါင်းပေါ်မှာ ပေါက်ခွဲချင်တယ်၊ ဒါဟာ ဘယ်လို သဘောပါလိမ့်"

ဒီလိုလဲ နှုတ်လှန်ထိုးကာ ပြောဆိုနေကြပါတော့တယ်၊ ဉဒေနမင်းဟာ မိန်းမလိုက်စားသူဖြစ်ပါတယ်၊ ဒါနဲ့ နဂိုကပဲ အဲဒီ မိန်းမတွေနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိနေပါတယ်၊ ဒါ့ကြောင့် နှုတ်လှန်ထိုးကာ ဒီလို ပြောဆိုဝံ့ကြတာပါပဲ။

ဉဒေနမင်းက ကိုယ့်အပြစ်ကို ကိုယ်မြင်လာပါတယ်၊ ဒါနဲ့ ဉယျာဉ်စောင့်ကို အခေါ်ခိုင်းပြီး စုံစမ်းမေးမြန်းမှုကို ပြုပါတယ်။

"ခုနက ဥယျာဉ်ထဲမှာ နေသွားတဲ့ ရဟန်းဟာ အခြားနေ့တွေမှာလဲ ဒီကို ကြွလာတတ်သလား"

"မှန်လှပါ အရှင်မင်းမြတ် ကြွလာတတ်ပါတယ်"

"ဒါဖြင့် ဒီကိုလာတဲ့နေ့မှာ မင်းက ငါ့ကို လာပြောရမယ်"

ဒီလိုမှာစားခဲ့ပြီး ဥဒေနမင်းကလဲ နန်းတော်တွင်းကို ပြန်သွားပါတယ်။

ပိဏ္ဍောလထေရ်ကလဲ ရက်အနည်းငယ်ကြာတဲ့အခါ ကြွလာပြီး အဲဒီ သစ်ပင်ရင်းမှာပဲ သီတင်းသုံးထိုင်နေပြန်ပါတယ်၊ ဥယျာဉ်စောင့်က တွေ့လျှင်တွေ့ချင်းပဲ ခပ်မြန်မြန်သွားပြီး ဥဒေနမင်းကို သံတော်ဦးတင်ပါတယ်။

ဥဒေနမင်းကလဲ အမတ်တွေနဲ့အတူ ဥယျာဉ်ထဲကို ထွက်လာခဲ့ပါတယ်၊ ပိဏ္ဍောလထေရ်အနားကို ရောက်တဲ့အခါ သင့်တော်ရာက ထိုင်ပြီး သိလိုတဲ့ အချက်အလက်တွေကို မေးမြန်းလျှောက်ထားပါတော့တယ်။

"အရှင်ဘုရား ဂေါတမဗုဒ္ဓရဲ့ သာသနာတော်တွင်းမှာ နေထိုင်ကြတဲ့ အချို့ရဟန်းကလေးတွေဟာ ပထမအရွယ်မျှသာ ရှိကြပါသေးတယ်၊ သူတို့တတွေဟာ ကာမဂုဏ်မခံစားပဲ ဒီအကျင့်မြတ်ကို ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ်ကျင့်ပြီး ဘာ့ကြောင့် တသက်ပတ်လုံး နေနိုင်ကြပါသလဲ ဘုရား"

"မဟာရာဇာ ရှင်တော်မြတ်ဘုရားက 'ဘိက္ခုတို့ သင်တို့တတွေဟာ အမိအရွယ်ရှိတဲ့ သူတွေရဲ့အပေါ်မှာ အမိဆိုတဲ့စိတ်ကို ထားကြရမယ်၊ နှမအရွယ်ရှိတဲ့ သူတွေရဲ့အပေါ်မှာ နှမဆိုတဲ့စိတ်ကို ထားကြရမယ်၊ သမီးအရွယ်ရှိတဲ့သူတွေရဲ့အပေါ်မှာ သမီးဆိုတဲ့စိတ်ကိုထားကြရမယ်၊ ဒီလို ရဟန်းတော်တွေကို ဆုံးမဩဝါဒ ပေးထားပါတယ်၊ အဲဒီ ဆုံးမဩဝါဒအတိုင်း လိုက်နာ ကျင့်သုံး နေထိုင်ကြတဲ့ အတွက် သူတို့တတွေဟာ တသက်ပတ်လုံး လူမထွက်ပဲ နေနိုင်ကြတာပါပဲ"

"အရှင်ဘုရား စိတ်ဆိုတာဟာလော်လည်တတ်ပါတယ်၊ဖောက်ပြန်တတ်ပါတယ်၊ ရံခါ အမိအရွယ်ရှိတဲ့သူတွေရဲ့ အပေါ်မှာလဲ တပ်မက်မှုရာဂဖြစ်တတ်ပါတယ်၊ နှမအရွယ်ရှိသူတွေရဲ့အပေါ်မှာလဲ တပ်မက်မှုရာဂဖြစ်တတ်ပါတယ်၊သမီးအရွယ်ရှိသူတွေရဲ့အပေါ်မှာလဲပဲ တပ်မက်မှု

ရာဂ ဖြစ်တတ်ပါတယ်၊ ဒီတော့ သူတို့ ဒီလိုနေနိုင်ခြင်းရဲ့ အခြား အကြောင်းများရှိပါသေးသလား''

''မဟာရာဇာ ရှင်တော်မြတ်ဘုရားက 'ဘိက္ခုတို့ သင်တို့တတွေဟာ ဒီခန္ဓာကိုယ်တခုလုံးကိုပဲ အမျိုးမျိုး အစားစား မစင်မကြယ် ရွံစဖွယ် ဖြစ်တဲ့ ဝတ္ထုတွေနဲ့ပြည့်နှက်နေတယ်လို့ ရှုဆင်ခြင်ကြပေတော့၊ ဒီခန္ဓာ ကိုယ်မှာ (အင်မတန်ရွံစရာကောင်းတဲ့)–

၁။ ဆံပင်, မွေးညင်း, ခြေသည်း, လက်သည်း, သွား, အရေ၊

၂။ အသား, အကြော, အရိုး, ရိုးတွင်းခြင်ဆီ, အညှို့၊

၃။ နှလုံး, အသည်း, အမြှေး, အဖျဉ်း, အဆုတ်၊

၄။ အူမ, အူသိမ်, အစာသစ်, အစာဟောင်း, ဦးနှောက်၊

၅။ သည်းခြေ, သလိပ်, ပြည်, သွေး, ချွေး, အဆီခဲ၊

၆။ မျက်ရည်, ဆီကြည်, တံတွေး, နှပ်, အစေး, ကျင်ငယ် တွေသာ ရှိနေပါတကား၊ တပ်မက်စရာကောင်းတာ ဘာတခုမှမရှိပါဘူး၊ ဒီလို ဆင်ခြင်ရမယ် '' လို့လဲ ရဟန်းတွေကို ဟောပြော ထားပါတယ်၊ ကိုယ်တော်ကလေးတွေကလဲပဲ ဟောထားတဲ့အတိုင်း လိုက်နာကျင့်သုံး နေထိုင်ကြပါတယ်၊ ဒါကြောင့်လဲ လူမထွက်ပဲ တသက်ပန်နေနိုင်ကြ တာပဲ''

''အရှင်ဘုရား ဒီကိစ္စဟာ သိပ်မလွယ်ကူတဲ့ကိစ္စပါ၊ အတော်လေး တရားရှုမှတ်ထားတဲ့ ရဟန်းတော်များ အတွက်တော့ လွယ်ကူပါ လိမ့်မယ်၊ 'တရားရှုမှတ်မှု အသားမကျသေးတဲ့ ရဟန်းတော်များ အတွက်တော့ ခဲယဉ်းလိမ့်မယ်'ထင်ပါတယ်၊ ရံခါ 'အသုဘ'လို့ နှလုံး သွင်းမယ်ကြံပေမဲ့ သုဘအနေနဲ့သာ ဖြစ်ပေါ် လာတတ်ပါတယ်၊ ဒီတော့ သူတို့ ဒီလို လူမထွက်ပဲ တသက်ပန် နေနိုင်ခြင်းရဲ့ အခြား အကြောင်းများ ရှိပါသေးသလား''

''မဟာရာဇာရှင်တော်မြတ်ဘုရားက'ရဟန်းတို့ သင်တို့တတွေဟာ မျက်စိ နား နှာ ကိုယ် စိတ်ဆိုတဲ့ ဣန္ဒြေ (ဒွါရ) ၆-ပါးကို သတိ

ဆိုတဲ့ တံခါးရွက်နဲ့ လုံခြုံအောင် ပိတ်ဆို့နေကြရမယ်၊ ဒီလိုလဲ ဟော ပြောထားပါသေးတယ်၊ ဟောထားတဲ့အတိုင်းလဲပဲ သူတို့တတွေဟာ ကျင့်သုံး နေထိုင်ကြပါတယ်၊ ဒါ့ကြောင့်လဲ လူမထွက်ပဲ တသက်ပန် နေနိုင်ကြတာပါပဲ"

"အရှင်ဘုရား ဟုတ်ပြီ၊ ရှင်တော်မြတ်ဘုရားဟာ ဒီစကားတော်ကို သိပ်ကောင်းအောင် ဟောထားတာပါပဲ၊ ဒီသတိဆိုတဲ့ တရားဟာပဲ သူတို့တတွေ လူမထွက်ပဲ တသက်ပန် နေနိုင်ခြင်းရဲ့ အကြောင်းပေါ့

အရှင်ဘုရား တပည့်တော်ကိုယ်ကိုင်လဲပဲ သတိလွှတ်ကင်းပြီး ဣန္ဒြေ တွေကို မစောင့်စည်း မပိတ်ဆို့ပဲ နန်းတော်တွင်းကို ဝင်သွားတဲ့အခါ မျိုးမှာ တဏှာရာဂတရားတွေက တပည့်တော်ကို အင်မတန်နှိပ်စက်ကြ ပါတယ်၊ သတိကင်းလွှတ်ခွင့်မပေးပဲ ဣန္ဒြေတွေကို စောင့်စည်းပိတ်ဆို့ လို့ ဝင်သွားတဲ့အခါမျိုးမှာတော့ တဏှာရာဂ တရားတွေက တပည့် တော်ကို မနှိပ်စက်နိုင်တော့ပါ"

ဥဒေနရာဇာက ဒီလိုလဲ ဝန်ခံလျှောက်ထားပါတယ်၊ သရဏဂုံလဲ ဆောက် တည်သွားပါတယ်၊ ဗုဒ္ဓဘာသာဝင် ဒါယကာတဦးအဖြစ် အသိအမှတ်ပြုပါ မည့်အကြောင်းကိုလဲ လျှောက်ထားသွားပါတယ်။

ဒါကိုပဲ အကြောင်းပြုပြီး ဘုရားရှင်က "သတိထားပေါ့ အာနန္ဒာ"လို့ အကျဉ်းမျှ ဖြေဆိုရခြင်းဖြစ်ပါတယ်။

ဒီနေ့ညတော့ ဒီလောက်နဲ့ပဲ လက်စသတ်လိုက်ကြစို့ရဲ့၊ ဒီတော့ ရဟန်း တော်တွေကလဲပဲ သံသဂ္ဂမဖြစ်ရအောင် နေထိုင် ကျင့်သုံးကြပါ၊ ဒါယကာ ဒါယိကာမတွေကလဲ "သာသနာရေး သာသနာမှုမှတပါး အခြားကိစ္စတွေ အတွက် ရဟန်းတော်တွေနဲ့ အရောတဝင် ပေါင်းသင်းဆက်ဆံမှုကို ရှောင်ကြဉ် ကြပါ"လို့ ဘုန်းကြီးက မေတ္တာရပ်ခံပါတယ်။

အဲဒီလို မေတ္တာရပ်ခံတဲ့အတိုင်း လိုက်နာကျင့်သုံးကြပြီး မိမိတို့နဲ့သက်ဆိုင်ရာ သာသနာ့တာဝန်တွေကို ဆတက်ထမ်းပိုး ကြိုးစားအားထုတ် နောက်မဆုတ်ပဲ ထမ်းဆောင်နိုင်ကြပါစေကုန်သတည်း။

ရဟန်းတော်များနှင့် ဒါယိကာမများ ဆက်ဆံရေး

သကြံန်အတက်နေ့နံနက်ချိန်မှာလည်း ဆရာတော်ဦးဓမ္မိကသည် ဥပုသ်သည်များကို ကိုယ်တိုင်သီလပေးသည်၊ ထို့နောက် သံဃာတော်များ ကြွလာရန် အချက်ပေးသံချောင်း အခေါက်ခိုင်းသည်၊ သံဃာတော်များ ကြွလာ၍ နေသားတကျထိုင်မိသည့်အခါ တရားစတင်ဟောကြားပါသည်။

ဒီနေ့လဲပဲ ရဟန်းတော်များနဲ့ မာတုဂါမတွေရဲ့ဆက်ဆံရေးကိုပဲ ဆက်လက်ပြီး ပြောပါဦးမယ်၊ ရဟန်းတော်တွေဟာ မာတုဂါမတွေနဲ့ ပတ်သက်ပြီး အကျင့်သီလ ပျက်စီးတာ များတတ်ပါတယ်၊ ဒါကြောင့် ရဟန်းတော်တွေလဲ စောင့်စည်းနိုင်အောင်, ဒါယိကာမတွေလဲ ဆင်ခြင်နိုင်အောင်ဆိုတဲ့ ရည်မှန်းချက်နဲ့ပါဠိတော်တွေ,အဋ္ဌကထာတွေထဲက လိုရင်းကိုထုတ်နုတ်ပြီး ဘုန်းကြီးက ဒါကိုပဲ အတော်ခပ်များများ ပြောနေရပါတယ်၊ ဒီတော့ အမျိုးသမီးတွေထဲက ရဟန်းတော်တွေ အထူးသတိထားဆင်ခြင် သွားလာ ဝင်ထွက်ရမဲ့ ပေါင်းသင်းဆက်ဆံရမဲ့ သူတွေကို စတင်ပြောကြားပါ့မယ်။

အဂေါစရ ငါးဌာန [၁]။ ။ရဟန်းတို့ ရောနှောယှက်တင် အကျွမ်းတဝင် မနေသင့်သူ ၅-ယောက်ရှိတယ်၊ အဲဒီ ၅-ယောက်ထဲက တယောက်ယောက်နဲ့ ရောနှောယှက်တင် အကျွမ်းတဝင် နေထိုင်တဲ့ ရဟန်းဟာ ရဟန္တာဖြစ်နေတောင်မှ ''ယုတ်မာတဲ့ ရဟန်း''လို့ လူတွေရဲ့ အထင်အမြင် လွဲမှားမှုကို ခံရတတ်တယ်။

၁။ ပြည့်တန်ဆာမ၊
၂။ လင်ဧသ လင်ပြတ် တခုလပ် မုဆိုးမ၊
၃။ အပျိုကြီး၊
၄။ နပုံးပဏ္ဍုက် (မိန်းမရှာ ယောကျ်ားရှာ)
၅။ ဘိက္ခုနီ (သီလရှင် ယောဂီမတွေ)၊

ဒီ ၅-ယောက်ထဲက တယောက်ယောက်နဲ့ ရောနှောယှက်တင် အကျွမ်းတဝင် နေထိုင်တဲ့ ရဟန်းဟာ ရဟန္တာ ဖြစ်နေ့ဟောင်မှ ''ရဟန်းယုတ် ရဟန်းညံ့''လို့ သူတပါး အထင်အမြင်လွဲမှားလာစရာ ဖြစ်တယ်။

၁၊ ပရိဝါ ပါ-၂၃၀။ ဋ္ဌ-၁၇၃။ ပါစိတျာဒိ ဋ္ဌ-၂၇၃။ အံ ပါ-၃-၁၁၂။ ဋ္ဌ-တ-၄။

ဒီလို ဘုရားရှင်က ဟောထားပါတယ်၊ ဒီအထဲမှာ ဘုံဆိုင် (အရက်ဆိုင်)ကို ထည့်လိုက်တော့ အဂေါစရ ခြောက်ဌာန ဖြစ်ပါတယ်။

> ပြည့်မတန်ဆာ, လင်ကွာမိန်းမ, မုဆိုးမနှင့်, ဟိုင်းမဂျိုကြီး, တသီးသွင်ယုတ်, ပဏ္ဍုက်ဘိက္ခုနီ, တလီထိုနောက်, သေသောက်အိမ်ခေါ်, အပ်မလျော်သား, အဂေါစရ, ခြောက်ဌာနနှင့်, သီလချစ်ခင်, သူတော်စင်တို့, ကျွမ်းဝင်ဘယ်ခါ, မပြုရာတည်း၊ ပြုပါတပြီး, ခရီးကုန်းကြောင်း, ဖုံထောင်းထောင်း၌, မိကျောင်းကြည်းတင်, ဖြစ်တတ်ကျင်၏။ [၁]

မန်လည်ဆရာတော်ကလည်း ဒီလို ဆိုထားပါတယ်၊ ဒါတွေကို နည်းနည်းရှင်းလင်း ပြောပြပါ့မယ်။

အဂေါစရ။ ။နွားတွေရဲ့ မပြတ်မလပ် ကျက်စားနေတဲ့ အရပ်ကို "နွားစားကျက် (ဂေါစရ)"လို့ ခေါ်ရသလို အများအပြားသွားလာဝင်ထွက်နေတဲ့ အရပ်ကိုလဲ "ကျက်စားရာ (ဂေါစရ)"လို့ပဲ ခေါ်ရပါတယ်၊ ဒါ့ကြောင့် ခေတ္တခဏ ဆွမ်းခံသွားတာ ဆွမ်းရပ်တာတွေကို "ကျက်စားရာ"လို့ မဆိုသင့်ပါဘူး၊ မပြတ်မလပ်သွားပြီး မိတ်ဆွေသဘောနဲ့ စကားစမြည် ပြောဆိုနေတာမျိုးကိုသာ "ကျက်စားရာ"လို့ ဆိုသင့်ပါတယ်၊ ဒီတော့ ပြည့်တန်ဆာစတဲ့ ၅-ဦးတို့နဲ့ အဲဒီလို ရောနှောယှက်တင် အကျွမ်းတဝင် မနေရတာကိုပဲ "အဂေါစရ"လို့ ဆိုရပါတယ်။

ပြည့်တန်ဆာမ။ ။ပစ္စည်းဝတ္ထု အနည်းငယ်ခန့် ပေးရုံလောက်နဲ့ လွန်ကျူးဖို့လွယ်ကူတဲ့, မိမိရဲ့ကိုယ်ခန္ဓာနဲ့ ရင်းနှီးပြီး အသက်မွေးနေတဲ့ မိန်းမမျိုးကို "ပြည့်တန်ဆာ"လို့ ခေါ်ပါတယ်၊

ဆွမ်းခံသွားတာကို ရိုးမယ်ဖွဲ့လို့ပဲဖြစ်ဖြစ်, ဆွမ်းရပ်တာကို ရိုးမယ်ဖွဲ့လို့ပဲ ဖြစ်ဖြစ် ချစ်ခင်ပေါင်းသင်း ဆက်ဆံလိုတဲ့စိတ်မျိုးနဲ့ အမြဲတွေ့လို စကားပြောလိုတဲ့အတွက် ပြည့်တန်ဆာမတွေဆီသို့ အမြဲတမ်းသွားလာဝင်ထွက်နေတဲ့ ရဟန်းမျိုးကို "ပြည့်တန်ဆာမနဲ့ ရောနှောယှက်တင် အကျွမ်းတဝင် နေထိုင်တဲ့ ရဟန်း (ပြည့်တန်ဆာမသို့တဲ့ ကျက်စားရာရှိတဲ့ ရဟန်း)"လို့ ဆိုရပါတယ်။

၁။ မယ ပုဒ်ရေ ၄၂၅။

အဲဒီလို ပြည့်တန်ဆာမနဲ့ ရောနှောယှက်တင် အကျွမ်းတဝင် နေထိုင်တဲ့ ရဟန်းဟာ မကြာလှတဲ့အချိန်အတွင်းမှာပဲ "ဘယ်ပြည့်တန်ဆာမနဲ့ ထွက်ပြေးသွားပြီ" လို့ အပြောအဆို ခံရတတ်ပါတယ်၊ ကြွင်းတဲ့သူတွေနဲ့ ရောနှောတဲ့အတွက် ဖြစ်သင့်တဲ့အပြစ်တွေကိုလဲပဲ စဉ်းစားကြည့်မယ်ဆိုယင် သိနိုင်လောက်ပါတယ်၊ ဒါ့ကြောင့် ဒါတွေကို ဘုန်းကြီးက အကျယ်ရှိကာ မချဲ့လိုတော့ပါဘူး။

ပြည့်တန်ဆာမ စတဲ့သူတွေက ဆွမ်းစသည် လှူဒါန်းခဲ့ပါယင် အဖော်ရဟန်းတွေနဲ့ အတူသွားပြီး အတူစားလို့ပဲဖြစ်ဖြစ်, ဆွမ်းကို ယူလို့ပဲဖြစ်ဖြစ် ပြန်လာသင့်ပါတယ်။

လင်သေ လင်ပြတ် တခုလပ် မုဆိုးမ။ ။ "လင်သေသွားတဲ့ မုဆိုးမ, ပြတ်စဲကွာရှင်းထားတဲ့အတွက် လင်နဲ့ကွဲနေတဲ့ တခုလပ်မိန်းမ, လင်ယောကျ်ားခရီးထွက်နေမှုစသည်တို့ကြောင့် လင်နဲ့အခိုက်အတန့် ကွဲကွာနေတဲ့မိန်းမ" ဒီမိန်းမတွေကိုပဲ "လင်သေ လင်ပြတ် တခုလပ် မုဆိုးမ" လို့ ဆိုထားပါတယ်၊ ဒီမိန်းမမျိုးတွေဟာလဲပဲ ယောကျ်ားတဦးဦးနဲ့ မိတ်ဖွဲ့ဖို့ တောင့်တ နေတတ်ကြပါတယ်။

> တရေးမသိ, ဣတ္ထိတံထွာ, ဓမ္မတာဖြင့်, လင်ကွာလင်သေ, ကိုယ်နေပျက်ပြီး, မိန်းမကြီးတို့, နုပ်ပြီးကုန်ကြ, လူ့ဘာဝ၌, ကိစ္စသတ္တိ, လက်စည်းသိ၍, ဟိရိသြတ္တပ်, မကပ်ကြောက်ရှက်, တသင်းတက်၏။ [၁]

မန်လည် ဆရာတော်ဘုရားက ဒီလိုလဲ မိန့်ဆိုထားပါသေးတယ်။

အပျိုကြီး။ ။အိမ်တောင် မကျဘူးသေးတဲ့ အရွယ်ရောက်ပြီး အရွယ်လွန်ပြီ အမျိုးသမီးတွေကို သိမ်းကျုံးပြီးတော့ "အပျိုကြီး" လို့ ဆိုထားပါတယ်၊ သူတို့တတွေဟာလဲပဲ အများအားဖြင့် ယောကျ်ားကို လိုလား တောင့်တပြီး လှည့်လည် သွားလာ နေတတ်ကြပါတယ်၊ ယောကျ်ားတဦးဦးနဲ့ အဆက်အသွယ်ဖြစ်ဖို့ တောင့်တ နေတတ်ကြပါတယ်။

၁။ မဃဒေဝ ပုဒ်ရေ-၂၉၈။

အသက်နုနယ်, အရွယ်ရောက်ထ, ပျံသင်စက, ဟိုင်းမပျိုသိုး, မိန်းမမျိုးမူ, ဒီတိုးသော့လား,ရေတော်နွားနှင့်,နွားဖျားပျောက်စ, နွားလံထသို့, ငတ်လှချင်ချင်, အိမ်မြှောင်မြင်လည်း, စားချင်ငင်းငင်း, အားသာပြင်းသို့, အူတွင်းကယား, ယောကျ်ားအလို, လူမဆိုသေး, ခွေးကိုသော်မျှ, ကပ်တတ်ကြ။[၁]

သောင္ဌသစစ်, ဆယ့်ခြောက်နှစ်သို့, ရောက်လစ်တုံငြား, မိန်းမများကား, ယောကျ်ားအလို, ကမ်းနှုယ်ပြိုး၏၊ စီးယိုကျဖိတ်, လော်လည်စိတ်လည်း, မပိတ်ဆို့သာ, လှိုက်လှိုက်ဆား၍, ဓမ္မတာအမျိုး, တက်ရေတိုးသို့, ဖြိုးဖြိုးဝေလျက်, ရမ္မက်သွေးကြွ, လျှမ်းလျှမ်းထ၏။[၂]

ဒီလိုလဲ မန်လည်ဆရာတော်ဘုရားက ဆိုထားပါသေးတယ်၊

နပုံးပဏ္ဍုက်။ ။စာထဲမှာက နပုံးဆိုတာ ကျားမ အင်္ဂါဇာတ် လုံးဝ မပါသူကို ဆိုတယ်၊ ပဏ္ဍုက်ဆိုတာက ကျားစိတ် မစိတ် ပြည့်ပြည့်ဝဝ မရှိ ချက်ယွင်းသူကိုခေါ်တယ်၊ အခြားသူများ မေထုန်စပ်ယှက်တာကို ကြည့်ရမှ ကာမစိတ်ပြေတဲ့ပုဂ္ဂိုလ်မျိုး စသည်ပေါ့၊ ပြီးတော့ ကျားမအင်္ဂါ ၂-မျိုးပါတဲ့ ဥဘတောဗျည်းဆိုတာလဲ ရှိသေးတယ်၊ဒီမှာမပါပေမဲ့ ယူသင့်တယ်၊ ဒါတွေကိုချုပ်လိုက်လျှင်—ကိလေသာကာမရောဂများတဲ့ ကာမရာဂ ငြိမ်းအေးအောင် မစွမ်းဆောင်နိုင်တဲ့သူများကိုပဲ “နပုံး ပဏ္ဍုက်(မိန်းမရှာ ယောကျ်ားရှာ)”လို့ ဆိုထားပါတယ်။

ဘိက္ခုနီ။ ။သာသနာ့ဝန်ထမ်း ရဟန်းအဖြစ်နဲ့တူတဲ့မိန်းမတွေကို “ဘိက္ခုနီ” လို့ ခေါ်ပါတယ်၊ အဲဒီဘိက္ခုနီတွေနဲ့ လျှင်မြန်စွာပဲ အကျွမ်းဝင်မှုဖြစ်တတ်ပါတယ်၊ အကျွမ်းဝင်လွန်းတော့ သီလပျက်စီးမှုလဲ ဖြစ်တတ်ပါတယ်၊ အခုခေတ်မှာတော့ ဘိက္ခုနီတွေ မရှိတော့ပါဘူး၊ လုံးဝအဆက်ပြတ်သွားပါပြီ။

ဒါပေမဲ့ သီလရှင်တွေ၊ ယောဂီမတွေကိုလဲ ဘိက္ခုနီအလား သဘောထား ပြီး ဆက်ဆံမှုကို ပြုသင့်ပါမယ် ထင်ပါတယ်။

ဒီနေရာမှာ "ပြည့်တန်ဆာမစတဲ့ သူတွေရဲ့ အိမ်ကို အမြဲတမ်း သွားလာဝင်ထွက်မှုကိုပြုတဲ့ ရဟန်းမှာသာ အပြစ်ရှိတယ်၊ အခြားသူတွေရဲ့အိမ်ကို အမြဲတမ်း ဝင်ထွက် သွားလာမှုကိုပြုနေတဲ့ ရဟန်းမှာတော့ အပြစ်မရှိဘူးလား" မေးစရာရှိနေပါတယ်၊ ပြည့်တန်ဆာမစတဲ့ သူတွေရဲ့အိမ်ကို အမြဲတမ်းဝင်ထွက်သွားလာတာလောက် မဆိုးဝါးပေမဲ့ အပြစ်တော့ရှိပါတယ်၊ ဘယ်လိုအပြစ်တွေရှိတယ်ဆိုတာကိုတော့ ဘုရားရှင်ကိုယ်တိုင်ကပဲ ဟောထားပြီးဖြစ်ပါတယ်။

အိမ်လည်ရဟန်းအပြစ်[၁]။ ။အလွန်အချိန်ကြာမြင့်အောင် အိမ်တွေမှာ လည်ပတ်ယင်း လူတွေနဲ့ရောနှောနေထိုင်တဲ့ ရဟန်းမှာ—

၁။ မာတုဂါမကို အမြဲတမ်း တွေ့မြင်ရတတ်တယ်၊

၂။ မြင်ဖန်များလျှင် ရောနှောခြင်း ဖြစ်လာတတ်တယ်၊

၃။ ရောနှောလို့ရှိလျှင် အကျွမ်းဝင်မှု ဖြစ်လာတတ်တယ်၊

၄။ အကျွမ်းဝင်လာလို့ရှိလျှင် ကိလေသာရာဂ ထကြွသောင်းကျန်းလာတတ်တယ်၊

၅။ ကိလေသာရာဂထကြွသောင်းကျန်းလာလျှင် မမွေ့လျော်မပျော်ပိုက်ပဲသော်လဲ သာသနာမှာနေရတတ်တယ်၊ညစ်ညမ်းတဲ့(သံဃာဒိသေသ်) အာပတ်တခုခုသို့သော်လဲ ရောက်တတ်တယ်၊ လူသော်လဲ ထွက်ရတတ်တယ်၊ ဒီအပြစ်သုံးခုထဲက တခုခုကေန် ဖြစ်လာလိမ့်မယ်။

ဒါနဲ့ တဆက်တည်း ရဟန်းတွေအတွက် ဘေးကြီးလေးပါး (ရဟန်းတွေလူထွက်ရပုံ လေးမျိုး)ကိုလဲ မှတ်သားသင့်ပါတယ်၊ အဲ ဒီဘေးကြီးလေးပါးကိုလဲ ဘုရားဟောပါဠိတော် အတိုင်းပဲ ပြောပြသွားပါမယ်။

ရဟန်းများအတွက် ဘေးကြီးလေးပါး[၂]။ ။ရဟန်းတို့ ရေထဲကိုဆင်းသူမှာ လှိုင်းတံပိုးဘေး၊ မိကျောင်းဘေး၊ ဝဲဘေး၊ ငါးဆိုးငါးကြမ်းဘေး"ဆိုတဲ့ ဘေးလေးမျိုးနဲ့ ကေန်တွေ့ကြုံရ

၁။ ပရိဝါ-ပါ-၂၃၅၊ ငါး ဋ္ဌ-၁၇၈၊ အံပါ-၃-၂၂၆၊ ၄င်း ဋ္ဌ-၈-၀၂၊ ဓမ္မ ဋ္ဌ-ဒု-၂၂၊ သံပါ-၃-၄၅၉၊ ၄င်း ဋ္ဌ- ၂၁၃။

၂။ မဇ္ဈိပဏ် ပါ-၁၂၂။ ၄င်း ဋ္ဌ-၁၂၃။ အံပါ-ပ-၄၃၀။ ၄င်း ဋ္ဌ-၃၃၁။

သလို ဒီငါဘုရားသာသနာမှာ ရဟန်းပြုသူမှာလဲ "လှိုင်းတံပိုးဘေး, မိကျောင်းဘေး, ဝဲဘေး, ငါးဆိုးငါးကြမ်းဘေး" ဆိုတဲ့ ဘေး ၄-မျိုးနဲ့ ကေန် တွေ့ကြုံရတတ်ပါတယ်။

ရဟန်းတို့ ဒီလောကမှာ အချို့သော အမျိုးကောင်းသားဟာ—

"ငါ့အပေါ်သို့ ဇာတိတရားလဲကျရောက်နေတယ်၊ ဇရာတရားလဲ ကျရောက်နေတယ်၊ မရဏတရားလဲ ကျရောက်နေတယ်၊ စိုးရိမ်ပူဆွေးခြင်း, ငိုကြွေးရခြင်း, ကိုယ်ဆင်းရဲရခြင်း, စိတ်ဆင်းရဲရခြင်း, ပြင်းစွာပင်ပန်းရခြင်းတို့လဲ ကျရောက်နေတယ်၊ ငါဟာ ဆင်းရဲတွင်းသို့ ကျရောက်နေတယ်၊ ဆင်းရဲဒုက္ခရဲ့ နှိပ်စက်မှုကို ခံနေရတယ်၊ ချမ်းသာမဘာက် ဒီဆင်းရဲစုသက်သက်ကို ကုန်ဆုံးအောင် ပြုနိုင်တန်ရာရဲ့"

ဒီလိုဆင်ခြင်စဉ်းစားပြီး သဒ္ဓါတရားနဲ့ ရဟန်းပြုလာခဲ့ပါတယ်၊ သာသနာတွင်းကို ရောက်လာတော့ သူ့ကို—

"ငါ့ရှင် သင်ဟာ ဒီလို ရှေ့ကိုသွားရမယ်၊ ဒီလို နောက်ကို ဆုတ်ရမယ်၊ ဒီလို ရှေ့ကို ကြည့်ရမယ်၊ ဒီလို စောင်းငဲ့ကြည့်ရမယ်၊ ဒီလို ကွေးရမယ်၊ ဒီလို ဆန့်ရမယ်၊ ဒီလိုသင်္ကန်း သပိတ်ကို ဆောင်ရမယ်"

ဒီလိုသီတင်းသုံးဖော်တွေက ဆုံးမကြပါတယ်၊ သွန်သင်ကြပါတယ်၊ ဒီတော့ အဲဒီရဟန်းသစ်ဟာ—

"ငါဟာ ရှေးလူ့ဘဝတုန်းက အခြားသူတွေကို သွန်သင်မှုကိုလဲ ပြုခဲ့တယ်၊ ဆုံးမမှုကိုလဲ ပြုခဲ့တယ်၊ ဒီရဟန်းတွေကတော့ ငါ့ရဲ့သား အရွယ် မြေးအရွယ်လောက်သာ ရှိသေးတယ်၊ ဒါနဲ့တောင်မှ သွန်သင်သင့်တယ်၊ ဆုံးမသင့်တယ်လို့ မှတ်ထင်ကြပါဘိတယ်"

ဒီလို တွေးတောစဉ်းစားပြီး အမျက်ထွက်လာပါတယ်၊ စိတ်ချမ်းသာမှုလဲ မရှိတော့ပါဘူး၊ သိက္ခာချကာ လူထွက်သွားပါတော့တယ်။

အမျက်ထွက်ခြင်း ကောဓ, ပြင်းစွာပင်ပန်းခြင်း ဥပါယာသတို့ကိုပဲ "လှိုင်းတံပိုးဘေး" လို့ ဆိုရပါတယ်။

ဒီလောကမှာ အချို့သော အမျိုးကောင်းသားဟာ သဒ္ဓါတရားနဲ့ ရဟန်းပြုလာခဲ့ပါတယ်၊ သာသနာတွင်းကို ရောက်လာတဲ့အခါ သူ့ကို သိတင်းသုံးဘော်တွေက—

"သင်ဟာ ဒါကို စားရမယ်၊ ဒါကို မစားရဘူး၊ နံနက်အခါမှာသာ စားရမယ်၊ နေလွဲသွားယင် မစားရတော့ဘူး"

စသည်ဖြင့် သွန်သင်ကြပါတယ်၊ဆုံးမကြပါတယ်၊ဒီတော့ အဲဒီ ရဟန်းသစ်က-

"ငါဟာ လူ့ဘဝတုန်းက စားချင်တာတွေလျှင် စားလိုက်တာပဲ၊ မစားချင်တာကိုတော့ မစားပဲ နေလိုက်တာပဲ၊ မနက်ဘက်မှာလဲ စားတာပဲ၊ညနေဘက်မှာလဲ စားတာပဲ၊သဒ္ဓါတရားရှိတဲ့ ဒါယကာတွေက စားစရာ သောက်စရာတွေကို နံနက်ပိုင်းမှာလဲ လှူကြတာပဲ၊ ညနေပိုင်းမှာလဲ လှူကြတာပဲ၊ အဲဒီလို လှူကြတန်းကြတဲ့နေရာမှာ ဒီရဟန်းတွေက တို့ရဲ့ ပါးစပ်ကို ပိတ်ဆို့ထားသလို လုပ်နေကြပါကလား"

ဒီလို ကြံစည်စဉ်းစားပြီး ဆုံးမသွန်သင်တဲ့ ရဟန်းတွေကို အမျက်ထွက်လာတတ်ပါတယ်၊ စိတ်ချမ်းသာမှုကိုလဲ မရတော့ပါဘူး၊ ဒါနဲ့ သိက္ခာချပြီး လူထွက်သွားပါတော့တယ်။

ဝမ်းစာရှာဖွေတာကိုပဲ "မိကျောင်းဘေး"လို့ ဆိုပါတယ်။

ဒီလောကမှာ အချို့သော အမျိုးကောင်းသားဟာ သဒ္ဓါတရားနဲ့ ရဟန်းပြုလာခဲ့ပါတယ်၊ အဲဒီ ရဟန်းသစ်ဟာ မြို့ထဲရွာထဲကို ဆွမ်းခံကြပါတယ်၊ (ဒါပေမဲ့ အခြားရဟန်းတော်များလို) ကိုယ်ကိုလဲ စောင့်ရှောက်မှု မရှိဘူး၊ နှုတ်ကိုလဲ စောင့်ရှောက်မှုမရှိဘူး၊ စိတ်ကိုလဲ စောင့်ရှောက်မှုမရှိဘူး၊ သတိတရားလဲ ကင်းလွတ်နေပါတယ်၊ ဣန္ဒြေတွေကိုလဲ စောင့်စည်းမှုမရှိဘူး၊ အဲဒီ ရဟန်းဟာ မြို့ထဲရွာထဲမှာ ကာမဂုဏ်ငါးပါး အာရုံတရားတွေနဲ့ ပြည့်စုံပျော်ပါးနေသူတွေကို တွေ့ရပါတယ်။

"ငါလဲပဲ ရှေးလူဖြစ်စဉ်တုန်းက ကာမဂုဏ်ငါးပါး အာရုံတရားတွေနဲ့ ပျော်ပါးနေခဲ့တာပဲ၊ငါ့အိမ်မှာလဲ ပစ္စည်းဥစ္စာတွေ အရှိသားပဲ၊ ငါဟာ စည်းစိမ်ကိုလဲ ခံစားနိုင်တယ်၊ ကုသိုလ်ကောင်းမှုကိုလဲ

ပြုနိုင်တယ်၊ လူဝတ်လဲပြီး စည်းစိမ်ခံစားနေရယင် ကုသိုလ်ကောင်းမှု ပြုနေရယင် ကောင်းမှာပါပဲ"

ဒီလို စိတ်ဖောက်ပြန်လာတတ်ပါတယ်၊ ဒါနဲ့ အဲဒီရဟန်းဟာ သိက္ခာချကာ လူထွက်လာပါတော့တယ်။

ကာမဂုဏ်ငါးပါး အာရုံတရားကိုပဲ "ဝဲဘေး"လို့ ခေါ်ပါတယ်။

အချို့သော အမျိုးကောင်းသားဟာ သဒ္ဓါတရားနဲ့ သာသနာတော်တွင်းကို ဝင်ရောက်လာခဲ့ပါတယ်၊ အဲဒီရဟန်းဟာ မြို့ထဲရွာထဲကို ဆွမ်းခံသွားတဲ့အခါ ကိုယ်ကိုလဲ မစောင့်ရှောက်, နှုတ်ကိုလဲ မစောင့်ရှောက်, စိတ်ကိုလဲ မစောင့်ရှောက်, သတိပဋ္ဌာန်တရားကိုလဲ မပွားများ, ဣန္ဒြေတွေကိုလဲ မစောင့်စည်းပဲ ပရမ်းပတာ သွားလာနေပါတော့တယ်။

အဲဒီရဟန်းဟာ ဒီလို သွားလာနေယင်း မြို့ထဲရွာထဲမှာ မလုံမလဲဝတ်စားသွားလာနေထိုင်တဲ့ မာတုဂါမကို တွေ့ရပါတော့တယ်၊ ဒါနဲ့ သူ့ရဲ့စိတ်ဟာ ရာဂရဲ့နှိပ်စက်ဖျက်ဆီးမှုကို ခံရပါတော့တယ်၊ အဲဒီရာဂရဲ့ ညှဉ်းပမ်းနှိပ်စက်ခံရတဲ့ စိတ်ကြောင့်ပဲ သိက္ခာချကာ လူထွက်လာရပါတော့တယ်။

မာတုဂါမကိုပဲ "ငါးဆိုး ငါးကြမ်းဘေး"လို့ ဆိုပါတယ်။

သာသနာ့ဝန်ထမ်းအချို့ ရဟန်းတော်တွေဟာ ဒီဘေး လေးပါးထဲက တပါးပါးကြောင့် လူ့ဘောင်ကို ရောက်သွားတတ်ကြပါတယ်။

အဲဒီဘေး လေးပါးထဲက အခု ပြောနေတာက ငါးဆိုး ငါးကြမ်းဘေးကိုပဲ ပြောနေပါတယ်၊ ဒီတော့ ရဟန်းတွေအကုန်လုံး ဒီ ငါးဆိုး ငါးကြမ်း ဘေးကြီး သင့်နေသလား၊ ဒီဘေးကြီးက လွတ်အောင် ရုန်းထွက်နိုင်တဲ့ နည်းလမ်းများ ရှိသေးသလားဆိုတဲ့ ဒီပြဿနာရဲ့ အဖြေကိုတော့ ဘုရားဟောပါဠိတော်နဲ့ပဲ ဘုန်းကြီးက ဖြေရှင်းပေးပါ့မယ်။

ရဟန်းငါးမျိုး[၁]။ ၁။ ဒီလောကမှာ အချို့သော စစ်မှုထမ်းဟာ ရန်သူစစ်တပ်ချီတတ်လာတဲ့အခါ အပေါ်ကို လွင့်တက်လာတဲ့ မြူမှုန်ထုကိုတွေ့မြင်ရတာနဲ့ ကြံ့ကြံ့မခံနိုင်ပဲ ထွက်ပြေးလာတတ်ပါတယ်။

၁။ ပုဂ္ဂလပညတ် ပါ-၁၇၅။ ရင်း ၄-၉၀။

၂။ အချို့သော စစ်မှုထမ်းက မြူမှုန်ကိုမြင်ရရုံနဲ့ တုန်လှုပ်မှု မရှိသေးပါဘူး၊ ရန်သူစစ်တပ်ရဲ့ အလံတွေကို မြင်ရတဲ့အခါ ကြံ့ကြံ့မခံနိုင်ပဲ ထွက်ပြေးလာတတ်ပါတယ်။

၃။ အချို့သော စစ်မှုထမ်းက မြူမှုန်ကိုမြင်ရုံလောက်နဲ့လဲ တုန်လှုပ်မှု မရှိသေးဘူး၊ အလံများကို မြင်ရရုံလောက်နဲ့လဲ တုန်လှုပ်မှု မရှိသေးဘူး၊ ရန်သူစစ်တပ်ရဲ့ ချီတက် ပစ်ခတ်သံကို ကြားရတဲ့အခါ ကြံ့ကြံ့မခံနိုင်ပဲ ထွက်ပြေးလာတတ်ပါတယ်။

၄။ အချို့သော စစ်မှုထမ်းက မြူမှုန်ကို မြင်ရုံလောက်နဲ့လဲ တုန်လှုပ်မှု မရှိသေးဘူး၊ အလံများကိုမြင်ရရုံ, ချီတက် ပစ်ခတ်သံကို ကြားရရုံလောက်နဲ့လဲ တုန်လှုပ်မှုမရှိသေးပါဘူး၊ နည်းနည်းလေး ထိခိုက်ဒဏ်ရာ ရရုံလောက်နဲ့ ကြံ့ကြံ့မခံနိုင်ပဲ ထွက်ပြေးလာတတ်ပါတယ်။

၅။ အချို့သော စစ်မှုထမ်းက မြူမှုန်ကို မြင်ရရုံ အလံများကို မြင်ရရုံ, ချီတက် ပစ်ခတ်သံကို ကြားရရုံလောက်နဲ့လဲ တုန်လှုပ်မှု မရှိသေးပါဘူး၊ ရန်သူစစ်တပ်ကို ရင်ဆိုင်ပြီး ကြံ့ကြံ့ခံကာ အောင်ပွဲရသည့်အထိ တိုက်ခိုက်ပါတယ်၊ ဒီစစ်မှုထမ်းကသာ သူရဲကောင်းအစစ်ဖြစ်ပါတယ်။

၁။ **အဲဒီ** နည်းအတိုင်းပဲ ဒီသာသနာတော်မှာ အချို့သောရဟန်းက "ဘယ်မြို့ဘယ်ရွာမှာ ဘယ်မိန်းကလေးဟာဖြင့် သိပ်ချောတာပဲ၊ သိပ်လှတာပဲ"ဆိုတဲ့ သတင်းစကားကို ကြားရရုံမျှနဲ့ သာသနာတော်မှာ ထောက်တည်ရာမရပဲ လူထွက်တတ်ပါတယ်။

၂။ အချို့သောရဟန်းက အဲဒီလို သတင်းစကား ကြားရုံလောက်နဲ့ စိတ်လှုပ်ရှားမှု မရှိသေးဘူး၊ လုံးရပ်သဏ္ဌာန် ချောမော ပြေပြစ် အချိုးအဆစ်ကျနအလှန်ချော ဖူးလှန်လှတဲ့ မာတုဂါမကိုတွေ့ရတဲ့အခါ သာသနာတော်မှာ ထောက်တည်ရာမရပဲ လူထွက်တတ်တယ်။

၃။ အချို့သောရဟန်းက အဲဒီလို သတင်းစကား ကြားရရုံ, မြင်တွေ့ရရုံလောက်နဲ့ စိတ်လှုပ်ရှားမှု မရှိသေးပါဘူး၊ မာတုဂါမက ပြုံးပြခြင်း, ပြောဆိုရယ်မောခြင်း, ကျီစယ်ခြင်းတွေနဲ့ သွေးဆောင်ဖြားယောင်းလာတဲ့အခါ သာသနာတော်မှာ ထောက်တည်ရာ မရပဲ လူထွက်တတ်ပါတယ်။

၄။ အချို့သောရဟန်းက အဲဒီလို သတင်းစကားကြားရရုံ့, တွေ့မြင်ရရုံ့, သွေးဆောင် ဖြားယောင်းလာရုံလောက်နဲ့ စိတ်လှုပ်ရှားမှု မရှိသေးဘူး၊ မာတုဂါမက အနီးသို့ချဉ်းကပ် တိုးဝှေ့နေထိုင်မှု, တိုးဝှေ့လဲလျောင်းနေမှု, လွှမ်းဖိမှုစသည်တို့ဖြင့် ထိကပါး ရိကပါး လုပ်လာတဲ့အခါ သာသနာတော်မှာ ထောက်တည်ရာမရပဲ လူထွက်တတ်တယ်။

၅။ အချို့သောရဟန်းက သတင်းစကားကြားရရုံ, တွေ့မြင်ရရုံ, သွေးဆောင် ဖြားယောင်း လာရုံလောက်နဲ့လဲ စိတ်လှုပ်ရှားမှု မရှိဘူး၊ ထိကပါး ရိကပါး လုပ်ရုံလောက်နဲ့လဲ စိတ်လှုပ်ရှားမှုမရှိဘူး၊ ကိုယ်လွတ်ရုံးကာ ထွက်ကြွလာပြီး စျာန်မဂ်ဖိုလ်ရအောင် အားထုတ်နိုင်ပါတယ်။

ဒီရဟန်းကသာ ရဟန်းသူရဲကောင်းအစစ်ဖြစ်တယ်၊ သာသနာသူရဲကောင်း အစစ်ဖြစ်တယ်။

ပြီးတော့ မာတုဂါမတွေနဲ့ ပတ်သက်ပြီး ပညတ်ထားရတဲ့ သိက္ခာပုဒ် အချို့ကိုလဲ ဆက်လက်ပြောပြသွားပါမယ်။

မာတုဂါမနှင့် နှစ်ဦးချင်းဆိတ်ကွယ်ရာမှာမနေရ[၁]

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူချိန် ဖြစ်ပါတယ်။

သာကီဝင်မင်းသား အရှင်ဥပနန္ဒက သူငယ်ချင်းတဦးအိမ်ကို သွားလည်ပါတယ်၊ သူငယ်ချင်းရဲ့ မိန်းမနဲ့အတူ အကာအကွယ် ရှိတဲ့နေရာမှာ ထိုင်နေပါတယ်။

လင်ယောကျ်ားရဲ့ ကဲ့ရဲ့မှုကို အကြောင်းပြုပြီး ဘုရားရှင်က သိက္ခာပုဒ် ပညတ်တော်မူပါတယ်။

"မာတုဂါမနဲ့ အတူ အကာအကွယ်ရှိတဲ့ နေရာမှာ ထိုင်မနေရ၊ ထိုင်နေတဲ့ရဟန်းမှာ ပါစိတ်အာပတ်သင့်စေ"

၁။ ပါစိတ် ပါ-၁၂၈။

တခါမှာလဲ အရှင်ဥပနန္ဒပဲ သူငယ်ချင်းမိန်းမနဲ့အတူ နှစ်ဦးချင်းဆိတ်ကွယ်ရာမှာ ထိုင်နေပြန်တယ်၊ အဲဒီအခါမှာလဲ လင်ယောကျ်ားရဲ့ ကဲ့ရဲ့ရှုတ်ချမှုကို ခံရပြန်တယ်။

ဒါကိုပဲ အကြောင်းပြုပြီး ဘုရားရှင်က သိက္ခာပုဒ်ပညတ်တော်မူရပြန်တယ်။

"မာတုဂါမနဲ့အတူ နှစ်ယောက်ချင်းဆိတ်ကွယ်ရာအရပ်မှာ ထိုင်မနေရ၊ ထိုင်နေတဲ့ရဟန်းမှာ ပါစိတ်အာပတ်သင့်စေ"

ဒါ့ကြောင့်မို့လို့ အိမ်လည်ရောက်လာတဲ့ရဟန်းတော်ကို မာတုဂါမ တဦးတည်း လက်ခံ စကားမပြောသင့်ပါဘူး၊ အဖော် တယောက်ယောက်ကို ခေါ်ထားသင့်ပါတယ်၊ရဟန်းကောင်တွေကလဲ မာတုဂါမတဦးတည်းရှိနေလျှင် အသွားအလာ ဆင်ခြင်သင့်ပါတယ်၊ ကိုယ့်နေရာကို မာတုဂါမ တဦးတည်း ရောက်လာတဲ့အခါမှာလဲ အဖော်တဦးဦးကို ခေါ်ထားပြီးမှသာ ရဟန်းတော်များက လက်ခံစကားပြောသင့်ပါတယ်။

မာတုဂါမနှင့်တိုင်ပင်၍ ခရီးအတူမသွားရ [၁]

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေချိန်ဖြစ်ပါတယ်။

ရဟန်းတပါးဟာ သာဝတ္ထိမြို့ကို ကြွလာနေပါတယ်၊ ကောသလတိုင်းအတွင်းမှာ တည်ရှိနေတဲ့ ရွာကလေးတရွာနားက ဖြတ်သွားနေပါတယ်။

အမျိုးသမီးတယောက်က လင်နဲ့ရန်ဖြစ်ပြီး အိမ်ကထွက်ပြေးလာပါတယ်၊ ရွာကထွက်တာနဲ့တပြိုင်နက် ရဟန်းကိုသွားတွေ့ပါတယ်၊

"အရှင်ဘုရား ဘယ်ကိုကြွမလို့ပါလဲဘုရား"

"သာဝတ္ထိမြို့ကို ကြွမလို့ပဲ"

"တပည့်တော်လဲ အရှင်ဘုရားနဲ့အတူ လိုက်ပါရစေ"

"လိုက်ခဲ့တာပေါ့"

ရဟန်းရဲ့ လိုက်လျောခွင့်ပြုချက်ကို ရတဲ့အတွက် အဲဒီ အမျိုးသမီးဟာ ရဟန်းရဲ့နောက်က လိုက်ပါသွားပါတယ်။

၁။ ပါစိတ် ပါ-၁၇၃။

လင်ယောကျ်ားလဲပဲ မိန်းမထွက်ပြေးကြောင်း သိရတဲ့အခါ မိန်းမရဲ့ နောက်ကို လိုက်လာပါတယ်၊ ရွာကအထွက်မှာ လူတွေကိုတွေ့ရပါတယ်။

"မိတ်ဆွေတို့ ကျွန်တော့်မိန်းမကို မတွေ့လိုက်ကြဘူးလား"

"ဟာ...တွေ့လိုက်တာပေါ့၊ခင်ဗျားမိန်းမကို ကောင်းကောင်းကြီး တွေ့လိုက်ပါတယ်၊ ရဟန်းတပါးနဲ့အတူ လိုက်သွားလေရဲ့"

ဒီသတင်းစကားကို ကြားတဲ့အခါ ယောကျ်ား ဖြစ်သူကလဲ နောက်က ထက်ကြပ်မကွာ လိုက်သွားပါတယ်၊ ရဟန်းကိုဖမ်းပြီး ရိုက်နှက်ထောင်းထု လွှတ်လိုက်ပါတယ်၊ ရဟန်းက သစ်တပင်ရင်းမှာ ကြုံ့မှိုင်ထိုင်နေပါတယ်။

"မောင်ရယ် ဒီရဟန်းက ကျွန်မကို ရွာကခေါ်ထုတ်လာတာမဟုတ်ပါဘူး၊ ကျမကသာ ဒီရဟန်းနဲ့အတူ လိုက်လာတာပါ၊ ဒီရဟန်းမှာ ဘာအပြစ်မှ မရှိပါဘူး၊ သွားစမ်းပါ၊ သူ့ကို တောင်းပန် ကန်တော့ လိုက်စမ်းပါ"

မိန်းမဖြစ်သူရဲ့စကားကို ကြားရတဲ့အခါ လင်ယောကျ်ားက ရဟန်းကို သွားကန်တော့ပါတယ်။

ရဟန်းလဲ သာဝတ္ထိမြို့ကို ဆက်လက် ကြွလာခဲ့ပါတယ်၊ သာဝတ္ထိမြို့ကို ရောက်တဲ့အခါ ဒီအကြောင်းကို ရဟန်းတော်တွေအား ပြောပြပါတယ်၊ ရဟန်းတော်တွေက သူ့ကိုကဲ့ရဲ့ပြီး ဘုရားကို သွားလျှောက်ကြပါတယ်။

ဘုရားရှင်က ရဟန်းကိုခေါ်ပြီး မေးတော်မူပါတယ်၊ ရဟန်းကလဲ အမှန်အတိုင်း လျှောက်ထားပါတယ်၊ ဘုရားရှင်က ရဟန်းကိုလဲ ကဲ့ရဲ့တော်မူပါတယ်။

"မာတုဂါမနဲ့တိုင်ပင်ပြီး ခရီးရှည်အတူမသွားရ၊ ကုန်ကုန်ပြော ရမယ်ဆိုယင် အခြားရွာကိုတောင်မှ မသွားရ၊ သွားတဲ့ ရဟန်းမှာ ပါစိတ်အာပတ်သင့်စေ"

ဒီသိက္ခာပုဒ်တော်ကိုလဲ ပညတ်တော်မူပါတယ်။

ဒါတွေကိုထောက်ပြီး ယခုကာလမှာလဲ မာတုဂါမတွေကို ဘုရားဖူး လိုက်ပို့တဲ့ရဟန်းတော်များ ဆင်ခြင်မှ သင့်မယ်ထင်ပါတယ်၊ မာတုဂါမတွေ ကလဲ ရဟန်းတော်တွေကို ဘုရားဖူးလိုက်ပို့ဖို့ အပူမကပ်သင့်ပါဘူး။

ရဟန်းတော်များ အိမ်မှာမတည်းခိုသင့် [၁]

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်။

အရှင်အနုရုဒ္ဓါဟာ ကောသလတိုင်းအတွင်း တနေရာက သာဝတ္ထိမြို့ကို ကြွလာခဲ့ပါတယ်၊ ညနေမိုးချုပ်ခါနီး ရွာကလေးတရွာကိုရောက်သွားပါတယ်။

အဲဒီရွာမှာ အမျိုးသမီးတယောက်ကဧည့်သည်တွေအတွက် တည်းခိုရိပ်သာတခု ပြုလုပ်ထားပါတယ်၊ အရှင်အနုရုဒ္ဓါက အဲဒီ အမျိုးသမီးဆီသွားပြီး မေတ္တာရပ်ခံပါတယ်။

"ဒါယိကာမကြီး တကယ်လို့ဝန်မလေးဘူးဆိုယင် တည်းခိုရိပ်သာမှာ တညဉ့်လောက် တည်းခိုလိုပါတယ်"

"အရှင်ဘုရား အလိုရှိသလိုသာ တည်းခိုတော်မူပါ"

အမျိုးသမီးရဲ့ ခွင့်ပြုချက်ကို ရတဲ့အခါ အရှင်အနုရုဒ္ဓါက တည်းခိုရိပ်သာသို့ ဝင်ရောက်ပြီး သင့်လျော်ရာမှာ သီတင်းသုံးနေပါတယ်။

မရှေးမနှောင်းဆိုသလိုပဲ အခြားခရီးသည်တွေလည်း ရောက်လာပြန်ပါတယ်၊ ရိပ်သာပိုင်ရှင်အမျိုးသမီးထံမှာ ခွင့်တောင်းကြပါတယ်။

"အကိုတို့ရေ....ဟို ရဟန်းတပါးဟာ အလျင် ရောက်နေနှင့်ပါတယ်၊ တကယ်လို့ ရဟန်းက ခွင့်ပြုခဲ့လျှင် တည်းခိုကြတာပေါ့"

ရိပ်သာပိုင်ရှင် အမျိုးသမီးရဲ့စကားကို ကြားရတဲ့အခါ ခရီးသည်တွေက အရှင်အနုရုဒ္ဓါဆီကို ချဉ်းကပ်ပြီး တည်းခိုခွင့် တောင်းကြပါတယ်၊ အရှင်အနုရုဒ္ဓါကလဲ တည်းခိုခွင့်ပေးလိုက်ပါတယ်။

ရိပ်သာပိုင်ရှင် အမျိုးသမီးမှာ အရှင်အနုရုဒ္ဓါကို တွေ့ရတယ်ဆိုလျှင်ပဲ တပ်မက်စိတ် ဖြစ်နေပါတယ်၊ မကြာခင်မှာပဲ အရှင်အနုရုဒ္ဓါအနီးကို သွားရောက်လျှောက်ထားပါတယ်။

"အရှင်ဘုရား ဒီလူတွေနဲ့ ရောရော နှောနှော နေရပါလျှင် ချမ်းချမ်းသာသာ နေထိုင်ခွင့်ရမည်မဟုတ်ပါဘူး၊ အရှင်ဘုရားအတွက် ခုတင်ကို အတွင်းခန်းမှာ ခင်းပါရစေ"

၁။ ပါစိတ် ပါ ၂၀။

အရှင်အနုရုဒ္ဓါကလဲ အထွေအထူး ဘာမှ ပြောမနေတော့ပါ၊ လက်သင့် ခံလိုက်ပါတယ်။

တည်းခိုရိပ်သာပိုင်ရှင် အမျိုးသမီးက အရှင်အနုရုဒ္ဓါအတွက် ခုတင်ကို အခန်းတွင်းမှာ ခင်းပေးထားခဲ့ပါတယ်၊ ပြီးတော့ အလှပြင်ခန်းကို သွား ပါတယ်၊ ဖီးလိမ်းဝတ်စား ပြင်ဆင်ပါတယ်၊ နံ့သာနံ့ တထောင်းထောင်းနဲ့ အရှင်အနုရုဒ္ဓါအနီးကို ပြန်လာခဲ့ပါတယ်။

> "အရှင်ဘုရား....အရှင်ဘုရားဟာ သိပ်ချောပါတယ်၊ သိပ်လှပါ တယ်၊ ကြည့်စရာ ရှုစရာ ကောင်းလှပါတယ်၊ စိတ်ကြည်လင်ဖွယ် အတိ သာ ဖြစ်ပါဘိတယ်၊ တပည့်တော်ကလဲ ချောမောလှပသူ တယောက် ဖြစ်ပါတယ်၊ကြည့်ပျော်ရှုပျော်ရှိပါတယ်၊သူတပါးရဲ့စိတ်ကို ဆွဲဆောင် နိုင်ပါတယ်၊တပည့်တော်တို့ နှစ်ဦးသား ပေါင်းသင်းနေကြမည်ဆိုလျှင် 'နေနဲ့လ,ရွှေနဲ့မြ' ဆိုသလို အင်မတန် ရွှေသွားနောက်လိုက် ညီပါလိမ့် မယ်၊ ဒီတော့ တပည့်တော် တောင်းပန်ပါရစေ၊ တပည့်တော်မ ဟာ အရှင်ဘုရားရဲ့ အလုပ်အကျွေး မယားဖြစ်ပါရစေ၊ တပည့်တော်မကိုလဲ သိမ်းပိုက်တော်မူပါ၊ ပစ္စည်းဥစ္စာ အကုန်လုံးကိုလဲ သိမ်းပိုက်တော် မူပါ။"

ရိပ်သာပိုင်ရှင် အမျိုးသမီးထံမှ မဖျော်လင့်တဲ့စကားကို ကြားရတဲ့အခါ အရှင်အနုရုဒ္ဓါက ဘာမျှပြန်မပြောတော့ပါ၊ တိတ်ဆိတ်စွာပဲ ထိုင်နေတော် မူပါတော့တယ်၊ အမျိုးသမီးကလဲ သုံးကြိမ်တိုင်အောင် လျှောက်ထားပါ တယ်၊ အရှင်အနုရုဒ္ဓါလဲ မတုန်မလှုပ် တိတ်ဆိတ်စွာပဲ သီတင်းသုံးနေတော် မူပါတယ်။

ဒီလို ပြောရုံလောက်နဲ့ အလိုသို့ မလိုက်ပါမှန်း သိရတဲ့အခါ အမျိုးသမီးက မိမိရဲ့အဝတ်အစားတွေကို ကိုယ်က ခွါချထားလိုက်ပါတယ်၊ အရှင် အနုရုဒ္ဓါရဲ့ ရှေ့တည့်တည့်မှာ အမျိုးမျိုးကိုယ်ဟန်ပြနေပါတော့တယ်၊ လမ်းလဲ လျှောက်ပြ ပါတယ်၊ ရပ်လဲရပ်ပြပါတယ်၊ ထိုင်လဲထိုင်ပြပါတယ်၊ အိပ်လဲ အိပ်ပြပါတယ်။

အရှင်အနုရုဒ္ဓါကတော့ စက္ခုန္ဒြေချကာ ငြိမ်သက်စွာသာနေပါတော့တယ်၊ အဲဒီအမျိုးသမီးကို ကြည့်လဲမကြည့်တော့ပါ၊ စကားလဲ မပြောတော့ပါ။

"အလိုလေး-သိပ်ထူးဆန်းတာပဲ သူများတကာတွေကတော့ ငါ့ကို တရာတင်ပြီးတော့လဲ ကြောင်းလမ်းစေ့စပ်လာကြပါတယ်၊ တထောင် တင်ပြီးတော့လဲ ကြောင်းလမ်းစေ့စပ်လာကြတာပဲ၊ ဒီရဟန်းကတော့ ငါကိုယ်တိုင် တောင်းတောင်းပန်ပန် ပြောတောင်မှ ငါ့ကိုလဲ မသိမ်း ပိုက်ချင်ဘူး၊ ပစ္စည်းဥစ္စာတွေကိုလဲ မသိမ်းပိုက်ချင်ဘူး"

တည်းခိုရိပ်သာပိုင်ရှင်အမျိုးသမီးက ဒီလို တအံ့တဩဖြစ်နေပါတော့တယ်၊ အဲဒီခဏမှာပဲ စိတ်ကောင်းပြန်ဝင်လာပါတယ်၊ အဝတ်အစားတွေကိုကောက်ယူ ဝတ်ဆင်ပြီး အရှင်အနုရုဒ္ဓါကို ရှိခိုးတောင်းပန်ပါတယ်၊ အရှင်အနုရုဒ္ဓါကလဲ သည်းခံကျေနပ် ခွင့်လွှတ်တော်မူပါတယ်။

အဲဒီ ရိပ်သာပိုင်ရှင် အမျိုးသမီးက ဆွမ်းချက်ပြီး အရုဏ်တက်တဲ့အခါ အရှင်အနုရုဒ္ဓါအား ဆက်ကပ်လှူဒါန်းပါတယ်၊ ဆွမ်းကိစ္စပြီးတဲ့အခါ သင့်တော်ရာကထိုင်နေတဲ့ အမျိုးသမီးအား အရှင်အနုရုဒ္ဓါက တရားရေအေး အမြိုက် ဆေးကို တိုက်ကျွေးတော်မူပါတယ်။

တည်းခိုရိပ်သာပိုင်ရှင် အမျိုးသမီးက သရဏဂုံလဲ ဆောက်တည်ပါတယ်၊ ဗုဒ္ဓဘာသာဝင် ဥပါသိကာတဦးအဖြစ် အသိအမှတ်ပြုပါမည့် အကြောင်းကို လည်း လျှောက်ထားပါတယ်။

အရှင်အနုရုဒ္ဓါလဲ သာဝတ္ထိမြို့ကို ဆက်လက်ကြွတော်မူပါတယ်၊ သာဝတ္ထိမြို့ ကိုရောက်တဲ့အခါ မိမိကိုယ်တိုင် လမ်းမှာ တွေ့ကြုံလာရတဲ့ အဖြစ်အပျက်ကို သီတင်းသုံးဖော်ဖြစ်တဲ့ ရဟန်းတော်တွေအား ပြောပြပါတယ်၊ အဲဒီကိစ္စကို ရဟန်းတော်တွေက ဘုရားရှင်ထံ သွားရောက်လျှောက်ထားကြပါတယ်။

"မာတုဂါမနှင့်အတူ တမိုးတည်း တရံတည်းဖြစ်တဲ့ အဆောက် အဦမှာ ဘာ့ကြောင့်အိပ်ရသလဲ"

ဒီလို ဘုရားရှင်က အရှင်အနုရုဒ္ဓါကိုလဲ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ်။

"မာတုဂါမနှင့်အတူ ယမိုးတရံတည်း ဖြစ်တဲ့ အဆောက်အဦ မျိုးမှာ မအိပ်ရ၊ အိပ်တဲ့ရဟန်းမှာ ပါစိတ်အာပတ်သင့်စေ"

ရဟန်းတော်တွေအတွက် ဒီသိက္ခာပုဒ်ကိုလဲ ပညတ်တော်မူပါတယ်။

မာတုဂါမတွေနဲ့စပ်ပြီးဖြစ်ရတဲ့ ဗြဟ္မစရိယ(မြတ်တဲ့အကျင့်ရဲ့) ကျိုးပေါက်ပြောက်ကျားမှုကိုလဲ ဆက်လက်ပြီး ပြောပေးသွားပါဦးမယ်၊ ဒါတွေကို နားလည်ထားမှ မာတုဂါမတွေကလဲ တို့ကိုအကြောင်းပြုပြီး ကိုယ်တော်တွေမှာ အပြစ်မဖြစ်စေရဘူး။ ကိုယ်တော်တွေကလဲ သူတို့ကိုအကြောင်းပြုပြီး တို့မှာ အပြစ်ဖြစ်မခံဘူး၊ ဒီလိုနှစ်ဦးနှစ်ဘက်က ရှောင်ကြဉ်နိုင်ကြပါလိမ့်မယ်။

ဗြဟ္မစရိယ ကျိုးပေါက်ပြောက်ကျားမှု[၁]

တချိန်မှာ ဇာဏုသောဏိပုဏ္ဏားဟာ ဘုရားရှင်ထံကို ရောက်လာပါတယ်၊ ဘုရားရှင်နှင့်အတူ ဝမ်းမြောက်စရာ စကားတွေ မှတ်သားစရာ စကားတွေကို ပြောဆိုနေကြပါတယ်၊ ပြီးတော့ ဘုရားရှင်ကို မေးမြန်း လျှောက်ထားပါတယ်။

"အရှင်ဂေါတမလဲပဲ ဗြဟ္မစရိယ (မေထုန်မှရှောင်ကြဉ်မှုအကျင့်) ကို ကျင့်တယ်လို့ ဝန်ခံပါသလား"

"ပုဏ္ဏား "မကျိုးမပေါက် မပြောက်မကျား ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ် ဗြဟ္မစရိယကို ကျင့်တယ်"ဆိုတဲ့ စကားကို ပြောလိုတဲ့သူဟာ ငါဘုရားကိုပဲ ရည်ညွှန်းပြောဆိုသင့်တယ်၊ ငါဘုရားဟာ တကယ်ပဲ မကျိုးမပေါက် မပြောက်မကျား ပြည့်ပြည့်စုံစုံ စင်စင်ကြယ်ကြယ် ဗြဟ္မစရိယကို ကျင့်နေပေတယ်။

(ပုဏ္ဏားတွေရဲ့ အယူဝါဒမှာ ဝေဒ ကျမ်းဂန်တွေကို သင်ယူသူများဟာ ၄၈-နှစ်လုံးလုံး ဗြဟ္မစရိယကို ကျင့်ကြတယ်၊ ရဟန်းဂေါတမကတော့ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေခဲ့တုန်းက ပြာသာဒ် ၃-ဆောင်မှာ ကချေသည် ၃-မျိုးနဲ့ မွေ့လျော် ပျော်ပါး နေခဲ့တယ်၊ "အခုအချိန်မှာ ဘယ်လိုများ ပြောပါလိမ့်"ဆိုတဲ့ ရည်ရွယ်ချက် ဇာဏုသောဏိပုဏ္ဏားက မေးမြန်းလျှောက်ထားခြင်းဖြစ်တယ်။

အဲဒီလို မေးလာတဲ့အခါ ဘုရားရှင်က နတ်ဆေး နတ်ဝါး မန္တရားနဲ့ မြွေဆိုးမြွေဟောက်ကို ဖမ်းယူသလို ရန်သူ၏လည်ပင်းကို ခြေနဲ့

၁။ အံ့ ပါ-ဒု-၄၃၈။ ၄ဝ်း ဠ-တ-၁၆၇။ ၄ဝ်း ဋ္ဌ-တ-၁၇၃။

နှင်းထားသလို မိမိသန္တာန်မှာ ကိလေသာရှိနေသေးတဲ့ ဒုက္ကရစရိယာ အကျင့်ကို ၆ နှစ်လုံးလုံး ကျင့်နေချိန်မှာတောင်မှ မင်းဘဝရဲ့ ချမ်းသာသုခနဲ့ ပြာသာဒ် ၃-ဆောင်မှာ ရှိနေကြတဲ့ ကချေသည်တွေရဲ့ ပြည့်စုံမှုကို ကြံစည်စိတ်ကူးမှုမျှ မဖြစ်ဘူးကြောင်း ရဲရဲတောက် မိန့်ကြားတော်မူပါတယ်။)

"အရှင်ဂေါတမ အဘယ်သို့လျှင် ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု ဖြစ်နိုင်ပါသလဲ"

၁။ "ပုဏ္ဏား 'ဗြဟ္မစရိယကို ကျင့်နေပါတယ်'လို့ ဝန်ခံနေကြတဲ့ အချို့ ပုဂ္ဂိုလ်တွေဟာ မာတုဂါမနဲ့တော့ ကျူးလွန်ဖောက်ပြားမှု မရှိပါဘူး၊ ဒါပေမဲ့ မာတုဂါမရဲ့ မွပ်သိပ်မှု၊ ဆုပ်နယ်မှု၊ ရေချိုးပေးမှု၊ ဖျစ်ညှစ်မှုကို သာယာနေတယ်၊ ဒါတွေကို ကျေနပ်နေတယ်၊ အလိုရှိနေတယ်၊ နှစ်သက်နေတယ်။

အဲဒီလို သာယာနှစ်သက်မှုဟာလဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု ဖြစ်တယ်။

အဲဒီလို ပုဂ္ဂိုလ်မျိုးကို 'မစင်မကြယ် ဗြဟ္မစရိယကို ကျင့်နေတယ်၊ မေထုန်အမှုနဲ့ စပ်ယှဉ်နေတယ်'လို့ ဆိုသင့်တယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးဟာ 'ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း, စိုးရိမ်ငိုကြွေးမြည်တမ်းခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာ ပင်ပန်းခြင်းတွေက မလွတ်နိုင်၊ ဝဋ်ဆင်းရဲမှန်သမျှက မလွတ်နိုင်'လို့ ငါဘုရားပြောလိုပေတယ်။

၂။ အချို့သော ပုဂ္ဂိုလ်တွေဟာ 'ဗြဟ္မစရိယကို ကျင့်နေတယ်'လို့ ဝန်ခံပေမဲ့ မာတုဂါမနဲ့အတူ ရယ်ရယ်မောမော ပြောဟောနေတတ်တယ်၊ ပြောင်လှောင် နေတတ်တယ်၊ ပြင်းစွာ ရယ်မော နေတတ်တယ်၊ ဒါဟာလဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက် ပြောက်ကျားမှု တမျိုးပဲ ဖြစ်တယ်။

၃။ အချို့သော ပုဂ္ဂိုလ်တွေဟာ 'ဗြဟ္မစရိယကို ကျင့်နေတယ်' ဝန်ခံပေမဲ့ မာတုဂါမနဲ့ မျက်နှာချင်းဆိုင်ပြီး စူးစူးစိုက်စိုက် ကြည့်နေတတ်တယ်၊ ဒါဟာလဲပဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု တမျိုးပဲ။

၄။ အချို့သော ပုဂ္ဂိုလ်တွေဟာ 'ဗြဟ္မစရိယကို ကျင့်နေတယ်'လို့ ဝန်ခံပေမဲ့ နံရံတဘက်ကပဲဖြစ်ဖြစ်, တံတိုင်းတဘက်ကပဲဖြစ်ဖြစ် ရယ်နေတဲ့, စကားပြောနေတဲ့, သီချင်းဆိုနေတဲ့, ငိုနေတဲ့ မာတုဂါမရဲ့အသံကို နားထောင်နေတတ်တယ်၊ ဒါဟာလဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှု တမျိုးပဲ ။

၅။ အချို့အချို့ ပုဂ္ဂိုလ်တွေကတော့ ရှေးတုန်းက မာတုဂါမနဲ့အတူ ရယ်ရွှင်ဘူး, ပြောဆိုဘူး, မြူးတူးပျော်ပါး ကစားဘူးတာတွေကို ထပ်ကာ ထပ်ကာ သတိရနေတတ်တယ်၊ ဒါဟာလဲပဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက် ပြောကျားမှုတမျိုးပဲ။

၆။ အချို့ပုဂ္ဂိုလ်တွေကတော့ ကာမဂုဏ်ငါးပါး အာရုံတရားတွေနဲ့ မြူးတူးပျော်ပါးနေကြတဲ့ လူပုဂ္ဂိုလ်တွေကို ကြည့်ရှုငေးမော နေတတ်ကြတယ်၊ ဒါဟာလဲပဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက်ပြောက်ကျားမှုတမျိုးပဲ။

၇။ အချို့ပုဂ္ဂိုလ်တွေကတော့ 'ငါဟာ ဒီသီလနဲ့, ဒီကျင့်ဝတ်နဲ့, ဒီခြိုးခြံမှုနဲ့, ဒီမြတ်တဲ့အကျင့်နဲ့ နတ်မင်းဖြစ်လိုပါတယ်၊ နတ်သားဖြစ်လိုပါတယ်'လို့ နတ်တမျိုးမျိုးကို မျှော်ငံ့တပြီး ဗြဟ္မစရိယကို ကျင့်တတ်ကြတယ်၊ သူတို့တတွေဟာ အဲဒီ နတ်အဖြစ်ကိုပဲ သာယာနေတတ်တယ်၊ လိုလားနေတတ်တယ်၊ နှစ်သက်နေတတ်တယ်၊ ဒါဟာလဲပဲ ဗြဟ္မစရိယရဲ့ ကျိုးပေါက် ပြောက်ကျားမှု တမျိုးပဲ။

ပုဏ္ဏား ဒီလို ပုဂ္ဂိုလ်မျိုးကို 'မစင်မကြယ် ဗြဟ္မစရိယကို ကျင့်နေတယ်၊ မေထုန်အမှုနဲ့ စပ်ယှဉ်နေတယ်'လို့ ဆိုသင့်တယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးဟာ 'ပဋိသန္ဓေနေခြင်း, အိုခြင်း, သေခြင်း, စိုးရိမ်ခြင်း, ငိုကြွေးမြည်တမ်းခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, ပြင်းစွာ ပင်ပန်းခြင်းတို့က မလွတ်ဘူး၊ ဝဋ်ဆင်းရဲ အကုန်လုံးက မလွတ်နိုင်ဘူး'လို့ ငါဘုရား ဟောလိုပေတယ်။

ငါဘုရားဟာ ဒီမေထုန်အမှုနဲ့စပ်ယှဉ်နေတဲ့ ၇-မျိုးထဲက တမျိုးမျိုးကို ကိုယ့်သန္တာန်မှာ မပယ်ရသေးတာကို တွေ့နေရ မြင်နေရသမျှ ကာလပတ်လုံး လူ့လောက၊ နတ်လောကအလယ်မှာ 'အင်မတန် မွန်မြတ်တဲ့ အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်ပြီး ဖြစ်တယ်'လို့ ဝန်မခံခဲ့ပါဘူး။

ဒီ မေထုန်အမှုနဲ့စပ်ယှဉ်နေတဲ့ ၇-မျိုးထဲက တမျိုးမျိုးကို ကိုယ့်သန္တာန်မှာ မပယ်ရသေးတာကို မတွေ့ရတဲ့အခါကျမှသာ လူ့လောက နတ်လောက အလယ်မှာ 'အင်မတန် မွန်မြတ်တဲ့ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်ပြီး ဖြစ်တယ်'လို့ ဝန်ခံခဲ့ပါတယ်။ ငါဘုရားရဲ့ အရဟတ္တဖိုလ်ဟာ မပျက်စီးတော့ဘူး၊ ဒီဘဝဟာ နောက်ပိတ်ဆုံးဘဝပဲ ဖြစ်တယ်၊ နောက်ထပ် ဘဝသစ်မှာ ဖြစ်စရာ မရှိတော့ဘူး၊ ဒီလို ဉာဏ်အမြင်လဲပဲ ငါဘုရားမှာ ဖြစ်ပေါ်လာတယ်"

ဒီစကားကို ကြားနာရတဲ့အခါ ဇာဏုသောဏိ ပုဏ္ဏားဟာ သရဏဂုံလဲ ဆောက်တည်သွားပါတယ်၊ ဗုဒ္ဓဘာသာဝင်ဥပါသကာလို့ အသိအမှတ်ပြုပါမဲ့ အကြောင်းကိုလဲ လျှောက်ထားသွားပါတယ်။

ဒီတော့ ရဟန်းတော်တွေကလဲ ပစ္စည်းလေးပါး ဒါယကာ ဒါယိကာမ တွေကို အကြောင်းပြုပြီး ငါတို့ရဲ့ပြဟ္မစရိယ မကျိုးပေါက် မပြောက်ကျား စေရဘူး၊ ဒါယကာဒါယိကာမတွေကလဲပဲ ငါတို့ကို အကြောင်းပြုပြီး ငါတို့ရဲ့ ကိုးကွယ် အားထားရာဖြစ်တဲ့ ရဟန်းတော်တွေမှာ ပြဟ္မစရိယကျိုးပေါက် ပြောက်ကျားမှု မဖြစ်စေရဘူး၊ ဒီလို ရဟန်းတော်တွေရော ဒါယကာဒါယိကာမ တွေပါ ခိုင်မာမြင့်မြတ်တဲ့စိတ်ဓာတ်မျိုးနဲ့ သာသနာတော်သန့်ရှင်း အစွမ်းကုန် တောက်ပြောင် ထွန်းလင်းအောင် ရှက်ဆောင် အားထုတ်နိုင်ကြပါစေကုန် သတည်း။

သာဓု....သာဓု....သာဓုပါ ဘုရား။

ရွှေငွေကို အလှူခံမှု

သကြံန် အတက်နေ့ ညမှာလည်း ပရိသတ်က လျော့နည်း မသွားပါ၊ တိုး၍သာ လာပါသည်၊ ဆရာတော်ဦးဓမ္မိကက ရှစ်နာရီ ထိုးသည်နှင့်တပြိုင်နက် တရားစတင် ဟောကြားပါသည်။

ဘုရားရှင်ဟာ ရွှေငွေအလှူခံတာကို မာတုဂါမရဲ့ "ကာမဂုဏ်နဲ့ နှိုင်းယှဉ်ညွှန်ပြ ဟောကြားဟယ်မြစ်တော်မူခဲ့ပါတယ်၊ ဘုရားရှင်ပရိနိဗ္ဗာန် စံလွန်တော်မူပြီးတဲ့နောက်ပိုင်းမှာ ရွှေငွေအလှူခံမှုဟာ ဒုတိယသံဂါယနာ တင်ရလောက်အောင် ကြီးကျယ်လာခဲ့ပါတယ်၊ အခုခေတ်မှာလဲ လုံးဝပျောက်ကွယ်သွားတာတော့ မဟုတ်ပါဘူး၊ တအိမ်တက်ဆင်း လိုက်လံအလှူခံနေကြတာတွေ့၊ လမ်းဘေးမှာပုံစံမျိုးစုံ (ပုံစံအမျိုးမျိုး) နဲ့ လူမြင်မကောင်းလောက်အောင် အလှူခံနေကြတာတွေကို အများအပြားပဲ တွေ့မြင်နေကြရပါတယ်၊ ဒါယကာ ဒါယိကာမအချို့ကလဲ "လှူလို့ရှိလျှင် ကုသိုလ်ရတာပဲ" ဆိုပြီး ဖြစ်သလို လှူဒါန်းနေကြပါတယ်၊ ဒါ့ကြောင့် ရွှေငွေကို အလှူခံမှု, ရောင်းဝယ် ဖလှယ်မှုတို့နဲ့ စပ်ပြီး မအပ်တဲ့နည်း, အပ်တဲ့နည်းတွေကို ရဟန်းတော်တွေရော, ဒါယကာ ဒါယိကာမတွေပါ သိနားလည်ထားသင့်ပါတယ်၊ ဒါ့ကြောင့် ဒါ့တွေကိုပဲ ကျယ်ကျယ်ပြန့်ပြန့် ပြောပေးမယ်လို့ ဒီနေ့ စီစဉ်ထားပါတယ်။

ဒုတိယသံဂါယနာ

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့နောက် နှစ်ပေါင်း တရာလောက်ရှိလာတဲ့အခါ ဝေသာလီမြို့မှာနေကြတဲ့ ဝဇ္ဇီတိုင်းသားရဟန်းတွေက—

"၁။ တမျိုးတဖုံကြံဆအပ်တဲ့ သားချိုရှိတဲ့ဆား (သိင်္ဂိလောဏကပ္ပ) ဟာ အပ်တယ်၊

၂။ တမျိုးတဖုံကြံဆအပ်တဲ့ လက်နှစ်သစ် (ဒွင်္ဂုလကပ္ပ) ဟာ အပ်တယ်၊

၃။ တမျိုးတဖုံကြံဆအပ်တဲ့ ရွာတပါး (ဂါမန္တရကပ္ပ) ဟာ အပ်တယ်၊

၄။ တမျိုးတဖုံကြံဆအပ်တဲ့ကျောင်း (အာဝါသကပ္ပ) ဟာ အပ်တယ်၊

၅။ တမျိုးတဖုံကြံဆအပ်တဲ့အလိုဆန္ဒ (အနုမတိကပ္ပ) ဟာ အပ်တယ်၊

၆။ တမျိုးတဖုံကြံဆအပ်တဲ့အလေ့အကျင့် (အာစိဏ္ဏကပ္ပ) ဟာအပ်တယ်၊

၇။ တမျိုးတဖုံကြံဆအပ်တဲ့ နို့ရည် (အမထိတကပ္ပ)ဟာ အပ်တယ်၊
၈။ သေနု (ဇဠောဂီ)ကို သောက်ကောင်းတယ်၊
၉။ အမြိတ်အဆာမရှိတဲ့နိသီဒိုင် အပ်တယ်၊
၁၀။ ရွှေငွေအပ်တယ်"

ဒီဝတ္ထုဆယ်ပါးတွေကို လူသိရှင်ကြား ကြေညာကျင့်သုံးနေကြပါတယ်။

အဲဒီအချိန်မှာ ကာကဏ္ဍပုတ္တာ ရဲ့သား အရှင်ယသက ဝဇ္ဇီတိုင်းမှာ ဒေသစာရီလှည့်လည်နေပါတယ်၊ ဝဇ္ဇီတိုင်းသားရဟန်းတွေက ဝေသာလီမြို့မှာ ဝတ္ထုဆယ်မျိုးကိုကြေညာကျင့်သုံးနေကြတယ်ဆိုတာကိုလဲ သတင်းစကားကြားသိရပါတယ်။

" ဘုရားရှင်သာသနာ ပျက်စီးနေတာကို ကြားလျက်သားနဲ့ ကြောင့်ကြမဲ့နေတာဟာ မသင့်လျော်လှဖူး၊ အခုပဲ အဓမ္မဝါဒီပုဂ္ဂိုလ်တွေကို နှိပ်ကွပ်ပြီး အမှန်တရားထင်ရှားအောင်လုပ်မှတော်တော့မယ်"

ဒီလိုစဉ်းစားဆင်ခြင်ပြီး ဝေသာလီမြို့သို့ ထွက်ကြွလာခဲ့ပါတယ်၊ဝေသာလီမြို့အနီး မဟာဝုန်တော ပြာသာဒ်ကျောင်းတိုက် (ကူဋာဂါရသာလာ)မှာ တည်းခို သီတင်းသုံးတော်မူပါတယ်။

ဥပုသ်နေ့ရောက်လာတဲ့အခါ ဝဇ္ဇီတိုင်းသားရဟန်းတွေက ရွှေခွက်မှာ ရေအပြည့်ထည့်ပြီး ရဟန်းသံဃာတွေရဲ့အလယ်မှာ တည်ထားကြပါတယ်။

"ဒါယကာတို့ တကျပ်ပဲဖြစ်ဖြစ်, ငါးမူးပဲဖြစ်ဖြစ်,တမတ်ပဲဖြစ်ဖြစ်, တပဲပဲဖြစ်ဖြစ် တတ်နိုင်သလောက် လှူကြပါ၊ သံဃာတော်က ပရိက္ခရာအတွက် အသုံးချကြရပါလိမ့်မယ်"

ရောက်လာသမျှ ဒါယကာတွေကို ဒီလိုပြောဆိုအလှူခံနေကြပါတယ်။

ဒီလောက်ဆိုးဝါးတဲ့ အပြုအမူတွေကို တွေ့မြင်ကြားသိရတဲ့အခါ အရှင်ယသက ရောက်ခါစစည့်သည် အာဂန္တုဖြစ်နေပေမဲ့ အမှုမဲ့ အမှတ်မဲ့ မနေနိုင်တော့ပါ၊ ပါဝင်ပြောဆိုရပါတော့တယ်။

"ဒါယကာတို့ သံဃာအား တကျပ်လဲမလှူကြပါနဲ့၊ ငါးမူးလဲ မလှူကြပါနဲ့၊ တမတ်လဲမလှူကြပါနဲ့၊ တပဲလဲမလှူကြပါနဲ့၊ ရဟန်းသံဃာ အား ရွှေငွေမအပ်ပါဘူး၊ ရဟန်းတော်တွေဟာ ပတ္တမြား ရွှေငွေ တွေကို ပယ်ထားပြီးဖြစ်ပါတယ်၊ရွှေနဲ့ငွေနဲ့ ကင်းကင်းရှင်းရှင်း နေကြ ရပါတယ်"

အရှင်ယသက ဘယ်လိုပဲပြောပြော ဝေသာလီမြို့သား ဒါယကာတွေက ရဟန်းသံဃာအား မလှူပဲ မည်သူမျှပြန်မသွားကြပါ၊ လှူနေကျအတိုင်း လှူပြီး မှသာ ပြန်သွားကြပါတယ်၊ အချို့ကတကျပ်,အချို့ကငါးမူး,အချို့ကတမတ်, အချို့ကတပဲ မိမိတို့စွမ်းအားအလျောက် လှူဒါန်းထားခဲ့ကြပါတယ်။

ဥပုသ်အတွက် စာရက်နေ့မှာ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဥပုသ်နေ့က အလှူခံလို့ရသမျှ ရွှေငွေ ဒင်္ဂါးပိုက်ဆံများကို ရဟန်းဦးရေအလိုက် ဝေဖန် ယူကြပါတယ်။

"ငါ့ရှင်ယသ ဒါဟာ ငါ့ရှင်ရဲ့ ဝေစုအသပြာငွေဖြစ်တယ်"

ဒီလိုပြောပြီး အရှင်ယသကိုလဲ ပေးကမ်းလာကြပါတယ်။

"ငါ့ရှင်တို့ တပည့်တော်မှာ ဝေစုရတဲ့ငွေအသပြာရယ်လို့ မရှိပါ ဘူး၊ တပည့်တော်ငွေအသပြာကို မသာယာပါ၊ မခံယူပါ"

အရှင်ယသရဲ့ ပယ်မြစ် လျှောက်ထားတဲ့စကားကို ကြားရတဲ့အခါ ဝဇ္ဇီ တိုင်းသားရဟန်းတွေက "ယမ်းပုံမီးကျ"ဆိုသလို ဒေါသအမျက် ခြောင်း ခြောင်းထွက်လာကြပါတယ်။

"ငါ့ရှင်တို့ ကာကဏ္ဍပုဏ္ဏားရဲ့သား ဒီအရှင်ယသဆိုတဲ့ ကိုယ်တော် ဟာ သဒ္ဓါတရားရှိကြတဲ့, ရတနာသုံးပါးအပေါ်မှာ ကြည်ညိုနေကြတဲ့ ဒါယကာတွေကို ဆဲနေပါတယ်၊ ခြိမ်းခြောက်နေပါတယ်၊ အကြည်ညို ပျက်အောင် လုပ်နေပါတယ်၊ အခု ငါတို့က ဒီအရှင်ယသ အပေါ်မှာ ပဋိသာရဏီယကံ ပြုကြစို့ရဲ့"

ဒီလိုအချင်းချင်း တိုင်ပင်ညှိနှိုင်းကြပါတယ်၊ အဲဒီလို ညှိနှိုင်းပြီးတဲ့နောက် သံဃာစည်းဝေးပြီး အရှင်ယသအပေါ်မှာ ပဋိသာရဏီယကံ လုပ်ကြပါတယ်။

(တဖန် အမှတ်ရစေကြောင်း ကံမျိုးကို "ပဋိသာရဏီယကံ" လို့ ခေါ်ပါတယ်၊ ဒီကံအပြုခံရတဲ့ရဟန်းဟာ သက်ဆိုင်ရာဒါယကာ ဒါယိကာမတွေကို ဝန်ချတောင်းပန်ရပါတယ်၊ နှစ်ဦးနှစ်ဘက်ကြေအေးမှ သံဃာတော်က အဲဒီကံကို ရုပ်သိမ်းပေးရပါတယ်၊ ယခု ကိစ္စမှာတော့ တကယ်ပဋိသာရဏီယကံ ပြုထိုက်တဲ့အတွက် အရှင်ယသကို ပဋိသာရဏီယကံပြုပေးကြတာတော့ မဟုတ်ပါဘူး၊ အဓမ္မဝါဒီ အလဇ္ဇီအများစုက မတရားဖိနှိပ်ပြုလုပ်ခြင်းမျှသာ ဖြစ်ပါတယ်၊ ဘယ်လိုပဲဖြစ်ဖြစ် အရှင်ယသကတော့ စိုးရိမ်ပူပန်မှုမရှိပါဘူး၊ ဒါယကာ ဒါယိကာမတွေကို ရှင်းပြဖို့ အခွင့်အရေး ပေါ်လာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ငြိမ်သက်စွာပဲ နေလိုက်ပါတယ်။)

"ငါ့ရှင်တို့ ပဋိသာရဏီယကံအပြုခံရတဲ့ရဟန်းအတွက် 'နောက်လိုက်တမန် ရဟန်းတပါးကို ထည့်ပေးရမယ်' လို့ ဘုရားရှင်က ပညတ်ထားပါတယ်၊ တပည့်တော်အား နောက်လိုက်တမန် ရဟန်းတပါး ထည့်ပေးကြပါဦး"

အရှင်ယသက ဒီလိုကံပြုပြီးချိန်မှာ နောက်လိုက်တမန် ရဟန်းတပါး ထည့်ပေးဖို့တောင်းဆိုပါတယ်၊ ဝဇ္ဇီတိုင်းသားရဟန်းတွေကလဲ ရဟန်းတပါးကို ကမ္မဝါစာနဲ့ သမုတ်ပေးကြပါတယ်။

အရှင်ယသကလဲ နောက်လိုက်တမန် ရဟန်းနဲ့အတူ ဝေသာလီမြို့သား ဒါယကာတွေထံကို ကြွတော်မူပါတယ်၊ ဒါယကာများ နားလည်မှု ရသွားအောင် ရှင်းလင်း မိန့်ကြားတော်မူပါတယ်။

ဒါယကာတို့ ဘုန်းကြီးဟာ တရားမဟုတ်တာကို တရားမဟုတ်လို့ပဲ ပြောပါတယ်၊ တရားဟုတ်တာကိုတော့ တရားဟုတ်တယ်လို့ပဲ ပြောပါတယ်၊ ဝိနည်းမဟုတ်တာကို ဝိနည်းမဟုတ်လို့ပဲ ပြောပါတယ်၊ ဝိနည်းဟုတ်တာကိုတော့ ဝိနည်းဟုတ်တယ်လို့ပဲ ပြောပါတယ်၊ ဒီလို အမှန်အကိုင်း ပြောနေတဲ့ ဘုန်းကြီးက သဒ္ဓါတရားရှိကြတဲ့ ရတနာသုံးပါးအပေါ်မှာ ကြည်ညိုလေးစားနေကြတဲ့ ငါ့ရှင် (ဒါယကာ ဒါယိကာမ) တွေကို ဆဲရေးနေတယ်၊ ကြိမ်းမောင်းနေတယ်၊ အကြည်ညိုပျက်အောင် လုပ်နေတယ်ဆိုတာဟာ ဟုတ်နိုင်ပါ့မလား။

ဒါယကာတို့ ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူတုန်းက ရဟန်းတွေအား ဟောကြားဘူးတဲ့ တရားစကားကို ဒါယကာများအား တဆင့်ပြောပြပါဦးမယ်။

ရဟန်းတို့ 'တိမ်တိုက်, ဆီးနှင်း, မြူခိုး, ရာဟုအသူရိန်'ရယ်လို့ လ နေတွေမှာ ညစ်နွမ်းကြောင်း ဘေးရန် ၄-မျိုး ရှိတယ်၊ အဲဒီ ဘေးရန်တွေက ညစ်နွမ်းအောင်လုပ်ထားတဲ့ လနေတွေဟာ မတောက်ပနိုင်တော့ဘူး၊ မထွန်းလင်းနိုင်တော့ဘူး။ မတင့်တယ်နိုင်တော့ဘူး။

ဒီသဘောအတိုင်းပဲ 'အရက်သေစာ သောက်စားခြင်း, မေထုန်မှီဝဲခြင်း, ရွှေငွေကိုခံယူခြင်း, ယုတ်ညံ့တဲ့အသက်မွေးမှုနဲ့ အသက်မွေးခြင်း' ဒီလိုရဟန်းသူတော်ကောင်းတွေမှာလဲပဲ ညစ်နွမ်းကြောင်းဘေးရန် လေးမျိုးရှိနေတယ်၊ အဲဒီ ဘေးရန်တွေကြောင့် ညစ်နွမ်းနေကြရတဲ့ ရဟန်းသူတော်ကောင်းတွေဟာ ဂုဏ်အားဖြင့် မတောက်ပနိုင်တော့ဘူး၊ မထွန်းလင်းနိုင်တော့ဘူး။ မတင့်တယ်နိုင်တော့ဘူး။

ဒီလို ဘုရားဟောတော်မူတဲ့အတိုင်း အမှန်ကိုသာ ပြောနေတဲ့ ဘုန်းကြီးက သဒ္ဓါတရားရှိကြတဲ့ ရတနာသုံးပါးအပေါ်မှာ ကြည်ညိုလေးစားမှု ရှိနေကြတဲ့ သင် ဒါယကာဒါယိကာမတွေကို၊ ဆဲရေးနေတယ်၊ ကြိမ်းမောင်းနေတယ်၊ အကြည်ညိုပျက်အောင် လုပ်နေတယ်၊ ဆိုတာဟာ ဟုတ်နိုင်ပါ့မလား။

ဒါယကာတို့ ဘုရားရှင်ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူတဲ့ အချိန်မှာလဲပဲ မင်းနန်းတော်အတွင်းမှာ စည်းဝေးနေကြတဲ့ ပရိသတ်အလယ်မှာ 'ရဟန်းတို့အား ရွှေငွေအပ်တယ်၊ ရဟန်းတော်များဟာ ရွှေငွေကို သာယာကြတယ်၊ ရွှေငွေကို ခံယူနေကြတယ်' ဆိုတဲ့စကား ဖြစ်ပွားလာဘူးပါတယ်။

မဏိစူဠကဆိုတဲ့ ရွာသူကြီးတဦးဟာလဲပဲ အဲဒီပရိသတ်မှာ ပါဝင်နေပါတယ်၊ ဒီတော့ မဏိစူဠကဆိုတဲ့ ရွာသူကြီးက 'မိတ်ဆွေတို့ ဒီလိုမပြောကြပါနဲ့ ရဟန်းတို့အား ရွှေငွေမအပ်ပါ၊ ရဟန်းတွေက ရွှေငွေကိုမသာယာကြပါ၊ ခံလဲမခံယူကြပါ၊ ရဟန်းတော်တွေဟာ ပတ္တမြားရွှေငွေကို ပယ်သင့်ပါတယ်၊ ရွှေငွေနဲ့ ကင်းကင်းရှင်းရှင်းပဲ နေကြပါတယ်' ဒီလို ကန့်ကွက်

ပြောဆိုပါတယ်၊ ပရိသတ်ကလဲ နားလည်မှု ရသွားပါတယ်၊ မဏိစူဠက ရွာသူကြီးရဲ့ စကားကို လက်ခံကြပါတယ်။

အဲဒီလို ပြောဆိုပြီးတဲ့နောက် မဏိစူဠရွာသူကြီးက ဘုရားကိုသွားလျှောက်ပါတယ်၊ ဘုရားရှင်က မဏိစူဠရွာသူကြီးရဲ့စကားကို လက်ခံအတည်ပြုပေးတဲ့အပြင် 'ရွှေငွေအပ်တဲ့သူအဘွက် ကာမဂုဏ်ငါးပါးလဲ အပ်တော့မှာပေါ့၊ ကာမဂုဏ်ငါးပါး အပ်တယ်ဆိုကတည်းကိုက ဘယ်မှာ ရဟန်းတရား ဟုတ်နိုင်ပါတော့မလဲ၊ ဒါပေမဲ့ မြက်ကို အလိုရှိတဲ့ရဟန်းဟာ မြက်ကိုရှာနိုင်တယ်*၊ သစ်သားကို အလိုရှိတဲ့ ရဟန်းဟာ သစ်သားကို ရှာနိုင်တယ်၊ လုပ်အားကို အလိုရှိတဲ့ ရဟန်းဟာ လုပ်အားပေးနိုင်တဲ့ ယောကျ်ားကို ရှာနိုင်တယ်၊ ရွာသူကြီး ဘယ်လိုအကြောင်းနဲ့မှ ရွှေငွေကို သာယာနိုင်တယ်, ရှာဖွေနိုင်တယ်'လို့ ငါဘုရား ဟောတော်မမူဘူး၊ ဒီလိုလဲ ဖြည့်စွက် ဟောကြားတော်မူပါတယ်။

(မြက်မိုး ကျောင်းပဲဖြစ်ဖြစ် အုတ်မိုး ကျောင်းပဲဖြစ်ဖြစ် မိုးယိုလာလို့ရှိလျှင် ကျောင်းဒါယကာများထံသွားပြီး ဒါယကာတို့ကျောင်းမိုးယိုလာပြီ နေလို့မဖြစ်တော့ဘူးလို့ ပြောသင့်တယ်၊ ကျောင်းဒါယကာက တတ်နိုင်လျှင် ကိုယ်တိုင် လုပ်ကိုင်ပြုပြင်ပေးပါလိမ့်မယ်၊ မတတ်နိုင်လျှင် 'အရှင်ဘုရားများက လက်သမားခေါ်ပြီး အလုပ်ခိုင်းကြပါ၊ သူတို့အား တပည့်တော်တို့က အဖိုးအခ ပေးပါမယ်'လို့ ပြောကြပါလိမ့်မယ်။

ဒါယကာများ လျှောက်ထားလိုက်တဲ့အတိုင်း အလုပ်ခိုင်းပြီးတဲ့နောက် ဒါယကာများကို ပြန်ပြော ရမယ်၊ ဒါယကာများက လက်သမားအား ကျသင့်တဲ့ အဖိုးအခကို ပေးကြပါလိမ့်မယ်။

ကျောင်းဒါယကာမရှိခဲ့ပါလျှင်(ဒါမှမဟုတ် ကျောင်းဒါယကာက လုံးဝ တာဝန်မယူနိုင်ခဲ့ပါလျှင်) မြို့ထဲရွာထဲကိုဝင်ပြီး ဆွမ်းခံဝတ်နဲ့ အိမ်တံခါး အနီးမှာရပ်ရမယ်၊ ဒါယကာ တဦးဦးက 'အရှင်ဘုရား ဘာများ အလိုရှိပါသလဲ'လို့ မေးမြန်းလျှောက်ထားမှသာ 'ကျောင်းမိုးယိုနေတဲ့အတွက် မြက်အလိုရှိနေတယ်'ဆိုတာကို ပြောပြနိုင်ပါတယ်၊

အလုပ်ခိုင်းနိုင်တယ်၊ မလျှောက်ထားလို့ရှိလျှင်တော့ ပြောလဲ့ မပြော ကောင်း ခိုင်းလဲမခိုင်းကောင်းပါဘူး၊ သစ်သား စတဲ့ဟာတွေကိုလဲ အလားတူပဲ ရှာနိုင်ပါတယ်။)[၁]

"ဒီလိုဘုရားအလိုတော်ကျ အမှန်ကိုသာ ပြောလေ့ပြောထရှိတဲ့ ဘုန်းကြီးက သဒ္ဓါတရားရှိကြတဲ့ ရတနာသုံးပါးအပေါ်မှာ ကြည်ညို လေးစားနေကြတဲ့ သင်တို့ ဒါယကာတွေကို ဆဲရေးနေတယ်၊ ကြိမ်းမောင်းနေတယ်၊ အကြည်ညိုပျက်အောင် လုပ်နေတယ်ဆိုတာတာ ဟုတ်နိုင်ပါ့မလား။

"ဒါယကာတို့ တချိန်မှာလဲပဲ ဘုရားရှင်က ရာဇဂြိုဟ်မြို့မှာ သာကီ ဝင် မင်းသား အရှင်ဥပနန္ဒကို အကြောင်းပြုပြီး ရွှေငွေ(အလှူခံမှု)ကို ပယ်မြစ်ခဲ့ပါတယ်၊ သိက္ခာပုဒ်ကိုလဲ ပညတ်ခဲ့ပါတယ်။

"ဒါယကာတို့ ဘုန်းကြီးဟာ တရားမဟုတ်တာကို တရားမဟုတ် လို့ပဲ ပြောပါတယ်၊ တရားဟုတ်တာကိုတော့ တရားဟုတ်တယ်လို့ပဲ ပြောပါတယ်၊ ဝိနည်းမဟုတ်တာကို ဝိနည်းမဟုတ်လို့ပဲ ပြောပါတယ်၊ ဝိနည်းဟုတ်တာကိုတော့ ဝိနည်းဟုတ်တယ်လို့ပဲ ပြောပါတယ်၊ ဒီလို ဘုရားအလိုတော်ကျ အမှန်အတိုင်းပြောနေတဲ့ ဘုန်းကြီးက သဒ္ဓါ တရားရှိကြတဲ့ ရတနာသုံးပါးအပေါ်မှာ ကြည်ညိုလေးစား အားထား နေကြတဲ့ ဒါယကာ ဒါယိကာမများကို ဆဲရေးနေတယ် ကြိမ်းမောင်း နေတယ် အကြည်ညိုပျက်အောင် လုပ်နေတယ်ဆိုတာဟာ ဟုတ်နိုင်ပါ့ မလား"

အရှင်ယသ၏ ရှင်းလင်းဟောပြောချက်ကို ကြားရတဲ့အခါ ဝေသာလီမြို့ သား ဒါယကာများက အမြင်မှန်ရသွားကြပါတယ်။

"အရှင်ယသ တပါးတည်းကသာ ရဟန်းအစစ် ဖြစ်ပါပေတယ်၊ သာကီဝင်မင်းသား ဘုရားသားတော်အစစ် ဖြစ်ပါပေတယ်၊ ဗဇ္ဇီ တိုင်းသား ရဟန်းတွေကတော့ ရဟန်းအစစ်မဟုတ်ကြပါဘူး၊ သာကီ

၁။ သာရတ္ထ တ-၄၅၂။

ဝင်မင်းသား ဘုရားသားတော်အစစ်မဟုတ်ကြပါဘူး၊ အရှင်ဘုရားက ဝေသာလီမြို့မှာ သီတင်းသုံး နေထိုင်တော်မူပါ၊ ဘုရားတပည့်တော် များက အရှင်ဘုရားအတွက် ပစ္စည်းလေးပါးနဲ့ အားထုတ်မှုကို ပြုကြရ ပါလိမ့်မယ်''

ဒီလိုလဲ အရှင်ယသကို လျှောက်ထားကြပါတယ်၊ အဲဒီနောက်မှာ အရှင် ယသက နောက်လိုက်တမန်ရဟန်းနဲ့အတူ ကျောင်းတိုက်ကို ပြန်ကြွလာခဲ့ ပါတယ်။

''ငါ့ရှင် ကာကဏ္ဍပုတ္တားရဲ့သား အရှင်ယသက ဝေသာလီမြို့သား ဒါယကာများကို တောင်းပန်လာခဲ့ရဲ့လား''

ကျောင်းကို ပြန်ရောက်လာတဲ့အခါ ဝဇ္ဇီတိုင်းသား ရဟန်းတွေက နောက် လိုက် တမန် ရဟန်းကို ဒီလိုမေးကြပါတယ်။

''ငါ့ရှင်တို့ ဒါယကာတွေက တပည့်တော်တို့ကိုဘာမှသုံးမရအောင် ပြောဆို ပြုလုပ်နေကြပါပြီ၊ ကာကဏ္ဍပုတ္တားရဲ့သား အရှင်ယသတပါး တည်းကိုသာ ရဟန်းအစစ်ဖြစ်တယ်၊ သာကီဝင်မင်းသား ဘုရား သားတော်အစစ် ဖြစ်တယ်'လို့ ပြောဆိုပြုလုပ်နေကြပါပြီ၊ တပည့် တော်တို့ အကုန်လုံးကိုတော့ 'ရဟန်းအစစ်မဟုတ်ကြဘူး၊ သာကီဝင် မင်းသား ဘုရားသားတော်အစစ် မဟုတ်ကြဘူး'လို့ ပြောဆို ပြုလုပ် နေကြပါပြီ''

နောက်လိုက်တမန်ရဟန်းရဲ့ ပြန်ကြားလျှောက်ထားတဲ့စကားကို ကြားရတဲ့ အခါ ဝဇ္ဇီတိုင်းသား ရဟန်းတွေက အရှင်ယသကို မတရားဖိနှိပ်ရန်ကြံစည်ကြ ပြန်တယ်။

''ငါ့ရှင်တို့ ကာကဏ္ဍပုတ္တားရဲ့သားဖြစ်တဲ့ ဒီအရှင်ယသဟာ သမ္မုတိ ရသူမဟုတ်ပဲ လူတွေသိနားလည်သွားအောင် ငါတို့ရဲ့ အပြစ်ကို ဖော်ထုတ်ခဲ့ပါတယ်၊ အခု တပည့်တော်တို့က သူ့အပေါ်မှာ ဥက္ခေ- ပနီယကံပြုကြစို့ရဲ့''

ဒီလို အချင်းချင်းတိုင်ပင်ပြီး ဥက္ခေပနီယကံပြုဖို့ စည်းဝေးကြပြန်တယ်၊ ဒီအကြိမ်မှာတော့ အရှင်ယသက ကံပြုမခံတော့ပါ၊ ကောသမ္ဗီမြို့သို့ တန်ခိုး

ဣဒ္ဓိပါဒ်နှင့်ထွက်ကြွလာခဲ့ပါတယ်၊ ပါဝေယျကတိုင်းမှာ သီတင်းသုံး နေထိုင်ကြတဲ့ ရဟန်းများနှင့် အဝန္တိဒက္ခိဏာပထတိုင်းမှာ သီတင်းသုံးနေထိုင်ကြတဲ့ ရဟန်းတော်များရဲ့အထံသို့ အဓမ္မစသည်တို့ မထွန်းကားခင် အဓိကရုဏ်းကို ကိုင်တွယ် ဆုံးဖြတ်ဖို့ ကြွလာတော် မူကြပါမည့်အကြောင်း တမန် စေလွှတ် လျှောက်ထားလိုက်ပါတယ်။

အဲဒီအချိန်မှာ သာဏဝါသီအရပ်မှာ သီတင်းသုံး နေထိုင်တော်မူတဲ့အရှင် သမ္ဘူတဟာ အဟောဂင်္ဂါတောင်ကို ရောက်နေပါတယ်၊အရှင်ယသ က အရှင် သမ္ဘူတရှိရာကို လိုက်သွားပြီး ဝဇ္ဇီတိုင်းသား ရဟန်းများရဲ့ ဝတ္ထုဆယ်မျိုးကို လူသိရှင်ကြား ကျင့်သုံးနေထိုင်ကြပုံနှင့် အဓမ္မစသည် မထွန်းကားခင် ဒီအဓိကရုဏ်းကို ကိုင်တွယ်ဆုံးဖြတ်သင့်တဲ့အကြောင်းတွေကို လျှောက်ထားပါတယ်၊ အရှင်သမ္ဘူတကလဲ လက်ခံတော်မူပါတယ်။

အဲဒီအချိန်မှာပဲ ပါဝေယျကတိုင်းမှာ သီတင်းသုံးနေထိုင်ကြတဲ့ ရဟန်း ၆-ကျိပ်တို့ဟာ အဟောဂင်္ဂါတောင်ကိုကြွရောက်လာကြပါတယ်၊ အဲဒီ ရဟန်းတော်တွေဟာ အရညကင်ဓုတင်ကိုလဲ ဆောင်ကြပါတယ်၊ ပိဏ္ဍပါတ် ဓုတင်ကိုလဲဆောင်ကြပါတယ်၊ ပံသုကူဓုတင်ကိုလဲ ဆောင်ကြပါတယ်၊ တိစီဝရိက် ဓုတင်ကိုလဲဆောင်ကြပါတယ်၊ အားလုံးရဟန္တာတွေချည်း ဖြစ်ကြပါတယ်။

အဝန္တိဒက္ခိဏာပထတိုင်းမှာ သီတင်းသုံးနေထိုင်ကြတဲ့ရဟန်း ၈-ကျိပ်တို့လဲ တပြိုင်နက်လိုလိုပဲ အဟောဂင်္ဂါတောင်ကို ကြွရောက်လာကြပါတယ်၊ အဲဒီ ရဟန်းတော်တွေထဲက အချို့က အာရညကင်ဓုတင်ဆောင်ပါတယ်၊ အချို့က ပိဏ္ဍပါတ်ဓုတင် ဆောင်ပါတယ်၊ အချို့က ပံသုကူဓုတင် ဆောင်ပါတယ်၊ အချို့က တိစီဝရိက်ဓုတင် ဆောင်ပါတယ်၊ အကုန်လုံး ရဟန္တာတွေချည်းပဲ ဖြစ်ကြပါတယ်။

> "ဒီ အဓိကရုဏ်းဟာ ကြမ်းလဲ ကြမ်းတမ်းတယ်၊ ရုန့်လဲ ရုန့်ရင်းတယ်၊ နောက်ထပ် ဘယ်ပုဂ္ဂိုလ်ကိုသိမ်းသွင်းရလျှင် ဒီအဓိကရုဏ်းမှာ ပိုပြီးအားရှိနိုင်မလဲ"

ကြွရောက်စုဝေးမိကြတဲ့ မထေရ်တွေက ဒီလို နှိုင်းချိန်စဉ်းစားကြပါတယ်၊ ဆွေးနွေးတိုင်ပင် ကြပါတယ်။

အဲဒီအချိန်မှာ အရှင်ရေဝတဟာ သောရေယျမြို့မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီ အရှင်ရေဝတဟာ သာမန်ပုဂ္ဂိုလ်မျိုး မဟုတ်ပါ၊ ဗဟုသုတ စတဲ့ ပရိယတ္တိဂုဏ်ထူး၊ လဇ္ဇီပေသလစတဲ့ ပဋိပတ္တိဂုဏ်ထူးတွေနဲ့ ပြည့်ဝစုံလင်တဲ့ ပုဂ္ဂိုလ်မျိုးသာ ဖြစ်ပါတယ်။

မထေရ်တွေကလဲ အရှင်ရေဝတကို သိမ်းသွင်းရလျှင် ဒီအဓိကရုဏ်းမှာ ပိုပြီး အားရှိနိုင်မည့်အကြောင်းကို ဆက်လက်ဆွေးနွေးနေကြပါတယ်၊ မထေရ်တွေရဲ့ ဆွေးနွေးနေသမျှ စကားအကုန်လုံးကို အရှင်ရေဝတက ဒိဗ္ဗသောတ အဘိညာဉ်နဲ့ ကြားသိနေပါတယ်။

"ဒီ အဓိကရုဏ်းဟာ ကြမ်းလဲကြမ်းတယ်၊ ရှန့်လဲရှန့်ရင်းတယ်၊ ဒီလို အဓိကရုဏ်မျိုးမှာ တွန့်ဆုတ်နေဖို့ မသင့်တော်ဘူး၊ အခု မကြာခင်မှာပဲ ရဟန်းတော်တွေ ငါ့ဆီကို ကြွလာကြလိမ့်မယ်၊ ရဟန်းတော်တွေနဲ့ ပူးပေါင်းမိတဲ့အခါ ချမ်းချမ်းသာသာ သွားရမယ်မဟုတ်ဘူး၊ ကြိုတင်ထွက်သွားမှ တော်လိမ့်မယ်"

အရှင်ရေဝတက ဒီလို တွေးတောစဉ်းစားပြီး သောရေယျမြို့က သင်္ကဿမြို့ကို ထွက်ကြွလာခဲ့ပါတယ်။

မထေရ်များက အဟောဂင်္ဂါတောင်က သောရေယျမြို့ အရှင်ရေဝတဆီကို လိုက်လာကြပါတယ်။

"အရှင်ရေဝတ ဘယ်မှာလဲ"

ရောက်တာနဲ့ တပြိုင်နက် မေးမြန်းစုံစမ်းကြပါတယ်၊ သင်္ကဿမြို့ကို ကြွသွားကြောင်း ကြားသိရတဲ့အခါ သင်္ကဿမြို့ကို ဆက်လိုက်သွားကြပါတယ်။

အဲဒီအချိန်မှာ အရှင်ရေဝတက သင်္ကဿမြို့က ကဏ္ဏကုဇ္ဇမြို့ကို ကြွတော်မူပါတယ်၊ မထေရ်တွေကလဲ ကဏ္ဏကုဇ္ဇမြို့ကို လိုက်သွားကြပြန်ပါတယ်၊ ဥဒုမ္ဗရမြို့ကို ကြွသွားကြောင်း ကြားသိရတဲ့အခါ ဥဒုမ္ဗရမြို့သို့ ဆက်လိုက်ကြပြန်ပါတယ်၊ ဥဒုမ္ဗရမြို့သို့ ရောက်တဲ့အခါ အရှင်ရေဝတက အဂ္ဂဠပုရသို့ ကြွသွားကြောင်း သတင်းရကြပြန်ပါတယ်၊ ဒါနဲ့ အဂ္ဂဠပုရသို့ လိုက်သွားကြပြန်ပါတယ်၊ အဂ္ဂဠပုရက သဟဇာတိမြို့ကို ကြွသွားကြောင်း သတင်းရတဲ့

အခါ တဆက်တည်း သဟဇာတိမြို့သို့ လိုက်သွားကြပြန်တယ်၊ သဟဇာတိမြို့ကို ရောက်မှ အရှင်ရေဝတကို မိကြပါတယ်။

ဒီတော့ အရှင်သမ္ဘူတက အရှင်ယသအား အရှင်ရေဝတရဲ့ ပရိယတ္တိဂုဏ် ပဋိပတ္တိဂုဏ်တွေကိုလဲ ပြောပြထားပါတယ်၊ ဝတ္ထုဆယ်မျိုးကို အရှင်ရေဝတနှင့် အကျေအလည် ကြိုတင်ဆွေးနွေးထားဖို့လဲ တိုက်တွန်းပါတယ်။

အရှင်ယသကလဲ အရှင်သမ္ဘူတ တိုက်တွန်းတဲ့အတိုင်း ဝတ္ထုဆယ်မျိုးကို အရှင်ရေဝတနှင့် ကြေညက်အောင် ဆွေးနွေးပါတယ်။

> "အရှင်ဘုရား ဝေသာလီမြို့မှာ နေထိုင်ကြတဲ့ ဝဇ္ဇီတိုင်းသား ရဟန်းတွေဟာ ဒီဝတ္ထုဆယ်မျိုးကို လူသိရှင်ကြား ကြေညာ ကျင့်သုံးနေကြပါတယ်၊ အခုပဲ အဓမ္မစသည် မထွန်းကားခင် အဓမ္မဝါဒီ ပုဂ္ဂိုလ်တွေ အားမရှိခင် ဗိအဓိကရုဏ်းကို ကိုင်တွယ် ဖြေရှင်းကြပါစို့ရဲ့"

ဒီလိုလဲ ဆက်လက်လျှောက်ထားပါတယ်၊ အရှင်ရေဝတကလဲ အရှင်ယသ လျှောက်ထားချက်ကို သဘောတူပါတယ်၊ လက်ခံတော်မူပါတယ်။

ဝဇ္ဇီတိုင်းသား ရဟန်းတွေကလဲ အရှင်ယသ အကြောင်းကို အမြဲ ထောက်လှမ်း စုံးစမ်းနေကြပါတယ်၊ သတင်းစကားကို နားထောင်နေကြပါတယ်၊ အရှင်ယသက အသင်းအပင်း ရှာနေတဲ့အကြောင်း အသင်းအပင်းလဲ ရရှိတဲ့အကြောင်းတွေကို ကြားသိနေကြပါတယ်၊ အဲဒီလို ကြားသိရတဲ့အခါ အရှင်ရေဝတကို မိမိတို့ဘက်သို့ ပါအောင် သွေးဆောင်သင့်တဲ့အကြောင်း တိုင်ပင် ဆွေးနွေးကြပါတယ်။

အဲဒီလို သဘောတူ တိုင်ပင်ဆွေးကြပြီးတဲ့ နောက်ပိုင်းမှာ အဲဒီ ဝဇ္ဇီတိုင်းသား ရဟန်းတွေက "သပိတ်, သင်္ကန်း, နိသီဒိုင်, အပ်ဗူး, ခါးပန်းကြိုး, အဝတ်ရေစစ်, ဓမ္မကရိုဏ်ရေစစ်" ဆိုတဲ့ များပြားလှတဲ့ ရဟန်းအသုံးအဆောင်တွေကို စီရင်ကြပါတယ်၊ အဲဒီ ရဟန်းအသုံးအဆောင် တွေကို ယူပြီးတော့ လှေနဲ့ သဟဇာတိမြို့ကို ဆန်တက်သွားကြပါတယ်၊ လှေကဆင်းပြီး သစ်တပင်ရင်းမှာ ဆွမ်းစားနေကြပါတယ်။

အဲဒီအချိန်မှာ အရှင်သာဠှက ဆိတ်ငြိမ်ရာမှာ တပါးတည်း ကိန်းအောင်းနေတော်မူပါတယ်။

ဘယ်ရဟန်းတွေက ဓမ္မဝါဒီဖြစ်ပါသလဲ၊ အရှေ့အရပ်မှာနေကြတဲ့ (ဝဇ္ဇီတိုင်းသား) ရဟန်းတွေကပဲ ဓမ္မဝါဒီ ဖြစ်လေ ရော့သလား ဒါမှမဟုတ်ယင် ပါဝေယျတိုင်းမှာ နေကြတဲ့ ရဟန်းတော်တွေကပဲ ဓမ္မဝါဒီ ဖြစ်လေရော့သလား"

ဒီလိုလဲ တွေးခေါ်စဉ်းစားနေပါတယ်၊ အရှင်သာဠှက ဓမ္မနဲ့ဝိနယကို စိတ်နဲ့ ဆင်ခြင်ကြည့်တဲ့အခါမှာ အရှေ့အရပ်မှာ နေကြတဲ့ (ဝဇ္ဇီတိုင်းသား) ရဟန်းတွေက အဓမ္မဝါဒီဖြစ်တဲ့အကြောင်း ပါဝေယျတိုင်းမှာနေကြတဲ့ ရဟန်းတော်တွေက ဓမ္မဝါဒီဖြစ်တဲ့အကြောင်း သိနားလည်သွားပါတယ်။

ဒီလို နားလည်နေပေမဲ့ "ဒီအဓိကရုဏ်းမှာ ငါ့ကို ဆုံးဖြတ်သူအဖြစ်နဲ့ သမုတိ ပေးတန်ရာရဲ့"လို့ တွေးတောကြံဆပြီး မည်သူတစ်ဦးတယောက်ကိုမျှ ဖွင့်ဖော် ပြောဆိုမှု မပြုခဲ့ပါဘူး၊ (ဒီ အရှင်သာဠှကဟာ ဝေသာလီမြို့မှာ သီတင်းသုံး နေထိုင်တဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ပါတယ်။)

ဆွမ်းကိစ္စ ပြီးတဲ့အခါ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ပရိက္ခရာတွေကို (တထမ်းတပိုး) ယူဆောင်ပြီး အလှူခံတော်မူပါမည့်အကြောင်းအရှင်ရေဝတကို လျှောက်ထားကြပါတယ်။

"ငါ့ရှင်တို့ တော်ပြီ၊ တပည့်တော်မှာ သပိတ်သင်္ကန်း ပြည့်စုံပါတယ်"

အရှင်ရေဝတက ဒီလို မိန့်ကြား၍ ပယ်မြစ်တော်မူပါတယ်၊ ဘယ်ဟာ တခုကိုမှ အလှူခံမှု မပြုပါဘူး။

အဲဒီအချိန်မှာ "ဥတ္တရ"ဆိုတဲ့ ရဟန်းဟာ အရှင်ရေဝတရဲ့ အလုပ်အကျွေး ဖြစ်နေပါတယ်၊ အရှင်ရေဝတရဲ့ ဝတ်ကြီးဝတ်ငယ်ကို ပြုလုပ်နေပါတယ်၊ အဲဒီ အရှင်ဥတ္တရဟာလဲ မငယ်လှတော့ပါဘူး၊ ဝါ ၂၀-တောင် ရနေပါပြီ။

ဝဇ္ဇီတိုင်းသား ရဟန်းတွေက အရှင်ဥတ္တရဆီ သွားကြပြန်ပါတယ်၊ ပရိက္ခရာတွေကို အလှူခံပါမည့်အကြောင်း လျှောက်ထားကြပြန်တယ်၊ အရှင် ဥတ္တရကလဲ လက်ခံမှုကိုမပြုပဲ ပယ်မြစ်တော်မူပါတယ်။

> "ငါ့ရှင် ဥတ္တရ၊ လူတွေက ဘုရားရှင်အား ရဟန်းအသုံးအဆောင်တွေကို ကပ်လှူတတ်ကြပါတယ်၊ ဘုရားရှင်က လက်ခံလို့ရှိယင် အဲဒီလိုလက်ခံတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပါတယ်၊ တကယ်လို့ဘုရားရှင်က လက်ခံတော်မမူယင် 'အရှင်ဘုရား ရဟန်းအသုံးအဆောင်ကို လက်ခံတော်မူပါ၊ အရှင်ဘုရားက လက်ခံလို့ရှိလျှင် ဘုရားရှင် လက်ခံသလိုပဲ ဖြစ်ပါလိမ့်မယ်' ဒီလို ပြောဆိုလျှောက်ထားပြီး (ဘုရားရှင်ရဲ့ အလုပ်အကျွေးဖြစ်တဲ့) အရှင်အာနန္ဒာကို ကပ်လှူတတ်ကြပါတယ်၊ ဒီလိုအကြောင်းကြောင်းကို ထောက်ထားပြီး (အရှင်ရေဝတရဲ့ အလုပ် အကျွေးဖြစ်တဲ့) အရှင်ဥတ္တရက ဒီအသုံးအဆောင်တွေကို လက်ခံတော်မူပါ၊ အရှင်ဥတ္တရက လက်ခံလို့ရှိလျှင် အရှင်ရေဝတက လက်ခံသလိုပဲ ဖြစ်ပါလိမ့်မယ်"

ဒီလို ဝဇ္ဇီတိုင်းသား ရဟန်းတွေက လက်ခံဖို့ ထပ်ကာကပ်ကာ ပြောဆိုလာတဲ့အတွက် အရှင်ဥတ္တရက သင်္ကန်းတထည်ကိုလဲ လက်ခံထားလိုက်ပါတယ်၊ "အရှင်ဘုရားတို့ အလိုရှိတာကို အမိန့်ရှိကြပါ"လို့လဲ လျှောက်ထားလိုက်ပါတယ်။

> "အရှင်ဘုရား အရှေ့ဘက် ဇနပုဒ်မှာသာ ဘုရားရှင်တွေ ပွင့်တော်မူကြပါတယ်၊ အဲဒီ ဘုရားရှင်ပွင့်ရာအရပ်မှာ နေကြတဲ့ အရှေ့ဘက်သား ရဟန်းတွေကသာ ဓမ္မဝါဒီ ဖြစ်ပါတယ်၊ ပါဝေယျကတိုင်းသား ရဟန်းတွေကတော့ အဓမ္မဝါဒီ ဖြစ်ပါတယ်၊ ဒီစကားကလေးလောက်ကိုသာ အရှင်ရေဝတထေရ်က သံဃာရိသတ်အလယ်မှာ ပြောတော်မူပါစေ၊ ဒီမျှလောက်စကားကလေးကိုတော့ အရှင်ဘုရားက (တဆင့်) အရှင်ရေဝတထေရ်ကို လျှောက်ထား ပြောကြားပေးစေလိုပါတယ်"

အခွင့်ကောင်းကို စောင့်နေကြတဲ့ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဒီလိုပြောဆို မှာထားခဲ့ပြီး တနေရာကို ထွက်သွားကြပါတယ်၊ အရှင်ဥတ္တရကလဲ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ပြောဆို မှာထားခဲ့တဲ့အတိုင်း အရှင်ရေဝတထေရ်အား သွားရောက် လျှောက်ထားပါတယ်။

"ရဟန်း သင်က ငါ့ကို အဓမ္မမှုမှာ တိုက်တွန်း နှိုးဆော်ရက် ပါပေတယ်"

ဒီလိုပြောပြီး အရှင်ရေဝတထေရ်က အရှင်ဥတ္တရကို နှင်ထုတ်လိုက်ပါတယ်၊ အရှင်ဥတ္တရကလဲ ကြံရာမရတဲ့အဆုံးမှာ ဝဇ္ဇီတိုင်းသား ရဟန်းတွေဆီကို ထွက် သွားပါတယ်။

"အရှင် ရေဝတထေရ်က ဘာများ မိန့်တော်မူလိုက်ပါသလဲ ဘုရား"

အရှင်ဥတ္တရရောက်လာတဲ့အခါ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဝိုင်းအုံ မေးမြန်းကြပါတယ်။

"ငါ့ရှင်တို့ သင်တို့တတွေဟာ တပည့်တော်ကို ဖျက်နေကြတာပဲ၊ 'နင်က ငါ့ကို အဓမ္မမှုမှာ တိုက်တွန်း နှိုးဆော်နေတယ်' ဆိုပြီး အရှင် ရေဝတထေရ်က တပည့်တော်ကို နှင်ထုတ်လိုက်ပါတယ်"

"ငါ့ရှင် ငါ့ရှင်ဟာ ထေရ်ကြီးဝါကြီး ဖြစ်နေပြီမဟုတ်ပါလား၊ ဝါ ၂၀-တောင် ရနေမှပဲ"

ဆရာတပည့် ကွဲပြားစေလိုတဲ့ဆန္ဒနဲ့ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဒီစကားကို ပြောကြားပါတယ်။

"ငါ့ရှင်တို့ မှန်ပါတယ်၊ ဒါပေမဲ့ တပည့်တော်တို့က အလေးပြု ထိုက်တဲ့ နိဿယည်းဆရာကို ယူကြရပါသေးတယ်"

အဲဒီအချိန်မှာပဲ အဓိကရုဏ်းကို ဆုံးဖြတ်ဖို့ သံဃာ့အစည်းအဝေးပြုလုပ်ကြ ပါတယ်၊ အရှင်ရေဝတက သံဃာတော်ကို နားလည်အောင် လျှောက် ထားပါတယ်။

"ငါ့ရှင်တို့ သံဃာတော်က တပည့်တော် လျှောက်ထားတာကို သည်းခံ နားထောင်စေလိုပါတယ်၊ ဒီ အဓိကရုဏ်းကို ဒီသဟဇာတိ အရပ်မှာ အကယ်၍ ငြိမ်းစေမယ်ဆိုယင် အဓိကရုဏ်းရဲ့ အကြောင်းရင်း ဖြစ်တဲ့ ဝတ္ထုအာယံမျိုးကို ကြေညာကျင့်သုံးနေကြတဲ့ ရဟန်းတော် တွေဟာ နောက်ထပ်ကံပြုဖို့ လှုံ့ဆော်လာစရာ ရှိပါတယ်၊ အကယ်၍

သံဃာတော်မှာ သင့်လျော်တဲ့အခါအခွင့်ရရှိခဲ့မယ်ဆိုယင် အဓိကရုဏ်း စတင်ဖြစ်ပွားရာဖြစ်တဲ့ ဝေသာလီမြို့မှာပဲ ဒီ အဓိကရုဏ်းကို ငြိမ်းစေသင့်ပါတယ်''

အရှင်ရေဝတရဲ့ လျှောက်ထားချက်အရ ထေရ်ကြီးဝါကြီး ရဟန်းတော်တွေက အဓိကရုဏ်းကို ဆုံးဖြတ်ဖို့ ဝေသာလီမြို့ကို ကြွတော်မူကြပါတယ်။

အဲဒီအချိန်မှာ အရှင်အာနန္ဒာရဲ့တပည့်ဖြစ်တဲ့ အရှင်သဗ္ဗကာမီထေရ်ဟာ ဝေသာလီမြို့မှာ သီတင်းသုံး နေတော်မူပါတယ်၊ အဲဒီ သဗ္ဗကာမီထေရ်ဟာ တမြေပြင်လုံးမှာ ဝါအကြီးဆုံး သံဃာ့ထေရ်ပဲ ဖြစ်ပါတယ်၊ ဝါတော် ၁၂၀-ရှိနေပါပြီ။

''ငါ့ရှင် တပည့်တော်က သဗ္ဗကာမီထေရ် သီတင်းသုံး နေထိုင်တဲ့ ကျောင်းကို သွားနှင့်ပါ့မယ်၊ အရှင်ဘုရားက နံနက်စောစောမှာ ကြွလာပြီး သဗ္ဗကာမီထေရ်အား ဝတ္ထုဆယ်မျိုးကို လျှောက်ထားပါ''

အရှင်ရေဝတက အရှင်သမ္ဘူတကို ဒီလို ပြောဆိုမှာထားခဲ့ပြီး သဗ္ဗကာမီထေရ် သီတင်းသုံး နေထိုင်တဲ့ ကျောင်းကို ကြွသွားပါတယ်၊ သဗ္ဗကာမီထေရ် အတွက် အိပ်ရာကို အခန်းထဲမှာ ခင်းထားပါတယ်၊ အရှင်ရေဝတအတွက် အိပ်ရာကို အခန်းဝမှာ ခင်းထားပါတယ်။

''ဒီမထေရ်ဟာ သက်တော်ဝါတော် ကြီးရင့်သူဖြစ်လျက်သားနဲ့ လျောင်းစက်တော်မမူသေးဘူး''

အရှင်ရေဝတက ဒီလိုကြံစည်တွေးတောပြီး ကျိန်းစက်မှုကိုမပြုပါဘူး။

''ဒီရဟန်းဟာ အာဂန္တုဖြစ်ပြီး ခရီးပန်းလာသူ ဖြစ်လျက်သားနဲ့ လဲလျောင်းမှုကို မပြုသေးဘူး''

အရှင်သဗ္ဗကာမီထေရ်ကလဲ ဒီလို ကြံစည်စဉ်းစားပြီး ကျိန်းစက်မှုကို မပြုပါဘူး။

မထေရ်နှစ်ပါးလုံးပဲ နံနက်စောစောထတော်မူကြပါတယ်၊ပြီးတော့ တရားစကား ပြောဆိုဆွေးနွေးနေကြပါတယ်၊ သဗ္ဗကာမီထေရ်က အရှင်ရေဝတကို စတင်မေးတော်မူပါတယ်။

"ငါ့ရှင် (ဘူမိ) ငါ့ရှင်ဟာ ခုနေအချိန်မှာ ဘယ်ကိုနေခြင်းမျိုးနဲ့ အများဆုံးနေပါသလဲ"

"အရှင်ဘုရား၊ တပည့်တော်ဟာ ခုနေအချိန်မှာ 'မေတ္တာ'ဆိုတဲ့ နေခြင်းမျိုးနဲ့ အများဆုံးနေပါတယ်"

"ငါ့ရှင် ငါ့ရှင်ဟာ ပေါ့ပါးလွယ်ကူတဲ့ နေခြင်းမျိုး (ကုလ္လ-ဝိဟာရ)နဲ့နေတာပဲ၊ငါ့ရှင် အဲဒီ'မေတ္တာ'ဆိုတာဟာ ပေါ့ပါးလွယ်ကူတဲ့ နေခြင်းမျိုးပေါ့"

"အရှင်ဘုရား ရှေးလူ့ဘဝတုန်းကလဲပဲ တပည့်တော်ဟာ မေတ္တာကို အမြဲ လေ့ကျက်ဘူးပါတယ်၊ ဒါကြောင့် ခုနေအချိန်မှာလဲပဲ 'မေတ္တာ'ဆိုတဲ့ နေခြင်းမျိုးနဲ့ပဲ အများဆုံးနေပါတယ်၊အမှန်ကတော့ တပည့်တော် ရဟန္တာဖြစ်တာ ကြာလှပါပြီ"

"အရှင် သဗ္ဗကာမီထေရ်မြတ်ကကော အခုအချိန်မှာ ဘယ်လို နေခြင်းမျိုးနဲ့ အများဆုံးနေထိုင်ပါသလဲဘုရား"

"ငါ့ရှင် တပည့်တော်ကတော့ အခုအချိန်မှာ ဖလသမာပတ်ဆိုတဲ့ နေခြင်းမျိုး(သုညတာဝိဟာရ)နဲ့ အများဆုံးနေထိုင်ပါတယ်"

"အရှင်ဘုရား၊ အရှင်ဘုရားကတော့ အခုအချိန်မှာ ယောကျ်ားမြတ်တို့ရဲ့နေခြင်းမျိုးနဲ့ အများဆုံးနေတော်မူပါကလား၊ အဲဒီ 'ဖလသမာပတ်'ဆိုတာ ယောကျ်ားမြတ်တို့ရဲ့ နေခြင်းမျိုးပေါ့ဘုရား"

"ငါ့ရှင် တပည့်တော်ဟာ ရှေးလူ့ဘဝတုန်းကလဲပဲ ဖလသမာပတ်ကို အလေ့အလာပြုခဲ့ဘူးပါတယ်၊ အဲဒီ 'ဖလသမာပတ်'ဆိုတဲ့ နေခြင်းမျိုးနဲ့ပဲ အခုအချိန်မှာ အများဆုံး နေထိုင်ပါတယ်၊ အမှန်ကတော့ တပည့်တော်လဲပဲ ရဟန္တာဖြစ်ခဲ့တာကြာလှပါပြီ"

မထေရ်နှစ်ပါး ဆွေးနွေးနေတုန်းမှာပဲ အရှင်သမ္ဘူတထေရ် ရောက်လာပါတယ်၊ အရှင်သမ္ဘူတက အရှင်သဗ္ဗကာမီထေရ်အား ရှိခိုး ဝပ်ချပြီးတယ်ဆိုယင်ပဲ ဝဇ္ဇီတိုင်းသား ရဟန်းတွေက ဝတ္ထုဆယ်မျိုးတို့ကို လူသိရှင်ကြားကြေညာကျင့်သုံးနေကြတာကိုလဲ လျှောက်ထားပါတယ်။

"မထေရ်မြတ်ကတော့ ဥပဇ္ဈာယ် ဖြစ်တော်မူတဲ့ အရှင်အာနန္ဒာဆီက ဓမ္မဝိနယကို လက်ပွန်းတတီး သင်ယူပြီးဖြစ်ပါတယ်၊ အဲဒီဓမ္မဝိနယနဲ့ ညှိနှိုင်းဆင်ခြင်တော်မူတဲ့အခါမှာ ဘယ်လိုသဘောရပါသလဲ၊ အရှေ့အရပ်မှာထိုင်နေကြတဲ့ ရဟန်းတော်တွေက ဓမ္မဝါဒီဖြစ်ပါသလား၊ ဒါမှမဟုတ်ယင် ပါဝေယျက တိုင်းသားရဟန်းတွေက ဓမ္မဝါဒီဖြစ်ပါသလား"

ဆက်တိုက်ပဲ သဗ္ဗကာမီမထေရ်မြတ်ရဲ့ ထင်မြင်ချက်ကိုလဲ မေးလျှောက်ပါတယ်။

"ငါ့ရှင်လဲပဲ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူတဲ့ အရှင်အာနန္ဒာထံမှာ ဓမ္မဝိနယကို သင်ယူလာခဲ့တာပဲ၊ ငါ့ရှင်ကော ဘယ်လိုသဘောရသလဲ"

"ဓမ္မဝိနယနဲ့ ညှိနှိုင်းဆင်ခြင်ကြည့်ရှုတဲ့အခါမှာ 'အရှေ့အရပ်မှာနေထိုင်ကြတဲ့ရဟန်းတွေက အဓမ္မဝါဒီဖြစ်တယ်၊ ပါဝေယျကတိုင်းသားရဟန်းတွေက ဓမ္မဝါဒီဖြစ်တယ်'ဆိုတာ ထင်ရှားပါတယ်၊ ဒါပေမဲ့ ဒီအဓိကရုဏ်းမှာ 'ဆုံးဖြတ်သူအနေနဲ့ သမုတ်တန်ရာရဲ့'လို့ စဉ်းစားမိတဲ့အတွက် တပည့်တော်ရဲ့အယူအဆကို မျိုသိပ်ထားခဲ့ပါတယ်၊ထုတ်ဖော်ပြောဆိုမှု မပြုခဲ့ပါဘူး"

အရှင်သမ္ဘူတထေရ်ရဲ့ လျှောက်ထားချက်ကို ကြားရတဲ့အခါ သဗ္ဗကာမီမထေရ်မြတ်ကလဲ အလားတူပဲ ပြန်လည်မိန့်ကြားတော်မူပါတယ်။

မကြာခင်မှာပဲ အဓိကရုဏ်းဆုံးဖြတ်ဖို့ သံဃာ့အစည်းအဝေး ပြုလုပ်ကြပါတယ်၊ အစည်းအဝေးစတာနဲ့တပြိုင်နက် သူတမျိုးငါတဖုံ အမျိုးမျိုး ပြောဆိုလာကြပါတယ်၊တဦးကပြောတာကို တဦးက နားလည်ဖို့ပဲ မလွယ်ကူတော့ပါ။

အခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး အရှင်ရေဝတက သံဃာ့ကိုယ်စားလှယ်ရွေးချယ်ပေးဖို့ သံဃာတော်ကို ပန်ကြား လျှောက်ထားပါတယ်၊ သံဃာတော်က အရှေ့အရပ်မှာ နေထိုင်ကြတဲ့ ရဟန်းတွေဘက်မှ အရှင်သဗ္ဗကာမီ, အရှင်သာဠ္ဍ,အရှင်ခုဇ္ဇသောဘိတ, အရှင်ဝါသဘဂါမိကတို့ကို ရွေးချယ်တော်မူပါတယ်၊ပါဝေယျကတိုင်းသားရဟန်းတော်တွေဘက်မှ အရှင်ရေဝတ,အရှင်သမ္ဘူတ,အရှင်ယသ, အရှင်သုမနတို့ကို ရွေးချယ်တော်မူပါတယ်။

(အဲဒီ မထေရ် ၈-ပါးထဲက ''သဗ္ဗကာမိထေရ်, အရှင်သာဠှ, အရှင်ရေဝတ, အရှင်ခုဇ္ဇသောဘိတ, အရှင်ယသ, အရှင်သမ္ဘူတ'' ဒီမထေရ် ၆-ပါးဟာ အရှင်အာနန္ဒာရဲ့ ဥပဇ္ဈာယ်ယူ အတူနေတပည့်များဖြစ်ကြပါတယ်၊ ''အရှင်သုမန, အရှင်ဝါသဘဂါမိ''ဒီမထေရ်နှစ်ပါးကတော့ အရှင်အနုရုဒ္ဓါထေရ်ရဲ့ ဥပဇ္ဈာယ်ယူ အတူနေတပည့်များ ဖြစ်ကြပါတယ်၊ မထေရ် ၈-ပါးလုံးပဲ ဘုရားရှင်ကို မှီလိုက်ကြပါတယ်)[၁]။

အဲဒီလို ရွေးချယ်ပြီးတဲ့နောက် အရှင်ရေဝတက အဓိကရုဏ်းငြိမ်စေဖို့ အဲဒီရဟန်းတွေကို ဥဗ္ဗာဟိကာသမ္မုတိဖြင့်[၂] သမုတ်ကြောင်း လျှောက်ထား သိစေပါတယ်။

''အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကားကို သည်းခံနားထောင်တော်မူပါ၊ ဒီအဓိကရုဏ်းကို ဆုံးဖြတ်တော့မယ်လို့ စလိုက်တယ်ဆိုလျှင်ပဲ သူတမျိုးငါတဖုံ အမျိုးမျိုး ပြောဆိုလာကြပါတယ်၊ တဦးပြောတာကို တဦးက နားလည်ဖို့ပဲ မလွယ်ကူတော့ပါ၊တကယ်လို့ သံဃာတော်မှာ (ဥဗ္ဗာဟိကာသမ္မုတိပေးဖို့ရန်) သင့်တော်တဲ့ အခွင့်အခါရှိခဲ့ပါလျှင် ဥဗ္ဗာဟိကာသမ္မုတိဖြင့် ဒီအဓိကရုဏ်းကို ငြိမ်းစေဖို့ရန် သံဃာတော်က ပါစီနက (အရှေ့အရပ်မှာ နေထိုင်ကြတဲ့) ရဟန်း လေးပါး, ပါဝေယျက (တိုင်းသား) ရဟန်းလေးပါးတို့ကို သမ္မုတိ ပေးသင့်ပါတယ်၊ ဒါဟာ လက်ဦးဆုံး အသိပေးခြင်းပါပဲ။

အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကားကို သည်းခံနားထောင်ကြပါဦး၊ ဒီအဓိကရုဏ်းကို ဆုံးဖြတ်တော့မယ်လို့ စလိုက်တယ်ဆိုလျှင်ပဲ ဟိုကတမျိုး ဒီကတမျိုး ပြောဆို လာကြပါတယ်၊ တဦးကပြောတာကို တဦးက နားလည်ရန်ပဲ မလွယ်ကူတော့ပါ၊ ဥဗ္ဗာဟိကာသမ္မုတိဖြင့် ဒီအဓိကရုဏ်းကို ငြိမ်းစေဖို့ရန် သံဃာတော်က ပါစီနကရဟန်းလေးပါး၊ ပါဝေယျက ရဟန်းလေးပါးတို့ကို သမုတ်ပါတယ်၊ (သမ္မုတိ ပေးပါတယ်) ဒီလိုသမ္မုတိပေးတာကို သဘော

၁။ ပါရာဇိကဏ် ၄-ပ-၂၇။
၂။ အဓမ္မဝါဒီ အလဇ္ဇီပုဂ္ဂိုလ်တွေရဲ့ ခြိမ်းခြောက်မှုကိုပဲဖြစ်ဖြစ် ခိုက်ရန်ဖြစ်မှုကိုပဲ ဖြစ်ဖြစ် ပြေပျောက်အောင် ပြုလုပ်ရတဲ့ သမ္မုတ်မျိုးကို ''ဥဗ္ဗာဟိကာ''လို့ ခေါ်ပါတယ်။

တူတဲ့ ပုဂ္ဂိုလ်က ဆိတ်ဆိတ်နေတော်မူပါ၊ သဘောမတူတဲ့ ပုဂ္ဂိုလ်က ကန့်ကွက်ပြောဆိုတော်မူပါ။

"သံဃာတော်က ပါစိနက ရဟန်းလေးပါး, ပါဝေယျက ရဟန်းလေးပါးတို့ကို ဥဗ္ဗာဟိကသမ္မုတိဖြင့် ဒီအဓိကရုဏ်းကို ငြိမ်းစေဖို့ရန် သမ္မုတိပေးပြီးပါပြီ၊ သံဃာတော်က သဘောတူ ကျေနပ်ပါတယ်၊ ဒီလို သဘောတူ ကျေနပ်တဲ့အတွက် ဆိတ်ဆိတ် နေခဲ့ပါတယ်၊ ဒီလို ဆိတ်ဆိတ်နေတာနဲ့ပဲ သဘောတူ ကျေနပ်တယ်လို့ အသိအမှတ် ပြုရပါတော့တယ်"

အဲဒီအချိန်မှာ ၁၀-ဝါရှိတဲ့ "အဇိတ"ဆိုတဲ့ ရဟန်းဟာ သံဃာတော်ရဲ့ ပါတိမောက္ခုဒ္ဒေသက (ပါတိမောက်ပြတဲ့) ရဟန်းဖြစ်ပါတယ်၊ မထေရ်တွေ အတွက် နေရာခင်းကျင်းပြင်ဆင်ဖို့ သံဃာတော်က အရှင်အဇိတကိုပဲ သမ္မုတိ ပေးကြပါတယ်။

မထေရ်တွေက အဓိကရုဏ်းငြိမ်းစေဖို့ သင့်တော်မယ့်နေရာဌာနကို ညှိနှိုင်း တိုင်ပင်ကြတဲ့အခါ ဝါလိကာရုံကျောင်းတိုက်ကို သဘောကျကြ ပါတယ်၊ ဒါနဲ့ ဝါလိကာရုံကျောင်းတိုက်သို့ ကြွတော်မူကြပါတယ်။

ဝါလိကာရုံ ကျောင်းတိုက်သို့ ရောက်တဲ့အခါ အရှင်ရေဝတက ဝိနည်းကို မေးလျှောက်ဖို့ မိမိကို သမုတ်တော်မူပါတယ်၊ အရှင်သဗ္ဗကာမီ မထေရ်က ဖြေဆိုဖို့ မိမိကို သမုတ်တော်မူပါတယ်၊ အဲဒီလိုသမုတ်ပြီးတဲ့နောက်မှာ အရှင် ရေဝတက အရှင်သဗ္ဗကာမီမထေရ်ကို မေးလျှောက်ပါတယ်၊ အရှင်သဗ္ဗကာမီ မထေရ်က မေးလျှောက်သမျှကို ဖြေရှင်းတော်မူပါတယ်။

၁။ "အရှင်ဘုရား တမျိုးတဖုံကြံဆအပ်တဲ့ သားချိုရှိတဲ့ဆား(သိင်္ဂိလောဏကပ္ပ)ဟာ အပ်ပါသလား ဘုရား"

"အဲဒီ 'တမျိုးတဖုံ ကြံဆအပ်တဲ့ သားချိုရှိတဲ့ ဆား' ဆိုတာဟာ ဘာလဲ ငါ့ရှင်"

"ဆားမပါတဲ့ဆွမ်းတွေ ဟင်းတွေကို ရတဲ့အခါမှာ (ရောနှော) စားရလိမ့်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သားချိုဖြင့် ဆားကို ဆောင်ယူ (စားသောက်)ခြင်းပါပဲ၊ ဒါဟာ အပ်ပါသလား အရှင်ဘုရား"

"မအပ်ဘူး ငါ့ရှင်"

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲဘုရား"

"ဘုရားရှင် သာဝတ္ထိမြို့မှာ သီတင်းသုံးနေစဉ်က သိက္ခာပုဒ် မာတိကာကို အကျယ်ဝေဖန်ပြတဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ ပါတယ် ငါ့ရှင်"

"အဘယ်အာပတ် သင့်ပါသလဲ အရှင်ဘုရား"

"သိုမှီး သိမ်းဆည်းခြင်းကို ပြုပြီးတော့ သုံးဆောင်ခြင်းဆိုတဲ့ အကြောင်းကြောင့် ပါစိတ်အာပတ် သင့်ပါတယ် ငါ့ရှင်"

"အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကားကို နား ထောင်တော်မူပါ၊ ဒီအကြောင်းကြောင့် ဒီ (သင်္ဂိလောဏကပ္ပ) ဝတ္ထုဟာ ဓမ္မမဟုတ်ပါ၊ ဝိနယမဟုတ်ပါ၊ ဘုရားရှင်ရဲ့ သာသနာ (အဆုံးအမ) တော်နဲ့ ကင်းကွာနေပါတယ်၊ ဒီလိုပဲ အစအဆုံးဖြစ်တဲ့ (သင်္ဂိလောဏကပ္ပ)ဝတ္ထုကို သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ အစ ဆုံးဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကို အတည်ပြုမပါတယ်"

၂။ "တမျိုးတဖုံ ကြံဆအပ်တဲ့ လက်နှစ်သစ် (ဒွင်္ဂုလကပ္ပ) ဟာ အပ်ပါ သလား အရှင်ဘုရား"

"အဲဒီ 'တမျိုးတဖုံ ကြံဆအပ်တဲ့ လက်နှစ်သစ်'ဆိုတာ ဘာလဲ ငါ့ရှင်"

"မွန်းတည့်ပြီးတဲ့နောက် အရိပ်လက်နှစ်သစ်လောက် လွန်သွားတဲ့ အခါမျိုးမှာ နေလွဲညစာ စားခြင်းပါပဲ၊ ဒါဟာ အပ်ပါသလား အရှင်ဘုရား"

"မအပ်ဘူး ငါ့ရှင်"

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲအရှင်ဘုရား"

"ဘုရားရှင် ရာဇဂြိုဟ်မြို့မှာ သီတင်းသုံး နေတော်မူတုန်းက 'ဝိကာလဘောဇန သိက္ခာပုဒ်'ဆိုတဲ့ မာတိကာနဲ့၊ အဲဒီ သိက္ခာပုဒ်ရဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"

"အဘယ်အာပတ် သင့်ပါသလဲ ဘုရား"

"နေလွဲတဲ့အခါ ဘောဇဉ်ကို စားခြင်းဆိုတဲ့ အကြောင်းကြောင့် ပါစိတ်အာပတ် သင့်တယ်ငါ့ရှင်"

''အရှင်ဘုရားတို့ သံဃာတော်က တပည့်တော့်ရဲ့စကားကို နား ထောင်တော်မူပါ၊ ဒီအကြောင်းကြောင့် ဒီ(ဒွင်္ဂုလကပ္ပ) ဝတ္ထုဟာလဲ ဓမ္မမဟုတ်ပါ၊ ဝိနယမဟုတ်ပါ၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့ ကင်း ကွာ နေပါတယ်၊ ဒီလိုပဲ နှစ်ခုမြောက်ဖြစ်တဲ့ ဒီ(ဒွင်္ဂုလကပ္ပ)ဝတ္ထုကို သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ နှစ်ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက် ကိုလဲ အတည်ပြုပါတယ်''

၃။ ''တမျိုးတဖုံ ကြုံဆအပ်တဲ့ ရွာတပါး (ဂါမန္တရကပ္ပ)ဟာ အပ်ပါ သလား အရှင်ဘုရား''

''အဲဒီ'တမျိုးတဖုံကြုံဆအပ်တဲ့ရွာတပါး'ဆိုတာဟာဘာလဲငါ့ရှင်''

''ပဝါရိတ်သင့်ပြီးတဲ့ ရဟန်းတပါးက 'အခုပဲ ရွာတပါးကို သွား တော့မယ်'လို့ နှလုံးသွင်းပြီး အတိရိက်ဝိနည်းကံ မပြုရသေးတဲ့ဘောဇဉ် ဂိလာနရဲ့ အကြွင်းအကျန် မဟုတ်တဲ့ ဘောဇဉ်ကို စားခြင်းပါပဲ၊ ဒါ ကော အပ်ပါသလား အရှင်ဘုရား''

''မအပ်ဘူး ငါ့ရှင်''

''ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲဘုရား''

''ဘုရားရှင် သာဝတ္ထိမြို့မှာ သိတင်းသုံးတော်မူတုန်းက ပထမ ပဝါရဏာသိက္ခာပုဒ်နဲ့ အဲဒီသိက္ခာပုဒ်ကို ဝေဖန်ပြတဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော် မူခဲ့ပါတယ် ငါ့ရှင်''

''အဘယ် အာပတ်သင့်ပါသလဲ ဘုရား''

''အတိရိက် ဝိနည်းကံ မပြုရသေးတဲ့ ခဲဖွယ်ဘောဇဉ်, ဂိလာနရဲ့ အကြွင်းအကျန်မဟုတ်တဲ့ ခဲဖွယ်ဘောဇဉ်ကိုစားတဲ့အတွက် ပါစိတ် အာပတ်သင့်တယ် ငါ့ရှင်''

''အရှင်ဘုရားတို့ သံဃာတော်က တပည့်တော့်ရဲ့ စကားကို နား ထောင် တော်မူပါ၊ ဒီအကြောင်းကြောင့် ဒီ(ဂါမန္တရကပ္ပ)ဝတ္ထုဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရား ရှင်ရဲ့ အဆုံးအမ တော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ သုံးခုမြောက် ဖြစ်တဲ့ (ဂါမန္တရကပ္ပ) ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ သုံးခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်''

၄။ "အရှင်ဘုရား တမျိုးတဖုံ ကြံဆအပ်တဲ့ကျောင်း (အာဝါသကပ္ပ)ဟာ အပ်ပါသလားဘုရား"

"အဲဒီ 'တမျိုးတဖုံ ကြံဆအပ်တဲ့ကျောင်း'ဆိုတာဟာ ဘာလဲ ငါ့ရှင်"

"မဟာသိမ်ကြီး တသိမ်တည်းမှာ တည်ရှိနေကြတဲ့ကျောင်းတွေမှာ အသီးအသီး ဥပုသ် (စတဲ့ သံဃာ့ကံ) ပြုခြင်းပါပဲ၊ ဒါကော အပ်ပါသလားဘုရား"

"မအပ်ဘူး ငါ့ရှင်"

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ အရှင်ဘုရား"

"ဘုရားရှင်ရာဇဂြိုဟ်မြို့မှာ သီတင်းသုံးနေတော်မူတုန်းက ဥပေါသထက္ခန္ဓကမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"

"ဘယ်အာပတ်သင့်ပါသလဲဘုရား"

"ဝိနည်းကိုကျော်လွန်တဲ့အတွက် ဒုက္ကဋ်အာပတ်သင့်တယ် ငါ့ရှင်"

"အရှင်ဘုရားတို့ သံဃာတော်က ဟာပည့်တော်ရဲ့ စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့်လဲ ဒီ(အာဝါသကပ္ပ) ဝတ္ထုဟာ ဓမ္မနဲ့လဲဆန့်ကျင်နေပါတယ်၊ဝိနယနဲ့လဲဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ လေးခုမြောက်တဲ့ (အာဝါသကပ္ပ)ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ လေးခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"

၅။ "အရှင်ဘုရား တမျိုးတဖုံ ကြံဆအပ်တဲ့ အလိုဆန္ဒ (အနုမတိကပ္ပ)ဟာ အပ်ပါသလား ဘုရား"

"အဲဒီ 'တမျိုးတဖုံ ကြံဆအပ်တဲ့ အလိုဆန္ဒ'ဆိုတာဟာ ဘာလဲ ငါ့ရှင်"

"မလာသေးတဲ့ ရဟန်းတွေရဲ့ အလိုဆန္ဒကို 'လာတဲ့ အခါကျမှ ယူရတော့မယ်လို့ ကြံပြီး ဂဏ်ဖြစ်နေတဲ့ သံဃာနဲ့ ကံပြုခြင်းပါပဲ၊ ဒါကော အပ်ပါရဲ့လား ဘုရား"

"မအပ်ပါဘူး ငါ့ရှင်"

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲဘုရား"

"စမ္ပေယျကွန္တက ဝိနည်းနဲ့စပ်တဲ့ဝတ္ထု (အစမ္မေနဂ္ဂါဒိကမ္မကထာ) မှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"

"အဘယ်အာပတ်သင့်ပါသလဲဘုရား"

"ဝိနည်းကို ကျော်လွန်တဲ့ အတွက် ဒုက္ကဋ်အာပတ် သင့်တယ် ငါ့ရှင်"

"အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့်လဲ ဒီ(အနုမတိကပ္ပ)ဝတ္ထုဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ငါးခုမြောက်ဖြစ်တဲ့ (အနုမတိကပ္ပ) ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ငါးခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"

၆။ "အရှင်ဘုရား တမျိုးတဖုံကြံဆအပ်တဲ့ အလေ့အကျက် (အာစိဏ္ဏကပ္ပ) ကော အပ်ပါသလားဘုရား"

"အဲဒီ 'တမျိုးတဖုံကြံဆအပ်တဲ့ အလေ့အကျက်' ဆိုတာဟာ ဘာလဲ ငါ့ရှင်"

"ဒါကို ငါ့ရဲ့ဥပဇ္ဈာယ်ဆရာက အမြဲလေ့ကျက်ခဲ့တယ်၊ ဒါကို ငါ့ရဲ့ဆရာက အမြဲလေ့ကျက်ခဲ့တယ်၊ ဒီလို နှလုံးသွင်းပြီး အဲဒီ ဆရာ ဥပဇ္ဈာယ်တွေရဲ့ အလေ့အကျက် မှန်သမျှကို လိုက်နာကျင့်သုံးခြင်းပါပဲ၊ ဒါကောအပ်ပါရဲ့လားဘုရား"

"ဓမ္မဝိနယနဲ့ညီတဲ့ အချို့အလေ့အကျက်က အပ်တယ်၊ ဓမ္မဝိနယနဲ့ မညီတဲ့ အချို့အလေ့အကျက်ကတော့ မအပ်ဘူးငါ့ရှင်"

"အရှင်ဘုရားတို့ သံဃာတော် အကုန်လုံးက တပည့်တော်ရဲ့ စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့်လဲဒီ(အာစိဏ္ဏကပ္ပ) ဝတ္ထုဟာ ဓမ္မနဲ့လဲဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ခြောက်ခုမြောက်ဖြစ်တဲ့ (အာစိဏ္ဏကပ္ပ) ဝတ္ထုကိုလဲ သံဃာတော်က

ဆုံးဖြတ်ပြီးပါပြီ၊ ခြောက်ခုမြောက် ဖြစ်တဲ့ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်”

၇။ “အရှင်ဘုရား တမျိုးတဖုံကြံဆအပ်တဲ့နို့ရည် (အမထိတကပ္ပ)ကော အပ်ပါရဲ့လားဘုရား”

“အဲဒီ ‘တမျိုးတဖုံ ကြံဆအပ်တဲ့ နို့ရည်’ဆိုတာကော ဘာလဲ ငါ့ရှင်”

“နို့ရည်အဖြစ်ကိုလဲ စွန့်ပြီး နို့ဓမ်းအဖြစ်သို့လဲ မရောက်သေးတဲ့ နို့ရည်ကို ပဝါရိတ်သင့်ပြီးတဲ့ ရဟန်းက အတိရိက်ဝိနည်းကံ မပြုပဲ သောက်ကောင်းတယ် ဆိုတာပါပဲ၊ ဒါကောအပ်ပါရဲ့လား ဘုရား”

“မအပ်ပါဘူး ငါ့ရှင်”

“ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ ဘုရား”

“ဘုရားရှင် သာဝတ္ထိမြို့မှာ သီတင်းသုံး နေတော်မူတုန်းက ပထမ ပဝါရဏာသိက္ခာပုဒ်နဲ့ အဲဒီသိက္ခာပုဒ်ရဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူ ခဲ့ပါတယ် ငါ့ရှင်”

“ဒါဖြင့် ဘယ်အာပတ်သင့်ပါသလဲ ဘုရား”

“အတိရိက်ဝိနည်းကံ မပြုသေးတဲ့ ခဲဖွယ်[၁] ကို သောက်တဲ့အတွက် ပါစိတ်အာပတ် သင့်တယ် ငါ့ရှင်”

“အရှင်ဘုရားတို့ အခုစည်းဝေးနေကြတဲ့ သံဃာတော်တွေက တပည့်တော်ရဲ့ စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်း ကြောင့်လဲ ဒီ(အမထိတကပ္ပ) ဝတ္ထုဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ အဆုံးအမတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ခုနစ်ခုမြောက်ဖြစ်တဲ့ (အမထိတကပ္ပ) ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ခုနစ်ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်”

၁။ ဩဒန-ထမင်း။ သတ္တုမုန့် မှုန့်၊ ကုမ္မာသ- မုယောမုန့်၊ မစ္ဆ-ငါး၊ မံသ-အသား၊ ဒီဘောဇဉ်ငါးပါးမှ ကြွင်းကျန်သမျှ ယာဝကာလိက (မွန်းမလွဲခင် နံနက်ပိုင်း မှာသာ စားကောင်းတဲ့)ဝတ္ထုတွေကို“ခဲဖွယ်”လို့ခေါ်ပါတယ်။

၈။ အရှင်ဘုရား သေနု(ဇဋ္ဋောဂီ)ကော သောက်ခြင်းငှါ အပ်ပါသလား ဘုရား၊

"အဲဒီ'သေနု'ဆိုတာကော ဘာတဲ့လဲငါ့ရှင်"

"အရက်ဖြစ်ဖို့ရာ အဆောက်အဦများကို တပေါင်းတည်းပြုပြီး (စုပေါင်းပြီး) စိမ်ထားတဲ့ အရက်မဖြစ်သေးတဲ့ စိမ်ရည်ပါပဲဘုရား၊ ဒါကို သောက်ကောင်းပါရဲ့လားဘုရား"

"မသောက်ကောင်းဘူး ငါ့ရှင်"

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲ ဘုရား"

"ဘုရားရှင် ကောသမ္ဗီမြို့မှာသီတင်းသုံးတော်မူတုန်းက သုရာပါန သိက္ခာပုဒ်နဲ့ အဲဒီသိက္ခာပုဒ်ရဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"

"ဘယ်အာမတ် သင့်ပါသလဲဘုရား"

"သေရည်အရက်ကို သောက်တဲ့အတွက် ပါစိတ်အာပတ်သင့်တယ် ငါ့ရှင်"

"အရှင်ဘုရားတို့ အခုစည်းဝေးနေကြတဲ့ သံဃာတော်တွေက တပည့်တော်ရဲ့ စကားကို နားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့်လဲ ဒီ(ဇဋ္ဋောဂီ) ဝတ္ထုဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ သာသနာတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ရှစ်ခုမြောက်ဖြစ်တဲ့(ဇဋ္ဋောဂီ)ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ရှစ်ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"

၉။ "အမြိတ်အဆာမပါတဲ့ နိသီဒိုင်ကော အပ်ပါရဲ့လားဘုရား"

"မအပ်ဘူး ငါ့ရှင်"

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့သလဲဘုရား"

"ဘုရားရှင် သာဝတ္ထိမြို့မှာသီတင်းသုံး နေတော်မူတုန်းက ပညတ်တော်မူခဲ့တဲ့ ရတနဝဂ် နိသီဒနသိက္ခာပုဒ်နဲ့ အဲဒီသိက္ခာပုဒ်ရဲ့ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"

"ဒါဖြင့် ဘယ်အာပတ်သင့်ပါသလဲဘုရား"

"ဆေဒနက (သဒ္ဒါပါရှိတဲ့)နိသီဒနသိက္ခာပုဒ်အရ ပါစိတ်အာပတ်သင့်ပါတယ် ငါ့ရှင်"

"အရှင်ဘုရားတို့ စည်းဝေးနေကြတဲ့ သံဃာတော် အရှင်မြတ်များကတပည့်တော်ရဲ့စကားကိုနားထောင်တော်မူကြပါ၊ဒီအကြောင်းကြောင့်လဲ ဒီ (အဒသကနိသီဒန) ဝတ္ထုဟာ ဓမ္မမဟုတ်ပါ၊ ဝိနယမဟုတ်ပါ၊ ဘုရားရှင်ရဲ့ သာသနာတော်နဲ့လဲ ကင်းကွာ နေပါတယ်၊ ဒီလိုပဲ ကိုးခုမြောက်ဖြစ်တဲ့ (အဒသကနိသီဒန) ဝတ္ထုကိုလဲ သံဃာတော်က ဆုံးဖြတ်ပြီးပါပြီ၊ ကိုးခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"

၁၀။ "ရွှေငွေကော အပ်ပါရဲ့လားဘုရား"

"မအပ်ဘူး ငါ့ရှင်"

"ဒါဖြင့် ဘယ်ပါဠိရပ်မှာ ပယ်မြစ်တော်မူခဲ့ပါသလဲဘုရား"

"ဘုရားရှင် ရာဇဂြိုဟ်မြို့မှာ သီတင်းသုံးနေတော်မူတုန်းက ပညတ်တော်မူခဲ့တဲ့ ဧဋ္ဌကလောမဏိ ဇာတရူပသိက္ခာပုဒ်နဲ့ ဆဲမီ သိက္ခာပုဒ်ရဲ့ ပဒဘာဇနီမှာ ပယ်မြစ်တော်မူခဲ့ပါတယ် ငါ့ရှင်"

"ဒါဖြင့် ဘယ်အာပတ်သင့်ပါသလဲဘုရား"

"ရွှေငွေကို အလှူခံတဲ့အတွက် ပါစိတ်အာပတ်သင့်တယ်ငါ့ရှင်"

"အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့ စကားကိုနားထောင်တော်မူကြပါ၊ ဒီအကြောင်းကြောင့် ဒီ(ဇာတရူပ) ဝတ္ထုဟာလဲ ဓမ္မနဲ့လဲဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့ သာသနာတော်နဲ့လဲ ကင်းကွာနေပါတယ်၊ ဒီလိုပဲ ဆယ်ခုမြောက်ဖြစ်တဲ့(ဇာတရူပ) ဝတ္ထုကိုလဲ သံဃာတော်ကဆုံးဖြတ်ပြီးပါပြီ၊ ဆယ်ခုမြောက်ဖြစ်တဲ့ ဒီဆုံးဖြတ်ချက်ကိုလဲ အတည်ပြုပါတယ်"

"အရှင်ဘုရားတို့ သံဃာတော်က တပည့်တော်ရဲ့ စကားကိုဆက်လက်နားထောင်တော်မူပါဦး၊ ဒီလိုအကြောင်းအမျိုးမျိုးကြောင့် ဒီဝတ္ထုဆယ်ပါးလုံးဟာ ဓမ္မနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဝိနယနဲ့လဲ ဆန့်ကျင်နေပါတယ်၊ ဘုရားရှင်ရဲ့သာသနာတော်နဲ့လဲပဲ ကင်းကွာနေ

ပါတယ်၊ ဒီလိုပဲ ဝတ္ထုဆယ်ပါးလုံးကို သံဃာတော်က ဆုံးဖြတ်ပြီး ပါပြီ''

ဒီလို အရှင်ရေဝတက နိဂုံးချုပ်လျှောက်ထားလိုက်ပါတယ်။

''ငါ့ရှင် ဒီအဓိကရဏ်းဟာ ကောင်းကောင်းကြီး ငြိမ်းအေးပါပြီ၊ ဒါပေမဲ့ အဲဒီ ဝဇ္ဇီတိုင်းသား ရဟန်းတွေ နားလည်သွားအောင် ငါ့ရှင်က တပည့်တော်ကို ရဟန်းအကုန်လုံးပါဝင်တဲ့ သံဃာ့အလယ်မှာ လဲပဲ ဒီဝတ္ထုဆယ်ပါးကို ထပ်မေးပါဦး''

ဒီလို သဗ္ဗကာမိမထေရ်က မိန့်တော်မူပါတယ်၊ အမိန့်ရှိတဲ့အတိုင်းပဲ အရှင်ရေဝတက သဗ္ဗကာမိထေရ်ကို (ရဟန်းကုန် ပါဝင်တဲ့) သံဃာ့အလယ်မှာလဲ မေးလျှောက်ပါတယ်၊ မေးတိုင်း မေးတိုင်း အရှင်သဗ္ဗကာမိထေရ်က ရှေးနည်းတူပဲ ဖြေတော်မူပါတယ်။

ခုနကပြောခဲ့တဲ့အထဲမှာပါလာတဲ့ ငွေကလောမဝဂ် ဇာတရူပသိက္ခာပုဒ် ဆိုတာကို ဆက်ပြီး ပြောပြပါဦးမယ်။

ရွှေငွေကိုအလှူမခံရ [၁]

ဘုရားရှင် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူတုန်းက ဖြစ်ပါတယ်။

သာကီဝင်မင်းသား အရှင်ဥပနန္ဒက အိမ်တအိမ်ကို အမြဲ ဆွမ်းခံရောက်နေပါတယ်၊ အဲဒီအိမ်ကလဲ ရရသမျှ စားစရာ သောက်စရာတွေကို အရှင်ဥပနန္ဒအတွက် တဖို့ သီးသန့်ချန်ထားတတ်ပါတယ်။

တနေ့ကျတော့ အဲဒီအိမ်မှာ ညနေဘက် အမဲသား ချက်ပြုတ်စားသောက်ကြပါတယ်၊ အရှင်ဥပနန္ဒအတွက်လဲ တဖို့ သီးသန့်ချန်ထားပါတယ်၊ သူတို့ရဲ့ သားကလေးက နံနက်စောစောထပြီး ''အမဲသားပေးပါ၊အမဲသားပေးပါ''နဲ့ အတင်းငိုယိုတောင်းနေပါတယ်။

''အရှင် ဥပနန္ဒအတွက် ချန်ထားတဲ့အဖို့ကို သားကလေးအား ပေးလိုက်ပါပေါ့ကွာ၊ အခြားဟင်းလျာ တခုခုဝယ်ပြီး အရှင်ဥပနန္ဒအား အစားလှူကြရတာပေါ့''

၁။ ပါစိတ် ပါ-၃၄၄။

လင်ယောကျ်ားရဲ့ ပြောစကားကိုကြားရတဲ့အခါ မယားဖြစ်သူက အရှင်ဥပနန္ဒအတွက် ချန်ထားတဲ့အဖို့ကိုယူပြီး ကလေးကိုကျွေးလိုက်ပါတယ်။

အရှင်ဥပနန္ဒက လာနေကျအချိန်မှာပဲ အဲဒီအိမ်သို့ ဆွမ်းခံကြွလာပါတယ်၊ အဆင်သင့် ခင်းထားတဲ့နေရာမှာ ထိုင်နေပါတယ်။

"အရှင်ဘုရား မနေ့ကညနေဘက်မှာအမဲသားချက်ပြုတ်စားသောက်ကြပါတယ်၊ အရှင်ဘုရားအတွက်လဲ တဖို့သီးသန့် ချန်ထားပါတယ်၊ ဒါပေမဲ့ ဒီကလေးကစောစောထပြီး ငိုတောင်းတာနဲ့ အရှင်ဘုရားအတွက်ချန်ထားတဲ့အဖို့ကို ကလေးအားပေးလိုက်ရပါတယ်၊ ဒီငွေနဲ့ အရှင်ဘုရားအတွက် ဘာကိုသွားဝယ်ရမလဲ၊အရှင်ဘုရားအလိုရှိတာကို အမိန့်ရှိတော်မူပါ"

အနားကို လာရောက်လျှောက်ထားတဲ့ ဒါယကာရဲ့စကားကို ကြားရတဲ့အခါ အရှင်ဥပနန္ဒက မေးမြန်းစစ်ဆေးမှုကို ပြုပါတော့တယ်။

"ဒါယကာ အဲဒီငွေကို ဦးပဉ္စင်းအား စွန့်လွှတ်လှူဒါန်းပြီးဖြစ်သလား"

"မှန်ပါဘုရား၊ စွန့်လွှတ်လှူဒါန်းပြီးပါပြီ"

"ဒါဖြင့် အဲဒီငွေကိုပဲ ပေးလိုက်တာပေါ့"

အိမ်ရှင်ယောကျ်ားကလဲ အရှင်ဥပနန္ဒတောင်းဆိုတဲ့အတိုင်းပဲ ငွေကိုလှူလိုက်ပါတယ်။

"တို့လူတွေက ငွေကိုခံယူနေကြသလို သာကီဝင်မင်းသား ဘုရားသားတော် ဖြစ်ကြတဲ့ ဒီရဟန်းတော်တွေဟာလဲပဲ ငွေကို ခံယူကြတာပဲ"

အဲဒီအိမ်ရှင်ယောကျ်ားက ငွေကိုလှူလိုက်ပြီးသည့်နောက်ပိုင်းမှာ ဒီလို ကဲ့ရဲ့ ရှုတ်ချ အပြစ်ပြကာပြောဆိုနေပါတော့တယ်၊ဒီသတင်းစကားဟာ အဆင့်ဆင့် ဘုရားရှင်ထံ ရောက်သွားပါတော့တယ်။

ဘုရားရှင်က အရှင်ဥပနန္ဒအားလဲ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ်၊ သိက္ခာပုဒ်ကိုလဲ ပညတ်တော်မူပါတယ်။

"ရွှေငွေကို ကိုယ်တိုင်ခံယူတဲ့ရဟန်း, ကိုယ့်အတွက် သူများကိုခံယူစေတဲ့ရဟန်း, အပ်နှံလှူဒါန်းတဲ့ ရွှေငွေကို သာယာတဲ့ရဟန်းမှာ နိဿဂ္ဂိ ပါစိတ်အာပတ်သင့်စေ"

အပ်နှံလှူဒါန်းတဲ့ရွှေငွေ။ ။"ဒီဟာ အရှင်ဘုရားအတွက် ဖြစ်ပါတယ်လို့ လျှောက်ထားလှူဒါန်းလာတဲ့ရွှေငွေမျိုး, ဘယ်ဌာနမှာရှိနေတဲ့ ရွှေငွေတွေ၊ ဘယ်သူ့လက်ထဲမှာရှိနေတဲ့ ရွှေငွေတွေကို အရှင်ဘုရားအားလှူပါတယ်လို့ အဝေးရပ်ကိုညွှန်ပြပြီးလှူဒါန်းတဲ့ရွှေငွေမျိုး" ဒီနှစ်မျိုးလုံးကိုပဲ "အပ်နှံလှူဒါန်းတဲ့ရွှေငွေ"လို့ ဆိုရပါတယ်။

သာယာတဲ့ရဟန်း။ ။အဲဒီလိုလာလှူကြတဲ့အခါ ခေါင်းခါလို့ပဲဖြစ်ဖြစ်, 'ငါတို့မှာ ရွှေငွေမအပ်၊ ရွှေငွေကို ငါတို့အလိုမရှိ'လို့ ပြောလို့ပဲဖြစ်ဖြစ် ကိုယ်နှုတ်တခုခုနဲ့မပယ်ပဲ စိတ်နဲ့ လက်ခံမှုကိုပြုတဲ့ရဟန်း ကျေနပ်နေတဲ့ရဟန်းကို "သာယာတဲ့ရဟန်း"လို့ ဆိုရပါတယ်။

ဒါယကာများပါ နားလည်သင့်။ ။ရွှေငွေကိုအလှူခံလို့ အဲဒီရွှေငွေနဲ့ဝယ်ယူထားတဲ့ပစ္စည်းများ ကုလဒူသနအမှုကိုပြုလို့ရလာတဲ့ပစ္စည်းများ, မိမိကိုကြည်ညိုအောင်ဟိတ်ဟန်ဆောင်သဖြင့် အထင်ကြီးလို့ လှူဒါန်းလာတဲ့ ပစ္စည်းများဟာ အဲဒီရွှေငွေကို အလှူခံမှု စသည်ကိုပြုတဲ့ရဟန်းအတွက်သာ မအပ်တာမဟုတ်သေးပါဘူး၊ သီတင်းသုံးဘော်ငါးဦးလုံးအတွက် (အခြား ရဟန်းသာမဏေတွေအတွက်)လဲပဲ မအပ်မစပ် ဖြစ်ရပါတော့တယ်၊ အဲဒီပစ္စည်းတွေကို အခြားရဟန်းသာမဏေတွေလဲ မသုံးစွဲကောင်းတော့ပါဘူး။

ဒါ့ကြောင့် ရွှေငွေနဲ့စပ်ပြီး အပ်အောင် လှူဒါန်းတဲ့နည်းကို ရဟန်းတော်တွေသာ သိနားလည်သင့်တာမဟုတ်ပါဘူး၊ ဗုဒ္ဓသာသနာတော်ကို ကြည်ညိုလေးစား အားထား ကိုးကွယ်နေကြတဲ့ ဒါယကာ ဒါယိကာမတွေကပါ သိနားလည်ထားသင့်ပါတယ်။

အပ်အောင်လှူနည်း။ ။ဒီတော့ ဒါယကာ တယောက်က ငွေတရာ ရဟန်းတပါးအား လှူလိုတယ် ဆိုပါတော့၊ ဒါယကာက အဲဒီငွေကိုယူလာပြီး "အရှင်ဘုရားအားငွေတရာလှူပါတယ် လက်ခံတော်မူပါ" ဒီလို မလျှောက်ထားရဘူး၊ ဒီလိုလျှောက်ထားလျှင် ဒီငွေမအပ်တော့ဘူး။

"အရှင်ဘုရား တပည့်တော်ထံမှ တရာတန်အပ်စပ်တဲ့ ပစ္စည်းလေးပါးကို အလှူခံတော်မူပါ၊ ကပ္ပိယသော်လဲ ညွှန်းတော်မူပါ၊ လိုခြင်ရာအရပ်ကိုသော်လဲ ညွှန်ပြတော်မူပါ"

ဒီလိုလျှောက်ထားက ငွေကိုလှူရာမရောက်ပါဘူး၊ ပစ္စည်းလေးပါးကိုလှူရာပဲ ရောက်ပါတယ်။

ဒီတော့ အလှူခံမဲ့ရဟန်းက "ဒီနေရာလိုခြင်ကယ်" လို ညွှန်ပြယင် အဲဒီညွှန်ပြတဲ့ နေရာမှာပဲ ထားခဲ့နိုင်ပါတယ်၊ ဒါမှမဟုတ် "ဒီပုဂ္ဂိုလ်ဟာ ဘုန်းကြီးရဲ့ကပ္ပိယပဲ" လို့ညွှန်ပြလိုရှိယင်လဲပဲ အဲဒီ ညွှန်ပြတဲ့ပုဂ္ဂိုလ်ရဲ့လက်မှာ အပ်နှံထားခဲ့နိုင်ပါတယ်။

ရွှေငွေဖြင့် လဲလှယ်ရောင်းဝယ်မှု [၁]

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေချိန်က ဖြစ်ပါတယ်။

ဆဗ္ဗဂ္ဂီ ရဟန်းတွေဟာ အထူးထူး အပြားပြားသော ရွှေငွေ လဲလှယ်ရောင်းဝယ်မှုကို ပြုလုပ်ကြပါတယ်၊ အဲဒါကို တွေ့ကြရ မြင်ကြရတဲ့ လူတွေက ကဲ့ရဲ့ကြပါတယ်၊ ရှုတ်ချကြပါတယ်၊ အပြစ်ပြောဆိုကြပါတယ်။

ဘုရားရှင်နား ပေါက်ကြားသွားတဲ့အခါ ဘုရားရှင်က ဆဗ္ဗဂ္ဂီရဟန်းတွေကိုလဲ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ်၊ သိက္ခာပုဒ်ကိုလဲ ပညတ်တော်မူပါတယ်။

"အထူးထူး အပြားပြားရှိတဲ့ ရွှေ ငွေကို လဲလှယ်ရောင်းဝယ်တဲ့ ရဟန်းမှာ နိဿဂ္ဂိပါစိတ် အာပတ်သင့်စေ"

ရွှေသိက္ခာပုဒ်နဲ့ ရွှေငွေ ရတနာတွေကို ခံယူခြင်းမှ တားမြစ်ပါတယ်၊ ဒီသိက္ခာပုဒ်နဲ့ ရွှေငွေရတနာတွေနဲ့ အခြားဝတ္ထုတွေကို လဲလှယ်ခြင်းမှ တားမြစ်ပါတယ်။

လဲလှယ်မှု [၂]

ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူချိန်ကပဲ ဖြစ်ပါတယ်။

၁။ ပါစိတ် ပါ-၁၄၇။ ၁။ ပါစိတ် ပါ-၃၄၉။

သာကီဝင်မင်းသား အရှင်ဥပနန္ဒဟာ သင်္ကန်းချုပ်ဆိုးမှုမှာ ကျွမ်းကျင်ပါတယ်၊ အဝတ်နွမ်းတွေကို ဒုကုဋ္ဌသင်္ကန်းချုပ်ပြီး ကောင်းစွာဆိုး ကောင်းစွာအပြေအပြစ်ပြုလို့ ဝတ်ရုံနေပါတယ်။

ပရိဗိုဇ်တယောက်က အဖိုးများစွာ ထိုက်တန်တဲ့ အဝတ်ကိုရှုပြီး အရှင်ဥပနန္ဒဆီကို ရောက်လာပါတယ်။

"အရှင်ဘုရားရဲ့ ဒုကုဋ္ဌသင်္ကန်းဟာ တယ်ကောင်းပါလား၊ တပည့်တော် အဝတ်နဲ့ လဲကြစို့ရဲ"

"ငါ့ရှင်နားလည်အောင် ကြည့်ဦးနော်"

"မှန်ပါဘုရား နားလည်အောင် ကြည့်ပြီးပါပြီ"

"ဒါဖြင့် ရော့ ငါ့ရှင် ယူတော့"

အရှင်ဥပနန္ဒက မိမိရဲ့ ဒုကုဋ္ဌသင်္ကန်းကို ပေးလိုက်ပါတယ်၊ ပရိဗိုဇ်လဲ မိမိအဝတ်ကို အရှင်ဥပနန္ဒအား ပေးထားခဲ့ပြီး ပရိဗိုဇ်အရံကို ပြန်သွားပါတယ်၊ အရံထဲမှာ ရှိနေကြတဲ့ ပရိဗိုဇ်တွေရဲ့ အနားကိုရောက်သွားပါတယ်၊ ပရိဗိုဇ်တွေက တအံ့တသြ မေးကြပါတယ်။

"အလို-ငါ့ရှင်ရဲ့ ဒီဒုကုဋ္ဌသင်္ကန်းဟာ တယ်ကောင်းပါလား၊ ဘယ်ကများ ရလာခဲ့သလဲ"

"တပည့်တော် ဝတ်နေကျအဝတ်နဲ့ လဲလှယ်ခဲ့တာပါ"

"ဟင်—ငါ့ရှင်ရဲ့ ဒီဒုကုဋ္ဌသင်္ကန်းဟာ ဘယ်နှစ်ရက်များခံမယ်လို့လဲ၊ ငါ့ရှင်ဝတ်နေကျ အဝတ်ကသာ ကောင်းပေမပေါ့"

ပရိဗိုဇ်တွေရဲ့ ပြောစကားကို ကြားရတဲ့အခါ အဲဒီ သင်္ကန်းလဲလာတဲ့ ပရိဗိုဇ်က အရှင်ဥပနန္ဒဆီကို ပြန်သွားပါတယ်။

"အရှင်ဘုရားရဲ့ ဒုကုဋ္ဌသင်္ကန်းကို ပြန်ယူပါ၊ တပည့်တော်ရဲ့အဝတ်ကို ပြန်ပေးပါ"

"ငါ့ရှင်ကို 'နားလည်အောင် ကြည့်ဦး'လို့ ပြောခဲ့တယ် မဟုတ်လား၊ ဘယ်နည်းနဲ့မှ ပြန်မပေးတော့ဘူး"

အရှင်ဥပနန္ဒရဲ့စကားကို ကြားရတဲ့အခါ ပရိဗိုဇ်လဲ မကျေမချမ်းနဲ့ လက်လျှော့ ပြန်လာရပါတယ်။

> "လူအချင်းချင်းတောင်မှ မကျေနပ်လို့ရှိယင် ပြန်ပေးသေးတာပဲ၊ ရဟန်းတပါးက ကျုပ်လို ရဟန်းတပါးကို ဘာ့ကြောင့် ပြန်မပေးနိုင်ရ သလဲ"

ဒီလိုလဲ ကဲ့ရဲ့ပါတယ်၊ ရှုတ်ချပါတယ်၊ အပြစ်ပြ ပြောဆိုပါတယ်၊ အဲဒီ စကားဟာ အဲဒီနေရာမှာတင် ပျောက်ကွယ်သွားတာတော့ မဟုတ်ပါဘူး၊ အဆင့်ဆင့်နဲ့ ဘုရားရှင်ထံ ရောက်သွားပါတော့တယ်။

ဘုရားရှင်က အရှင်ဥပနန္ဒကိုလဲ ကဲ့ရဲ့ပြစ်တင်တော်မူပါတယ်၊ သိက္ခာပုဒ်ကို လဲ ပညတ်တော်မူပါတယ်။

> "အထူးထူး အပြားပြားရှိတဲ့ ဝယ်ခြင်းရောင်းခြင်းကိုပြုတဲ့ ရဟန်း မှာ နိဿဂ္ဂိပါစိတ် အာပတ်သင့်စေ"

အထူးထူးအပြားပြားရှိတဲ့။ ။သက်န်းစတဲ့ အပ်တဲ့အသုံးအဆောင် အမျိုးမျိုး ကိုပဲ"အထူးထူး အပြားပြားရှိတဲ့"လို့ ဆိုထားပါ တယ်၊ရွှေသိက္ခာပုဒ်နဲ့ ရွှေငွေနဲ့ ဝယ်ခြင်းကြောင့် အာပတ်သင့်တာ, ရွှေ ငွေ ကိုပဲ ဖြစ်ဖြစ် ရွှေ ငွေနဲ့ ရဟန်း ကိုရင်တို့ ဝယ်ထားတဲ့ နိဿဂ္ဂိ ပစ္စည်းကိုပဲဖြစ်ဖြစ် လဲလှယ်ယူခြင်းကြောင့် အာပတ်သင့်တာကို ပြပါတယ်၊ ဒီသိက္ခာပုဒ်နဲ့ ကပ္ပိယဝတ္ထုတွေကို လူစတဲ့ ပုဂ္ဂိုလ်တို့နှင့် လဲလှယ်ခြင်းကြောင့် အာပတ်သင့် တာကို ပြပါတယ်။

မအပ်သောလဲနည်း

ဈေးသည်စတဲ့ သူတို့ရဲ့ထံမှာရှိတဲ့ ပစ္စည်းကို မိမိမှာရှိတဲ့ သင်္ကန်း ဖိနပ်စသည် တို့နဲ့ လဲလှယ်ယူလိုယင် မိမိ(ရဟန်းသာမဏေ) ကိုယ်တိုင် "ဒီသင်္ကန်းကိုယူ ပါ၊ ဟိုသပိတ်ကိုပေးပါ" ဒီလို ပြောလို့ပဲဖြစ်ဖြစ်, ဒီသင်္ကန်းနဲ့ ဟိုသပိတ်ကို ပေးပါ"ဒီလို ပြောလို့ပဲဖြစ်ဖြစ် မလဲလှယ်ကောင်းပါဘူး၊ ဒီလို လဲလှယ်တဲ့ စကားမျိုးကိုပြောပြီး လူ့ပစ္စည်းမှန်ယင် မိဘပစ္စည်းကိုတောင်မှ မလဲကောင်း ပါဘူး၊ လဲလှယ်လို့ ရလာတဲ့ပစ္စည်းလဲ နိဿဂ္ဂိ ထိုက်ပါတယ်၊ စွန့်ပစ်ရပါမယ်၊ ပါစိတ်အာပတ်လဲ သင့်ပါတယ်။

အပ်သောလဲနည်း

"ဈေးသည်ဆီက ဟို သပိတ်ကိုလိုချင်တယ်၊ ဒီသက်န်းနဲ့ လဲပေးစမ်းပါ" ဒီလို ကပ္ပိယလုပ်သူကို ပြောကောင်းပါတယ်၊ ကျောင်းသား ကပ္ပိယမရှိယင် ဈေးဆိုင်ကိုသွားပြီး ဈေးသည်မှတပါး ဈေးသည်ရဲ့သားသမီးစတဲ့ ပုဂ္ဂိုလ်တွေကို တောင်မှ "ငါ့မှာ သင်္ကန်းရှိတယ်၊ ဒီသင်္ကန်းနဲ့ ဟိုသပိတ်ကို လဲပေးစမ်းပါ"လို့ စေခိုင်းပြီး လဲကောင်းပါတယ်။

ဘယ်လိုနည်းနဲ့မှ ကပ္ပိယကို ရှာမရယင် သို့မဟုတ် ကပ္ပိယမရှာလိုယင် ဈေးသည်ထံသွားပြီး "ဦးပဉ္ဇင်းမှာ သင်္ကန်းရှိတယ်၊ သင်္ကန်းတော့ အသုံးမကျဘူး၊ သပိတ်လိုနေတယ်"လို့ ပရိယာယ်စကား ပြောကြားတော့ ဈေးသည်က သင်္ကန်းကိုယူပြီး သပိတ်ကိုပေးလိုက်ယင် အဲဒီသပိတ်အပ်ပါတယ်၊

ခိုင်းစေရာ၌ အပ်မအပ်

တောင်းရမ်း စားသောက်နေတဲ့ စားကြွင်းစားတွေကိုဖြစ်ဖြစ်, လက်သမားစတဲ့ ပုဂ္ဂိုလ်တွေကိုပဲဖြစ်ဖြစ် တွေ့မြင်ရတဲ့အခါ "ဒီထမင်းကိုစားပြီး ဆိုးရေခေါက်ခွာပေးစမ်း၊ ဒီထမင်းကိုစားပြီး ကျောင်းကို ပြင်ပေးစမ်း"စတဲ့ စကားမျိုးကို ပြောဆိုစေခိုင်းလို့ရှိယင် နိဿဂ္ဂိပါစိတ်အာပတ်ပဲ ဖြစ်ပါတယ်၊ အဲဒီလို ခိုင်းတဲ့အတွက် ဆိုးရေခေါက်စတဲ့ပစ္စည်း တစုံတရာရယင် အဲဒီပစ္စည်းကို စွန့်ရမယ်၊ အာပတ်ကိုလဲ ဒေသနာပြောကြားရမယ်၊ ကျောင်းပြင်ခိုင်းမှု ခေါင်းရိတ်ခိုင်းမှု စသည်တို့မှာ ပစ္စည်းတစုံတခုကိုမျှမရတဲ့အတွက် အာပတ်ကိုသာ ဒေသနာပြောကြားရမယ်။

"ထမင်းစားပြီး အလုပ်လုပ်"လို့ တဆက်တည်းမပြောပဲ "ဒီထမင်းကို စားရမယ်ဟေ့၊ ဒီအလုပ်ကိုလုပ်စမ်း" ဒီလို စကားနှစ်ရပ်ကိုခွဲပြီး ပြောဆိုစေခိုင်းတတ်ယင် အပ်ပါတယ်။

အနာဂတ်ကာလမှာ ရဟန်းတော်တွေရဲ့ -

"၁။ သင်္ကန်းကောင်းရအောင် မအပ်စပ်တဲ့ နည်းအမျိုးမျိုးနဲ့ ရှာဖွေခြင်း၊

၂။ အစားအသောက်ကောင်းရအောင် မအပ်စပ်တဲ့ နည်းအမျိုးမျိုးနဲ့ ရှာခြင်း၊
၃။ ကျောင်းကောင်းရအောင် မအပ်စပ်တဲ့ နည်းအမျိုးမျိုးနဲ့ ရှာခြင်း၊
၄။ ဒါယိကာမတွေနဲ့ ရောရောနှောနှောနေထိုင်ခြင်း၊
၅။ ဒါယကာတွေနဲ့ ရောရောနှောနှော နေထိုင်ခြင်း"

ဒီလို ဗုဒ္ဓမြတ်စွာ ဟောကြားထားတဲ့ ဘေးရန် ငါးပါးထဲက ရှေးဘေးရန် ၃-ပါးနဲ့ ပတ်သက်နေတဲ့ ကုလဒူသနအနေသနမိစ္ဆာဇီဝတွေ ဒါတွေနဲ့ အလားတူဖြစ်တဲ့ ရွှေငွေကို အလှူခံမှု ရောင်းဝယ်လဲလှယ်မှုတွေကို သက်ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဋီကာတွေထဲက ထုတ်နုတ်ပြီး ပြောပြလာခဲ့ပါတယ်။

ပြီးတော့တခါ နောက်ဘေးရန် နှစ်မျိုးနဲ့ပတ်သက်နေတဲ့ ရောရောနှောနှော နေထိုင်မှု (သံသဂ္ဂ)တွေကိုလဲ ဆိုင်ရာပါဠိတော် အဋ္ဌကထာ ဋီကာတွေထဲက ထုတ်နုတ် ပြောပြလာခဲ့ပါတယ်။

ဒါတွေကို သိနားလည်ကြတော့ ရဟန်းတော်တွေကလဲ ရှောင်ကြဉ်ကြမယ်၊ ဒါယကာ ဒါယိကာမတွေကလဲ တတပ်တအားအနေနဲ့ ပါဝင် ကူညီမယ်၊ ဒီလို နှစ်ဦးနှစ်ဘက်စိုင်းပြီး ပြုပြင်လာမယ်ဆိုယင် ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓမြတ်စွာ သာသနာဟာ ဘေးရန် ငါးပါးလုံးက လွတ်ကင်းပြီး အစွမ်းကုန် ထွန်းလင်း တောက်ပြောင်လာပါလိမ့်မယ်၊ ဒါကို ရည်ရွယ်ပြီး ဘုန်းကြီးက ဒီလောက် အပင်ပန်းခံ ပြောနေရတာပါ။

ဒီတော့ ဘုန်းကြီးရဲ့ ရည်ရွယ်ချက်အတိုင်း ဗုဒ္ဓမြတ်စွာ သာသနာ အစွမ်းကုန် ထွန်းလင်းတောက်ပြောင်လာအောင် ရှင်ရော လူပါ အားပေး မြှင့်တင် နိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓုပါ ဘုရား။

ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

ဒုတိယပိုင်း

မုဒ္ဒအလိုတော်ကျ ကျင့်သုံးနေထိုင်နည်း

ဆိုခဲ့ပြီးသည့်အတိုင်း ဦးရာကျော်-ဒေါ်သဲနုတို့က ယခုဘ၀ နေထိုင်စားသောက်ရန်အလုပ်ကို သားနှင့် ချွေးမတို့အား လုံး၀ လွှဲအပ်ထားပြီး မိမိတို့ကိုယ်တိုင်မူကား နောင်ဘ၀သံသရာ အဆင့်အတန်းမြင့်ရန် အလုပ်တခုတည်းကိုသာ လုပ်ကိုင်နေကြပါတော့သည်၊ နေ့အချိန်မှာ ဓမ္မကာရုံကျောင်းတိုက်ကိုသွား၍ တရားအားထုတ်နေကြသည်၊ အိမ်ကို ညအိပ်ချိန်လောက်သာ ပြန်လာကြသည်က များပါသည်။

မောင်မျိုးသန့်နှင့်မကြည်၀င်းတို့မှာကား ငယ်ရွယ်သူတို့အတွက် ဘ၀ပေးတာ၀န်အရ ယခုဘ၀နေထိုင်စားသောက်ရန် အလုပ်ကိုလည်း လုပ်ကိုင်နေကြသည်၊ နောင်ဘ၀သံသရာ အဆင့်အတန်းမြင့်ရန် အလုပ်မျိုးကိုလည်း လုပ်ကိုင်နေကြသည်၊ ကျရာတာ၀န်ကို တက်တက်ကြွကြွ ထမ်းဆောင်နေကြသည်။

ယင်းသို့ ကိုယ့်ဇာလုပ်ကို ကိုယ်လုပ်ကိုင် နေထိုင်ကြယင်း ၀ါတွင်းသုံးလကို ကျော်လွန်လာခဲ့ကြသည်၊ သီတင်း၀ါလ ကျွတ်သည့်အခါ မောင်မျိုးသန့်နှင့် မကြည်၀င်း တို့က ဦးအင်ဖား-ဒေါ်တင်ကြည်တို့ ကထိန်အတွက် ဦးဆောင်စီမံပေးကြရသည်၊ မြောင်းမြမြို့ဘက် ကျောင်းတိုက်တတိုက်မှာ ကထိန်သင်္ကန်းလှူဒါန်းခွင့်ရအောင် ကြိုတင်ပျောက်ထားပေးကြသည်။

ကထိန်သင်္ကန်း ကပ်လှူပြီးသည့်အထိ နှစ်ဦးလုံးကပင် လိုလေသေးမရှိအောင် ဦးဆောင်စီမံပေးကြသည်၊ အလှူရှင်များကလည်း နှစ်သက်ကျေနပ်မှုအပြည့်အ၀ ရရှိသွားကြသည်၊ သမီးနှင့် သားမက်အား ကျေးဇူးတင်လို့မဆုံးနိုင်အောင်ဖြစ်နေကြသည်။

အလှူပြီး၍ မကြာလှသောရက်ပိုင်းအတွင်းမှာပင် မကြည်၀င်း မအီမသာ ဖြစ်လာပါသည်၊ မိတ်ဆွေဆရာ၀န်များထံမှာ သွားရောက် ပြသကြသည်၊ ဘာရောဂါမှ မရှိကြောင်း၊ ကိုယ်၀န်ရှိနေပြီဖြစ်ကြောင်း၊ ဆရာ၀န်များက ပြောပြကြပါသည်။

ယင်းအကြောင်းကို သိရသည်နှင့်တပြိုင်နက် အလှူဒါနတခုခု ပြုလုပ်ကြရန် နှစ်ဦးသား တိုင်ပင်ဆုံးဖြတ်ကြသည်၊ မောင်မျိုးသန့်က ဆရာတော် ဦးဓမ္မိကနှင့် တကွ သံဃာတော်များကို ဆွမ်းစား သွားပင့်သည်၊ ဆွမ်းကျွေးရခြင်း၏ အကြောင်းကိုလည်း လျှောက်ထားခဲ့သည်။

ပင့်ထားသောနေ့ရက်ရောက်လာသည့်အခါ ဆရာတော်ဦးဓမ္မိကက သံဃာ တော်များနှင့်အတူ ကြွလာတော်မူသည်၊ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ ဗောဓိ မင်းသားဝတ္ထုကြောင်းကို ဟောပြောတော်မူသည်။

ဗောဓိမင်းသားဝတ္ထု

ဘုန်းကြီးတို့ရဲ့ ဂေါတမဘုရားရှင်ဟာ ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့မှာ သီ တင်းသုံး နေထိုင်တော်မူပါတယ်၊အဲဒီအချိန်မှာ ဗောဓိမင်းသားရဲ့ ကောကနဒ ဆိုတဲ့ ပြာသာဒ်ဟာ ဆောက်လုပ်လို့ပြီးကာစ ဖြစ်ပါတယ်၊ အဲဒီပြာသာဒ် မှာ လူတဦးတယောက်မှ မနေရသေးပါဘူး။

ဗောဓိမင်းသားက ဘုရားအမှူးပြုတဲ့ သံဃာတော်ကို ဆွမ်းကျွေးလိုတာနဲ့ သဉ္ဇိကာပုတ္တဆိုတဲ့ သူငယ်ချင်းတယောက်ကို ဆွမ်းစားပင့်ရအောင် ဘုရားဆီ ကို လွှတ်လိုက်ပါတယ်။

သဉ္ဇိကာပုတ္တ လုလင်ကလဲပဲ ဘုရားရှင်ဆီသွားပြီး ဆွမ်းစားပင့်ပါတယ်၊ ဘုရားရှင်ကလဲပဲ ထုံးစံအတိုင်း ဆိတ်ဆိတ်နေသောအားဖြင့် လက်ခံလိုက်ပါ တယ်၊ သဉ္ဇိကာပုတ္တလုလင်က ဘုရားရှင်ကို ဆွမ်းစားပင့်ခဲ့ပြီး ဖြစ်တဲ့အကြောင်း ဗောဓိမင်းသားကို ပြန်ပြောပါတယ်။

ဒီတော့ ဗောဓိမင်းသားကလဲ (ဝမ်းမြောက်ဝမ်းသာ) ဖွယ်ဖွယ်ရာရာ ဖြစ် အောင် စီမံပါတယ်၊ တညလုံး ချက်ပြုတ်ခိုင်းနေပါတယ်၊ အရုဏ်တက်ခါ နီးမှာ ဆွမ်းများဟင်းများ အဆင်သင့် ပြင်ဆင်ပြီးစီးနေပါတယ်၊ ကောကနဒ ပြာသာဒ်ကိုလဲပဲ အောက်ဆုံး လှေကားထစ်ကစပြီး အဝတ်ဖြူတွေနဲ့ ခင်း ထားစေပါတယ်။

သဉ္စိကာပုတ္တ လုလင်ကိုပဲ ဘုရားရှင်ထံ စေလွှတ်ပြီး ဆွမ်းပြင်ဆင် ပြီးစီးပြီဖြစ်တဲ့အကြောင်း လျှောက်ထားခိုင်းပါတယ်၊ မိမိကိုယ်တိုင်ကတော့ တံခါးမုခ်ပြင်ဘက်ကရပ်ပြီး ဘုရားရှင်ကို ကြိုဆိုနေနှင့်ပါတယ်။

ဘုရားရှင်ကလဲ နောက်လိုက်နောက်ပါ သံဃာတော်များနဲ့အတူ ဗောဓိမင်းသား ပြာသာဒ်ကို ကြွလာတော်မူပါတယ်၊ ဗောဓိမင်းသားကလဲပဲ ဘုရားရှင် ကြွလာနေတာကို ခပ်လှမ်းလှမ်းကပဲ တွေ့မြင်နေရပါတယ်၊ ခရီးဦးကြိုဆိုပြီး လက်အုပ်ချီကာ ဘုရားရှင်ကို ကောကနဒ ပြာသာဒ်သို့ ပင့်ဆောင်လာပါတယ်၊ ဘုရားရှင်က လှေကားဦးမှာပဲ ရပ်နေတော်မူပါတယ်၊ ရှေ့ကိုဆက်ပြီး ကြွတော်မမူပါဘူး။

ဒီတော့ ဗောဓိမင်းသားက လက်အုပ်ချီကာ ဘုရားရှင်ကို လျှောက်ထားပါတယ်။

> "အဝတ်များကို နင်းသာနင်းတော်မူပါဘုရား၊ အဝတ်များကို နင်းသာနင်းတော်မူပါဘုရား၊ အဲ့ဒီလို နင်းတော်မူခြင်းကပဲ တပည့်တော်များအတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာ တိုးတက်ဖို့ရန်ဖြစ်ပါလိမ့်မယ် ဘုရား"

ဘယ်လိုပဲ လျှောက်ထားထား ဘုရားရှင်က ဆိတ်ဆိတ်သာ နေတော်မူပါတယ်၊ဘာမှလဲမိန့်တော်မမူပါဘူး၊အဝတ်အခင်းကိုလဲ နင်းတော်မမူပါဘူး။

ဘုရားရှင်က ဘာ့ကြောင့် "ဒီလို တိတ်တိတ်နေတော်မူရတယ်"ဆိုတာကိုတော့ ပါဠိတော်တွေမှာ မတွေ့ရပါဘူး၊ အဋ္ဌကထာ[၁] ဋီကာ[၂] တွေမှာတော့ ဖွင့်ပြထားတာ တွေ့ရပါတယ်၊ ဒါကို ကြားညှပ်ပြီး နဲနဲပြောပြပါဦးမယ်။

> "ဒီဗောဓိမင်းသားဟာ ဘယ်လိုရည်ရွယ်ချက်နဲ့ ဒီလိုကြီးကျယ်တဲ့ ပူဇော်သကာကို ပြုလုပ်ထားခဲ့ပါလိမ့်မလဲ"

ဘုရားရှင်က ဒီလို ဆင်ခြင်တော် မူလိုက်တဲ့အခါမှာ "သားသမီးရလိုတာနဲ့ ပြုလုပ်ထားတယ်"ဆိုတာကို သိတော်မူပါတယ်။

ဒါကို နဲနဲအကျယ်ချဲ့ပြီး ပြောပြပါဦးမယ်၊ အဲဒီဗောဓိမင်းသားမှာ သားသမီးတယောက်မှ မထွန်းကားခဲ့ပါဘူး။

၁။ မင်္ဂ ပဏ်-၄-၂၂၂။ ၂။ သာရတ္ထ ဋီ-တ-၃၀၉။

"ဘုရားရှင်တို့အပေါ်မှာ ထူးခြားတဲ့ ကောင်းမှုကုသိုလ် (အဓိကာရ) ကို ပြုလုပ်ယင် စိတ်ထဲက တောင့်တသမျှကို ရနိုင်တယ်"

ဒီစကားကိုလဲပဲ သူက ကြားဘူးနားဝ ရှိနေတယ်၊ ဒီတော့ကာ...

"တကယ်ပဲ သားသမီးရနိုင်မယ်ဆိုယင် ဘုရားရှင်က ဒီအဝတ်အခင်း (စေ္စပဋ္ဋိက)ကို နင်းပါလိမ့်မယ်၊ မရနိုင်ဘူးဆိုယင် မနင်းပဲ နေပါလိမ့်မယ်"

ဒီလိုရည်ရွယ်ချက်နဲ့ အခင်းခိုင်းထားခဲ့ပါတယ်၊ ဒီတော့ ဘုရားရှင်က "ဒီမင်းသားမှာ သားသမီး ဖြစ်ထွန်းနိုင်ပါ့မလားလို့" ဆင်ခြင်ကြည့်ရှုတော်မူတဲ့အခါ "မဖြစ်ထွန်းနိုင်ဘူး"ဆိုတာကို တွေ့ရပါတယ်။

ရှေးအတိတ်ဘဝတုန်းက ဒီမင်းသားဟာ ကျွန်းတကျွန်းမှာ နေကြတဲ့အခါ (မယားနဲ့)စိတ်တူသဘောတူ ငှက်ကလေးတွေကို သတ်ဖြတ်စားသောက်ခဲ့ဘူးပါတယ်၊ တကယ်လို့ သူ့ဒါယိကာမက ကုသိုလ်ကောင်းမှုရှိသူ ဖြစ်မယ်ဆိုယင် သားသမီးရနိုင်စရာ ရှိပါသေးတယ်၊ အခုကတော့ ၂-ယောက်လုံး စိတ်တူသဘောတူ မကောင်းမှု အကုသိုလ်ကို ပြုလာခဲ့ကြပါတယ်၊ ဒါ့ကြောင့်"သူ့မှာ သားသမီး ဖြစ်ထွန်းမယ်မဟုတ်ဘူး"ဆိုတာကို ဘုရားရှင်က သိတော်မူပါတယ်၊ အဝတ်ကို နင်းတော်မမူခဲ့ယင်—

၁။ "ဘုရားရှင်တို့အပေါ်မှာ ထူးခြားတဲ့ ကောင်းမှုကုသိုလ်ကို ပြုလုပ်ယင် တောင့်တသမျှကို ရနိုင်တယ်"လို့ လူများထံမှ တဆင့်စကားကြားရဘူးပါတယ်၊ ငါကလဲပဲ ထူးခြားတဲ့ ကုသိုလ်ကောင်းမှုကို ပြုလုပ်ခဲ့ပါတယ်၊ သားသမီးလဲ မရပါဘူး၊ ဒီစကားဟာ အလကားစကားပဲ၊ ဒီလိုမိစ္ဆာအယူကို ယူစရာရှိပါတယ်။

၂။ တိတ္ထိတွေကလဲ "ရဟန်းတွေအတွက် မလုပ်သင့်တာရယ်လို့ မရှိပါဘူး၊ အဝတ်အခင်းတွေကို နင်းပြီး လှည့်လည်နေကြတာပဲ" ဒီလိုလဲ ကဲ့ရဲ့စရာ ရှိနေပြန်ပါတယ်။

၃။ အခုအချိန်မှာ နင်းတဲ့ ရဟန်းတွေထဲက ရဟန်းတော်အများအပြားဟာ သူများရဲ့စိတ်ကို သိနိုင်ကြတယ်၊ သူတို့တတွေက နင်းထိုက်တာကို

သိနားလည်ပြီး နှင်းကြပေလိမ့်မယ်၊ မနှင်းထိုက်တာကို သိနားလည်ပြီး မနှင်းပဲ နေကြပေလိမ့်မယ်၊ နောင်အခါကျတော့(ဒီလိုသိနိုင်ဖို့ရာ) အကြောင်းဥပနိဿယ နဲလာကြလိမ့်မယ်၊ အနာဂတ် အကြောင်းအရာကို သိနားလည် နိုင်ကြမှာ မဟုတ်တော့ဘူး၊ သူတို့တတွေ နှင်းလို့ ရည်ရွယ်ချက် (တောင့်တချက်) ပြည့်စုံသွားမယ်ဆိုယင် တော်သေးရဲ၊ မပြည့်စုံဘူးဆိုယင် "ရှေးတုန်းက ရဟန်းသံဃာအပေါ်မှာ ထူးခြားတဲ့ကောင်းမှု ကုသိုလ်ကို ပြုလုပ်ယင် လိုလားတောင့်တ သမျှကို ရနိုင်ကြတယ်၊ အခုတော့ မရနိုင်တော့ဘူး၊ အဲဒီ ရှေးရဟန်းတော်တွေကသာ ကျင့်ဝတ် ပဋိပတ်ကို ဖြည့်ခဲ့ကြဟန် တူပါတယ်၊ အခု ဒီရဟန်းတွေကတော့ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်ကြဟန် မတူပါဘူး" ဒီလိုလူတွေက နှလုံးမသာမယာ ဖြစ်စရာလဲ ရှိနေပြန်ပါတယ်။

ဒီအကြောင်း ၃-မျိုးကြောင့် ဘုရားရှင်က မနှင်းလိုပါဘူး၊ တိတ်တိတ်နေတော်မူရပါတယ်။

ပေါဓိမင်းသားကလဲပဲ နောက်ထပ် အလားတူပင် လျှောက်ထားပြန်ပါတယ်၊ ဘုရားရှင်က ဒီတော့မှ အရှင်အာနန္ဒာကို လှည့်ပြီး မျက်နှာရိပ်ပြတော်မူလိုက်ပါတယ်။

အဲဒီတော့ အရှင်အာနန္ဒာက ပေါဓိမင်းသားအား ဘုရားရှင်ရဲ့အလိုသဘောထားကို မိန့်ကြားတော်မူလိုက်ပါတယ်။

"အဝတ်ပုဆိုးတွေကို ရုပ်သိမ်းလိုက်ပါတော့ ဒါယကာမင်းသား၊ ဘုရားရှင်က ဒီအဝတ်ဖြူတွေကို နင်းမှာ မဟုတ်ပါဘူး၊ နောင်လာနောက်သားတွေကို စောင့်ရှောက်တော် မူလိုပါတယ်"

ဒီစကားကို ကြားရမှ ပေါဓိမင်းသားက အဝတ်အထည်များကို အဖယ်ခိုင်းလိုက်ပါတယ်၊ အရုပ်သိမ်း ခိုင်းလိုက်ပါတယ်၊ ကောကနဒ ပြာသာဒ်ပေါ်မှာ နေရာထိုင်ခင်းကိုပဲ ခင်းကျင်းပြင်ဆင် စေပါတယ်။

(အရှင်အာနန္ဒာထေရ်ကလဲပဲ ခုနကပြောခဲ့တဲ့ အကြောင်း ၃-မျိုးထဲက နောက်ဆုံး (တတိယ)အကြောင်းကိုပဲ ရည်ရွယ်ပြောဆိုတော်မူပါတယ်။)

အဲဒီအချိန်ကျမှ ဘုရားရှင်က ကောကနဒပြာသာဒ်ပေါ်သို့ ကြွတော်မူပါတယ်၊ ခင်းထားတဲ့ နေရာပေါ်မှာ ရဟန်းသံဃာတွေနဲ့အတူ ထိုင်နေတော်မူပါတယ်။

ဗောဓိမင်းသားကလဲပဲ ဘုရားအမှူးရှိတဲ့ သံဃာတော်များအား ကောင်းမွန်သန့်ပြန့်တဲ့ စားဖွယ်သောက်ဖွယ်တွေကို ကိုယ်တိုင်လက်ရောက် ဆက်ကပ်လှူဒါန်းပါတယ်၊ လိုလေသေးမရှိအောင် ပြုစုလုပ်ကျွေးပါတယ်၊ "စားမကုန်သောက်မကုန် တောင်လိုပုံ"ဆိုသလို ဖြစ်နေပါတော့တယ်။

ကျွေးမွေးဆက်ကပ်မှုကိစ္စ ပြီးတဲ့အခါမှာ ဗောဓိမင်းသားက သင့်တော်တဲ့နေရာမှာ ထိုင်နေပါတယ်၊ လက်အုပ်ချီမိုး ရှိခိုးပြီးတော့—

"ရှင်တော်မြတ်ဘုရား ချမ်းသာသုခနဲ့ ရင်းနှီးလို့ ချမ်းသာသုခကို မရနိုင်ပါဘူး၊ ဆင်းရဲဒုက္ခနဲ့ ရင်းနှီးမှသာ ချမ်းသာသုခကို ရနိုင်ပါတယ်၊ ဒီလိုပဲ တပည့်တော်က ယူဆနေပါတယ်"

ဆိုတဲ့အကြောင်းကို လျှောက်ထားတယ်။

ဒီတော့ ဘုရားရှင်က ငါဘုရားကိုယ်တိုင်ကလဲပဲ ဘုရားလောင်း ဖြစ်စဉ်တုန်းက ဒီလိုပဲ ယူဆခဲ့ဘူးတဲ့အကြောင်း, ဆင်းရဲဒုက္ခနဲ့ ရင်းနှီးပြီး ချမ်းသာသုခကို လက်တွေ့ ရှာခဲ့ဘူးတဲ့ အကြောင်း,အကျိုး သက်ရောက်မှု မရှိတဲ့အတွက် လမ်းစဉ်တမျိုး ပြောင်းကျင့်မှ ချမ်းသာစစ် ချမ်းသာမှန်ကို ရခဲ့တဲ့အကြောင်း, တပည့်သာဝကများကိုလဲပဲ အဲဒီ လမ်းစဉ်ကိုပဲ ညွှန်ကြားနေတဲ့ အကြောင်းများကို ပြောပြသိစေတော်မူပါတယ်၊ တောထွက်လာခဲ့တဲ့ အချိန်ကစပြီး ပဉ္စဝဂ္ဂီတို့ ရဟန္တာဖြစ်သည်အထိ ဇာတ်ကြောင်းလှန်ကာ ဟောတော်မူပါတယ်။

အဲဒီ အကြောင်းအရာတွေကို ကြားသိရတဲ့ အခါမှာ ဗောဓိမင်းသားက ဘုရားရှင်အား လျှောက်ထား မေးမြန်းပါတယ်။

"ရှင်တော်မြတ်ဘုရား အရှင်မြတ်ရဲ့ ဆုံးမမှုကို ခံယူရတဲ့ ရဟန်းတပါးဟာ ဘယ်လောက်ကြာမြင့် (အောင်ကျင့်)မှ အရဟတ္တဖိုလ်ကို ရနိုင်ပါသလဲ"

"ဒီလိုဆိုယင် သင့်ကိုပဲ ပြန်မေးရပေလိမ့်မယ်၊ သင့်သဘော အလျောက်သာ ဖြေဆိုပေတော့၊ သင်မင်းသားဟာ ဆင်စီးအတတ်မှာ ကျွမ်းကျင်လိမ္မာတယ် မဟုတ်လား"

"မှန်လှပါဘုရား၊ တပည့်တော်ဟာ ဆင်ဆီးအတတ်မှာ လိမ္မာ ကျွမ်းကျင်ပါတယ်"

"(ဒါဖြင့်ယင်) ဗောဓိမင်းသားဟာ ဆင်စီးအတတ်မှာ လိမ္မာ ကျွမ်းကျင်တယ်၊ ငါဟာ သူ့ဆီမှာ ဆင်စီးအတတ်ကို သင်ယူဦးမှပဲ၊ ဒီလို ရည်ရွယ်ချက်မျိုးနဲ့ သင့်ဆီကို ယောကျ်ားတယောက် ရောက်လာ တယ်ဆိုပါတော့၊ အဲဒီလူဟာ—

'၁။ ယုံကြည်မှုမရှိခြင်း၊

၂။ အနာရောဂါ ထူပြောခြင်း၊

၃။ ဟန်ဆောင် လှည့်ပတ်လေ့ရှိခြင်း၊

၄။ ပျင်းရိခြင်း၊

၅။ အသိအလိမ္မာ ဉာဏ်ပညာ နည်းပါးခြင်း'-ဆိုတဲ့ အင်္ဂါ ၅-ပါးနဲ့ ပြည့်စုံနေမယ်ဆိုလျှင် သင့်ဆီမှာ ဆင်စီးအတတ်ကို ဆုံးခန်းတိုင်ရောက် တတ်မြောက်အောင် သင်ယူနိုင်ပါ့မလား"

"အရှင်ဘုရား အဲဒီလူဟာ အရှင်ဘုရား အမိန့်ရှိတဲ့ အင်္ဂါ ၅-ပါး ထဲက တပါးပါးနဲ့ ပြည့်စုံနေဟောင်မှ တပည့်တော်ထံမှာ ဆင်စီး အတတ်ကို ဆုံးခန်းတိုင်ရောက် တတ်မြောက်အောင် သင်ယူနိုင်မယ် မဟုတ်ပါ၊ အင်္ဂါ ၅-ပါးလုံးနဲ့ ပြည့်စုံနေယင်တော့ ဘာပြောစရာ လိုပါတော့မလဲ ဘုရား"

"မင်းသား ဆင်စီးအတတ်ကို သင်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပဲ သင့်ဆီကို ယောကျ်ားတယောက် ရောက်လာပြန်ပြီ ဆိုပါတော့၊ အဲဒီ လူကတော့—

'၁။ ယုံကြည်မှုရှိခြင်း၊

၂။ ကျန်းမာရေးကောင်းခြင်း၊

၃။ ဟန်ဆောင် လှည့်ပတ်မှုမရှိခြင်း၊

၄။ လုံ့လဝီရိယရှိခြင်း၊

၅။အသိအလိမ္မာ ဉာဏ်ပညာနဲ့ ပြည့်စုံခြင်း’-ဆိုတဲ့ အင်္ဂါ ၅-ပါး နဲ့ ပြည့်စုံနေမယ်ဆိုယင် သင့်ဆီမှာ ဆင်စီးအတတ်ကို ဆုံးခန်းတိုင် ရောက် တတ်မြောက်အောင် သင်ယူနိုင်ပါ့မလား”

“အရှင်ဘုရား အဲဒီလူဟာ အရှင်ဘုရား အမိန့်ရှိတော်မူတဲ့ အင်္ဂါ ၅-ပါးထဲက တပါးပါးနဲ့ ပြည့်စုံယင်ပဲ တပည့်တော်ဆီမှာ ဆင်စီး အတတ်ကို ဆုံးခန်းတိုင်ရောက် တတ်မြောက်အောင် သင်ယူနိုင်စရာ ရှိပါတယ်၊ အင်္ဂါ ၅-ပါးလုံးနဲ့ ပြည့်စုံနေယင်တော့ ဘာပြောစရာ လို တော့မလဲဘုရား”

“မင်းသား အဲဒီနည်းအတိုင်းပဲ—

‘၁။ ယုံကြည်မှုသဒ္ဓါတရားရှိခြင်း၊

၂။ ကျန်းမာရေးကောင်းခြင်း၊ (မနှံ့လွန်း မထက်လွန်း အလယ် အလတ် ဖြစ်သော ပါစက တေဇောဓာတ်နဲ့ ပြည့်စုံခြင်း၊)

၃။ ဟန်ဆောင်လှည့်ပတ်မှု မရှိခြင်း၊

၄။ မပျင်းမရိ လုံ့လရှိခြင်း၊

၅။ ဥဒယဗ္ဗယ ဉာဏ်ပညာနဲ့ ပြည့်စုံခြင်း’-ဆိုတဲ့ ကမ္မဋ္ဌာန်းတရား အားထုတ်သူတို့ ပြည့်စုံစေရမဲ့ အင်္ဂါ ၅-ပါးနဲ့ပြည့်စုံပြီး ငါဘုရားရဲ့ ဆုံးမမှုကို ခံယူရတဲ့ ရဟန်းဟာ ၇-နှစ်ကြာ(အောင်ကျင့်)လို့ရှိယင် အရဟတ္တဖိုလ်ကို ရရှိပေလိမ့်မယ်၊ ဒါမှ မဟုတ်ယင် ၆-နှစ်၊ ၅-နှစ်၊ ၄-နှစ်၊ ၃-နှစ်၊ ၂-နှစ်၊ ၁-နှစ်၊ ၇-လ၊ ၆-လ၊ ၅-လ၊ ၄-လ ၃-လ၊ ၂-လ၊ ၁-လ၊ လခွဲ၊ ၇-ရက်၊ ၆-ရက်၊ ၅-ရက်၊ ၄-ရက်၊ ၃-ရက်၊ ၂-ရက်၊ ၁-ရက်လောက် ကျင့်ယင် အရဟတ္တဖိုလ်ကို ရရှိပေလိမ့်မယ်၊ ဒါတွေကို အသာထားပါတော့ ငါဘုရားက ညနေဘက်မှာ ဆုံးမခဲ့ ပါယင် နောက်တနေ့ နံနက်ဘက်မှာ တရားထူးကို ရပါ လိမ့်မယ်၊ငါ ဘုရားက နံနက်ချိန်မှာဆုံးမယင် အဲဒီနေ့ ညနေချိန်မှာ တရားထူးကို ရမါလိမ့်မယ်”

အဲဒီလို ဘုရားရှင်ရဲ့ ဟောပြော ချက်ကို ကြားနာရတဲ့အခါမှာ ပေါဓိမင်းသားက—

"ညနေချိန်မှာ ဆုံးမခံရသူကို နံနက်ချိန်မှာ တရားထူးရအောင်၊ နံနက်ချိန်မှာ ဆုံးမခံရသူကို ညနေချိန်မှာ တရားထူးရအောင် စွမ်းဆောင်နိုင်တော်မူတဲ့ ဘုရားရှင်ဟာ အံ့ဩဖွယ်ရာ ကောင်းလှပါဘိတယ်၊ တရားတော်ကိုလဲပဲ အံ့ဩစရာကောင်းလှပါတယ်၊ တရားတော်ကို ကောင်းစွာ ဟောကြားထားပုံ သွာက္ခာတတာဂုဏ်တော်ဟာလဲပဲ အံ့ဩဖွယ်ရာ ကောင်းလှပါဘိတယ်"

အဲဒီလို ဝမ်းမြောက်ဝမ်းသာ ချီးကျူးစကား ပြောကြားနေပါတော့တယ်။

အဲဒီစကားကို ကြားရတဲ့အခါ သဉ္ဇိကာပုတ္တလုလင်က ပေါဓိမင်းသားကို အပြစ်တင် ပြောဆိုပါတယ်။

"ဒီပေါဓိမင်းသားက ဘုရားရှင်ဟာ အံ့ဩဖွယ်ရာ ကောင်းလှပါဘိတယ်၊ တရားတော်ဟာလဲပဲ အံ့ဖွယ်ရာ ကောင်းလှပါဘိတယ်၊ တရားတော်ကို ကောင်းစွာ ဟောကြားထားပုံ သွာက္ခာတတာဂုဏ်တော်ဟာလဲ အံ့ဩဖွယ်ရာ ကောင်းလှပါဘိတယ်၊ ဒီလို ချီးကျူးစကားလောက်ကိုသာ ပြောကြားဖော် ရပါပေတယ်၊ ဘုရားရှင်ကိုတော့ 'ကိုးကွယ်ရာ'လို့ အသိအမှတ် မပြုပါဘူး၊ တရားတော်ကိုလဲပဲ 'ကိုးကွယ်ရာ'လို့ အသိအမှတ် မပြုပါဘူး၊ သံဃာတော်ကိုလဲပဲ 'ကိုးကွယ်ရာ'လို့ အသိအမှတ် မပြုပါဘူး"

(ဒီတော့ ပေါဓိမင်းသားက) "အဆွေသဉ္ဇိကာပုတ္တ ဒီလိုမပြောပါနဲ့၊ ကျွန်ုပ်ကိုယ်ဝန် သုငယ်ဘဝနဲ့ ရှိနေစဉ်တုန်းက ကျွန်ုပ်ရဲ့ မယ်တော်ဟာ ကောသမ္ဗီပြည် ဃောသိတာရုံ ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူခိုက်ဖြစ်တဲ့ ဘုရားရှင်ထံမှောက်ကို ရောက်သွားပါတယ်၊ သင့်တော်ရာမှာ ထိုင်နေပါတယ်၊ လက်အုပ်ချီမိုး ရှိခိုးပြီးတော့ 'အရှင်ဘုရား တပည့်တော်ရဲ့ ကိုယ်ဝန်သုငယ်ဟာ ယောကျ်ားကလေးဖြစ်သလား၊ မိန်းကလေးဖြစ်သလားဆိုတာ မထင်ရှားသေးပါ၊ ဘယ်

လိုပဲ ဖြစ်ဖြစ် ဒီကလေးဟာ မြတ်စွာဘုရားကို ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ တရားတော်ကိုလဲ ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ သံဃာတော်ကိုလဲ ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ ရှင်တော်မြတ်ဘုရား ဒီကလေးကို ဒီနေ့ကစပြီး အသက်ထက်ဆုံး သရဏဂုံတည်တဲ့ ဥပသကာတဦးရယ်လို့ အသိအမှတ် ပြုတော်မူပါ' ဒီလို လျှောက်ထားခဲ့ ပါတယ်၊ ဒီအကြောင်းကိုလဲ မယ်တော်က ပြန်ပြောပြတဲ့အတွက် ကျွန်ုပ်က သိရှိရပါတယ်။

"အဆွေသဥ္ဇိကာပုတ္တ နောက်တချိန်မှာလဲ ဒီဘဂ္ဂတိုင်းသုသုမာရဂိရမြို့ ဘေသကဠာဝနမိဂဒါယမှာပဲ သီတင်းသုံးနေတော်မူတဲ့ ဘုရားရှင်ရဲ့ ထံတော်မှောက်သို့ ကျွန်ုပ်ရဲ့အထိန်းတော်က ရောက်သွားခဲ့ပါတယ်၊ အကျွန်ုပ်ကိုလဲ ရင်ခွင်နဲ့ ပိုက်ချီထားပါတယ်၊ ဘုရားရှင်ကို ရှိခိုးပြီး သင့်တော်ရာက ရပ်ပြီးတော့ 'အရှင်ဘုရား ဒီဗောဓိမင်းသားဟာ မြတ်စွာဘုရားကို ကိုးကွယ်ရာလို့ အသိအမှတ် ပြုပါတယ်၊ တရားတော်ကိုလဲ ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ သံဃာတော်ကိုလဲ ကိုးကွယ်ရာကို အသိအမှတ် ပြုပါတယ်' ဒီလိုလဲ လျှောက်ထားခဲ့ဘူးပါတယ်။

"မိတ်ဆွေ သဥ္ဇိကာပုတ္တ အကျွန်ုပ်ဟာ ၃-ကြိမ်မြောက် အခုနောက်ထပ်တဖန်လဲပဲ ဘုရားရှင်ကို ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်။ တရားတော်ကိုလဲ ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်။ သံဃာတော်ကိုလဲ ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ မြတ်စွာဘုရားဟာ အကျွန်ုပ်ကို အသက်ထက်ဆုံး သရဏဂုံတည်တဲ့ ဥပါသကာ တယောက် ဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုတော်မူပါ"

ဒီလိုပဲ ပြန်လည် ဖြေရှင်းပါတယ်၊ သရဏဂုံလဲ ထပ်ဆင့် ဆောက်တည်ပါတယ်။

"ကိုယ်ဝန်ရှိစဉ်က မိခင်ဆောက်တည်ပေးတဲ့ သရဏဂုံဟာ ဗောဓိမင်းသားအတွက် သရဏဂုံယူပြီးရာ မရောက်သေးပါဘူး။ စိတ်နဲ့ တင်းကွာပြီး သရဏဂုံဖြစ်ရိုးလဲမရှိပါဘူး၊ အစောင့်အရှောက်လောက်တော့ ဖြစ်ပါတယ်၊ သိမြင်နားလည်ချိန် ရောက်လာတဲ့အခါ 'သားရယ်

သားကိုယ်ဝန် တည်နေတုန်းကပဲ အမေက သားအတွက် သရဏဂုံယူခဲ့ပါတယ်၊ ဒီလို မိဘများကလဲ သတိပေးမယ် သူကိုယ်တိုင်ကလဲပဲ 'ငါဟာ သရဏဂုံတည်ပြီးတဲ့ ဥပါသကာတယောက်ဖြစ်တယ်' ဒီလို သတိရလာမယ်ဆိုယင် သရဏဂုံယူပြီးပဲ ဖြစ်ပါတယ်''

ဒီလို အဋ္ဌကထာမှာ ဖွင့်ဆိုထားပါတယ်၊ ဒီတော့ အစောင့်အရှောက်ဖြစ်အောင် သရဏဂုံယူမှုဟာ ဘုရားလက်ထက်တော်က ရှိခဲ့ဘူးတယ်ဆိုတာ မထင်ရှားဘူးလား။

''ထင်ရှားပါတယ်ဘုရား''

အဲဒါကြောင့် အခုလဲပဲ ပဋိသန္ဓေတည်နေတဲ့ ကလေးသူငယ်ရဲ့ အစောင့်အရှောက်ဖြစ်အောင် အမေရော အဖေပါ သရဏဂုံ ယူထားလိုက်ကြ၊ ကိုင်း မယူတတ်ယင် ဒီကပဲ ချပေးပါမယ်၊ လိုက်ဆိုကြ။

''ယော အမှာကံ ဘန္တေ ပုတ္တော မာတုကုစ္ဆိဂတော ဒါရကော ကုမာရကော ဝါ ကုမာရိကာ ဝါ၊ သော ဗုဒ္ဓံ သရဏံ ဂစ္ဆတိ၊ ဓမ္မံ သရဏံ ဂစ္ဆတိ၊ သံဃံသရဏံ ဂစ္ဆတိ၊ ဥပါသကံ တံ ဘန္တေ အယျော ဓာရေတု အဇ္ဇတဂ္ဂေ ပါဏုပေတံ သရဏံ ဂတံ။

''အရှင်ဘုရား အကျွန်ုပ်တို့၏ဝမ်းထဲ၌ပဋိသန္ဓေတည်နေသော တပည့်တော်တို့ရဲ့ သားကလေးဟာ ယောက်ျားဖြစ်လာမည်လား၊ မိန်းမဖြစ်လာမည်လား မထင်ရှားသေးပါ၊ အဲဒီ တပည့်တော်ရဲ့ သားလေးဟာ ဘုရားကို ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ တရားကို ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ သံဃာကို ကိုးကွယ်ရာလို့ အသိအမှတ်ပြုပါတယ်၊ အရှင်ဘုရား အရှင်ဘုရားသည် ဒီကလေးကို ဒီနေ့ကစပြီး အသက်ထက်ဆုံး သရဏဂုံတည်တဲ့ ဥပါသကာတဦးလို့ အသိအမှတ်ပြုတော်မူပါ''

ဒီသရဏဂုံဟာ ဘုန်းကြီးတို့ဗုဒ္ဓဘာသာမှာ အင်မတန် အရေးပါ အရာရောက်ပါတယ်၊ သရဏဂုံမဆောက်တည်ပဲနဲ့ ဗုဒ္ဓဘာသာဝင် ဖြစ်လာတဲ့လူရယ်လို့ မရှိပါဘူး၊ ဒီတော့ ဘာသာရေး ခေါင်းဆောင်ဖြစ်တဲ့ ဘုန်းတော်ကြီး

တွေက ဘယ်ကိစ္စမှာပဲဖြစ်ဖြစ် သီလပေးတယ်ဆိုယင်ပဲ နမော တဿနဲ့ ဘုရားရှိခိုးခိုင်းပြီး သရဏဂုံကို အယင်ယူစေပါတယ်၊ ဒါဟာ လာတဲ့ပရိသတ်ကို ဗုဒ္ဓဘာသာဝင်ဖြစ်အောင် လုပ်ပေးလိုက်တာပဲ။

အခြားဘာသာတွေမှာလို အခမ်းအနားတွေ ဘာတွေလုပ်ပြီး ဗုဒ္ဓဘာသာဝင်ဖြစ်အောင် လုပ်ပေးရိုးမရှိပါဘူး၊ ဗုဒ္ဓဘာသာဝင်ဖြစ်ဖို့ရာ အင်မတန်လွယ်ပါတယ်၊ ဒါ့ကြောင့် ကိုယ့်ကိုကိုယ် ဘယ်အချိန်ကစပြီး ဗုဒ္ဓဘာသာဖြစ်လာတယ်ဆိုတာကို သိတဲ့လူ အင်မတန်ရှားပါတယ်၊ ပြီးတော့ ဒီ သရဏဂုံဟာ အကျိုးလဲ အင်မတန်ကြီးပါတယ်၊ အဲဒီ အကျိုးတွေကိုတော့ နောင်အခွင့်သင့်တဲ့အခါမှ ပြောပြပါ့မယ်။

ဆရာတော် ဦးဓမ္မိက က တရားကို ရပ်ဆိုင်းလိုက်သည့်အခါ မောင်မျိုးသန့်က မကြည်ဝင်းနှင့် တိုင်ပင်ထားသော မိမိတို့၏ လိုအင်ဆန္ဒတခုကို လျှောက်ထားပါသည်။

"ဆရာတော်ဘုရား အခုခေတ်လူတွေဟာ မွေးနေ့ မင်္ဂလာစတဲ့ အခမ်းအနား အမျိုးမျိုးကို ပြုလုပ်နေကြပါတယ်၊ 'အဲဒီ မင်္ဂလာ အခမ်းအနားတွေဟာ ဗုဒ္ဓ ဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာ ဟုတ်တယ် မဟုတ်ဘူး၊ ဗုဒ္ဓ ဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာနဲ့ ညီညွတ်အောင် ဘယ်လို လုပ်သင့်တယ်'ဆိုတာကို တပည့်တော်များ နာကြားမှတ်သားလိုပါတယ်၊ နောင်အခွင့်သင့်တဲ့ အခါမှာ ကျယ်ကျယ်ပြန့်ပြန့် မိန့်ကြားတော်မူပါ ဘုရား"

"အေး တို့ကလဲပဲ ဒီလို ကြိုတင်လျှောက်ထားမှပဲ ဟောတတ်ပြောတတ်ပါတယ်၊ ဓမ္မကထိကတွေလို အဆင်သင့် ကျက်ထား မှတ်ထားတာ ဘာမှ ရှိတာမဟုတ်ဘူး၊ ဒီတော့ နောင်အခွင့်သင့်တဲ့အခါ ပြောပြရတာပေါ့"

ဆရာတော် ဦးဓမ္မိက က ဤသို့ဝန်ခံစကား မိန့်ကြားထားခဲ့ပြီး ကျောင်းကိုပြန်ကြွသွားသည်၊ နောက်တလလောက် ကြာသည့်အခါ မောင်မျိုးသန့်က ကျောင်းရှိ သံဃာကုန် ဆွမ်းစားပင့်ပြန်သည်။

သို့သော် ယခုအချိန်၌ အမှုမဲ့အမှတ်မဲ့ ပင့်ထားသည်ကား မဟုတ်ပါ၊ ဆရာတော် ဦးဓမ္မိက အားလပ်ခွင့်ရသော ဥပုသ်နေ့ကို တမင်ရွေးချယ် ပင့်ထားပါသည်။

ဆရာတော် ဦးဓမ္မိကလည်း ပင့်ထားသည့်အချိန်မှာ သံဃာတော်များနှင့်အတူ အိမ်ကိုကြွရောက်လာပါသည်၊ သီလယူမှု၊ ပရိတ်တရားနာကြားမှု၊ ဆွမ်းကပ်မှု၊ ရေစက်ချ အမျှအတန်းပေးမှုတို့ကို တခုပြီးတခု အစဉ်အတိုင်းပြု လုပ်စေသည်၊ ပြီးမှ ဆွမ်းဘုဉ်းပေးတော်မူသည်၊ ဆွမ်းကိစ္စပြီးသည့်အခါ သံဃာတော်များကို ပြန်လွှတ်လိုက်ပြီး တရားဟောရန် အစပျိုးလာပါတော့သည်။

“မင်္ဂလာအခမ်းအနားတွေနဲ့ ပတ်သက်တဲ့တရားကို ဟောတော်မူပါလို့ လှူန်ခဲ့တဲ့ တလလောက်က ဒီနေရာမှာပဲ မောင်မျိုးသန့်ကိုယ်တိုင် လျှောက်ထားဘူးတယ်၊ ဘုန်းကြီးကလဲ ဝန်ခံလာခဲ့တယ်၊ ဒီတော့ ဒီနေ့ ဝနဝါသီတိဿသာမဏေဝတ္ထုကိုပဲ ပြောပြမယ်လို့ ကြံစည်ထားတယ်၊ တရားကတော့ နဲနဲရှည်လိမ့်မယ်ထင်တယ်၊ နာနိုင်မယ်၊ မနာနိုင်ဘူးဆိုတာကို အခုကြိုတင်ပြီး လျှောက်ထားကြ၊ ‘တရားရှည်လို့ ငြီးငွေ့ကြမယ် ဆိုယင် ဘုန်းကြီးက ခပ်တိုတိုပဲ ဟောပေးပါ့မယ်”

“ကိစ္စမရှိပါဘူး ဆရာတော်ဘုရား၊ တရားရှည်လေ ဘုရားတပည့်တော်များအတွက် အမြတ်ထွက်လေပါပဲ၊ ဒီလို ဆရာတော်ဘုရားက ခပ်ရှည်ရှည် ဟောခွင့်ပြောခွင့် ရအောင်လို့လဲပဲ ဘုရားတပည့်တော်များက ဥပုသ်နေ့ကို တမင်ရွေးချယ်ပြီး ဆရာတော်ဘုရားကို ပင့်တာပါ”

မောင်မျိုးသန့်၏ စကားဆုံးသွားသည်နှင့် တပြိုင်နက် ကိုင်း ဒါဖြင့် တရားစတော့မယ်ဆိုပြီး ဝနဝါသီတိဿသာမဏေဝတ္ထုကို[၁] စတင်ဟောပါတော့သည်။

ဝင်္ဂန္တပုဏ္ဏားဆိုတာဟာ သာရိပုတ္တရာထေရ်ရဲ့ အဖေဖြစ်ပါတယ်၊ မဟာသေနဆိုတဲ့ ပုဏ္ဏားက ဝင်္ဂန္တပုဏ္ဏားရဲ့ သူငယ်ချင်းပါပဲ၊ သူဟာ ရာဇဂြိုဟ်မြို့မှာ နေပါတယ်။

၁။ ဓမ္မပဒဋ္ဌ-ပ-၃၃၃

တနေ့မှာ ရှင်သာရိပုတ္တရာထေရ်ဟာ မဟာသေန ပုဏ္ဏားကို သနားတာနဲ့ ဆွမ်းခံယင်း သူ့အိမ် တံခါးကို ကြွသွားပါတယ်၊ မဟာသေန ပုဏ္ဏားဟာလဲပဲ အဲဒီအချိန်မှာ စီးပွားရေးကျဆင်းမှု ဒဏ်ကို ခံနေရပါတယ်၊ အင်မတန်ဆင်းရဲ နွမ်းပါးနေပါတယ်၊ (သူငယ်ချင်းသားဖြစ်လေတော့ ရှင်သာရိပုတ္တရာကို ကိုယ့်သားလိုပဲ သဘောထားပါတယ်။)

> "ငါ့သားဟာ ငါ့အိမ်တံခါးကို ဆွမ်းခံရအောင်လို့ လာတာ ဖြစ်ပေ လိမ့်မယ်၊ ငါကလဲ အင်မတန် ဆင်းရဲနွမ်းပါးနေတယ်၊ ငါဆင်းရဲ နွမ်းပါးနေကြောင်း သိဟန်မတူဘူး၊ ငါ့မှာလဲပဲ လှူစရာ တန်းစရာ ဆိုလို့ ဘာတခုမှ ရှိတာမဟုတ်ဘူး"

ဒီလိုတွေးပြီး သူဟာ ရှင်သာရိ ပုတ္တရာကို မျက်နှာမပြရဲတာနဲ့ ပုန်းနေပါတယ်၊ ရှင်သာရိပုတ္တရာက နောက်တနေ့မှာလဲ ကြွတော်မူပါတယ်၊ ပုဏ္ဏားက ရှေ့နေ့ကလိုပဲ ပုန်းနေပါတယ်၊ ဘာပဲဖြစ်ဖြစ် တခုခုရယောင် လှူမယ်လို့ ကြံစည်နေတာပဲ၊ ဒါပေမဲ့ ဘာတခုမှ မရပါဘူးတဲ့။

တနေ့သောအခါကျတော့ ပုဏ္ဏားတို့ရဲ့ မင်္ဂလာရွတ်ဖတ်ပွဲတခုက အဝတ်ကြမ်းတပိုင်းနဲ့ နို့ထမင်းတခွက် ရပါတယ်၊ အိမ်ကိုယူလာပြီး "ငါဟာဒီဆွမ်းကို သာရိပုတ္တရာထေရ်အား လှူသင့်တယ်"လို့ သာရိပုတ္တရာ ထေရ်ကို သတိရနေပါတယ်၊ သာရိပုတ္တရာထေရ်ကလဲပဲ ဈာန်သမာပတ်က ထပြီး အဘိညာဏ်စက္ခုနဲ့ ပုဏ္ဏားကို ကြည့်ရှုတော်မူပါတယ်။

> "ပုဏ္ဏားဟာ လှူဖွယ်ဝတ္ထုကို ရလို့ ငါကြွလာဖို့ရန် မြော်လင့်တောင့်တနေတယ်၊ ငါ သူ့ဆီကို သွားမှတော်လိမ့်မယ်"

ဒီလို တွေ့မြင် စဉ်းစားပါတယ်၊သင်္ကန်းရုံ သပိတ်ယူပြီး ပုဏ္ဏားရဲ့ အိမ်တံခါးမှာ သွားရပ်နေပါတယ်။

ပုဏ္ဏားဟာ သာရိပုတ္တရာမထေရ်ကို တွေ့မြင်ရတယ်ဆိုယင်ပဲ အင်မတန် စိတ်ကြည်လင်မှုကို ရသွားပါတယ်၊ သာရိပုတ္တရာထေရ် အနားကို သွားရောက်ရှိခိုးပြီး နှုတ်ခွန်းဆက်သမှုကို ပြုပါတယ်၊ အိမ်ပေါ်ကို ပင့်တင်ထိုင်နေစေပါတယ်၊ ပြီးတော့မှ နို့ထမင်းတခွက်ကို ယူလာပြီး သာရိပုတ္တရာထေရ်ရဲ့ သပိတ်ထဲကို လောင်းထည့်နေပါတယ်။

သာရိပုတ္တရာထေရ်က တဝက်ကို လက်ခံပြီး သပိတ်ကို လက်နဲ့ ပိတ်ထား ပါတယ်၊ ဒီတော့ ပုဏ္ဏားက—

"အရှင်ဘုရား ဒီနို့ဆွမ်းဟာ တယောက်စာမျှသာ ဖြစ်ပါတယ်၊ တပည့်တော်အား တမလွန် လောကအတွက်သာ ချီးမြှောက်မှုကို ပြုတော်မူပါ၊ ဒီလောကအတွက် ချီးမြှောက်မှုကို ပြုတော်မမူပါနဲ့၊ ဘာမှ ချန်မထားပဲ အကုန်လုံးကိုပဲ ပေးလှူလိုပါတယ်"

ဒီလိုလျှောက်ထားပြီး အကုန်လုံးကိုပဲ ပေးလှူလိုက်ပါတယ်၊ရှင်သာရိပုတ္တရာ ထေရ်ကလဲ အဲဒီနေရာမှာပဲ ဘုဉ်းပေးတော်မူပါတယ်။

ဆွမ်းဘုဉ်းပေးပြီး အချိန်မှာ ပုဏ္ဏားက ရှင်သာရိပုတ္တရာထေရ်အား အဝတ် ကြမ်းပိုင်းကို ပေးလှူပြန်တယ်၊ လက်အုပ်ချီမိုး ရှိခိုးပြီး "အရှင်ဘုရား တပည့် တော်လဲပဲ အရှင်ဘုရားများ သိမြင်ထားတဲ့ တရားမျိုးကိုသာ ရလိုပါတယ်"လို့ ဆုတောင်းလိုက်တယ်။

ရှင်သာရိပုတ္တာထေရ်က "ပုဏ္ဏား သင်တောင်းတဲ့ အတိုင်းပဲ ဖြစ်ပါစေ"လို့ သူ့အား အနုမောဒနာစကား မြွက်ကြားပြီး ပြန်ကြွလာခဲ့ပါတယ်၊ နောက် အစဉ်အတိုင်း ဒေသစာရီ ကြွချီတော်မူယင်း ဇေတဝန် ကျောင်းတော်ကို ရောက်သွားပါတယ်။

ဆင်းရဲနွမ်းပါးတဲ့အခါ ပေးလှူရတဲ့ အလှူဒါနမျိုးဟာ အင်မတန် နှစ်သက် ကျေနပ်မှုကို ရစေတတ်ပါတယ်၊ ဒါ့ကြောင့် ပုဏ္ဏားလဲပဲ အဲဒီအလှူကို လှူပြီးတဲ့ နောက်ပိုင်းမှာ အင်မတန် စိတ်ကြည်လင်မှု ရရှိနေပါတယ်၊ ဝမ်းမြောက်ဝမ်း သာ ဖြစ်နေပါတယ်၊ရှင်သာရိပုတ္တရာထေရ်ကို အတိုင်းထက်အလွန် ကြည်ညို မြတ်နိုးနေပါတယ်။

ဒီပုဏ္ဏားဟာ သေချိန်ရောက်လို့ သေတဲ့အခါမှာလဲပဲ ရှင်သာရိပုတ္တရာကို ကြည်ညိုတဲ့ စိတ်နဲ့ပဲ သေဆုံးသွားပါတယ်၊ သာဝတ္ထိမြို့ ရှင်သာရိပုတ္တရာထေရ်ရဲ့ အလုပ်အကျွေးဖြစ်တဲ့ ဒါယကာကြီးတဦး အိမ်မှာ ပဋိသန္ဓေ တည်နေ ပါတယ်။

ကလေးအမေဖြစ်လာမဲ့ ဒါယိကာမက ပဋိသန္ဓေတည်တဲ့ ခဏမှာပဲ "ငါ့မှာ ကိုယ်ဝန်တည်နေပြီ" ဆိုတာ သိပါတယ်၊ ယောကျ်ားဖြစ်သူကိုလဲ ပြောပြပါတယ်၊ ယောကျ်ားဖြစ်သူက ကိုယ်ဝန်အစောင့်အရှောက်ကို စီမံပေးပါတယ်။

ကိုယ်ဝန်ဆောင် ဒါယိကာမဟာလဲပဲ ပူလွန်းတဲ့အစာ၊ အေးလွန်းတဲ့အစာ၊ ချဉ်လွန်းတဲ့အစာ၊ ငန်လွန်းတဲ့အစာ၊ စပ်လွန်းတဲ့အစာ၊ ခါးလွန်းတဲ့အစာ၊ များနဲ့ အရက်သောက်မှု၊ ဆေးလိပ်သောက်မှုတို့ကို ရှောင်ကြဉ်ပါတယ်၊ အဆင်းအနံ့ အရသာ ပြည့်စုံပြည့်ဝတဲ့ အစားအစာများကို မျှတအောင် စားသောက်ပါတယ်၊ အိပ်ပျက်လဲ မခံတော့ပါဘူး၊ အိပ်ရေးဝအောင် အနဲဆုံး တနေ့မှာ ၈-နာရီလောက် အိပ်ပါတယ်၊ ဒီလိုပဲ ချမ်းချမ်းသာသာ ကိုယ်ဝန်ကို စောင့်ရှောက်နေယင်း သူ့မှာ ချင်ခြင်း ဖြစ်ပေါ်လာပါတယ်။

> "ငါဟာ ရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ ရဟန်းတော်ငါးရာကို ပင့်မယ်၊ ဒီအိမ်မှာ သိတင်းသုံးနေစေပြီး ရေမရောတဲ့ နို့ဆွမ်းကို ကပ်လှူမယ်၊ ကိုယ်တိုင်လဲ ဖန်ရည်ဆိုးအဝတ် (သင်္ကန်းရောင်အဝတ်)ကို ဝတ်မယ်၊ ရွှေခွက်ကလေး တခွက်ကို ယူပြီး အစွန်အဖျားနေရာမှာ ထိုင်မယ်၊ ဒီလိုထိုင်ပြီးတဲ့နောက် ရဟန်းငါးရာရဲ့ အကျန်အကြွင်း နို့ထမင်းကိုစားမယ်၊ ဒီလိုလုပ်လို့ရယင်ဖြင့် သိပ်ကောင်းမှာပဲ"

အမေဖြစ်သူမှာ ဖန်ရည်ဆိုး အဝတ်ကို ဝတ်လိုတဲ့ ချင်ခြင်း ဖြစ်ပေါ်လာတာဟာ ဘုရားရှင်သာသနာတော်မှာ ကိုယ်ဝန်သည်ယ် ရဟန်းပြုခြင်းရဲ့ရှေ့ပြေး (ပုဗ္ဗ)နိမိတ် ဖြစ်ပါတယ်။

ဒီလို ချင်ခြင်းမျိုးဖြစ်တဲ့အကြောင်းကို သိရတော့ ဆွေမျိုးသားချင်းတွေက "တို့သမီးမှာ တရားနဲ့လျော်တဲ့ ချင်ခြင်းမျိုး ဖြစ်ပေါ်လာတာပဲ" ဆိုပြီး ရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ ရဟန်းတော် ငါးရာအား ရေမရောတဲ့ နို့ဆွမ်းကို ပေးလှူဆက်ကပ်ကြပါတယ်။

ကိုယ်ဝန်ဆောင် ဒါယိကာမကလဲပဲ ဖန်ရည်ဆိုး အဝတ်တထည်ကို ဝတ်ပါတယ်၊ တထည်ကိုတော့ ခြုံပါတယ်၊ ရွှေခွက်ကလေးတခုကိုလဲ ယူလာပါတယ်၊

ပြီးတော့မှ အစွန်အဖျားနေရာမှာ သွားထိုင်နေပါတယ်၊ အဲဒီလိုလုပ်ပြီး ရဟန်းတော်တွေရဲ့ စားကြွင်းနို့ထမင်းကို စားပါတယ်၊ ချင်ခြင်းလဲ ငြိမ်းသွားပါတယ်။

ကလေးအမေအဖေတွေဟာ ကိုယ်ဝန်တည်တယ်လို့ သိတဲ့အချိန်ကစပြီး၊ မမွေးခင်အကြားမှာ မင်္ဂလာပွဲတွေ လုပ်ကြပါတယ်၊ ကလေးမွေးပြီးတဲ့နောက်ပိုင်းမှာလဲပဲ မင်္ဂလာပွဲတွေ လုပ်ကြပါတယ်၊ ဒီလို လုပ်သမျှ မင်္ဂလာပွဲတွေမှာ ရှင်သာရိပုတ္တရာဦးဆောင်တဲ့ ရဟန်းတော် ငါးရာတို့အား ချိုမြိန် ကောင်းမြတ်တဲ့ နို့ထမင်းကိုချည်း ကပ်လှူကြပါတယ်၊ ဒါဟာ ကလေးသူငယ် ပုဏ္ဏားဖြစ်တဲ့အခါက ပေးလှူခဲ့တဲ့ နို့ထမင်းရဲ့ အကျိုး(ဆက်)ပါပဲတဲ့။

''ကိုယ်ဝန်တည်တယ်လို့ သိတဲ့အချိန်ကစပြီး မမွေးခင် အကြားမှာလုပ်တဲ့ မင်္ဂလာတွေကို ဘယ်လိုခေါ်တယ်၊ ဘယ်နှစ်ကြိမ်လုပ်တယ်''လို့တော့ စာဆိုမရှိပါဘူး ''အကြိမ်ပေါင်းများစွာ လုပ်တယ်'' လို့တော့ စာဆို ရှိပါတယ်၊ ဒီတော့ ကိုယ်ဝန်ဆောင်တဲ့အတွင်းမှာလုပ်တဲ့ မင်္ဂလာကို''ဂဗ္ဘပရိဟာရဏ(ကိုယ်ဝန်ဆောင်)မင်္ဂလာ''လို့ပဲ ခေါ်သင့်မယ်ထင်ပါတယ်၊ဒီမင်္ဂလာမျိုးကိုကိုယ်စွမ်းအား ရှိသလောက် အကြိမ်ပေါင်းများစွာ လုပ်နိုင်တယ်၊ ဒီလိုပဲ မှတ်ရပါမယ်။

မွေးနေ့မင်္ဂလာလုပ်တဲ့ နေ့တနေ့မှာ နံနက်စောစော ကလေးကို ရေမိုးချိုးပြီး တန်ဆာဆင် ပေးကြပါတယ်၊ ကျက်သရေရှိတဲ့ အိပ်ရာမှာ အဖိုးတသိန်းတန်တဲ့ ကမ္ဗလာကို ခင်းပြီး အဲဒီကမ္ဗလာရဲ့အပေါ်မှာ ကလေးကို သိပ်ထားကြပါတယ်၊ ကလေးလေးဟာ အဲဒီအိပ်ရာပေါ်မှာ အိပ်ယင်းပဲ ရှင်သာရိပုတ္တရာထေရ်ကို ကြည့်နေပါတယ်။

> ''ဒီမထေရ်ဟာ ငါ့ရဲ့ ရှေးဘဝဆရာပဲ၊ငါဟာ ဒီမထေရ်ကို အမှီပြုပြီး ဒီစည်းစိမ်ချမ်းသာကို ရလာတယ်၊ ဒီမထေရ်အား တခုခုကို စွန့်ကြဲပေးကမ်း လှူဒါန်းသင့်တယ်''

ဒီလိုလဲ့ စဉ်းစားနေတယ်၊ သိက္ခာပုဒ် (သီလ) ယူရအောင်လို့ လူကြီးတွေက သူ့ကို ပွေ့ယူသွားတဲ့အခါ အဲဒီကမ္ဗလာကို လက်သန်းကလေးမှာ ရစ်ပတ်ပြီး ယူလာပါတယ်။

အဲဒါကိုတွေ့ရတော့ လူကြီးတွေက ''ကလေးလက်မှာ ကမ္ဗလာငြိနေတယ်'' ဆိုပြီး ယူဖို့ရန် ကြိုးစားကြပါတယ်၊ ဒီတော့ ကလေးက ငိုပါတယ်၊ ဆွေမျိုးသားချင်းတွေက ''ဟော့ ဟော့ မဖယ်ကြပါနဲ့ ကလေးငိုအောင် မလုပ်ကြပါနဲ့''ဆိုပြီး ကမ္ဗလာနဲ့ အတူပဲ ကလေးကို ပွေ့ချီသွားကြပါတယ်။

မထေရ်ကို ရှိခိုးတဲ့အချိန်မှာ ကလေးက လက်ချောင်းကလေးကို ကမ္ဗလာမှ ရုတ်သိမ်းပြီး မထေရ်ရဲ့ခြေရင်းမှာ ကမ္ဗလာကိုကျစေပါတယ်၊ ချထားလိုက်ပါတယ်။

ဒီတော့ ဆွေမျိုးသားချင်းတွေက ''ကလေးလေးက နားမလည်လို့ လုပ်တာပဲ'' ဒီလို ပြောဆိုမှု မပြုကြပဲ ''တပည့်တော်တို့ရဲ့ သားကလေးက ပေးလှူထားတဲ့ပစ္စည်းဟာ တပည့်တော်တို့လဲ စွန့်လွှတ်ပြီး ဖြစ်ပါတယ်ဘုရား'' လို့ လျှောက်ထားပြီး ''အရှင်ဘုရား တသိန်းတန်ကမ္ဗလာနဲ့ ပူဇော်မှုကို ပြုလုပ်တတ်တဲ့ အရှင်ဘုရားရဲ့ တပည့်ကလေးအား သိက္ခာပုဒ်တွေကို (သီလကို) ပေးသနားတော်မူပါဘုရား''လို့ လျှောက်ထားကြတယ်၊ ဒီတော့ ရှင်သာရိပုတ္တရာက ကလေးရဲ့အမည်ကို မေးပါတယ်။

''ဒီကလေးရဲ့အမည်ကို ဘယ်လို ခေါ်သလဲ''

''ဒီကလေးရဲ့ အမည်ဟာ အရှင်ဘုရားအမည်နဲ့ တူနေပါတယ်၊ သူဟာ 'တိဿ' အမည်ရှိသူ ဖြစ်ပါလိမ့်မယ်ဘုရား''

အရှင်သာရိပုတ္တရာဟာ လူဖြစ်စဉ်က 'ဥပတိဿ' မည်သူ ဖြစ်ခဲ့ပါတယ်၊ ဒါကြောင့် ဒီစကားကို လျှောက်ထားရခြင်း ဖြစ်ပါတယ်၊ ကလေးအမေကလဲပဲ ''ငါဟာ သားကလေးရဲ့ အလိုဆန္ဒကိုတော့ မဖျက်သင့်ဘူး''လို့ အဲဒီကတည်းက စဉ်းစားထားပါတယ်၊ အမိန့်ခံပြုထားပါတယ်။

ဒါဟာ 'ကလေးအား အမည်ပေးမှု နာမကရဏမင်္ဂလာ' လုပ်တာပါပဲ၊ ဒါတွေကို အကုန်လုံးခြုံပြီး စဉ်းစားလိုက်တော့ ''မွေးနေ့မင်္ဂလာနဲ့ အမည်ပေးနာမကရဏမင်္ဂလာကို တနေ့ထဲမှာ ပူးတွဲ ကျင်းပတယ်''ဆိုတာ ထင်ရှားလာပါတယ်။

အဲဒီလို ပူးတွဲကျင်းပတဲ့ မင်္ဂလာ ၂-ခုမှာလဲပဲ ''မွေးနေ့ မင်္ဂလာ''ဆိုတာ ကျယ်ပြန့်ပါတယ်၊ အကြိမ်အရေအတွက် အကန့်အသတ်မရှိ လုပ်နိုင်ပါတယ်၊

အခြားမင်္ဂလာတွေနဲ့မတွဲပဲ သီးသန့်လဲ လုပ်နိုင်ပါတယ်၊ ပူးတွဲလို့လဲ လုပ်နိုင်ပါတယ်။

မွေးနေ့မင်္ဂလာကို သီးသန့်လုပ်တဲ့အခါမှာ သံဃာတော်တွေကို ကျွေးမွေးလှူဒါန်းမှု၊ လူပရိသတ်ကို ဧည့်ခံကျွေးမွေးမှု စသည်ကို ပြုရုံနဲ့ကိစ္စပြီးပါတယ်။

နာမကရဏမင်္ဂလာနဲ့ တွဲဖက်ပြုလုပ်တဲ့ အခါမှာတော့ ခုနကပြောခဲ့တဲ့ ကိစ္စတွေအပြင် ကလေးကို အမည်ပေးရပါမယ်၊ အမည်ပေးတဲ့အခါမှာလဲပဲ ဘုန်းကြီးကပေးဖို့ မဟုတ်ပါဘူး၊ လူတွေက ပေးရမှာပါ၊ အခု ကာလမှာတော့ ဘုန်းကြီးတွေကို အမည်ပေးခိုင်း နေတတ်ကြပါတယ်၊ ဒါဟာ မကောင်းပါဘူး၊ အမည်ပေးပြီးတော့ ကလေးကို ဘုန်းကြီးတွေရဲ့ အနီးကို ယူဆောင်လာရပါမယ်၊ ကလေးအတွက် သိက္ခာပုဒ် ပေးရပါမယ်၊ အဲဒီလို သိက္ခာပုဒ် ပေးတဲ့အခါမှာလဲပဲ ကလေးနာမည် ပါစေရမယ်၊ ဒါတွေကို ဆက်လက် ပြုလုပ်ရပါမယ်။

ကလေးနာမည်ကို ထည့်သွင်းပြီး သိက္ခာပုဒ်ပေးပုံကို နည်းနည်းဆက် ပြောပါဦးမယ်၊ ယောကျ်ားကလေးအတွက်ဖြစ်က "အဟံ ဘန္တေ (မောင်ခင် နာမကော ဒါရကော အတ္တာယ) တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ မိန်းကလေး အတွက်ဖြစ်က အဟံ ဘန္တေ (မတင် နာမိကာယ ဒါရိကာယ အတ္တာယ) တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ" ဒီလို အနည်း ငယ် ဖြည့်စွက်ပေးရုံမျှသာ ဖြစ်ပါတယ်။

ဒီလို နာမကရဏမင်္ဂလာကို ပြုလုပ်ပြီးတဲ့ နောက်ပိုင်းမှာလဲပဲ ကလေး အတွက်—

"အာဟာရပရိဘောဂမင်္ဂလာ=ထမင်းခွံ့မင်္ဂလာ၊

ကဏ္ဏဝိဇ္ဈနမင်္ဂလာ=နားထွင်းမင်္ဂလာ၊

ဒုဿဂဟဏမင်္ဂလာ=ပုဆိုးဝတ်မင်္ဂလာ၊

စူဠာကပ္ပနမင်္ဂလာ=ဆံထုံးထုံးမင်္ဂလာ (ဦးစွန်းပုတ်ပြုပြင်တဲ့မင်္ဂလာ)"

ဆိုတာတွေကိုလဲ လုပ်ပေးကြပါသေးတယ်၊ အဲဒီမင်္ဂလာတွေကို လုပ်တဲ့အချိန် မှာလဲပဲ ရှင်သာရိပုတ္တရာဦးဆောင်တဲ့ ရဟန်းတော်ငါးရာတို့အား အင်မတန် ချိုဆိမ့်ကောင်းမွန်တဲ့ နို့ဆွမ်းကိုပဲ ပေးလှူ ဆက်ကပ်ကြပါတယ်။

ဒီလိုနဲ့ပဲ ကလေးဟာ တဖြည်းဖြည်း ကြီးလာခဲ့ပါတယ်၊ ၇-နှစ်အရွယ်ရှိလာတဲ့အချိန်မှာ သူ့အမေကို တောင်းပန်ပြောဆိုပါတယ်။

"အမေရယ် ရှင်သာရိပုတ္တရာဆီမှာ ကျွန်တော် ရှင်ပြုလိုပါတယ်"

"သားရယ် ကောင်းတာပေါ့၊ အမေက 'သားရဲ့ အလိုဆန္ဒကို ငါမဖျက်ဘူး'လို့ ရှေးတုန်းကပင် ကြံစည်စိတ်ကူး ထားခဲ့ပါတယ်၊ အဓိဋ္ဌာန်ထားခဲ့ပါတယ်၊ ငါ့သား ရှင်ပြုလိုယင် ပြုတာပေါ့"

ဒီလိုအမေက သားကို ခွင့်ပြုလိုက်ပါတယ်၊ အဲဒီအချိန်မှာပဲ ရှင်သာရိပုတ္တရာကို အပင့်ခိုင်းလိုက်ပါတယ်၊ ရှင်သာရိပုတ္တရာ အိမ်ကို ကြွလာတဲ့အခါမှာ ဆွမ်းလဲ ဆက်ကပ် လှူဒါန်းပါတယ်။

"အရှင်ဘုရား အရှင်ဘုရားတို့ရဲ့ တပည့်လေးဟာ 'ရှင်ပြုမယ်'လို့ ပြောနေပါတယ်၊ ဒီကလေးကို ခေါ်ပြီး တပည့်တော်တို့က ညနေချိန်မှာ ကျောင်းကို လာခဲ့ပါ့မယ်"

ဒီလိုလဲ လျှောက်ထားပါတယ်၊ ကိစ္စပြီးတဲ့အခါ ရှင်သာရိပုတ္တရာလဲ ကျောင်းကို ပြန်ကြွသွားပါတယ်။

ညနေအချိန်ရောက်လာတော့ များပြတ်တဲ့ ပူဇော်မြတ်နိုးမှုတွေနဲ့ သားကလေးကိုခေါ်ပြီး ကျောင်းကိုသွားကြပါတယ်၊ ရှင်သာရိပုတ္တရာထေရ်အား သားကလေးကို အပ်နှင်းလိုက်ပါတယ်၊ "အပ်နှင်းတယ်"ဆိုတာက အပြီးအပိုင်လှူလိုက်တာပါပဲ။

ရှင်သာရိပုတ္တရာမထေရ်က သာမဏေလောင်း တိဿကလေးနဲ့ ပြောဆိုနေပါတယ်၊ တိဿရဲ့အရည်အသွေးကို တီးခေါက်ကြည့်ရှုပါတယ်။

"တိဿ ရှင်ရဟန်းဘဝဟာ မလွယ်ကူလှဘူး၊ အပူကိုလိုချင်ယင် အအေးကိုရတတ်တယ်၊ အအေးကိုလိုချင်ယင် အပူကို ရတတ်တယ်၊ ရှင်ရဟန်းတွေဆိုတာဟာ ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း အသက်မွေးကြရတယ်၊ ငါ့တပည့်ကလဲပဲ ချမ်းချမ်းသာသာ ကြီးပွားလာရသူဖြစ်နေတယ်"

"မြတ်စွာဘုရား တပည့်တော်ဟာ အရှင်ဘုရားတို့ မိန့်ကြားသမျှ နည်းယမ်းညွှန်ပြ ဥပဒေသနဲ့ပဲ အကုန်လုံးကို လိုက်နာ လုပ်ကိုင်နိုင်ပါ လိမ့်မယ်"

တိဿရဲ့စကားကိုကြားရတဲ့အခါ အရှင်သာရိပုတ္တရာမထေရ်မြတ်က သာဓု ခေါ်တော်မူပါတယ်၊ စက်ဆုပ်ရွံရှာဖွယ်ကို နှလုံးသွင်းတဲ့အနေနဲ့ တစပဉ္စက ကမ္မဋ္ဌာန်း ("ဆံပင်, မွေးညင်း, ခြေသည်းလက်သည်း, သွား, အရေ" ဆိုတဲ့ အရေပါးငါးခု အပေါင်းအစုဖြစ်တဲ့ ကမ္မဋ္ဌာန်း)ကို ပြောပြပြီး တိဿကိုရှင်ပြု ပေးလိုက်ပါတယ်။

ဒီလိုပြောရခြင်းရဲ့ အကျိုးကို နဲနဲ ပြောပါဦးမယ်၊ တတ်နိုင်ယင် ဒွတ္တိံ-သာကာရ အကုန်လုံးကိုလဲ ပြောပြသင့်တာပါပဲတဲ့၊ အကုန်လုံးကိုမပြောနိုင်တဲ့ ပုဂ္ဂိုလ်ကတော့ တစပဉ္စကကမ္မဋ္ဌာန်းကို မပြောမနေရ၊ ကျေန်ပြောရမယ်တဲ့၊ ဘာ့ကြောင့်လဲဆိုတော့ ဒီကမ္မဋ္ဌာန်းဟာ ဘုရားရှင်အကုန်လုံးတို့က မစွန့်နိုင်တဲ့ (လက်လွှတ်မခံနိုင်တဲ့) ကမ္မဋ္ဌာန်းပါပဲ၊ ဆံအစရှိတဲ့ ဟခုတခုသော အဖို့အစုကို ပွားများပြီး အရဟတ္တဖိုလ်ကိုဆိုက်ရောက်သွားကြတဲ့ (ရဟန္တာဖြစ်သွားကြတဲ့) ရဟန်းတွေ, ရဟန်းမတွေ, ဥပါသကာတွေ, ဥပါသိကာမတွေဟာ ရေတွက် ပိုင်းခြားလို့ပဲ မရနိုင်ပါဘူးတဲ့။

ဒါတွေကို နားမလည်တဲ့ ရဟန်းတွေ ကတော့ ရှင်ပြုပေးတဲ့ အခါမှာ အရဟတ္တဖိုလ်ရဲ့အကြောင်း (ဥပနိဿယ) ကို ဖျက်ဆီးပစ်တတ်ကြပါတယ်တဲ့၊ ဒါဟာ သုံးဆယ့်နှစ်ကောဋ္ဌာသကို လုံးဝမပြောပြပဲနဲ့ရှင်ပြုပေးတဲ့ရဟန်းတွေကို အပြစ်တင်တဲ့စကား ဖြစ်ပါတယ်၊ ဒါ့ကြောင့် ရှင်သာရိပုတ္တရာမထေရ်က ကမ္မဋ္ဌာန်းကိုပြောကြားပြီး တိဿကိုရှင်ပြုပေးတော်မူပါတယ်၊ ၁၀-ပါးသီလ မှာ တည်စေတော်မူပါတယ်၊ ဒါကိုတော့ "ပဗ္ဗဇ္ဇာမင်္ဂလာ ရှင်ပြုမင်္ဂလာ" လို့ ခေါ်ရမှာပေါ့။

အမေအဖေတွေက သားရှင်ပြုတာကို ပူဇော်တဲ့အနေနဲ့ ကျောင်းမှာပဲ ၇-ရက်လုံးလုံး ဘုရားအမှူးရှိတဲ့သံဃာတော်အား အင်မတန်ချိုဆိမ့်ကောင်းမွန်တဲ့ နို့ဆွမ်းကိုချည်းပေးလှူနေကြပါတယ်၊ "အမြဲတမ်းဒီလိုချိုဆိမ့်ကောင်းမွန် တဲ့ နို့ဆွမ်းကိုချည်း မဘုဉ်းပေးနိုင်တော့ပါဘူး" လို့ ရဟန်းတွေက ညည်းညူ ယူရတဲ့အဖြစ်မျိုးကိုရောက်ပါရောတဲ့။

တိဿသာမဏေရဲ့ အမေ အဖေတွေက ၇-ရက် ပြည့်တဲ့နေ့ ညနေချမ်း အချိန်မှာ အိမ်ကို ပြန်သွားကြပါတော့တယ်၊ သာမဏေက ၈-ရက်မြောက်နေ့ မှာ ရဟန်းတွေနဲ့အတူ ဆွမ်းခံဝင်လာပါတယ်။

သာဝတ္ထိ မြို့သူမြို့သားတွေက "ဒီနေ့ တိဿသာမဏေ ဆွမ်းခံဝင်လာမတဲ့၊ သူ့အား ပူဇော်မှုကို ပြုကြရပေလိမ့်မယ်"လို့ ပြောဆို တိုင်ပင်ပြီး အဝတ် ၅၀၀-ကို ခေါင်းခု (အိုးအောက်ခံ) လုပ်ကြပါတယ်၊ ဆွမ်းအိုး ၅၀၀-ကိုလဲ စီမံထားကြပါတယ်၊ ဒါတွေအကုန်လုံးကို လမ်းက ဆီးကြိုလောင်းလှူကြပါ တယ်၊ နောက်တနေ့မှာတော့ ကျောင်းအနား တောတန်းထိ လာရောက် လှူ ဒါန်းကြပါတယ်။

အဲဒီလို တိဿသာမဏေဟာ ၂-ရက်အတွင်းမှာပဲ အဝတ်တထောင်နဲ့အတူ ဆွမ်းအိုးတထောင်ကိုရပြီး ရဟန်းသံဃာအား အလှူခိုင်းပါတယ်၊ ဒါဟာ မဟာသေနပုဏ္ဏားဖြစ်တဲ့ အခါက ရှင်သာရိပုတ္တရာထေရ်အား အဝတ်ကြမ်း ပိုင်းကို လှူဒါန်းရခြင်းရဲ့ အကျိုးပါပဲတဲ့၊ အဲဒီအချိန်မှာ ရဟန်းတော်တွေက သာမဏေကလေးအား "ပိဏ္ဍပါတဒါယကတိဿ(ဆွမ်းခံ အလှူရှင်တိဿ)" ဆိုတဲ့ ဘွဲ့ထူးကို ပေးထားကြပါတယ်။

နောက်တနေ့ အေးတဲ့အချိန်မှာ တိဿသာမဏေကလေးဟာ ကျောင်းတိုက် အတွင်း လှည့်ပတ် သွားလာနေပါတယ်၊ဟိုအနား ဒီအနားမှာ မီးလှုံနေကြတဲ့ ရဟန်းတော်များကို တွေ့ရတော့ မေးမြန်း လျှောက်ထားပါတယ်—

"အရှင်ဘုရားတို့ ဘာ့ကြောင့် မီးလှုံနေကြရပါသလဲ"

"အအေးဒဏ်ကို မခံနိုင်လို့ပါ ကိုရင်ရယ်"

"အရှင်ဘုရားတို့ အေးတဲ့အချိန်မှာ ကမ္ဗလာကို ခြုံသင့်တယ်မဟုတ် လား၊ ကမ္ဗလာဟာ အအေးဒဏ်ကို ကာကွယ်နိုင်ပါတယ်"

"ကိုရင်ရေ ကိုရင်ကတော့ ဘုန်းကံရှိတဲ့သူဆိုတော့ ကမ္ဗလာကို ရနိုင်မှာပါပဲ၊ တပည့်တော်တို့မှာ ဘယ်ကလာ ကမ္ဗလာရနိုင်မလဲ"

"ဒါဖြင့် ဘုရား၊ ကမ္ဗလာအလိုရှိနေတဲ့ ရဟန်းတွေ တပည့်တော်နဲ့ သာ အတူလိုက်ခဲ့ကြပါတော့"

ဒီလို တကျောင်းတိုက်လုံးကို လိုက်ပြီး အပြောခိုင်းပါတယ်၊ ဒီတော့ ရဟန်းတွေဟာ "ကမ္ဗလာယူရအောင်"လို့ ကိုရင်နှင့်အတူ လိုက်သွားကြပါတယ်၊ ၇-နှစ်အရွယ် သာမဏေလေးကို အမှီပြုပြီး ရဟန်းတထောင်လောက် ထွက်လာကြပါတယ်။

သာမဏေကလဲပဲ "ဒီလောက်များတဲ့ ရဟန်းတွေအတွက် ကမ္ဗလာဘယ်က ရလိမ့်မလဲ"ဆိုတာ စိတ်ကူးထဲမှာတောင်မှ မထဲ့ပါဘူးတဲ့၊ အဲဒီရဟန်း အကုန်လုံးကို ခေါ်ပြီး မြို့ဘက်ကို ထွက်သွားပါတယ်။

အကြောင်းအကျိုး ဆက်စပ်သွားအောင် နဲနဲကြိုတင်ပြောထားရဦးမယ်၊ ကောင်းစွာ လှူဒါန်းခဲ့တဲ့ ဒါနနဲ့ စွမ်းအင်သတ္တိဟာ ဒီလိုပဲ ဖြစ်တတ်ပါတယ်တဲ့၊ ဒီတော့ "ဘယ်လို ဖြစ်လာတယ်"ဆိုတာ စောင့်ပြီးသာ နားထောင်ကြပါတော့။

ကိုရင်ကလေးဟာ မြို့အပြင်မှာပဲ အိမ်စဉ်အတိုင်း လှည့်ပတ်သွားလာတော့ ကမ္ဗလာ ၅၀၀-ရလာပါတယ်၊ ပြီးမှ မြို့တွင်းကို ဝင်သွားပါတယ်၊ လူတွေက ဟိုက ဒီက ကမ္ဗလာတွေကို ဆောင်ယူ လှူဒါန်းကြပါတယ်။

အဲဒီအချိန်မှာ လူတယောက်ဟာ ဈေးတံခါးနားက ဖြတ်သွားနေပါတယ်၊ ကမ္ဗလာ ၅၀၀-ကို ဖြန့်ခင်းပြီးနေတဲ့ ဈေးသည်တယောက်ကို တွေ့ရတော့ သတိပေး ပြောဆိုပါတယ်။

"မိတ်ဆွေ ကိုရင်လေးတပါးဟာ ကမ္ဗလာတွေကို စုဆောင်းပြီး လာနေပါတယ်၊ ခင်ဗျားရဲ့ ကမ္ဗလာတွေကို ဖွက်ထားစမ်းပါဦး"

"အဲဒီကိုရင်ကလေးဟာ ပေးလှူတဲ့ကမ္ဗလာကို ယူတာလား၊ သို့မဟုတ် မပေးလှူတဲ့ကမ္ဗလာတွေကို ယူတာလား"

"ပေးလှူတဲ့ ကမ္ဗလာတွေကို ယူတာပါပဲ"

"ဒီလိုဆိုယင် ဘာပူစရာရှိမလဲ ကျုပ် လှူချင်ယင် လှူမယ်၊ မလှူချင်ယင် မလှူဘူးပေါ့၊ ခင်ဗျား သွားမဲ့ဟာသာ သွားစမ်းပါ"

သတိထားစရာက ဝန်တိုနှမြောတက်တဲ့ လူမိုက်တွေဟာ အခြားလူတွေက ဒီလို အလှူဒါနကို ပေးလှူနေကြတဲ့အခါမျိုးမှာ သူများပေးလှူတဲ့ အလှူဒါနမှာ မနာလိုဝန်တို နှမြောမှုကို ပြုတဲ့အတွက် ငရဲကို ရောက်တတ်ပါတယ်၊

ကောသလမင်းရဲ့ အသဒိသဒါနကို တွေ့ရတဲ့အခါမှာ ဝန်တိုနှမြောမှုကို ပြုတဲ့ ကာဠအမတ်လိုပေါ့ [၁]။

"ဒီလူဟာ သူ့ဘာသာသူလာပြီး 'ခင်ဗျားကမ္ဗလာတွေကို ဝှက်ထားစမ်းပါ'လို့ ငါ့ကို ပြောဆိုသွားတယ်၊ ကိုရင်လေးက ပေးတာကိုမှ ယူတာ မှန်တယ်၊ ငါကလဲ 'ကိုယ့်ပစ္စည်းကို လှူချင်လှူမယ်၊ မလှူချင်မလှူဘူးပေါ့'လို့ ပြောလိုက်တာ မှန်တယ်၊ ခါပေမဲ့ မြင်နေရတဲ့ပစ္စည်းကို မလှူတဲ့သူမှာ ရှက်စရာဖြစ်နေပါတယ်၊ ကိုယ့်ပစ္စည်းကို ဝှက်ထားတဲ့အတွက် အပြစ်မရှိနိုင်ပါဘူး၊ ဒီကမ္ဗလာတွေထဲက ကမ္ဗလာ ၂-ထည်ဟာ တသိန်းတန်တယ်၊ ဒီ ၂-ထည်ကိုတော့ ဝှက်ထားဦးမှပဲ"

ဈေးသည်က ဒီလို စဉ်းစားနေပါတယ်၊ အခြား ကမ္ဗလာ ၂-ထည်ကို အမြိတ်ချင်းဆက် ချည်ပါတယ်၊ အဲဒီ အကြားထဲမှာ ထည့်သွင်းပြီး တသိန်းတန် ကမ္ဗလာ ၂-ထည်ကို ဝှက်ထားလိုက်ပါတယ်။

သာမဏေလဲ ရဟန်းတထောင်နဲ့အတူ အဲဒီနေရာကို ရောက်လာပါတယ်၊ သာမဏေကို တွေ့ရတယ်ဆိုယင်ပဲ ဈေးသည်မှာ သားလိုခင်မင်စိတ်ဖြစ်လာပါတယ်၊ တကိုယ်လုံးဟာ ခင်မင်မှုရဲ့ လွှမ်းခြုံမှုကို ခံနေရပါတော့တယ်။

ဈေးသည်က "ကမ္ဗလာတွေကို မဆိုထားနဲ့ ဒီကိုရင်လေးကို တွေ့ရတော့ နှလုံးသားကိုတောင် လှူသင့်တယ်"လို့ စဉ်းစား ဆင်ခြင်နေပါတယ်၊ ဝှက်ထားတဲ့ ကမ္ဗလာ ၂-ထည်ကိုပါ ထုတ်ယူလိုက်ပါတယ်၊ သာမဏေရဲ့ ခြေရင်းမှာ အကုန်လုံးကို ချထားလိုက်ပါတယ်၊ ရိုသေစွာရှိခိုးပြီး "အရှင်ဘုရား သိမြင်ထားတဲ့ တရားရဲ့ ဝေစုရသူ ဖြစ်လိုပါတယ်ဘုရား"လို့ ဆုတောင်း လျှောက်ထားလိုက်ပါတယ်၊ သာမဏေကလဲ "တောင်းတဲ့အတိုင်း ဖြစ်ပါစေ"လို့ ဈေးသည်အတွက် အနုမောဒနာ ပြုတော်မူပါတယ်။

သာမဏေဟာ မြို့တွင်းမှာလဲ ကမ္ဗလာ ၅၀၀-ရပြန်ပါတယ်၊ အဲဒီလို တနေ့တည်းမှာပဲ ကမ္ဗလာတထောင်ရပြီး ရဟန်းတထောင်အား ပေးလှူပါတယ်၊ ဒီတော့ သူ့ကို "ကမ္ဗလာ့အလှူရှင်တိဿလို့ (ကမ္ဗလဒါယကတိဿ)"

၁။ ခု ၁-ပါ ၄၀။

ဆိုတဲ့ ဘွဲ့ထူးကို ပေးထားကြ ပြန်တယ်၊ စုစုခဲခဲရတာကို ရည်ရွယ်ပြီး ''တထောင်''လို့ ဆိုထားပါတယ်၊ ဟိုကဒီကရတာနဲ့ဆိုယင် တထောင်မက ပါဘူး။

ဒီလိုပဲ အမည်မှည့်တဲ့နေ့ (နာမကရဏမင်္ဂလာနေ့)မှာ ရှင်သာရိပုတ္တရာအား ပေးလှူခဲ့တဲ့ ကမ္ဗလာဟာ ၇-နှစ်အရွယ် ရှိလာတဲ့အခါ ကမ္ဗလာတထောင် ဖြစ်လာပါတယ်၊ ဒါဟာ မယုံကြည်စရာတော့ မဟုတ်ပါဘူး၊ နည်းနည်း လှူလို့ရှိယင် များတဲ့အကျိုးကို ရစေနိုင်, များများလှူလို့ရှိယင် ပိုပြီးများတဲ့ အကျိုးကိုရစေနိုင်တဲ့ ဌာနမျိုးဟာ ဘုရားရှင်သာသနာမှာပါး အခြားဌာန မဟုတ်ပါဘူး၊ ဒါ့ကြောင့် ဘုရားရှင်က—

''ဘိက္ခုတို့ သံဃာတော်အား နည်းနည်းလှူယင် များတဲ့အကျိုးကို ရနိုင်တယ်၊ များများလှူယင် ပိုပြီးများတဲ့ အကျိုးကို ရနိုင်တယ်၊ သံဃာတော်ဟာ ဒီလို သဘောရှိတယ်'' ၁

လို့ ဟောထားပါတယ်၊ ဒီလိုပဲ သာမဏေဟာ ကမ္ဗလာတထည်ရဲ့ အကျိုး ဆက်ကြောင့် ၇-နှစ်အရွယ်မှာပဲ ကမ္ဗလာတထောင်ကို ရပါတယ်၊ ဒါနရဲ့ အကျိုးဟာ တယ်အံ့ဩစရာ ကောင်းတာပဲနော်။

ဆွေမျိုး ဒါယကာတွေက ဇေတဝန်ကျောင်းမှာနေတဲ့ ကိုရင့်ဆီကို ခဏ ခဏလာပြီးတော့ စကားပြောဆိုမှုကို ပြုတတ်ကြပါတယ်။ ဒါနဲ့သာမဏေက—

''ငါဟာ ဒီမှာ နေလို့ရှိယင် ဆွေမျိုးဒါယကာတွေက လာလာပြီး စကားပြောတဲ့အခါမှာ မပြောပဲနေလို့မဖြစ်ဘူး၊ သူတို့နဲ့ စကားပြော အချိန်ဖြုန်းနေရတာနဲ့ ကိုယ့်အတွက် ထောက်တည်ရာကို မလုပ်နိုင်ဘူး၊ ငါဟာ ဘုရားရှင်ဆီက ကမ္မဋ္ဌာန်းယူပြီး တောဝင်ရလျှင် ကောင်း မှာပဲ''

ဒီလို ကြံစည် စဉ်းစား နေပါတယ်၊ ဘုရားရှင်ကို ဆည်းကပ် ရှိခိုးပြီး အရဟတ္တဖိုလ် တိုင်အောင် ကမ္မဋ္ဌာန်းကို နာယူပါတယ်၊ ဥပဇ္ဈာယ်ဆရာ ဖြစ်တဲ့ ရှင်သာရိပုတ္တရာထေရ်ကို ရှိခိုးခွင့်ပန်ပါတယ်၊ ဆရာ့ဆီက ခွင့်ရတယ်

၁။ ဥပရိပဏ္ဏာ ပါ-၁၂၃။

ဆိုလျှင်ပဲ သပိတ်သက်နန်းကိုယူပြီး ဇေတဝန်ကျောင်းတိုက်က ထွက်ကြွလာခဲ့ပါတယ်၊ "တကယ်လို့သာ နီးတဲ့အရပ်မှာ နေခဲ့ပါလျှင် ဆွေမျိုးတွေက ငါ့ကို ပြန်ပင့်ကြလိမ့်မယ်"လို့ ကြံစည် စဉ်းစားပြီး ယူဇနာ ၁၂၀-ဝေးတဲ့ လမ်းခရီးကို ကြွသွားပါတော့တယ်။ ရွာတံခါး တခုအနီးကို ရောက်တဲ့ အခါမှာ ဥပါသကာ ဒါယကာကြီးတယောက်ကို တွေ့တာနဲ့ မေးမြန်း စုံစမ်းပါတယ်။

"ဒါယကာကြီး ဒီအရပ်မှာနေကြတဲ့ လူတွေရှိတောရကျောင်းများ ရှိရဲ့လား"

"ရှိတာပေါ့ဘုရား"

"ဒါဖြင့် ကိုရင်ကို လမ်းညွှန်စမ်းပါ"

တိဿ သာမဏေလေးကို တွေ့ရတယ်ဆိုယင်ပဲ ဥပါသကာ ဒါယကာကြီးမှာ ကိုယ့်သား အရင်းကိုလိုပဲ ချစ်ခင် ကြည်ညိုတဲ့ စိတ်တွေ ဖြစ်ပေါ်လာပါတယ်၊ ဒါနဲ့ ကိုရင်ကလေးအား အဲဒီနေရာကရပ်ပြီး ညွှန်ကြားမှု မပြုတော့ပဲ "အရှင်ဘုရား ကြွသာကြွပါ၊ အရှင်ဘုရားအား ညွှန်ပြပါ့မယ်"လို့ ဆိုပြီး ပင့်သွားပါတယ်။

တောရကျောင်းကို ရောက်တဲ့အခါ "အရှင်ဘုရား ဒါဟာ ဆိတ်ငြိမ် အေးချမ်းတဲ့အရပ်ပါပဲ၊ ဒီမှာပဲ သီတင်းသုံးပါတော့"လို့လဲ လျှောက်ထား ပါတယ်၊ "အရှင်ဘုရားရဲ့ ဘွဲ့တော်ကို အမိန့်ရှိပါဦးဘုရား"လို့လဲ အမည်ကို မေးပါတယ်။

"ကိုရင်ဟာ ဝနဝါသီတိဿ မည်ပါတယ် ဒါယကာကြီး"

ကိုရင့်စကားကို ကြားရတော့ ဥပါသကာ ဒါယကာကြီးက "နက်ဖြန် တပည့်တော်တို့ ရွာမှာပဲ ဆွမ်းခံသင့်ပါတယ်ဘုရား"လို့ လျှောက်ထားပြီး ရွာကို ပြန်လာခဲ့ပါတယ်၊ "ဝနဝါသီတိဿဆိုတဲ့ ကိုရင်တပါး ကျောင်းကို ရောက်နေတယ်၊ သူ့အတွက် ယာဂုဆွမ်း စသည်တို့ကို စီမံထားကြ"လို့ လူတွေကို ပြောကြားထားပါတယ်။

သာမဏေကလေးဟာ ၇-နှစ်အတွင်းမှာပဲ ''တိဿ, ပိဋကပါဠိဒါယကတိဿ, ကမ္မလဒါယကတိဿ, ဝနဝါသီတိဿ''ဆိုတဲ့ အမည်လေးမျိုးကို ရပါတယ်။

သာမဏေဟာ နောက်တနေ့မှာ ခပ်စောစောပဲ ရွာထဲကို ဆွမ်းခံဝင်လာပါတယ်၊ လူတွေက ဆွမ်းလောင်းပြီး ရှိခိုးကြပါတယ်၊ သာမဏေက ''ချမ်းသာကြပါစေ၊ ဆင်းရဲ လွတ်ကင်းကြပါစေ''လို့ မိန့်ဆိုပါတယ်၊ သူ့ကို ဆွမ်းလောင်းလှူပြီးတဲ့နောက် လူတဦးတယောက်မျှ အိမ်ကို မပြန်နိုင်ကြဘူး၊ အကုန်လုံး ကြည့်ပြီး ရပ်နေကြပါတယ်၊ ကိုရင်ကလဲ မျှတရုံလောက်သာ ခံယူပါတယ်။

ရွာသူရွာသားအကုန်လုံးက ကိုရင့်ခြေရင်းမှာပြားပြားဝပ်ပြီး ''အရှင်ဘုရားတို့က ဝါတွင်းသုံးလပတ်လုံး ဒီမှာ သီတင်းသုံးနေတိုင်ခဲ့ပါလျှင် တပည့်တော်တို့က သရဏဂုံလဲ ယူပါ့မယ်၊ ငါးပါးသီလကိုလဲ စောင့်ထိန်းပါ့မယ်၊ တလမှာ ၈-ရက်ဥပုသ် စောင့်သုံးမှုကိုလဲ ပြုကြရပါလိမ့်မယ်၊ ဒီမှာသီတင်းသုံးဖို့ရန် တပည့်တော်တို့အား ပဋိညာဉ်ပေးတော်မူပါဘုရား''လို့ လျှောက်ထားကြပါတယ်၊ ဒါဟာ ကျောင်းထိုင်ဘုန်းကြီး ပင့်နည်းပါပဲ။

သာမဏေကလဲ ကျေးဇူးများမှာ မြင်တာနဲ့ သူတို့အား ပဋိညာဉ်ပေးလိုက်ပါတယ်၊ အမြဲတမ်း အဲဒီရွာမှာပဲ ဆွမ်းခံနေပါတယ်၊ ရှိခိုးတိုင်းရှိခိုးတိုင်း လဲပဲ ''ချမ်းသာကြပါစေ၊ ဆင်းရဲလွတ်ကင်းကြပါစေ''ဆိုတဲ့ ၂-ပုဒ်ကိုသာ ပြောဆို ကြသွားပါတယ်၊ ကိုရင်ကလေးဟာ အဲဒီတောရ ကျောင်းမှာပဲ ပထမလ, ဒုတိယလတွေကို လွန်လာပြီး တတိယလ ရောက်လာတဲ့အခါ ပဋိသမ္ဘိဒါ ၄-ပါးနဲ့တကွ အရဟတ္တဖိုလ်ကို ဆိုက်ရောက် သွားပါတယ်၊ ''ရဟန္တာ''ဖြစ်သွားပြီလို့ ဆိုလိုပါတယ်။

ပဝါရဏာပြုပြီးလို့ သီတင်းပါလ ကျွတ်တဲ့အခါမှာ ဝနဝါသီတိဿ သာမဏေရဲ့ ဥပဇ္ဈာယ်ဆရာ ရှင်သာရိပုတ္တရာ ဦးဆောင်တဲ့ မဟာသာဝက ရှစ်ကျိပ်က ဘုရားရှင်ထံမှာ ခွင့်ပန်ပြီး ဝနဝါသီတိဿသာမဏေဆီကို ထွက်ကြလာကြပါတယ်၊ ဓာပါးတပါးမှာ နောက်လိုက်နောက်ပါ ပရိသတ်ငါးရာ, ငါးရာစီပါလာပါတယ်၊ ဒါနဲ့ မဟာသာဝက အကုန်လုံးရဲ့ ခြွေရံပရိသတ်ဟာ ရဟန်းလေးသောင်း ဖြစ်နေပါတယ်။

အဲဒီ ရဟန်းတော်များဟာ ယူဇနာ ၁၂၀-ခရီး ပေါက်ရောက်လာတဲ့အခါ သာမဏေရဲ့ ဆွမ်းခံရွာကို ရောက်လာကြပါတယ်၊ သာမဏေကို အမြဲလုပ်ကျွေးနေတဲ့ ဥပါသကာတယောက်က ရွာတံခါးအနီး ရောက်လာတဲ့ ရဟန်းတော်တွေကို တွေ့ရတော့ ခရီးဦးကြိုဆိုပြီး ရှိခိုးပါတယ်၊ ဒီတော့ ရှင်သာရိပုတ္တရာမထေရ်က အဲဒီဒါယကာကိုပဲ မေးမြန်း စုံစမ်းတော်မူပါတယ်။

"ဒါယကာ ဒီအရပ်မှာ တောကျောင်းများ ရှိသလား"

"ရှိပါတယ်ဘုရား"

"ရဟန်းရှိတဲ့ကျောင်းလား၊ ရဟန်းမရှိတဲ့ကျောင်းလား"

"ရဟန်းရှိတဲ့ကျောင်းပါဘုရား"

"ဘယ်ရဟန်းက အဲဒီကျောင်းမှာ နေသလဲ"

"ဝနဝါသီတိဿ ဆိုတဲ့ သာမဏေ နေပါတယ်ဘုရား"

"ဒါဖြင့် တို့ကို လမ်းညွှန်ပါဦး"

"အရှင်ဘုရားတို့က ဘယ်သူတွေတုံး"

"တို့က သာမဏေဆီကို လာတဲ့ ပုဂ္ဂိုလ်တွေပါ"

ရှင်သာရိပုတ္တရာရဲ့စကားကို ကြားရတဲ့အခါ ဥပါသကာက သေချာစွာ ကြည့်ရှုပါတယ်၊ ရှင်သာရိပုတ္တရာကို အစထားပြီး မဟာသာဝကအကုန်လုံးကို မှတ်မိသွားပါတယ်၊ သူ့ရဲ့တကိုယ်လုံးမှာ ကွက်လပ်မရှိအောင် (နှစ်သိမ့်မှု) ပီတိတွေက စိမ့်ဝင်လာပါတော့တယ်။

ဒီတော့မှ ဥပါသကာက "ခဏလောက် သည်းခံ ရပ်ဆိုင်းတော်မူကြပါဦး ဘုရား"လို့ လျှောက်ထားခဲ့ပြီး ရွာထဲကို အလျင်အမြန် ဝင်သွားပါတယ်။

"အမောင်တို့ အမိတို့ ရှင်သာရိပုတ္တရာ အစရှိတဲ့ မဟာသာဝက ရှစ်ကျိပ်ဟာ မိမိတို့ရဲ့ အခြွေအရံ ပရိသတ်နဲ့အတူ သာမဏေ ဆီကို ကြွလာနေကြပါတယ်၊ ခုတင်, ကုလားထိုင်, အိပ်ရာခင်း ဆီမီး, ဆီ စသည်တို့ကို ယူပြီး ခပ်မြန်မြန် ထွက်လာခဲ့ကြပါ"

ဒီလို လိုက်လံ နှိုးဆော်ပါတယ်၊ လူတွေလဲ အဲဒီခဏမှာပဲ ခုတင်စသည်ကို ယူပြီး မထေရ်တွေရဲ့နောက်က လိုက်လာကြပါတယ်၊ မထေရ်တွေနဲ့အတူပဲ ကျောင်းကို ဝင်ရောက်လာကြပါတယ်။

သာမဏေက ရဟန်းသံဃာတော်တွေကို တွေ့ရတော့ မထေရ် ၂-ပါး ၃-ပါး၏ သပိတ်သက်န်းကိုလှမ်းယူပြီး ဝတ်ပြုပါတယ်၊မထေရ်များအတွက် နေရာထိုင်ခင်းကို ပြင်ဆင်နေတုန်း သပိတ်သင်္ကန်းတွေကို နေရာ ချနေတုန်းမှာပဲ မှောင်မိုက်လာပါတယ်၊ မိုးချုပ်လာပါတယ်၊ ဒီတော့ သာရိပုတ္တရာထေရ်က ဒါယကာတွေကို ပြောဆိုပြန်လွှတ် နေပါတယ်။

"ဒါယကာတို့ ပြန်ကြတော့၊ မှောင်မိုက်လာပြီ"

"အရှင်ဘုရား ဒီနေ့ဟာ တရားနာရမဲ့နေ့ပါပဲ၊ တပည့်တော်တို့ မပြန်သေးပါဘူး၊ တရားပဲနာပါတော့မယ်၊ ရှေးရှေးနေ့တွေမှာ တရားစကားကြားနာရမှု မရှိခဲ့ဘူးပါ ဘုရား"

"ဒါဖြင့် ကိုရင်ရေ မီးထွန်းပြီးတော့ တရားနာချိန်ကို ကြေညာလိုက်တော့"

ဒါယကာများ၏ လျှောက်ထားတောင်းဆိုချက်ကိုကြားရတဲ့အခါ ရှင်သာရိပုတ္တရာ မထေရ်မြတ်က သာမဏေကို အမိန့်ရှိလိုက်ပါတယ်၊ သာမဏေကလဲ ဆရာ အမိန့်ရှိတဲ့အတိုင်း အကုန်လုံးကို လုပ်ကိုင် ဆောင်ရွက်ပါတယ်။

"ကိုရင်တိဿရေ ကိုရင့်ဒါယကာတွေက တရားနာချင်တယ်လို့ ပြောဆိုလျှောက်ထားကြတယ်၊ သူတို့ကို တရားချီးမြှင့်စမ်းပါဦး"

ကိစ္စပြီးတဲ့အခါ ရှင်သာရိပုတ္တရာ မထေရ်က အမိန့်ရှိပြန်တယ်၊

"အရှင်ဘုရားတပည့်တော်တို့ရဲ့ ကိုရင်ကလေးဟာ 'ချမ်းသာကြပါစေ ဆင်းရဲလွတ်ကင်းကြပါစေ' ဆိုတဲ့ ဒီ ၂-ပုဒ်ကို ထားပြီး အခြားဘာတရား စကားကိုမှ နားမလည်ပါ၊ ဒီတော့ တပည့်တော်တို့အား အခြားမဟုတ်ထိက တပါးကိုသာ ပေးသနားတော်မူစေလိုပါတယ်"

ရှင်သာရိပုတ္တရာ မထေရ်ရဲ့ အမိန့်ရှိသံကိုကြားရသည့်အခါ ဒါယကာတွေရဲ့ ပါးစပ်ဖျားက တိုင်ပင် ညှိနှိုင်းထားသလို တသံတည်း ထွက်လာပါတယ်၊ သာမဏေကတော့ ရဟန္တာဖြစ်ပြီးတဲ့ နောက်ပိုင်းမှာလဲပဲ ဒါယကာတွေအား တရားမဟောခဲ့ပါဘူး၊ ဒီတော့ သူတို့တတွေက သာမဏေရဲ့ အစွမ်းအစကို ဘယ်လိုလုပ်နားလည် နိုင်တော့မလဲ၊ သူတို့ကိုလဲ အဆိုးမဆိုသာဘူးပေါ့။

ဒါယကာတွေက ဘယ်လိုပင်လျှောက်ထားပေမဲ့ ရှင်သာရိပုတ္တရာမထေရ်က အခြားဓမ္မကထိကကို ပေးတော်မမူပါ၊ ကိုရင်ကိုပဲ ထပ်ပြီးခိုင်းတော်မူပါတယ်။

"ကိုရင်ရေ ဘယ်လိုချမ်းသာတယ်၊ ဘယ်လိုဆင်းရဲ လွတ်ကင်းတယ်ဆိုတဲ့ ဒီ ၂-ပုဒ်ရဲ့ အနက်အဓိပ္ပါယ်ကို ကိုရင်ကိုယ်တိုင် ငါတို့တတွေအား ရှင်းလင်း ဟောပြောရမယ်"

ဆရာရဲ့ အမိန့်ကို ကြားရတဲ့ အခါ သာမဏေက "မှန်လှပါ ဟောပြောပါ့မယ်"လို့လဲ ဝန်ခံပါတယ်၊ ဆန်းကျယ်တဲ့ ယပ်တချောင်းကိုလဲ ကိုင်ဆောင်ပါတယ်၊ တရားဟော ပလ္လင်ပေါ်ကိုလဲ တက်ရောက် ထိုင်နေလိုက်ပါတယ်၊ ပြီးတော့မှ ဘုရားဟော ပါဠိတော် နိကာယ် ၅-ရပ်မှာ လာတဲ့ အနက်အဓိပ္ပါယ်တွေ, အကျိုးတွေ, အကြောင်းတွေကို ထုတ်နုတ်ပြီး သည်းထန်စွာ လေးကျွန်းလုံး နှံ့အောင် ရွာတဲ့ မိုးကြီးလို ခန္ဓာ,အာယတန,ဓာတ်,ဗောဓိပက္ခိယတရားတွေကို တခုပြီးတခု ခွဲစိတ်ဝေဖန်ပြယင်း အရဟတ္တဖိုလ်ကို အထွတ်တင်ပြီး တရားဟောနေပါတော့တယ်။

"အရှင်ဘုရား ဒီလို အရဟတ္တဖိုလ်ကို ရောက်တဲ့သူဟာ ချမ်းသာပါတယ်၊ ဒီ ရဟတ္တဖိုလ်ကို ရောက်တဲ့သူကသာ ဆင်းရဲ လွတ်ကင်းပါတယ်၊ ကျန်တဲ့ လူတွေဟာ ပဋိသန္ဓေနေရခြင်း စတဲ့ ဆင်းရဲတွေကလဲ မလွတ်ကင်းကြပါဘူး၊ ငရဲမှာ ခံစားရတဲ့ ဆင်းရဲ စသည်တို့ကလဲ မလွတ်ကင်းကြပါဘူး"

ပြီးခါနီးမှာ ဒီလို နိဂုံးအုပ်ပြီး တရားကို အဆုံးသတ်လိုက်ပါတယ်။

"ကိုရင်ရေ ကောင်းပါပေ့၊ ကောင်းပါပေ့၊ ကိုရင်ဟာ ဉာဏ်မှာ ထင်လာတဲ့ တရားကို ကောင်းစွာဟောကြားပါပေတယ်၊အခု ဘုရား

ဟော သုတ္တန် ပါဠိတော် တခုလောက် အသံနေ အသံထားနဲ့ (ဌာန်ကရိုဏ်း ကျအောင်) ရွတ်ပြစမ်းပါဦး”

တရားအဆုံးမှာ ရှင်သာရိပုတ္တရာက ဒီလို အမိန့်ရှိပြန်တယ်၊ ကိုရင်က ဆရာအမိန့်ရှိတဲ့အတိုင်း သုတ္တန်တခုကို အသံနေအသံထားနဲ့ (ဌာန် ကရိုဏ်း ကျအောင်)လဲ ရွတ်ဆိုပြပါတယ်၊ အရုဏ်တက်ချိန်မှာ သာမဏေရဲ့ အလုပ်အကျွေး ဒါယကာတွေဟာ ၂-အုပ်စု ကွဲသွားကြပါတော့တယ်။

“တို့ဟာရှေးက ဒီလို ရက်စက်တဲ့ ပုဂ္ဂိုလ်မျိုးကို မတွေ့ဖူးပါဘူး၊ဒီလို တရားကို သိနားလည်ရဲ့သားနဲ့ ဒီမျှလောက် ကာလပတ်လုံး အမေအဖေ အရာမှာထားပြီး လုပ်ကျွေးနေကြတဲ့လူတွေကို ဘာ့ကြောင့် တရား လေး တပုဒ်မှ မဟောရသလဲ”

ဒီလို အချို့လူတွေက သာမဏေအပေါ်မှာ စိတ်ဆိုးကြပါတယ်၊ အမျက် ထွက်ကြပါတယ်။

“တို့တတွေဟာ ဒီလိုအရှင်မြတ်ကို ‘ဂုဏ်ရှိတယ်၊ မရှိဘူး’ဆိုတာကို နားမလည်ပဲ လုပ်ကျွေးလာခဲ့ကြပါတယ်၊ အခုတော့ သူ့ဆီက တရား တော်ကို ကြားနာကြရပါတယ်၊ တို့အတွက် သိပ်အရတော်တာပဲ”

ဒီလို အချို့လူတွေက နှစ်သက် ဝမ်းသာကြပါတယ်၊ ကျေနပ်ကြပါတယ်။

ဘုရားရှင်ကလဲ အဲဒီနေ့အရုဏ် တက်ခါနီးအချိန်မှာ လောကကို ကြည့်ရှု ဆင်ခြင်တော်မူတဲ့အခါ—

“ဝနဝါသီတိဿသာမဏေရဲ့ အလုပ်အကျွေးဒါယကာတွေဟာ အချို့ကတော့ နှစ်သက်ကျေနပ်ကြတယ်၊ အချို့ကတော့ စိတ်ဆိုး အမျက်ထွက်ကြတယ်၊ ငါ့ရဲ့သားတော်ဖြစ်တဲ့ သာမဏေကလေးအား စိတ်ဆိုးအမျက်ထွက်ကြတဲ့ ပုဂ္ဂိုလ်တွေဟာ ငရဲကိုရောက်ကြရလိမ့်မယ်၊ ငါဘုရားဟာ အဲဒီနေရာကို သွားသင့်တယ်၊ ငါဘုရား ကြွသွားလို့ ရှိယင် သူတို့အကုန်လုံး သာမဏေအပေါ်မှာ မေတ္တာစိတ် ထားပြီး ဆင်းရဲဒုက္ခက လွတ်ကြရလိမ့်မယ်”

ဒီအကြောင်းကို တွေ့ရမြင်ရပါတယ်။

တရားပွဲပြီးတဲ့အခါ လူတွေက ရဟန်းသံဃာတော်တွေကို ပင့်ဖိတ်ပြီး ရွာထဲကို ပြန်သွားကြပါတယ်၊ လူစုခွဲပြီး အချို့က မဏ္ဍပ် ဆောက်ကြပါတယ်၊ အချို့က ယာဂု ဆွမ်းစသည်တို့ကို စီမံကြပါတယ်၊ အချို့က နေရာထိုင်ခင်း ခင်းကျင်းစီမံကြပါတယ်၊ ကိစ္စပြီးသွားတဲ့အခါ ရဟန်းတွေကြွလာမည့်လမ်းကို ကြည့်ကာ ရှုကာနဲ့ နေကြပါတယ်။

ရဟန်းတွေကလဲ ကိုယ်လက်သုတ်သင်မှုကိစ္စကို (အခင်းကြီး အခင်းငယ် ကိစ္စကို) ပြုပြီးတဲ့နောက် ဆွမ်းခံချိန်ရောက်လာလို့ ရွာတွင်းကို ဝင်ခါနီးမှာ သာမဏေကို မေးကြပါတယ်။

"ကိုရင်တိဿ ကိုရင်ဟာ တပည့်တော်တို့နဲ့အတူ လိုက်မှာလား၊ ဒါမှ မဟုတ်ယင် နောက်မှ ကြွမှာလား"

"တပည့်တော် သွားနေကျ အချိန်မှာပဲ သွားပါ့မယ်၊ အရှင်ဘုရားတို့သာ ကြွတော်မူနှင့်ကြပါဘုရား"

ကိုရင်ရဲ့ ဖြေဆိုချက်ကို ကြားရတဲ့အခါ ရဟန်းတော်တွေက သပိတ် သင်္ကန်းကိုယူပြီး ရွာထဲကို ဝင်သွားကြပါတယ်။

ဘုရားရှင်ကလဲ ဇေတဝန်ကျောင်းတော်မှာပဲ သင်္ကန်းရုံနေပါတယ်၊ ပြီးတော့ သပိတ်ကိုယူပြီး စိတ္တက္ခဏတချက်တည်းနဲ့ပဲ ကြွလာပါတယ်၊ ("ခဏချင်း တန်ခိုးနဲ့ကြွလာတယ်"လို့ဆိုလိုပါတယ်၊) ရဟန်းတော်တွေရဲ့ရှေ့မှာရပ်နေတော်မူပါတယ်၊ ဒီတော့ "ဘုရားရှင် ကြွလာနေပြီ ဘုရားရှင်ကြွလာနေပြီ"ဆိုပြီး တရွာလုံး ချောက်ချား သွားပါတယ်၊ အုတ်အုတ် ကျက်ကျက် ဖြစ်သွားပါတယ်။

လူတွေကလဲ ပိုပြီးစိတ်တက်ကြွလာကြပါတယ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို အဆင်သင့် ပြင်ဆင်ထားတဲ့နေရာကို ပင့်တင်ပြီး ယာဂုကပ်ကြပါတယ်၊ ပြီးမှ ခဲဖွယ်ဘောဇဉ်တွေကို ဆက်ကပ်ကြပါတယ်။

ဆွမ်းကိစ္စ မပြီးဆုံးသေးမီ အချိန်မှာပင် သာမဏေက ရွာထဲကိုကြွလာပါတယ်၊ ရွာသူရွာသားတွေက ဆွမ်းတွေဟင်းတွေကို ယူလာကြပြီး ရိုရို သေသေ လှူဒါန်းကြပါတယ်၊ ကိုရင်က မျှတရုံခံပြီးတော့ ဘုရားရှင်ဆီကို သွားပါတယ်၊ သပိတ်ကို ဆက်ကပ်ပါတယ်။

ဘုရားရှင်က ''တိဿ ယူခဲ့စမ်း''လို့ မိန့်တော်မူယင်း လက်ကိုဆန့်တန်းပြီး သပိတ်ကိုယူလိုက်ပါတယ်၊ ''သာရိပုတ္တရာ သင့်ကိုရင်ရဲ့ သပိတ်ကို ကြည့်စမ်း'' ဆိုပြီး သာရိပုတ္တရာထေရ်အား ပြတော်မူပါတယ်၊ သာရိပုတ္တရာထေရ်က ဘုရားရှင်လက်ထက်တော်မှ သပိတ်ကိုယူပြီး သာမဏေအား ပေးပါတယ်၊ ''သွားတော့ ကိုယ့်အတွက် ကျရောက်တဲ့နေရာမှာ ထိုင်ပြီး ဆွမ်းဘုဉ်းပေးမှုကို ပြုတော့လို့'' ပြောဆို လွှတ်လိုက်ပါတယ်။

ရှာသူရှာသားတွေက ဘုရားအမှူးရှိတဲ့ သံဃာတော်ကို လုပ်ကျွေးပြီးတဲ့နောက် ဘုရားရှင်ကို ရှိခိုးပြီး အနုမောဒနာတရား တောင်းပန်ကြပါတယ်၊ ဘုရားရှင်က အနုမောဒနာတရား ဟောတော်မူယင်း–

''ဒါယကာတို့ ဒါယကာတို့တတွေဟာ သိပ်အရတော်တာပဲ၊ ဒါယကာတို့ဟာ ကိုယ့်ဆွမ်းခံ ကိုရင်ကို အကြောင်းပြုပြီး သာရိပုတ္တရာ, မောဂ္ဂလာန်, ကဿပ, အနုရုဒ္ဓါ အစရှိတဲ့ မဟာသာဝက ရှစ်ကျပ်တို့ကိုလဲ ဖူးမြော်ခွင့်ရကြတယ်၊ ငါဘုရားဟာလဲပဲ ဒါယကာတို့ရဲ့ ဆွမ်းခံကိုရင်ကိုပဲ အကြောင်းပြုပြီး ကြွလာခဲ့တာပဲ၊ဒါနဲ့ ဘုရားဖူးမြင်ခွင့်ကိုလဲ ဒါယကာတို့ဟာ ဒီကိုရင်ကိုပဲ အကြောင်းပြုပြီး ရလာကြပါတယ်၊ ဒီတော့ ဒါယကာတို့ဟာ ကောင်းကျိုးမင်္ဂလာ အဖြာဖြာကို ရနေကြတာပဲ၊ သိပ်လူဖြစ်ကျိုးနပ်ကြတာပဲ''

ဒီစကားကိုလဲ ထည့်သွင်း မိန့်ကြားတော်မူပါတယ်၊ ဒီတော့ လူတွေက–

''ငါတို့ဟာ သိပ် အရတော်တာပဲ၊ ဘုရားရှင်ကိုရော ရဟန်းသံဃာတော်ကိုရော နှစ်သိမ့်ကျေနပ်စေနိုင်တဲ့ တို့အရှင်မြတ်ကလေးကို ဖူးမြင်ကြရပါတယ်၊ လှူဖွယ်ဝတ္ထုကိုလဲ ပေးလှူခွင့် ရကြပါတယ်''

ဒီလို စဉ်းစား ဆင်ခြင် လာကြပါတယ်၊ သာမဏေအား စိတ်ဆိုးအမျက်ထွက်နေတဲ့လူတွေက နှစ်သက် ကျေနပ်သွားကြပါတယ်၊ နှစ်သက်ကျေနပ်ပြီး လူတွေက အတိုင်းထက်အလွန် ကြည်ညိုလာကြပါတယ်၊ အနုမောဒနာတရားအဆုံးမှာ အများအပြား သောတာပတ္တိဖိုလ် စသည်သို့ ရောက်ကြရပါတယ်။

ဘုရားရှင်က နေရာမှထပြီး ထွက်ကြွလာခဲ့ပါတယ်၊ လူတွေ ဘုရားရှင်ကို လိုက်ပို့ကြပြီး ရှိခိုးပြန်သွားကြပါတယ်၊ ဘုရားရှင်က သာမဏေနဲ့အတူ

ဆက်လက်ကြွတော်မူပါတယ်၊ သာမဏေလေးရဲ့ နေရာဌာနကို ရောက်တဲ့အခါ တောင်ပေါ်ကို တက်တော်မူပါတယ်။

တောင်ပေါ်ကနေပြီး ကြည့်လိုက်တဲ့အခါ မဟာသမုဒ္ဒရာကို တွေ့နေရပါတယ်၊ အဲဒီနေရာမှာပဲ ဘုရားရှင်က သာမဏေကို မေးတော်မူပါတယ်။

"တိဿ တောင်ပေါ်ကရပ်ပြီး ·ဟိုဟိုဒီဒီကြည့်လိုက်တော့ ဘာကို တွေ့ရသလဲ"

"မဟာသမုဒ္ဒရာကို တွေ့ရပါတယ်ဘုရား"

"မဟာသမုဒ္ဒရာကိုတွေ့ရတော့ ဘယ်လို စဉ်းစားကြံစည်မိသလဲ"

"ဒုက္ခရောက်တဲ့အချိန်မှာ ငိုရတဲ့ ငါ့မျက်ရည်ဟာ သမုဒ္ဒရာလေးစင်းမှာရှိတဲ့ရေထက် ပိုများစရာရှိတယ်၊ ဒီလို ကြံစည် စဉ်းစားမိပါတယ်ဘုရား"

"တိဿ ကောင်းပေစွ ကောင်းပေစွ၊ ဒါဟာ ဒီအတိုင်းပါပဲ၊ သင့်စကား မှန်လှပါတယ်၊ သတ္တဝါ တယောက် တယောက်ရဲ့ ဒုက္ခရောက်တဲ့ အချိန်မှာ ယိုစီးထွက်ကျတဲ့ မျက်ရည်တွေဟာ သမုဒ္ဒရာလေးစင်းမှာရှိတဲ့ရေထက် ပိုများနေတာပဲ"

ပြီးတော့ ဘုရားရှင်က သာမဏေကို နောက်ထပ်မေးတော်မူပြန်ပါတယ်။

"တိဿ သင်ဘယ်နေရာမှာ နေသလဲ"

"ဒီတောင်ဝှမ်းထဲမှာ နေပါတယ်ဘုရား"

"ဒီတောင်ဝှမ်းထဲမှာနေတော့ ဘယ်လိုများ ကြံစည်စဉ်းစားမိသေးသလဲ"

"ငါသေလို့ ဒီနေရာမှာ အလောင်းကောင်ကို ပစ်ချရတာဟာ ဘယ်နှစ်ခါရယ်လို့ ရေတွက်ပိုင်းခြားလို့ ရနိုင်စရာမရှိတော့ပါဘူး၊ ဒီလိုပဲ ကြံစည် စဉ်းစားမိပါတယ် ဘုရား"

"တိဿ ကောင်းပေစွ၊ ကောင်းပေစွ၊ ဒါဟာ ဒီအတိုင်းပါပဲ၊ သင့်စကားမှန်ပါတယ်၊ မြေပေါ်မှာ လဲလျောင်းပြီး ဒီသတ္တဝါတွေရဲ့ မသေဘူးတဲ့ အရပ်ဆိုတာ မရှိပါဘူး"

ပြီးတော့ ဘုရားရှင်က သာမဏေကို ဆက်လက်မေးတော်မူပြန်ပါတယ်၊

"တိဿ ဒီတောအုပ်မှာ ကျားသစ်စတဲ့ တောသတ္တဝါတွေရဲ့ အသံကိုကြားရတော့ ကြောက်သလား၊ မကြောက်ဘူးလား"

"မကြောက်ပါ ရှင်တော်မြတ်ဘုရား၊ အမှန်ကတော့ အဲဒီ တောသား သတ္တဝါတွေရဲ့ အသံကို ကြားရတဲ့အခါ တပည့်တော်မှာ 'တော၌ မွေ့လျော် ပျော်ပိုက်မှု' ဆိုတာ ဖြစ်ပေါ်လာပါတယ်"

ဒီလို လျှောက်ထားပြီး ဂါထာ ၆၀-လောက်နဲ့ တော ချီးမွမ်းခန်းဆိုတာ ပြောဆို လျှောက်ထားပြန်တယ်။

ပြီးတော့ ဘုရားရှင်က သူ့ကို 'တိဿ'လို့ ခေါ်တော်မူလိုက်ပြန်တယ်။

"ဘာပါလဲ ဘုရား"

"တို့သွားတော့မယ်၊ သင်လိုက်မလား၊ ပြန်မလား"

"တပည့်တော်ရဲ့ ဥပဇ္ဈာယ်ဆရာက တပည့်တော်ကို ခေါ်လို့ရှိယင် လိုက်ပါ့မယ်၊ ပြန်စေလိုလို့ရှိယင် ပြန်ပါ့မယ် ဘုရား"

ဘုရားရှင်က သံဃာတော်နဲ့အတူ ဖဲခွာထွက်ကြွလာပါတယ်၊ သာမဏေကတော့ ပြန်ဖို့ရန်သာ အလိုဆန္ဒ ပြင်းထန်နေပါတယ်။

ရှင်သာရိပုတ္တရာထေရ်က ဒီအကြောင်းကိုသိနေတော့ "တိဿ ပြန်လိုယင် ပြန်တာပေါ့" လို့ အမိန့်ရှိလိုက်ပါတယ်၊ သာမဏေက ဘုရားရှင်ကိုရော, ရဟန်းသံဃာကိုရော ရှိခိုးပြီး ကိုယ့်နေရာကို ပြန်လာခဲ့ပါတယ်၊ ဘုရားရှင်က ဇေတဝန်ကျောင်းတော်ကိုပဲ ကြွသွားတော်မူပါတယ်။

တနေ့တော့ ရဟန်းတွေက တရားဟော ဓမ္မာရုံမှာ ဒီအကြောင်းနဲ့ စပ်ပြီး ပြောဆိုနေကြပါတယ်။

"ငါ့ရှင်တို့ သိပ်အံ့ဩစရာကောင်းတာပဲ၊ ဝနဝါသီတိဿသာမဏေ ဟာ သိပ်ခဲယဉ်းတဲ့ အလုပ်ကို လုပ်နေတာပဲ၊ ပဋိသန္ဓေတည်နေတဲ့ အချိန်ကစပြီး သူ့ရဲ့ဆွေမျိုးတွေက မင်္ဂလာ ၇-ပါး* လုံးမှာ ရဟန်း တော်ငါးရာတို့အား အင်မတန်ချိုဆိမ့်ကောင်းမွန်တဲ့ နို့ထမင်းကိုလဲ လှူကြပါတယ်၊ ရှင်ပြုပြီးတဲ့အခါမှာလဲပဲ ကျောင်းတိုက်ထဲမှာ ဘုရား အမှူးရှိတဲ့ သံဃာတော်အား ၇-ရက်လုံးလုံး အင်မတန်ချိုဆိမ့် ကောင်းမွန်တဲ့ နို့ထမင်းကိုချည်း ပေးလှူကြပါတယ်၊ ရှင်ပြုပြီးလို့ ရှစ် ရက်မြောက်တဲ့ နေ့မှာ ရွာတွင်းကို ဆွမ်းခံဝင်တော့ ၂-ရက်တည်းမှာပဲ အဝတ်အထည်တထောင်နဲ့ ဆွမ်းတထောင်ကို ရပါတယ်၊ နောက်တနေ့ မှာလဲပဲ ကမ္ဗလာ တထောင်ကို ရပါတယ်၊ ဒီကျောင်းတိုက်မှာနေတဲ့ အချိန်က ဝနဝါသီတိဿသာမဏေကလေးမှာ ဒီလို များပြားတဲ့ လာဘ်ပူဇော်သကာတွေ ဖြစ်ပေါ်လာခဲ့ပါတယ်၊ အခုတော့ ဒီလို သဘောရှိတဲ့ လာဘ်ပူဇော်သကာတွေကို စွန့်လွှတ်ပြီး တောထဲကို ဝင်သွားပါတယ်၊ အရေစရာ အနှောနှောဖြစ်တဲ့ အစာအာဟာရနဲ့ မျှတနေပါတယ်၊ တိဿသာမဏေဟာ ခဲယဉ်းတဲ့အလုပ်ကို အရွယ်နဲ့ မလိုက် လုပ်နိုင်ပါပေတယ်"

ဒီစကားပြီးဆုံးတဲ့အချိန်မှာပဲ ဘုရားရှင် ကြွလာတော် မူပါတယ်၊ "စုဝေး ထိုင်နေပြီး ဘာတွေကို ပြောဆိုနေကြသလဲ"လို့ ဘုရားရှင်ကမေးတော်မူတဲ့ အခါ ရဟန်းတော်တွေကလဲပဲ သူတို့ပြောနေသမျှ စကားကို မခြွင်းမချန် အမှန်အတိုင်း လျှောက်ထားကြပါတယ်။

"ရဟန်းတို့ ဟုတ်ပေတယ်၊ လာဘ်ရကြောင်း အကျင့်ဆိုတာဟာ တမျိုးတခြားပဲ၊ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ဟာ တမျိုးတခြားပဲ၊ ဒါဟာမှန်တယ်၊ 'ဒီလို ကျင့်သုံးလို့ရှိယင် လာဘ်ရလိမ့်မယ်' ဆိုတဲ့ ရည် ရွယ်ချက်မျိုးနဲ့ အရည်ကင်းမှုတင်စသည်ကို ဆောက်တည်တာနဲ့ စပ်ပြီး လာဘ်ရကြောင်း အကျင့်ကို ကျင့်သုံးရတဲ့အတွက် အပါယ်လေး ပါးဟာ အဆင်သင့် တံခါးဖွင့်ပြီး ဖြစ်နေပါတယ်၊ နိဗ္ဗာန်ရကြောင်း အကျင့်ဖြင့် ဖြစ်ပေါ်လာသမျှ လာဘ်ပူဇော်သကာကို ပယ်စွန့်ပြီး တောရဆောက်တည်ဖို့ ကြိုးစားအားထုတ်တဲ့ ရဟန်းကတော့ အရ ဟတ္တဖိုလ်ကို ရယူနိုင်ပါတယ်"

ဒီလို အနုသန္ဓေ ဆက်စပ်ပြီး တရားဆက်လက် ဟောတော်မူပါတယ်၊

"လာဘ်ရကြောင်းအကျင့်ဟာ တမျိုးတခြားပဲ၊ နိဗ္ဗာန်ရကြောင်း အကျင့်ဟာ တမျိုးတခြားပဲ၊ ဒီလို အကျင့် ၂-မျိုး ၂-စားကို ခွဲခြား သိမြင်ပြီး ငါဘုရားရဲ့ တပည့်သားရဟန်းဟာ လာဘ်ပူဇော်သက္ကာကို မနှစ်သက်ရဘူး၊ ဝိဝေက သုံးပါးကိုသာ တိုးပွားစေရမယ်"

ဒါကို နဲနဲ ရှင်းလင်းပြပါဦးမယ်၊ လာဘ်ကို ဖြစ်စေတဲ့ရဟန်းဟာ အနဲနဲ့ အများ အကုသိုလ်အမှုကိုတော့ ပြုရတာပါပဲ၊ ကိုယ်ကောက်ကွေ့မှု စသည် တို့ကို ပြုရတာပါပဲ၊ ဒီစကားမှန်ပါတယ်၊ ကိုယ်ကောက်ကွေ့မှု စသည်တို့ထဲက တခုခုကို ပြုလုပ်တဲ့ အချိန်အခါမျိုးမှာသာ 'လာဘ်'ဆိုတာ ဖြစ်ပေါ်လာတတ် ပါတယ်။

ဥပမာလေးတခု ပြောရပါဦးမယ်၊ နို့ထမင်းခွက်တခုထဲမှာ ကောက်ကွေး မှုကို မပြုလုပ်ပဲ ဖြောင့်ဖြောင့်တန်းတန်းပဲ လက်ကိုထိုးသွင်းပြီးတော့ နှုတ်ယူ လိုက်တဲ့ ပုဂ္ဂိုလ်ရဲ့လက်ဟာ ပေကျံရုံလောက်ပဲ ဖြစ်တတ်ပါတယ်၊ ကောက် ကွေးအောင်လုပ်လို့ ထိုးသွင်းပြီးနှုတ်ယူလိုက်တဲ့ ပုဂ္ဂိုလ်ရဲ့လက်ကတော့ နို့ ထမင်းခဲကို နှုတ်ယူပြီး ထွက်လာမှာပါပဲ။

ဒီသဘောအတိုင်းပါပဲ၊ ကိုယ်ကောက်ကွေ့မှုစသည်တို့ကို ပြုလုပ်တဲ့အခါ မျိုးမှာသာ လာဘ်ဖြစ်ပေါ်လာတတ်ပါတယ်၊ ဒါဟာ တရားနဲ့မလျော်တဲ့ လာဘ်ဖြစ်ကြောင်း အကျင့်မည်ပါတယ်။

"ကိုယ်ခန္ဓာပြည့်ဖြိုး သပ္ပာယ်မှု၊ အချိုးတကျသက်နံ့ဝတ်ရုံမှု၊ အကြားအမြင်များမှု (စာပေတတ်မြောက်မှု)၊ အခြံအရံများမှု၊ တောရပ်ဆောက်တည်မှု"ဒီလိုအကြောင်းတွေကြောင့် ဖြစ်ပေါ်လာတဲ့ လာဘ်ကိုတော့ "တရားနဲ့လျော်ညီတယ်လို့ပဲ"ဆိုရပါတယ်။

နိဗ္ဗာန်ရကြောင်းအကျင့်ကို ဖြည့်ကျင့်တဲ့ရဟန်းဟာ ကိုယ်ကောက်ကွေးမှု စသည်တို့ကို ပယ်သင့်ပါတယ်၊ မကန်းပေမဲ့ ကန်းသလို၊ မအ ပေမဲ့ အ သလို၊ နားမထိုင်းပေမဲ့ ထိုင်းသလို ဖြစ်သင့်ပါတယ်၊ မကောက်ကျစ် မစဉ်းလဲသူ၊ မလှည့်ပတ်တတ်သူ (မိမိအပြစ်ကို မဖုံးကွယ်သူ) ဖြစ်သင့်ပါတယ်။

"လာဘ်ပူဇော်သကာကို မနှစ်သက်ရဘူး" ဆိုတာဟာလဲပဲ "တရားနဲ့ မလျော်တဲ့ ပစ္စည်းလေးပါးဆိုတဲ့ ပူဇော်သကာကို မနှစ်သက်ရဘူး"လို့ ဆိုလိုတာပါ၊ တရားနဲ့လျော်တဲ့ ပစ္စည်းလေးပါးကိုတော့ မတားမြစ်ရပါဘူး။

"ဝိဝေကသုံးပါးကို တိုးပွားစေရမယ်"လို့ ဟောထားတာနဲ့စပ်ပြီး ဝိဝေကသဘောကို နဲနဲပြောပြပါဦးမယ်။

၁။ "ကာယဝိဝေက"ဆိုတာဟာ တဦးတည်းတယောက်တည်း နေတာပါပဲ၊

၂။ "စိတ္တဝိဝေက"ဆိုတာကတော့ သမာပတ် ၈-ပါး (ဈာန် ၉-ပါး) ပါပဲ၊

၃။ "ဥပဓိဝိဝေက"ဆိုတာကတော့ နိဗ္ဗာန်ပါပဲ။

ဒီသုံးမျိုးထဲက ကာယဝိဝေကဟာ အပေါင်းအသင်းတွေနဲ့ ပေါင်းသင်းနေထိုင်ခြင်းကို ပယ်ဖျောက်နိုင်ပါတယ်၊ စိတ္တဝိဝေကဟာ ကိလေသာအပေါင်းအဖော်ကို ပယ်ခွာနိုင်ပါတယ်၊ ဥပဓိဝိဝေကဟာ သင်္ခါရအပေါင်းအဖော်ကို ပယ်ခွာနိုင်ပါတယ်။

ကာယဝိဝေကဟာ စိတ္တဝိဝေကရဲ့ အကြောင်းဖြစ်ပါတယ်၊ စိတ္တဝိဝေကဟာ ဥပဓိဝိဝေကရဲ့ အကြောင်းဖြစ်ပါတယ်၊ "ဒီဝိဝေကသုံးပါးကို တိုးပွားစေရမယ် ပြည့်စုံအောင် ကြိုးစားရမယ်"လို့ ဆိုလိုပါတယ်။

ကိုင်း—ဒီဝနဝါသီတိဿ သာမဏေရဲ့ ဝတ္ထုကို ကောက်ချက်ချပြီး ကြည့်ကြဦးစို့ရဲ့၊ မဟာသေနပုဏ္ဏားဟာ ရှင်သာရိပုတ္တရာအား နို့ထမင်းတခွက်နဲ့ အဝတ်ကြမ်း တပိုင်းကို ပေးလှူခဲ့ပါတယ်၊ အဲဒီပစ္စည်းတွေကို လှူတဲ့အခါမှာ "တပည့်တော်လဲပဲ အရှင်ဘုရားများ သိမြင်ထားတဲ့ တရားမျိုးကိုသာ ရလိုပါတယ်"လို့ ဆုတောင်းခဲ့ပါတယ်၊ အဲဒီဘဝက စုတေတော့ ဝနဝါသီတိဿ သာမဏေဖြစ်လာပါတယ်၊ ရှင်ဖြစ်တယ်ဆိုယင်ပဲ လာဘ်လာဘ ပေါများလိုက်တာ လျှမ်းလျှမ်းတောက်ပါပဲ၊ ဒါပေမယ့် အဲဒီလာဘ်တွေကို ခင်တွယ်မှုမရှိပါဘူး၊ တောကျောင်းသွားနေပါတယ်၊ အရဟတ္တဖိုလ်ကိုရပြီး အဲဒီမှာပဲ ဘဝဇာတ်သိမ်းရပါတယ်။

ဒါဟာ ဆွမ်းလှူတဲ့အကျိုး, အဝတ်သင်္ကန်းလှူတဲ့ အကျိုးပါပဲ၊ ဒီတော့ ယခုခေတ်မှာလဲပဲ ပရိယတ် ပဋိပတ် ကြိုးစားအားထုတ်နေတဲ့ ရဟန်းသာမဏေတွေကို နိဗ္ဗာန်ရည်မှန်းပြီး ဆွမ်းမလောင်းသင့်ဘူးလား၊ အဝတ်သင်္ကန်း မလှူသင့်ဘူးလား။

"လောင်းသင့် လှူသင့်ပါတယ်ဘုရား"

ပရိယတ် ပဋိပတ်ကို ကြိုးစားအားထုတ်နေတဲ့ ရဟန်းသာမဏေတွေဟာ သာသနာ့မျိုးဆက် တွေပါပဲ၊ ဒါကို ပေါ့သေးသေး မထင်ကြပါနဲ့၊ ဒီလို ရဟန်းသာမဏေမျိုးတွေ အဆက်မပြတ် ရှိနေလို့ပဲ ဘုရားရှင် ကိုယ်တော်မြတ်က လေးသင်္ချေနဲ့ ကမ္ဘာတသိန်း ကြိုးစားပြီး တည်ထောင်ထားခဲ့တဲ့ သာသနာတော်ဟာလဲ အဆက်မပြတ် တည်ရှိနေရပါတယ်၊အဲဒီ ရဟန်းသာမဏေမျိုးတွေ အဆက်ပြတ်သွားတဲ့ တနေ့မှာ ဗုဒ္ဓမြတ်စွာ သာသနာတော်ဟာလဲပဲ အဆက် ပြတ် ကွယ်ပျောက်သွားရမှာပါပဲ။

ဒီတော့ "ပရိယတ် ပဋိပတ် ကြိုးစားအားထုတ်နေတဲ့ ရဟန်းသာမဏေတွေကို ဆွမ်းလောင်း အဝတ်သင်္ကန်းလှူတဲ့အတွက် မိမိတို့မှာလဲ မဂ်ဖိုလ်မျိုးစေ့ ဖြစ်လာမယ်၊ သာသနာတော် တည်တံ့အောင် လုပ်ရာလဲရောက်မယ်"လို့ ပြောလိုပါတယ်။

ဝနဝါသီတိဿသာမဏေ ပဋိသန္ဓေတည်နေတဲ့ အချိန်ကစပြီး ၇-နှစ် အတွင်းမှာ—

၁။ ဂဗ္ဘပရိဟရဏမင်္ဂလာ=ကိုယ်ဝန်ဆောင်မင်္ဂလာ၊

၂။ ဇာတမင်္ဂလာ=မွေးနေ့မင်္ဂလာ၊

၃။ နာမကရဏမင်္ဂလာ=အမည်ပေးမင်္ဂလာ၊

၄။ အာဟာရပရိဘောဂမင်္ဂလာ=ထမင်းခွံ့မင်္ဂလာ။

၅။ ကဏ္ဏဝိဇ္ဈနမင်္ဂလာ=နားထွင်းမင်္ဂလာ၊

၆။ ဒုဿဂဟဏမင်္ဂလာ=ပုဆိုးဝတ်မင်္ဂလာ၊

၇။ စူဠာကပ္ပနမင်္ဂလာ=ဥသျှောင်းထုံးမင်္ဂလာ၊ (ဦးစွန်းဖုတ်ပြုပြင်တဲ့ မင်္ဂလာ)။

ဒီမင်္ဂလာတွေကိုလုပ်တာ တွေ့ရမယ်၊ ဒီအထဲမှာ မြန်မာပြည်မှ လုပ်လေ့လုပ်ထရှိတဲ့ ပုခက်တင်မင်္ဂလာ ပါလာတာတော့ မတွေ့ရဘူး။

အဲဒီမင်္ဂလာတွေထဲက ''ဂဗ္ဘပရိဟာရမင်္ဂလာ ဇာတမင်္ဂလာကို အကြိမ်ပေါင်းများစွာ လုပ်တယ်''ဆိုတာကို တွေ့ရပါတယ်၊ ကျန်တဲ့မင်္ဂလာတွေကိုတော့ ဇာတမင်္ဂလာနဲ့ တွဲဖက်ပြီး လုပ်တန်လုပ်ပါလိမ့်မယ်၊ ဒါမှမဟုတ်ယင် သူ့အချိန်အခါနဲ့ ဆီလျော်အောင် လုပ်တန်လုပ်ပါလိမ့်မယ်။

မင်္ဂလာတိုင်း မင်္ဂလာတိုင်းမှာလဲပဲ ရှင်သာရိပုတ္တရာ အမှူးပြုတဲ့ ရဟန်းတော် ၅၀၀-ကို ဆွမ်းကျွေး သီလယူ ဒါတွေကိုပဲ လုပ်တာ တွေ့ရပါတယ်။

အဲဒီမင်္ဂလာတွေထဲက ဂဗ္ဘပရိဟာရဏမင်္ဂလာ, ဇာတမင်္ဂလာတွေကို သီးသန့်လုပ်တဲ့အခါမှာ သံဃာတွေကို ဆွမ်းကျွေး(ကလေးအတွက် အစောင့်အရှောက်ဖြစ်အောင်) သရဏဂုံဆောက်တည် သီလယူ၊ပရိတ်တရားကြားနာ၊ လူပရိသတ်ကို စွမ်းအားအလျောက် ကျွေးမွေးဧည့်ခံ၊ ဒီလောက်လုပ်က သင့်တော်လောက်ပါပြီ၊ ဒီလို ''ကုသိုလ်ကောင်းမှုလုပ်တာကိုပဲ မင်္ဂလာ''လို့ ခေါ်ပါတယ်။

အခြားမင်္ဂလာတွေကို လုပ်တဲ့အခါ ခုနကပြောခဲ့တဲ့ ကိစ္စတွေအပြင် မိမိတို့လုပ်တဲ့ မင်္ဂလာအလိုက် အမည်ပေးမှု ထမင်းခွံ့မှုစတဲ့ ကိစ္စတွေကို တိုးချဲ့လုပ်ပေးရုံမျှသာ ဖြစ်ပါတယ်။

ပြီးတော့ ပဗ္ဗဇ္ဇမင်္ဂလာ(ရှင်ပြုမင်္ဂလာ)ပြုလုပ်တာနဲ့ပတ်သက်ပြီး ဝနဝါသီ·တိဿ သာမဏေအလောင်း ရှင်ပြုခန်းကို ပြန်စဉ်းစားပါ။

> သားကလေးက ရှင်ပြုလိုတဲ့အကြောင်း အမေ့ထံမှာ ခွင့်တောင်းပါတယ်၊ အမေဖြစ်သူက သားကလေးကို ရှင်ပြုပေးဖို့ရန် ရှင်သာရိ·ပုတ္တရာကို လျှောက်ထားပါတယ်၊ ညနေချိန်မှာ သားကလေးကိုခေါ်ပြီး ကျောင်းကိုသွားကြတယ်၊ အမေဖြစ်သူက သားကလေးကို ရှင်သာရိပုတ္တရာအား အပြီးအပိုင် လှူလိုက်ပါတယ်၊ ရှင်သာရိပုတ္တရာက တစပဉ္စက ကမ္မဋ္ဌာန်းကို ပေးပြီး ရှင်ပြုပါတယ်''။

ဒါလောက်ပဲ တွေ့ရပါလိမ့်မယ်၊ ဒါဟာ ဘုရားလက်ထက်က ရှင်ပြုပွဲ၊ အဋ္ဌကထာဆရာတွေက မှတ်တမ်းတင်ထားခဲ့တယ်၊ ဘယ်လောက်လွယ်သလဲ၊ အခုကာလလို အကုသိုလ်ဖြစ်စရာ ဆွာတခုမှ ပါမလာဘူး။

ပြီးတော့မှ အမေ့အဖေတွေက သားရှင်ပြုတာကို ပူဇော်တဲ့အနေနဲ့ ၇-ရက်လုံးလုံး ဘုရားအမှူးရှိတဲ့ သံဃာတော်ကို နို့ဆွမ်း ဆက်ကပ်လှူဒါန်းပါတယ်။

အခုခေတ်မှာလဲပဲ ဒါကို နည်းယူပြီး ရှင်ပြုမင်္ဂလာကို ပြုပြင်သင့်ပါတယ်၊ သိပ်အကျယ်မချဲ့သင့်ပါဘူး၊ အခုတော့ မဟုတ်တဲ့နေရာမှာ အကျယ်ချဲ့နေကြတာက များနေတယ်၊ ဒါတွေဟာ ခေတ်နဲ့လဲ မလျော်တော့ပါဘူး၊ အကျိုးမရှိတဲ့နေရာမှာ အကုန်အကျလဲ မခံသင့်ပါဘူး။

ပဋိသန္ဓေတည်နေတဲ့ကာကအစပြုပြီး ၇-ရက်အတွင်း ကလေးတယောက်အတွက် လုပ်ရိုးလုပ်စဉ် မင်္ဂလာအမျိုးမျိုး၊ အဲဒီ မင်္ဂလာတွေကို ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာနဲ့ ညီညွတ်အောင် လုပ်ထုံးလုပ်နည်း၊ ဒါတွေကို အထိုက်အလျောက် သဘောပေါက်အောင် ဘုန်းကြီး ပြောပြပြီးပါပြီ။

ဒါနဲ့ပဲ အခုလုပ်နေကြတဲ့ မင်္ဂလာအခမ်းအနားတွေဟာ ဘယ်သင်း (ဘယ်ဥစ္စာ)က ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာဟုတ်တယ်၊ ဘယ်သင်း (ဘယ်ဥစ္စာ)က မဟုတ်ဘူးဆိုတာ သိနိုင်လောက်ရောပေါ့၊ သူများလုပ်တာကိုင်တာတွေကိုတော့ ဘုန်းကြီးက မဝေဖန်လိုတော့ပါဘူး။

အခု ဒီမှာ တရားနာနေကြတဲ့ ပရိသတ်အကုန်လုံးဟာ ဒီတရားကို ကြားနာကြရသမျှ ပုဂ္ဂိုလ်တွေဟာ ဗုဒ္ဓဘာသာဝင်တွေရဲ့ ထုံးတမ်းစဉ်လာနဲ့ ကိုက်ညီတဲ့ မင်္ဂလာအမျိုးမျိုးကို ဆတက်ထမ်းပိုး ကြိုးစားပြီး ပြုလုပ်နိုင်ကြပါစေသောဝ်။

သာဓု……သာဓု……သာဓုပါ ဘုရား။

တရားပြီးဆုံးသွားသည့်အခါ မကြည်ဝင်းနှင့် မောင်မျိုးသန့်တို့က တတွတ်တွတ်နဲ့ တီးတိုးတိုင်ပင်နေကြသည်၊ အတော်ကြာမှ မောင်မျိုးသန့်က ဆရာတော် ဦးဓမ္မိကကို လျှောက်ထားသည်။

"ဆရာတော်ဘုရား မကြည်ဝင်းက 'နောက်လပြည့်နေ့တွေမှာ လဲပဲ ယခုလို ဆွမ်းကျွေးတရားနာလိုတယ်'လို့ ပြောနေပါတယ်၊ ဒီတော့ တခါတည်းပဲ ဆရာတော်ဘုရားကို ပင့်ထားပါရစေ၊ လာမယ့် တပို့တွဲ၊ တပေါင်း၊ တန်ခူး၊ ကဆုန်၊ နယုန်-လပြည့်နေ့များ မှာလဲ ဒီနေ့လိုပဲ ကျောင်းရှိ သံဃာကုန် ဆွမ်းဘုန်းပေးကြွတော်မူပါ၊ တရားလဲ ချီးမြှင့်တော်မူပါ"

"မင်းတို့က ဘာတရားတွေများ နာချင်သေးသလဲ"

"ဒီနေ့ ဆရာတော်ဘုရား ဟောကြားတဲ့ တရားတော်ရဲ့ အဆက်ပါပဲဘုရား၊ 'မင်္ဂလာအခမ်းအနားတွေ လုပ်တဲ့အခါမှာ သံဃာတော်ကို ဆွမ်းကျွေး သရဏဂုံဆောက်တည် သီလယူ ပရိတ်နာ လှူပရိသတ်ကို ကျွေးမွေးဧည့်ခံ၊ ဒါတွေကို လုပ်ရမယ်'လို့ ဆရာတော်ဘုရား မိန့်ကြားသွားပါတယ်၊အဲဒီအထဲက ဆွမ်းကျွေးခြင်းရဲ့အကျိုးကတော့ ဝနဝါသီတိဿသာမဏေရဲ့ ဝတ္ထုနဲ့ပဲ ပြည့်စုံလိုက်လောက်ပါတယ်၊ သီလယူတဲ့အခါမှာ 'နမော တဿရယ်၊ သရဏဂုံရယ်၊ သီလရယ်' ဒါတွေ ပါလာပါတယ်၊ ဒီတော့ နမော တဿရဲ့သမိုင်းနဲ့ နမော တဿရဲ့ အကျိုး၊ သရဏဂုံရဲ့အကျိုး၊ ငါးပါးသီလစတဲ့ တရားကို စောင့်ရှောက်ရခြင်းရဲ့ အကျိုး၊ ပရိတ်တရားတော်ရဲ့ တန်ခိုး အာနိသင် ဒါတွေလိုနေပါသေးတယ်၊ဒါတွေကိုလဲ အထိုက်အလျောက် သဘောပေါက်အောင် မိန့်ကြားစေလိုပါတယ်၊ ပြီးတော့ ဝနဝါသီတိဿ သာမဏေဝတ္ထုမှာ ပါမလာတဲ့ ထိမ်းမြားလက်ထပ်မင်္ဂလာ၊ အိမ်တက်မင်္ဂလာ၊ 'သပိတ်သွတ်ဆွမ်းကျွေး' ဆိုတဲ့ ဒုမင်္ဂလာ ဒါတွေကိုလဲ တဆက်တည်း မိန့်ကြားစေလိုပါတယ်"

"အေး-မင်းတို့ဟာက လူတယောက်အတွက် အမေ့ဗိုက်ထဲက စပြီး ခေါင်းထဲ မြေကြီးထဲ ထင်းပုံထဲ ဂူထဲအထိ လုပ်သင့်တဲ့ကိစ္စတွေ ဆိုပါတော့ကွာ"

"မှန်လှပါဘုရား၊ ဒါမှလဲ ပြည့်စုံမှာပါ"

"အေး—ဒါဖြင့် တို့ကလဲ စာကြည့်နိုင်သလောက် ကြည့်ပြီး တကဏ္ဍစီ၊ တကဏ္ဍစီ ပြောပေးသွားပါ့မယ်၊ ဒါနဲ့ မင်းတို့ကို မေးရဦးမယ်၊ မင်းတို့ဟာက နာရှုံတင်လား"

“မဟုတ်ပါဘုရား၊ ဆရာတော်ဘုရား အမိန့်ရှိတဲ့အတိုင်း လိုက်နာကျင့်သုံးမှုကိုလဲ ပြုပါမယ်၊ အပေါင်းအသင်းတွေကိုလဲ လိုက်နာကျင့်သုံးအောင် ညွှန်ကြားပေးပါမယ်၊ ဒီလိုလုပ်ချင်လို့လဲ့ပဲ အသံဖမ်းထားပြီး ဆရာတော်ဘုရားရဲ့ တရားတိတ်ခွေတွေကို အားတဲ့အချိန်မှာ ဖွင့်နားထောင် နေကြပါတယ်၊ ဗောဓိမင်းသား ဝတ္ထုဆိုယင် အလွတ်ရသလောက် ဖြစ်နေပါပြီ၊ ပြီးတော့ ဆရာတော်ဘုရားကို လပြည့်နေ့များမှာ ပင့်ထားတာဟာလဲ့ပဲ ဆရာတော်ဘုရားဟောထားတဲ့အတိုင်း ဂဗ္ဘပရိဟရဏမင်္ဂလာလုပ်ချင်လို့ပါပဲ”

“အေး ဒီလိုဆိုယင်တော့ ‘တို့ပင်ပန်းခံပြီးဟောရကျိုးနပ်တယ်’လို့ဆိုရမှာပဲ၊ ကိုင်း တို့ကလဲ ကျောင်းကို ပြန်လိုက်ဦးမယ်”

နမော တဿ သမိုင်း

ဆရာတော်ဦးဓမ္မိကက ဇာပို့တဲ့လပြည့်နေ့မှာ မောင်မျိုးသန့်တို့ အိမ်ဦးခန်းကို ရောက်နေသည်၊ ထုံးစံအတိုင်း လုပ်စရာကိုင်စရာ ကိစ္စတွေကို ဆောင်ရွက်ပေးပြီးသည့်နောက် တရားဟောရန် အစပျိုးနေသည်။

“မောင်မျိုးသန့်က နမော တဿကို သမိုင်းကြောင်းနဲ့ ချီပြီး ဘာ့ကြောင့် သိချင်တာလဲ၊ ဒါကို အယင် ပြောစမ်းပါဦး”

“တပည့်တော်တို့ စကားပြောတတ်တယ်ဆိုယင်ပဲ အမေနဲ့အဖေကနမော တဿကို လက်ဦးဆုံး သင်ပေးခဲ့ပါတယ်၊ တပည့်တော်တို့ စာသင်ကျောင်းကို ရောက်တဲ့အခါမှာလဲ့ပဲ နမော တဿကိုပဲ စသင်ရပါတယ်၊ ပြီးတော့ ဘာသာရေးဆိုင်ရာ စာအုပ်တွေမှာလဲ့ပဲ နမော တဿကိုပဲ ထိပ်ဆုံးက တွေ့ရပါတယ်၊ သီလယူမှု စသည်တို့ကိုလုပ်တဲ့အခါမှာလဲ့ပဲ ဒီ နမော တဿ မပါယင် မပြီးပါ၊ ‘ဒီလောက်အသုံးများတဲ့ နမော တဿကို နောက်ခံ သမိုင်းကြောင်းပါသိနားလည်သင့်တယ်’လို့ ယူဆကြပါတယ်ဘုရား။

ပြီးတော့ကာ—

'၁။ သာတာဂိရိနတ်မင်းက နမော,
၂။ အသူရိန် နတ်မင်းက တဿ,
၃။ စတုမဟာရာဇ်နတ်မင်းကြီး ၄-ဦးက ဘဂဝတော,
၄။ သိကြားမင်းက အရဟတော,
၅။ ဗြဟ္မာမင်းက သမ္မာသမ္ဗုဒ္ဓဿ၊

ဒီလိုဆိုပြီး အသီးသီး ရှိခိုးကြတယ်၊ ဒါကို စုပေါင်းလိုက်တော့မှ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'လို့ ဖြစ်လာတယ်၊ ဒီလိုလဲ တပည့်တော်များ ကြားဘူးနေပါတယ်၊ 'ဒါဟာ မှန်တယ်, မမှန်ဘူး'ဆိုတာကိုလဲ သိလိုပါတယ်၊ ဒါ့ကြောင့် နမော တဿရဲ့ သမိုင်းကြောင်းကိုပါ ဟောပေးရန် ဆရာတော်ဘုရားကို လျှောက်ထားရခြင်း ဖြစ်ပါတယ်ဘုရား''

လိုရင်းကတော့ ''နမော တဿ''ဆိုတာဟာ ဘုရားရှိခိုးပါပဲကွာ၊ ဒီတော့ ဘုရားရှိခိုးခြင်းဆိုတဲ့ ကောင်းမှုမင်္ဂလာကို ကြိုတင်ပြုလုပ်ပြီးမှ လုပ်လို့ ကိုင်လို့ရှိယင် အန္တရာယ်ကင်းတယ်၊ လုပ်ငန်းကိစ္စတွေ ပြီးပြေချောမောနိုင်တယ်၊ ဒါ့ကြောင့်လဲ ဒီ နမော တဿကို နေရာတိုင်းမှာ ဦးစားပေးထားရတာပါပဲ၊ ဒီလောက်ဆိုယင် နမော တဿဟာ ကိစ္စတိုင်းမှာ မပါယင်မပြီးသလောက် အရာရောက်တဲ့ အကြောင်းကို နားလည် နိုင်လောက်ပါတယ်၊ သမိုင်းကြောင်းကိုတော့ နောက်မှ ပြောပါ့မယ်။

ပြီးတော့ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ ဆိုတာဟာ ၅-ပုဒ်ရှိတဲ့ ဂါထာပါပဲ၊ မြတ်စွာဘုရား သာသနာမှာ လောကီဆန်းကို မင့်တဲ့အတွက် ''၅-ပုဒ်ရှိတဲ့ ဂါထာ''လို့ မှတ်ရမယ်၊ ဒီလို သံယုတ်ဋီကာ (ပ-၂၅၄)မှာ ဆိုထားတာလောက်ပဲ ရှိတယ်၊ နတ်မင်းကြီး ၅-ယောက်က တဦးတပုဒ်ကျ ရှိခိုးတယ်ဆိုတာ ဘယ်ပါဠိတော် အဋ္ဌကထာမှာမှ မပါပါဘူး၊ ပြီးတော့လဲ စဉ်းစားကြည့်ဦးပေါ့၊ တပုဒ်ချင်းအနေနဲ့ ဘယ်ကလာ ဘုရားရှိခိုး ဖြစ်နိုင်မလဲ၊ စကားတရပ်မှ မပြည့်စုံပဲ့ဘဲ၊ ဒီတော့ ဒါဟာ အသင့်ယုတ္တိလို့

မရှိပါဘူး၊ ဒါ့ကြောင့် “ဒီစကားဟာ နောက်ဆရာတို့ ကြံဖန် ရေးသားထားခဲ့တဲ့ စကားလောက်သာ ဖြစ်တယ်”လို့ မှတ်ရမယ်။

ပါဠိတော်တွေထဲမှာ လာတာကတော့“နမော တဿဟာ ဥဒါန်း ကျူးတဲ့ စကားဖြစ်တယ်”လို့ လာပါတယ်၊ ဥဒါန်း ဆိုတာဟာလဲပဲ “ဝမ်းသာလွန်း အားကြီး ကြည်ညိုလွန်း အားကြီးလို့ ဝမ်းထဲမှာ မျိုသိပ်မထားနိုင်ပဲ နှုတ်က(ပါးစပ်က)အန်ထွက်လာတဲ့စကားမျိုး”လို့ အဓိပ္ပါယ်ရတယ်။

ဒီတော့ နမော တဿရဲ့ သမိုင်းကြောင်းကို နားလည်အောင် အဲဒီ နမော တဿနဲ့ ဥဒါန်းကျူးခဲ့တဲ့ ပုဂ္ဂိုလ်တွေရဲ့ အကြောင်းကိုပဲ ပြောပြပါ့မယ်။

“၁။ ပြဟ္မာယုပုဏ္ဏား, ၂။ ဇာဏုသောဏိပုဏ္ဏား,
၃။ ကောသလမင်း, ၄။ ဓနဉ္စာနီအရိယာမ,
၅။ သိကြားမင်း, ၆။ ကာရဏပါလီအမတ်,
၇။ အာရာမဒဏ္ဍပုဏ္ဏား”၊

ဒီလို နမော တဿနဲ့ ဥဒါန်းကျူးသူ ဘုရားဟော ပါဠိတော်မှာ ၇-ယောက်ပဲ တွေ့ရပါတယ်၊ “ဘာ့ကြောင့် ဥဒါန်းကျူးရတယ်” ဆိုတာကိုတော့ သူ့ဝတ္ထုကြောင်းတွေကိုနားထောင်ယင်းနဲ့ပဲ နားလည် သွားပါလိမ့်မယ်၊ အဲဒီ နမော တဿနဲ့ ရှိခိုးတဲ့လူတွေကို အလွယ် မှတ်မိအောင် ကဗျာကလေးတပုဒ် ရွတ်ပြပါ့မယ်။

ပြဟ္မာယု, ဇာဏုသော, ကောသလာ၊
ဓနဉ္စာရိယာမယ်, သက္ကရာဇာ၊
ကာရဏာ, အာရာမဒဏ္ဍော၊
ဤသူတွေ, နမောတဿကို ကျူးရွတ်ပါသော။

၁။ ပြဟ္မာယုပုဏ္ဏား[1]။ ။မြတ်စွာဘုရားဟာ ရဟန်းငါးရာနဲ့အတူ ဝိဒေဟ တိုင်းမှာ ဒေသစာရီ ကြွချီတော် မူနေပါတယ်၊ မြတ်စွာဘုရားရဲ့ ကျော်စောသတင်းဟာလဲပဲ အရပ်လေးမျက်နှာ ပျံ့နှံ့နေ

[1] ၁-မဇ် ပဏ်-ပါ-၃၄၁

ပါတယ်၊ ဒီတော့ ဖြဟ္မာယုပုဏ္ဏားက တပည့်ဖြစ်သူ ဥတ္တရလုလင်ကို ဘုရားဆီ လွှတ်ပြီး ကျော်တဲ့အတိုင်း ဟုတ်မဟုတ် အကဲခတ်လေ့လာ ခိုင်းပါတယ်။

ဥတ္တရလုလင်ကလဲပဲ ဘုရားရှင်နောက်ကို တကောက်ကောက် လိုက်ပြီး အကဲခတ်လေ့လာနေလိုက်တာ ၇-လလောက်ကြာသွားပါတယ်၊ ဘုရားဆီက ပြန်လာပြီးတဲ့နောက် တွေ့ခဲ့ရသမျှဂုဏ်တွေကို ဆရာဖြစ်သူဗြဟ္မာယုပုဏ္ဏားအား ပြန်ပြောပြပါတယ်၊ ပြီးတော့ အရှင်ဂေါတမဟာ ကျွန်တော်ပြောခဲ့တဲ့ ဂုဏ်တွေလောက်တင် မဟုတ်သေးပါ၊ ပြောမကုန်နိုင်လောက်အောင် ဂုဏ် ပေါင်းစုံနဲ့ ပြည့်စုံပါတယ်ဆိုပြီး နိဂုံးအုပ်လိုက်ပါတယ်။

ဒီတော့ ဗြဟ္မာယုပုဏ္ဏားကြီးက ထိုင်ရာကထပြီး အပေါ်ရုံကို လက်က တော့တင်ပါတယ်၊ ဘုရားရှိရာဘက်ကို လက်အုပ်ချီပြီး—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

လို့ သုံးကြိမ်တိုင် ဥဒါန်းကျူးပါတယ်၊ ကိုင်း အဲဒီ နမော တဿရဲ့ အနက် ကိုတော့ ရအောင်လိုက်ဆိုထားကြ၊ ကျဉ်းကျဉ်းလေးပါ ချပေးပါ့မယ်။

အရဟတော—အလှူတော်မွန် အပူဇော်ကို ခံတော်မူထိုက်သော၊

သမ္မာသမ္ဗုဒ္ဓဿ ကိုယ်တိုင်မှန်စွာ လေးသစ္စာကို ကောင်းစွာ သိမြင်တော် မူတတ်သော၊

တဿ ဘဂဝတော—ဘုန်းတော်ခြောက်ပါးသခင် ထိုဘုရားရှင်အား၊

နမော—ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ဘုရား။

၂။ ဇာဏုသောဏိပုဏ္ဏား [၁]။ ။ဘုရားရှင် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော် မှာ သီတင်းသုံးနေချိန် ဖြစ်ပါတယ်၊ ဇာဏု သောဏိပုဏ္ဏားဟာ မွန်းတည့်အချိန်မှာ မြင်းလှည်းစီးပြီး သာဝတ္ထိမြို့က ထွက်လာပါတယ်၊သူ့ရဲ့လှည်းမှာ တကိုယ်လုံးဆွတ်ဆွတ်ဖြူတဲ့ မြင်းမ ၄-ကောင် ကို တပ်ထားပါတယ်၊ လှည်းရောလူပါ အကုန်လုံးအဖြူထည်နဲ့ချည်းပဲ တန်ဆာ ဆင်ထားပါတယ်။

၁။ မူ ပဏ်-ပါ-၂၇၂၊ ဋ္ဌ-၃-၉၀။

အဲဒီအချိန်မှာ ပိလောတိကာပရိဗိုဇ်လဲပဲ ဇေတဝန်ကျောင်းတော်က မြို့ကို ပြန်လာခဲ့ပါတယ်၊ ဇာဏုသောဏိပုဏ္ဏားက ပိလောတိကာပရိဗိုဇ်ကို အဝေးကြီးကပဲ တွေ့နေရပါတယ်၊ အနားကိုရောက်လာတဲ့အခါ မြင်းလှည်းကိုရပ်ပြီး မေးမြန်းစုံစမ်းပါတယ်။

"အရှင်ဝစ္ဆာယန အခုလို မွန်းတည့်အချိန်ကြီးမှာ ဘယ်ကလာခဲ့ပါသလဲ"

(ဝစ္ဆာယန ဆိုတာဟာ ပိလောတိကာပရိဗိုဇ်ကို အနွယ်စွဲပြီးခေါ်လိုက်တာဖြစ်ပါတယ်)။

"ရဟန်းဂေါတမဆီကလာခဲ့တယ် ဒါယကာကြီး"

"အရှင်ဂေါတမရဲ့ ပညာစွမ်းရည်ကို ဘယ်လို ထင်မြင်ပါသလဲ၊ ပညာရှိလို့ထင်ပါသလား"

"ကျုပ်က ဘယ်လိုလူစားမို့ ရဟန်းဂေါတမရဲ့ ပညာစွမ်းရည်ကို သိနိုင်မှာတဲ့လဲ၊ ရဟန်းဂေါတမရဲ့ ပညာစွမ်းရည်လို သိနိုင်တဲ့လူဟာ ရဟန်းဂေါတမလိုလူပဲ ဖြစ်ရပေမပေါ့"

"အရှင်ဝစ္ဆာယနဟာ အရှင်ဂေါတမကို မြတ်တဲ့ချီးမွမ်းခြင်းမျိုးနဲ့ ချီးမွမ်းပါဘိတယ်"

"ကျုပ်က ဘယ်လိုလူစားမို့လို့ ရဟန်းဂေါတမကို ချီးမွမ်းနိုင်မှာတဲ့လဲ၊ ရဟန်းဂေါတမဟာ လောကသူလောကသား အကုန်လုံးတို့က ချီးကျူးရမဲ့ အမြတ်ဆုံးဖြစ်တဲ့ ကိုယ်ပိုင်ဂုဏ်တွေနဲ့ပဲ ချီးမွမ်းထိုက်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်နေပါတယ်၊ သူ့ကို တခြားလူက ချီးမွမ်းနေစရာမလိုပါဘူး၊ ရဟန်းဂေါတမဟာ လူတွေ နတ်တွေထက်လဲ မြတ်တော်မူပါပေတယ်"

"အရှင်ဝစ္ဆာယန ဘယ်အကျိုးအာနိသင်တွေကို (ဘယ်အကြောင်းထူးတွေကို) မြင်လို့ ရဟန်းဂေါတမအပေါ်မှာ အခုလို သိပ်ကြည်ညိုနေရတာလဲ"

"ဉာဏ်ခြေရာလေးခုကို တွေ့ရလို့ပါပဲ"

"ဘယ်လိုဉာဏ်ခြေရာတွေကို တွေ့ရပါသလဲ"

၁။ ဒါယကာကြီး အယူဝါဒရေးရာမှာ အင်မတန်ထက်မြက်တဲ့ အချို့မင်း ပညာရှိတွေဟာ [ရဟန်းဂေါတမအပေါ်မှာ 'အပြစ်တင်ရအောင်'လို့ ပြဿနာအမျိုးမျိုးကို စီရင်ပြီး ရောက်လာတတ်ကြပါတယ်၊ အဲဒီမင်း ပညာရှိတွေဟာ ရဟန်းဂေါတမရဲ့တရားကို ကြားနာရတဲ့ အခါမှာ တရားကျင့်ဖို့ရန်သာ စိတ်အား ထက်သန်လာကြပါတယ်၊ ရှင်လန်း အားတက်လာကြပါတယ်၊ ဒီတော့ ရဟန်းဂေါတမကို ပြဿနာ တောင်မှ မမေးကြတော့ပါဘူး၊ အပြစ်တင်ဖို့ဆိုတာကတော့ ဝေးမပါ သေးရဲ့၊] အမှန်ကတော့ ရဟန်းဂေါတမရဲ့ တပည့်တွေသာ ဖြစ်ကုန် ပါတော့တယ်၊ (ဒါဟာ ပထမညာဏ်ခြေရာပါပဲ)။

၂။ အယူဝါဒရေးရာမှာ အင်မတန်ထက်မြက်ကြတဲ့ အချို့ ပုဏ္ဏားပညာရှိ တွေဟာ [........]အမှန်ကတော့ ရဟန်းဂေါတမရဲ့ တပည့်တွေသာ ဖြစ်ကုန်ပါတော့တယ်၊ (ဒါဟာ ဒုတိယညာဏ်ခြေရာပါပဲ)။

၃။ အယူဝါဒရေးရာမှာ အင်မတန်ထက်မြက်တဲ့ အချို့အိမ်နေသူလူပညာရှိ တွေဟာ [......] အမှန်ကတော့ ရဟန်းဂေါတမရဲ့ တပည့်တွေသာ ဖြစ်ကုန်ပါတော့တယ်၊ (ဒါဟာ တတိယညာဏ်ခြေရာပါပဲ)။

၄။ အယူဝါဒရေးရာမှာ အင်မတန်ထက်မြက်တဲ့ အချို့ [သာသနာ့ပြင်ပ] ရဟန်းပညာရှိတွေဟာ [......] အမှန်ကတော့ ရဟန်းဂေါတမဆီမှာ ရဟန်းပြုခွင့်သာ တောင်းကြပါတော့တယ်၊ ရဟန်းဂေါတမကလဲပဲ သူတို့ကို ရဟန်းပြုပေးလိုက်ပါတယ်၊ သူတို့တတွေဟာလဲပဲ ဆိတ်ငြိမ် ရာကို ကပ်ရောက်ပြီး တရားအားထုတ်ကြပါတယ်၊ အရဟတ္တဖိုလ် ထိအောင် ရသွားကြပါတယ်၊ ရဟန္တာဖြစ်သွားကြပါတယ်။

အဲဒီပုဂ္ဂိုလ်တွေကပဲ တို့ဟာ ဆုံးရှုံးပျက်စီးဖို့ နဲနဲလေးသာလိုတော့ တယ်၊အမှန်ကတော့ တို့တတွေဟာ ရှေးတုန်းကသမဏမဟုတ်ပဲ သမဏ လို့ ဝန်ခံခဲ့ကြတယ်၊ ဗြာဟ္မဏမဟုတ်ပဲ ဗြာဟ္မဏလို့ ဝန်ခံခဲ့ကြတယ်၊ ရဟန္တာမဟုတ်ပဲ ရဟန္တာလို့ဝန်ခံခဲ့ကြတယ်၊ တို့တတွေဟာ အခုမှသာ သမဏအစစ် ဖြစ်ကြပါတယ်၊ ဗြာဟ္မဏအစစ် ဖြစ်ကြပါတယ်၊ ရဟန္တာ အစစ်ဖြစ်ကြပါတယ်၊ ဒီလိုလဲ ဝန်ခံ ပြောဆိုကြပါသေးတယ်၊(ဒါဟာ စတုတ္ထညာဏ်ခြေရာပါပဲ)။

ဒါယကာကြီး "ဆင်တောမှာ နေလေ့ရှိပြီး လိမ္မာကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်ဟာ အလျားရှည်ပြီး အနံကျယ်ပြန့်တဲ့ ဆင်ခြေရာကြီးကို တွေ့ ရတဲ့အခါ ဒီဆင်ဟာ ဆင်ကြီးပါပဲ"လို့ ဆုံးဖြတ်နိုင်ပါတယ်။

အဲဒီအတိုင်းပါပဲ အကျွန်ုပ်ဟာလဲ ရဟန်းဂေါတမရဲ့ ဒိဋ္ဌဏ်ခြေရာ ကြီး လေးခုကို မြင်ရတဲ့အခါကစပြီး "မြတ်စွာဘုရားဟာ တရားဥဿုံ အလုံးစုံကို အကုန်အစင် သိမြင်တော်မူတဲ့ ဘုရားပါပဲ၊ တရားတော် ဟာလဲ ဘုရားက ကောင်းစွာ ဟောထားတဲ့ တရားပါပဲ၊ဘုရားရဲ့ တပည့် သံဃာဟာလဲပဲ ကောင်းစွာကျင့်တဲ့ သံဃာပါပဲ" ဒီလိုဆုံးဖြတ်နိုင်ခဲ့ပါ တယ်။

ဒီလိုပြောလိုက်တဲ့ ပိလောတိကာ ပရိဗိုဇ်ရဲ့ စကားကို ကြားရတဲ့ အခါ ဇာဏုသောဏိ ပုဏ္ဏားဟာ မြင်းလှည်းပေါ်က ဆင်းပါတယ်၊ ပြီးတော့ လက်ဝဲဘက်ပခုံးမှာ ကိုယ်ဝတ်ကို တင်လိုက်ပါတယ်၊ မြတ်စွာ ဘုရား ရှိရာဘက်ကို လက်အုပ်ချီပြီး—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" လို့ သုံးကြိမ် ဥဒါန်းကျူးပါတယ်။

ကိုင်း ဇာဏုသောဏိ ပုဏ္ဏားအကြောင်းပြီးတော့ ကောသလမင်း အကြောင်းကို ဆက်ကြဦးစို့ရဲ့။

၃။ **ကောသလမင်း**[၁]။ ။မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်း တော်မှာ သီတင်းသုံး နေတော်မူပါတယ်၊တနေ့မှာ မျက်စိမျက်နှာတွေကလဲ ပျက်လို့ ဒါယကာတယောက် ဘုရားဆီကို ချဉ်းကပ် ရောက်လာပါတယ်၊ သားသေလို့ ပူဆွေး ငိုကြွေးနေရတဲ့ အကြောင်းကို လျှောက်ထားပါတယ်။

ဒီတော့ ဘုရားရှင်က "ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ် ဆင်းရဲတာ, အပြင်းအထန် ပင်ပန်းရတာတွေဟာ အချစ်ကြောင့် ဖြစ်ရတာပဲ၊ **အချစ်က** စလာတာပဲ"လို့ မိန့်ကြားတော်မူပါတယ်။

၁။ မဇ် ပဏ်-ပါ-၃၀၉။

ဒီတော့ ဒါယကာက "ဘယ်ဟုတ်ပါ့မလဲဘုရား၊ နှစ်သက်တာ, ဝမ်းမြောက်တာတွေကသာ အချစ်ကြောင့် ဖြစ်ရမှာပါ၊ အချစ်က စလာရမှာပါ" လို့ ဘုရားရှင်စကားကို ကန့်ကွက်ပြောဆိုပြီး နေရာက ထသွားပါတယ်။

ဒါယကာက ဒီအကြောင်းကို အဲဒီအနားမှာ ရှိနေကြတဲ့ သူ့မိတ်ဆွေ ကစားသမားတွေကို ပြောပြပါတယ်၊ "ဒါဟာ ဒီအတိုင်း (အမှန်ပဲ)ပေါ့ မိတ်ဆွေရို့၊ နှစ်သက်တာ, ဝမ်းမြောက်တာတွေကသာ အချစ်ကြောင့် ဖြစ်ရမှာပါ၊ အချစ်က စလာရမှာပါ" ဒီလို သူ့ဝါဒကို ထောက်ခံကြပါတယ်။

ဒီစကားဟာ အဆင့်ဆင့် ကျယ်ပြန့်လာပါတယ်၊ ကောသလမင်းကြီးရဲ့ နန်းတော်တွင်းထိအောင် ရောက်သွားပါတယ်၊ ဒီတော့ ကောသလမင်းကြီးက မလ္လိကာ မိဖုရားကို ပြောဆိုပါတယ်။

"နှမတော် နှမတော်ရဲ့ ဆရာဖြစ်တဲ့ ရဟန်းဂေါတမက 'ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ အပြင်းအထန် ပင်ပန်းရတာတွေဟာ အချစ်ကြောင့် ဖြစ်ရတယ်၊ အချစ်က စလာတယ်' လို့ ဟောနေတယ်ဆိုပါလား"

"အရှင်မင်းမြတ် တကယ်လို့သာ ဘုရားရှင်က ဒီအတိုင်းဟောခဲ့ပါလျှင် ဒါဟာ ဒီအတိုင်း (အမှန်)ပဲပေါ့၊ 'ဘုရားဟောစကား လွဲမှားတယ်' လို့ ဘယ်ရှိမလဲ"

မလ္လိကာ မိဖုရား၏ စကားကို ကြားရသည့်အခါ ကောသလမင်းကြီးက သဘောမကျလှဘူး၊ စိတ်ဆိုး အမျက်ထွက်လာပါတော့တယ်။

"တပည့်ကလေးတယောက်ဟာ ဆရာကပြောသမျှစကားကို အမှန်ချည်းပဲလို့ ဝမ်းမြောက်ဝမ်းသာ လက်ခံသလို မလ္လိကာ နင်လဲပဲ ရဟန်းဂေါတမ ပြောသမျှ ဆိုသမျှ စကားကို 'ဒါဟာ ဒီအတိုင်း (အမှန်) ပဲပေါ့' လို့ ဝမ်းမြောက်ဝမ်းသာ လက်ခံနေတာပဲ၊ မလ္လိကာ မင်းဟာ သိပ် မုန်းစရာ ကောင်းတာပဲ၊ သွားတော့ မင်းဟာ ပျက်စီးနေပြီ"

ဒီလို ပြောဆို အော်ငေါက်နေပါတော့တယ်။

မလ္လိကာ မိဖုရားက နာဠိဇင်္ဃပုဏ္ဏားကို ခေါ်ပြီး မြတ်စွာဘုရားအား ဒီအကြောင်းကို လျှောက်ထားခိုင်းပါတယ်၊ "မြတ်စွာဘုရား ပြန်လည်အမိန့်

ရှိသမျှကို မှတ်သားလာခဲ့ပါလို့''လဲ မှာကြားလိုက်ပါတယ်၊ မလ္လိကာ မိဖုရား မှာလိုက်တဲ့အတိုင်း နာဠိဇင်္ဃ ပုဏ္ဏားက ဘုရားရှင်ထံ သွားရောက် လျှောက်ထားပါတယ်။

''ဒါဟာ ဒီအတိုင်း (အမှန်) ပဲပေါ့၊ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းရတာတွေဟာ အချစ်ကြောင့် ဖြစ်ရတာချည်းပါပဲ၊ အချစ်က စလာတာချည်းပါပဲ''

ဘုရားရှင်က ဒီလို ဝန်ခံပါတယ်၊ ပြီးတော့ ''အချစ်ကစပြီး ဘယ်လို ပူဆွေးမှု အစရှိတဲ့ဟာတွေ ဖြစ်လာရတယ်''ဆိုတာကိုလဲ သာဓကတွေထုတ်ပြီး အကျယ် ဟောပြလိုက်ပါတယ်။

''ပုဏ္ဏား ရှေးအခါက သာဝတ္ထိမြို့မှာ နေထိုင်တဲ့ အမျိုးသမီး တယောက်မှာ အမေ သေဆုံးသွားပါတယ်၊ အဲဒီ အမျိုးသမီးဟာ အမေသေဆုံးတဲ့အတွက် အတော် စိတ်ထိခိုက်သွားပါတယ်၊ ရူးသွပ်သွားပါတယ်၊ 'ကျုမအမေကို တွေ့လိုက်ကြပါသလား၊ ကျွန်မအမေကို မြင်လိုက်ကြပါသလား'ဆိုပြီး တလမ်းထွက် တလမ်းဝင် လှည့်ပတ်သွားလာ နေပါတော့တယ်၊ ဒီလို ပူဆွေးရတာဟာ ဘာ့ကြောင့်လဲ၊ အမေကို ချစ်လွန်းတဲ့ အချစ်ကြောင့်ပဲ မဟုတ်လား၊ ဒီတော့ ပူဆွေးရခြင်းရဲ့ အစဟာ အချစ်ဖြစ်တယ်'ဆိုတာ မထင်ရှားဘူးလား''

ဒီလိုလဲ မိန့်တော်မူပါတယ်၊ ပြီးတော့ အဖေသေလို့ ရူးသွားသူ, အစ်ကိုသေလို့ ရူးသွားသူ, နှမသေလို့ ရူသွားသူ, သားသေလို့ရူးသွားသူ, သမီးသေလို့ ရူးသွားသူ, မယားသေလို့ ရူးသွားသူ တွေဟာလဲပဲ အချစ်ကြောင့်ပဲ၊ပူဆွေးရတဲ့ အကြောင်း ပူဆွေးမှုဟာ အချစ်ကပဲ စလာတဲ့အကြောင်းတွေကိုလဲ ဟောပြလိုက်ပါသေးတယ်။

နာဠိဇင်္ဃပုဏ္ဏားကလဲပဲ ဘုရားရှင်အမိန့်ရှိသမျှကို မှတ်သားလာခဲ့ပါတယ်၊ မလ္လိကာမိဖုရားကို အကုန်လုံးပြန်ပြောပြပါတယ်၊ ဒီတော့ မလ္လိကာမိဖုရားက ကောသလမင်းကြီးဆီသွားပြီးပရိယာယ်နဲ့ နားလည်အောင် ရှင်းပြပါတယ်။

''အရှင်မင်းမြတ် ဝဇိရိမင်းသမီးကလေးကို အရှင်မင်းမြတ် ချစ်ရဲ့လား''

"ချစ်တာပေါ့ကွာ၊ ဘယ့်နှယ်ပြောပါလိမ့်၊ ဝဇိရီဟာ ငါ့သမီးကလေးပဲ မဟုတ်လား"

"ဒါဖြင့် တကယ်လို့သာ ဝဇိရီသမီးတော်ကလေး တစုံတရာဖြစ်သွားယင်, သေဆုံးသွားယင် အရှင်မင်းကြီးမှာ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ သိပ်ပင်ပန်းတာတွေ ဖြစ်ဦးမှာလား"

"ဟော့ မလ္လိကာ မင်းဘယ့်နှယ်ပြောလိုက်တာတုန်း၊ ဝဇိရီသမီးတော်ကလေး တစုံတရာဖြစ်သွားယင် ငါ့အသက်တောင် ဆုံးချင်ဆုံးသွားမှာကွာ၊ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာအွေလောက်တော့ ဘယ်မဖြစ်ပဲ နေမှာလဲ"

"အရှင်မင်းမြတ် ဘုရားရှင်က ဒါကိုရည်ရွယ်ပြီး 'ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာတွေဟာ အချစ်ကြောင့် ဖြစ်တယ်၊ အချစ်ကစတယ်' လို့ မိန့်တော်မူတာဖြစ်ပါတယ်။

ထို့နောက် မလ္လိကာမိဖုရားက တဘက်ကို လှည့်မေးပြန်ပါတယ်၊

"ဝါသဘခတ္တိယာကိုကော အရှင်းမင်းမြတ် ချစ်ရဲ့လား"

"မချစ်ပဲ နေပါ့မလားကွာ၊ ငါ့မိဖုရားပဲဟာ"

"ဝိဋူဋ္ဋဘစစ်သူကြီးကိုကော ချစ်တယ်မဟုတ်လား"

"ချစ်တာပေါ့၊ ငါ့စစ်သူကြီးပဲမဟုတ်လား"

"ကျွန်မကိုကော ချစ်ရဲ့လား"

"ချစ်တာပေါ့ကွာ ကိုယ့်မိဖုရားကြီးပဲဟာ၊ မချစ်ပဲနေပါ့မလား"

"ကာသိတိုင်း ကောသလတိုင်းကိုကော ချစ်တယ်မဟုတ်လား"

"ချစ်တာပေါ့ကွာ တို့တတွေဟာ အဲဒီတိုင်းတွေကထွက်တဲ့ အခွန်အတုတ်တွေကို သုံးစွဲနေကြရတာပဲ၊ ဘယ်မချစ်ပဲနေပါ့မလဲ"

"ဒါဖြင့် ဝါသဘခတ္တိယာရယ်, ဝိဋူဋ္ဋဘစစ်သူကြီးရယ်, ကျွန်မရယ်, ကာသိတိုင်း ကောသလတိုင်းရယ် ဒါတွေထဲက တခုခုပျက်စီးသွားယင် အရှင်မင်းမြတ်မှာ ပူဆွေးတာ, ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာတွေ ဖြစ်ဦးမှာလား"

"ဟာ–ဘယ်မဖြစ်ပဲနေမလဲ၊ ဖြစ်မှာပေါ့ကွာ"

"အရှင်မင်းမြတ် ဘုရားရှင်က ဒါကိုရည်ရွယ်ပြီး 'ပူဆွေးတာ ငိုကြွေးတာ, ကိုယ်ဆင်းရဲတာ, စိတ်ဆင်းရဲတာ, သိပ်ပင်ပန်းတာ တွေဟာ အချစ်ကြောင့်ဖြစ်တယ်၊အချစ်က စတယ်'လို့ မိန့်တော်မူတာ ဖြစ်ပါတယ်"

"ဟေ့ မလ္လိကာ တော်တော့၊ ရှေ့ကို မဆက်နဲ့တော့၊ ငါ နား လည်ပြီ၊ သိပ်အံ့ဩစရာကောင်းတာပဲ၊ သိပ် ထူးဆန်းတာပဲ၊ မြတ်စွာ ဘုရားဟာ ပညာနဲ့ ထိုးထွင်းပြီး သိပ်မြင်တော်မူတာပဲ၊ ခပ်မြန်မြန် လာခဲ့စမ်းပါဦး၊ လုပ်ဆေးရေလေး ယူခဲ့စမ်းပါဦး"

ကောသလမင်းကြီးဟာ ဒီလိုပြောဆိုပြီး ပါးစပ်ကို ဆေးကြော သုတ်သင်ပါတယ်၊ နေရာကထပြီး လက်ဝဲတဖက် ပခုံးထက်မှာ ကိုယ် ဝတ်ကိုစံပယ်တင်ပါတယ်၊ ဘုရားရှိရာဘက်ကို လက်အုပ်ချီပြီး—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊" လို့ ၃ ကြိမ်တိုင်တိုင် ဥဒါန်းကျူးရင့်ပါတယ်။

နမော တဿနဲ့ ဥဒါန်းကျူးကြတဲ့ ပုဂ္ဂိုလ် ၇-ဦးထဲက "ဗြဟ္မာယု- ဇာဏု သောဏ ကောသလာ"ဆိုတဲ့အရ ပုဂ္ဂိုလ် ၃-ဦးအကြောင်းပြောပြီးသွားပါပြီ၊ အခု "မနုဋ္ဌာရိယာမငယ်"ဆိုတဲ့ အတိုင်း မနုဋ္ဌာနီအရိယာမအလှည့် ရောက် လာပြီပေါ့၊ ဒီဒါယိကာမဟာ တယ်တော်တယ်၊ တယ်နည်းယူစရာ ကောင်း တယ်၊ အတုခိုးစရာတောင်းတယ်။

၄။ မနုဋ္ဌာနီ [၁]။ ။မြတ်စွာဘုရား ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာ ဘာရ- ဒွါဇ မနုဋ္ဌာနီ ဆိုတဲ့ ပုဏ္ဏားဇနီးမောင်နှံ ၂-ယောက်ရှိနေပါတယ်၊ ဘာရ- ဒွါဇပုဏ္ဏားက ဗြာဟ္မဏ အယူကိုယူသူ ဖြစ်ပါတယ်၊ "ဘုရား,တရား,သံဃာ" ဆိုတဲ့ စကားကို သူ့အနားမှာ ပြောလာလို့ရှိယင် နားကိုပိတ်ထားပါတယ်၊ ဒီလောက် အစွဲအလမ်း ပြင်းထန်တဲ့သူပါပဲ။ မနုဋ္ဌာနီကတော့ သောတာပန် အရိယာမ ဖြစ်ပါတယ်၊ ဘုရား,တရား,သံဃာကို အင်မတန် ကြည်ညိုလေးစား ပါတယ်၊"အသွင်မတူပဲ အိမ်သူဖြစ်နေရတယ်ပဲ"ဆိုပါတော့။

၁။ သံ ပါ-ပ-၁၆၂။ ဋ ၂၀၇။ မဇ် ပဏ်-ပါ-၄၂၄။ ဋ-၃၀၇။

ဘာရဒွါဇပုဏ္ဏားက အလှူအတန်းလုပ်လို့ရှိယင် ပုဏ္ဏား ၅၀၀-ကိုပင့်ဖိတ်ပြီး နို့ထမင်းကို ပေးလှူတတ်ပါတယ်၊ ဓနဉ္စာနီပုဏ္ဏေးမကတော့ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ပင့်ဖိတ်ပြီး ရသာစုံဆွမ်းကို ကပ်လှူတတ်ပါတယ်။

"နို့ရည်၊ ဒိန် (နို့ချဉ်)၊ ထောပတ်၊ ရက်တက်၊ မသကာ"ဆိုတဲ့ နွားနို့အရသာ ၅-မျိုးနဲ့ စီမံချက်ပြုတ်ထားတဲ့ ဆွမ်းမျိုးကို "နို့ဆွမ်း(နို့ထမင်း)" လို့ ခေါ်ပါတယ်၊ "ပဲဟင်း၊ ဟင်းလျာ၊ ဟင်းသီးဟင်းရွက်ဟင်း" အစရှိတာတွေနဲ့ စီမံထားတဲ့ ဆွမ်းမျိုးကိုတော့ "ရသာစုံဆွမ်း"လို့ ခေါ်ပါတယ်၊ ဒါဟာ ပုဏ္ဏားတွေရဲ့ အစားအစာ ၂-မျိုးပါပဲ။

ပုဏ္ဏားက အလှူအတန်းလုပ်တဲ့နေ့မှာ ပုဏ္ဏေးမက ကိုယ်ထိလက်ရောက်လုပ်ကျွေးပြုစုပါတယ်၊ ဒီလိုလုပ်နိုင်တာဟာလဲပဲ လင့်အလိုကို လိုက်လိုတဲ့အတွက်၊ နှမြောတွန့်တိုမှုမရှိတဲ့ အတွက်ကြောင့်ပဲ ဖြစ်ပါတယ်၊ ပုဏ္ဏေးမအလှူအတန်းလုပ်တဲ့နေ့ကျတော့ ပုဏ္ဏားက စောစောစီးစီးအိမ်က ထွက်ပြေးပါတော့တယ်။

တနေ့ကျတော့ ပုဏ္ဏားက ပုဏ္ဏေးမကို မတိုင်ပင်ပဲ ပုဏ္ဏား ၅၀၀-ကို ထမင်းစားဖိတ်ထားပါတယ်၊ နောက်မှ ပုဏ္ဏေးမကို ပြောပါတယ်။

"ရှင်မရေ နက်ဖြန်ခါ ပုဏ္ဏား ၅၀၀- တို့အိမ်မှာ ထမင်းသုံးဆောင်လာကြလိမ့်မယ်"

"ဒါဖြင့် ကျွန်မ ဘာလုပ်ပေးရမှာလဲ ရှင်"

"အခြားလုပ်စရာရယ်လို့တော့ မယ်မယ်ရရ မရှိတော့ပါဘူးကွာ၊ ချက်ရေးပြုတ်ရေး လုပ်ကျွေးတာကို အခြားလူတွေက လုပ်ကြပါလိမ့်မယ်၊ မင်းကတော့ 'ရပ်လို့ရှိယင်လဲ နမော ဗုဒ္ဓဿ၊ ထိုင်လို့ရှိယင်လဲ နမော ဗုဒ္ဓဿ၊ ချေ(ဆတ်)လို့ ရှိယင်လဲ နမော ဗုဒ္ဓဿ၊ ချောင်းဆိုးလို့ရှိယင်လဲ နမော ဗုဒ္ဓဿ၊ ဆိုပြီး ရဟန်းကတုံးကြီးကို ရှိခိုးတတ်ပါတယ်၊ ဒါလေးကိုတော့ နက်ဖြန်တနေ့လောက် မလုပ်စမ်းပါနဲ့၊ ဒီအသံမျိုးကို ကြားရလို့ရှိယင် ပုဏ္ဏားတွေက စိတ်မချမ်းမသာ ဖြစ်တတ်ပါတယ်၊ ကျုပ်ကို ပုဏ္ဏားတွေနဲ့ ကွဲပြားအောင် မလုပ်ပါနဲ့"

၁။ (မ-၂၅၄။)

"ရှင်တို့က ပုဏ္ဏားတွေနဲ့ မကလို နတ်တွေနဲ့ပါ ကွဲချင်ကွဲပေါ့၊ ကျွန်မကတော့ မြတ်စွာဘုရား (ရှဲဂုဏ်တော်) ကို အောက်မေ့မိလို့ရှိယင် ရှိမခိုးပဲ နေကို မနေနိုင်ပါဘူးရှင်"

"ရှင်မရေ အိမ်ခြေတရာရှိတဲ့ ရွာမှာ ရွာတံခါးကိုတောင်မှ ပိတ်နိုင်ကြသေးတာပဲ၊ လက် ၂-ချောင်းကလေးလောက်နဲ့ ပိတ်ရမဲ့ မင်းပါးစပ်ကလေးကို ပုဏ္ဏားတွေကို ကျွေးမွေးညှော်ခံနေတဲ့ ခဏကလေးလောက်မှ မပိတ်နိုင်ဘူးလား"

ဒီလို ထပ်ဖန်တလဲလဲ တောင်းပန်ပြောဆိုပေမဲ့ "နမော ဗုဒ္ဓဿကို မဆိုပဲ နေပါ့မယ်"လို့ ဓနဥ္စာနီ ပုဏ္ဏေးမက ဝန်မခံပါဘူး၊ ဘယ်လိုတားပေမဲ့ ရမယ် မဟုတ်ဘူးလို့ သိရတဲ့အခါ ပုဏ္ဏားက ခေါင်းရင်းမှာထားတဲ့ ဓားကိုဆွဲယူလိုက်ပါတယ်။

"ဟေ့ တကယ်လိုသာ နက်ဖန်ခါ ပုဏ္ဏားတွေ ရှိနေတုန်း အဲဒီရဟန်းကတုံးကြီးကို ရှိခိုးယင် မျှစ်ကို နုပ်နုပ်စဉ်းသလို ဒီဓားနဲ့ ခြေဖျားကစပြီး ဆံဖျားထိအောင် မင်းကိုလဲ နုပ်နုပ်စဉ်းပြီး စုပုံထားလိုက်မယ်"

ဒီလို ကြိမ်းမောင်း ခြိမ်းခြောက် ပါတော့တယ်၊ ဘယ်လိုပဲပြောပြော ဘယ်လိုပဲ လုပ်လုပ် ဓနဥ္စာနီကတော့ မြေကြီးနဲ့သာ အလားတူပါတော့တယ်၊ ဘာမှ တုန်လှုပ်ချောက်ချားမှု မရှိတော့ပါ၊ မြင်းမိုရ်တောင်ကြီးနဲ့လဲ တူပါတယ်၊ ဘာမှ ဗလောင်းဗလဲ ပြောင်းလဲမှု မရှိတော့ပါ။

ဒါ့ကြောင့်—

"ပုဏ္ဏား ရှင်က ကျုပ်ရဲ့ အင်္ဂါကြီးငယ်တွေကို တကယ်ပဲ ဖြတ်ချင်ဖြတ်ပါတော့၊ ဘုရားမြတ်ရဲ့ အဆုံးအမကိုတော့ ကျမက ဘယ်နည်းနဲ့မှ မစွန့်ပယ်နိုင်ပါဘူး၊ ကျွန်မဟာ ဥက္ကာကရာဇ် နွယ်ဖော်စစ်ဖြစ်တဲ့ မြတ်ဘုရားကို မရှောင်ကွင်း မဆန့်ကျင်နိုင်ပါဘူး၊ ကျွန်မဟာ မြတ်ဘုရားရဲ့ သမီးတော်ပါပဲ၊ရှင်က ကျွန်မကို ဖြတ်ချင်လဲဖြတ်၊သတ်ချင်လဲသတ်ပေါ့ ရှင်ရယ်"

ဒီလို ဓနဥ္စာနီက ရင်ကော့ပြီး ရဲရဲတောက် ကြုံးဝါး ပြောဆိုပါတော့တယ်၊ ပုဏ္ဏားက ရိုက်မှာခုတ်မှာကိုမပြောနဲ့ လက်ဖျားနဲ့တောင် မထိရဲပါဘူး။

"ဒါဖြင့်ကွာ မင်းသဘောပါပဲ၊ မင်းကြိုက်သလိုသာ လုပ်တော့" ဆိုပြီး ဓားကို အိပ်ရာပေါ် ပစ်တင်လိုက်ပါတယ်၊ ပုဏ္ဏားက လက်နက်ချ ရပြီပေါ့၊ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ နေရာမှာ တယ်အားကျ နည်းယူစရာကောင်းတဲ့ ဒါယိကာမပါပဲ။

နောက်တနေ့မှာ ပုဏ္ဏား ၅၀၀-တို့အား ကျွေးမွေးညွှေ့ခံမှုကို ပြုပါတယ်၊ ဓနဉ္စာနီကလဲပဲ ဝတ်စားဆင်ယင်ပြီး ထမင်းချက်ရုံမှာပုဏ္ဏားတွေကိုပြုစုလုပ်ကျွေး နေယင်း သူတို့နဲ့တတန်းတည်းမှာထိုင်နေတဲ့လင်ဖြစ်သူ ဘာရဒွါဇအတွက်ထမင်း ခွက်ကလေးကို ယူလာပါတယ်၊ သစ်ပိုင်းကလေးတခုကို ခလုတ်တိုက်မိတော့ ချော်လဲသွားပါတယ်၊ ထိမိခိုက်မိတာနဲ့ အတော်လေး နာသွားပါတယ်၊ အဲဒီ အချိန်မှာမြတ်စွာဘုရားကိုအမှတ်ရလာပါတယ်၊သတိကရှိနေလေတော့နို့ထမင်း ခွက်ကို လွှတ်မပစ်ပဲ ဖြေးဖြေးနှေးနှေး မြေကြီးပေါ်မှာ ချထားလိုက်ပါတယ်၊ ပုဏ္ဏား ၅၀၀-မတွေ့ရဲ့ အလယ်မှာပဲ ခေါင်းပေါ်မှာ လက်အုပ်ကလေးတင်ထား လိုက်ပါတယ်၊ ဝေဠုဝန်ကျောင်းတော် ရှိရာဘက်သို့ လက်အုပ်ကိုညွှတ်စေပြီး—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဒီ ဥဒါန်းကို ၃-ကြိမ် ကျူးလိုက်ပါတယ်၊ ဒီအသံကို ကြားရတော့ ကျီးကို လေးနဲ့ခြောက်လိုက်သလို ပုဏ္ဏားတွေလဲ အကုန်လုံး ထွက်ပြေးကုန်ပါရော။

ဓနဉ္စာနီအကြောင်း ပြီးသွားတော့ ဘယ်လူ့အလှည့် ရောက်လာသလဲ၊ "ဓနဉ္စာ ရိယာမယ်, သက္ကရဇာ"လို့ ဆိုခဲ့တဲ့အတိုင်း သိကြားမင်းအလှည့် ရောက်လာပြီပေါ့၊ ဒီတော့ သိကြားမင်းအကြောင်းကို ဆက်ကြဦးစို့ရဲ့။

၅။ သိကြားမင်း[၁]။ ။တချိန်မှာ မြတ်စွာဘုရားဟာ မဂဓတိုင်း ရာဇဂြိုဟ် မြို့ရဲ့အရှေ့ဘက် အမ္ဗသဏ္ဍမည်တဲ့ ပုဏ္ဏားရွာရဲ့ မြောက် အရပ် ဝေဒိယကတောင် ဣန္ဒသာလဂူမှာ သီတင်းသုံး နေတော်မူပါသည်၊ "ဣန္ဒသာလဂူ"ဆိုတာက အဲဒီဂူရဲ့ အဝင်ဝမှာ နံ့ပပင်ရှိနေတဲ့အတွက်ခေါ်ဝေါ် နေကြတဲ့ အမည်ဖြစ်ပါတယ်။

အဲဒီအချိန်မှာ သိကြားမင်းဟာ ဘုရားရှင်ကို သိပ်ဖူးမြင်လိုပါတယ်၊ ဘုရား ဖူးလိုတဲ့ အာသာဆန္ဒက သူ့မှာ သိပ်ပြင်းထန်နေပါတယ်၊ ဒါနဲ့ ပဥ္စသိခ

၁။ သုတ်မဟာဝါ ပါ-၂၁၁။

နတ်သားကို ရှေ့ဆောင်ပြုပြီး တာဝတိံသာနတ်တွေနဲ့အတူ ဝေဒိယက တောင်ကို ရောက်လာပါတယ်၊ မြတ်စွာဘုရားကို ခွင့်ပန်ရအောင် ပဉ္စသိခ နတ်သားကို အလျင်လွှတ်လိုက်ပါတယ်၊ မြတ်စွာဘုရားရဲ့ ခွင့်ပြုချက်ကို ရတဲ့အခါ သိကြားမင်းက ဣန္ဒသာလဂူကို ဝင်ရောက်လာပါတယ်၊ ဘုရားကိုရှိခိုးပြီး သင့်တော်ရာကနေပါတယ်၊ တာဝတိံသာနတ်တွေနဲ့ ပဉ္စသိခနတ်သားလဲပဲ ဘုရားကို ရှိခိုးပြီး သင့်တော်ရာက နေကြပါတယ်။

သိကြားမင်းက မိမိသိလိုတာတွေကို ဘုရားရှင်အား မေးမြန်းလျှောက်ထားပါတယ်၊ ဘုရားရှင်ကလဲ မေးသမျှကို ရှင်းလင်းပြတ်သား မိန့်ကြားဖြေဆိုတော်မူပါတယ်၊ သိကြားမင်းက နှစ်သက်ကျေနပ်မှု အပြည့်အဝ ရရှိသွားပါတယ်၊

"ရှင်တော်မြတ်ဘုရား တပည့်တော်တို့ဟာ ရှေးအခါတုန်းကတော့ နတ်တွေနဲ့အတူ သနင်္ကုမာရ ဗြဟ္မာမင်းကြီးကို ရှိခိုးခဲ့ကြပါတယ်၊ ယခုအချိန်ကစပြီး ရှင်တော်မြတ်ဘုရားအား ရှိခိုးခွင့်ပေးသနားတော်မူပါ၊ ရှင်တော်မြတ်ဘုရားကသာ တရားအကုန်လုံးကို သိမြင်တော်မူတဲ့ ဗုဒ္ဓအစစ် ဖြစ်တော်မူပါတယ်၊ ရှင်တော်မြတ်ဘုရားကသာ အတုမရှိ မြတ်တော်မူတဲ့ဆရာ ဖြစ်တော်မူပါတယ်။ နတ်နဲ့တကွဖြစ်တဲ့လောကမှာ (လူ့လောက, နတ်လောကမှာ ရှင်တော်မြတ်ဘုရားနဲ့တူတဲ့ ပုဂ္ဂိုလ် တဦးတယောက်မှ ရှိတော်မမူပါဘုရား"

ဒီလိုလဲ ဘုရားရှင်ကို နိဂုံးချုပ်အနေနဲ့ လျှောက်ထားပါတယ်၊ ပြီးတော့ ပဉ္စသိခနတ်သားကို ခေါ်ပြီး အမိန့်ရှိပြန်ပါတယ်။

"အမောင်ပဉ္စသိခ သင်ဟာ ငါ့အတွက် ကျေးဇူးများလှပေတယ်၊ သင်က မြတ်စွာဘုရားကို အလျင် နှစ်သိမ့်စေခဲ့ပါတယ်၊ သင်က နှစ်သိမ့်အောင် လုပ်ပြီးမှ တို့က ဖူးမြော်ချဉ်းကပ်ခွင့် ရကြပါတယ်၊ သင့်ကို အဖရာထူးမှာ ခန့်ထားပါ့မယ်၊ သင်ဟာ ဂန္ဓဗ္ဗနတ်မင်းကြီး ဖြစ်ရပေတော့မယ်၊ သင်က မေ်းမေ်းတက် လိုချင်စွဲမက်နေတဲ့ သူရိယဝစ္စသာ နတ်သမီးကိုလဲ သင့်အား ပေးပါ့မယ်"

ရဒ္ဓအလိုတော်ကျ-၁၉

ပဉ္စသိခနတ်သားအား ဒီလို ကတိပေးပြီးတဲ့နောက် မြေကြီးကို လက်နဲ့ပုတ်ပြီးတော့–

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ"

ဒီလို ဥဒါန်းသုံးကြိမ် ကျူးပါတယ်၊ဒီတော့ တို့ကလဲ မြန်မာလို ဥဒါန်းကျူးကြည့်ကြရအောင် အကုန်လုံး လိုက်ဆိုကြစမ်းပါ–

လူနတ်များရဲ့ ပူဇော်ခံ၊
ကိုယ်တိုင်မှန်သိ လေးသစ္စံ၊
ဘုန်းကံကြီးတဲ့ ဘုရားအား၊
ရှိသေဦးညွှတ်တွား။

ကိုင်း· ကိုင်း တော်လောက်ပါပြီ၊ သိကြား ပြီးသွားတော့ ဘယ်သူ့အလှည့် ရောက်လာပါသလဲ၊ "ဓနဉ္စာရိယာမဟယ် သက္ကရာဇာ၊ ကာရဏာ-အာရာမဒဏ္ဍော"လို့ ဆိုထားတော့ ကာရဏပါလီအမတ်ကြီးအလှည့် ရောက်လာပြီပေါ့၊ "သူက ဘာတွေကို ကြည်ညိုပြီး ဒီလို ဥဒါန်းကျူးရတယ်" ဆိုတာကို သိရအောင် သူ့အကြောင်းကိုလဲ ဆက်လိုက်ကြဦးစို့ရဲ့။

၆။ **ကာရဏပါလီ။**[၁] ။ဘုရားရှင်ဟာ ဝေသာလီပြည် မဟာဝုန်တောကူဋာဂါရသာလာ ကျောင်းတိုက်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာ ကာရဏပါလီပုဏ္ဏားဟာ လစ္ဆဝီမင်းတို့ရဲ့ လုပ်ငန်းကို စီမံနေရပါတယ်။

ကာရဏပါလီပုဏ္ဏားက ပိင်္ဂိယာနိပုဏ္ဏား အဝေးကြီးက လာနေတာကို တွေ့နေရပါတယ်၊ အနီးကို ရောက်လာတဲ့အခါ နှုတ်ခွန်းဆက်သမှုကို ပြုပါတယ်။

"အလို မိတ်ဆွေကြီး ပိင်္ဂိယာနိပါလား၊ မွန်းတည့်အချိန်ကြီးမှာ ဘယ်ကလာပါသလဲ"

"ရဟန်းဂေါတမဆီက လာခဲ့ပါတယ် မိတ်ဆွေ"

၁–အံ ပါ-၃-၂၀၆။

ရဟန်းဂေါတမရဲ့ ပညာစွမ်းဟာ ဘယ်လိုပါလဲ (သူ့ကို) ပညာရှိလို့ ထင်ပါသလား''

''ကျုပ်လိုလူက ရဟန်းဂေါတမရဲ့ ပညာစွမ်းကို ဘယ်လိုလုပ်ပြီး သိနိုင်မှာတဲ့လဲ၊ ရဟန်းဂေါတမလို ပညာထက်မြက်သူကသာ ရဟန်းဂေါတမရဲ့ပညာစွမ်းကို သိနိုင်မှာပေါ့''

''မိတ်ဆွေကြီး ပိင်္ဂိယာနီက ရဟန်းဂေါတမကို သိပ်အထက်တန်းကျတဲ့ ချီးမွမ်းခြင်းမျိုးနဲ့ ချီးမွမ်းနေတာပဲ''

''မိတ်ဆွေ ကျုပ်လိုလူက ရဟန်းဂေါတမကို ဘယ်လိုလုပ်ပြီး ချီးမွမ်းနိုင်မှာတဲ့လဲ၊ အဲဒီ ရဟန်းဂေါတမဆိုတာဟာ တကယ့်ကို ချီးမွမ်းထိုက်တဲ့အတွက် ချီးမွမ်းခံရသူသာ ဖြစ်ပါတယ်၊ နတ်တွေ လူတွေထက်လဲ မြင့်မြတ်အထက်တန်း ကျတော်မူပါတယ်''

''မိတ်ဆွေက ဘယ်လို ကောင်းကျိုးတွေကို တွေ့ထားလို့ ရဟန်းဂေါတမအပေါ်မှာ ဒီလောက် ကြည်ညိုနေရပါသလဲ''

''မိတ်ဆွေ အရှင်ဂေါတမရဲ့ တရားတော်ကို ကြားနာရတဲ့အခါ အခြားသမဏ ဗြာဟ္မဏတွေရဲ့ အယူဝါဒကို မတောင့်တတော့ပါဖူး၊ နှစ်လိုဝမ်းမြောက်မှုကိုလဲ ရပါတယ်၊ စိတ်ကြည်လင်မှုကိုလဲ ရပါတယ်၊ နှစ်သိမ့်မှုကိုလဲ ရပါတယ်၊ ဝမ်းသာမှုကိုလဲ ရပါတယ်၊ စိုးရိမ်ခြင်း, ငိုကြွေးခြင်း, ကိုယ်ဆင်းရဲခြင်း, စိတ်ဆင်းရဲခြင်း, အပြင်းအထန် ပင်ပန်းခြင်းတွေလဲ ချုပ်ပျောက်ခြင်းသို့ ရောက်ရပါတယ်၊ ပူလောင်မှု, ပင်ပန်းမှု, ပူအိုက်မှု အကုန်လုံးတို့ဟာလဲပဲ ငြိမ်းအေးကြရပါတယ်''

ဒီစကားကိုကြားရတဲ့အခါ ကာရဏပါလိပုဏ္ဏားက နေရာကထပြီး အပေါ်ချုံကို လက်ကတော့တင်လိုက်ပါတယ်၊ ပြီးတော့ လက်ျာဘက်ဒူးကို မြေကြီးပေါ်မှာ ထောက်လိုက်ပါတယ်၊ ဘုရားရှင်ရှိရာဘက်ကို လက်အုပ်ချီပြီး—

''နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ''

လို့ ၃-ကြိမ် ဥဒါန်း ကျူးပါတယ်။

ဘုန်းကြီးတို့တ ဒတွေလဲ ဥဒါန်းကျူးကြည့်ကြရအောင် လိုက်ဆိုကြပါဦး၊ ဘုန်းကြီးကပဲ ချပေးပါမယ်။

လူတွေနတ်တွေ—ပြားပြားဝပ်လို့၊ ဦးညွှတ်ရဲခ—ထက်ဝန်းကျင်၊
သစ္စာလေးတန်—မြတ်တရားကို၊ ပိုင်းခြားမြင်သိ—ကိုယ်တိုင်ပင်၊
ဘုန်းတော်ခြောက်စုံ—ဂုဏ်တော်မျိုးတို့၊ စုံပြည့်ဖြိုးတဲ့—ဘုရားရှင်၊
လေးမြတ်ရှိသေ—လွန်မြတ်နိုးလို့၊ ဝပ်လျိုးတုပ်ကွ—ရှိဦးတင်။

ပြီးတော့ နောက်ပိတ်ဆုံးဖြစ်မဲ့ အာရာမဒတ္တပုဏ္ဏားအလှည့် ရောက်လာပါတယ်၊ အစက "ကာရဏာ-အာရာမဒတ္တော"လို့ ဆိုခဲ့တယ် မဟုတ်လား၊ ဒီတော့"သူက ဘာကိုအကြောင်းပြုပြီး ဥဒါန်းကျူးရတဲ့အထိ ကြည်ညိုလာတယ်"ဆိုတာကိုလဲပဲ နားထောင်ကြည့်ပါဦး။

၇။ အာရာမဒတ္တပုဏ္ဏား[၁]။ ။အရှင်မဟာ ကစ္စည်းထေရ်ဟာ ဝရဏာမြို့ ဘဒ္ဒသာရီမြစ်နားမှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာပဲ အာရာမဒတ္တပုဏ္ဏားက မဟာကစ္စည်းထေရ်ထံ ဆည်းကပ်ရောက်လာပါတယ်။

မင်းအချင်းချင်း, ပုဏ္ဏားအချင်းချင်း, အခြားအိမ်နေသူ လူအချင်းချင်း ငြင်းခုံကြရခြင်းရဲ့အကြောင်းကို မေးပါတယ်၊ အရှင်မဟာ ကစ္စည်းထေရ်က "(ကာမဂုဏ် ၅-ပါးကို အကြောင်းပြုပြီးဖြစ်တဲ့) တပ်မက်မှုရာဂရဲ့ ဖမ်းစားဝါးမျိုမှုကို ခံနေကြရတဲ့အတွက် ငြင်းခုံနေကြရတယ်"လို့ ဖြေတော်မူပါတယ်။

ပြီးတော့ ရဟန်းအချင်းချင်း ငြင်းခုံရခြင်းရဲ့အကြောင်းကို မေးပြန်တယ်၊ အရှင်မဟာကစ္စည်းထေရ်က "(မိစ္ဆာဒိဋ္ဌိကိုအကြောင်းပြုပြီးဖြစ်တဲ့တပ်မက်မှု) ရာဂရဲ့ ဖမ်းစားဝါးမျိုမှုကို ခံနေကြရတဲ့အတွက် ငြင်းခုံနေကြရတယ်"လို့ ဖြေတော်မူပါတယ်။

၁။ အံ ပါ-ပ-၆၆။

"ဒီကာမဘုံ, ဒီဌာနတွေ ၂-ပါးရဲ့ ဖမ်းစားဝါးမျိုမှုကို မခံရတဲ့ပုဂ္ဂိုလ် တဦးတလေများ ရှိပါသလား"လို့ မေးပြန်တယ်၊ ရှိတဲ့အကြောင်းကို အရှင် ကစ္စည်းက အမိန့်ရှိပါတယ်။

"ဒါဖြင့် ဘယ်သူဖြစ်ပါသလဲ"လို့ မေးတဲ့အခါ ဟိုအရှေ့ဘက်တိုင်းမှာ "သာဝတ္ထိမြို့" ဆိုတာရှိတယ်၊ အခု အဲဒီမြို့မှာ သီတင်းသုံး နေတော်မူတဲ့ ဘုရားရှင်ဖြစ်တဲ့အကြောင်းကို မဟာကစ္စည်းထေရ်က ပြောတော်မူပါတယ်။

ဒီတော့ အာရုမဒဏ္ဍပုဏ္ဏားက နေရာမှထပြီး အပေါ်ရုံကို လက်က တော့တင်ပါတယ်၊ လကျာဘက်ဒူးကို မြေကြီးပေါ်မှာ ထောက်လိုက်ပါ တယ်၊ ဘုရားရှိတော်မူရာအရပ်ကို လက်အုပ်ချီပြီး—

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊"
လို့ ၃-ကြိမ် ဥဒါန်းကျူးပါတယ်။

တို့လဲ ဥဒါန်းကျူးကြရအောင် လိုက်ဆိုကြဦး။

လွန်ကြည်နူး၊ ပူဇော်ထူးခံထိုက်တန်၊
လေးသစ္စာ—မြတ်တရားကို၊ ပိုင်းခြားသိပြန်၊
ဘုန်းခြောက်တန်၊ အမှန်ပင်ပြည့်ဖြိုး၊
စိတ်ကြည်လင်—ရှင်တော်မြတ်ကို၊ ဦးညွတ်ရှိခိုး။

ဘုရားဟောပါဠိတော်မှာ တွေ့ရတဲ့ နမော တဿနဲ့ ဥဒါန်းကျူးတဲ့ပုဂ္ဂိုလ် ၇-ယောက်အကြောင်းကတော့ ပြည့်စုံသွားပါပြီ၊ ပြီးတော့ အဋ္ဌကထာမှာ လာတဲ့ ပုဂ္ဂိုလ်ဘယောက်ရဲ့အကြောင်းကိုလဲ နဲနဲဆက်ပြောပါဦးမယ်။

မဟာနိဒ္ဒေသ၊ ။ ဒီကမ္ဘာကို မရောက်ခင် ၉၁-ကမ္ဘာထက်မှာ "တိဿ, ဖုဿ" ဆိုတဲ့ ဘုရား ၂-ဆူ ပွင့်တော်မူခဲ့ပါတယ်၊ 'မဟာနိဒ္ဒေသ' ဆိုကာဟာ ဖုဿဘုရားရှင်ရဲ့ ခယ်ည်းတော်ပါပဲ၊ ပြီးတော့ အဲဒီ မဟာနိဒ္ဒေသရဲ့

၁၊ ဓမ္မ ... -၆၄၊

သားငယ်က ပထမအဂ္ဂသာဝက, ပုရောဟိတ်သားက ဒုတိယအဂ္ဂသာဝကဖြစ်လာပါတယ်။

မဟိန္ဒမင်းဟာ ဘုရားဆီကို ရောက်သွားတဲ့အခါ "ငါ့ရဲ့သားကြီးက ဘုရား၊ သားငယ်က ပထမအဂ္ဂသာဝက၊ ပုရောဟိတ်သားက ဒုတိယ အဂ္ဂသာဝက၊" ဒီလို ဘုရားနဲ့ အဂ္ဂသာဝက ၂-ပါးကိုကြည့်ပြီး ပီတိဖြစ်ခဲ့နေပါတယ်။

"မမေဝ ဗုဒ္ဓေါ၊ မမေဝ ဓမ္မော၊ မမေဝ သံဃော၊
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊
ဘုရားကလဲ ငါ့ဥစ္စာ၊ တရားကလဲ ငါ့ဥစ္စာ၊
သံဃာကလဲ ငါ့ဥစ္စာ၊ ပူဇော်ခံထိုက် သိသစ္စာ၊
ဘုန်းတော်ခြောက်ပါး ပြည့်စုံလာ၊ အဲဒီဘုရား ရှိခိုးပါ။"

ဒီလို ဥဒါန်း ၃-ကြိမ် ကျူးပါတယ်။

ဒီဝတ္ထုကြောင်းကို ထောက်လိုက်တော့ "ဒီ နမော တဿ" ဆိုတာဟာ ငါတို့ဘုရားလက်ထက်မှာမှ ပေါ်လာတာမဟုတ်၊ ရှေးရှေး ဘုရားရှင်တွေရဲ့ လက်ထက်ကတည်းက ရှိနေတယ်ဆိုတာ ထင်ရှားပါတယ်။

ပြီးတော့ အဲဒီ နမော တဿနဲ့ ဥဒါန်းကျူးတဲ့ ပုဂ္ဂိုလ်တိုင်းဟာ ၃-ကြိမ် ကျူးတာကိုချည်း တွေ့ရပါတယ်၊ ဒါ့ကြောင့် ယခုကာလ သီလယူကြတဲ့ အခါမှာလဲပဲ လူတွေက ဒါကို နည်းယူပြီး နမော တဿကို ၃-ခေါက်ဆိုနေကြရတာပါ။

နမော တဿနဲ့ ဥဒါန်းကျူးခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေထဲမှာ "ဗြဟ္မာယုပုဏ္ဏား, အာရာမဒဏ္ဍပုဏ္ဏား, ဇာဏုဿောဏိပုဏ္ဏား, ကာရဏပါလီပုဏ္ဏား" ဒီပုဏ္ဏားတွေဟာ အဲဒီခေတ် အဲဒီအချိန်အခါက အင်မတန် အထက်တန်းကျတဲ့ ပုဏ္ဏားတွေပါ၊ တကဲ့ ပညာရှိကြီးတွေပါ၊ ဘုရားရဲ့ ဂုဏ်တော်တွေကို တဆင့်ကြားရတာနဲ့ ဘုရားရှင့်အပေါ်မှာ ဘယ်လောက် ကြည်ညိုသွားသလဲ၊ ပြီးတော့ ကောသလမင်းကိုလဲပဲ တဆင့်ကြားနဲ့ ဘုရားကို ကြည်ညိုသူလို့ပဲ ဆိုရမှာပါ။

သိကြားမင်းနဲ့ ဓနဥ္စာနီ ပုဏ္ဏေးမတို့ကတော့ တရားကို ကိုယ်တိုင်သိမြင်ပြီးတဲ့ အရိယာပုဂ္ဂိုလ်တွေဖြစ်လို့ ဘုရားအပေါ်မှာ ပိုပြီး ကြည်ညိုကြတာပါ။

ဒီတော့ အခုတရားနာနေကြတဲ့ ပုဂ္ဂိုလ်တွေလဲပဲ ''သူတို့ နမော တဿနဲ့ ဥဒါန်းကျူးရလောက်အောင် ကြည်ညိုကြရတဲ့ ဂုဏ်တော်တွေကို အာရုံပြုပြီး ဘုရားကို လေးလေးနက်နက် ကြည်ညိုတတ်အောင် မိရိုးဖလာ ဗုဒ္ဓဘာသာ အဖြစ်က လွတ်ကင်းအောင် ကြိုးစားကြပါ''လို့ ဘုန်းကြီးက သတိပေးလိုပါတယ်။

နမော တဿရဲ့ သမိုင်းကတော့ ဒီလောက်ဆို တော်ရောပေါ့၊ ''နမော တဿရဲ့ အကျိုးကိုလဲ ပြောပေးပါဦး'' ဆိုထားတော့ ဝတ္ထုကြောင်းလေး တခုလောက်ပဲ ပြောပြပါ့မယ်၊ အချိန်ကလဲ သိပ်မရှိတော့ဘူး၊ ပြီးတော့ကာ နောက်ပြောမဲ့ သရဏဂုံရဲ့ အကျိုးထဲမှာလဲပဲ အထိုက်အလျောက် ပါလာဦးမှာပါ၊ ဒီတော့ ''ဒါလောက်နဲ့ပဲ ကျေနပ်ကြပါ''လို့ ဘုန်းကြီးက တောင်းပန်လိုပါတယ်၊ ကိုင်း- ဝတ္ထုကြောင်းလေး စကြစို့ရဲ-

အဆောင်ကောင်း။[၁] ။ရာဇဂြိုဟ်မြို့မှာ ဗုဒ္ဓဘာသာဝင် အိမ်ထောင်စုရဲ့ သားကလေးကတယောက်၊သူ့ကိုတော့'မောင်မှန်' လို့ပဲ ခေါ်ကြစို့ရဲ၊ တိတ္ထိတွေကို ကိုးကွယ်တဲ့ အိမ်ထောင်စုရဲ့ သားကလေးက တယောက်၊ သူ့ကိုတော့ 'မောင်လွဲ'လို့ပဲ ခေါ်ကြပါစို့ရဲ၊ အဲဒီ မောင်မှန်, မောင်လွဲ သူငယ်ချင်း ၂-ယောက်တို့ဟာ အမြဲ ဂေါ်လီပစ်တမ်း ကစားကြပါတယ်။

မောင်မှန်က ဂေါ်လီပစ်တဲ့အခါမှာ ဘုရားဂုဏ်တော်ကို အောက်မေ့ဆင်ခြင်ပြီး ''နမော ဗုဒ္ဓဿ (ဘုရားရှင်အား ရှိခိုးပါတယ်)''လို့ ဆိုပြီးပစ်ပါတယ်၊ မောင်လွဲကတော့ တိတ္ထိတွေရဲ့ဂုဏ်ကို ရည်ညွှန်းပြီး ''နမော အရဟန္တာနံ'' (ရဟန္တာကြီးတွေအား ရှိခိုးပါတယ်)''လို့ ဆိုပြီးပစ်ပါတယ်၊ ပွဲတိုင်းမှာ မောင်မှန်ကချည်း အနိုင်ရနေပါတယ်၊ မောင်လွဲကတော့ ရှုံးလို့ချည်း နေပါတယ်၊ ဒါနဲ့ မောင်လွဲက မောင်မှန်ရဲ့ လုပ်ပုံကိုင်ပုံတွေကို

၁။ ဓံ ၄-၃-၂၀၄။

တွေ့ရတော့ “ဒီအကောင်ဟာ ဒီလို အောက်မေ့လို့ ဒီလို ဆိုပြီး ငေါ်လီပစ်ယင် ငါ့ကို နိုင်တာချည်းပဲ၊ ငါလဲ ဒီလို လုပ်ဦးမှပဲ”လို့ စဉ်းစားပြီး ဘုရားဂုဏ်တော်ပွားများမှုကို လေ့လာနေပါတယ်။

တနေ့မှာ မောင်လွန့်အဖေက လှည်းကိုတပ်ပြီး ထင်းခုတ်ရအောင် တောကို သွားတော့ သားကိုပါ ခေါ်သွားပါတယ်၊ ထင်းတွေကို လှည်းမှာအပြည့် ထင်ပြီး သားအဖနှစ်ယောက် တောထဲက ပြန်လာကြပါတယ်၊ အချိန် စောနေသေးတာနဲ့ မြို့ပြင်ဘက် သုသာန်နားက ရေဆိပ်အနီးမှာ နွားတွေကို လွှတ်ပြီး ကျွေးနေပါတယ်၊ မောင်လွန့်အဖေ ထင်းလှည်းသမားရဲ့ နွားတွေဟာ ညနေဘက်မှာ မြို့တွင်းကိုဝင်တဲ့ နွားအုပ်နဲ့ ရောနှော လိုက်ပါ သွားကြတယ်။

မောင်လွန့်အဖေ ထင်းလှည်းသမားကလဲ နွားတွေနောက်ကို လိုက်ယင်း မြို့ထဲကို ရောက်သွားပါတယ်၊ မိုးချုပ်ခါနီး နွားတွေကို ဖမ်းပြီး မြို့ပြင်ကို ထွက်မယ်လို့ လာတော့ မြို့တံခါးပိတ်ထားတာကို တွေ့ရပါတယ်၊ မြို့ပြင်ကို ထွက်ခွင့်မရတော့ဖူး။

ဒါနဲ့ မောင်လွန့်က ထင်းလှည်းတစီးနဲ့ မြို့ပြင်မှာ တယောက်တည်း ဖြစ်နေပါတော့တယ်၊ မိုးချုပ်လာတော့ လှည်းအောက်မှာပဲ ဝင်အိပ်နေ လိုက်ပါတယ်၊ ဒါနဲ့ အိပ်ပျော်သွားရော၊ ရာဇဂြိုဟ်မြို့ဆိုတာဟာ နဂိုကပဲ အင်မတန် အစိမ်းသူရဲ ပေါတဲ့မြို့ ဖြစ်တယ်၊ ဒီကလေးကလဲ သုသာန်အနီးမှာ အိပ်ပျော်နေပါတယ်။

ဒီတော့ သူ့ကို ဘီလူး ၂-ကောင်က တွေ့သွားပါရော၊ တကောင်က သာသနာ့ရန်သူ မိစ္ဆာအယူရှိတဲ့ ဘီလူးဖြစ်တယ်၊ တကောင်ကတော့ သမ္မာ အယူရှိတဲ့ ဘီလူးပါပဲ၊ မိစ္ဆာဘီလူးက “ဒါဟာ ဘို့အစာပဲ ဒီကလေးကို စားကြစို့ရဲ့”လို့ ပြောပါတယ်၊ သမ္မာဘီလူးက “မတော်ပါဖူးကွာ မစားချင် စမ်းပါနဲ့”ဆိုပြီး တားပါတယ် ဘယ်လိုပဲတားတား မိစ္ဆာဘီလူးက နားမ ထောင်ပါဖူး၊ ကလေးခြေထောက်ကို ကိုင်ပြီး ဆွဲယူလိုက်ပါတယ်။

ဘီလူးအဆွဲခံနေရတဲ့ မောင်လွန့်ကလေးဟာ ဘုရားဂုဏ်တော်ပွားများမှုကို လေ့လာထားတဲ့အတွက် အဲဒီ ခဏမှာပဲ “နမော ဗုဒ္ဓဿ (ဘုရားကို ရှိခိုး

ပါတယ်)''လို့ ဆိုလိုက်ပါတယ်၊ ဘီလူးက သိပ်ကြောက်လန့်သွားပါတယ်၊ ကျဉ်စက်နဲ့ တို့လိုက်သလို ဖြစ်သွားပါတယ်၊ နောက်ဆုတ်ပြီး ရပ်နေပါတယ်၊ အဲဒီအချိန်မှာ ''သမ္မာဘီလူးက တို့ မလုပ်သင့်တာကို လုပ်မိပြီ ဒီအတွက် ဒဏ်ထမ်းမှုကို ပြုကြဦးမှပဲ''ဆိုပြီး ကလေးကို စောင့်ရှောက်ယင်း ရပ်နေပါတယ်။

မိစ္ဆာဘီလူးကတော့ မြို့တွင်းကို ဝင်သွားပါတယ်၊ ဘုရင့်စားတော်ခွက်မှာ စားစရာအပြည့် ထည့်ယူလာပါတယ်၊ ဘီလူး ၂-ကောင်က အမေအဖေအသွင် ဖန်ဆင်းပြီး မောင်လွန်ကလေးကို ကျွေးမွေးကြပါတယ်၊ ပြီးတော့ ဖြစ်သမျှ အကြောင်းစုံကို ဘီလူးတို့ရဲ့ တန်းခိုးနဲ့ ဘုရင့်စားတော်ခွက်မှာ ရေးပါတယ်၊ ''ဒီစာတွေကို ရှင်ဘုရင် တဦးတည်းသာ မြင်ပါစေ၊ အခြား ဘယ်သူမှ မမြင်ပါစေနဲ့'' ဒီလို အဓိဋ္ဌာန်ပြုကြပါတယ်၊ ပြီးတော့ ရွှေခွက်ကို လှည်းပေါ်မှာ ပစ်တင်ထားလိုက်ပါတယ်၊ မောင်လွန်ကလေးကို တညဥ့်လုံးစောင့်ရှောက်ကြပြီး လင်းခါနီးမှ ထွက်သွားကြပါတယ်။

နောက်တနေ့မှာ ''နန်းတော်ထဲက ဘုရင့်စားတော်ခွက် အခိုးခံရတယ်'' ဆိုပြီး အုတ်အုတ်ကျက်ကျက် ဖြစ်လာပါတယ်၊ မြို့တံခါးတွေကို ပိတ်ပြီး ရှာကြပါတယ်၊ မြို့တွင်းမှာမတွေ့ရတော့ မြို့ပြင်ထွက်ပြီး ဟိုဟိုဒီဒီ လိုက်ရှာကြပြန်တယ်၊ ထင်းလှည်းပေါ်မှာ ရွှေခွက်ကို သွားတွေ့တော့ ''သူခိုးကို ခိုးရာပါပစ္စည်းနဲ့အတူ မိပြီ''ဆိုပြီး ကလေးရော ရွှေခွက်ပါ ဘုရင်မင်းမြတ်ထံ အပ်ကြပါတယ်။

ဘုရင်မင်းမြတ်က ရွှေခွက်ကစာကိုဖတ်ကြည့်ပြီး ''ဟေ့ ကလေး ဒီကိစ္စဟာ ဘယ်လိုဖြစ်တာလဲ''လို့ မေးပါတယ်၊ ဒီတော့ မောင်လွန်ကလေးက—

> ''အရှင်မင်းမြတ် ကျွန်တော်လဲ ဘာမှမသိပါ၊ အမေအဖေတွေက လာပြီး ညတုန်းက ကျွန်တော့်ကို ထမင်း ကျွေးကြပါတယ်၊ တညလုံး စောင့်ရှောက် နေကြပါတယ်၊ ကျွန်တော်ကလဲ အမေနဲ့အဖေ ငါ့ကို စောင့်ရှောက် နေကြတာပဲ ဆိုပြီး မကြောက်မလန့် အိပ်ပျော်နေပါတယ်၊ ဒါလောက်ပဲ ကျွန်တော်က သိပါတယ်''

ဒီလို ပြောကြားလိုက်ပါတယ်၊ သားအဖမ်းခံရတဲ့အကြောင်းကို ကြားသိရတော့ အမေအဖေတွေလဲ သားကလေးရှိရာ လိုက်လာကြပါတယ်။

ဘုရင်မင်းမြတ်က အဖြစ်စုံကို နားလည်ထားလေတော့ မောင်လွန်ရယ်, သူ့အမေရယ် သူ့အဖေရယ် ၃-ယောက်လုံးကို ခေါ်ပြီး ဘုရားဆီကို သွားပါတယ်၊ အဖြစ်စုံကို လျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ဗုဒ္ဓါနုဿတိ တခုတည်းကသာ အစောင့်အရှောက် ဖြစ်နိုင်ပါသလား၊ သို့မဟုတ် ဓမ္မာနုဿတိစတဲ့ တရားတွေဟာလဲပဲ အစောင့်အရှောက် ဖြစ်နိုင်ပါသလား"

ဒီလိုလဲပဲ လျှောက်ထားပါတယ်၊ ဒီတော့ ဘုရားရှင်က—

"မဟာရာဇာ ဗုဒ္ဓါနုဿတိတခုတည်းကသာ စောင့်ရှောက်နိုင်တာ မဟုတ်ပါဖူး၊ နည်း ၆-မျိုးနဲ့ စိတ်ကို ကောင်းကောင်း ပွားများထားတဲ့ ပုဂ္ဂိုလ်အတွက် 'အခြားအစောင့်အရှောက်တွေ' အဆောင်တွေဆိုတာ မလိုပါဘူး 'ဆေးဝါးမန္တရားတွေ'ဆိုတာလဲမလိုပါဘူး"

ဒီလို မိန့်တော်မူပြီး နည်း ၆-မျိုးကို ဆက်လက် ဟောတော်မူပါတယ်။

၁။ နေ့ရော ညဥ့်ပါ ဘုရားဂုဏ်ကို အာရုံ ပြုပြီးဖြစ်တဲ့ သတိရှိသူ ဘုရားတပည့်သားဟာ အခါခပ်သိမ်း ကောင်းစွာ နိုးကြားရပါတယ်။ (ဗုဒ္ဓါနုဿတိ)

၂။ နေ့ရော ညဥ့်ပါ တရားဂုဏ်ကို အာရုံ ပြုပြီးဖြစ်တဲ့ သတိရှိသူ ဘုရားတပည့်သားဟာ အခါခပ်သိမ်း ကောင်းစွာ နိုးကြားရပါတယ်။ (ဓမ္မာနုဿတိ)

၃။ နေ့ရော ညဥ့်ပါ သံဃာဂုဏ်ကို အာရုံ ပြုပြီးဖြစ်တဲ့ သတိရှိသူ ဘုရားတပည့်သားဟာ အခါအခပ်သိမ်း ကောင်းစွာ နိုးကြားရပါတယ်၊ (သံဃာနုဿတိ)

၄။ နေ့ရောညဥ့်ပါ ၃၂-ကောဋ္ဌာသကို အာရုံ ပြုပြီးဖြစ်တဲ့ သတိရှိသူ ဘုရားတပည့်သားဟာ အခါခပ်သိမ်းကောင်းစွာ နိုးကြားရပါတယ်။ (ကာယဂတာသတိ)

၅။ နေ့ရောညဥ့်ပါ မညှဥ်းဆဲမှု ကရုဏာ ဘာဝနာမှာ မွေ့လျော်စိတ်ရှိသူ ဘုရား တပည့်သားဟာ အခါခပ်သိမ်း ကောင်းစွာ နိုးကြားရပါတယ်၊ (ကရုဏာဘာဝနာ)

၆။ အခါခပ်သိမ်း မေတ္တာ ဘာဝနာမှာ မွေ့လျော်စိတ် ရှိသူ ဘုရား တပည့်သားဟာ အခါခပ်သိမ်း ကောင်းစွာ နိုးကြားရပါတယ်၊ (မေတ္တာဘာဝနာ)

"ဒီတရားတွေကို မှတ်မိသွားအောင် လိုက်ဆိုကြပါဦး"

၁။ ဘုရားမြတ်ဂုဏ်- အာရုံညွတ်လို့၊ မပြတ်မလပ်- အောက်မေ့လျှင်၊
အမြဲတမ်းသာ ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး- အကျိုးထင်။

၂။ တရားမြတ်ဂုဏ်- အာရုံညွတ်လို့၊ မပြတ်မလပ် အောက်မေ့လျှင်၊
အမြဲတမ်းသာ- ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး- အကျိုးထင်။

၃။ သံဃာမြတ်ဂုဏ်—အာရုံညွတ်လို့၊မပြတ်မလပ်-အောက်မေ့လျှင်၊
အမြဲတမ်းသာ — ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး-အကျိုးထင်။

၄။ သုံးဆယ့်နှစ်ဖြာ—ကောဋ္ဌာသကို၊ မြဲစွာနေ့ည-အောက်မေ့လျှင်၊
အမြဲတမ်းသာ—ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး-အကျိုးထင်။

၅။ ညှဥ်းဆဲကင်းကွာ–ကြင်နာတတ်တဲ့၊စိတ်ကောင်း စိတ်မြတ်-မွေ့မြူလျှင်၊
အမြဲတမ်းသာ—ကောင်းစွာနိုးလို့၊ ကြီးမားဖွံ့ဖြိုး-အကျိုးထင်။

၆။ ခပ်သိမ်းသတ္တဝါ—ချမ်းသာကြဖို့၊ မေတ္တာပို့သ-နေပါလျှင်၊
အမြဲတမ်းသာ—ကောင်းစွာနိုးလို့၊ ကြီးကျယ်ဖွံ့ဖြိုး-အကျိုးထင်။

ဒီနေ့တရားကတော့ ဂုဏ်တော်တွေနဲ့ ပတ်သက်နေလေတော့ နိဂုံးအုပ်တဲ့ အခါမှာလဲပဲ ဘုရားဂုဏ်တော်, တရားဂုဏ်တော်, သံဃာဂုဏ်တော်,သာသနာတော်ရဲ့ ပြည့်စုံပုံတွေကို ရှိခိုးပြီး နိဂုံးအုပ်ကြစို့ရဲ့။

ဘုရားဂုဏ်တော် ၉-ပါး

၁။ **အရဟံ**။ ။ကိလေသမာရ်, ကိုယ်တွင်းရန်ကို, လေးတန်သောမဂ်, ဉာဏ်လက်နက်ဖြင့်, ပယ်ဖျက်သုတ်သင်, အောင်ပွဲဆင်တတ်, ရှင်တော်မြတ်... တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်လင်ကြိမ်ကြိမ်, ရှိခိုးနှိမ်သည်... နာမ်အိမ်မြတ်ဂုဏ် ထုံစေသော်။

၂။ **သမ္မာသမ္ဗုဒ္ဓေါ**။ ။သိသင့်သိရန်, တရားမှန်လျှင်, ဖောက်ပြန်မရှိ, ကိုယ်တိုင်သိတတ်, ဘုရားမြတ်....တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိခိုးနှိမ်သည်... နာမ်အိမ်မြတ်ဂုဏ် ထုံစေသော်။

၃။ **ဝိဇ္ဇာစရဏ သမ္ပန္နော**။ ။ခြေတောင်ပံလား, ကျင့်ဆယ့်ငါးတည်း၊ နှုတ်ဖျားအသွင်, သုံးအင်ရှစ်ဖြာ, ဉာဏ်ဝိဇ္ဇာနှင့်, ကောင်းစွာပြည့်တတ်, ရှင်တော်မြတ် တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိခိုးနှိမ်သည်... နာမ်အိမ်မြတ်ဂုဏ် ထုံစေသော်။

၄။ **သုဂတော**။ ။ထုထည်ကြီးစွာ, ဖြည့်ဆည်းလာသည့်, ပါရမီမျိုး, ရွာသည့်မိုးသို့, ဖွံ့ဖြိုးဆုံးပယ်, ကျိုးပေးကြွယ်၍, တင့်တယ်ကောင်းမွန်, မြတ်နိဗ္ဗာန်သို့, ဖြောင့်မှန်ရောက်ကတတ်, ရှင်တော်မြတ်...တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိခိုးနှိမ်သည်....နာမ်အိမ်မြတ်ဂုဏ် ထုံစေသော်။

၅။ **လောကဝိဒူ**။ ။သတ္တဝါအစု, ဘုံအနန္တ, သင်္ခါရဟု, လောကသုံးပုံ, အလုံးစုံကို, အကုန်အစင်, သိမြင်ပေတတ်, ရှင်တော်မြတ်....တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိခိုးနှိမ်သည်.... နာမ်အိမ်မြတ်ဂုဏ် ထုံစေသော်။

၆။ **အနုတ္တရောပုရိသ ဓမ္မသာရထိ**။ ။ယဉ်ကျေး အောင်ပြု, ဆုံးမမှု၌, သူထက် ထူးချွန်, လွန်မြတ်မွန်၍, အားခွန်မာန်တက်, ဆုံးမခက်သည့်, ရက်စက်ယုတ်မာ, သတ္တဝါကို, မေတ္တာရှေ့သွား, တုတ်ခါးမပြု, တရားချ၍, မာန်ကျလုံးလုံး, ကိစ္စတုံးအောင်, ဆုံးမ

ပေးတတ်, ရှင်တော်မြတ်....တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ် ရှိဦးနှိမ်သည်... နာမ်အိမ်မြတ်ဂုဏ် ထုံစေသော၀်။

၇။ **သတ္တာဒေဝမနုဿာနံ။** ။လူနတ်ပြဟ္မာ, သတ္တဝါကို, ချမ်းသာသုခ, ခံစံရအောင်, ဆုံးမပဲ့ပြင်, သွန်သင်ပေးတတ်, ရှင်တော်မြတ်....တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိဦးနှိမ်သည်... နာမ်အိမ်မြတ်ဂုဏ် ထုံစေသော၀်။

၈။ ဗုဒ္ဓေါ။ ။ဒုက္ခအစု, ဖြစ်ရမှုကား, သမုဒယ, ကြောင်းမှုစ၏, ဒုက္ခချုပ်ရာ, ရောက်လိုပါမူ, ရှစ်ဖြာမဂ်ကို, ပွားရန်လိုဟု, ကိုယ်လည်းသိမြင်, သူလည်းမြင်အောင်, လင်းရောင်ပေးတတ်, ရှင်တော်မြတ်...တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိဦးနှိမ်သည်....နာမ်အိမ်မြတ်ဂုဏ် ထုံစေသော၀်။

၉။ ဘဂဝါ။ ။ဣဿရိယာ, အစလာသား, ခြောက်ဖြာဘုန်းမျိုး, ပြည့်စုံဖြိုး၍, မြေမိုးရပ်ခွင်, လွန်ပေါ်ထင်သည့်, လူရှင်အထွတ်, ရှင်တော်မြတ်...တုလွတ်ဂုဏ်ထင်, မြတ်အရှင်အား, ကြည်ရွှင်ကြိမ်ကြိမ်, ရှိဦးနှိမ်သည်... နာမ်အိမ်မြတ်ဂုဏ် ထုံစေသော၀်။

တရားဂုဏ်တော် ၆-ပါး

၁။ အနုတ္တရ, ဓမ္မာဘိ,တုမရှိသည့်, မုနိပရမေ, သုံးလူ့ဆွေသည့်, ဒေသနာဉာဏ်, သေချာညွှန်၍, ဝေဖန်ဟောမြွက်, လွန်လေးနက်သည့်, မဂ်ဖိုလ်နိဗ္ဗာန်, ဓမ္မက္ခန်ဟု, ဆယ်တန်အကျော်, တရားတော်ကား, မြွက်ဖော်စထား, အလယ်သားနှင့်, ဆုံးဖျားနောက်မှာ, ကောင်းသာစုံပုံ, လွန်ကုံလုံ၍, ပြည့်စုံပုဒ်နက်, လောင်းစွက်ပယ်ဖွယ်, မိပ္ပာယ်နက်ကင်း, သန့်ရှင်းပြည့်ဝ, စသည့်ဂုဏ်မှာ, ပြည့်စုံပါ၍, သွက္ခာအစ, ဂုဏ်ကိုရ၏။

၂။ ရာဂစသား, ကိလေများကို, ပယ်ရှားတွန်းလှန်, ရိယာမွန်တို့, ကောန်မြင်သိ, သကာတ်ရှိ၍, သန္ဒိဋ္ဌိက, ဂုဏ်လည်းရ၏။

၃။ ကာလရှည်လျား, ဆိုင်းမထားပဲ, နောက်ပါးမကွာ, ကျိုးပေးပါ၍, အကာလိက, ဂုဏ်လည်းရ၏။

၄။ စန်းလသော်တာ, ရွှေပုံဗွာမှ, ပေါ်လာထွက်စ, သမယသို့, လာကြ စမ်းပါ, ရှုကြပါဟု, ကောင်းစွာကြည်လင်,စီအရင်ကို, ခံတင်ထိုက်ဘိ, အကြောင်းရှိ၍, ဧဟိပဿိက, ဂုဏ်လည်းရ၏။

၅။ ခါးကပုဆိုး, ထိပ်မိုးဥသျှောင်, မီးလောင်ငြိစွဲ, မသတ်ပဲနှင့်, စိတ်ထဲ ဆောင်သင့်, စိတ်ဖြင့်မကွေ့, ဆောင်ထိုက်ပေ၍, ဥပနေယျိက, ဂုဏ် လည်းရ၏။

၆။ လေးဝသစွာ, မြတ်ဓမ္မာကို, သေချာမြင်သိ, ပညာရှိတို့, မိမိစိတ်မှာ, သိမှီးကာဖြင့်, မကွာခံစံ, အကြောင်းခံ၍, ပစ္စတ္တံ ဝေဒိတဗ္ဗ, ဂုဏ်လည်း ရ၏။

ဖွင့်ဟာဥဿုံ, ဂုဏ်ပေါင်းစုံဖြင့်, လွှမ်းခြုံပြည့်ဝ, မြတ်ဓမ္မအား, ရှင်ပျကြိမ်ကြိမ်, ရှိဦးနှိမ်သည် ...နာမ်အိမ်မြတ်ဂုဏ် ထုံစေသောဝ်။

သံဃာ့ဂုဏ်တော် ၉-ပါး

၁။ သုံးလူ့ထွတ်ထား,မြတ်ဘုရား၏, သားတော်မြတ်မှန်, ရိယာမွန်ကား, ဟောညွှန်တိုင်းသာ,ကျင့်သိက္ခာကို,ကောင်းစွာမြဲမြံ, ကျင့်ကြံတတ်ဘိ, သကတ်ရှိ၍,သုပ္ပဋိပန္န,ဂုဏ်ကိုရ၏။

၂။ မဇ္ဈိမပဋိပဒါ, လမ်းမှန်စွာဖြင့်, ဖြောင့်စွာကျင့်မှု, ကြောင်းထောက် ရှု၍,ဥဇုပဋိပန္န,ဂုဏ်လည်းရ၏။

၃။ ဒုက္ခကင်းမြဲ, ချမ်းသာစုံသည့်, ရွှေဘုံနိဗ္ဗာန်, ရရန်အကျိုး, မြော်ကိုး နှိုင်းညှိ,ကျင့်တတ်ဘိ၍,ဉာယပ္ပဋိပန္န,ဂုဏ်လည်းရ၏။

၄။ မိုးကမြဲဟွာ,နတ်တကာနှင့်,လူ့ရွာရပ်သူ,ခပ်သိမ်းသူတို့, ကြည်ဖြူခယ, လေးစားရအောင်,ကျင့်လုထိမိ,အကြောင်းရှိ၍, သာမိစိပ္ပဋိပန္န, ဂုဏ် လည်းရ၏။

၅။ ဝေးမှသော်ပင်၊ ဆောင်ယူငင်၍၊ ကြည်လင်ရှင်ပျ၊ ပေးလှူကြသား၊ ပစ္စည်းများကို၊ ခံထားထိုက်မှု၊ ကြောင်းထောက်ရှု၍၊ အာဟုနေယျ၊ ဂုဏ်လည်းရ၏။

၆။ ပေးလှုလှန်စွာ၊ ရပ်ဒိသာမှ၊ ရောက်လာမိတ်ဆောင်း၊ ဆွေအပေါင်းအား၊ ရည်ဆောင်ထား၍၊ ထူးခြားကဲလွန်၊ လက်ဆောင်မွန်ကို၊ လှူရန်ထိုက်မှု၊ ကြောင်းထောက်ရှု၍၊ ပါဟုနေယျ၊ ဂုဏ်လည်းရ၏။

၇။ သတ္တဝါများ၊ ချမ်းသာပွားရန်၊ ရည်သန်ကြည်ဖြူ၊ ပေးအလှူကို၊ ခံယူထိုက်ဘိ၊ အကြောင်းရှိ၍၊ ဒက္ခိဏေယျ၊ ဂုဏ်လည်းရ၏။

၈။ မြင်ရသသူ၊ နတ်လူထိုထို၊ လွန်ကြည်ညို၍၊ ကုသိုလ်စုံမက်၊ လက်နှစ်ဘက်ကို၊ ထိပ်ထက်တင်မိုး၊ ရှိခိုးထိုက်ဘိ၊ အကြောင်းရှိ၍၊ အဉ္ဇလိကရဏီယ၊ ဂုဏ်လည်းရ၏။

၉။ သုံးဝရပ်သူ၊ နတ်နှင့်လူ၏၊ အတူမရှိ၊ မြတ်ခေါင်ထိလျက်၊ ကျိုးရှိထိုထို၊ ကုသိုလ်မှုမျိုး၊ စိုက်ပျိုးပေါက်ပွား၊ ဖွံ့ထွားစည်ဆာ၊ လယ်ယာဟမှု၊ အလားတူသား၊ လှူသူကဲနဂ်၊ အကျိုးထွက်၍၊ ပုညခေတ္တ ဂုဏ်လည်းရ၏။

ဖွင့်ဟဉဿုံ၊ ဂုဏ်ပေါင်းစုံဖြင့်၊ လွှမ်းခြုံပြည့်ဝ၊ မြတ်သံဃာအား၊ ရှင်ပျကြိမ်ကြိမ်၊ ရှိခိုးနိမ်သည် .. နာမ်အိမ်မြတ်ဂုဏ် ထုံစေသော်။

သာသနာတော်ပြည့်စုံပုံ

ငါတို့လေးစား၊ မြတ်ဘုရားကား၊ ထင်ရှားလောက်လုံ၊ ဂုဏ်ပြည့်စုံ၍၊ ဘယ်ပုံသနစ်၊ ဘယ်ပုံစစ်လည်း၊ အပြစ်မဖော်၊ ဂုဏ်သာပေါ်၍၊ အဟော်အစ္ဆရိ၊ စစ်မှန်ဘိ၏၊ ကျင့်သိစရာ၊ တရားမှာလည်း၊ များစွာပြည့်စုံ၊ ဂုဏ်လောက်လုံ၍၊ ဘယ်ပုံသနစ်၊ ဘယ်ပုံစစ်လည်း၊ အပြစ်မဖော်၊ ဂုဏ်သာပေါ်၍၊ အဟော်အစ္ဆရိ၊ စစ်မှန်ဘိ၏၊ မငြိပစ္စာ၊ ကောင်းစွာကျင့်ကြား၊ တပည့်သားလည်း၊ ထင်ရှားလောက်လုံ၊ ဂုဏ်ပြည့်စုံ၍၊ ဘယ်ပုံသနစ်၊ ဘယ်ပုံစစ်လည်း၊ အပြစ်မဖော်၊ ဂုဏ်သာပေါ်၍၊ အဟော်အစ္ဆရိ၊ စစ်မှန်ဘိ၏၊ စရှိဘုရား၊ စစ်မှန်ကြားသာ၊ တရား

စစ်မှန်, သံဃာမွန်လည်း, စစ်မှန်ရခြင်း, နှလုံးသွင်းလျက်, ပက်ပင်းကြုံလာ, သာသနာ၏, ကောင်းစွာလောက်လုံ, ပြည့်စုံပုံကို, အာရုံပြုကာ, ဦးညွတ်ပါသည် ...လိုရာလောက်လုံ ပြည့်စေသော်။

သာဓု.........သာဓု.........သာဓုပါ ဘုရား။

သရဏဂုံအခြေခံ

ဒီနေ့ဟာ တပေါင်းလပွဲတော်နေ့ပဲ၊ မောင်မျိုးသန့်လျှောက်ထား၊ တဲ့ အစီအစဉ်အရဆိုယင် ဒီနေ့ သရဏဂုံအကျိုးကို စပြောပေးဖို့ပါပဲ၊ ဒါပေမဲ့ လွန်ခဲ့တဲ့လပြည့်နေ့က တရားအဆုံးမှာ နိဂုံးအုပ်လာခဲ့တဲ့ ဘုရားစစ်မှန်ပုံ, တရားစစ်မှန်ပုံ, သံဃာစစ်မှန်ပုံတွေကိုလဲ အထိုက်အလျောက် အကဲဖြတ်နိုင်အောင် တပေါင်းလပွဲတော်ကိုလဲပဲ ဂုဏ်ပြုရာရောက်အောင် "ဓမ္မစေတိယသုတ်ကို ကြားညှပ်ပြောပေးသွားမယ်"လို့ ဘုန်းကြီးက စိတ်ကူးထားပါတယ်၊ ဒီတော့ သရဏဂုံ ညစ်နွမ်းပုံကပဲ စတင်ပြောကြားပါမယ်။

ဆရာတော်ဦးဓမ္မိကသည် မောင်မျိုးသန့်တို့အိမ်မှာ အရဏ်ဆွမ်းဘုဉ်းပေးမှုကိစ္စ ပြီးစီးသွားသည့်အချိန်မှာ တရားဟောရန် အစပျိုးနေပါသည်၊ တအိမ်လုံး ပြည့်ကျပ်နေအောင် ရောက်ရှိနေကြသော ပရိသတ်ကလည်း ငြိမ်သက်စူးစိုက်စွာ နားထောင်နေကြပါသည်။

"သရဏဂုံ"ဆိုတာဟာ "လောကုတ္တရာ သရဏဂုံ, လောကီ သရဏဂုံ" ရယ်လို့ ၂-မျိုးရှိနေပါတယ်၊ ဒီ ၂-မျိုးထဲက လောကုတ္တရာ သရဏဂုံဟာ ဒိဋ္ဌိဝိစိကိစ္ဆာတို့ကို အကုန်အစင် ပယ်ပြီးဖြစ်တဲ့အတွက် ရတနာသုံးပါးရဲ့ ဂုဏ်ကို နှိုက်နှိုက်ချွတ်ချွတ် သိမြင်သက်ဝင်ကြည်ညိုပြီးဖြစ်တဲ့ အရိယာပုဂ္ဂိုလ်တို့သန္တာန်မှာသာ ဖြစ်ပါတယ်၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့ သန္တာန်မှာ မဖြစ်နိုင်ပါဘူး၊ ဒါ့ကြောင့် ညစ်နွမ်းတယ်လို့ မရှိတော့ပါဘူး။

လောကီသရဏဂုံကတော့ ဒိဋ္ဌိဝိစိကိစ္ဆာတို့ကို မပယ်ခွာရသေးတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာသာ ဖြစ်ပါတယ်၊ ဒီတော့ကာ–

ရတနာသုံးပါးဂုဏ်ကို လုံးဝ မသိနားမလည်တာ သိပ်တွေဝေနေတာက သမ္မောဟ၊

ဗုဒ္ဓ ဟုတ်သလား၊ မဟုတ်ဘူးလား စသည်ဖြင့် ယုံမှားသံသယ ရှိနေတာက ဝိစိကိစ္ဆာ၊

ရတနာသုံးပါးရဲ့ ဂုဏ်ကို သိန့်ငယ်သွားအောင် တမျိုးတဖုံ ယူဆသိမြင်တာက ဒိဋ္ဌိ၊

ရတနာသုံးပါးကို မရှိသေတာက အနာဒရ၊

ရတနာသုံးပါးကို မလေးစားတာက အဂါရဝ စတဲ့ တရားတွေကြောင့် ညစ်နွမ်းရပါတယ်၊ စင်ကြယ် သန့်ရှင်းမှု မရှိနိုင်တော့ပါ၊ များများ စားစား တောက်ပမှု ထက်မြက်မှု ဆိုတာတွေလဲ မရှိနိုင်တော့ပါဘူး၊ အခုခေတ်မှာလဲပဲ ဗုဒ္ဓ ဓမ္မ တို့အပေါ်မှာ ရှိသေလေးစားမှု သိပ်နဲနေတာကို တွေ့မြင်နေပါတယ်။

ဒါကြောင့် ရတနာသုံးပါးရဲ့ ဂုဏ်ကို သိမြင်နားလည်အောင် လေ့လာမှု၊ ဘုရားစစ်မှန်ပုံ တရားစစ်မှန်ပုံ သံဃာစစ်မှန်ပုံ သိမြင်နားလည်အောင် လေ့လာထားမှုဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် မလုပ်မနေရ တကယ်လုပ်သင့်တဲ့ လုပ်ငန်းတရပ်ဖြစ်တယ်ဆိုတာကို သဘောပေါက်ဖို့ လိုပါတယ်။

ဓမ္မစေတိယသုတ်[၁]

ဘုန်းကြီးတို့ရဲ့ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားဟာ သက္ကတိုင်း "မေဒါဠုပ" ဆိုတဲ့ သာကီဝင်မင်းတို့ရဲ့ နိဂုံးမှာ သီတင်းသုံး နေတော်မူပါတယ်။

အဲဒီအချိန်မှာပဲ ပသေနဒီ ကောသလမင်းဟာ "နဂရက" ဆိုတဲ့ သာကီဝင် မင်းတို့ရဲ့ နိဂုံးကို ကိစ္စတစုံတရာနဲ့ ဆိုက်ရောက်လာပါတယ်။

ကောသလမင်းက "ဒီဃကာရာယန" ဆိုတဲ့ စစ်ဗိုလ်ချုပ်ကို ခေါ်ပြီး အမိန့်ပေးလိုက်ပါတယ်။

> "အမောင် ကာရာယန၊ ကောင်းပေ့ဆိုတဲ့ ယာဉ်တွေကိုသာ ရွေးပြီး ပြင်ဆင်ပေတော့၊ သာယာရှုမောဖွယ်ကောင်းတဲ့ ရှုမျှော်ခင်းတွေကို ကြည့်ရှုရအောင် ဥယျာဉ်ကို ထွက်ကြစို့ရဲ့"

၁။ မဇ် ပဏ်-ပါ-၃၂၀

ဇမ္ဗူအလိုတော်ကျ - ၂၀

ကောသလမင်းရဲ့ အမိန့်အာဏာအတိုင်း ဒီဃကာရာယန ကလဲပဲ အကောင်းဆုံးဖြစ်တဲ့ ယာဉ်တွေကို ရွေးချယ် ပြင်ဆင်ထားပါတယ်။

အရှင်မင်းမြတ် ယာဉ်တွေကို အဆင်သင့် ပြင်ထားပြီးပါပြီ၊ ဥယျာဉ်ကို ထွက်ကြွလိုက ထွက်ကြွနိုင်ပါပြီ"

ဒီဃကာရာယနရဲ့ စကားကို ကြားရတဲ့အခါ ကောသလမင်းလဲပဲ ယာဉ်စီးပြီး နဂရကနိဂုံက မင်းခမ်းမင်းနားနဲ့ ထွက်လာခဲ့ပါတယ်၊ ယာဉ်နဲ့သွားလို့ရသမျှ ယာဉ်နဲ့ပဲ သွားပါတယ်၊ သွားလို့မဖြစ်တဲ့ နေရာရောက်မှ ယာဉ်ကဆင်းပြီး ခြေလျင်ပဲ ဥယျာဉ်ခြံအတွင်းကို ဝင်လာခဲ့ပါတယ်။

အဲဒီ ဥယျာဉ်အတွင်းမှာ သစ်ပင်အောက်တွေဟာ စိတ်ကြည်နူးစရာတွေဖြစ်နေပါတယ်၊ တိတ်ဆိတ်ငြိမ်သက်ပါတယ်၊ လူသူတို့မှလဲ ကင်းရှင်းပါတယ်၊ လောကလူသားတွေအတွက် လျှို့ဝှက်မှုကို လုပ်စရာ အင်မတန် ကောင်းပါတယ်၊ တရားအားထုတ်လိုတဲ့ ပုဂ္ဂိုလ်တွေအတွက်ကတော့ တဦးချင်း တရားအားထုတ် နေထိုင်စရာ ကောင်းလှပါတယ်။

ကောသလမင်းဟာ လမ်းလျှောက် လှည့်လည်နေယင်း အဲဒီသစ်ပင်အောက်တွေကိုတွေ့ရတော့ ဒီလိုသစ်ပင်အောက်မျိုးမှာ "ငါဟာ အပူဇော်ခံ အမှန်သိမြင် ဘုရားရှင်ကို ဆည်းကပ်လိုက်ချင် ဧမ်းပါဘိ" ဒီလို ဘုရားရှင်ကို သတိရလာပါတယ်၊ ဒီတော့ ဒီဃကာရာယန ဘက်ကိုလှည့်ပြီး မေးပါတယ်။

"အချင်း ကာရာယန ငါဟာ ဒီလိုသစ်ပင်အောက်မျိုးမှာ ဘုရားရှင်ကို ဆည်းကပ်ချင်ပါတယ်၊ အပူဇော်ခံ အမှန်သိမြင် ဘုရားရှင်ဟာ အခု ဘယ်အရပ်မှာ သီတင်းသုံး နေထိုင်ပါသလဲ"

"အရှင်မင်းမြတ် ဘုရားရှင်ဟာ 'မေဠုဒါပ'ဆိုတဲ့ သာကီဝင်မင်းတို့ရဲ့ နိဂုံမှာ သီတင်းသုံး နေတော်မူပါတယ်"

"အချင်းကာရာယန၊ ဒီ နဂရကနိဂုံနဲ့ မေဒါဠုပနိဂုံဟာ ဘယ်လောက် ဝေးသလဲ"

"သိပ်မဝေးလှပါ အရှင်မင်းမြတ်၊ ခရီး ၃-ယူဇနာလောက်သာရှိပါတယ်၊ ကျန်ရှိနေတဲ့ အချိန်ပိုင်းနဲ့ ဒီနေ့ပဲ အရောက်သွားနိုင်ပါသေးတယ်"

"ဒါဖြင့် ယာဉ်ကောင်း ယာဉ်မွန်တွေကို ရွေးချယ်စီစဉ်ပေတော့၊ တဆက်တည်း ဘုရားဖူးသွားကြရအောင်"

ဒီဃကာရာယန က ကောသလမင်း အမိန့်ရှိတဲ့အတိုင်း ယာဉ်တွေကို အသင့်စီစဉ်ထားပါတယ်၊ စီစဉ်ပြီးကြောင်းကိုလဲ လျှောက်ထားသံတော်ဦး တင်ပါတယ်။

ဒီတော့ ပသေနဒီကောသလမင်းက ယာဉ်စီးပြီး နဂရက နိဂုံက မေဒါဠုပနိဂုံကို ထွက်လာခဲ့ပါတယ်၊ အဲဒီနေ့မှာပဲ ရောက်သွားပါတယ်၊ ကျောင်းတိုက်အနား ယာဉ်နဲ့သွားလို့ဖြစ်တဲ့ နေရာအထိအောင် ယာဉ်နဲ့ပဲသွားပါတယ်၊ ယာဉ်နဲ့သွားလို့ မဖြစ်တဲ့နေရာကို ရောက်မှ ယာဉ်ကဆင်းပြီး ခြေလျင်လျှောက်ကာ ကျောင်းတိုက်အတွင်းကို ဝင်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ရဟန်းတော်တွေဟာ ကျောင်းဝင်းထဲမှာ လမ်းလျှောက်နေကြပါတယ်၊ ကောသလမင်းက အဲဒီရဟန်းတော်တွေထံသွားပြီး "အပူဇော်ခံအမွန်သိမြင် ဘုရားရှင်ဟာ အခုဘယ်ကျောင်းမှာ သီတင်းသုံးနေတော် မူပါသလဲ၊ တပည့်တော်များ ဘုရားဖူးလိုကြပါတယ်"လို့ လျှောက်ထားပါတယ်။

"မဟာရာဇာ တံခါးပိတ်ထားတဲ့ ဟိုနားကကျောင်းဟာ ဘုရားရှင် သီတင်းသုံး နေတော်မူတဲ့ ဂန္ဓကုဋိကျောင်းတော်ပါပဲ၊ အဲဒီကျောင်းသို့ တိတ်ဆိတ်ငြိမ်သက်စွာ သွားပါ၊ မနှေးမမြန် ကျောင်းဦးတံခါးမုခ်သို့ဝင်ပါ၊ တံခါးရွက်ကို လက်ဖျားကလေးနဲ့ အသာလေး ခေါက်လိုက်ပါ၊ ဒီတော့ ဘုရားရှင်က တံခါးဖွင့်ပေးပါလိမ့်မယ်"

ရဟန်းတော်များရဲ့ ညွှန်ကြားချက်ကို ကြားရတဲ့အခါ မင်းမြောက်တန်ဆာ ၅-ပါးကို ဒီဃကာရာယနအား ပေးအပ်လိုက်ပါတယ်။

"ဘုရင်မင်းမြတ်ဟာ ဘုရားရှင်နဲ့ နှစ်ကိုယ်ကြား တိုင်ပင်လိုဟန် တူပါတယ်၊ ငါဒီနေရာမှာပဲ နေသင့်တယ်"

ဒီဃကာရာယနက ဒီလိုစဉ်းစားပြီး အလိုက်သိစွာနဲ့ အဲဒီနေရာမှာပဲ နေရစ်ပါတယ်၊ ပသေနဒီ ကောသလမင်းကတော့ ရဟန်းတော်များ ညွှန်ကြားလိုက်တဲ့အတိုင်း သွားပြီး ဂန္ဓကုဋိတိုက် တံခါးကို အသာလေး ခေါက်လိုက်ပါတယ်၊ ဘုရားရှင်က တံခါးကို ဖွင့်ပေးတော်မူတဲ့အခါ ကျောင်းတွင်းကို

ဝင်သွားပါတယ်၊ ဘုရားရှင်ရဲ့ ခြေတော်များပေါ်မှာ ခေါင်းနဲ့ ပျပ်ဝပ်ပြီး ခြေတော်တွေကို ပါးစပ်နဲ့လဲ စုပ်ပါတယ်၊ လက်တွေနဲ့လဲ ပွတ်သပ်ဆုပ်နယ်ပါတယ်၊ "တပည့်ကောသလမင်းပါဘုရား၊ တပည့်ကောသလမင်းပါဘုရား" လို့ နာမည်ကိုလဲ ထုတ်ဖော် လျှောက်ထားပါတယ်။

"မဟာရာဇာ သင်ဟာ ဘယ်လို အကျိုးတွေကို တွေ့မြင်ပြီး ငါဘုရားရဲ့ ကိုယ်ခန္ဓာမှာ ဒီလို ကျိုးနွံမှုကို ပြုရပါသလဲ၊ မိတ်ဆွေအမှတ်နဲ့ ပူဇော်မှုကို သိသိသာသာကြီး ပြုရပါသလဲ"

ဒီလို ဘုရားရှင်က မေးတော်မူတဲ့အခါမှာ အကျယ်တဝင့် ပြန်လည် လျှောက်ထား ဖြေကြားမှုကို ပြုပါတယ်။

"အို ရှင်တော်မြတ်ဘုရား ရှင်တော်မြတ်ဘုရားဟာ ကိုယ်တိုင်မှန်စွာ သိသင့်ရာကို သိတော်မူတတ်ပါပေတယ်၊ တရားတော်ဟာလဲ ရှင်တော်မြတ်ဘုရားက ကောင်းစွာ ဟောကြားထားတဲ့ တရားတော်ဖြစ်ပါပေတယ်၊ ဘုရားရှင်ရဲ့ တပည့်သံဃာတော်ဟာလဲပဲ ကောင်းစွာကျင့်တော်မူတတ်ပါပေတယ်"

ဒီလို ဘုရားရှင်အပေါ်မှာ နှိုင်းယှဉ် ဆင်ခြင် သိမြင်တတ်တဲ့ အသိဉာဏ်မျိုးဟာ တပည့်တော်မှာ ရှိနေပါတယ်၊ ဒါကြောင့် ဘုရားရှင်ရဲ့ ကိုယ်ခန္ဓာမှာ ဒီလို ကျိုးနွံမှုကို ပြုရပါတယ်၊ မိတ်ဆွေအနေနဲ့ ပူဇော်မှုကို သိသိသာသာကြီး ပြုရပါတယ်။

တပည့်တော်ဟာ အခုလောကမှာ ရှိနေကြတဲ့ အချို့သမဏဗြာဟ္မဏအမည်ခံ ပုဂ္ဂိုလ်တွေကို သတိပြုကာ ကြည့်ရှုလေ့လာခဲ့ပါတယ်၊ သူတို့တတွေဟာ မြတ်တဲ့ အကျင့် (မေထုန်မှုက ရှောင်ကြဉ်တာ) ကို အချိန်ပိုင်းဖြတ်သတ်မှတ်ပြီး ကျင့်ကြပါတယ်၊ ဆယ်နှစ်ကျင့်သူလဲ ရှိပါတယ်၊ အနှစ် ၂၀-ကျင့်သူလဲ ရှိပါတယ်၊ အနှစ် ၃၀-ကျင့်သူလဲ ရှိပါတယ်၊ အနှစ် ၄၀-ကျင့်သူလဲ ရှိပါတယ်၊ အဲဒီလို ကျင့်ပြီးတဲ့ အခါမှာ သူတို့တတွေဟာ ရေမိုးကောင်းကောင်း ချိုးကြပါတယ်၊ ကောင်းကောင်း လိမ်းကျံကြပါတယ်၊ ဆံမုတ်ဆိတ် ကျင်စွယ် တွေကို ဖြတ်တောက် ပြုပြင်ကြပါတယ်၊ ကာမဂုဏ်တွေကို အစွမ်းကုန် လိုက်စားပျော်ပါးပြီး နေကြပါတော့တယ်။

တပည့်တော်ဟာ ရှင်တော်မြတ်ဘုရားရဲ့ သာသနာတော်တွင်းမှာ ရှိနေကြတဲ့ ရဟန်းတော်တွေကိုလဲ သတိပြုကာ ကြည့်ရှု လေ့လာပါသေးတယ်၊ အဲဒီ ရဟန်းတော်တွေကတော့ သက်ဆုံးတိုင် ပြည့်ပြည့်စုံစုံ သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် မြတ်တဲ့အကျင့် (မေထုန်မှုက ရှောင်ကြဉ်တာ)ကို ကျင့်သုံးနေထိုင်ကြပါတယ်၊ ဘုရားတပည့်တော်ဟာ ဘုရားရှင် သာသနာတော်ရဲ့ ပြင်ပလောကမှာ ဒီလို ပြည့်စုံသန့်စင်တဲ့ အခြား မြတ်တဲ့အကျင့် (ကိုကျင့်သူ) မျိုးကို မတွေ့ မမြင်ရပါ။

ဒီလို သာသနာတွင်းမှာသာ ပြည့်စုံသန့်စင်တဲ့ မြတ်သောအကျင့်ကို တွေ့ရပြီး သာသနာတော်ရဲ့ ပြင်ပလောကမှာ မတွေ့မမြင်ရတာဟာလဲပဲ ဘုရားရှင်အပေါ်မှာ ဘုရားစစ်ဘုရားမှန် ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ ခိုင်လုံတဲ့ အကြောင်းတရပ် ဖြစ်ပါတယ်ဘုရား။

ပြီးတော့ကာ ဒီလောကမှာ မင်းအချင်းချင်းလဲ ငြင်းခုံကြပါတယ်၊ မင်းမျိုး မင်းနွယ်အချင်းချင်းလဲ ငြင်းခုံကြပါတယ်၊ ပြာဟ္မဏအချင်းချင်းလဲ ငြင်းခုံကြပါတယ်၊ အခြားအိမ်နေသူ လူအချင်းချင်းလဲ ငြင်းခုန်ကြပါတယ်၊ သားနဲ့အမိလဲ ငြင်းခုံကြပါတယ်၊ အမိနဲ့သားလဲ ငြင်းခုံကြပါတယ်၊ သားနဲ့အဖလဲ ငြင်းခုံကြပါတယ်၊ အဖနဲ့သားလဲ ငြင်းခုံကြပါတယ်၊ နှမနဲ့မောင်လဲ ငြင်းခုံ ကြပါတယ်၊ မောင်နဲ့နှမလဲ ငြင်းခုံနေကြပါတယ်၊ မိတ်ဆွေအချင်းချင်းလဲ ငြင်းခုံနေကြပါတယ်။

ဒီလို ပြင်ပလောကမှာ အချင်းချင်း ငြင်းခုံနေကြပေမယ့်လို့ ဒီသာသနာတော်တွင်းမှာ ကျင့်သုံးနေထိုင်ကြတဲ့ ရဟန်းတော်တွေကတော့ စည်းလုံးညီညွတ်ကြပါတယ်၊ ပေါင်းစုညီညာ ဝမ်းမြောက်ဝမ်းသာ ရှိကြပါတယ်၊ သူတမျိုးငါတဖုံ ငြင်းခုံမှုတွေက ကင်းရှင်းကြပါတယ်၊ နို့နဲ့ရေကို ရောစပ်ထားသလို တသားတည်း ဖြစ်နေကြပါတယ်၊ ချစ်ခင်မှုကို အပြည့်အဝ ပြတတ်တဲ့ မျက်စိတွေနဲ့ တဦးကိုတဦး ကြည့်ရှုနေထိုင်ကြပါတယ်၊ တပည့်တော်သတိပြုပြီး ကြည့်ရှုလေ့လာတဲ့အခါမှာ ဒီလိုပဲတွေ့မြင်ရပါတယ်၊ အရှင်ဘုရားတပည့်တော်ဟာ ဒီသာသနာတော်ရဲ့ ပြင်ပလောကမှာ ဒီလို ညီညွတ်တဲ့ အခြားပရိသတ်မျိုးကို မတွေ့မမြင်ရပါ။

ဒီလို သာသနာတော်တွင်းမှာသာ ညီညွတ်စည်းလုံးတဲ့ ပရိသတ်မျိုးကို တွေ့ရှိရပြီး သာသနာတော်ရဲ့ပြင်ပလောကမှာ မတွေ့ရှိရခြင်းဟာလဲပဲ ဘုရားရှင် အပေါ်မှာ ဘုရားစစ်ဘုရားမှန် ဖြစ်ပုံကို နှိုင်းယှဉ် ဆင်ခြင်သိမြင်နားလည်ဖို့ ခိုင်လုံတဲ့ အကြောင်းတရပ် ဖြစ်ပါတယ်ဘုရား။

ပြီးတော့ ဘုရားတပည့်တော်ဟာ အာရာမ်တခုက အာရာမ်တခုသို့ ဥယျာဉ်တခုက ဥယျာဉ်တခုသို့ လမ်းလျှောက်လှည့်လည်သွားပါတယ်၊ အဲဒီ အာရာမ်ဥယျာဉ်တွေမှာ အချို့သော သမဏဗြာဟ္မဏတွေကို ကြည့်ရှုလေ့လာ ပါတယ်၊သူတို့တတွေဟာ ပိန်ကြုံကြပါတယ်၊ အသားအသွေး ခေါင်းပါးကြ ပါတယ်၊အရုပ်ဆိုးအကျည်းတန်ကြပါတယ်၊ သွေးအားနည်းပြီး ဖြူဖတ်ဖြူရော် ဖြစ်နေကြပါတယ်၊ စာကိုယ်လုံး အကြောပြိုင်းပြိုင်းထ နေကြပါတယ်၊ လူ အများ မကြည့်ချင်လောက်အောင် ဆွဲဆောင်မှုဓာတ်အား နည်းပါးနေကြ ပါတယ်။

"ဒီကိုယ်တော်တွေဟာ တကယ်မပျော်မွေ့ပဲ မြတ်တဲ့အကျင့်ကို ကျင့်နေ ကြရမှာပါပဲ၊ ဒါမှမဟုတ်ယင် လူသိမခံဝံ့တဲ့ ဖြစ်မှုတစုံတရာကို ကျူးလွန်ထား သူတွေ ဖြစ်ကြရမှာပါပဲ၊ ဒါ့ကြောင့်မို့သာ ဒီလို ရုပ်ပျက်ဆင်းပျက် ဖြစ်နေ ကြဟန်တူပါတယ်"၊ ဒီလိုပဲ သူတို့ကိုတွေ့တဲ့အခါမှာ တပည့်တော်က စဉ်းစား မိပါတယ်။

"ကိုတော်တို့ဟာ ဘာ့ကြောင့် ဒီလိုရုပ်ပျက်ဆင်းပျက် ဖြစ်နေရတာလဲ"လို့ သူတို့ထံသွားပြီး မေးမြန်းစုံစမ်းကြည့်တဲ့အခါမှာ "မဟာရာဇာ တို့တတွေမှာ ဆွေမျိုးစဉ်ဆက် ကူးစက်လာတဲ့ ရောဂါရှိနေကြပါတယ်" ဒီလို ပြောဆိုကြ ပါတယ်။

အရှင်ဘုရား သာသနာ့ပြင်ပ သမဏဗြာဟ္မဏတွေက ဘယ်လိုပဲ ဖြစ်နေနေ သာသနာတော်တွင်း ရှင်ရဟန်းတွေကတော့ ကြည်သာရွှင်လန်းကြပါတယ်၊ တက်တက်ကြွကြွ ရှိကြပါတယ်၊ သာသနာတော်မှာ ပျော်ပိုက်တဲ့ သဘောရှိ ကြပါတယ်၊ နှစ်လိုဖွယ် ဣန္ဒြေရှိကြပါတယ်၊ ကြောင့်ကြဗျာပါရ နည်းပါးကြ ပါတယ်၊မာန်မာနဆိုတဲ့ အမွေးကို ချထားပြီးသူများ ဖြစ်ကြပါတယ်၊သူတပါး လှူဒါန်းတဲ့ ပစ္စည်းနဲ့ပဲ အသက်မွေး နေထိုင်ကြပါတယ်၊ သားသမင်သဖွယ်

ကြောင့်ကြမဲ့တဲ့စိတ်နဲ့ နေထိုင်ကြပါတယ်၊ ဒီလိုပဲ တပည့်တော်ကိုယ်တိုင် လေ့လာ တွေ့မြင်ရပါတယ်။

ဒီလို တွေ့မြင်ရတဲ့အခါမှာ ဒီအရှင်မြတ်တွေဟာ ''တကယ်ပဲ ဘုရားရှင်ရဲ့ သာသနာတော်မှာ မွန်မြတ်တဲ့ တဆင့်ထက်တဆင့် ထူးခြားတဲ့ (ကသိုဏ်း, ပရိကံ, ဈာန်, မဂ်, ဖိုလ် ဆိုတဲ့) တရားတွေကိုသာ သိကြမှာပါပဲ၊ ဒါ့ကြောင့်မို့လဲ ဒီလို နေနိုင်ကြဟန် တူပါတယ်''လို့ တွေးတော စဉ်းစားမိပါတယ်။

ဒီလို သာသနာတော်တွင်းမှာသာ မွန်မြတ်တဲ့ တဆင့်ထက်တဆင့် ထူးခြားတဲ့ (''ကသိုဏ်, ပရိကံ, ဈာန်, မဂ်, ဖိုလ်''ဆိုတဲ့) တရားကို သိမြင်သူများ ရှိပြီး သာသနာတော်ရဲ့ ပြင်ပလောကမှာ မရှိခြင်းဟာလဲပဲ ဘုရားရှင့်အပေါ်မှာ ဘုရားစစ် ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ ခိုင်လုံတဲ့ အကြောင်းတရပ်ဖြစ်ပါတယ်ဘုရား။

ရှင်တော်မြတ်ဘုရား တပည့်တော်ဟာ မင်းမျိုးမင်းနွယ် စစ်မှန်ပြီး အဘိသိက်ခံယားတဲ့ ရှင်ဘုရင်တဦး ဖြစ်ပါတယ်၊ သတ်သင့်သူကို သတ်နိုင်ပါတယ်၊ ဒဏ်တပ်သင့်သူကိုလဲ ဒဏ်တပ်နိုင်ပါတယ်၊ နှင်ထုတ်သင့်သူကိုလဲ ပြည်နှင်ဒဏ်အထိ ပေးနိုင်ပါတယ်၊ ဘုရားတပည့်တော်က တရားလွှတ်တော်မှာ ရုံးထိုင်ပြောဆိုနေတုံးမှာတောင်မှ ကြားဖြတ်စကား ဝင်ပြောကြပါတယ်၊ ''ဟေ့ မင်းတို့တတွေက တရားရုံးတော်မှာ ကြားဖြတ်စကား ဝင်မပြောကြပါနဲ့၊ ငါ့စကားပြီးဆုံးအောင် စောင့်ဆိုင်းကြစမ်းပါ'' ဒီလို ပြောဆိုတားမြစ်ပေမဲ့ မရပါ၊ ကြားဖြတ် ပြောမြဲသာ ပြောဆိုကြတာပါပဲ။

ပြင်ပလောကမှာ ဒီလိုမငြိမ်သက်တဲ့ ပရိသတ်တွေ ရှိနေပေမဲ့ ရာပေါင်းများစွာရှိတဲ့ ပရိသတ်မှာ ရှင်တော်မြတ်ဘုရား တရားဟောနေတဲ့ အချိန်မှာတော့ တပည့်သာဝကတွေဟာ ခြေဆတ် ချောင်းဟန့်တာကလေးကိုတောင်မှ မပြုလုပ်ကြပါ၊ ဒါကို ဘုရားတပည့်တော်ကိုယ်တိုင် လေ့လာ တွေ့ရှိရပါတယ်။

တခါတုံးက မြတ်စွာဘုရားဟာ ရာပေါင်းများစွာရှိတဲ့ ပရိသတ်မှာ တရားဟောနေပါတယ်၊ ရှင်တော်မြတ်ဘုရားရဲ့ တပည့်တဦးက ချောင်းဟန့်မိပါတယ်၊ အဲဒီရဟန်းကို အခြားသီတင်းသုံးဖော် ရဟန်းတဦးက ''ငါ့ရှင် တိတ်တိတ်နေစမ်းပါ၊ အသံမပြုစမ်းပါနဲ့၊ တပည့်တော်တို့ရဲ့ဆရာ ဘုရားက

တရားဟောနေပါတယ်”ဒီလို အမှတ်သညာ မျိုးနဲ့ ဒုံးနဲ့အသာကလေး ထိကာ တို့ကာ သတိပေးပါတယ်။

အဲဒီ အဖြစ်အပျက်ကို တွေ့ရတဲ့အခါ“အလိုလေး သိပ်အံ့ဩစရာ ကောင်းတာပဲ၊ သိပ်ထူးဆန်းတာပဲ၊ တတ်ခေါ်းကင်းကွာ လက်နက်တစုံတရာမပါပဲ ပရိသတ်ကို အတိုင်းထက်အလွန် ငြိမ်သက်အောင် ဆုံးမနိုင်ပါဘိတယ်” ဒီလို စဉ်းစားအံ့ဩမိပါတယ်၊ ဘုရားတပည့်တော်ဟာ ဒီသာသနာတော်ရဲ့ ပြင်ပ လောကမှာ ဒီလိုယဉ်ကျေးသိမ်မွေ့တဲ့ အခြားပရိသတ်ကို မတွေ့မမြင်ဖူးပါ။

ဒီလို သာသနာတော်တွင်းမှာသာ ယဉ်ကျေးသိမ်မွေ့တဲ့ ပရိသတ်ကို တွေ့ရှိရပြီး သာသနာ့ပြင်ပလောကမှာ မတွေ့ရှိရခြင်းဟာလဲပဲ ဘုရားရှင့်အပေါ်မှာ ဘုရားစစ်ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင်သိမြင်နားလည်ဖို့ ခိုင်လုံတဲ့ အကြောင်းတရပ်ဖြစ်ပါတယ်ဘုရား။

အရှင်ဘုရား ပြီးတော့ကာ တပည့်တော်ဟာ မင်းမျိုးမင်းနွယ် ပညာရှိတွေကို ကြည့်ရှုလေ့လာဘူးပါသေးတယ်၊ သူတို့တတွေဟာ လိမ်မာထက်မြက်ကြပါတယ်၊ သူတပါးရဲ့ အယူဝါဒကိုလဲပဲ လေ့လာဆည်းပူးထားကြပါတယ်၊ ထိုးထွင်းဉာဏ်ရှိကြပါတယ်၊ သားမြီးဖျားကို မှန်အောင်ပစ်နိုင်တဲ့ လေးသည်ကျော်အလား နက်နဲသိမ်မွေ့တဲ့ အကြောင်းအရာတွေကိုတောင်မှ သိမြင်နားလည်နိုင်ကြပါတယ်၊ သူတို့တတွေဟာ မိမိတို့ရဲ့ ပညာစွမ်းနဲ့ အခြားသူတွေရဲ့ အယူကို လိုက်လံဖျက်ဆီးနေကြသလို လှည့်ပတ်သွားလာနေကြပါတယ်။

“ရဟန်းဂေါတမ ဘယ်မြို့ ဘယ်ရွာ ဘယ်နိဂုံကို ရောက်လာလိမ့်မယ်”လို့ သတင်းစကားကြားသိရတဲ့အခါမျိုးမှာ “တို့တတွေဟာ ရဟန်းဂေါတမဆီကို သွားပြီး ပြဿနာမေးကြရလိမ့်မယ်၊ ငါတို့က ‘ဒီလိုမေး’လို့ ရဟန်းဂေါတမက ဒီလိုဖြေယင် ဒီလိုအပြစ်တင်ကြရလိမ့်မယ်၊ ငါတို့က ‘ဒီလိုမေး’လို့ ဒီလိုဖြေဆိုပြန်ယင်လဲပဲ ဒီလိုပဲ အပြစ်တင်ကြရလိမ့်မယ်”ဒီလို ကြံစည် စိတ်ကူးပြီး နှစ်စွန်းထွက်ပြဿနာ (ဘယ်လိုပဲဖြေဖြေ အပြစ်မလွတ်နိုင်တဲ့ ပြဿနာမျိုး)ကို သူတို့တတွေက စီစဉ်ထားတတ်ကြပါတယ်။

သူတို့တတွေဟာ “ရဟန်းဂေါတမ ဆိုက်ရောက်လာပြီ”လို့ သတင်းစကားကြားရတယ်ဆိုယင်ပဲ ရဟန်းဂေါတမ ထံတော်မှောက်ကို အရောက်သွားကြ

ပါတယ်၊ အဲဒီလို ရောက်သွားတဲ့အခါမှာ ဘုရားရှင်က သူတို့ကို တရားစကား ပြောဟောယင်းနဲ့ပဲ ပစ္စုပ္ပန်ဆိုတဲ့အကျိုး သံသရာဆိုတဲ့အကျိုး ဒီအကျိုး ၂-မျိုးကို ကောင်းကောင်းမြင်အောင် ပြပါတယ်၊ ကုသိုလ် တရားတွေကို ဆောက်တည်စေပါတယ်၊ ကုသိုလ်ကောင်းမှု ပြုလုပ်ဖို့ရန် စိတ်အားထက်သန် စေပါတယ်၊ ကြည်သာရွှင်ပျစေပါတယ်။

သူတို့တတွေဟာ ဘုရားရှင်ရဲ့ တရားသဘောကို ထိုးထွင်းသိမြင်သွားကြ ပါတယ်၊ ဘုရားရှင်အား ပြဿနာလေးတောင် မမေးကြတော့ပါဘူး၊ အပြစ် တင်မှာတော့ ပေးပါသေးရဲ့၊ အမှန်မှာ (သရဏဂုံခံယူပြီး)ဘုရားရှင်ရဲ့ တပည့် သာဝကသာ ဖြစ်သွားကြပါတယ်။

အဲဒီ မင်းမျိုးမင်းနွယ် ပညာရှိတွေက ပြဿနာမမေးဖြစ်တဲ့ အကြောင်းကို အဋ္ဌကထာ° အလိုကျနန်နဲ့ ရှင်းပြပါဦးမယ်။

''ဘုရားရှင်တွေ''ဆိုတာဟာ တရားဟောလို့ရှိယင် ပရိသတ်ရဲ့ အလိုဆန္ဒ ကိုကြည့်ပြီး ဟောတော်မူပါတယ်၊ ဒါ့ကြောင့် ' ဒီပုဂ္ဂိုလ်တွေဟာ လျှို့ဝှက် သိခက်တဲ့ ပြဿနာကို ခါးပိုက်ဆောင်ပစ္စည်းသဖွယ် ပြုလုပ်ပြီး လာကြတာပဲ'' ဒီလို သိမြင်တော်မူပါတယ်။

ဒီတော့ သူတို့မမေးခင်ကပဲ ကြိုတင်ပြီး ဒီလိုပြဿနာမျိုးကို မေးတဲ့နေရာ မှာ အပြစ်ဘယ်လောက်ပါဝင်တယ်၊ ဖြေဆိုတဲ့နေရာမှာ မပြစ်ဘယ်လောက် ပါဝင်တယ်၊ အနက်မှာ အပြစ်ဘယ်လောက်ပါဝင်တယ်၊ ပုဒ်မှာ အပြစ်ဘယ် လောက်ပါဝင်တယ်၊ အက္ခရာမှာ အပြစ်ဘယ်လောက်ပါဝင်တယ်၊ ဒီပြဿနာ မျိုးကို မေးလိုလို့ရှိယင် ဒီလိုသာမေးသင့်တယ်၊ ဖြေယင်လဲ ဒီလိုသာဖြေသင့် တယ်၊ ဒီလို သူတို့က ခါးပိုက်ဆောင်ပစ္စည်းသဖွယ် ပြုလုပ်ယူဆောင်လာတဲ့ ပြဿနာတွေကို တရားဟောတော်မူယင်း ထည့်သွင်းချေဖျက်သွားပါတယ်။

အဲဒီစကားကို ကြားနာရတဲ့အခါ ''ဒီပြဿနာတွေကို မမေးဖြစ်တာဟာ တို့အတွက် ကံကောင်းတာပဲ၊ တကယ်လို့များ မေးမိလို့ရှိယင် ထောက်တည်ရာ မရအောင် ရဟန်းဂေါတမက ချေဖျက်ပစ်မှာ အမှန်ပါပဲ''ဒီလို သူတို့တတွေ က ဝမ်းသာကြရပါတယ်၊ ဒါ့ကြောင့် ပြဿနာမမေးဖြစ်တာပါပဲ။

၁။ မူလပဏ်-ဋ္ဌ-ဒု ၁၀၂။

နောက်တနည်းပြောရမယ်ဆိုယင် ဘုရားရှင်တွေဆိုတာဟာ တရားဟော တော်မူယင်း ပရိသတ်ကို မေတ္တာဓာတ်ပျံ့နှံ့နေအောင် လုပ်ထားတော်မူပါ တယ်၊ မေတ္တာဓာတ်ပျံ့နှံ့လာတဲ့အခါ ပရိသတ်ရဲ့စိတ်ဟာ ကြည်လင်လာပါ တယ်။

ပြီးတော့ကာ ဘုရားရှင်တွေဆိုတာဟာ အချောအလှ အလှပဆုံးဖြစ်တဲ့ ရုပ်ရေရူပကာယကို ပိုင်ဆိုင်ထားတဲ့ ပုဂ္ဂိုလ်မျိုးတွေ ဖြစ်ကြပါတယ်၊ ဖူးမြင် ချင်စဖွယ် သပ္ပယ်တော်မူပါတယ်၊ ချိုမြိန်သာယာတဲ့ အသံနဲ့လဲ ပြည့်စုံတော်မူ ပါတယ်၊ နူးညွှံ့ပျော့ပျောင်းတဲ့ လျှာတော်လဲ ရှိတော်မူပါတယ်၊ ကောင်းစွာ ထိစပ်တဲ့ နှုတ်ခမ်းတော်လဲ ရှိတော်မူပါတယ်၊ ရေခဲရေနဲ့ စိတ်နှလုံးကို လောင်း ထားလိုက်သလို တရားဟောတော်မူပါတယ်။

အဲဒီ အခိုက်အတန့်မှာ မေတ္တာပျံ့နှံ့မှု စိတ်ကြည်လင်အေးချမ်းမှု ရှိနေကြတဲ့ အဲဒီ မင်းမျိုးမင်းနွယ် ပညာရှိတွေက "ရဟန်းဂေါတမဟာ တထစ်ချ စကား မျိုး, အကျိုးရှိတဲ့စကားမျိုး, လွတ်မြောက်ရေးစကားမျိုးကိုချည်း ပြောနေတာ ပဲ၊ ဒီလိုပုဂ္ဂိုလ်နဲ့ဆန့်ကျင်ယင် ဆန့်ကျင်တဲ့ပုဂ္ဂိုလ်ကသာ အဆိုးဖြစ်တော့မပေါ့၊ ဒီတော့ ဘယ်သူက ဆန့်ကျင်ရဲတော့မလဲ" ဒီလို စဉ်းစားတွေးတောပြီးသာ နေကြရပါတော့တယ်။

ဒီလို သူတို့ကိုယ်တိုင်က ဘုရားအပေါ်မှာ ကြည်ညိုလာကြတဲ့အတွက် ပြဿနာမမေးဖြစ်တာပါပဲတဲ့။

အဲဒီလို "ပြဿနာမေးမယ် အပြစ်တင်မယ်"လို့ ရောက်လာကြတဲ့ မင်းမျိုး မင်းနွယ် ပရိသတ်တွေရဲ့ ဘုရားတပည့်သာဝက ဖြစ်သွားရတာဟာလဲ ဘုရားရှင့် အပေါ်မှာ ဘုရားစစ်ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ ခိုင်လုံတဲ့ အကြောင်းတရပ် ဖြစ်ပါတယ်ဘုရား။

နောက်ပြီးတခါ တပည့်တော်က ပြာဟ္မဏပညာရှိ, အခြား အိမ်နေသူ လူပညာရှိတွေကိုလဲပဲ ကြည့်ရှု လေ့လာရပါသေးတယ်၊ သူတို့တတွေဟာလဲပဲ အဆုံးတနေ့ကျတော့ မင်းမျိုးမင်းနွယ် ပညာရှိတွေလို အရှင်ဘုရားရဲ့ တပည့် သာဝကချည်း ဖြစ်သွားကြရပါတယ်၊ ဒီအချက်တွေဟာလဲပဲ ဘုရားရှင် အပေါ်မှာ ဘုရားစစ်ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ် ဆင်ခြင်သိမြင်နားလည်ဖို့ ခိုင်လုံတဲ့ အကြောင်းရပ်များ ဖြစ်ပါတယ်ဘုရား။

ပြီးတော့တခါ တပည့်တော်ဟာ သမဏပညာရှိတွေကိုလဲ ကြည့်ရှုလေ့လာပါသေးတယ်၊ သူတို့လဲပဲ လိမ်မာထက်မြက်ကြပါတယ်၊ သူတပါးရဲ့အယူဝါဒတွေကိုလဲ လေ့လာဆည်းပူးထားကြပါတယ်၊ ထိုးထွင်းဉာဏ်လဲ ရှိကြပါတယ်၊ သားမြီးဖျားကို မှန်အောင်ပစ်နိုင်တဲ့ လေးသည်ကျော်အလား နက်နဲသိမ်မွေ့တဲ့ အကြောင်းအရာတွေကိုတောင်မှ သိမြင်နားလည်နိုင်ကြပါတယ်၊ သူတို့တတွေဟာလဲပဲ သူတို့ရဲ့ပညာစွမ်းနဲ့ သူများရဲ့ အယူတွေကို ဖျက်ဆီးနေကြသလိုပဲ လှည့်ပတ်သွားလာနေကြပါတယ်။

သူတို့ တတွေလဲပဲ မင်းမျိုးမင်းနွယ် ပညာရှိတွေလို နှစ်စွန်းထွက်ပြဿနာများကို စီစဉ်ပြီး အရှင်ဘုရားရဲ့ ထံတော်မှောက်သို့ ရောက်လာကြပါတယ်၊ တရားတော်ကို ကြားနာရတဲ့အခါမှာ အရှင်ဘုရားအား ပြဿနာတောင်မမေးကြတော့ပါ၊ အပြစ်တင်မှာတော့ ဝေးပါသေးရဲ့၊အမှန်ကတော့ အရှင်ဘုရားထံမှာ ရဟန်းပြုခွင့်သာ တောင်းကြပါတော့တယ်၊ အရှင်ဘုရားကလဲပဲ သူတို့ကို ရှင်ရဟန်းပြုပေးလိုက်ပါတယ်။

ရှင်ရဟန်းအဖြစ်ကို ရပြီးတဲ့အခါ သူတို့တတွေဟာ ဆိတ်ငြိမ်ရာကို ကပ်ရောက်ကြပါတယ်၊ နိဗ္ဗာန်ကို မျှော်မှန်းပြီး မမေ့မလျော့ အပြင်းအထန်ကြိုးစားအားထုတ်နေကြပါတယ်၊ သူတို့တတွေဟာ မကြာခင်မှာပဲ အရဟတ္တဖိုလ်ကို ကိုယ်တိုင်သိမြင် မျက်မှောက်ပြုကာ ရရှိနေထိုင်ကြပါတော့တယ်၊ အဲဒီအရဟတ္တဖိုလ် ဆိုတာဟာလဲပဲ ရဟန်းပြုကြတဲ့ အမျိုးကောင်းသားတွေရဲ့ မျှော်မှန်းချက်ပန်းတိုင် ဖြစ်ပါတယ်၊ အမြင့်မြတ် အထက်တန်း အကျဆုံးတရားပဲ ဖြစ်ပါတယ်၊ မြတ်တဲ့အကျင့်ရဲ့ နိဂုံးကမ္ပတ် အဆုံးသတ်တရားပဲ ဖြစ်ပါတယ်။

> "အလို ငါတို့တတွေဟာ ရဟန်းဂေါတမ ထံတော်မှောက်သို့ ရောက်လို့သာပေါ့၊ မရောက်ခဲ့ရလို့ရှိယင် ရဟန်းဂေါတမကို အနည်းအကျဉ်းမျှ မဆည်းကပ်ရခဲ့လို့ရှိယင် အကုန်လုံးပျက်စီးကြရမှာပါပဲ၊ အခုတော့ ဂေါတမထံမှောက်သို့ ရောက်လာ ဆည်းကပ်ရတဲ့အတွက် မပျက်စီးကြရတော့ဘူး၊ ငါတို့တတွေဟာ ရှေးတုန်းကဆိုယင် ရဟန်းအစစ် မဟုတ်ပဲနဲ့ 'ရဟန်း'လို့ ဝန်ခံခဲ့ကြတယ်၊ ဗြာဟ္မဏအစစ်မဟုတ်ပဲနဲ့ 'ဗြာဟ္မဏ'လို့ ဝန်ခံခဲ့ကြတယ်၊ရဟန္တာအစစ်မဟုတ်ပဲနဲ့ 'ရဟန္တာ'

လို့ ဝန်ခံခဲ့ကြပါတယ်၊ အခုမှသာ ငါတို့တတွေဟာ ရဟန်းအစစ် ဖြစ်ကြရပါတော့တယ်၊ ဗြာဟ္မဏအစစ် ဖြစ်ကြရပါတော့တယ်၊ ရဟန္တာအစစ် ဖြစ်ကြရပါတော့တယ်''

သူတို့တတွေက ဒီလိုလဲ ဝန်ခံပြောဆိုကြပါတယ်။

ဒီလို ရှင်တော်မြတ်ဘုရားကို ဆည်းကပ်မိကြတဲ့ သမဏပညာရှိတွေရဲ့ အရဟတ္တဖိုလ်ထိအောင် ရနိုင်တာဟာလဲပဲ ရှင်တော်မြတ်ဘုရားအပေါ်မှာ ဘုရားစစ်ဘုရားမှန်ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ လုံလောက်တဲ့ အကြောင်းတရပ် ဖြစ်ပါတယ်ဘုရား။

နောက်အကြောင်းတခုကတော့ ''ဣသိဒတ္တ၊ ပုရာဏ''ဆိုတဲ့ လက်သမား ၂-ယောက်ဟာ တပည့်တော်ရဲ့ ထမင်းကို စားနေကြပါတယ်၊ တပည့်တော်ရဲ့ ယာဉ်ကို စီးနေကြရပါတယ်၊ တပည့်တော်ဟာ သူတို့ရဲ့ အသက်သခင် ဖြစ်ပါတယ်၊ သူတို့အား အခြံအရံကိုလဲ ဆောင်နှင်း ပေးအပ်ထားပါတယ်၊ ဒီလိုဖြစ်ရက်သားနဲ့ သူတို့ ၂-ဦးဟာ ဘုရားရှင်အပေါ်မှာ ရှိသေကျိုးနွံမှုကို ပြုကြသလို တပည့်တော်အပေါ်မှာ မပြုကြပါ။

တခါတုန်းက တပည့်တော်ဟာ စစ်တပ်သို့ ထွက်ခဲ့ရပါတယ်၊ ကျဉ်းကျပ်တဲ့ နေရာတနေရာမှာ သူတို့နဲ့အတူ နေထိုင်ရပါတယ်၊ သူတို့ကို စုံစမ်းလိုတဲ့အတွက် တပည့်တော်က အိပ်ပျော်ယောင် ဆောင်နေပါတယ်၊ အဲဒီအခါမှာ သူတို့က အတော်လေး ညဉ့်နက်လာသည့်အထိ တရားစကားပြောဆို ဆွေးနွေးနေကြပါတယ်၊ ပြီးတော့ ဘုရားရှင်ရှိရာဘက်ကို ခေါင်းပြုပြီး တပည့်တော်ဘက်ကို ခြေရင်းပြုကာ အိပ်ကြပါတယ်။

ဒီလို ဣသိဒတ္တနဲ့ ပုရာဏတို့ရဲ့ အသက်သခင် ထမင်းရှင်ဖြစ်တဲ့ တပည့်တော်ကိုထက် တရားသခင် ဘုရားရှင်ကို ရှိသေ ကျိုးနွံကြခြင်းဟာလဲပဲ ဘုရားရှင် အပေါ်မှာ ဘုရားစစ် ဘုရားမှန် ဖြစ်ပုံကို နှိုင်းယှဉ်ဆင်ခြင် သိမြင်နားလည်ဖို့ လုံလောက်တဲ့ အကြောင်းတရပ် ဖြစ်ပါတယ်ဘုရား။

အရှင်ဘုရား ပြီးတော့ကာ မြတ်စွာဘုရားဟာ မင်းမျိုးမင်းနွယ်ရှိသူဖြစ်ပါတယ်၊ တပည့်တော်လဲပဲ မင်းမျိုးမင်းနွယ်ရှိသူ ဖြစ်ပါတယ်၊ မြတ်စွာဘုရားလဲ ကောသလတိုင်းသား ဖြစ်ပါတယ်၊ တပည့်တော်လဲပဲ ကောသလတိုင်းသား

ဖြစ်ပါတယ်၊ မြတ်စွာဘုရားလဲ အသက် ၈၀-ရှိပါတယ်၊ တပည့်တော်လဲ အသက် ၈၀-ပဲရှိပါတယ်။

ဒီလို မျိုးနွယ်ဒေသ အသက်အရွယ် တူမျှတဲ့အတွက်ကြောင့်လဲပဲ ဘုရားရှင်အပေါ်မှာ လွန်ကဲတဲ့ကျိုးနွံမှုကိုပြုဖို့ မိတ်ဆွေအမှတ်နဲ့ ပူဇော်မှုကို သိသိသာသာကြီးပြုလုပ်ဖို့ ထိုက်တန်တော့တာပါပဲ၊ အရှင်ဘုရား အခုပဲ တပည့်တော်တို့ သွားပါရစေ၊ တပည့်တော်တို့မှာ လုပ်စရာကိုင်စရာ အလုပ်ကိစ္စတွေ များလှပါတယ်။

ဒီလို ပသေနဒီ ကောသလမင်းက လျှောက်ထား တောင်းပန်လိုက်တော့ ဘုရားရှင်က "မဟာရာဇာ သွားလို သွားတာပေါ့" ဒီလို အမိန့်ရှိလိုက်ပါတယ်၊ ဒီတော့ ပသေနဒီကောသလမင်းက နေရာကထပြီး မြတ်စွာဘုရားကို ရှိခိုးအရိုအသေပြုကာ ထွက်သွားပါတော့တယ်။

ပသေနဒီ ကောသလမင်း ထွက်သွားလို့ မကြာခင်မှာပဲ ဘုရားရှင်က ရဟန်းတွေကို အမိန့်ရှိ သိစေတော်မူပါတယ်။

> "ရဟန်းတို့ ပသေနဒီ ကောသလမင်းဟာ တရားတော်ကို ကြည်ညိုခြင်းနဲ့ စပ်ယှဉ်တဲ့စကား (ဓမ္မစေတိယ)တွေကို လျှောက်ထားသွားပါတယ်၊ အဲဒီစကားတွေကို သင်ယူကြရမယ်၊ လေ့လာကြရမယ်၊ ဆောင်ရွက် မှတ်သားထားကြရမယ်၊ တရားတော်ကို ကြည်ညိုခြင်းနဲ့စပ်ယှဉ်တဲ့ စကားတွေဟာ အကျိုးစီးပွား များပြားစေနိုင်ပါတယ်၊ မဂ်ဆိုတဲ့ မြတ်သောအကျင့်ရဲ့ အခြေခံအုတ်မြစ်တွေ ဖြစ်ကြပါတယ်"

ဓမ္မစေတိယသုတ္တန် ဒေသနာတော်ဟာ ဒီနေရာမှာပဲ ပြီးဆုံးသွားပါတယ်၊ ကောသလမင်းက ဘုရားရှင်ရဲ့ ဂုဏ်တော်နဲ့စပ်တဲ့ စကားတွေကိုချည်း လျှောက်ထားသွားပါတယ်၊ ဘုရားရှင်က "တရားတော်ကို ကြည်ညိုခြင်းနဲ့စပ်တဲ့ စကားတွေကို လျှောက်ထားသွားတယ်" ဆိုပြီး ဒီသုတ်ကို "ဓမ္မစေတိယသုတ္တန်" လို့ အမည်ပေးပါတယ်၊ ဒီတော့ ဘုရားရှင်က ဘယ်လိုရည်ရွယ်ချက်မျိုးနဲ့ "ဓမ္မစေတိယသုတ္တန်" လို့ အမည်ပေးရပါသလဲ၊ ဒီလို စဉ်းစားစရာအချက် ပေါ်လာပါတယ်။

ရတနာသုံးပါးထဲက တပါးပါးကို ကြည်ညိုခဲ့လို့ရှိယင် အကုန်လုံးကို ကြည်ညိုပြီး ဖြစ်ပါတော့တယ်တဲ့၊ ဒါကြောင့် ‘ဘုရားရှင်ကို ကြည်ညိုလို့ရှိယင် တရားတော်ကိုလဲပဲ ကြည်ညိုပြီးပဲ ဖြစ်တော့တယ်’ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဘုရားရှင်က ဒီသုတ်ကို ‘‘ဓမ္မစေတိယ’’လို့ အမည်ပေးထားရပါတယ်တဲ့။

အခု သာသနာတော်တွင်းမှာ ‘‘ဒါန, သီလ, ဘာဝနာဆိုတဲ့ ကုသိုလ်ကောင်းမှုတွေကို စိတ်ထက်ထက်သန်သန် သဒ္ဓါအား ကောင်းကောင်းနဲ့ လုပ်ကြကိုင်ကြတာဟာ ဘာကြောင့်လဲ’’လို့ အကြောင်းကို လိုက်ရှာတော့ ရတနာသုံးပါးကို ကြည်ညိုလို့ လုပ်တယ်ဆိုတာ တွေ့ရပါမယ်၊ ဒီတော့ ဒီကုသိုလ်ကောင်းမှုအကုန်လုံးဟာ ရတနာသုံးပါးကို ကြည်ညိုတာက အစပြုပြီး ဖြစ်ပေါ်လာတယ်’’လို့ မဆိုသင့်ဖူးလား။

‘‘ဆိုသင့်ပါတယ်ဘုရား’’

‘‘ပြီးတော့ကော ဒီကုသိုလ်တွေဟာ မဂ်ဖိုလ်ရဲ့ အခြေခံမျိုးစေ့ကော မဖြစ်နိုင်ဖူးလား’’

‘‘ဖြစ်နိုင်ပါတယ်ဘုရား’’

‘‘ဒါကြောင့် ရတနာသုံးပါးကို ကြည်ညိုတယ်ဆိုတဲ့ တရားကို သေးသေးကွေးကွေးလို့ မထင်ကြပါနဲ့၊ မဂ်ဖိုလ်ကို ရဖို့ရန် တကယ်ခိုင်ခန့်ကြီးကျယ်တဲ့ ‘အခြေခံအုတ်မြစ်’လို့ မှတ်ကြရမယ်’’ ကိုင်းလိုက်ဆိုထားကြဦး။

ဗုဒ္ဓဘာသာ-ရှင်လူများတို့၊ သေချာစဉ်းစား-ဆင်ခြင်ပါ၊
ပေးစွန့်ကြည်ဖြူ-လှူဒါနနှင့်၊ သီလတရား-ဘာဝနာ၊
စိတ်အားထက်သန်-သဒ္ဓါပွားလို့၊ ကုသိုလ်အများ-ပြုခြင်းမှာ၊
သုံးပါးရတနာ-ကြည်ညိုမှုက၊ အစပြုလို့-ဖြစ်ပေါ်လာ၊
ဒါကြောင့်နှစ်လို-ကြည်ညိုမှုကို၊ မဂ်အုတ်မြစ်ဟု-မှတ်လိုက်ပါ၊
(မှတ်ပါ၊ မှတ်ပါ။)

သရဏဂုံအကျိုး

ကျန်ရှိနေတဲ့အချိန်မှာ သရဏဂုံအကျိုးကို ဆက်ပြီး ပြောပေးပါဦးမယ်၊ ပြီးသလောက်ပေါ့၊ ကျန်နေတာကိုတော့ နောက် လပြည့်နေ့မှ ဆက်ပြောပေးမယ်။

"သရဏဂုံ"ဆိုတာဟာ "လောကုတ္တရာသရဏဂုံ, လောကီသရဏဂုံ"ရယ်လို့ ၂-မျိုး ရှိနေတဲ့အကြောင်းကို ပြောပြခဲ့ပြီးပါပြီ၊ အဲဒီ ၂-ပါးထဲက လောကုတ္တရာ သရဏဂုံရဲ့အကျိုးကို အရင်ပြောပါမယ်။

"ငါဘုရားရဲ့ တပည့်သာဝက တဦးတယောက်ဟာ ဘုရားကိုလဲ ကိုးကွယ်တယ်၊ တရားကိုလဲ ကိုးကွယ်တယ်၊ သံဃာတော်ကိုလဲ ကိုးကွယ်တယ်၊ အရိယာ ဖြစ်စေတတ်တဲ့ သစ္စာ၄-ပါး တရားတွေကို မှန်မှန်ကန်ကန် မဂ်ပညာနဲ့ သိမြင်တယ်၊ ဒုက္ခသစ္စာကိုလဲ သိမြင်တယ်၊ ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာကို သိမြင်တယ်၊ ဒုက္ခကို လွန်မြောက်ကြောင်း နိရောဓသစ္စာကိုလဲ သိမြင်တယ်၊ ဒုက္ခငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်း အင်္ဂါ ၈-ပါးရှိတဲ့ မဂ္ဂသစ္စာကိုလဲ သိမြင်တယ်။

"ဒီသစ္စာလေးပါးကို သိမြင်ကြောင်း အရိယမဂ်ဟာ ဘေးတို့ရဲ့ ကုန်ရာဖြစ်တဲ့ သရဏဂုံပဲ၊ ဒီအရိယမဂ်ဟာ မွန်မြတ်တဲ့ သရဏဂုံပါပဲ၊ ဒီသစ္စာ ၄-ပါးကို သိမြင်ခြင်းဆိုတဲ့ သရဏဂုံကို အကြောင်းပြုပြီး ဒုက္ခအကုန်လုံးက လွတ်မြောက်ရတော့တယ်" [၁]

ဒီလို အဂ္ဂိဒတ္တပုဏ္ဏားအား ဘုရားရှင်က ဟောကြားခဲ့ပါတယ်၊ ဒီ ဟောကြားချက်ကိုပဲ အထောက်အထားပြုပြီး "အရိယမဂ်ပဲ လောကုတ္တရာ သရဏဂုံ မည်တယ်၊ ဒါ့ကြောင့် ဖိုလ် ၄-ခုဟာ လောကုတ္တရာ သရဏဂုံရဲ့ အကျိုးရင်း မည်ပါတယ်၊ ဒုက္ခကုန်ရာဖြစ်တဲ့ နိဗ္ဗာန်ကတော့ ဆက်သွယ်လို့ ရအပ်တဲ့ အကျိုး ဆက်မည်တယ်" ဒီလို မှတ်သားကြရမယ်နော်။

မဂ်ဉာဏ်ကို ရပြီးတဲ့ ပုဂ္ဂိုလ်တဦးတယောက်ဟာ "ရုပ် နာမ် ဓမ္မသင်္ခါရ တစုံတခုကို မြဲတယ်"လို့ ယူဆစရာ အကြောင်း မရှိတော့ဘူး၊ (အတ္တဒိဋ္ဌိအရင်းခံနဲ့) 'သုခ' လို့ ယူဆစရာ အကြောင်းမရှိတော့ဘူး၊ ဘယ်လိုတရားမျိုးကိုမှ 'အတ္တ'လို့ ယူဆစရာလဲ အကြောင်းမရှိတော့ဘူး၊ အမိကို သတ်စရာလဲ အကြောင်းမရှိတော့ဘူး၊ အဖကို သတ်စရာလဲ အကြောင်းမရှိတော့ဘူး၊ ရဟန္တာကို သတ်စရာလဲ အကြောင်းမရှိတော့ဘူး။

၁။ ခံ-ပါ-၄၂။

(အရိယာပုဂ္ဂိုလ်တွေဟာ အခြားသတ္တဝါတွေကိုလဲ သတ်စရာအကြောင်း မရှိပါဖူး၊ ဒါပေမဲ့ ပုထုဇဉ်အဖြစ်ရဲ့ အပြစ်ကြီးလေးပုံ အရိယာအဖြစ်ရဲ့ ကုသိုလ်ရေးရာမှာ အားကောင်းပုံကို ပြရအောင်လို့သာ ဘုရားရှင်က ဒီလို ဟောကြားရတာပါ)၊

ဒေါသ အာဃာတစိတ်နဲ့ သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ကိုယ်တော်မှာ သွေးခြည်ဥအောင် ပြုစရာလဲ အကြောင်းမရှိဘူး၊ ဘာသာခြားပုဂ္ဂိုလ်တဦးတယောက်ကို ဘာသာရေးရာမှာ ဆရာရယ်လို့ ညွှန်ပြစရာ အကြောင်းလဲ မရှိဖူး၊ အခွင့်လဲ မဟုတ်ဖူး၊ ဒီအကြောင်းမျိုးဟာ ဖြစ်နိုင်စရာလဲ မရှိတော့ပါဖူး''[၁]

ဒီအင္ဂုတ္တရနိကာယ် ပါဠိတော်ကို ထောက်ထားပြီး ''ရုပ် နာမ် ဓမ္မ သင်္ခါရ တစုံတခုကိုနိစ္စ, သုခ, အတ္တ''လို့စွဲလမ်းမှုမရှိတာ၊ ပဉ္စာနန္တရိယကံကို မကျူးလွန်တာ၊ အခြား ဘာသာခြား ပုဂ္ဂိုလ်တဦးတယောက်ကို ဘာသာရေးရာ ဆရာလို့ မညွှန်ပြတာစတဲ့ဟာတွေလဲပဲ ''လောကုတ္တရာ သရဏဂုံရဲ့ ဆက်သွယ်ပြီးရလာတဲ့ အကျိုး''လို့ ယူဆသင့်ပါတယ်၊ ဒီလောက်နဲ့ပဲ လောကုတ္တရာသရဏဂုံရဲ့ အကျိုးကို လက်စသတ်လိုက်ကြစို့ရဲ့။

လောကီသရဏဂုံရဲ့ အကျိုးကို ပြောတဲ့နေရာမှာတော့ အခြေခံဖြစ်တဲ့ သရဏဂုံ, သရဏဂုံတည်သူ ဒါတွေကိုပါ ထည့်သွင်း ပြောသွားမှ ဖြစ်ပါလိမ့်မည်။

သရဏဂုံ။ ။''သရဏဂုံလို့ ပြောနေကြတဲ့စကားဟာ ''သရဏ ဂမန''ဆိုတဲ့ ပါဠိစကားက ဆင်းသက်လာတာဖြစ်တယ်၊ ''သရဏ-ကိုးကွယ်ရာ''လို့, နောက်တနည်းက ''သရဏ–ဆင်းရဲကိုဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တတ်တယ်''လို့၊ ဂမန–သိတဲ့စိတ် ဒီလို တပုဒ်ချင်း အနေနဲ့ အဓိပ္ပာယ်ရပါတယ်၊ ဒီတော့ ''ဘုရား, တရား, သံဃာတွေကို ကိုးကွယ်စရာ''လို့ သိတဲ့စိတ်ကို ''သရဏဂုံ''လို့ ခေါ်ပါတယ်၊ နောက်

၁။ အံ ပါ–ပ–၂၉။

တနည်းအလိုအရကတော့ "ဘုရား, တရား, သံဃာတွေကို ဆင်းရဲပယ်ဖျောက် ချမ်းသာရောက်အောင် စောင့်ရှောက်တတ်တယ်"လို့ သိတဲ့စိတ်ကို "သရဏဂုံ" လို့ ခေါ်ပါတယ်။

"ဘုရားရှင်ဟာ သိစရာမှန်သမျှ တရားတွေကို ဘယ်ဆရာဆီမှာမှ နည်းမခံပဲ ကိုယ်တော်တိုင် သိတော်မူတတ်ပါတယ်၊ တရားတော်ဟာလဲ ကောင်းကောင်း မွန်မွန် မှန်မှန်ကန်ကန် ဟောထားတဲ့ တရားတော် ဖြစ်ပါတယ်၊ သံဃာတော်ဟာလဲ ကောင်းကောင်းမွန်မွန် မှန်မှန် ကန်ကန် ကျင့်တော်မူဟက်ပါပေတယ်"

ဒီလို စတဲ့နည်းနဲ့ ရတနာသုံးပါးအပေါ်မှာ ကြည်ညိုမှု ယုံကြည်မှု ရှိသေ လေးစားမှု ဖြစ်ပေါ်လာလို့ရှိယင် မဆုံးဖြတ်နိုင်မှု–ဝိစိကိစ္ဆာ၊ တွေဝေမှု– သမ္မောဟ၊ မကြည်ညိုမှု–အသဒ္ဓိယ စတဲ့ အညစ်အကြေး တရားတွေ ကင်းစင် လွင့်ပျောက်ရပါတယ်၊ ရတနာသုံးပါးကို ခိုကိုးလိုတဲ့စိတ် အားထားလိုတဲ့ စိတ်တွေ ပေါ်ပေါက် လာရပါတယ်၊ အဲဒီစိတ်မျိုးကိုပဲ "သရဏဂုံ"လို့ ခေါ်ရတာပါပဲ။

သရဏဂုံတည်သူ။ ။ပြီးတော့ ဘယ်ပုဂ္ဂိုလ်မှာပဲ ဖြစ်ဖြစ် "ဘုရားတရား သံဃာတွေကို ကိုးကွယ်ရလို့" သိတဲ့ ဒီအသိစိတ်မျိုး ပေါ်လာလို့ရှိယင် အဲဒီပုဂ္ဂိုလ်ကို "သရဏဂုံတည်သူလို့"ဆိုရပါတယ်။

အေးဒီလို သရဏဂုံတည်ပြီးဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ "ဘုရား, တရား, သံဃာ တွေကို ကိုးကွယ်ရ မဟုတ်ဖူး"လို့ အယူပြောင်း သွားမယ်, စိတ်ပြောင်း သွားမယ်ဆိုယင် သရဏဂုံ ပျက်သွားပါတယ်၊ ဒီလို အယူမပြောင်းပဲ စိတ် မပြောင်းပဲနဲ့တော့ ဘယ်တော့မှ သရဏဂုံ မပျက်ပါဖူး၊ သေသွားမှပဲ ပျက်ပါတယ်၊ နောက်ထပ် ဆောက်တည်စရာလဲ မလိုတော့ပါဖူး၊ ဒီတော့ နောက်ထပ် ဆောက်တည်တဲ့အတွက် အပြစ်ရှိသလား ဆိုတော့ မရှိပါဖူး၊ ဆောက်တည်တဲ့အတွက် နောက်ထပ် ကုသိုလ်တိုးပွားစရာပဲ ရှိပါတယ်။

ပြီးတော့ တခါ "ဘုရားကို ကိုးကွယ်ပါတယ်"ဆိုတဲ့ နေရာမှာလဲ အခု ကာလရှိနေကြတဲ့ ရုပ်ပွားဆင်းတုတော်တွေ, ရွှေတိဂုံစတဲ့ စေတီတော်တွေ, ရုပ်ပုံကားချပ်တွေ ဒါလောက်တင် စိတ်မထားရဘူး၊ ရှေက ဘုန်းကြီးပြောပြ

လာတဲ့ ဂုဏ်တော်တွေနဲ့ ပြည့်စုံတော်မူတဲ့ သက်တော်ထင်ရှား ဘုရားထိအောင် စိတ်ကို ရောက်စေရမယ်။

တရားကို ကိုးကွယ်ပါတယ်ဆိုတဲ့နေရာမှာလဲ ယခုကာလ ဓမ္မကထိကတွေ ဟောနေပြောနေကြတဲ့ တရားတွေ, ပေစာတွေ, စာအုပ်တွေ ဒါလောက်တင် စိတ်မထားရဖူး၊ "မဂ်လေးပါး, ဖိုလ်လေးပါး, နိဗ္ဗာန်"ဆိုတဲ့ လောကုတ္တရာ တရားကိုးပါး, "ဘုရားဟောပါဠိတော်, အဋ္ဌကထာ"ဆိုတဲ့ ပရိယတ္တိတရား ဒီတရားတော် ၁၀-ပါးထိအောင် စိတ်ကို ရောက်စေရမယ်။

"သံဃာကို ကိုးကွယ်ပါတယ်"ဆိုတဲ့နေရာမှာလဲပဲ အခုကာလ ရှိနေကြတဲ့ ကိုရင်တွေ, ဦးပဥ္စင်းတွေ, ဘုန်းတော်ကြီးတွေ, ဆရာတော်ကြီးတွေ ဒါ လောက်တင် စိတ်မထားရပါဖူး၊ "မဂ္ဂဋ္ဌာန်လေးယောက်, ဖလဋ္ဌာန်လေး ယောက်"ဆိုတဲ့ အရိယာသံဃာတွေထိအောင် စိတ်ကို ရောက်စေရမယ်။

ဒီလို စိတ်ကိုရောက်စေနိုင်, ထားနိုင်မှသာ သရဏဂုံအစစ် ဖြစ်နိုင်ပါတယ်၊ ဒီတော့ ဒီနေရာမှာ ဘုရားရှင်ကိုယ်တော်တိုင် ဆတ္တဆိုတဲ့ ကျောင်းသား ကလေးတယောက်ကို သင်ပေးတဲ့ သရဏဂုံ ဆောက်တည်ပုံကို ထည့်သွင်း ပြောသွားပါမယ်၊ အဲဒီ ဆတ္တဆိုတဲ့ ကျောင်းသားကလေးရဲ့ ဝတ္ထုကြောင်း နဲ့ပဲ "ဘယ်လိုသဘောရှိတဲ့ ဘုရား တရား သံဃာကို အာရုံပြုရမယ်၊ ယခု ကာလလို ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စတဲ့ ပါဠိကို မဆိုပေမဲ့ သရဏဂုံတည်ပြီး ဖြစ်နိုင်တယ်"ဆိုတာတွေကို နားလည်သွားကြပါလိမ့်မယ်။

မောင်ဆတ္တ[၁]။ ။သေတဗျမြို့သား ပုဏ္ဏားတယောက်မှာ ရတောင့်ရခဲ ရထားတဲ့ သားကလေး တယောက် ရှိနေတယ်၊ အဲဒီ ကလေးရဲ့ အမည်က မောင်ဆတ္တတဲ့၊ ပညာသင်ချိန် ရောက်လာတဲ့အခါ သူ့အဖေက မောင်ဆတ္တကို ဥက္ကဋ္ဌမြို့ ပေါက္ခရသာတိ ပုဏ္ဏားဆီကို ပညာသင် ရအောင် လွှတ်လိုက်တယ်၊ မောင်ဆတ္တကလေးဟာ ပင်ကိုယ်ဉာဏ်ပညာကလဲ ထက်မြက်, လုံ့လဝီရိယကလဲရှိတော့ မကြာခင်မှာပဲ ပုဏ္ဏားတွေရဲ့ အတတ် အကုန်လုံးကို တတ်မြောက် သွားပါတယ်၊ ဒီတော့ မောင်ဆတ္တကလေးက ဆရာကိုရှိခိုးပြီး မေးပါတယ်။

၁။ ဝိမာန ဌ-၁။

"ကျွန်တော်က ဆရာ့ဆီမှာ အတတ်ပညာတွေကို သင်ယူခဲ့ပါတယ်၊ အဲဒီအတွက် ဆရာ့ပူဇော်ခ ဘယ်လောက်ပေးရမှာပါလဲ"

"ဆရာ့ပူဇော်ခဆိုတာဟာ တပည့်ကလေးရဲ့ ပစ္စည်းအင်အားကို လိုက်ပြီး ပေးရတာပါပဲကွာ၊ မင်းအတွက်ကတော့ 'တထောင်'ဆိုယင် တော်လောက်ပါပြီ၊ ဒီတော့ ငွေတထောင်ပဲ ယူခဲ့တာပေါ့"

ဆရာ့စကားကို ကြားရတဲ့အခါ မောင်ဆတ္တက ဆရာ့ကို ရှိခိုးပန်ပြောပြီး သေတဗျမြို့ကို ပြန်လာပါတယ်၊ အမေအဖေတွေနဲ့ ဝမ်းပန်းတသာ ပြောဆိုနေယင်း သူ့အဖေကို အကျိုးအကြောင်း ပြောပြပါတယ်၊ ဆရာပြောလိုက်တဲ့ စကားကို ပြောပြတာပေါ့လေ။

"အဖေရယ် ပေးရမယ့်ဥစ္စာကို ကျွန်တော့အား ပေးပါ၊ ဒီနေ့ပဲ သွားပေးပြီး ပြန်လာပါ့မယ်"

မောင်ဆတ္တရဲ့ စကားကို ကြားရတဲ့အခါ "သားရယ် ဒီနေ့ အချိန်မရှိတော့ပါဘူး၊ နက်ဖြန်မှ သွားတာပေါ့"ဆိုပြီး ငွေတွေကိုရေပြီး အဆင်သင့်ထုပ်ထားပါတယ်။

ခိုးသားဓမြတွေက ဒီအကြောင်းကို သိနေကြပါတယ်၊ "ကလေးကို သတ်ပြီး ငွေတွေကိုယူမယ်"ဆိုတဲ့ အကြံနဲ့ မောင်ဆတ္တ သွားမဲ့လမ်းနားက ခြုံထဲမှာ ပုန်းနေကြပါတယ်။

အဲဒီအချိန်မှာ ဘုရားရှင်က သာဝတ္ထိမြို့ ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံး နေတော်မူပါတယ်၊ "ဒီနေ့ မောင်ဆတ္တကို ချီးမြှောက်ရမဲ့နေ့ပဲ" ဆိုတာ ဘုရားရှင်က နံနက်အစောကြီးကတည်းက သိမြင်ထားပါတယ်၊ ဒါနဲ့ ကြွတင်ကြွတော်မူပြီး မောင်ဆတ္တ သွားမဲ့လမ်းနားက သစ်ပင်တပင်အောက်မှာ သီတင်းသုံး ထိုင်နေတော် မူနှင့်ပါတယ်။

မောင်ဆတ္တကလဲ ဆရာ့အတွက် ဥစ္စာကိုယူပြီး သေတဗျမြို့ကနေ ဥက္ကဋ္ဌမြို့ဘက်ကို ထွက်လာခဲ့ပါတယ်၊ လမ်းခုလတ်မှာ ဘုရားရှင်ကိုတွေ့ရတော့ အနား ကို သွားပြီး ရပ်နေပါတယ်၊ ဒီတော့ ဘုရားရှင်ကပဲ သူ့ကို စတင်နှုတ်ခွန်း ဆက်မှုကို ပြုပါတယ်။

"မောင်ဆတ္တက ဘယ်ကို သွားမလို့လဲ"

"ကျွန်တော့ဆရာ ပေါက္ခရသာတိ ပုဏ္ဏားအား ဆရာပူဇော်ခပေးရအောင် 'ဥက္ကဋ္ဌမြို့ကို သွားမလို့ပါပဲ' အရှင်ဂေါတမ"

"မောင်ဆတ္တရယ် 'သရဏဂုံသုံးပါးနဲ့ ငါးပါးသီလ'ဆိုတာတွေကို မင်းနားလည်ရဲ့လား"

"ကျွန်တော် နားမလည်ပါဘူး၊ အဲ ဒါတွေဟာ ဘာအကျိုးရှိပါသလဲ၊ ဘယ်လိုဟာတွေတဲ့လဲ"

ဒီတော့ မြတ်စွာဘုရားက "ဒါတွေတာ ဒီလိုပါပဲ" ဆိုပြီး သရဏဂုံရဲ့ အကျိုးအာနိသင်တွေ သီလဆောက်တည်ခြင်းရဲ့ အကျိုးအာနိသင် တွေကို ရှင်းလင်းဟောပြတော်မူပါတယ်၊ ပြီးတော့မှ "မောင်ဆတ္တရေ သရဏဂုံ ဆောက်တည်ပုံကို သင်ယူဦးမလား"လို့ မေးတော်မူပြန်တယ်။

"ကောင်းပါတယ်၊ သင်ယူပါ့မယ်၊ အမိန့်ရှိတော်မူပါဘုရားလို့"တောင်းပန်ပါတယ်၊ ဒီတော့ ရှင်တော်မြတ်ဘုရားက သရဏဂုံဆောက်တည်ပုံကို သူ့စိတ်ကြိုက်ဖြစ်တဲ့ ပါဠိကဗျာ သုံးပုဒ်ကို ရွတ်ပြ သင်ပေးပါတယ်။

အဲဒီ ပါဠိကဗျာတွေကို ပါဠိလိုရွတ်ပြတော့ ဒါယကာ ဒါယိကာမတွေက ဘာမှ နားလည်ကြမှာ မဟုတ်ဖူး၊ ဒါနဲ့ ဘုန်းကြီးက မြန်မာလိုပဲ ပြောပြပါ့မယ်၊ ပြီးမှ အဓိပ္ပာယ်မပျက်အောင် မြန်မာမှု ပြုထားတဲ့ မြန်မာကဗျာ သုံးပုဒ်ကို လိုက်အဆိုခိုင်းပါ့မယ်။

၁။ "ဘုရားဆိုတာဟာ ဟောတတ်သူ ပြောတတ်သူ မှန်သမျှထက်လဲ မြတ်ပါတယ်၊ သာကီဝင်မင်းမျိုးက ရဟန်းပြုလာသူလဲ ဖြစ်ပါတယ်၊ ဘုန်းတော် ၆-ပါး ဂုဏ်တော်များနဲ့လဲ ပြည့်စုံတော် မူပါတယ်၊ ၁၆-ချက်သော မဂ်ကိစ္စကိုလဲ အကုန်အစင် ပြုပြီးသူ ဖြစ်ပါတယ်၊ နိဗ္ဗာန်ဆိုတဲ့ တဘက်ကမ်းကိုလဲ ကြွရောက်တော်မူတတ်ပါတယ်၊ ကိုယ်အား ဉာဏ်အား လုံ့လ ဝီရိယတွေနဲ့လဲ ပြည့်စုံတော်မူပါတယ်၊ အေး ဒီလို ဂုဏ်တွေနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားကို ကိုးကွယ်လိုက်စမ်းပါ ပညာရှိကလေး မောင်ဆတ္တရယ်။

၂။ ရာဂမှ ကင်းကွာတဲ့ အရိယာမဂ်(၄-ပါး), တဏှာမရှိတဲ့အတွက် ပူဆွေးမှု ကင်းတဲ့ အရိယာဖိုလ် (၄-ပါး), အကြောင်းတရားတွေက မပြုပြင်အပ်တဲ့ စက်ဆုပ်ဖွယ်ရာ အာရုံတခုမှမရှိတဲ့နိဗ္ဗာန်၊ ဒီလောကုတ္တရာ တရားကိုးပါးနှင့် ချိုမြိန်ကောင်းမြတ် ပြောင်မွန်တဲ့ (ဒေသနာဉာဏ်နဲ့) ကောင်းစွာ ဝေဖန်ဟောကြားထားတဲ့ ပရိယတ်တရား၊ ဒီ ၁၀-ပါးသော တရားတော်မြတ်ကို ကိုးကွယ်လိုက်စမ်းပါ ပညာရှိကလေး မောင်ဆတ္တရယ်။

၃။ သံဃာတော်အရိယာဟာ 'မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်' ဆိုတဲ့ အစုံလိုက် တွဲထားယင် ('သောတာပတ္တိမဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်၊ သကဒါဂါမိ မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်၊ အနာဂါမိမဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်၊ အရဟတ္တမဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်, ဒီလို) လေးစုံ ဖြစ်ပါတယ်၊ ပုဂ္ဂိုလ်အနေနဲ့ ကတော့ ၈-ယောက်ပဲ ဖြစ်ပါတယ်၊ အဲဒီပုဂ္ဂိုလ်များဟာ မိမိတို့အား ပေးလှူလာသမျှ အလှူတွေကိုလဲ အကျိုးကြီးမားအောင် လက်ခံယူပဲ စွမ်းဆောင်နိုင်ကြပါတယ်၊ ကိုယ့်ပယောဂတွေကလဲ ပင်ကြွယ်ကြပါတယ်၊ သစ္စာလေးပါး တရားကိုလဲ သိမြင်တတ်ကြပါတယ်၊ ဒီအရိယာ သံဃာတော်မြတ်ကိုလဲ ကိုးကွယ်လိုက်စမ်းပါ ပညာရှိကလေး မောင်ဆတ္တရယ်"

ကိုင်း ပြီးတော့ လိုက်ဆိုကြရအောင်—

၁။ ဟောပြောတယ်သူ သူ့ထက်မြတ်တဲ့ သာကီနွယ်ဇာတ် ရဟန်းရှင်၊
ခြောက်ပါးသုန်းဂုဏ်-ပြည့်စုံလှတဲ့၊ မဂ်ကိစ္စပြု-ကုန်အစင်၊
ဟိုဘက်နိဗ္ဗာန်-အရောက်ကြွတဲ့၊ ခွန်အားလုံ့လ-ပြည့်စုံလင်၊
မြတ်သုံးပါးကို-ကိုးကွယ်လိုက်ပါ၊ ဆတ္တမောင်တဲ့-ပညာရှင်။

၂။ ရာဂကင်းကွာ အရိယာမဂ်နှင့်၊ တဏှာမပက်-ပူဆွေးစင်၊
အရိယာဖိုလ်-ထိုဟာရောနှင့်၊ ကြောင်းတရားတို့-မပြုပြင်၊
စက်ဆုပ်ကင်းကွာ-နိဗ္ဗာန်ဓာတ်တဲ့၊ လောကုတ်အမြတ်-ဉာဏ်ကိုးအင်၊
ချိုမြိန်ပြောင်မွန်-ဝေဖန်ပြတဲ့၊ ပရိယတ်က-တမျိုးပင်၊
ဆယ်ပါးဓမ္မာ-ကိုးကွယ်လိုက်ပါ၊ ဆတ္တမောင်တဲ့-ပညာရှင်၊

၃။ မဂ်ဖိုလ်တွဲလျှင်-လေးစုံဖြစ်လို့၊ ပုဂ္ဂိုလ်စစ်တော့-ရှစ်ယောက်ပင်၊
ပေးသည့်အလှူ-ကျိုးကြီးမားအောင်၊ တကယ်စွမ်းအား-ရှိသည့်ပင်၊
ကိလေကင်းကွာ-စင်ကြယ်လှတဲ့၊ သစ္စာလေးပ-တရားမြင်၊
ရိယာ့သံဃာ-ကိုးကွယ်လိုက်ပါ၊ ဆတ္တာခေါ်တဲ့ပညာရှင်။

ဒါက ဘုရားရှင် နည်းပေးတာလောက်ပဲ ရှိတယ်နော်၊ ဒီတော့ တကယ်တန်း လက်တွေ့ဆောက်တည်လို့ရှိယင် ဘယ်လိုဆောက်တည်ကြမလဲ လိုက်ဆိုကြဦး။

၁။ ဟောပြောတတ်သူ-သူ့ထက်မြတ်တဲ့၊ သာကီနွယ်ဇာတ်-ရဟန်းရှင်၊
ခြောက်ပါးဘုန်းဂုဏ်-ပြည့်စုံလှတဲ့၊ မဂ်ကိစ္စပြု-ကုန်အစင်၊
ဟိုဘက်နိဗ္ဗာန်-အရောက်ကြွတဲ့၊ ခွန်အားလုံ့လ-ပြည့်စုံလင်၊
မြတ်ဘုရားကို ကြည်ညိုလှလို့၊ ကိုးကွယ်ရှင်ပျ-အမြဲပင်၊

၂။ ရာဂကင်းကွာ-ရိယာမဂ်နှင့်၊ တဏှာမဘက်-ပူဆွေးစင်၊
အရိယာဖိုလ်-မြတ်တရားနှင့်၊ ကြောင်းတရားတို့-မပြုပြင်၊
စက်ဆုပ်ကင်းကွာ-နိဗ္ဗာန်ဓာတ်တဲ့၊ လောကုတ်အမြတ်-ကိုးပါးပင်၊
ချိုမြိန်ဖြောင့်မှန်-ဝေဖန်ပြတဲ့၊ ပရိယတ်က-တမျိုးပင်၊
ဆယ်ပါးဓမ္မာ-ကြည်ညိုလှလို့၊ ကိုးကွယ်ရှင်ပျ အမြဲပင်။

၃။ မဂ်ဖိုလ်တွဲလျှင်-လေးစုံဖြစ်လို့၊ ပုဂ္ဂိုလ်စစ်တော့-ရှစ်ယောက်ပင်၊
ပေးသည့်အလှူ-ကျိုးကြီးမားအောင်၊ တကယ်စွမ်းအား-ရှိသည့်ပင်၊
ကိလေကင်းကွာ-စင်ကြယ်လှတဲ့၊ သစ္စာလေးဝ-တရားမြင်၊
ရိယာ့သံဃာ-ကြည်ညိုလှလို့၊ ကိုးကွယ်ရှင်ပျ-အမြဲပင်။

ဒီလို မြတ်စွာဘုရားက ပါဠိကဗျာ သုံးပုဒ်နဲ့ ကိုးကွယ်စရာဖြစ်တဲ့ ရတနာ သုံးပါးရဲ့ ဂုဏ်ကိုရော သရဏဂုံ ဆောက်တည်ပုံကိုရော ပြောပြနေပါတယ်၊ မောင်ဆတ္တကလဲပဲ ဘုရားရှင်က တပုဒ် တပုဒ်ကို ပြောပြလို့ ဆုံးသွားတယ် ဆိုယင်ပဲ ''နားလည်ပါပြီ ရပါပြီ''ဆိုတဲ့သဘောနဲ့ အဲဒီဆုံးသွားတဲ့ အပုဒ်ကိုပဲ ရွတ်အံ ပြနေပါတယ်၊ အေး ဒီလောက်ဉာဏ်ထက်တဲ့ ကောင်လေးပါပဲ။

ပြီးတော့တခါ ဘုရားရှင်က သိက္ခာပုဒ်တွေရဲ့ အရေအတွက်နဲ့ အကျိုးအာနိသင်တွေကို ရှင်းလင်းပြပြီး သိက္ခာပုဒ် ဆောက်တည်ပုံကိုပါ ပြောပြပါတယ်၊ မောင်ဆတ္တကလဲ ကျကျနနပဲ မှတ်သားထားပါတယ်၊ "ရှင်တော်မြတ်ဘုရား အခုပဲ တပည့်တော် သွားပါရစေဦး"လို့ ခွင့်ပန်စကား လျှောက်ထားပါတယ်၊ စိတ်ကြည်ကြည်လင်လင်နဲ့ ရတနာသုံးပါးရဲ့ဂုဏ်ကို အောက်မေ့ပြီး သူသွားရမဲ့လမ်းကို ဆက်လက်သွားနေပါတယ်။

ဘုရားရှင်ကလဲ "ဒီကလေးအတွက် ဒီမျှလောက်ကုသိုလ်ဟာ နတ်ရွာအရောက် ပို့နိုင်လောက်ပါပြီ" ဒီလိုနှလုံးသွင်းပြီး ဇေတဝန်ကျောင်းတော်ကိုပဲ ပြန်ကြွလာခဲ့ပါတယ်။

"စိတ်ကြည်ကြည်လင်လင်နဲ့ ရတနာသုံးပါးရဲ့ဂုဏ်ကို အောက်မေ့ခြင်းနဲ့ စပ်ပြီး ဘုရားတရားသံဃာကို ကိုးကွယ်ဆည်းကပ်ပါတယ်ဆိုတဲ့စိတ် မောင်ဆတ္တရဲ့ သဏ္ဍာန်မှာ ဖြစ်ပေါ်လာရပါတယ်၊ ဒါနဲ့ သူဟာ သရဏဂုံတည်ပြီး ဖြစ်သွားပါတယ်" ဒီလို အဋ္ဌကထာဆရာက တိတိကျကျ မိန့်ဆိုထားပါတယ်၊ ဒါကို ထောက်လိုက်တော့ "သရဏဂုံအရာမှာ ဆောက်တည်တာထက် အသိစိတ်က ပိုအရေးကြီးတယ်"ဆိုတာ မထင်ရှားဘူးလား။

"ထင်ရှားပါတယ် အရှင်ဘုရား"

ပြီးတော့တခါ "မြတ်စွာဘုရား ဟောပြတဲ့နည်းအတိုင်း ငါးပါးသီလတွေကို စိတ်ထဲက ဆောက်တည်ထားလိုက်တာနဲ့ သီလဆောက်တည်ပြီးလဲ ဖြစ်သွားပါတယ်"ဒီလိုလဲ မိန့်ဆိုထားပါသေးတယ်၊ဒီတော့ "ငါးပါးသီလကိုလဲပဲ စိတ်ထဲက ကျကျနန ဆောက်တည် ထားလို့ရှိယင် ဆိုင်ရာသိက္ခာပုဒ်တွေကို မလွန်ကျူးသမျှ သီလရှိတယ်"လို့ပဲ ဆိုရမှာပါပဲ။

အေး ဒီလို သရဏဂုံတည်ပြီး, သီလဆောက်တည်ပြီးဖြစ်တဲ့ မောင်ဆတ္တကလေးက ခုနက ပြောပြခဲ့တဲ့အတိုင်း ရတနာသုံးပါးရဲ့ဂုဏ်ကို အောက်မေ့ပြီး သွားနေတုန်းမှာပဲ ခိုးသားဓမြတွေက "ကောင်လေးလာနေပြီဟေ့၊ မလွတ်စေနဲ့၊ သတ်ကြပါ၊ ဖြတ်ကြပါ"ဆိုပြီး လှုပ်လှုပ်ရှားရှား ဖြစ်လာကြပါတယ်။

မောင်ဆတ္တကလေးကတော့ ခိုးသားဒမြတွေကို ဘာမှ အရေးမစိုက်ပဲ ရတနာသုံးပါးရဲ့ဂုဏ်ကို အောက်မေ့ယင်းပဲ သွားနေပါတယ်၊ အဲဒီလို သွား နေတုန်း ဒမြတယောက်က ခြုံထဲကနေပြီး သူ့ကို ဆိပ်လူးမြားနဲ့ ပစ်သတ် လိုက်ပါတယ်၊ ပြီးတော့ ငွေထုပ်ကိုယူပြီး အပေါင်းအသင်းတွေနဲ့အတူ ထွက် သွားပါတော့တယ်။

မောင်ဆတ္တကလေးကတော့ "အိပ်သောယောက်ျား နိုးသောလားသို့" ဆိုသလို သေဆုံးသွားတာနဲ့တပြိုင်နက် တာဝတိံသာ နတ်ပြည်မှာ ယူဇနာ-၃၀ ရှိတဲ့ ရွှေဗိမာန်မှာသွားပြီး နတ်သားကလေး ဖြစ်နေပါတယ်၊ သူ့ကို နတ် သမီးတထောင်က ခြံရံနေကြပါတယ်၊ သူ့ရဲ့ကိုယ်ခန္ဓာမှာလဲပဲ လှည်းအစီး-၆၀ တိုက်လောက်ရှိတဲ့ အဆင်းတန်ဆာတွေနဲ့ တန်ဆာဆင်ပြီး ဖြစ်နေပါတယ်၊ သူ့ရွှေဗိမာန်ရဲ့ အရောင်ကတော့ ယူဇာနာ ၂၀-ကျော်အောင် တလက်လက်နဲ့ ပျံ့နှံ့ပြီးနေပါသတဲ့။

မောင်ဆတ္တရဲ့ ကြွင်းကျန်နေတဲ့အလောင်းကို သင်္ဂြိုဟ်တဲ့ အခမ်းအနားမှာ သေတဗျမြို့သူမြို့သားတွေ, ဥက္ကဋ္ဌမြို့သူမြို့သားတွေ, ဣစ္ဆာနင်္ဂလ မြို့သူမြို့သား တွေ စုရုံးမိကြပါတယ်၊ ဘုရားရှင်လဲပဲ နောက်လိုက် နောက်ပါ သံဃာ တွေနဲ့အတူ ကြွလာတော်မူပါတယ်၊ ဘုရားရှင် ကြွလာတယ် ဆိုယင်ပဲ ဆတ္တမာဏဝနတ်သားလဲ ဘုရားရှင်ကို ရှိခိုးရအောင် ရောက်လာပါတယ်။

ဒီတော့ ဘုရားရှင်က ဆတ္တမာဏဝနတ်သားကို "ဒီလို နတ်စည်းစိမ်ကို ရအောင် ဘယ်လို ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ခဲ့သလဲ"ဆိုတာ မေး ပါတယ်၊ ဆတ္တမာဏဝနတ်သားကလဲပဲ ဘုရားနဲ့တွေ့တာကစပြီး အကုန်လုံးကို ဇာတ်ကြောင်းလှန် ပြောပြပါတယ်၊ ဒီတော့ လူတွေက ကံကိုလဲ နားလည် ကြရပါတယ်၊ ကံရဲ့ အကျိုးကိုတော့ မျက်မြင်ထင်ရှားပဲ တွေ့ကြရပါတယ်၊ ပြီးတော့ ဘုရားရှင်က တရားဆက်လက် ဟောတော်မူပါတယ်၊ ဆတ္တမာဏဝ နတ်သားနဲ့အတူ လူပုဂ္ဂိုလ်အများအပြားပဲ တရားထူးကို ရသွားကြပါတယ်။

မောင်ဆတ္တရဲ့ ဝတ္ထုကြောင်းကိုတော့ ဒီလောက်နဲ့ပဲ လက်စသတ်လိုက်ကြ စို့ရဲ့၊ ပြီးတော့ ဘုန်းကြီးက "သရဏဂုံအရာမှာ ဆောက်တည်တာထက် အသိစိတ်က ပိုအရေးကြီးတယ်"ဆိုတာ ပြောခဲ့တယ်နော် ဒီတော့—

၁။ ကလေးသူငယ်တွေနဲ့ အချို့သော ပုဂ္ဂိုလ်တွေဟာ မိဘဆရာစတဲ့ သူတွေက ခိုင်းလို့ပဲ ဖြစ်ဖြစ် မိရိုးဖလာအရပဲ ဖြစ်ဖြစ် ရတနာ သုံးပါးကို ကြည်ညိုကြပါတယ်၊ သရဏဂုံလဲ ဆောက်တည်ကြပါ တယ်၊ ရတနာသုံးပါးရဲ့ ဂုဏ်တော်စတဲ့ဟာတွေကိုတော့ ဘာမှ နားမလည်ကြပါဘူး၊ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ သရဏဂုံဟာ ဉာဏ်မပါတဲ့ (ဉာဏဝိပ္ပယုတ်) သရဏဂုံမျိုးသာ ဖြစ်သင့်ပါတယ်။

၂။ အချို့သောပုဂ္ဂိုလ်တွေကတော့ ရတနာသုံးပါးကိုလဲ ကြည်ညိုကြ ပါတယ်၊သရဏဂုံလဲ ဆောက်တည်ကြပါတယ်၊ ရတနာသုံးပါးရဲ့ ဂုဏ်တော် စသည်တွေကိုလဲ သိရှိနားလည်ကြပါတယ်၊ သူတို့ရဲ့ သရဏဂုံကတော့ ဉာဏ်ပါတဲ့ (ဉာဏသမ္ပယုတ်) သရဏဂုံမျိုး ဖြစ်သင့်ပါတယ်၊

၃။ အချို့သော ပုဂ္ဂိုလ်တွေကတော့ ယဉ်ကျေးမှုခလေ့ ထုံးတမ်းစဉ်လာ အရသာ သရဏဂုံဆောက်တည်ကြပါတယ်၊ ရတနာသုံးပါးကို ယုံကြည်လေးစားမှုတော့ ဘာမှမရှိပါဘူး၊ အဲဒီပုဂ္ဂိုလ်မျိုးကတော့ ဘယ်လောက်ပဲ ဆောက်တည် ဆောက်တည် သရဏဂုံကို မရနိုင် ပါဘူး၊ အဲဒီ ပုဂ္ဂိုလ်မျိုးမှာ သရဏဂုံတည်စရာလဲ မရှိပါဘူး။

ဒီလိုပဲ လောကီ သရဏဂုံကို "ဉာဏဝိပ္ပယုတ်သရဏဂုံ, ဉာဏသမ္ပယုတ် သရဏဂုံ" လို့ ၂-မျိုး ခွဲပြီး မှတ်သင့်ပါတယ်။

ကိုင်း ဒီနေ့ကတော့ ဒီလောက်ဆို တော်ရော့ပေါ့၊ နောက်လပြည့်နေ့မှာမှ သရဏဂုံရဲ့ အကျိုးတွေကို ဆက်ပြီး ပြောပြပါ့မယ်၊ ဒီတော့ ဒီတရားကို ကြားနာကြရတဲ့ ပုဂ္ဂိုလ်ဘိုင်း ပုဂ္ဂိုလ်တိုင်းပဲ ဉာဏသမ္ပယုတ် သရဏဂုံ ဆောက်တည်ပြီး ဖြစ်အောင် ကြိုးစား အားထုတ်နိုင်ကြပါစေသတည်း။

သာဓု—သာဓု....သာဓုပါဘုရား။

မြန်မာလိုသီလယူ

ဤ တန်ခူးလပြည့်နေ့ကား ရိုးရိုးတန်ခူးလပြည့်နေ့မဟုတ်၊ သင်္ကြန်အကျနေ့နှင့် တိုက်ဆိုင်နေသော တန်ခူးလပြည့်နေ့တည်း၊ ထို့ကြောင့် လူကြီးရော လူငယ်ရော ပရိသတ်အတော်လေး စုံနေပါသည်၊ မောင်မျိုးသန့် မကြည်ဝင်း တို့ကသည်း လာသမျှပရိသတ်ကို ကျွေးမွေးဧည့်ခံရန် အဆင်သင့် စီစဉ်ထားပါသည်။

ဆရာတော် ဦးဓမ္မိကလဲ ဆွမ်းကိစ္စ ပြီးသည့်အခါ သံဃာတော်များကို ပြန်လွှတ်လိုက်သည်၊ သံဃာတော်များ ရှင်းသွားသည့်အခါ သီလပေး တရားဟောရန် အဆင်သင့် ဖြစ်နေပါသည်။

> "ဆရာတော်ဘုရား ဒီကနေ့ကတော့ သင်္ကြန်အကျနေ့နဲ့ တိုက်ဆိုင်နေပါတယ်၊ ဒါနဲ့ လူကြီးပိုင်းက ရှစ်ပါးသီလ ယူလိုကြပါတယ်၊ လူငယ်တွေအကုန်လုံးကတော့ ရှစ်ပါးသီလ စောင့်နိုင်ကြမှာ မဟုတ်ပါဘူး၊ အချို့အပက်လောက်သာ စောင့်နိုင်ကြပါလိမ့်မယ်၊ ဒီတော့ ငါးပါးသီလရော ရှစ်ပါးသီလရော ချီးမြှင့်စေလိုပါတယ်"

မောင်မျိုးသန့်၏ လျှောက်ထားချက်ကို ကြားရသည့်အခါ ဆရာတော် ဦးဓမ္မိကက သီလယူကြရမည့် ကာစီအစဉ်ကို အမိန့်ရှိပါသည်။

> "ဒါဖြင့် ငါးပါးသီလ အရင်ပေးမယ်၊ ငါးပါးသီလကိုတော့ အကုန်လုံးပဲ ယူကြတာပေါ့၊ ပြီးတော့မှ ရှစ်ပါးသီလ ပေးပါမယ်၊ ရှစ်ပါးသီလကိုတော့ စောင့်ထိန်းနိုင်မဲ့ လူလောက်တင် ယူကြပေါ့၊ ပြီးတော့ တပေါင်းလပြည့်နေ့က "သရဏဂုံနဲ့ သီလကို စိတ်ထဲက ဆောက်တည်ရုံနဲ့ပဲ ရနိုင်တယ်" လို့ ဘုန်းကြီးပြောခဲ့တယ်မဟုတ်လား၊ "စိတ်ထဲက ဆောက်တည်ရုံနဲ့ ရနိုင်တယ်ဆိုတော့ မြန်မာလို နှုတ်မြွက် ဆောက်တည်ယင် မရနိုင်ဖူးလား၊ ဒါစဉ်းစားရမယ်၊ ပိုပြီးရနိုင်တော့ မပေါ့၊ မြန်မာလို ဆောက်တည်တော့ ကိုယ်နားလည်ပြီး ဘာသာ စကားဖြစ်နေတဲ့အတွက် ပိုပြီး အကျိုးများစရာလဲ ရှိပါတယ်၊ နားလည်သင့်တာတွေကို ပခါလည်း နားလည် သွားနိုင်ပါတယ်၊ ဒါကြောင့် ဒီနေ့မြန်မာလိုပဲပေးပါမယ်၊ကိုင်းအကုန်လုံးကန်တော့ကြ၊

မြန်မာလိုကန်တော့

ဩကာသ ဩကာသ ဩသာသ ကာယကံ ဝစီကံ မနောကံတည်း ဟူသော သုံးပါးသောကံတို့တွင် တပါးပါးသောကံကို ပြုမှားမိသည်ရှိသော်ပျောက်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာရတနာ ရတနာမြတ်သုံးပါးတို့အား ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ကန်တော့ပါ၏၊ ကန်တော့ရသော ကုသိုလ်ကံစေတနာတို့ကြောင့် အပါယ်လေးပါး ကပ်သုံးပါး ၊ ရပ်ပြစ်ရှစ်ပါး ရန်သူမျိုးငါးပါး ဝိပတ္တိတရားလေးပါး ဗျသနတရား ၅-ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားတော်မြတ်ကို ရလိုပါ၏ အရှင်ဘုရား။

မိမိတို့ အလိုရှိအပ် တောင့်တအပ်သောဆုနှင့် တလုံးတဝတည်း ပြည့်စုံနိုင်ကြပါစေ။ (သီလတောင်း လိုက်ဆိုကြ)

ပ။ သရဏဂုံ—မြတ်သုံးပါးနှင့် ငါးပါးသီလ ကျင့်ဝတ်ကို၊
တောင်းခံပါတယ်—ငဲ့သနားလို့၊ တပည့်တော်အား—သီလကို၊
ပေးတော်မူပါ—အရှင်မြတ်ရဲ့၊ ပေးအပ်သမျှ—ကျင့်ပါလို့။

ဒု။ သရဏဂုံ—မြတ်သုံးပါးနှင့်၊ ငါးပါးသီလ—ကျင့်ဝတ်ကို၊
နှစ်ကြိမ်တောင်းခံ—ငဲ့သနားလို့၊ တပည့်တော်အား—သီလကို၊
ပေးတော်မူပါ—အရှင်မြတ်ရဲ့၊ ပေးအပ်သမျှ—ကျင့်ပါလို့။

တ။ သရဏဂုံ မြတ်သုံးပါးနှင့်၊ ငါးပါးသီလ—ကျင့်ဝတ်ကို၊
သုံးကြိမ်တောင်းခံ—ငဲ့သနားလို့၊ တပည့်တော်အား—သီလကို၊
ပေးတော်မူပါ အရှင်မြတ်ရဲ့၊ ပေးအပ်သမျှ—ကျင့်ပါလို့။

ဘုန်းကြီးဆိုတာကို လိုက်ဆိုကြ။
မှန်ပါ အရှင်ဘုရား။

လူတွေနတ်တွေ—ပြားပြားဝပ်လို့၊ ဦးညွှတ်ရခ—ထက်ဝန်းကျင်၊
သစ္စာလေးတန်—မြတ်တရားကို၊ ပိုင်းခြားမြင်သိ—ကိုယ်တိုင်ပင်၊
ဘုန်းတော်ခြောက်စုံ—ဂုဏ်တော်မျိုးတို့—စုံပြည့်ဖြိုးတဲ့—ဘုရားရှင်၊
လေးမြတ်ရိုသေ—လက်စုံမိုးလို့၊ ဝပ်လျှိုးတုပ်ကွ—ရှိဦးတင်။

(သုံးခေါက်ချပေးပါသည်)

သစ္စာသိမြင်—ဘုရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်၊
မဂ်ဖိုလ်နိဗ္ဗာန်—တရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်—ပြုပါတယ်၊
ရှစ်ယောက်ရိယာ—သံဃာမြတ်ကို၊ ကိုးကွယ်ဆည်းကပ်-ပြုပါတယ်၊
နှစ်ကြိမ်ထပ်မံ—ဘုရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်—ပြုပါတယ်၊
နှစ်ကြိမ်ထပ်မံ—တရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်—ပြုပါတယ်၊
နှစ်ကြိမ်ထပ်မံ-သံဃာမြတ်ကို၊ ကိုးကွယ်ဆည်းကပ်—ပြုပါတယ်။
သုံးကြိမ်ထပ်မံ—ဘုရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်—ပြုပါတယ်၊
သုံးကြိမ်ထပ်မံ—တရားမြတ်ကို၊ ကိုးကွယ်ဆည်းကပ်—ပြုပါတယ်၊
သုံးကြိမ်ထပ်မံ—သံဃာမြတ်ကို၊ ကိုးကွယ်ဆည်းကပ်—ပြုပါတယ်။

သရဏဂုံ ပြည့်စုံသွားပြီ။
မှန်လှပါ အရှင်ဘုရား။

၁။ သူ့သက်မညှာ—သတ်ဖြတ်မှုကို၊ လုံးဝမပြု—ရှောင်ပါမယ်၊
၂။ သူ့များဥစ္စာ—ခိုးယူမှုကို၊ လုံးဝမပြု—ရှောင်ပါမယ်၊
၃။ ဖောက်ပြန်မေထုန်—ကျူးလွန်မှုကို၊ လုံးဝမပြု—ရှောင်ပါမယ်၊
၄။ မမှန်မကန်—ပြောဆိုမှုကို၊ လုံးဝမပြု—ရှောင်ပါမယ်၊
၅။ အရက်သေစာ—သောက်စားမှုကို၊ လုံးဝမပြု—ရှောင်ပါမယ်။

မေ့လျော့မရှိ သတိတရားနဲ့ ပြည့်စုံကြပါစေ။
မှန်လှပါ အရှင်ဘုရား။

ကိုင်း ငါးပါးသီလ ပြီးသွားပြီ၊ ရှစ်ပါးသီလယူမဲ့လူတွေ ကန်တော့မနေကြနဲ့တော့၊ ခုနက ကန်တော့ပြီးသားပဲ၊ သီလတောင်းကို လိုက်ဆိုကြ။

သရဏဂုံ—မြတ်သုံးပါးနှင့်၊ ရှစ်ပါးသီလ—ဥပုသ်ကို၊
(ကျန်တာ တူပါပြီ၊ ထူးတာလောက်ကလေး ပြပါမယ်၊)

၃။ ယုတ်ညံ့မေထုန်-မှီဝဲမှုကို၊ လုံးဝမပြု—ရှောင်ပါမယ်၊
၆။ နေလွဲညစာ—စားသောက်မှုကို၊ လုံးဝမပြု—ရှောင်ပါမယ်၊

၇။ ဆိုတီးကခုန်-ကြည့်နာမှုနှင့်၊ ပန်းပန်နံ့သာ လိမ်းကျံမှုကို၊
လုံးဝမပြု—ရှောင်ပါမယ်၊

၈။ မြင့်မြတ်နေရာ—နေထိုင်မှုကို၊ လုံးဝမပြု—ရှောင်ပါမယ်။

မေ့လျော့မရှိ သတိတရားနှင့် ပြည့်စုံကြစေ။
မှန်လှပါ အရှင်ဘုရား။

ကိုးပါးသီလ ဆောက်တည်လိုပါက—

သရဏဂုံ—မြတ်သုံးပါးနဲ့ ကိုးပါးသီလ–ဥပုသ်ကို၊ (ပ)

၉။ စွမ်းအားလျော်စွာ—စိတ်ကောင်းထားလို့၊ အားလုံးသတ္တဝါ–
ပျံ့နှံ့သွားအောင်၊ မေတ္တာပွားလို့ နေပါမယ်။

ဤမျှသာ ထူးပါသည်၊ အကြွင်းမှာ သိနိုင်လောက်ပါပြီ။

အမြတ်ဆုံးကြည်ညိုမှု[၁]။ ။ရဟန်းတို့ လောကမှာ သတ္တဝါတွေဟာ အမျိုးမျိုး အစားစား ရှိနေကြတယ်၊ ခြေမရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ ခြေနှစ်ချောင်းရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ ခြေလေးချောင်းရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ ခြေအများကြီးရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ ရုပ်ရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ ရုပ်မရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ သညာရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ သညာမရှိတဲ့ သတ္တဝါမျိုးလဲ ရှိတယ်၊ သညာရှိတာလဲ မဟုတ် မရှိကာလဲမဟုတ်တဲ့ သတ္တဝါမျိုးလဲရှိတာပဲ။

အဲဒီ သတ္တဝါတွေထဲမှာဖြင့် "အပူဇော်ခံ အမှန်သိမြင် ဘုရားရှင်ကို အမြတ်ဆုံး"လို့ ဆိုသင့်တယ်၊ ဒီတော့ ဘုရားကို ကြည်ညိုသူတွေဟာ အမြတ်ဆုံးကို ကြည်ညိုရာ ရောက်တယ်၊ အမြတ်ဆုံးကို ကြည်ညိုတဲ့သူတွေမှာ အမြတ်ဆုံးဖြစ်တဲ့အကျိုးကို ရနိုင်တယ်။

သင်္ခတ (အကြောင်းတရားကြောင့်ဖြစ်တဲ့) တရားထဲမှာဖြင့် အရိယာပုဂ္ဂိုလ်တို့ရဲ့ ဥစ္စာဖြစ်တဲ့ အဋ္ဌင်္ဂိကမဂ်ဟာ အမြတ်ဆုံးပါပဲ၊ အဲဒီ အဋ္ဌင်္ဂိကမဂ်တရားကို ကြည်ညိုတဲ့ သူတွေဟာလဲပဲ အမြတ်ဆုံးကို ကြည်ညိုရာရောက်ပါ

၁။ အံ ပါ-ပ-၃၄၃။ ဣတိ ပါ-၂၅၄။ ဋ္ဌ-၂၆၀။

တယ်၊ အမြတ်ဆုံးကို ကြည်ညိုတဲ့သူတွေမှာ အမြတ်ဆုံးအကျိုးကို ရရှိခံစားနိုင်တယ်။

(အကြောင်းတရားတွေက ပြုပြင် ဖန်တီးအပ်တဲ့) သင်္ခတ တရားတွေ၊ (အကြောင်းတရားတွေက မပြုပြင်မဖန်တီးအပ်တဲ့) အသင်္ခတတရားတွေထဲမှာတော့ အသင်္ခတဖြစ်တဲ့ နိဗ္ဗာန်ဟာ အမြတ်ဆုံးပါပဲ၊ အဲဒီ နိဗ္ဗာန်ကို ဆိုက်ရောက်ရလို့ရှိယင် မာန်ယစ်ခြင်းမှန်သမျှ ကင်းပျောက်ရပါတယ်၊ မွတ်သိပ်တာမှန်သမျှလဲ ကင်းပျောက်ရပါတယ်၊ ပယ်စွန်းတာမှန်သမျှလဲ ပျက်စီးရပါတယ်၊ ဝဋ်မှန်သမျှလဲ ပြတ်စဲရပါတယ်၊ လိုချင်မက်မောမှု တဏှာမှန်သမျှလဲ ကုန်ခန်းရပါတယ်၊ ကိလေသာ အာပူမှန်သမျှလဲ ချုပ်ဆုံးရပါတယ်၊ ဆင်းရဲဒုက္ခမှန်သမျှလဲ ကွယ်ပျောက်ကုန်ဆုံးရပါတယ်။

အဲဒီ နိဗ္ဗာန်တရားကို ကြည်ညိုတဲ့ သူတွေဟာလဲပဲ အမြတ်ဆုံးကိုကြည်ညိုရာ ရောက်ပါတယ်၊ အမြတ်ဆုံးကို ကြည်ညိုသူတွေမှာ အမြတ်ဆုံးအကျိုးကို ရရှိခံစားနိုင်ပါတယ်။

ရဟန်းတို့ ဂိုဏ်းသံဃာတွေ အဖွဲ့အစည်းတွေထဲမှာဖြင့် ''ငါဘုရားရဲ့ တပည့်သံဃာ''ဆိုတဲ့ အဖွဲ့အစည်းဟာ အမြတ်ဆုံး ဖြစ်ပေတယ်၊ ငါဘုရားရဲ့တပည့်သံဃာ အဖွဲ့အစည်းဆိုကာဟာလဲပဲ—

''၁။ သောတာပတ္တိမဂ္ဂဋ္ဌာန်=သောတာပတ္တိဖလဋ္ဌာန်၊

၂။ သကဒါဂါမိမဂ္ဂဋ္ဌာန်=သကဒါဂါမိဖလဋ္ဌာန်၊

၃။ အနာဂါမိမဂ္ဂဋ္ဌာန်=အနာဂါမိဖလဋ္ဌာန်၊

၄။ အရဟတ္တမဂ္ဂဋ္ဌာန်=အရဟတ္တဖလဋ္ဌာန်၊''

ဒီလို အစုံအနေနဲ့လေးစုံ၊ အရေအတွက်အနေနဲ့ ရှစ်ယောက်ရှိတဲ့ အရိယာပုဂ္ဂိုလ်တွေပါပဲ။

အဲဒီ အရိယာပုဂ္ဂိုလ်တွေဟာ အဝေးကဆောင်ယူပြီး သဒ္ဓါကြည်ဖြူပေးလှူလာတဲ့ ပစ္စည်းလေးပါးကိုလဲ ခံယူထိုက်ပါတယ်၊ ဧည့်သည် အာဂန္တုတွေအတွက် ရည်မှန်းထားတဲ့ ထူးခြားကောင်းမွန်တဲ့ လှူဖွယ်ဝတ္ထု အစုစုကိုလဲ ခံယူထိုက်ပါတယ်၊ သတ္တဝါအများ ချမ်းသာပွားဖို့ ရည်သန်ကြည်ဖြူ ပေးလှူ

လာတဲ့အလှူကိုလဲ ခံယူထိုက်ပါတယ်၊ လက်ကိုပူဇော်ယှက် ထိပ်ထက်တင်မိုး လူနတ်တွေက ရှိခိုးဖို့ရန်လဲ ထိုက်တန်ပါတယ်၊ပြဟ္မာနတ်လူ သုံးဘုံသူ၏ အတူကင်းကွာ ချမ်းသာပွားတိုး ကောင်းမှုမျိုး၏ စိုက်ပျိုးပေါက်ပွား ဖွံ့ထွားစည်ပင်ရာ လယ်ယာမြေကောင်း အတူလဲ ဖြစ်တော်မူပါတယ်။

"ငါဘုရားရဲ့ တပည့်သံဃာ"ဆိုတဲ့ အဖွဲ့အစည်းကို ကြည်ညိုသူတွေဟာလဲပဲ အမြတ်ဆုံးကို ကြည်ညိုရာကို ရောက်ပါတယ်၊ အမြတ်ဆုံးကို ကြည်ညိုသူတွေဟာ အမြတ်ဆုံး အကျိုးကို ရရှိခံစားနိုင်ပါတယ်။

> "လောကမှာ ဘုရား, တရား, သံဃာဟာ အမြတ်ဆုံးပါပဲ၊ ဒီတော့ ဘုရား တရား သံဃာကို ကြည်ညိုကိုးကွယ်သူတွေဟာ အမြတ်ဆုံးကို ကြည်ညိုကိုးကွယ်ရာ ရောက်တယ်၊ အမြတ်ဆုံးကို ကြည်ညိုကိုးကွယ်တော့ အမြတ်ဆုံးအကျိုးကို ရရှိခံစားနိုင်ပါတယ်"

ဒါဟာ ခုနကဘုန်းကြီးပြောလာခဲ့တဲ့ အဂ္ဂပသာဒသုတ္တန်ရဲ့ လိုရင်းအဓိပ္ပာယ်ဖြစ်ပါတယ်၊ ဒီတော့ ဒါလေးကို မှတ်မိသွားအောင် လိုက်ဆိုထားလိုက်ကြဦး။

မျှားသတ္တဝါ-အစားစားထက်၊ ရှင်တော်ဘုရား-မြတ်ပါတယ်၊
တရားဓမ္မာ-အစားစားထက်၊ မဂ်နိဗ္ဗာန်မျှား-မြတ်ပါတယ်၊
ဖွဲ့စည်းသံဃာ မှန်သမျှထက်၊ ရိယာသံဃာ-မြတ်ပါတယ်၊
အမြတ်ကိုသာ-ကြည်ညိုကိုးက၊ မြတ်ဆုံးအကျိုးရနိုင်တယ်။

ဒီနေရာမှာ ဘုရား, တရား, သံဃာတို့ မြင့်မြတ်အထက်တန်းကျပုံကို ခပ်ကျဉ်းကျဉ်း သိသာရုံကလေး ပြောပြပါဦးမယ်။

ဘုရားရှင်ဟာ ဘုရားဖြစ်ဖို့ ဆုတောင်းတဲ့အခါ ပါရမီတော်တွေကို စိစစ်ဆင်ခြင်တော် မူတဲ့အခါ၊ အဲဒီအချိန်အခါကစပြီး ဘုရားအဖြစ်ကို ရစေနိုင်တဲ့ ကုသိုလ်ကောင်းမှု အမျိုးမျိုးကို လုပ်လာခဲ့ရပါတယ်၊ ဒီတော့ "ဘုရားအဖြစ်ကို ရစေနိုင်တဲ့ကုသိုလ်"ဆိုတဲ့ဂုဏ်တွေ, "ဘုရားအဖြစ်ကို ရစေနိုင်တဲ့ အကျင့်" ဆိုတဲ့ ဂုဏ်တွေဟာ အခြားပုဂ္ဂိုလ်တွေရဲ့ဂုဏ်နှင့် နှိုင်းယှဉ်လို့ မရလောက်အောင် သာနေပါပြီ၊ "ဘုရားဖြစ်ပြီးတဲ့နောက် ရရှိလာတဲ့ ဗုဒ္ဓဂုဏ်တွေကတော့ အခြားပုဂ္ဂိုလ်တွေရဲ့ဂုဏ်ထက်သာမယ်"ဆိုတာ ပြောစရာတောင် မလိုတော့ပါဘူး၊ အဲဒီလို အတူမရှိတဲ့ သဘောနဲ့လဲ ဘုရားရှင်ဟာ မြင့်မြတ် အထက်တန်းကျပါတယ်။

ပြီးတော့ ဘုရားရှင်ရဲ့ မဟာကရုဏာ စတဲ့ ဂုဏ်တော်တွေဟာ အခြားပုဂ္ဂိုလ်တွေရဲ့ ဂုဏ်တွေထက် ထူးကဲပါတယ်၊ လွန်မြတ်ပါတယ်၊ အဲဒီလို ဂုဏ်အားဖြင့် ထူးချွန်လွန်မြတ်တဲ့ သဘောအနေနဲ့လဲ ဘုရားရှင်ဟာ မြင့်မြတ်အထက်တန်းကျပါတယ်။

ရှေးရှေးက ပွင့်တော်မူသွားကြတဲ့ "ဘုရားရှင်တွေ"ဆိုတာဟာ အခြားဘယ်ပုဂ္ဂိုလ်တွေနဲ့မှ မတူကြပါဘူး၊အဲဒီ ဘုရားရှင်တွေနဲ့ ဒီဂေါတမဗုဒ္ဓကသာ ရူပကာယတော်အနေနဲ့လဲ တူပါတယ်၊ ဓမ္မကာယအနေနဲ့လဲ တူပါတယ်၊ အဲဒီလို ဘယ်သူတဦးတယောက်နဲ့မှ မတူတဲ့ ရှေးရှေးဘုရားတွေနှင့်သာတူတဲ့ သဘောအနေနဲ့လဲပဲ ဘုရားရှင်ဟာ မြင့်မြတ် အထက်တန်းကျပါတယ်။

ပြီးတော့ "ဘုရားရှင်တွေ"ဆိုတာဟာ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်လာရတဲ့, ပွင့်တော်မူလာရတဲ့ ပုဂ္ဂိုလ်ထူးများ ဖြစ်ကြပါတယ်၊ ဒါကြောင့်လဲ မြင့်မြတ်အထက်တန်းကျပါတယ်၊ အံ့ဩဖွယ်ကောင်းတဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်တဲ့အတွက်ကြောင့်လဲပဲ မြင့်မြတ် အထက်တန်းကျပါတယ်၊ သတ္တဝါ အများအပြားရဲ့ စီးပွားချမ်းသာကို ရွက်ဆောင်နိုင်တဲ့ အတွက်ကြောင့်လဲပဲ မြင့်မြတ် အထက်တန်းကျပါတယ်၊ တဦးတည်း တဆူတည်းသာ ပွင့်တော် မူလာတတ်တဲ့ အတွက်ကြောင့်လဲပဲ မြင့်မြတ်အထက်တန်း ကျပါတယ်။

တရား,သံဃာတွေဟာလဲပဲ သွာက္ခာတတာစတဲ့ဂုဏ်တော်တွေ, သုပ္ပဋိပန္နတာ စတဲ့ ဂုဏ်တော်တွေ အနေနဲ့ကြည့်မယ်ဆိုယင် အခြား တရား, သံဃာတွေနဲ့ ဘယ်လိုမှ တူနိုင်စရာအကြောင်းမရှိပါဘူး၊ သိုးကာ သီကာ လိုက်နိုင်တဲ့ တရား, သံဃာမျိုးတောင် အင်မတန်ရှားပါလိမ့်မယ်၊ ပိုလွန်မွန်မြတ်တဲ့ တရား, သံဃာမျိုးကတော့ ဘယ်မှာ ရှိနိုင်တော့မလဲ၊ အမှန်ကတော့ အခြားတရား, သံဃာတွေထက် မယှဉ်သာအောင် မွန်မြတ် အထက်တန်းကျကြပါတယ်၊ အဲဒီလို အတူမရှိမူ လွန်ကဲတဲ့ ဂုဏ်ထူးဝိသေသတွေနဲ့ ပြည့်ဝစုံလင်နေတဲ့ အတွက်ကြောင့် မြင့်မြတ်အထက်တန်းကျကြပါတယ်။

ဘုရားရှင်တို့ ပွင့်တော်မူခဲ့မှ စသည်တို့ကြောင့်ပဲ ဘုရားရှင်ကနှတဆင့် စတင်ပေါက်ပွားလာရတဲ့ တရား,သံဃာတွေဟာလဲ ဖြစ်တောင့်ဖြစ်ခဲ ဖြစ်ပေါ်လာကြရပါတယ်၊ အံ့ဩစရာလဲ ကောင်းကြပါတယ်၊ သတ္တဝါအများရဲ့ စီးပွား

ချမ်းသာကိုလဲ ရှက်ဆောင်နိုင်ကြပါတယ်၊ တမျိုးတစားတည်းလဲ ဖြစ်ကြပါတယ်၊ ဒီလိုအကြောင်းတွေကြောင့်လဲပဲ မြင့်မြတ်အထက်တန်းကျကြရပါတယ်။

နိဗ္ဗာန်ဆိုတဲ့ တရားတော်ကတော့ အင်မတန် အင်မတန် နူးညံ့သိမ်မွေ့ပါတယ်၊ အင်မတန် ငြိမ်သက်မွန်မြတ်ပါတယ်၊ နက်နဲမှုစတဲ့ ဂုဏ်တော်နှင့်လဲ ပြည့်စုံပါတယ်၊ မာန်ယစ်မှု မှန်ဆဲမျှတို့ရဲ့ ကင်းပျောက်ရာလဲ ဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ နိဗ္ဗာန်လဲပဲ မွန်မြတ်အထက်တန်းကျလှပါတယ်။

> ''လောကီသရဏဂုံ လောကုတ္တရာသရဏဂုံ နှစ်မျိုးလုံးပဲ အဆက်ဆက်အားဖြင့် ဝဋ္ဋဒုက္ခကို ကုန်ဆုံးစေတတ်တာချည်းပဲတဲ့၊ နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်တာချည်းပါပဲ''တဲ့။

ဒီလို အဋ္ဌကထာဆရာက ဖွင့်ပြထားပါသေးတယ်။[၁]

> ''သရဏဂုံဟာ အမြတ်ဆုံးအကျိုးကို ပေးနိုင်တယ်၊ ဝဋ္ဋဒုက္ခကို ကုန်ဆုံးစေနိုင်တယ်၊ နိဗ္ဗာန်တိုင်အောင် အကျိုးပေးနိုင်တယ်''

အကုန်လုံးခြုံပြီး ကောက်ချက်ချလိုက်ယင် ဒီသဘော ပေါ်ထွက်လာပါတယ်၊ သရဏဂုံအကျိုးနဲ့ ပတ်သက်နေတဲ့ သုတ္တန်တွေကို အတော်လဲ ပြည့်စုံသွားအောင် ပြောပေးမယ်လို့ ကြံစည်ထားပါတယ်၊ အဲဒီထဲက အခုဝေလာမသုတ္တန်ထဲက သရဏဂုံနဲ့ သက်ဆိုင်တာလောက်ကို ထုတ်ပြီးပြောပါဦးမယ်။

ဝေလာမသုတ္တန်။ ။ဘုရားအလောင်းတော်ဖြစ်တဲ့ ဝေလာမ ပုဏ္ဏားဟာ ငွေသား အပြည့် ထည့်ထားတဲ့ ရွှေခွက် ပေါင်း ရှစ်သောင်းလေးထောင်ကိုလဲ လှူပါတယ်၊ ရွှေအပြည့်ထည့်ထားတဲ့ ငွေခွက် ရှစ်သောင်းလေးထောင်ကိုလဲ လှူပါတယ်၊ ရတနာခုနစ်ပါးအပြည့် ထည့်ထားတဲ့ ကြေးခွက် ရှစ်သောင်းလေးထောင်ကိုလဲ လှူပါတယ်။

ဆင်ရှစ်သောင်း လေးထောင်ကိုလဲ လှူပါတယ်၊ အဲဒီ ဆင်အကုန်လုံးကို ရွှေအဆင်တန်ဆာတွေနဲ့လဲ ဆင်ယင်ပေးပါတယ်၊ ရွှေအလံများကိုလဲ စိုက်ထူပေးပါတယ်၊ ရွှေကွန်ရက်နဲ့လဲ ဖုံးလွှမ်းပေးပါတယ်။

၁။ ဇာတ် ၄-၂၇၁။

ရထားပေါင်းရှစ်သောင်းလေးထောင်ကိုလဲ လှူပါတယ်၊ အဲဒီရထားအကုန်လုံးကိုလဲပဲ ခြင်္သေ့ရေ,ကျားရေ,ကျားသစ်ရေ အနီနုရောင် သက္ကလပ်စတွေနဲ့ ကာရံပေးပါတယ်၊ ရွှေတန်ဆာတွေနဲ့လဲ ဆင်ယင်ပေးပါတယ်၊ ရွှေအလံများကိုလဲ စိုက်ထူပေးပါတယ်၊ ရွှေကွန်ရက်တွေနဲ့လဲ ဖုံးလွှမ်းပေးပါတယ်။

နို့စားနွားမ ရှစ်သောင်းလေးထောင်ကိုလဲ ပေးလှူပါတယ်၊ အဲဒီနွားမတွေရဲ့ ဦးချိုတွေကို ရွှေအိမ်နဲ့ စွပ်ထားပါတယ်၊ လည်ပင်းမှာ မြတ်လေးပန်းကုံးတွေကို ဆွဲထားပါတယ်၊ ခြေလေးဖက်လုံးမှာ ခြေချင်းတွေ ဝတ်ပေးထားပါတယ်၊ကျောပေါ်မှာ ဘွဲ့ဖြူပုဆိုးကိုလွှမ်းခြုံထားပါတယ်၊ ရွှေခလောက်များကိုလဲ ဆွဲပေးထားပါတယ်၊ ငွေနို့ညှစ်ခွက်တွေကိုလဲ တပါတည်း ထည့်လှူလိုက်ပါတယ်။

မိန်းမပျိုကလေး ရှစ်သောင်းလေးထောင်ကိုလဲ ပေးလှူပါတယ်၊ အဲဒီမိန်းကလေးတွေရဲ့ နားနှစ်ဘက်မှာ ပတ္တမြားနားတောင်းတွေကိုလဲ အသီးသီး ဝတ်ဆင်ပေးထားပါတယ်။

သားရဲရုပ် အခြေတပ် ခုတင် ရှစ်သောင်းလေးထောင်ကိုလဲ ပေးလှူပါတယ်၊ အဲဒီခုတင်တွေမှာ မွေးရှည်ကော်ဇောကြီးတွေကို ခင်းပေးထားပါတယ်၊ သားမွေးဖြူအခင်းကိုလဲ ခင်းပေးပါတယ်၊ ပန်းပြောက်ဖော် သားမွေးအခင်းကိုလဲ ခင်းပေးပါတယ်၊ ဝံပိုင်ရေအကောင်းစား အိပ်ရာခင်းများကိုလဲ ခင်းပေးပါတယ်၊ အပေါ်က မျက်နှာကြက်နီကိုလဲ ကြက်ထားပါတယ်၊ ခေါင်းအုံးအနီ ခြေအုံးအနီတို့ကိုလဲ ထည့်ပေးပါတယ်။

နူးညံ့တဲ့ ခေါမအဝတ် နူးညံ့တဲ့ ပိုးထည်အဝတ် နူးညံ့တဲ့ ဝါချည်အဝတ် ကောဋိပေါင်း ရှစ်သောင်းလေးထောင်စီကိုလဲပဲ ပေးလှူပါတယ်၊ (လောကခေါ်ရိုးခေါ်စဉ်အနေနဲ့ အဝတ်အစုံ ၂၀-ကို တကောဋိ ခေါ်ပါတယ်၊ ဒီနေရာမှာတော့ "အဝတ် ၁၀-ထည်ကို တကောဋိ"လို့ ခေါ်ဝေါ်သုံးစွဲထားပါတယ်။

စားဖွယ်အမျိုးမျိုး သောက်ဖွယ်အဖုံဖုံ လျက်ဖွယ်အစုံတွေကိုလဲ ခုနစ်နှစ် ခုနစ်လကြာအောင် မပြတ်မလပ်လှူပါဘယ်၊ "ဘယ်လောက် များတယ်" ဆိုတာကိုတော့ ပြောလို့မဖြစ်နိုင်တော့ပါဘူး၊ "မြစ်ရေစီးတာနဲ့မခြား အလားတူပါပဲ"လို့သာ ပြောစရာရှိပါတော့တယ်။

အဲဒီအလှူမှာ အလှူခံပုဂ္ဂိုလ်အစစ်အမှန် တဦးတယောက်မျှ မပါခဲ့ပါဖူး၊ အလှူရှင်ဘက်က စင်ကြယ်ပေမဲ့ အလှူခံဘက်က မစင်ကြယ်တဲ့ အလှူမျိုးဖြစ်ပါတယ်။

အဲဒီလောက်ကြီးကျယ်ခမ်းနားတဲ့ ဝေလာမပုဏ္ဏားရဲ့ ဒါနကုသိုလ်ထက် သောတာပန်တဦးကို ကျွေးမွေးလှူဒါန်းသူရဲ့ ဒါနကုသိုလ်က အကျိုးပိုကြီးပါတယ်၊ သောတာပန်တရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် သကဒါဂါမိပုဂ္ဂိုလ်တဦးကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးကြီးပါတယ်၊ သကဒါဂါမိတရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် အနာဂါမိတဦးကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်၊ အနာဂါမိတရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် ရဟန္တာတပါးကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်။

ရဟန္တာတရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် ပစ္စေကဗုဒ္ဓါတဆူကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးပိုမိုကြီးမားပါတယ်၊ ပစ္စေကဗုဒ္ဓါတရာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် အပူဇော်ခံအမှန်သိမြင် ဘုရားရှင်ကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးပိုမိုကြီးမားပါတယ်၊ ဘုရားရှင်ကို ကျွေးမွေး လှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် ဘုရားအမှူးရှိတဲ့ ရဟန်းသံဃာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန် ကြီးမားပါတယ်။

ဘုရားအမှူးရှိတဲ့ သံဃာကို ကျွေးမွေးလှူဒါန်းရတဲ့ ဒါနကုသိုလ်ထက် အရပ်လေးမျက်နှာမှာရှိတဲ့ သံဃာတော်ကို ရည်ညွှန်းပြီး ကျောင်းဆောက်လုပ်လှူဒါန်းရတဲ့ ဒါနကုသိုလ်က အကျိုးသာလွန်ကြီးမားပါတယ်၊ အဲဒီစာတုဒ္ဒိသာသံဃိကကျောင်း ဆောက်လုပ်လှူဒါန်းတဲ့ ဒါနကုသိုလ်ထက် "ဘုရား, တရား, သံဃာ" ရတနာ မြတ်သုံးပါးကို ကြည်ညိုဆည်းကပ် ကိုးကွယ်သူ (သရဏဂုံတည်သူ)ရဲ့ ကုသိုလ်ကောင်းမှုက အကျိုးသာလွန် ကြီးမားပါတယ်။

ဒီဝေလာမသုတ္တန် ပါဠိတော်မှာ သရဏဂုံရဲ့ အကျိုးကြီးမားပုံကို ဒါနအမျိုးမျိုးနဲ့ ချိန်ထိုးပြီး ပြထားပါတယ်။

စာတုဒ္ဒိသာ သံဃိကကျောင်း ဆောက်လုပ် လှူဒါန်းတဲ့ ဒါနကုသိုလ်ထက် အကျိုးကြီးမားတဲ့ သရဏဂုံဟာ မဂ်ရတာနဲ့တပြိုင်နက် ဖြစ်ပေါ်လာရတဲ့ ပျက်စီးခြင်းကင်းတဲ့ လောကုတ္တရာ သရဏဂုံသာ ဖြစ်သင့်ပါတယ်၊ ဒီသို့ အဋ္ဌကထာဆရာက ဖွင့်ပြထားပါတယ်၊[၁] ပါဠိတော်မှာ တဆက်တည်းပဲ အနိစ္စသညာကို ပွားများတာက အကျိုးအကြီးဆုံး ဖြစ်တဲ့ အကြောင်းကို ပြဆိုထားပါတယ်၊ ဒါ့ကြောင့် ဒီစကားကို စဉ်းစားရပါ့မယ်။

> ကိုယ်နဲ့ အသက်ကို ရတနာသုံးပါးအား အပ်နှင်း ပေးလှူပြီးဖြစ်တဲ့ အတွက် လောကီ သရဏဂုံဟာလဲပဲ စာတုဒ္ဒိသာ သံဃိကကျောင်း ဆောက်လုပ်လှူဒါန်းတဲ့ ဒါနကုသိုလ်ထက် အကျိုးသာလွန် ကြီးမား နိုင်ပါတယ်။

ဒီအယူအဆတမျိုးကို ဆက်လက် ပြဆိုထားပါတယ်၊ ဒီအယူအဆက သဘာဝကျပါတယ်၊ အသက်စွန့်လွှတ် ဆောက်တည်ထားတဲ့ သရဏဂုံဆိုတာ ဟာလဲပဲ–

> "တကယ်လို့ ခင်ဗျားကယူပြီး သရဏဂုံကို မဖျက်ယင် 'ကျုပ်က ခင်ဗျားကို သတ်ရလိမ့်မယ်' ဆိုပြီး အင်မတန်ထက်တဲ့ဓားနဲ့ အသေ သတ်ပေမဲ့ 'အကျွန်ုပ်ဟာ ဘုရားကို ဘုရားမဟုတ်' လို့ မပြောပါ၊ 'တရားတော်ကိုလဲ တရားမဟုတ်' လို့ မပြောပါ၊ 'သံဃာတော်ကိုလဲ သံဃာတော်မဟုတ်' လို့ မပြောပါ၊ ဒီလို အင်မတန် ခိုင်ခိုင်မြဲမြဲ ဆောက်တည်ထားတဲ့ သရဏဂုံမျိုးပဲ ဖြစ်ပါတယ်"

ဒီလို ဋီကာဆရာက ဖွင့်ပြထားပါသေးတယ်။[၂]

အခုခေတ်မှာတော့ ဒီလို ခိုင်ခိုင်မြဲမြဲ သရဏဂုံဆောက်တည်တဲ့ သာသနာ့ သူရဲကောင်းတွေ ရှားပါးလာပါပြီ၊ မိမိရဲ့ အနာဂတ်ကြီးပွားမှုကို တကယ် တန်းမျှော်မှန်းကြမယ်ဆိုပါယင် လိုက်နာပြုကျင့်စရာ အင်မတန်ကောင်းပါ တယ်၊ အဲဒီလို လိုက်နာနိုင်မှလဲပဲ ဗုဒ္ဓဘာသာဝင် ဖြစ်ရကျိုး နပ်ကြပါလိမ့် မယ်၊ လိုက်ဆိုကြအုံး။

၁။ ဋ္ဌ-၂၇၂။ ၂။ ဋီ-၂၀၀။

ရက်စက်မညှာ- သတ်ကာသွားလို့၊ တို့အသက်များ- သေချင်သေ၊
တကယ်စစ်မှန်- မြတ်ဘုရားကို၊ ဘုရားမဟုတ်- မပြောပေ၊
တကယ်စစ်မှန်- မြတ်တရားကို၊ တရားမဟုတ်- မပြောပေ၊
ရှစ်ယောက်ရိုယာ- သံဃာစစ်ကို- သံဃာမစစ်- မပြောပေ၊
ရတနာသုံးတန်- ထွတ်အမြတ်ကို၊ ခိုင်မြဲဆည်းကပ်- ပူမလေ။

သမယသုတ္တန်။ ။ဘုရားကို ဆည်းကပ်ကိုးကွယ်တဲ့သူတွေဟာ အပါယ်ဘုံကို ရောက်ကြရမှာ မဟုတ်ပါဘူး၊ လူ့ကိုယ်ကို ပယ်စွန့်ပြီး တာနဲ့တပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရပါလိမ့်မယ်။[၁]

တရားကို ဆည်းကပ်ကိုးကွယ်တဲ့သူတွေဟာ အပါယ်ဘုံသို့ ရောက်ကြရမှာ မဟုတ်ပါဘူး၊ လူ့ကိုယ်ကို ပယ်စွန့်ပြီးတာနဲ့တပြိုင်နက် နတ်ပြည်မှာ ဖြစ်ကြရ ပါလိမ့်မယ်။[၂]

သံဃာတော်ကို ဆည်းကပ် ကိုးကွယ်တဲ့သူတွေဟာ အပါယ်ဘုံကို ရောက် ကြရမှာ မဟုတ်ပါဘူး၊ လူ့ကိုယ်ကို ပယ်စွန့်ပြီးတာနဲ့တပြိုင်နတ် နတ်ပြည်မှာ ဖြစ်ကြရပါလိမ့်မယ်။

ဘုရားရှင် သက္ကတိုင်း ကပိလဝတ်ပြည် မဟာဝုန်တောမှာ သီတင်းသုံးနေ တော်မူတုန်းက သုဒ္ဓါဝါသ အရိယာဗြဟ္မာတဦး လာရောက်ပြီး ဘုရားရှင်ရဲ့ အနီး ဒီလို သီဆိုကျူးရင့်ပါတယ်၊ ဘုရားရှင်ကလဲပဲ ခွင့်ပြုကျေနပ်တော်မူ ပါတယ်။

ဒီပါဠိတော်အရဆိုယင် ''သုဂတိဘုံဘဝကို ရရှိခြင်း၊ ပစ္စည်းဥစ္စာပေါ များ ကြွယ်ဝခြင်းတွေဟာ လောကီသရဏဂုံရဲ့ အကျိုးပဲ''လို့ မှတ်သင့် ပါတယ်၊ လိုက်ဆိုကြဦး။

ရွှေဆောင်လမ်းညွှန်- မြတ်ဘုရားကို၊ ကြည်ညိုလေးစား- ဆည်း
ကပ်လျှင်၊
ကင်းလွတ်အပါယ်- ဘဝပြောင်းတော့၊ နတ်ကောင်း နတ်မြတ်-
ဖြစ်မည်ပင်၊

၁။ သံ ပါ- ၊ ၂၅၊ မဟာဝဂ္ဂ ပါ-၂၀၄။ ၂။ ဇာတ် ၄-ပ-၁၁၂။

ဟောထားကောင်းစွာ- မြတ်တရားကို၊ ကြည်ညိုလေးစား- ဆည်းကပ်လျှင်၊
ကင်းလွတ်အပါယ်- ဘဝပြောင်းတော့၊ နတ်ကောင်းနတ်မြတ်- ဖြစ်မည်ပင်၊
လိုက်နာကျင့်ကြံ- သံဃာများကို၊ ကြည်ညိုလေးစား- ဆည်းကပ်လျှင်၊
ကင်းလွတ်အပါယ် - ဘဝပြောင်းတော့၊ နတ်ကောင်း နတ်မြတ် ဖြစ်မည်ပင်။

ဒီနေရာမှာ သက္ကသုတ်ကို နည်းနည်းဆက်ပြီး နားထောင်ကြဦး၊ ပြီးမှ သက်သေ သာဓကအဖြစ်နဲ့ ဝတ္ထုကြောင်းတွေကို ပြောပြပါမယ်။

သက္ကသုတ်[၁]။ ။တချိန်မှာ အရှင်မောဂ္ဂလာန်က တာဝတိံသာ နတ်ပြည်ကို ကြွလာပါတယ်၊ ဒီတော့ သိကြားမင်းက နတ်ရှစ်သောင်းနဲ့ အတူ ရှင်မောဂ္ဂလာန်ထံမှောက်ကို ချဉ်းကပ် ရောက်လာခဲ့ပါတယ်၊ ဒီတော့ ရှင်မောဂ္ဂလာန်က တရားစကား ဟောကြားတော်မူပါတယ်။

သိကြားမင်း ဘုရားကို ဆည်းကပ်ကိုးကွယ်တာဟာ ကောင်းတယ်၊ ဒီလောကမှာ အချို့သူတွေဟာ ဘုရားကို ဆည်းကပ် ကိုးကွယ်တဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကုံလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

တရားကို ဆည်းကပ် ကိုးကွယ်တာလဲ ကောင်းပါတယ်၊ ဒီလောကမှာ အချို့သူတွေဟာ တရားကို ဆည်းကပ်ကိုးကွယ်တဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကုံလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

သံဃာတော်ကို ဆည်းကပ်ကိုးကွယ်တာလဲ ကောင်းပါတယ်၊ ဒီလောကမှာ အချို့သူတွေဟာ သံဃာတော်ကို ဆည်းကပ်ကိုးကွယ်တဲ့အတွက် သေပြီးတဲ့နောက် ချမ်းသာမျိုးစုံ ပြည့်ဝကုံလုံရာဖြစ်တဲ့ နတ်ပြည်မှာ ဖြစ်ကြရပါတယ်။

အဲဒီလို ဘုရား တရား သံဃာကို ဆည်းကပ်ကိုးကွယ်ခဲ့တဲ့ (သရဏဂုံတည်ခဲ့တဲ့) နတ်တွေဟာ အခြား(သရဏဂုံ မတည်ခဲ့တဲ့)နတ်တွေကို အကြောင်းဆယ်မျိုးတွေနဲ့ လွှမ်းမိုး နိုင်ကြပါတယ်။

၁။ သံ ပါ-၃-၄၆၃။

နတ်သက်နဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ အဆင်းနဲ့လဲပဲ လွှမ်းမိုးနိုင်ပါတယ်၊ နတ်ချမ်းသာနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ အခြံအရံနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ အစိုးရခြင်းနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ခံစားစရာ နတ်ရူပါရုံတွေနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ နတ်သဒ္ဒါရုံတွေနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊နတ်ဂန္ဓာရုံ,နတ်ရသာရုံ, နတ်ဖောဋ္ဌဗ္ဗာရုံတွေနဲ့လဲ လွှမ်းမိုးနိုင်ပါတယ်၊ သာလွန်နိုင်ပါတယ်။

ဒီသဋ္ဌာယတနဝဂ္ဂ၊မောဂ္ဂလာနသံယုတ် သက္ကသုတ်ပါဠိတော်မှာ "နတ်ပြည်မှာ ဖြစ်ကြရတယ် ဆိုတာနဲ့ပဲ" သုဂတိဘုံဘဝကို ရရှိတာကို ပြပြီးဖြစ်ပါတယ်၊ 'နတ်သက်နဲ့ လွှမ်းမိုးနိုင်ပါတယ်'စတဲ့ စကားကို ဆိုတာနဲ့ပဲ စည်းစိမ်ဥစ္စာ ပေါများ ကြွယ်ဝမှုကိုလဲ ပြပြီးဖြစ်ပါတယ်၊ ကိုင်း လိုက်ဆိုလိုက်ကြဦး။

သုံးပါးရတနာ-ဆည်းကပ်ခလို့၊ နတ်ပြည်ရောက်ကြ-နတ်ထိုထို၊
သက်ဆင်း ချမ်းသာ-ခြံရံမျိုးနှင့်၊ အစိုးရမှု သူ့ထက်ပို၊
ခံစားစရာ-အာရုံငါးလည်း၊ ပြည့်စုံပေါများ-လွန်သကို၊
ဒါ့ကြောင့် ရတနာ-မြတ်သုံးပါးကို၊ ရှိခိုးလေးစား-ဆည်းကပ်ခို။

အခု သက်သေသာဓက ဝတ္ထုတွေကို ထုတ်ပြပါဦးမယ်၊အဲဒီဝတ္ထုတွေကိုလဲ "ဘုရားကို ကိုးကွယ်လို့ ချမ်းသာသုခ ရရှိပုံ, တရားကို ကိုးကွယ်လို့ ချမ်းသာသုခ ရရှိပုံ, သံဃာကို ကိုးကွယ်လို့ ချမ်းသာသုခ ရရှိပုံ, ရတနာ သုံးပါးလုံးကို ကိုးကွယ်လို့ ချမ်းသာသုခ ရရှိပုံ" ဒီလို အစဉ်လိုက် ပြောပြသွားပါ့မယ်၊ ဒီတော့ ဘုရားကိုကြည်ညိုလို့ ချမ်းသာသုခရရှိပုံကို စကြပါစို့ရဲ့။

စဏ္ဍာလီ[၁]။ ။ဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အရုဏ်တက်ခါနီးအချိန်မှာ မဟာကရုဏာ သမာပတ်ကထပြီး ဉာဏ်စက္ခုနဲ့ လောကကို ကြည့်ရှုတော်မူပါတယ်၊ ရာဇဂြိုဟ်မြို့မှာပဲ စဏ္ဍာလ (သူတောင်းစား)အိမ်တအိမ်မှာ "စဏ္ဍာလီဆိုတဲ့ အမယ်အိုတယောက်ရှိနေပါတယ်၊ အဲဒီစဏ္ဍာလီဟာ ဘုရားရှင်ရဲ့ ဉာဏ်စက္ခုမှာ ထင်လာပါတယ်၊ အဲဒီစဏ္ဍာလီဟာ သေခါနီးဆဲဆဲပဲ ဖြစ်ပါတယ်၊ နာရီပိုင်းအတွင်းမှာပဲ သေဆုံးစရာရှိနေပါတယ်၊ သူ့မှာ "ပြုလုပ်ထားတဲ့ ကုသိုလ်ကံ" ရယ်လို့လဲ ပြောပလောက်အောင် ဘာမှမရှိပါဘူး၊ အကုသိုလ် ကံတွေကသာ

၁။ ဝိမာန ပါ-၂၅။ ဋ္ဌ-၉၄၊

အများအပြားရှိနေပါတယ်၊ အဲဒီအကုသိုလ်ကံတွေက စဏ္ဍာလီကို ငရဲပြည် ရောက်အောင် ပို့ဆောင်ကြပါလိမ့်မယ်၊ စဏ္ဍာလီရဲ့ အသက်ကုန်ဆုံးမှုကို ငံ့မျှော် စောင့်ဆိုင်းနေသလို ဖြစ်နေကြပါတယ်။

"ငါဘုရားဟာ စဏ္ဍာလီကို နတ်ပြည်နတ်ရွာမှာ ဖြစ်စေနိုင်လောက် တဲ့ ကုသိုလ်ကောင်းမှုကို ပြုစေရတော့မယ်၊ အဲဒီကုသိုလ်နဲ့ပဲ ငရဲသို့ ရောက်ရမှာကို တားမြစ်ပေးရတော့မယ်၊ နတ်ပြည်ကိုရောက်အောင် မြှင့်တင်ပေးရတော့မယ်"

မဟာကရုဏာတော်ရဲ့ လှုံ့ဆော်တိုက်တွန်းလျက်နဲ့ ဘုရားရှင်က ဒီလို ရည် ရွယ်တော်မူပြီး ရဟန်းတွေနဲ့အတူ ရာဇဂြိုဟ်မြို့တွင်းကို ဆွမ်းခံဝင်တော်မူပါ တယ်။

အဲဒီအချိန်မှာ စဏ္ဍာလီကလဲ တောင်ဝှေးထောက်ကာ ထောက်ကာနဲ့ မြို့ ထဲက ထွက်လာခဲ့ပါတယ်၊ လမ်းမှာ ခရီးရင်ဆိုင် ဘုရားကြွလာနေတာကို တွေ့ရပါတယ်၊ ဘုရားရှင်ရဲ့ ရှေ့တည့်တည့်မှာပဲ ရပ်နေပါတယ်၊ ဘုရားရှင်က လဲပဲ သွားလမ်းကို ပိတ်ဆို့ထားသလို စဏ္ဍာလီရဲ့ ရှေ့တည့်တည့်မှာပဲ ရပ်နေ တော်မူပါတယ်။

ဘုရားရှင်ရဲ့ ရည်ရွယ်ချက်ရယ်, စဏ္ဍာလီမှာ အသက်တမ်း ကုန်ဆုံးနေ တာရယ် ဒါတွေကို သိရှိနားလည် သိမြင်ထားတဲ့အတွက် အရှင်မဟာ မောဂ္ဂလာန် မထေရ်မြတ်က ဘုရားရှင်ကို ရှိခိုးဖို့ စဏ္ဍာလီကို ပြောဆိုတိုက် တွန်းပါတယ်။

"အို စဏ္ဍာလီ သင်ဟာ ခြွေရံပရိသတ်နဲ့အတူ ကြွလာတော်မူတဲ့ ဘုရားရှင်ရဲ့ခြေတော်ကို ရှိခိုးလိုက်ပါတော့လား၊ ဝိပဿီမှ ထောက် ခုနစ် ဆူမြောက် ဖြစ်တဲ့ ဘုရားရှင်ဟာ သင့်ကို ချီးမြှောက်လိုတာနဲ့ ရပ်နေ တော်မူပါတယ်၊ သင်ဟာ တာဒိဂုဏ်ရှင် * ဘုရားသခင်အပေါ်မှာ စိတ်ကိုကြည်လင်စေပါတော့လား၊ မြန်မြန်ဆန်ဆန်ပဲ လက်အုပ်ချီမိုး ရှိခိုး လိုက်ပါတော့လား သင့်အသက်ဟာ အင်မတန်တိုတောင်းလှပါတယ်"

---

* အကောင်းနဲ့တွေ့တွေ့ အဆိုးနဲ့တွေ့တွေ့ နဂိုမူမပျက်တဲ့သဘောကို "တာဒိ"လို့ ခေါ်ပါတယ်။

ရှင်မဟာမောဂ္ဂလာန်ရဲ့ စကားကိုကြားရတဲ့အခါ စဏ္ဍာလီဟာ ထိတ်လန့်တုန်လှုပ်သွားပါတယ်၊ ဘုရားရှင်အပေါ်မှာ ကြည်ညိုစိတ် ဖြစ်ပေါ်လာပါတယ်၊ ဘုရားရှင်ကို တည်ခြင်းငါးပါးနဲ့ ရှိခိုးဦးချပါတယ်၊ အသာအယာထပြီး လက်အုပ်ချီမိုး ရှိခိုးယင်း လမ်းဘေးဖယ်ကာ မတ်တပ်ရပ်နေပါတယ်၊ သူ့ရဲ့ စိတ်ဟာလဲပဲ ဘုရားဂုဏ်တော်ကို အာရုံပြုပြီး ဖြစ်ပေါ်လာတဲ့ နှစ်သက်မှု ပီတိနဲ့ တည်ကြည်ငြိမ်သက်နေပါတယ်။

ဘုရားရှင်လဲ "ဒီလောက်ကုသိုလ်ဟာ စဏ္ဍာလီအတွက် နတ်ပြည်မှာ ဖြစ်ဖို့လုံလောက်ပြီ"လို့ နှလုံးသွင်းပြီး သံဃာတော်များနှင့်အတူ မြို့တွင်းကို ဆွမ်းခံဝင်တော်မူပါတယ်၊ အဲဒီအချိန်မှာပဲ နောက်လိုက်သားငယ်ရှိနေတဲ့ နွားမတကောင်က စဏ္ဍာလီကို ဝှေ့သတ်လိုက်ပါတယ်။

စဏ္ဍာလီဟာ စုတေတာနဲ့တပြိုင်နက် တာဝတိံသာနတ်ပြည်မှာ သွားဖြစ်ပါတယ်၊ နတ်သမီးတသိန်းက သူ့ကို ခြံရံနေကြပါတယ်၊ စဏ္ဍာလီနတ်သမီးဟာ အဲဒီနေ့မှာပဲ ဗိမာန်နဲ့တကွ လူ့ပြည်ကို လာခဲ့ပါတယ်၊ ဗိမာန်ကဆင်းပြီး ရှင်မောဂ္ဂလာန် ထံတော်ပါးကို သွားရောက်ရှိခိုးနေပါတယ်။

"အို နတ်သမီး သင်ဟာ လှပတင့်တယ် ရှုမောဖွယ်ကောင်းလှပါတယ်၊ ရွှေအဆင်းလို ဝါဝင်းတဲ့ အဆင်းလဲရှိပါတယ်၊ အရောင်အဝါလဲ ထွန်းလင်းတောက်ပြောင်လှပါတယ်၊ များတဲ့အခြံအရံလဲရှိပါတယ်၊ ဆန်းကြယ်မှုမျိုးစုံ သင်ရဲ့ကိုယ်မှာ စုပုံနေပါဘိတယ်၊ နတ်သမီးအပေါင်းခြံရံကာ ငါ့ကိုလာရောက်ရှိခိုးတဲ့သင်ဟာ ဘယ်သူများဖြစ်ပါသလဲ"

ရှင်မောဂ္ဂလာန် မထေရ်မြတ်ရဲ့ အမေးစကားကို ကြားရတဲ့အခါ စဏ္ဍာလီနတ်သမီးက မိမိရဲ့နောက်ကြောင်းကို ပြန်လည်လျှောက်ထားပါတယ်။

"အရှင်ဘုရား တပည့်တော်ဟာ စဏ္ဍာလီပါပဲ၊ အရှင်မြတ်ရဲ့ ခိုင်းစေချက်နဲ့ ဘုရားရှင်ရဲ့ ခြေတော်တွေကို ရှိခိုးခဲ့ပါတယ်၊ အဲဒီဘုရားရှင်ဟာ တကယ်ပဲ ပူဇော်အထူးကို ခံထိုက်သူလဲ ဖြစ်ပါတယ်၊ ဂေါတမမျိုးနွယ်က မွေးဖွားလာသူလဲ ဖြစ်ပါတယ်၊ ခြေရံပရိသတ် ဗာများအများရှိသူလဲ ဖြစ်ပါတယ်။

"အရှင်ဘုရား တပည့်တော်ဟာ ဘုရားရှင်ရဲ့ ခြေတော်တွေကို ရှိခိုးပြီးတဲ့နောက် စဏ္ဍာလ (သူတောင်းစား) အမျိုးက စုတေခဲ့ပြီး နှစ်သက်စဖွယ် တာဝတိံသာနတ်ပြည်မှာ အဘက်ဘက်က တင့်တယ် ကောင်းမွန်တဲ့ ဘုံဗိမာန်မှာ ဖြစ်ရပါတယ်။

"နတ်သမီး တသိန်းဟာ တပည့်တော်ကို ခြံရံနေကြရပါတယ်၊ တပည့်တော်ဟာ အဲဒီ နတ်သမီးတွေထက် အဆင်းရော ခြွေရံ ပရိသတ်ရော အသက်ရှည်တာရော အကုန်လုံး အထက်တန်းကျပါ တယ်၊ တပည့်တော်ရဲ့ဘဝဟာ ချီးမွမ်းဖွယ်ရာချည်းသာ ဖြစ်ပါတယ်။

"အရှင်ဘုရား တပည့်တော်ဟာ ကုသိုလ်အများအပြား ပြုလုပ် ထားသူလဲ ဖြစ်ပါတယ်၊ ဆင်ခြင်တိုင်းထွာ ဉာဏ်ပညာနဲ့ ပြည့်စုံသူလဲ ဖြစ်ပါတယ်၊ အမှတ်ရမှု သတိနဲ့ ပြည့်စုံသူလဲ ဖြစ်ပါတယ်၊ အရှင်ဘုရား ဟာ လောကမှာ မုနိတဆူလဲ ဖြစ်ပါပေတယ်၊ သနားကရုဏာနဲ့ ပြည့်စုံ သူလဲ ဖြစ်ပါတယ်၊ အရှင်ဘုရားကို ရှိခိုးရအောင်'လို့ပဲ တပည့်တော်က လာရောက်ရတာပါ"

စဏ္ဍာလီနတ်သမီးဟာ သူ့ကျေးဇူးကို သိတတ်သူလဲ ဖြစ်ပါတယ်၊ သူ့ ကျေးဇူးကို ထင်ရှားအောင်လဲ ပြုတတ်ပါတယ်၊ ရှင်မောဂ္ဂလာန်ရဲ့ ခြေတော် တွေကို ရှိခိုးပြီး အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားပါတယ်။

လူ့ဘဝက အမည်နဲ့ခေါ်ဝေါ် သုံးစွဲခြင်းဟာ နတ်တွေရဲ့ ထုံးတမ်းစဉ်လာ ဖြစ်ပါတယ်၊ ဒါ့ကြောင့် နတ်ပြည်ကို ရောက်သွားတဲ့အခါမှာလဲ "စဏ္ဍာလီ" လို့ပဲ ခေါ်နေကြပါတယ်။

အဲဒီ စဏ္ဍာလီရဲ့ ဘုရားရှင်ကို ရှိခိုးကြည်ညိုရတဲ့ ကုသိုလ်ကောင်းမှုဟာ ဖြစ်ရာခဏအနေနဲ့ မပြောပလောက်ပါဘူး၊ အင်မတန် တိုတောင်းပါတယ်၊ အင်မတန် နည်းပါးပါတယ်၊ ဒါပေမဲ့ အရှိခိုးခံ ဘုရားရှင်ရဲ့ မွန်မြတ် အထက်တန်းကျမှု၊ အကျိုးတရား များပြား ကြီးကျယ်မှု ဒါတွေကို အကြောင်း ပြုပြီး "အလွန်အလွန် များတယ်"လို့ ဆိုသင့်ပါတယ်၊ ဒါ့ကြောင့်လဲပဲ စဏ္ဍာလီနတ်သမီးက တပည့်တော်ဟာ ကုသိုလ်အများအပြား ပြုလုပ်ထားသူ ဖြစ်ပါတယ်"လို့ ဆိုရတာပါပဲ။

ဒါက ဘုရားရှင်ကို ရှိခိုးကြည်ညိုတဲ့အတွက် ချမ်းသာသုခရရှိတဲ့အကြောင်း ပါပဲ၊ ပြီးတော့ တရားတော်ကို ကြည်ညိုတဲ့အတွက် ချမ်းသာသုခရရှိတဲ့ အကြောင်းကို ပြောပြပါဦးမယ်။

ဖားနတ်သား ၀ ။ ။ဘုရားရှင်ဟာ စမ္ပာပြည် ဂဂ္ဂရာရေကန်အနီးမှာ သီတင်းသုံးနေတော်မူပါတယ်၊ အရုဏ်တက်ခါနီးမဟာကရုဏာ သမာပတ်ကို ဝင်စားတော်မူပါတယ်၊ ဒီလို ဝင်စားတာဟာ ဘုရားရှင်တွေရဲ့ အလေ့အကျက် တခုပါပဲ၊ သမာပတ်ကထတဲ့အခါ ကျွတ်ထိုက်တဲ့ သတ္တဝါတွေကို ကြည့်တော်မူပါတယ်။

"ယနေ့ ညနေချိန်မှာ ငါဘုရားတရားဟောလို့ရှိယင် ဖားကလေး တကောင်က တရားသံကို အာရုံပြုနေတုန်း သူမျှားပယောဂနဲ့ သေဆုံးပြီး နတ်ပြည်မှာဖြစ်ရပေလိမ့်မယ်၊ နတ်အခြွေအရံအများအပြားနဲ့ အတူ လူတွေကြည့်နေတုန်းမှာပဲ ငါဘုရားရဲ့ထံတော်မှောက်ကို ရောက်လာပေလိမ့်မယ်၊ ဒီတော့ လူတွေအများအပြား သစ္စာလေးပါးတရားကို သိမြင်ကြပေလိမ့်မယ်၊ ကျွတ်တမ်းဝင်ကြရပေလိမ့်မယ်"

ဒီအကြောင်းကို မြင်တော်မူပါတယ်၊ ဒါနဲ့ နံနက်အချိန်မှာ သံဃာတော်တွေနဲ့အတူ စမ္ပာမြို့တွင်းသို့ ဆွမ်းခံ ဝင်တော်မူပါတယ်၊ ဆွမ်းကိစ္စပြီးပြီးတဲ့နောက် နေ့လယ်ချိန်မှာ ဖလသမာပတ် ချမ်းသာကို ဝင်စံစားပြီးနေတော်ပါတယ်။

ညနေပိုင်း ပရိသတ်စုံညီတဲ့အခါ ဂန္ဓကုဋိတိုက်တော်က ထွက်ကြွလာပါတယ်၊ အခါကာလနဲ့ သင့်တော်လျော်ကန်တဲ့ တန်းခိုးပြာဋိဟာနဲ့ ရေကန်ကမ်းစပ်ရှိ တရားဟောမဏ္ဍပ်သို့ ကြွလာတော်မူပါတယ်၊ ပြင်ဆင်ထားတဲ့ ဘုရားနေရာမှာ တင့်တယ်သပ္ပာယ်စွာ သီတင်းသုံးနေတော်မူပါတယ်။

အဲဒီလို နေသားတကျ သီတင်းသုံး ထိုင်နေတော်မူပြီးတဲ့နောက် အင်္ဂါရှစ်ပါးနဲ့ပြည့်စုံတဲ့ အင်မတန်သာယာတဲ့ အသံတော်ကို မြွက်ဆိုပြီး မကြံစည်နိုင်တဲ့ ဘုရားတန်းခိုးတော် နှိုင်းခိုင်းစရာ ဥပမာရှာမရတဲ့ ဘုရားရှင်တို့ရဲ့ တင့်တယ်ခြင်းမျိုးနဲ့ တရားစတင် ဟောကြားတော်မူပါတယ်။

အဲဒီအချိန်မှာပဲ ဖားကလေးတကောင်ဟာ ရေကန်က တက်လာခဲ့ပါတယ်၊ "ဒါဟာ တရားတော်ပဲ"ဆိုတဲ့အမှတ်နဲ့ အသံတော်ကို အာရုံပြုယင်း ပရိသတ်အစွန်မှာ ဝပ်စင်းနေပါတယ်၊ အဲဒီ အခိုက်အတန့်မှာပဲ နွားကျောင်းသား တယောက်က အဲဒီနေရာကို ရောက်လာခဲ့ပါတယ်၊ တရားဟောနေတဲ့ ဘုရားရှင်ရယ်, အင်မတန် ငြိမ်ငြိမ်သက်သက် တရားနာနေတဲ့ ပရိသတ်ရယ် ဒါတွေကို တွေ့ရတဲ့အခါ အင်မတန် စိတ်ပါ ဝင်စားလာပါတယ်၊ ဟိုဟိုဒီဒီ မကြည့်အားတော့ပဲ ဖားကလေးရဲ့ ခေါင်းပေါ်မှာ တုတ်ထောက်လျက်သား ရပ်နေမိပါတော့တယ်။

ဖားကလေးဟာ အဲဒီခဏမှာပဲ သေဆုံးသွားပါတယ်၊ တာဝတိံသာ နတ်ပြည် တဆယ့်နှစ်ယူဇနာရှိတဲ့ ရွှေဗိမာန်မှာ နတ်သားကလေးသွားဖြစ်ပါတယ်၊ "အိပ်သောယောကျ်ားနိုးသောလားသို့" ဆိုသလို မိမိကို နတ်သမီးတွေ ဝိုင်းအုံခြံရံနေတာကို တွေ့ရပါတယ်၊ "ငါဟာ ဘယ်ဘဝကလာပြီး ဒီဘုံဗိမာန်မှာ ဖြစ်ရပါလိမ့်မလဲ" ဒီလို ဆင်ခြင်စဉ်းစားတဲ့အခါ ရှေးဘဝဇာတ်မြစ်ကို အမှန်အတိုင်း သိရှိရပါတော့တယ်။

> "ငါလို အဟိတ်တိရစ္ဆာန် ဖားကလေးတောင်မှ ဒီတာဝတိံသာ နတ်ပြည်မှာ ဖြစ်လာရပါပေတယ်၊ ဒီလို စည်းစိမ် ချမ်းသာမျိုးကိုလဲ ရနိုင်ပါပေတယ်၊ ငါဟာ ဘယ်လို ကုသိုလ်ကံမျိုးကို ပြုခဲ့ဖူးပါလိမ့်မလဲ"

ဒီလိုစုံစမ်း ဆင်ခြင်တဲ့အခါ ဘုရားရှင်ရဲ့ တရားတော်သံကို အာရုံပြု ကြည်ညိုခဲ့တဲ့ ကုသိုလ်မှတပါး အခြားကုသိုလ်ကောင်းမှု တစုံတခုကိုမှ မတွေ့ရှိရပါဖူး။

"ဖားနတ်သားကလေးဟာ အဲဒီ အချိန်မှာပဲ ဗိမာန်နဲ့တကွ ဘုရားဆီကို လာရောက်ခဲ့ပါတယ်၊ ဗိမာန်ကဆင်းပြီး လူများကြည့်နေတုန်းမှာပဲ အခြံအရံ အများအပြား ကြီးမားတဲ့ နတ်ဘန်းခိုးနဲ့ ချဉ်းကပ်ပြီး မြတ်စွာဘုရားရဲ့ ခြေတော်တွေကို ရှိခိုးပါတယ်၊ ပြီးတော့ လက်အုပ်ချီမိုး ရှိခိုးပြီး ရပ်နေပါတယ်။

ဘုရားရှင်ဟာ အကြောင်းစုံကို အကုန်အစင် သိမြင်ပြီး ဖြစ်ပါတယ်၊ ဒါပေမဲ့ "ကံရယ်, ကံရဲ့ အကျိုးတရားရယ်, ဘုရားရဲ့ တန်းခိုးတော်ရယ်"

ဒါတွေကို လူထုအား မျက်မြင်ကိုယ်တွေ့ ပြလိုတဲ့အတွက် မေးတော်မူပါတယ်။

"သင်ဟာ နတ်တွေရဲ့ တန်းခိုးအနေနဲ့လဲ ထွန်းလင်းပါဘိတယ်၊ အခြွေအရံအနေနဲ့လဲ တောက်ပပါဘိတယ်၊ အင်မတန် နှစ်လိုဖွယ်ကောင်းတဲ့အရောင်အဆင်းနဲ့ အရပ်မျက်နှာအကုန်လုံးကိုလဲ တောက်ပြောင်စေပါဘိတယ်၊ ငါဘုရားရဲ့ ခြေတော်တွေကိုလဲ ရှိခိုးဦးတိုက်ပါတယ်၊ သင်ဟာဘယ်သူများ ဖြစ်ပါသလဲ"

"ရှင်တော်မြတ်ဘုရား တပည့်တော်ဟာ ရှေးဘဝက ရေမှာပေါက်ပွားပြီး ရေမှာ ကျက်စားတဲ့ ဖားသတ္တဝါ ဖြစ်ခဲ့ပါတယ်၊ အရှင်ဘုရားရဲ့ တရားတော်ကို နာနေတုန်းမှာ နွားကျောင်းသားတဦးက တပည့်တော်ကို သတ်ဖြတ်ခဲ့ပါတယ်။

"တခဏမျှ တရားတော်ကို စိတ်ကြည်ညိုရတဲ့ ကုသိုလ် ကောင်းမှုကြောင့် ဖြစ်ပွားလာရတဲ့ တပည့်တော်ရဲ့ ပြည့်စုံမှုကို ရှုတော်မူပါ၊ အခြွေအရံများကိုလဲ ရှုတော်မူပါ၊ နတ်တို့ရဲ့ တန်းခိုးအာနုဘော်ကိုလဲ ရှုတော်မူပါ၊ ကိုယ်ရေအဆင်းကိုလဲ ရှုတော်မူပါ၊ အရောင်အဝါကိုလဲ ရှုတော်မူပါ။

"အို ရှင်တော်မြတ်ဘုရား တရားတော်ကို ကြာရှည်လေးမြင့် နာကြားရတဲ့ သူတွေကတော့ တုန်လှုပ်ခြင်းကင်းတဲ့ နိဗ္ဗာန်ကို ကေန် ရောက်ကြရမှာပဲ၊ အဲဒီ နိဗ္ဗာန်ကို ရောက်လို့ရှိယင် စိုးရိမ်ပူပန်ခြင်း အကုန်လုံးဟာလဲပဲ ပျောက်ကင်းရမှာ အမှန်ပဲ ဖြစ်ပါတယ်"

ဒီလိုပဲ ဖားနတ်သားက မိမိရဲ့ ဘဝဇာတ်မြစ် အစရှိတဲ့ဟာတွေကို ပြန်လည် လျှောက်ထားပါတယ်၊ အဲဒီနောက်မှာ ဘုရားရှင်က အကျယ်တဝင့်တရား ဆက်လက် ဟောတော်မူပါတယ်၊ တရားတော်အဆုံးမှာ ဖားနတ်သားက သောတာပတ္တိဖိုလ်မှာ တည်ပါတယ်၊ သောတာပန် အရိယာ ဖြစ်သွားပါတယ်၊ ဘုရားကို ရှိခိုးပြီး အခြွေအရံတွေနဲ့အတူ နတ်ပြည်ကို ပြန်သွားပါတယ်။

တရားတော်ကိုကြည်ညိုလို့ စီးပွားချမ်းသာကို ရရှိတဲ့အကြောင်းကိုပြောပြီးတဲ့နောက်မှာ သံဃာတော်ကိုကြည်ညိုလို့ စီးပွားချမ်းသာကို ရရှိတဲ့အကြောင်း ဆက်လက်ပြောပြပါဦးမယ်။

ဝန္ဒနာဝိမာန်[၁]။ ။ဘုရားရှင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီအချိန်မှာ ရဟန်းတော်တွေ ခပ်များများ တောရွာကျောင်းတကျောင်းမှာ ဝါကပ်ကြပါတယ်၊ ဝါလကျွတ်လို့ ပဝါရဏာပြုပြီးတဲ့အခါ ကျောင်းအိပ်ရာနေရာတွေကို သိမ်းဆည်းကြပါတယ်၊ သပိတ်သင်္ကန်းကိုယ်စီယူပြီး ဘုရားဖူးရအောင် သာဝတ္ထိမြို့ကို ထွက်လာခဲ့ကြပါတယ်၊ လမ်းခွတ်လတ်မှာ ရွာကလေးတရွာကို တွေ့ကြရပါတယ်၊ ရွာလယ်လမ်းခရီးကို ကျော်ဖြတ်ပြီး လာကြရပါတယ်။

အဲဒီ ရွာသူဖြစ်တဲ့ အမျိုးသမီးတဦးက ရဟန်းတော်များကို တွေ့ရတဲ့အခါ အင်မတန် ကြည်ညိုသွားပါတယ်၊ ရိုသေပါတယ်၊ လေးစားပါတယ်၊ မြတ်နိုးပါတယ်၊ တည်ခြင်းငါးပါးနဲ့ ရှိခိုးပါတယ်၊ ကြည်ညိုမှုကြောင့် အေးမြနေတဲ့ မျက်လုံးတွေနဲ့ မျက်စိတဆုံးကြည့်ရှုပြီး နဖူးထိပ်ဆီ လက်အုပ်ချီကာ ရပ်နေပါတယ်၊ ရဟန်းတော်တွေ ကွယ်ပျောက်သွားမှ လုပ်စရာ ကိုင်စရာကိစ္စများကို ဆက်လက် လုပ်ကိုင်နေပါတယ်။

အဲဒီ အမျိုးသမီးဟာ လူ့ဘဝကိုစွန့်ခွာသည်နှင့် တပြိုင်နက် ရဟန်းတော်တွေကို ခဏတာမျှ ကြည်ညိုလိုက်ရတဲ့ ကုသိုလ်ကောင်းမှုကြောင့် တာဝတိံသာ နတ်ပြည်မှာ သွားဖြစ်ပါတယ်၊ တာဝတိံသာနတ်ပြည်မှာပဲ နတ်စည်းစိမ်ကို ခံစားနေရပါတယ်။

တချိန်မှာ ရှင်မောဂ္ဂလာန်က တာဝတိံသာ နတ်ပြည်ကို ကြွသွားပါတယ်၊ အဲဒီ နတ်သမီးကိုတွေ့ရပါတယ်၊ ဒီတော့ "ဘယ်လို ကုသိုလ်ကောင်းမှုကို လုပ်ခဲ့လို့ ဒီလိုစည်းစိမ်မျိုးကို ရသလဲ"လို့ မေးပါတယ်၊ ဒါနဲ့ နတ်သမီးက မိမိလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုကို ပြန်ကြားလျှောက်ထားပါတယ်။

"အရှင်ဘုရား တပည့်တော်ဟာ လူ့ဘဝတုန်းက သီလနဲ့ပြည့်စုံတဲ့ ရဟန်းတော်တွေကို ဖူးတွေ့ခဲ့ရပါတယ်၊ အဲဒီ ရဟန်းတော်တွေရဲ့ ခြေတော်တွေကိုလဲပဲ ရှိခိုးဦးတိုက်ခဲ့ပါတယ်၊ ဒီ အရှင်မြတ်တွေဟာ သူတော်ကောင်းအစစ် ဖြစ်ကြပါပေစွ၊ တရားကို ကျင့်လေ့ရှိကြပါပေစွ၊ ညီညီမျှမျှ ကျင့်လေ့ရှိကြပါပေစွ၊ မြတ်တဲ့အကျင့်ကို ကျင့်လေ့ရှိကြပါပေစွ၊ ဒီလို ရဟန်းတော်တွေရဲ့ဂုဏ်ကို အာရုံပြုကာ စိတ်ကြည်

၁။ ဝိမာန ပါ-၁၆၀။ ဋ္ဌ-၁၀၉။

လင်စေခဲ့ပါတယ်၊ နှစ်သက်ရှင်လန်း ဝမ်းပန်းတသာ လက်အုပ်ချီမှု ကိုလဲ ပြုခဲ့ပါတယ်။

"အဲဒီကုသိုလ်ကြောင့် တပည့်တော်ဟာ အညစ်အကြေး ကင်းစင်တဲ့ အရောင်အဆင်းကို ပိုင်ဆိုင်ခဲ့ပါတယ်၊ အခြား နတ်တွေ ထက်လဲ သာလွန်တင့်တယ်ရပါတယ်၊ အဲဒီ ကုသိုလ်ထူးကြောင့်ပဲ တပည့်တော်ဟာ မိမိရဲ့ကိုယ်အင်္ဂါအစိတ်အပိုင်းတွေနဲ့ အရပ်မျက်နှာ အကုန်လုံးကို ပြောင်တဝင်းဝင်း ထွန်းလင်းတောက်ပ စေနိုင်ပါတော့တယ်"

ဒါဟာ သံဃာတော်တွေကို ကြည်ညိုရှိခိုးတဲ့အတွက် ကောင်းကျိုးရပုံပါပဲ၊ သရဏဂုံ ဆောက်တည်တာ ဘယ်လောက် အကျိုးများတယ်ဆိုတာ သိရအောင် ဝတ္ထုကြောင်းလေးတခု ပြောပြပါဦးမယ်။

ဒမိဠတံခါးစောင့် [၁]။ ။(သီဟိုဠ်ကျွန်း) မဟုအင်္ဂဏရွာမှာ ဒမိဠ (တမိလ်၊ ကလယ်၊ ကျေးကုလား)လူမျိုး တံခါးစောင့်တဦး ရှိပါတယ်၊ အဲဒီ တမိလ်လူမျိုး တံခါးစောင့်ဟာ နံနက်အစောကြီး ငါးများ ချိတ်ကိုယူပြီး အမြဲ ငါးမျှားသွားပါတယ်၊ ရလာတဲ့ ငါးတွေကို သုံးပုံပုံပြီး တပုံကို ဆန်နဲ့လဲပါတယ်၊ တပုံကို ထောပတ်နဲ့လဲပါတယ်၊ တပုံကို ချက်ပြုတ်စားသောက်ပါတယ်၊ ဒီလိုချည်း အနှစ်ငါးဆယ်လုံးလုံး သူ့အသက် သတ်မှု (ပါဏာတိပါတကံ)ကို ပြုလုပ်နေထိုင်ခဲ့ပါတယ်၊ နောက် အသက်အရွယ်ကြီးရင့်လာလို့ သေခါနီးကျတော့ အိပ်ရာပေါ်မှာ လဲနေပါတော့တယ်၊ မထနိုင်တော့ပါဘူး၊ ခုတင်တခုပေါ်မှာ လျောင်းစက်နေရပါတော့တယ်။

အဲဒီအချိန်မှာ တောင်ပေါ်ကျောင်း(ဂိရိဝိဟာရ)မှာ နေထိုင်တဲ့ စူဠပိဏ္ဍပါတိက တိဿမထေရ်က "ငါ့မျက်စိအောက်မှာ ဒီသတ္တဝါမပျက်စီးပါစေနဲ့"ဆိုတဲ့ ရည်ရွယ်ချက်နဲ့သွားပြီး အိမ်တံခါးနားမှာ ရပ်နေပါတယ်။

ဒီတော့ သူ့ရဲ့ အိမ်သူသက်ထားက "မောင်ရေ မထေရ်တပါး ကြွလာနေတယ်"လို့ သူ့ကို လှမ်းပြောလိုက်ပါတယ်၊ "ငါဟာ အနှစ်ငါးဆယ်လုံးလုံး မထေရ်ဆီကို တခေါက်မှ ရောက်ဖူးတာမဟုတ်ဖူး၊ ငါ့ရဲ့ ဘယ်လိုဂုဏ်ထူးကြောင့် မထေရ်ကိုယ်တိုင် ကြွလာရမှာတဲ့လဲ၊ 'ပြန်သွား'လို့သာ

၁။ အံ ၄-၃-၁၀၇။

ပြောလိုက်ပါတော့ကွာ''လို့ သူက ပြန်ပြောလိုက်ပါတယ်၊ အဲဒီ စကားကို ကြားရတဲ့အခါ သူ့အမျိုးသမီးက ''ကန်တော့ဆွမ်းပါဘုရား''လို့ လျှောက်ထားပါတယ်၊ ကန်တော့ဆွမ်းလောင်းလှူလိုက်ပါတယ်။

ဒီတော့ မထေရ်က တံခါးစောင့်ရဲ့ ကျန်းမာရေးအခြေအနေကို မေးပါတယ်၊ သိပ်အားနဲ့နေတဲ့အကြောင်း ကြားသိရတဲ့အခါ မထေရ်ကိုယ်တိုင် အိမ်တွင်းကိုဝင်ပြီး တံခါးစောင့်ကို သတိပေးပါတယ်၊ ''သီလယူမယ်လား''လို့လဲ မေးပါတယ်၊ ''မှန်ပါ အရှင်ဘုရား ပေးသနားတော်မူပါ''လို့ တံခါးစောင့်က လျှောက်ထားပါတယ်၊ မထေရ်က သရဏဂုံကို အယင်ပေးပါတယ်၊ ပြီးမှ ''ငါးပါးသီလကို ပေးမယ်''လို့ လုပ်ပါတယ်၊ တံခါးစောင့်က ''ငါးပါးသီလကို ယူမယ်''လို့ လုပ်တဲ့အခါမှာ လျှာထွက်လာပါတော့တယ်၊ ငါးပါးသီလကို မယူနိုင်တော့ပါဘူး၊ မထေရ်ကလဲ ''ဒီလောက်ဆိုယင် သင့်တော်လှပါပြီ''လို့ အိမ်က ထွက်ကြွသွားပါတယ်။

တံခါးစောင့်ဟာ အဲဒီခဏမှာပဲ ဘဝပြောင်းပြီး စာတုမဟာရာဇ်နတ်ပြည်မှာ ဖြစ်ပါတယ်၊ ဖြစ်လျှင်ဖြစ်ချင်းပဲ ''ငါဟာ ဘယ်လိုကုသိုလ်ကောင်းမှုကို လုပ်ခဲ့လို့ ဒီနတ်စည်းစိမ်ကို ရပါလိမ့်မလဲ''လို့ စဉ်းစား ဆင်ခြင်လိုက်တဲ့အခါမှာ မထေရ်မြတ်ကို အမှီပြုပြီး ရရှိကြောင်းကို သိရှိနားလည်သွားပါတယ်၊ ခဏချင်း နတ်ပြည်က ဆင်းလာပါတယ်၊ မထေရ်မြတ်ကို ရှိခိုးပြီး သင့်တော်ရာက ရပ်နေပါတယ်။

''သင်ဘယ်သူလဲ''

''တပည့်တော် ဒမိဠတံခါးစောင့်ပါဘုရား''

''ဘယ်ဘုံမှာ ဖြစ်ရတာလဲ''

''စာတုမဟာရာဇ်နတ်ပြည်မှာ ဖြစ်ပါတယ်အရှင်ဘုရား၊ တကယ်လို့သာ အရှင်ဘုရားက ငါးပါးသီလကို ပေးခဲ့ပါယင် တပည့်တော် အထက် နတ်ပြည်မှာ ဖြစ်ရမှာပါပဲ''

''ငါ ဘယ့်နှယ်လုပ်မလဲ၊ သင်ကမှ မယူနိုင်တာကို''

ဒီလို မထေရ်နဲ့ ဝမ်းမြောက်ဝမ်းသာ ပြောဆိုပြီး နတ်ပြည်ကိုပဲ ပြန်သွားပါတယ်။

"ဒီလောက် အကုသိုလ်ကံ အများအပြား လုပ်ထားတဲ့ လူတယောက်ကို သေခါနီးကျမှ ဆောက်တည်လိုက်ရတဲ့ သရဏဂုံ ကုသိုလ်က ဘယ်လိုလုပ် ကယ်ဆယ်နိုင်ပါသလဲ"

ဒီလို ဒီနေရာမှာ စဉ်းစားစရာ ရှိနေပါတယ်၊ ဒါကို ဘုန်းကြီးကိုယ်တိုင် ဖြေရှင်းပြနေစရာ မလိုတော့ပါဘူး၊ မိလိန္ဒမင်းက မေးလို့ ရှင်နာဂသေနက ဖြေရှင်းထားတာ ရှိပါတယ်၊ ဒီတော့ အဲဒါကိုပဲ ပြောပြပါတော့မယ်။

ဗုဒ္ဓဂုဏသတိလာဘပဉှာ[၁]။ ။"အရှင်ဘုရား နာဂသေန နှစ်ပေါင်းတရာ လုံးလုံး မကောင်းမှု အကုသိုလ်ကိုပြုလုပ်ထားတဲ့ လူတဦး တယောက်ဟာ သေခါနီးကျမှ ဘုရားဂုဏ်တော်ကို တကြိမ်လောက် အောက်မေ့ အမှတ်ရတာနဲ့ အဲဒီလူဟာ နတ်ပြည်မှာ ဖြစ်နိုင်တယ်''ဆိုတဲ့ စကားကို အရှင်ဘုရားတို့ ပြောဟော နေကြပါတယ်၊ အဲဒီစကားကို တပည့်တော် လက်မခံနိုင်ပါ၊ မယုံကြည်နိုင်ပါ၊ ပြီးတော့ တခါ 'သူ့အသက်သတ်မှု (ပါဏာတိပါတ) ကံကလေးတခုနဲ့ ငရဲမှာ ဖြစ်နိုင်တယ်'လို့ ပြောဟောနေကြပြန်တယ်၊ ဒါကိုလဲ တပည့်တော် မယုံကြည်နိုင်ပါ၊ လက်မခံနိုင်ပါ"။

"မဟာရာဇာ ဒါဖြင့် သင့်ကိုပဲ မေးရတော့မယ်၊ သင်သဘောကျသလိုသာ ဖြေပါတော့"

"ကျောက်ခဲကလေးတလုံးဟာ လှေနဲ့ကင်းကွာပြီး ရေမှာပေါ်နိုင်ပါ့မလား"

"မပေါ်နိုင်ပါအရှင်ဘုရား"

"လှည်းအစီးတရာတိုက်ခန့်ရှိတဲ့ ကျောက်ခဲဟာ လှေနဲ့တင်ဆောင်မယ်ဆိုယင် ရေမှာပေါ်ရမယ် မဟုတ်လား"

"မှန်ပါ၊ ပေါ်ရပါ့မယ် အရှင်ဘုရား"

"မဟာရာဇာ ကုသိုလ်ကံတွေဟာ လှေနဲ့တူပါတယ်၊ အကုသိုလ်ကံတွေကတော့ ကျောက်ခဲနဲ့တူပါတယ်၊ ဒီလိုပဲမှတ်ပေါ့"

၁။ မိလိန္ဒ ပဉှာ ပါ-၈၆။

"အရှင်ဘုရား နှ၁ဂသိန်း သင့်တော်လျောက်ပတ်လှ၁ပါပေတယ်"

သရဏဂုံဆောက်တည်တဲ့အတွက် ဘယ်လို အကျိုးခံစားရတယ် ဆိုတာကို ပိုပြီး သဘောကျသွားအောင် နောက်ထပ်ဝတ္ထုကြောင်းလေးတခု ပြောပြပါဦးမယ်။

တိသရဏဂမနိယထေရ်[၁]။ ။တိသရဏဂမနိယ မထေရ်အလောင်း အမျိုးကောင်း သားကလေးတဦးဟာ အနောမဒဿီ ဘုရားရှင်လက်ထက် စန္ဒဝတီမြို့မှာ * ဖြစ်ခဲ့ပါတယ်၊ မျက်မမြင် မိဘနှစ်ဦးကို လုပ်ကျွေးနေရပါတယ်၊ တနေ့သောအခါကျတော့ "ငါဟာ မိဘတွေကို ပြုစုလုပ်ကျွေးနေရတဲ့အတွက် ရဟန်းပြုခွင့် မရနိုင်ဘူး၊ သရဏဂုံ ဆောက်တည်ရယင် ကောင်းမှာပဲ၊ သရဏဂုံကုသိုလ်နဲ့ပဲ မိမိကို ဒုဂ္ဂတိဘုံဘဝက လွတ်မြောက်စေရတော့မယ်" ဒီလိုကြံစည်စိတ်ကူးမိတာနဲ့ နိသဘဆိုတဲ့ အဂ္ဂသာဝကထံ ချဉ်းကပ်ပြီး သရဏဂုံဆောက်တည်ပါတယ်၊ နှစ်ပေါင်းတသိန်းလုံးလုံး စောင့်ရှောက်ပါတယ်၊ ဘဝပြောင်းတဲ့အခါ အဲဒီသရဏဂုံဆောက်တည်တဲ့ ကုသိုလ်ကံကြောင့် တာဝတိံသာနတ်ပြည်မှာ ဖြစ်ရပါတယ်၊ အဲဒီနောက်ပိုင်းမှာ လူဖြစ်လိုက်၊ နတ်ဖြစ်လိုက် သံသရာမှာ ကျင်လည်နေရပါတယ်၊ လူ့စည်းစိမ် နတ်စည်းစိမ်ကို အလဲအလှယ် ခံစားလာရပါတယ်။

(အဋ္ဌကထာမှာ ဝိပဿီ ဘုရားရှင်လက်ထက် "ဗန္ဓုမတီမြို့"လို့ ရှိနေပါတယ်၊ "နိသဘောနာမ သမဏော၊ ဗုဒ္ဓဿ အဂ္ဂသာဝကော" ဆိုတဲ့ ပါဠိတော် "ဝဿသတသဟဿာနိ၊ အာယု ဝိဇ္ဇတိ တာဝဒေ" ဆိုတဲ့ ပါဠိတော်တွေကို ထောက်မယ်ဆိုယင် အနောမဒဿီ ဘုရားရှင်လက်ထက် စန္ဒဝတီမြို့သာအမှန် ဖြစ်စရာရှိပါတယ်။)

ဂေါတမဘုရားရှင်လက်ထက် ရောက်လာတော့ သာဝတ္ထိမြို့မှာ ပစ္စည်းဥစ္စာ အင်မတန် ချမ်းသာကြွယ်ဝတဲ့ သဋ္ဌေးမျိုးမှာ ဖြစ်လာပါတယ်၊ ခုနစ်နှစ်အရွယ်ရှိတဲ့အခါ သူငယ်ချင်းတွေနဲ့အတူ ကျောင်းတိုက်တခုကို ရောက်သွားပါတယ်၊ ရဟန္တာမထေရ်မြတ်တပါးက သူ့ကို တရားဟောပါတယ်၊ သရဏဂုံလဲ ပေးပါတယ်။ သရဏဂုံယူပြီးတဲ့အခါမှာ ကိုယ်တိုင်စောင့်ရှောက်ခဲ့ဖူးတဲ့

၁။ အပဒါန် ပါ ပ-၈၂။ ဋ္ဌ-ဒု-၃၉။

သရဏဂုံတွေကို ပြန်လည်သတိရလာပါတယ်၊ ဝိပဿနာကိုလဲ ဆက်လက်ပွား များပါတယ်၊ အဲဒီနေရာမှာပဲ အရဟတ္တဖိုလ်ကို ရရှိပါတယ်၊ ရဟန္တာဖြစ်သွား ပါတယ်၊ ဘုရားရှင်က အဲဒီနေ့မှာပဲ သူ့ကို ရဟန်းခံပေးပါတယ်၊ သူဟာ ဝမ်းသာလွန်းတဲ့အတွက် ကိုယ်တိုင်ကျင့်သုံးလာခဲ့တဲ့ လမ်းစဉ်ကို ထုတ်ဖော် မြွက်ဟ ပြောပြနေပါတော့တယ်။

အကျွန်ုပ်ဟာ စန္ဒဝတီမြို့တော်မှာ မိဘကို လုပ်ကျွေးသူ ဖြစ်ခဲ့ဖူးပါတယ်၊ အဲဒီအခါတုန်းက ကျွန်ုပ်ရဲ့ မိခင်ဖခင်တွေဟာ စက္ခုနှစ်ကွင်း အလင်းမရ သူများ ဖြစ်ကြပါတယ်၊ ကျွန်ုပ်ဟာ သူတို့ကို ကျွေးမွေးသုတ်သင်ပြီး နေရ ပါတယ်၊ အဲဒီအခါတုန်းက ကျွန်ုပ်ဟာ ဆိတ်ငြိမ်ရာမှာထိုင်ပြီး ဒီလိုကြံစည် စိတ်ကူးမိပါတယ်။

"ငါဟာ မိဘကို လုပ်ကျွေးနေရတဲ့အတွက် ရဟန်းပြုခွင့်မရဖူး၊ (သတ္တဝါ အကုန်လုံးဟာ) မောဟဆိုတဲ့ အမှောင်ထုရဲ့ ပိတ်ဖုံးမှုကို ခံနေရပါတယ်၊ ('ရာဂမီး၊ ဒေါသမီး၊ မောဟမီး' ဆိုတဲ့) မီးသုံးမျိုး တို့ရဲ့ လောင်မြိုက်မှုကိုလဲ ခံနေကြရပါတယ်၊ ဘဝဆိုတာဟာ ဒီလိုပဲ ဘေးမကင်းတဲ့သဘော ရှိနေပါတကား၊ ကယ်တင်မဲ့သူကလဲ တဦး တယောက်မှ မရှိခဲ့ပါတကား၊ ဘုရားရှင်ဟာ လောကမှာ ပွင့်တော် မူလာခဲ့ပါပြီ၊ ယခုနေအချိန်မှာ သာသနာတော်လဲ ထွန်းလင်းဆဲ ဖြစ်ပါတယ်၊ ကုသိုလ်ကောင်းမှုကို အလိုရှိတဲ့သူဟာ ကိုယ့်ကိုကိုယ် ကယ်တင်နိုင်စရာ ရှိပါတယ်၊ ငါဟာ သရဏဂုံယူပြီး စင်ကြယ်အောင် စောင့်ရှောက်ရတော့မယ်၊ အဲဒီကောင်းမှုကုသိုလ်ကံနဲ့ပဲ ကိုယ့်ကိုကိုယ် ဒုဂ္ဂတိဘုံဘဝက လွတ်မြောက်စေရတော့မယ်"

(ဒီလို ကြံစည်ပြီးတဲ့နောက်) ကျွန်ုပ်ဟာ "နိသဘ" ဆိုတဲ့ ရဟန်းတော်ထံ ချဉ်းကပ်ပြီး သရဏဂုံယူခဲ့ပါတယ်၊ အဲဒီရဟန်းတော်ဟာ ဘုရားရှင်ရဲ့ အဂ္ဂ သာဝကတဦး ဖြစ်ပါတယ်၊ အဲဒီအခါတုန်းက လူတွေရဲ့ အသက်တမ်းဟာ နှစ်ပေါင်းတသိန်းဖြစ်ပါတယ်၊ ကျွန်ုပ်ဟာ နှစ်ပေါင်းတသိန်းလုံးလုံး သရဏဂုံ တို့ကို ပြည့်စုံအောင် စောင့်ရှောက်ခဲ့ပါတယ်၊ စုတေခါနီးမှာ ကျွန်ုပ်ဟာ အဲဒီ သရဏဂုံတွေကို သတိရခဲ့ပါတယ်၊ အဲဒီကုသိုလ်ကံကြောင့်ပဲ တာဝတိံသာနတ်ပြည်ကိုလဲ ရောက်ခဲ့ရပါတယ်။

နတ်ပြည်ကိုရောက်ပြီးတဲ့အခါ ကျွန်ုပ်ဟာ ကုသိုလ်ကောင်းမှု ပြည့်စုံပြီး ဖြစ်တဲ့အတွက် ရောက်ရာအရပ်တိုင်းမှာ (ချမ်းသာခြင်းရဲ့) အကြောင်းရှစ်မျိုး တို့ကို ရရှိပါတယ်။

၁။ ကျွန်ုပ်ဟာ အရပ်မျက်နှာများမှာ အပူဇော်လဲ ခံရပါတယ်၊
၂။ ထက်မြက်တဲ့ ဉာဏ်ပညာလဲ ရှိပါတယ်၊
၃။ နတ်မှန်သမျှကို အလိုသို့လဲ လိုက်စေနိုင်ပါတယ်၊
၄။ မနိုင်းယှဉ်နိုင်လောက်အောင် များလှတဲ့ စည်းစိမ်ဥစ္စာကိုလဲ ရပါ တယ်။
၅။ ဖြစ်ရာဘဝတိုင်းမှာ ရွှေအဆင်းနှင့်တူတဲ့ အဆင်းလဲ ရှိပါတယ်၊
၆။ လူချစ်လူခင်လဲ များလှပါတယ်၊
၇။ မိတ်ဆွေတွေရဲ့အပေါ်မှာ လုပ်ရှားမှုလဲ ကင်းပါတယ်၊
၈။ ခြွေရံသင်းပင်း ကျော်စောခြင်းနှင့်လဲ ပြည့်စုံပါတယ်။

ကိုင်းဒါတွေကို မှတ်မိသွားအောင် လိုက်ဆိုထားလိုက်ကြဦး။

ရောက်ရာရပ်မှာ-ရှောင်မလွတ်အောင်၊ ပူဇော်မပြတ်-ခံရပေ၊
ထက်မြက်ညာ- ဉာဏ်ပြည့်ဝလို့၊ နတ်မှန်သမျှ-လိုလိုက်စေ၊
စည်းစိမ်ဥစ္စာ-ယှဉ်ဖက်ကင်းလို့၊ ရွှေလိုအဆင်း-ပြောင်ဝင်းနေ၊
လူချစ်လူခင်-တကာယ်များလို့၊ မိတ်ဆွေလှုပ်ရှား-မရှိပေ၊
များလှခြွေရံ-သင်းအောင်းနှင့်၊ ကျော်စောခြင်းလဲ ပြည့်စုံပေ၊
သရဏဂုံ-ဆောက်တည်ထားလို့၊ အကျိုးရှစ်ပါး-ရခဲ့ပေ။

အကျွန်ုပ်ဟာ နတ်တွေကို အစိုးရတဲ့ သိကြားမင်း အကြိမ် ၈၀-ဖြစ်ခဲ့ဖူးပါ တယ်၊ အခြွေအရံ နတ်သမီးအပေါင်း မြောက်မြားစွာနဲ့ နတ်ချမ်းသာကို ခံစားခဲ့ရပါတယ်၊ စကြဝတေးမင်းလဲ ၇၅-ကြိမ်ဖြစ်ခဲ့ရပါတယ်၊ ပဒေသရာဇ် မင်း ဖြစ်ခဲ့ရတာကတော့ များလှပါတယ်၊ ရေတွက်ပိုင်းခြားလို့တောင် ရနိုင် စရာ မရှိပါဖူး။

နောက်ဆုံးဘဝမှာတော့ အင်မတန် ချမ်းသာ ကြွယ်ဝတဲ့ သဌေးမျိုးမှာ ဖြစ်လာရပါတယ်၊ (ခုနစ်နှစ်အရွယ်ရှိတဲ့အခါ) သူငယ်ချင်းတွေနဲ့အတူ သာဝတ္ထိမြို့က ထွက်လာခဲ့ပါတယ်၊ ပျော်ရွှင်ကစားယင်း ကျောင်းတိုက်တခုကို ရောက်သွားပါတော့တယ်၊ အဲဒီကျောင်းတိုက်မှာ ရဟန်းတော်တပါးကို တွေ့ရပါတယ်၊ အဲဒီ ရဟန်းက အကျွန်ုပ်အား တရားဟောပါတယ်၊ သရဏဂုံလဲပေးပါတယ်၊ အကျွန်ုပ်ဟာ သရဏဂုံကို ကြားရတယ်ဆိုယင်ပဲ ရှေးက ဆောက်တည်ခဲ့ဖူးတဲ့ သရဏဂုံကို အမှတ်ရလာခဲ့ပါတယ်၊ တနေရာတည်း တထိုင်တည်းမှာပဲ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ရပါတယ်၊ အကျွန်ုပ်ဟာ ၇-နှစ်အရွယ်မှာပဲ ရဟန္တာဖြစ်ခဲ့ရပါတယ်၊ စက္ခုငါးပါးသခင် ဘုရားရှင်က အကျွန်ုပ်ရဲ့ဂုဏ်ထူးကို သိတာနဲ့ ရဟန်းပြုပေးတော်မူခဲ့ပါတယ်။

အကျွန်ုပ်ဟာ ဒီကမ္ဘာကို မရောက်ခင် တသင်္ချေနဲ့ကမ္ဘာတသိန်းထက်က သရဏဂုံ ဆောက်တည်ခဲ့ဖူးပါတယ်၊ အဲဒီအခါတုန်းက ပြုလုပ်လာခဲ့တဲ့ ကုသိုလ်ကောင်းမှုဟာ အကျွန်ုပ်အား အကျိုးကိုပြုခဲ့ပါပြီ၊ အကျွန်ုပ်ဟာ သရဏဂုံကို ကောင်းစွာ စောင့်ထိန်းခဲ့ဖူးပါတယ်၊ စိတ်ကိုလဲ ကောင်းစွာ ထားခဲ့ဖူးပါတယ်၊ စည်းစိမ်မျိုးစုံကို ခံစားရပြီးတဲ့နောက် ရွှေ့ရှားခြင်းကင်းတဲ့ နိဗ္ဗာန်သို့ ဆိုက်ရောက်ခဲ့ရပါတယ်၊ နားရှိနေတဲ့ သင်တို့တတွေဟာ အကျွန်ုပ်ရဲ့စကားကို နားထောင်ကြစမ်းပါ၊ အကျွန်ုပ်ဟာ သင်တို့တတွေအား တရားစကားဟောပြောပြသရပါလိမ့်မယ်၊ အကျွန်ုပ်ဟာ နိဗ္ဗာန်ကို ကိုယ်တိုင်သိမြင်ပြီးသူ တယောက်ဖြစ်ပါတယ်။

ဘုရားရှင်ဟာ လောကမှာ ပွင့်တော်မူလာခဲ့ပါပြီ၊ ဘုရားရှင်ရဲ့သာသနာတော်ဟာ အဆက်မပြတ်ဖြစ်နေပါတယ်၊ သောကဆိုတဲ့ ငြောင့်ကို ပယ်နုတ်နိုင်တဲ့"တရားမြှုတေ"ဆိုတဲ့ စည်ကြီးကို ရိုက်တီးနေခဲ့ပါပြီ၊ ကိုယ့်စွမ်းအားရှိသလောက် မြင့်မြတ် အထက်တန်းကျတဲ့ ကောင်းမှုမျိုးစေ့ကို စိုက်ပျိုးစရာလယ်မြေကောင်းမှာ ကြဲချစိုက်ပျိုးလိုက်ကြစမ်းပါ၊ ကုသိုလ်ကောင်းမှုကိုပြုလုပ်လိုက်ကြစမ်းပါ၊ အဲဒီလို ပြုလုပ်ကြလို့ရှိယင် သင်တို့ကိုယ်တိုင် ငြိမ်းအေးမှု နိဗ္ဗာန်ကို တွေ့မြင်နိုင်ကြပါလိမ့်မယ်။

သင်တို့တစ်တွေဟာ သရဏဂုံယူကြပါ၊ ငါးပါးသီလကိုလဲ စောင့်ထိန်းကြပါ၊ အဲဒီလို သရဏဂုံယူ ငါးပါးသီလကို စောင့်ထိန်းပြီး ဘုရားအပေါ်မှာ စိတ်ကို ကြည်လင်စေခဲ့ပါယင် ဝဋ္ဋဆင်းရဲကို ကုန်ဆုံးစေနိုင် ကြပါလိမ့်မယ်၊ တရားတော်ကို ကောင်းကောင်း ပွားများပြီး သီလလုံခြုံအောင် စောင့်ထိန်းခဲ့ပါယင် သင်တို့အကုန်လုံးဟာ မကြာခင်မှာပဲ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြရပါလိမ့်မယ်။

အကျွန်ုပ်ဟာ ဝိဇ္ဇာသုံးပါးကို ပိုင်ဆိုင်ထားသူဖြစ်ပါတယ်၊ တန်ခိုးဣဒ္ဓိပါဒ်ကို ရထားပြီးသူလဲ ဖြစ်ပါတယ်၊ စေတောပရိယဉာဏ်အရာမှာ လိမ္မာ ကျွမ်းကျင်သူလဲ ဖြစ်ပါတယ်၊ အို ရှင်ယောင်မြတ်ဘုရား အရှင်မြတ်ရဲ့ တပည့်ဖြစ်သူ သရဏဟာ ဆရာဘုရားရဲ့ ခြေတော်တွေကို ရှိခိုးဦးတိုက်ပါတယ်။

အကျွန်ုပ်ဟာ ဒီကမ္ဘာကို မရောက်ခင် တသချေနဲ့ ကမ္ဘာတသိန်းထက်က "ဘုရား(တရား၊ သံဃာ)ကို ကိုးကွယ်စရာ"လို့ အသိအမှတ်ပြုခဲ့ပါတယ်၊ အဲဒီ အချိန်အခါကစပြီး "ဒုဂ္ဂတိဘဝ"ဆိုတာကို သိတောင် မသိခဲ့ရပါ၊ ဒီလိုဖြစ်ရခြင်းဟာ ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်းရဲ့ အကျိုးပါပဲ။

အကျွန်ုပ်ဟာ ငွေသာမ္ဘိဒါလေးပါးကိုလဲ ရရှိခဲ့ပါပြီ၊ ဝိမောက္ခရှစ်ပါးကိုလဲ ပိုင်ဆိုင်ခဲ့ပါပြီ၊ အဘိညာဏ် ခြောက်ပါးကိုလဲ မျက်မှောက်ပြုခဲ့ပါပြီ၊ (ဒါကြောင့်)မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို လိုက်နာပြုကျင့်ပြီးသူတယောက် ဖြစ်ပါတော့တယ်။

တိသရဏဂမနိယထေရ်က ဒီလို မိန့်ဆိုခဲ့ပါတယ်၊

သရဏဂုံရဲ့အကျိုးကို ဒီလောက်နဲ့ပဲ လက်စသတ်ကြစို့ရဲ့၊ ဒီတော့ ဒီတရားကို ကြားနာကြရတဲ့ ဒါယကာ ဒါယိကာမတွေဟာလဲပဲ တိသရဏဂမနိယမထေရ်လို သရဏဂုံကို အခြေခံပြီး နိဗ္ဗာန်မဂ်ဖိုလ်ကို ရရှိသည်တိုင်အောင် ကြိုးစားအားထုတ်နိုင်ကြပါစေသတည်း။

သာဓု....သာဓု...သာဓုပါ အရှင်ဘုရား။

တရားစောင့်ရှောက်ရခြင်းအကျိုး

သႀကၤန်အကြတ်နေ့မှာ ရွာသူရွာသားများက ကျောင်းကို လာရောက်၍ ကျွေးမွေးလှူဒါန်းကြသည်၊ မောင်မျိုးသန့် မကြည်ဝင်းတို့လဲ ပါလာသည်၊ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ ဆရာတော်ဦးဓမ္မိက က ရှစ်ပါးသီလပေးသည်၊ ''ဒီနေ့ဘာတရားကို ဟောရမလဲ'' ဟုလည်း အမိန့်ရှိသည်။ ''မနေ့ကဟောတဲ့ တရားကိုပဲ ဆက်ဟောတော်မူပါဘုရား''ဟု ဒါယကာများက လျှောက်ထား တောင်းပန်ကြသည်။

မနေ့ကဟောတဲ့ သရဏဂုံရဲ့အကျိုးက ပြီးသွားမှပဲ၊ ဆက်စရာ မလိုတော့ ပါဘူး၊ ဒါပေမဲ့ မောင်မျိုးသန့်တို့ လျှောက်ထားတဲ့အထဲက ငါးပါးသီလစတဲ့ တရားကို စောင့်ရှောက်ရခြင်း၏ အကျိုးကို ဟောရမဲ့အလှည့် ရောက်နေတယ်၊ ဒီတော့ တရားစောင့်ရှောက်ရခြင်းရဲ့ အကျိုးကိုပဲ ဟောပါ့မယ်။

ဒါက အင်မတန်ကျယ်ပြန့်ပါတယ်၊ ဒါပေမဲ့ ဒီနေ့တရက်နဲ့ပြီးအောင် ခပ် ကျဉ်းကျဉ်းပဲ ဟောပါ့မယ်၊ နက်ဖြန်အတက်နေ့ကျတော့ ပရိတ်တရားတော်ရဲ့ အကျိုးအာနိသင်ကို ဟောပါ့မယ်၊ ဒီတော့ တရားစောင့်ရခြင်းရဲ့ အကျိုးကိုပဲ စကြစို့ရဲ့။

ငယ်ငယ်ရွယ်ရွယ်နှင့်မသေသူများ[၁]။ ။တရားဆိုတာဟာ တရားစောင့်တဲ့ လူကို တကယ်ပဲပြန်စောင့်တတ်ပါတယ်၊ ကောင်းကောင်းကျင့်ထားတဲ့ တရားဟာ ''လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန် ချမ်းသာ''ဆိုတဲ့ ချမ်းသာသုံးပါးကို ရအောင်လဲ ရွက်ဆောင်ပေးနိုင်ပါတယ်၊ တရားကျင့်တဲ့လူတွေဟာ ဘေးတွေ ရန်တွေလဲ ကင်းပါတယ်၊ အပါယ်လေး ပါးကလဲ ကင်းလွတ်ရပါတယ်၊ ဒါဟာ ကောင်းကောင်းကျင့်ထားတဲ့ တရား တော်ရဲ့ အကျိုးပါပဲ၊ လိုက်ဆိုထားလိုက်ကြဦး—

တရားဆိုတာ·စောင့်သူများကို၊ တကယ်လေးစား·ပြန်စောင့်တယ်၊
ကောင်းစွာကျင့်ကြံ·မြဲဘ်တရားက၊ ချမ်းသာသုံးပါး·ပေးပါတယ်၊
တရားကျင့်သူ·ဘေးရန်လွတ်လို့၊ အပါယ်လေးရပ် ဝေးပါတယ်၊
တရားကျင့်လျှင်·ဆင့်ဆင့်တိုးလို့၊ ဤအကျိုးများ·ရနိုင်တယ်။

၁။ ဇာတက ၄ ၈-၄၉။

"တရားစောင့်တဲ့လူကို တရားက ဘယ်လိုပြန်စောင့်တယ်" ဆိုတဲ့အကြောင်း ထင်ရှားသွားအောင် မဟာဓမ္မပါလဇာတ်[၁] ကို ပြောပြပါဦးမယ်။

ရှေးတုန်းက ကာသိတိုင်းမှာ "ဓမ္မပါလ" ဆိုတဲ့ ရွာတရွာရှိပါတယ်၊ ဓမ္မပါလမျိုးနဲ့ နေထိုင်ရာဖြစ်တဲ့အတွက် အဲဒီရွာကိုလဲ "ဓမ္မပါလရွာ" လို့ပဲ ခေါ်ကြတာပါ။

ကုသလကမ္မပထတရားဆယ်ပါးကို စောင့်ရှောက်တဲ့အတွက် "ဓမ္မပါလ" လို့ ထင်ရှားတဲ့ ပုဏ္ဏားတယောက်ဟာ အဲဒီရွာမှာ နေထိုင်ပါတယ်၊ အဲဒီပုဏ္ဏားရဲ့ အမျိုးအနွယ်မှာ အိမ်ဖော်အလုပ်သမားတွေတောင်မှ အလှူအတန်းပေးလှူကြပါတယ်၊ သီလစောင့်ကြပါတယ်၊ ဥပုသ်စောင့်သုံးမှုကိုလဲ ပြုကြပါတယ်။

အဲဒီအချိန်မှာပဲ ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းတော်ဟာ ဓမ္မပါလ အမျိုးမှာ ဖြစ်လာပါတယ်၊ သူ့ကိုလဲ "ဓမ္မပါလ" လို့ပဲ အမည်ပေးထားကြပါတယ်၊ ပညာသင်ချိန်ရောက်လာတဲ့အခါ ဓမ္မပါလကလေးကို သူ့အဖေ မဟာဓမ္မပါလက ငွေတထောင်ပေးပြီး တက္ကသိုလ်မြို့ကို ပညာသင်လွှတ်လိုက်ပါတယ်။

ဓမ္မပါလဟာ တက္ကသိုလ်မြို့ကိုသွားပြီး ဒိသာပါမောက္ခဆရာဆီမှာ ပညာသင်ယူနေပါတယ်၊ တပည့်ငါးရာတို့ရဲ့ ခေါင်းဆောင်တပည့်ကြီး ဖြစ်လာပါတယ်။

အဲဒီအချိန်မှာ ဒိသာပါမောက္ခဆရာရဲ့ သားတယောက် သေဆုံးသွားပါတယ်၊ ဆရာက နောက်လိုက်နောက်ပါ တပည့်ကလေးတွေ ဆွေမျိုးအပေါင်းတွေနဲ့အတူ သုဿာန်မှာ အလောင်းကို သင်္ဂြိုဟ်မှုကိစ္စကို ပြုလုပ်ပါတယ်၊ အဲဒီအခါမှာ ဆရာရော, ဆွေမျိုးအုပ်စုရော တပည့်ကလေးတွေရော ငိုကြွေးမြည်တမ်းကြပါတယ်၊ ဓမ္မပါလတယောက်ကတော့ ငိုကြွေးမြည်တမ်းမှုကို မပြုလုပ်ပါဘူးတဲ့။

> "သိပ်သံဝေဂရစရာကောင်းတာပဲ၊ ဒီလို အကျင့်သီလနဲ့ပြည့်စုံတဲ့ နုပျိုတဲ့ကလေးတောင်မှ နုပျိုတဲ့အချိန်မှာပဲ အမေအဖေတွေကို ခွဲခွာပြီး သေဆုံးသွားရပါပေတယ်"

၁။ ဇာတက ၄-စ-၄၉။

ဒီလိုတပည့်ကလေး ငါးရာက သုသာန်ကပြန်လာပြီးတဲ့နောက် တနေရာမှာ ဆိုင်ပြီး ပြောဆိုနေတုန်းမှာပဲ ဓမ္မပါလက ဝင်ရောက်ပြောဆို ဆွေးနွေးပါတယ်။

"သူငယ်ချင်းတို့ ခင်ဗျားတို့တတွေက 'နုပျိုတယ်'လို့လဲ ပြောသေးတယ်၊ 'သေဆုံးသွားရတယ်'လို့လဲ ပြောသေးတယ်၊ ဒါဟာ ဟုတ်နိုင်ပါ့မလား၊ နုပျိုတဲ့အချိန်မှာ ဘာ့ကြောင့် သေရမှာတဲ့လဲ၊ နုပျိုတဲ့အချိန်မှာ သေကာလဟာ သင့်တော်ပါ့မလား"

ဓမ္မပါလရဲ့ပြောစကားကို ကြားရတဲ့အခါ တပည့်ကလေးတွေက ဝိုင်းအုံ ပြောဆိုလာကြပါတယ်။

"သူငယ်ချင်း ခင်ဗျားက ဒီသတ္တဝါတွေရဲ့ 'သေရခြင်း'ဆိုတဲ့ သဘောတရားကို နားမလည်ဖူးလား"

"နားလည်တာပေါ့ဗျာ၊ ဒါပေမဲ့ သတ္တဝါတွေဟာ နုပျိုချိန်မှာ မသေကြပါဖူး၊ အသက်ကြီးလာတဲ့အခါမှာမှ သေကြတာပါ"

"ဖြစ်ပြီးတဲ့နောက် ချုပ်ပျောက်ခြင်းသဘောရှိတဲ့ သင်္ခါရတရားတွေဟာ မမြဲဖူးမဟုတ်လား"

"မမြဲတာမှန်ပါတယ်· ဒါပေမဲ့ ငယ်ရွယ်တဲ့အချိန်မှာ သတ္တဝါတွေဟာ မသေကြပါဖူး၊ အသက်အရွယ်ကြီးရင့်လာတဲ့ အချိန်ကျမှ သေကြရပါတယ်၊ မမြဲတဲ့သဘောကို ရောက်ကြရပါတယ်"

"မိတ်ဆွေ ဓမ္မပါလရယ် ခင်ဗျားတို့အိမ်မှာ ဘယ်သူမှမသေကြဖူးလား"

"ငယ်ရွယ်တဲ့ အခါမှာတော့ မသေကြပါဖူး၊ အသက်ကြီးလာတဲ့ အခါမှာမှ သေကြပါတယ်"

"ဘယ်နှယ့်တုံး၊ ဒါဟာ ခင်ဗျာတို့အမျိုးရဲ့ ထုံးတမ်းစဉ်လာပဲလား"

"မှန်ပါတယ်၊ ကျွန်တော်တို့အမျိုးရဲ့ ထုံးတမ်းစဉ်လာပါပဲ"

တပည့်ကလေးတွေက ဓမ္မပါလပြောသမျှ စကားတွေကို ဆရာ့ဆီ သွား ပြောကြပါတယ်၊ ဒီတော့ ဆရာက ဓမ္မပါလကို ခေါ်ပြီး မေးပါတယ်။

"ငါ့တပည့် ဓမ္မပါလ 'မင်းတို့ရဲ့အမျိုးမှာ ငယ်ရွယ်တဲ့အချိန်မှာ မသေကြဖူး'ဆိုတာဟာ အမှန်ပဲလား"

"မှန်ပါတယ် ဆရာ"

ဒီသာပါမောက္ခ ဆရာက ဓမ္မပါလရဲ့စကားကို ကြားရတဲ့အခါ အံ့အားသင့် သွားပါတယ်။

"ဒီကလေးဟာ အင်မတန် အံ့ဩစရာကောင်းတဲ့ စကားကို ပြောနေတယ်၊ သူ့အဖေဆီ သွားမေးပြီး တကယ်မှန်လို့ရှိယင် ငါလဲပဲ အဲဒီတရားကို ဖြည့်ကျင့်ရပေလိမ့်မယ်"

ဒီလို အကြံရလာပါတယ်၊ သေဆုံးသွားတဲ့ သားအတွက် လုပ်သင့်တဲ့ ကိစ္စတွေကို ပြုလုပ်ပြီး ၇-ရက် ၈-ရက်လောက်ရှိတဲ့အခါ ဓမ္မပါလကို အခေါ် ခိုင်းလိုက်ပါတယ်။

"တပည့်ရေ ဆရာခရီးသွားစရာ ကိစ္စရှိနေတယ်၊ ခပ်မြန်မြန်ပဲ ပြန်လာပါမယ်၊ ဆရာပြန်လာတဲ့အထိ ဒီတပည့်ကလေးတွေကို အတတ် ပညာ ပို့ချသင်ကြားပေးစမ်းပါ"

ဒီလိုပြောဆိုမှာထားခဲ့ပြီး သိုးတကောင်ရဲ့အရိုးကို ရအောင်ရှာပါတယ်၊ ဆေးကြောပွတ်တိုက်ပြီး လွယ်အိတ်တလုံးမှာ ထည့်ပါတယ်၊ အလုပ်အကျွေး ကလေး (လက်ပါးစေ ကလေး) တယောက်ကိုခေါ်ပြီး တက္ကသိုလ်မြို့က ထွက်လာခဲ့ပါတယ်၊သွားယင်းသွားယင်းနဲ့ ဓမ္မပါလရွာကိုရောက်လာပါတယ်၊ မေးမြန်းစုံစမ်းပြီး မဟာဓမ္မပါလရဲ့ အိမ်တံခါးနားမှာ သွားရပ်နေပါတယ်။

မဟာဓမ္မပါလရဲ့ အလုပ်သမားတွေဟာ မြင်တယ်ဆိုယင်ပဲ အချို့က ဆရာ့ လက်ကထီးကိုယူပါတယ်၊ အချို့က ဖိနပ်ကိုယူပါတယ်၊ အချို့က နောက်ပါ အလုပ်အကျွေး ကလေးဆီက လွယ်အိတ်ကို ယူပါတယ်။

"ခင်ဗျားတို့ရဲ့ သားဖြစ်တဲ့ 'ဓမ္မပါလရဲ့ ဆရာ တံခါးနားမှာ ရပ်နေတယ်'လို့ ကလေးရဲ့ အဖေကို ပြောလိုက်ကြစမ်းပါ"

ဒီလိုပြောလိုက်တဲ့အခါ အလုပ်သမားတွေက သွားပြောကြ ပါတယ်၊ မဟာဓမ္မပါလက သုတ်သီးသုတ်ပျာနဲ့ တံခါးနားကို ရောက်လာပါတယ်၊ "ဒီကိုကြွပါဆရာရယ်" ဆိုပြီး အိမ်အပေါ်ထပ်ကို ခေါ်ဆောင်သွားပါတယ်၊ ခုတင်တလုံးပေါ်မှာ အထိုင်ခိုင်းပြီး ခြေဆေးကြော မှုစတဲ့ကိစ္စ အကုန်လုံးကို လုပ်ကိုင်ပေးပါတယ်။

"မိတ်ဆွေ ခင်ဗျားရဲ့သားဖြစ်တဲ့ ဓမ္မပါလ ကလေးဟာ ပညာရှိသူဖြစ်ပါတယ်၊ ဗေဒင်သုံးပုံကိုလည်း တတ်ကျွမ်းပါတယ်၊ ၁၈-ရပ် အတတ်တွေကိုလည်း ဆုံးခန်းတိုင်ရောက် တတ်မြောက်ပါတယ်၊ အမှန်ကတော့ နှမြောစရာပါပဲ၊ ရောဂါတခုဖိစီးနှိပ်စက်တာနဲ့ အသက်ကုန်ဆုံးခြင်းသို့ ရောက်ရပါတယ်၊ သင်္ခါရအကုန်လုံးဟာ မြဲတယ်လို့ မရှိပါဘူး၊ သိပ်စိုးရိမ်ပူပန်ပြီးမနေပါနဲ့"

ထမင်းစားပြီးလို့ အေးအေးလူလူထိုင်နေကြတဲ့ အချိန်မှာ ပြောလိုက်တဲ့ ဆရာ့ရဲ့စကားကို ကြားရတဲ့အခါ မဟာဓမ္မပါလပုဏ္ဏားက လက်ခုပ်လက်ဝါးတီးပြီးတအားရယ်နေပါတော့တယ်၊ ဒီတော့ ဆရာက ရယ်ရခြင်းရဲ့အကြောင်းကို မဟာဓမ္မပါလပုဏ္ဏားအား မေးပါတယ်။

"မိတ်ဆွေ 'သားကလေး သေတယ်' ဆိုတာကို ကြားရတာနဲ့ ခင်ဗျားက ဘာ့ကြောင့် ရယ်ရပါသလဲ"

"ကျွန်တော့်သားတော့ မသေနိုင်ပါဘူးဆရာရယ်၊ အခြားတဦးဦး သေတာဖြစ်ပါလိမ့်မယ်"

"သေတာဟာ ခင်ဗျားသားမှ ခင်ဗျာသားအစစ်ပါပဲ၊ အရိုးတွေကိုတောင် ယူလာသေးတယ်၊ မယုံမရှိပါနဲ့"

ဒီလိုလဲ ပြောပါတယ်၊ "ဒါတွေဟာ ခင်ဗျားသားရဲ့ အရိုးတွေပါပဲ"လို့ အရိုးတွေကိုလဲ ထုတ်ပြပါတယ်။

"ဒါတွေဟာ သိုးရိုး ဖြစ်ချင်ဖြစ်မယ်၊ ခွေးရိုး ဖြစ်ချင်ဖြစ်မယ်၊ ကျွန်တော့်သားကတော့ ဘယ်နည်းနဲ့မှ မသေနိုင်ပါဘူး၊ အမှန်အတိုင်းပြောရမယ်ဆိုယင် ကျွန်တော်တို့ရဲ့ အမျိုးမှာ ဆွေ ၇-ဆက်, မျိုး ၇-ဆက်က စပြီး 'နုပျိုငယ်ရွယ်တဲ့အချိန်မှာ သေသွားတဲ့ လူရယ်'လို့

တဦးတယောက်မှ မရှိဖူးပါဘူး၊ ဆရာဟာ အလကား မုသားပြောနေတာပဲ''

မဟာဓမ္မပါလက ဒီလိုပြန်ပြောလိုက်ပါတယ်၊ မယုံပါဖူး၊ အဲဒီအချိန်မှာတော့ အိမ်မှာရှိနေတဲ့ လူအကုန်လုံးပဲ လက်ခုပ်လက်ဝါးတီးပြီး တအားရယ်နေကြပါတော့တယ်။

ဆရာက ဒီလို အံ့ဩစရာတွေကို တွေ့ရတဲ့အခါ အင်မတန် ဝမ်းသာသွားပါတယ်၊ နုပျိုငယ်ရွယ်သူများ မသေရခြင်းရဲ့ အကြောင်းကိုလဲ မေးမြန်းစုံစမ်းပါတယ်။

''မိတ်ဆွေ မိတ်ဆွေတို့တတွေဟာ ဘယ်လိုအကျင့်မျိုးကို ဆောက်တည်ထားကြပါသလဲ၊ ဘယ်လိုမြတ်တဲ့ အကျင့်မျိုးကို ကျင့်သုံးကြပါသလဲ၊ မိတ်ဆွေတို့ရဲ့ အမျိုးမှာ ဒီလို အသက်ရှည်ရခြင်းအကျိုးဟာ ကောင်းစွာပြုကျင့်ကြတဲ့ ဘယ်လိုအကျင့်ရဲ့ အကျိုးပါလဲ၊ ဒီအသက်ရှည်ကြောင်း အကျင့်ကို အကျွန်ုပ်အား ပြောကြစမ်းပါ၊ ဘာ့ကြောင့်ခင်ဗျားတို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်တဲ့သူတွေ မသေကြတာလဲ''

ဒီစကားကို ကြားရတဲ့အခါ မဟာဓမ္မပါလက သူတို့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေရခြင်းအကြောင်းဖြစ်တဲ့ အင်မတန် အစွမ်းထက်မြက်တဲ့ တရားတွေကို ချီးမွမ်းပြောဆိုပါတယ်။

''ဆရာရေကျွန်တော်တို့တတွေဟာ ကုသလကမ္မပထတရား ၁၀-ပါးကိုလဲ ကျင့်ကြပါတယ်၊ မုသားလဲ * မပြောကြပါ၊ မကောင်းမှုတွေကိုလဲ ရှောင်ကြဉ်ကြပါတယ်၊ သူတော်ကောင်းတွေ ကဲ့ရဲ့စရာဖြစ်တဲ့ မကောင်းတဲ့အလုပ် မှန်သမျှကို ရှောင်ကြဉ်ကြပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

* ''(ကုသလကမ္မပထတရား ၁၀-ပါးကို ကျင့်တယ်''ဆိုတာနဲ့ပဲ ''မုသားမပြောဖူး'' ဆိုတာဟာ အတွင်းဝင်သွားပါပြီ၊ ဒါပေတဲ့ ''မုသားပြောဆိုတဲ့ ပုဂ္ဂိုလ်အတွက် မလုပ်နိုင်တဲ့ အကုသိုလ်ရယ်လို့ မရှိပါဖူး'' ဒီလိုအရာကျယ်တဲ့အတွက် ''မုသားလဲ မပြောကြပါ''လို့ ထပ်ဆိုထားရပါတယ်တဲ့။)

"ကျွန်တော်တို့ဟာ သူတော်ကောင်း မဟုတ်သူတွေရဲ့ တရားကိုလဲ နာကြပါတယ်၊ သူတော်ကောင်းတွေရဲ့ တရားကိုလဲ နာကြပါတယ်၊ ဒါပေမယ့် သူတော်ကောင်းမဟုတ်သူတွေရဲ့ တရားကိုတော့ မနှစ်သက်ကြပါ၊ စွန့်ပယ်ကြပါတယ်၊ သူတော်ကောင်းတွေရဲ့ တရားကိုတော့ မစွန့်ပယ်ကြပါဘူး၊ လိုက်နာ ကျင့်သုံးကြပါတယ်၊* ဒါကြောင့်လဲ ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

* "(သူတော်ကောင်း မဟုတ်သူတွေရဲ့တရားကို နာရတာဟာ "သူတို့ ငြင်းခုံခြင်း, ခိုက်ရန်ဖြစ်ခြင်းဟာ လွတ်ကင်းပါစေ" ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ နာရတာလောက်ပဲ ရှိတာပါတဲ့၊ ဒီတော့ "မကောင်းတဲ့ မိတ်ဆွေတွေကို ပယ်စွန့်ပြီး ကောင်းတဲ့ မိတ်ဆွေတွေကိုသာ မှီဝဲဆည်းကပ်ပါတယ်လို့" ဆိုလိုပါတယ်။)

"ကျွန်တော်တို့ဟာ အလှူဒါနကိုမပေးလှူခင်လဲ ဝမ်းမြောက်ကြပါတယ်၊ လှူနေတုန်းမှာလဲ ဝမ်းမြောက်ကြပါတယ်၊ လှူပြီးတဲ့နောက်မှာလဲ နောင်တ ပူပန်မှု မရှိကြပါ၊ ဒါကြောင့်လဲ ကျွန်တော်တို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

"ကျွန်တော်တို့ဟာ ပစ္စေကဗုဒ္ဓါတွေ, တရားစောင့်တဲ့ ရဟန်းပုဏ္ဏားတွေ, လမ်းသွားလမ်းလာတွေ (ခရီးသွားတွေ), သူတောင်းစားတွေ, ဆင်းရဲသားတွေကိုလဲ ထမင်း အဖျော်တွေနဲ့ တင်းတိမ်ရောင့်ရဲ ပေးကြပါတယ်၊ နှစ်သိမ့်ကျေနပ် ပေးကြပါတယ်၊ ဒါကြောင့်လဲ ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

"ကျွန်တော်တို့ကလဲ ကိုယ့်မယားမှတပါး အခြားမိန်းမတွေကို သွားလာ လွန်ကျူးမှု မပြုကြပါ၊ (ကျွန်တော်တို့ရဲ့) မယားတွေကလဲပဲ ကျွန်တော်တို့မှတပါး အခြားယောကျာ်းတွေနဲ့ ဖောက်ပြားယွင်းမှားမှု မပြုကြပါ၊ ကိုယ့်လင် ကိုယ့်မယားတွေနဲ့သာ ပေါင်းသင်းစပ်ယှက်မှုကို ပြုကြပါတယ်၊ အခြားယောကျာ်း မိန်းမတွေနဲ့ ပေါင်းသင်း စပ်ယှက်မှုကို မပြုကြပါ၊ ဒါကြောင့်လဲ ကျွန်တော်တို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

"ကျွန်တော်တို့အကုန်လုံးပဲ သူ့အသက်ကို သတ်ခြင်းမှလဲ ရှောင်ကြဉ်ကြပါတယ်၊ သူ့ဥစ္စာကိုခိုးယူခြင်းမှလဲ ရှောင်ကြဉ်ကြပါတယ်၊ အရက်သောက်မှု (ယစ်မျိုးမှန်သမျှကို သောက်ရှုစားသုံးမှု) ကိုလဲ မပြုကြပါ၊ဒါ့ကြောင့်လဲ ကျွန်တော်တို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

"အဲဒီလို အကျင့်သီလနဲ့ ပြည့်စုံပြီး မြင့်မြတ်အထက်တန်းကျတဲ့ မိန်းမတွေက မွေးဖွားလာသမျှ ကျွန်တော်တို့ရဲ့ သားသမီးတွေဟာ ဉာဏ်ပညာလဲ ထက်မြက်ကြပါတယ်၊ အရည်အချင်းလဲ ပြည့်ဝကြပါတယ်၊ ဗဟုသုတလဲ ရှိကြပါတယ်၊ အသိအလိမ္မာလဲ ရှိကြပါတယ်၊ ဒါ့ကြောင့် ကျွန်တော်တို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

"(ဒါကိုထောက်ပြီး "အခုကာလ ကလေးသူငယ်တွေ ပျက်စီးဆိုးသွမ်းနေကြတာဟာ ဘာ့ကြောင့်လဲ" လို့ အဖြေမှန်ကိုရအောင် ရှာဖို့လိုနေပါပြီ၊ အဖြေမှန်ကို တွေ့ဖို့ကတော့ ခဲယဉ်းလှမယ် မထင်ပါဘူး၊ "အဖြေမှန်ကို ရတာနဲ့ တပြိုင်နက် အကုန်လုံး ပြင်သင့်တာတွေကို ပြင်ကြပါ" လို့ ဘုန်းကြီးက ဒီနေရာကနေပြီး တိုက်တွန်းချင်ပါတယ်။)

"ကျွန်တော်တို့ရဲ့အမျိုးမှာ "အမိ, အဖ, နှမ, အမ, ညီ, အကို, သား, သမီး, လင်, မယား" ဆိုတဲ့ ကျွန်တော်တို့အကုန်လုံးဟာ တမလွန်အကျိုးကို မျှော်ကိုးပြီး သုစရိုက်တရားတွေကို ကျင့်ကြပါတယ်၊ဒါကြောင့်လဲ ကျွန်တော်တို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ။

"ဆရာရေကျွန်တော်တို့ရဲ့အမျိုးမှာကျွန်ယောက်ျားတွေ, ကျွန်မိန်းမတွေ, ကျွန်တော်တို့ကို မှီခို အသက်မွေးနေကြသူတွေ, အလုပ်အကျွေးတွေ, အလုပ်သမားတွေ အကုန်လုံးဟာ တမလွန် အကျိုးကို မျှော်ကိုးပြီး သုစရိုက်တရားတွေကို ကျင့်ကြပါတယ်၊ ဒါ့ကြောင့်လည်း ကျွန်တော်တို့ရဲ့ အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေကြတာပါ"

မဟာဓမ္မပါလ ပုဏ္ဏားက မိမိတို့ရဲ့အမျိုးမှာ နုပျိုငယ်ရွယ်သူတွေ မသေရခြင်းရဲ့ အကြောင်းကို အားရပါးရ ပြောပြပါတယ်၊ ပြီးတော့ နိဂုံးအုပ်တဲ့ အနေနဲ့ တရားကျင့်သူတွေရဲ့ ဂုဏ်ကိုလဲ ဆက်လက် ပြောဆိုပါတယ်။

"ဆရာ 'တရား' ဆိုတာဟာ တရားစောင့်တဲ့လူကို တကယ်ပဲ ပြန်စောင့်တတ်ပါတယ်၊ ကောင်းမွန် မှန်ကန်စွာ ကျင့်ထားတဲ့ တရားဟာ 'လူချမ်းသာ, နတ်ချမ်းသာ, နိဗ္ဗာန်ချမ်းသာ'ဆိုတဲ့ ချမ်းသာသုံးပါးကို မရရအောင် ဆောင်ရွက်ပေးနိုင်ပါတယ်၊ တရားကျင့်တဲ့လူဟာ အပါယ်လေးပါးကိုလည်း မလားရောက်ရပါ၊ ဒါဟာ ကောင်းကောင်းကျင့်ထားတဲ့ တရားရဲ့ အကျိုးပါပဲ။

"ယေချာကျန ပြုလုပ်ထားတဲ့ ထီးဟာ မိုးရွာတဲ့အခါ ဆောင်းတဲ့လူကိုမိုးမစိုရအောင်ကာကွယ်စောင့်ရှောက်သလိုဟရားဟာလဲပဲ တရားကျင့်တဲ့လူကို တကယ်ပဲ စောင့်ရှောက်တတ်ပါတယ်၊ ကျွန်တော့် သားကလေး ဓမ္မပါလဟာ မိမိစောင့်ရှောက်ထားတဲ့ တရားရဲ့ ပြန်လည်စောင့်ရှောက်မှုကို ခံနေရသူ ဖြစ်ပါတယ်၊ဆရာယူလာတဲ့ အရိုးတွေဟာ အခြားသူရဲ့ အရိုးဖြစ်ပါလိမ့်မယ်၊ အဲဒါတွေကို လွှင့်ပစ်လိုက်စမ်းပါ၊ ကျွန်တော့်သားကလေးကတော့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာပဲ ရှိနေပါလိမ့်မယ်"

မဟာဓမ္မပါလရဲ့ စကားကို ကြားရတဲ့အခါ "ငါ ဒီကိုလာရတာ သိပ်ကောင်းတာပဲ၊ သိပ်အကျိုးရှိတာပဲ၊ အကျိုးမဲ့မဖြစ်ဖူး" ဒီလို ဒိသာပါမောက္ခဆရာက ဝမ်းမြောက်ဝမ်းသာ ဖြစ်နေပါတယ်။

"ကျွန်တော်က ခင်ဗျားတို့ကို စုံစမ်းချင်တာနဲ့ ဒီအရိုးတွေကိုယူပြီး တမင်သက်သက်လာခဲ့တာပါ၊ ခင်ဗျားပြောတာတွေ အကုန်လုံးမှန်ပါတယ်၊ ခင်ဗျားရဲ့ သားကလေး ဓမ္မပါလကတော့ ဘာရောဂါမှမရှိပါဖူး၊ ကျန်းကျန်းမာမာပဲ ရှိနေပါတယ်၊ ခင်ဗျားတို့စောင့်နေတဲ့ တရားကို ကျွန်တော့်ကိုလည်း ပေးစမ်းပါ"

ဒီလိုတောင်းပန်ပြီး မဟာဓမ္မပါလ ပြောသမျှကို စာရွက်ပေါ်မှာရေးမှတ်ထားပါတယ်၊ မဟာဓမ္မပါလရဲ့ အိမ်မှာ ၂-ရက် ၃-ရက်လောက်နေပြီး တက္ကသိုလ်မြို့ကို ပြန်လာခဲ့ပါတယ်။

တက္ကသိုလ်ရောက်တဲ့အခါ ဓမ္မပါလကို အတတ် အကုန်လုံး သင်ယူစေပြီး များပြားလှတဲ့ ခြွေရံသင်းပင်းတွေနဲ့အတူ သူ့အဖေဆီကို ပြန်ပို့လိုက်ပါတယ်။

မဟာဓမ္မပါလဝတ္ထုကတော့ ပြီးဆုံးသွားပါပြီ၊ တရားစောင့်ကြတာဟာ ဘယ်လောက် အားရစရာကောင်းသလဲ၊ အခုကာလမှာ ဘေးအမျိုးမျိုး ရန်အသွယ်သွယ်နှင့် တွေ့ကြုံရင်ဆိုင်နေကြရတာဟာ လူရောရှင်ပါ တရားပျက်လို့ပဲ ဆိုတာ မထင်ရှားဖူးလား။

“ထင်ရှားပါတယ်ဘုရား”

“ဒီတော့ ဒီဘေးအမျိုးမျိုး ရန်အသွယ်သွယ်က လွတ်ကင်းအောင် ဘာလုပ်ကြရမှာတဲ့လဲ”

“တရား စောင့်ကြရမှာပါ ဘုရား”

ဒီတော့ “ပါဘုရား” ဆိုတာနဲ့ ကိစ္စပြီးမှာ မဟုတ်ပါဘူး၊ တကယ်တန်း အကုန်လုံးပဲ တရားစောင့်ကြဖို့ ဘုန်းကြီးက လေးလေးနက်နက် တိုက်တွန်းလိုပါတယ်။

ပြီးတော့ တရားစောင့်သူများ ချမ်းသာ သုံးမျိုးကို ရနိုင်တယ်ဆိုတာနဲ့ ပတ်သက်ပြီး ဘုန်းကြီးက နဲနဲဆက်ပြောပါဦးမယ်။

ကောသကာရီ[၁]။ ။ဘုရားရှင်ဟာ ဗာရာဏသီမြို့ ဣသိပတနမိဂဒါယမှာ သီတင်းသုံး နေတော်မူပါတယ်၊ ရဟန်းတော်အများအပြားပဲ ဗာရာဏသီမြို့တွင်းကို ဆွမ်းခံဝင်ကြပါတယ်၊ပုဏ္ဏားတဦးရဲ့ အိမ်တံခါးအနီးက ဖြတ်သွားကြရပါတယ်။

အဲဒီပုဏ္ဏားမှာ“ကောသကာရီ”ဆိုတဲ့သမီးကလေးတယောက် ရှိနေပါတယ်၊ ကောသကာရီဟာ တံခါးအနီးမှာ ထိုင်ပြီး အမေပုဏ္ဏားမရဲ့ ခေါင်းမှာသန်းရှာပေးနေပါတယ်၊ အဲဒီလို သန်းရှာနေယင်းနဲ့ပဲ ဆွမ်းခံကြွသွားတဲ့ ရဟန်းတော်တွေကို တွေ့မြင်နေရပါတယ်။

“အို အမေရယ် ဒီရဟန်းတော်များဟာ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိကြပါသေးတယ်၊ ရုပ်ရေ ရူပကာယလဲ ချောမော လှပကြပါတယ်၊ တနေ့လုံး ထိုင်ပြီး ကြည့်နေစရာသာ ကောင်းပါတော့တယ်၊ ကြည်ညိုစရာ

၁။ ဝိမာန ပါ-၂၀။ ဋ္ဌ-၉၀။

ကလေးတွေ နုနုနယ်နယ်ကလေးတွေချည်း ဖြစ်ကြပါတယ်၊ တစုံတခု ပျက်စီးဆုံးပါးမှုရဲ့ ဒုက္ခဒုက္ခချက်ကို ခံခဲ့ကြရဟန်တူပါတယ်၊ သူတို့တတွေဟာ ဒီလိုအရွယ်မျိုးမှာ ဘာ့ကြောင့် ရဟန်းပြုလာကြရပါသလဲ''

ဒီလို မိခင်ပုဏ္ဏားမကို မေးမြန်းပါတယ်၊ မိခင်ပုဏ္ဏားမကလဲ မိမိစွမ်းအားရှိသလောက် ကြိုးစားဖြေရှင်းပါတယ်၊ ကြားဖူးနားဝရှိသလောက် ပြောပြပါတယ်။

''ဟဲ့သမီး လောကမှာ ဘုရားပွင့်တော်မူနေပြီ၊ သူဟာ သာမန်လူတန်းစားတဦး မဟုတ်ဖူး၊ သာကီဝင်မင်းသားတဦး ဖြစ်တယ်၊ သာကီဝင်မင်းမျိုးက ရဟန်းပြုလာသူ ဖြစ်တယ်၊ တရားဟောလဲ ကောင်းလှပါတယ်၊ သူ့တရားတွေဟာ အစမှာလဲ ကောင်းတာပဲ၊ အလယ်မှာလဲ ကောင်းတာပဲ၊ အဆုံးမှာလဲ ကောင်းတာပဲ၊ အနက်နဲ့လဲ ပြည့်စုံ၊ သဒ္ဒါနဲ့လဲ ပြည့်စုံ၊ ဘယ်နေရာမှာမှ လိုကွက် ဟာကွက် မရှိအောင် အဘက်ဘက်က ပြည့်စုံပါတယ်၊ သူဟာ တရားဟောယင်း အကျင့်မြတ်ကိုလဲပဲ တပါတည်း ပြသွားတတ်ပါတယ်၊ ဒီရဟန်းတော်များဟာ အဲဒီ ဂေါတမဗုဒ္ဓရဲ့ တရားတော်ကို ကြားနာရတဲ့အတွက် ရဟန်းပြုလာကြတာပဲ''

ဒီလို သားအမိနှစ်ဦး ပြောဆိုနေတုန်းမှာပဲ ဥပါသကာတဦးက သူတို့အိမ်ရှေ့က ဖြတ်သွားနေပါတယ်၊ သူဟာ မဂ်ဖိုလ်ရပြီးတဲ့ လူဝတ်ကြောင် အရိယာတဦးဖြစ်ပါတယ်၊ သာသနာရေးနဲ့ ပတ်သက်ပြီး ရင်းနှီးနားလည်ပြီးသူလဲ ဖြစ်ပါတယ်၊ သားအမိနှစ်ဦးတို့ရဲ့ ပြောဆိုသံကိုကြားရတာနဲ့ အိမ်တွင်းကို ဝင်လာခဲ့ပါတယ်၊ ဒီတော့ အမေဖြစ်သူက ဆီးပြီးမေးပါတယ်။

''အို ဥပါသကာ အခုနေအချိန်မှာ အမျိုးကောင်းသား ကလေးတွေဟာ ရဟန်းဂေါတမဆီမှာ ရဟန်းပြုနေကြပါတယ်၊ သူတို့ဟာ များပြားလှတဲ့ ပစ္စည်းဥစ္စာတွေကိုလဲ စွန့်လွှတ် ထားခဲ့ကြပါတယ်၊ ဆွေမျိုးအသိုင်းအဝိုင်းတွေကိုလဲ စွန့်လွှတ်ထားခဲ့ကြပါတယ်၊ သူတို့တတွေဟာ ဘယ်လိုအကျိုးကို တွေ့မြင်ပြီး ရဟန်းပြုကြရပါသလဲ''

ပုဏ္ဏားမရဲ့စကားကို ကြားရတဲ့အခါ ဥပါသကာက "သူတို့တတွေဟာ ကာမဂုဏ်ရဲ့ အပြစ်အနာအဆာနဲ့ ကာမကထွက်မြောက်မှုရဲ့ အကျိုးကိုတွေ့မြင်ပြီး ရဟန်းပြုလာကြပါတယ်"လို့ ဖြေဆိုပါတယ်၊ ဉာဏ်အား ရှိသလောက် အကျယ်တဝင့်လဲ ရှင်းလင်းပြပါသေးတယ်၊ ရတနာသုံးပါးရဲ့ ဂုဏ်တော်များကိုလဲ ဟောပြောပြသပါတယ်၊ ငါးပါးသီလရဲ့ မျက်မှောက်အကျိုး တမလွန်အကျိုးတွေကိုလဲ ဟောပြောပြသပါတယ်။

ကေသကာရီက အနားမှာ နားစိုက်ထောင်နေပါတယ်၊ ဥပါသကာရဲ့ စကားအဆုံးမှာ "ကျွန်မတို့လဲပဲ သရဏဂုံသီလတည်ခဲ့လို့ရှိယင် ဦးလေးပြောပြတဲ့ဂုဏ်များ အကျိုးများကို ရနိုင်ပါ့မလား"လို့ ကြားဖြတ် မေးလိုက်ပါတယ်။

"ဘုရားဟောကြားထားတဲ့ တရားတော်တွေဟာ သတ္တဝါအကုန်လုံးနဲ့ပဲ သက်ဆိုင်ပါတယ်၊ ဘာ့ကြောင့် မရပဲ ရှိရမှာတဲ့လဲ"

ဥပါသကာက ဒီလိုပြောကြားပြီး ကေသကာရီအား သရဏဂုံနဲ့ သီလကို ပေးပါတယ်၊ ကေသကာရီကလဲ သရဏဂုံနဲ့ သီလများကို ခံယူပြီးတဲ့နောက် "ဒီပြင်လုပ်စရာ အခြားကိစ္စများ ရှိပါသေးသလား"လို့ မေးပြန်ပါတယ်။

ဥပါသကာက ကေသကာရီရဲ့ လိမ္မာပါးနပ်ပုံကို အကဲခတ်ကြည့်ရှုနေပါတယ်၊ "မဂ်ဖိုလ်ကို ရနိုင်လောက်တဲ့ အကြောင်းပြည့်ဝ စုံလင်ပြီးသူကလေးဖြစ်လိမ့်မယ်"လို့ ဆုံးဖြတ်ပါတယ်၊ ကိုယ်ခန္ဓာရဲ့ သဘာဝကို ထင်ရှားစေပြီး ၃၂-ကောဋ္ဌာသကမ္မဋ္ဌာန်းကို ဟောပြောပါတယ်၊ ကိုယ်ခန္ဓာမှာ တပ်ခြင်းကင်းစေပါတယ်၊ သံဝေဂဉာဏ် သက်ဝင်လာအောင်လဲ ဟောပြောပေးပါတယ်၊ ဝိပဿနာဉာဏ်စဉ်ကို ဟောပြောပြသပြီးတဲ့အဆုံးမှာ ထွက်ခွာလာခဲ့ပါတယ်။

ကေသကာရီကလဲပဲ ဥပါသကာ ဟောပြောထားခဲ့တဲ့ လမ်းစဉ်အတိုင်း ကြိုးစားအားထုတ်ပါတယ်၊ မကြာခင်မှာပဲ သောတာပတ္တိဖိုလ်ကို ရရှိပါတယ်၊ သောတာပန် အရိယာမကလေးတဦး ဖြစ်သွားပါတယ်၊ လူ့ဘဝက စုတေတာနဲ့ တပြိုင်နက် တာဝတိံသာ နတ်ပြည်မှာ သိကြားမင်းရဲ့ အလုပ်အကျွေး

နတ်သမီးသွားဖြစ်ပါတယ်၊ နတ်သမီးတသိန်းက သူ့ကို ခြံရံနေကြရပါတယ်၊ ကေသကာရီနတ်သမီးကို တွေ့ရတဲ့အခါ သိကြားမင်းက အံ့ဩဝမ်းသာလှန်းလို့ စစ်ကြောမေးမြန်းရပါတယ်။

''ဒီဘုံဗိမာန်ဟာ ငါရှိနေရာ ဘုံဗိမာန်ဖြစ်တယ်၊ အမြဲတမ်းနှစ်လို ဖွယ်ကောင်းတယ်၊ ပြိုးပြိုးပြက်ပြက် အရောင်တလက်လက်လဲ ထွက်နေတယ်၊ ကြောင်မျက်ရွဲတိုင်တွေနဲ့ တည်ဆောက် ဖန်ဆင်းထားပါတယ်၊ ရွှေသစ်ပင်တွေကလဲပဲ ဝန်းကျင်ပတ်လည်က ဖုံးလွှမ်းနေတယ်၊ ကံရဲ့ အကျိုးပေးမှုသဘောနဲ့ ပေါ်ပေါက်လာရတဲ့ ဘုံဗိမာန်ပါပဲ။

''ကျွန်ုပ်ရှိနေရာ ဘုံဗိမာန်မှာ နတ်သမီးဟောင်း တသိန်းလောက် ရှိနေကြပါတယ် ကိုယ့်ကုသိုလ်ကံအလျောက် ယခုမှ ရောက်သစ်စ ဖြစ်တဲ့ သင်ဟာ အခြံအရံနဲ့ ပြည့်စုံသူဖြစ်တယ်၊ ရှေးနတ်သမီးတွေထက် ကိုယ်ရောင်ကိုယ်ဝါ တောက်ပသူလဲ ဖြစ်တယ်။

''ယုန်ရေးအမှတ်တံဆိပ်ရှိတဲ့လဟာ နက္ခတ်တာရာ ကြယ်တကာတွေထက် သာလွန်တင့်တယ်သလို သင်ဟာလဲပဲ ဒီနတ်သမီးအုပ်စုထက် သာလွန်တောက်ပပါတယ်၊အခြံအရံတွေနဲ့သာလွန်တင့်တယ်ပါတယ်။

''အို နတ်သမီး သင်ဟာ အောက်တန်းမကျတဲ့ အဆင်းသွင်ပြင်လဲ ရှိပါပေတယ်၊ သင်ဟာ ဘယ်ဘဝကနေပြီး ဒီ ငါ့ဗိမာန်ကို ရောက်လာရပါသလဲ၊ သိကြားမင်းရော့, တာဝတိံသာ နတ်တွေရော ဗြဟ္မာမင်းကို ကြည့်ရှုလို့ အားမရ တင်းမတိမ်နိုင်ကြသလို တို့အကုန်လုံးဟာလဲပဲ သင့်ကို ကြည့်ရှုလို့ အားရတင်းတိမ်မှုကို မရနိုင်ကြပါဘူး''

သိကြားမင်းရဲ့ စကားကို ကြားရတဲ့အခါ ကေသကာရီနတ်သမီးက မိမိရဲ့ အကြောင်း အတ္ထုပ္ပတ္တိကို အကျဉ်းချုပ် ပြန်လည်ပြောပြရပါတော့တယ်။

''အို သိကြားမင်း၊ ရှင်က ကျွန်မကို 'နင်ဟာ ဘယ်ဘဝက စုတေပြီး ဒီ ငါ့ဘုံဗိမာန်ကို ရောက်လာရသလဲ'လို့ မေးပါပေတယ်၊ အို- သိကြားမင်း ကာသိတိုင်းမှာ ဗာရာဏသီဆိုတဲ့ မြို့တမြို့ရှိနေပါတယ်၊ ရှေးဘဝက ကျွန်မဟာ အဲဒီ ဗာရာဏသီမြို့မှာ 'ကေသကာရီ' ဆိုတဲ့ ပုဏ္ဏားအမျိုးသမီးကလေး ဖြစ်ခဲ့ဖူးပါတယ်။

သာရိပုတ္တရာက အနာထပိဏ်သဌေးအား တရားစကား ဟောကြားတော်မူပါတယ်။

ဒါယကာကြီး အချို့ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ အကြားအမြင် နည်းပါးကြပါတယ်၊ ဒါနဲ့ ဘုရားကို ကြည်ညိုရမှန်း မသိကြပါဘူး၊ ဘုရားကို မကြည်ညိုကြတဲ့အတွက်ကြောင့်ပဲ သူတို့တတွေဟာ ခန္ဓာပျက်ကျေ သေရတဲ့နောက်မှာ အပါယ်ငရဲကို ရောက်ကြရပါတယ်၊ အဲဒီ''အပါယ်ငရဲ''ဆိုတာဟာလဲပဲ မကောင်းမှုကို ပြုလုပ်ထားသူတို့ရဲ့ လားရောက်ရတဲ့ ဘုံဘဝမျိုးပဲ ဖြစ်တယ်၊ မရောက်ချင်ပေမဲ့ ကိုယ့်ကံအလျောက် ရောက်ကြရတဲ့ ဘုံဘဝမျိုးပါပဲ၊ ဒီလို ဘုရားကို မကြည်ညိုမှုမျိုး ဒါယကာကြီးမှာ မရှိပါဘူး။

''သုံးလူ့ထွတ်ထား ရှင်တော်မြတ်ဘုရားဟာ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့အတွက် ''အရဟံ'' မည်တော်မူပါတယ်၊ သိသင့်သမျှတရားတွေကို ကိုယ်တိုင်မှန်စွာ သိတော်မူတတ်တဲ့အတွက် ''သမ္မာသမ္ဗုဒ္ဓ'' မည်တော်မူပါတယ်၊ အသိဉာဏ်ဝိဇ္ဇာ, အကျင့်စရဏတွေနဲ့ ပြည့်စုံတော်မူတဲ့အတွက် ''ဝိဇ္ဇာစရဏသမ္ပန္န'' မည်တော်မူပါတယ်၊ ကောင်းတဲ့စကားကိုသာ ပြောဆိုတော်မူတတ်တဲ့အတွက် ''သုဂတ'' မည်တော်မူပါတယ်၊ လောကအကြောင်းအရာကို သိနားလည်တော်မူတတ်တဲ့အတွက် ''လောကဝိဒူ''မည်တော်မူပါတယ်၊ ဆုံးမသင့်သူကို ဆုံးမတဲ့ နေရာမှာ သူ့ထက်ထူးချွန် သာလွန်တော်မူတဲ့အတွက် ''အနုတ္တရောပုရိသဒမ္မသာရထိ''မည်တော်မူပါတယ်၊ လူ, နတ်,ဗြဟ္မာ သတ္တဝါတွေရဲ့ ဆရာတဆူ ဖြစ်တော်မူတဲ့အတွက် ''သတ္ထာဒေဝမနုဿာနံ'' မည်တော်မူပါတယ်၊ သစ္စာလေးပါးကို သိမြင်တော်မူတတ်တဲ့အတွက် ''ဗုဒ္ဓ'' မည်တော်မူပါတယ်၊ ဘုန်းတန်ခိုးကြီးမားတော်မူတဲ့အတွက် ''ဘဂဝါ'' မည်တော်မူပါတယ်''

ဒီလို ဘုရားကို သက်ဝင်ကြည်ညိုမှုမျိုး*သာ ရှိတယ်၊ ကိုယ့်မှာရှိနေတဲ့ အဲဒီကြည်ညိုမှုကို ရှုဆင်ခြင်မယ်ဆိုယင် ဒါယကာကြီးရဲ့ ဝေဒနာဟာ ခဏချင်းငြိမ်းအေးပျောက်ကင်းသွားရမှာ ပါပဲ။

* [ဘုရားကို သက်ဝင်ကြည်ညိုမှု ဆိုတာဟာ ဘုရားရဲ့ဂုဏ်တော်ကို အမှန်အတိုင်း သိနားလည်ပြီး မလှုပ်မယိုင် ခိုင်ခိုင်မြဲမြဲ ကြည်ညိုခြင်းမျိုးပါပဲ။]

အချို့ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ တရားကို မကြည်ညိုတဲ့အတွက် သေသွားတဲ့အခါ အပါယ်ငရဲကို ရောက်ကြရပါတယ်၊ ဒီလိုတရားကို မကြည်ညိုတာမျိုး ဒါယကာကြီးမှာ မရှိပါဘူး။

"မဂ်, ဖိုလ်, နိဗ္ဗာန်, ပရိယတ်' ဆိုတဲ့ တရားတော်ဆယ်ပါးဟာ ဘုရားရှင်က ကောင်းစွာ ဟောကြားထားတဲ့ တရားတော်ဖြစ်ပါပေတယ်၊ ကိုယ်တိုင်သိမြင်သင့်တဲ့ တရားတော် ဖြစ်ပါပေတယ်၊ လက်ငင်းချက်ချင်း အကျိုးပေးတတ်တဲ့ တရားတော် ဖြစ်ပါပေတယ်၊ လာကြစမ်းပါ ကြည့်စမ်းပါလို့ ခေါ်ယူပြသင့်တဲ့ (အဘက်ဘက်က အဝေဖန်ခံနိုင်တဲ့) တရားတော်ဖြစ်ပါပေတယ်၊ စိတ်ထဲမှာ ဆောင်ယူထားသင့်တဲ့ (စိတ်ပါဝင်စားသင့်တဲ့) တရားတော် ဖြစ်ပါပေတယ်၊ အရိယာပညာရှိတွေကသာ ကိုယ်စီကိုယ်င သိနိုင်တဲ့ တရားတော် ဖြစ်ပါပေတယ်"

ဒီလိုတရားကို သက်ဝင် ကြည်ညိုမှုမျိုးသာ ဒါယကာကြီးမှာ ရှိပါတယ်၊ ကိုယ့်မှာရှိနေတဲ့ အဲဒီကြည်ညိုမှုကို ရှုဆင်ခြင်လိုက်ယင် ဒါယကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေးပျောက်ကင်းသွားရမှာပါပဲ။

အချို့ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ သံဃာတော်ကို မကြည်ညိုတဲ့အတွက် သေသွားပြီးတဲ့နောက်ပိုင်းမှာ အပါယ်ငရဲကို ရောက်ကြပါတယ်၊ အဲဒီလို သံဃာတော်ကို မကြည်ညိုတာမျိုး ဒါယကာကြီးမှာ မရှိပါဘူး။

"မြတ်စွာဘုရားရဲ့ ပာပည့်သံဃာတော်ဟာ ကောင်းစွာ ကျင့်တော်မူတတ်ပါပေတယ်၊ ဖြောင့်မှန်စွာ ကျင့်တော်မူတတ် ပါပေတယ်၊ နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူတတ်ပါပေတယ်၊ မည်သူမဆို ရိုသေလေးစားရလောက်အောင် ကျင့်တော်မူတတ်ပါပေတယ်၊ ရပ်ဝေးမှ ဆောင်ယူလာတဲ့ အလှူကိုတောင်မှ ခံတော်မူထိုက်ပါပေတယ်၊ ဧည့်သည် ကောင်းတို့အတွက် စီမံထားတဲ့ ပစ္စည်းဝတ္ထုကိုတောင်မှ ခံတော်မူထိုက်ပါပေတယ်၊ ချမ်းသာမျှော်မှန်း လှူဒါန်းလာတဲ့ အလှူကို ခံတော်မူထိုက်ပါပေတယ်၊ လက်အုပ်ချီမိုး ရှိခိုးခြင်းကို ခံတော်မူထိုက်ပါပေတယ်၊ တလောကလုံးရဲ့ အထက်တန်းအကျဆုံးဖြစ်တဲ့ ကုသိုလ်

မျိုးစေ့ကို ကြဲချစိုက်ပျိုးစရာ လယ်ယာမြေကောင်းသဖွယ်လဲ ဖြစ်တော်မူပါပေတယ်''

ဒီလို သံဃာတော်ကို သက်ဝင်ယုံကြည်မှုမျိုးသာ ဒါယကာကြီးမှာ ရှိနေပါတယ်၊ ကိုယ့်မှာရှိနေတဲ့ အဲဒီကြည်ညိုမှုကို ရှုဆင်ခြင်လိုက်ယင် ဒါယကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေးပျောက်ကင်းသွားရမှာပါပဲ။

အချို့ပုထုဇဉ် ပုဂ္ဂိုလ်တွေဟာ သီလပျက်စီးတဲ့အတွက် သေပြီးတဲ့နောက်မှာ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊အဲဒီလို သီလပျက်စီးခြင်းမျိုး ဒါယကာကြီးမှာ မရှိပါဖူး၊ မကျိုး, မပေါက်, မပြောက်,မကျားတဲ့ (ငါးပါးသီလ) မျိုးသာ ရှိပါတယ်၊ အဲဒီ 'ငါးပါးသီလ' ဆိုတာဟာလဲပဲ အရိယာတို့နှစ်သက်အပ်တဲ့ သီလမျိုးဖြစ်ပါတယ်၊ တဏှာကိုလဲ တော်လှန်နိုင်ပါတယ်၊ ပညာရှိတို့ ချီးကျူးမှုကိုလဲ ခံရပါတယ်၊ မှားမှားယွင်းယွင်းလဲ မသုံးသပ်အပ်ပါဖူး၊ ဥပစာရသမာဓိ အပ္ပနာသမာဓိကိုလဲ ဖြစ်စေတတ်ပါတယ်။

ကိုယ့်မှာရှိနေတဲ့ အဲဒီ အရိယာတို့သဘောကျ ငါးပါးသီလကို ရှုဆင်ခြင်လိုက်ယင် ဒါယကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေး ပျောက်ကင်းသွားရမှာပါပဲ။

အချို့ ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ သေပြီးတဲ့နောက်မှာ အယူမှားကို ယူမိတဲ့အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊မှားမှားယွင်းယွင်း ကြံစည်မိတဲ့ အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ မှားမှားယွင်းယွင်း ပြောဆိုမိတဲ့ အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ မှားမှားယွင်းယွင်း လုပ်ကိုင်တဲ့အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊မှားမှားယွင်းယွင်း အသက်မွေးတဲ့ အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ မှားမှားယွင်းယွင်း အားထုတ်တဲ့ အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊မှားမှားယွင်းယွင်း အောက်မေ့တဲ့ အတွက်ကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ မှားမှားယွင်းယွင်း တည်ကြည်တာကြောင့်လဲပဲ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ ဒီလိုမှားယွင်းတာမျိုးတွေ ဒါယကာကြီးမှာ ဘာတခုမှ မရှိပါဖူး၊ မှန်ကန်တာတွေချည်းပဲ ရှိနေပါတယ်။

အဲဒီ ''ကိုယ့်မှာ ရှိနေတဲ့ မှန်ကန်တဲ့အယူ, မှန်ကန်တဲ့ အကြံအစည်, အမှန်အကန်ပြောဆိုတာ, အမှန်အကန် လုပ်ကိုင်တာ, မှန်မှန်ကန်ကန် အသက်မွေးတာ, မှန်မှန်ကန်ကန် အားထုတ်တာ, မှန်မှန်ကန်ကန် အောက်မေ့တာ, မှန်မှန်ကန်ကန် တည်ကြည်တာ'' ဒါတွေကို ရှုဆင်ခြင်လိုက်ယင် ဒါယကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေး ပျောက်ကင်းသွားရမှာပါပဲ။

အချို့သောပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ မှားမှားယွင်းယွင်းဆင်ခြင်မိတဲ့ ဉာဏ်တုဉာဏ်ယောင်ကြောင့် သေပြီးတဲ့နောက်မှာ အပါယ်ငရဲကိုရောက်ကြရပါတယ်၊ အဲဒီလို ဉာဏ်တုဉာဏ်ယောင်မျိုး ဒါယကာကြီးမှာ မရှိပါဘူး၊ မှန်ကန်တဲ့ အသိဉာဏ်မျိုးသာရှိနေပါတယ်၊ ကိုယ့်မှာ ရှိနေတဲ့ မှန်ကန်တဲ့ အသိဉာဏ်ကို ရှုဆင်ခြင်လိုက်ယင် ဒါယကာကြီးရဲ့ ဝေဒနာဟာ ခဏချင်း ငြိမ်းအေး ပျောက်ကင်းသွားရမှာပါပဲ။

အိုဒါယကာကြီး အကြွားအမြင်နည်းပါးတဲ့ အချို့ပုထုဇဉ်ပုဂ္ဂိုလ်တွေဟာ မှားမှားယွင်းယွင်း နှလုံးသွင်းမှုကြောင့် ခန္ဓာပျက်ကျေ သေပြီးတဲ့နောက်မှာ အပါယ်ငရဲကို ကျရောက်ကြရပါတယ်၊ အဲဒီလို မှားမှားယွင်းယွင်း နှလုံးသွင်းတာမျိုး ဒါယကာကြီးမှာ မရှိပါဘူး၊ မှန်ကန်တဲ့ နှလုံးသွင်းမှုမျိုးသာ ရှိနေပါတယ်၊ ကိုယ့်မှာရှိနေတဲ့ မှန်မှန်ကန်ကန် နှလုံးသွင်းမှုကို ရှုဆင်ခြင်လိုက်ယင် ဒါယကာကြီးရဲ့ဝေဒနာဟာ ခဏချင်း ငြိမ်းအေး ပျောက်ကင်းသွားရမှာပါပဲ။ ကိုင်း ဒါတွေကို မှတ်မိသွားအောင် လိုက်ဆိုထားလိုက်ကြဦး။

မအိမသာ-ရောဂါရလို့၊ ဆင်းရဲဒုက္ခ-တွေ့ချိန်ငယ်၊
သရဏဂုံအစထားလို့၊ ရိယာလိုလား-သီလရယ်၊
ရှစ်ဖြာမဂ္ဂင်-ပွားများခြင်းနှင့်၊ ဉာဏ်နှလုံးသွင်း-ဆင်ခြင်ကွယ်၊
ဖြစ်ပြီးရောဂါ-လွတ်ကွာကင်းလို့၊ ချမ်းသာခြင်းလဲ-ရလိမ့်မယ်။

ရှင်သာရိပုတ္တရာက တရားစကားကို လက်စသတ်လိုက်တာနဲ့ တပြိုင်နက် အနာထပိဏ်သဌေးမှာ စွဲကပ်နေတဲ့ ရောဂါဝေဒနာတွေဟာ ခဏချင်းငြိမ်းအေး ပျောက်ကင်းသွားပါတယ်။

အဲဒီခဏမှာပဲ အနာထပိဏ်သဌေးဟာ မိမိအိမ်မှာ အဆင်သင့် ချက်ပြုတ်ထားတဲ့ ထမင်းနဲ့ ရှင်သာရိပုတ္တရာနဲ့ ရှင်အာနန္ဒာတို့ကို ကိုယ်တိုင်ဆက်ကပ်

ကျွေးမွေး လှူဒါန်းနိုင်ပါတော့တယ်၊ ကျွေးမွေးလှူဒါန်းမှုကိစ္စ ပြီးဆုံးသွားတဲ့ အခါ နိမ့်တဲ့ နေရာတခုကို ယူပြီး သင့်တော်ရာက ထိုင်နေပါတယ်။

"ပုဂ္ဂိုလ် တဦးတယောက်ဟာ မြတ်စွာဘုရားကို မတုန်မလှုပ်တဲ့ သဒ္ဓါတရားနဲ့ ကြည်ညိုမယ်၊ အရိယာပုဂ္ဂိုလ်တွေ အင်မတန်လေးမြတ် ချီးကျူးအပ်တဲ့ (ငါးပါး) သီလကျင့်ဝတ်နဲ့ ပြည့်စုံမယ်၊ သံဃာ့တော်ကို ကြည်ညိုလေးစားမယ်၊ ဖြောင့်မတ်မှန်ကန်တဲ့ ဉာဏ်အမြင်ရှိမယ်၊ ဒီလို အဘက်ဘက်က ပြည့်စုံနေမယ်ဆိုယင် အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ သူဆင်းရဲ မဟုတ်ပါဘူး၊ အဲဒီလို ပုဂ္ဂိုလ်ရဲ့ အသက်ရှင်ခြင်းဟာ အချည်းနှီး အလကား မဖြစ်ပါဘူး၊ (အသက်ရှည်သလောက် အကျိုးများ ပါတယ်၊)

ဒါ့ကြောင့် သဒ္ဓါ, သီလ, ကြည်ညိုမှု, အယူအဆဖြောင့်မတ်တဲ့ ဉာဏ်အမြင်တွေကို ကိုယ့်သန္တာန်မှာ အဆင့်ဆင့် တိုးပွားအောင် ကြိုးစား အားထုတ်ကြရမယ်"

ရှင်သာရိပုတ္တရာမထေရ်မြတ်က အနာထပိဏ်သဌေးအား ဒီအနုမောဒနာ တရားကို ဟောပြီး ကျောင်းကို ပြန်ကြွလာပါတယ်၊ လိုက်ဆိုထားကြဦး။

မလှုပ်မယိုင်-သဒ္ဓါပွားလို့၊ မြတ်ဘုရားကို-ကြည်ညိုလျှင်၊
အရိယာတွေ- လွန်လေးမြတ်တဲ့၊ သီလကျင့်ဝတ်-မချွတ်လျှင်၊
သံဃာ့တော်ကို-ကြည်ညိုလှလို့၊ ဉာဏ်မြင်ယူဆ-ဖြောင့်မတ်လျှင်၊
မဆင်းရဲသူ လူတယောက်မို့၊ အသက်ရှည်သလောက်-အကျိုးထင်၊
ထို့ကြောင့်သဒ္ဓါ-မြတ်သီလနှင့်၊ ကြည်ညိုယူဆ-ဉာဏ်အမြင်၊
ကိုယ့်သန္တာန်မှာ-ဆင့်ဆင့်တိုးအောင်၊ အားထုတ်မှုမျိုး-ပြုစေခြင်း။

တရားစောင့်ခြင်းရဲ့ အကျိုးကို ဒီလောက်နဲ့ပဲ လက်စသတ်လိုက်ကြစို့ရဲ့၊ ဒီတော့ တရားတော်ကို နာကြားကြတဲ့ ဘုန်းကြီးတို့ရဲ့ ဒါယကာ ဒါယိကာမ တွေဟာလဲပဲ ဓမ္မပါလ အမျိုးတွေလို၊ ကေသကာရီအမျိုးသမီးလို၊ အနာထပိဏ် သဌေးလို တရားတွေကို စောင့်ကြပြီး နိဗ္ဗာန်ရကြောင်း လမ်းမှန်လမ်းကောင်း ကို လိုက်နာကျင့်သုံး နိုင်ကြပါစေကုန်သတည်း။

သာဓု... သာဓု....သာဓုပါဘုရား။

ပရိတ်တရားတော်၏ တန်ခိုးအာနိသင်

ဆရာတော် ဦးဓမ္မိကသည် အာရုံဆွမ်းဘုဉ်းပေးပြီးသည့်နောက် သီတင်းသုံးနေကျ အခန်းကို ပြန်ကြွပြီး အနားယူနေသည်၊ ဒါယကာ ဒါယိကာမများ စားသောက်ပြီးအောင် စောင့်ဆိုင်းနေသည်၊ အကုန်လုံးစားသောက်ပြီး၍ ပရိသတ်စုံသည့်အခါ မောင်မျိုးသန့်က ဆရာတော် ဦးဓမ္မိကကို သွားရောက် လျှောက်ထားသည်၊ ဆရာတော် ဦးဓမ္မိက က ဓမ္မာရုံပေါ်ကိုကြွလာပြီး မြန်မာလို ၈-ပါးသီလပေးသည်၊ ထို့နောက် ပရိတ်အကြောင်း သိကောင်းစရာတွေကို ဆက်လက်ဟောပြောပါသည်။

ဒီနေ့ သကြ်န် အတက်နေ့မှာ ပရိတ်တရားတော်ရဲ့ တန်ခိုးအာနိသင်ကို ပြောပါ့မယ်၊ နက်ဖြန် နှစ်ဆန်းတရက်နေ့မှာ တရွာလုံးအတွက် 'ပရိတ်ရွတ်ပေးရဦးမယ်' ဆိုတော့ ဒီနေ့က ပရိတ်တော်ရဲ့အကြောင်းကို ကြိုတင်ပြောထားရတာဟာ သိပ်အဆင်ပြေသွားတာပေါ့။

လူမမာတွေအတွက် ပရိတ်ရွတ်ပေးစေလိုယင် ''ဘယ်သူ မကျန်းမမာလို့ပါဘုရား၊ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်မှာ ဘယ်သူ့အိမ်သို့ ကြွရောက်ပြီး ပရိတ်တရား ချီးမြှင့်တော်မူပါ'' ဒီလို ဒါယကာ ဒါယိကာမတွေက လျှောက်ထားတတ်ရမယ်။

''ဘယ်သူဟာ မမာမကျန်း ဖြစ်နေပါတယ်ဘုရား၊ သူ့အတွက် အရံအတား အကာအကွယ် ပြုလုပ်ပေးတော်မူပါ၊ ဘယ်သူ့အတွက် အဆောင်ကလေး အကာအကွယ်လေး လုပ်ပေးတော်မူပါ'' ဒီလို မလျှောက်ထားရဖူး၊ ဒီလို လျှောက်ထားယင် ဘုန်းကြီးတွေက ပရိတ်ရွတ်မပေးကောင်းဖူး၊ ဆေးကုသပေးတဲ့သဘော လူတို့ရဲ့အလုပ်ကို လုပ်ပေးတဲ့သဘော သက်ရောက်သွားတယ်၊ ဒါ့ကြောင့် ဘုန်းကြီးပင့်တာကစပြီး သတိထားကြရမယ်။

ပြီးတော့ ပရိတ်ရွတ်တဲ့အခါ ပရိတ်ရေ ပရိတ်ချည် ပရိတ်သဲ ဒါတွေပါစေရမယ်၊ ဒါတွေကို သံဃာတော်တွေကြွမလာခင် ကြိုတင်ပြင်ဆင်ထားနှင့်ရမယ်၊ အခုတော့ ပရိတ်အိုးထဲမှာ ဆူးခက်တွေကို ထည့်လိုထည့်၊ ဩဇာခက်တွေကို ချိုးထည့်လိုထည့်နဲ့ အတော်လေး မဟုတ်မဟတ် လုပ်နေကြတာတွေ့ရပါတယ်။

"ဆီးညှန့်တွေ, ဩဇာရွက်တွေကို ထည့်တဲ့အလိုက သရဲကြောက်အောင်" လို့ပါတဲ့၊ ဒါယိကာမကြီးတွေကို မေးကြည့်လို့ သူတို့ဆိကတဆင့် ဘုန်းကြီး ဒီလို သိထားရပါတယ်၊ ဒါတွေက ဒီလောက် အစွမ်းထက်နေယင် ပရိတ်ရွတ်စရာ လိုသေးသလား၊ ပြီးတော့ ပရိတ်တော်ကို အယုံအကြည်နဲ့သလို ဖြစ်မသွားဖူးလား၊ ဒါ စဉ်းစားရမယ်။

ပရိတ်ရွတ်တဲ့ ဘုန်းကြီးတွေကလဲပဲ ပရိတ်ရေကို လက်နဲ့လှုပ်ပြီး ပရိတ်ချည်နဲ့ ပရိတ်သဲကို လက်နဲ့ ဆုပ်နယ်ပြီး ရွတ်ရမယ်၊ ဒီလို ပြုလုပ်ပေးယင် ပရိတ်တန်ခိုးဟာ ရေအတွင်း ချည်အတွင်း သဲအတွင်းကို ဝင်သွားတယ်၊ ဒီလို ဝိမတိဋီကာက ဖွင့်ဆိုထားပါတယ်၊ အခု မတွေ့ဖူးလား၊ ကက်ဆက်ခွေ ထဲကို အသံဝင်နေတာ ဒီသဘောအတိုင်းပဲပေါ့။

ပြီးတော့ ပရိတ်ရွတ်မယ့်ပုဂ္ဂိုလ်ဟာ မိမိရွတ်မဲ့ပရိတ်ကို ပုဒ်ပါဠိအက္ခရာ မှန်အောင်, အဖြတ်အတောက်မှန်အောင်, အနက်အဓိပ္ပာယ် သိနားလည်အောင် သင်ယူပြီး ဖြစ်ရပါမယ်၊ ဒီလို သင်ယူမှုကိုမပြုပဲ တော်အောင် လျော်အောင် ဖြစ်ကတတ်ဆန်း ရွတ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ပရိတ်ဟာ တန်ခိုးသတ္တိ မရှိနိုင်ပါဖူး၊ ကျကျနနသင်ယူလေ့လာပြီး ရွတ်တဲ့ပုဂ္ဂိုလ်ရဲ့ ပရိတ်ကသာ တန်ခိုးသတ္တိရှိနိုင်ပါတယ်။

လာဘ်ပူဇော်သကာ အကျော်အစောကို လိုချင်လို့ သင်ယူရွတ်ဖတ်တဲ့ ပုဂ္ဂိုလ်ရဲ့ ပရိတ်ဟာလဲပဲ အကျိုးမပြီးစေနိုင်ပါဖူး၊ ထွက်မြောက်မှု အဖို့မှာ တည်ပြီး မေတ္တာကို ရှေ့သွားပြုကာ ရွတ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ ပရိတ်ကသာ အကျိုး ရှိနိုင်ပါတယ်။

ပရိတ်ရွတ်တဲ့ ပုဂ္ဂိုလ်ဟာ—

၁။ "ပုဒ်ပါဠိ အက္ခရာမှန်ကန်အောင် ရွတ်ဆိုနိုင်ရမယ်၊

၂။ အနက်အဓိပ္ပာယ်ကို သိနားလည်ထားရမယ်၊

၃။ လာဘ်လာဘကို ငဲ့ကွက်မှု ကင်းရမယ်၊

၄။ မေတ္တာရှေ့ထားပြီး ရွတ်ရမယ်"

ဒီအင်္ဂါလေးချက်နဲ့ ပြည့်စုံစေရမယ်လို့ ပြောလိုပါတယ်၊ လိုက်ဆိုထားလိုက် ကြဦး။

ပုဒ်ပါဠိပြင်၊ အနက်ထင်ရှိ၊ လာဘ်ခင်မမက်၊ မေတ္တာသက်၊
လေးချက်လိုပါ ရွတ်သူမှာ။

ဒီတော့ ရွတ်တဲ့ပုဂ္ဂိုလ်ကိုယ်တိုင်က ဟန်မရယင် ပရိတ်တရားတော်ရဲ့တန်ခိုး အာနိသင်ဟာ ရှိသင့်သလောက် မရှိနိုင်ပါဘူး၊ ဒါ့ကြောင့် ပရိတ်ရွတ်ဖို့ ပင့်တဲ့ အခါမှာ ပုဂ္ဂိုလ်ရွေးတန် ရွေးရပါမယ်။

အရှင်အာနန္ဒာ၏ ပရိတ်တန်ခိုး [၁]။ ။"ပရိတ်ရေ ပရိတ်ချည် ပရိတ်သဲ ပရိတ် ရွတ်တဲ့အခါ ဒါတွေ ပါစေရမယ်" လို့ ခုနက ပြောခဲ့ပြီးပါပြီ၊ အဲဒီထဲက ပရိတ်ရေ ဘယ်လောက် အစွမ်းထက်တယ် ဆိုတာ နားလည်ကြရအောင် ဘုရားရှင်လက်ထက်က ဖြစ်ပေါ်ခဲ့တဲ့ အကြောင်းကိုပဲ ပြောပြပါမယ်။

တချိန်တုန်းက ဝေသာလီမြို့ဟာ အင်မတန် စည်ကားပါတယ်၊ လူဦးရေ လဲ အင်မတန်များပါတယ်၊ အလှည့်ကျ မင်းပြုနေကြတဲ့ လိစ္ဆဝီတွေတောင်မှ ၇၇၀၇-ယောက် ရှိနေပါတယ်။

ဘုရားရှင် ပွင့်တော်မူလာတဲ့တချိန်မှာ ဝေသာလီ မြို့သူမြို့သား တွေဟာ စားကုန်သောက်ကုန် ရှားပါးမှုဒဏ်ကို အလူးအလှိမ့် ခံနေကြရပါတယ်၊ ထမင်းငတ်တာနဲ့ လက်ဦးဆုံး ဆင်းရဲသူဆင်းရဲသားတွေ သေကြရပါတယ်၊ ဒီတော့ ဟိုအနား ဒီအနားမှာ စွန့်ပစ်ထားကြတဲ့ လူသေကောင်တွေရဲ့ အနံ့ကို ရတာနဲ့ တစ္ဆေသရဲများက မြို့တွင်းကို ဝင်လာကြပါတယ်၊ တစ္ဆေ သရဲတွေ နှိပ်စက်တဲ့အတွက် နောက်ထပ် အများအပြား သေကြရပြန်တယ်၊ အပုပ်နံ့တွေ ကျယ်ပြန့်များပြားလာတဲ့အခါ သတ္တဝါများမှာ ပလိပ်ကပ် (အဟိဝါတ) ရောဂါ ဖြစ်ကြရပါတယ်။

(ဒီ "အဟိဝါတရောဂါ"ဆိုတာဟာ မြွေဆိပ်တက်သလို အဆိပ် ပိုးပါတဲ့ ရောဂါတမျိုးဖြစ်တယ်၊ ဒီရောဂါမျိုးဖြစ်ယင် ကူးစက် မြန်တဲ့အတွက် တအိမ်လုံး တမျိုးလုံး အများအပြား သေဆုံးတတ် ပါတယ်၊ အနည်းအကျဉ်းသာ ကြွင်းကျန်တတ်ပါတယ်၊ ဒါ့ကြောင့် "ပလိပ်ကပ်ရောဂါ" လို့ ပြန်ဆိုလိုက်ပါတယ်၊ ဝိနည်းမဟာဝဂ္ဂ အဋ္ဌကထာ (၂၀၅)မှာလဲပဲ မာရိဗျာဓိနာလို့ ဖွင့်ဆိုထားပါတယ်။)

၁။ ဓမ္မပဒ ဋ-ဒု-၂၇၅။ ခုဒ္ဒကပါဌ ဋ-၁၃၀။ သုတ္တ ဋ-ပ-၂၆၇။

ဒီလို ဝေသာလီမြို့မှာ ငတ်မွတ်ခြင်းဘေး တစ္ဆေသရဲဘေး ရောဂါဘေး ဆိုတဲ့ ဘေးကြီး ၃-မျိုး ဖြစ်ပေါ် လာပါတယ်။

ဒီတော့ မြို့သူမြို့သားတွေက စည်းဝေးတိုင်ပင်ပြီး- ဘေးရန်ပျောက်လို ပျောက်ငြား အမျိုးမျိုး လုပ်ကိုင်ကြပါတယ်၊ မပျောက်တဲ့အဆုံးမှာ မြတ်စွာ ဘုရားကိုပင့်ဖို့ အကုန်လုံးက သဘောတူကြပါတယ်။

အဲဒီအချိန်မှာ မြတ်စွာဘုရားဟာ ဝေဠုဝန်ကျောင်းတော်မှာ သီတင်းသုံး နေတော်မူပါတယ်၊ ဝါဆိုဖို့နီးကပ်နေတဲ့အတွက် “ဝေဠုဝန်ကျောင်းတော် မှာပဲ ဝါဆိုမယ်”လို့ ဗိမ္ဗိသာရမင်းကြီးဆီမှာ ဝန်ခံပြီး ဖြစ်ပါတယ်။

ဝေသာလီမြို့သူမြို့သားတွေက “ဗိမ္ဗိသာရမင်းကို ခွင့်ပန်ပြီး ဘုရားရှင်ကို ဝေသာလီမြို့သို့ရောက်အောင် ပင့်ဆောင်လာခဲ့ကြပါ”လို့ ပြောပြီး မဟာလိ လိစ္ဆဝီနဲ့ ပုရောဟိတ်ပုဏ္ဏားသားတို့ကို လွှတ်လိုက်ကြပါတယ်၊ လက်ဆောင် ပဏ္ဏာလဲ အများအပြား စီရင်ပေးလိုက်ကြပါတယ်။

မဟာလိလိစ္ဆဝီနဲ့ ပုရောဟိတ်ပုဏ္ဏားသားတို့က ရာဇဂြိုဟ်မြို့ကိုရောက်သွားတဲ့ အခါ ဗိမ္ဗိသာရမင်းအား ပါလာတဲ့ လက်ဆောင်ပဏ္ဏာတွေကိုလဲ ဆက်သကြ ပါတယ်၊ လာရတဲ့အကြောင်းကိုလဲ ပြောပြကြပါတယ်၊ “အရှင်မင်းမြတ် ဘုရားရှင်ကို အကျွန်ုပ်တို့ ဝေသာလီမြို့သို့ ပို့ဆောင်ပေးပါ”လို့လဲ တောင်းပန် ကြပါတယ်၊ ဒါကို ဗိမ္ဗိသာရမင်းက လက်မခံပါဘူး၊ “ခင်ဗျားတို့ ကိုယ်တိုင်ပဲ ဘုရားရှင်ကို လျှောက်ထားကြတာပေါ့”လို့ ပြောလိုက်ပါတယ်၊ ဘယ်လက် ခံလို့ဖြစ်မလဲ၊ ဘုရားရှင်ကို သူပိုင်တာမှ မဟုတ်ပဲကိုး။

ဒီတော့ မဟာလိလိစ္ဆဝီနဲ့ ပုရောဟိတ်ပုဏ္ဏားသားတို့က ဘုရားရှင်ဆီ သွားရောက်ရှိခိုးပြီး လျှောက်ထား တောင်းပန်ကြပါတယ်။

> “ရှင်တော်မြတ်ဘုရား ဝေသာလီမြို့မှာ ဘေးရန် ၃-မျိုးဖြစ်ပေါ် နေပါတယ်၊ အဲဒီဘေးရန်တွေဟာ ရှင်တော်မြတ်ဘုရားကြွလာလို့ရှိယင် ငြိမ်းအေးပါလိမ့်မယ်၊ (ဒီလိုအကုန်လုံးကပဲ ယုံကြည်နေကြပါတယ်၊) ရှင်တော်မြတ်ဘုရားကြွတော်မူပါ၊ သွားကြပါစို့ရဲ့”

သူတို့လျှောက်ထားချက်ကို ကြားရတဲ့အခါ ဘုရားရှင်က ဉာဏ်စက္ခုနဲ့ ဆင်ခြင် ကြည့်ရှုတော်မူပါတယ်။

"ဝေသာလီမြို့မှာ ရတနသုတ်ကိုဟောယင် အဲဒီ ရတနသုတ်ဆိုတဲ့ အစောင့်အရှောက်ဟာ စကြဝဠာ ကုဋေတသိန်းတိုင်အောင် ပျံ့နှံ့လိမ့်မယ်၊ သုတ်ရဲ့အဆုံးမှာ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင် အကျွတ်တရားရလိမ့်မယ်၊ ဖြစ်ပွားနေတဲ့ ဘေးတွေလဲ ငြိမ်းအေးသွားလိမ့်မယ်"

ဒီလို သိမြင်တော်မူပါတယ်၊ ဒါနဲ့ သူတို့လျှောက်ထားတာကို လက်ခံတော်မူလိုက်ပါတယ်။

"ဘုရားရှင် 'ဝေသာလီမြို့ကိုကြွမယ်'လို့ လက်ခံလိုက်ပြီ"ဆိုတဲ့ သတင်းစကားကို ဗိမ္ဗိသာရမင်းက ကြားသိရပါတယ်၊ ဒါနဲ့ မြို့မှာ ကြော်ငြာခိုင်းပါတယ်၊ ပြီးမှ ဘုရားရှင်ကို ချဉ်းကပ်လျှောက်ထားပါတယ်။

"ရှင်တော်မြတ်ဘုရား ဝေသာလီမြို့ကို ကြွမယ်လို့ လက်ခံလိုက်ပါသလား"

"အေး ဟုတ်တယ်၊ လက်ခံလိုက်ပြီ မဟာရာဇာ"

"ဒါဖြင့် လမ်းပြင်ပြီးရုံလောက် သည်းခံစောင့်ဆိုင်းတော်မူပါဘုရား"

ဒီလိုလျှောက်ထားခဲ့ပြီး ရာဇဂြိုဟ်မြို့နဲ့ ၅-ယူဇနာရှိတဲ့ (လမ်းခရီးကို) မြေညီအောင်အညှိခိုင်းပါတယ်၊ တယူဇနာမှာ ကျောင်းတဆောင်စီ ဆောက်လုပ်ခိုင်းထားပါတယ်၊ ကိစ္စပြီးတဲ့အခါ "ကြွတော်မူနိုင်ပါပြီ ရှင်တော်မြတ်ဘုရား" လို့ ဘုရားရှင်ကို လျှောက်ထားပါတယ်။

ဘုရားရှင်က ရဟန်းတော် ၅၀၀-နဲ့အတူ ကြွတော်မူပါတယ်၊ ဗိမ္ဗိသာရမင်းက တယူဇနာအတွင်းမှာ ဒူးမျှလောက်အပိုင်းအခြားဖြင့် အဆင်း ၅-မျိုးရှိတဲ့ ပန်းတွေကို ကြဲဖြန့်ခိုင်းပါတယ်၊ တံခွန်ကုက္ကား ငှက်ပျောပင် စသည်တို့ကိုလဲ လမ်းဘေးတဘက်တချက်မှာ အစိုက်ခိုင်းထားပါတယ်၊ ဘုရားရှင်အတွက် ၂-ဆင့်ထီးအလုပ်ခိုင်းပြီး ထီးဖြူ ၂-လက် အမိုးခိုင်းပါတယ်၊ ရဟန်းတပါးကို ထီးဖြူတလက်ကျ အမိုးခိုင်းပါတယ်၊ ခြွေရံပရိသတ်နဲ့အတူ နံ့သာ ပန်းစသည်နဲ့ ပူဇော်ယင်း လိုက်ပါလာပါတယ်၊ မြတ်စွာဘုရားကို ကျောင်းတဆောင်မှာ တနေ့ သီတင်းသုံးစေပြီး ကြီးကျယ်တဲ့အလှူဒါနကို ပေးလှူ

ပါတယ်၊ ငါးရက်နဲ့ ဂင်္ဂါမြစ်ကမ်းကို အရောက်ပို့ဆောင်ပါတယ်၊ "ဂင်္ဂါမြစ်ကမ်းမှာ လှေကို တန်ဆာဆင်ယင်း လမ်းကိုပြင်ဆင်ပြီး ဘုရားရှင်ကို ဆီးကြိုကြပါ"လို့ ဝေသာလီမြို့သူမြို့သားတွေဆီကို သတင်းပို့လိုက်ပါတယ်။

ဝေသာလီမြို့သူမြို့သားတွေက ၂-ဆတိုးတဲ့ ပူဇော်မှုမျိုးကို လုပ်မယ်" ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝေသာလီမြို့နဲ့ ဂင်္ဂါမြစ်အကြား ၃-ယူဇနာရှိတဲ့ လမ်းခရီးကို ပြေညီအောင်ညှိပါတယ်၊ မြတ်စွာဘုရားအတွက် ထီးဖြူ ၄-လက်, ရဟန်းတပါးတပါးအတွက် ထီးဖြူ ၂-လက် ၂-လက်စီ, ၂-ဆင့်ထီးချည်းစီမံလုပ်ကိုင်ပြီး မြတ်စွာဘုရားကို ပူဇော်ရအောင်လို့ လာကြပါတယ်၊ ဂင်္ဂါမြစ်ကမ်းမှာပဲ စောင့်ဆိုင်းနေကြပါတယ်။

ဗိမ္ဗိသာရမင်းက လှေ ၂-စင်းတွဲပြီး မဏ္ဍပ်အလုပ်ခိုင်းပါတယ်၊ မဏ္ဍပ်ကို ပန်းကုံး ပန်းဆိုင်း စသည်နဲ့ တန်ဆာအဆင်ခိုင်းပါတယ်၊ ဘုရားရှင်အတွက် ရတနာမျိုးစုံနဲ့ လုပ်ထားတဲ့နေရာကို အခင်းခိုင်းထားပါတယ်၊ ဘုရားရှင်က အဲဒီခင်းထားတဲ့နေရာမှာ သီတင်းသုံး ထိုင်နေတော်မူပါတယ်၊ ရဟန်းတွေကလဲ လှေပေါ်ကိုတက်ပြီး မြတ်စွာဘုရားကို ခြံရံထိုင်နေကြပါတယ်။

ဗိမ္ဗိသာရမင်းက လိုက်ပို့ယင်း လည်ပင်းပမာဏရှိတဲ့ရေတိုင်အောင် ဆင်းပြီး "ရှင်တော်မြတ်ဘုရား ရှင်တော်မြတ်ဘုရား ပြန်ကြွလာတဲ့အထိ ဒီဂင်္ဂါမြစ်ကမ်းမှာပဲ နေပါမယ်"လို့ ပြောဆိုလျှောက်ထားပါတယ်၊ လှေကိုလွှတ်လိုက်ပြီး ပြန်တက်လာပါတယ်။

မြတ်စွာဘုရားက တယူဇနာလောက်ခရီးကို ဂင်္ဂါမြစ်ကပဲ သွားရပါတယ်၊ ပြီးမှ ဝေသာလီမြို့သူမြို့သားတို့ရဲ့ နယ်စပ်ကို ရောက်သွားပါတယ်။

ဝေသာလီမြို့သားတွေက ဘုရားရှင်ကို ကြိုဆိုလိုကြတဲ့အတွက် လည်ပင်းပမာဏရှိတဲ့ ရေတိုင်အောင် ဆင်းလာကြပါတယ်၊ လှေတော်ကို ကမ်းနားသို့ဆွဲယူကြပြီး ဘုရားရှင်ကို လှေက ပင့်ဆောင်ကြပါတယ်။

ဘုရားရှင် လှေကဆင်းပြီး ကမ်းကို နင်းမိတယ်ဆိုယင်ပဲ မိုးသားတွေအများအပြားတက်လာပြီး ကြာတောမှာ ရှာတဲ့မိုးနဲ့တူတဲ့ (ပေါက္ခရဝဿ) မိုးရွာလာပါတော့တယ်၊ ရပ်ကွက်တိုင်းမှာ ဒူးလောက် ပေါင်လောက် ခါးလောက် စသည်ဖြင့် နက်တဲ့ရေတွေဟာ စီးသွားကြပါတယ်၊ ဒါနဲ့ လူသေ

ကောင်ပုပ်တွေ အကုန်လုံး ဂင်္ဂါမြစ်ထဲကို မျောပါသွားကြပါတယ်၊ မြေပြင် တခုလုံး သန့်ရှင်းစင်ကြယ်သွားပါတယ်။

လိစ္ဆဝီမင်းတွေက မြတ်စွာဘုရားကို ယူဇနာတိုင်း ယူဇနာတိုင်းမှာ သီတင်း သုံးနေစေတော်မူပါတယ်၊ ကြီးမားတဲ့အလှူကို ပေးလှူကြပါတယ်၊ ၂-ဆ တိုးတဲ့ ပူဇော်မှုမျိုးကို ပြုလုပ်ယင်း ၃-ရက်နဲ့အရောက် ဝေသာလီမြို့ကို ပင့် ဆောင်ကြပါတယ်။

သိကြားမင်းက နတ်အပေါင်းခြံရံပြီး ဘုရားဖူးရအောင် ရောက်လာ ပါတယ်၊ တန်ခိုးကြီးတဲ့နတ်တွေ စုဝေးလာတော့ တစ္ဆေသူရဲတွေဟာ အများ အားဖြင့် ထွက်ပြေးကုန်ကြပါတယ်။

မြတ်စွာဘုရားက ညနေချမ်းအချိန်မှာ မြို့တံခါးမှာ ရပ်တော်မူပြီး အရှင် အာနန္ဒာကို အမိန့်ရှိတော်မူပါတယ်။

"အာနန္ဒာ (သင်ကိုယ်တိုင်) ဒီရတနသုတ်ကို သင်ယူရမယ်၊ လိစ္ဆဝီ မင်းသားကလေးတွေနဲ့အတူ လှည့်ပတ်ပြီး ဝေသာလီမြို့ရဲ့ တံတိုင်း ၃-ထပ်ကြားမှာ (ဒီရတနသုတ်ဆိုတဲ့)ပရိတ်ကို ရွတ်ရမယ်"

အရှင်အာနန္ဒာကလဲပဲ မြတ်စွာဘုရားထံတော်ပါးက ရတနသုတ်ကို သင်ယူ တော်မူပါတယ်၊ ပြီးတော့ မြတ်စွာဘုရားရဲ့ ကျောက်ညိုသပိတ်နဲ့ ရေကိုယူပြီး မြို့တံခါးမှာ ရပ်ယင်း—

"ဘုရားဆုကို တောင်းတဲ့ အခါကစပြီး မြတ်စွာဘုရားရဲ့ 'ပါရမီ ၁၀-ပါး, ဥပပါရမီ ၁၀-ပါး, ပရမတ္ထပါရမီ ၁၀-ပါး' ဒီလို အတိ အကျဖြစ်တဲ့ ပါရမီတော် ၃၀၊ စွန့်ခြင်းကြီး ၅-ပါး၊ 'လောက အတွက် ကျင့်တော်မူပုံ, ဆွေတော်မျိုးတော်တွေအတွက် ကျင့်တော် မူပုံ,သဗ္ဗညုတဉာဏ်တော်အတွက် ကျင့်တော်မူပုံ, ဆိုတဲ့ အကျင့် ၃-မျိုး၊ နောက်ဆုံးဘဝကျတော့ မယ်တော်ဝမ်းမှာ ပဋိသန္ဓေနေတာ, ဖွား တော်မူတာ, တောထွက်တော်မူတာ, ကမ္မဋ္ဌာန်းတရား ကျင့်တော် မူတာ, ဗောဓိပင်နဲ့ရွှေပလ္လင်မှာ မာရ်နတ်သားကို အောင်တော်မူတာ, သဗ္ဗညုတဉာဏ်တော်နဲ့ တရားအကုန်လုံးကို ထိုးထွင်းသိတာ, ဓမ္မစကြာ တရား ဟောတော်မူတာ, လောကုတ္တရာတရားကိုးပါး"

အစရှိတဲ့ ဘုရားဂုဏ်တော် ကျေးဇူးတော်တွေကို ဆင်ခြင်ပြီး ဝေသာလီမြို့တွင်းသို့ ဝင်သွားပါတယ်၊ ညဥ့် ၃-ယာမ်ပတ်လုံး တံတိုင်းသုံးထပ်တို့ရဲ့အကြားမှာရတနသုတ်ပရိတ်တော်ကိုလဲရွတ် ပရိတ်ရေကိုလဲဖျက်ယင်း လှည့်ပတ်သွားလာနေပါတယ်။

အရှင်အာနန္ဒာက "ယံကိဉ္စိ"လို့ ဆိုတဲ့ ခဏမှာပဲ အပေါ်ကိုပက်လိုက်တဲ့ရေဟာ တစ္ဆေသရဲတွေရဲ့အပေါ်ကို ကျပါတယ်၊ "ယာနီဓ ဘူတာနိ"ဆိုတဲ့ ဂါထာကို ရွတ်တာကစပြီး ရေစက်ရေပေါက်တွေဟာ ကောင်းကင်ကသွားပြီး လူမမာတွေရဲ့အပေါ်ကို ကျပါတယ်၊ အဲဒီခဏမှာပဲ လူမမာတွေဟာ ရောဂါပျောက်ကင်းသွားကြပါတယ်၊ ဟိုအနားကထလာ ဒီအနားက ထလာပြီး အရှင်အာနန္ဒာကို ဝိုင်းရံနေကြပါတယ်။

တန်ခိုးကြီးနတ်တွေလာတုန်းက အမှိုက်ပုံတွေ, အိမ်နံရံ တိုက်နံရံတွေမှာ ခိုကပ်ပြီး မပြေးပဲ တစ္ဆေသရဲတွေ အများကြီး ကျန်နေပါသေးတယ်၊ အရှင်အာနန္ဒာက "ယံကိဉ္စိ"လို့ ရွတ်လိုက်တာကစပြီး ရေစက်ရေပေါက်ထိသမျှအဲဒီ တစ္ဆေသရဲတွေဟာ နီးရာတံခါးက ထွက်ပြေးကြရပါတော့တယ်၊ တံခါးမဆံ့တာနဲ့ အချို့က တံတိုင်းတွေကို ချိုးဖျက်ပြီး ထွက်ပြေးကြရပါတယ်။

မြို့သူမြို့သား လူအများက မြို့အလယ်မှာ ရှိနေတဲ့ မြို့တော်ခန်းမကို နံ့သာမျိုးစုံ လိမ်းကျံကြပါတယ်၊ အပေါ်မှာ ရွှေကြယ်ပွင့်စသည်နဲ့ ဆန်းကြယ်တဲ့ မျက်နှာကြက်ကို လုပ်ကြပါတယ်၊ ဘုရားရှင်အတွက် နေရာတော်ကို ခင်းကျင်းပြင်ဆင်ပြီး ဘုရားရှင်ကို ပင့်ဆောင်ကြပါတယ်။

ဘုရားရှင်က ပြင်ဆင်ထားတဲ့နေရာမှာ သီတင်းသုံး ထိုင်နေတော် မူပါတယ်၊ ရဟန်းတွေနဲ့ လိစ္ဆဝီမင်းတွေက ဘုရားရှင်ကို ခြံရံပြီး ထိုင်ကြပါတယ်၊ သိကြားမင်းက နတ်အပေါင်းခြံရံပြီး သင့်တော်တဲ့နေရာက ရပ်နေပါတယ်၊ အရှင်အာနန္ဒာက တမြို့လုံးကို လှည့်ပတ်ပရိတ်ရွတ်ပြီးတဲ့နောက် ရောဂါပျောက်ကင်းချမ်းသာသွားတဲ့လူတွေနဲ့အတူ ကြွလာပြီး မြတ်စွာဘုရားကို ရှိခိုးထိုင်နေပါတယ်။

ဘုရားရှင်က ပရိသတ်ကို ကြည့်တော်မူပြီး ရတနသုတ်ကိုပဲ ဟောတော်မူပါတယ်၊ တရားဒေသနာရဲ့အဆုံးမှာ သတ္တဝါပေါင်း ရှစ်သောင်းလေးထောင်

အကျွတ်တရားရကြပါတယ်၊ အဲဒီလို ရတနသုတ်ကိုချည်း ၇-ရက်လုံးလုံး ထပ်ဟောတော်မူပါတယ်၊ ဘေးအကုန်လုံး ငြိမ်းအေးသွားကြောင်း သိရတဲ့အခါ လိစ္ဆဝီမင်းတွေကို ပြောကြားပြီး ဝေသာလီမြို့က ပြန်ကြွလာခဲ့ပါတယ်။

ပစ္စေကဗုဒ္ဓါတွေရဲ့ ပရိတ်[၁]။ ။ပရိတ်ရေ အစွမ်းထက်တဲ့အကြောင်း ပြောပြပြီးတဲ့နောက် ပရိတ်သဲ ပရိတ်ချည်တွေ အစွမ်းထက်ပုံကို ပြောပြပါဦးမယ်။

ဗာရာဏသီမြို့ ပြယ္ဗဒတ်မင်းမှာ သားတရာရှိတဲ့အထဲက ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းတော်ဟာ သားအငယ်ဆုံး ဖြစ်နေပါတယ်၊ ဘုရင့်နန်းတော်မှာလဲ ပစ္စေကဗုဒ္ဓါတွေ ဆွမ်းဘုဉ်းပေးလေ့ရှိပါတယ်၊ ဘုရားလောင်း မင်းသားကလေးက ပစ္စေကဗုဒ္ဓါတွေရဲ့ ဝေယျာဝစ္စကို ဆောင်ရွက်ပေးနေရပါတယ်၊ ပစ္စေကာ ဗုဒ္ဓါတွေရဲ့ အလုပ်အကျွေးကလေး ဆိုကြပါစို့ရဲ့။

> ''ငါ့မှာ အကိုတွေ အများကြီးရှိနေတယ်၊ ငါဟာ ဒီမြို့မှာ မင်းဖြစ်နိုင်မယ်လား၊ မဖြစ်နိုင်ဖူးလား''

တနေ့မှာ မင်းသားကလေးက ဒီလိုစဉ်းစားမိပါတယ်၊ ''ပစ္စေကဗုဒ္ဓါတွေကို လျှောက်ထားကြည့်ယင် အမှန်အတိုင်း သိရမှာပါပဲ'' ဒီလိုလဲ အကြံရလာပြန်တယ်။

မင်းသားကလေးက နောက်တနေ့ ပစ္စေကဗုဒ္ဓါတွေ ကြွလာတဲ့အခါ ရေစစ်နဲ့ ရေကိုစစ်ပြီး ခြေတွေကို ဆေးကြောပေးပါတယ်၊ ဆီလဲ လိမ်းပေးပါတယ်၊ ပစ္စေကဗုဒ္ဓါတွေက ဆွမ်းမစားခင်အကြား မုန့်ပဲသားရေစာကော့ကို ဘုဉ်းပေးပြီး ထိုင်နေတဲ့အချိန်မှာ အဲဒီအကြောင်းကို လျှောက်ထားမေးမြန်းပါတယ်။

> ''မင်းသားကလေး သင်ဟာ ဒီမြို့မှာ မင်းအဖြစ်ကို ရနိုင်မယ်မဟုတ်ဖူး၊ ဒီဗာရာဏသီမြို့ကနေ ယူဇနာ ၁၂၀-ဝေးတဲ့ ဂန္ဓာရတိုင်းမှာ တက္ကသိုလ်မြို့ဆိုတာ ရှိတယ်၊ အဲဒီကို သွားနိုင်လို့ရှိယင် ဒီနေ့က ၇-ရက်မြောက်နေ့မှာ မင်းအဖြစ်ကို ရလိမ့်မယ်၊ ခရီး အကြားတောအုပ်ကြီးမှာတော့ ဘေးရန်ရှိနေတယ်၊ အဲဒီတောအုပ်ကို ရှောင်သွားမယ်ဆိုယင် ယူဇနာ ၁၀၀-ဝေးတယ်၊ ဖြတ်ပြီး ဖြောင့်ဖြောင့်သွားမယ်ဆိုယင် ယူဇနာ ၅၀-ပဲ ဝေးတယ်။

"ဒီလမ်းဟာ ဘီလူးစိုးပိုင်တဲ့လမ်းဖြစ်တယ်၊ လမ်းခရီးအကြားမှာ ဘီလူးမတွေက ရွှာတွေ တည်းခိုးဇရပ်တွေ ဖန်ဆင်းထားတတ်တယ်၊ ရွှေကြယ်ပွင့်ကလေးတွေနဲ့ ဆန်းကြယ်တဲ့ အပေါ်မျက်နှာကြက်တွေ တပ်ဆင်ထားတဲ့အိပ်ရာကို ခင်းထားတတ်တယ်၊ဆိုးရေအမျိုးမျိုးနဲ့ ဆိုးထားတဲ့(ဆေးဆိုးပန်းရိုက်)အဝတ်ခန်းဆီးတွေကိုလဲ ကာရံထားတတ်တယ်၊ ပြီးတော့ သူတို့ရဲ့ တကိုယ်လုံးကို အင်မတန်ကောင်းတဲ့ အဆင်တန်ဆာတွေနဲ့ တန်ဆာဆင်ပြီး ဇရပ်တွေမှာ ထိုင်နေတတ်ကြတယ်။

"ရောက်လာသမျှလူကို ချိုသာတဲ့စကားနဲ့ သိမ်းသွင်းတတ်ကြပါတယ်၊ "ဦးကြီးတို့ ဦးလေးတို့ မောင်လေးတို့ သိပ်ခရီးပန်းလာကြပုံရပါတယ်၊ ဒီကိုကြွပါဦးလား၊ ရေလေးဘာလေး သောက်ပြီးမှ သွားကြတာပေါ့ရှင်" ဒီလိုခေါ်ပြီး လာလာသမျှ လူတွေကို နေရာထိုင်ခင်းများ ပေးကြပါတယ်၊ မိမိတို့ရဲ့ ရုပ်အဆင်း မူရာမာယာအမျိုးမျိုးတွေနဲ့ ဖြားယောင်း သွေးဆောင်ကြပါတယ်၊ အလိုသို့ လိုက်ပါလာပြီး သူတို့နဲ့အတူ ကျူးလွန်ဖောက်ပြားတဲ့လူတွေကို အဲဒီနေရာမှာပဲ သွေးရဲရဲ သံရဲရဲနဲ့ စားသောက်ပြီး အသက်ကုန်ဆုံးခြင်းသို့ ရောက်ခစေကြပါတယ်။

"ရူပါရုံကို စွဲမက်တတ်တဲ့သူကို ရူပါရုံနဲ့ပဲ ဖမ်းယူတတ်ကြပါတယ်၊ သဒ္ဒါရုံကို စွဲမက်တတ်တဲ့သူကို သာယာတဲ့ သီချင်းသံ၊ တီးသံ၊ မှုတ်သံတွေနဲ့ ဖမ်းယူတတ်ကြပါတယ်၊ဂန္ဓာရုံကို စွဲမက်တတ်တဲ့သူကို အင်မတန်မွှေးကြိုင်တဲ့ အနံ့တွေနဲ့ ဖမ်းယူတတ်ကြပါတယ်၊ ရသာရုံကို မက်မောခင်တွယ်တတ်သူကို အင်မတန်ကောင်းတဲ့ အစားအစာ မျိုးစုံနဲ့ ဖမ်းယူတတ်ကြပါတယ်၊ ဖောဋ္ဌဗ္ဗာရုံကို စွဲမက်တတ်တဲ့သူကို ခြေရင်းခေါင်းရင်းမှာ နီတဲ့အုံးတွေ ပါရှိတဲ့ အင်မတန် အိစက် ညက်ညောတဲ့ အိပ်ရာနေရာတွေနဲ့ ဖမ်းယူတတ်ပါတယ်၊ အကယ်၍သာ အဲဒီဘီလူးမတွေကို မကြည့်ပဲ သတိထားသွားနိုင်မယ်ဆိုယင် ၇-ရက်မြောက်တဲ့ နေ့ တက္ကသိုလ်မြို့မှာ မင်းအဖြစ်ကို ရနိုင်စရာရှိပါတယ်"

အရှင်ပစ္စေကဗုဒ္ဓါတို့ရဲ့ စကားကို ကြားရတဲ့အခါ မင်းသားကလေးက "ဖြစ်ချင်တာ ဖြစ်ပစေပေါ့ဘုရား၊ အရှင်ဘုရားတို့ရဲ့ ဩဝါဒကို ခံယူထား

မှပဲ ဒီကောင်မတွေကို ဘာကြည့်တော့မလဲ'' ဒီလို ပစ္စေကဗုဒ္ဓါတွေကို လျှောက်ထားပါတယ်၊ ပစ္စေကဗုဒ္ဓါတွေကို ပရိတ်ရွတ်စေပါတယ်၊ ပရိတ်သဲ ပရိတ်ချည်တွေကိုယူပြီး ပစ္စေကဗုဒ္ဓါတွေကိုရော, အမေအဖေတွေကိုရော ရှိခိုးပြီးတဲ့နောက် ကိုယ့်အိမ်ကို ပြန်သွားပါတယ်။

''ငါဟာ တက္ကသိုလ်မြို့မှာ မင်းအဖြစ်ကို သိမ်းပိုက်ရအောင် သွားမယ်၊ ခင်ဗျားတို့ ဒီမှာပဲ နေရစ်ကြတာပေါ့''

ဒီလို နောက်လိုက်ငယ်သားတွေကို ပြောပါတယ်၊ ဒီတော့ နောက်လိုက်ငယ်သား ၅-ယောက်က မင်းသားကလေးထံ အတူလိုက်ဖို့ရန် ခွင့်ပန်ကြပါတယ်။

''ကျွန်တော်တို့လဲ နောက်ကလိုက်ပါရစေ''

''ခင်ဗျားတို့ လိုက်လို့မဖြစ်ဖူး၊ လမ်းခရီးအကြားမှာ ဘီလူးမတွေက ရူပါရုံကို စွဲမက်တတ်တဲ့လူကို ရူပါရုံနဲ့, သဒ္ဒါရုံကို စွဲမက်တတ်တဲ့လူကို သဒ္ဒါရုံနဲ့, ဂန္ဓာရုံကို စွဲမက်တတ်တဲ့လူကို ဂန္ဓာရုံနဲ့, ရသာရုံကိုစွဲမက်တတ်တဲ့လူကို ရသာရုံနဲ့, ဖောဋ္ဌဗ္ဗာရုံကို စွဲမက်တတ်တဲ့လူကို ဖောဋ္ဌဗ္ဗာရုံနဲ့ ဖြားယောင်း သွေးဆောင်ပြီး ဖမ်းယူတတ်တယ်တဲ့၊ အင်မတန် ဘေးရန်များတယ်၊ ကျုပ်ကတော့ ကိုယ့်ကိုကိုယ် ကြံစည်တွေးဆပြီးသွားမယ်''

''အရှင်မင်းသားနဲ့ အတူသွားကြရတဲ့ ကျွန်တော်တို့တတွေဟာ ကိုယ်ခင်တွယ် စွဲမက်တတ်တဲ့ ရူပါရုံစတဲ့ အာရုံတွေကို ဘယ်လိုလုပ်ပြီး ကြည့်နေကြတော့မလဲ၊ ကျွန်တော်တို့ကလဲ အရှင်မင်းသားလိုပဲ သွားပါမယ်''

''ဒါဖြင့် မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မလုပ်ကြနဲ့''

ဒီလိုသတိပေး ပြောဆိုပြီး မင်းသားကလေးက နောက်လိုက် ငယ်သား ၅-ယောက်ကို ခေါ်ပြီး ခရီးထွက်လာခဲ့ပါတယ်။

လမ်းမှာ ဘီလူးမတွေက ရွာတွေ့တည်းခိုဇရပ်တွေကို ဖန်ဆင်းပြီး သူတို့ရဲ့ ကိုယ်ကိုလဲ ကြော့နေ မော့နေအောင် ပြုပြင်ဖန်ဆင်းထားကြပါတယ်။

မင်းသားကလေးရဲ့ နောက်လိုက်နောက်ပါ ၅-ယောက်ထဲက ရှုပါရုံကို စွဲမက်တတ်သူတယောက်က ဘီလူးမတွေကို တွေ့ရတဲ့အခါ ရှုပါရုံနဲ့ ဖမ်းစားမှုကိုခံရတဲ့အတွက် အနည်းငယ် နောက်ချန်နေရစ်ပါတယ်၊ ဒီတော့သူ့လူကို စိတ်မချတာနဲ့ မင်းသားကလေးက သတိပေးပြောဆိုပါတယ်။

"ဟော့ ဘာ့ကြောင့် နောက်ချန်နေရစ်ရတာလဲ"

"ခြေတွေနာနေလို့ပါ အရှင်မင်းသားရယ်၊ ဇရပ်မှာ ခဏလေး ထိုင်နေပြီး လိုက်လာခဲ့ပါမယ်"

"ဟော့ ဒါတွေဟာ ဘီလူးမတွေပဲ၊ ဒီကောင်မတွေကို စွဲမက်ပြီး မနေနဲ့"

"အရှင်မင်းသား ဖြစ်ချင်တာဖြစ်ပါစေတော့၊ မစွဲမက်ပဲမနေနိုင်တော့ပါဘူး"

"ဒါဖြင့် နောက်ကျယင် သိရော့ပေါ့"

မင်းသားကလေးက ဘယ်လိုပဲပြောပြော မရတော့ပါ၊ ကျန်ရှိတဲ့ အခြား ၄-ယောက်တို့ကိုပဲ ခေါ်ပြီး သွားရပါတော့တယ်။

ရှုပါရုံကို စွဲမက်ပြီး ကျန်နေရစ်သူက ဘီလူးမတွေဆီကို သွားပါတယ်။ ဘီလူးမတွေကလဲ သူ့ကို ပျူပျူငှာငှာ လက်သင့်ခံပြီး ပျော်ပါးမှုကို ပြုကြပါတယ်၊ ပြီးတော့ အဲဒီနေရာမှာပဲ သွေးရဲရဲ သံရဲရဲနဲ့ ဖမ်းယူစားသောက် အသက်ကုန်ဆုံးခြင်းသို့ ရောက်စေကြပါတယ်။

အဲဒီလို စားသောက်ပြီးတဲ့အခါ ဘီလူးမတွေက မင်းသားကလေးတို့ရဲ့ ရှေ့ကိုသွားပြီး အခြားတည်းခိုစရာ ဇရပ်တခုကို ဖန်ဆင်းထားကြပြန်တယ်၊ တူရိယာအမျိုးမျိုးကို ကိုယ်စီကိုယ်င ကိုင်တွယ်တီးမှုတ်ကြပြီး သီချင်းဆိုနေကြပါတယ်၊ အဲဒီနေရာမှာ သဒ္ဒါရုံကိုစွဲမက်တတ်တဲ့ လူတယောက် ချန်နေရစ်ပြန်တယ်၊ ဘီလူးမတွေက သူ့ကိုလဲ ဖက်လဲတကင်း လက်သင့်ခံပျော်ပါးပြီး စားပစ်လိုက်ကြပါတယ်။

ပြီးတော့ မင်းသားကလေးတွေရဲ့ ရှေ့ကိုသွားကြပြန်တယ်၊ နံ့သာတွေကို ဗူးကြီးဗူးငယ်အမျိုးမျိုးမှာ အပြည့်ထည့်ပြီး ဈေးဖြန့်ခင်းပြီးနေကြပြန်တယ်၊

သင်းပျံ့မွှေးကြိုင်တဲ့အနံ့တွေက ပတ်ဝန်းကျင်မှာ ပျံ့လှိုင်နေပါတယ်၊ အဲဒီမှာ ဂန္ဓာရုံကို စွဲမက်တတ်တဲ့လူတယောက် ချန်နေရစ်ပြန်ရော၊ ဘီလူးမတွေက သူ့ကိုလဲ လက်ခံပျော်ပါးပြီး စားပစ်လိုက်ကြတာပါပဲ။

ပြီးတော့တခါ မင်းသားကလေးတွေရဲ့ ရှေ့ကို ရောက်အောင် သွားကြပြန်တယ်၊ စွဲမက်စရာကောင်းတဲ့ ထမင်းတွေ ဟင်းတွေကို အိုးတွေ ခွက်တွေနဲ့ အပြည့်ထည့်ပြီး ထမင်းဆိုင်တန်း ဖြန့်ခင်းပြီးနေကြပါတယ်၊ အဲဒီမှာ ရသာရုံကို စွဲမက်တတ်တဲ့ လူဘယောက် ချန်နေရစ်ပြန်ရော၊ ဘီလူးမတွေက သူ့ကိုလဲ စားပစ်လိုက်ကြပါတယ်။

ပြီးတော့ မင်းသားကလေးတွေရဲ့ ရှေ့ကိုသွားပြီး အင်မတန် အိစက်ညက်ညောတဲ့ အိပ်ရာနေရာတွေကို ခင်းပြီးနေကြပြန်တယ်၊ အဲဒီမှာ ဖောဋ္ဌဗ္ဗာရုံကို စွဲမက်တတ်တဲ့ လူတယောက် ချန်နေရစ်ပါတယ်၊ သူ့ကိုလဲ ဘီလူးမတွေက စားပစ်လိုက်ကြတာပါပဲ၊ ဘုရားလောင်း မင်းသားကလေးတယောက်တည်းပဲ ကျန်ပါတော့တယ်။

ဒီတော့ ဘီလူးမတယောက်က ''ဒီအမျိုးသားကလေးဟာ သိပ်ထက်မြက်တဲ့ ပညာရှိပါပေတယ်၊ ဘာပဲဖြစ်ဖြစ် ငါသူ့ကို စားပြီးမှ ပြန်မယ်'' ဒီလိုစိတ်ကူးပြီး မင်းသားကလေးရဲ့ နောက်က ထပ်ကြပ်မကွာ လိုက်သွားပါတော့တယ်။

တောအုပ်ကြီးရဲ့တဖက်ကို ရောက်သွားတော့ တောမှာလာပြီး အလုပ်လုပ်တဲ့ လူတွေက ဘီလူးမကို သနားစဖွယ် တွေ့ကြရပါတယ်၊ ဒီတော့ ''ရှေ့က သွားတဲ့ လူဟာ အမ လေးနဲ့ ဘာတော်သလဲ''လို့ မေးကြပါတယ်၊ ''ကျွန်မရဲ့ ငယ်လင်ပါပဲရှင်''ဒီလို ဘီလူးမက ပြန်ပြောပါတယ် ဒါနဲ့ လူတွေက မင်းသားကလေးကို ပြောကြပါတယ်။

''မိတ်ဆွေ ဒီအမျိုးသမီးကလေးဟာ အင်မတန်နုလှပါတယ်၊ ပန်းကုံး ပန်းခိုင်လေးနဲ့ မခြားလှပါဘူး၊ ရွှေအဆင်းလို ဝါဝင်းတဲ့ အဆင်းလဲ ရှိပါတယ်၊ ကိုယ့်ဆွေကိုယ့်မျိုးတွေကို စွန့်လွှတ်ပြီး မိတ်ဆွေကို (အားကိုးအားထားရာ အနေနဲ့) ကြံစည်တွေးဆပြီး လိုက်လာခဲ့ပါတယ်၊ ဘာ့ကြောင့် မပင်ပန်း မနွမ်းနယ်အောင် အတူခေါ်ပြီး မသွားပါသလဲ''

လူတွေရဲ့ ပြောစကားကို ကြားရတော့ မင်းသားကလေးက ပြန်လည်ဖြေ ရှင်း ပြောပြပါတယ်။

"မိတ်ဆွေတို့ ဒီအကောင်ဟာ ကျွန်တော်ရဲ့ မိန်းမ မဟုတ်ပါဘူး၊ ဘီလူးမပဲ ဖြစ်ပါတယ်၊ ဒီအကောင်မဟာ ကျွန်တော့ နောက်လိုက် ၅-ယောက်တို့ကို စားပစ်ခဲ့ပါပြီ"

မင်းသားကလေး စကားဆုံးသွားတာနဲ့ တပြိုင်နက် ဘီလူးမက "မောင်တို့ ရေ ယောကျာ်းတွေဆိုတာ စိတ်ဆိုးတဲ့အခါမှာ ကိုယ့်မိန်းမတွေကို ဘီလူးမလို့ လဲ ပြောတတ်ကြပါတယ်၊ ပြိတ္တာမလို့လဲ ပြောတတ်ကြပါတယ်"လို့ လူတွေကို ပြောပြပါတယ်။

ဘီလူးမကလဲ သွားယင်း ကိုယ်ဝန်ဆောင်အသွင်ကိုဖန်ဆင်းပြီး ပြပါတယ်၊ ပြီးတော့တခါ သားတယောက်မွေးပြီးတဲ့အမျိုးသမီးအသွင် ဖန်ဆင်းပါတယ်၊ သားကလေးကို ခါးထစ်ခွချီပြီး မင်းသားကလေးရဲ့ နောက်က လိုက်နေတာ ပါပဲ။

တွေ့ရသမျှ မြင်ရသမျှလူတွေက တောတွင်း အလုပ်သမားတွေ မေးသလိုပဲ မေးကြပါတယ်၊ မင်းသားကလေးကလဲ အလားတူပဲ ပြောဆိုပါတယ်၊ ဒီလိုနဲ့ သွားယင်းသွားယင်း တက္ကသိုလ်မြို့ကို ရောက်သွားပါတယ်၊ ဘီလူးမက သား ကလေးကို ကွယ်ပျောက်စေပြီး တယောက်တည်းပဲ နောက်က လိုက်လာပါ တယ်။

မင်းသားကလေးက မြို့တံခါးနားကို ရောက်တဲ့အခါ ဇရပ်တဆောင်ပေါ် တက်ထိုင်နေပါတယ်၊ ဘီလူးမက မင်းသားကလေးရဲ့ တန်ခိုးကြောင့် ဇရပ် အတွင်း မဝင်နိုင်ပါဘူး၊ နတ်သမီးကလေးလို လှပအောင် ဖန်ဆင်းပြီး ဇရပ် တံခါး အနားမှာပဲ ရပ်နေရပါတယ်။

အဲဒီအချိန်မှာ တက္ကသိုလ်မင်းက ဥယျာဉ်ကို ထွက်လာပါတယ်၊ ဇရပ်နား မှာရပ်နေတဲ့ ဘီလူးမကို တွေ့ရတော့ တိမ်းညွတ်တဲ့စိတ် ရှိလာပါတယ်။

"သွားစမ်းဟေ့ ဒီအမျိုးသမီးမှာ လင်ရှိတယ်၊ မရှိဘူးဆိုတာ သိ အောင် လုပ်စမ်း"

ဒီလိုပြောပြီး လူတယောက်ကို စုံစမ်း ခိုင်းလိုက်ပါတယ်။

အဲဒီလူက ဘီလူးမအနီးကို သွားပြီး''အမရေ အမမှာ ကာမပိုင်လင်သား များရှိပါသလား''လို့ မေးပါတယ်၊ ''ရှိပါတယ် မောင်ရေ၊ ဟိုဇရပ်ပေါ်မှာ ထိုင်နေတဲ့ လူဟာ အမယောကျ်ားပါပဲ''လို့ ဘီလူးမက ပြောပါတယ်၊ ဒီတော့ မင်းသားကလေးက ''အဲဒီအကောင်မဟာ ကျွန်တော့် မိန်းမ မဟုတ်ပါဖူး၊ ဘီလူးမပဲဖြစ်ပါတယ်၊ ဒီအကောင်မဟာ ကျွန်တော်ရဲ့လူ ၅-ယောက်ကို စား ပစ်ခဲ့ပါတယ်''လို့ ဇရပ်ပေါ်က လှမ်းပြောပါတယ်၊ ဒီတော့ ဘီလူးမကလဲပဲ ''ယောကျ်ားတွေဆိုတာဟာ စိတ်ဆိုးနေတဲ့အခါ ပြောချင်တာကို ပြောတတ် တာပါပဲရှင်''လို့ ပြောပါတယ်။

စုံစမ်းခိုင်းလိုက်တဲ့ ယောကျ်ားက နှစ်ဦးလုံးရဲ့ ပြောစကားကို မင်းကြီး အား ပြန်ပြောပြပါတယ်၊ ဒီတော့ တက္ကသိုလ်မင်းက''ပိုင်ရှင်မရှိတဲ့ ဘဏ္ဍာ ဆိုတာ မင်းရဲ့ ဥစ္စာပဲပေါ့''လို့ ပြောပြီး ဘီလူးမကို အခေါ်ခိုင်းလိုက်ပါ တယ်၊ ဆင်တစီးပေါ်မှာတင်ပြီး မြို့ကို လကျ်ာရစ်လှည့်ပါတယ်၊ နန်းတော် ပေါ်ကို ပြန်ရောက်တဲ့အခါ ဘီလူးမကို မိဖုရားကြီးအရာမှာ ထားလိုက်ပါ တယ်။

တက္ကသိုလ်မင်းက ရေမိုးချိုး အမွှေးနံ့သာ လိမ်းကျံပါတယ်။၊ ညနေ စာ စားသောက်ပြီး ကျက်သရေရှိတဲ့ အိပ်ရာပေါ်ကို တက်ပါတယ်၊ဘီလူးမ ကလဲ ကိုယ့်အတွက် တည်ခင်း ကျွေးမွေးတဲ့ အစာအဟာရကို စားသောက် ပါတယ်၊ တန်ဆာဆင်ယင် ပြင်ဆင်ပြီး ကျက်သရေရှိတဲ့ အိပ်ရာမှာ ရှင်ဘုရင်နဲ့ အတူ ယှဉ်တွဲလဲလျောင်းနေပါတယ်၊ မွေ့လျော်ပျော်ပါးပြီး ရှင်ဘုရင်က သက်တောင့်သက်သာ တဘက်ကို စောင်းအိပ်နေတဲ့ အချိန်မှာ ဘီလူးမက တဘက်ဘေးမှာ လူ လှိမ့်ပြီး ငိုနေပါတယ်။

ဒီတော့ရှင်ဘုရင်က ပျာပျာသလဲ ခြေမကိုင်မိ လက်မကိုင်မိ ဆိုသလို ဖြစ်လာပါတယ်၊ ''ရှင်မရယ် ဘာ့ကြောင့် ငိုနေရပါသလဲ''လို့လဲ မေးပါ တယ်၊ ဒီတော့ ဘီလူးမက မိမိရဲ့ လိုလားချက်တွေကို ဖွင့်ဖော် အန်ထုတ် ပါတော့တယ်။

"အရှင်မင်းမြတ် ကျွန်မကို အရှင်မင်းမြတ်တို့က လမ်းပေါ်မှာတွေ့တာနဲ့သိမ်းပိုက်လာခဲ့ပါတယ်၊ အရှင်မင်းမြတ်တို့ရဲ့ နန်းတော်မှာလဲပဲ မိန်းမတွေအများကြီးရှိနေပါတယ်၊ ကျွန်မဟာ လင်တူ မိန်းမတွေရဲ့ကြားမှာနေရမှာဖြစ်ပါတယ်၊ 'ညည်းအမေက ဘယ်သူ့ အဖေက ဘယ်သူ့, ဘယ်အနွယ်, ဘယ်အမျိုး' ဆိုတာ ဘယ်သူသိလို့လဲ၊ 'ညည်းဟာ လမ်းပေါ်မှာတွေ့လို့ ရှင်ဘုရင်က သိမ်းပိုက်လာတဲ့ကောင်မပဲ' ဒီလိုပြောစရာဆိုစရာတွေ ဖြစ်ပေါ်လာခဲ့ပါယင် ခေါင်းကိုကိုင်ပြီး တအားဖိနှိပ်လိုက်သလို သိန်ငယ်သွားရပါလိမ့်မယ်၊ အသရေပျက် အရှက်ကွဲရပါလိမ့်မယ်၊ အကယ်၍သာ အရှင်မင်းမြတ်တို့က တတိုင်းတနိုင်ငံလုံးမှာ အစိုးရမှုနဲ့ အာဏာကို ကျွန်မအားအပ်နှင်းထားပါယင် ဘယ်သူကမှ ကျွန်မစိတ်မကောင်းအောင်ပြောဆိုနိုင်မယ်မဟုတ်တော့ပါဘူး"

"ရှင်မရေ တတိုင်တနိုင်ငံလုံးမှာ ရှိနေတဲ့လူတွေကို မောင်တော်ကနန်နဲလေးမှ ပိုင်ဆိုင်ခွင့်ရှိတာ မဟုတ်ပါဘူး၊ မောင်တော်ဟာ အဲဒီလူတွေရဲ့ အရှင်သခင်မဟုတ်ပါဘူး၊ မင်းမိန့်အာဏာကို ဖျက်ဆီးပြီးမလုပ်သင့်တာတွေကို လုပ်နေတဲ့ လူတွေရဲ့ အရှင်သခင်သာဖြစ်ပါတယ်၊ ဒါကြောင့် ရှင်မအား တနိုင်ငံလုံးမှာပဲဖြစ်ဖြစ် တမြို့လုံးမှာပဲဖြစ်ဖြစ် အစိုးရမှုနဲ့ အာဏာကို မအပ်နှင်းနိုင်ပါ"

"ဒါဖြင့် ဒါတွေကိုတော့ထားပါတော့၊ နန်းတော်ထဲမှာ ရှိရှိသမျှနန်းတွင်း အမှုထမ်းတွေရဲ့ အပေါ်မှာ ကျွန်မအလိုအတိုင်း လိုက်ပါအောင် အမိန့်အာဏာကို အပ်နှင်းတော်မူပါ"

တက္ကသိုလ်ဘုရင်မင်းမြတ်က အင်မတန်အထက်စာန်းကျတဲ့ ဖောဠမ္ဗာရုံဆိုတဲ့နှောင်အိမ်ထဲမှာ ပိတ်လှောင်ထားမှုကို ခံနေရတဲ့အတွက် ဘီလူးမရဲ့ ပြောစကားကိုမလွန်ဆန်နိုင်တော့ပါ။

"ရှင်မရေ ကောင်းပါပြီ၊ နန်းတွင်းအမှုထမ်းများ အပေါ်မှာ ရှင်မအား အာဏာအပ်နှင်းပါတယ်၊ ရှင်မကပဲ အဲဒီနန်းတော်တွင်းမှာရှိရှိသမျှသူတွေကို ကိုယ့်အလိုကျစီမံပါတော့"

ရှင်ဘုရင်က ဒီလိုဝန်ခံလိုက်ရပါတယ်၊ ဘီလူးမကလဲ "ကောင်းပါပြီ အရှင်မင်းမြတ်"လို့ ပြောဆိုလက်ခံ ထားပါတယ်။

ဘီလူးမက ရှင်ဘုရင်အိပ်ပျော်သွားတဲ့ အချိန်မှာ ဘီလူးမြို့ကိုပြန်သွားပါတယ်၊ ဘီလူးတွေကိုခေါ်လာပါတယ်၊ သူ့ကိုယ်တိုင်ကတော့ ရှင်ဘုရင်ရဲ့ အသက်ဇီဝိန်ကို ခြွေလိုက်ပါတယ်၊ အရိုးလောက်သာချန်ထားပြီး အကြော အရေ အသား အသွေးအကုန်လုံးကို စားသောက်ပစ်လိုက်ပါတယ်။

ကျန်တဲ့ ဘီလူးတွေက တံခါးမကြီးက စပြီး နန်းတော်ထဲမှာ ရှိရှိသမျှ ကြက်တွေ ခွေးတွေကိုတောင် ချန်မထားပဲ အကုန်လုံးကို စားသောက်ပစ်လိုက်ကြပါတယ်၊ အရိုးလောက်ပဲ ချန်ထားခဲ့ကြပါတယ်။

နောက်တနေ့ နန်းတော်တံခါးကို ပိတ်ထားတဲ့အတိုင်းပဲ တွေ့နေကြရပါတယ်၊ ဒါနဲ့ လူတွေက ပေါက်ဆိန်တွေ, ရဲတင်းတွေနဲ့ တံခါးရွက်တွေကို ခုတ်ထစ်ပြီး အတွင်းကို ဝင်ကြည့်တဲ့အခါ နန်းတော်တခုလုံး အရိုးတွေ ပြန့်ကြဲနေတာ တွေ့ရပါတယ်၊ ဒီတော့ လူတွေက -

> "ဒီအကောင်မဟာ ကျွန်တော်ရဲ့မိန်းမ မဟုတ်ပါဘူး၊ ဘီလူးမပဲ ဖြစ်ပါတယ်လို့ မြို့တံခါးနား ဇရပ်ကို ရောက်နေတဲ့ အမျိုးသားက ပြောဆိုတဲ့စကားဟာ သိပ်မှန်တာပဲ၊ ရှင်ဘုရင်ကတော့ ဘာမှ မသိနားမလည်ပဲ ဒီအကောင်မကို သိမ်းပိုက်ခေါ်ယူလာပြီး မိဖုရားမြှောက်ခဲ့ပါတယ်၊ အဲဒီအကောင်မက ဘီလူးတွေကိုခေါ်ပြီး လူအကုန်လုံးကို စားသောက်သွားတာ ဖြစ်ပါလိမ့်မယ်"

ဒီလို ဝေဖန်ပြောဆိုနေကြပါတယ်။

မင်းသားကလေးလဲ တနေ့လုံး အဲဒီဇရပ်မှာပဲ ပရိတ်သဲကို ခေါင်းပေါ်မှာ တင်ထားပါတယ်၊ ပရိတ်ချည်ကိုတော့ (ဘေးပတ်ဝန်းကျင်က) အကာအရံ လုပ်ထားပါတယ်၊ သန်လျက်ကို စွဲကိုင်ပြီး ရပ်ယင်းပဲ အရုဏ်တက်စေပါတယ်။

လူတွေက နန်းတော်တခုလုံးကို သုတ်သင်ရှင်းလင်းကြပါတယ်၊ နွားချေးစိုတွေနဲ့ လိမ်းသုတ်မှုကိုလဲ ပြုကြပါတယ်၊ အပေါ်မှာ နံ့သာတွေနဲ့ လိမ်းကျံ

ကြပါတယ်၊ ပန်းတွေကို ကြဲဖြန့်ပြီး ပန်းကုံးတွေကိုလဲ ဆွဲချိတ်ထားကြပါတယ်၊ အခိုးအထုံတွေနဲ့လဲ ထုံကြပါတယ်၊ လတ်ဆတ်တဲ့ပန်းတွေကိုလဲ ဖွဲ့ချည်ထားကြပါတယ်၊ အကုန်လုံး ကိစ္စတွေ ပြီးသွားတဲ့အခါ နှီးနှောဆွေးနွေးကြပါတယ်။

"မိတ်ဆွေတို့ မြို့တံခါးနားက ဇရပ်ပေါ်ကို ရောက်နေတဲ့ အမျိုးသားဟာ နတ်သမီးကလေးလို ဖန်ဆင်းပြီး နောက်က လိုက်နေတဲ့ ဘီလူးမကို စောင်းငဲ့လို့တောင်မှ မကြည့်ဖူး၊ အင်မတန် အထက်တန်းကျသူ ဖြစ်ပါတယ်၊ တည်ကြည်မှုလဲ ရှိပါတယ်၊ ဉာဏ်အမြော်အမြင်နဲ့လဲ ပြည့်စုံပါတယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးက တနိုင်ငံလုံးကို ဆုံးမ အုပ်ချုပ်မင်းလုပ်လို့ရှိယင် တတိုင်းတနိုင်ငံလုံး ချမ်းသာသုခရရှိမှာ အမှန်ပါပဲ၊ သူ့ကိုပဲ မင်းမြှောက်ကြစို့"

ဒီအဆိုပြုချက်ကို အမတ်အကုန်လုံး မြို့သူမြို့သား အကုန်လုံးက သဘောတူညီကြပါတယ်။ ဒါနဲ့ သူတို့အကုန်လုံး မင်းသားကလေးဆီကို သွားပြီး "အရှင့်သား အရှင့်သားကပဲ ဒီမြို့မှာ မင်းလုပ်ပါတော့"လို့ ပြောဆိုတောင်းပန်ပြီး မြို့တွင်းကို ပင့်ဆောင်လာကြပါတယ်၊ ရတနာပုံပေါ် တင်ပြီး အဘိသိက်သွန်းကြပါတယ်၊ တက္ကသိုလ်မြို့မှာပဲ မင်းမြှောက်မှုကို ပြုကြပါတယ်။

"မင်းသားကလေးဟာ ပရိတ်ချည် ပရိတ်သဲရဲ့ တန်ခိုးကြောင့် ဘီလူးဘေးက လွတ်မြောက်ပြီး မင်းအဖြစ်ကို ရောက်ရတယ်"လို့ ဆိုရမှာပါပဲ။

ပြီးတော့ ဘုရားရှင်လက်ထက်တော်မှာပဲ ၇-ရက်အတွင်းသေရမဲ့ ကလေးတယောက်ဟာ ရဟန်းတော်တွေက ၇-ရက်လုံးလုံး ပရိတ်ရွတ်ပေး၊ ၇-ရက်မြောက်တဲ့နေ့မှာ ဘုရားရှင်ပါ ပရိတ်ရွတ်ပေး၊ ဒီလိုလုပ်တာနဲ့ ၇-ရက်အတွင်းမသေတော့ပဲ အသက် ၁၂၀-ရှည်လာရပါတယ်၊ ဒါလဲ ပရိတ်တော်ရဲ့တန်ခိုးပရိတ်ရွတ်ခြင်းရဲ့ အကျိုးအာနိသင်ပါပဲ၊ ဒီအကြောင်းကို ဆက်ပြီး ပြောပြပါဦးမယ်။

မောင်သက်ရှည် [၁]။ ။ဒီဃလဃိက မြို့သား ပုဏ္ဏား ၂-ယောက် တို့ဟာ သာသနာ့ပြင်ပ ရသေ့လုပ်ကြပါတယ်၊ ၄၈-နှစ်လုံးလုံး ကိုယ်ခန္ဓာကို ပူပန်ဆင်းရဲစေတတ်တဲ့(အတ္တကိလမထ)အကျင့်များကို ကျင့်ကြပါတယ်။

ရသေ့တဦးက "ငါ့ရဲ့အနွယ်အဆက်ဟာ ပျက်စီးရပေလိမ့်မယ်၊ လူထွက်ဦးမှပဲ"လို့ တွေးတောစဉ်းစားပြီး မိမိကျင့်လာတဲ့ အကျင့်ကို အခြားလူများအား ရောင်းချပါတယ်၊ နွားတရာ,ငွေတရာ, မယားတယောက် ရရှိပါတယ်၊ ဒါနဲ့ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေထိုင်မှုကိုပြုပါတယ်၊ သူ့မိန်းမမှာ သားကလေးတယောက် မွေးဖွားလာပါတယ်။

သူ့ရဲ့ သူငယ်ချင်း ရသေ့ကတော့ အရပ်တပါးကို သွားနေပြီးတဲ့နောက် အဲဒီမြို့ကိုပဲ ပြန်လာပါတယ်၊ ရသေ့လူထွက်က သူငယ်ချင်းရသေ့ ပြန်လာကြောင်းကြားရတဲ့အခါ သားမယားကိုခေါ်ပြီး သူငယ်ချင်းကို ဖူးမြင်ရအောင် သွားပါတယ်၊ ရောက်သွားတဲ့အခါ အမေ့လက်ထဲမှာ ကလေးကို ထားပြီး လက်ဦးဆုံး ကိုယ်တိုင် ရှိခိုးပါတယ်၊ အမေကလဲ သားကလေးကို အဖေ့လက်ပြန်အပ်ပြီး ရှိခိုးပါတယ်၊ ရသေ့က "အသက်ရှည်ကြပါစေ" လို့ ပြောဆိုမြွက်ကြားပါတယ်၊ သားကို ရှိခိုးခိုင်းတဲ့အခါမှာတော့ တိတ်တိတ် နေပါတယ်၊ ဘာမှ ပြောဆိုမြွက်ကြားမှုကို မပြုပါဘူး၊ ဒီတော့ ကလေးအဖေက ရသေ့ကို မေးမြန်းလျှောက်ထားပါတယ်။

"အရှင်ဘုရား တပည့်တော်တို့ လင်မယား ရှိခိုးတဲ့အခါမှာ 'အသက်ရှည်ကြပါစေ'လို့ ပြောဆိုမြွက်ကြားပြီး ဒီကလေး ရှိခိုးတဲ့အခါမှာတော့ အရှင်ဘုရားက ဘာစကားကိုမှ ပြောဆိုမြွက်ကြားမှု မပြုပါ၊ ဘာ့ကြောင့် ဒီလိုပြုလုပ်ရပါသလဲ"

"မိတ်ဆွေပုဏ္ဏား ဒီကလေးမှာ အန္တရာယ်တခုရှိနေတယ်"

"ဘယ်လောက် အသက်ရှည်နိုင်မှာပါလဲ ဘုရား"

"ဒီကလေးဟာ ၇-ရက်လောက်သာ အသက်ရှည်မယ်"

၁။ ဓမ္မပဒ ဌ-ပ-၄၂၃။

“အန္တရာယ်ကို ကာကွယ်ဆီးတားနိုင်တဲ့ နည်းလမ်း ရှိပါသလား ဘုရား”

“အန္တရာယ်ကို ကာကွယ်ဆီးတားနိုင်တဲ့ နည်းလမ်းကို ငါ-နား မလည်ဖူး”

“ဒါဖြင့် ဘယ်သူ နားလည်နိုင်ပါသလဲဘုရား”

“ရဟန်းဂေါတမ နားလည်နိုင်စရာ ရှိတယ်၊ သူ့ဆီသွားပြီး မေးတာပေါ့”

“ရဟန်းဂေါတမဆီကိုသွားလို့ရှိယင် အကျင့်ယုတ်လျော့ ပျက်စီး သွားမှာကို စိုးရိမ်ပါတယ်”

“တကယ်လို့သာ ဒါယကာက သားကလေးအပေါ်မှာ ချစ်ခင် မြတ်နိုးမှုရှိယင် အကျင့်ပျက်မှာကို စိုးရိမ်မနေပါနဲ့တော့၊ သူ့ဆီကို ခပ်မြန်မြန်သွားပြီးတော့ မေးလိုက်စမ်းပါ”

မိတ်ဆွေရသေ့ရဲ့စကားကို ကြားရတဲ့အခါ ဘုရားရှင်ထံသွားပြီး သူက ဦးစွာရှိခိုးပါတယ်၊ ဘုရားရှင်က “အသက်ရှည်ပါစေ”လို့ မိန့်တော်မူပါတယ်၊ မယားကရှိခိုးတဲ့အခါမှာလဲ အလားတူပဲ မိန့်တော်မူပါတယ်၊ သားကလေးကို ရှိခိုးခိုင်းတဲ့အခါမှာ တိတ်တိတ်နေတော်မူပါတယ်။

ဒီတော့ ကလေးအဖေ ပုဏ္ဏားက မိတ်ဆွေရသေ့ကိုမေးသလိုပဲ ဘုရား ရှင်ကို မေးမြန်းလျှောက်ထားပါတယ်၊ ဘုရားရှင်ကလဲ ရသေ့ပြောလိုက် သလိုပဲ အမိန့်ရှိတော်မူပါတယ်၊ ဒီတော့ ပုဏ္ဏားက ဘုရားရှင်ကို ဆက်လက် လျှောက်ထားမေးမြန်းပါတယ်။

“အရှင်ဘုရား ဘေးရန်ကို တားမြစ်နိုင်တဲ့ နည်းလမ်းရှိပါ သလား”

“ရှိပါတယ် ဒါယကာပုဏ္ဏား”

“ဘယ်လို ရှိပါသလဲဘုရား”

“သင်က မိမိရဲ့အိမ်နားမှာ မဏ္ဍပ်ဆောက်လုပ်ခိုင်းရမယ်၊ အဲဒီ မဏ္ဍပ်ရဲ့အလယ်မှာ ခုတင်ကလေးတခုထားရမယ်၊ အဲဒီခုတင်ကလေးရဲ့

ဘေးပတ်လည်က နေရာ ၈-ခုဖြစ်စေ၊ ဒါမှမဟုတ်ယင် ၁၆-ခုဖြစ်စေ ခင်းထားရမယ်၊ အဲဒီနေရာတွေမှာ ငါ့ဘုရားရဲ့ တပည့်သာဝကဖြစ်တဲ့ ရဟန်းတော်များကိုနေစေပြီး ၇-ရက်လုံးလုံး မပြတ်မလပ် ပရိတ်ရွတ်စေရမယ်၊ ဒီလိုလုပ်နိုင်လို့ရှိယင် အန္တရာယ်ပြေပျောက်သွားမှာပါပဲ”

“အရှင် ဂေါတမ အကျွန်ုပ်က မကျွပ်စတဲ့ဟာတွေကို လုပ်နိုင်ပါတယ်၊ အရှင်ဘုရားရဲ့ တပည့်ရဟန်းတွေကို ဘယ်လိုရနိုင်ပါ့မလဲ”

“သင်ပုဏ္ဏားက ဒီလောက်လုပ်ထားလို့ရှိယင် ငါဘုရားက ငါ့ရဲ့ တပည့်ရဟန်းတော်တွေကို လွှတ်လိုက်မှာပေါ့”

“ဒါဖြင့်ကောင်းပါပြီ အရှင်ဂေါတမ”

ပုဏ္ဏားက ဒီလိုဝန်ခံသွားပြီး မိမိရဲ့အိမ်တံခါးအနီးမှာ မကျွပ်လဲဆောက်ပါတယ်၊ ကျန်တဲ့ကိစ္စတွေကိုလဲ ပြီးဆုံးအောင်စီမံလုပ်ကိုင်ပါတယ်၊ ပြီးတော့ ဘုရားဆီကို သွားရောက် လျှောက်ထားပါတယ်။

ဘုရားရှင်က ရဟန်းတော်တွေကို လွှတ်လိုက်ပါတယ်၊ ရဟန်းတော်တွေက အဆင်သင့် ပြုလုပ်ထားတဲ့ နေရာမှာ သွားရောက် ထိုင်နေကြပါတယ်၊ ကလေးကိုလဲပဲ ခုတင်ကလေးပေါ်မှာ သိပ်ထားခိုင်းကြပါတယ်။

ရဟန်းတော်တွေက ၇-ရက်လုံးလုံးမပြတ်မလပ် (အသံမစဲအောင်) ပရိတ်ရွတ်နေကြပါတယ်၊ ၇-ရက်မြောက်နေ့ ညနေချမ်းအချိန်မှာ ဘုရားရှင်ကိုယ်တော်တိုင် ကြွလာပါတယ်၊ ဘုရားရှင် ကြွလာတယ်ဆိုယင်ပဲ စကြဝဠာအကုန်လုံးမှာရှိနေတဲ့ နတ်ပြဟ္မာတွေက လာရောက်စည်းဝေးကြပါတယ်။

နဲနဲကြားညှပ်ပြီး ပြောပါဦးမယ်၊ အဝရုဒ္ဓဆိုတဲ့ ဘီလူးတကောင်ဟာ ဝေဿဝဏ်နတ်မင်းကို ၁၂-နှစ်လုံးလုံး လုပ်ကျွေးပါတယ်၊ ပရိတ် စ,ရွတ်တဲ့နေ့က “၇-ရက်မြောက်တဲ့နေ့မှာ ဒီကလေးကို ဖမ်းယူစားသောက်နိုင်တယ်” ဆိုတဲ့ဆုကို ဝေဿဝဏ်နတ်မင်းဆီက ရထားပါတယ်၊ ဒါ့ကြောင့် အဲဒီ အဝရုဒ္ဓဘီလူးလဲပဲ လာရောက်ရပ်နေပါတယ်။

မြတ်စွာဘုရားက အဲဒီနေရာကိုရောက်လာလို့ တန်းခိုးကြီးတဲ့ နတ်တွေစုပြုံရောက်လာတဲ့အခါ တန်ခိုးမရှိတဲ့ နတ်တွေက ၁၂-ယူဇနာ ထိအောင်

နောက်ကို ဆုတ်ဆုတ်ပြီးပေးကြရပါတယ်၊ ဘုရားရှင်အနားမှာ နေရာမရကြပါဘူး၊ အဝရုဒ္ဓဘိလူးဟာလဲ အဲဒီလိုပဲ ၁၂-ယူဇနာထိအောင် ဆုတ်ပေးရပါတယ်၊ ဘုရားရှင်ကလဲ တညည့်လုံး ပရိတ်ရွတ်တော်မူပါတယ်၊ ၇-ရက်လွန်သွားတဲ့အခါ အဝရုဒ္ဓဘိလူးက ကလေးကို စားခွင့်မရတော့ပါဘူး။

၈-ရက်မြောက်နေ့ အရုဏ်တက်လာတယ် ဆိုယင်ပဲ ပရိတ်ရွတ်တာကို ရပ်ဆိုင်းလိုက်ပါတယ်၊ အမေအဖေတွေက ကလေးကိုယူလာပြီး ဘုရားရှင်ကို ရှိခိုးခိုင်းကြပါတယ်၊ ဒီတော့မှ ဘုရားရှင်က "အသက်ရှည်ပါစေ"လို့ မိန့်မြွက်တော်မူပါတယ်၊ "အရှင်ဂေါတမ ဒီကလေးဟာ ဘယ်လောက် အသက်ရှည်မှာပါလဲ" ပုဏ္ဏားက လျှောက်တဲ့အခါမှာ "အသက်တရာ့နှစ်ဆယ်ရှည်ပါလိမ့်မယ်"လို့ မိန့်တော်မူပါတယ်။

(ယခုကာလမှာ ဇာတာတွေ ရက်ချုပ်တွေ ရေးပေးနေတဲ့ လူတွေက အဆုံးမှာ "အသက်တရာ့နှစ်ဆယ် ရှည်စေသောဝ်"လို့ ရေးရေးနေကြတာဟာ ဒါကိုအကြောင်းပြုပြီး ရေးနေကြဟန်တူပါတယ်။)

ဒါနဲ့ အဲဒီကလေးကို "အာယုဝဍ္ဍနကုမာရ(မောင်သက်ရှည်)"လို့ အမည်ပေးကြပါတယ်၊ သူဟာ ကြီးလာတဲ့အခါ နောက်လိုက်နောက်ပါ အခြွေအရံ ဥပါသကာ ၅၀၀-နဲ့အတူ လှည့်ပတ်သွားလာနေပါတယ်၊ ဒီတော့ တနေ့သောအခါ ဓမ္မာရုံဇရပ်မှာ ရဟန်းတွေက ဒီအကြောင်းကို ပြောနေကြပါတယ်။

> "ငါ့ရှင်တို့ ကြည့်စမ်း၊ အာယုဝဍ္ဍနကလေးဟာ ၇-ရက်မြောက်နေ့မှာ သေရမဲ့သူပါ၊ အခုတော့ အသက် ၁၂၀-ရှည်မဲ့ သူကလေးဖြစ်လာပါတယ်၊ နောက်လိုက်နောက်ပါ အခြွေအရံ ဥပါသကာ ၅၀၀-နဲ့အတူ လှည့်ပတ် သွားလာနေပါတယ်၊ ဒီသတ္တဝါတွေမှာ အသက်တိုးပွားခြင်းရဲ့ အကြောင်းရှိဟန် တူပါတယ်"

ဒီလို ပြောဆိုနေကြတဲ့ အချိန်မှာပဲ ဘုရားရှင်ကြွလာပြီး "သင်တို့တတွေဟာ ဘာတွေကို ပြောဆို ဆွေးနွေးနေကြသလဲ"လို့ မေးတော်မူပါတယ်၊ ရဟန်းတွေကလဲ မိမိတို့ပြောသမျှစကားတွေကို မခြွင်းမချန် အမှန်အတိုင်း ပြန်လည်လျှောက်ထားကြပါတယ်၊ ဒီတော့ ဘုရားရှင်က—

"ရဟန်းတို့ အသက်တိုးပွားရုံသက်သက်သာ မဟုတ်သေးပါဘူး၊ ဂုဏ်ရှိသူတွေကို ရှိခိုးကြတဲ့ ဒီသတ္တဝါတွေဟာ အကြောင်း ၄-ပါးနဲ့ ကြီးပွားတိုးတက်ကြပါတယ်၊ ဘေးရန်က လွတ်ကင်း ကြပါတယ်၊ အသက်တမ်းကုန်ဆုံးအောင်ပဲ နေကြရပါတယ်"

ဒီစကားကို မိန့်တော်မူပါတယ်၊ ပြီးတော့ ဒီစကားနဲ့ဆက်စပ်ပြီး—

"အသက်သိက္ခာကြီးသူတွေကို ရိုသေမြတ်နိုးရှိခိုးနေသူ အမြဲတမ်း ပူဇော်နေသူတွေမှာ 'အသက်ရှည်ခြင်း, အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားကြီးခြင်း' ဆိုတဲ့ အကျိုးတရား ၄-ပါး တိုးပွားရပါတယ်"

ဆိုတဲ့ တရားကိုလဲ ဟောကြားတော်မူပါတယ်၊ လိုက်ဆိုလိုက်ကြဦး—

အသက်သိက္ခာ-ကြီးသူများကို၊ ရိုသေလေးစား- ရှိခိုးကွယ်၊
အမြဲမက္ခာ-ပူဇော်မှုလဲ၊ ကောင်းစွာပြုကြ-ကွယ်တို့ရယ်၊
အသက်ရှည်ကြာ-အဆင်းလှလို့၊ ချမ်းသာပြည့်ဝ-ခွန်အားကြွယ်၊
လက်ငင်းမကြာ-ကျိုးလေးပါးတို့၊ ဖွံ့ဖြိုးတိုးပွား-လာလိမ့်မယ်။

ဒီအကျိုး ၄-ပါးထဲက အသက်ရှည်ခြင်းဟာ ပဓာနပါပဲ၊ အသက်ရှည် သလောက် ကျန်တဲ့အကျိုးတွေလဲ တိုးပွားကြရတာပါပဲ၊ နှစ်ပေါင်း ၅၀-အသက်ရှည်နိုင်လောက်တဲ့ ကုသိုလ်ကံကို ပြုလုပ်ထားသူ တယောက်မှာ "၂၅-နှစ်လောက်ရှိတဲ့အခါ အသက်အန္တရာယ် ဖြစ်လာတယ်" ဆိုပါတော့၊ ရိုသေမြတ်နိုး ရှိခိုးတာနဲ့ပဲ အဲဒီ အန္တရာယ်ဟာ ငြိမ်းအေးသွားရပါတယ်၊ အဲဒီ လူဟာ အသက်တမ်းရှိသလောက် အနှစ် ၅၀-အသက်ရှည်နိုင်ပါတယ်၊ သူ့မှာ "အဆင်းလှခြင်း, ချမ်းသာခြင်း, ခွန်အားကြီးခြင်း" ဆိုတဲ့ အကျိုးတွေဟာလဲ အသက်နဲ့အတူပဲ တိုးပွားလာရပါတယ်၊ "အန္တရာယ်မရှိပဲ သူ့ကံအလျောက် ဖြစ်နေတဲ့ အသက်ရဲ့တိုးပွားမှု" ဆိုတာကတော့ မရှိနိုင်ပါဘူး။

ဒါနဲ့ပတ်သက်လို့ ပိုပြီးသံသယရှင်းသွားအောင် မိလိန္ဒမင်းနဲ့ ရှင်နာဂသေန တို့ ဆွေးနွေးခန်းကို ဆက်လက်ပြောပြပါဦးမယ်။

သေမင်းကျော့ကွင်းက လွတ်နိုင်မလွတ်နိုင်[၁]။ ။"အရှင်ဘုရား" မိုးပေါ်ကို ပျံတက် နေပေမဲ့ သေမင်း ကျော့ကွင်းက မလွတ်နိုင်၊ သမုဒ္ဒရာအလယ်မှာနေပေမဲ့ သေမင်းကျော့ကွင်းက မလွတ်နိုင်၊ တောင်ခေါင်းထဲကို ဝင်နေပေမဲ့ သေမင်းကျော့ကွင်းကမလွတ်နိုင်၊ သေမင်းကျော့ကွင်းက လွတ်မြောက်နိုင်တဲ့ မြေအရပ်ဟာ မရှိပါဖူး" ဆိုတဲ့ စကားကိုလဲ ဘုရားရှင်ဟောတော်မူပါတယ်။

နောက်တခါ 'ရတနသုတ်, မေတ္တသုတ်, ခန္ဓပရိတ်, မောရပရိတ်, ဓဇဂ္ဂ ပရိတ်, အာဋာနာဋိယသုတ်, အင်္ဂုလိမာလပရိတ်' ဆိုတဲ့ (အရံအတား) ပရိတ် တွေကိုလဲ ဘုရားရှင် ညွှန်ပြဟောကြားတော်မူပါတယ်။

အရှင်ဘုရား ကောင်းကင်၌ တည်နေသူ, သမုဒ္ဒရာအလယ်၌ တည်နေသူ, ပြာသာဒ် အိမ် လိုဏ်ဂူ တောင်ခေါင်း ချောက်ကြား တွင်းအပေါက် တောင် ကြားများမှာ ခိုအောင်းနေသူများဟာ တကယ်လို့သာ သေမင်းကျော့ကွင်း က မလွတ်ခဲ့ပါယင် ပရိတ်အရံအတားကို ပြုတာဟာ မှားရာ ရောက်တော့မှာ ပေါ့။

ပရိတ်အရံအတားကိုပြုတဲ့အတွက် သေမင်းကျော့ကွင်းက လွတ်ရိုးမှန်ပါ ယင် "သေမင်းကျော့ကွင်းက လွတ်မြောက်နိုင်တဲ့မြေအရပ်မရှိ" ဆိုတဲ့ စကား ဟာ မှားရာ ရောက်တော့မှာပေါ့။

အစွန်းနှစ်ဘက် ထွက်တဲ့ (အနှောင့်မလွတ် အသွားမလွတ် ဖြစ်နေတဲ့) အင်မတန် ခဲရာခဲဆစ် ဖြစ်နေတဲ့ ဒိပြဿနာကို ဖြေရှင်းပေးတော်မူပါ။

"မဟာရာဇာ 'သေမင်းကျော့ကွင်းက လွတ်မြောက်နိုင်တဲ့ မြေအရပ်မရှိ' ဆိုတဲ့ စကားကို ဘုရားရှင် ဟောတော်မူတာလဲ မှန်ပါတယ်၊ မြတ်စွာဘုရား ဟာ ပရိတ်အရံအတားကို ထုတ်ဖော်ဟောကြားတာလဲ မှန်ပါတယ်၊ အဲဒီ ပရိတ်အရံအတားဟာလဲ အရွယ်နဲ့ပြည့်စုံပြီး ကံတားမြစ် ပိတ်ပင်ခြင်းက လွတ် တဲ့(အပေတကမ္မာဝရဏ) အသက်ကြွင်းရှိသေးတဲ့ သူအတွက်သာ ဖြစ်ပါတယ်၊ အသက်တမ်း ကုန်ပြီးတဲ့ လူတယောက် ဆက်လက်တည်တံ့ဖို့ ပြုပြင်လို့လဲမရပါ ဖူး၊ ကြိုးစားလို့လဲ မရပါဖူး။

၁။ မိလိန္ဒပဉှာ ပါ- ၁၂၅။

"မဟာရာဇာ ရေအိုးတထောင်လောက်နဲ့ ရေပက်ဖျန်း သွန်းလောင်းပေမဲ့ အူနာခေါင်းဆွေး ဖြစ်နေတဲ့ သစ်ခြောက်ပင်တပင်ဟာ အရွက်တွေ, အညွန့်တွေနဲ့ စိုပြေစိမ်းရှင်ခြင်း မဖြစ်နိုင်တော့သလို အသက်တမ်းကုန်ပြီး လူတယောက် ဆက်လက်တည်တံ့ဖို့ ပြုပြင်လို့လဲ မရတော့ပါဖူး၊ ကြိုးစားလို့လဲ မရတော့ပါဖူး၊ မြေအပြင်မှာ ရှိရှိသမျှ ဆေးတွေဟာလဲပဲ အသက်တမ်း ကုန်ပြီးဖြစ်တဲ့ လူတယောက်အတွက် ဆေးကိစ္စကို မပြုလုပ်နိုင်တော့ပါဖူး။

"မဟာရာဇာ အရွယ်နဲ့လဲပြည့်စုံရမယ်၊ကံပိတ်ပင်တားမြစ်မှုကလဲကင်းလွတ်ရမယ်၊ အသက်ကြွင်းလဲ ရှိရမယ်၊ ဒီလိုလူမျိုးကိုသာ ပရိတ်အရံအတားတစောင့်ရှောက်နိုင်ပါတယ်၊ လုံခြုံစေနိုင်ပါတယ်၊ ဒီလို လူမျိုးအတွက်သာ ဘုရားရှင်က ပရိတ်အရံအတားကို ထုတ်ညွှန်ဟောကြားတော် မူပါတယ်။

"မဟာရာဇာ အသီးတွေမှည့်ရင့်လာပြီး သေစပြုလာတဲ့ကောက်ပင်ဟာ ရေသွင်းပေးပေမဲ့ ရေအားနဲ့ မကြီးပွားနိုင်တော့ပါဖူး၊ ဒါနဲ့ လယ်သမားဟာလဲ ဒီလိုကောက်ပင်တွေအတွက် ရေသွင်းမှုကို ရပ်ဆိုင်းထားတတ်ပါတယ်၊ နုသေးပြီး စိမ်းညိုနေတဲ့ အရွယ်ရှိသေးတဲ့ ကောက်ပင်မျိုးကသာ ရေအားနဲ့ ကြီးပွားနိုင်ပါတယ်၊ဒီနည်းအတိုင်းပါပဲ အသက်ကုန်ပြီးတဲ့ လူအတွက် ဆေးဝါးကုသမှု ပရိတ်ရွတ်မှုကို ရပ်တန့်ထားရပါတယ်၊ ပယ်မြစ်ထားရပါတယ်၊ အရွယ်နဲ့လဲ ပြည့်စုံမယ်၊ အသက်ကြွင်းလဲ ရှိသေးမယ်၊ ဒီလူတွေအတွက်သာ ပရိတ်ရွတ်ရန် ဆေးဝါးကုသရန် ဟောကြားတော်မူပါတယ်၊ အဲဒီလို လူတွေကသာ ပရိတ်ရွတ်မှု ဆေးဝါးကုသမှုတွေနဲ့ တိုးတက်ကြီးပွားနိုင်ပါတယ်"

"အရှင်ဘုရား အသက်ကုန်ပြီးတဲ့ လူတယောက်က သေမယ်၊ အသက်ကြွင်းရှိသေးတဲ့ လူတယောက်က အသက်ရှင်မယ်၊ ဒီလိုဆိုတော့ ပရိတ်ရွတ်မှု ဆေးဝါးကုသမှုတွေဟာ အကျိုးမရှိရာ ရောက်နေပြီပေါ့"

"မဟာရာဇာ ဆေးတွေကြောင့် သက်သာ ပျောက်ကင်းသွားတဲ့ အနာရောဂါ တမျိုးမျိုးကို သင်တွေ့ဖူးရဲ့လား"

"အရှင်ဘုရား ရာပေါင်းများစွာ တွေ့ဖူးပါတယ်"

"မဟာရာဇာ ဒီလိုသာ ဖြစ်ရိုးမှန်ယင် 'ပရိတ်ရွတ်မှု ဆေးဝါးကုသမှုဟာ အကျိုးမရှိ' ဆိုတဲ့စကားဟာ မှားနေပြီပေါ့"

"အရှင်ဘုရား 'ဆေးသောက်ခြင်း ဆေးလိမ်းခြင်း'ဆိုတဲ့ ဆေးဆရာတွေရဲ့ လုံ့လဟာ ထင်ရှားပါတယ်"

"မဟာရာဇာ ပရိတ်တွေကို ရွတ်လို့ရှိယင်လဲပဲ ပရိတ်ရွတ်ဆိုသံကို ကြားရမယ်၊ လျှာခြောက်လာမယ်၊ စိတ်ထဲက ကြောင့်ကြစိုက်ရမယ်၊ လည်ချောင်းနာလာမယ်၊ အဲဒီပရိတ်ရွတ်သံကြောင့်ပဲ ရောဂါအကုန်လုံးဟာ ငြိမ်းအေးရပါတယ်၊ ဘေးရန်အကုန်လုံး ကင်းကွာသွားရပါတယ်။

"မဟာရာဇာ မြွေဆရာက ဂါထာမန်းမှုတ်ပြီး အဆိပ်ချတဲ့အခါ ပျို့အန်ဝမ်းလျှောတဲ့ မြွေကိုက်ခံရသူတဦးတယောက်ကို သင်တွေ့ဖူးရဲ့လား"

"အရှင်ဘုရား တွေ့ဖူးပါတယ်၊ လောကမှာ အခုအချိန် ထိအောင်ပဲ အဲဒီအဆိပ်ချခြင်းဟာ ရှိနေပါသေးတယ်"

"မဟာရာဇာ ဒီလိုဆိုယင် 'ပရိတ်ရွတ်မှု ဆေးဝါးကုသမှုဟာ အကျိုးမရှိ'ဆိုတဲ့ စကား မှားနေပြီပေါ့၊ မဟာရာဇာ ပရိတ်အရံအတား ပြုလုပ်ထားတဲ့သူကို ကိုက်လိုတဲ့မြွေလဲ မကိုက်ဝံ့ပါဘူး၊ ဟင်းလင်းပွင့်လာတဲ့ မြွေပါးစပ်ဟာ ပိတ်သွားရပါတယ်၊ ခိုးသားဒမြတွေ မြှောက်ချီရွယ်မိုးထားတဲ့ တင်းပုတ်ဟာလဲ(ရိုက်ပုတ်သတ်ဖြတ်ရန်)မဖြစ်မြောက်နိုင်တော့ပါဘူး၊တင်းပုတ်ကို ကိုင်ထားတဲ့ လူတွေဟာ တင်းပုတ်ကို လွှတ်ချပြီး ချစ်ခင်မှုကို ပြုကြရပါတယ်၊ အမျက်ထွက်နေတဲ့ ဆင်ပြောင်ကြီးဟာလဲ 'ထိုးမယ်'လို့ အနားကို လာပြီးမှ ကြည်ရွှောင်သွားရပါတယ်၊ တောက်လောင်လာတဲ့ မီးပုံကြီးဟာလဲ အနားကို ရောက်လာတဲ့အခါ ငြိမ်းအေးသွားရပါတယ်၊ စားမျိုမိတဲ့ လတ်တလော သေစေတတ်တဲ့ အဆိပ်အတောက်ဟာလဲပဲ ဆေးဖြစ်ပြီး အာဟာရ အလို့ငှာ ပျံ့နှံ့ရပါတယ်၊ သတ်လိုတဲ့အတွက် အနားကို ရောက်လာကြတဲ့ လူသတ်သမားတွေဟာလဲပဲ ကျွန်အဖြစ်သို့ ကပ်ရောက်သွားကြပါတယ်၊ နင်းမိတဲ့ ကျော့ကွင်းဟာလဲပဲ မဖွဲ့မိနိုင်တော့ဘူး။

"မဟာရာဇာ 'ပရိတ်အရံအတားပြုလုပ်ထားတဲ့ ဥဒေါင်းမင်းကို မုဆိုးက နှစ်ပေါင်း ၇၀၀-လုံးလုံး မဖမ်းဆီးနိုင်ဘူး၊ ပရိတ်အရံအတားကို မပြုမိတဲ့ နေ့မှာမှ ကျော့ကွင်းနဲ့ ဖမ်းဆီးနိုင်တယ်'ဆိုတဲ့ စကားကို သင်ကြားဖူးရဲ့လား"

"မှန်ပါဘုရား၊ ကြားဖူးပါတယ်၊ ဒီစကားသံဟာ လူ့လောက နတ်လောကကို လွှမ်းခြုံနေပါတယ်"

"မဟာရာဇာ ဒီလိုဆိုယင်'ပရိတ်အရံအတားကို ပြုမှု ဆေးဝါးကုသမှုဟာ အကျိုးမရှိပါဖူး'ဆိုတဲ့ စကားဟာမှားပြီပေါ့။

"မဟာရာဇာ ဒါနဝဘီလူးဟာ မယားကိုစောင့်ရှောက်လိုတဲ့အတွက် ကြုတ်ထဲထည့်မျိုပြီး ဝမ်းနဲ့ဆောင်ယူသွားတယ်၊ အဲဒီအခါမှာ ဝိဇ္ဇာမိုရ်ရိတယောက်က ဒါနဝဘီလူးရဲ့ ပါးစပ်ကဝင်ပြီး အဲဒီမိန်းမပျိုနဲ့ ပျော်ပါးနေတယ်၊ (ဒီအကြောင်းကို) ဒါနဝဘီလူး ရိပ်မိသိရှိသွားတဲ့အခါ ကြုတ်ကို အန်ထုတ်လိုက်တယ်၊ ကြုတ်ကို ဖွင့်လိုက်တာနဲ့တပြိုင်နက် ဝိဇ္ဇာမိုရ်ရိက သူသွားချင်တဲ့နေရာကို ထွက်သွားတယ်'ဆိုတဲ့ စကားကို သင်ကြားဖူးတယ်မဟုတ်လား"

"မှန်ပါ၊ ကြားဖူးပါတယ်ဘုရား၊ ဒီစကားသံဟာလဲပဲ လူ့လောက နတ်လောကကို လွှမ်းခြုံနေပါတယ်"

"မဟာရာဇာ အဲဒီဝိဇ္ဇာမိုရ်ရိဟာ * ပရိတ် (မန္တန်)ရဲ့ တန်ခိုးကြောင့် အဖမ်းခံရခြင်းက လွတ်တယ်မဟုတ်လား"

"မှန်ပါတယ်ဘုရား"

"မဟာရာဇာ ဒီလိုဆိုယင် ပရိတ် (မန္တန်)ရဲ့ တန်ခိုးဟာ ရှိနေတာပေါ့။

"မဟာရာဇာ အခြား ဝိဇ္ဇာမိုရ်ရိတယောက်ဟာလဲပဲ ဗာရာဏသီမင်းရဲ့ နန်းတော်တွင်းမှာ မိဖုရားတွေနဲ့ ပြစ်မှားလွန်ကျူးပါတယ်၊ အဖမ်းခံရမဲ့ ဆဲဆဲမှာ မန္တန်တန်ခိုးကြောင့် ကွယ်ပျောက်သွားပါတယ်၊ ဒီအကြောင်းကိုလဲ သင်ကြားဖူးတယ် မဟုတ်လား"

"မှန်ပါ ကြားဖူးပါတယ်ဘုရား"

"မဟာရာဇာ အဲဒီဝိဇ္ဇာမိုရ်ရိဟာလဲပဲ ပရိတ်(မန္တန်)ရဲ့ တန်ခိုးကြောင့် အဖမ်းခံရခြင်းက လွတ်တယ်မဟုတ်ဖူးလား"

"မှန်ပါတယ်ဘုရား"

---

* ဝိဇ္ဇာမိုရ်မျိုး၊ လေယာဉ်တိုး၍၊ ထက်မိုးပျံလွှား၊ သရုပ်အားဖြင့်၊ ဆေးစားတတန်၊ မန္တန်တချက်၊ သန်လျက်ကိုင်သွား၊သုံးပါးတို့တွင်(ဥတိန်ပုဒ်ရေ-၁၀၅)

"မဟာရာဇာ ဒီလိုဆိုယင် ပရိတ်တန်ခိုးဟာ ရှိနေတာပေါ့"

"အရှင်ဘုရား ပရိတ်ဟာ လူအကုန်လုံးကိုပဲ စောင့်ပါသလား"

"မဟာရာဇာ အချို့ကို စောင့်တယ်၊ အချို့ကို မစောင့်ဖူး"

"ဒါဖြင့်ဘုရား ပရိတ်ဟာ လူအကုန်လုံးတို့ရဲ့အကျိုးကိုမပြီးစေနိုင်ဖူးပေါ့"

"မဟာရာဇာ အစားအစာဟာ လူအကုန်လုံးတို့ရဲ့ အသက်ကို စောင့်ရှောက်ရဲ့လား"

"အချို့ကိုစောင့်ပါတယ်၊ အချို့ကို မစောင့်ပါဘုရား"

"ဘာ့ကြောင့်တုံး"

"အချို့လူတွေဟာ အစားအစာကို အတိုင်းထက်အလွန် စားကြတဲ့အတွက် ဝမ်းလျှောမတတ်သက်ပြီး သေဆုံးကြရတဲ့ အတွက်ကြောင့်ပါပဲဘုရား"

"မဟာရာဇာ ဒါဖြင့် အစားအစာဟာ လူအကုန်လုံးတို့ရဲ့ အသက်ကို မစောင့်ရှောက်ဖူးပေါ့"

"အရှင်ဘုရား 'အလွန်အကျွံ' စားမှု, ဝမ်းမီးအားနည်းမှု' ဆိုတဲ့ဒီအကြောင်း ၂-ပါးတို့ကြောင့် အစားအစာဟာ အသက်ကို သတ်ဖြတ်နိုင်ပါတယ်၊ 'အစာဟာ အသက်ကို ပေးနိုင်တယ်' ဆိုပေမယ့် နည်းမှန်လမ်းမှန် (စနစ်တကျ) မမှီဝဲတဲ့အတွက် အသက်ကို သတ်ဖြတ်သွားပါတယ်"

"မဟာရာဇာ ဒီလိုပါပဲ ပရိတ်ဟာ အချို့ကို စောင့်ရှောက်တယ် အချို့ကို မစောင့်ရှောက်ဖူး"

'၁။ ကမ္မာဝရဏ—ပဉ္စာနန္တရိယကံကို ပြုလုပ်ထားခြင်း၊

၂။ ကိလေသာဝရဏ—နိယတမိစ္ဆာအယူရှိခြင်း၊

၃။ အသဒ္ဒဟနတာ—ယုံကြည်မှုမရှိခြင်း—'

ဆိုတဲ့ ဒီအကြောင်း ၃-ပါးတို့ကြောင့် ပရိတ်ဟာ မစောင့်ရှောက်နိုင်ပါဖူး၊ သတ္တဝါတွေကို စောင့်ရှောက်တတ်တဲ့ ပရိတ်ဟာ မိမိလုပ်ထားတဲ့ အမှုကြောင့် အစောင့်အရှောက်ကို စွန့်လွှတ်ရတော့တယ်။

မဟာရာဇာ ဥပမာအားဖြင့် (အမျိုးသမီးတယောက်ဟာ) ကိုယ်ဝန်သား ကို စောင့်ရှောက်လာပါတယ်၊ အစီးအပွားကို ပြုကျင့်သောအားဖြင့် မွေးဖွား လာပါတယ်၊ မွေးပြီးတဲ့နောက်ပိုင်းမှာ မစင်အညစ်အကြေး နှပ်တွေကို ပယ်ရှားပြီး အကောင်းစား အမွှေးနံ့သာတွေကို လိမ်းကျံပါတယ်၊ အဲဒီ သားကလေးဟာ နောက်တချိန်မှာ ကလေးချင်း ရန်ဖြစ်တော့ သူများ သား သမီးတွေကို ရိုက်ပါတယ်၊ အရိုက်ခံရတဲ့သူတွေက သူ့ကို စိတ်ဆိုး အမျက် ထွက်ပြီး ပရိသတ်အလယ်မှာ ဆွဲငင်ဖမ်းယူပြီး အစိုးရမင်းများထံမှာ သွားအပ် ကြပါတယ်၊ တကယ်လို့ အဲဒီအမျိုးသမီးရဲ့ သားကလေးက အပြစ်ရှိသူ ဥပဒေ ကို ကျူးလွန်သူ ဖြစ်ခဲ့ပါယင် သူ့ကို မင်းမှုထမ်းတွေက ဆွဲငင်ပြီး တုတ် တင်းပုတ် ဒုး လက်သီးတွေနဲ့ ရိုက်ကြပါတယ်၊ ထုထောင်းကြပါတယ်။

"မဟာရာဇာ ကလေးအမေဖြစ်တဲ့ အမျိုးသမီးက ဆွဲယူထုတ်ဆောင်မှု သိမ်းပိုက် နှုတ်ယူမှု အစိုးရမင်းဆီသို့ ကပ်ဆောင်မှုကို ပြုလုပ်ခွင့် ရပါဦးမလား"

"မရနိုင်တော့ပါဘုရား"

"မဟာရာဇာ ဘာကြောင့်တုံး"

"ကိုယ့်အပြစ်ကြောင့်ပါပဲဘုရား"

"မဟာရာဇာ ဒီနည်းအတိုင်းပါပဲ၊ သတ္တဝါတွေရဲ့ အစောင့်အရှောက် ဖြစ်တဲ့ပရိတ်ဟာ ကိုယ့်အပြစ်ကြောင့် အကျိုးမပေးပဲ မြုံသွားရပါတော့တယ်"

"အရှင်ဘုရား ကောင်းလှပါတယ်၊ ပြဿနာကို ကောင်းစွာဆုံးဖြတ်နိုင်ပါ ပေတယ်၊ အရှုပ်အထွေးကို မရှုပ်ထွေးအောင် ပြုနိုင်ပါပေတယ်၊ အမိုက်မှောင် ကို အလင်းရောင်ဖြစ်အောင် လုပ်နိုင်ပါပေတယ်၊ ဂိုဏ်းဆရာတွေရဲ့အထွတ် ဆရာမြတ်ဖြစ်တဲ့ အရှင်ဘုရားကို ဆည်းကပ်ရတဲ့အတွက် မိစ္ဆာကွန်ရက်ကို ဖြေ ရှင်းခွင့် ရနိုင်ပါတော့တယ်"

ပရိတ်တရားတော်ရဲ့ တန်ခိုးအာနိသင်တွေကို ဇီလောက်နဲ့ပဲ လက်စသတ်ကြ စို့ရဲ့၊ ဒီတော့ ပရိတ်တရားတော်တွေကို ယုံယုံကြည်ကြည် လေးလေးစားစား ကြားနာကြပြီး မိမိတို့ရဲ့ သက်တမ်းကုန်ဆုံးအောင် ဒါန, သီလ, ဘာဝနာစတဲ့ နိဗ္ဗာန်ရောက်ကြောင်း ကောင်းမှုကုသိုလ်များကို နေ့ညမခြား ကြိုးစားအား ထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓု...ပါဘုရား။

ထိမ်းမြားလက်ထပ်မင်္ဂလာ

ကဆုန်လဆန်း ၇-ရက်နေ့မှာ မကြည်ဝင်း၏ ညီမ မကြည်သင်းနှင့် မောင်သောင်းညွန့်တို့၏ မင်္ဂလာဆောင်ရှိနေသည်၊ သတို့သားရော သတို့သမီး ပါ ဆရာတော် ဦးဓမ္မိကနှင့် ရင်းနှီးကျွမ်းဝင်ပြီးသူများဖြစ်ကြသည်၊မောင်မျိုး သန့် မကြည်ဝင်းတို့နှင့် လိုက်ပါ၍ ဓမ္မိကာရုံကျောင်းကို အခေါက်ပေါင်းများ စွာ ရောက်ဖူးနေကြသည်။

သို့ဖြစ်၍ မောင်သောင်းညွန့်နှင့် မကြည်သင်းတို့က ဆရာတော် ဦးဓမ္မိကကို ကြိုတင်ပင့်ထားကြသည်၊ လက်ထပ်ပွဲအခမ်းအနားကိုလဲ ဆရာတော်ဦးဓမ္မိက၏ ဩဝါဒအတိုင်း လိုက်နာလုပ်ကိုင်ကြသည်၊ အကုန်အကျ ခံနိုင်သော ပစ္စည်း အင်အားရှိနေစေကာမူ အကျယ်ခွဲ့မှုကို မပြုလုပ်ကြပါ၊ သံဃာတော်များကို အာရုံဆွမ်းကပ်ပြီး တရားနာယူကြရန် ကောင်စီလူကြီးများ, ရပ်ကွက်လူကြီး များ, မကင်းရာမကင်းကြောင်းဖြစ်သော သူငယ်ချင်းမိတ်ဆွေများ လောက် သာဖိတ်၍ ကျွေးမွေးညွှေ့ခံပြီး လက်ထပ်မင်္ဂလာ အခမ်းအနားပြုလုပ်ရန် ဤမျှသာ စီစဉ်ထားကြတယ်။

သို့ဖြင့် ၇-ရက်နေ့မှာ မကြည်သင်း၏အမေအဖေများဖြစ်သော ဦးအင်ဖား ဒေါ်တင်ကြည်တို့အိမ်သို့ သံဃာတော်များနှင့်အတူ ဆရာတော် ဦးဓမ္မိက ကြွလာပါသည်၊ အိမ်ကိုရောက်၍ နေသားတကျ ထိုင်မိသည်နှင့်တပြိုင်နက် သီလယူ, ပရိတ်နာ, ဆွမ်းကပ်, ရေစက်ချ, အမျှပေးဝေမှုတို့ကို တခုပြီးတခု အစဉ်အတိုင်း လုပ်စေသည်၊ ပြီးမှ သံဃာတော်များ ဆွမ်းဘုဉ်းပေးကြသည်၊ ဆွမ်းဘုဉ်းပေးပြီးသည့်အခါ သံဃာတော်များကို ပြန်လွှတ်၍ တရားဟောရန် ဆရာတော် ဦးဓမ္မိက တပါးတည်း ချန်နေရစ်သည်၊ သံဃာတွေ ရှင်းသွားသည် နှင့်တပြိုင်နက် တရားစတင် ဟောကြားပါတော့သည်။

ဒီနေ့ဟောမဲ့တရားကို မောင်မျိုးသန့်က လျှောက်ထားပြီး ဖြစ်နေတယ်၊ ဒါပေမဲ့ အခြားလူတွေမဟုတ်ပဲ ဆွေမျိုးသားချင်းတွေလဲ ဖြစ်နေပြန်, မောင် မျိုးသန့်ကိုယ်တိုင်ကလဲ ဒီမှာပါနေပြန်တော့ ''ဒီမှာပဲ ပြီးဆုံးအောင် ဟော တော့မယ်''လို့ စီစဉ်ထားပါတယ်။

ယောကျ်ားကလေးအတွက် အခြားအိမ်ကအမျိုးသမီးကို ဆောင်ယူတာကို "အာဝါဟမင်္ဂလာ"လို့ ခေါ်ပါတယ်၊ "သမီးယူမင်္ဂလာ"လို့ ဆိုလိုတာပါပဲ၊ ဒါကို ယောကျ်ားကလေး မိဘအိမ်မှာ လုပ်ရပါတယ်။

ကိုယ့်သမီးကို အခြားအိမ်သို့ ပို့တာကိုတော့ "ဝိဝါဟမင်္ဂလာ"လို့ ခေါ်ပါတယ်၊ သမီးပေးမင်္ဂလာပေါ့၊ ဒါကိုတော့ အမျိုးသမီးကလေးရဲ့ မိဘအိမ်မှာ လုပ်ရပါတယ်။

ပါဠိမှာ ဒီလို ၂-မျိုးခွဲပြီး ဆိုထားပါတယ်၊ မြန်မာကတော့ မထူးပါဘူး၊ ထိမ်းမြားလက်ထပ်မင်္ဂလာချည်းပါပဲ၊ အဲဒီလို ထိမ်းမြားလက်ထပ်မဲ့အမျိုးသမီး အမျိုးသားကို အိမ်ထောင်ချထားတယ်၊ ထိမ်းမြားလက်ထပ်ပြီးယင်အိမ်ထောင် ကျသွားပြီ၊ ဒီလိုပြောနေကြပါတယ်၊ ဒီတော့ "အိမ်ထောင်ကျတယ်" ဆိုတာ ဘယ်လိုဟာပါလိမ့်။

အိမ်ထောင်ကျ [၁]။ ။တောကျေးလက်မှာ သီတင်းသုံးကြတဲ့ ရဟန်းတော် သုံးကျိပ်တို့ဟာ ဘုရားဖူးရအောင် သာဝတ္ထိမြို့ကို လာကြပါတယ်၊ နောက်တနေ့မှာ သာဝတ္ထိမြို့တွင်းကို ဆွမ်းခံဝင်ကြပါတယ်၊ ထောင်နားကို ရောက်သွားတဲ့အခါ ထောင်ထဲမှာချုပ်ထားတဲ့ ခိုးသားတွေကို တွေ့လာကြရပါတယ်၊ ညနေချိန်မှာ ဘုရားဆီချဉ်းကပ်ပြီး–

"ရှင်တော်မြတ်ဘုရား ဒီနေ့ ဆွမ်းခံသွားယင်း ထောင်ထဲမှာ သစ်တုံးတွေ, ကြိုးတွေ, သံခြေကျင်းတွေနဲ့ ချည်နှောင်ချုပ်ထားတဲ့ ခိုးသားတွေကို တွေ့လာကြရပါတယ်၊ သူတို့တတွေဟာ အင်မတန် ဆင်းရဲဒုက္ခရောက်နေကြပါတယ်၊ အဲဒီ အချုပ်အနှောင်တွေကိုဖြတ်ပြီး မပြေးနိုင်ကြတော့ပါဘူး၊ ဒါ့ထက် ခိုင်မြဲတဲ့ အခြားအနှောင်အဖွဲ့များ ရှိပါသေးသလား"

ဒီလို လျှောက်ထားကြပါတယ်၊ ဒီစကားကိုကြားရတော့ ဘုရားရှင်က–

"ရဟန်းတို့ ဒီအနှောင်အဖွဲ့မျိုးဟာ ပြောပလောက်တဲ့ အနှောင်အဖွဲ့မျိုးမဟုတ်ပါဘူး၊ ဥစ္စာ,စပါး,သား,မယားစတဲ့ဟာတွေကို တပ်

၁။ ဓံ၄-၃-၃၃၇၊

မက်တတ်တဲ့ 'တဏှာ' ဆိုတဲ့ အနှောင်အဖွဲ့ဟာ အဲဒီ သစ်တုံးတွေ၊ ကြိုးတွေ၊ သံခြေကျင်းတွေထက် အဆအရာ၊ အဆအထောင်၊ အဆအသိန်း မကအောင် ခိုင်မြဲလှပါတယ်''

ဒီလို ဘုရားရှင်က မိန့်တော်မူလိုက်ပါတယ်။

ဘုရားရှင်က မိန့်တော်မူတဲ့အတိုင်းပဲ မယားဖြစ်သူက လင်ဖြစ်သူကို တဏှာနှောင်ကြိုးနဲ့ နှောင်ဖွဲ့ထား၊ လင်ဖြစ်သူကလဲ မယားကို တဏှာနှောင်ကြိုးနဲ့ နှောင်ဖွဲ့ထား၊ ဥစ္စာစီးပွား သားသမီးတွေကလဲ အဆစ်ပါလိုက်သေး၊ ဒီတော့ ဒီအိမ်ထဲက တဏှာနှောင်ကြိုးကိုဖြတ်ပြီး ပြေးနိုင်ကြပါဦးမလား၊ စဉ်းစားကြ၊ မပြေးနိုင်တော့ပါဘူး၊ တဏှာကြိုးက သိပ်ခိုင်နေတယ်၊ ၁၀၀-ပင်လိမ်ကြိုးကြီးပဲ၊ ဘယ်မခိုင်ပဲ နေပါ့မလဲ၊ ဒါကြောင့် လူတွေက အိမ်ကို ထောင်နဲ့ နှိုင်းခိုင်းပြီး 'အိမ်ထောင်ကျတယ်' လို့ ခေါ်နေကြပါတယ်။

ဒီတော့ ''ဒီဘဝတင်မက နောက်ဘဝပါ အတူနေထိုင်လိုတဲ့ ဇနီးမောင်နှံတွေဟာ ဘယ်လို လုပ်ကိုင်နေထိုင်ရမယ်'' ဆိုတာကို ပြောပါ့မယ်။

ခုလဲအတူ နောင်လဲအတူ[၁]။ ။ဘဂ္ဂတိုင်း သုသုမာရဂိရမြို့မှာ နကုလပိတာ-နကုလမာတာဆိုတဲ့ ဇနီးမောင်နှံတို့ရှိနေကြပါတယ်၊ နကုလပိတာဟာ ဘုရားရှင်ရဲ့ အဖေ ဘဝငါးရာ၊ ဦးကြီးဘဝ ငါးရာ၊ ဦးလေးဘဝ ငါးရာ ဖြစ်ဖူးပါတယ်၊ နကုလမာတာလဲပဲ ဘုရားရှင်ရဲ့ အမေ ဘဝငါးရာ၊ ဒေါ်ကြီးဘဝငါးရာ၊ ဒေါ်လေးဘဝငါးရာ ဖြစ်ဖူးပါတယ်။

သူတို့ဇနီးမောင်နှံဟာ ဘုရားရှင်ကို တွေ့ရတဲ့အချိန်ကစပြီး သားအရင်းလို ချစ်ခင်နေကြပါတယ်၊ ''အလို တို့သားလေးပါလား၊ အလို တို့သားလေးပါလား'' ဆိုပြီး ဘုရားကိုဆည်းကပ်ကြပါတယ်၊ အစဆုံး ဘုရားကိုဖူးတွေ့ရတဲ့ အချိန်ကစပြီး သောတာပန် ဖြစ်နေကြပါတယ်၊ သူတို့အိမ်မှာ ရဟန်းတော်ငါးရာအတွက်နေရာတွေကို အမြဲခင်းထားပါတယ်။

တချိန်မှာ မြတ်စွာဘုရားဟာ သူတို့ဇနီးမောင်နှံကို ချီးမြှောက်လိုတဲ့အတွက် ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ကို ကြွလာပါတယ်၊ သားကောင်တွေကို

၁၊ အံပါ-ပ-၃၇၂။ နွ-၃-၃၁၁။

ဘေးမဲ့ပေးထားတဲ့ ဘေသကနတောမှာ သီတင်းသုံး နေတော်မူပါတယ်၊ တနေ့ကျတော့ မြတ်စွာဘုရားဟာ နံနက်ချိန်မှာ နကုလပိတာရဲ့အိမ်ကို ကြွပြီး အဆင်သင့်ခင်းထားတဲ့နေရာမှာ ထိုင်နေတော်မူပါတယ်။

ဒီတော့ နကုလပိတာရော, နကုလမာတာရော ဘုရားရှင်အနားကို လာကြပါတယ်၊ ရှိခိုးပြီးသင့်တော်ရာက ထိုင်နေကြပါတယ်၊ နေသားတကျ ထိုင်မိတယ်ဆိုယင်ပဲ နကုလပိတာက ဘုရားရှင်ကို–

"အရှင်ဘုရား ၂-ဦးလုံး ငယ်ရွယ်တဲ့ အချိန်တုန်းကပဲ တပည့်တော်က နကုလမာတာကို ထိမ်းမြားလက်ထပ်ပြီး ဒီအိမ်ကိုခေါ်လာခဲ့ပါတယ်၊ အဲဒီအချိန်ကစပြီး နကုလမာတာမှတပါး အခြားမိန်းမတွေကို စိတ်နဲ့တောင်မှ မပြစ်မှားမိခဲ့ပါဘူး၊ ကိုယ်နဲ့တော့ ဘာပြောစရာလိုတော့မလဲဘုရား၊ တပည့်တော်တို့ဟာ ဒီဘဝမှာလဲ အချင်းချင်းတွေ့လို မြင်လိုကြပါတယ်၊ နောက်ဘဝမှာလဲ တွေ့လို မြင်လိုကြပါတယ်"

ဒီလိုလျှောက်ထားပါတယ်၊ နကုလမာတာကလဲ နကုလပိတာ လျှောက်သလိုပဲ လျှောက်ထားပါတယ်၊ ဒီတော့ ဘုရားရှင်က ဇနီးမောင်နှံ မကွဲမကွာနေရခြင်းရဲ့အကြောင်းရင်းဖြစ်တဲ့ တရားကို ဟောတော်မူပါတယ်။

"ဒါယကာတို့ လင်မယား ၂-ဦးလုံးက ဒီဘဝမှာလဲ အချင်းချင်းတွေ့လိုမြင်လို နောက်ဘဝမှာလဲ အချင်းချင်းတွေ့လို မြင်လိုကြပါယင်နှစ်ဦးလုံးပဲ တူမျှတဲ့ သဒ္ဓါတရားရှိရမယ်၊ တူမျှတဲ့အကျင့်သီလရှိရမယ်၊ တူမျှတဲ့ စွန့်ကြဲမှုရှိရမယ်၊ တူမျှတဲ့ ပညာရှိရမယ်၊ (ဒီလိုကျင့်မှ) ဒီဘဝမှာလဲ အချင်းချင်း တွေ့ရမြင်ရမယ်၊ နောက်ဘဝမှာလဲ အချင်းချင်း တွေ့ရမြင်ရမယ်။

ဒီလိုကျင့်တဲ့ ဇနီးမောင်နှံဟာ ဒီဘဝမှာလဲ စီးပွားချမ်းသာ တိုးတက်မယ်၊ နောက်ဘဝမှာလဲ နတ်ပြည်ကိုရောက်ပြီး ဝမ်းမြောက်ဝမ်းသာ နေကြရမယ်"

စိတ်သွေမပို့, မယားကိုမူ, သက်တူမယွင်း, စောင့်စည်းခြင်းဖြင့်, ဖြောင့်စင်းကြည်စွာ, လိုလိုက်ရာသည်.. မေတ္တာကြင်ဘက်ညီညီတည်း။[၁]

၁။ နဝရတ် ပုဒ်ရေ-၂၃။

ချစ်ဖက်မပြား, လင်မယားတို့, မမွားမယွင်း, တည်ကြည်ခြင်းလျှင်
ခပင်းလူတို့တန်းဆာတည်း။ [၁]

ပြီးတော့ လောကမှာ ရှိနေတတ်တဲ့ ဇနီးမောင်နှံ ၄-မျိုးကို ပြောပြပါဦး
မယ်။

ဇနီးမောင်နှံ ၄-မျိုး [၂]။ ။တချိန်မှာ မြတ်စွာဘုရားဟာ မဓုရမြို့နဲ့ ဝေရဥ္စာမြို့ အကြား ကြွသွားတော်မူနေပါတယ်၊ အိမ်ထောင်ရှင် အမျိုးသား အမျိုးသမီး အများအပြားဟာလဲပဲ ထိမ်းမြားလက်ထပ် မင်္ဂလာဆောင်ကိစ္စအတွက် အဲဒီလမ်းကိုပဲ သွားနေကြပါတယ်။

မြတ်စွာဘုရားက လမ်းဘေး သစ်တပင်အောက်ကို ဝင်ရောက်ထိုင်နေတော်မူပါတယ်၊ မြတ်စွာဘုရားထိုင်နေတာကို တွေ့ရတော့ အမျိုးသား အမျိုးသမီးတွေကလဲပဲ ဘုရားရှင်အနားကို သွားပြီး သင့်တော်ရာက ရှိခိုးထိုင်နေကြပါတယ်၊ ဒီတော့မြတ်စွာဘုရားက အခါကာလနဲ့ သင့်တော်တဲ့ တရားစကားကို မိန့်ကြားတော်မူပါတယ်။

ဒါယကာတို့—

"၁။ လင်ရော မယားပါ သူသေနဲ့တူတဲ့ ဇနီးမောင်နှံတစုံ၊

၂။ လင်ကသာ သူသေနှင့်တူပြီး မယားက နတ်သမီးနဲ့တူတဲ့ ဇနီးမောင်နှံတစုံ၊

၃။ လင်က နတ်သားနဲ့တူပြီး မယားက သူသေနဲ့တူတဲ့ ဇနီးမောင်နှံတစုံ၊

၄။ လင်ရော မယားပါ နတ်သား နတ်သမီးနဲ့တူတဲ့ ဇနီးမောင်နှံတစုံ၊"

ဒီလို ဇနီးမောင်နှံ လေးစုံရှိတယ်။

၁။ နဝရတ် ပုဒ်ရေ ၁၂။ ၂။ အံ ပါ-ပ-၃၇၀။ ဋ္ဌ-ဒု-၃၁၀။

၁။ လင်ရောမယားပါ ငါးပါးသီလကို မစောင့်ထိန်းဖူး၊ (ဒုစရိုက်တို့ကို ပြုကျင့်တယ်၊) ဒါန သီလလဲ မရှိဖူး၊ ယုတ်ညံ့တဲ့သဘောလဲရှိတယ်၊ ‘ဝန်တိုနှမြောမှု’ဆိုတဲ့ အညစ်အကြေးရဲ့ နှိပ်စက်မှုကို ခံနေရတဲ့အတွက် ပေးကမ်းစွန့်ကြဲ လှူဒါန်းမှုလဲမရှိ၊ ရဟန်းသူတော်ကောင်းတွေကို ဆဲရေး ခြိမ်းခြောက်တတ်ကြတတ်၊ ဒီလို လင်မယားမျိုးကို “လင်ရော မယားပါ သူသေနဲ့တူတဲ့ ဇနီးမောင်နှံ”လို့ ဆိုရတယ်။

၂။ လင်ကသာ ငါးပါးသီလကို လွန်ကျူးတယ်၊ (ဒုစရိုက်ကို ပြုကျင့်တယ်၊) ဒါနနဲ့ သီလလဲမရှိ၊ ယုတ်ညံ့တဲ့သဘောလဲရှိတယ်၊ ပေးကမ်းစွန့်ကြဲလှူဒါန်းမှုလဲမရှိ၊ ‘ဝန်တို နှမြောမှု’ဆိုတဲ့ အညစ်အကြေးရဲ့ နှိပ်စက်မှုကို ခံနေရတယ်၊ ရဟန်း သူတော်ကောင်းတွေကိုလဲ ဆဲရေး ခြိမ်းခြောက်တယ်၊ မယားကတော့ ငါးပါးသီလကို စောင့်ထိန်းတယ်(သုစရိုက်ကို ပြုကျင့်တယ်၊) သီလရှိတယ်၊ သဘောကောင်းတယ်၊ စွန့်ကြဲပေးကမ်းလှူဒါန်းတတ်တယ်၊ ရဟန်း သူတော်ကောင်းတွေကိုလဲ မဆဲရေးမအော်ငေါက်တတ်ဖူး၊ ဒီလင်မယားမျိုးကို “လင်ကသာ သူသေနဲ့တူပြီး မယားက နတ်သမီးနဲ့တူတဲ့ ဇနီးမောင်နှံ”လို့ ဆိုရတယ်။

၃။ လင်က ငါးပါးသီလကို စောင့်ထိန်းတယ်၊ (သုစရိုက်တရားကိုလဲ ပြုကျင့်တယ်၊)သီလရှိတယ်၊ သဘောကောင်းတယ်၊ စွန့်ကြဲပေးကမ်းလှူဒါန်းတတ်တယ်၊ရဟန်း သူတော်ကောင်းတွေကို မဆဲရေး မအော်ငေါက်တတ်ဖူး၊ မယားကတော့ ငါးပါးသီလကိုလဲ လွန်ကျူးတယ်(ဒုစရိုက်ကိုလဲပြုကျင့်တယ်) ဒါနဲ့သူ့မှာ သီလလဲမရှိဖူး၊သဘောထားလဲ ဆိုဝါးယုတ်ညံ့တယ်၊ ပေးကမ်းစွန့်ကြဲမှုလဲ မရှိဖူး၊ရဟန်း သူတော်ကောင်းတွေကိုလဲ ဆဲရေး အော်ငေါက်တတ်တယ်၊ ဒီလို လင်မယားမျိုးကို လင်က နတ်သားနဲ့တူပြီး မယားက သူသေနဲ့တူတဲ့ ဇနီးမောင်နှံလို့” ဆိုရပါတယ်။

၄။ လင်ရောမယားပါ သီလစောင့်ထိန်းတယ်၊ (သုစရိုက်တရားကို ပြုကျင့်တယ်၊) ဒါန သီလရှိတယ်၊ သဘောကောင်းတယ်၊ စွန့်ကြဲပေးကမ်းလှူဒါန်းတတ်တယ်၊ ရဟန်းသူတော်ကောင်းတွေကို မဆဲရေး မအော်

ငေါက်တတ်ဖူး၊ ဒီလိုလင်မယားမျိုးကို "လင်ရော မယားပါ နတ်သား နတ်သမီးနဲ့တူတဲ့ ဇနီးမောင်နှံ"လို့ ဆိုရပါတယ်။

ညီတူညီမျှ သီလရှိနေကြတဲ့ ဒီလို ဇနီးမောင်နှံမျိုးမှာ အကျိုးစီးပွားတွေ များပြားပါတယ်၊ ချမ်းချမ်းသာသာ နေရပါဘယ်၊ ရန်သူတို့ နှလုံးမသာမယာဖွယ်သာ ဖြစ်ပါတယ်။

ညီတူညီမျှ သီလအကျင့်ရှိနေကြတဲ့ ဇနီးမောင်နှံတွေဟာ ဒီလောကမှာ တရားကိုကျင့်ကြတဲ့အတွက် နတ်လောကမှာ နှစ်သက်ကြရပါတယ်၊ အလိုရှိသလို ကာမတွေကိုရရှိပြီး ဝမ်းမြောက်ကြရပါတယ်။

(ဒီသုတ် တသုတ်လုံးကို သုတ္တပျို့မှာ လက်ာစပ်ထားပါတယ်၊ ပိုဒ်ရေနံပါတ် ၂၄၂။ ၃။ ၄-တို့ကို ကြည့်ရှုက တွေ့ရပါလိမ့်မယ်။)

မယားတိရစ္ဆာန်, လင်သူမွန်တိ, သောတာပန်လား၊ မယားသောတာပန်, လင်တိရစ္ဆာန်တို့၊ ကျင့်ဟန်မတူ, မကောင်းသူမှာ, မိးပူကျရှောင်း, ကောင်းကျင့်သူကား, နတ်ပြည်လား၏၊ မယားကို လင်, လင်ကိုမယား, နတ်အလားသို့, တရားသဖြင့်, ကောင်းစွာကျင့်က, ငါးဆင့်နတ်ရွာ,ဘုံနိမ္မာဝယ်,ချမ်းသာနှစ်ပါး, တူစံစားလိမ့်, လင်မယားနှစ်, အကျင့်ညစ်မူ, နှစ်ကြင်ရဲ, မကွဲတဝေး, သံပြိုင်ထွေးသည် ငိုကြွေးအော်ကြ ညံ့တွန်တည်း၊[၁]

မဃဒေဝဆရာက ဒီလိုဆိုထားပါတယ်၊ ပြီးတော့ လင်းမယားဆိုပေမဲ့ လင်က ကုသိုလ်လုပ်တဲ့အခါ မယားကစိတ်မပါယင် မယား မရပါဖူး၊မယားက ကုသိုလ်လုပ်တဲ့အခါ လင်ကစိတ်မပါယင် လင်မရပါဖူး၊ နှစ်ဦးလုံး စိတ်တူသဘောတူ လုပ်မှ နှစ်ဦးလုံး ရနိုင်ပါတယ်။ ဒါ့ကြောင့် မဃဒေဝလင်္ကာမှာလဲ—

အကုသိုလ်နှင့်, ကုသိုလ်နှစ်ပါး, ကံတရားကား, မယားပြုရာ, စိတ်မပါလျှင်, လင်မှာမရ, လင်ပြုကလည်း, မိန်းမအိမ်သူ, စိတ်မတူသော်, မှတ်ယူမှန်စွာ, မရရာဖူး။[၂]

၁။ ပုဒ်ရေ-၃၉၀။ ၂။ ပုဒ်ရေ-၂၀၉။

ဒီလိုဆိုထားပါတယ်၊ ဒီတော့ နှစ်ဦးလုံး စိတ်တူသဘောတူ ကုသိုလ်လုပ်ကြလို့ နှစ်ဦးလုံး နတ်ပြည်ရောက်ကြတဲ့ ဝတ္ထုကို အယင်ပြောပြပါမယ်၊ နောက်မှ စိတ်မတူတဲ့အတွက် မရတဲ့ ဝတ္ထုတွေကို ပြောပြပါမယ်။

နတ်ဖြစ်လဲအတူ [၁]။ ။ရာဇဂြိုဟ်မြို့မှာ အိမ်ထောင်စုတခုဟာ လင်ရောမယားပါ ရတနာသုံးပါးကို ကြည်ညိုပါတယ်၊ သီလအကျင့်နဲ့ ပြည့်စုံပါတယ်၊ ရဟန်းတော်တွေ ရဟန်းမတွေရဲ့ ဧရဆိပ်သဖွယ် ဖြစ်နေပါတယ်။

သူတို့ဇနီးမောင်နှံဟာ ရတနာသုံးပါးကို ရည်ညွှန်းပြီး အသက်ထက်ဆုံး ကုသိုလ်ကောင်းမှုကို ပြုကြပါတယ်၊ အဲဒီဘဝက စုတေ့တော့ တာဝတိံသာ နတ်ပြည်မှာ ဖြစ်ကြရပါတယ်၊ သူတို့အတွက် ၁၂-ယူဇနာရှိတဲ့ ရွှေဗိမာန် ဖြစ်ပေါ်လာရပါတယ်၊ သူတို့ ၂-ဦးလုံးဟာ အဲဒီ တာဝတိံသာနတ်ပြည်မှာပဲ နတ်စည်းစိမ်ချမ်းသာကို ခံစားနေကြရပါတယ်။

ဒါဟာ နှစ်ဦးလုံး စိတ်တူသဘောတူ လုပ်ကြလို့ ၂-ဦးလုံး နတ်ပြည်ကို ရောက်ကြရတဲ့ သာဓကပါပဲ၊ အခု လင်လုပ်တာကို မယားစိတ် မတူတဲ့အတွက် မရနိုင်တဲ့အကြောင်းကို မာဃလုလင်ဝတ္ထုနဲ့ ရေဝတီဝတ္ထု ဒီဝတ္ထု ၂-ခုနဲ့ ပြပါမယ်။

လင်သိကြား မယားဗျိုင်းမ [၂]။ ။ရှေးတုန်းက မဂဓတိုင်း မစလရွာမှာ နေထိုင်ကြတဲ့ အမျိုးသား သုံးကျိပ် သုံးယောက်တို့ဟာ ငယ်ငယ်ရွယ်ရွယ်ပဲ ရှိကြပါသေးတယ်၊ သူတို့ဟာ စိတ်တူသဘောတူ "မဃ"ဆိုတဲ့ အမျိုးသားရဲ့နောက်ကို လိုက်ပါပြီး ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်နေကြတယ်၊ သူတို့တတွေဟာ လမ်းတွေကိုလဲ ကောင်းအောင် ပြုပြင်ကြပါတယ်၊ ရေတွင်းရေကန်လဲ တူးကြပါတယ်၊ဇရပ်လဲဆောက်ကြပါတယ်၊ တံတားလဲလုပ်ကြပါတယ်၊ တနေ့မှာ မစလရွာသူကြီးက မဟုတ်မတရား အစိုးရမင်းကို တိုင်ကြားတာနဲ့ "ခိုးသူတွေ"ဆိုပြီး သူတို့အကုန်လုံးကိုဖမ်းပြီး ရှင်ဘုရင်ဆီကို ပို့ဆောင်ကြပါတယ်။

၁။ ဝိမာန ဋ္ဌ-၂၆၅။ ၂။ ဒီ-မဟာဝဂ္ဂ ဋ္ဌ-၃၀၂။ မံ ဋ္ဌ-ပ-၁၆၉။ ဇာတ် ဋ္ဌ-ပ-၂၁၇။

ဒီသတင်းကိုကြားရတော့ သူတို့ရဲ့ အိမ်သူမိန်းမတွေက—

"သူတို့တတွေဟာ လိမ်နေတာ ညာနေတာကြာလှမှပဲ၊ 'ကုသိုလ်ကောင်းမှုလုပ်တယ်'ဆိုပြီး နေ့တိုင်း နေ့တိုင်း တောမှာချည်းပဲ နေကြတယ်၊ အိမ်မှုကိစ္စတွေကို ဘာတခုမှ လုပ်ကြတာမဟုတ်ဖူး၊ အကုန်လုံ ကျဆင်းနေတာပဲ၊ အိမ်မှာ ဘာတခုမှ တိုးတက်မှုမရှိဖူး၊ သူတို့ကို ဖမ်းတာပဲကောင်းတယ်"

ဒီလို ပြောဆိုနေကြတယ်၊ အတော်ဆိုးတဲ့ မိန်းမတွေပါပဲ။

ရှင်ဘုရင်ဆီရောက်သွားတော့ ရှင်ဘုရင်က ဘာမှ စစ်ဆေးမေးမြန်းမှုကို မပြုတော့ပါဖူး၊ ဒီလူတွေကို ဆင်နဲ့နင်းပြီး သတ်ပစ်ရမယ်လို့ အမိန့်ချလိုက်ပါတယ်၊ ဒီတော့ သူတို့က မဃအမျိုးသားရဲ့ ညွှန်ကြားချက်ကို လိုက်နာပြီး "တို့ဟာ ခိုးသားဒမြဖြစ်ယင် ဆင်နင်းပါစေ၊ ခိုးသားဒမြမဟုတ်ယင် မနင်းပါစေနဲ့"ဒီလို သစ္စာဆိုကြပါတယ်။

မင်းချင်းယောကျ်ားတွေက ဆင်ကို အနင်းခိုင်းတော့ ဆင်က သူတို့အနားကိုတောင် မကပ်နိုင်ပါဖူး၊ အော်လို့ချည်းပြေးနေပါတယ်၊ ဘယ်လိုလုပ်လုပ် ဆင်က သူတို့ကို မနင်းရဲပါဖူး၊ ဖျာနဲ့ဖုံးပြီး အနင်းခိုင်းပြန်တော့လဲ မရပါဖူး၊ ပိုပြီး အော်ပြေးနေပါတော့တယ်။

ဒါနဲ့ ရှင်ဘုရင်က မသင်္ကာလို့ အစကပြန်ပြီး စစ်ပါတယ်၊ ဒီတော့မှ အကုန်လုံး အဖြစ်မှန်ကို သိရပါတယ်၊ ဒါနဲ့ရှင်ဘုရင်က သူတို့နေတဲ့ မစလရွာကိုလဲ သူတို့ အပိုင်စားပေးလိုက်ပါတယ်၊ ဆင်ကိုလဲ သူတို့ကိုပဲ ပေးလိုက်ပါတယ်၊ မဟုတ်မတရားတိုင်ကြားတဲ့ မစလရွာသူကြီးကိုလဲ ကျွန်အဖြစ်နဲ့ အသုံးချဖို့ သူတို့ကိုပဲ ပေးလိုက်ပါတယ်၊"ဒီနေ့ကစပြီး ကျုပ်အတွက်လဲ ကုသိုလ်ကောင်းမှု လုပ်ပေးကြပါဦး"ဆိုပြီး ပစ္စည်းဥစ္စာတွေကိုလဲ ပေးလိုက်ပါသေးတယ်။

"နောင်ဘဝအတွက်လုပ်တဲ့ တို့ကုသိုလ်ကောင်းမှုဟာ ဒီဘဝမှာပဲ အကျိုးပေး နေပါတော့တယ်"ဆိုပြီး သူတို့တတွေဟာ စိတ်တက်ကြွလာကြပါတယ်၊ ရှေးကထက်တိုးပြီး ကုသိုလ်ကောင်းမှုတွေကိုလုပ်ဖို့ တိုင်ပင်ကြပါတယ်။

"လမ်းလေးခွမှာ လူများအပန်းဖြေ နားနေဖို့ ခိုင်မာတောင့်တင်းတဲ့ ဇရပ်တဆောင် ဆောက်ကြဦးမှပဲ၊ အိမ်က အကောင်မတွေကိုတော့ ကုသိုလ်ပါဝင်ခွင့်မပေးပဲ ထားမှတော်မယ်၊ တို့အဖမ်းခံရတုန်းက ဒီအကောင်မတွေထဲက ဘယ်သူတယောက်မှ စိုးရိမ်ပူပန်မှုကလေးမှ မရှိခဲ့ကြဖူး၊ 'အဖမ်းခံရတာပဲ ကောင်းတယ်လို့' အော်ကြီးဟစ်ကျယ် လုပ်နေကြတယ်၊ ဒါကြောင့် သူတို့ကို ကုသိုလ်ပါဝင်ခွင့် ပေးလို့ မတော်ဖူး"

ဒီလိုတိုင်ပင်ပြီးတဲ့နောက် သူတို့လူစုဟာ တောကိုတက်ပြီး သစ်ပင်ခုတ်ကြပါတယ်၊ ရသမျှကို ဆင်နဲ့ဆွဲယူလာပြီး လမ်းဘေးမှာ ပုံထားကြပါတယ်၊ အဲဒီသစ်တွေကို ရွေးချောပြီး ဇရပ်ဆောက်လုပ်နေကြပါတယ်။

မဃအမျိုးသားရဲ့ အိမ်မှာ "သုဇာတာ, သုဓမ္မာ, စိတ္တာ, နန္ဒာ"လို့ မိန်းမလေးယောက် ရှိနေပါတယ်၊ သုဓမ္မာက လက်သမားနဲ့ပေါင်းပြီး သူတို့ဆောက်လုပ်နေတဲ့ ဇရပ်မှာ အထွတ်သစ်သားထည့်ရအောင် ကြံစည်းထားပါတယ်၊ သစ်သားရဲ့အောက်ဘက် လူမြင်ကွင်းမှာ "ဒါဟာ သုဓမ္မာဇရပ်ပဲ" ဒီလို စာရေးထားပါတယ်၊ ကြံစည်တဲ့အတိုင်းလဲ အောင်မြင်သွားပါတယ်။

မဃအမျိုးသားက ဇရပ်အနီးမှာ ပင်လယ်ကသစ်ပင်ကို စိုက်ပါတယ်၊ အဲဒီအပင်ရင်းမှာ ကျောက်ဖျာတချပ်ကိုလဲ ခင်းထားပါတယ်၊ အဲဒီ မဃအမျိုးသားရဲ့ နန္ဒာဆိုတဲ့ မိန်းမက ဇရပ်အနီးမှာ ရေကန်တူးပါတယ်၊ စိတ္တာကတော့ ပန်းဥယျာဉ် စိုက်ပါတယ်။

မယားကြီးဖြစ်တဲ့ သုဇာတာကတော့ မှန်တချပ်နဲ့ ကိုယ်ခန္ဓာကို ဖီးလိမ်းပြင်ဆင် တန်ဆာဆင်ပြီး လှည့်ပတ် သွားလာနေပါတယ်၊ ဘာကုသိုလ်ကောင်းမှုမှ မလုပ်ပါဖူး၊ ဒီတော့ မဃက သူ့ကို ပြောပါတယ်။

"နှမရေ သုဓမ္မာက ဇရပ်မှာ ကုသိုလ်ပါဝင်ထားပါတယ်၊ နန္ဒာက ရေကန်တူးပါတယ်၊ စိတ္တာက မန်းဥယျာဉ်စိုက်ပါတယ်၊ သင့်မှာတော့ ကုသိုလ်ကောင်းမှုဆိုတာ ဘာတခုမှ မရှိသေးပါဖူး၊ ကုသိုလ်ကောင်းမှု တခုခုလောက် လုပ်စမ်းပါဦးလား"

"ရှင်က ဘယ်သူ့အတွက် လုပ်နေသလဲ၊ ရှင်ကလုပ်သမျှဟာ ကျွန်မအတွက်ပဲပေါ့"

လင်တော်မောင်ရဲ့ စကားကို ကြားရတဲ့အခါ သုဇာတာက ဒီလိုပဲ ပြန်ပြောပါတယ်၊ ကိုယ်ခန္ဓာကို တန်ဆာဆင်ခြင်းကိုပဲ ကြိုးစားအားထုတ်နေပါတယ်။

ဒီလိုနဲ့ ကုသိုလ်ကောင်းမှုတွေကို လုပ်ပြီး မဃအမျိုးသားက သေသွားတဲ့အခါ တာဝတိံသာမှာ သိကြားဖြစ်ပါတယ်၊ ကုသိုလ်လုပ်ဘက် မစလရွာသား သုံးကျိပ်သုံးယောက်တို့လဲ သိကြားမင်းရဲ့ အနီးမှာပဲ နတ်သားဖြစ်ကြပါတယ်။

သိကြားမင်းရဲ့ ဝေဇယန္တာပြာသာဒ်ဟာ ယူဇနာ ၇၀၀မြင့်ပါတယ်၊ ယူဇနာ ၃၀၁-မြင့်တဲ့ အလံတွေနဲ့ တန်ဆာဆင်ထားပါတယ်၊ ဒါဟာ ဇရပ်ဆောက်လုပ်ခဲ့တဲ့ ကုသိုလ်ရဲ့အကျိုးပါပဲ၊ ဇရပ်နားမှာ ပင်လယ်ကသစ်ပင်စိုက်ခဲ့တဲ့အတွက် ထက်ဝန်းကျင်ယူဇနာ ၃၀၀-အဝန်းအဝိုင်းရှိတဲ့ ပင်လယ်ကသစ်ပင် ဖြစ်ပေါ်လာရပါတယ်၊ ပင်စည်လုံးပတ်က ၁၅-ယူဇနာ ရှိပါတယ်၊ ကျောက်ဖျာခင်းလှူခဲ့တဲ့ ကုသိုလ်ကြောင့် ပင်လယ်ကသစ်ပင်ရင်းမှာ ယူဇနာ ၆၀-ရှိတဲ့ပဏ္ဍုကမ္ဗလာကျောက်နေရာ ဖြစ်ပေါ်လာရပါတယ်။

ဇရပ်မှာ အထွတ်သစ်သားလှူခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် သုဓမ္မာလဲ တာဝတိံသာမှာပဲ ဖြစ်ရပါတယ်၊ ယူဇနာ ၃၀၀*ရှိတဲ့ နတ်သဘင်လဲ ဖြစ်ပေါ်လာရပါတယ်၊ (ဓမ္မပဒအဋ္ဌကထာမှာ "ယူဇနာ ၉၀၀-"လို့ အဆိုရှိနေပါတယ်။)

ရေကန်တူးခဲ့တဲ့ ကုသိုလ်ကြောင့် နန္ဒာလဲ တာဝတိံသာ နတ်ပြည်မှာပဲ ဖြစ်ရပါတယ်၊ ယူဇနာ ၅၀-ရှိတဲ့ နန္ဒာရေကန်လဲ ဖြစ်ပေါ်လာရပါတယ်၊ (ဓမ္မပဒအဋ္ဌကထာမှာတော့ "ယူဇနာ ၅၀၀-" လို့ ဆိုထားပါတယ်။)

ပန်းဥယျာဉ်စိုက်ခဲ့တဲ့ ကုသိုလ်ကြောင့် စိတ္တာလဲ တာဝတိံသာ နတ်ပြည်ကိုပဲ ရောက်လာရပါတယ်၊ ယူဇနာ ၆၀-ရှိတဲ့ စိတ္တလတာဥယျာဉ်လဲဖြစ်ပေါ်လာရပါတယ်၊ (ဓမ္မပဒ အဋ္ဌကထာမှာတော့ "ယူဇနာ ၅၀၀-ရှိတယ်"လို့ဆိုထားပါတယ်။)

သိကြားမင်းက နတ်သားတွေ နတ်သမီးတွေခြံရံပြီး ကြီးကျယ်တဲ့ နတ်စည်းစိမ်ကိုခံစားနေယင်း ကြည့်လိုက်တဲ့အခါ ''သုဓမ္မာ၊ စိတ္တာ၊ နန္ဒာ'' ဆိုတဲ့ မိန်းမသုံးယောက်ကိုပဲ တွေ့ရပါတယ်၊ သုဇာတာကိုတော့ မတွေ့ရပါဘူး၊ ဒီတော့ ''သုဇာတာ ဘယ်မှာ ဖြစ်နေပါလိမ့်''လို့ ကြည့်လိုက်တဲ့ အခါ တောင်ချောက်ကြားမှာ ဗျိုင်းမကလေးဖြစ်နေတာကို တွေ့ရပါတယ်။

ဒါနဲ့ ''မဖြစ်ချေဖူးဆိုပြီး သိကြားမင်းက သူ့ဆီကိုသွားပြီး ငါးပါး သီလပေးပါတယ်၊ ငါးပါးသီလကို မကျိုးမပေါက်ရအောင် အစောင့်ခိုင်းပါတယ်၊ ဗျိုင်းဘဝနဲ့ ငါးပါးသီလဟာ အတော်အဆင်မပြေတဲ့ ကိစ္စဖြစ်ပါတယ်၊ ဗျိုင်းမကလေးက ငါးအသေတွေ့တဲ့အခါ စားရတယ်၊ မတွေ့တဲ့အခါ မစားရဖူးပေါ့၊ ဒီလိုနဲ့ ဆင်းတောင့်ဆင်းရဲ အသက်မွေးပြီး အဲဒီဘဝက သေသွားတော့ ဗာရာဏသီမြို့မှာ အိုးထိန်းသည်သမီး ဖြစ်လာပါတယ်၊ အဲဒီဘဝမှာလဲ ငါးပါးသီလကို စောင့်တာပါပဲ၊ ဒါပေမဲ့ ဒါနကပါမလာ တော့ ဆင်းဆင်းရဲရဲနေရပါတယ်၊ ဒါနဲ့ အလှူဒါနလဲပြုနိုင်အောင် ချမ်းချမ်း သာသာလဲ စားသုံးရအောင် သိကြားမင်းကပဲ ထောက်ပံ့ကူညီထားပါတယ်၊ အဲဒီ ဘဝက စုတေ့တော့ ဝေပစိတ္တအသုရာသမီး ဖြစ်လာပါတယ်၊ အဲဒီ ''ဝေပစိတ္တအသုရာ''ဆိုတာဟာ တာဝတိံသာနတ်တွေထဲမှာ ပါဝင်ပါတယ်၊ ဒါနဲ့ပန်းကုံးစွပ်ပြီး လင်ရွေးပွဲလုပ်တဲ့အခါမှာ သိကြားမင်းက ပန်းကုံးအစွပ် ခံပြီး အတင်းယူဆောင်လာမှ သိကြားမိဖုရားဖြစ်လာရပါတယ်။

ဒီဝတ္ထုက ဘာသင်ခန်းစာရသလဲ ပြန်စိစစ်ကြည့်ကြဦးစို့ရဲ့၊ သူ့ကိုမှားမှန်သိပြီး လင်ကလုပ်သလို ကုသိုလ်ကောင်းမှုကို ပြုလုပ်ကြတဲ့သူတွေက လင်နဲ့မကွဲမကွာ နတ်ပြည်မှာဖြစ်ကြရတယ်။

''လင်ကလုပ်သမျှဟာ ငါ့အတွက်ပဲပေါ့၊ ငါက လုပ်စရာမလိုပါဘူး''ဆိုပြီး ဘာကုသိုလ်ကောင်းမှုမှမလုပ်တဲ့ သုဇာတာကတော့ ဗျိုင်းမကလေးသွားဖြစ် ရတယ်၊ လင်ဖြစ်ခဲ့ဖူးတဲ့ ''သိကြားက ကယ်မဖော်ရလို့သာ တာဝတိံသာ နတ်ပြည်ကိုရောက်လာရတယ်'' ဆိုတာတွေကို တွေ့ရပါလိမ့်မယ်၊ ပြီးတော့ ငါးပါးသီလရဲ့ အကျိုးကိုလဲ တွေ့ကြရပါလိမ့်မယ်။

"ဒီတော့ "ကုသိုလ်ကောင်းမှု ပြုကြတဲ့နေရာမှာ လင်ရောမယားပါ စိတ်တူကိုယ်တူပြုလုပ်ကြပါ၊ သီလကိုလဲ စောင့်ထိန်းကြပါ"လို့ ဘုန်းကြီးက တိုက်တွန်းလိုပါတယ်။

ပြီးတော့ လင်ကသောတာပန် မယားက တိရစ္ဆာန်လိုဖြစ်နေတဲ့ ရေဝတီ ဝတ္ထုကို ဆက်ပြောပါဦးမယ်။

လင်သောတာပန် မယားတိရစ္ဆာန်[၁]။ ။ဘုရားရှင် ဗာရာဏသီမြို့ ဣသိပတန မိဂဒါဝုန်မှာ သီတင်းသုံး နေတဲ့ အချိန်ဖြစ်ပါတယ်၊ ဗာရာဏသီမြို့မှာ "နန္ဒိယ"ဆိုတဲ့ အမျိုးသားကလေး တယောက်ဟာ သဒ္ဓါတရားရှိတဲ့အိမ်ထောင်စုတခုရဲ့ သားကလေးဖြစ်ပါတယ်၊ အဲဒီ "နန္ဒိယ"ဆိုတဲ့ အမျိုးသားကလေးဟာ ရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်တဲ့ ဥပါသကာဖြစ်ပါတယ်၊ သဒ္ဓါတရားလဲရှိပါတယ်၊ ပေးလှူတတ်တဲ့ အလှူရှင်လဲ ဖြစ်ပါတယ်၊ သံဃာတော်ကိုလဲ ပြုစုလုပ်ကျွေးတတ်ပါတယ်။

သူတို့အိမ်ရဲ့ အိမ်ရှေ့အိမ်တအိမ်မှာ "ရေဝတီ" ဆိုတဲ့ မိန်းမပျိုကလေး တဦးရှိနေပါတယ်၊ နန္ဒိယဦးလေးရဲ့ သမီးပါပဲ၊ အဲဒီ အမျိုးသမီးကလေး ကတော့ သဒ္ဓါတရားလဲမရှိဘူး၊ ပေးလှူမှုလဲ မရှိပါဘူး။

နန္ဒိယရဲ့အမေအဖေတွေက နန္ဒိယကို ရေဝတီနဲ့ ထိမ်းမြားလက်ထပ်ပေးလို ကြပါတယ်၊ နန္ဒိယက ရေဝတီကို သဘောမကျပါဘူး၊ ဒါနဲ့ နန္ဒိယ အမေက ရေဝတီကို ခေါ်ပြီး—

"တူမရေ ညည်းက ဒီအိမ်ကိုလာပြီး ရဟန်းသံဃာတော် ထိုင်တဲ့ နေရာကို နွားချေးစိုတွေနဲ့ သုတ်လိမ်းပါ၊ နေရာတွေကိုလဲ ခင်းပါ၊ သပိတ်ခြေတွေကိုလဲ တည်ထားပါ၊ ရဟန်းတော်တွေ ကြွလာတဲ့ အချိန် မှာ ရှိခိုးပြီး သပိတ်ကိုလှမ်းယူပါ၊ ခင်းထားတဲ့ နေရာကို ပင့်တင်ပြီး သောက်ရေကို စစ်ပေးပါ၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ သပိတ်တွေ ကို ဆေးကြောပေးပါ၊ ဒီလိုလုပ်လို့ရှိယင် ငါ့သားက ညည်းကိုသဘော ကျလာပါလိမ့်မယ်"

၁။ ဝိမာန ဋ္ဌ-၂၀၄။

ဒီလိုပြောဆိုသွန်သင်ထားပါတယ်၊ ရေဝတီကလဲ နန္ဒိယအမေ ပြောဆို ထားတဲ့အတိုင်း လုပ်ကိုင်ဆောင်ရွက်နေပါတယ်၊ တနေ့ကျတော့ နန္ဒိယရဲ့ အမေက "သားရေ ရေဝတီဟာ သားထင်သလောက် မဆိုးပါဘူး၊ ပြောလို့ ဆိုလို့ အလွယ်သားပဲ"လို့ နန္ဒိယကို နားချပြောဆိုပါတယ်၊ "ဒီလိုဆိုယင် တော့ ကောင်းပါတယ် အမေရေ"လို့ နန္ဒိယက လက်ခံလိုက်ပါတယ်၊ ဒီတော့ နေ့ရက်သတ်မှတ်ပြီး သူတို့နှစ်ယောက်ကို လက်ထပ်ပေးလိုက်ကြပါတယ်၊ ဒါနဲ့ ရေဝတီဟာ နန္ဒိယတို့ရဲ့အိမ်ကို ရောက်လာရပါတယ်။

ဒါပေမယ့် နန္ဒိယက သူ့ဇနီးရေဝတီကို သိပ်ယုံကြည်လှတာ မဟုတ် ပါဘူး၊ "ရဟန်းသံဃာနဲ့ ကျေးဇူးရှိအမေအဖေတွေကို ပြုစုလုပ်ကျွေးမယ် ဆိုယင် တော့ ဒီအိမ်မှာ နေရပါလိမ့်မယ်၊ မင်း ကောင်းကောင်း သတိထားနေပါလို့" ရေဝတီကို ပြောထားပါတယ်၊ "ကောင်းပါပြီမောင်ရယ်၊ မောင်ပြောတဲ့ အတိုင်းပဲ လုပ်ကိုင်ပါ့မယ်"လို့ ရေဝတီက ဝန်ခံပြောဆိုပါတယ်၊ အတော် လေးကြာအောင်တော့ သဒ္ဓါတရားရှိသယောင် ဟန်ဆောင်ပြီး လင့်စကား ကို နားထောင်ပါသေးတယ်။

ဒီလိုနဲ့ ရေဝတီဟာ ကလေး ၂-ယောက်အမေ ဖြစ်လာပါတယ်၊ နန္ဒိယရဲ့ အမေအဖေတွေကလဲ ကွယ်လွန်သွားကြပါတယ်၊ အဲဒီအချိန်မှာ ရေဝတီကပဲ တအိမ်းလုံးကို အုပ်စီးနေပါတော့တယ်၊ တအိမ်လုံးဟာ သူ့လက်သူ့ခြေချည်း ဆိုသလို ဖြစ်နေပါတော့တယ်။

နန္ဒိယလဲ အလှူရှင်ကြီး ဖြစ်လာပါတယ်၊ ရဟန်းသံဃာအတွက်လဲ ဒါန ဝတ်ကို အမြဲတည်ထားပါတယ်၊ ပစ္စည်းမဲ့ လူတန်းစား ခရီးသွားတွေအတွက်လဲ အိမ်တခါးမှာ ထမင်းဝတ်ကို တည်ထားပါတယ်၊ ဣသိပတနကျောင်းတိုက်မှာ အခန်း ၄-ခုနဲ့ တန်ဆာဆင်ထားတဲ့ မုခ်ထွတ် ၄-ခုရှိတဲ့ ကျောင်းကိုလဲ ဆောက် လုပ်စေပါတယ်၊ ညောင်စောင်း အင်းပျဉ်တွေကိုလဲ အခင်းခိုင်းထားပါတယ်၊ ဘုရားရှစ် အမှူးရှိတဲ့ သံဃာအား ကြီးကျယ်ခမ်းနားတဲ့ အလှူဒါနကိုလဲ ပေးလှူ ပါတယ်၊ မြတ်စွာဘုရားရဲ့လက်မှာ အလှူရေစက်ကို ကျစေပြီး အပ်နှင်းလှူဒါန်း ပါတယ်။

အလှူရေစက်ကို ပေးလှူလိုက်တာနဲ့ တပြိုင်နက် တာဝတိံသာ နတ်ပြည်မှာ အံ့သြစရာကောင်းတဲ့ ပြာသာဒ်တခု ပေါက်လာပါတယ်၊ အဲဒီ ပြာသာဒ်ဟာ

အလျား အနံ ထက်ဝန်းကျင် ၁၂-ယူဇနာရှိပါတယ်၊ ယူဇနာတရာ မြင့်ပါတယ်၊ ရတနာ ၇-ပါးနဲ့ ပြုလုပ်ထားပါတယ်၊ နတ်သမီးတထောင်က ဟစ်အော် ဆူညံနေပါတယ်။

အဲဒီအချိန်မှာ အရှင်မဟာမောဂ္ဂလာန်ထေရ်က နတ်ပြည်ကို ကြွသွားတော့ အဲဒီပြာသာဒ်ကြီးကို တွေ့ရပါတယ်၊ ဒါနဲ့ မိမိကို ဖူးမြော်ရှိခိုးရအောင် အနား ကို ရောက်လာကြတဲ့ နတ်သားတွေကို မေးကြည့်ပါတယ်။

"ဒါနဲ့ ဘယ်သူ့ပြာသာဒ်လဲ"

"ဒီပြာသာဒ်ရဲ့ ပိုင်ရှင်က ဒေတာ့ဘုရား လူ့ပြည်မှာပဲ ရှိနေပါသေး တယ်၊ ဗာရာဏသီမြို့မှာ 'နန္ဒိယဆိုတဲ့ သူကြွယ်သားပါပဲ၊ သူဟာ သံဃာတော်အတွက် ပ္လသိပတနကျောင်းတိုက်မှာ မုခ်ထွတ်လေးခုရှိတဲ့ ကျောင်းကို ဆောက်လုပ်စေပါတယ်၊ ဒါဟာ သူ့အတွက် ဖြစ်ပေါ် လာတဲ့ ပြာသာဒ်ပါပဲ"

ဒီလိုနတ်သားတွေက လျှောက်ထားကြပါတယ်၊ ပြာသာဒ်မှာ ဖြစ်နေနှင့် ကြတဲ့ နတ်သမီးတွေကလဲ ရှင်မောဂ္ဂလာန်ကို တွေ့ရတော့ သုတ်သီးသုတ်ပျာနဲ့ ပြာသာဒ်ပေါ်က ဆင်းလာကြပါတယ်၊ ရှင်မောဂ္ဂလာန်ထေရ်ကို ရှိခိုးပြီး သူတို့ကလဲ လျှောက်ထားကြပါတယ်။

"အရှင်ဘုရား တပည့်တော်မတို့တတွေဟာ ဗာရာဏသီမြို့က 'နန္ဒိယ' ဆိုတဲ့ ဥပါသကာ ရဲ့ အလုပ်အကျွေး ဖြစ်ရအောင် ဒီမှာ ဖြစ်နေနှင့်ကြရ ပါတယ်၊ ဒီက ပြန်သွားလို့ရှိယင် သူ့ကို တဆိတ်လောက် ပြောပေး စမ်းပါ၊ 'သင့်ကို ပြုစုလုပ်ကျွေးရအောင်လို့ သင့်ဘုံဗိမာန်မှာ ဖြစ်နေ နှင့်ကြတဲ့ နတ်သမီးလေးတွေက သင်ကြာနေတဲ့အတွက် ပျင်းရိနေကြ ပြီ၊ နတ်ပြည်စည်းစိမ်ဆိုတာဟာ မြေခွက်ကိုခွဲပြီး ရွှေခွက်ကိုယူတာလို အင်မတန် နှစ်လိုဖွယ်ကောင်းတယ်' ဒီလိုပြောပြပြီး ဒီကို (ခပ်မြန်မြန်) လာအောင် ဟိုက်တွန်းပေးတော် မူပါဘုရား"

ရှင်မောဂ္ဂလာန်မထေရ်ကလဲ ခပ်မြန်မြန်ပဲ နတ်ပြည်က ပြန်ကြွလာပါတယ်၊ ပရိသတ်လေးပါးအလယ်မှာ မြတ်စွာဘုရားကို လျှောက်ထားပါတယ်။

"ကုသိုလ်ကောင်းမှု ပြုလုပ်ထားတဲ့လူတွေက လူ့ပြည်မှာ ရှိတုန်းမှာပဲ နတ်စည်းစိမ်ချမ်းသာတွေ ဖြစ်နိုင်ပါသလားဘုရား"

"မောဂ္ဂလာန် နန္ဒိယအတွက် နတ်ပြည်မှာ ဖြစ်နေတဲ့ စည်းစိမ်ချမ်းသာတွေကို သင်ကိုယ်တိုင် တွေ့လာခဲ့တယ်မဟုတ်လား၊ဘာ့ကြောင့် ငါဘုရားကို မေးနေရသေးသလဲ"

"အမိန့်ရှိတဲ့ အတိုင်း ဖြစ်နေတာတော့ မှန်ပါတယ် ဘုရား"

အရှင်မောဂ္ဂလာန်ထေရ်က ဒီလိုဝန်ခံတော့ မြတ်စွာဘုရားက—

"ကြာရှည်လေးမြင့် ကွဲကွာနေပြီး ရပ်ဝေးက ချမ်းချမ်းသာသာ ပြန်ရောက်လာတဲ့သူကို ဆွေးမျိုးမိတ်ဆွေ ချစ်ကျွမ်းဝင်သူတွေက ပြန်ရောက်လာတဲ့အတွက် ဝမ်းမြောက်ဝမ်းသာ လက်ခံသိမ်းပိုက်တတ်ကြပါတယ်။

"ဒီနည်းအတိုင်းပဲ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်ပြီး ဒီလောကက တမလွန် လောကသို့ ရောက်သွားတဲ့သူကိုလဲ ကိုယ်လုပ်ထားတဲ့ ကုသိုလ်ကောင်းမှုတွေက (စည်းစိမ်ချမ်းသာဆိုတဲ့ လက်ဆောင်တွေနဲ့) လက်ခံသိမ်းပိုက်တတ်ကြပါတယ်၊ ရပ်ဝေးက ပြန်ရောက်လာတဲ့သူကို ဆွေမျိုးတွေက လက်ခံသိမ်းပိုက်တာနဲ့ မထူးခြားလှပါဘူး"

ဒီလိုမိန့်တော်မူပါတယ်။

အဲဒီစကားကို ကြားရတော့ နန္ဒိယက အတိုင်းထက်အလွန် အလှူဒါနတွေကို ပေးလှူနေပါတယ်၊ ကုသိုလ်ကောင်းမှုတွေကို ပြုလုပ်နေပါတယ်။

"ရှင်မရေ ငါက ဝတ်တည်ထားတဲ့ သံဃာတော်အား ပေးလှူမှုရယ်, ခိုကိုးရာမဲ့ ပုဂ္ဂိုလ်တွေအတွက် ပေးလှူနေတဲ့ ထမင်းဝတ်ရယ်ဒါတွေကိုတော့ ရှင်မက ဘယ်နည်းနဲ့မှ မမေ့ပါနဲ့၊ဖြတ်မပစ်ပါနဲ့၊ အမြဲတမ်း ကြိုးစားပေးလှူရစ်ပါ"

အရောင်းအဝယ် ကိစ္စနဲ့ ခရီးထွက်ခါနီးမှာ နန္ဒိယက ရေဝတီကို ပြောဆို မှာထားခဲ့ပါတယ်၊"ရေဝတီက ကောင်းပါပြီ မောင်ရေ၊ စိတ်ချပြီး သွားမဲ့ဟာသာ သွားစမ်းပါ"လို့ ပြောဆိုမှာထားခဲ့တုန်းကတော့ ဝန်ခံပါတယ်။

နန္ဒိယက ရောက်တဲ့အရပ်မှာလဲပဲ ရဟန်းတော်တွေ, ခိုကိုးရာမဲ့ သူတွေကို ပစ္စည်း အင်အားအလျောက် ပေးလှူနေပါတယ်၊ သူ့ကို ချီးမြှောက်လိုတဲ့ အတွက် ဧဟတ္တာ:ပုဂ္ဂိုလ်:တွေက ရပ်ဝေးကတောင်မှ လာပြီး အလှူကို လက်ခံ ကြပါတယ်။

ရေဝတီကတော့ နန္ဒိယ ထွက်သွားပြီးတဲ့နောက် ရက်အနည်းငယ် လောက်သာ အလှူဒါနကို ပေးလှူပါတယ်၊ ခိုကိုးရာမဲ့သူတွေအတွက် ထမင်းဝတ်ကို လုံးဝဖြတ်ပစ်လိုက်ပါတယ်၊ ရဟန်းတော်တွေကိုလဲ ဆန်ကွဲထမင်း ပအုံးရည် (အချဉ်ခံထားတဲ့ ဆန်ဆေးရေ)ဟင်း ဒါကိုပဲ လှူပါတော့တယ်။

ရဟန်းတော်တွေ ဆွမ်းဘုဉ်းပေးတဲ့နေရာမှာ ကိုယ့်စားကြွင်း ထမင်းလုံး တွေ ငါးအသားပိုင်းတွေနဲ့ ရောနေတဲ့ စားဖတ်ဝါးဖတ်တွေကို ကြဲဖြန့်ထား ပြီး "ဒီမှာကြည့်ကြစမ်းပါဦး၊ ရဟန်းတွေလုပ်သွားတာကို၊ သဒ္ဓါတရားနဲ့ လှူတဲ့ပစ္စည်းကို ဒီလို စွန့်ပစ်နေကြတာပဲ" ဒီလို လူတွေကို ခေါ်ပြီးပြပါတယ်၊ (အတော်ကို ဆိုးတဲ့ ဒါယိကာမပါပဲ။)

နန္ဒိယက အရောင်းအဝယ်ကိစ္စနဲ့ ခရီးထွက်ရာက ပြန်လာတော့ ဒီသတင်းဆိုး ကိုပဲ အယင်ကြားရပါတယ်၊ ဒါနဲ့ ရေဝတီကို အိမ်က နှင်ထုတ်လိုက်ပြီးမှ အိမ် ထဲကို ဝင်ပါတယ်၊ နောက်ဟာနေ့မှာ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ကြီး ကျယ်ခမ်းနားစွာ လှူဒါန်းပါတယ်၊ ရဟန်းတော်တွေအတွက် အလှူဝတ်နဲ့ ခိုကိုးရာမဲ့ သူတို့အတွက် ထမင်းဝတ်ကိုလဲ ကောင်းမွန်စွာပဲ ဆက်လက် လှူဒါန်း နေပါတယ်။

နန္ဒိယရဲ့ မိတ်ဆွေသူငယ်ချင်းတွေက နန္ဒိယဆီသို့ ရေဝတီကို ခေါ်ယူပို့ ဆောင်လာကြပါတယ်၊ နန္ဒိယက မိတ်ဆွေသူငယ်ချင်းတွေရဲ့ မေတ္တာကို ငဲ့ညှာပြီး ပြန်လက်ခံထားလိုက်ရပါတယ်၊ ဒါပေမဲ့ ရေဝတီကို အိမ်ထောင် ဦးစီးခွင့် မပေးတော့ပါဘူး၊ စားလောက်ရုံ, ဝတ်လောက်ရုံလောက်သာ ပေးကမ်းထားပါတော့တယ်။

ဒီလို နေယင်း ထိုင်ယင်း နောက်တချိန်မှာ နန္ဒိယက ကွယ်လွန်သွားပါ တယ်၊ ဗာရာဏသီ သာနတ်ပြည်မှာ ရှိနေနှင့်တဲ့ မိမိရဲ့ ဘုံဗိမာန်မှာပဲ သွား ဖြစ်ပါတယ်။

နန္ဒိယကွယ်လွန်သွားတယ်ဆိုယင်ပဲ ရေဝတီက အလှူဒါနဝတ် အကုန်လုံးကို ဖြတ်ပစ်လိုက်ပါတယ်၊ "ဒီသူတွေကို အကြောင်းပြုပြီး ငါ့ရဲ့လာဘ်ပူဇော်သကာ ယုတ်လျော့ခဲ့ရတာပဲ"ဒီလို စိတ်ခုပြီး ရဟန်းသံဃာတော်ကို ဆဲရေးကြိမ်းမောင်းနေပါတော့တယ်၊ အဲဒီအချိန်မှာ ဝေဿဝဏ်နတ်မင်းက—

"ဟေ့ သွားကြစမ်း၊ 'ဒီနေ့က ၇-ရက်မြောက်တဲ့နေ့မှာ ရေဝတီကို အရှင်လတ်လတ် ငရဲမှာပစ်ချမယ်'လို့ ဗာရာဏသီမြို့မှာ လှည့်လည်ကြွေးကြော်လိုက်ကြစမ်း"

ဒီလို ဘီလူး ၂-ယောက်ကို အမိန့်ပေးလွှတ်လိုက်ပါတယ်၊ဘီလူး ၂-ယောက်ကလဲ တမြို့လုံးကို လှည့်လည်ကြွေးကြော်ကြပါတယ်၊အဲဒီအသံကိုကြားရတော့ မြို့နေလူထုဟာ သံဝေဂ ရနေကြပါတယ်၊ ကြောက်ရွံ့ထိတ်လန့် နေကြပါတယ်၊ ရေဝတီကတော့ အိမ်အပေါ်ထပ်ကိုတက်ပြီး တံခါးကို အလုံပိတ်ပြီး ထိုင်နေပါတယ်။

၇-ရက်မြောက်တဲ့နေ့ ရောက်လာတော့ ရေဝတီရဲ့မကောင်းမှု အကုသိုလ်ကံက လှုံ့ဆော်ပေးတဲ့အတွက် ဝေဿဝဏ်နတ်မင်းကြီးက အင်မတန်ကြောက်စရာ လန့်စရာကောင်းတဲ့ ဘီလူး ၂-ယောက်ကို နောက်ထပ် စေခိုင်းလိုက်ရပြန်တယ်၊ အဲဒီ ဘီလူး ၂-ယောက်ရဲ့ဆံပင် မုတ်ဆိတ်ကျင်စွယ်တွေဟာ ကြောင်တဲ့အဆင်း (အညိုအဝါရောတဲ့အဆင်း)ရှိပြီး အရောင်တဖျပ်ဖျပ် တောက်ပနေပါတယ်၊ နှာခေါင်းကတော့ ပိန့်ရှုံ့ပြီး (အတွင်းကို ဝင်)နေပါတယ်၊ အင်မတန်အကြည့်ရဆိုးပါတယ်၊အစွယ်တွေက ကွေးညွတ်နေပါတယ်၊မျက်လုံးတွေက (ကားနောက်မီးလို) နီရဲနေပါတယ်၊ ကိုယ်ရေအဆင်းကတော့ မိုးတိမ်ညိုလို ညိုမဲညစ်ပုပ်နေပါတယ်။

အဲဒီ ဘီလူး ၂-ကောင်က ရေဝတီအနားကို ရောက်လာကြပါတော့တယ်။

"ဟေ့ ရေဝတီ နင်ဟာ အင်မတန်ယုတ်မာတယ်၊ လှူဒါန်းပေးကမ်းစွန့်ကြဲမှုလဲပဲ မရှိဖူး၊ ဒါကြောင့် နင့်အတွက် အပါယ်တံခါးပွင့်နေပြီ၊ ထစမ်း—အခုမှ ဘာငိုနေရသေးသလဲ၊ 'ငရဲသူ ငရဲသားတွေ' ဆိုတာဟာ အင်မတန် ဒုက္ခရောက်ကြရတယ်၊ အင်မတန် ဆင်းရဲကြရတယ်၊ ကူပါကယ်ပါ တစာစာနဲ့ ညီးတွားနေကြရတယ်၊ အဲဒီငရဲသို့ နင့်ကို ငါတို့က မရောက်ရောက်အောင် ပို့ဆောင်ပေးရတော့မယ်"

ဒီလိုပြောပြီး တဘက်တယောက် လက်မောင်းကိုဆွဲကိုင်ယူသွားကြပါတယ်၊ ရေဝတီကလဲ ယက်ကန် ယက်ကန်နဲ့ တငိုငိုတယိုယိုနဲ့ ပါသွားရပါတယ်၊ "မြို့နေလူထု အကုန်လုံး တွေ့ကြပါစေ မြင်ကြပါစေ"ဆိုတဲ့ ရည်ရွယ်ချက်နဲ့ တလမ်းဝင် တလမ်းထွက်နဲ့ တမြို့လုံးကို လှည့်ပတ်ပြနေကြပါတယ်၊ ပြီးမှ မိုးပေါ်ကို ပျံတက်ပြီး တာဝတိံသာနတ်ပြည်ကို ယူသွားကြပါတယ်၊ နန္ဒိယ ဗိမာန်ရဲ့ အနီးမှာ ချထားလိုက်ကြပါတော့တယ်။

ဒီတော့ ရေဝတီက အတိုင်းထက်အလွန် နေဝန်းလို အရောင်တလက်လက် ထွက်နေတဲ့ နန္ဒိယရဲ့ဗိမာန်ကို တွေ့ရတဲ့အခါ—

"ဒီဗိမာန်ဟာ နေအဆင်းနဲ့တူတဲ့ အဆင်းလဲရှိပါတယ်၊ နှစ်သက်စရာလဲ ကောင်းလှပါတယ်၊ အရောင်တွေကလဲ တလက်လက်နဲ့ ထွက်နေပါဘိတယ်၊ တင့်တယ်လှပပါဘိတယ်၊ ရွှေကွန်ရက်တွေနဲ့လဲ ဖုံးလွှမ်းထားပါတယ်၊ နတ်သမီးလေးတွေကလဲ အင်မတန်ပေါများတယ်၊ နေရောင်လို ထွန်းတောက်နေပါတယ်၊ ဒါဟာ ဘယ်သူ့ ဗိမာန်ပါလဲရှင်။

"နတ်သမီးတွေကလဲ အချောအလှတွေချည်းပဲ၊သူတို့ရဲ့ တကိုယ်လုံးကိုလဲ စန္ဒကူးနံ့သာနှစ်တွေနဲ့ လိမ်းကျံထားကြပါတယ်၊ သူတို့တတွေဟာ ဗိမာန်ရဲ့အတွင်းအပြင် နှစ်ဘက်လုံးကိုပဲ တင့်တယ်စေကြပါတယ်၊ 'ဒီ ဗိမာန်ဟာ နေနဲ့ တန်းတူညီမျှတဲ့အဆင်း ရှိတယ်'လို့လဲ ထင်ရပါတယ်၊ နတ်ပြည်ကိုရောက်လာပြီး ဒီဗိမာန်မှာ ပျော်စံနေတဲ့သူဟာ ဘယ်သူပါလဲရှင်"

ဒီလို သူ့ကိုခေါ်ယူလာတဲ့ ဘီလူးတွေကို မေးပါတယ်၊ ဘီလူးတွေကလဲ သူ့အမေးကို ပြန်ဖြေကြပါတယ်။

"ဗာရာဏသီမြို့မှာ "နန္ဒိယ"ဆိုတဲ့ ဥပါသကာတယောက် ရှိခဲ့ဖူးတယ်၊ သူဟာ နှမြောဝန်တိုမှုလဲမရှိဖူး၊ အလှူရှင်လဲဖြစ်တယ်၊ အလှူခံတွေရဲ့ အရိပ်အကဲကိုလဲ အင်မတန် နားလည်တယ်၊ နတ်သမီးတွေ အင်မတန်ပေါများတဲ့ နေရောင်လို ထွန်းပနေတဲ့ ဒီဗိမာန်ဟာ အဲဒီ နန္ဒိယဥပါသကာရဲ့ ဗိမာန်ပါပဲ။

"ချောမောလှပတဲ့ နတ်သမီးကလေးတွေဟာ သူတို့ရဲ့ကိုယ်လုံးကို စန္ဒကူးနံ့သာနှစ်တွေနဲ့ လိမ်းကျံထားကြတယ်၊ သူလေးတွေဟာ ဗိမာန်ရဲ့ အတွင်းအပြင် နှစ်ဘက်လုံးကိုပဲ တင့်တယ်စေကြပါတယ်၊ 'ဒီဗိမာန်ဟာ နေနဲ့ တန်းတူညီမျှတဲ့ အဆင်းရှိတယ်'လို့လဲ ထင်ရပါတယ်၊ နတ်ပြည်ကိုရောက်လာပြီး ဒီဗိမာန်မှာ ပျော်စံနေတဲ့သူဟာ အဲဒီနန္ဒိယ ဥပါသကာပါပဲ"

ဘီလူးတွေရဲ့စကားကို ကြားရတဲ့အခါ ရေဝတီက—

'ကျွန်မဟာ အဲဒီ နန္ဒိယရဲ့ ဇနီးပါပဲရှင်၊ တအိမ်လုံးကို စိုးရပိုင်ဆိုင်တဲ့ အိမ်ရှင်မ ဖြစ်ပါတယ်၊ အခု ကျွန်မလင့်ဗိမာန်မှာပဲ ပျော်စံပါတော့မယ်၊ ရှင်တို့ရဲ့ ငရဲကိုတွေ့မြင်ဖို့ မမျှော်လင့် မတောင့်တပါဖူး"

ဒီလိုပြောနေတုန်းမှာပဲ "နင်က ငရဲကိုတောင့်တချင်လဲတောင့်တ၊မတောင့်တချင်လဲနေ၊ အခုမှ လင့်ဗိမာန်မှာ ပျော်စံမလဲ-ဘာလဲနဲ့ မျှော်လင့်တကြီးလုပ်နေတာ နင့်အတွက် ဘာအသုံးကျတော့မလဲ"ဒီလိုပြောပြီး ငရဲရဲ့အနီးကို အတင်းဆွဲခေါ်သွားကြပါတယ်။

"ဟေ့ ရေဝတီ နင်ဟာ အင်မတန် အကျင့်ယုတ်တဲ့ ကောင်မပဲ၊ အခု ယုတ်ပါဦးတော့လား၊ဒါဟာ နင့်အတွက် ငရဲပါပဲ၊ လူ့ပြည်မှာနေတုန်းက နင်ဟာ ကုသိုလ်ကောင်းမှု ဘာတခုမှ မလုပ်ခဲ့ဖူး၊ နင်ဟာ ဝန်တိုတယ်၊ အမျက်ဒေါသကြီးတယ်၊ အကျင့်ကလဲ အင်မတန် ယုတ်တယ်၊ ဒီလို ကောင်မမျိုးက နတ်ပြည်ကို ရောက်နေတဲ့ နတ်တွေနဲ့ အတူနေခွင့်ရနိုင်ပါဦးမလား"

ဒီလိုပြောပြီး ဘီလူး ၂-ကောင်က အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားကြပါတယ်၊ ပြီးတော့ အဲဒီ ကွယ်ပျောက်သွားတဲ့ ဘီလူး ၂-ယောက်နဲ့တူတဲ့ ငရဲထိန်း ၂-ယောက်က "သံသဝက"ဆိုတဲ့ ဘင်ပုပ် ငရဲမှာ ပစ်ချဖို့ ရေဝတီကို လာရောက် ဆွဲငင်ကြပါတော့တယ်။

"အမယ်လေး မောင်ကြီးတို့ရေ ခဏဆိုင်းကြပါဦး၊ ဒီငရဲမှာ မစင်မကြယ် ရွံစဖွယ်ဖြစ်တဲ့ ကျင်ကြီးကျင်ငယ်ကိုပဲ တွေ့မြင်ရပါတယ်၊ ဘာ့ကြောင့် ဒီငရဲဟာ အနံ့ဆိုးဝါးလှတဲ့ ကျင်ကြီးတွေနဲ့ ပြည့်နှက်

နေရပါသလဲ၊ ဘာ့ကြောင့် ဒီငရဲဟာ မကောင်းဆိုးဝါးတဲ့ အနံ့တွေ နံစော်ရပါသလဲ''

ဒီလို ရေဝတီက မေးပါတယ်။

''ဟေ့ ရေဝတီ ဒါဟာ 'သံသဝက'ဆိုတဲ့ ငရဲပါပဲ၊ အသူတရာ လောက် နက်တယ်၊ နင်ဟာ ဒီငရဲမှာ အနှစ်ထောင်ပေါင်းများစွာ ခံရလိမ့်မယ်''

(ကျင်ကြီးကျင်ငယ်စတဲ့ စက်ဆုပ်ဖွယ်ရာ အရာဝတ္ထုကို အမြဲယိုစီး စေတတ်တဲ့အတွက်(ဘင်ပုပ်ငရဲကိုပဲ)''သံသဝက''လို့ခေါ်ရပါတယ်။)

ဒီစကားကိုကြားရတဲ့အခါ ရေဝတီက သံသဝကငရဲမှာ ကျရောက်ရခြင်းရဲ့ အကြောင်းဖြစ်တဲ့ ကံကိုမေးပါတယ်။

''ဘယ့်နှယ်ပါလဲ မောင်တို့ရေ ကျွန်မဟာ ကိုယ်,နှုတ်,စိတ်နဲ့ ဘယ်လို မကောင်းမှုကို ပြုလုပ်မိခဲ့ပါသလဲ၊ ဘာ့ကြောင့် ကျွန်မ ဟာ အသူတရာနက်တဲ့ သံသဝက ငရဲကို ရနေရပါသလဲ''

''နင်ဟာ ရဟန်းသူတော်ကောင်းတွေ အခြား ဘုန်းတောင်း ယာစကာတွေကို မမှန်မကန်တဲ့ စကားနဲ့ လှည့်ပတ်လာခဲ့တယ်၊ အဲဒီ မကောင်းမှု အကုသိုလ်ကံကို နင်လုပ်လာခဲ့တယ်''

ရေဝတီအား သူလုပ်လာတဲ့ ကံကို ပြောပြီးတဲ့နောက် ငရဲထိန်းတွေက—

''အဲဒီ အကုသိုလ်ကြောင့် နင်ဟာ အသူတရာနက်တဲ့ သံသဝကငရဲ ကို ရလာရပါတယ်၊ နင်ဟာ ဒီသံသဝကငရဲမှာ နှစ်ထောင်ပေါင်း များစွာ ခံရပါလိမ့်မယ်''

ဒီလို ပြောကြပြန်တယ်၊ နင်ဟာ ဒီသံသဝကငရဲမှာ ခံရရုံတင် မဟုတ် သေးပါဘူး၊ အမှန်ကတော့ ဒီငရဲမှာ နှစ်ထောင်ပေါင်းများစွာ ခံပြီးတဲ့ နောက် ဒီငရဲကတက်လာ (လွတ်လာ)လို့ရှိယင် လက်ဖြတ်ခံရခြင်း, ခြေဖြတ် ခံရခြင်းစတဲ့ ဆင်းရဲကိုလဲ ရလေဦးမယ်၊ ဒီလို ငရဲ တခုပြီးတခု ဆက်ခံရမဲ့ အကြောင်းကို အစဖော်ပေးပြီးတဲ့နောက်—

"ရေဝတီ နင်ဟာ လက်ဖြတ်လဲ ခံရဦးမယ်၊ ခြေဖြတ်လဲ ခံရဦးမယ်၊ နားဖြတ်လဲ ခံရဦးမယ်၊ နှာခေါင်းဖြတ်လဲ ခံရဦးမယ်၊ ပြီးတော့ ကျီးအုပ်ကြီးက ဝိုင်းအုံလာပြီး ကတုန်ကယင် ဖြစ်နေတဲ့ နင့်ကို ထိုးဆိတ် စားသောက်ကြလေဦးမယ်"

ဒီလို ရထိုက်တဲ့အကြောင်းတွေကိုလဲ ပြောကြပါတယ်။

(ငရဲသူမ ရေဝတီရဲ့ သုံးဂါဝုတ်ခလောက်ရှိတဲ့ကိုယ်မှာ ရာပေါင်းများစွာ ထောင်ပေါင်းများစွာရှိတဲ့ ကျီးတွေက ဟိုကဒီကပျံလာပြီး ထန်းပင်လောက်ရှိတဲ့ အင်မတန်ထက်သောအဖျားရှိတဲ့ သံနှုတ်သီးတွေနဲ့ ထိုးကာ၊ဆိတ်ကာ စားသောက်ကြလိမ့်မယ်၊ ယူတိုင်းယူတိုင်းသော နေရာမှာ အသားဟာ လျော့ရာမထင်ပါဘူး၊ ကံစွမ်းကြောင့် ပြည့်မြဲ ပြည့်နေတာချည်းပါပဲတဲ့။)

နောက်ထပ်ရေဝတီက လူ့ပြည်ကိုပြန်ပို့ပေးဖို့ အသနားခံတာစသည်နဲ့ စပ်ပြီး အမျိုးမျိုးယောင်ယမ်းပြောဆို နေပါတော့တယ်။

"အမယ်လေး မောင်ကြီးတို့ရေ ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မကို လူ့ပြည်သို့ ပြန်ပို့ပေးကြပါလားရှင်၊ ကောင်းမှုကုသိုလ်ပြုတဲ့ သူတွေဟာ ချမ်းသာသုခရကြပါတယ်၊ ပြုပြီးတဲ့နောက်မှာ မပူပန်ကြရပါ၊ အဲဒီ ကုသိုလ်မျိုးကို ကျွန်မက အများကြီး လုပ်ပါ့မယ်၊ အလှူလဲ ပေးပါ့မယ်၊ ညီညီမျှမျှလဲ ကျင့်ပါမယ်၊ သီတင်းသီလလဲ စောင့်သုံးပါ့မယ်၊ ဣန္ဒြေတွေ ကိုလဲ ဆုံးမပါ့မယ်၊ (ဣန္ဒြိယသံဝရသီလကို လုံခြုံအောင် စောင့်ထိန်းပါ့မယ်။)"

သူ့စကားကို ကြားရတဲ့အခါ ငရဲထိန်းတွေက—

"နင်ဟာ ရှေးတုန်းကတော့ မေ့မေ့လျော့လျော့နေခဲ့ပြီး အခုမှ ငိုကြွေးမြည်တမ်းနေဘိတယ်၊ နင်ကိုယ်တိုင် လုပ်လာတဲ့ ကံရဲ့အကျိုးကို နင်ပဲခံစားရတော့မယ်"

ဒီလိုပြောဆိုကြပါတယ်၊ ဒီတော့ ရေဝတီက—

"(သူတပါးကိုညှဉ်းဆဲဖို့) တုတ် ဓား မကိုင်ဆောင်တဲ့ 'ရဟန်းသူတော်ကောင်းတို့အား အလှူပေးရမယ်၊ အဝတ်အရုံကို လှူရမယ်၊

အိပ်ရာနေရာကို လှူရမယ်၊ ဆွမ်းအဖျော်ကို လှူရမယ်၊ ဝန်တိုနှမြောတဲ့သူ အမျက်ဒေါသကြီးတဲ့သူ အကျင့်ယုတ်တဲ့သူတွေဟာ နတ်ပြည်ကို ရောက်နေတဲ့ နတ်တွေနဲ့ အတူနေခွင့်မရနိုင်ဖူး၊ ဒီလိုစကားမျိုးကို ကျွန်မကကျွေးမွေး(တင်မြောက်)ထ းတဲ့ အဘယ်နတ်က နတ်ပြည်က လူ့ပြည်ကိုလာပြီး ကျွန်မကို ပြောဖော်ရပါသလဲရှင်။

''တကယ်ပဲ ကျွန်မဟာ ဒီငရဲကလွတ်မြောက်ပြီး လူ့ဘဝကိုရလို့ရှိယင် အလှူခံတို့ရဲ့ အရိပ်အကဲကိုလဲ သိအောင်ကြိုးစားပါတော့မယ်၊ သီလနဲ့ ပြည့်စုံအောင်လဲ ကြိုးစားပါတော့မယ်၊ ကုသိုလ် အများအပြားကိုလဲ လုပ်ပါတော့မယ်၊ ညီညီမျှမျှလဲ ကျင့်ပါတော့မယ်၊ ဥပုသ်သီတင်းလဲ စောင့်ပါတော့မယ်၊ ဣန္ဒြေတွေကိုလဲ ဆုံးမပါတော့မယ်။

''အင်မတန်ကြည်လင်တဲ့စိတ်နဲ့ သစ်သီးခြံ ပန်းခြံတွေကိုလဲ စိုက်ပါတော့မယ်၊အသွားအလာ ခက်တဲ့နေရာမှာ တံတားတွေလဲဆောက်လုပ်ပါတော့မယ်၊ ရေချမ်းစင်ကိုလဲ တည်ထားပါတော့မယ်၊ ရေတွင်း ရေကန်လဲ တူးပါတော့မယ်။

ကျွန်မဟာ လဆန်းပက္ခ လဆုတ်ပက္ခရဲ့ '၁၄-ရက် ဥပုသ်နေ့ ၁၅-ရက် ဥပုသ်နေ့ ၈-ရက်ဥပုသ်နေ့' ဒီဥပုသ်တွေရဲ့ အကြိုနေ့ အပိုနေ့တွေမှာ အင်္ဂါ ၈-ပါးနဲ့ ပြည့်စုံတဲ့ ဥပုသ်ကို စောင့်ပါတော့မယ်၊ အမြဲတမ်း (ငါးပါး)သီလစောင့်စည်းပါတော့မယ်၊ လှူဒါန်းပေးကမ်းတဲ့နေရာ မှာလဲ မမေ့မလျော့တော့ပါဖူး၊ ကျမဟာ ငရဲကို ကိုယ်တိုင် မြင်နေရ ပါပြီ''

ဒီလို ပါးစပ်ကလဲ မြည်တမ်းနေပါတယ်၊တကိုယ်လုံးကလဲ တုန်တုန်လှုပ်လှုပ် (ကတုန်ကယင်) ဖြစ်နေပါတယ်၊ အဲဒီအချိန်မှာပဲ သူ့ကို ငရဲထိန်းတွေက ဖမ်းယူပြီး ခြေထောက် ၂-ချောင်းကို အပေါ်ထောင်၊ ဦးခေါင်းကို စောက် ထိုးထားပြီး ကြောက်စရာ လန့်စရာကောင်းတဲ့ ဘင်ပုပ် (သံသဝက) ငရဲမှာ ဟိုနေရာကပစ်ချလိုက်၊ ပေါ်လာတဲ့အခါ ဖမ်းယူပြီး ဒီနေရာကပစ်ချလိုက်နဲ့၊ ပစ်ချနေကြပါတော့တယ်။

''ငါဟာ ရှေးလူ့ဘဝက ဝန်တိုနှမြောမှုရှိခဲ့တယ်၊ရဟန်းသူတော် ကောင်းတွေကို ဆဲရေးကြိမ်းမောင်းခဲ့တယ်၊ လင်ကိုလဲ့ မမှန်ကန်တဲ့

စကားနဲ့ လိမ်ညာခဲ့ပါတယ်၊ ဒါ့ကြောင့် ဒီလို ကြောက်စရာ လန့်စရာ ကောင်းတဲ့ ငရဲမှာ ဆင်းရဲဒုက္ခ ခံနေရပါတော့တယ်”

ဒီလို ငြီးတွားမြည်တမ်းနေရပါတော့တယ်။

ဒီဝတ္ထုမှာတော့ လင်ကသိပ်ကောင်း၊ မယားကသိပ်ညံ့၊ ဒီတော့ ကျော ချင်းကပ်ပြေးကြသလို ဘဝပြောင်းတဲ့အခါ တဦးနဲ့တဦး အဝေးကြီးဝေးနေ ရပါတော့တယ်၊ ရေဝတီရဲ့ အဖြစ်အပျက်ဟာ တယ်သံဝေဂ ရစရာကောင်း ပါတယ်။

ပြီးတော့ အမျိုးသမီးတွေအတွက် “ဘယ်လို မယားမျိုး ဖြစ်သင့်တယ်” ဆိုတာ ကိုယ်တိုင် ရွေးတတ်အောင် မယားအမျိုးအစား ၇-ပါးကို ပြောပြ ပါဦးမယ်။

မယား ၇-မျိုး [၁]။ ။မြတ်စွာဘုရားဟာ နံနက် အချိန်မှာ အနာထပိဏ် သဌေးအိမ်ကို ကြွပြီး ထိုင်နေတော်မူပါတယ်၊ အဲဒီ အချိန်မှာ အနာထပိဏ်သဌေးရဲ့ အိမ်သူအိမ်သားတွေဟာ အော်ကျယ် ဟစ် ကျယ် ပြောဆိုနေကြပါတယ်၊ ဘုရားရှင် ကြွလာတယ်ဆိုယင်ပဲ အနာထပိဏ် သဌေးက ဘုရားရှင်နားကို ချဉ်းကပ်ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်။

“ဒါယကာ ငါးလုနေကြတဲ့တံငါတွေလို ဒါယကာရဲ့ အိမ်သူအိမ် သားတွေက ဘာ့ကြောင့် အော်ကျယ်ဟစ်ကျယ် ပြောဆိုနေကြသလဲ”

ဒီလို မြတ်စွာဘုရားက အနာထပိဏ်သဌေးကို မေးတော်မူပါတယ်။

“ရှင်တော်မြတ်ဘုရား ‘သုဇာတာ’ဆိုတဲ့ ချွေးမကလေးတယောက် ကို ချမ်းသာကြွယ်ဝတဲ့အမျိုးက ဆောင်ယူလာခဲ့ပါတယ်၊ ဒီကလေးမ ဟာ ယောက္ခမ(မိန်းမသူ့ယောကျ်ားသူ) လင်ယောကျ်ား ဒါတွေကို ရှိတယ်လို့တောင်မှ သူ့စိတ်ထဲမှာ ထားဟန်မတူပါဘူး၊ ဘယ်သူ့ကိုမှ ရိုသေလေးစားမှုမရှိပါ၊ စကားကိုလဲ နားမထောင်ပါ၊ မြတ်စွာဘုရား ကိုတောင်မှ မရိုသေပါ၊ အလေးဂရုမပြုပါ၊ မမြတ်နိုးပါ၊ မပူဇော်ပါ”

၁။ အံပါဒု-၄၆၆။ ဠတ-၁၇၇။ ဋီတ-၁၀၅။ ဇာတ်ဋ္ဌ-ဒု-၃၁၃။

အနာထပိဏ်သဋ္ဌေးရဲ့ လျှောက်ထားတာကို ကြားရတဲ့အခါ မြတ်စွာဘုရားက "ဟေ့ သုဇာတာ လာခဲ့ဦး" လို့ သုဇာတာကို ခေါ်လိုက်ပါတယ်၊ ဒီတော့မှ သုဇာတာက ဘုရားရှင်ကို ချဉ်းကပ်ရှိခိုးပြီး သင့်တော်ရာက ထိုင်နေပါတယ်။

"သုဇာတာ လင်ယောကျ်ားအတွက်—

'၁။ သူသတ်သမားနဲ့ တူတဲ့မယား၊
၂။ ခိုးသူနဲ့ တူတဲ့မယား၊
၃။ အရှင်(သခင်)နဲ့ တူတဲ့မယား၊
၄။ အမိနဲ့ တူတဲ့မယား၊
၅။ နှမ အမနဲ့ တူတဲ့မယား၊
၆။ အဆွေခင်ပွန်းနဲ့ တူတဲ့မယား၊
၇။ ကျွန်မနဲ့ တူတဲ့မယား၊'

ဒီလို မယား ၇-မျိုးရှိတယ်၊ အဲဒီ ၇-မျိုးအနက် သင်ဟာ ဘယ်လိုမယားမျိုး ဖြစ်သလဲ"

သုဇာတာက နေသားတကျ ထိုင်မိတယ်ဆိုယင်ပဲ မြတ်စွာဘုရားက ဒီလို မိန့်ကြားတော်မူပါတယ်။

"မြတ်စွာဘုရားက အကျဉ်းမိန့်တော်မူတဲ့ ဒီစကားရဲ့ အဓိပ္ပာယ်ကို တပည့်တော်မ နားမလည်ပါ၊ တပည့်တော်မ နားလည်နိုင်လောက်အောင် အကျယ်ဟောကြား စေလိုပါတယ် ဘုရား"

သုဇာတာက ဒီလိုလျှောက်ထားတော့ မြတ်စွာဘုရားက အကျယ်ခဝဖန်ပြီး ဟောတော်မူပါတယ်။

'၁။ အချို့အမျိုးသမီးဟာ စိတ်ဆိုးတတ်တယ်၊ (လင်ရဲ့) အကျိုးစီးပွားမဲ့ကို လိုလားတတ်တယ်၊ အခြားယောကျ်ားတွေကို တပ်မက်တတ်တယ်၊ လင်ကို မခန့်လေးစား လုပ်တတ်တယ်၊ ပစ္စည်းဥစ္စာ အကုန်အကျခံပြီး (မိမိကို) ဆောင်ယူထားတဲ့ လင်ယောကျ်ားကို သေကြောင်းကြံစည်တတ်တယ်၊ ဒီလို အမျိုးသမီးမျိုးကို 'သူသတ်မ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

၂။ အချို့အမျိုးသမီးကတော့ လင်ယောကျ်ားက တတ်ထားတဲ့ အတတ်ပညာကို အသုံးချလို့ဖြစ်စေ ကုန်သန်းရောင်းဝယ်လို့ဖြစ်စေ လယ်ယာလုပ်ကိုင်လို့ဖြစ်စေ ဘယ်နည်းနဲ့ပဲဖြစ်ဖြစ် ရှာဖွေပေးတဲ့ ပစ္စည်းဥစ္စာထဲက နည်းနည်းလေးကိုပဲ ဖြစ်ဖြစ် ကဲ့ထုတ်လိုတဲ့ ဝါသနာရှိတတ်တယ်၊ ဒီလို အမျိုးသမီးကိုတော့ 'ခိုးသူမ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

၃။ အချို့အမျိုးသမီးကျတော့ လက်ကြောတင်းအောင် အလုပ်မလုပ်ချင် ပျင်းတတ်တယ်၊ အစားကြီးတယ်၊ စိတ်ကြမ်းတယ်၊ ကိုယ်အမူအရာလဲ ကြမ်းတယ်၊နှုတ်လဲကြမ်းတယ်၊လုံ့လဝီရိယရှိတဲ့လင်ကို အနိုင်ကျင့်တတ်တယ်၊ ဒီလိုအမျိုးသမီးမျိုးကိုတော့ 'အရှင်သခင်မ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

၄။ အချို့ အမျိုးသမီးကျတော့ အမြဲတမ်း လင်ရဲ့ အကျိုးစီးပွားကို လိုလားတယ်၊ အမေက သားကို စောင့်ရှောက်သလို လင်ကို စောင့်ရှောက်တယ်၊ လင်က ရှာဖွေစုဆောင်းပေးသမျှ ပစ္စည်းဥစ္စာကို စောင့်ရှောက်တတ်တယ်၊ ဒီလို အမျိုးသမီးမျိုးကိုတော့ 'အမိ'လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

၅။ အချို့ အမျိုးသမီးကျတော့ အမတွေ့, နှမတွေက မောင်ကို ရိုသေသလို ကိုယ့်လင်ကို ရိုသေတတ်တယ်၊ ရှက်တဲ့စိတ်ရှိတယ်၊ လင့်အလိုကိုလဲ လိုက်တတ်တယ်၊ ဒီလို အမျိုးသမီးမျိုးကိုတော့ 'အမ, နှမ' လို့လဲ ဆိုသင့်တယ်၊ မယားလို့လဲ ဆိုသင့်တယ်။

၆။ အချို့ အမျိုးသမီးကျတော့ ကြာရှည်လေးမြင့် ကွဲကွာနေတဲ့ မိတ်ဆွေကို တွေ့ရတဲ့အခါ ဝမ်းသာသလို လင်ကို တွေ့ရမြင်ရတဲ့အခါ ဝမ်းသာတတ်တယ်၊ အမျိုးနဲ့လဲ ပြည့်စုံတယ်၊ သီလလဲ ရှိတယ်၊ လင့်အပေါ်မှာ ပြုကျင့်ရမဲ့ကျင့်ဝတ်တွေကိုလဲ ပြုကျင့်တတ်တယ်၊ ဒီလိုအမျိုးသမီးမျိုးကိုတော့ 'အဆွေ ခင်ပွန်းမ'လို့လဲ ဆိုသင့်တယ်၊ 'မယား' လို့လဲ ဆိုသင့်တယ်။

၇။ အချို့ အမျိုးသမီးကျတော့ ယောကျ်ားဖြစ်သူက တုတ် ဓားကိုဆွဲကိုင်ပြီး 'သတ်မယ်ဖြတ်မယ်'လို့ ခြိမ်းခြောက်ပေမဲ့ အမျက်မထွက်ပဲ

ငြိမ်ငြိမ်သက်သက် နေပါတယ်၊ စိတ်ထဲကတောင်မှ မပြစ်မှားပါဘူး၊ လင့်အပေါ်မှာ သည်းခံတတ်တယ်၊ မေတ္တာကရုဏာနဲ့သဲ ပြည့်စုံဟယ် လင့်အလိုသို့လဲလိုက်တတ်တယ်၊ ဒီလို အမျိုးသမီးမျိုးကိုတော့ 'ကျွန်မ လို့လဲ ဆိုသင့်တယ်၊ 'မယား'လို့လဲ ဆိုသင့်တယ်။

'သူသတ်မနဲ့တူတဲ့ မယား, ခိုးသူမနဲ့တူတဲ့ မယား, အရှင်နဲ့တူတဲ့ မယား ဒီမယား ၃-မျိုးဟာ အကျင့်သီလပျက်တဲ့ သဘောလဲ ရှိတယ်၊ ကြမ်းကြုတ် ရက်စက်မှုလဲ ရှိဘယ်၊ လင်ကို ရိုသေလေးစားမှုလဲ မရှိဖူး၊ (ဒါ့ကြောင့်) ဒီဘဝက ကွယ်လွန်သွားလို့ရှိယင် ငရဲကိုရောက်ကြရတယ်။

'အမိနဲ့ တူတဲ့မယား, အမ နှမနဲ့ တူတဲ့မယား, အဆွေခင်ပွန်းမနဲ့ တူတဲ့မယား, ကျွန်မနဲ့ တူတဲ့မယား' ဒီမယား ၄-မျိုးကတော့ အကျင့်သီလမှာတည်တဲ့ သဘောရှိတယ်၊ ကြာရှည်လေးမြင့် စောင့်စည်းကြတယ်၊ (ဒါ့ကြောင့်) ဒီဘဝက ကွယ်လွန်သွားလို့ရှိယင် (နိမ္မာနရတိ) နတ်ပြည်ကိုရောက်ကြရတယ်။

''သုဇာတာ မယား ၇-မျိုးဆိုတာ ဒါတွေပါပဲ၊ အဲဒီ ၇-မျိုးထဲက သင်ဟာ ဘယ်လို မယားမျိုးဖြစ်သလဲ''

ဒီလို ဘုရားရှင်က မေးတော့—

''ဒီနေ့ကစပြီး တပည့်တော်မကို ကျွန်မနဲ့တူတဲ့ မယားလို့သာ မှတ်တော်မူပါတော့ ရှင်တော်မြတ်ဘုရား''

သုဇာတာက ဒီလိုပြန်ပြီး လျှောက်ထားလိုက်ပါတယ်။

ဒီသုဇာတာဟာ ဓနဥ္စယသဌေးရဲ့သမီး ဝိသာခါရဲ့ညီမကလေးပါပဲ၊ ဆွေ ဂုဏ်, မျိုးဂုဏ်, ပစ္စည်းဥစ္စာဂုဏ်တွေနဲ့ မာန်မာနတက်ပြီး ဆိုးတုန်းကတော့ အင်မတန်ဆိုးခဲ့ပါတယ်၊ တောင်းမယ်လို့ ကောင်းပြန်တော့လဲ အစွမ်းကုန် ကောင်းလာပါတယ်။

မယားခုနစ်မျိုး, ရှိမြဲရိုးတွင်, ခိုးသူအရှင်, သူသတ်သွင်သို့ အကြင် မယား, လားဧ်ငရဲ, အမြဲမှတ်သိ၊ အမိတမျှ, နှမမယွန်း, ခင်ပွန်း သဖွယ်, ကျွန်နှယ်လေးဖြာ, မယားမှာကား, နိမ္မာနတ်ပြည်, လားမြဲ

မည်၏၊ ယင်းသည်လေးသွယ်, မဟာဝယ်လည်း, ကျွန်နှယ်အလား, ထိုမဟာမူ, ယောကျ်ားဆုပန်, နိဗ္ဗာန်ဆုကောင်း, တောင်းက မလွတ်, မချွတ်တူတည်, ပြည့်မြဲမည်၏။[၁]

မန်လည် ဆရာတော်ဘုရားကလဲ ဒီလို မိန့်ဆိုထားပါတယ်၊ ဒီတော့ "အကောင်းဆုံးဖြစ်တဲ့ ကျွန်မနဲ့တူတဲ့ မဟာမျိုးဖြစ်အောင် အမျိုးသမီးတိုင်း ကြိုးစားသင့်တယ်"လို့ ဘုန်းကြီးက သတိပေးလိုပါတယ်၊ ဒါနဲ့ မဟာ ကျင့်ဝတ်ကို ဆက်ပြောပါဦးမယ်။

မဟာကျင့်ဝတ်[၂]။ ။တချိန်မှာ ဘုရားရှင်ဟာ ဘဒ္ဒိယမြို့ကို ရောက်သွားပါ တယ်၊အာလူကျပေါက်နေတဲ့ တောအုပ်ထဲမှာ သီတင်း သုံးနေတော်မူပါတယ်၊ မေဏ္ဍကသဌေးရဲ့မြေး ဥဂ္ဂဟက "အရှင်ဘုရားပါ လေးပါး နက်ဖြန်တပည့်တော်ရဲ့ဆွမ်းကို လက်ခံတော်မူပါ"လို့ ဘုရားရှင်ကို ဆွမ်းစားပင့်ထားပါတယ်။

(ဒီ ဥဂ္ဂဟက "ဘုရားရှင်ပါမှ ၄-ပါးတည်း ဘာ့ကြောင့် ပင့်ရ သလဲ" ဆိုတော့ သူတို့ရဲ့အိမ်မှာ မင်္ဂလာပွဲက အင်မတန်ကြီးကျယ် နေတယ်၊ အဲဒီ မင်္ဂလာပွဲသို့ အစီအရင်များစွာနဲ့ လူတွေအများကြီး ရောက်လာစရာရှိနေတယ်၊ "ရဟန်းသံဃာအများကို ဆွမ်းလုပ်ကျွေး နေရလို့ရှိယင် လူတွေအတွက် ပြည့်စုံအောင် ညှော်ခံနိုင်မယ်မဟုတ်ဖူး"လို့ စိုးရိမ်တာနဲ့ ဘုရားပါမှ ၄-ပါးတည်း ပင့်ရပါတယ်တဲ့။

ပြီးတော့ "ငယ်ရွယ်တဲ့ အမျိုးသမီးတွေဟာ များပြားတဲ့ရဟန်းသံဃာရဲ့ အလယ်မှာ ဘုရားရှင်က ဆုံးမလို့ရှိယင် စိတ်တွန့်ဆုတ်ပြီး (ရှက်ကိုးရှက်ကန်း ဖြစ်ပြီး) ဩဝါဒကို ခံယူနိုင်ကြမှာ မဟုတ်ဖူး" ဒီလို စဉ်းစားမိတာနဲ့လဲပဲ ဘုရားပါမှ ၄-ပါးတည်း ပင့်ရပါတယ်တဲ့။)

နောက်တနေ့မှာ ဘုရားရှင်က ဥဂ္ဂဟအိမ်ကို ဆွမ်းစားကြွတော်မူပါတယ်၊ ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဥဂ္ဂဟက သင့်တော်ရာက ထိုင်ပြီး လျှောက်ထားပါတယ်၊

၁။ မဃ ပုဒ်ခရ ၃၁၂။ ၂။ အံ ပါ-ဒု-၃၀။ ဋ္ဌ တ-၁၈။

"အရှင်ဘုရား တပည့်တော်ရဲ့ ဒီ သမီးပျို ကလေးတွေဟာ လင့်အိမ်ကို လိုက်ပါသွားကြရ ပါတော့မယ်၊ ဒီသမီးပျိုးကလေးတွေကို ရှင်တော်မြတ်ဘုရားက ဆုံးမတော်မူပါ၊ သွန်သင်တော်မူပါ၊ ရှင်တော်မြတ်ဘုရားရဲ့ အဆုံးအမတွေဟာ သူတို့အတွက် ရေရှည်ရက်များ စီးပွားချမ်းသာ အလို့ငှာ ဖြစ်ပါလိမ့်မယ်"

မြတ်စွာဘုရားကို ဒီလိုလျှောက်ထားခဲ့ပြီးတဲ့နောက် သမီးကလေးတွေ ရှက်နေမှာစိုးတာနဲ့ ဘုရားကိုရှိခိုးပြီး တနေရာကို ထွက်သွားပါတယ်။

အဲဒီ အချိန်မှာ မြတ်စွာဘုရားက အမျိုးသမီးကလေးတွေကို ဩဝါဒပေး တော်မူပါတယ်။

အမျိုးသမီးကလေးတို့ သင်တို့ရဲ့ အမေအဖေတွေဟာ သင်တို့ရဲ့ အကျိုး စီးပွားကို လိုလားကြပါတယ်၊ သင်တို့ကို သနားစောင့်ရှောက်ကြပါတယ်၊ ဒါကိုအကြောင်းပြုပြီး သင့်တော်တဲ့ လင်ယောကျ်ားနဲ့ အိမ်ထောင်ချထား ထိမ်းမြားလက်ထပ်ပေးကြပါတယ်။

ဒီတော့ သင်တို့ရဲ့ အမေအဖေတွေက ထိမ်းမြားလက်ထပ် ပေးလိုက်တဲ့ လင်ယောကျ်ား အပြင်ကလာတာကိုတွေ့ယင် ထိုင်နေရာက အလျင်အမြန် ထရမယ်၊ လင်ကထိုင်ပြီးတဲ့အခါ ယပ်ခတ်ပေးခြင်းစတဲ့ ကိစ္စတွေကိုပြုလုပ်ယင်း နောက်မှထိုင်ရမယ်၊ 'မောင့်အတွက် ကျွန်မက ဘာလုပ် ပေးရဦးမလဲ၊ ဘာများလိုပါသေးသလဲ'လို့မေးမြန်းရမယ်၊ လင့်အကြိုက်ကို ပြုလုပ်ပေးရမယ်၊ ချစ်ဖွယ်သာယာပြောဆိုရမယ်[၁]။

ပြီးတော့ မိမိလင်သားက အလေးဂရုပြုနေတဲ့'အမေ၊ အဖေ၊ ရဟန်းသူတော် ကောင်းတွေ'ဆိုတာ ရှိကတ်ပါတယ်၊ အဲဒီ ပုဂ္ဂိုလ်တွေကို သင်တို့ကလဲရိုသေ ကြရမယ်၊ လေးစားကြရမယ်၊ မြတ်နိုးကြရမယ်၊ ပူဇော်ကြရမယ် ကိုယ့်ဆီကို ရောက်လာလို့ရှိယင် နေရာထိုင်ခင်းပေးမှု ရေပေးမှုစသည်နဲ့ ပူဇော်ကြရမယ်။

ပြီးတော့ အိမ်တွင်းမှုလုပ်ငန်းတွေဆို ကျွမ်းကျင်ကြရမယ်၊ မပျင်းမရိပဲ အိမ်တွင်းမှုတွေကို စီမံခန့်ခွဲတတ်တဲ့ ဉာဏ်လဲရှိရမယ်၊ ကိုယ်တိုင်လဲလုပ်ကိုင် နိုင်ရမယ်၊ စီမံခန့်ခွဲမှုကိုလဲ ပြုနိုင်ရမယ်။

၁။ ဥပရိပဏ္ဏာသ-ဋ္ဌ-၁၂၆။

သင်တို့လင်သားရဲ့ 'ကျွန်, အစေခံ, အလုပ်သမား'ဆိုတဲ့ အတွင်းလူတွေရှိနေတတ်တယ်၊ သူတို့ လုပ်ပြီးတာကိုလဲ သိရမယ်၊ မလုပ်သေးတာကိုလဲ သိရမယ်။

("တနေ့လုံး ဒီအလုပ်ကို လုပ်လာတဲ့လူတွေကို ဒါကိုပေးသင့်တယ်၊ ဒီလိုလဲလုပ်သင့်တယ်၊ နေ့ထက်ဝက် ဒီအလုပ်ကို လုပ်လာတဲ့လူတွေကို ဒါကိုပေးသင့်တယ်၊ ဒီလိုလဲလုပ်သင့်တယ်၊ အလုပ်လက်မဲ့ အိမ်မှာ ထိုင်နေတဲ့ လူတွေကို ဒါကို ပေးသင့်တယ်၊ ဒီလိုလဲလုပ်သင့်တယ်" ဒီလို နားလည်ရမယ်လို့ ဆိုလိုပါတယ်။)

မမာမကျန်းဖြစ်လာလို့ ရှိယင်လဲ 'သူတို့အားရှိတယ်, မရှိဖူး' ဆိုတာကို သိရမယ်၊ သူတို့အား စားစရာ သောက်စရာတွေကိုလဲ ထိုက်တန်သလောက် ခွဲဝေပေးရမယ်။

(တကယ်လို့သာ မကျန်းမမာတဲ့အခါ သူတို့အား ဆေးဝါးခါတ်စာစသည်ကို မပေးပဲ ထားမယ်၊ ရောဂါ ချမ်းသာအောင် မပြုလုပ်ပေးပဲ နေမယ်ဆိုယင် "ဒီလူတွေဟာ ကျန်းမာတုန်းကတော့ ခိုင်းချင်တိုင်း ခိုင်းကြတာပဲ၊ မကျန်းမမာ ဖြစ်လာတဲ့အခါကျတော့ တို့ရှိမှန်းတောင်မှ မသိကြတော့ဖူး" ဒီလိုစိတ်ပျက်ပြီး နောက်ကျတော့ လုပ်စရာ ကိုင်စရာတွေကို လုပ်ကြမှာ မဟုတ်တော့ဖူး၊ တော်အောင် လျော်အောင်သော်လဲ လုပ်ကြလိမ့်မယ်၊ ဒါကြောင့် "သူတို့အားရှိတာ, မရှိတာ,ကိုသိနားလည်ပြီး ပေးသင့်တာကို ပေးရမယ်၊ လုပ်သင့်တာကို လုပ်ပေးရမယ်" လို့ ဆိုလိုပါတယ်။)

လင်ယောကျ်ားက ဆောင်ယူလာသမျှ ဥစ္စာ, စပါး, ငွေ, ရွှေ, တွေကို လုံလုံခြုံခြုံ စောင့်ရှောက်ထားရမယ်၊ အဲဒီပစ္စည်းတွေကို အကြောင်းပြုပြီး အပျော်မကြူးရဖူး (လင်မှတပါး အခြားယောကျ်ားနဲ့ မဖောက်ပြားရဖူး လောင်းမကစားရဖူး) မခိုးမဝှက်ရဖူး၊ အရက်မသောက်ရဖူး၊ မဖျက်ဆီးရဖူး။

သင်တို့တတွေဟာ ဒီအတိုင်းကျင့်ကြရမယ်၊ ဒီတရားငါးပါးနဲ့ ပြည့်စုံတဲ့အမျိုးသမီးဟာ သေလွန်သွားတဲ့အခါ နိမ္မာနရတိ နတ်ပြည်ကို ရောက်ရတတ်ပါတယ်။

ဒီသုတ်ဟာ မယားကျင့်ဝတ်နဲ့ ပတ်သက်ပြီး ဟောထားတဲ့ သုတ်ဖြစ်ပါတယ်၊ အပြည့်စုံဆုံးလဲ ဖြစ်ပါတယ်၊ ဒီအတိုင်း လိုက်နာနိုင်ကြယင် ဒီဘဝမှာလဲ ကြီးပွားနိုင်ပါတယ်၊ ဘဝသံသရာမှာလဲ ကြီးပွားနိုင်ပါတယ်၊ လူမျိုးမရွေး, ဘာသာမရွေး လက်ခံနိုင်လောက်တဲ့ သုတ်တသုတ်ပါပဲ။

ပြီးတော့ ရှေးဆရာတော်တွေက–

"၁။ ပုဗ္ဗုဋ္ဌာယိနီ=လင်ယောကျ်ားကိုတွေ့ယင် ထိုင်နေရာက အလျင်အမြန်ထရမယ်၊

၂။ ပစ္ဆာနိပါတိနီ=လင်ကထိုင်ပြီးမှ ထိုင်ရမယ်။

၃။ ကိံကာရပဋိဿာဝိနီ=ဘာလုပ် ပေးရမယ်လဲလို့ ပြောဆိုမေးမြန်းရမယ်၊

၄။ မနာပစာရိနီ=လင့်အကြိုက်ပြုကျင့်ရမယ်၊

၅။ ပိယဝါဒိနီ=ချစ်ဖွယ်သာယာ ပြောဆိုရမယ်၊

၆။ အနတိစာရိနီ=ကိုယ့်လင်မှ တပါး အခြားယောကျ်ား, အခြားယောကျ်ားနဲ့ စိတ်ထဲကတောင်မှ မယှဉ်းမှားမဖောက်ပြားရဖူး"

ဒီလို မယားဝတ် ၆-ပါးကို ပြဆိုထားကြပါတယ်။

လင်ကိုမြင်က, အလျင်ထ၍, ယုယကိုယ်နှုတ်, ကျင့်မယုတ်သား, ပုဗ္ဗုဋ္ဌာယိနီ၊ ဦးချိလက်ပိုင်, ရှက်ကာဆိုင်၍, လင်ထိုင်လင်အိပ်, သားကိုသိပ်သို့, ခြေနှိပ်ယက်စမ်း, စိတ်ချမ်းကြည်မြ, ရိုသေခလျက်, နောက်မှယှဉ်ကာ, အိပ်လေ့လာသည့်, ပစ္ဆာနိပါတိနီ၊ ချိအိနားဆိမ့်, နှစ်သိမ့်ဖွယ်စု, ဘယ်အမှုကို, ဘယ်ပြုအံ့နည်း, ခြည်းခြည်းနှုတ်သံ, ချွေငံ‌ယာ, ဝါစာသိမ်မွေ့, မေးလေ့ရှိထ, နာဖွယ်လှသား, ကိံကာရပဋိဿာဝိနီ၊ မဖြီမသုန်, မမှုန်မဆန်, ပြန်လှန်မမြွက်, နှစ်သက်ဖွယ်သာ, ကျင့်တတ်စွာသည့်, ဣန္ဒြာယံပါး, ခစားနေကြ, ဒေဝစ္ဆသို့, မနာပစာရိနီ၊ တီတီတာတာ, ကြည်သာနှလုံး, ရွှင်ပြုံးပြယာယ်, ပျားသဖွယ်ဖြင့်, ချစ်ဖွယ်ပြကတေ့, သာချမ်းမြေ့အောင်, ပြောလေ့ရှိထ, နှုတ်ချိုပြသား, ပိယဝါဒိနီ, ထိုပြီအပ, ဤလောက၌, လင်မှ

တပါး၊ နှတ်ယောကျ်ားနှင့်၊ တွေ့ပြောစေမှု၊ စောသမ္ဘူသို့၊ အယူမယွင်း၊ စိတ်ညွှတ်ခြင်းမျှ၊ ကင်းလတ်တုံဘိ၊ ကျင့်မြတ်ရှိသား၊ အနုတိစာရိနိ၊ ကျမ်းညီမသွေ၊ ဆန္ဒေဥက္ကဌ်၊ မိန့်မြတ်တို့၊ ကျင့်ဝတ်ဖြိုးစုံ့ခြောက်အင်စုံလျက်။[၁]

ဒီလိုလဲ ဆိုထားကြပါတယ်၊ ဒါဟာ စကြဝတေးမင်း မိဖုရားရတနာရဲ့ကျင့်ဝတ်ကိုယူပြီး ပြထားတာ ဆိုထားတာ ဖြစ်ပါတယ်။[၂]

ပြီးတော့တခါ—

၁။ အမှုကြီးငယ်ကိုလဲ ကောင်းစွာ စီရင်ရမယ်၊ (ယာဂုကျိုချိန်၊ ထမင်းချက်ချိန် စသည်ကို မလွန်စေပဲ ယာဂုကြိုမှု၊ ထမင်းချက်မှု စတဲ့ကိစ္စတွေကို ကောင်းကောင်းပြုလုပ်ရမယ်။)

၂။ နှစ်ဘက်သော ဆွေမျိုးတွေကိုလဲ ချီးမြှောက်ရမယ်။ (လင်ဘက်က ဆွေမျိုး၊ ကိုယ့်ဘက်က ဆွေမျိုးတွေကို မြတ်နိုးမှု စသည်နဲ့ဖြစ်စေ၊ လက်ဆောင်ပေးခြင်း စသည်နဲ့ဖြစ်စေ ချီးမြှောက်ရမယ်။)

၃။ မိမိလင်မှတပါး အခြားယောကျ်ား၌ လွန်ကျူးတဲ့အကျင့်မှ ကင်းရမယ်၊ (မိမိလင်မှတပါး အခြားယောကျ်ားကို စိတ်ထဲကတောင်မှ မတောင့်တရဖူး။)

၄။ လင်က ရှာဖွေ စုဆောင်းပေးတဲ့ ဥစ္စာကို ထိန်းသိမ်း စောင့်ရှောက်ရမယ်။

၅။ အိမ်မှုကိစ္စများမှာ လိမ္မာကျွမ်းကျင်ပြီး ပျင်းရိခြင်းမှ ကင်းရမယ်၊ (ယာဂုကျိုမှု ထမင်းချက်မှုစတဲ့ လုပ်ငန်းတွေမှာ ကျွမ်းကျင်လိမ္မာရမယ်၊ ပျင်းရိခြင်း ကင်းရမယ်၊ အချို့ အပျင်းထူတဲ့ အမျိုးသမီးတွေဟာ ထိုင်မိလို့ရှိယင် မထတော့ဖူး၊ ရပ်မိလို့ရှိယင် မထိုင်တော့ဖူး၊ ဒီလိုမနေပဲ စိတ်ဘက်တက်ကြွကြွနဲ့ လုပ်စရာရှိတာတွေကို ပြီးအောင်လုပ်ရပါမယ်)။

ဒီလို မယားကျင့်ဝတ် ငါးပါးကို ပြဆိုထားကြပါတယ်၊[၃]

၁။ မယပုဒ်ရေ ၁၄၆။ ၂။ ဥပရိပဏ် ပါ-၂၁၃။ ဋ္ဌ-၁၆၂။

၃။ ပါထိကဝဂ် ပါ-၁၅၄၊ ဋ္ဌ-၁၃၈။ ဇာတက ဋ္ဌ မ-၁၃၁။

မယားတို့မှာ ဝတ်ငါးဖြာကား၊ ကောင်းစွာ ဆော်ဖန့်၊ စိရင်ညွှန့်ရှိ၊ ကျေးကျွန်မကြွင်း၊ အိမ်နီးချင်းက၊ ဆွေရင်းဆွေဖျား၊ သူတို့အားကို၊ ယောက်ထားမစ၊ ကြည့်ရှုကြသော်၊ လင်မှတထူး၊ မလွန်ကျူးတည့်၊ ကျေးဇူးမြော်ကာ၊ ဖြောင့်သားစွာနှင့်၊ ဥစ္စာအိမ်ထောင်၊ ထိန်းသိမ်းဆောင်လျက်၊ မြားမြောင်ကိစ္စ၊ ရှိသမျှကို၊ လင်မှမခိုင်း၊ နေ့တိုင်းထကြွ၊ ဆော်လို့လည်း–အိမ်မှ မှုရေးကုန်သတည်း။[၁]

ဒီလိုလဲ ဆိုထားကြပါတယ်၊ ဒါကတော့ သိင်္ဂါလောဝါဒသုတ်[၂]ကယူပြီး ပြထားတာ ဆိုထားတာ ဖြစ်ပါတယ်၊ ဒါတွေအကုန်လုံးဟာ ဒီသုတ်မှာ ပါဝင်နေတာ တွေ့ရပါလိမ့်မယ်၊ ပြီးတော့ လင်ကျင့်ဝတ် ၅-ပါးကိုလဲ ပြောပြပါဦးမယ်၊

လင်ကျင့်ဝတ် ၅-ပါး[၃]

၁။ အမြတ်တနိုး ခေါ်ဝေါ်ပြောဆိုရမယ်။ (မောင်ဘရဲ့အမေ မလှရဲ့အမေ ဒီလိုခေါ်ရမယ်လို့ ဆိုလိုပါတယ်။)

၂။ နှိပ်ချပြီး မခေါ်ဝေါ် ပပြောဆိုရ။(ကျွန်တွေ အလုပ်သမားတွေ လူတွေကို ထောင်းထု နှိပ်စက်ပြီးပြောသလို မြတ်နိုးကြင်နာမှုမရှိပဲ နှိပ်ချပြီး မပြောဆိုရလို့ ဆိုလိုပါတယ်။)

၃။ မိမိမယားမှတပါး အခြားမိန်းမတို့နှင့် မဖောက်ပြားရ။

၄။ မီးဖိုချောင်အုပ်စိုးမှုကို လွှဲအပ်ရမယ်။ (မိန်းမတွေဆိုတာဟာ မဟာလတာတန်ဆာနဲ့တူတဲ့ အဆင်တန်ဆာကို ရပေမဲ့ ထမင်းဟင်းစီမံချက်ပြုတ်ခွင့်မရယင် စိတ်ဆိုးတတ်တယ်၊ "ယောက်မကလေးကို ကိုင်ပြီး သင့်အလိုကျ လုပ်တော့"လို့ မီးဖိုချောင်ကို အပ်လိုက်လို့ရှိယင် အစိုးရမှု အကုန်လုံးကို အပ်ရာရောက်ပါသတဲ့။)

၅။ ဝတ်စားတန်ဆာတို့ကို ပေးရမယ်။ (ကိုယ့်ပစ္စည်းအင်အားနဲ့ လျော်တဲ့ ဝတ်စားတန်းဆာကို ပေးရမှာ ဖြစ်ပါတယ်။)

၁။ သုတ–၁၉၂။ ၂။ ဥပရိပဏ္ဏာသ ပါ–၂၁၃။ ဋ္ဌ–၁၅၂။
၃။ ပါထိကဝဂ် ပါ–၁၅၄။ ဋ္ဌ–၁၃၀။ ဇာတက ဋ္ဌ–မ–၁၃၁။

ငါးပါးရေရွတ်, လင်တို့ဝတ်ကား, လေးမြတ်လွန်ပြင်း, ကြင်နာခြင်းနှင့်, မယွင်းပီပီ, မထီမဲ့ငြား, မပြုအားတည့်, တပါး ရှင်မြူး, မလွန်ကျူးလျက်, လက်ဦးလက်ဖျား, ရတုံငြားလည်း, ပိုင်ကားစေလျှင်း, အိမ်ထောင် နှင်း၍, တင့်ခြင်းထွေလာ, ဆင်တန်ဆာကို, ကောင်းစွာထွေပြား, ပေးသည်များတည့်။[၁]

ဒီလိုလဲ ဆိုထားကြပါတယ်၊ ပြီးတော့ မိန်းမများရဲ့ အလေးပြုမှု မခံရတဲ့ လင် ၈-မျိုးကိုလဲ ပြော ပြပါဦးမယ်၊ ဒါကိုလဲမှတ်သင့်ပါတယ်။

၁။ ဆင်းရဲသောလင်၊

၂။ ရောဂါကပ်ရောက်နေသောလင်၊

၃။ အိုမင်းမစွမ်းလင်၊

၄။ သေသောက်ကြူးလင်၊

၅။ ဖျင်း အသောလင်၊

၆။ ပေါ့ဆဆ နေတတ်တဲ့လင်၊

၇။ သူတပါး နောက်လိုက်လင်၊

၈။ ပစ္စည်းဥစ္စာ မပေးကမ်းတဲ့လင်၊

ဒီလင် ၈-မျိုးကို မိန်းမတွေက မကြည်သာတတ်ပါဖူး၊ မရိုသေ မထီလေးစားလဲ ပြုတတ်ပါတယ်။ [၂]

လင်မွဲလင်နာ, လင်သုရာကြိုက်, လင်မိုက်လင်ဖျင်း, လင်ပျင်းလင်အို, အလိုမဖြည့်, မပြည့်ဆန္ဒ, ရှိတုံကလျှင်, မိန်းမဟူသည်, ဤရှစ်မည်ကြောင့်, မကြည်မသာ, အနာဒရ, ပြုတတ်စွရှင့်။ [၃]

ဒီလိုလဲ မန်လည်ဆရာတော်ဘုရားက မိန့်ဆိုထားပါတယ်၊ ဒါကြောင့် လင်ဘက်ကလဲ ဒီလိုအသုံးမကျတဲ့ လင်မျိုး မဖြစ်စေပဲ ကျင့်ဝတ်ငါးပါးနဲ့ ပြည့်စုံတဲ့ လင်မျိုးဖြစ်အောင် ကြိုးစားကြရမယ်။

၁။ သုတ-ပုဒ်ရေ-၁၉၂။ ၂။ ဇာတက ပါဠိ-၁၂၀။ ဋ္ဌ မ-၄၆၆၊ ၄၇၀။
၃။ မဃ-ပုဒ်ရေ-၂၉၇။

ပြီးတော့ ဒီဘဝမှာလဲ ကြီးပွားချမ်းသာကြောင်း, နောက်ဘဝမှာလဲ ကြီးပွားချမ်းသာကြောင်းဟောထားတဲ့ ဒီဃဇာဏုသုတ်ကို ဖြေပြပါဦးမယ်၊

ကြီးပွားချမ်းသာရေး ၁။ ။တချိန်မှာ ဘုရားရှင်ဟာ ကောလိယမြို့ကို ရောက်သွားပါတယ်၊ "ကက္ကရပတ္တ" ဆိုတဲ့ ကောလိယမင်းတွေရဲ့ နိဂုံးမှာ သီတင်းသုံးနေတော်မူပါတယ်၊ အဲဒီ အချိန်မှာ "ဒီဃဇာဏု"ဆိုတဲ့ ကောလိယမင်းသားတယောက်က မြတ်စွာဘုရားကို လာရောက်လျှောက်ထားပါတယ်။

"အရှင်ဘုရား တပည့်တော်တို့ လူပတ်ကြောင်တွေဟာ ကာမဂုဏ်ခံစားနေကြပါတယ်၊ သားသမီးတွေနဲ့ကျဉ်းကြပ်တဲ့ အိပ်ရာနေရာမှာ နေကြရပါတယ်၊ ကာသိတိုင်းကထွက်တဲ့ စန္ဒကူးနံ့သာကိုလဲ သုံးစွဲကြပါတယ်၊ ပန်းနံ့သာ မျက်နှာခြေချတွေကိုလဲ သုံးစွဲနေကြပါတယ်၊ ရွှေငွေကိုလဲ သာယာကြပါတယ်၊ နှစ်သက်စုံမက်ကြပါတယ်၊ ဒီလို အခြေအနေနဲ့ရှိနေကြတဲ့ တပည့်တော်တို့တတွေကို ဒီဘဝမှာလဲ စီးပွားချမ်းသာ ဖြစ်ထွန်းနိုင်, နောက်ဘဝမှာလဲ စီးပွားချမ်းသာ ဖြစ်ထွန်းနိုင်တဲ့ တရားကို ဟောတော်မူပါ"

ဒီတော့ မြတ်စွာဘုရားက "ဒီဃဇာဏု"ဆိုတဲ့ သူ့အမည်ရင်းကို မခေါ်ပဲ အမျိုးစဉ်ဆက်က ဆင်းသက်လာတဲ့ "ဗျဂ္ဃပဇ္ဇ"ဆိုတဲ့ အမည်ကိုပဲ ခေါ်ပြီး ဟောတော်မူပါတယ်။

ဗျဂ္ဃပဇ္ဇ—

"၁။ ဥဋ္ဌာနသမ္ပဒါ—ထကြွလုံ့လနဲ့ပြည့်စုံမှု၊

၂။ အာရက္ခသမ္ပဒါ—စောင့်ရှောက်ထိန်းသိမ်းခြင်းနဲ့ပြည့်စုံမှု၊

၃။ ကလျာဏမိတ္တတာ—မိတ်ဆွေကောင်းရှိမှု၊

၄။ သမဇီဝိတာ—မျှတအောင် အသက်မွေးမှု"

ဆိုတဲ့ ဒီတရား ၄-ပါးဟာ အမျိုးသား တယောက်အတွက် ဒီဘဝမှာ စီးပွားချမ်းသာပြစ်ဖို့ အကြောင်းတွေ ဖြစ်တယ်။

၁။ အံ-ပါ-တ-၁၀၇။ ဋ္ဌ-တ-၂၇၉။ ဋီ-တ-၂၄၄။

၁။ ဗျဂ္ဃပဇ္ဇ အမျိုးသားတဦးဟာ အလုပ်တခုခုနဲ့ အသက်မွေးရမယ်၊ (လူ့ပေါ်ကြော့ လူ့တေလေလုပ်ပြီး အလုပ်လက်မဲ့ မနေရဖူး၊) လယ်ယာလုပ်ကိုင်မှုနဲ့ပဲဖြစ်ဖြစ်, ကူးသန်းရောင်းဝယ်မှုနဲ့ပဲဖြစ်ဖြစ်, နွားကျောင်း နွားမွေးမှုနဲ့ပဲဖြစ်ဖြစ်, လေးအတတ်နဲ့ပဲ ဖြစ်ဖြစ်, အစိုးရ (လခစား) အလုပ်နဲ့ပဲဖြစ်ဖြစ်, အခြားအတတ်ပညာ တခုခုနဲ့ပဲဖြစ်ဖြစ် အသက်မွေးရမယ်။

ကိုယ်လုပ်တဲ့အလုပ်မှာ ကျွမ်းကျင်မှုရှိရမယ်၊ မပျင်းမရိ ဇွဲရှိရမယ်၊ လုပ်ငန်းနဲ့ ပတ်သက်သမျှမှာ အကြောင်းအားလျော်စွာ စူးစမ်းချိန်ဆတတ်တဲ့ဉာဏ်ရှိရမယ်၊ ကိုယ်တိုင်လဲလုပ်နိုင်ရမယ်၊ စီမံခန့်ခွဲမှုကိုလဲ တတ်ကျွမ်းရမယ်။

ဒီလို ''ဆိုင်ရာလုပ်ငန်းမှာ ကျွမ်းကျင်မှုရယ်, မပျင်းမရိ ဇွဲရှိမှုရယ်, စူးစမ်းချိန်ဆတတ်တဲ့ဉာဏ်ရယ်'' ဒီ ၃-မျိုးနဲ့ ပြည့်စုံတာကိုပဲ ''ဥဋ္ဌာန-သမ္ပဒါ- ထကြွလုံ့လနဲ့ ပြည့်စုံမှု''လို့ ဆိုရတယ်။

၂။ ဗျဂ္ဃပဇ္ဇ အမျိုးသားတဦးရဲ့ ထကြွလုံ့လကြောင့် ရလာတဲ့, လက်ရုံးအားနဲ့ စုဆောင်းထားတဲ့, နဖူးကချွေး ခြေမကျအောင် ပင်ပန်းခံရှာဖွေထားတဲ့ စီးပွားဥစ္စာတွေဟာ တရားနဲ့ လျော်တာချည်းပါပဲ၊ တရားသဖြင့် ရလာတာချည်းပါပဲ။

အဲဒီ ပစ္စည်းဥစ္စာတွေကို အစိုးရမင်းတို့က မသိမ်းယူရအောင်, ခိုးသားဓမြတွေက မလုယူရအောင်, မီးမလောင်ရအောင်, ရေမမျောရအောင်, အမွေခံသားဆိုး သမီးဆိုးတို့ မယူရအောင် ကြံစည်စဉ်းစားပြီး လုံခြုံအောင် ထိန်းသိမ်းစောင့်ရှောက် ထားခြင်းကိုပဲ ''အာရက္ခသမ္ပဒါ- စောင့်ရှောက်ထိန်းသိမ်းခြင်းနဲ့ ပြည့်စုံမှု''လို့ ဆိုရတယ်။

၃။ ဗျဂ္ဃပဇ္ဇ ကိုယ်နေထိုင်တဲ့ မြို့ရွာ,ရပ်ကွက်မှာ အသက်အရွယ် ငယ်သေးပေမဲ့ အကျင့်စာရိတ္တကြီးမြင့်နေကြတဲ့, အသက်အရွယ်ကြီးလို့ရှိယင်လဲ ကြီးတဲ့အလိုက် အကျင့်စာရိတ္တပါ ကြီးရင့်နေကြတဲ့, သဒ္ဓါနဲ့လဲပြည့်စုံ, သီလနဲ့လဲပြည့်စုံ, စွန့်ကြဲပေးကမ်းမှုနဲ့လဲပြည့်စုံ, ပညာနဲ့လဲ ပြည့်စုံနေကြတဲ့ အိမ်ထောင်ရှင်တွေ, အိမ်ထောင်ရှင်ရဲ့သားတွေ ရှိတတ်ကြပါတယ်၊ ကြီးပွားလိုတဲ့ အမျိုးသားဟာ အဲဒီလို ပုဂ္ဂိုလ်တွေနဲ့ အတူနေရမယ်၊ အတူပြောရမယ်၊ အတူဆွေးနွေးရမယ်၊ (ပေါင်းသင်းဆက်ဆံရမယ်။)

အဲဒီလို ပေါင်းသင်းဆက်ဆံတော့ သူတို့ကို အတုလိုက်ပြီး မိမိကိုယ်တိုင်လဲပဲ သဒ္ဓါနဲ့ပြည့်စုံလာတတ်တယ်၊ သီလနဲ့ပြည့်စုံလာတတ်တယ်၊ စွန့်ကြဲပေးကမ်းမှုကို ပြုတတ်လာပါတယ်၊ အသိအလိမ္မာရှိလာတတ်ပါတယ်၊ ဒီလို မိတ်ဆွေကောင်းတွေရဲ့ ကောင်းတဲ့အမှုကို အတုလိုက်ကျင့်ခြင်းကိုပဲ "ကလျာဏမိတ္တတာ - မိတ်ဆွေကောင်းရှိမှု"လို့ ဆိုရတယ်။

၄။ ဗျဂ္ဃပဇ္ဇ "ချိန်ခွင်ကို ကိုင်ထားတဲ့သူဟာ ချိန်ခွင်ကို မြှောက်လိုက်တဲ့အခါ အောက်ဘက်ကို ဘယ်လောက်နိမ့်နေတယ်၊ အထက်ဘက်ကို ဘယ်လောက်ထောင်နေတယ်"လို့ သိနားလည်သလို (အိမ်ရာ တည်ထောင် လူ့ဘောင်မှာနေတဲ့) အမျိုးသားဟာ ပစ္စည်းဥစ္စာတွေရဲ့ အဝင်နဲ့အထွက်ကို သိနားလည်ရမယ်၊ "ဒီလောက် သုံးလိုက်ယင် ငါ့ဝင်ငွေက ထွက်ငွေထက် များလိမ့်မယ်၊ ထွက်ငွေက ဝင်ငွေထက် များမယ်မဟုတ်ဖူး" ဒီလို ချင့်ချိန်ပြီး လက်လိမဖွာလွန်း ချွေတာမှုကိုလဲ မပြုလွန်းပဲ မျှမျှတတ နေထိုင်သုံးစွဲမှုကိုပြုရမယ်။

ဘယ်လို မျှမျှတတ သုံးစွဲရမလဲဆိုတော့ အိမ်ရာတည်ထောင် လူ့ဘောင်မှာနေတဲ့ ပညာရှိအမျိုးသားဟာ ရလာတဲ့ပစ္စည်းဥစ္စာကို လေးဖို့ခွဲဝေရမယ်၊တဖို့ကိုသုံးစွဲစားသောက်ရမယ်၊ ၂ ဖို့ကိုအရင်းအနှီးပြုလုပ်ရမယ်၊ တဖို့ကို ဘေးရန်ဖြစ်လာလို့ရှိယင် အသုံးစရိတ်အတွက် သိမ်းဆည်းထားရမယ်၊ ဘဏ်မှာအပ်နှံထားရမယ်။[၁]

"အိမ်ထောင်စုတွေဆိုတာဟာ အမြဲတမ်း အခြေအနေမပျက် ရှိနေတတ်ဟာ မဟုတ်ပါဖူး၊ တခါတလေ "အစိုးရဘေး, မီးဘေး, ရေဘေး, ခိုးသားဒမြဘေး" စတဲ့ ဘေးရန်တွေ, နာမကျန်းကိစ္စတွေဖြစ်ပေါ်လာတတ်ပါတယ်၊ ဒီလို"ဘေးရန်တွေဖြစ်လာယင် အသုံးချဖို့တစုကို ဘဏ်မှာအပ်ထားရမယ်လို့ ဆိုလိုပါတယ်။

ဒါဖြင့် ကုသိုလ်ကောင်းမှုကို ဘယ်အဖို့အစုကယူပြီး လုပ်ရမလဲလို့ မေးစရာရှိတယ်၊ ကိုယ်သုံးစွဲ စားသောက်မဲ့အဖို့က ယူပြီးလုပ်ပေါ့၊ အဲဒီ

၁။ ပါထိကဝဂ္ဂ ပါ-၁၅၃။

အဖွိုကပဲယူပြီး ရဟန်းတော်တွေ ခိုကိုးရာမဲ့သူတွေ, ခရီးသွားတွေကို ပေးလှူရပါမယ်၊ အဝတ်ဖိုး ဆံသင်ညှပ်ခစတဲ့ ဟာတွေကိုလဲ ဒီအဖိုကပဲ ပေးရမယ်၊ ဒါတွေဟာ သုံးစွဲစားသောက်တာချည်းပါပဲ၊ လိုက်ဆိုကြ။

ရသည့်ဥစ္စာ-လေးစုပြုလို့၊ တစုသုံးစား-ပြုသင့်တယ်၊
နှစ်စုဥစ္စာ-ပြန်ရင်းနှီးလို့၊ ဥစ္စာငွေစည်း-ဆက်စုကွယ်၊
အရေးကြုံလာ-အသုံးပြုဖို့၊ ဘဏ်မှာတစု-အပ်ရမယ်၊
သုံးစားချွေတာ-ကုသိုလ်များလဲ၊ တတ်အားသမျှ-လုပ်ရမယ်။

အမျိုးသားတဦးဟာ ဝင်ငွေနည်းနေသူ ဖြစ်ပါလျက် ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ် နေထိုင်သုံးစွဲမှုကို ပြုနေခဲ့ပါယင် ''ဒီအမျိုးသားဟာ သဖန်းသီးကို စားတဲ့လူလို ငွေစည်းဥစ္စာတွေကို သုံးစွဲစားသောက်နေတာပဲ''လို့ အပြောအဆို ခံရတတ်ပါတယ်။

သဖန်းသီးစားလိုတဲ့ လူတယောက်က အသီးတွေမှည့်နေတဲ့ သဖန်းပင်ကို လှုပ်လိုက်လို့ရှိယင် အသီးတွေ အများကြီး ကြွေကျလာတတ်ပါတယ်၊ အဲဒီထဲက ကိုယ်စားလိုတဲ့အသီး အနည်းငယ်ကို ရွေးစားပြီး ထွက်သွားတတ်ပါတယ်၊ ကျန်တဲ့အသီး အများအပြားကတော့ အလဟဿ ဖြစ်ကျန်ရစ်တတ်ပါတယ်၊ ဒါမျိုးကို ရည်ရွယ်ပြီး ''သဖန်းသီးစားတဲ့လူလို''လို့ ဆိုရပါတယ်။

ဝင်ငွေများသူ ဖြစ်ပါလျက် သိပ်ချွေတာပြီး ဆင်းတောင့်ဆင်းရဲ နေထိုင်သုံးစွဲမှုကို ပြုပြန်ယင်လဲ ''ကိုယ့်လုပ်စာကို ကိုယ်မစားရပဲ အားထားရာမဲ့ သေရမဲ့လူစားပဲ''လို့ အပြောအဆို ခံရတတ်ပါတယ်။

ဒါ့ကြောင့် ဝင်ငွေနဲ့ထွက်ငွေကို ချင့်ချိန်ပြီး လက်လဲမဖွာလွန်း, ချွေတာမှုကို မပြုလွန်းပဲ မျှမျှတတ နေထိုင်သုံးစွဲမှုကို ပြုရမယ်၊ ဒီလို နေထိုင်သုံးစွဲမှုမျိုးကိုပဲ ''သမဇီဝိတာ—မျှတအောင် အသက်မွေးမှု'' လို့ ခေါ်ရတယ်။

ဗျဂ္ဃ ဇ''တဘက်ဆည်ကန်ကြီးတခုမှာ ရေဝင်ပေါက်လေးပေါက်, ရေထွက်ပေါက်လေးပေါက်ရှိတယ်''ဆိုကြပါစို့ရဲ၊ ဒီတော့ အဲဒီကန်ရဲ့ ရေဝင်ပေါက်တွေကို ပိတ်ထားမယ်၊ ရေထွက်ပေါက်တွေကိုတော့

ဖွင့်ထားမယ်၊ မိုးကလဲ ကောင်းကောင်းမရွာပဲနေမယ်၊ ဒီလိုဆိုယင် အဲဒီရေကန်ကြီးမှာ ရေတွေလျော့လာစရာသာရှိတယ်၊ တိုးလာစရာ မရှိတော့ပါဘူး။

ပြီးတော့တခါ အဲဒီ ရေဝင်ပေါက်လေးပေါက်, ရေထွက်ပေါက် လေးပေါက်ရှိတဲ့ ရေကန်ရဲ့ ရေဝင်ပေါက်တွေကို ဖွင့်ထားမယ်၊ ရေထွက် ပေါက်တွေကို ပိတ်ဆို့ထားမယ်၊ မိုးကလဲ မကြာမကြာရွာနေမယ်၊ ဒီလိုဆိုလို့ရှိယင် အဲဒီရေကန်ကြီးမှာ ရေတွေ လျော့လာစရာ မရှိပါဘူး၊ တိုးလာစရာသာ ရှိပါတယ်။

ဗျဂ္ဃပဇ္ဇ ဒီနည်းအတိုင်းပါပဲ—

"၁။ ဣတ္ထိဓုတ္တ—မိန်းမလိုက်စားမှု၊

၂။ သုရာဓုတ္တ-သေသောက်ကြူးမှု၊ မူယစ်ဆေးဝါး သုံးစွဲမှု၊

၃။ အက္ခဓုတ္တ—လောင်းကစားမှု၊

၄။ ပါပမိတ္တ—ယုတ်မာဆိုးသွမ်းသူတို့နဲ့ ပေါင်းသင်းမှု"

ဒီလေးပါးဟာ ရှာဖွေလို့ ရလာသမျှ ပစ္စည်းဥစ္စာတွေ ပျက်စီးဖို့ ထွက်ပေါက်လေးပေါက် ဖြစ်တယ်။

ပြီးတော့တခါ "မိန်းမလိုက်စားခြင်း သေသောက်ကျူးမှု မူးယစ် ဆေးဝါး သုံးစွဲမှု မရှိခြင်း, လောင်းကစားမှုမရှိခြင်း, သူတော် ကောင်းတွေနဲ့ ပေါင်းသင်းခြင်း" ဒီလေးပါးကတော့ ရှာဖွေလို့ ရလာတဲ့ပစ္စည်းဥစ္စာတွေရဲ့ ဝင်လာကြောင်းကောင်းတဲ့ လမ်းပေါက် တွေဖြစ်တယ်။

ဒီတော့ မိန်းမလိုက်စားမှုစတဲ့ ထွက်ပေါက်လေးပေါက်ကို (မပြု လုပ်ပဲ) ပိတ်ဆို့ထားပြီး မိန်းမ မလိုက်စားမှုစတဲ့ဝင်ပေါက်လေးပေါက် ကို ဖွင့်ပေးလိုက်ယင် ဥဋ္ဌာနသမ္ပဒါစတဲ့ သမ္ပဒါလေးပါးနဲ့ ရှာချနေ သမျှ "ပစ္စည်းဥစ္စာ" ဆိုတဲ့ မိုးရေမိုးပေါက်တွေဟာ ကောင်းကောင်း တည်တံ့တိုးပွားနိုင်တယ်။

ဗျဂ္ဃပဇ္ဇ အခုပြောဆိုတဲ့ တရားလေးပါးဟာ ဒီဘဝမှာ စီးပွား ချမ်းသာ ဖြစ်ဖို့(တိုးပွားဖို့) အကြောင်းတွေ ဖြစ်တယ်၊ လိုက်ဆို–

ဉာဏ်နဲ့ချိန်ကာ–ကြိုးအားထုတ်လို့၊ သင့်ရာအလုပ်–လုပ်ရမယ်၊
ရသည့်ဥစ္စာ–ရန်သူဖျက်လို့၊ မပျက်ရအောင်–ထိန်းရမယ်၊
သူတော်ကောင်းတွေ–ရှာဖွေပေါင်းလို့၊ ကိုယ်လဲကောင်းကောင်း
ကျင့်ရမယ်၊
ဝင်ငွေထွက်ငွေ–စာရင်းထားလို့၊ ချင့်ချိန်သုံးစား–ပြုရမယ်၊
မိန်းမလိုက်စား-လောင်းကစား၊ သောက်စားယစ်မျိုး-ရှောင်ရမယ်
အဲ..ဒါမှ–ယခုဘဝ၊ ကြွယ်ဝချမ်းသာမယ်။

ဗျဂ္ဃပဇ္ဇ–

၁။ "သဒ္ဓါသမ္ပဒါ–သဒ္ဓါတရားရဲ့ ပြည့်စုံခြင်း၊
၂။ သီလသမ္ပဒါ-သီလရဲ့ပြည့်စုံခြင်း၊
၃။ စာဂသမ္ပဒါ-စွန့်ကြဲပေးကမ်းခြင်းရဲ့ပြည့်စုံခြင်း၊
၄။ ပညာသမ္ပဒါ-ပညာရဲ့ပြည့်စုံခြင်း"

ဒီတရားလေးပါးကတော့ အမျိုးသားတယောက်အတွက် နောက်ဘဝမှာ စီးပွားချမ်းသာ ဖြစ်ဖို့အကြောင်းတွေ ဖြစ်တယ်။

၁။ အမျိုးသားတယောက်ဟာ သဒ္ဓါတရားရှိတယ်၊ ဘုရားရှင်ရဲ့(အရဟတ္တမဂ်ဉာဏ်) သဗ္ဗညုတဉာဏ်ကို ယုံကြည်တယ်၊ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ယုံကြည်တယ်၊ အဲဒီလို ယုံကြည်မှုနဲ့ ပြည့်စုံတာကိုပဲ "သဒ္ဓါသမ္ပဒါ"လို့ ဆိုရတယ်။

၂။ အမျိုးသားတယောက်ဟာ လူတို့ရဲ့ ကိုယ်ကျင့်ဖြစ်တဲ့ ငါးပါးသီလကို ထိန်းသိမ်းစောင့်ရှောက်တယ်၊ အဲဒီလို ငါးပါးသီလနဲ့ ပြည့်စုံတာကိုပဲ "သီလသမ္ပဒါ"လို့ ဆိုရတယ်။

၃။ အိမ်နေသူ လူဝတ်ကြောင်တယောက်ဟာ ''ဝန်တိုနှမြောခြင်း' ဆိုတဲ့ အညစ်အကြေး ကင်းတဲ့အတွက် ဖြူစင်တဲ့စိတ် ရှိတယ်၊ တွန့်တိုမှု မရှိပဲ လွတ်လွတ်ကျွတ်ကျွတ် စွန့်ကြဲတတ်တယ်၊ ပေးလှူရအောင် ဆန့်ထား(ဖြန့်ထား)တဲ့ လက်ရှိတယ်၊ စွန့်ကြဲမှုမှာ ပျော်ပိုက်နေတယ်၊ ..လှူခံတို့တောင် ခံဖို့ရန် သင့်တော်သူဖြစ်ဘယ်၊ ပေးလှူရတာ, ခွဲစိတ်ဝေဖန်ပေးနေရတာနဲ့ပဲ ပျော်ပိုက်နေတယ်၊ အဲဒီလို စွန့်ကြဲပေးကမ်းလှူဒါန်းနေရယင် ပျော်ရွှင်နေတာကိုပဲ''စာဂသမ္ပဒါ''လို့ ဆိုရတယ်။

၄။ အမျိုးသားတယောက်ဟာ ပညာရှိတယ်၊ ရုပ်တရား နာမ်တရားတွေနဲ့ အဖြစ်အပျက်ကို သိမြင်နားလည်တဲ့(ဥဒယဗ္ဗယ)ဉာဏ်နဲ့ ပြည့်စုံတယ်၊ အဲဒီလိုဉာဏ်နဲ့ ပြည့်စုံခြင်းမျိုးကိုပဲ ''ဉာဏသမ္ပဒါ''လို့ ဆိုရပါတယ်။

ပျဥ္စပဇ္ဇ ဒါတွေဟာ နောက်ဘဝမှာ စီးပွား ချမ်းသာခြင်းရဲ့ အကြောင်းတရားလေးပါး ဖြစ်တယ်။ (လိုက်ဆို)

ဘုရားဂုဏ်ကို-ယုံကြည်တတ်တဲ့၊ သဒ္ဓါဓာတ်ခံ-ရှိရမယ်၊
ငါးပါးပဥ္စသီ-လူ့ကျင့်ဝတ်ကို၊ အမြဲမချွတ်-ထိန်းရမယ်၊
နည်းများမဟူ-လှူဒါနကို၊ ရွှင်ရွှင်ပျပျ-လုပ်ရမယ်၊
ရုပ်နာမ်တရား၊ ဖြစ်ပျက်များ၊ ပိုင်းခြားကောင်းကောင်း-သိရမယ်၊
အဲ...ဒါမှ...နောက်ဘဝများ၊ ကြီးပွားတိုးတက်မယ်။

အလှူရှင်တွေက ''တရားကို ရှည်ချင်ရှည်ပါစေ၊ မှတ်စရာ သားစရာ ပြည့်စုံအောင်သာ ဟောတော်မူပါ''လို့ လျှောက်ထားတဲ့အတွက် တရားတော့အတော် ရှည်သွားပြီး၊ မှတ်စရာ ပြည့်စုံအောင် ဆိုတာကတော့ တထိုင်တည်းနဲ့ ဘယ်လိုလုပ် ပြည့်စုံနိုင်ပါမလဲ၊ ဒါကြောင့် ' ဒီလောက်နဲ့ပဲ ကျေနပ်ကြပါ'' လို့ ဘုန်းကြီးက တောင်းပန်လိုပါတယ်။

ကိုင်း-ဒီတော့ ပြောလာခဲ့တဲ့ ဝတ္တုရားတွေ သမ္ပဒါတရားတွေနဲ့ ပြည့်စုံအောင် နေထိုင်ကြပြီး နိဗ္ဗာန်ရောက်ကြောင်း တရားတွေကို ကြိုးစား အားထုတ်နိုင်ကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓုပါ ဘုရား။

အိမ်တက်မင်္ဂလာ

ကဆုန်လပြည့်နေ့မှာလည်း ရှေးနေ့များလိုပဲ ဆရာတော်ဦးဓမ္မိကသည် မောင်မျိုးသန့်တို့အိမ်မှာ ဆွမ်းဘုဉ်းပေးပြီးသည့်နောက် တရားဟောရန် အဆင်သင့်ဖြစ်နေပါသည်၊ ပရိသတ်ကလဲ ငြိမ်သက်စွာ နေရာယူပြီး ဖြစ်နေကြသည်၊ တရားတော်ကို နာကြားရန် အဆင်သင့် ဖြစ်နေကြသည်။

ဒီနေ့ဟာ ကဆုန်လပြည့်ဆိုတော့ ဗုဒ္ဓနေ့ပဲ၊ တကဲ့ဗုဒ္ဓနေ့မှာမှ အိမ်တက်မင်္ဂလာကို ဟောလှည့်ရောက်လာပါတယ်၊ ဒါနဲ့ ဘုန်းကြီးက"ပါဠလိဂါမိယသုတ်ကို ပြောပေးမယ်"လို့ စီစဉ်ထားပါတယ်၊ အဲဒီပါဠလိဂါမိယသုတ်ကို ပြောယင်းနဲ့ပဲ ဗုဒ္ဓရဲ့ပုံတော် ပေါ်လာအောင် ကြိုးစားပြီးပြောပေးပါမယ်၊ ဒီတော့ ဗုဒ္ဓနေ့မှာ"တရားတော်ကို အာရုံစိုက်ပြီး ဗုဒ္ဓရဲ့ပုံတော် ထင်လာမြင်လာအောင် နာကြားကြပါ၊ အဲဒီပုံတော်ကို အာရုံပြုပြီး ဗုဒ္ဓကို အားရပါးရ ကြည်ညိုလိုက်ကြပါ"လို့ ဘုန်းကြီးက တိုက်တွန်းလိုပါတယ်။

ပါဠလိဂါမိယသုတ်[၁]။ ။ဘုန်းကြီးတို့ရဲ့ ဂေါတမထွတ်ထား ရှင်တော်မြတ်ဘုရားဟာ ပရိနိဗ္ဗာန်စံလွန်ဖို့ ဆယ်လလောက်အလိုမှာ ဝေသာလီမြို့အနီး ဝေဠုဝရွာကလေးမှာ နောက်ဆုံးဝါကပ်တော်မူပါတယ်၊ သီတင်းဝါလ ကျွတ်တဲ့အခါ အဲဒီဝေဠုဝရွာက ထွက်ကြွလာခဲ့ပါတယ်၊ သာဝတ္ထိမြို့ကို ရောက်လာပြီး ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော် မူပါတယ်။

အဲဒီအချိန်မှာ ရှင်သာရိပုတ္တရာက မိမိရဲ့ အသက်အပိုင်းအခြားကို ဆင်ခြင် ကြည့်ရှုတော်မူပါတယ်၊ "၇-ရက်လောက်သာ နေရတော့မယ်"ဆိုတာ သိတော်မူပါတယ်၊ ဒါနဲ့ ဘုရားရှင်ဆီမှာခွင့်ပန်ပြီး နာဠကရွာကို ကြွတော်မူပါတယ်၊ အဲဒီ နာဠကရွာမှာပဲ မယ်တော်ကို သောတာပတ္တိဖိုလ်မှာ တည်စေပြီး ပရိနိဗ္ဗာန် ပြုတော်မူပါတယ်။

စုန္ဒထေရ်က ရှင်သာရိပုတ္တရာရဲ့ ဓာတ်တော်တွေကို ယူလာပြီး ဘုရားရှင်ကို ဆက်ကပ်ပါတယ်၊ ဘုရားရှင်က ဓာတ်တော်တွေကိုယူပြီး ဓာတုစေတီ

၁။ ဥဒါန ပါ-၁၇၃၊ ဋ္ဌ-၃၆၇။ ဒီ မဟာ ပါ-၇၅၊ ဋ္ဌ-၁၃၁။ ဝိမဟာ-၃၂၁၊ဋ္ဌ-၃၃၇။

အဘည်ခိုင်းပါတယ်၊ ပြီးတော့ တခါ ရဟန်းသံဃာတော်တွေခြံရံပြီး ရာဇဂြိုဟ်မြို့ကို ကြွလာတော်မူပါတယ်၊

ဘုရားရှင် ရာဇဂြိုဟ်မြို့ကို ရောက်တဲ့အချိန်မှာပဲ အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် စံလွန်တော် မူပြန်တယ်၊ ဘုရားရှင်က ရှင်မောဂ္ဂလာန်ရဲ့ ဓာတ်တော်တွေကို ယူပြီး စေတီ အတည်ခိုင်းပြန်ပါတယ်။

အဲဒီနောက် ရာဇဂြိုဟ်မြို့က ထွက်ကြွလာပြီး အမ္ဗလဋ္ဌိကာ ဥယျာဉ်မှာ သီတင်းသုံးနေတော် မူပါတယ်၊ အဲဒီကမှတဆင့် ဖြည်းဖြည်းမှန်မှန် ဒေသစာရီ လှည့်လည်တော် မူပါတယ်၊ တနေရာ တနေရာမှာ တနေ့လောက်သာ သီတင်းသုံးတော်မူပြီး လောကလူသားတွေကို ချီးမြှောက်တော် မူပါတယ်၊ အဲဒီလို ဒေသစာရီ လှည့်လည်တော်မူယင်း ပါဋလိရွာကို ရောက်လာပါတယ်။

ပါဋလိရွာသူ ရွာသားတွေဟာ ရှေးကလဲဘုရားရှင်ကို တွေ့ဖူးမြင်ဖူးတဲ့ သူတွေဖြစ်ပါတယ်၊ ပထမဖူးတွေ့ရတဲ့အချိန်မှာပဲ အချို့က သရဏဂုံဆောက် တည်ထားကြပါတယ်၊ အချို့က ငါးပါးသီလ ဆောက်တည် ထားကြ ပါတယ်၊ အချို့က သရဏဂုံရော ငါးပါးသီလရော ဆောက်တည်ထားကြ ပါတယ်၊ ဒါကြောင့် သူတို့တတွေဟာ ဘုရားရှင်ရဲ့ တပည့်သား ဥပါသကာ တွေ ဖြစ်နေကြပါတယ်။

ပါဋလိရွာကို အဇာတသတ်မင်းရဲ့ မင်းမှုထမ်းတွေကလဲ မကြာမကြာ ရောက်လာတတ်ကြပါတယ်၊ လိစ္ဆဝီမင်းတွေရဲ့ မင်းမှုထမ်းတွေကလဲ မကြာ မကြာရောက်လာတတ်ကြပါတယ်၊ အဲဒီ မင်းမှုထမ်းတွေက ရောက်လာတယ်ဆို ယင်ပဲ ရွာထဲမှာရှိနေကြတဲ့ အိမ်ပိုင်ရှင်တွေကို အိမ်ကနှင်ထုတ်ပြီး ''တလ, လခဲ့''ဆို သလိုနေသွားတတ်ကြပါတယ်၊အဲဒီလို ပါဋလိရွာသူရွာသားတွေဟာ အမြဲတမ်း ညှဉ်းပမ်းနှိပ်စက်မှုကို ခံနေကြရပါတယ်။

ဒါနဲ့ ''မင်းမှုထမ်းတွေ ရောက်လာတဲ့အခါမှာလဲပဲ တည်းခိုနေထိုင်စရာ ဖြစ်လိမ့်မယ်''ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပါဋလိရွာသားတွေက ရွာအလယ်မှာ တည်းခိုရိပ်သာကြီးတဆောင် ဆောက်လုပ်ကြပါတယ်၊ အစိုးရတွေရဲ့ ပစ္စည်း ထားမဲ့နေရာ, အစိုးရတွေရဲ့နေရာ, ခရီးသွား ဧည့်သည် အာဂန္တုတွေရဲ့နေရာ, ဆင်းရဲနွမ်းပါး ခိုကိုးရာမဲ့သူတွေရဲ့နေရာ, ဂိလာနတွေရဲ့နေရာတွေကို တဦးနဲ့

တဦး မထိခိုက်ပဲ နေနိုင်လောက်အောင် သတ်မှတ်ထားကြပါတယ်၊ အဲဒီ အဆောက်အဦဟာလဲပဲ ဘုရားရှင်ကြွရောက်လာတဲ့ နေ့မှာပဲပြီးပါတယ်။

ရှာသားတွေက ပြီးကာစဖြစ်တဲ့တည်းခိုရိပ်သာကြီးကို သွားရောက်စစ်ဆေး ကြည့်ရှုကြပါတယ်။

"ဒီတည်းခိုရိပ်သာဟာ အင်မတန် မွေလျော်ဖွယ် ကောင်းတယ်၊ ကျက်သရေလဲရှိတယ်၊ ဘယ်ပုဂ္ဂိုလ်က လက်ဦးဆုံး အသုံးပြုလို့ရှိယင် ငါတို့တတွေမှာ ကြာရှည်လေးမြင့် စီးပွားချမ်းသာ ဖြစ်မလဲ"

ဒီလိုစဉ်းစားနေကြပါတယ်၊ အဲဒီခဏမှာပဲ "ဘုရားရှင်ကြွလာတယ်"ဆိုတဲ့ သတင်းကို ကြားကြပါတယ်၊ ဒါနဲ့ သူတို့တတွေဟာ သိပ်ကျေနပ်သွားကြ ပါတယ်၊ သိပ်ဝမ်းသာသွားကြပါတယ်။

"တို့က ဘုရားရှင်ကို သွားလို့တောင်မှ ပင့်သင့်တာပဲ၊ အခုတော့ မပင့်ရပဲ ဘုရားရှင်က အလိုအလျောက် တို့နေရာဌာနကို ကြွရောက်လာ ပါပေတယ်၊ ဒီနေ့ တို့တတွေဟာ ဘုရားရှင်ကို ဒီ တည်းခိုရိပ်သာမှာပဲ သီတင်းသုံးစေမယ်၊ ရဟန်း သံဃာတော်တွေကိုလဲ အလားတူပဲ သီတင်းသုံးစေရမယ်၊ ထွမ်းကျွေးကြရမယ်၊ ရဟန်းသံဃာကြွလာလို့ ရှိယင် ပိဋကတ်သုံးပုံဆိုတဲ့ ဘုရားစကားတော် (ပရိယတ်တရားတော်) ဟာလဲ ကြွလာပြီးပဲ ဖြစ်ပါတယ်၊ မြတ်စွာဘုရားကို မင်္ဂလာစကား မိန့်ကြားဖို့ တောင်းပန်မယ်၊ တရားဟောဖို့တောင်းပန်မယ်၊ ဒီလိုလုပ် လိုက်လို့ရှိယင် ရတနာသုံးပါးလုံးက သုံးစွဲပြီးရာ ရောက်ပါလိမ့်မယ်၊ တို့ရွာသူရွာသားတွေ အခြား ပုဂ္ဂိုလ်တွေက နောက်မှ သုံးစွဲကြရ တာပေါ့၊ ဒါဟာ တို့အတွက် ကြာရှည်လေးမြင့် စီးပွားချမ်းသာ ဖြစ်ထွန်းဖို့ နည်းလမ်းကောင်းပါပဲ"

ဒီလို ဆုံးဖြတ်ချက်ချကြပါတယ်၊ ပြီးတော့—

"ဘုရားရှင်တွေဆိုတာ တောထဲမှာပဲ နေလိုကြပါတယ်၊ တောမှာပဲ မွေလျော်ပျော်ပိုက်တတ်ကြပါတယ်၊ 'ရွာထဲမှာနေလိုမလား၊ မနေလို ဖူးလား'ဆိုတာ မသိနိုင်ဖူး၊ ဒါ့ကြောင့် ဘုရားရှင်ရဲ့ သဘောထားကို အလျှင်စုံစမ်းပြီးမှ ခင်းကျင်းပြင်ဆင်မှုကို ပြုသင့်တယ်"

ဒီလိုလဲ နောက်ထပ် တိုင်ပင်ကြပါတယ်၊ ဒါနဲ့ ဘုရားရှင်ဆီကို သွားကြပါတယ်၊ "ရှင်တော်မြတ်ဘုရား၊ ဘုရားတပည့်တော်တို့ရဲ့ တည်းခိုရိပ်သာကို လက်ခံတော်မူပါ"လို့ လျှောက်ထားကြပါတယ်၊ ဘုရားရှင် လက်ခံကြောင်းကို သိရမှ သူတို့က တည်းခိုရိပ်သာကို ပြန်သွားကြပါတယ်။

ဒီတည်းခိုရိပ်သာဟာ ဘုရားရှင်ကြွလာတဲ့နေ့မှာပဲ ပြီးတဲ့အတွက် နတ်ဗိမာန်လို ကောင်းစွာစီရင်ပြီး ဖြစ်ပါတယ်၊ ကောင်းစွာ သုတ်သင်ရှင်းလင်းပြီး ဖြစ်ပါတယ်၊ ဒါပေမဲ့ ဘုရားရှင် သိတင်းသုံးဖို့ သင့်တော်လောက်အောင် ခင်းကျင်းမှုကိုတော့ မပြုရသေးပါဘူး။

တည်းခိုရိပ်သာကို ရောက်တဲ့အခါ သူတို့တတွေဟာ ကွက်လပ်မကျန်ရအောင် ခင်းကြပါတယ်၊ "လက်ဦးဆုံး" နွားချေးဆိုတာ မင်္ဂလာအကုန်လုံးမှာ သင့်တော်လျောက်ပတ်တာပဲ"ဒီလို စဉ်းစားပြီး အောက်မြေအခင်းကို အင်္ဂတေနဲ့ အချောကိုင်ပြီးဖြစ်ပေမဲ့ နွားချေးစိုနဲ့ ထပ်ပြီး သုတ်လိမ်းကြပါတယ်၊ ခြောက်လာတဲ့အခါ နင်းတဲ့နေရာမှာ ခြေရာမထင်ရအောင် နံ့သာမျိုး ၄-ပါးနဲ့ လိမ်းသုတ်ကြပါတယ်၊ အပေါ်မှာ ရောင်စုံဖျာသင်ဖြူးတွေကို ခင်းကြပါတယ်၊ အဲဒီ သင်ဖြူးတွေရဲ့အပေါ်မှာ ကော်ဇောကြီး ဆင်ကုန်းနှီး အခင်းစတဲ့ ရောင်စုံအခင်းတွေနဲ့ ခင်းသင့်သမျှ နေရာအကုန်လုံးကို ကွက်လပ်မကျန်အောင် ခင်းကြပါတယ်။

နေရာတွေရဲ့အလယ်မှာ မင်္ဂလာတိုင်ကိုမှီပြီး ဘုရားရှင်ရဲ့နေရာကို ခင်းကြပါတယ်၊ အဲဒီ ဘုရားရှင်ရဲ့နေရာမှာ နူးညံ့လှပတဲ့အခင်းတွေကို အပေါ်က လွှမ်းထားကြပါတယ်၊ ခြေရင်း,ခေါင်းရင်း ၂-ဘက်လုံးမှာ နီမြန်းလှပတဲ့ ခြေအုံး,ခေါင်းအုံးတွေကိုလဲ ပြင်ဆင်ထားကြပါတယ်၊ အပေါ်မှာ ရွှေကြယ်ပွင့်တွေ,ငွေကြယ်ပွင့်တွေနဲ့ ဆန်းကြယ်တဲ့ မျက်နှာကြက်ကိုလဲ တပ်ဆင်ထားကြပါတယ်၊ နံ့သာပန်းဆိုင်, ပန်းကုံး, ပန်းခွေ စတဲ့ အရာဝတ္ထုတွေနဲ့လဲပဲ တန်ဆာဆင်ကြပါတယ်၊ ပတ်ဝန်းကျင် ၁၂-တောင်လောက် ရှိတဲ့ နေရာမှာ ပန်းကွန်ရက်တွေကို လုပ်ထားကြပါတယ်၊ အတောင် ၃၀-လောက်ရှိတဲ့နေရာကို အဝတ်ကန့်လန့်ကာတွေနဲ့ ကာရံထားပါတယ်။

အနောက်ဘက် နံရံကိုမှီပြီး ရဟန်းတော်တွေအတွက် ပလ္လင်, မှီရာတံကဲ ပျဉ်, ညောင်စောင်း, အင်းပျဉ် အစရှိတဲ့ဟာတွေကို ခင်းပါတယ်၊ အပေါ်မှာ အဝတ်ဖြူ အိပ်ရာခင်းတွေကိုခင်းပါတယ်၊ တည်းခိုရိပ်သာရဲ့ အရှေ့ဘက်တခြမ်း လုံးကို မိမိတို့ ရွာသူရွာသားများနေထိုင်ဖို့ သင့်တော်လျောက်ပတ်အောင် ပြင်ဆင်ထားကြပါတယ်။

ပြီးတော့ မြတ်စွာဘုရားနှင့် ရဟန်းတော်တွေ လက်ခြေ ဆေးကြောမှု, လုပ်ဆေးမှုတို့ကို ပြုလုပ်ဖို့ နေရာအနှံ့ ရေလှောင်အိုးကြီးတွေကို တည်ထား ကြပါတယ်၊ အဲဒီ ရေလှောင်အိုးတွေကို ရေအပြည့်ဖြည့်ပြီး ပန်းမျိုးစုံတွေ ရေအနံ့ထုံတဲ့ အမှုန့်တွေကိုလဲ တည့်ထားကြပါတယ်၊ ရေအနံ့ကောင်းအောင် လုပ်ကြပါတယ်၊ အမှုန်တွေမဝင်နိုင်အောင် ရေအိုးတွေရဲ့အဝကို ငှက်ပျော ဖက်တွေနဲ့ ပိတ်ထားကြပါတယ်။

ရွှေ, ငွေ စသည်နဲ့ ပြုလုပ်ထားတဲ့ မီးတိုင်တွေမှာ အတင့်အတယ် စီခြယ် ထားတဲ့ စစ်သားရုပ်ကလေးတွေရဲ့လက်မှာ ရွှေမီးခွက်, ငွေမီးခွက်တွေကို ထား ပါတယ်၊ အဲဒီ မီးခွက်တွေမှာ ဆီမီးတွေကိုလဲ ထွန်းညှိကြပါတယ်။

ပါဠလိရွာသား ဥပါသကာတွေဟာ တည်းခိုရိပ်သာသောက်တင် ပြင်ဆင် ကြတာ မဟုတ်သေးပါဘူး၊ အမှန်ကတော့ တရွာလုံးမှာ ရှိသမျှလမ်းတွေကိုလဲ ပြင်ဆင်ကြပါတယ်၊ (သာသာနာ့) အလံတွေကို စိုက်ထူထားကြပါတယ်၊ အိမ် တံခါးတွေမှာ ရေပြည့်အိုးတွေကိုလဲ တည်ထားကြပါတယ်၊ ငှက်ပျောပင်တွေ ကိုလဲ စိုက်ထားကြပါတယ်၊ မိုးကောင်းကင်တခုလုံးမှာ ကြယ်တာရာတွေ တလက်လက် တောက်ပနေသလို တရွာလုံးမှာ တလက်လက် တောက်ပနေ အောင် မီးတွေကိုလဲ အစဉ်လိုက်ထွန်းထားကြပါတယ်။

> "နို့စို့ကလေးသူငယ်တွေကို နို့တိုက်ထားကြ၊ ကလေးငယ်တွေကို ခပ်မြန်မြန်ကျွေးမွေးပြီ သိပ်ထားကြ၊ ဆူဆူညံညံ မလုပ်ကြနဲ့၊ ဒီနေ့ တညဉ့်လုံး ဘုရားရှင်ဟာ ရွာထဲမှာ သီတင်းသုံးလိမ့်မယ်၊ ဘုရားရှင်တွေ ဆိုတာ တိတ်ဆိတ်နေတာကို သဘောကျကြတယ်"

ဒီလိုလဲ တရွာလုံးမှာ ကြေညာခိုင်းထားကြပါတယ်၊ သူတို့ကိုယ်တိုင်က တော့ မီးတိုင်တွေကိုယူပြီး ဘုရားရှင်ဆီကို သွားကြတယ်။

"ရှင်တော်မြတ်ဘုရား ကြွမယ်ဆိုယင် ကြွနိုင်ပါပြီ၊ အကုန်လုံး ပြင်ဆင်ပြီးနေပါပြီ"

ဒီလို ဘုရားရှင်ကို လျှောက်ထားကြပါတယ်၊ ဒီတော့ ဘုရားရှင်က ကောင်းစွာ ဆိုးထားတဲ့ နှစ်ထပ်သင်းပိုင်ကို ('ဒူးနှစ်ဘက်နှင့် ချက်' ဆိုတဲ့) အဝန်းသုံးပါးကို ဖုံးမိအောင် ပြုပြင်ပြီး ဝတ်တော်မူပါတယ်၊ ဒူးအောက် လက်လေးသစ်လောက်ကျနေတဲ့ သင်းပိုင်ရဲ့အစဟာ ကတ်ကျေးနဲ့ ပဒုမ္မာကြာကို ဖြတ်ထားသလို ညီညာဝိုင်းစက်နေပါတယ်၊ အဲဒီ သင်းပိုင်ဟာလဲပဲ ချိတ်ရည်နဲ့ဆိုးထားတဲ့ ကသစ်ပွင့်လို နီညိုရောင်အဆင်းရှိပါတယ်။

ပြီးတော့ လျှပ်စစ်နွယ်ပမာ လွန်စွာတင့်တယ် ကျက်သရေရှိတဲ့ ခါးပန်းကြိုးကို ပန်းတော်မူပါတယ်၊ ရွှေစလွယ်ကြီးနဲ့ ပဒုမ္မာကြာစည်းကို ရစ်ပတ်ထားသလို အင်မတန် လိုက်လျောညီထွေ အဆင်ပြေတော် မူပါတယ်။

အဲဒီလို သင်းပိုင်ကိုပြင်ဝတ် ခါးပန်းကြိုးကို ပန်းပြီးတဲ့အခါ ကောင်းစွာ ဆိုးထားတဲ့ အင်မတန် မွန်မြတ်အထက်တန်းကျတဲ့ ပံ့သကူသင်္ကန်းကို ရုံတော် မူပါတယ်၊ အဲဒီပံ့သကူသင်္ကန်းဟာ မြင်းမိုရ်တောင်၊ ယုဂန္ဓိုရ်တောင်တွေနဲ့ အတူ စကြဝဠာမြေပြင် တနေလုံးကို တုန်လှုပ်စေပြီး ပံ့သကူကောက်ယူ ချုပ်လုပ် ထားတဲ့ သင်္ကန်းဖြစ်ပါတယ်၊ ပဒေသာင်ရွက်ညွန့်အဆင်းလို နီညိုရောင် အဆင်း ရှိပါတယ်။

အဲဒီ ပံ့သကူသင်္ကန်းကို ရုံထားလိုက်တော့ (မြတ်စွာဘုရားဟာ) ကမ္ဗလာနီနဲ့ ဆင်ဦးကင်းကို လွှမ်းခြုံထားသလို၊ အတောင်တရာမြင့်တဲ့ ရွှေစေတီမှာ သန္တာနီ ကွန်ရက်ကို ပစ်တင်ထားသလို၊ ကြီးမားတဲ့ ရွှေစေတီမှာ ကမ္ဗလာနီ သင်္ကန်းကို စွပ်ထားသလို၊ (မိုးပေါ်မှာ) သွားနေတဲ့ လပြည့်ဝန်းကို တိမ်နီတွေ ဖုံးလွှမ်း ထားသလို၊ ကောင်းစွာ ကြိုချက်ထားတဲ့ ချိတ်ရည်ကို ရွှေတောင်ထိပ်ပေါ်မှာ သွန်းလောင်းလိုက်သလို၊ စိတ္တကုဋ်တောင်ထိပ်ကို လျှပ်စစ်နွယ်ကွန်ရက်နဲ့ ကာရံ ထားသလို အင်မတန် အဆင်ပြေပါတယ်၊ သပ္ပာယ်တော် မူလှပါတယ်။

သင်္ကန်းရုံမှုကိစ္စပြီးတဲ့အခါ တောထဲကထွက်လာတဲ့ ကေသရာဇာခြင်္သေ့လို၊ ဥဒယ်တောင် (နေထွက်တောင်) ထွတ်က ပေါ်ထွက်လာတဲ့ လပြည့်ဝန်း နေဝန်းလို သီတင်းသုံးနေတော် မူရာ တင့်တယ်လှတဲ့ မဏ္ဍပ်က ထွက်ကြွလာခဲ့ ပါတယ်။

အဲဒီအချိန်မှာ မိုးတိမ်စပ်က လျှပ်စစ်တွေ စုပြုံထွက်လာသလို မြတ်စွာဘုရားရဲ့ကိုယ်တော်က ရောင်ခြည်တော်တွေ စုံဆိုက္ခန့်မြူးထွက်လာကြပါတယ်၊ ဘေးပတ်ဝန်းကျင် သစ်ပင်တွေရဲ့ ညွှာဆိုင်တွေ, အရွက်တွေ, အပွင့်တွေ, အသီးတွေ, အကိုင်းအခွတွေဟာ ရွှေရည်အလျှံနဲ့ သွန်းလောင်းထားသလို ဖြစ်နေပါတယ်။

အဲဒီခဏမှာပဲ မျှားပြေးလှတဲ့ ရဟန်းတော်တွေကလဲ သင်္ကန်းကို အချိုးတကျရုံ သပိတ်ကိုယ်စီ ယူလာကြပြီး မြတ်စွာဘုရားကို ခြံရံလိုက်ပါကြပါတယ်၊ အဲဒီ ရဟန်းတော်တွေဟာ ပစ္စည်းလာဘ်လာဘကို မက်မောတွယ်တာမှုမှ ကင်းကြပါတယ်၊ ကိုယ့်မှာရှိတာလေးနဲ့ နှစ်သက်ကျေနပ်နေကြပါတယ်၊ ဆိတ်ငြိမ်ရာမှာ နေတတ်ကြပါတယ်၊ ဒါယကာဒါယိကာမတွေနဲ့ ရောနှောယှက်တင်ခြင်းမှလဲ ကင်းကြပါတယ်၊ အားထုတ်လို့လ ဝီရိယလဲရှိကြပါတယ်၊ အပြစ်ပြုလုပ်သူကို မညှာမတာ ပြောဆိုတတ်ကြပါတတ်၊ အကျိုးလိုလားပြောစကားကိုလဲ လေးလေးစားစား နာခံတတ်ကြပါတယ်၊ သူတပါးကိုလဲ ဆုံးမပဲ့ပြင် သွန်သင်တတ်ကြပါတယ်၊ မကောင်းမှုကိုလဲ ကဲ့ရဲ့တတ်ကြပါတယ်၊ သီလနဲ့လဲ ပြည့်စုံကြပါတယ်၊ သမာဓိနဲ့လဲ ပြည့်စုံကြပါတယ်၊ ပညာနဲ့လဲ ပြည့်စုံကြပါတယ်၊ အရဟတ္တဖိုလ်နဲ့လဲ ပြည့်စုံကြပါတယ်၊အရဟတ္တဖိုလ်ကိုသိမြင်တတ်တဲ့ ဉာဏ်အမြင်နဲ့လဲ ပြည့်စုံကြပါတယ်။

အဲဒီလို ဂုဏ်ထူးဝိသေသတွေ, အဝတ်အရုံ အချိုးကျမြီး ဣန္ဒြေသိက္ခာတွေနဲ့ ပြည့်ဝစုံလင်နေတဲ့ ရဟန်းတော်တွေက ခြံရံလိုက်ပါလာတော့ မြတ်စွာဘုရားဟာ ကမ္ဗလာနီနဲ့ကာရံထားတဲ့ရွှေတုံးကြီးလို, ပဒုမ္မာကြာနီတောအလယ်ကို ရောက်နေတဲ့ ရွှေလှေရွှေလောင်းလို, သန္တာပွတ်လုံး (ပွတ်တိုင်) တွေနဲ့ ကာရံထားတဲ့ ရွှေပြာသာဒ်လို အတိုင်းထက်အလွန် တင့်တယ်နေပါတော့တယ်။

မဟာကဿပအမှူးရှိတဲ့ မထေရ်ကြီးတွေကတော့ ပတ္တမြားချပ်ဝတ်တန်ဆာတွေကို ဝတ်ဆင်ထားတဲ့ ဆင်ပြောင်ကြီးတွေလို မိုးတိမ်အဆင်းနဲ့တူတဲ့ ပံ့သကူသင်္ကန်းကို ဝတ်ရုံပြီး ခြံရံလိုက်ပါလာကြပါတယ်၊ အဲဒီမထေရ်ကြီးတွေကလဲပဲ ရာဂ ကင်းပြီးသူတွေ, ကိလေသာကို ဖျက်ဆီးပြီးသူတွေ, တဏှာအရှုပ်အထွေးကို ဖြေရှင်းထားသူတွေ, အနှောင်အဖွဲ့ အကုန်လုံးကို ဖြတ်တောက်

ထားသူတွေ၊ ဒါယကာဒါယိကာမများမှာပဲဖြစ်ဖြစ် ဂိုဏ်းဂဏမှာပဲဖြစ်ဖြစ် မတွယ်တာ မကပ်ငြိသူတွေချည်းသာ ဖြစ်ကြပါတယ်။

အဲဒီလို မိမိကိုယ်တိုင် ရာဂကင်းပြီးတဲ့အပြင် ရာဂကင်းပြီးတဲ့ ရဟန်းတော်တွေ၊ မိမိကိုယ်တိုင် ဒေါသကင်းပြီးတဲ့အပြင် ဒေါသကင်းပြီးတဲ့ ရဟန်းတော်တွေ၊ မိမိကိုယ်တိုင် မောဟကင်းပြီးတဲ့အပြင် မောဟကင်းပြီးတဲ့ ရဟန်းတော်တွေ၊ မိမိကိုယ်တိုင် တဏှာကင်းပြီးတဲ့အပြင် တဏှာကင်းပြီးတဲ့ ရဟန်းတော်တွေ၊ မိမိကိုယ်တိုင် ကိလေသာကင်းပြီးတဲ့အပြင် ကိလေသာကင်းပြီးတဲ့ ရဟန်းတော်တွေ၊ မိမိကိုယ်တိုင် သစ္စာလေးပါးကို သိပြီးတဲ့အပြင် မိမိကို အတုလိုက်ပြီး သစ္စာလေးပါးကို သိမြင်ကြတဲ့ ရဟန်းတော်တွေ ခြံရံလိုက်ပါလာတဲ့ မြတ်စွာဘုရားဟာ ပွင့်ချပ်တွေက ခြံရံထားတဲ့ ကြာဝတ်ဆံလို၊ ကြာဝတ်ဆံတွေက ကာရံထားတဲ့ ကြာချက်လို၊ ဆင်ရှစ်ထောင်က ခြံရံထားတဲ့ ဆဒ္ဒန်ဆင်မင်းလို၊ ဟင်္သာကိုးသောင်း ခြံရံထားတဲ့ ဓတရဋ္ဌဟင်္သာမင်းလို၊ စစ်အင်္ဂါတွေ ခြံရံထားတဲ့ စကြာဝတေးမင်းလို၊ နတ်အပေါင်းခြံရံထားတဲ့ သိကြားမင်းလို၊ ပြဟ္မာအပေါင်းခြံရံထားတဲ့ ဟာရိတ ပြဟ္မာကြီးလို၊ ကြယ်တာရာအပေါင်း ခြံရံထားတဲ့ လပြည့်ဝန်းလို အတိုင်းထက်အလွန် တင့်တယ်နေပါတော့တယ်၊ နှိုင်းခိုင်းစရာ ဥပမာရှာမရတဲ့ ဘုရားရှင့်သွင်ပြင်တော်၊ နှိုင်းယှဉ်တိုင်းတာခြင်းမှ ကင်းတဲ့ ဘုရားရဲ့ တင့်တယ်ခြင်းမျိုးနဲ့ ပါဠလိရွာလမ်းကို ကြွလှမ်းနေတော်မူပါတယ်။

အဲဒီအချိန်မှာ မြတ်စွာဘုရားရဲ့ရှေ့ဘက်ကိုယ်တော်မှ ရွှေအဆင်းလို ဝါဝင်းနေတဲ့ ရောင်ခြည်တော်တွေဟာ အတောင်ရှစ်ဆယ်ထိ ကွက်လပ်မရှိအောင် ဖြာထွက်နေပါတယ်၊ နောက်ဘက်ကိုယ်၊ လကျာ်ဘက်ကိုယ်၊ လက်ဝဲဘက်ကိုယ်မှလဲ အလားတူ ရွှေအဆင်းလို ဝါဝင်းနေတဲ့ ရောင်ခြည်တော်တွေဟာ အတောင်ရှစ်ဆယ်အထိ ကွက်လပ်မရှိအောင် ဖြာထွက်နေပါတယ်၊ အထက်ဆံစကစပြီး ဆံခွေအကုန်လုံးမှ ဥဒေါင်းမင်းရဲ့ လည်ဆံအဆင်းနဲ့တူတဲ့ မဲနက်တဲ့ရောင်ခြည်တော်တွေဟာ ထက်ကောင်းကင်မှာ အတောင်ရှစ်ဆယ်အထိ ကွက်လပ်မရှိအောင် ဖြာထွက်နေပါတယ်၊ အောက်ခြေဖဝါးအပြင်တွေမှ သန္တာအဆင်းလို နီတဲ့ ရောင်ခြည်တော်တွေဟာ မြေထဲမှာ အတောင်ရှစ်ဆယ်ထိ ကွက်လပ်မရှိအောင် ဖြာထွက်နေပါတယ်၊ သွားတွေ၊ မျက်လုံးတော်တွေရဲ့ ဖြူနေတဲ့ နေရာ

ဌာနတွေ လက်သည်း ခြေသည်းတွေရဲ့ အသားကလွတ်နေတဲ့ နေရာ ဌာနတွေက ဖြူဖွေးတဲ့ ရောင်ခြည်တော်တွေဟာ အတောင်ရှစ်ဆယ်ထိ ကွက်လပ် မရှိအောင် ဖြာထွက်နေကြပါတယ်၊ နီတဲ့အဆင်း ဝါတဲ့အဆင်း ရောနေတဲ့ နေရာဌာနတွေက မောင်းသော အဆင်းရှိတဲ့ (ပန်းရောင် အဆင်းရှိတဲ့) ရောင်ခြည်တော် တွေဟာ အတောင်ရှစ်ဆယ်အထိ ကွက်လပ် မရှိအောင် ဖြာထွက်နေကြပါတယ်၊ အဲဒီရောင်ခြည်တော် ၅-မျိုးရောနှော ပေါ်ထွက်လာတဲ့အခါ ပြိုးပြိုးပြက်ပြက် လက်ကနဲလက်ကနဲ အရောင်တမျိုးလဲ ဖြာထွက်လာပါတယ်၊ ဒါကိုပဲ''ပြိုးပြိုးပြက်ပြက် တခဲနက်ရောင်ခြည်တော်''လို့ ဆိုကြပါတယ်။

အဲဒီလို ထက်ဝန်းကျင် အတောင်ရှစ်ဆယ်အရပ် တိုင်အောင် ဘုရားရှင်ရဲ့ ရောင်ခြည်တော် ခြောက်သွယ်ဟာ ထွန်းလင်း တောက်ပြောင် နေပါ တယ်၊ တလျှပ်လျှပ်နဲ့ ပြေးသွားနေပါတယ်၊ ရွှေမီးတိုင် စသည်ကထွက်ပြီး ကောင်းကင်ကိုပြေးဝင်နေတဲ့ ကြီးမားတဲ့ မီးတောက်မီးလျှံလို့, လေးကျွန်း လုံးကို အုပ်ဖုံးထားတဲ့ တိမ်တိုက်ကထွက်လာတဲ့ လျှပ်စစ် လျှပ်နွယ်လို ဝန်းကျင် ပတ်ချာ အရပ်ဆယ်မျက်နှာကို ပြေးလွှားနေကြပါတော့တယ်။

အဲဒီ ဘုရားရှင်ရဲ့ ရောင်ခြည်တော်တွေနဲ့ အရပ်မျက်နှာ အကုန်လုံးဟာ ရွှေစကားပွင့်တွေနဲ့ကြဲဖြန့်ထားသလို, ရွှေအိုးထဲက ရွှေရည်အလျှဉ်တွေနဲ့ သွန်း လောင်းထားသလို, ရွှေပြားပုဆိုးနဲ့ ဖြန့်ခင်းထားသလို, လေဗွေ(လေဆင်နှာ မောင်း)ကြောင့် လွင့်တက်လာတဲ့ ပေါက်ပန်း မဟာလှေကားပန်း ကသစ် ပန်းအမှုန့်တွေနဲ့ ကြဲဖြန့်ထားသလို, ဟင်္သပြဒါးနဲ့ ထက်ဝန်းကျင် သုတ်လိမ်း ထားသလို အတိုင်းထက်အလွန် တင့်တယ်နေကြပါတယ်။

လက္ခဏာတော်ငယ် ရှစ်ဆယ်, တလံမျှသာထင်ရတဲ့ ရောင်ခြည်တော် ဝန်းတွေနဲ့ထွန်းလင်းတောက်ပြောင်နေတဲ့ ယောကျ်ားမြတ်တို့ရဲ့လက္ခဏာတော် ၃၂-ပါးနဲ့ တန်ဆာဆင်ထားတဲ့ မြတ်စွာဘုရားရဲ့ ကိုယ်ခန္ဓာတော်ဟာလဲပဲ တိမ်တိုက်ဆီးနှင်းစတဲ့ အညစ်အကြေးတွေ ကင်းလွတ်ပြီး အရောင် တလက် လက် ကြယ်တာရာတွေ ထွန်းလင်းတောက်ပြောင်နေတဲ့ ကောင်းကင်အပြင်လို, အကုန်လုံးပွင့်နေတဲ့ ပဒုမာကြာတောလို, ပင်လုံးကျွတ်ပွင့်နေတဲ့ ယူဇနာ တရာရှိတဲ့ ကသစ်ပင်လို, တန်းစီထားတဲ့ နေ ၃၂-စင်း, လ ၃၂-စင်း, စကြ

ဝတေးမင်း ၃၂-ယောက်၊ နတ်မင်း ၃၂-ယောက်၊ မဟာဗြဟ္မာမင်း ၃၂-ယောက်တို့ရဲ့ကျက်သရေကို မိမိရဲ့ကျက်သရေနဲ့ လွှမ်းမိုးထားသလို အလွန်အလွန် တင့်တယ်နေပါတယ်။

ပြီးတော့ "ပါရမီဆယ်ပါး၊ ဥပပါရမီဆယ်ပါး၊ ပရမတ္ထပါရမီဆယ်ပါး" ဆိုတဲ့ ပါရမီတွေကို ကောင်းကောင်း ဖြည့်ကျင့်လာတော့ မြတ်စွာဘုရားရဲ့ ကိုယ်ကာယတော်ဟာ အတိအကျ ၃၀-သော ပါရမီတွေနဲ့ တန်ဆာဆင်ထားသလိုလဲ ဖြစ်နေပါတယ်၊ လေးသင်္ချေနဲ့ ကမ္ဘာတသိန်းပတ်လုံး ပေးလှူလာတဲ့ ဒါန၊ စောင့်ရှောက်လာတဲ့ သီလ၊ ပြုလုပ်လာတဲ့ ကုသိုလ်ကောင်းမှုတွေဟာ ကိုယ်ခန္ဓာတခုတည်းမှာ စုပေါင်းပြီး နောက်ပိတ်ဆုံးအနေနဲ့ အကျိုးပေးကြရတဲ့အတွက် ကျဉ်းကျပ်သလို ဖြစ်နေပါတယ်၊ လှေတထောင်နဲ့ တင်လာတဲ့ ဝန်ကို လှေတစင်းတည်းမှာ စုပြုံတင်ရသလို၊ လှည်းတထောင်တိုက်ဝန်ကို လှည်းတစီးတည်းမှာ စုပြုံတင်ရသလို၊ မြစ်ကြီး ၂၅-သွယ်တို့ ပေါင်းစုမိတဲ့ အဝမှာ ရေစုကြီးဖြစ်နေသလို ဖြစ်နေရပါတော့တယ်။

အဲဒီလို ဘုရားရှင်ရဲ့အသရေတော်နဲ့ ပတ်ဝန်းကျင်ထွန်းလင်းတောက်ပြောင်နေပေမဲ့ ပါဠလိရွာသား ဥပါသကာများက ဘုရားရှင်ရဲ့ရှေ့တော်မှာ ထောင်ပေါင်းများစွာသော မီးတိုင်တွေကို ညှိထွန်းကိုင်ဆောင်ပြီး လိုက်ပါလာကြပါတယ်၊ ဘုရားရှင်ရဲ့နောက်ဘက်၊ လက်ဝဲဘက်၊ လကျာဘက်တွေမှာလဲ အလားတူပဲ ထောင်ပေါင်း များစွာသော မီးတိုင်တွေကို ညှိထွန်း ကိုင်ဆောင် လိုက်ပါလာကြပါတယ်။

"မြတ်လေးပန်း၊ စကားပန်း၊ တောကြက်ရိုးပန်း၊ ကြာနီ၊ ကြာညို၊ ခရေပန်း၊ (ချယားပန်း)၊ ရေညှိပန်း၊ (ကြောင်ပန်း)"စတဲ့ ပန်းအမျိုးမျိုးနဲ့ အရောင်မျိုးစုံဆိုးထားတဲ့ နံ့သာမှုန့်တွေကိုလဲ လေးကျွန်းလုံးကိုနှံ့အောင် ရွာတဲ့မိုးကြီးရဲ့ ရေစက်ရေပေါက်တွေလို အဆက်မပြတ်ကြဲဖြန့်လိုက်ပါလာကြပါတယ်။

တူရိယာ ငါးပါးရဲ့အသံ၊ ဘုရား၊ တရား၊ သံဃာတွေရဲ့ ဂုဏ်ကျေးဇူးနဲ့ စပ်ယှဉ်တဲ့ ချီးကျူးသံတွေကလဲ နှုတ်မဆိတ်ပဲ ချီးကျူးစကား ပြောကြားနေသလို အရပ်မျက်နှာအကုန်လုံးကို လွှမ်းခြုံပျံ့နှံ့နေပါတယ်၊ နတ်၊ ဂဠုန်၊ နဂါး၊ ဘီလူး၊ ဂန္ဓဗ္ဗနတ်၊ လူတွေရဲ့ မျက်လုံးတွေဟာ အမြိုက်ရေစင် (နတ်မျက်စဉ်း)နဲ့ သုန်းလောင်းထားသလို ဖြစ်နေပါတော့တယ်။

ဒီလို ဂုဏ်အဖွဲ့အစုံ အကုန်လုံးနဲ့ပြည့်ဝစုံလင်တော်မူတဲ့ မြတ်စွာဘုရားဟာ မြေအပြင်ကို တုန်လှုပ်စေပြီး သတ္တဝါတွေကို မညှဉ်းဆဲပဲ ကြွနေတော်မူပါတယ်။

လက်ဦးဆုံး လကျ်ာခြေတော်ကို ကြွမပြီးကြွတော်မူတဲ့ မြတ်စွာဘုရားဟာ ကျက်သရေမင်္ဂလာနဲ့ပြည့်စုံပါပေတယ်၊ တင့်လဲ တင့်တယ်တော်မူပါပေတယ်။

အဲဒီလို ကြွသွားတော်မူတဲ့ ဘုရားရှင်ရဲ့ နူးညံ့တဲ့ အောက်ခြေဖဝါး အပြင်ဟာ မြေကို ညီညီမျှမျှ ထိတော်မူပါပေတယ်၊ (ဒါပေမဲ့) မြေမှုန့်တွေကတော့ မလိမ်းကျံ မကပ်ငြိပါဖူး။

ဘုရားရှင်ကြွတော်မူလာလို့ရှိယင် နိမ့်တဲ့နေရာက မြင့်တက်လာရပါတယ်၊ မြင့်တဲ့နေရာတွေကတော့ ညီလာရပါတယ်၊ စိတ်စေတနာမရှိတဲ့ မြေကြီးတောင်မှ ဒီလိုဖြစ်လာရပါတယ်။

ဘုရားရှင် "ကြွလာတယ်"ဆိုယင်ပဲ ကျောက်ခဲတွေ, ကျောက်စရစ်တွေ, အိုးခြမ်းကွဲတွေ, သစ်ငုတ်တွေ, ဆူးငြောင့်ခလုတ်တွေ အကုန်လုံးပဲ လမ်းကရှောင်ပေးကြရပါတယ်။

မြတ်စွာဘုရားဟာ သိပ်ခြေလှမ်းကျဲကျဲလဲ လှမ်းတော်မမူပါ၊ သိပ်ခြေလှမ်းစိပ်စိပ်လဲမလှမ်းပါ၊ ဒူးနှစ်ခုနှင့် ခြေဖမျက်နှစ်ခုတို့ကို အချင်းချင်းမထိခိုက်စေပဲ ကြွလှမ်းတော်မူပါတယ်။

အကျင့်စရဏနဲ့ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားဟာ သိပ်အမြန်ကြီးလဲ ကြွတော်မမူပါ၊ နှေးနှေး ဖြေးဖြေးလဲ ကြွတော်မမူပါ၊ (မနှေးမမြန်သာ ကြွတော်မူပါတယ်၊) ကြွတော်မူယင်းလဲ တည်ကြည်တော်မူပါတယ်။

မြတ်စွာဘုရားဟာ အထက်အရပ်, အောက်အရပ်, ထက်ဝန်းကျင်အရပ်, အရပ်လေးမျက်နှာ, ထောင့်အရပ်မျက်နှာတွေကိုကြည့်ယင်း ကြွတော်မမူပါ၊ လေးတောင်လောက်သာ ကြည့်တော်မူပါတယ်။

မြတ်စွာဘုရား လှမ်းကြွသွားပုံဟာ ဆင်ပြောင်ကြီး လှမ်းကြွသွားတာနဲ့ တူလှပါတယ်၊ (ဒီတော့) မြတ်စွာဘုရားဟာ ကြွတော်မူတဲ့အခါမှာလဲ တင့်တယ်တော်မူပါတယ်၊ လောကရဲ့ အထွတ်အမြတ် ဖြစ်တော်မူတဲ့ မြတ်စွာဘုရားဟာ နတ်တွေ, လူတွေ ရွှင်လန်းလာအောင် တင့်တင့်တယ်တယ် ကြွတော်မူတတ်ပါပေတယ်။

မြတ်စွာဘုရားဟာ ဥသဘာနွားမင်းသွားသလိုလဲ တင့်တင့်တယ်တယ် ကြွတော်မူပါတယ်၊ ခြင်္သေ့မင်းလိုလဲ နှစ်သက်စဖွယ် ကြွနေတော်မူပါတယ်၊ အဲဒီလို သတ္တဝါ အများအပြား နှစ်သက်ကျေနပ်မှု အပြည့်အဝရအောင် ရွာထဲကို ကြွရောက်လာပါတယ်။

ဒီလို ကြွက်သရေကုံလုံ တင့်တယ်ခြင်းအပြည့်အစုံနဲ့ မြတ်စွာဘုရားဟာ တန်ဆာဆင်ယင် ပြုပြင်ထားတဲ့ ပါဋလိရွာထဲကို ဝင်ရောက်လာပါတယ်၊ စိတ်ကြည်လင်ရွှင်ပျနေတဲ့ ရွာသူရွာသားတွေရဲ့ ပန်းတွေ, နံ့သာတွေ, အခိုးအထုံ မှုန့်တွေနဲ့ အပူဇော်ခံတော်မူယင်း တည်းခိုရိပ်သာကို ရောက်လာပါတယ်။

(ရောက်လာတယ်ဆိုယင်ပဲ) ခြေတွေကို ဆေးတော်မူပြီး တည်းခိုရိပ်သာထဲကို ဝင်လာပါတယ်၊ အလယ်တိုင်ကိုမှီပြီး အရှေ့ဘက်ကို မျက်နှာမူကာ ထိုင်နေတော်မူပါတယ်။

> (မြတ်စွာဘုရားရဲ့ ခြေတော်တွေမှာ မှုန့်မှုန် အညစ်အကြေး လိမ်းကပ်မှု မရှိပေမဲ့ "ဥပါသကာတွေရဲ့ ကုသိုလ်ပွားမှုကို လိုလားတော်မူခြင်း အခြားပုဂ္ဂိုလ်တွေ နမူနာယူ ပြုကျင့်စေလိုခြင်း" ဒီလို အကြောင်း ၂-ပါး ကြောင့် မြတ်စွာဘုရားဟာ ခြေဆေးမှုကို ပြုတော်မူပါတယ်။
>
> နောက်တမျိုးလှည့်ပြီး စဉ်းစားမယ်ဆိုယင် ဓာတ်လေးပါးနဲ့ တည်ဆောက်ထားတဲ့ "ကိုယ်ခန္ဓာ"ဆိုတာ အေးအောင် လုပ်သင့်ပါတယ်၊ ဒါနဲ့ ကိုယ်ခန္ဓာကို အေးအောင်လုပ်လိုတဲ့အတွက်ကြောင့်လဲပဲ မြတ်စွာဘုရားဟာ "ရေချိုးမှု, ခြေဆေးမှု"စသည်တို့ကို ပြုလုပ်တော်မူရတာ ပါပဲ။

ရဟန်းတော်တွေလဲပဲ ခြေဆေးကြောပြီး တည်းခိုရိပ်သာထဲကို ဝင်လာကြပါတယ်၊ အနောက်နံရံကို ကျောပေးပြီး အရှေ့ဘက်ကို မျက်နှာပြုကြပါတယ်၊ မြတ်စွာဘုရားကို ရှေ့မှာထားပြီး ထိုင်နေတော်မူကြပါတယ်။

ပါဋလိရွာသား ဥပါသကာတွေကလဲပဲ ခြေတွေကို ဆေးကြောပြီး တည်းခိုရိပ်သာထဲကို ဝင်လာကြပါတယ်၊ အရှေ့ဘက်နံရံကို ကျောပေးပြီး အနောက်ဘက်ကို မျက်နှာပြုကြပါတယ်၊ မြတ်စွာဘုရားကို ရှေ့စာထားပြီး ထိုင်နေကြပါတယ်။

အဲဒီလို အနောက်ဘက်ခြမ်းက ရဟန်းတော်တွေက အရှေ့ဘက်ခြမ်းက ဥပသကာတွေရဲ့ အလယ်မှာ ထိုင်နေတော်မူတဲ့ မြတ်စွာဘုရားဟာ နံ့သာရေနဲ့ ရေချိုးမှု၊ သိမ်မွေ့နူးညံ့တဲ့အဝတ်နဲ့ ရေကိုသုတ်မှု၊ ဟင်္သပြဒါးအစစ်နဲ့ သုတ်လိမ်းမှု၊ ကမ္ဗလာနီသက္ကလပ်ဖြင့် လွှမ်းခြုံပေးမှုတွေကို ပြုလုပ်ပြီး အင်းပျဉ်ပေါ်မှာ တင်ထားတဲ့ ရွှေသားအစစ်နဲ့ (အတုံးလိုက်) ပြုလုပ်ထားတဲ့ နီမြန်းနေတဲ့ ရွှေဆင်းတုတော်လို အလွန်အလွန် တင့်တယ်နေပါတယ်။

အဲဒီအချိန်မှာ မြတ်စွာဘုရားက ပါဠလိရွာသား ဥပါသကာတွေကို အမိန့်ရှိတော်မူပါတယ်။

ဒါယကာတို့ ဒုဿီလပုဂ္ဂိုလ်ရဲ့ သီလပျက်စီးခြင်းမှာ အပြစ်ငါးပါးရှိတယ်၊ အဲဒီအပြစ်တွေကတော့—

၁။ သီလပျက်တဲ့ ဒုဿီလပုဂ္ဂိုလ်ဟာ မေ့လျော့တဲ့အတွက် စည်းစိမ်ဥစ္စာ အများအပြား ဆုံးရှုံးခြင်းသို့ ရောက်တတ်တယ်၊ ဒါဟာ ပထမ အပြစ်ပဲ။

၂။ သီလပျက်တဲ့ ဒုဿီလပုဂ္ဂိုလ်ရဲ့ မကောင်းသတင်းဟာ အနှံ့အပြား ထွက်လာတတ်ပါတယ်၊ ဒါဟာ ဒုတိယအပြစ်ပဲ။

၃။ သီလပျက်တဲ့ ဒုဿီလပုဂ္ဂိုလ်ဟာ လူအများစုနေတဲ့ နေရာကို ရောက်သွားလို့ရှိယင် ကြောက်ရွံ့လာတတ်တယ်၊ မျက်နှာညှိုးငယ်လာတတ်တယ်၊ ဒါဟာ တတိယအပြစ်ပဲ။

၄။ သီလပျက်တဲ့ ဒုဿီလပုဂ္ဂိုလ်ဟာ တွေတွေဝေဝေ သေရတတ်တယ်၊ ဒါဟာ စတုတ္ထအပြစ်ပဲ။

၅။ သီလပျက်တဲ့ ဒုဿီလပုဂ္ဂိုလ်ဟာ ဒီဘဝက သေလွန်သွားပြီးတဲ့နောက် ငရဲ (အပါယ်) ဘုံကို ရောက်ရတတ်တယ်၊ ဒါဟာ ပဉ္စမအပြစ်ပဲ။

ဒါယကာတို့ ဒုဿီလပုဂ္ဂိုလ်ရဲ့ သီလ ပျက်စီးခြင်းမှာ ဒီလို အပြစ်ငါးပါး ရှိတယ်။

ဒီနေရာမှာ ဘုန်းကြီးက နဲနဲရှင်းပြပါဦးမယ်၊ "ဒုဿီလပုဂ္ဂိုလ်" ဆိုတာဟာ သီလမရှိတဲ့ ပုဂ္ဂိုလ်ပါပဲ၊ အဲဒီ သီလမရှိတာဟာ—

"၁။ သီလကိုမဆောက်တည်လို့ သီလမရှိတာ၊

၂။ ဆောက်တည်ထားတဲ့ သီလပျက်လို့ သီလမရှိတာ၊"

ဒီလို ၂-မျိုး ရှိပါတယ်၊ အဲဒီ ၂-မျိုးထဲက ဆောက်တည်ထားတဲ့ သီလပျက်လို့ သီလမရှိတာက ပိုအပြစ်ကြီးတယ်၊ သီလမဆောက်တည်လို့ သီလမရှိတာက အဲဒီလောက် အပြစ်မကြီးပါဘူး။

ဒီသုတ်ဟာ လူတွေအတွက် ဟောထားတဲ့ သုတ်ဖြစ်ပါတယ်၊ ဒါပေမဲ့ ရဟန်းတွေနဲ့လဲ ဆိုင်တာပါပဲ။

ပြီးတော့ "မေ့လျော့တယ်"ဆိုတာက လူတဦးတယောက်ဟာ လယ်ယာလုပ်ကိုင်မှုနဲ့ပဲဖြစ်ဖြစ်, အရောင်းအဝယ်နဲ့ပဲ ဖြစ်ဖြစ်,နွားမွေး နွားကျောင်းမှုနဲ့ပဲ ဖြစ်ဖြစ် အသက်မွေးဝမ်းကျောင်း အတတ်တခုခုနဲ့ အသက်မွေးရပါတယ်၊ ဒီတော့ ပါဏာတိပါတစတဲ့ လုပ်ငန်းတွေနဲ့ စပ်လျဉ်းပြီး ပါဏာတိပါတစတဲ့ လုပ်ငန်းတွေကို စိတ်ပါဝင်စားပြီး မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေမိတော့ အချိန်အခါအလိုက် လုပ်ရမဲ့ ကိုယ့်အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို မပြည့်စုံစေနိုင်တော့ဘူးပေါ့၊ ဒါနဲ့ သူ့ရဲ့လုပ်ငန်းတွေဟာ လစ်ဟင်းပျက်စီးတတ်ပါတယ်။

ပြီးတော့ "ဒီနေ့ဒီရက်မှာ သားငါးတွေကို မသတ်ဖြတ်ရ" ဒီလို အမိန့်ထုတ်ထားတဲ့ အချိန်အခါမျိုးမှာ ပါဏာတိပါတ စတဲ့ လုပ်ငန်းတွေကို လုပ်မိတော့ ဒဏ်တပ်ခံရတတ်ပါတယ်၊ "ဒီတောမှာ သားကောင်တွေကို မပစ်ခတ်မသတ်ဖြတ်ရ"လို့ တားမြစ်ပိတ်ပင်ထားတဲ့ ကြိုးဝိုင်းသစ်တောထဲမှာ သားကောင်တွေကို သတ်ဖြတ်မိယင်လဲ အလားတူပဲ ဒဏ်တပ်ခံရတတ်ပါတယ်၊ ဒါနဲ့ ပစ္စည်းဥစ္စာအများအပြား ပျက်စီးဆုံးရှုံးတတ်ပါတယ်။ (သူ့ဥစ္စာကို ခိုးယူတာတွေ, သူ့မယား သမီးပျိုတွေကို ဖျက်ဆီးတာတွေ စသည်နဲ့ ပတ်သက်လို့ ဥစ္စာပစ္စည်း ဆုံးရှုံးနိုင်တဲ့ အကြောင်းကိုလဲပဲ ကိုယ်ပိုင်ဉာဏ်နဲ့ပဲ စဉ်းစားကြည့်စေလိုပါတယ်။)

သီလမရှိတဲ့ ရဟန်းဟာလဲပဲ မေ့လျော့တဲ့အတွက် သီလလဲဆုံးရှုံးရပါတယ်၊ ပရိယတ်ကလဲ ဆုံးရှုံးရပါတယ်၊ စျာန်ကလဲ ဆုံးရှုံးရပါတယ်၊ အရိယာတို့ရဲ့ ဥစ္စာ ၇-ပါးကလဲ ဆုံးရှုံးရပါတယ်။

"မကောင်းသတင်းထွက်တယ်"ဆိုတာကတော့ ဘယ်အမျိုးအနွယ်က မွေး ဖွားလာတဲ့ ဘယ်သူဟာဖြင့် သီလလဲမရှိဖူး၊ ကိုယ်ကျင့်တရားလဲ မကောင်းဖူး၊ ဒီဘဝ နောက်ဘဝ နှစ်ခုလုံးကို မျက်ကွယ်ပြုနေတာပဲ (မျက်နှာလွှဲနေတာပဲ၊) စာရေးတံဆွမ်းလေးတောင်မှ မပေးလှူဖူး၊ (ဆွမ်းလေးတောင်မှ လောင်း ဖော် မရဖူး၊) ဒီလို သီလမရှိတဲ့သူရဲ့ မကောင်းသတင်းဟာ ပရိသတ်အလယ် မှာ ထွက်ပေါ်လာတတ်ပါတယ်။

ဘယ်မထေရ်ဟာဖြင့် ဘုရားသာသနာမှာ ရဟန်းပြုပြီး သီလတွေကိုလဲ မစောင့်နိုင်ဖူး၊ ပရိယတ်တွေကိုလဲ မသင်ယူနိုင်ဖူး၊ ဆေးဝါးကုသမှုစတဲ့ အလုပ်တွေနဲ့ အသက်မွေးနေတယ်၊ အဂါရဝ ၆-ပါးနဲ့ ပြည့်စုံတယ်၊ ဒီလိုပဲ ရဟန်းပုဂ္ဂိုလ်ရဲ့ မကောင်းသတင်းဟာလဲပဲ ထွက်လာတတ်ပါတယ်။

"ကြောက်ရွံ့လာတတ်တယ်"ဆိုတာကတော့ သီလမရှိတဲ့လူဟာ လူအများ စုဝေးနေတဲ့ နေရာကို ရောက်သွားတော့ "ဒီလူတွေထဲက တဦးဦးဟာဖြင့် ငါ့ရဲ့လုပ်ငန်းကို အမှန်အတိုင်းသိလိမ့်မယ်၊ ဒီတော့ ငါဟာ အကဲ့ရဲ့ခံရလိမ့်မယ်၊ ဒါမှမဟုတ်ယင် အစိုးရဆီမှာသော်လဲပဲ အတိုင်ခံရလိမ့်မယ်" ဒီလို ကြောက် ကြောက် လန့်လန့်ဖြစ်လာတတ်ပါတယ်၊ ကိုယ့်ကိုကိုယ်မလုံပဲ ဖြစ်လာတတ် ပါတယ်၊ မကြည်မလင် မရွှင်မပျနဲ့ ခေါင်းအောက်စိုက်ပြီး မျက်နှာ မဖော် ရပဲ ထိုင်နေရတတ်ပါတယ်၊ ပရိသတ်အလယ်မှာ ရဲရဲတင်းတင်းလဲ မပြောဝံ့ တော့ပါဖူး။

သီလမရှိတဲ့ရဟန်းလဲပဲ ရဟန်းသံဃာအများအပြား စည်းဝေးနေတဲ့နေရာ မှာ"တဦးဦးက ငါ့အလုပ်ကို အမှန်အတိုင်းသိလိမ့်မယ်၊ ဒီတော့ ငါ့အတွက် ဥပုသ်ပဝါရဏာကို တံ့ထားပြီး ငါ့ကို ရဟန်းဘဝက ရွေ့လျောစေပြီး ဆွဲ ထုတ်ကြလိမ့်မယ်" ဒီလို ကြောက်ကြောက်ရွံ့ရွံ့ သွားလာဝင်ထွက်ရတတ် ပါတယ်၊ ရဲရဲတင်းတင်း မပြောနိုင်တော့ပါဖူး။

ဒါပေမဲ့ တချို့ကတော့ သီလမရှိပေမဲ့ သီလရှိသယောင် ဟန်ဆောင်ပြီး လှည့်လည်နေတတ်ပါတယ်၊ အဲဒီပုဂ္ဂိုလ်မျိုးလဲပဲ သူ့ရဲ့အတွင်းစိတ်ခံတတ်အနေနဲ့ တော့ မျက်နှာ မလှသူပါပဲ။

"တွေ့တွေ့ဝေဝေသေရတယ်"ဆိုတာက သီလမရှိတဲ့သူမှာ သေခါနီးကျ တော့ သီလမရှိတဲ့အလုပ်တွေ့ နောက်ဖြစ်ရမဲ့ဌာနတွေ ထင်လာတတ်ပါတယ်၊ သေခါနီးကျတော့ သီလမရှိတဲ့လူဟာ မျက်လုံးကို ဖွင့်ကြည့်လိုက်ယင် ဗီဘဝကို တွေ့နေရပါတယ်၊ မျက်စိမှိတ်ထားတော့ နောက်ရောက်ရမဲ့ဘဝကို တွေ့နေရ ပါတယ်၊ အပါယ်လေးပါးဟာ မိမိလုပ်ထားတဲ့ ကံအားလျော်စွာ ထင်လာရ ပါတယ်၊လူ့တရာလောကနဲ့ အထိုးအဆွခံနေရသလို မီးလျှံတွေနဲ့ ထိထိခိုက်ခိုက် အရှို့ခံရသလို ဖြစ်နေပါတော့တယ်၊ "အလိုလေး မောင်းကြပါဦး၊ ခြောက် ကြပါဦး"နဲ့ ယောင်ယမ်းမြည်တမ်းယင်းနဲ့ပဲ စုတေရပါတော့တယ်။ (လိုက်ဆို)

သီလပျက်သူ-မေ့လျော့များလို့၊ ဥစ္စာစီးပွား-ဆုံးရှုံးတယ်၊
ဆွေဂုဏ်မျိုးဂုဏ်-ပျက်ယိုယွင်းအောင်၊ မကောင်းသတင်းထွက်တတ်တယ်၊
လူထဲရောက်လာ-ကြောက်ရွံ့စိုးလို့၊ မျက်နှာညှိုးငယ်-လာတတ်တယ်၊
တွေ့တွေ့ဝေဝေ-သေဆုံးသွားတော့၊ အပါယ်လေးပါး-ရောက်ရမယ်။
ကြောက်ဖွယ်၊ ကြောက်ဖွယ်။
ကိုင်းပြီးတော့ ဘုရားဟော စကားတော်ကို ဆက်လိုက်ကြဦးစို့ရဲ၊

ဒါယကာတို့ သီလဝန္တ ပုဂ္ဂိုလ်ရဲ့ သီလပြည့်စုံခြင်းမှာ အကျိုးငါးပါးရှိ တယ်၊

၁။ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တ ပုဂ္ဂိုလ်ဟာ မမေ့မလျော့တဲ့အတွက်များတဲ့ စည်းစိမ်အစုကို ရနိုင်တယ်၊ ဒါဟာ ပထမအကျိုးပဲ။

၂။ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တပုဂ္ဂိုလ်ရဲ့ ကောင်းသတင်းဟာ အနှံ့အပြား ထွက်ပေါ်လာတတ်ပါတယ်၊ ဒါဟာ ဒုတိယအကျိုးပါပဲ။

၃။ သီလနဲ့ ပြည့်စုံတဲ့ သီလဝန္တပုဂ္ဂိုလ်ဟာ ဘယ်လို လူစုလူဝေးကိုမဆို မကြောက်မရွံ့ မျက်နှာညှိုးငယ်မှုမရှိပဲ သွားလာဝင်ထွက်နိုင်တယ်၊ ဒါ ဟာ တတိယ အကျိုးပဲ။

၄။ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တပုဂ္ဂိုလ်ဟာ မတွေ့မဝေ သေရတတ်ပါတယ်၊ ဒါဟာ စတုတ္ထအကျိုးပဲ။

၅။ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တပုဂ္ဂိုလ်ဟာ ဇီဝိတက သေလွန်သွားပြီးတဲ့နောက် လူ့ဘဝ, နတ်ဘဝကို ရောက်ရတတ်ပါတယ်၊ ဒါဟာ ပဉ္စမအကျိုးပဲ၊ ဒါယကာတို့ သီလဝန္တပုဂ္ဂိုလ်ရဲ့ သီလနဲ့ပြည့်စုံခြင်းမှာ ဒီလိုအကျိုးငါးပါးရှိတယ်။

လိုက်ဆို—

သီလရှိသူ-မေ့လျော့ကင်းလို့၊ စည်းစိမ်ပြည့်တင်း-ဥစ္စာကြွယ်၊

ဆွေဂုဏ် မျိုးဂုဏ်- လွန်တိုးပွားအောင်၊ ကောင်းသတင်းများ ထွက်တတ်တယ်၊

လူထဲရောက်လာ-မကြောက်ရပဲ၊ မျက်နှာရွှင်ပျ-တန်းခိုကြွယ်၊

မတွေမဝေ-သေဆုံးရလို့၊ လူနတ်ဘဝ-ရောက်ရတယ်။

ရောက်မယ်၊ ရောက်မယ်၊ (တို့ရောက်မယ်။)

မြတ်စွာဘုရားဟာ ပါဋလိရွာသား ဥပါသကာတွေကို ဒီတရားကိုလဲ ဟောကြား ပါတယ်၊ ပါဠိတော်ကလွတ်နေတဲ့ အခြားတရား (မကိဏ္ဏကဒေသနာ)ကိုလဲ ဟောကြားပါတယ်၊ တည်းခိုရိပ်သာ အနုမောဒနာတရားကိုလဲ ဟောကြားတော်မူပါတယ်။

မြတ်စွာဘုရား ကြွရောက်လာတဲ့အချိန်မှာ အဇာတသတ်မင်းက အခြားမြို့ရွာတွေမှာ နေထိုင်ကြတဲ့ သီလအကျင့်နဲ့ပြည့်စုံတဲ့ ဥစ္စာရှင်(ဓနရှင်)တွေကိုခေါ်ယူမှု, သူတို့အား ဥစ္စာစပါး အိမ်ရာ လယ်ယာ စသည်တို့ကို ပေးကမ်းမှု, အစောင့်အရှောက်ပေးမှုတွေကို ပြုလုပ်စေပြီး ပါဋလိရွာမှာ ပါဋလိပုတ္တဆိုတဲ့မြို့ကို တည်တောင်ခိုင်းထားပါတယ်။

ဒါနဲ့ပဲ ပါဋလိရွာသား ဥပါသကာတွေဟာ သီလရဲ့အကျိုးကို မျက်မြင်ကိုယ်တွေ့လို ဖြစ်နေကြတဲ့အတွက် သီလကို အထူးအလေးဂရုပြု နေကြပါတယ်၊ ပြီးတော့ "သီလ"ဆိုတာဟာ ရှိရှိသမျှဂုဏ်တွေရဲ့ တည်ရာဖြစ် (တယ်လို့သိနားလည်နေကြ)တဲ့ အတွက်ကြောင့်လဲပဲ သီလကို အထူးအလေး ဂရုပြုနေကြပါတယ်။

ဒါနဲ့ မြတ်စွာဘုရားက ပါဌလိရွာသား ဥပါသကာတွေအား သီလ တရားကို စတင်ဟောကြားတော်မူပါတယ်၊ သီလတရားကို ဟောတော်မူ ပြီးတဲ့နောက်မှာ ရေတံခွန်ကြီးကို စီးဆင်းစေသလို, မြေဆီဩဇာကို ဆွဲထုတ် ယူငင်ပေးလိုက်သလို, (အသီးမှည့်နေတဲ့) သပြေပင်ကြီးကို ထိပ်ဖျားက ကိုင်ပြီးလှုပ်ပေးလိုက်သလို, တယူဇနာလောက်ရှိတဲ့ ပျားလပို့ကို စက်ယန္တရားနဲ့ ညှစ်ပြီး ပျားရည်ကို တိုက်ကျွေးသလို ပါဋ္ဌလိရွာသား ဥပါသကာတွေရဲ့ စီးပွား ချမ်းသာကို ရွက်ဆောင်နိုင်တဲ့ ပကိဏ္ဏက ဒေသနာတော်ကို ဟောတော်မူ ပါတယ်၊ အဲဒီ ပကိဏ္ဏကဒေသနာတော်ကို ဟောတော်မူယင်း—

"ဒါယကာတို့ ဒီကျောင်း (တည်းခိုရိပ်သာ) အလှူ ဆိုတာဟာ ကြီးကျယ်တဲ့ ကုသိုလ်ကောင်းမှုမျိုးဖြစ်တယ်၊ ဒါယကာတို့ရဲ့ကျောင်း (တည်းခိုရိပ်သာ)ကို ငါဘုရားကိုယ်တိုင် နေထိုင်သုံးဆောင်ပြီးပါပြီ၊ ရဟန်းသံဃာတွေလဲ သုံးစွဲပြီးပါပြီ၊ ငါဘုရားနဲ့ ရဟန်းသံဃာတွေက သုံးစွဲပြီးလို့ရှိယင် တရားရတနာကလဲ သုံးစွဲပြီးဖြစ်တာပါပဲ၊ ဒီလို ရတနာသုံးပါးက သုံးစွဲလို့ရှိယင် မနှိုင်းယှဉ် မရေတွက် နိုင်လောက် အောင် များပြားတဲ့ အကျိုးကို ရနိုင်ပါတယ်။

"ပြီးတော့ (နောက်ဘမျိုးပြောရမယ်ဆိုယင်)ဒီကျောင်း(တည်းခို ရိပ်သာ)ကို လှူလိုက်လို့ရှိယင် ဒါနအကုန်လုံးကို ပေးလှူပြီးဖြစ်ပါတယ်၊ သံဃာတော်ကို ရည်ညွှန်းပြီး ပြုလုပ်တဲ့ မြေအခင်း သစ်ရွက်မိုး ကျောင်းကလေးရဲ့ အကျိုး, သစ်ခက်မိုး မဏ္ဍပ်ကလေးရဲ့ အကျိုးကို တောင်မှ ပိုင်းခြားရေတွက်လို့ မကုန်နိုင်ပါဖူး။

"ကျောင်း လှူဒါန်းခြင်းရဲ့အကျိုးဟာ ဘယ်လောက်ကြီးမားသလဲ ဆိုတော့ ဘဝမကုန်သေးလို့ ပဋိသန္ဓေနေရတောင်မှ "ကျဉ်းကျဉ်း ကျပ်ကျပ် ပဋိသန္ဓေ နေရမှုမျိုး"ဆိုတာ မဖြစ်နိုင်ပါဖူး၊ အမေ့ဝမ်း တိုက် (အမေ့သားအိမ်)ဟာ ကျောင်းအဆောက်အဦ လှူဖူးတဲ့ ပုဂ္ဂိုလ် အတွက် (၁၂-တောင်ရှိတဲ့တိုက်ခန်းလို) ကျဉ်းမြောင်းကျပ်တဲ့မှု မရှိပဲ ချောင်ချောင်ချိချိ ဖြစ်နေရပါတယ်"

ဒီလို နည်းအမျိုးမျိုးနဲ့ဆန်းကြယ်တဲ့ တရားအများအပြားကို ဟောတော်မူပါတယ်၊ အဲဒီလို တရားဟောတော်မူယင်း ညဉ့်နှစ်ယာမ်ကုန်ဆုံးသွားပါတယ်၊ ယခုကာလ စက်နာရီနဲ့တွက်ကြည့်မယ်ဆိုယင် ၂-နာရီ အချိန်လောက် ရောက်လာပါလိမ့်မယ်၊ ဒီတော့မှ မြတ်စွာဘုရားက ဥပါသကာတွေကိုပြန်လွှတ်တော်မူပါတယ်၊ ပါဋ္ဌလိရွာသား ဥပါသကာတွေကလဲ ဝမ်းမြောက် ဝမ်းသာ မြတ်စွာဘုရားကို ရှိခိုးအရိုအသေပြုပြီး ပြန်သွားကြပါတယ်။

ပါဋ္ဌလိရွာသား ဥပါသကာတွေ ပြန်သွားတယ်ဆိုယင်ပဲ မြတ်စွာဘုရားကလဲ ဆိတ်ငြိမ်ရာသို့ ဝင်တော်မူတယ်၊ အဲဒီ တည်းခိုရိပ်သာမှာ သီးခြားဆိတ်ငြိမ်ရာရယ်လို့တော့ မရှိပါဘူး—

"ဘုရားရှင်ဟာ တရားဟောရာကထတဲ့အခါ အနည်းငယ် အပန်းဖြေနားနေတော်မူလိုခဲ့ပါယင် ဒီနေရာမှာ ကျိန်းစက်တန်ရာရဲ့၊ အဲဒီလို ကျိန်းစက် ခဲ့ပါယင် တို့ရဲ့ ဒီတည်းခိုရိပ်သာဟာ မြတ်ဘုရားက ဣရိယာပုထ် ၄-ပါးလုံးနဲ့ သုံးစွဲပြီးဖြစ်လိမ့်မယ်၊ ဒီတော့ တို့မှာလဲပဲ ကြာရှည်လေးမြင့် စီးပွားချမ်းသာ ဖြစ်လာလိမ့်မယ်"

ဒီလိုရည်ရွယ်ချက်မျိုးနဲ့ ပါလိဋ္ဌရွာသား ဥပါသကာတွေက တည်းခိုရိပ်သာရဲ့ ဘေးတဘက်မှာ အဝတ်ကန့်လန့်ကာနဲ့ ကာရံ ထားကြပါတယ်၊ အပ်စပ်တဲ့ ခုတင်တလုံးကိုလဲ ချထားကြပါတယ်၊ အဲဒီ ခုတင်ပေါ်မှာလဲပဲ အပ်စပ်တဲ့ အိမ်ရာခင်းတွေ ခင်းထားကြပါတယ်၊ အိပ်ရာရဲ့ အပေါ်မှာ ရွှေကြယ်ပွင့်, ငွေကြယ်ပွင့်, နံ့သာ, ပန်းစတဲ့ဟာတွေနဲ့ တန်ဆာဆင်ထားတဲ့ မျက်နှာကြက်ကို ကြက်ထားကြပါတယ်၊ ဆီမီးလဲ ထွန်းညှိထားကြပါတယ်။

ဘုရားရှင်လဲ "သူတို့ရည်ရွယ်ချက် ပြည့်ပါစေတော့"ဆိုတဲ့ သဘောနဲ့ အဲဒီ ပြင်ထားတဲ့နေရာမှာ ညာကျိန်းကြီးကို ဖြန့်ခင်းပြီး ကျိန်းစက်မှုကို ပြုတော်မူပါတယ်၊ ဒါကိုပဲ "ဆိတ်ငြိမ်ရာသို့ ဝင်တော်မူတယ်"လို့ ဆိုရပါတယ်။

ဘုရားရှင်က ဒီ တည်းခိုရိပ်သာကို ဣရိယာပုထ် ၄-ပါးနဲ့ သုံးစွဲပုံကို နဲနဲဆက်ပြောပါဦးမယ်၊ တည်းခိုရိပ်သာမှာ ခြေဆေးတဲ့ နေရာကစပြီး တရားဟောမဲ့ နေရာရောက်အောင် ကြွသွားတော်မူပါတယ်၊ ဒါဟာ သွားခြင်း ဣရိယာပုထ်နဲ့ သုံးစွဲတာပဲ၊ တရားဟောမဲ့နေရာရောက်တော့ ခဏလေး ရပ်နေ

ရပါတယ်၊ ဒါဟာ ရပ်ခြင်းဣရိယာပုထ်နဲ့ သုံးစွဲတာပဲ၊ ဘုရားရှင်က ညဥ့် ၂-ယာမ်ပတ်လုံး တရားဟောယင်း ထိုင်နေပါတယ်၊ ဒါဟာ ထိုင်ခြင်း ဣရိယာပုထ်နဲ့ သုံးစွဲတာပဲ၊ ဥပါသကာတွေကို လွှတ်လိုက်ပြီးတဲ့နောက် တရားဟော ပလ္လင်ကဆင်းပြီး ပြင်ဆင်ထားတဲ့နေရာမှာ ကျိန်းစက်တော်မူပါတယ်၊ ဒါဟာ အိပ်ခြင်းဣရိယာပုထ်နဲ့ သုံးစွဲတာပဲ၊ ဒီလို သူတို့ရဲ့ တည်းခိုးရိပ်သာဟာ ဘုရားရှင်က ဣရိယာပုထ် ၄ ပါးနဲ့ သုံးစွဲပြီး ဖြစ်ပါတော့တယ်။

အဲဒီအချိန်မှာ မဂဓ အမတ်ကြီးများဖြစ်ကြတဲ့ "သုနိဓ, ဝဿကာရ" ဆိုတဲ့ ပုဏ္ဏား ၂-ယောက်ဟာ ဝဇ္ဇီမင်းတွေကို တားမြစ်ပိတ်ပင်ဖို့ ပါဋလိရွာမှာ မြို့တည်ထောင်နေကြပါတယ်။

အဲဒီလို မြို့တည်တဲ့ အခါမှာ နတ်အများအပြားဟာလဲပဲ တထောင်စီ တထောင်စီ အုပ်စုဖွဲ့ပြီး ပါဋလိရွာမှာ အိမ်ရာတွေကို သိမ်းပိုက်နေကြပါတယ်။

တန်ခိုးကြီးနတ်တွေက အိမ်ရာသိမ်းပိုက်ထားတဲ့ ရပ်ကွက်မှာ တန်ခိုးကြီးတဲ့ မင်းတွေ အမတ်တွေရဲ့ နေရာအိမ် ဆောက်လုပ်ဖို့ စိတ်ရောက်ကြပါတယ်။

တန်ခိုးအလတ်စားနတ်တွေက အိမ်ရာသိမ်းပိုက်ထားတဲ့ ရပ်ကွက်မှာ တန်ခိုးအလတ်စား မင်းတွေ အမတ်တွေရဲ့ နေရာအိမ် ဆောက်လုပ်ဖို့ စိတ်ရောက်ကြပါတယ်။

တန်ခိုးနဲတဲ့ နတ်တွေ အိမ်ရာသိမ်းပိုက်ထားတဲ့ ရပ်ကွက်မှာ တန်ခိုးနဲတဲ့ မင်းတွေ အမတ်တွေရဲ့ နေရာအိမ် ဆောက်လုပ်ဖို့ စိတ်ရောက်ကြပါတယ်။

"မြို့တည်ဖို့ အိမ်ရာမြေတွေကို အကွက်ရိုက်တဲ့ ပုဂ္ဂိုလ်တွေရဲ့ကိုယ်မှာ နတ်တွေကဝင်ပူးပြီး အဲဒီနေရာတွေမှာ အိမ်ဆောက်လုပ်ဖို့ စိတ်ရောက်အောင် လုပ်ကြတယ်၊ ထောင့်လေးထောင့်မှာ ပန္နက်တွေရိုက်ပြီး အိမ်ရာမြေကို သတ်မှတ်ပြီးတာနဲ့ တပြိုင်နက် အဲဒီ ဝင်ပူးနေတဲ့နတ်တွေက ထွက်သွားကြတယ်" ဒီလို အဋ္ဌကထာမှာ ဆိုထားပါတယ်။

သဒ္ဓါတရားရှိတဲ့ အိမ်ထောင်စုတွေအတွက် သဒ္ဓါတရားရှိတဲ့ နတ်တွေက အဲဒီလိုလုပ်ကြတယ်၊ သဒ္ဓါတရားမရှိတဲ့ အိမ်ထောင်စုတွေအတွက် သဒ္ဓါတရား မရှိတဲ့ နတ်တွေက အဲဒီလိုလုပ်ကြပါတယ်။

ဘာ့ကြောင့် ဒီလိုလုပ်ရသလဲဆိုတော့—

"ဒီနေရာမှာ လူတွေက အိမ်ဆောက်လုပ်လို့ရှိယင် လက်ဦးဆုံး ရဟန်းတော်တွေကို နေစေပြီး မင်္ဂလာတရား ဟောကြားစေလိမ့်မယ်၊ အဲဒီအချိန်မှာ ငါတို့လဲပဲ သီလရှိတဲ့ရဟန်းတော်တွေကို ဖူးမြင်ခွင့်, တရားစကားနာကြားခွင့်, ပြဿနာ ဖြေဆိုတာကို နာကြားခွင့်, အနုမောဒနာတရား နာကြားခွင့် ရကြလိမ့်မယ်၊ လူတွေက အလှူဒါန ပြုလုပ်ပြီးတဲ့အခါ ငါတို့ကို အမျှအတန်း ပေးဝေကြလိမ့်မယ်"

ဒီလိုရည်ရွယ်ချက်မျိုး သဒ္ဓါတရားရှိတဲ့ နတ်တွေမှာ ရှိတတ်ကြပါတယ်။

သဒ္ဓါတရားမရှိတဲ့ နတ်တွေမှာလဲပဲ "မိမိတို့ရဲ့ အလိုနဲ့ ဟပ်မိတဲ့ (မိမိတို့ သဘောကျဖြစ်တဲ့) လူတွေရဲ့ အကျင့်ကို တွေ့မြင်ခွင့်, စကားကို နားထောင်ခွင့် ရလိမ့်မယ်"ဆိုတဲ့ ရည်ရွယ်ချက်မျိုး ရှိတတ်ကြပါတယ်၊ ဒါကြောင့် ဒီလို လုပ်ကြရပါတယ်တဲ့။

ဒါတွေအကုန်လုံးကို မြတ်စွာဘုရားက ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ မြင်တော်မူပါတယ်၊ ညဉ့်မိုးသောက်ယာမ် ကျိန်းစက်တော် မူရာက ထတဲ့အခါ ဒီအကြောင်းတွေကို အရှင်အာနန္ဒာအား မိန့်ကြားတော်မူပါတယ်။ ပြီးတော့-

"အာနန္ဒာ အာရိယာန်လူမျိုးတွေ စုဝေးနေထိုင်ကြတဲ့ ကူးသန်းရောင်းဝယ်ရာ မြို့တွေထဲမှာဖြင့် ဒီမြို့သစ်ဟာ အချက်အချာကျတဲ့ မြို့တမြို့ဖြစ်လာပါလိမ့်မယ်၊ ကုန်မစ္စည်းတွေကို ဖြန့်ဝေရာဌာန ဖြစ်လာလိမ့်မယ်၊ ဒီ ပါဋလိပုတ်မြို့မှာ 'မီးဘေး, ရေဘေး, အချင်းချင်းစိတ်ဝမ်းကွဲပြားမှုဘေး'ဆိုတဲ့ ဘေး ၃-မျိုး ဖြစ်လာလိမ့်မယ်"

ဒီလိုလဲ ဆက်လက်မိန့်ကြားတော်မူပါတယ်။

အဲဒီအချိန်မှာ သုနိဓ, ဝဿကာရပုဏ္ဏားတွေက မြတ်စွာဘုရားဆီ လာပြီး ဆွမ်းစားပင့်ကြပါတယ်၊ မြတ်စွာဘုရားက လက်ခံကြောင်း သိရတဲ့အခါ မိမိတို့ တည်းခိုဆောင်ကို ပြန်လာကြပါတယ်၊ ကောင်းမွန်များပြားတဲ့ ခဲဖွယ် ဘောဇဉ်တွေကို စီမံခိုင်းကြပါတယ်၊ အကုန်လုံး ပြင်ဆင်ပြီးတဲ့ အခါ မြတ်စွာဘုရားဆီသွားပြီး လျှောက်ထားကြပါတယ်။

မြတ်စွာဘုရားက သံဃာတော်များနဲ့အတူ သုနိဓ, ဝဿကာရ ပုဏ္ဏားတွေရဲ့ တည်းခိုဆောင်ကိုကြွလာပြီး ဆွမ်းဘုဉ်းပေးတော်မူပါတယ်၊ သုနိဓ ဝဿကာရ ပုဏ္ဏားတွေကလဲ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ကိုယ်တိုင် လုပ်ကျွေးကြပါတယ်။

ဘုရားရှင် ဆွမ်းဘုဉ်းပေးပြီးတဲ့အချိန်မှာ သုနိဓ, ဝဿကာရတို့က နိမ့်တဲ့နေရာက တယောက်တခုယူပြီး သင့်တော်ရာက ထိုင်နေကြပါတယ်၊ မြတ်စွာဘုရားက သူတို့အား အနုမောဒနာတရား (အိမ်တက်မင်္ဂလာတရား)ဟောကြားတော်မူပါတယ်။

"(ဒါယကာတို့) ပညာရှိပုဂ္ဂိုလ်ဟာ မိမိအိမ်ရာ ဆောက်လုပ်နေထိုင်တဲ့ အရပ်မှာ သီလလဲရှိကြတဲ့ ကိုယ်နှုတ်နှလုံးကိုလဲ စောင့်သုံးကြတဲ့ မြတ်သောအကျင့်ကိုလဲ ကျင့်ကြတဲ့ ပုဂ္ဂိုလ်တွေကို ပင့်ဖိတ်ပြီး ကျွေးမွေး လှူဒါန်းရမယ်။

"ဒီလို(သံဃာတော်အား ပစ္စည်းလေးပါးကို) ပေးလှူပြီးယင် အဲဒီနေရာမှာ ရှိနေနှင့်ကြတဲ့ နတ် (အိမ်စောင့်နတ်) တွေအား အလှူရဲ့အဖို့ကို အမျှအတန်းပေးဝေရမယ်၊ အဲဒီလို အမျှအတန်း ပေးဝေတာပဲ နတ်တွေကို ပူဇော်ရာရောက်တယ်၊ ဒီတော့ အမျှအတန်းပေးဝေသောအားဖြင့် အပူဇော်ခံရတဲ့ နတ်တွေက အမျှအတန်းပေးဝေပြီး ပူဇော်တဲ့လူတွေကို တုန့်ပြန် ပူဇော်တတ်ကြပါတယ်။

"(တုန့်ပြန်ပူဇော်တယ်" ဆိုတာက "ဒီလိုတွေဟာ တို့ရဲ့ ဆွေမျိုးတော်တာလဲ မဟုတ်ကြဘူး၊ ဒါနဲ့တောင်မှ တို့ကိုအမျှအတန်းပေးဝေကြသေးတယ်" ဒီလိုနှလုံးသွင်းပြီး "အစောင့်အရှောက်ကို ကောင်းကောင်း စီမံပေးတတ်ကြပါတယ်၊ ကောင်းကောင်းစောင့်ရှောက်မှုကို ပြုတတ်ကြပါတယ်"လို့ ဆိုလိုပါတယ်။)

"မြတ်နိုးခံရတဲ့ နတ်တွေက တုန့်ပြန်ပြီး မြတ်နိုးမှုကို ပြုတတ်ကြပါတယ်၊ (သင့်တော်တဲ့အခါမှာ ပူဇော်မှုကို ပြုတာနဲ့ မြတ်နိုးခံရတဲ့ နတ်တွေက "ဒီလူတွေဟာ တို့ရဲ့ဆွေမျိုးလဲ မဟုတ်ကြပါဘူး၊ ဒါပေမယ့်

လေးလ, ငါးလ, ခြောက်လအတွင်းမှာ ငါတို့အား ပူဇော်ပသမှုကို ပြုလုပ်နေကြတယ်'' ဒီလို မြတ်နိုးလာတတ်ကြပါတယ်၊ ဒီတော့ ဖြစ်ပေါ်လာမဲ့ ဘေးရန်ကို ပယ်ရှားပေးတတ်ကြပါတယ်၊ဒါကိုပဲ''တုန့်ပြန်မြတ်နိုးမှုကို ပြုတတ်ကြပါတယ်''လို့ ဆိုရပါတယ်။)

''ဒါကြောင့် မိခင်က မိမိရဲ့သားကလေးကို စောင့်ရှောက်သလို နတ်တွေက အမျှအတန်းပေးဝေတဲ့ ပညာရှိပုဂ္ဂိုလ်ကို စောင့်ရှောက်ကြပါတယ်၊ နတ်တွေရဲ့ စောင့်ရှောက်မှုကို ခံရတဲ့ပုဂ္ဂိုလ်ဟာ အမြဲတမ်း ကောင်းကျိုး မင်္ဂလာတွေကိုသာ တွေ့မြင်ရပါတော့တယ်''

ဒီအနုမောဒနာတရား(အိမ်တက်မင်္ဂလာတရား)ကို ဟောကြားပြီးတဲ့အချိန်မှာ မြတ်စွာဘုရားက ထွက်ကြွလာခဲ့ပါတယ်။

ဒီသုတ်ကိုပြန်ပြီးစိစစ်ကြည့်မယ်ဆိုယင် အိမ်ဆောက်တော့မယ်''လို့ ပြင်ဆင်နေတုန်းကပဲ ''မိမိတို့နဲ့သင့်တော်တဲ့ အိမ်စောင့်နတ်တွေ နေရာယူပြီးဖြစ်တယ်'' ဆိုတာ တွေ့ရမယ်၊ ဒီတော့ ''အိမ်ဆောက်မယ်လို့'' ပြင်ဆင်တဲ့အချိန်ကစပြီး အိမ်ရာမြေမှာ ပရိတ်ရွတ်မှု, အလှူအတန်းလုပ်ပြီး နတ်တွေကို အမျှပေးဝေမှု, အိမ်သစ် ပြီးလာတဲ့ အခါမှာလဲပဲ သံဃာတော်တွေကိုပင့်ပြီး အဆင်ပြေလို့ရှိယင် တညအိပ်လောက် သီတင်းသုံးနေစေမှု, မိမိတို့စွမ်းအားအလျောက် လှူဒါန်းကျွေးမွေးမှု, မင်္ဂလာတရားနာကြားမှု, နတ်တွေကို အမျှပေးဝေမှု ပြုသင့်ပါတယ်၊ ဒါဟာ ဘုရားအလိုတော်ကျ အိမ်တက်မင်္ဂလာ ပြုလုပ်မှုပါပဲ။

ကိုင်း-ဒီတော့ ဒီပါဠလိဂါမိယသုတ်မှာ လာတဲ့အတိုင်း သရဏဂုံ ငါးပါးသီလတွေကို စောင့်ထိန်းပြီး အလှူဒါနတွေကိုလဲ စွမ်းအားအလျောက် ပေးလှူပြီးသကာလ တဘဝထက်တဘဝ မြင့်သည်ထက် မြင့်ကြပြီး နိဗ္ဗာန်မင်္ဂဖိုလ်ကို မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု...သာဓု....သာဓုပါ ဘုရား။

ဒု မင်္ဂလာ=သပိတ်သွတ်ဆွမ်းကျွေး

နယုန်လပြည့်နေ့မှာလည်း ဆရာတော်ဦးဓမ္မိကသည် မောင်မျိုးသန့်တို့အိမ်မှာပင် ဆွမ်းဘုဉ်းပေးသည်၊ ကိစ္စပြီးသည့်အခါ သံဃာတော်များကိုကျောင်းသို့ပြန်လွှတ်လိုက်သည်၊ မိမိကိုယ်တိုင်မူကား တရားဟောရန် ချန်နေရစ်သည်၊ သံဃာတော်များ ရှင်းသွားသည့်အခါ တရားစတင် ဟောကြားတော်မူသည်။

မောင်မျိုးသန့်ကလျှောက်ထားတဲ့ အစီအစဉ်အတိုင်း ကဆုန်လပြည့်နေ့က အိမ်တက် မင်္ဂလာတရားကို ဟောခဲ့ပြီးပါပြီ၊ ဒီနေ့တော့ "သပိတ်သွတ်ဆွမ်းကျွေး"ဆိုတဲ့ ဒုမင်္ဂလာတရားကို ဟောပါမယ်။

"သတ္တဝါ"ရယ်လို့ ဖြစ်လာတယ်ဆိုယင်ပဲ "တနေ့နေ့မှာ သေကြရမယ်" ဆိုတာဟာ သေချာလှပါတယ်၊ "မသေမပျောက်ပဲ အမြဲတမ်းတည်နေရတဲ့ သတ္တဝါရယ်"လို့တော့ မရှိနိုင်ပါဖူး၊ အဲဒီထဲမှာ "လူ"ဆိုတဲ့ သတ္တဝါမျိုးတွေက ကိုယ့်အသိုင်းအဝိုင်း ကိုယ့်အိမ်ထောင်စုနဲ့ကိုယ် ဖွဲ့စည်းနေထိုင်ကြတဲ့ သတ္တဝါမျိုးဖြစ်ပါတယ်၊ ဒီတော့ ဒီအိမ်ထောင်စုတွေထဲက ဘယ်သူမှမသေပဲ နေကြရမှာမဟုတ်ဖူး၊ တနေ့ကျတော့ အကုန်သေဆုံးကြရမဲ့သူချည်း ဖြစ်ပါတယ်၊ အရင်သေနဲ့နောက်သေ ဒါလောက်ပဲ ခြားနားမှုရှိပါတယ်၊ ဒါ့ကြောင့် "တို့ဟာဖြင့် တနေ့ကျတော့ တဦးကိုတဦး စွန့်ခွာပြီး သေဆုံးသွားကြမဲ့သူချည်းပါလား၊ ငါလဲတနေ့ကျတော့ သေရလေဦးမယ်" ဒီလိုအမြဲဆင်ခြင်နေသင့်ပါတယ်။

ဒါနဲ့"တဦးဦးက သေဆုံးသွားတယ်" ဆိုယင်လဲပဲ ကျန်ရစ်တဲ့လူတွေက သိပ်စိုးရိမ်ပူဆွေး ငိုကြွေးမှုကို မပြုသင့်ဖူး၊ စိုးရိမ်ပူဆွေး ငိုကြွေးတဲ့အတွက် ကိုယ်ပင်ပန်း စိတ်ပင်ပန်းတာပဲ အဖတ်တင်ပါတယ်၊ ကိုယ့်အတွက်လဲအကျိုးမရှိ၊ သေသွားသူအတွက်လဲ အကျိုးမရှိပါဖူး။

ဒီတော့ စိုးရိမ်ပူဆွေး ငိုကြွေးမှုကို နဲနိုင်သလောက်နဲအောင် ထိန်းပြီး အချိန်မီသေးလို့ရှိယင် အသက်ကုန်ဆုံးတဲ့နေ့မှာပဲ ကိစ္စပြီးသင်္ဂြိုဟ်မှုကို ပြုသင့်ပါတယ်၊ အချိန်မမီလို့ရှိယင်တော့ နောက်တရက်မှာ ကိစ္စပြီးသင်္ဂြိုဟ်သင့်ပါတယ်။

"လူတွေရဲ့ကိုယ်ခန္ဓာ"ဆိုတာဟာ နဂိုကတည်းက သိပ်ကောင်းလှတာမဟုတ်ပါဖူး၊ ဟန်မရတဲ့နေရာတွေကို "လူမြင်မခံဝံ့"လို့ ဘယ်လောက် ဖုံးရ ဖိရသလဲ၊

အခြားဟာတွေ အသာထားပါဦး၊ ဘာမဟုတ်တဲ့ ပွေး၊ ညှင်း၊ တင်းတိပ်လေး တွေပေါ်လာတာကိုတောင်မှ လူမသိစေချင် မမြင်စေချင်ကြပါဘူး၊ ဒီတော့ သေသွားပြီးတဲ့နောက် ပုပ်ပွနံစော်အောင် ထားတာကို ကာယကံရှင်တွေ ကိုယ်တိုင်က သဘောကျနိုင်ကြပါ့မလား၊ ဒါစဉ်းစားသင့်ပါတယ်၊ ကိုယ်ချင်းစာသင့်ပါတယ်၊ ဒါကြောင့် "ချက်ချင်းသင်္ဂြိုဟ်ပစ်လိုက်တာဟာ အကောင်းဆုံးပဲ"လို့ ဘုန်းကြီးက ပြောလိုပါတယ်။

ဒီနေရာမှာ ဇာတ်တော်ထဲက ဝတ္ထုကြောင်းတခုကို ထုတ်ပြပါ့မယ်၊ ဒါပေမဲ့ မင်းတို့ သိပ္ပံနည်းသမားတွေက လက်မှခံနိုင်ကြမလားမသိဘူး၊ ဘုန်းကြီးတို့ကတော့ "ဗုဒ္ဓစာပေသမားတွေ"ဆိုတော့ ဒါမျိုးကို ကောင်းကောင်းလက်ခံနိုင်တယ်၊ "သိပ္ပံနည်း" ဆိုတာက ရုပ်လောကအတွက် အသုံးချလို့ ရသင့်သလောက် ရပါလိမ့်မယ်၊ နာမ်လောကအတွက် သိပ္ပံနည်းနဲ့ တိုင်းတာလို့မရတာတွေ သိပ္ပံနည်းက လိုက်မမီတာတွေ အများကြီးရှိနေပါလိမ့်မယ်၊ သက်သေသာဓက ထုတ်ပြစရာတွေလဲ အခုကာလ ဖြစ်ပျက်နေတဲ့ အထဲမှာပဲ အများကြီး ရှိနေပါတယ်။

အသကဇာတ်[၁]။ ။ရှေးတုန်းက ကာသိတိုင်း ပါဋလိမြို့မှာ "အသကမင်း" ဆိုတာ ထီးဖြူအုပ်ချုပ် မင်းလုပ်နေပါတယ်၊ "ဥပရီ"ဆိုတာက သူ့ရဲ့ မိဖုရားကြီးဖြစ်တယ်၊ ရုပ်ရေရူပကာယက အင်မတန် ချောမောလှပတော့ အသကမင်းက အဲဒီမိဖုရားကို အင်မတန် ချစ်ခင်မြတ်နိုးပါတယ်။

တနေ့မှာ အဲဒီမိဖုရား သေဆုံးသွားတော့ အသကမင်းက အင်မတန် ပူဆွေးနေပါတယ်၊ စွန့်မပစ်ရက်ပါဘူး၊ မိဖုရားအလောင်းကို ခေါင်းထဲမှာအထည့်ခိုင်းပါတယ်၊ ဆီနှစ်ကိုလောင်းထည့်စေပြီး ခုတင်အောက်မှာ အထားခိုင်းပါတယ်၊ မစားနိုင် မသောက်နိုင်ပဲ ငိုယိုမြည်တမ်းပြီး ခုတင်ပေါ်မှာ လူးလှိမ့်နေပါတယ်၊ ဘယ်သူက ဘယ်လိုပဲ တရားပြပြ မရပါဘူး၊ ဒီလိုနဲ့ ၇-ရက်လွန်လာခဲ့ပါတယ်။

အဲဒီအချိန်မှာ ဘုန်းကြီးတို့ရဲ့ ဘုရားအလောင်းဟာ ရသေ့ဝတ်ပြီး ဟိမဝန္တာမှာ နေပါတယ်၊ အဘိညာဉ် ၅-ပါး သမာပတ် ၈-ပါးကို ရထားပါ

၁။ ဇာတက ၄၈ ၃-၁၄၂။

တယ်၊ ဒီအကြောင်းကို ဒိဗ္ဗစက္ခုအဘိညာဉ်နဲ့ကြည့်လို့ တွေ့မြင်ထားပါတယ်၊ ဒါနဲ့ "အဿကမင်းကို ဆုံးမရအောင်"လို့ ဟိမဝန္တာက တန်ခိုးနဲ့ ကြွလာခဲ့ပါတယ်၊ မင်းရဲ့ဥယျာဉ် မင်္ဂလာကျောက်ဖျာပေါ်မှာ ထိုင်နေပါတယ်။

အဲဒီခဏမှာပဲ ပုဏ္ဏားအမျိုးသားကလေးတဦးက ဥယျာဉ်ထဲကိုရောက်လာပါတယ်၊ အလောင်းတော်ရသေ့ကို တွေ့ရတော့ အနားကို ချဉ်းကပ်ပြီး အဿကမင်းရဲ့ အကြောင်းကို လျှောက်ထားပါတယ်၊

"အဿကမင်းက ငါ့ကိုလာပြီး မေးမယ်ဆိုယင် ငါက သူ့ကို ဥပရိမိဖုရားရဲ့ ဖြစ်ရာဌာနကိုလဲ ပြောပြမယ်၊ အဿကမင်းရဲ့အနားမှာပဲ အဲဒီဥပရိမိဖုရားကိုလဲ စကားအပြောခိုင်းမယ်"

ဒီလိုပြောလိုက်တဲ့ အလောင်းတော် ရသေ့ရဲ့ စကားကိုကြားရတော့ ပုဏ္ဏားအမျိုးသားကလေးက–

"ဒါဖြင့် ဘုရားတပည့်တော်က အဿကမင်းကို ခေါ်လာပါ့မယ်၊ အဿကမင်းရောက်လာတဲ့အထိ ဒီနေရာမှာပဲ ခဏသည်းခံစောင့်ဆိုင်းတော်မူပါ"

ဒီလို အလောင်းတော်ရသေ့ကို မှာထားခဲ့ပြီး အဿကမင်းကို သွားပြောပါတယ်၊ အဿကမင်းလဲ ရထားစီး လိုက်ပါလာပါတယ်၊ ဥယျာဉ်ထဲကို ရောက်တော့ အလောင်းတော်ရသေ့ကို မေးမြန်းလျှောက်ထား ပါတယ်။

"အရှင်ဘုရားက ဥပရိမိဖုရားရဲ့ ဖြစ်ရာဌာနကို သိတယ်ဆိုတာ ဟုတ်ပါသလား ဘုရား"

"အေးဟုတ်တယ်၊ ဒကာတော် မင်းမြတ်"

"ဘယ်မှာ ဖြစ်နေပါသလဲ ဘုရား"

"မဟာရာဇာ ဥပရိမိဖုရားဟာ ကိုယ့်ကိုယ်ကို အလှပြင်တာနဲ့ပဲ အချိန်ကုန်လွန်စေခဲ့တယ်၊ ကုသိုလ်ကောင်းမှု မပြုလုပ်ခဲ့ဖူး၊ ဒါနဲ့ ဒီဥယျာဉ်ထဲမှာပဲ နွားချေးပိုးမ ဖြစ်နေရတယ်"

"တပည့်တော် မယုံနိုင်ပါဖူး ဘုရား"

"ဒါဖြင့် ဒကာတော် မင်းမြတ်အား ခေါ်ပြပြီး စကား အပြောခိုင်းပါ့မယ်"

"ကောင်းပါတယ်ဘုရား၊ အပြောခိုင်းတော်မူပါ"

အဿကမင်းရဲ့ စကားအဆုံးမှာပဲ အလောင်းတော်ရသေ့က မိမိရဲ့တန်ခိုးနဲ့ "(နွားချေးပိုးဇနီးမောင်နှံ) နှစ်ကောင်လုံးပဲ နွားချေးခဲကို ဖောက်ထွက်ပြီး အဿကမင်းရဲ့ ရှေ့ကို လာကြရမယ်"လို့ နွားချေးပိုး ၂-ကောင်လာအောင် လုပ်လိုက်ပါတယ်၊ နွားချေးပိုးတွေ အနားကို ရောက်လာတော့ အဿကမင်းကို ပြောဆိုညွှန်ပြပါတယ်။

"မဟာရာဇာ ဒါဟာ သင်ရဲ့ဥပရိမိဖုရားပါပဲ၊သင့်ကို စွန့်ထားခဲ့ပြီး နွားချေးပိုးရဲ့နောက်က တကောက်ကောက်လိုက်ပါနေတယ်၊ သူ့ကို တွေ့တယ် မဟုတ်လား"

"အရှင်ဘုရား 'ဥပရိလို မိန်းမတဦးက နွားချေးပိုးမ ဖြစ်နေရတယ်'ဆိုတာကိုဖြင့် တပည့်တော် ယုံကို မယုံနိုင်ပါဖူး"

"မဟာရာဇာ သူ့ကို စကားအပြောခိုင်းရမလား"

"ခိုင်းတော်မူပါ ဘုရား"

အလောင်းတော်ရသေ့က မိမိရဲ့တန်ခိုးဖြင့် စကား အပြောခိုင်းပါတယ်၊ နွားချေးပိုးမကလဲ လူ့ဘာသာစကားနဲ့ပဲ ပြန်ပြောပါတယ်။

"ဟေ့ ဥပရိ"

"ဘာ ပါလဲဘုရား"

"နင်ဟာ အတိတ်ဘဝတုန်းက ဘယ်သူများဖြစ်ခဲ့သလဲ"

"အရှင်ဘုရား တပည့်တော်ဟာ အဿကမင်းရဲ့ မိဖုရားကြီး 'ဥပရိ' ဆိုတာ ဖြစ်ခဲ့ပါတယ်"

"သင်ဟာ အခု အဿကမင်းကို ချစ်သလား၊ ဒါမှမဟုတ်ယင် ဒီနွားချေးပိုးကို ချစ်သလား"

"အရှင်ဘုရား ဒီ'အဿကမင်း'ဆိုတာဟာ တပည့်တော်ရဲ့ ရှေး ဘဝက လင်ပါပဲ၊ အဲဒီတုန်းက တပည့်တော်ဟာ သူနဲ့အတူ ဒီဥယျာဉ် ထဲမှာပဲ ကာမဂုဏ်ငါးပါးကို ခံစားပြီး လှည့်လည်ခဲ့ဖူးပါတယ်၊ အခု

တော့ ဘဝခြားသွားတဲ့ အချိန်ကစပြီး ဒီအဿကမင်းဟာ တပည့်တော်အတွက် ဘာအသုံးကျတော့မလဲ၊ အခု တပည့်တော်ဟာ အဿကမင်းကိုသတ်ပြီး သူ့လည်ချောင်းသွေးနဲ့ တပည့်တော်ရဲ့လင်တော်မောင် နွားချေးပိုးရဲ့ ခြေတွေကို သုတ်လိမ်းလိုပါတော့တယ်''

ဒီစကားကို ပြောဆိုပြီးတဲ့နောက် နွားချေးပိုမက အနည်းငယ် ရပ်နားနေလိုက်ပါတယ်၊ ပြီးတော့မှ ပရိသတ်ရဲ့ အလယ်မှာပဲ လူ့ဘာသာစကားနဲ့ ဆက်လက်ပြီး ပြောဆိုပြန်တယ်။

''ဒီဥယျာဉ်အရပ်ဟာ တပည့်တော်ကို အင်မတန်ချစ်မြတ်နိုးတဲ့ လင်ဖြစ်သူ အဿကမင်းနဲ့အတူ တပည့်တော်ရဲ့ လှည့်လည်သွားလာနေကျ အရပ်ပါပဲ။

''အသစ်ဖြစ်တဲ့ ချမ်းသာဆင်းရဲက အဟောင်းဖြစ်တဲ့ ချမ်းသာဆင်းရဲကို ဖုံးကွယ်ပိတ်ဆို့ထားလိုက်ပါတယ်၊ ဒါကြောင့် တပည့်တော်ဟာ အဿကမင်းကိုထက် ဒီ နွားချေးပိုကိုသာ ပိုပြီးချစ်ခင်မြတ်နိုးပါတော့တယ်''

ဒီစကားကိုကြားရတော့ အဿကမင်းက စိတ်ပျက်သွားပါတယ်၊ ဥယျာဉ်ထဲကနေပြီး အလောင်းကောင်ကို ထုတ်ဆောင်သဂြိုဟ်ဖို့ အမိန့်ပေးလိုက်ပါတယ်၊ အလောင်းတော်ရသေ့ကို ရှိခိုးပြီး မြို့ထဲကို ပြန်သွားပါတယ်၊ အခြားမိန်းမတဦးကို မိဖုရားကြီးအရာမှာထားပြီး တရားနဲ့အညီ မင်းပြုနေပါတော့တယ်။

ဒီဝတ္ထုကို ထောက်လိုက်တော့ သေသွားတဲ့ လူတွေအတွက် ပူပန်သောကရောက်ပြီး ငိုကြွေးနေကြတဲ့ လူတွေဟာ အရူးလို ဖြစ်မနေကြဘူးလား၊ ဒါကို စဉ်းစားကြ။

ပြီးတော့''နေ့ချင်းပြီး, ဒါမဟုတ်ယင် နောက်တနေ့ကိစ္စပြီးအောင် သဂြိုဟ်မှုကို ပြုရမယ်''လို့ ဘုန်းကြီးက ပြောခဲ့ပါတယ်၊ အဲဒီလို သဂြိုဟ်တဲ့အခါမှာလဲပဲ သိပ် ခမ်းခမ်းနားနားပြင်ဆင်မွမ်းမံနေစရာမလိုပါဘူး၊သင့်တော်ရုံ ပြင်ဆင်မွမ်းမံလို့ရှိယင် တော်လောက်ပါပြီ၊ အကျိုးမရှိတဲ့ နေရာတွေမှာ အကုန်အကျမခံသင့်ပါဘူး။

မကျန်းမမာဖြစ်တုန်းကတော့ ဘယ်လောက်ပဲဖြစ်ဖြစ် ကုန်ပါစေ၊ အဲဒီအချိန်အခါမျိုးဟာ နှမြောတွန့်တိုနေရမဲ့ အချိန်အခါမျိုး မဟုတ်ပါဘူး၊ လူ့အသက်ကို ငွေနဲ့စက်ပြီး ယူလို့ရမယ်ဆိုယင် ယူသာယူပါ ဒါဟာ အကျိုးရှိတဲ့နေရာမှာ ကုန်တာပဲ၊ အကျိုးမရှိတဲ့ နေရာမှာ အကုန်အကျခံတာကတော့ ခေတ်နဲ့လဲ မလျော်တော့ပါဘူး၊ ဒါကြောင့် သင့်တော်ရုံသာ ပြင်ဆင်မွမ်းမံဖို့ ပြောဆိုရပါတယ်။

ဒီအချိန်မှာ "သက်ပျော့က်ဆွမ်းတို့, သပိတ်သွတ်တို့, သရဏဂုံတင်တို့"ဆိုတာတွေဟာ အရေးမကြီးသေးပါဘူး၊ မလုပ်ယင်လဲပဲ ဖြစ်ပါတယ်၊ ထုံးတမ်းစဉ်လာအရ လုပ်ချင်တယ်ဆိုယင်လဲပဲ သင့်တော်တဲ့ ကိုယ်နဲ့ရင်းနှီးတဲ့ ဘုန်းကြီးတပါးပါးကိုပင့်ပြီး လုပ်နိုင်ပါတယ်။

ပြီးတော့ အချို့က သေသူရဲ့သက်စေ့ သံဃာတွေပင့်ပြီး ငွေပဒေသာပင်တွေလုပ်ပြီး လှူတတ်ကြပါတယ်၊ ဒါကတော့ လုံးဝမသင့်တော်ပါဘူး၊ ဘာ့ကြောင့် မသင့်တော်တယ်ဆိုတာကိုတော့ နောက် ဒီကပြောတာနဲ့ပဲ နားလည်လာပါလိမ့်မယ်။

တချို့ သံဃာတော်တွေကို မသာနဲ့အတူ သုသာန်ထိ လိုက်ပါရအောင် ပင့်တတ်ကြပါသေးတယ်၊ ဒါလဲ ကောင်းတဲ့အလုပ်မဟုတ်ပါဘူး၊ လူတွေက ဆင်ခြင်သင့်ပါတယ်၊ "သံဃာတွေ"ဆိုတာဟာ မတပရိဝါရ(မသာရဲ့အခြံအရံ) အနေနဲ့ မသာရဲ့ရှေ့ကပဲဖြစ်ဖြစ်၊ နောက်ကပဲဖြစ်ဖြစ် မလိုက်ကောင်းပါဘူး၊ ဝိနည်းပညတ်ချက်က ရှိနေပါတယ်။

"သေပြီးတဲ့နောက် ၃-ရက်မြောက်နေ့ကစပြီး သေဆုံးသွားတဲ့ အမေ, အဖေတွေကို ရည်ညွှန်းလှူဒါန်းရမယ်"လို့ အဋ္ဌကထာ[၁]မှာ ဆိုထားပါတယ်၊ ဒီတော့ ရက်လည်ဆွမ်းတွေ ဘာတွေဆိုတာလဲ ပဲ ရှေးရိုးစဉ်လာအရ လုပ်နေကြတာလောက်သာဖြစ်ပါတယ်၊ စာလာပေလာမဟုတ်ပါဘူး။

"ဘာ့ကြောင့် ၃-ရက်မြောက်နေ့ကစပြီး ရည်ညွှန်းလှူဒါန်းရမယ်"လို့ ဆိုထားသလဲဆိုတော့ ပထမနေ့ ဒုတိယနေ့တွေမှာ အလောင်းကို သင်္ဂြိုဟ်ရမဲ့ ကိစ္စ

၁။ ပါထိက-ဋ္ဌ-၁၃၆။ အံ ဋ္ဌ-တ-၂၂။

ကလဲ ရှိနေသေးတယ်၊ ဖြုန်းစား အတူနေတဲ့ လူတယောက် သေဆုံးသွားတယ်''ဆိုတော့ ကျန်နေတဲ့လူတွေမှာ စိတ်ထိခိုက်မှုကလဲ အနဲနဲ့အများ ရှိနေကြမယ်၊ ၃-ရက်မြောက်နေ့ကျတော့ အလောင်းကလဲ မရှိတော့ဖူး၊ ဒါနဲ့ အိမ်ကလဲရှင်းသွားတယ်၊ လူတွေကလဲ စိတ်ကို အတော်လေးထိန်းနိုင်လာတယ်၊ ဒီတော့ စိတ်ကို ကြည်ကြည်လင်လင်ထားပြီး လှူလို့တန်းလို့လဲ ဖြစ်နိုင်လောက်ပါတယ်၊ အမျှအတန်းလဲ ပေးဝေနိုင်လောက်ပါတယ်၊ ဒါ့ကြောင့် ''၃-ရက်မြောက်နေ့ကစပြီး ရည်ညွှန်းလှူဒါန်းရမယ်''လို့ အဋ္ဌကထာဆရာ ဆိုထားရပါတယ်၊ ဒီတော့ သေသွားလို့ရှိယင် ချက်ချင်းသင်္ဂြိုဟ်တာ, အချိန်မရလို့ရှိယင် နောက်တရက်မှာသင်္ဂြိုဟ်တာဟာ ဒီအဋ္ဌကထာစကားနဲ့လဲ ညီညွတ်နေပါတယ်။

ဒီ ၃-ရက်မြောက်နေ့ကစပြီး လှူဒါန်းတဲ့ အလှူကိုတော့ အထူးသတိထားပြီး လုပ်သင့်ကိုင်သင့်ပါတယ်၊ လှူဖွယ်ဝတ္ထုတွေဟာ သန့်ရှင်းစင်ကြယ်တဲ့, တရားသဖြင့် ရှာဖွေရထားတဲ့ ဝတ္ထုပစ္စည်းတွေ ဖြစ်စေရပါမယ်၊ အလှူခံပုဂ္ဂိုလ်ကလဲပဲ ယုံကြည်စိတ်ချရတဲ့ သီလစင်ကြယ်တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်စေရပါမယ်၊ အကောင်းဆုံးကတော့ ဒီအချိန်မျိုးမှာ ကိုယ့်ဘုန်းကြီး သူ့ဘုန်းကြီးရွေးမနေပဲ သံဃိကလှူနိုင်ယင် အကောင်းဆုံးပါပဲ။

လှူဖွယ်ဝတ္ထုကလဲ ဆွမ်းတင်မကပါဖူး၊ သင်္ကန်းလဲပါစေရမယ်၊ သင်္ကန်း မတတ်နိုင်က မျက်နှာသုတ်ပဝါပဲဖြစ်ဖြစ်, လက်ကိုင်ပဝါပဲဖြစ်ဖြစ် ပါစေရမယ်၊ အိပ်ရာခင်း ခုတင်လဲပဲ ပါစေရမယ်၊ ဒါက သေသွားသူရဲ့ ကျန်နေရစ်တဲ့ အဝတ်တွေကို ချုပ်လှူယင် ဖြစ်နိုင်ပါတယ်။

ပြီးတော့ လှူဖွယ်ဝတ္ထုတွေကို ကပ်တဲ့အခါမှာလဲပဲ ရေကို အယင်ကပ်ပါ၊ ပြီးမှ ကျန်တဲ့ဝတ္ထုတွေကို တခုချင်း ကိုယ်ထိလက်ရောက်ကပ်ပါ၊ အဲဒီလိုကပ်တဲ့အခါမှာ ''ဒီအလှူဟာ တပည့်တော်တို့ရဲ့အဖေ (ဦးမောင်ဟန်) အတွက် ဖြစ်ပါစေ'' ဒီလိုဆိုပြီး ကပ်လှူရမယ်၊ သူများကို တဆင့်အကပ်မခိုင်းပါနဲ့၊ ဘာ့ကြောင့် ဒီအလှူနဲ့ ပတ်သက်ပြီး ဒီလောက်အရေးတကြီး ပြောနေရသလဲ ဆိုတာ နားလည် သဘောပေါက်သွားအောင် ဝတ္ထုကြောင်းလေးတခု ထုတ်ပြပါဦးမယ်။

ဒုဿီလချည်းပဲလုံစားနေတယ်[၁]။ ။သီဟိုဠ်ကျွန်း ဝစုမာနဆိုတဲ့ ရွာသား မှုဆိုးတယောက်ကပြိတ္တာတွေကိုရည်ညွှန်း လှူဒါန်းတဲ့အလှူကို ပေးလှူတော့ ဒုဿီလပုဂ္ဂိုလ်တဦးတည်းကိုပဲ သုံးကြိမ်တိုင် တိုင် လှူမိပါတယ်၊ ဒီတော့ ၃-ကြိမ်မြောက်မှာ ပြိတ္တာက "ငါ့(အတွက်အလှူ) ကို ဒုဿီလချည်းပဲ လုံစားနေတယ်"လို့ အော်ပါသတဲ့၊ ဒါနဲ့ သီလရှိတဲ့ ရဟန်း တပါးအား ပေးလှူပြီး "ဒီအလှူဟာ ဘယ်ပြိတ္တာအတွက် ဖြစ်ပါစေ" ဒီလို ရည်ညွှန်းပြီး အမျှအတန်းပေးဝေတဲ့အခါကျမှသာ ပြိတ္တာဆီကို ရောက်ပါ သတဲ့၊ ပြိတ္တာက အနုမောဒနာပြုတော့ "ဒါနရဲ့အကျိုးကို ခံစားရတယ်"လို့ ဆိုလိုပါတယ်။

ပြီးတော့ "လူတယောက်ယောက် ကွယ်လွန်သွားတဲ့အခါ ဘာ့ကြောင့် ရည်ညွှန်းပြီး အလှူဒါနပြုလုပ်ရတယ်၊ အဲဒီလို အလှူဒါနလုပ်တဲ့အတွက် ဘယ် လို အကျိုးရှိတယ်" ဆိုတာတွေကို အထိုက်အလျောက် သဘောပေါက် အောင် တိရောကုဋ္ဋသုတ်ကစပြီး ပြောပါတော့မယ်။

တိရောကုဋ္ဋသုတ်[၂]။ ။ဒီတိရောကုဋ္ဋသုတ်နဲ့ ပတ်သက်တဲ့ အကြောင်းအရာက တော့ ဒီကမ္ဘာကိုမရောက်ခင် ၉၂-ကမ္ဘာထက်က အစ ပြုလာပါတယ်၊ အဲဒီအချိန်အခါမှာ ကာသိဆိုတဲ့ မြို့တမြို့ ရှိပါတယ်၊ အဲဒီ ကာသိဆိုတဲ့မြို့မှာ "ဇယသေန"[၃] ဆိုတဲ့ မင်းက ထီးဖြူအုပ်ချုပ် မင်းလုပ်နေပါ တယ်၊ "သိရိမာ"ဆိုတာကတော့ သူ့ရဲ့မိဖုရားကြီးပါပဲ၊ အဲဒီသိရိမာရဲ့ ဝမ်း တိုက်မှာ"ဖုဿ"ဆိုတဲ့ ဘုရားလောင်းဟာ ပဋိသန္ဓေတည်နေ မွေးဖွားလာပါ တယ်၊ နောက် အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို ထိုးထွင်းသိမြင်လာပါ တယ်၊ ဘုရားဖြစ်လာပါတယ်။

ငါ့သားဟာ တောထွက်ပြီး ဘုရားဖြစ်လာခဲ့တယ်၊ "ငါ့ဘုရား ငါ့တရား ငါ့သံဃာ"ဒီလို ဇယသေနမင်းက "ငါ့ဥစ္စာ"လို့ စွဲလမ်းမှုကိုဖြစ်စေပြီး (ကိုယ် တဦးတည်း ပိုင်ဆိုင်တဲ့ဥစ္စာလို လုပ်ထားပြီး) အမြဲတမ်း တဦးတည်းပဲ လုပ်ကျွေး နေပါတယ်၊ အခြားသူတွေအား လုပ်ကျွေးခွင့် မပေးပါဖူး။

၁။ အံ ပါ ပ-၃၉၂၊ ဋ္ဌ ဒု-၃၂၀။ ဋီ ဒု-၃၁၅။ ၂။ ခုဒ္ဒကဋ္ဌ-၁၆၈၊ ပေတ ဋ္ဌ-၁၈။
၃။ ခံ ဋ္ဌ-၆၄-မှာ မဟိန္ဒမင်းလို့ ဆိုထားပါတယ်၊ ဒါနဲ့ သရဏဂုံခန်းမှာလဲ ဒီအတိုင်း ပြောဆိုလာခဲ့ပါတယ်။

"ဘုရားရှင်တွေ ဆိုတာဟာ တလောကလုံးနဲ့ အစီးအပွား အလို့ငှာ ပွင့်တော်မူလာတာပဲ၊ တဦးတယောက်တည်းနဲ့ အစီးအပွား အလို့ငှာ ပွင့်တော်မူလာတာ မဟုတ်ဖူး၊ တို့ခမည်းတော်ကလဲပဲ ဘုရားရှင်ကို အခြားသူတွေအား လုပ်ကျွေးခွင့် မပေးလိုဖူး၊ ဒီတော့ဘယ်လိုနည်းနဲ့ တို့က ဘုရားရှင်ကို လုပ်ကျွေးခွင့် ရကြမလဲ"

ဒီလို ဖုဿဘုရားရှင်နဲ့ အမေကွဲ ညီတော် ၃-ယောက်တို့က တိုင်ပင်ဆွေးနွေး နေကြပါတယ်၊ "ဘယ်လိုနည်းနဲ့ရရ၊ ဘုရားရှင်ကို လုပ်ကျွေးခွင့်ရအောင် တခုခုတော့ လုပ်ကြဦးမှပဲ"ဆိုပြီး ကျေးရွာဇနပုဒ်မှာ ဆူပူသောင်းကျန်းနေသလို ဖြစ်အောင် အလုပ်ခိုင်းကြပါတယ်။

ဇယသေနမင်းက"ကျေးရွာဇနပုဒ်မှာ ဆူပူ သောင်းကျန်းနေတယ်"ဆိုတဲ့ သတင်းကိုကြားသိရတော့ သားတော် ၃-ယောက်လုံးကို သောင်းကျန်းသူတွေကိုနှိမ်နင်းရအောင် လွှတ်လိုက်ပါတယ်၊ ဒီတော့ မင်းသား ၃-ယောက်တို့ကလဲ ကျေးရွာဇနပုဒ်ကို ငြိမ်းအေးအောင်လုပ်ပြီး ပြန်လာကြပါတယ်၊ (အစကထဲက သူတို့လုပ်ထားတဲ့ အလုပ်ဆိုတော့ ဘာမှ ခဲယဉ်းလှတာ မဟုတ်ပါဖူး။)

ဒါနဲ့ ဇယသေနမင်းက အင်မတန်နှစ်သက်ကျေနပ်သွားပါတယ်၊ "ငါ့သားတော်များအလိုရှိတဲ့ ဆုကို ယူကြ"ဆိုပြီး ဆုပေးပါတယ်၊ ဒီတော့ သားတော် ၃-ယောက်ကလဲ သူတို့အလိုရှိတဲ့ဆုကို တောင်းကြပါတယ်၊ (ဒီတော့ အဖေလုပ်သူကပေးနိုင်မလား မပေးနိုင်ဖူးလားဆိုတာကို စောင့်ကြည့်စရာပဲလို့ပါတော့တယ်။)

"ကျွန်တော်တို့ ဘုရားရှင်ကို လုပ်ကျွေးလိုကြပါတယ် အဖေရယ်"
"ဒီဆုကိုထားပြီး အခြားဆုကို ယူကြပါလား သားတို့ရယ်"
"ကျွန်တော်တို့ အခြားဆုကို မလိုချင်ပါဖူး"
"ဒါဖြင့်လဲ ပိုင်းခြား ကန့်သတ်ပြီး ယူကြတာပေါ့"

ဒီလို ဇယသေနမင်းက လိုက်လျောပေးလိုက်ရပါတယ်၊ ဒီတော့ သားတော်တွေက ၇-နှစ်လုပ်ကျွေးခွင့် တောင်းကြပါတယ်၊ ဘခမည်းတော်ဇယသေနမင်းက မပေးပါဖူး၊ ၆-နှစ်၊ ၅-နှစ်၊ ၄-နှစ်၊ ၃-နှစ်၊ ၂-နှစ်၊ ၁-နှစ်၊ တထစ်ပြီးတထစ် လျှော့တောင်းလာကြပါတယ်၊ ဘခမည်းတော်က

မပေးပါဖူး၊ ၇-လ၊ ၆-လ၊ ၅-လ၊ ၄-လ၊ လျှော့လျှော့ပြီး တောင်းလာကြပါတယ်၊ ဒါတောင်မှ ဖခမည်းတော် ဇယသေနမင်းက မပေးသေးပါဖူး၊ အဆုံးမှာ တယောက်တလ ဝါတွင်းသုံးလ လုပ်ကျွေးခွင့်တောင်းကြပါတယ်၊ ဒီတော့မှ "ဒီလောက်တော့ လုပ်ကျွေးကြတာပေါ့ သားတို့ရယ်"ဆိုပြီး ဖခမည်းတော် ဇယသေနမင်းက ခွင့်ပြုလိုက်ပါတယ်။

မင်းသားလေး ၃-ယောက်တို့ကလဲ "၃-လလုပ်ကျွေးခွင့် ရတယ်ဆိုယင်ပဲ သိပ်ကျေနပ်သွားကြပါတယ်၊ ဘုရားရှင်ထံသွားပြီး ရှိခိုးလျှောက်ထားကြပါတယ်။

"အရှင်ဘုရား တပည့်တော်တို့က ရှင်တော်မြတ်ဘုရားကို ဝါတွင်း ၃-လ လုပ်ကျွေးလိုကြပါတယ်၊ ဘုရားတပည့်တော်တို့ရဲ့ နေထိုင်ရာ ဇနပုဒ်မှာ ဝါကပ်တော်မူပါ"

ဒီလိုလျှောက်ထားလို့ မြတ်စွာဘုရား လက်ခံကြောင်း သိရတဲ့အခါ မိမိတို့ရဲ့ ဇနပုဒ် အလုပ်အမှုဆောင်ဆီကို—

"ဒီဝါတွင်းသုံးလပတ်လုံး တို့က ဘုရားရှင်ကို လုပ်ကျွေးခွင့်ရတယ်၊ ကျောင်းကအစ ဘုရားရှင်အား လုပ်ကျွေးရန်အဆောက်အဦ (အသုံးအဆောင်) အကုန်လုံးကို လုပ်ကိုင်ထားနှင့်ရမယ်"

ဒီလို စာရေးပြီး အပ့်ခိုင်းလိုက်ပါတယ်၊ ဇနပုဒ်အလုပ်အမှုဆောင်ကလဲ အကုန်လုံး ပြည့်စုံအောင်စီမံပြီး ပြန်အကြောင်းကြားထားပါတယ်။

မင်းသားကလေး ၃-ယောက်တို့က ဖန်ရည်ဆိုး အဝတ်တွေကိုဝတ်ပြီး ဝေယျာဝစ္စ ပြုလုပ်ဆောင်ရွက်ကြတဲ့ လူ ၂၅၀၀-နှင့်[1] အတူ မြတ်စွာဘုရားကို ရိုရိုသေသေ လုပ်ကျွေးယင်း မိမိတို့ဇနပုဒ်ကို ပင့်ဆောင်လာကြပါတယ်၊ ကျောင်းကိုအပ်နှင်းလှူဒါန်းပြီး သီတင်းသုံး နေစေကြပါတယ်။

မင်းသားကလေး ၃-ယောက်တို့ရဲ့ဘဏ္ဍာစိုးတဦးဟာ သဒ္ဓါတရားလဲရှိတယ်၊ ရတနာ ၃-ပါးကိုလဲ ကြည်ညိုပါတယ်၊ သူ့အိမ်သူ မိန်းမကလဲ သူ့လိုပဲ သဒ္ဓါ

၁။ ခုဒ္ဒကပါဌ အဋ္ဌကထာမှာ လာတဲ့အတိုင်း ၂၅၀၀-လို့ပဲ ဆိုထားပါတယ်၊ ပေတဝတ္ထု အဋ္ဌကထာ (၁၉) ဝိနယမဟာဝဂ္ဂပါဠိ ၃၁-အလို ၁၀၀-သာ ဖြစ်သင့်ပါတယ်။

တရားလဲရှိတယ်၊ ရတနာ ၃-ပါးကိုလဲ ကြည်ညိုပါတယ်၊ အဲဒီဘဏ္ဍာစိုးဟာ ဘုရားအမှူးရှိတဲ့ သံဃာတော်အား ဒါနဝတ်ကို ရိုရိုသေသေပေးလှူနေပါတယ်။

ဇနပုဒ်အလုပ်အမှုဆောင်ပုဂ္ဂိုလ်ကလဲ သူ့ကိုအတုလိုက်ပြီး ဇနပုဒ်သား တသောင်းတထောင်နဲ့အတူ ရိုရိုသေသေပဲ ဒါနဝတ်ကို ဖြစ်စေပါတယ်။

အဲဒီလူစုထဲက အချို့ဇနပုဒ်သားတွေဟာ စိတ်ဓာတ်ပျက်စီးကြပါတယ်၊ (စိတ်ပြစ်မှားကြပါတယ်၊) ဒါနဲ့ သူတို့တတွေဟာ အလှူဒါနရဲ့ အန္တရာယ်ကိုလဲ ပြုကြပါတယ်၊ လှူဖွယ်ဝတ္ထုတွေကိုလဲ ကိုယ်တိုင် စားသောက်ကြပါတယ်၊ ဆွမ်းစားကျောင်းကိုလဲ မီးရှို့ကြပါဘယ်။

သီတင်းဝါသကျွတ်လို့ ပဝါရဏာ ပြုပြီးတဲ့အခါ မင်းသားကလေး ၃-ယောက်က မြတ်စွာဘုရားအား အကြီးအကျယ် ပူဇော်မှုကို ပြုကြပါတယ်၊ ပြီးတော့ ဘုရားရှင်ကို ရှေ့သွားပြုပြီး ခမည်းတော် ဇယသေန မင်းဆီကိုပဲ သွားကြပါတယ်။

ဘုရားရှင်ကလဲ ကာသိမြို့မှာပဲ ပရိနိဗ္ဗာန် စံလွန်တော်မူပါတယ်၊ ဇယသေန မင်း, မင်းသားကလေး ၃-ယောက်, ဇနပုဒ်အလုပ်အမှုဆောင်,ဘဏ္ဍာစိုးတွေကလဲ တယောက်ပြီးတယောက် ဆိုသလို သေဆုံးသွားကြတဲ့အခါ နောက်လိုက် နောက်ပါ ပရိသတ်တွေနဲ့အတူ နတ်ပြည်မှာ ဖြစ်ကြပါတယ်၊ စိတ်ပြစ်မှားတဲ့ လူတွေကတော့ ငရဲမှာ ဖြစ်ကြရပါတယ်။

သူတို့ အုပ်စု ၂-စုထဲက တစုက နတ်ပြည်တခုက နတ်ပြည်တခုကို ပြောင်းပြီး ဖြစ်နေကြရပါတယ်၊ တစုက ငရဲတခုက ငရဲတခုကို ပြောင်းပြီးဖြစ်နေကြရ ပါတယ်၊ ဒီလိုနဲ့ ၉၂-ကမ္ဘာခရီးကို ကျော်ဖြတ်လာကြရပါတယ်၊ ၉၂-ကမ္ဘာ ကျော်လွန်လာကြရပါတယ်။

ဒီဘဒ္ဒကမ္ဘာမှာ ကဿပဘုရားရှင် လက်ထက်ရောက်လာတော့ စိတ်ပြစ် မှားတဲ့လူစုက ပြိတ္တာဖြစ်နေကြရပါတယ်၊ အဲဒီအချိန်မှာ လူတွေက ကိုယ့် ဆွေမျိုး ပြိတ္တာတွေအတွက် အလှူဒါနပြုလုပ်ကြပြီး ''ဒီအလှူဟာ ငါတို့ရဲ့ ဆွေမျိုးတွေအတွက် ဖြစ်ပါစေ''လို့ ရည်ညွှန်းကြပါတယ်၊ အမျှအတန်းပေး ဝေကြပါတယ်၊ အဲဒီဆွေမျိုး ပြိတ္တာတွေက စည်းစိမ်ချမ်းသာကိုရရှိကြပါတယ်။

ဒီတော့ (စိတ်ပြစ်မှားတဲ့ လူစုက ဖြစ်နေကြရတဲ့) ပြိတ္တာ တွေကလဲပဲ ဒါတွေကို တွေ့နေရတော့ ကဿပ ဘုရားရှင်ကို ချဉ်းကပ်ပြီး လျှောက်ထား မေးမြန်းကြပါတယ်။

"အရှင်ဘုရား တပည့်တော်တို့ကလဲပဲ ဒီလိုစည်းစိမ်ချမ်းသာမျိုးကို ရမျှားရနိုင်ကြပါဦးမလား"

"အခု ငါဘုရားလက်ထက်မှာတော့ သင်တို့မရနိုင်ကြဖူး၊ ဒါပေမဲ့ နောက်တချိန်မှာ "ဂေါတမ"ဆိုတဲ့ဘုရား ပွင့်တော်မူလာလိမ့်မယ်၊ အဲဒီ ဂေါတမဘုရားလက်ထက်မှာ ဗိမ္ဗိသာရ'ဆိုတဲ့မင်းဖြစ်လာလိမ့်မယ်၊ အဲဒီ ဗိမ္ဗိသာရမင်းဟာ ဒီကမ္ဘာကို မရောက်ခင် ၉၂-ကမ္ဘာထက်က သင်တို့ရဲ့ ဆွေမျိုးဖြစ်ခဲ့ဖူးတယ်၊ အဲဒီ ဗိမ္ဗိသာရမင်းဟာ ဂေါတမ ဘုရားရှင်အား အလှူဒါန ပြုလုပ်ပြီး သင်တို့အား ရည်ညွှန်း (အမျှ အတန်းပေးဝေ)လိမ့်မယ်၊ အဲဒီ အချိန်ကျတော့ ရကြလိမ့်မယ်"

ဒီလို မိန့်ကြားတော်မူလိုက်တဲ့ ကဿပ ရှင်တော်မြတ်ဘုရားရဲ့ စကား တော်ဟာ အဲဒီ ပြိတ္တာတွေအတွက်မှာဖြင့် "နက်ဖြန်ရလိမ့်မယ်"လို့ပြောသလိုပဲ ဖြစ်နေပါတယ်တဲ့၊

အဲဒီလိုနဲ့ တဖြည်းဖြည်း ဘုရားရှင် ၂-ဆူတို့ရဲ့ကြားကာလကို လွန်လာတဲ့ အခါ ဘုန်းကြီးတို့ရဲ့ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူလာပါတယ်။

မင်းသားကလေး ၃-ယောက်တို့က ဝေယျာဝစ္စကို ဆောင်ရွက်ကြတဲ့ လူပေါင်း ၂၅၀၀-နဲ့အတူ နတ်ပြည်က စုတေလာကြပါတယ်၊ မဂဓတိုင်း ပုဏ္ဏားမျိုးမှာ ဖြစ်ကြပါတယ်၊ နောက်တချိန်မှာ ရသေ့လုပ်ကြပြီး ဂယာ သီသမှာ (ဥရုဝေဠကဿပ နဒီကဿပ ဂယာကဿပ ဆိုတဲ့) ရသေ့ ၃-ယောက် ဖြစ်လာကြပါတယ်။

(ခုဒ္ဒကပါဌအဋ္ဌကထာမှာ လာတဲ့အတိုင်း ၂၅၀၀-လို့ပဲ ပြော လိုက်ပါတယ်၊ ဝိနည်းမဟာဝါပါဠိတော် (၃၁) မှာလာတဲ့အတိုင်း ၁၀၀၀-ကသာ အမှန်ဖြစ်စရာရှိပါတယ်။)

ဇနပုဒ် အလုပ်အမှုဆောင် ပုဂ္ဂိုလ်ကတော့ ဗိမ္ဗိသာရမင်း ဖြစ်လာပါတယ်၊ ဘဏ္ဍာစိုးကတော့ ဝိသာခါဆိုတဲ့ သဌေးကြီးဖြစ်လာပါတယ်၊ ဘဏ္ဍာစိုးရဲ့ ဇနီးက "ဓမ္မဒိန္နာ"ဆိုတဲ့ သဌေးသမီးဖြစ်လာပါတယ်၊ (ဝိသာခါသဌေးရဲ့ ဒကာမပါပဲ၊) ကျန်တဲ့ပရိသတ်တွေကတော့ ဗိမ္ဗိသာရမင်းရဲ့ အခြွေအရံတွေ ဖြစ်လာကြတယ်။

ဂေါတမရှင်တော်ဘုရားဟာ ဘုရားဖြစ်တော်မူပြီးတဲ့နောက် ဗောဓိပင်နဲ့ ရွှေပလ္လင်အနားမှာပဲ သတ္တသတ္တာဟ (၄၉-ရက်) ကျော်လွန် စေခဲ့ပါတယ်၊ အဲဒီကမှာဘဆင့် ဗာရာဏသီမြို့ကို ကြွလာပြီး (မိဂဒါဝုန်မှာ) ဓမ္မစကြာတရား ဟောတော်မူပါတယ်၊ ပဉ္စဝဂ္ဂီ ၅-ဦးတို့ကို အစထားပြီး ၂၅၀၀ (၁၀၀၀) အခြံအရံရှိတဲ့ ရသေ့ ၃-ဦးတို့ကို ဆုံးမတော်မူပါတယ်၊ အဲဒီကမှ တဆင့် ရာဇဂြိုဟ်မြို့ကို ကြွတော်မူပါတယ်။

ရာဇဂြိုဟ်မြို့ကိုရောက်တဲ့နေ့မှာပဲ ဆည်းကပ်လာတဲ့ ဗိမ္ဗိသာရမင်းကို မဂဓ တိုင်းသား ပုဏ္ဏားတွေ၊ အခြားအိမ်ထောင်ရှင်တွေ တသိန်းတသောင်းနဲ့အတူ သောတာပတ္တိဖိုလ်မှာ တည်စေတော်မူပါတယ်။

အဲဒီ အချိန်မှာပဲ ဗိမ္ဗိသာရမင်းက နောက်နေ့အတွက် ဆွမ်းစားပင့်ပါတယ်၊ ဘုရားရှင်ကလဲ လက်ခံတော်မူပါတယ်၊ နောက်တနေ့မှာ (ဆွမ်းဘုဉ်းပေး ရအောင်) ရာဇဂြိုဟ်မြို့တွင်းကို ဘုရားရှင်ကြွလာတဲ့အခါ သိကြားမင်းက ကာလသားဖြသွင် ဖန်ဆင်းပြီး ရှေ့ကသွားယင်း—

"သိဂ်နိုက်ရှေ့-ရောင်အဆင်းလို၊ ပြောင်တဝင်းဝင်း-ထိန်လင်းဖြာ၊
ဘုရားမြတ်မွန်-လွန်ယဉ်ကျေးလို့၊ ကိလေညစ်ကြေး-ကင်းလွတ်ကွာ၊
ကိလေကင်းစင်-ယဉ်သိမ်မွေ့တဲ့၊ ရသေ့ဟောင်းတွေ-ခြံရံကာ၊
ရာဇဂြိုဟ်ခေါ် မြို့တော်တွင်းကို၊ သာယာဖြည်းညှင်း-ကြွဝင်လာ။"

ဒီလိုအစရှိတဲ့ ကဗျာတွေနဲ့ မြတ်စွာဘုရားကို ချီးကျူးပါတယ်၊ မြတ်စွာ ဘုရားက ဗိမ္ဗိသာရမင်းရဲ့ နန်းတော်မှာ ကြီးကျယ်မျှားမြတ်တဲ့ အလှူကို လက်ခံတော်မူပါတယ်။

ဒီတော့ ''ဗိမ္ဗိသာရမင်းက အခုပဲ တို့အား အလှူကိုရည်ညွှန်းပြီး အမျှအတန်းပေးဝေလိမ့်မယ်၊ အခုပဲ အမျှပေးဝေလိမ့်'' ဆိုတဲ့ မျှော်လင့်ချက်နဲ့ ပြိတ္တာတွေက (နန်းတော်ကို) ခြံရံပြီး ရပ်နေကြပါတယ်။

ဗိမ္ဗိသာရမင်းက အလှူကိုပေးလှူပြီးတဲ့နောက် ''ဘုရားရှင်ဟာ ဘယ်နေရာဌာနမှာ သီတင်းသုံးနေထိုင်ရပါ့မလဲ''လို့ မြတ်စွာဘုရားသီတင်းသုံးနေထိုင်မဲ့ နေရာဌာနကိုပဲ စဉ်းစားနေပါတယ်၊ အဲဒီအလှူကို မည်သူတဦးတယောက်ကိုမျှ အမျှအတန်း မပေးမဝေခဲ့ပါဘူး။

ပြိတ္တာတွေက မျှော်လင့်ချက် ပြတ်စဲဆုံးရှုံးသွားကြတဲ့အတွက် ညဘက်ကို ရောက်လာတော့ ဗိမ္ဗိသာရမင်းရဲ့ နန်းတော်ထဲမှာ အင်မတန် ကြောက်စရာ လန့်စရာကောင်းတဲ့ အသံမျိုးနဲ့ ဟစ်အော် ကြွေးကြော်ကြပါတယ်၊ (အခုကာလလိုတော့'' ပြိတ္တာတွေက ဆန္ဒပြတယ်လို့ ဆိုရမှာပဲ၊) ဗိမ္ဗိသာရမင်းကလဲ ကြောက်ရွံ့ထိတ်လန့်သွားပါတယ်၊ ဒါနဲ့ မိုးလင်းတယ်ဆိုယင်ပဲ မြတ်စွာဘုရားဆီကို သွားရောက် လျှောက်ထားပါတယ်။

''ညတုန်းက ဒီလို အသံမျိုးတွေကို ကြားနေရပါတယ်ဘုရား၊ ဘုရားတပည့်တော်မှာ ဘယ်လိုများ ဖြစ်နိုင်ပါသလဲ''

''မဟာရာဇာ မကြောက်ပါနဲ့၊ သင့်မှာ တစုံတရာ နိမ့်ကျမှုမဖြစ်နိုင်ပါဘူး၊ အမှန်ကတော့ သင့်ရဲ့ ဆွေဟောင်း မျိုးဟောင်းတွေဟာ ပြိတ္တာ ဖြစ်နေကြတယ်၊ သူတို့တတွေဟာ ကဿပဘုရားရှင်နဲ့ ငါဘုရားရဲ့ ကြားကာလပတ်လုံး 'သင်မင်းမြတ်က ငါဘုရားအား အလှူဒါန ပေးလှူပြီးတဲ့အခါ ငါတို့အား အမျှအတန်း ပေးဝေလိမ့်မယ်' ဆိုတာကိုပဲ မျှော်လင့်တောင့်တပြီး လည့်ပတ်သွားလာ နေကြတယ်၊ အဲဒီပြိတ္တာတွေအား မနေ့က သင်မင်းမြတ်က အမျှအတန်း မပေးဝေမိခဲ့ဘူး၊ ဒါနဲ့ သူတို့တတွေမှာ မျှော်လင့်ချက် ပြတ်စဲဆုံးရှုံးသွားသလိုဖြစ်သွားရတယ်၊ဒါကြောင့် ဒီလို ဟစ်အော် ကြွေးကြော်ကြတာပါပဲ''

''အခု လှူလို့ရှိယင်ကော ရကြပါဦးမလား ဘုရား''

''အေး-ရနိုင်ပါတယ်''

"ဒါဖြင့် ဘုရား ဒီနေ့ပဲ တပည့်တော်ရဲ့အလှူကို လက်ခံတော်မူပါ၊
အဲဒီ ပြိတ္တာတွေကို အမျှပေးဝေလိုပါတယ်"

ဒီလို ဗိမ္ဗိသာရမင်းက လျှောက်ထားပါတယ်၊ ဘုရားရှင်ကလဲ လက်ခံတော် မူပါတယ်၊ ဒီတော့ ဗိမ္ဗိသာရမင်းက နန်းတော်ကို ပြန်သွားပြီး ကြီးကျယ် ခမ်းနားတဲ့အလှူကို စီမံပါတယ်၊ အကုန်လုံး ကိစ္စပြီးတဲ့အခါ ကြွရောက်ရန် အချိန်တန်ပြီဖြစ်ကြောင်း ဘုရားရှင်အား ပြန်လည် လျှောက်ထားခိုင်းပါတယ်၊ ဒီတော့ ဘုရားရှင်က ရဟန်းတော်တွေနဲ့အတူ နန်းတော်တွင်းကို ကြွလာပြီး ခင်းကျင်းပြင်ဆင်ထားတဲ့ နေရာပေါ်မှာ သီတင်းသုံး ထိုင်နေတော်မူပါတယ်။

ပြိတ္တာတွေကလဲပဲ "ဒီနေ့တော့ ရနိုင်တန်ရာရဲ့"ဆိုတဲ့ မျှော်လင့်ချက်နဲ့ လာရောက်ပြီး နံရံပြင်ဘက် စတဲ့နေရာတွေမှာ ရပ်နေကြပါတယ်။

အဲဒီပြိတ္တာတွေဟာ 'ငြူစူမှု'ဆိုတဲ့ ဣဿာ 'ဝန်တိုမှု'ဆိုတဲ့ မစ္ဆရိယရဲ့အကျိုးကို ခံစားနေရသူတွေ ဖြစ်ပါတယ်၊ဒီတော့ အချို့ပြိတ္တာတွေက ရှည်လျားဖောက်ပြန်တဲ့ မုတ်ဆိတ်တွေ၊ ဆံပင်တွေ၊ မဲမှောင်နေတဲ့ ပါးစပ်တွေ၊ အကြောတွေက လျော့ရဲရဲ နှောင်ဖွဲ့ထားတဲ့အတွက် တွဲလျားကျနေတဲ့ ကိုယ်အင်္ဂါတွေ၊ ပိန်ကြုံကြမ်းတမ်း မဲနက်တဲ့ ကိုယ်အင်္ဂါတွေနဲ့ အင်မတန်အကျည်းတန် အရုပ်ဆိုးကြပါတယ်၊ နေရာတိုင်းလိုလိုမှာ တွေ့နေရတဲ့၊ တောမီးလောင်ထားတဲ့ ထန်းပင်ငုတ်တိုလို ဖြစ်နေကြပါတယ်။

အချို့ပြိတ္တာတွေဟာ "ထမင်းဆာခြင်းဆိုတဲ့" ပွတ်ခုံ၊ "ရေငတ်ခြင်း" ဆိုတဲ့ ပွတ်ကျည်တို့ရဲ့ ပွတ်တိုက်ခြင်းကြောင့် ရင်ကစ တောက်လောင်လာပြီး ပါးစပ်ကထွက်နေတဲ့ မီးလျှံတွေနဲ့ တကိုယ်လုံး လောင်မြိုက်မှုကို ခံနေကြရပါတယ်။

အချို့ ပြိတ္တာတွေက သူတို့ရဲ့လည်ချောင်းပေါက်က အပ်နဖားပေါက်လောက် သေးငယ်၊ ဝမ်း(ဗိုက်)က တောင်ကြီးသဖွယ် ဖြစ်နေလေတော့ စားစရာ သောက်စရာကို ရပေမဲ့ မစားနိုင်မသောက်နိုင်တဲ့အတွက် ဆာလောင်မွတ်သိပ်မှုဒဏ်ကို အလူးအလှိမ့် ခံနေကြရပါတယ်၊ သူတို့တတွေဟာ အဲဒီ ဆာလောင်မွတ်သိပ်မှုမှတပါး အခြား ဘာအရသာကိုမှ မရရှိကြပါဘူး။

အချို့ပြိတ္တာတွေက အချင်းချင်းရဲ့ ကိုယ်မှာပဲဖြစ်ဖြစ်, အခြားသတ္တဝါတွေရဲ့ ကိုယ်မှာပဲဖြစ်ဖြစ် ပြည်တည်ပြီးပေါက်ကွဲလာတဲ့ အိုင်းအမာတွေ (အနာဆိုး အနာပျက်တွေ)သွေးစုနာတွေရဲ့အဝက ယိုစီးထွက်ကျလာတဲ့ သွေးပြည် အနာစေး စတဲ့ဟာတွေကို အမြိုက်သုခဘုတ်ကိုလို မြိန်မြိန်ရှက်ရှက် လျက်နေကြရတယ်၊ အင်မတန် အကျည်းတန် အရုပ်ဆိုးပြီး ကြောက်စရာလန့်စရာကောင်းတဲ့ ကိုယ်ရှိကြပါတယ်။

ဘုရားရှင်က အဲဒီပြိတ္တာတွေ အကုန်လုံးကိုပဲ ဗိမ္ဗိသာရမင်း တွေ့နိုင်မြင်နိုင်အောင် အဓိဋ္ဌာန်ထားပါတယ်။

ဗိမ္ဗိသာရမင်းက အလှူရေကို ဆက်ကပ်ရင်း "ဒီအလှူဟာ ငါ့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ" လို့ ရည်ညွှန်းပါတယ်၊ အမျှပေးဝေပါတယ်၊ အဲဒီလှူဒါန်းအမျှဝေတဲ့ ခဏမှာပဲ ပြိတ္တာတွေမှာ ကြာမျိုးငါးပါးနဲ့ ဖုံးလွှမ်းနေတဲ့ ရေကန်တွေ ဖြစ်လာရပါတယ်၊ သူတို့တတွေဟာ အဲဒီဖြစ်ပေါ်လာတဲ့ ရေကန်မှာ ရေလဲချိုးကြရပါတယ်၊ ရေလဲသောက်ကြရပါတယ်၊ ဒါနဲ့ပူလောင်ခြင်း, ပင်ပန်းခြင်း, ရေဆာခြင်းတွေ အေးငြိမ်းပြီး ရွှေအဆင်းနဲ့တူတဲ့အဆင်း ရှိလာကြပါတယ်။

ဗိမ္ဗိသာရမင်းက ယာဂုခဲဖွယ်ဘောဇဉ်တွေကို ပေးလှူယင်းလဲ သူတို့ကို ရည်ညွှန်းပြီး အမျှပေးဝေပါတယ်၊ အဲဒီအမျှပေးဝေတဲ့ ခဏမှာပဲ ပြိတ္တာတွေမှာ ကောင်းမွန်တဲ့ယာဂု, ခဲဖွယ်, ဘောဇဉ်တွေဖြစ်ပေါ်လာကြပါတယ်၊ သူတို့တတွေဟာ အဲဒီယာဂုခဲဖွယ် ဘောဇဉ်တွေကို စားသောက်ကြရပြီး ကြည်ကြည် လင်လင် ဝဝဖြိုးဖြိုး ဖြစ်လာကြပါတယ်။

ပြီးတော့ အဝတ်တွေ အိပ်ရာနေရာတွေကို လှူပြီး အမျှပေးဝေပြန်တယ်၊ ပြိတ္တာတွေမှာ အရောင်တလက်လက် တောက်ပြောင်နေတဲ့ အဝတ်တွေ, ယာဉ်တွေ, ပြာသာဒ်တွေ, အိပ်ရာခင်းတွေ, အိပ်ရာတွေစတဲ့ အဆင်တန်ဆာ အထူးအပြားတွေ ဖြစ်ပေါ်လာကြပါတယ်။

ဒီစည်းစိမ်ချမ်းသာတွေအကုန်လုံးကိုလဲ ဗိမ္ဗိသာရမင်း မြင်ရအောင် ဘုရားရှင်က ဓိဋ္ဌာန်ထားပါတယ်၊ ဒါနဲ့ ဗိမ္ဗိသာရမင်းက အတိုင်းထက်အလွန် ဝမ်းမြောက် ဝမ်းသာဖြစ်နေပါတယ်။

အဲဒီနောက်မှာ မြတ်စွာဘုရားက ဆွမ်းဘုဉ်း ပေးတော်မူပါတယ်၊ ဆွမ်းဘုဉ်းပေးပြီးတဲ့အခါ ဗိမ္ဗိသာရမင်းအား အနုမောဒနာတရား ဟောကြားတော် မူပါတယ်။

၁။ (မဟာရာဇာ သင်ရဲ့ဆွေမျိုးဖြစ်ဖူးတဲ့ ပြိတ္တာတွေဟာ) ကိုယ့်အိမ်(ဆိုတဲ့ အမှတ်နဲ့ သင်ရဲ့နန်းတော်)သို့ လာကြပြီး နံရံတံခါး, အိမ်စပ်, နံရံစပ် လေသာပြတင်းအစပ်, ခရီးလမ်းဆုံ, တံခါးဝ, တံခါးပေါက်တွေမှာ ရပ်နေကြပါတယ်။

ဗိမ္ဗိသာရမင်းအား ပြိတ္တာတွေကို ပြလိုတာနဲ့ မြတ်စွာဘုရားက ဒီလို မိန့်တော်မူပါတယ်၊ ပြိတ္တာတွေအတွက်—

"၁။ ဆွေဟောင်းမျိုးဟောင်းတွေရဲ့အိမ်၊
၂။ မိမိကိုယ်တိုင် ပိုင်ရှင်အနေနဲ့ နေထိုင်ခဲ့တဲ့အိမ်"

ဒီအိမ် ၂-မျိုးလုံးကိုပဲ "ကိုယ့်အိမ်"လို့ ဆိုရပါတယ်၊ ပြိတ္တာတွေဟာ ဒီအိမ် ၂-မျိုးလုံးသို့ ကိုယ့်အိမ်အမှတ်နဲ့ လာတတ်ကြပါတယ်၊ ဒါ့ကြောင့် ဗိမ္ဗိသာရမင်းရဲ့ နန်းတော်သို့ လာကြတာကိုပဲ "ကိုယ့်အိမ်သို့လာကြတယ်"လို့ ဆိုရပါတယ်။

ဒီတော့ ကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်ကို ရည်ညွှန်းပြီး အလှူဒါနပြုလုပ်ကြတဲ့အခါမှာ "သူတို့ကိုယ်တိုင် နေထိုင်သွားတဲ့အိမ်, ဆွေမျိုးသားချင်းတွေရဲ့အိမ်" ဒီအိမ် ၂-မျိုးထဲက တမျိုးမျိုးမှာ လုပ်သင့်ပါတယ်၊ အခြားကျောင်းတွေ, ဇရပ်တွေမှာ သွားလုပ်ကြတာကတော့ ဒီလောက် အကျိုးသက်ရောက်မှု ရှိမယ် မထင်ပါဖူး၊ သူတို့ကိုယ်တိုင် တွေ့မြင်လိုက်ပါပြီး အနုမောဒနာ ပြုနိုင်မှ အကျိုးခံစားခွင့် ရကြပါလိမ့်မယ်။

၂။ မဟာရာဇာ များပြားလှတဲ့ ထမင်း အဖျော် ခဲဖွယ်ဘောဇဉ်တွေကို အသင့်စီမံ ပြင်ဆင်ပြီးဖြစ်ပေမဲ့ ပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့ သတ္တဝါတွေရဲ့ (မိမိကိုယ်တိုင်ကလဲ မပေးလှူခြင်း, သူများလှူတာကိုလဲ တားမြစ်ခြင်းတွေ)အကုသိုလ်ကံကြောင့် အဲဒီပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့ သတ္တဝါတွေကို (အမေအဖေ သားသမီးမြေးမြစ်တွေ) မည်သူတဦးတယောက်ကမှ သတိမရကြဖူး။

ဒီစကားနဲ့ "အဲဒီပြိတ္တာတွေလုပ်လာတဲ့ အကုသိုလ်ကံဟာ ဘယ်လောက် အပြစ်ကြီးလေးတယ်" ဆိုတာကို ပြပါတယ်။

"ပြိတ္တာတွေ" ဆိုတာဟာ မိမိကိုယ်တိုင်လဲ မပေးလှူခြင်း, သူများပေးလှူတာကိုလဲ တားမြစ်ပိတ်ပင်ခြင်းစတဲ့ "အလှန် ဝန်တိုနှမြောခြင်း" ဆိုတဲ့ အကုသိုလ်ကံမျိုးကို လုပ်လာကြပါတယ်၊ ဒါနဲ့ ပြိတ္တာဘဝမှာ စားရမဲ့ သောက်ရမဲ့ဖြစ်ပြီး အင်မတန်ဆင်းရဲဒုက္ခ ရောက်ကြရပါတယ်။

"ငါတို့ကို ရည်ညွှန်းပြီး တစုံတခုကို လှူတန်းတန်ရာရဲ့" ဒီလို ဆွေမျိုးတွေ(ရဲ့ ကုသိုလ်လုပ်ပြီး အမျှအတန်းပေးဝေမှု)ကို မျှော်လင့်တောင့်တပြီး လှည့်ပတ်သွားလာနေကြပါတယ်၊ ဒါပေမယ့် သူတို့လုပ်ထားတဲ့ အကုသိုလ်ကံက တားမြစ်ထားတဲ့အတွက် (အမေအဖေ သားသမီးစတဲ့ ဆွေမျိုးတွေထဲက) မည်သူတဦးတယောက်ကမှ အလှူဒါနပြုလုပ်ပြီး အမျှပေးဝေဖို့ သတိမရကြပါဖူးတဲ့။

၃-၄။ မဟာရာဇာ အဲဒီပြိတ္တာတွေရဲ့ အကုသိုလ်ကံကြောင့် အမိအဖစတဲ့ မည်သူတဦးတယောက်ကမှ သူတို့ကို သတိမရကြပေမဲ့ သင်မင်းမြတ်က ဆွေမျိုး ပြိတ္တာတွေရဲ့ အကျိုးစီးပွားကို လိုလားသလို ဆွေမျိုးပြိတ္တာတွေရဲ့ အကျိုးစီးပွားကို လိုလားကြတဲ့လူတွေက "ဒီ လှူဖွယ်ဝတ္ထုဟာ ပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့ တို့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ၊ ပြိတ္တာဘုံမှာ ဖြစ်နေကြတဲ့ ဆွေမျိုးတွေဟာ ချမ်းသာသုခ ရကြပါစေ" ဒီလို ရည်ညွှန်းပြီး ဒကာတော်မင်းမြတ် လှူသလို သင့်တော်လျောက်ပတ်တဲ့ အခါမှာ စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့ မွန်မြတ်တဲ့ သူတော်ကောင်းတွေအား သင့်တော်လျောက်ပတ်တဲ့ စားဖွယ်သောက်ဖွယ် (စတဲ့ အလှူဝတ္ထု)ကို ပေးလှူတတ်ကြပါတယ်။

ဒီစကားနဲ့ ဗိမ္ဗိသာရမင်းက ဆွေမျိုးပြိတ္တာတွေကို ရည်ညွှန်းလှူဒါန်းတဲ့ အလှူဒါနကိုလဲ ချီးကျူးတော်မူပါတယ်၊ ပြိတ္တာတွေ အကျိုးခံစားခွင့်ရအောင် လှူပုံလှူနည်းကိုလဲ ညွှန်ကြားတော်မူပါတယ်။

"သင့်တင့်လျောက်ပတ်တဲ့အခါ"ဆိုတာက အလှူခံပုဂ္ဂိုလ်တို့ သုံးဆောင်ဖို့ သင့်တော်တဲ့အခါမျိုး, ဆွေမျိုးပြိတ္တာတွေက နံရံတဘက်စသည်မှာ လာပြီး တည်နေတဲ့ အခါမျိုးကို ဆိုလိုပါတယ်။

စင်ကြယ်သန့်ရှင်း အပြစ်ကင်းတဲ့" ဆိုတဲ့စကားနဲ့ "အလှူဝတ္ထုဟာ တရား သဖြင့် ရှာဖွေလို့ ရလာတဲ့ ပစ္စည်းမျိုး ဖြစ်စေရမယ်"ဆိုတာကို ညွှန်ပြပါတယ်။

"သူတော်ကောင်းတွေအား သင့်တော်လျောက်ပတ်တဲ့"ဆိုတဲ့ စကားနဲ့ "လှူဖွယ်ဝတ္ထုဟာ သူတော်ကောင်းတွေ သုံးဆောင်ထိုက်တဲ့ ပစ္စည်းမျိုးဖြစ် စေရမယ်"ဆိုတာကို ပြပါတယ်၊ ဒီတော့ သေသူကိုရည်မှန်းပြီး လှူဒါန်းတဲ့ အလှူဒါနမျိုးမှာ ပိုက်ဆံကြေးငွေစတဲ့ ဝတ္ထုမျိုးကို မလှူဒါန်းမိအောင် သတိပြု သင့်ပါတယ်။

"စားဖွယ်သောက်ဖွယ်"ဆိုတဲ့ စကားနဲ့တော့ အပ်စပ်တဲ့ လှူဖွယ်ဝတ္ထု အကုန်လုံးကို ညွှန်ပြပြီးဖြစ်တယ်"လို့ မှတ်ရပါမယ်။

၄-၅။ မဟာရာဇာ အဲဒီဆွေမျိုး ပြိတ္တာတွေဟာ အညီအညွတ် ပေါင်းစုပြီး မိမိတို့ကို ရည်ညွှန်းပေးလှူတဲ့ နေရာဌာနကို (အနုမောဒနာပြုဖို့) လာ ရောက်တတ်ကြပါတယ်၊ များပြားလှတဲ့(မိမိတို့ကို ရည်ညွှန်းပေးလှူတဲ့) ထမင်း အဖျော်စတဲ့ ဝတ္ထုမှာ ရိုရိုသေသေ အနုမောဒနာ ပြုကြပါ တယ်။

ဒီစကားရပ်နဲ့ ပြိတ္တာဘုံမှာဖြစ်နေကြရတဲ့ သတ္တဝါတွေရဲ့ အဲဒီလှူတဲ့ခဏမှာပဲ အကျိုးပေးနိုင်တဲ့ ကုသိုလ်ကံဖြစ်ပုံကို ပြတော်မူပါတယ်။

"ဒီအလှူဝတ္ထုဟာ တို့ဆွေမျိုးတွေအတွက်ဖြစ်ပါစေ"လို့ ပြောဆိုလှူဒါန်း ပေမဲ့ တဦးကလုပ်တဲ့ကုသိုလ်ကံဟာ အခြားတဦးအတွက်အကျိုးမပေးနိုင်ပါဘူး၊ အမှန်ကတော့ အဲဒီလို ရည်ညွှန်းလှူဒါန်းတဲ့ဝတ္ထုဟာ ဆွေမျိုးပြိတ္တာတွေအတွက် ကုသိုလ်ကောင်းမှုရဲ့ အထောက်အကူလောက်သာ ဖြစ်ပါတယ်၊ "ဒီအလှူဒါန ဟာ ငါတို့အတွက် စီးပွားချမ်းသာ ဖြစ်ပါစေ" ဒီလို ကံနဲ့ ကံရဲ့အကျိုးကို ယုံကြည်ပြီး ဝမ်းမြောက်ဝမ်းသာ အနုမောဒနာပြုတဲ့ ကုသိုလ်ကံက အဲဒီခဏ မှာပဲ အကျိုးပေးပါတယ်။

"၁။ မိမိတို့ကိုယ်တိုင်က အနုမောဒနာပြုခြင်း၊

၂။ အလှူဒါယကာတို့က ရည်ညွှန်းခြင်း၊ (အမျှပေးဝေခြင်း)

၃။ အလှူခံပုဂ္ဂိုလ်ရဲ့ ပြည့်စုံခြင်း၊"

ဒီအကြောင်းအင်္ဂါ ၃-ပါးညီညွတ်မှ အလှူဒါနဟာ ပြည့်စုံနိုင်ပါတယ်၊ အဲဒီ ခဏမှာပဲ အကျိုးကိုဖြစ်စေနိုင်ပါတယ်။

၅-၆။ ငါတို့ရဲ့ဆွေမျိုးတွေဟာ ကြာရှည်လေးမြင့် အသက်ရှည်ကြပါစေ၊ ဒီဆွေမျိုးတွေကို အကြောင်းပြုပြီး ငါတို့က ဒီလို (သဒ္ဓါတရားရှိတဲ့) စည်းစိမ်ချမ်းသာမျိုးကို ရကြပါတယ်၊ ('ဒီလှူဖွယ် ဝတ္ထုဟာ တို့ဆွေမျိုးတွေအတွက် ဖြစ်ပါစေ'လို့ ရည်ညွှန်းလှူဒါန်းကြတဲ့)အလှူ ဒါယကာတွေဟာ ငါတို့ကိုလဲ ပူဇော်မှုကို ပြုကြပါတယ်၊ ပေးလှူကြတဲ့ သူတို့မှာလဲ အကျိုး ရကြပါတယ်၊ (ဒီလို ပြိတ္တာတွေက ချီးကျူးကြတယ်။)

ဒါကတော့ ဆွေမျိုးတွေကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတဲ့ကုသိုလ်ကံရဲ့ အကျိုးကို ခံစားနေကြရတဲ့ ပြိတ္တာတွေက ဆွေမျိုးတွေအား ပြန်ပြီး ချီးမွမ်း ထောမနာပြုပုံကို ပြတဲ့စကားပါပဲ။

၆-၇။ မဟာရာဇာ ပြိတ္တာဘုံမှာ ချမ်းသာစွာ အသက်မွေးကြောင်းဖြစ်တဲ့ လယ်ထွန်မှုလဲ မရှိဖူး၊ နွားမွေးနွားကျောင်းမှုလဲ မရှိဖူး၊ စည်းစိမ် ချမ်းသာရကြောင်းဖြစ်တဲ့ ကုန်သွယ်မှုလဲမရှိဖူး၊ ရွှေငွေနဲ့ရောင်းဝယ် မှုလဲ မရှိဖူး၊ ဒီဘဝက သေဆုံးသွားပြီး ပြိတ္တာဘုံမှာ ဖြစ်ကြရတဲ့သူ တွေဟာ ဒီလူ့ဘုံက (ဆွေမျိုးသားချင်း မိတ်ဆွေ သူငယ်ချင်း တွေက) ရည်ညွှန်းပေးလှူတဲ့ ဒါနရဲ့ အကျိုးနဲ့ပဲ အဲဒီပြိတ္တာဘုံမှာ မျှတနေကြရပါတယ်။

ဒီစကားနဲ့ ပြိတ္တာဘုံမှာ ဖြစ်နေကြရတဲ့ သတ္တဝါတွေမှာ အခြားလယ်ထွန် နွားကျောင်းမှုစတဲ့ စည်းစိမ်ချမ်းသာကို ရခြင်းရဲ့အကြောင်းမရှိပုံ၊ ဒီလူ့ဘုံမှာ ရှိနေကြတဲ့ ဆွေမျိုးသားချင်းတွေက ရည်ညွှန်းလှူဒါန်းတဲ့ အလှူဒါနနဲ့ပဲ ပြိတ္တာဘဝမှာ မျှတနေကြရပုံကို ပြပါတယ်။

၈။ မဟာရာဇာ မြင့်မောက်တဲ့နေရာမှာ ရွာတဲ့မိုးရေက နိမ့်တဲ့နေရာကို စီးသွားသလို ဒီလူ့ပြည်က (ဆွေမျိုးသားချင်း အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတွေက) ရည်ညွှန်းလှူဒါန်းတဲ့ဒါနအကျိုးဟာ ပြိတ္တာတွေအတွက် ဖြစ်နိုင်ပါတယ်။

၉။ ရေပြည့်နေတဲ့ မြစ်ကြီးတွေဟာ သမုဒ္ဒရာကို ပြည့်စေသလို ဒီလူ့ပြည်က ရည်ညွှန်းပေးလှူတဲ့ ဒါနရဲ့အကျိုးဟာ ပြိတ္တာတွေအတွက် ဖြစ်နိုင်ပါတယ်။

ဒီစကားတွေကတော့ "ဒီဘဝက ရည်ညွှန်းလှူဒါန်းတဲ့ ဒါနနဲ့ပဲ ပြိတ္တာတွေက မျှတနေကြရတယ်"ဆိုတာကို ဥပမာနဲ့ ထင်ရှားအောင် ပြတဲ့စကားတွေပါပဲ။

၁၀။ ဒီလူဟာ ငါ့အား ဘာတွေကို ပေးဖူးတာပဲ၊ ငါ့ရဲ့ကိစ္စကို ကိုယ်ဖိရင်ဖိ လုပ်ကိုင်ဆောင်ရွက်ပေးဖူးတာပဲ၊ ဒီလူဟာ ငါ့ရဲ့ မိဘက် ဘဘက်က တော်စပ်တဲ့ ဆွေမျိုးသားချင်းပဲ၊ ငါ့ရဲ့မိတ်ဆွေပဲ၊ ငါ့ရဲ့ သူငယ်ချင်းပဲ၊ ဒီလိုရှေးက လုပ်ကိုင်ဆောင်ရွက်ဖူးတာ (စသည်)ကို အောက်မေ့အမှတ်ရပြီး ပြိတ္တာတွေအတွက် အလှူဒါန ပြုလုပ်သင့်ပါတယ်။

ဒါကတော့ "ပြိတ္တာတွေ"ဆိုတာဟာ "ဒီအိမ်က တစုံတရာရလိမ့်မယ်"ဆိုတဲ့ မျှော်လင့်ချက်ကြီးမားစွာနဲ့ ဆွေမျိုးတွေအိမ်ကို လာပြီးတော့လဲ "တို့အား ဒါလေးလောက်တော့ ပေးကြပါဦး"လို့ မတောင်းနိုင်ကြတော့ပါဘူး၊ ဒါ့ကြောင့်"အောက်မေ့သင့် အမှတ်ရသင့်တာတွေကို အောက်မေ့အမှတ်ရပြီး သူတို့အတွက် အလှူဒါနပြုလုပ်ပေးကြပါ"လို့ မြတ်စွာဘုရားက တိုက်တွန်းတဲ့ စကားဖြစ်ပါတယ်။

၁၁။ မဟာရာဇာ (ဆွေမျိုးတွေသေဆုံးတဲ့အတွက်) ငိုကြွေးမှု စိုးရိမ်မှု အခြားမြည်တမ်းမှုတွေကို မပြုသင့်ပါဘူး၊ အဲဒီ"ငိုကြွေးခြင်း, စိုးရိမ်ခြင်း, မြည်တမ်းခြင်း" ဆိုတာဟာ သေသွားတဲ့ လူအတွက် ဘာ အကျိုးမှ မရှိပါဘူး၊ ဒါပေမဲ့ ပညာနည်းပါးတဲ့ အချို့ ဆွေမျိုးတွေ ကတော့ ဒီငိုမှု,စိုးရိမ်ပူဆွေးမှု,မြည်တမ်းမှုတွေကို ပြုနေကြတာပဲ။

ဒီစကားနဲ့ အချို့ပုဂ္ဂိုလ်တွေက ဆွေမျိုးသေဆုံးတဲ့အတွက် ငိုကြွေးမှု၊ စိုးရိမ်မှု၊ မြည်တမ်းမှုတွေကိုချည်း ပြုလုပ်နေကြပါတယ်၊ သေသွားတဲ့ လူတွေအတွက် (ရည်ညွှန်းပြီး)ဘာတခုမှ မပေးလှူကြဘူး၊ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ ငိုကြွေးမှု၊ စိုးရိမ်မှု၊ ပူပန်မှု၊ မြည်တမ်းမှုတွေဟာ ကိုယ်ပင်ပန်းရုံသက်သက်မျှသာဖြစ်တယ်၊ "ပြိတ္တာတွေအတွက် ဘာအကျိုးကိုမျှ မပြီးစေနိုင်ပါဘူး၊ မဖြစ်ထွန်းစေနိုင်ပါဘူး" လို့ ညွှန်ကြားတော်မူပါတယ်။

၁၂။ မဟာရာဇာ သင်က ပြိတ္တာဘုံမှာဖြစ်နေကြတဲ့ သတ္တဝါတွေကို ရည်ညွှန်းပြီးပေးလှူတဲ့ သံဃာတော်မှာ ကောင်းစွာတည်စေတဲ့ ဒီအလှူဟာ (ဆွေမျိုးပြိတ္တာတွေအတွက်) ကြာရှည်လေးမြင့် အစီးအပွား အလို့ငှာဖြစ်တယ်၊ ရည်မှတ်ပေးလှူတဲ့ ခဏမှာပဲ အကျိုးရှိတယ်။

ဒီစကားနဲ့ ဗိမ္ဗိသာရမင်းလှူတဲ့ အလှူရဲ့ အကျိုးရှိကြောင်းကို ပြတော်မူပါတယ်။

"သံဃာ"ဆိုတာဟာ လောကမှာ လောကသားတွေအတွက် ကုသိုလ်ကောင်းမှုပြုလုပ်တဲ့နေရာမှာ အကောင်းဆုံးအလှူခံ ဖြစ်ပါတယ်၊ ဒါကြောင့် သံဃာတွေကို ပေးလှူတဲ့အလှူဟာ ပြိတ္တာတွေအတွက် ကြာရှည်လေးမြင့် အစီးအပွားကို ဆောင်ရွက်နိုင်ပါတယ်၊ အကျိုးရှိပါတယ်၊ ခုပ္ပိပါသိက-စားလို့မဝင် ငတ်မွတ်နေတဲ့ ပြိတ္တာမျိုး၊ ဝန္တာသ-လူနာအန်ဖက် စသည်ကို စားရတဲ့ ပြိတ္တာမျိုး၊ ပရဒတ္တူပဇီဝိ-သူတပါးပေးကမ်းတာကိုမှီပြီး အသက်မွေးကြရတဲ့ ပြိတ္တာမျိုး၊ နိဇ္ဈာမတဏှိက-ငမ်းခေါင်းထဲမှာ တပြောင်ပြောင်တောက်လောင်နေတဲ့ပြိတ္တာမျိုး စသည်အပြားရှိတဲ့ အရာဌာနမှာ ထင်ရှား ဖြစ်ပေါ်လာရတယ်။

"ဘယ်လို အကျိုးရှိသလဲ"ဆိုတော့- ပြိတ္တာတွေကို ရည်ညွှန်းပြီး ပေးလှူတဲ့ အခါမှာ ပြိတ္တာတွေက အနုမောဒနာပြုလို့ရှိယင် အဲဒီ အနုမောဒနာပြုတဲ့ ခဏမှာပဲ အနုမောဒနာပြုတဲ့ ကုသိုလ်ရဲ့အကျိုးကြောင့် ပြိတ္တာတွေ စားကြမှ သောက်ကြရပါတယ်၊ (ပြိတ္တာဘဝကတော့ လွတ်သွားတဲ့လူလဲ လွတ်သွားကြပါတယ် မလွတ်တဲ့လူလဲ မလွတ်ပါဘူး၊) ဒါဟာ ဆွေမျိုးပြိတ္တာကို ရည်ညွှန်းလှူဒါန်းတဲ့ အရာမှာ ဖြစ်ရိုး ဖြစ်စဉ် သဘောပါပဲ။

၁။ ပေတ-၅-၁၇။

၁၃။ မဟာရာဇာ (အလှူကို ရည်ညွှန်းပေးလှူတဲ့သင်ဟာ) ဆွေမျိုးတွေအတွက် ဆွေမျိုးတွေက လုပ်ရမဲ့ကိစ္စကို ပြုလုပ်တဲ့အတွက် ဆွေမျိုးတွေက ဆွေမျိုးတွေအတွက် လုပ်ရမဲ့ အကျင့်ကို လူတွေအား ညွှန်ပြပြီးဖြစ်တယ်၊ ပြိတ္တာတို့အား အင်မတန်ကောင်းမွန်တဲ့ စည်းစိမ်ချမ်းသာတွေကို ရစေတဲ့အတွက် ပြိတ္တာတို့အား မြတ်တဲ့ပူဇော်မှုကိုပြုလုပ်ပြီးလဲဖြစ်တယ်၊ ဘုရားအမှူးရှိတဲ့ သံဃာတော်ကို ဆွမ်းစတဲ့ အလှူဝတ္ထုတွေနဲ့ ရောင့်ရဲစေတဲ့အတွက် ရဟန်းတော်များအား ခွန်အားဗလကိုလဲ ပေးလှူပြီးဖြစ်တယ်၊ သနားကြင်နာမှု စတဲ့ဂုဏ်တွေနဲ့ ခြံရံနေတဲ့ စွန့်ကြဲမှုစေတနာကို ဖြစ်စေတဲ့အတွက် များပြားလှတဲ့ ကုသိုလ်ကောင်းမှုကို ဆည်းပူးပြီးလဲ ဖြစ်တယ်။

မြတ်စွာဘုရားက ဒီလို ဟုတ်မှန်တဲ့ ဂုဏ်တွေကို မိန့်တော်မူပြီး ဗိမ္ဗိသာရမင်းကို ရွှင်လန်းအားတက်စေပါတယ်။

တိရောကုဍ္ဍသုတ္တန် ဒေသနာတော်ဟာ ဒီမှာပဲ ပြီးဆုံးသွားပါတယ်၊ ဒီတော့ ပြိတ္တာဘုံမှာဖြစ်နေတဲ့ ဆွေမျိုးတွေကသာ ဒီလိုရည်ညွှန်းလှူဒါန်းတဲ့ ဒါနရဲ့ အကျိုးကို ခံစားကြရသလား၊ သို့မဟုတ် အခြားဘုံမှာဖြစ်နေကြတဲ့ ဆွေမျိုးတွေကလဲ ခံစားကြရသလား ဆိုတဲ့ ပြဿနာကို ဘုရားရှင်ကိုယ်တိုင် ဇာဏုသောဏိသုတ်မှာ ဖြေရှင်းထားပါတယ်၊ ဒါနဲ့ ဇာဏုသောဏိသုတ်ကို ဆက်လက် ပြောကြားပါမယ်။

ဇာဏုသောဏိသုတ်[၁]။ ။တနေ့မှာ ဇာဏုသောဏိပုဏ္ဏားဟာ မြတ်စွာဘုရား ထံတော်မှောက်ကို ချဉ်းကပ် ရောက်လာပါတယ်၊ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ ပြောဆိုနေပါတယ်၊ ပြီးတော့ မိမိသိလိုတဲ့ အချက်အလက်တွေကို လျှောက်ထားမေးမြန်းပါတယ်။

“အရှင်ဂေါတမ အကျွန်ုပ်တို့ပုဏ္ဏားတွေက ‘ဒီအလှူဟာ ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတို့သို့ ရောက်ပါစေ၊ ဒီအလှူကို ကွယ်လွန်သွားတဲ့ ဆွေမျိုးသားချင်းတို့က သုံးဆောင်ကြရပါစေ’ ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အလှူများကိုလဲ ပေးလှူကြပါတယ်၊ ကုသိုလ်ထမင်းကိုလဲ ပြုကြပါတယ်၊ အဲဒီအလှူဟာ ကွယ်လွန်

၁။ အံ-ပါ-တ-၄၇၈။ ဋ္ဌ-တ-၃၃၈

သွားကြတဲ့ ဆွေမျိုးသားချင်းများဆီကို ရောက်ပါသလား၊ ကွယ်လွန်သွားကြတဲ့ ဆွေမျိုးသားချင်းတွေက ဒီအလှူကို သုံးဆောင်ကြရပါသလား”

“ပုဏ္ဏား ရောက်သင့်တဲ့အရပ်မှာ ရောက်ပါတယ်၊ မရောက်သင့်တဲ့ အရပ်မှာ မရောက်ပါဖူး”

“အရှင်ဂေါတမ ‘ရောက်သင့်တဲ့အရပ်’ဆိုတာ ဘယ်ဟာပါလဲ၊ ‘မရောက်သင့်တဲ့ အရပ်’ဆိုတာကော ဘယ်ဟာပါလဲ”

“ပုဏ္ဏား ဒီဘဝမှာ ဒုစရိုက်ကိုပြုကျင့်တဲ့ လူအချို့ဟာ သေသည်မှ နောက် ငရဲကို ရောက်ကြရပါတယ်၊ သူဟာ ငရဲသားသတ္တဝါရဲ့ (‘ကံ’ဆိုတဲ့) အစာအာဟာရနဲ့ ငရဲမှာ မျှတရပါတယ်၊အဲဒီအစာအာဟာရနဲ့ပဲ သူဟာ ငရဲမှာ တည်ရပါတယ်၊ ပုဏ္ဏား ဒါလဲ ရောက်သင့်တဲ့အရပ် မဟုတ်ဖူး၊ ငရဲမှာတည်နေတဲ့ ပုဂ္ဂိုလ်ဆီကို ဒီဒါနဟာ မရောက်ပါဖူး။

“ပုဏ္ဏား ဒီဘဝမှာ ဒုစရိုက် ပြုကျင့်တဲ့ လူအချို့ဟာ သေသည်မှ နောက်မှာ တိရစ္ဆာန် ဖြစ်ကြရပါတယ်၊ သူဟာ တိရစ္ဆာန်သတ္တဝါတွေရဲ့ (မြက်သစ်ရွက်စတဲ့) အစာနဲ့ တိရစ္ဆာန်ဘဝမှာ မျှတနေရပါတယ်၊ အဲဒီအစာနဲ့ပဲ သူဟာ တိရစ္ဆာန်ဘဝမှာ တည်နေရပါတယ်၊ပုဏ္ဏား ဒါလဲ ရောက်သင့်တဲ့အရပ် မဟုတ်သေးပါဖူး၊ တိရစ္ဆာန်ဘဝမှာ တည်နေတဲ့ ပုဂ္ဂိုလ်ဆီကို အဲဒီဒါနဟာ မရောက်ပါဖူး။

“ပုဏ္ဏား ဒီဘဝမှာ သုစရိုက်ကို ပြုကျင့်တဲ့သူအချို့ကတော့ သေသွားတဲ့ အခါ လူ့ဘဝကို ရောက်ကြရပါတယ်၊သူဟာ လူတို့ရဲ့(ထမင်း မုယောမုန့်စတဲ့) အစာနဲ့ပဲ လူ့ဘဝမှာ မျှတနေရပါတယ်၊ အဲဒီအစာနဲ့ပဲ သူဟာ လူ့ဘဝမှာ တည်နေရပါတယ်၊ ပုဏ္ဏား ဒါလဲ ရောက်သင့်တဲ့အရပ် မဟုတ်သေးပါဖူး၊ လူ့ဘဝမှာတည်နေတဲ့ လူ့ဆီကို အဲဒီ ဒါနဟာ မရောက်ပါဖူး။

“ပုဏ္ဏား ဒီဘဝမှာ သုစရိုက်ကိုပြုကျင့်တဲ့ လူအချို့ကတော့ သေသွားတဲ့ အခါ နတ်ပြည်ကို ရောက်ကြရပါတယ်၊ သူဟာ နတ်တို့ရဲ့(နတ်သုဓာဘုတ်စတဲ့) အစာနဲ့ပဲ နတ်ဘဝမှာ မျှတနေရပါတယ်၊ အဲဒီအစာနဲ့ပဲ သူဟာ နတ်ဘဝမှာ တည်နေရပါတယ်၊ ပုဏ္ဏား ဒါလဲ ရောက်သင့်တဲ့အရပ် မဟုတ်သေးဖူး၊ နတ်ပြည်မှာ ဖြစ်နေတဲ့ လူဆီကို ဒီဒါနဟာ မရောက်ပါဖူး။

"ပုဏ္ဏား ဒီဘဝမှာ ဒုစရိုက်ကိုပြုကျင့်ကြတဲ့ လူအချို့ကတော့ သေသွားတဲ့ အခါ ပြိတ္တာဘုံကို ရောက်ကြရပါတယ်၊ သူဟာ ပြိတ္တာဘုံသား သတ္တဝါတွေရဲ့ (တံတွေး နှပ်)စတဲ့ အစာနဲ့ပဲ အဲဒီပြိတ္တာဘုံမှာ မျှတရပါတယ်၊ အဲဒီအစာနဲ့ပဲ သူဟာ ပြိတ္တာဘုံမှာ တည်နေရပါတယ်၊ ဒါမှမဟုတ်ယင် သူ့အတွက် အဆွေ ခင်ပွန်း ချစ်ကျွမ်းဝင်သူတွေ ဆွေမျိုးသားချင်းတွေက ပေးလှူအပ်တဲ့ဒါနနဲ့ အဲဒီပြိတ္တာဟာ ပြိတ္တာဘုံမှာ မျှတနေရပါတယ်၊ အဲဒီ ဒါန(ရဲ့အကျိုး)နဲ့ ပြိတ္တာဘုံမှာ တည်နေရပါတယ်၊ ပုဏ္ဏား ဒါဟာ ရောက်သင့်တဲ့ အရပ်ပါပဲ၊ ပြိတ္တာဖြစ်နေတဲ့ လူ့ဆီကို အဲဒီဒါနဟာ ရောက်နိုင်ပါတယ်"

(ပြိတ္တာဘဝကလွတ်တယ်လို့ မဟောပါဘူး၊ ပြိတ္တာဘုံမှာ ဖြစ်တဲ့ သူတွေကသာ သူတပါးပေးလှူတာကို မှီပြီး အသက်မွေးကြရတယ်၊ ပြိတ္တာမှတပါး အခြားပုဂ္ဂိုလ်တွေအထံကို သူတပါးက ပေးလှူတဲ့ ဒါနဟာ မရောက်ပါဘူး။)

"အရှင်ဂေါတမ တကယ်လို့သာ ကွယ်လွန်သူ ဆွေမျိုးသားချင်းတို့က အဲဒီပြိတ္တာဘုံကို မရောက်ခဲ့ပါလျှင် ဘယ်သူက အဲဒီဒါနကို သုံးဆောင်ရပါ့ မလဲ"

"ပုဏ္ဏား အဲဒီပြိတ္တာဘုံကို ရောက်နေကြတဲ့ အခြားကွယ်လွန်သူ ဆွေမျိုး သားချင်းတွေက အဲဒီဒါနကို သုံးဆောင် ခံစားကြရပါတယ်"

"အရှင်ဂေါတမ အကယ်၍ အဲဒီကွယ်လွန်တဲ့ ဆွေမျိုးသားချင်းတွေ့, အခြားကွယ်လွန်တဲ့ ဆွေမျိုးသားချင်းတွေ အဲဒီ ပြိတ္တာဘုံကို မရောက်ကြ ပါယင် အဲဒီ ဒါနကို ဘယ်သူက သုံးဆောင် ခံစားရပါ့မလဲ"

"ပုဏ္ဏား ဒီလောက် ရှည်လျားတဲ့ အချိန်အခါ (သံသရာ)မှာ ဆွေမျိုး သားချင်း ပြိတ္တာတွေမရှိတဲ့ နေရာဌာနရယ်လို့ ရှိနိုင်စရာအကြောင်း မရှိပါဘူး၊ (ဆွေမျိုးသားချင်း ပြိတ္တာတွေ မရှိတဲ့ နေရာဌာနရယ်လို့ မရှိနိုင်ပါဘူး၊) တကယ်တော့ အလှူရှင်လဲပဲ အကျိုးမဲ့ မဖြစ်နိုင်ပါဘူး"

(ရည်ညွှန်း ပေးလှူအပ်တဲ့ သူ့ဆီကို အလှူဒါနကရောက်ရောက်, မရောက်ရောက်၊ ပေးလှူတဲ့ပုဂ္ဂိုလ်ကတော့ အကျိုးမဲ့ မဖြစ်နိုင်ပါဘူး၊ ကိုယ်ပေးလှူတဲ့ ဒါနရဲ့အကျိုးကို ရတာချည်းပါပဲ။)

ဆွေမျိုး သားချင်းတွေ ရည်ညွှန်းလှူဒါန်းတဲ့ ဒါနရဲ့အကျိုးကို ပြိတ္တာတွေ ခံစားရတယ်ဆိုပေမဲ့ ပြိတ္တာအကုန်လုံး မခံစားရပဲ ပြိတ္တာအချို့ကသာ ခံစားရပုံ၊ အလှူရှင် အကျိုးမဲ့မဖြစ်ပုံကို မိလိန္ဒမင်းနဲ့ အရှင်နာဂသေနထေရ်တို့ရဲ့ ဆွေးနွေးခန်းနဲ့ပဲ ဆက်လက်ဖြေရှင်းပါမယ်။

ပုဗ္ဗပေတာဒိသပဥှာ[၁]။ ။"အရှင်ဘုရား အလှူဒါယကာတွေက အလှူဒါနပြု လုပ်ကြပြီး ဒီအလှူဟာ သေလွန်သွားတဲ့ သူတို့အား ရောက်ပါစေဆိုပြီး ရှေ့က သေလွန်ပြီးသူတို့အား ရည်ညွှန်းကြပါတယ်၊ အဲဒီလို လှူဒါန်းရည်ညွှန်းတဲ့အတွက် အဲဒီသေလွန်ပြီးသူတွေဟာ အကျိုးတစုံတရာ ရကြပါသလား"

"မဟာရာဇာ အချို့သူတွေကသာ ရကြပါတယ်၊ အချို့သူတွေ ကတော့ မရကြပါဘူး"

"အရှင်ဘုရား ဘယ်သူတွေက ရကြပါသလဲ၊ ဘယ်သူတွေက မရကြ ပါသလဲ"

"မဟာရာဇာ ငရဲကျရောက်နေသူတွေ နတ်ပြည်ကို ရောက်နေသူ တွေ တိရစ္ဆာန် ဖြစ်နေတဲ့သူတွေ မရကြပါဘူး၊ ပြိတ္တာ ၄-မျိုးထဲက—

"၁။ လူနာရဲ့ အန်ဖတ်စသည်ကိုစားရတဲ့ ဝန္တာသပြိတ္တာမျိုး[၂]၊
၂။ စားလိုမဝင် ငတ်မွတ်နေတဲ့ ခုပ္ပိပါသပြိတ္တာမျိုး၊
၃။ ဝမ်းခေါင်းထဲမှာ တပြောင်ပြောင် တောက်လောင်နေတဲ့ နိဇ္ဈာမတဏှိကပြိတ္တာမျိုး၊"

ဒီပြိတ္တာ ၃-မျိုးတွေလဲ မရကြဖူး။

၄။ သူတပါးပေးကမ်းတာကို မှီပြီး အသက်မွေးကြရတဲ့ ပရဒတ္တူပဇီဝီ ပြိတ္တာတွေကသာ ရကြပါတယ်၊ အဲဒီပြိတ္တာဟာလဲပဲ ပေး လှူတာကိုသိလို့ (အနုမောဒနာပြု) မှသာ ရပါတယ်။ (လှူသေ လှူဖြစ်သူပါမလား၊)

၁။ မိလိန္ဒပဥှာ ပါ-၂၀၃။
၂။ မချိုပူဆာ, မွတ်သိပ်စွာလျက်, သူနာအန်ဖတ်, ထွေးမှတ်တံတွေး, သလိပ်ချွဲကို, မြတ်လေးစားကြ, ဝန္တာသ-ဟု, နာမည်ဇာစ်, ပြိတ္တာဖြစ်၏။ (မဓုရသ ပုဒ်ရေ-၁၁၂)

"အရှင်ဘုရား ဒီလိုသာ ရည်ညွှန်းခံရသူတိုင်း မရခဲ့ပါယင် ပေးလှူသူတွေရဲ့ အလှူဒါနဟာ ခန်းခြောက်ရာ ရောက်တယ်မဟုတ်ပါလား၊ အကျိုးမရှိရာ ရောက်တယ်မဟုတ်ပါလား"

"မဟာရာဇာ အလှူဟာ အကျိုးမရှိတာ မဟုတ်ပါဘူး၊ အကျိုးမပေးတာ မဟုတ်ပါဘူး၊ ပေးလှူတဲ့ ဒါယကာတွေကသာ အဲဒီအလှူရဲ့ အကျိုးကို ခံစားကြရပါတယ်"

"အရှင်ဘုရား ဒီလိုဆိုတော့ အကြောင်းအကျိုး စပ်ဟပ်ပြီး တပည့်တော် နားလည်အောင် အမိန့်ရှိပါဦး"

"မဟာရာဇာ ဒီလောကမှာ အချို့လူတွေက ငါး, အမဲ, အရက်, ထမင်း, မုန့်, ခဲဖွယ်တွေကို စီရင်ပြီး ဆွေမျိုးအိမ်ကို သွားတတ်ကြပါတယ်၊ ဆွေမျိုးတွေက အဲဒီ လက်ဆောင်ပဏ္ဏာကို လက်မခံခဲ့ပါယင် အဲဒီလက်ဆောင်ပဏ္ဏာဟာ ခြောက်ကပ်သွားမှာလား၊ ဒါမှ မဟုတ်ယင် ပျက်စီးသွားမှာလား"

"အရှင်ဘုရား ပျက်စီးသွားစရာမရှိပါ၊ အဲဒီလက်ဆောင်ပဏ္ဏာဟာ ဥစ္စာရှင်တွေအတွက်သာ ဖြစ်ပါတော့တယ်"

"မဟာရာဇာ ဒီနည်းအတိုင်းပါပဲ၊ ပေးလှူသူ အလှူဒါယကာတွေကသာ အဲဒီ အလှူရဲ့အကျိုးကို ခံစားကြရပါတယ်၊ မဟာရာဇာ တနည်းအားဖြင့် ပြောရဦးမယ်ဆိုယင် တိုက်ခန်းထဲကို ဝင်လာတဲ့ ယောကျ်ားတယောက်ဟာ ရှေ့မှာ ထွက်ပေါက်တံခါး မရှိခဲ့ပါယင် ဘယ်တံခါးက ထွက်မှာတဲ့လဲ"

"အရှင်ဘုရား ဝင်လာတဲ့တံခါးကသာ ထွက်ရမှာပါ"

"မဟာရာဇာ ဒီနည်းအတိုင်းပဲ၊ ဒီအလှူရဲ့ အကျိုးကို ပေးလှူသူ အလှူဒါယကာတွေကသာ ခံစားကြရပါတယ်"

"အရှင်ဘုရား ဒီအတိုင်းပဲ ဖြစ်ပါစေတော့၊ ဒါကို အရှင်ဘုရား အမိန့်ရှိတဲ့အတိုင်းပဲ လက်ခံပါတယ်၊ အဲဒီအလှူရဲ့အကျိုးကို ပေးလှူသူ ဒါယကာတွေကသာ ခံစားရပါတယ်၊ ဒီအကြောင်းကို တပည့်တော်တို့က ဆန့်ကျင်ဘက် မပြုလိုတော့ပါ"

ဒီမိလိန္ဒပဋ္ဌာ ပါဠိတော်မှာ ပြိတ္တာလေးမျိုးထဲက ပရဒတ္တူပဇီဝိ ပြိတ္တာ တမျိုးသာ အကျိုးခံစားခွင့်ရှိတယ်''လို့ ရှိထားပါတယ်၊ အဋ္ဌကထာ ဆရာတွေက ပြိတ္တာလေးမျိုးလုံးပဲ အကျိုးခံစားခွင့်ရှိတယ်''လို့ ဖွင့်ပြထားပါတယ်၊ ဒီတော့ ဘုန်းကြီးတို့ကလဲ ဒီနေရာမှာ အဋ္ဌကထာအယူအဆကိုပဲ သဘောကျပါတယ်။

ကိုင်းဒီတော့ မိမိတို့ရဲ့ အိမ်သူအိမ်သား တဦးတယောက် ကွယ်လွန်သွားခဲ့ပါယင် ကွယ်လွန်သွားတဲ့နေ့မှာပဲ သင်္ဂြိုဟ်ပါ၊ အချိန်မမီက နောက်တရက်မှာ မဖြစ်မနေသင်္ဂြိုဟ်ပါ၊ သိပ်အကုန်အကျခံပြီး ပြင်ဆင်မွမ်းမံမှုကိုလဲ မပြုပါနဲ့၊ အကျိုးမရှိတဲ့နေရာမှာ အကုန်အကျခံတာဟာ ခေတ်နဲ့လဲ မလျော်တော့ပါဘူး၊ ဒီအချိန်မှာထုံးတမ်းစဉ်လာအရလုပ်နေကြတဲ့'သက်ပျောက်ဆွမ်း,သပိတ်သွတ်,သရဏဂုံတင်'ဆိုတာတွေ လုပ်စရာ မလိုသေးပါဘူး၊ အလောင်းမြေကျဖို့သာ လိုယင်းဖြစ်တယ်၊ မသာရဲ့ အခြံအရံအနေနဲ့ သံဃာတွေကိုလဲ မပင့်ပါနဲ့၊ ငွေ ပဒေသာပင် လှူဒါန်းမှုစသည်တွေကိုလဲ ရှောင်ပါ။

သေပြီးတဲ့နောက် ၃-ရက်မြောက်နေ့ကစပြီး သေသူအတွက် ရည်ညွှန်းလှူဒါန်းရမယ်၊ ဒါဟာ အဋ္ဌကထာတွေမှာ ဆိုထားတဲ့စကားပဲ၊ ဒီစကားကပဲ သေတဲ့နေ့ ၂-ရက်မြောက်နေ့မှာ သေသူအတွက် ရည်ညွှန်းလှူဒါန်းရန် မလိုသေးဖူးဆိုတာနဲ့ ''၃-ရက်မြောက်နေ့ကစပြီး ဘယ်နေ့မှာပဲဖြစ်ဖြစ် သေသူအတွက် ရည်ညွှန်းလှူဒါန်းမှုကို လုပ်ရမယ်''ဆိုတာတွေကို ဖော်ညွှန်းပြီး ဖြစ်ပါတယ်။

ပြီးတော့ သေသူအတွက် ရည်ညွှန်းပြီးလုပ်တဲ့ အလှူမျိုးမှာ လှူဖွယ်ဝတ္ထုအနေနဲ့ ရေ,ဆွမ်း,သင်္ကန်း,(မတတ်နိုင်က မျက်နှာသုတ်ပဝါ လက်သုတ်ပဝါ) အိပ်ရာခင်း, တတ်နိုင်က ခုတင်တွေပါစေရမယ်၊ အဲဒီ လှူဖွယ်ဝတ္ထုအကုန်လုံးဟာလဲပဲ တရားသဖြင့် ရှာဖွေရတဲ့ ပစ္စည်းတွေ ဖြစ်ရမယ်၊ အလှူခံပုဂ္ဂိုလ်ကလဲ သီလနဲ့ပြည့်စုံတဲ့ သီလဝန္တပုဂ္ဂိုလ် ဖြစ်ရမယ်၊ တတ်နိုင်လို့ရှိယင် သံဃိကလှူတာ အကောင်းဆုံးဖြစ်တယ်။

အဲဒီ လှူဖွယ်ဝတ္ထုတွေကို ကပ်လှူတဲ့အခါမှာလဲပဲ ဒီအလှူဟာ တပည့်တော်တို့ရဲ့ အမေဖြစ်သူ (.......—— .....—)အတွက် ဖြစ်ပါစေ'' ဒီလို နှုတ်ကမြွက်ဆိုပြီး ရည်ညွှန်းကပ်လှူရမယ်၊ ဒီလိုကိစ္စမျိုးမှာ ရှက်သလိုလို ကြောက်သလိုလို လုပ်မနေရဖူး''လို့ ဘုန်းကြီးက နိဂုံးချုပ်အနေနဲ့ သတိပေးလိုပါတယ်။

"ကိုင်း မောင်မျိုးသန့် လျှောက်ထားတဲ့အထဲ ဘာလိုနေသေး သလဲဟေ့"

"ဘာမှမလိုတော့ပါဘုရား၊ အကုန်လုံး ပြည့်စုံသွားပါပြီ"

အခု မောင်မျိုးသန့်တို့လုပ်သလို ကြိုတင်နားလည်အောင် လုပ်ထားတာ ဟာ အင်မတန်ကောင်းတဲ့ အလုပ်ပဲ၊ အခုကာလက အရေးကြုံလာတော့မှ မိရိုးဖလာ လုပ်နေကြအတိုင်းလုပ်၊ ဘုန်းကြီးသွားပင့် ဘုန်းကြီးကလဲ သင့်တော် သလိုဟောပြော ရေစက်ချပေး၊ ပြန်ကြသွား၊ ဒီလိုနဲ့ပြီးနေကြတာ များပါတယ်၊ ဒီတော့ ဘာသာရေးနဲ့ပတ်သက်တဲ့ အသိဉာဏ် လူတွေအတွက် ဘာမှမယ်မယ်ရရ မရလိုက်ကြဖူး၊ ဒါနဲ့ လူတွေမှာ ဘာသာရေး အသိဉာဏ်တွေ တဖြည်းဖြည်း ဆုတ်ယုတ်လာကြတယ်၊ ဘာသာရေးနဲ့ ပတ်သက်တဲ့ လုပ်ငန်းကိစ္စတွေ လုပ်တတ်ကိုင်တတ်တဲ့လူတောင် မရှိသလောက် ဖြစ်လာပါတယ်၊ ဒါတွေကို ပြန်ပြီး စဉ်းစားကြည့်မယ်ဆိုယင် ဗုဒ္ဓဘာသာအတွက် အင်မတန် သံဝေဂရစရာ ကောင်းတယ်။

အချိန်မီ မပြုပြင်ပဲ ဒီအတိုင်းဆက်လက်စခန်းသွားနေကြယင် နောက်တချိန် မှာ ၅ ပါးသီလ ခံယူတတ်တဲ့သူတောင် မရှိသလောက် ဖြစ်လာလိမ့်မယ်၊ ဒါကြောင့် "ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တိုင်း ဘာသာရေးအသိဉာဏ် ပြည့်ဝအောင် ကြိုတင်လေ့လာထားကြပါ"လို့ ဘုန်းကြီးက တိုက်တွန်းလိုပါတယ်။

ဒီလို တဖြည်းဖြည်း ဘာသာရေးအသိဉာဏ် ပြည့်ဝအောင် လေ့လာယင်း ဘာသာရေးလုပ်ငန်းတွေကို ကြိုးစားလုပ်ကိုင်ကြပြီး ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ် တို့ မျှော်မှန်းအားထားရာ နိဗ္ဗာန်ရွှေပြည်မြတ်သို့ ရောက်နိုင်ကြပါစေသတည်း။

သာဓု ...သာဓု....သာဓုပါဘုရား။

တိုင်းပြည်အုပ်ချုပ်ရေးအတွက် ထမ်းဆောင်ရသူ, စစ်မှုထမ်း, ကုန်သည်, လယ်သမား, နွားကျောင်းသားက အစ အဆင့်အတန်းအမျိုးမျိုး, လူမျိုးမရွေး, ဘာသာမရွေး, ဗုဒ္ဓအလိုတော်ကျ ကျင့်သုံးနေထိုင်နည်းများကို အကြောင်း ညီညွတ်လျှင် သိကြရပါဦးမည်။

အမရပူရ

မဟာဂန္ဓာရုံဆရာတော်

အရှင်ဇနကာဘိဝံသ၏

သာသနာတော် အရှည် သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ရေးသား ပြုစုပြီး ဖြစ်သည့် ကျမ်းစာများ

(က) သဒ္ဒါကျမ်းများ

၁။ အခြေပြု နာမ်ဂိုဏ်း
၂။ မူလတန်း ပါဠိသိက္ခာနှင့် သဒ္ဒါကျဉ်း
၃။ အခြေပြုသဒ္ဒါ
၄။ ကစ္စည်း ဘာသာဋီကာ (ပ) (ဒု)
၅။ ရူပသိဒ္ဓိ ဘာသာဋီကာ (ပ) (ဒု)
၆။ သဒ္ဒတ္ထဘေဒစိန္တာ ဘာသာဋီကာ
၇။ ကစ္စာယနသာရ ဘာသာဋီကာ
၈။ အလင်္ကာ ဘာသာဋီကာ
၉။ ကထာသလ္လာပသိက္ခာ။

(ခ) ဝိနည်းဆိုင်ရာကျမ်းများ

၁၀။ ရှပ်ပုံရှင်ကျင့်ဝတ်
၁၁။ ဘုရားဥပဒေတော်ကြီး
၁၂။ ပါတိမောက် ဘာသာဋီကာ
၁၃။ ခုဒ္ဒသိက္ခာ ဘာသာဋီကာ
၁၄။ ကင်္ခါ ဘာသာဋီကာ (ပ) (ဒု)
၁၅။ ပါရာဇိကဏ် ဘာသာဋီကာ ပါဠိနိဿယ(ပ) (ဒု) (တ) (စ)
၁၆။ ပါစိတ် ဘာသာဋီကာ
၁၇။ မဟာဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ (ပ) (ဒု)
၁၈။ စူဠဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ
၁၉။ ပရိဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ

(ဂ) အဘိဓမ္မာ ဆိုင်ရာ ကျမ်းများ

၂၀။ သင်္ဂြိုဟ်ပါဠိ (ဂန္ထာရုံမူ)
၂၁။ အခြေပြုသင်္ဂြိုဟ်
၂၂။ သင်္ဂြိုဟ် ဘာသာဋီကာ
၂၃။ ဝိထိနှင့် သုံးချက်စု ဘာသာဋီကာ
၂၄။ ဋီကာကျော်နိဿယ
၂၅။ အဋ္ဌသာလိနီ ဘာသာဋီကာနှင့် မူလဋီကာနိဿယ
ပါဠိတော်နိဿယ (ပ) (ဒု) (တ) (စ)
၂၆။ သမ္မောဟဝိနောဒနီ ဘာသာဋီကာနှင့် မူလဋီကာ
နိဿယ ပါဠိတော်နိဿယ (ပ) (ဒု) (တ)
၂၇။ ပဋ္ဌာနကရဏ ဘာသာဋီကာနှင့် မူလဋီကာနိဿယ
ပါဠိတော်နိဿယ-ကထာဝတ္ထုတွင် မြန်မာပြန်
နမူနာပါသည်။ (ပ) (ဒု) (တ) (စ)

(ဃ) သုတ္တန်ဆိုင်ရာကျမ်းများ

၂၈။ သီလက္ခန် ဘာသာဋီကာနှင့် ပါဠိတော်နိဿယ
(ပ) (ဒု) (တ) (စ)
၂၉။ သုတ်မဟာဝါ ဘာသာဋီကာနှင့် ပါဠိတော်နိဿယ
(ပ) (ဒု) (တ)
၃၀။ အဋ္ဌကထာအခြေပြု
၃၁။ ဗြဟ္မဇာလသုတ် မြန်မာပြန်
၃၂။ သာမညဖလသုတ် မြန်မာပြန်

(င) ပကိဏ္ဏကကျမ်းများ

၃၃။ ရတနာ့ဂုဏ်ရည် (လက်ထောက်တော်ကြီး ဘုရားရှိခိုး၊
ဝိစိတြဝန္ဒနာ၊ သရဏဂုံစိစစ်ချက် တွဲရိုက်ထားသည်)

၃၄။ ကိုယ်ကျင့်အဘိဓမ္မာ
၃၅။ အနာဂတ်သာသနာ (က) သာသနာရေးလျှောက်ထားချက်၊ (ခ) မှော်ဘီ သံဃာ့အစည်းအဝေးမိန့်ခွန်း၊ (ဂ) ပဌမပြန် စာမေးပွဲပြုပြင်ရေး အစီရင်ခံစာပါ တွဲရိုက်ထားသည်။
၃၆။ ဘာသာသွေး
၃၇။ ဘာသာရေး ပြဿနာများနှင့် စစ်တပ်တရားတော်
၃၈။ ဗုဒ္ဓါနုဿတိဘာဝနာ (ဗြဟ္မဇာလသုတ်နှင့် သာမည ဖလသုတ်တွဲထားသည်)
၃၉။ အခြေပြုမင်္ဂလသုတ်
၄၀။ ဗုဒ္ဓဘာသာလက်စွဲ ၆-အုပ်၊ မူလတန်း (အစိုးရရိုက်)
၄၁။ ဗုဒ္ဓဘာသာ သင်ခန်းစာ (မူလတန်းမှ အဋ္ဌမတန်းအထိ) အကျယ်
၄၂။ ဗုဒ္ဓဝင်အမေးအဖြေ
၄၃။ ရုပ်စုံဗုဒ္ဓသာသနာဝင်
၄၄။ နောက်ဆုံးဆယ်လ မြတ်ဗုဒ္ဓ
၄၅။ တဘဝသံသရာ (ကိုယ်တိုင်ရေး အတ္ထုပ္ပတ္တိ)
၄၆။ အခြေပြု ပဋ္ဌာန်းတရားတော်
၄၇။ ဓမ္မစကြာတရားတော်နှင့် အနတ္တလက္ခဏာသုတ်တရားတော်
၄၈။ လူ့ချမ်းသာ
၄၉။ ဒုလ္လဘကထာ
၅၀။ သူတော်ကောင်းလက္ခဏာ သြဝါဒတရားတော်
၅၁။ တရား ၃-ဖြာ ဆုံးမစာ၊ သြဝါဒဝတ္ထု ၃-ပုဒ်
၅၂။ ဝိုင်-အမ်-ဘီ-အေ အနာဂတ် သာသနာရေးသြဝါဒ တရားတော်
၅၃။ သိပ္ပံအမြင်နှင့် ဗုဒ္ဓအဘိဓမ္မာ အဖြေများ (ဒေါက်တာနေဝင်း နှင့် ဂါဒီယံ ဦးစိန်ဝင်းတို့လျှောက်ထားချက်)
၅၄။ မဟာဂန္ဓာရုံ ဝတ်ရွတ်စဉ်

စာအုပ်များ ဈေးမှန်ဖြင့် ရနိုင်သောဌာန

၁။ ကမ္ဘာ့အေး သာသနာ့ရေး ဦးစိုးဌာန၊ စာအုပ်အရောင်း၊

၂။ ရန်ကုန်မြို့၊ ပြည်သူ့ကုန်တိုက် (၁)။

၃။ မန္တလေးမြို့၊ ပြည်သူ့ကုန်တိုက် (၁)။

၄။ ဦးထိန်ဝင်း၊ ၁၀၇၊ စိန်ဂျွန်းလမ်း၊ ရန်ကုန်မြို့။

၅။ ဦးထိန်ဝင်း၊ ၁၃၀၊ ဗိုလ်ချုပ်ဈေး အနောက်ဘက်၊ ရန်ကုန်မြို့။

၆။ ဒေါ်တင်တင်အေး၊ ၁၄၊ ရွှေတိဂုံဘုရားကြီးဈေး၊ တောင်ဘက်စောင်းတန်း၊ ရန်ကုန်မြို့။